သုဝဏ္ဏဘူမိခေတ်၊ ပါဒခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊
စစ်ကိုင်းခေတ်၊ ဟံသာဝတီခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊
ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ်

## မြန်မာနိုင်ငံ
## ခေတ်အဆက်ဆက်
# ဝိဇ္ဇာပေါင်းချုပ်ကြီး
## (ပထမတွဲ)

**မောင်ပန်းမွှေး**
ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာဘွဲ့ထူးရ၊
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ၊
ယခင်ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၊ မြန်မာစာဆရာ

ရှာဖွေစုဆောင်းပူဇော်သည်။

တော်ဝင်မြို့မစာအုပ်တိုက်

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သုဝဏ္ဏဘူမိခေတ်၊ ပါဒခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊
စစ်ကိုင်းခေတ်၊ ဟံသာဝတီခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊
ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ်

# မြန်မာနိုင်ငံ

# ခေတ်အဆက်ဆက်

# ဝိဇ္ဇာပေါင်းချုပ်ကြီး

## (ပထမတွဲ)


**မောင်ပန်းမွှေး**

ဝိဇ္ဇာအထွေထွေဂုဏ်ထူး မဟာဝိဇ္ဇာဘွဲ့ထူး ရ၊ ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ
ယခင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ မြန်မာစာဆရာ


ရှာဖွေ စုဆောင်း ပူဇော်သည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးလှိုင်ဝင်းမိုး(မြ–၀၃၉၀၀)<br>တော်ဝင်မြို့မစာအုပ်တိုက် |
| ပုံနှိပ်သူ | – | ဦးသန်းဝင်း(ဝင်းပပပုံနှိပ်တိုက်)<br>၁၂၄၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် (၂၀၁၃–ခုနှစ်၊ ဇွန်လ) |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၆၅၀၀ ကျပ် |

၂၉၄.၃

မောင်ပန်းမွှေး

မြန်မာနိုင်ငံခေတ်အဆက်ဆက် ဝိဇ္ဇာပေါင်းချုပ်ကြီး(ပထမတွဲ)/မောင်ပန်းမွှေး။

– ရန်ကုန်။

တော်ဝင်မြို့မစာပေ၊ ၂၀၁၃။

၅၅၇ စာ ၊ ၁၈.၅ စင်တီ × ၂၆.၂ စင်တီ

(၁) မြန်မာနိုင်ငံခေတ်အဆက်ဆက် ဝိဇ္ဇာပေါင်းချုပ်ကြီး(ပထမတွဲ)

# မာတိကာ


ရှာဖွေစုဆောင်းပူဇော်သူ၏ အမှာစကား ၁

**အခန်း (၁)**

ဝိဇ္ဇာပူဇော်ပွဲ ဝိဇ္ဇာစာရင်း ၉

ခေတ်အဆက်ဆက် ဝိဇ္ဇာဓိုရ်စာရင်း ၁၃

**အခန်း (၂)**

သုဝဏ္ဏဘူမိခေတ် ဝိဇ္ဇာဓိုရ်များ ၂၀

**အခန်း (၃)**

ပါဒနိုင်ငံတော် ဝိဇ္ဇာဓိုရ်ရသေ့များ ၂၄

**အခန်း (၄)**

သရေခေတ္တရာခေတ် ဝိဇ္ဇာဓိုရ်များ ၃၁

**အခန်း (၅)**

ပုဂံခေတ်ဝိဇ္ဇာဓိုရ်များ ၃၄

- ဝေဒီသဃရ ရှင်ရသေ့ဘွဲ့ခံ ရှင်အဋ္ဌဂေါဏ (အေဒီ ၁၅၂) ၃၆
- ရှင်မထီး (ခ) တားထီးငယ် (အေဒီ ၁၇၄) ၄၀
- သရဘင ရသေ့ဝိဇ္ဇာဓိုရ် (အေဒီ ၁၆၆) ၄၃
- ဓာတ်ဘက်မှ ဂုဏ်တော်ဘက်သို့ကူး၍ ပေါက်မြောက်အောင်မြင်သွားခဲ့သော အနော်ရထာမင်းလက်ထက်က ထွက်ရပ်ပေါက် ဦးခေမာဝံသနှင့်အဖွဲ့ (အေဒီ ၁၀၄၄ - ၁၀၆၆ အတွင်း) ၄၈

**အခန်း (၆)**

အင်းဝခေတ်ဝိဇ္ဇာဓိုရ်များ ၅၀

- ဝိဇ္ဇာဓိုရ် မတူသယ်ရာဇာ (အေဒီ ၁၃၂၇ - ၁၄၃၈) ၅၂
- ပထမမင်းခေါင်ကြီး (ခေါ်) ဘိုးမင်းခေါင်ကြီး (အေဒီ ၁၄၀၀ - ၁၄၂၃) ၅၆
- အရည်ဝါသီ ဓမ္မစေတီမင်းခေါင် (အေဒီ ၁၄၇၄) ၆၀
- ဒုတိယမင်းခေါင်၏ သား သစ္စာရှင်ဘိုးဘိုး (အေဒီ ၁၄၈၂ - ၁၅၀၁ အတွင်း) ၇၂
- တောင်တွင်းကြီး ဦးကောဏ္ဍည (အေဒီ ၁၈၂၆ ဖွား) ၇၅

**အခန်း (၇)**

ကုန်းဘောင်ခေတ် ၇၆

* မဟာပထမံ ဘိုးဘိုးအောင် (အေဒီ ၁၇၄၉ ဖွား) ၇၈

**အခန်း (၈)**

ရတနာပုံခေတ် ၉၇

* ပေါက်မြောက်အောင်မြင်သွားသော်လည်း လူမသိသေးသည့် ပရိတ်ကြီးဘိုးမြသာ ၉၇

**အခန်း (၉)**

ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ် ၁၀၁

* အသက် (၂၀၂) နှစ်ရှိသည့် သစ္စာဝါဒီ ဘိုးဘိုးကြီး (အေဒီ ၁၇၅၄ ဖွား) ၁၀၃

* သမထပေါက် ဆုထူးပန် ဦးအောင်ချမ်းသာ (အေဒီ ၁၈၄၉ ဖွား) ၁၀၈

* ပုပ္ပါး ဝတစ်လုံး ဂန္ဓာရီ ဦးပန်းအေး ၁၂၀

* မဟာပထမံ ဓမ္မစေတီ ဣဿာသယ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ရာကျော်ဆရာတော် ဦးသုဒ္ဓမ္မဒေဝကိတ္တိ (အေဒီ ၁၈၇၆ - ၁၉၅၄) ၁၂၄

* ငါးမည်ရ ငါးဘွဲ့ခံ ရက်ကန်းစင်တောင် ဘိုးဩဘာသ (အေဒီ ၁၈၄၀ - ၁၉၇၀) ၁၄၂

* ဗုဒ္ဓနာဂရ ရွှေပြည်တော် ထွက်ရပ်လမ်းသို့ အောင်မြင်ခဲ့သော သက်တော် (၁၀၉)နှစ် ဝါတော် (၉၀) သန့်လျှင်မြို့ မနောမယ နံ့ပါတ်တစ်ဆရာတော် ဦးဒေဝံတေမိဇ (ခေါ်) နတ်စင်တစ်ရာဆရာတော် (အေဒီ ၁၈၆၃-၁၉၅၃) ၁၆၀

* နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဦးသာဂရ (အေဒီ ၁၈၉၆ - ၁၉၈၆) ၁၆၆

- ထွက်ရပ်ပေါက် ဦးဇောတ
- ထွက်ရပ်ပေါက် ဦးဂုဏ
- ဆင်ခေါင်း ဦးတိက္ခ
- ဦးရိုးတော် ဦးသီရိ
- ဦးရိုးတော် ဦးနေယျ
- ဒိဗ္ဗစက္ခု ရှင်ရသေ့
- မန္တန်ဝိဇ္ဇာ ဦးဇောတ
- ဟိန္ဒူဆာဒူးကြီး

- သမထပေါက် ဆုတူးပန် ဦးအောင်ချမ်းသာ

- မုံရွာ ဇောင်ကြမ်းပင် ဆရာတော်

* တစ်လေးလုံးဆရာတော် ဦးခန္တာဇောတိ၊ ပထမံ ဘိုးဘိုးအောင်နှင့် ဦးကောလ္လာညတို့ကိုယ်တိုင် ဦးဝိဇ္ဇာဗလဟု အမည်တော်ပေးခဲ့သော ရတနာမာရ်အောင်တောရ ကမ္ဘာ့ရွှေရင်အေးဆရာတော် (ရွှေဗျိုင်းနားဆရာတော်) ၁၈၀

  * ဘိုးတော်ဖြူ

  * ဒုတိယမင်းခေါင်

  * မွေစေတီမင်းခေါင်

  * ပိဋကတ် မောင်ထွန်းကြိုင်

  * တစ်လေးလုံးဆရာတော်

  * ဟားမဲ့ဆရာတော်

* ကွင်းကောက် ဆရာလှိုင် (ခေါ်) ပထမံ ဆရာလှိုင် ၂၃၆

- သေခဲလှဆရာတော်

- ဘုန်းတော်ကြီး ဦးဝိမလဗုဒ္ဓိ

- သူဌေးကြီး ဦးကောက်ရ

- ဝိဇ္ဇာကျော် အောင်ဗလ

- ရသေ့ကြီး ဦးအောင်သန်း

* ဓမ္မဝိဇ္ဇာစေတော်ဝင်ရွှေပေါက်ကျွန်းဆရာတော်အရှင်ဇေယျသိဒ္ဓိဓမ္မညာဏ်က ၂၄၁

* မဟာမြိုင်အသျှင် စန္ဒာသူရိယဘွဲ့မည်ခံသော ဟားတမော့ဆရာတော် ၂၅၉

* ဝိဇ္ဇာဓရ ဘိုးပေါက်ဆိန် ၂၈၉

**အခန်း (၁၀)**

ဝိဇ္ဇာတို့၏ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိ ဝိဇ္ဇာဓရ လောကဥသျှောင် အောင်မင်းခေါင် ၃၁၅

  * ကမ္ဘာ့ရှင်ဘုရင် မဟာအောင်မင်းခေါင် ၃၁၅

  * ဦးစံပေနှင့် ကျိုက်ထီးဆောင်းဆရာတော် ၃၃၆

* မြတ်ရှင်ဇိနအလောင်းတော် ၃၄၀
* ဦးအာစိဏ္ဏ ၃၄၄
* ဘိုးမင်းခေါင်နှင့် ဦးကံမင်း ၃၄၆
* ဘိုးမင်းခေါင်နှင့် ဦးသာတင့် ၃၅၀
* ဦးသာတင့် နိုင်ယာရီ ၃၅၄
* ဝိဇ္ဇာမိုရ် အောင်မင်းခေါင် သုတေသနစာတမ်း ၃၆၅
* ပထမံတရားမဂ္ဂဇင်း လေ့လာချက်စာတမ်း ၃၈၀
* ရွှေစက်တော် အစည်းအဝေး ၃၈၄
* ရွှေပြည်ဝင်ဝိဇ္ဇာ ဦးပွား၏ ကြေညာချက် ၃၈၆
* ဘိုးတော်၏ မိန့်ခွန်းတော် ၃၈၈
* ဘိုးတော်အောင်မင်းခေါင်၏ မိန့်ခွန်း ၃၈၉
* အောင်မင်းခေါင်အရှင်နှင့် ရှစ်သောင်းကျော် ၃၉၀
* အောင်မင်းခေါင်အရှင်နှင့် သာသနာ့ခုံရုံးတော် ၃၉၂
* အောင်မင်းခေါင်အရှင်နှင့် ကာယသိဒ္ဓိမှတ်တမ်း ၃၉၃
* အောင်မင်းခေါင်အရှင်နှင့် ရွှေပြည်ဝင်ဝိဇ္ဇာ ဦးပွား ၃၉၇
* အောင်မင်းခေါင်အဖွဲ့၏ ကြေညာချက် ၃၉၈
* အောင်မင်းခေါင်အရှင်နှင့် ကပ်ကာစေတီ ၃၉၉
* မဟာအောင်မင်းခေါင် ပေါ်တော်မူ ၄၀၃
* အရိမေတ္တယျ အလောင်းတော် လူ့ပြည်ဆင်း၍ သာသနာပြုခြင်း ၄၀၃
* အရိမေတ္တယျ အလောင်းတော်ဟု ယုံကြည်ကြခြင်း ၄၀၄
* အောင်မင်းခေါင်အရှင်၏ ရုပ်ကိုမသုံး ၊ နာမ်ကို သုံးမည်ဟူသော စကား (မှုရင်းဖော်ပြချက်) ၄၀၄
* အောင်မင်းခေါင်အရှင်၏ တို့လူမျိုးက မြွေလို အရေလဲတယ်ဟူသောစကား (မှုရင်းဖော်ပြချက်) ၄၀၅
* အောင်မင်းခေါင်အရှင်၏ ဖြစ်တော်ပေါင်းဇာတ်ကြောင်း မိန့်ခွန်း (မှုရင်းဖော်ပြချက်) ၄၀၆
* အောင်မင်းခေါင်အရှင်၏ ငါးဆက်မြောက် ရုပ်သွင်ဖြစ်ခြင်း ၄၀၆
* အောင်မင်းခေါင်အရှင်၏ မြွေလို အရေလဲတယ်ဟူသော မိန့်ခွန်းတော် (မှုရင်းဖော်ပြချက်) ၄၀၆

* မိုးထိ ဦးဇောတိပါလ၏ ဖော်ပြချက်ကို လေ့လာချက်စာတမ်း ၄၀၈
* အောင်မင်းခေါင်အရှင်၏ တိမ်ကြားမင်းခေါင် ၄၁၀
* ဝေဘူဆရာတော်နှင့် အဘအောင်မင်းခေါင် ၄၁၂
* ရွှေပြည်ဝင် ဆရာတော် ဦးအာစိဏ္ဏ (ဦးဘိုးအောင်) ၏ ဇာတာ ၄၁၆

အဘအောင်မင်းခေါင်ကြီးနှင့်အကြောင်းဆက်သော ရဟန်းထူး၊ ရသေ့ထူး၊ ပုဂ္ဂိုလ်ထူးများ ၄၁၉

* အဘအောင်မင်းခေါင်နှင့် မိုးညှင်းဆရာတော်/ ဦးမောင်ကိုး ၄၂၁
* အဘအောင်မင်းခေါင်နှင့် ပုပ္ပါးမယ်တော်ကြီး ဒေါ်မြင့်မြင့်အောင် ၄၂၅
* အဘအောင်မင်းခေါင်နှင့် ဒေါ်ပုညဝတီ ၄၂၇
* အဘအောင်မင်းခေါင်နှင့် ကပ်ကျော်ဘဘကြီး ဦးစိုးမင်း ၄၃၀
* အဘအောင်မင်းခေါင်နှင့် ပုပ္ပါး ဦးကုမာရ (ခေါ်) ဦးကျော်နီ ၄၃၉
* အဘအောင်မင်းခေါင်နှင့် ဘိုးကြူ ၄၄၀
* အဘအောင်မင်းခေါင်နှင့် ဒုတိယမယ်ဒက်ဆရာတော် ဦးသံဝရ ၄၄၁

- အတုလဓာတ်ပိုင် ဘိုးထွန်းလှိုင် ၄၄၂
- ပုံတောင်ပုံညာက ဝိဇ္ဇာမိုရ်မောင်ညို ၄၆၆
- အဘဖြူ ၄၇၄
- သာဝတ္ထိတောင် ရသေ့ကြီး ဘိုးဝဏ္ဏသိပ္ပလင်္ကာရ ၄၈၀
- ဦးဉာဏော၏ဆရာရင်း သပြေကုန်းဆရာတော် ဘဒ္ဒန္တပညာဝဏ္ဏာဘိဝံသ ၄၈၆
- ကန်ကြီးထောင့်မြို့နယ်၊ ညောင်ပင်သာရွာ၊ အာယသ္မာ သီရိသုစိတြ ဉာဏောဒယသဿ မဟာထေရ် ၄၉၅
- ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပ ၅၄၉
- ဝိဇ္ဇာမိုရ်စာရင်းနောက်ဆက်တွဲ ၅၅၃

## ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာ ဘွဲ့ထူး အမှတ်စဉ်အလိုက် ပထမ ရခဲ့သော ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ ၊ ယခင် ပုသိမ်ကောလိပ်၊ ခစ်တွေကောလိပ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ မြန်မာစာဆရာ **ဦးလှမြင့်** အမည်ခံ **မောင်ပန်းမွေး** ၏ အမှာစကား

ဝိဇ္ဇာပေါင်းချုပ်ကြီးစာအုပ်ကို ရေးသားရခြင်းမှာ ပျောက်ဆုံးနေသော ဆရာ့ ဆရာတို့၏ ဘဝဖြစ်စဉ်၊ ဇာတ်ကြောင်း၊ ဇာတ်ပေါင်းတို့ကို မမေ့ကောင်းစရာ၊ ပြန်လည်တသ ပြောပြခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ငယ်ငယ်ကတည်းက မော်တင်စွန်းအနီး အလုံဒီပါရုံအတွင်း ရွာသိမ်၊ ရွာငယ်၊ ရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သူဖြစ်ရာ ရေစပ်၊ မြေစပ်၊ ဦးရှင်ကြီးနေသော မိန်းမလှကျွန်း၊ မျောက်တစ်ရာကျွန်းတို့နှင့် နီးစပ်ပါသည်။ မော်တင်စွန်း ရေပြင်၊ ဟိုင်းကြီးကျွန်းရေပြင်ကို ကူးလာလျှင် ဒီဘက်ကမ်းမှာ ဟိုင်းကြီးကျွန်းရှိ၏။ သာပေါင်းရှိ၏။ ငပုတောရှိ၏။ ထို့ကြောင့် ကျွန်တော့်တို့မှာ တောစပ်၊ တောင်စပ် လူမနီးစပ်သော နတ်ကျွန်း၊ ဝိဇ္ဇာကျွန်း ရွာနီးချုပ်စပ်တို့တွင်နေခဲ့ရသူ ဖြစ်ပါသည်။ ထို့ကြောင့် ပုံပြင်သဖွယ် ကြားနာခဲ့ရသော အံ့ဖွယ်ထူးဆန်း လူထူးလူဆန်း ဆရာ အထူးအဆန်းများနှင့်တကွ ရသေ့ထူး၊ ရဟန်းထူးများကို အကြိမ်ကြိမ်ကြားဖူး၊ နာဖူးသဖြင့် ပြန်ပြောလျှင် လွမ်း၍လွမ်း၍ နေပါသေးသည်။ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ပါလိမ့်မည်။ လွမ်းတော်မူလို့စာကိုစီတယ် ဆိုသကဲ့သို့ ငယ်ငယ်တုန်းက နေခဲ့ရ၊ စားခဲ့ရ၊ ကြုံခဲ့ရသည်တို့ကို လွမ်းတော်မူလို့ စာကို စီခြင်းဖြစ်ပါသည်။

အရွယ်ကလေးရောက်လို့ စာကလေး မတောက်မခေါက် တတ်လာသောအခါ ကျွန်တော်တို့ တတ်သမျှ၊ မှတ်သမျှမှာ မဟာသမုဒ္ဒရာမှာ ယုန်သူငယ် ခြေထောက်သကဲ့သို့သာ ရှိပါသည်ဟု ခံစားမိပါသည်။ ထို့ကြောင့် တတ်သမျှ၊ မှတ်သမျှကလေးနှင့် ဝေဖန်လျှင် ရေပြင်မဆန့် အာကာသတမျှ ဉာဏ်ကြီးဉာဏ်ကျယ် အသွယ်သွယ် သူတော်စင်သူတော်ကောင်း ပါရမီရှင်အပေါင်းတို့အကြောင်းကို မဝေဖန်ရဲပါ။ မင်းတို့ဉာဏ် တစ်မိုက်တစ်ထွာမျှရယ်နှင့် ငြင်းဖို့သန်လျှင် မိုက်ရာကြပေလိမ့် ဆိုသကဲ့သို့ ဖြစ်ပါလိမ့်မည်။

တတ်မှသာ ဝိဇ္ဇာပေါင်းချုပ်ကြီးကို ရေးရမည်ဆိုလျှင် တော်တော်နှင့်ရေးဖြစ်တော့မည် မဟုတ်ပါ။ အထွေထွေလောကတွင် စာဆိုတော်များ အထွေထွေလည်း ရှိ၏။ ကျမ်းပြုဆရာ အများအပြားရှိခဲ့၏။ အဆိုတော်များ အထွေထွေများလည်း ရှိခဲ့၏။ သက်ဆိုင်ရာတို့ရေးကြ၏။ ရဟန်းကြီး၊ ရဟန်းငယ်တို့၏ ထေရုပ္ပတ္တိများလည်း အသွယ်သွယ် အခန်းခန်း အဆောင်ဆောင် အနန်းနန်း အခန်းခန်း ရှိကြ၏။ ကြီးကျယ်ပါပေ၏။ မွန်မြတ်ပါပေ၏။ ရှိခိုးပါ၏။ ပူဇော်ပါ၏။ အထွေထွေအကြောင်း ပြောလျှင် အဆိုတော်မှစ၍ ဘောလုံးသမားများအထိ အထွေထွေရှိကြ၏။ ကျွန်ုပ်တို့အဖို့မှာကား ကျွန်တော့် မျက်စိ သေးသေးကလေး၊ နားသေးသေးကလေး၊ ဉာဏ်သေးသေးကလေးနှင့် ပြောရလျှင် ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ ယနေ့ ယခုအထိ သိသိသမျှသော သူတော်ကောင်းကြီးများ၊ သူတော်စင်ကြီးများ၊ ဝိဇ္ဇာကြီးများအကြောင်း၊ တခမ်းတနား၊ ဆန်းဆန်းပြားပြား သီကုံးထားသော အစီအကုံး အရေးအဖွဲ့ တစ်စောင်တစ်ဖွဲ့မျှ ဖတ်စရာဆို၍ မှုး၍မျှ ရှုစရာမရှိ။ အထွေထွေလောကတွင် ငုံးတိတိဖြစ်နေ၏။ ထို့ကြောင့်ပင်လျှင် မောင်ပန်းမွေးဆိုတဲ့ မတောက်တစ်ခေါက် ကောင်လေးတစ်ကောင်က၊ ကလောင်ကလေးတစ်ချောင်းက ဆရာ့ဆရာများကို ပူဇော်လိုစိတ်အလွန်ကြီးမားလှသော ကြောင့် တတ်သမျှ၊ မှတ်သမျှနှင့် ကာယဝစီ မနောချီ၍ ကန်တော့ခြင်းဖြစ်ပါသည်ဟု ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့ မှတ်ယူတော်မူကြပါ ခင်ဗျား။

အခန်း (၁) တွင်ပါသော ဝိဇ္ဇာပူဇော်ပွဲစာရင်းကို ရွှေပေါက်ကျွန်းဆရာတော် အရှင်ဇေယျသိဒ္ဓိမဟ္ဘညာဏကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထံမှ ရပါသည်။ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်တွင် ကျော်စောခဲ့သော မိုးအောက်မြေပြင် ထင်ရှားသည့် ဆရာတော်ကြီး ဖြစ်ပါသည်။ ရွှေပေါက်ကျွန်း စေတော်ဝင် မရောက်ဖူးလျှင် လူဖြစ်ကျိုးမနပ်ဟူ၍ပင် ပြောဆိုရသော ဆရာတော်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ကြီးထံမှ ဝိဇ္ဇာစာရင်း တော်ဝင်ပုရပိုက်ကို မြေလတ်မြတ်သူ အမည်ခံ မဟာဂန္ဓာရီပုဂ္ဂိုလ်ထံမှ တစ်ဆင့် ရရှိပါသည်။ ထို့ကြောင့် ထိုစာရင်းသည် အရေးကြီးပါသည်။ သဘောတူသူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မောင်ပန်းမွှေးသည် မှတ်တမ်းတင်သူဖြစ်သဖြင့် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ ခေတ်ပြိုင်မှတ်တမ်းဖြစ်၍ နောင်လာနောက်သား များအတွက် မော်ကွန်းကမ္ပည်းစာတစ်စောင်ဖြစ်လျှင် စာရေးရကျိုး နပ်ပြီဖြစ်ပါသည်။

အခန်း (၁) ပါ ဝိဇ္ဇာမိုရ်စာရင်းကို ပြည်မြို့ ဦးဝေပုလ္လ ဆရာတော်ထံမှ ရပါသည်။ ဦးဝေပုလ္လသည် ရွှေဥမင်ဆရာတော်ကြီး၏ တပည့်ကြီးဖြစ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော လောကီ၊ လောကုတ် စွယ်စုံ ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံ နာနာနယပါရဂူဖြစ်၏။ ထိုဆရာတော်ထံမှ ရရှိသော ခေတ်အဆက်ဆက် ဝိဇ္ဇာမိုရ်စာရင်းသည် နောင်လာနောက်သားများအတွက် ခေတ်ပြိုင်မှတ်တမ်း အဖြစ် မှတ်သားနိုင်စေရန် တင်ပြပါသည်။

အခန်း (၂) ပါ သုဝဏ္ဏဘူမိ ဝိဇ္ဇာမိုရ်များအကြောင်းကား ကျိုက်ထီးရိုးဆံတော်ရှင်နှင့် အကြောင်းဆက်ပါသည်။ ရွှေဇင်းကျိုက်ဆံတော်ရှင်နှင့်လည်း အကြောင်းဆက်ပါသည်။ သုဝဏ္ဏဘူမိ ဆံတော်ရှင်များနှင့်လည်း အကြောင်းဆက်ပါသည်။ နိဒါန်းပျိုးသောအနေဖြင့် နာဂဝိဇ္ဇာ တည်းဟူသော ပျောက်ဆုံးနေသည့် ဝိဇ္ဇာမိုရ် တစ်ဦးအကြောင်းကို တင်ပြထားပါသည်။ ပုံပြင်ဟု ထင်လျှင်လည်း ပုံပြင်ပါပဲ။ တကယ်ဟု ထင်လျှင်လည်း တကယ်ပါပဲ ဟု ဆိုချင်ပါသည်။

အခန်း (၃) ပါ ပါဒနိုင်ငံတော်ဝိဇ္ဇာမိုရ်ရသေ့များကား နှစ်ပေါင်း (၂၅၀၀) ကျော်ကျော် ပျောက်ဆုံးနေခဲ့သော ပါဒနိုင်ငံတော်ကြီးနှင့် အကြောင်းဆက်ပါသည်။ ကျိုက်ခနတ်ဆံတော်ရှင်နှင့်လည်း အကြောင်းဆက်ပါသည်။ ကျိုက်ခေါက်ဆံတော်ရှင်နှင့်လည်း အကြောင်းဆက်ပါသည်။ ထို့ကြောင့်ပင်လျှင် သုဝဏ္ဏဘူမိခေတ် ဝိဇ္ဇာမိုရ်တစ်ပါးကို ဦးစွာ ဖော်ပြခြင်း ဖြစ်ပါသည်။ တစ်စပေါ်လျှင် ချည်စငင်သကဲ့သို့ ဆက်လက်လေ့လာရန် ဖြစ်ပါသည်။ ယုံလျှင် ကြည်ကြပါ။ မယုံလျှင် မကြည်ကြပါနှင့်။ သုတေသီ၏တာဝန်မှာ ဖော်ထုတ်တင်ဆက်ရန်သာ ဖြစ်ပါ၏။

အခန်း (၄) ပါ သရေခေတ္တရာ ဝိဇ္ဇာမိုရ်များကား ယနေ့ခေတ်နှင့် အတော်ကလေး သမိုင်းကြောင်းဆက်၍ လာပါသည်။ ကပ္ပလက်ာရကျမ်းနှင့်လည်း အကြောင်းဆက်ပါသည်။ သရဘူ (၉) ကျမ်းတွဲနှင့်လည်း အကြောင်းဆက်ပါသည်။ ထို့ကြောင့်ပင်လျှင် ဦးဥတ္တမသီရိနှင့်လည်း အကြောင်းဆက်ပါသည်။ သရေခေတ္တရာ ခေတ်နှောင်းပိုင်းသည် ပုဂံခေတ် အဦးအစပိုင်းနှင့် အကြောင်းဆက်ပါသည်။ မည်သို့ပင်ပြောပြော အတ္တုပ္ပတ္တိ (ဝါ) ထေရုပ္ပတ္တိ တင်ပြသူတစ်ဦးအနေဖြင့် မပျောက်မပျက်ရန် ဖော်ထုတ်ပူဇော်ပါ၏။

အခန်း (၅) ပါ ပုဂံခေတ် ဝိဇ္ဇာမိုရ်များကား အကျော်တစောရှိလှပါ၏။ ယနေ့ ရွှေတိဂုံရင်ပြင်တော်ပေါ်တွင် အုံ့ဖွယ် (၁/၂/၃/၄) စသည်ဖြင့် အုံ့ဖွယ်အလီလီ ဖော်ထုတ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုအုံ့ဖွယ်များတွင် ရှင်အဇ္ဇဂေါဏ ရုပ်ပွားတော်ကြီးလည်း ပါဝင်နေ၏။ ရှင်မထီး ရုပ်ပွားတော်ကြီးလည်း ပါဝင်နေ၏။ သရပါဂု ရသေ့ဝိဇ္ဇာမိုရ် ပူဇော်သော ပြဒါးရှင်ဘုရားလည်း ပါဝင်နေ၏။ ထို့ကြောင့် ရှင်အဇ္ဇဂေါဏ ဟူသော အမည်တော်သည် လည်းကောင်း၊ ရှင်မထီး ဟူသော အမည်ကျော်သည် လည်းကောင်း၊ သရပါဂု ဟူသော အမည်ဆန်းသည် လည်းကောင်း ပစ်ပယ်၍မရနိုင်ပါ။ ရာဇဝင်ကို ဖျောက်၍မပစ်နိုင်ပါ။ သမိုင်းကို လိမ်ညာ၍ မရနိုင်ပါ။ ရှိခဲ့ဖူးသောကြောင့်သာ ယနေ့ ရှိသည်ဟု ဖော်ပြနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုထိုဤဤ အလီလီသော သူတော်ကောင်းကြီးများကို ပူဇော်ပါ၏။ ဖော်ထုတ်ပါ၏။ ကြည်ညိုတော်မူကြပါ။ ကြည်ညိုသော ချက်စိ

ဖြင့် ကြည့်တော်မူကြပါ။ အတိတ်သမိုင်းသည် လှပသောသမိုင်းကြီး ဖြစ်ခဲ့ပါ၏။ မြန်မာပြည်ကြီးသည်လည်း ရှေးရှေးကတည်းက ဝိဇ္ဇာပညာ၊ သိပ္ပံပညာတို့ဖြင့် အဆောင်ဆောင် အခန်းခန်း အောင်နန်းတွေ ဖွင့်ခဲ့ပါ၏။ ဤသို့ ဆိုနိုင်ပါသည်။

အခန်း (၆) တွင် အင်းဝခေတ် ဝိဇ္ဇာမိုရ်များကို ဖော်ကျူးထားပါသည်။ မည်သို့ပင်ဆိုစေ ဝိဇ္ဇာမိုရ်ပတ္တသယ်ရာဇာ ဟူသော အမည်သည် စစ်ကိုင်းတောင်သမိုင်းတွင် မပစ်ပယ်နိုင်သော သမိုင်းဝင်၊ ဂန္ထဝင်မြောက် အမည်နာမ ဖြစ်နေခြင်းကပင်လျှင် ဖော်ထုတ်ပူဇော်ထိုက်သော အကြောင်းရင်းကြီး ဖြစ်ပါသည်။ ဝိဇ္ဇာမိုရ်ပတ္တသယ်ရာဇာ ဟူသော အမည်ကိုမိဖုရားဖွားစောမှစ၍ ဘုရင်စဉ်ဆက် ကျောက်စာထွင်းထုခဲ့ကြသည်မှာ ထင်ရှားလှ၍ ပူဇော်ခြင်း ဖြစ်၏။ ထိုခေတ်၊ ထိုအခါက ပုဂ္ဂိုလ်ကျော်ကို ယခုအခါ ငါတို့ မလိုဟု ပစ်ပယ်လျှင် ဤသမိုင်း ရိုင်းပါလိမ့်မည်။ ထို့ကြောင့်ပင်လျှင် မောင်ပန်းမွှေးက ဖော်ထုတ်ပါ၏။ ပူဇော်ပါ၏။ ၎င်းအပြင် ပထမမင်းခေါင်ကြီး အကြောင်းကလည်း အနိုင်အလုံ တွေ့ရှိနေရပြန်၏။ ဘိုးမင်းခေါင်ကြီးဟု အများသူငါ လက်ခံကြ၏။ လက်မခံလျှင်လည်း ဤစာပြုသူအနေဖြင့် မည်သို့မှ အတင်းအကြပ် လက်ခံအောင် မလုပ်ပေးနိုင်ပါ။ ဤစာပြုသူကား အရှိကို ဖော်ထုတ်တင်ဆက်ခြင်း ဖြစ်၏။ ပူဇော်ခြင်း ဖြစ်၏။ တစ်ပြိုင်တည်းမှာပင် ဓမ္မစေတီမင်းခေါင် အကျော်အမော်ကိုလည်း ဖော်ထုတ်တင်ဆက်ပါ၏။ အရညဝါသီ ဓမ္မစေတီမင်းခေါင် ဟူ၍ တွေ့ရှိရ၏။ ရွှေဗျိုင်းနားဆရာတော်ကြီး တရားကျင့်စဉ်က ပဲခူးမှာ ရေစဉ်ပင် ဆက်ကပ်ဖူးပါ၏။ ထို့ကြောင့်ပင်လျှင် ထည့်သွင်းပါ၏။ တစ်ဖန် ဒုတိယမင်းခေါင် ဟူ၍ အကျော်ဒေးယျရှိပြန်သေး၏။ သူတော်ကောင်းကြီး ဖြစ်၏။ ထိုအကြောင်းကို မဖော်ပြမီ ဒုတိယမင်းခေါင်၏ သား ဝိဇ္ဇာမိုရ်အကြောင်းကို ဖော်ပြပါ၏။ ထိုဝိဇ္ဇာကြီးကို သစ္စာရှင်ဘိုးဘိုးဟု ဝိဇ္ဇာလောကတွင် သိကြပါ၏။ သားကိုတွက်ဆ၍ ဖခင်ဖြစ်သူ ဒုတိယမင်းခေါင်အကြောင်းကို ဆက်လက်ဖော်ပြပါအံ့။

တစ်ပြိုင်တည်းမှာပင် တောင်တွင်းကြီးသား ဦးကောဏ္ဍညအကြောင်း မမေ့ကောင်းစရာ တစေ့တစောင်း ဖော်ပြပါ၏။ အပြည့်အစုံ မဟုတ်သေးပါ။ တောင်ငူက မြတ်စောညီနောင်ဆရာတော် ပြောပြသော တောင်တွင်းကြီးသားဦးကောဏ္ဍည၏ အံ့ဖွယ်ထူးဆန်း ဝိဇ္ဇာအခန်းတို့လည်း ရှိပါသေး၏။ ဆက်လက်ဖော်ပြပါဦးမည်။

အခန်း (၇) တွင် ကုန်းဘောင်ခေတ်ကို ဖော်ပြပါ၏။ ထိုအခါ ဘိုးဘိုးအောင်အကြောင်း မလွဲမသွေ ဖော်ပြရပါမည်။ မယုံမကြည် ချန်လှပ်လျှင် အပြစ်ရှိပါသည်။ တကယ်ရှိခဲ့၏။ တကယ် ကျော်ခဲ့၏။ တကယ် မော်ခဲ့၏။ တကယ့် ဆရာကြီး ဖြစ်၏။ ဆရာ့ ဆရာတို့၏ ဆရာကြီး ဖြစ်၏။ ထို့ကြောင့်ပင်လျှင် နှစ်ပေါင်း (၂၀၀) ကျော်သည့်တိုင် မမေ့နိုင်ဘဲ မြန်မာပြည် တစ်ပြည်လုံး အသည်းထဲ၊ အသွေးထဲ၊ အသားထဲအထိ စိမ့်ဝင် စီးဆင်း နှစ်သက်စွဲလမ်းကြည်ညိုအားကိုးနေကြသော ပုဂ္ဂိုလ်ဖြစ်သည်။ ပြည် ရွှေဆံတော် ဂေါပကအဖွဲ့က ထုတ်သော စာအုပ်တွင် မဟာပထမံ ဘိုးဘိုးအောင် ဟူ၍ပင် ခမ်းခမ်းနားနားကြီး တင်စားထားသည်ကို ဝမ်းသာ ဝမ်းမြောက် လက်ပန်းပေါက်ပေါက်ခတ်၍ ဖတ်ရှုတော်မူကြပါဟု တင်ဆက်သူက ပန်ကြားပါ၏။ ယုံလျှင် ကြည်ပါ၏။ မယုံလျှင်မကြည်ပါ။ အဘ ဘိုးဘိုးအောင်နှင့် စပ်လျဉ်း၍ သမိုင်းသက်သေ အထောက်အထားများ တောင်တွင်းကြီးမှာလည်း ရှိ၏။ ဝိသနီးမှာလည်း ရှိ၏။ အင်းဝ စစ်ကိုင်းမှာလည်း ရှိ၏။ ဖိုးဦးတောင်မှာလည်း ရှိ၏။ ပြည်မြို့မှာလည်း ရှိ၏။ ထို့ကြောင့် အရှိကို မရှိလုပ်၍ မရပါ။ သာသနာပြု သူတော်ကောင်း၊ သူတော်စင်ကြီး များဖြစ်သဖြင့် ပုံပြင်မဟုတ်ကြောင်း သက်သေပြ မှတ်တမ်းတင် ပူဇော်ခြင်း ဖြစ်ပါသည်။

အခန်း (၈) ရတနာပုံခေတ်တွင်ကား ပြောစရာ အများအပြား ရှိပါသည်။ သို့သော်လည်း ဤနေရာတွင် လူသိနည်းသည့် ပရိတ်ကြီး ဘိုးမြသာ ကိုသာ ကွက်၍ပြထားပါသည်။ ရတနာပုံခေတ်တွင် ပြောစရာသက်သေ အမြောက်အမြား ရှိသော်လည်း ခရီးတွင်အောင် အမြန်သွားရသောကြောင့် ပရိတ်ကြီးဖြင့် ပေါက်မြောက် အောင်မြင်ခဲ့သော ဘိုးမြသာကိုသာ ကွက်ကွက်ကလေး မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။ ထိုတစ်ကွက်ကိုကြည့်

၍အတွေးနယ်ချဲ့ကာ ရိပ်စားမိနိုင်ပါသည်။ အခြားအခြားသော သူတော်ကောင်းကြီးများ ရသေ့သူတော်စင်များ ယောဂီ သူတော်စင်များ၊ ပုဂ္ဂိုလ်ထူး ဆရာ ဆရာအပေါင်းတို့အကြောင်းကို နောက်တစ်ပတ် ဆက်လက်ဖော်ပြပါသည်။ ရသေ့ဝိဇ္ဇာ ဦးခန္တီအကြောင်းကား မမေ့ကောင်းစရာ သာသနာ့သမိုင်းဖြစ်၏။

အခန်း (၉) ကိုလိုနီခေတ်သည်ကား ထူးခြားပါ၏။ ကြားဖောက်၍ ဂျပန်ခေတ် ဟူ၍လည်း ရှိနေသေး၏။ လွတ်လပ်ရေးခေတ်ကြီးတွင်လည်း ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပရိဝေဓ သာသနာ ဟူ၍ သာသနာသမိုင်းကြီးသည် ကြီးကြီးကျယ်ကျယ် ပေါ်ထွန်းခဲ့ပါသည်။ ရဟန္တာအရှင်မြတ်ကြီးများလည်း တောစဉ်တောင်စဉ်တစ်လျှောက် ပေါ်ထွန်းခဲ့ကြပါသည်။ ဓာတ်တော်ကျသော ရဟန္တာအရှင်မြတ်ကြီးများကိုလည်း မျက်ဝါးထင်ထင် ဖူးမြော်နိုင်ကြပါသည်။ ရုပ်ကလာပ်တော်ကြွင်းကျန်တော်မူသော ပူဇော်ထိုက်သည့် ရဟန္တာအရှင်မြတ်များကိုလည်း ဒေသအသီးသီးတွင် ဖူးမြော်ကြရပါသည်။ သို့ဖြစ်သည့်တိုင်အောင် လူမသိ၊ သူမသိ တောစဉ်တောင်စဉ်တစ်လျှောက်တွင် ပွင့်ပေါ်ကြသော အရှင်ကောင်း၊ အရှင်မြတ်များတို့လည်း အများအပြား ရှိသော်လည်း မသိရသဖြင့် မပူဇော်နိုင်ခဲ့ပါ။ အချို့အချို့ ဖူးတွေ့ရသော်လည်း ပျံလွန်တော်မူပြီးမှ ဖူးတွေ့ရသဖြင့် ထေရုပ္ပတ္တိများ ရှာဖွေမရနိုင်တော့ပါ။ ဤသို့သောကာလမျိုးတွင် သာသနာ (၂၅၀၀) တစ်ဝက်၊ (၅၀၀၀) သို့ ဆက်ရာတွင် သာသနာတော်ကြီး ထွန်းကားပြန့်ပွားအရှည်တည်တံ့ရန် သာသနာ့အကျိုး သယ်ပိုးကြသော ရဟန်းဝိဇ္ဇာများ၊ ရသေ့ဝိဇ္ဇာများ၊ လူဝိဇ္ဇာများ အများအပြား ရှိပါသေးသည်။ ထိုထို ဤဤ အလီလီသော ရသေ့ သူတော်စင်များ၊ ဝိဇ္ဇာဓိုရ်ကြီးများ၊ ဆရာစဉ်ဆက်တို့ကို မေ့ချန်ထား၍မရပါ။ နောင်သောအခါ ပုံပြင်ဖြစ်သွားပါလိမ့်မည်။ ဟုတ်လိမ့်နိုးနိုး၊ တွေ့လိမ့်နိုးနိုးဖြင့် သမိုင်းတည်း ဟူသော သဲသောင်ပြင်ကြီးပေါ်တွင် ခြေရာမကျန်သကဲ့သို့ ဘဝဖြစ်စဉ်များ ပျောက်ကွယ်သွားမှာ အလွန်စိုးရိမ်မိပါသည်။ ထို့ကြောင့်ပင်လျှင် ဦးစွာပထမ ဤဝိဇ္ဇာပေါင်းချုပ်ကြီး (ပထမတွဲ) တွင် အချို့အချို့သော ဆရာ့ဆရာများကိုသာ ရှာဖွေဖော်ထုတ် ပူဇော်တင်ပြပါသည်။ အခြားအခြား ကျန်ရှိနေသေးသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် သာသနာပြု သူတော်စင်၊ သူတော်ကောင်းကြီးများ အကြောင်းကို ဒုတိယတွဲတွင် ဆက်လက်ဖော်ပြ ပူဇော်မည်ဖြစ်ပါသည်။

ယခုလောလောဆယ်ကား နာဂလိုဏ်ဂူတောရကျောင်းတည်ရာတွင် အလွယ်တကူ ဖူးတွေ့နိုင်သော နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဦးသာဂရ၏ ထေရုပ္ပတ္တိကို တင်ပြပူဇော်ပါသည်။ ပထမကလေးဝ ဆရာတော်ကြီးနှင့် စပ်လျဉ်း၍ ဦးရီးတော်များ ဖြစ်ကြသော ထွက်ရပ်ပေါက် ဦးဂုဏ၊ ထွက်ရပ်ပေါက် ဦးနေယျ၊ ထွက်ရပ်ပေါက် ဦးသီရိစသော ပုဂ္ဂိုလ်ထူးတို့၏ ဘဝဖြစ်စဉ်များကိုလည်း စေ့စေ့စုံစုံ ရှာဖွေမရနိုင်သေးသဖြင့် တွေ့ရှိသမျှကိုသာ မပျောက်မပျက်အောင် ဖော်ပြနိုင်ပါတော့သည်။ ပထမကလေးဝဆရာတော်ကြီးနှင့်စပ်လျဉ်း၍ လောကမှာ ပြောကြပေရော့ ဇောတ တဲ့ဟော့ ဟု ကြွေးကြော်ကာ အင်းတော်ကြီးရေပြင်ကို လမ်းလျှောက်၍ ထွက်တော်မူသော မန္တန်ဝိဇ္ဇာ ဦးဇောတ အကြောင်းကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုရှင်ရသေ့အကြောင်းကိုလည်း ကောင်း တစ်စေ့တစ်စောင်း တွေ့ရပါလိမ့်မည်။ ရသမျှနှင့်ပင် ဝမ်းမြောက်ရပါတော့သည်။

တစ်ဆက်တည်းမှာပင် ကလေးဝဆရာတော်နှင့် စပ်လျဉ်း၍ သစ္စာဝါဒီဘိုးဘိုးကြီးအကြောင်း လေ့လာ တွေ့ရှိရပါသည်။ တစ်ဆက်တည်းမှာပင် ဦးအောင်ချမ်းသာအကြောင်း တွေ့ရှိရပါသည်။ ဦးအောင်ချမ်းသာနှင့် စပ်လျဉ်း၍ သမထပေါက် ဆုထူးပန် ဦးအောင်ချမ်းသာ ဟူသော ဘွဲ့ထူးကို ရွှေပေါ်ကျွန်း ဆရာတော်၏ စာရင်းထဲတွင် အတိအကျ တွေ့ရှိရပါသည်။ အံ့ဖွယ်ကောင်းသော သစ္စာဝါဒီဘိုးဘိုးကြီးကား သက်တော် (၂၀၂) နှစ်မှာ ကွယ်လွန်ကြောင်း၊ ထွက်ရပ်စခန်းသို့ မြန်းတော်မူကြောင်း တွေ့ရှိရသည်မှာလည်း အံ့သြကြည်ညို မှတ်သားဖွယ်ရာ ဖြစ်ပါသည်။ ဤသို့ဖြင့် အကြောင်းဆက်၍ ကလေးဝ နာဂလိုဏ်ဂူဆရာတော် ဦးဇာဂရ ပေါ်ထွန်းခဲ့ရပါသည်။ ကလေးဝဆရာတော် ဦးဇာဂရသည် ဝိဇ္ဇာဓိုရ် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကျော် ဖြစ်ကြောင်းကို တောင်တန်းသာသနာပြု ဦးဥတ္တမသာရ တည်းဟူသော ပရိတ်ရေဆူဆရာတော် အကျော်အမော်က မိန့်တော်မူခဲ့ဖူးကြောင်း မှတ်သားခဲ့ရပါသည်။

တစ်ချိန်တည်းမှာပင် သက်တော်ရာပြည့် ရွှေဂျိုင်းနားဆရာတော်ကိုလည်း လေ့လာပူဇော်ရပါသည်။ ဝေသာလီ ရွှေဂျိုင်းပေါင်း အကောင် (၁၀၀၀) ကျော် တစ်ဝါတွင်းလုံး လာရောက်ခိုနား ပူဇော်၍ ဥပုသ်စောင့်သဖြင့် ရွှေဂျိုင်းနားဟူ၍ အကျော်တစောရှိသော ဆရာတော်ကြီးတစ်ပါး ပြည်မြို့ ရတနာမာရ်အောင် တောရ ကျောင်းတွင် ပေါ်ထွန်းခဲ့ဖူးသည်ကို နောင်သောအခါ ပုံပြင်ဖြစ်မှာစိုးရပါသည်။ ငယ်စဉ်ကာလမှစ၍ မဟာပထမံဘိုးဘိုးအောင်ကိုယ်တိုင် ပညာသင်သည့်အကြောင်း ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကပင် အတိအလင်း မိန့်ကြားခဲ့ကြောင်း နောင်လာနောက်သားများ မသိမှာ စိုးရိမ်လှပါသည်။ ၎င်းအပြင် ထိုရွှေဂျိုင်းနား ဆရာတော်ကြီးပင်လျှင် ဦးဝိဇ္ဇာဖလ ဟူသော ဘွဲ့ထူးကို ဆရာ့ ဆရာများအစုံအလင် ဆုံးဖြတ်ပေးအပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် တစ်လေးလုံးဆရာတော်ဟု အကျော်တစောရှိတော်မူသော ဦးခန္တာဇောတိ အရှင်မြတ်ကြီးအကြောင်းကိုလည်း ရွှေဂျိုင်းနားဆရာတော် ရှိစဉ်ကပင်လျှင် အသေအချာ မိန့်ကြားမြွက်ဟတော်မူသဖြင့် ကောင်းစွာသိမြင် ဖူးခွင့်ကြုံကြရပါသည်။ ဤသို့သော အခွင့်ထူးကိုလည်း ပုံပြင်ဖြစ်မှာစိုးသဖြင့် နောင်လာနောက်သားများ သိစေချင်သော စေတနာကလည်း ဤကျမ်းပြုသူအနေဖြင့် အထူးအထူး ထက်သန်လျက်ရှိပါတော့သည်။ ဤကျမ်းပြုသူအနေဖြင့် ရွှေဂျိုင်းနားဆရာတော်နှင့် စပ်လျဉ်း၍ ပညာအမွေ လိုလားတောင့်တသူဖြစ်သဖြင့် ဆရာတော်ကြီးကို ပူဇော်ရင်း ဆရာတော်ကြီး မိန့်ကြားခဲ့သော ဆရာ့ ဆရာ (၃၇) ပါး စာရင်းကိုလည်း တစ်ဆင့် မှတ်သားရပါသည်။ ညာလက်ရုံး တပည့်အရင်းကြီးဖြစ်သော ဂန္ဓမာလာ ဦးခင်လတ်၏ကောင်းမှုကြောင့်တစ်ကြောင်း၊ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် တရိတသေ၊ တလေးတစား၊ အမှတ်ရရ မှတ်တမ်းတင်ခဲ့သော သာသနာ့အလင်းရောင် ဦးဖေမြင့်၏ ကျေးဇူးကြောင့်တစ်ကြောင်း၊ ဤစာပြုသူအနေဖြင့် ဆရာစဉ်ဆက် (၃၇) ပါးကို စုဆောင်းတင်ဆက်နိုင်ခဲ့ပါသည်။

ထို (၃၇) ပါးသော ဆရာ့ဆရာတို့၏စာရင်းသည်ပင်လျှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အကျော်အမော်တို့၏စာရင်းဖြစ်တော့သည်ဟု ဤကျမ်းပြုသူအနေဖြင့် ဝမ်းမြောက်ဝမ်းသာ လေ့လာ မှတ်သားမိခဲ့ပါသည်။ ဤသို့ဖြင့် ဝိဇ္ဇာပေါင်းချုပ်ကြီးစာရင်းတွင် ဘိုးတော်ဖြူ တည်း ဟူသော ဆရာကြီးအကြောင်းလည်း သိခွင့်ရပါသည်။ ထိုမှုမကသေး ဒုတိယမင်းခေါင်တည်း ဟူသော အကျော်အမော် ပုဂ္ဂိုလ်အကြောင်းလည်း သိခွင့်ရပါသည်။ ထိုမျှမကသေး ရွှေဂျိုင်းနားဆရာတော်ကို ရေစင်လည်း တိုက်၊ ပညာလည်း သင်ပေးခဲ့သော ဓမ္မစေတီမင်းခေါင် တည်း ဟူသော အကျော်အမော် သာသနာပြုပုဂ္ဂိုလ်ကြီးအကြောင်းလည်း သိခွင့်ရပါသည်။ တစ်ပြိုင်တည်းမှာပင် ရွှေဂျိုင်းနားဆရာတော်နှင့် စပ်လျဉ်း၍ ဖားမဲ့ဆရာတော်အကြောင်း သက်သေအထောက်အထား များစွာ ရရှိခဲ့ပါသည်။ ဤသို့ဖြင့် ရွှေဂျိုင်းနားဆရာတော်၏ ဆရာစဉ်ဆက် (၃၇) ပါးစာရင်းသည်ပင်လျှင် အထူးအရေးကြီးသော ဝိဇ္ဇာမိုရ်စာရင်းပေါင်းချုပ်တစ်ခု ဖြစ်ပေတော့သည်။ ထိုစာရင်းအရ ဝိဇ္ဇာမိုရ် ဆရာ့ဆရာများ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အကျော်အမော်များကို ဆက်လက်လေ့လာခွင့် ရခဲ့ပါသည်။ ဤရွှေ ဤမျှသော စိတ်နေစိတ်ထား အတိုင်းအတာ၊ အမွန်အမြတ်တို့ပင်လျှင် ဤကျမ်းပြုသူ မောင်ပန်းမွှေးသည် ဆရာ့ဆရာ သူတော်စင်များ၊ သူတော်ကောင်းကြီးများ၏ သာသနာပြုလုပ်ငန်းများ၊ ဘဝဖြစ်စဉ်များကို ဖော်ထုတ်ခွင့်ရလျက် ပူဇော်ခွင့်ရကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။

အများသိနေကြသော ကွင်းကောက် ဆရာလှိုင် (ခေါ်) ပထမံဆရာလှိုင်နှင့် စပ်လျဉ်း၍လည်း ပြောင်ပင်သာဆရာတော်ကြီး ဦးဉာဏောကိုအကြောင်းပြု၍ မကြာခဏ ကြားနာခွင့်၊ သိခွင့်ရသည်မှာလည်း ဆရာ့ ဆရာတို့၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ ကွင်းကောက်ဆရာလှိုင်ဟု အမှတ်တမဲ့ သိခွင့်ရခဲ့သော်လည်း အသေအချာ လေ့လာသောအခါ မှတ်တမ်းများတွင် ကွင်းကောက်ဆရာလှိုင် (ခေါ်) ပထမံဆရာလှိုင် (ခေါ်) သေခဲလှဆရာတော် (ခေါ်) ဘုန်းတော်ကြီး ဦးဝိမလဗုဒ္ဓိ (ခေါ်) သူဌေးကြီး ဦးကောက်ရ (ခေါ်) ဝိဇ္ဇာကျော်အောင်ဖလ (ခေါ်) ရသေ့ကြီး ဦးအောင်သန်း (ခေါ်) ပုဂ္ဂိုလ်ကျော်များဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ဝိဇ္ဇာလောကတွင် ဆရာ့ဆရာကြီးများကို ကျွန်တော် မောင်ပန်းမွှေးသည် ထပ်မံ ပူဇော်ခွင့်ရခဲ့ပြန်သောကြောင့်

ဝမ်းမြောက်ဝမ်းသာ လက်ပန်းပေါက်ပေါက်ခတ်လျက် ရှာဖွေဖော်ထုတ် ပူဇော်တင်ဆက်ပါကြောင်း အစီရင်ခံအပ်ပါသည်။

ဤတွင် မမေ့မလျော့ ဦးထိပ်တင်ရမည့် ဆရာ့ဆရာကြီးကား ဓမ္မဝိဇ္ဇာစေတော်ဝင် ရွှေပေါ်ကျွန်းဆရာတော် အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏ်ကပင် ဖြစ်ပါသည်။ ယခု ဝိဇ္ဇာပေါင်းချုပ်ကြီး (ပထမတွဲ) တွင် ဖော်ပြထားသော ရွှေပေါ်ကျွန်းဆရာတော်နှင့် စပ်လျဉ်းသည့် အကြောင်းအချက်များမှာ ကျွန်တော် မောင်ပန်းမွှေး၏ ဓမ္မမိတ်ဆွေကြီးဖြစ်သော ဂန္ဓာရီပုဂ္ဂိုလ်၊ စေတော်ဝင် ရွှေပေါ်ကျွန်းကျောင်းတော်ကြီးထွက် မြေလတ်မြတ်သူ အမည်ခံ ဆရာကြီး ဦးမြတ်သူထံမှ ရရှိသော အချက်အလက်များ ဖြစ်ပါသည်။ ကျွန်တော် ကိုယ်တွေ့ရေးသားသော စာမျက်နှာ (၇၀) နီးပါးရှိသည့် စေတော်ဝင် ကိုယ်တွေ့အကြောင်းအရာများကား ဝိဇ္ဇာပေါင်းချုပ်ကြီး (ဒုတိယတွဲ) တွင် ဆက်လက်ဖော်ပြပါမည်။ ယခုကား နိဒါန်းအစဖြစ်သဖြင့် ဤမျှနှင့်ပင် ကျေနပ်တော်မူပါဟု ဝိဇ္ဇာပရိသတ်အပေါင်းအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

၎င်းအပြင် မမေ့မလျော့ ပူဇော်ဖော်ထုတ်ရမည့် ပုဂ္ဂိုလ်မှာ မဟာမြိုင်ဆရာတော် အရှင်စန္ဒာသူရိယ ဖြစ်ပါသည်။ အရှင်စန္ဒာသူရိယသည် အခြားအခြား သိပြီးသားအကြောင်းအရာများအပြင် အသစ်အဆန်းတစ်ခုကား မဟာမြိုင်ဆရာတော်ဆိုသည်ကား အခြားမဟုတ် အများသိပြီးသော တားတမော့ဆရာတော်ဖြစ်ကြောင်း ဤကျမ်းပြုသူက ဝမ်းမြောက်ဝမ်းသာ ပူဇော်တင်ပြအပ်ပါသည်။

အခြား တလေးတစား၊ အရေးတယူ၊ ရိုရိုသေသေ ပူဇော်ရမည့် ပုဂ္ဂိုလ်တစ်ပါးကား ဝိဇ္ဇာဓရ ဘိုးပေါက်ဆိန်ပင် ဖြစ်ပါတော့သည်။ ဘိုးပေါက်ဆိန်နှင့် စပ်လျဉ်း၍ တပည့် အကျော်အမော်များ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်မှာလည်း ဝမ်းမြောက်စရာ သတင်းအချက်အလက်များဖြစ်ပါသည်။ ဘိုးပေါက်ဆိန်၏ ပညာအမွေခံအဖြစ် အောင်လံမြို့ ကိုးသိန်းတောင်တွင် ဦးဝိဇ္ဇာဉာဏကို ဖူးတွေ့နိုင်ပါသည်။ ရန်ကုန်မြို့ ရှစ်မိုင်၊ ပေါက်စေတီကျောင်းတိုက်တွင် ဆရာတော်ဦးသုမိတ္တာဘိဝံသကို ဖူးတွေ့နိုင်ပါသည်။ တောင်တွင်းကြီး၊ ဗိသနိုးမြို့ပေါင်းတွင် ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက် ဆရာတော်ကို ဖူးတွေ့နိုင်ပါသည်။ ပုသိမ်မြို့ ပေါက်ကုန်းကျောင်းတွင် တောင်ဖေးဆရာတော်ဦးကုမာရကို ဖူးတွေ့နိုင်ပါသည်။ တသီးတခြားအားဖြင့် ဖော်ပြရမည်ဆိုလျှင် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ လက်ရုံးကြီးအဖြစ် တောင်ငူမြတ်စောညီနောင်ဆရာတော်ဟုလည်း ခေါ်ကြသော ဆရာတော်တစ်ပါး ရှိသေး၏။ ထိုဆရာတော်ကို ရန်ကုန်ဆရာတော်ဟုလည်း ခေါ်ကြပါသေး၏။ ထိုဆရာတော်အကြောင်းကို ဒုတိယတွဲတွင် တသီးတခြား ဆက်လက်ဖော်ပြပူဇော်မည်ဖြစ်ကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။

အခန်း (၁၀) သည်ကား အထူးလေ့လာချက်စာတမ်းကြီးဖြစ်ပါသည်။ ဤအခန်းကြီးတွင် မိုးအောက်မြေပြင် ပေါ်လွင်ထင်ရှားသော အဘအောင်မင်းခေါင်အကြောင်းကို လေ့လာဖော်ထုတ်ပူဇော်ထားပါသည်။ အဘအောင်မင်းခေါင် ဆိုသည်မှာ မိုးအောက်မြေပြင်မက ကြီးကျယ်သော သူတော်စင်ကြီးဖြစ်သဖြင့် ကျွန်တော် မောင်ပန်းမွှေးကဲ့သို့သော ဉာဏ်ကလေး တစ်ထွာတစ်မိုက်ဖြင့် အဘယ်ကဲ့သို့ ပူဇော်ရပါအံ့နည်း။ ဉာဏ်ကြီးဉာဏ်ကျယ် ဖြစ်တော်မူသော အဘအောင်မင်းခေါင်အကြောင်းကို ဖော်ထုတ်ပူဇော်ရသည်မှာ အားနာစရာကောင်းလှပါသည်။ အလွန်စိုးရိမ် ပူပန်စိတ်လည်းဖြစ်မိပါသည်။ ကျွန်တော် မောင်ပန်းမွှေး အပြောအဆို အတင်အပြ မလိမ်မမာ မပါးမနပ် မရိုမသေဖြစ်မှာလည်း အလွန်စိုးရိမ်ပူဇော်ရပါသည်။ သို့သော် သဒ္ဓါဓိက ဖြစ်တော်မူသော အဘဘိုးမင်းခေါင်အကြောင်းကို ကျွန်တော် မောင်ပန်းမွှေးကလည်း မြတ်မြတ်နိုးနိုး၊ ရိုရိုသေသေ ပူဇော်ခြင်းဖြစ်သဖြင့် အချည်းနှီး မဖြစ်နိုင်ပါဟု ယုံကြည်လျက် ပူဇော်ခြင်း ဖြစ်ပါ သည်။ အဘအောင်မင်းခေါင်အကြောင်းကို မိုးအောက်မြေပြင်တစ်ခွင် ပေါ်လွင်ထင်ရှား သိသူအလွန်များကြသဖြင့် အထူးအဆန်းတော့ မတင်ပြနိုင်ပါ။ သို့သော် ခြွင်းချက်ကလေးတစ်ခုတော့ ရှိပါသည်။ ကျွန်တော် မောင်ပန်းမွှေး တတ်သမျှ၊ မှတ်သမျှ၊ သိသမျှ၊ ပူဇော်ခြင်းဖြစ်သဖြင့် ဆရာ့ဆရာများ ကျေနပ်နှစ်သိမ့် လက်ခံ တော်မူပါဟု

တောင်းပန်ရင်းတင်ပြခြင်းဖြစ်ပါသည်။

အဘအောင်မင်းခေါင်ကို မည်သို့ခေါ်ရမှန်း မသိပါ။ ဘိုးမင်းခေါင်ဟု ခေါ်လျှင် ကောင်းမည်လား။ (သို့တည်းမဟုတ်) အောင်မင်းခေါင်အရှင်ဟု တင်ပြလျှင် ကောင်းမည်လား။ (သို့တည်းမဟုတ်) အဘဘိုးမင်းခေါင် ဟု တင်ပြလျှင် ကောင်းမည်လား (သို့တည်းမဟုတ်) မဟာအောင်မင်းခေါင်ဟု တင်ပြလျှင် ကောင်းမည်လားစသည်စသည်ဖြင့် များစွာ များစွာ စဉ်းစားရပါသည်။ ကျွန်ုပ် မောင်ပန်းမွှေး ပြောမှားဆိုမှား ရှိလျှင် ဆရာ့ဆရာများ အပြစ်တင်စရာ ဖြစ်မည်ဖြစ်သဖြင့် များစွာ စဉ်းစားရပါသည်။ ဤသို့သောအခါတွင် အဘအောင်မင်းခေါင်အားဝိဇ္ဇာတို့၏ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိဝိဇ္ဇာရေလောကဉသျှောင်အောင်မင်းခေါင်ဟူသော စာသားကိုရှာဖွေတွေ့ရှိပါသည်။ ၎င်းအပြင် ထူးထူးခြားခြားပူဇော်လိုသဖြင့် ရှာကြံပြန်သောအခါ "တန်ခိုးမဟိဒ္ဓိ အဆောင် အယောင်တို့နှင့် ပြည့်စုံတော်မူသော အလုံးစုံသောဝိဇ္ဇာတို့၏ ဦးစီး ဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိဝိဇ္ဇာရေ ပါကဋ္ဌတေဇ၊ တိပိဋကရေ၊ ပိဋကတ္တယဆေက၊ နာနာနယသိပ္ပကောဝိဒ၊ ဓမ္မစေတီယဃရ၊ ပရိတ္တဝိဇာနနာ၊ ဘာသန္တရ ဗဟုသုတ ပါမောက္ခ၊ မကာရလောပ၊ မေတ္တာယျံဗုဒ္ဓက်ုရ၊ လောကဉသျှောင် အောင်မင်းခေါင်" ဟူသော စကားအသုံးအနှုန်းကို ဝိဇ္ဇာဦးစီး အောင်မင်းခေါင် အဖွဲ့ချုပ်မှ အရှင်ဇောတိပါထံမှ သိခွင့်ရရှိ၍ ပူဇော်နိုင်ခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် ကမ္ဘာ့ရှင်ဘုရင် အောင်မင်းခေါင် ဟူသော အသုံးအနှုန်းကို ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ဆရာတော်၏ဖခင် ဦးစံဖေနှင့် စပ်လျဉ်း၍ ထပ်မံရရှိခဲ့ပြန်သဖြင့် ကမ္ဘာ့ရှင်ဘုရင် ဟူသော အသုံးအနှုန်းဖြင့် ပူဇော်တင်ပြအပ်ပါသည်။ ကျွန်တော် မောင်ပန်းမွှေးအနေဖြင့် လည်း ကမ္ဘာ့ရှင်ဘုရင် ဟူသော သီးခြားစာအုပ်ဖြင့် ဖွင့်ဟပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ဤသို့အကြောင်းဆက်သဖြင့် အောင်မင်းခေါင်အရှင်နှင့် ဦးစံဖေအကြောင်းကိုလည်းကောင်း၊ အောင်မင်းခေါင်အရှင်နှင့် ရွှေပြည်ဝင်ဝိဇ္ဇာ ဦးပွားအကြောင်းကိုလည်းကောင်း၊ အောင်မင်းခေါင်အရှင်နှင့် ဦးအာစိဏ္ဏတည်းဟူသော ဦးဘိုးအောင်တို့ကို လည်းအကြောင်းဆက်လျက် ဖော်ထုတ်ပူဇော်အပ်ပါသည်။

ဤတွင် ထူးခြားချက်တစ်ရပ်မှာ မူရင်းစာသားများကို ရှာဖွေတင်ဆက်နိုင်ခြင်း ဖြစ်ပါသည်။ ဤသို့ ရှာဖွေတင်ဆက်နိုင်ရန် ပထမံမဂ္ဂဇင်းမူရင်း မူဟောင်းများကိုတော်ဝင်မြို့မစာပေတိုက်ပိုင်ရှင် ဦးလှိုင်ဝင်းမိုးထံမှ ရရှိပါသည်။ ဦးလှိုင်ဝင်းမိုးသည် အဋ္ဌာရသမဂ္ဂဇင်းကြီး၏အယ်ဒီတာချုပ်လည်းဖြစ်ပါသည်။ ထုတ်ဝေသူလည်း ဖြစ်ပါသည်။ သူ့ထံမှ ရှားပါးစာမူများ ရရှိခြင်းသည်လည်း ဝိဇ္ဇာပေါင်းချုပ်ကြီးအတွက် လည်းကောင်း၊ အဘ အောင်မင်းခေါင် သုတေသနစာတမ်းအတွက် လည်းကောင်းကြီးစွာသော အထောက်အကူဖြစ်ခဲ့သဖြင့် ကိုမိုး အမည်ခံ ဦးလှိုင်ဝင်းမိုး အမည်ခံ အယ်ဒီတာချုပ်အားလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ကိုမိုး၏ ကျေးဇူးဖြင့် (၁) အောင်မင်းခေါင်အရှင်၏ ရုပ်ကိုမသုံး၊ နာမ်ကိုသုံးမည် ဟူသော စကား၏ မူရင်းကိုလည်းကောင်း။ (၂) တို့လူမျိုးက မြွေလိုအရေလဲတယ် ဟူသော စကား၏မူရင်းအထောက်အထားကို လည်းကောင်း။ (၃) အောင်မင်းခေါင်အရှင်၏ဖြစ်တော်ပေါင်းဇာတ်ကြောင်း မိန့်ခွန်း မူရင်းအထောက်အထား ကိုလည်းကောင်း အသေအချာ တင်ပြပူဇော်နိုင်ခဲ့ပါသည်။

သီးခြားစာတမ်းအနေဖြင့် အဘအောင်မင်းခေါင်အကြောင်း အသိနားလည်ဆုံး ပုဂ္ဂိုလ်များထဲတွင် ထိပ်တန်းကပါဝင်သော မိုးထိဦးဇောတိပါလ၏အယူအဆ အတွေးအခေါ်များကိုလေ့လာတင်ပြသောစာတမ်း ဖြင့်လည်း ပူဇော်တင်ပြအပ်ပါသည်။ ၎င်းအပြင် ခေတ်ပြိုင်အထောက်အထားအဖြစ် အဘအောင်မင်းခေါင် အရှင် သက်တော်ထင်ရှား ရှိစဉ်ကပင်လျှင် ခေတ်ပြိုင်ထုတ်ဝေခဲ့သော ပထမံတရားမဂ္ဂဇင်း လေ့လာချက် စာတမ်းကိုလည်းတင်ပြပူဇော်နိုင်ခဲ့ပါသည်။ ၎င်းအပြင် ဘိုးတော်အောင်မင်းခေါင်၏ကိုယ်ပွားဖြစ်သော ဦးပွား ၏ ကြေညာချက်စာတမ်းကိုလည်း တင်ပြပူဇော်နိုင်ခဲ့ပါသည်။ ဦးပွားသည် ရွှေပြည်ဝင်ဝိဇ္ဇာကြီး ဖြစ်၏။ ဦးအာစိဏ္ဏသည်လည်း ရွှေပြည်ဝင်ဝိဇ္ဇာကြီးဖြစ်ပါ၏။ ဤသို့ဖြင့် ကျွန်တော် မောင်ပန်းမွှေးသည် ပူဇော်စင်

သူတော်ကောင်း သာသနာပြု ပုဂ္ဂိုလ်အကျော်အမော် အလောင်းတော်ကြီးအား ပူဇော်ခွင့်ရခဲ့ပါသည်။

အထူးအထူးအားဖြင့်ကား ကံကောင်းထောက်မစွာ ရရှိခဲ့သော အချက်အလက်များရှိပါသေးသည်။ ထိုအချက်အလက်များကား အောက်ပါအတိုင်းဖြစ်ပါသည်။

အဘအောင်မင်းခေါင်နှင့် မိုးညှင်းဆရာတော်တို့၏အကြောင်းဆက်ခြင်း။

အဘအောင်မင်းခေါင်နှင့် ဝေဘူဆရာတော်တို့အကြောင်းဆက်ခြင်း။

အဘအောင်မင်းခေါင်နှင့် ပုပ္ပါးမယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်အကြောင်း။

အဘအောင်မင်းခေါင်နှင့် ဒေါ်ပုညဝတီအကြောင်း။

အဘအောင်မင်းခေါင်နှင့် ကပ်ကျော်ဘဘကြီး ဦးစိုးမင်းအကြောင်း။

အဘအောင်မင်းခေါင်နှင့် အမရပူရက ဘိုးကြူအကြောင်း။

အဘအောင်မင်းခေါင်နှင့် ဒုတိယ မယ်ဒက်ဆရာတော် ဦးသံဝရအကြောင်း။

အဘအောင်မင်းခေါင်နှင့် ပုပ္ပါးဦးကုမာရ (ခေါ်) ဦးဂျော်နီအကြောင်း စသည် စသည်ဖြင့် ထိုထိုဤဤ အလီလီသော သောင်းပြောင်းထွေလာ သာသနာ့ဗဟုသုတ၊ ဝိဇ္ဇာဗဟုသုတတို့ကိုလည်း ဖော်ထုတ်တင်ပြ ပူဇော်အပ်ပါသည်။

အထူးအထူးအားဖြင့် ပူဇော်တင်ပြသည်မှာ ညောင်တုန်းတစ်ဖက်ကမ်းတွင် သာသနာပြုနေသော အဘဘိုးထွန်းလှိုင်အကြောင်း ဖြစ်ပါသည်။ တစ်ပြိုင်တည်းမှာပင် အထူး အထူးအားဖြင့် ပူဇော်တင်ပြခွင့်ရ သည်မှာ ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ဆရာတော်ကြီး အကြောင်းဖြစ်ပါသည်။ အထူးအထူးအားဖြင့် ပူဇော်တင်ပြခွင့်ရသည်မှာ ကံကြီးထောင့်မြို့နယ်၊ ညောင်ပင်သာ ရွာ အာယသ္မာ သီရိသုစိတြ ဉာဏောဒယဿ မဟာထေရ်အကြောင်းဖြစ်ပါသည်။ ထိုဆရာ့ဆရာများ၏ဂုဏ် ကျေးဇူးကြောင့် အထူး အထူးအားဖြင့် မည်သို့ မည်သို့သော အကြောင်းဆက်များ ကမ္ဘာ့ ကမ္ဘာတွင် လည်း ကောင်း၊ မြန်မာ့မြန်မာတွင်လည်းကောင်း၊ ကောင်းကျိုးတွေ အထွေထွေ ဝေလျက်ရှိကြောင်း စိတ်ပါဝင်စားသူ အပေါင်းတို့က ဆက်လက်သုတေသနပြု လေ့လာရန် ပူဇော်တင်ပြအပ်ပါသည်။

အထူးသဖြင့်ကား ဝိဇ္ဇာမိုရ်နောက်ဆက်တွဲစာရင်းကို အနည်းငယ်မျှ တင်ပြပါသည်။

ကုန်းဘောင်ခေတ် ဝိဇ္ဇာမိုရ်များစာရင်းကိုလည်း ထပ်မံရရှိထားပါသေးသည်။ ၎င်းအပြင် တောင်ဗီလာ ဆရာတော်ဘုရားထံမှ ဝိဇ္ဇာမိုရ်များစာရင်းကိုလည်း ထပ်မံရရှိထားပါသေးသည်။ ဤသို့ဤသို့ဖြင့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဝိဇ္ဇာပေါင်းချုပ်ကြီးကို ပူဇော်တင်ပြခြင်းဖြင့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပရိဝေဓ သာသနာတို့ကို ချီးမြှောက်ထောက်ပင့် ပူဇော်ပသ သာသနာပြု ခဲ့ကြသော သူတော်စင်ကြီးများ၊ သူတော်ကောင်းကြီးများ အရိယာကြီးများတို့၏ အကြောင်းအရာများကို ဖော်ထုတ်ပူဇော်ခြင်းအားဖြင့် ကျွန်တော်သည် သာသနာ၏တာဝန်ကို ထမ်းဆောင်လျက် ပူဇော်ခြင်းဖြစ် ကြောင်း၊ ဤသို့ပူဇော်ရသောအကြောင်းကြောင့်လည်း သာသနာတော်ကြီးသည် (၂၅၀၀) တစ်ဝက်၊ (၅၀၀၀) သို့ ဆက်လျက် ဘုရားရှင် ဗျာဒိတ်တော်အတိုင်း တည်ပါစေသတည်းဟု ဆုတောင်းခြင်းပြုအပ်ပါသည်။

ဤသို့သော လုံ့လ၊ ဝီရိယတို့ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးကံမြောက် ပူဇော် တင်ဆက် ပသ ရသော အကျိုးကျေးဇူးကြောင့်လည်း ဗုဒ္ဓမြတ်စွာ သာသနာသည် (၅၀၀၀) မက ရှည်မြင့်ပါစေသော်ဟု ဆုတောင်းရပါကြောင်း ပူဇော်တင်ပြအပ်ပါသည်။

**မောင်ပန်းမွှေး**

ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာအမှတ်စဉ်အလိုက် ပထမ ဘွဲ့ထူးရ ၊
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ

# အခန်း (၁)

# ဝိဇ္ဇာပူဇော်ပွဲ ဝိဇ္ဇာစာရင်း

ဝိဇ္ဇာပူဇော်ပွဲတွင် ပါရှိသော ဆရာကြီးများဖြစ်သော ရဟန်းဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာအပေါင်းတို့၏ စာရင်းကို ရှေးအခါက ရွှေပေါ်ကျွန်းဆရာတော် အရှင်ဇေယျသိဒ္ဓိဓမ္မညာဏကထံမှတစ်ဆင့် နယ်စပ်တစ်နေရာတွင် အကျပ်အတည်းသို့ ရောက်ရှိနေသော ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေကြီးဗိုလ်မှူးအောင်သိန်းက ရရှိပါသည်။ ထိုဗိုလ်မှူး၏စာရင်းကို ကျွန်ုပ်တို့၏ဓမ္မမိတ်ဆွေကြီး ဂန္ဓာရီပုဂ္ဂိုလ် ဆရာဦးမြတ်သူ (မြေလတ်မြတ်သူ) ထံမှ ရရှိပါသည်။ တစ်နေ့သောအခါ (၁၃၆၅) ခုနှစ်တွင် ဦးမြတ်သူ၏ တိုက်တွန်းချက်ဖြင့် ကျွန်ုပ်တို့တစ်စုသည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ၊ လေးဒေါင့်ကန် စံပြကျေးရွာတွင် တည်ရှိသော ရွှေပေါ်ကျွန်းဓမ္မစခန်းသစ်တွင် ပဓာနနာယကဆရာတော် ဦးပညာစက္က (ဓမ္မာစရိယ) ၏ ဦးဆောင်မှုဖြင့် စေတော်ဝင် ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇေယျသိဒ္ဓိဓမ္မညာဏက၏ ထွက်တော်မူ (၇) နှစ်မြောက် အခမ်းအနားကို (၁၃၆၅) ခု၊ ပြာသိုလပြည့်ကျော် (၁၃) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ထိုပွဲအတွက် ငှက်ပျောသီး၊ အုန်းသီး (၁၀၈) ပွဲစာအတွက် အဲဗားဂရင်း အော့ဖ်ဆက်ပုံနှိပ်တိုက်မှ ဦးသိန်းဦးနှင့်ဒေါ်ဝင်းဝင်းခိုင်တို့က ဒကာခံပါသည်။ ထိုပွဲကို (၁၉. ၁. ၂၀၀၄) ခု၊ တနင်္လာနေ့၊ နံနက် (၅) နာရီ၊ ဝေလီဝေလင်းအချိန်တွင် ပြုလုပ်ကြပါသည်။ အခမ်းအနားအစီအစဉ်အရ သံဃာတော်များထံမှ သီလခံပါသည်။ ဦးမြတ်သူက ဘုရားပင့်ပါသည်။ ပွဲများကပ်လှူပါသည်။ ပုဂ္ဂိုလ်များ ပင့်ပါသည်။ နတ်များပင့်ပါသည်။ အများကောင်းမှုဖြင့် ဝိဇ္ဇာပွဲများ ကပ်လှူကြပါသည်။ ၎င်းနောက် ဝိဇ္ဇာများ၏စာရင်းနှင့်တကွ ဘွဲ့များကို မောင်ပန်းမွှေးက အသံကျယ်ကျယ်ဖြင့် အများကြားအောင် အကျယ်တဝံ့ရွတ်ဆိုဖတ်ကြား ပူဇော်ပါသည်။ နံနက်ပိုင်းတွင် ကောင်းခြင်းပေါင်းဖြင့် ဧည့်ခံပါသည်။ ညပိုင်းတွင် ဆီမီးတစ်ထောင် ပန်းတစ်ထောင်၊ ရေတော်တစ်ထောင်၊ နံ့သာအမွှေးတိုင် တစ်ထောင်ဖြင့် ပူဇော်ပါသည်။ ထိုသို့သောအခါတွင် ဆရာဦးမြတ်သူထံမှရရှိသော စာရင်းကို မောင်ပန်းမွှေးက ဖတ်ရှုပါသည်။ ထိုစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ထိုစာရင်းအရ အပြင်လောကတွင် အများသိနေသော စာရင်းတချို့နှင့် ကွဲလွဲ ကောင်း ကွဲလွဲပါလိမ့်မည်။ သို့သော်လည်း ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးထံမှ ရရှိသော စာရင်းတော်ကြီး၊ ပုရပိုက်တော်ကြီးဖြစ်သဖြင့် ကျွန်ုပ်တို့သည် များစွာ တန်ဖိုးထားကြောင်း၊

လေးစားကြောင်း ကြည်ညိုကြောင်း၊ ယုံကြည်ပါကြောင်း ဦးစွာ ပထမအစီရင်ခံ တင်ပြပါသည်။ ဤစာရင်းမှာ ကျွန်ုပ်တို့၏ ရှာဖွေကြံဖန် ပြုစုထားသော စာရင်း ဇယား မဟုတ်ပါ။ ဆရာသခင်များထံမှ အစဉ်အဆက်ရရှိ သော ရွှေပုရပိုက်တော်ကြီး၊ စာရင်းတော်ကြီး ဖြစ်ပါသဖြင့် အောက်တွင်ကြည်ညို နိုင်ရန် ဖော်ပြပါသည်။

၁။ ဘုရား၊ တရား၊ သံဃာ
၂။ ဣန္ဒာသိကြား
၃။ ဓတရဋ္ဌနတ်မင်းကြီး
၄။ ဝိရူဠှကနတ်မင်းကြီး
၅။ ဝိရူပက္ခနတ်မင်းကြီး
၆။ ကုဝေရနတ်မင်းကြီး
၇။ ဝေဿမိတ္တနတ်မင်းကြီး
၈။ ဟေမဝတနတ်မင်းကြီး
၉။ ကုမ္ဘိရဝေပုလ္လတောင်နတ်မင်းကြီး
၁၀။ ပဇ္ဇုန္နနတ်မင်းကြီး
၁၁။ ဣန္ဒကနတ်မင်းကြီး
၁၂။ ဥဏှဝဠာဟကနတ်မင်းကြီး
၁၃။ သီတဝဠာဟကနတ်မင်းကြီး
၁၄။ ဝါတဝဠာဟကနတ်မင်းကြီး
၁၅။ အဗ္ဘဝဠာဟကနတ်မင်းကြီး
၁၆။ မော်ဘီနတ်မင်းကြီး
၁၇။ သန်လျင်နတ်မင်းကြီး
၁၈။ ဆူးလေနတ်မင်းကြီး
၁၉။ ဗိုလ်တထောင်နတ်မင်းကြီး
၂၀။ အရညဝါသီ ဦးဝါသဝဆရာတော်
၂၁။ ဗားမဲ့ဆရာတော်
၂၂။ ဗုဒ္ဓေါဆရာတော် ကမ္ဘဋ္ဌာန်းပေါက်
၂၃။ ရွှေပေါ်ကျွန်းဆရာတော်
၂၄။ ပြားထီးဆရာတော်
၂၅။ အင်းကန်ဆရာတော် သံဝိဇ္ဇာ
၂၆။ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍည '[illegible]ထူးပန်'
၂၇။ ဗားကရာဆရာတော်

၂၈။ ရွှေဂူတောင်ဆရာတော် အရှင်နန္ဒကလ္လသရိယ 'ဆုထူးပန်'
၂၉။ ဗားတမြိုက်ဆရာတော်
၃၀။ ပျဉ်ပုံကြီး ဦးစံရွှန်း 'သံဝိဇ္ဇာ'
၃၁။ ဦးစန္ဒောဘာသဆရာတော် 'သမထပေါက်'
၃၂။ ရွှေဘိုဆရာတော် ဦးတိလောက 'ပြဒါးဝိဇ္ဇာ'
၃၃။ ဦးဓမ္မာစာရီ ရခိုင်ဆရာတော်
၃၄။ အရည္ဝါသီ သက်တော်ရှည် ရာကျော်ဆရာတော် ဦးသဒ္ဓမ္မကိတ္တိ
၃၅။ မဟာဂေါဝိန္ဒရှင်ရသေ့
၃၆။ တောင်တွင်းကြီးပေါက် ဆရာတော် ဦးဥတ္တမဗုဒ္ဓိ
၃၇။ ပုပ္ပါး ဝတစ်လုံး ဂန္ဓာရီ ဦးပန်းအေး
၃၈။ ပြဟ္မစိုရ်ကြီးလှ ဝဏ္ဏလက်ာရ ရသေ့
၃၉။ ဆရာကြီးဦးငြိမ်း
၄၀။ အရှင်ဉာဏရသေ့ 'မဟာဂန္ဓာရီ သမထပေါက်'
၄၁။ မဟူရာဇော်ဂီ 'သံဝိဇ္ဇာ'
၄၂။ ပုပ္ပါးအရှင်နာရဒရသေ့
၄၃။ ဗောဓိပင် ဆရာဆိုင်
၄၄။ ပုပ္ပါးဆေးဝိဇ္ဇာ အရှင်သံဝရ ရသေ့ဆရာတော်
၄၅။ အဖေကြီး ဦးအောင်ချမ်းသာ 'ဆုထူးပန်'
၄၆။ စန္ဒပါလရသေ့ 'ဦးသုစန္ဒီ'
၄၇။ ပထမံ အောင်မင်းခေါင်
၄၈။ မင်းသားကြီး ဘိုးဘိုးအောင်
၄၉။ နဝင်း ဘိုးဘိုးအောင်
၅၀။ ရသေ့ ဘိုးဘိုးအောင်
၅၁။ ပထမံ ဘိုးဘိုးအောင်
၅၂။ တောင်တွင်းကြီး ဒုတိယဘိုးဘိုးအောင်
၅၃။ ပထမရက်ကန်းစင်တောင် ဆရာကြီးဦးကွန်းဘွဲ့ခံ
'ဦးဩဘာသဆရာတော်'
၅၄။ ပုပ္ပါးဦးကောသလ္လဆရာတော်
၅၅။ ဝဏ္ဏဒူတ ဝိဇ္ဇာမိုရ် ဆေးကိုဏ်းချုပ်
၅၆။ ခမောက်တောင်ဆရာကြီး ဦးတိုက်ဖိး
၅၇။ ဇပနဇော်ဂီ 'သမထ ဝိဇ္ဇာ'
၅၈။ ခန္တီဝါဒီရသေ့ ဦးခန္တီ

၅၉။ ကျိုက်ထီးရိုး ဓမ္မဝိဇ္ဇာ ဦးသာအေး
၆၀။ အလံတစ်ရာ မန္တန်ဝိဇ္ဇာယ ဦးအုံးခိုင်
၆၁။ တောင်လေးလုံးဆရာလူ သမထပေါက်
၆၂။ ဒေးစွန်းပါတောင်ပေါက်ဆရာတော် ပြဒါးဝိဇ္ဇာ
၆၃။ ကေလာသ တိဿရှင်ရသေ့ 'ဆုထူးပန်'
၆၄။ ရွှေပေါက်ပင် ဆရာသိန်း 'ဓမ္မဝိဇ္ဇာ'
၆၅။ တောင်တွင်းကြီး နက္ခတ်ပိုင် ဦးဥက္ကံသဆရာတော်
၆၆။ မဏိမေခလာ ဆရာမြကြီး
၆၇။ ဆရာတော် ဦးပေါက်ဆိန်
၆၈။ အရှင်ဣန္ဒာစရိယဆရာတော်
၆၉။ ရွှေဘို မုံတောဆေးဝိဇ္ဇာ ဦးစံရိုး
၇၀။ အရှင်စက္ကိန္ဒဆရာတော် 'ချင်းတွင်း'
၇၁။ အန္တသုတ ဝိဇ္ဇာခိုရ်
၇၂။ မိုးတား ဦးပညာသာမိ
၇၃။ ဆင်ခေါင်းတောင် ဦးအရိယဓမ္မဆရာတော်
၇၄။ သံသေပင် အင်းဝိဇ္ဇာဆရာမြ
၇၅။ တိမ်ကြားမင်းခေါင်
၇၆။ အင်းဝ ပထမမင်းခေါင်ကြီး
၇၇။ သံသိပ္ပဘွဲ့ခံ ရသေ့ဆရာတော်
၇၈။ အရညဝါသီ ဓမ္မစေတီမင်းခေါင်
၇၉။ ဆရာကြီး ဦးရဲသူ
၈၀။ သုဒိဗ္ဗဇော်ဂီ ပြဒါးဝိဇ္ဇာ
၈၁။ သစ္စာဝါဒီ ရသေ့ဆရာတော် မင်းရွှာ
၈၂။ ဆရာကြီး ဦးသေးမျှင် 'မကွေး၊ ဝက်မစွတ်'
၈၃။ ရွှေညောင်ပင် ဦးသီလဆရာတော်
၈၄။ ရေတာရှည် မယ်ဒက်ဆရာတော်
၈၅။ သီဟတောင်ဆရာတော် ကမ္မဋ္ဌာန်းပေါက်
၈၆။ ဆရာတော်ဦးသံလွင်
၈၇။ ဘ မင်းခေါင်
၈၈။ ဘ မင်းခေါင်ငယ်

# ခေတ်အဆက်ဆက် ဝိဇ္ဇာဓိုရ်စာရင်း

ခေတ်အဆက်ဆက် ဝိဇ္ဇာဓိုရ်စာရင်းကိုရှာရန် ကျွန်ုပ်တို့၏ ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် မည်သို့မှမဖြစ်နိုင်ပါ။ ရှေးအစဉ်အလာ မဟာပညာရှင်တို့၏ မှတ်တမ်းအရသာလျှင် ကျွန်ုပ်တို့ ပြန်လည်ပြောကြားနိုင်ခြင်း ဖြစ်ပါသည်။ ရှေးသရောအခါက ဟံသာဝတီပုံနှိပ်တိုက်မှ ဝိဇ္ဇာမဂ္ဂဒီပနီဟူသော လယ်တီဆရာတော်ဘုရား၏ကျမ်းကြီးကျမ်းခိုင်တစ်ဆူ ထွက်ပေါ်ခဲ့ဖူးပါသည်။ ထိုစာအုပ်အဟောင်းကလေးသည် ဆွေးမြေ့၍နေခဲ့ပါပြီ။ ယခုတစ်ဖန် မိခင်ဧရာဝတီစာအုပ်တိုက်မှ အသစ်တစ်ဖန် ရိုက်နှိပ်သဖြင့် ဝမ်းသာအားရ ထပ်မံစုဆောင်းရပြန်ပါသည်။ ထိုကျမ်းကြီးတွင် လယ်တီဆရာတော်ဘုရားကြီး၏ အဆိုအမိန့်၊ ဝိဇ္ဇာအမျိုးမျိုးအကြောင်း ဖတ်ရှုမှတ်သားရပါသည်။ လောကီလောကုတ် ပရိယတ္တိ၊ ပဋိပတ္တိစွယ်စုံ ပုဂ္ဂိုလ်ကျော်၏ အဆိုအမိန့်များဖြစ်သဖြင့် လေးနက်လှပါသည်။ ယခုခေတ်သစ်စာပေများတွင် ပြည်မြို့၊ ဝေပုလ္လာရာမဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ၏ ဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်) ဝိဇ္ဇာဓရပကာသနီကျမ်းသည် အံ့ဖွယ်ထူးဆန်း ကြီးမားခိုင်ခံ့လှပါပေသည်။ ထိုကျမ်းပြုပုဂ္ဂိုလ်ဆရာအရှင်ကား ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူပြီးဖြစ်ပါသည်။ ထိုဆရာ၏အဆိုအမိန့်အရ ထုတ်နုတ်တင်ဆက်ပူဇော်ပါမည်။ အောက်တွင် ဖတ်ရှုတော်မူပါ။ ကျမ်းပြုပုဂ္ဂိုလ်သည်လည်း ရောက်ရာအရပ်မှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုတော်မူပါဟု ပန်ကြားအပ်ပါသည်။ ဦးဝေပုလ္လ၏အဆိုအမိန့်ကို တင်ပြပါမည်။

ကမ္ဘာတည်သရွေ့ ရှည်သောအသက်ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော ဝိဇ္ဇာထွက်စဉ်ကား -

**ကကုသန်မြတ်စွာဘုရားလက်ထက်**

(၁) ကောက္ကသံမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌လည်းကောင်း၊ သာသနာပ၌လည်းကောင်း ထိုကောက္ကသံ မြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားစွာဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာဓိုရ်အပေါင်း (၈၀၀၀၀) စုစုပေါင်း ရှစ်သောင်းရှိကြပေကုန်၏။

**ကောဏာဂုံမြတ်စွာဘုရားလက်ထက်**

(၂) ကောဏာဂုံမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌လည်းကောင်း၊

သာသနာပကာလ၌ လည်းကောင်း၊ ထိုကောဏာဂုံမြတ်စွာဘုရား လက်ထက်တော် အခါ၌ ထင်ရှားစွာ ဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာ မဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း (၈၀၀၀၀) ရှိ၏။ စုစု ပေါင်း ရှစ်သောင်းရှိကြကုန်၏။

**ကဿပမြတ်စွာဘုရားလက်ထက်**

(၃) ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌လည်းကောင်း၊ သာသနာ ပကာလ၌လည်းကောင်း၊ ထိုကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ ၌ထင်ရှားစွာဖြစ်ကြကုန်သော ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာမဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ် အပေါင်း (၈၀၀၀၀) ရှိ၏။ စုစုပေါင်း ရှစ်သောင်းထွက်ကုန်၏။

**ဂေါတမမြတ်စွာဘုရားလက်ထက်**

(၄) ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌လည်းကောင်း၊ သာသနာပကာလတို့၌လည်းကောင်း၊ ထိုဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက် တော်အခါ၌ ထင်ရှားစွာဖြစ်ကြကုန်သော ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာမဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း (၈၀၀၀၀) ရှိကြကုန်၏။ စုစုပေါင်း ရှစ်သောင်းထွက်ကြကုန်၏။

**အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်**

(၅) နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား၏ သာသနာတော် အပကာလ၌ လည်းကောင်း၊ သာသနာတော်အတွင်းကာလ၌ လည်းကောင်း၊ ထို ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရား လက်ထက်တော်အခါ၌ ထင်ရှားဖြစ်ကုန်လတ္တံ့သော ဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိနှင့်ခြောက်ပါးသော ဝိဇ္ဇာဉာဏ်တို့ဖြင့်ထွက်ရပ်လမ်း ကြွမြန်းကြကုန်မည့် လောကီယဝိဇ္ဇာမိုရ်ပေါင်း (၃၂၀၀၀၀) ရှိသတည်း။ စုစုပေါင်း သုံးသိန်းနှစ်သောင်းရှိကြကုန်၏။

**ဘဒ္ဒကမ္ဘာဝိဇ္ဇာမိုရ်စာရင်း**

ထို့ကြောင့် ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပေါင်း၍ ကောင်းမွန်စွာ ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော လောကီယဝိဇ္ဇာမိုရ်ပေါင်း (၆၄၀၀၀၀) ရှိကြကုန်မည်ဖြစ် ကြောင်း၊ စုစုပေါင်း ဘုရား (၅) ဆူလျှင် ခြောက်သိန်းလေးသောင်းသော ဝိဇ္ဇာမိုရ် များ ထွက်ရမည်ဖြစ်၏။ ထို (၆၄၀၀၀၀) သော လောကီယဝိဇ္ဇာမိုရ်အပေါင်းတို့ သည် ယခု ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ထင်ပေါ်မပျက် စဉ်အဆက်ဖြင့် ထွက်ရပ်လမ်း ကြွမြန်းတော်မူမည့် ဝိဇ္ဇာမိုရ်ပုံ့ခဲ့ည့် အမည်ရှိကြပေ

ကုန်သော ပညာရှိကဝိတို့သည်ကား ပုပ္ပဝိဒေဟကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ် တိုင်း၌ဖြစ်သော သုတေဇာသရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ပြဒါးဝိဇ္ဇာပေါင်း ခြောက်ကျိပ်လေးယောက်တို့သည် ထင်ရှားစွာ ထွက်ရပ်လမ်းသို့ ကြွမြန်းကြလေ ကုန်ပြီ။ ။

**ဇမ္ဗူဒီပါတောင်ကျွန်း ဝိဇ္ဇာခိုရ်စာရင်း**

စတုမဟာရာဇ်ဘုံမှ ဝိရုပက္ခမည်သော နတ်မင်းကြီးသားသည် စုတေခဲ့၍ ဇမ္ဗူဒီပါ တောင်ကျွန်း၌ ဖြစ်ပြီးလျှင် အင်္ဂပူရတိုင်း ကိဠာဘူမန္တမည်သော ပုဏ္ဏားမျိုးမှဖြစ် သော ပြဒါးဝိဇ္ဇာပေါင်း၊ တစ်ရာ့ကိုးကျိပ်ငါးယောက်တို့သည် ဤဇမ္ဗူဒီပါတောင်ကျွန်း မှ ထွက်ရပ်လမ်းကြွမြန်း၍ ထွက်ကြလေကုန်ပြီ။ ၎င်းနောက် အပရဂေါယာနကျွန်း မှ စုတေခဲ့၍ ကောသလတိုင်း အမြုတေသရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဝိဇ္ဇာခိုရ်ပေါင်း လေးရာ့ကိုးကျိပ်သုံးယောက်တို့သည် ထင်ရှားစွာထွက်ရပ်လမ်းသို့ ကြွမြန်း၍ ထွက်ကြလေကုန်ပြီ။ ထို့ပြင် မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း သဒ္ဓတေရပြဟ္မဏမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာပေါင်း ခြောက်ရာ့ ကိုးကျိပ်ရှစ်ယောက်တို့သည် ထင်ရှားစွာ ထွက်ရပ်လမ်းကြွမြန်း၍ ထွက်ကြလေ ကုန်ပြီ။ ။

**ရာဇဂြိုဟ်ပြည် ဝိဇ္ဇာခိုရ်စာရင်း**

ထို့ကြောင့်ပင်လျှင် ထိုထွက်ရပ်လမ်းကြွမြန်း၍ထွက်ကြလေကုန်ပြီးသော ဝိဇ္ဇာခိုရ် ယောကျ်ား (၈၀၀၀၀) တို့တွင် (၁၄၁၀) ပိုမို၍ ပိုလွန်၍လာပြီဟု ပဝတ္တာသရီကျမ်း တို့၌ ထင်ရှားစွာပြထားကြကုန်၏။ သင်္ကရိုက်ဘာသာ၊ ဘင်္ဂလီဘာသာများဖြင့် ပြသထားလေသည်။ ရာဇဂြိုဟ်ပြည်၌ ဇောတိက၏အဘဖြစ်သော ပြဒါးဝိဇ္ဇာလည်း တစ်ရပ်၊ သုဝဏ္ဏဘူမိသထုံပြည်၌ နာဂတိဿမည်သော ရဟန်းအဘဖြစ်သော ဆေးဝိဇ္ဇာလည်းတစ်ရပ် ထွက်ရပ်လမ်း ကြွမြန်း၍ ထွက်တော်မူကြလေကုန်ပြီ။

**သုဝဏ္ဏဘူမိ ဝိဇ္ဇာခိုရ်စာရင်း**

သုဝဏ္ဏဘူမိ သထုံပြည်နယ်၌ သထုံသူပုပမာလာနှင့် ကြုတ်အတွင်းဝင်၍ပေါင်း သင်းခဲ့ဖူးသော အင်းဝိဇ္ဇာလည်းတစ်ရပ်၊ ကဝိလမိုင်းဇာတ်၌ သာဂရမင်းကြီး၏ သားတော် နန္ဒကုမာရသည် ဒိသာပါမောက္ခဆရာတော်ကြီးထံတွင် အဋ္ဌာရသ (၁၈) ရပ်သော ပညာများကို သင်ကြားတတ်မြောက်ပြီး၍ နေပြည်တော်ကို ပြန်မည့် ကိစ္စတွင် တက္ကသိုလ် ဒိသာပါမောက္ခဆရာကြီးက ဆရာကြီး၏မြေးတော် သူ ပဉ္စရူပမည်သော မင်းသမီးနှင့်ထိမ်းမြားလက်ထပ်ပေးပြီးလျှင် မင်းသမီးဝင်သာ အောင် ကြုတ်တစ်ခုလုပ်၍ ကြုတ်ထဲတွင် မင်းသမီးကိုထည့်၍ ကြုတ်ကိုဆေး

သုတ်ပြီးလျှင် မင်းသားလေးထံ အပ်နှံလိုက်၏။
ပြီးလျှင် တက္ကသိုလ်ဒိသာပါမောက္ခဆရာကြီးက မင်းသားလေးကို ဤသို့မှာကြား၏။ 'ငါ့တပည့် အသင်မင်းသား ဤကြုတ်ကို နေပြည်တော် မရောက်မချင်း လမ်းခရီးအကြားမှာ မဖွင့်လေနှင့်။ မိမိတိုင်းပြည်ရောက်မှ တစ်ခါတည်း အပြီးဖွင့်ပါလေ' ဟု မှာကြားပြီး ကြုတ်ကိုအပ်နှံလိုက်လေ၏။
မင်းသားသည် မနေမူ၍ နေပြည်တော်ရောက်အောင်ပင် မစောင့်နိုင်ဘဲ ကန္တာရဒေသ တောစပ်တစ်နေရာတွင် ကြုတ်ကိုချပြီးဖွင့်ကြည့်ရာ သိဒ္ဓိအမည်ရှိသော ဆေးဝိဇ္ဇာသည် ချောမောလှပသော မင်းသမီးကိုမြင်တွေ့သွားပြီး ကောင်းကင်ခရီးမှသက်၍ ကြုတ်တွင်းဝင်ပြီးလျှင် မင်းသမီးနှင့်ပေါင်းသင်းသော ဆေးဝိဇ္ဇာမိုရ်လည်း တစ်ရပ်။ ။

**ရတနာပူရ အင်းဝခေတ် ဝိဇ္ဇာခိုရ်စာရင်း**

ထို့ပြင် ရတနာပူရ အင်းဝမြို့သည် သတိုးမင်းဖျားလက်ထက်၊ မစုသမ်ရာဇာမည်သော ဘုန်းကြီးသည် သုဝဏ္ဏဂီရိတောင်ထိပ်၌ သရုပ်ဒြပ်ကို ဖမ်း၍စီရင်ရာ ထိုဒြပ်ဒါးသည် ဆုံးခန်းတိုင်အောင် ပေါက်ရောက်သဖြင့် ရွှေ ငွေကိုလုပ်ကိုင်၍လည်းကောင်း၊ သတိုးမင်း၏ ဆင်ဝန် ဖိုးသာဆက်၏ သား ငပေခေါင်မည်သော တပည့်ကိုလွဲအပ်ပြီးလျှင် ဓာတ်လုံးကို သိမ်းထားစေ၍ ထိုသုဝဏ္ဏဂီရိတောင်ထိပ်၌ ဥမင် (၃၀) ကို တူးစေ၍ ကြီးကျယ်သော ကုသိုလ်အလှူတော်ကြီးကို ပေးလှူပြီးလျှင် ထိုမစုသမ်ရာဇာ ဘုန်းတော်ကြီး၏ ပြဒါးဓာတ်လုံးကို ငပေခေါင် ခိုးယူ၍ ထွက်ပြေး တိမ်းရှောင်သွားသောကြောင့် မစုသမ်ရာဇာဘုန်းတော်ကြီးသည် တစ်ဖန် ယခင်နည်းအတိုင်း သရုပ်ဒြပ်ကို ကြိစည်ပြု၍ စီရင်သဖြင့် အဆုံးတိုင် အောင်မြင်ပြီးစီးဖူးသည်လည်း တစ်ရပ်။
ထိုအင်းဝခေတ်မှာပင် ကျောင်းတစ်ကျောင်း၏ဇရပ်၌ နေထိုင်သော ဒကာ၊ ဒကာမ ဇနီးမောင်နှံ နှစ်ဦးတို့သည် ထိုဘုန်းတော်ကြီးကျောင်းတိုက်မှာပင် ဥပုသ်သီလ ဆောက်တည်၍ ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ပွားများအားထုတ်လျက် ဥပုသ်ရက်ရှည် အဓိဋ္ဌာန်ဝင်၍နေ၏။

**ဇနီးမောင်နှံ ဝိဇ္ဇာခိုရ်စာရင်း**

တစ်နေ့သ၌ ခင်ပွန်းသည်ဒကာကြီးသည် မိမိရရှိထားသော စာမအင်း (၆၆) အင်းကို ပြာချ၍သောက်သည်ရှိသော် အင်းဝိဇ္ဇာဖြစ်၍ ထိုဇရပ်မှာပင် ပျောက်ကွယ်ကာ ထွက်ရပ်လမ်း ပေါက်မြောက်အောင်မြင်သွားသည်လည်း တစ်ရပ်။
ထို့နောက် (၃) နှစ်ခန့်ကြာသွားသောအခါ ထိုမိမိနေခဲ့သောဇရပ်မှာပင် ခန္ဓာကိုယ်

ရုတ်တရက်ပြန်ပေါ်လာခဲ့ပြီး မိမိဒကာမလုပ်သူအား သူကဲ့သို့ အင်းစာမများကို သောက်မျို၍ သူ့နောက်လိုက်ခဲ့ရန် မှာကြားပြီးလျှင် အင်းစာမ ချပုံချနည်းနှင့် သိဒ္ဓိတင်ပုံ၊ ဂါထာစုပ်ပုံတို့ကို အသေးစိတ်သင်ကြားပြသပြီးနောက် ထိုဇရပ်ပေါ်မှာပင် ပျောက်ကွယ်၍သွားခဲ့၏။

ထို့နောက် များမကြာမီမှာပင် ဒကာမလုပ်သူသည် ခင်ပွန်းသည် အင်းဝိဇ္ဇာဓိုရ် မှာကြားခဲ့သည့်အတိုင်း အင်းစာမများကိုချ၍ သိဒ္ဓိတင်ပြီးလျှင် ဥပုသ်သီတင်း ဆောက်တည်ကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများ၍ အင်းစာမများကို သောက်မျို တော့၏။ များမကြာမီမှာပင် ထိုဒါယိကာမကြီးသည်လည်း အင်းဝိဇ္ဇာဓိုရ်ဖြစ်၍ ခန္ဓာကိုယ်ပျောက်ကွယ်ကာ ခင်ပွန်းသည်နောက်သို့ လိုက်ပါသွားလေတော့၏။ ဤ၌လည်း အင်းအတတ်နှင့် ထွက်ရပ်ပေါက်သွားသော အင်းဝခေတ်ဇနီးမောင်နှံ အင်းဝိဇ္ဇာဓိုရ်တို့ တစ်ရပ်။

## မြင်စိုင်းမြို့ ဝိဇ္ဇာဓိုရ်စာရင်း

ထို့နောက် မြင်စိုင်းမြို့၊ ဇေယျသိခ်မင်းလက်ထက်၊ ပညာသီရိကျော်သူမည်သော အမတ်တစ်ဦးသည် မင်းမှုထမ်းများဖြစ်သည့် တောတောင်တို့ကို ကျွမ်းကျင်သွား လာနိုင်သော နောက်လိုက်နောက်ပါ ဦးရေ (၃၆) ယောက်တို့နှင့် စိတ်တူ၊ ကိုယ်တူ သဘောတူမျှကြသဖြင့် ဆေးသိုက်အညွှန်းအတိုင်း တောတောင်တို့ကို ဝင်ထွက် သွားလာကာ ဆေးအတတ်ကို ကြံစည်ဆောင်ရွက်စီရင်လျှင် ထမြောက်အောင်မြင် ခဲ့သည်ဖြစ်၍ နောင်လာနောက်သား စဉ်လာမပျက် ဆက်လက် လုပ်ကိုင် စားသောက် လှူဒါန်းနိုင်ကြစေရန် ရည်သန်လျက် ထိုမြင်စိုင်းမြို့၏ အရှေ့တောင် တာ (၅၀၀) ခန့်ရှိ နိမ္မိတကုန်း၌ စီရင်တော်မူခဲ့၏။

(နိမ္မိတကုန်းဟူသည် တခြားသောကုန်းနှင့်မတူ၊ ထိုနိမ္မိတကုန်းထက်တွင် လက်ဝဲ၊ လက်ယာ ဆေးဝိဇ္ဇာအဖြစ် စနစ်နှင့်တကွ သီလ၊ သမာဓိ၊ ညီမျှသောသူတို့ရရှိနိုင် ပါစေခြင်း အကျိုးငှာ၊ ကြေးပုရပိုက်နှင့်တကွ ရွှေတစ်ခွက်လျှင် အချိန် (၃၆) ကျပ် သား၊ ငွေတစ်ခွက်လျှင် အချိန် (၃၆) ကျပ်သားနှင့် ရွှေခွက်၊ ငွေခွက်ပေါင်း (၃၆၀၀) နှင့် ထိုနိမ္မိတကုန်းထက်တွင် မြှုပ်ထားခဲ့ပြီးမှ ကုန်းတော်ပေါ်မှာ စေတီယောင် တည်ထားခဲ့လေ၏။ ထို့နောက် ထို (၃၆) ယောက်သော ဆေးဝိဇ္ဇာတို့သည် ထို စေတီယောင်၏ အရှေ့ဘက် စမ်းအိုင်ကြီးနှစ်ခုအကြား၌ ရုပ်ပြောင်းမီးဆင်း၍ ထင်လင်းစွာ ထွက်ရပ်လမ်းကြွမြန်းကြကုန်သော ဆေးဝိဇ္ဇာများလည်း တစ်ရပ်။

## ပုဂံ၊ ကျစွာမင်းလက်ထက် ဝိဇ္ဇာဓိုရ်စာရင်း

ပုဂံမြို့၊ ကျစွာမင်းလက်ထက် အရှင်ဉာဏဝံသမည်သော ဘုန်းတော်ကြီးသည် စိန္တာမယမည်သောအင်းကို အကြိမ်ကြိမ်လိုက်၍ အင်းကစားပါများသဖြင့် ထို စိန္တာ

မယအင်းသိုက်သည် ကြီးပွားပေါက်မြောက် အပြီးပေါက်သဖြင့် ထွက်ရပ်လမ်းသို့ ရောက်ဖူးသော စိန္တာမယ၊ အင်းဝိဇ္ဇာလည်း တစ်ရပ်။

**အရိမဒ္ဒနပူရ ဝိဇ္ဇာခိုရ်စာရင်း**

အရိမဒ္ဒန နာမမည်သော ပေါက္ကံမြို့ကြီး၌ အရှင်အဇ္ဇဂေါဏမည်သော ပြဒါးဝိဇ္ဇာလည်း တစ်ရပ်။

**ဒွါရဝတီမြို့ ဝိဇ္ဇာခိုရ်စာရင်း**

ဒွါရဝတီမြို့၌ အရှင်ကဝိန္ဒသာရမည်သော ရေတိမ်ရွာသား၊ ဘုန်းတော်ကြီးတစ်ပါးသည် သလဲပြဒါးကို စီရင်ဆောင်ရွက်သည်ရှိသော် အထမြောက်အောင်မြင်သဖြင့် ထိုပြဒါးအတတ်ဖြင့် ထွက်ရပ်လမ်းကြွမြန်းဖူးသော ရေတိမ်ဆရာတော် ပြဒါးဝိဇ္ဇာလည်းတစ်ရပ်။

**အင်းဝ၊ ဗဒုံမင်းလက်ထက် ဝိဇ္ဇာခိုရ်စာရင်း**

အင်းဝမြို့၊ ဘိုးတော်ဘုရားလက်ထက်၊ သရေခေတ္တရာပြည်၊ မယားမင်ရွာသား ဆရာအောင်မည်သော ရသေ့တစ်ဦးသည် သလဲပြဒါးကို စီရင်တစ်ထောက် အပြီးပေါက်သဖြင့် ထွက်ရပ်သို့ ရောက်ဖူးသော ပြဒါးဝိဇ္ဇာလည်း တစ်ရပ်။

**အင်းဝ၊ နောင်တော်ကြီးလက်ထက် ဝိဇ္ဇာခိုရ်စာရင်း**

အင်းဝမြို့၊ နောင်တော်မင်းတရားလက်ထက်တွင် အောင်ချမ်းသာရွာဟောင်း၊ တောရကျောင်းနေ အရှင်က္ကန္ဒာစရိယမည်သော ပြဒါးဝိဇ္ဇာလည်း တစ်ရပ်။

**အမရပူရမြို့၊ နောင်တော်ကြီးလက်ထက် ဝိဇ္ဇာခိုရ်စာရင်း**

အမရပူရမြို့၊ နောင်တော်ကြီးမင်းတရား ခေတ္တစိုးစံနေခိုက် ထိုမြို့၏အရှေ့တောင်ယွန်းယွန်း တောင်သမန်ရွာ၏အနီး၊ နွားနို့စုရွာကြီး၌ အရှင်နာဂိန္ဒမည်သော ဘုန်းတော်ကြီးသည် ခတီရလောဟာသံကို စီရင်၍ အပြီးပေါက်မြောက်သဖြင့် ရွှေ ငွေတို့ကို လုပ်ကိုင်ပြီးလျှင် တောင်သမန်အင်း အနောက်ဘက်ကမ်းထိပ်တွင် နောင်လာနောက်သား သူတော်စင်တို့ ငါသို့တစ်မူ အကြံတူလျှင် သုံးစေမူအံ့ဟု မိုးကြိုးပုရပိုက်ကို ကြေးအုပ်နှင့်ထည့်၍ တည်ထားအပ်သော ရုပ်ပွားတော်ကြီး၏ အနီး စောဘုရားမင်းကြီးအောက်တွင် မိုးကြိုးပုရပိုက်၌ ထွက်ရပ်သိဒ္ဓိလမ်းမကြီးကို ပြီးဆုံးအောင် ရေးမှတ်မှာထားလျက်ပြီးမှ ထိုပုရပိုက်နှင့်ထိုက်တန်သော ပါရမီရှင်မှန်လျှင် လွယ်လင့်တကူ မတူးမဆွဘဲနှင့် ၎င်းစောဘုရားမင်းကြီး၏အောက်တွင် သုံးလတန်သည်၊ လေးလတန်သည်၊ ဉပုသ်သီလဆောက်တည်၍ ကောင်းစွာပေးလာလိမ့်မည်ဟု မှတ်ရာ၏။ ထိုပုရပိုက်ကို ရရှိပါက အရှင်နာဂိဿရမည်သော

သံဝိဇ္ဇာကြီးနှင့်အတူ နေထိုင်ရ၏။
နောင် အရိမေတ္တယျဘုရားပွင့်ပါမှ တစ်ဆင့်တစ်ဖန် အသင့်ဖူးတွေ့ပူဇော်ရလတ္တံ့သော သဗ္ဗညုတမြတ်စွာဘုရား ဝါတော်ကပ်၍ ရပ်တော်မူလိမ့်မည်ကို သံဝရမာလာမည်သော သံဝိဇ္ဇာကြီးသည် သိမြင်သည်ဖြစ်၍ ကောင်းစွာလျှအုံ့သောငှာ အလျားအတောင် (၂၅၀)၊ အနံအတောင် (၂၀၀)၊ အထု (၄၀) ရှိသည့် သေလုဝါရမည်သော သဲကျောက်ဖျာကြီးကို ဂန္ဓမာဒနတောင်မှ ဆောင်ယူလာခဲ့၍ ၎င်းသံသုမာဂီရိသောတောင်ထိပ်ဝယ် ကျောင်းအလို့ငှာ ခင်းလျှထားအပ်သည်ဟု လောကီပဝတ္တသာသရီကျမ်းများ၌ လာရှိသော ထိုကျောက်ဖျာကြီး၏ ဒါယကာ မဟာသံဝရမာလာမည်သော သံဝိဇ္ဇာကြီးလည်း တစ်ရပ်။
ထို့ပြင် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းနှင့် သာသနာပကာလသမယများတွင် အနောက်မဇ္ဈိမဒေသ၌ မသွေပထမအခြေရသဖြင့် ရှေးကတစ်ဆင့် အသင့်ဖြစ်ကြရဖူးသော ထူးလှသော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့ကလည်း ထောင်သောင်းမက များပြားလှပေသေး၏။

**မာဂဓတိုင်း ဝိဇ္ဇာမိုရ်စာရင်း**

မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဗိမ္ဗိသာရမင်းလက်ထက်၊ နှစ်ရာ့ခြောက်ကျိပ်သော စိန္တာမယဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် အာယုသမိုင်း၊ ဓာတုသမိုင်း၊ ဖြဟ္မန္တရသမိုင်းအစရှိသော ကိုးချက်သော စမ္မာနဝအဆင်၊ ရထားမြင်းသိုက်၊ အင်းသိုက်တို့ကို အရင်းအဖျားလိုက်၍မှို့ မီးကိုးတိုင် ယမိုက်ပြီးလျှင် ကြိုက်ရာကိုအားထုတ်၊ အဋ္ဌမုတ်ကို ပြောင်းပြန်ရုပ်ပြောင်းဟန်ဖြင့် တစ်ဖန်မပျက်၊ အမှန်ဆက်၍ ထွက်ရပ်လမ်း၊ ကြွမြန်းဖူးကြကုန်သော စိန္တာမယ၊ ဖြဟ္မဏအမည်ရှိသော အင်းဝိဇ္ဇာလည်း တစ်ရပ်။
ထိုရှစ်သောင်းသော ရသေ့တို့တွင် (၇၇၃၀) သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ကောင်းမွန်လှစွာသော ရှေးဘဝအဆက်ဆက် ပြုခဲ့ဖူးသော ပါရမီအဟုန်ဖြင့် အထုံအဆက် လွန်စုံမက်၍ မပျက်ထိုးခဲ့ကြသော တစ်လုံးထွက်ကိစ္စနှင့် စိတ်ချ၍ ထွက်ရပ်ပေါက်ဖူးကြလေပြီ။ သို့သော်လည်း တေဝိဇ္ဇာခေတ် အခါသမယမှာယခုတွက်ရ . . . (၇၂၂၇၀) ရှိလေပြီ . . . ။ (ကျမ်းကိုး။ ဝေပုလ္လာရာမဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဝိဇ္ဇာစကားဝိုင်းနှင့်ဝိဇ္ဇာရှင်းတမ်း-ခေါ် -ဝိဇ္ဇာရေပကာသနီကျမ်း၊ စာ-၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇)

# အခန်း (၂)

# သုဝဏ္ဏဘူမိခေတ်ဝိဇ္ဇာဓိုရ်များ

သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာကို လေ့လာရာတွင် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက တစ်ကျော့ပြန် ဖော်ထုတ်ပါသည်။ ဆရာတော်ကြီး သည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဖြင့် အပူဇော်ခံ ဆရာ တော်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ကြီး၏ အမိန့်တော်အရ ဘုရားရှင် (၈) ဝါ မြောက်ကာလတွင် သုဝဏ္ဏဘူမိသို့ ကြွတော်မူကြောင်း အသေအချာသိခွင့်ရခဲ့ပါ သည်။ တတိယသင်္ဂါယနာတင်ခေတ်ကလည်း သာသနာတော်သက္ကရာဇ် (၂၃၅) ခုနှစ်တွင် ကေလာသတောင်ခြေတစ်ဝက်၊ မြေပြန့်တစ်ဝက် တည်ရှိခဲ့သော သုဝဏ္ဏဘူမိ နေပြည်တော်ကြီးတွင် စူဠသီရိမာသောကမင်းကြီး စိုးစံတော်မူခဲ့ ကြောင်း အသေ အချာ ပညာမျက်စိဖြင့် သိရှိခဲ့ရပါသည်။ ထို့ကြောင့်ပင်လျှင် သုဝဏ္ဏဘူမိ ဝိဇ္ဇာဓိုရ် အကြောင်း တင်ဆက်နိုင်ခြင်း ဖြစ်ပါသည်။

သုဓမ္မာပူရ သုဝဏ္ဏဘူမိအမည်ရှိသော သထုံပြည်ကြီး၏ ရာဇသက္ကမင်းလက်ထက် မိဖုရားကြီးဘဒ္ဒကလျာဒေဝီမှ အဥ္စနသက္ကရာဇ်ဖြိုကြွင်း ၂-ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့တွင် ဝိသာခါနက္ခတ် (၂၅) လုံးနှင့်ယှဉ်ပြီး နေထွက်တစ်ချက်တီး နေထွက် လဝင်အချိန်တွင် သိရိယစန္ဒာမင်းကြီးကို ဖွားမြင်တော်မူသည်ဟု ဆိုသည်။ (ဤ အဆို ခုနှစ်သက္ကရာဇ်ကို မြန်မာ့စွယ်စုံကျမ်း ဆရာလယ်တီဦးလှတင်တို့က သဘော တူညီကြပြီး ဦးသိန်းမောင် (သမိုင်းသစ်) ကမူ အဥ္စနမြို့ သက္ကရာဇ်တို တစ်ခုကျော်၊ မဟာသက္ကရာဇ် (၃) ခုနှစ်ဟု ဖော်ပြသည်။)

တိဿရာဇာ ဟူသော မင်းကြီးသည် သီရိကပ္ပာဒေဝီ ဟူသော မိဖုရားကြီးနှင့်အတူ သုဝဏ္ဏဘူမိ သထုံပြည်၌ ဘုရားမပွင့်မီ နှစ်ပေါင်းငါးဆယ်လောက်ကတည်းက သုဘိန္ဒနဂရဟူ၍ သထုံကို မြို့အမည်တပ်ပြီး ထီးနန်းစိုးစံခဲ့သည်ဟူ၏။

**ပျောက်ဆုံးနေသော ဝိဇ္ဇာဓိုရ်**

ထိုမင်းကြီး၌ ဝိဇယကုမာရမည်သော သားအရင်းတစ်ဦးရှိပြီး ထိုသားမှာ ဝိဇ္ဇာ တစ်ဦးနှင့်တွေ့ပြီး ဝိဇ္ဇာပညာသင်ရင်း ဝိဇ္ဇာနောက်ပါပြီး ပျောက်ဆုံးသည်ဖြစ်၍ မင်းကြီးညီတော်၏သားများဖြစ်သော (တူ) တိဿကုမာရနှင့် သီဟကုမာရ ညီနောင်နှစ်ဦးကို ကိတ္တိမသားများအဖြစ် မွေးစားသည်။ (နောင်တော်မှာ အဖ

အမည်ကိုယူ၍ တိဿကုမာရ၊ ညီတော်မှာ ခြေဖဝါးတွင် ခြင်္သေ့လက္ခဏာ ပါ၍ သီဟကုမာရ ဟူလို။)

အဆိုပါ ညီနောင်နှစ်ပါးတို့သည် အသက် (၂၀) ကျော်အရွယ်သို့ ရောက်သည်ရှိသော် မွေးစားဖခင်၏ ထီးနန်းရိပ်တွင် မနေလိုတော့ဘဲ ခမည်းတော်ထံ ခွင့်ပန်၍ ဂ္ဃဂီရိတောင်ခြေ (ဇင်းကျိုက်တောင်) ၌ ရသေ့ပြုကာ သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်၍နေကြလေသည်။

ထိုသို့ ဂစ္ဆဂီရိတောင်ခြေ၌ ရသေ့ပြုနေစဉ် တောင်ခြေနှင့် မလှမ်းမကမ်းတွင်ရှိသော ကျွန်းတစ်ကျွန်းမှ နဂါးမတစ်ဦးသည် ထိုတောင်ခြေတစ်ဝိုက်လာရောက်လည်ပတ်လေ့ရှိသည်။ ထို့အတူ အနီးအနားရှိ ဝိဇ္ဇာများသည်လည်း ထိုတောင်ခြေတစ်ဝိုက်လှည့်ပတ်ကြသည် ဆို၏။

ထိုသို့ ဝိဇ္ဇာများနှင့်နဂါးမတို့ ဂစ္ဆဂီရိတောင်ခြေ၌ သွားလာလည်ပတ်ရင်း ဝိဇ္ဇာတစ်ဦးနှင့် နဂါးမတွေ့ကြပြီး နဂါးမတွင် သန္ဓေစွဲကပ်လေတော့သည်။ တိဿရာဇမင်း၏သားနှင့် နဂါးမယ်တို့ တွေ့ကြပြီး နောင်တစ်ချိန်တွင် ဘုန်းတန်ခိုးထက်မြက်မည့် သူရိယစန္ဒာနှင့် ဂဝံပတိသာမဏေလောင်း မင်းသားနှစ်ပါးကို မွေးဖွားလေသည်။

**ပျောက်ဆုံးနေသော ဝိဇ္ဇာခိုရ်  ဝိဇယကုမာရ**

ထိုသို့ နဂါးမနှင့် သင့်သူကား အခြားမဟုတ်။ တိဿမင်းကြီး၏သားတော်အရင်း ဝိဇ္ဇာပညာသင်ပြီး ပျောက်ဆုံးနေသူ ဝိဇယကုမာရဖြစ်သတည်း။

နဂါးမတွင် ကိုယ်ဝန်အရင့်အမာဖြစ်လာပြီးနောက် သားနှစ်ယောက်မွေးသည်။ နဂါးမလည်း သားနှစ်ယောက်ကို တိဿကုမာရရသေ့နှင့် သီဟကုမာရ ညီနောင်နှစ်ပါးထံ အပ်နှံကာ မိမိအရပ်သို့ ပြန်သောဟူ၏။ ရသေ့ညီနောင်နှစ်ပါးတို့လည်း နဂါးမမှပေါက်သော သူငယ်များကို ကျွေးမွေးပြုစုထားကြသည်ဟူ၏။ ထိုသူငယ်များ (၉) နှစ်၊ (၁၀) နှစ်သားအရွယ်ရောက်လျှင် ဗန္ဓဝဂီရိတောင် (ဖွဲကပင်) ၌နေသည့် ရသေ့ငယ် (သီဟကုမာရ) ပြုစုစောင့်ရှောက်သောသူငယ်သည် ကျောက်ရောဂါဖြင့် သေဆုံးပြီး မဇ္ဈိမဒေသ၊ မိထိလာပြည်ရှိ မိန်းမငယ်တစ်ဦး၏ဝမ်း၌ သန္ဓေစွဲယူ မွေးဖွားပြန်သည်။ ထိုသူငယ်ကား နောင်ဂဝံပတိဖြစ်လာမည့် သူငယ်တည်း။

သို့နှင့် သက္ကရာဇ် (၁၁၀) တွင် သုဘိန္ဒနာဂရမြို့ကြီး၌ ရသေ့များ၏ ကိတ္တိမသား (နဂါးမဖွား) သည် သိကြားနှင့်ရသေ့ အစီအစဉ်ဖြင့် သုဘိန္ဒနာဂရမြို့ကို သုဓမ္မ

JJ



ဝတီဟုလည်းကောင်း မင်း၏အမည်ကို ရသေ့နှစ်ပါးနှင့် တိဿမင်းကြီးတို့၏ သုံးဦးအမည်ပါဝင်လေအောင် တိဿဓမ္မသီဟရာဇာဟုလည်းကောင်း ဘွဲ့တံဆိပ်များ ခပ်နှိပ်ကာ သုဓမ္မဝတီ သုဝဏ္ဏဘူမိသထုံပြည်ကြီးကို ထီးနန်းအုပ်ချုပ်မင်းလုပ်၍ စံနေလေတော့သည်။

'တိဿဓမ္မသီဟရာဇာ' ဘွဲ့နာမတော်မှာကား ထီးနန်းစည်းစိမ်ကိုရ၍ မင်းဖြစ်သောအခါမှ သိကြားမင်းပေးသော ဘွဲ့နာမဖြစ်သတည်း။ ထိုမင်း၏ငယ်နာမည်ကား 'ဝိဇ္ဇာနာဂရကုမာရ'၊ မဟာသက္ကရာဇ် (၈၉) နှစ်၊ တပေါင်းလပြည့် စနေနေ့၊ ဝိသာခါနက္ခတ် (၂၅) လုံးယှဉ် နေထွက်လဝင်ချိန် မွေးဖွားသောကြောင့် သူရိယစန္ဒာဟူ၏။

ထို့ကြောင့် ရာဇဝင်သမိုင်းစာဟောင်းအမျိုးမျိုးတို့တွင် -
(၁) သူရိယစန္ဒမင်းကြီး (၂) ဒွိတဘောင်မင်းကြီး (၃) ဝိဇ္ဇာနဂမင်း (၄) တိဿဓမ္မသီဟရာဇာမင်း၊ (၅) သီဟရာဇာမင်း (အတိုကောက်) ဟု အမျိုးမျိုးရှိကြောင်း၊ သို့ရာတွင် နာမည်ပြားသော်လည်း မင်း၏ဒြပ်မခြား တစ်ပါးတည်းသာလျှင်တည်းဟု မြန်မာပညာရှိ ဦးပညာက သူ၏သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီးတွင် ရှင်းလင်းရေးသားထားကြောင်း လေ့လာရမိ၏။ (ကျမ်းကိုး။ သုဝဏ္ဏဘူမိ ရွှေစာရံစေတီတော်သမိုင်းကျမ်း၊ ဦးအောင်မြင့်အောင် ပြုစုသည်။ ပထမအကြိမ်၊ စာအုပ်စာတမ်းကြိုတင်ခွင့်ပြုချက်အမှတ် ၁၆၇၊ စာ-၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉)




နှစ်ပေါင်း (၂၆၀၀) ကျော်က ဝိဇ္ဇာခိုရ် ရှင်ရသေ့တစ်ပါး ဝတ်ပြုနေပုံ။
(ယခုအခါ မြေအောက်မှ တူးဖော်ပြီး ထမလုံဘုရားအနီးတွင် တည်ထားသည်။
ဂဝံကျောက်လုံး ဖြစ်သည်။)



ကျိုက်ခေါက်ဘုရားဒါယကာ ရသေ့ဝိဇ္ဇာ ဘိုးခေါက် (ခေါ်) ခေါလကရသေ့

# အခန်း (၃)
# ပါဒနိုင်ငံတော် ဝိဇ္ဇာဓိုရ်ရသေ့များ

ဗုဒ္ဓခေတ် မတိုင်မီကပင်လျှင် ယခု ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်တစ်ဝိုက်တွင် ပါဒနိုင်ငံတော်ဟူ၍ အထင်ကရပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုအချက်ကို သုတေသနပြု၍ ပညာရှင် ပြည်တော်သာဦးထွန်းရီဆိုသူက ဖော်ထုတ်ခဲ့ဖူးပါသည်။ ထိုစာအရသော်လည်းကောင်း ထိုင်းနိုင်ငံ ပညာရှင်များ ပြုစုထားသော ရှေးဟောင်း မွန်ဘာသာစာများအရသော်လည်းကောင်း၊ ဗုဒ္ဓခေတ်ပြိုင် ပါဒနိုင်ငံတော်ကြီးတွင် ရသေ့ဝိဇ္ဇာဓိုရ်ကြီးများ ပေါ်ပေါက်ခဲ့ဖူးကြောင်း အခိုင်အမာသိရှိရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ပျောက်ဆုံးနေခဲ့သော ပါဒနိုင်ငံတော်ကြီး ဟူသော စာအုပ်ကြီးတွင် အသေအချာဖတ်ရှုနိုင်ပါသည်။ ယခုကား ဗုဒ္ဓခေတ် ခေတ်ပြိုင်ပါဒနိုင်ငံတော်ရှိ ဝိဇ္ဇာဓိုရ်များအကြောင်းကိုသာ ဖော်ပြမည်ဖြစ်ပါ၍ သမိုင်းကြောင်းကို မဖော်ပြနိုင်တော့ပါ။ လိုရင်းကိုသာ ဖော်ပြပါတော့မည်။ အကျယ်သိလိုသူတို့သည် အောက်မြန်မာနိုင်ငံတော်တွင် နှစ်ပေါင်း (၂၆၀၀) ကျော် တိမ်မြုပ်ပျောက်ဆုံးနေခဲ့သော ဘုရင့် နေပြည်တော်ဟောင်းကြီးတစ်ခုကို ရန်ကုန်မြို့အနီး၌တွေ့ရှိရ၍ ပါဠိ-အဋ္ဌကထာ-ဋီကာ၊ ရာဇဝင်-မဟာဝင်-သမိုင်း သံပိုင်းကျောက်စာမှတ်တမ်းပေါင်း မြောက်မြားစွာတို့ဖြင့် တိုက်ဆိုင်ညှိနှိုင်းကာ ပါဒမြို့ဇာတိ ပြည်တော်သာဦးထွန်းရီ ရှာဖွေဖော်ထုတ် ပြုစုရေးသားအပ်သော ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားတော်များသမိုင်း၊ စတုတ္ထအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၈၆ ခု၊ စာ-၃၁၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၃၊ ၄၅၊ ၅၆၊ ၅၇၊ ၅၈ ကို ဖတ်ရှုတော်မူကြပါ။

**ရသေ့တို့၏ သမထခေတ်**

ပဲခူးရိုးမမှဖြာ၍ထွက်လာသော ဧရာဝတီမြစ်ဝရှိ တောင်နှာမောင်း တောင်တန်းကြီးတစ်ခုဖြစ်ရကား တောတောင်မှာ အလွန်ထူထပ်ကာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပေါက်ရောက်နေသော သစ်တောကြီးများတည်ရှိသည့် တောတန်းကွင်းပြင်ကြီးဖြစ်လေသည်။ ထိုတောအုပ်ကြီး၌ အဂ္ဂိရတ်မီးအကျင့်ကို ကျင့်လျက်သစ်ခေါက်၊ သစ်ခွံတို့ကို ဝတ်ဆင်ကာ သစ်သီး၊ သစ်ဥတို့ကိုစား၍ သမထအားထုတ်နေကြသော ရသေ့ကြီး (၇၁) ဦးနှင့် တပည့်ရသေ့ငယ်ပေါင်း (၁၀၀၀) တို့ နေထိုင်ကြကြောင်းကို ရာမညဓာတ်တော်သမိုင်းပေါင်းချုပ်တွင် ဆိုလေသည်။

ယခု ပါဒကြီးရွာကြီး၏ အနောက်ဘက်၊ ရှေးက လွှတ်တော်ကုန်း၊ နောက်သိမ်ကုန်း၊ ယခု ဝေနေယျသုခကျောင်းကုန်း (ခေါ်) သန်လျင်နှင့် ကျောက်တန်းသွားသော ကားလမ်းကိုခွလျက် ပါဒကြီးရွာဘက် ခပ်များများ ကျုံးဖြင့် ဝန်းရံလျက်ရှိသော နေရာကိုဗဟိုပြုလျက် မြောက်တစ်ယူဇနာ (ယခု သန်လျင်မြို့ခေါ် တညင်မြို့၊ ယခင်က အထရုံမြို့) အထိ လည်းကောင်း၊ တောင်သို့ တစ်တိုင်ခန့် (ယခု ကျောက်တန်းမြို့ -ခေါ်- ယခင်က ဂွမ်းမြို့) အထိ လည်းကောင်း၊ အရှေ့သို့ တစ်ယူဇနာခန့် (ယခု သုံးခွမြို့ခေါ် ယခင်က ဒုံသတိုင်မြို့) အထိ လည်းကောင်း၊ အနောက်သို့ ယူဇနာတစ်ဝက်ခန့် (ယခု သီလဝါခေါ် ဒုံဇိပ်ပြဲမြို့) အထိ လည်းကောင်း ပိုင်းခြားသတ်မှတ်တော်မူလျက် မြို့တော်နေရာပြုလုပ်လေသည်။

ရှင်ရသေ့ကြီး (၇၁) ဦးတို့နေရန် (၇၁) ခုသော ကျောက်ဂူလိုဏ်တို့ကိုလည်းကောင်း၊ ရသေ့ငယ် (၁၀၀၀) တို့နေရန် သင်္ခမ်းကျောင်းပေါင်း (၁၀၀၀) တို့ကိုလည်းကောင်း ပြုလုပ်စီမံလေ၏။

ထို့နောက် ကရဏ္ဍကရှင်ရသေ့နှင့်ကဝိစိန္တာအမတ်ကြီးတို့ အစီအမံဖြင့် မြေကျောက်မြို့ရိုးအမြင့် (၁၈) တောင်၊ တံခါးမကြီး (၉၀)၊ တံခါးငယ် (၁၆၀)၊ ပစ္စင် (၉) ခု၊ မုခ် (၂၀) တို့နှင့်တကွ ပြတိုက်၊ လွှတ်ရုံးမကျန်၊ နန်းတော်အင်္ဂါ အဖြာဖြာတို့နှင့် ပြည့်စုံရန် စီမံပြုလုပ်တော်မူကာ နှမတော်စောနန်းကို (လိပ်မွှတ်စောနန်း) အမည်ဖြင့် မိဖုရားခေါင်ကြီးမြှောက်၍ မဟာသက္ကရာဇ် (၉၈) ခု၊ သီတင်းကျွတ်လဆန်း (၈) ရက်၊ စနေနေ့တွင် (ဘောဂသေန တိဿ သီဟဒီပ ဓမ္မရာဇာ) ဘွဲ့တံဆိပ်တော်ဖြင့် ပါဒနန်းကို သိမ်းမြန်းစိုးစံတော်မူလေသည်။ ပါဒနိုင်ငံတော်ဟု သမုတ်တော်မူလေသည်။ ပါဒနိုင်ငံတော်၌ အတွင်းမြို့ပေါင်း (၃၈) မြို့၊ အပြင်မြို့ပေါင်း (၇၅) မြို့၊ နယ်ကြီး (၄) နယ်တို့ဖြင့် သတ်မှတ်ကာ မွန်၊ ကရင်၊ ဓနု၊ နီကရိတို့စသော လူပေါင်း (၃၂၆၀၉၀) ကျော်တို့ကို နေထားတကျ စီမံပေးထားကြောင်းဖြင့် နခွန်ပထုံရာဇဝင်သစ်၌ ဖော်ပြထားလေသည်။

ထိုစဉ်က ယောဂီဟိန္ဒုရသေ့တို့၏ ဘာသာရေးအဆောက်အအုံများ ကျောက်ဂူများမှာ အချို့နေရာများ၌ ယခုတိုင် မြေအောက်မှတူးဖော်တွေ့ရှိရကြောင်းဖြင့် လည်းကောင်း၊ မီးပူဇော်သောရသေ့တို့၏ အဂ္ဂိရတ်လုံကွဲကြီးများကို မကြာမီက ရေတွင်းတူးသူများ (၁၂) တောင်ခန့် မြေအောက်မှရရှိကြောင်းဖြင့် သိရှိရပေသည်။

**သာသနာတော် စတင်ရောက်ရှိလာခြင်း**

ထိုအချိန်၌ အသိတဥ္စန မည်သော ဒဂုံမြို့တွင် ဥက္ကလာပမည်သော မွန်မင်းနန်းစံ

၍ ယခင်ခေါ် ကော့သွန်၊ ယခုအခါ ပုသိမ်တွင် သီဟနန္ဒမည်သော မွန်မင်း နန်းစံလျက်ရှိလေသည်။ ထို့ကြောင့် ပုသိမ်-မွန်ကို မွန်စဟူ၍ လည်းကောင်း၊ ဒဂုံ-မွန်ကို မွန်ည ဟူ၍လည်းကောင်း၊ သထုံ-မွန်ကို မွန်တိ ဟူ၍လည်းကောင်း ခေါ်လေသည်။ ထိုအချိန်ကပင် သထုံ-မွန်တိ၊ ဒဂုံ-မွန်ည၊ ပုသိမ်-မွန်စ ဟူ၍ မွန်တိုင်းပြည် သုံးပြည်ထောင် တည်ရှိလေသည်။

၅၈၉ဘီစီ သထုံဆက် မွန်တို့အနွယ်ဖြစ်သော ဘောဂသေနတိဿမထေရ်ကြီး ပါဒနိုင်ငံတွင် နန်းစံ (၃) နှစ်မြောက် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်တွင် မဇ္ဈိမဒေသ၊ မဟာဗောဓိ၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ဥက္ကလာပဇနပုဒ် (အသိတဥ္စန-ဒဂုံမြို့သား တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့၊ အိန္ဒိယပြည်သို့ ကုန်ရောင်းသွားစဉ် ဘုရားရှင်နှင့်တွေ့၍ ဆံတော် (၂) ဆူရရှိခဲ့ရာ ဥက္ကလာပမင်းနှင့်တကွ ဘောဂသေနမင်း၊ သီဟနန္ဒမင်း တို့ သိင်္ဂုတ္တရကုန်းတွင် ဆံတော်ဌာပနာ၍ စေတီတည်ထားကိုးကွယ်ကြသည်။ ဤကစ၍ မြန်မာနိုင်ငံတော်၏ အောက်ပိုင်းသို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိခဲ့ခြင်းဖြစ်လေသည်။

**ပါဒမင်းတရားကြီး ရဟန်းပြုတော်မူခြင်း**

၅၈၆ဘီစီ လောကသုံးပါးတွင် နိဗ္ဗာန်ကို ပို့ဆောင်တော်မူတတ်သော သဗ္ဗညုရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူပြီဖြစ်ကြောင်း သိရှိတော်မူသော ပါဒဘုရင် ဘောဂသေနမင်းတရားကြီးသည် 'ငါကား ဤလောကီစည်းစိမ်တို့ကို ခံစားနေခြင်းဖြင့် သံသရာအကျိုး အဘယ်ရှိအံ့နည်းဟု တွေးတောကာ နန်းစံ(၈) နှစ်မြောက်ဖြစ်သော ကာလ မဟာသက္ကရာဇ် (၁၀၆) ခုနှစ်တွင် ရွှေနန်းစည်းစိမ်ကို ညီတော် နရသေနအား လွှဲအပ်ခဲ့ပြီးသော် ရဟန်းအသွင် ဝတ်ဆင်လျက် ဆွယ်ဝန်းကုန်းတောတန်း၌ ကမ္မဋ္ဌာန်းဝင်တော်မူလေသည်။ ထို့နောက် သမထ ကမ္မဋ္ဌာန်းကို မနားမနေ ကြိုးစားရာ လောကီအဘိညာဉ်ပေါက်၍ ဈာန်တည်းဟူသော ချမ်းသာသို့ ဆိုက်ရောက်ကာ (၇၁) ဦးသော ရဟန်းခေါင်းဆောင်တို့နှင့် တပည့်ရဟန်းငယ် (၁၀၀၀) တို့၏ အကြီးအမှူးအဖြစ် တင်မြှောက်ခြင်းခံရလေသည်။

၅၈၁ဘီစီ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်၍ (၈) ဝါမြောက် မဟာသက္ကရာဇ် (၁၁၁) ခုနှစ်၊ ဂဝမ္ပတိမထေရ် ပင့်လျှောက်ချက်-

ဘုရားရှင် သထုံပြည်သို့ ကြွတော်မူလာကြောင်း ကြားသိရသော ပါဒဘုရင်ဟောင်း တိဿရှင်ရဟန်းနှင့် ရဟန်းကြီး (၇၁) ဦးအပြင် တပည့်ရဟန်း (၁၀၀၀) တို့သည်

ကောင်းကင်ခရီးဖြင့် သထုံပြည်သို့သွား၍ ဘုရားရှင်အား ဖူးတွေ့ကြလေသည်။ ထို့နောက် ပါဒဘုရင် နရသေနမင်းကြီးသည် တိဿရှင်ရသေ့၊ ကရဏ္ဍက ရှင်ရသေ့ တို့နှင့် တိုင်ပင်ကာ ဆံတော်ဓာတ်မြတ် (၇၁) ဆူတို့အား မြို့တော်ပတ်ဝန်းကျင် အရပ်တို့၌ (၇၁) ဆူစီသော ဌာပနာတိုက်တို့ကို ပြုလုပ်ကိုးကွယ်ကြလေ၏။ ထို အချိန်က ဆံတော်ဓာတ်များကို စေတီတည်၍ ဌာပနာခြင်း မပြုလုပ်ကြသေးချေ။

နတ်လမ်းကြီးမှာ အနံ ၂၈-တောင်၊ အလျား ၁၃၅-တောင်ရှည်၍ ဘုရင်တို့သာ ပြုလုပ်နိုင်သော ဂဝံကျောက်အုတ်ကြီးများဖြင့် ခိုင်ခံ့စွာပြုလုပ်ထားလေသည်။

**ဝိဇ္ဇာခိုရ်များ မပြတ်လာရောက်ပူဇော်ကြခြင်း**

ကျိုက်ပါဒသံလဲ၊ ကျိုက်ကမော့သံလဲ၊ ကျိုက်မှာထယ်ရဟန်း (၂) ဆူ၊ ပေါင်း (၄) ဆူသော စေတီတော်ကြီးတို့ကား -ပါဒမင်း (၅) ဆက်မြောက်၊ ရာဇာစောနောင် မင်း ပထမဆုံးတည်ဆောက်ကိုးကွယ်သော ဆံတော်ဓာတ်၊ သွားတော်ဓာတ်များ ဌာပနာသည့် တန်ခိုးကြီးစေတီများဖြစ်လေသည်။

ထိုစေတီတော်ကြီး (၄) ဆူသို့ ဒေါနတောင်တန်းနေ ဝိဇ္ဇာနန္ဒ ဝိဇ္ဇာခိုရ်ရှင်ရသေ့ ခေါင်းဆောင်သော ဝိဇ္ဇာခိုရ်ပေါင်း (၅၀၀)၊ သုဒဿနတောင်နေ တိဿဓမ္မဝိဇ္ဇာ ခိုရ် ရှင်ရသေ့ခေါင်းဆောင်သော ဝိဇ္ဇာခိုရ်ပေါင်း (၅၀၀)၊ ဒေါကလွန်တောင်နေ ဗုဒ္ဓဉာဏ ဝိဇ္ဇာခိုရ်ရှင်ရသေ့ခေါင်းဆောင်သော ဝိဇ္ဇာခိုရ်ပေါင်း (၅၀၀)၊ စုစုပေါင်း ဝိဇ္ဇာခိုရ် ရှင်ရသေ့ပေါင်း (၁၅၀၀) တို့သည် နေ့စဉ်နံနက် အရုဏ်တက်အချိန် တိုင်း လာရောက်ဖူးမြော်ကြလေ၏။ သစ်သီးဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ရင်ပြင်တော်ကို တံမြက်လှည်းပြီးမှ ပြန်ကြလေသည်။ ထို့ကြောင့် ထိုစေတီတော် (၄) ဆူကို ယခုတိုင် (ဝိဇ္ဇာခိုရ်စောင့်သောစေတီတော်ကြီးများ) ဟု အသိအမှတ် ပြုကြလေသည်။ အချို့လူများ ထိုစေတီတော်အနီး၌ မကြာမကြာ ဝိဇ္ဇာခိုရ်ထွက် ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် တွေ့ရသည်ဟု သိရသည်။


**ဝိဇ္ဇာခိုရ်မင်းကြီး နတ်ရွာစံခြင်း**

မင်းကြီးလည်း သာသနာတော်၌ လွန်စွာကြည်ညိုလေရာ ထိုဆံတော်ဓာတ်မြတ် ကိန်းဝပ်တော်မူရာ စေတီတော်ကြီး (၄) ဆူ ခြေရင်း၌ပင် တစ်လလျှင် (၇) ရက်ကျစီ မပြတ်ဥပုသ်သီတင်းတည်၍ ကမ္မဋ္ဌာန်းဘာဝနာကိုသာ စီးဖြန်းတော်မူလေသည်။ ထိုတိုင်းပြည်ကိုကား (၂) ရက်မျှသာ စီမံအုပ်ချုပ်တော်မူနိုင်လျက် ကြွင်းရက်များ တွင် သုခမုခနန်းစောရှင်ဘွဲ့ခံ (ဗြာဂျဲဖရာ့စော) မင်းသားအားသာလျှင် အပ်နှင်း ထားလေသည်။

၅၀၉ဘီစီ မင်းကြီးလည်း မကြာ မကြာ ဝိဇ္ဇာဓိုရ်များနှင့်တွေ့၍ တရားစကားဆွေးနွေးသည်ကို မင်းကြီးစိတ်တော်ဖောက်ပြန်သည်ဟု အမတ်ကြီးများက အထင်မှားကာ အကျဉ်းချုပ်နှင့် ထားရာ၊ (၁၅) ရက်လုံးလုံး ပွဲတော်မတည်ဘဲ ဥပုသ်သုံးသဖြင့် လေနာနှိပ်စက်ရကား သာသနာတော်သက္ကရာဇ် (၃၅) ခု၊ ဘီစီ (၅၀၉)၊ အိမ်နိမ့် (၂၀)၊ နန်းစံ (၃၂)၊ သက်တော် (၅၂) တွင် နတ်ပြည်စံတော်မူလေသည်။

နတ်ရွာစံသော် အလောင်းတော်ကို ကျိုက်ပါဒသံလံ (ကျိုက်ပါဒဆန်လွန်) ပါဒကြီးဆံတော်ရှင်စေတီတော်တောင်ဘက်၌ အုတ်ဂူဖြင့်ဌာပနာ၍ အပေါ်မှ (၁၅) တောင်ရှိသော စေတီတော်တစ်ဆူ တည်ထားလေ၏။ ၎င်းစေတီကို (ကျိုက်စောနောင်ဘုရား) ဟု ကမ္ပည်းထိုးလေသည်။

(ကျမ်းကိုး။ အောက်မြန်မာနိုင်ငံတော်တွင် နှစ်ပေါင်း ၂၆၀၀ ကျော် တိမ်မြုပ်ပျောက်ဆုံးနေခဲ့သော ဘုရင့်နေပြည်တော်ဟောင်းကြီးတစ်ခုကို ရန်ကုန်မြို့အနီး၌တွေ့ရှိရ၍ ပါဠိ-အဋ္ဌကထာ-ဋီကာ၊ ရာဇဝင်-မဟာဝင်-သမိုင်း သံပိုင်း ကျောက်စာမှတ်တမ်းပေါင်း မြောက်မြားစွာတို့ဖြင့် တိုက်ဆိုင်ညှိနှိုင်းကာ ပါဒမြို့ဇာတိ ပြည်တော်သာဦးထွန်းရီ ရှာဖွေဖော်ထုတ် ပြုစုရေးသားအပ်သော ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားတော်များသမိုင်း၊ စတုတ္ထအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၈၆ ခု၊ စာ- ၃၁၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၃၊ ၄၅၊ ၅၆၊ ၅၇၊ ၅၈) အထက်ပါ အချက်အလက်များကို ကျောက်တန်းမြို့၊ ကဝိဇဆရာကြီးဦးကျော်နှင့် သကျသီဟ ဓမ္မာစရိယ ဆရာကြီးဦးကျော်တို့က တည်းဖြတ်ပြင်ဆင်ပေးခဲ့ပါသည်။



သရေခေတ္တရာ မြို့ဟောင်းပုံ။

# အခန်း (၄)

# သရေခေတ္တရာခေတ် ဝိဇ္ဇာဓိုရ်များ

သရဘူ ကိုးကျမ်းတွဲ၏ မူရင်းပိုင်ရှင်ဖြစ်သော ဦးဥတ္တမသီရိအကြောင်း ပြန်လည်တင်ပြစရာ အကြောင်း ဖြစ်ပေါ်လာပါသည်။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူး များစာအုပ်တွင်ကား အနည်းငယ်မျှ ဖော်ပြထားကြောင်း လေ့လာဖတ်ရှုကျေးဇူးတင်မိပါသည်။ ဆရာကြီး မွှောစရိယဦးဌေးလှိုင်၏ မှတ်စုကို တင်ပြပါမည်။ အကျယ်သိလိုသူတို့သည် ဓမ္မာစရိယဦးဌေးလှိုင်၊ ရဟန္တာနှင့်ရဟန်းထူးများ၊ နဝမအကြိမ်၊ စာ-၄၁၊ ၄၂ တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

**ဝိပဿနာရှုရာမှ အင်းဝိဇ္ဇာဖြစ်ခဲ့သော အရှင်ဥတ္တမသီရိ**

သရေခေတ္တရာခေတ်တွင် အထူးမှတ်သားဖွယ်ကောင်းသောဖြစ်ရပ်တစ်ခုရှိခဲ့လေသည်။ ယင်းကား (၂၅) ဆက်မြောက် နောက်ဆုံးမင်းဖြစ်သော သုပညာနဂရဆိန္နမင်း လက်ထက်ဖြစ်သည်။ ထိုမင်းလက်ထက် ဂမ်းယံပြည်မှ သံတောင် (၈၈) တောင်ရှိ ရွှေဆင်းတုကြီးကို အရည်ကျိုပြီး သုံးဇွဲကြသဖြင့် သရေခေတ္တရာပြည်ကြီး ကပ်ဆိုက်ပျက်စီးခဲ့ရသောခေတ်ဖြစ်သည်။ ထိုမင်းလက်ထက် ရှင်ဥတ္တမ (ခေါ်) ပုဂ္ဂိုလ်ထူးတစ်ပါး ပေါ်ပေါက်ခဲ့၏။

အေဒီ ၅၂ သူကား မုဋ္ဌလမင်းလက်ထက် (၅၉၆) ခုနှစ်၊ တပို့တွဲလပြည့်၊ တနင်္ဂနွေနေ့တွင် မြို့၏အရှေ့ဘက် မဈွဂုံးရွာ တောင်ယာရှင် ဦးပေါစ၊ ဒေါ်ညှာတို့မှ ဖွားမြင်သည်။ (၇) နှစ်အရွယ် နန်းတွင်းဆရာတော်ထံ သာမဏေပြုသည်။ (၁၉) နှစ်တွင် ပိဋကသင်ရိုးပေါက်၏။ ရဟန်းပြု၍ သမထအားထုတ်သည်။ နှစ်ဝါရတွင် ဝိပဿနာကို အားထုတ်ရာ ကမ္မဋ္ဌာန်းပေါက်ရောက်သည်ဟု ကျော်ကြားကာ သုမုန္ဒရီမင်းကြီး ကိုးကွယ်သည်။ သံဃာ့အလယ်တွင် သီရိတပ်ကာ အရှင်ဥတ္တမသီရိ ဟူသော ဘွဲ့ကိုလှူသည်။

အေဒီ ၈၃ နောင်အခါ သရေခေတ္တရာမြို့အရှေ့ နှစ်ယူဇနာအရပ် ဆင်ဦးခေါင်းသဖွယ်ရှိသော တောင်၏တောင်ဘက်၌ ဒိဗ္ဗစက္ခုရသေ့နေဖူးသော ကျောက်ဂူတစ်ခုရှိသည်။ ကျောက်ဂူအနီး၌ သက္ကရာဇ် (၆၁၉) ခုနှစ်၊ သုပညာနဂရ ဆိန္နမင်း၏ အမတ်ကြီး ရာဇသင်္ကြံက တောရကျောင်းတစ်ကျောင်း ဆောက်လှူသည်။ ဝိပဿနာတရားကို ပွားများအားထုတ်နေ၏။

တစ်နေ့သော နေ့ခင်းဆွမ်းစားပြီးချိန်တွင် ဟပ္ပိယလှူသူတော်သည် ဒိဗ္ဗစက္ခုရသေ့ဂူကြီး ပြိုပျက်၍ ကျောက်သေတ္တာမှ ကြေးပုရပိုက်တစ်ဆူရလာခဲ့သည်။ ကမ္ဗဌာန်းထိုင်နေသော ရှင်ဥတ္တမအားလာ၍ပြသဖြင့် ချဉ်ရေဖြင့်ဆေး၍ဖတ်ရာ ထူးဆန်းသော အက္ခရာများ တွေ့ရ၏။ ကမ္ဗဌာန်းအလုပ်ဖျက်၍ တစ်နေကုန်ဖတ်ရှုရာ ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် လေကြီးမိုးကြီး ပြင်းထန်စွာရွာသွန်း၍ မှောင်အတ်ကျသော ဟူ၏။ အနီးတွင် ချထားသော ကြေးပုရပိုက်သည် ထူးဆန်းစွာ ပျောက်ကွယ်သွားလေ၏။

ညဥ့်ဦးယံတွင် ကြေးပုရပိုက်ပါအက္ခရာတို့ကို ပြန်လည်စဉ်းစား၍ မှတ်မိသမျှ ညဥ့်သုံးယံလုံး သစ်ပုရပိုက်တွင် ရေးထား၏။ ညဥ့်တစ်ယံ တစ်ယံလျှင် အကျိုး (၃) မျိုး ပြီးစေနိုင်သောကျမ်း (၃) ကျမ်းစီ (ပေါင်း ၉-ကျမ်း) ရေးသားပြီးလေသည်။ နံနက်မိုးလင်းသောအခါ သစ်ပုရပိုက်မှ ပေသို့တစ်ဆင့် ရေးတင်လေသည်။ စုဏ္ဏိယဗန္ဓ-ဂါထာနှင့်မရောသော စုဏ္ဏိယဗန္ဓကို၊ ကတ္ဗာ-ပြု၍၊ အဟံ-ငါသည်၊ ပေါတ္ထက်-ပေသို့၊ အာရောပေသိ-တင်ခဲ့ပြီဟု ၎င်းကျမ်းနိဂုံး၌ အကြောင်းအရာအပြည့်အစုံ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ရေးထား၏။ ၎င်းကျမ်းမှာ သရဘူကိုးတွဲဟု ခေါ်၍ ယခုတိုင်ရှိလေသည်။ ကပ္ပလက်ာရကျမ်းကိုလည်း ပြုစုခဲ့သည်။

အထက်ပါ အချက်အလက်များမှာ ကျမ်းပြုဆရာတော် အရှင်ဥတ္တမသိရိ ကိုယ်တော်တိုင် ပြုစုခဲ့သောကျမ်းစာတွင် ပါရှိသောအချက်အလက်များဖြစ်သဖြင့် များစွာ ခိုင်လုံလှပါသည်။ ထိုခေတ်သည်ကား သရေခေတ္တရာခေတ်ကြီး ပျက်စီးကာနီးကာလဖြစ်၏။ ထိုခေတ်တွင် ရွှေအတိပြီးသော ရွှေဆင်းတုတော်ကြီးကို ပရိနိဗ္ဗာန်စံသည်ဟုဆိုကာ မှူးမတ်များက မီးရှို့ကြကြောင်းကို မဟာရာဇဝင်ကြီးတွင် စိတ်မကောင်းစွာ၊ ဝမ်းနည်းစွာ ဖတ်ရှုခဲ့ဖူးပါသည်။ အကျယ်သိလိုသူများသည် ရာပြည့်စာအုပ်တိုက်ထုတ်၊ ဦးကုလား၏မဟာရာဇဝင်ကြီး ပထမတွဲ၊ စာ-၁၃၁တွင် ဖတ်ရှုနိုင်ပါသည်။ ထိုအချက်အလက်တို့ကို မှန်နန်းရာဇဝင်တော်ကလည်း ပြန်လည်ကူးယူဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

# အခန်း (၅)

# ပုဂံခေတ် ဝိဇ္ဇာဓိုရ်များ

## ဝေဒိဿရရှင်ရသေ့ဘွဲ့ခံ ရှင်အဇ္ဇဂေါဏ


ရှင်အဇ္ဇဂေါဏနှင့်ရှင်မထီးဆရာတော်ကို တစ်ပါးတည်းထင်၍ အများအားဖြင့် မှားယွင်းကြပါသည်။ အမှတ်မှားခြင်း ဖြစ်ပါသည်။ တစ်ပါးစီဖြစ်ပါသည်။ ရှင်အဇ္ဇဂေါဏဘုရားအား ပုဂံတွင် ယခုတိုင် ဖူးမြော်နိုင်ပါသေးသည်။ ပုဂံ ဂေါက်ကွင်းအနီးတွင် ရှိပါသည်။ ထိုအနားမှဖြတ်၍ မင်းနံသူရွာသို့လည်း သွားနိုင်ပါသည်။ ညောင်ဦးလေဆိပ်မှသွားလျှင် တန်းတန်းမတ်မတ်ရောက်ပါသည်။

ပုဂံ-ညောင်ဦး လေယာဉ်ကွင်းအနီး လမ်းဆုံမှ ပုဂံမြို့သစ်သို့သွားရာ ကားလမ်းမကြီးတစ်လျှောက် တစ်နာရီခန့်ခရီးဆက်သောအခါ လမ်းနံဘေးရှိရင် အဇ္ဇဂေါဏဘုရားသို့ ရောက်ရှိလေသည်။ ကျယ်ပြန့်သော မဟာရံတံတိုင်းအတွင်း ရှင်အဇ္ဇဂေါဏစေတီနှင့် ဂူကျောင်းအုတ်ဆောင်ကြီးကို ယှဉ်လျက်တွေ့ရသည်။ ရှင်အဇ္ဇဂေါဏအကြောင်းကို အသေအချာ အတိအကျ ဂဃဏန ပြောဆိုနိုင်သူမှာ စာရေးဆရာကြီးဦးညွန့်တင် ဖြစ်ပါသည်။

**ရှင်အဇ္ဇဂေါဏ သိဒ္ဓိအောင်မြေ**

ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက်တွင် အဂ္ဂိရတ်ပညာအား ကြိုးကုတ်အားထုတ်ကာ သိဒ္ဓိပေါက်မြောက် အောင်မြင်သောအခါ ဤနေရာတွင် အုတ်ကျောင်း ဆောက်လုပ်သီတင်းသုံးကာ ပြည်သူအများအား မစချီးမြှင့်ပေးခဲ့သည်ဟု ဆိုသည်။ ထို့ပြင် ပြည်သူအများနှင့်အတူ ဆရာတော်ဦးဆောင်၍ ကောင်းမှုစေတီကို တည်ထားခဲ့ကြသည်။ ကျစွာမင်းကြီး လက်ထက်ရောက်သောအခါ မဟာသဖန်းအမတ်သည် ယိုယွင်းပျက်စီးနေသော ဤစေတီနှင့်အုတ်ကျောင်းကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့လေသည်။ (ကျမ်းကိုး။ ဇင်ညိုငယ်၊ ရှင်အဇ္ဇဂေါဏအောင်မြင်ခြင်းစေတီ၊ ပါရမီမဂ္ဂဇင်း၊ အမှတ်-၁၁၂၊ ၂၀၀၂ ခု၊ ဇန်နဝါရီလ၊ စာ-၂၉၊ ၃၀၊ ၃၁)

ရှင်အဇ္ဇဂေါဏဘုရားသည် ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နောင်တော်ကြီးစေတီတော်နှင့် တောင်ဘက်၊ ကမ်းနားဈေး အာရုံခံတန်ဆောင်း၏ အရှေ့



ပုဂံမြို့ရှိ ရှင်အဇ္ဇဂေါဏ အောင်မြေဘုရားနှင့် ရွှေတိဂုံစေတီရှိ ရှင်အဇ္ဇဂေါဏ ကောင်းမှုဘုရား



စေတီတော်ရင်ပြင်ရှိ နောင်တော်ကြီးစေတီတော်
တောင်ဘက် အာရုံခံမုခ်ဦးတန်ဆောင်းအတွင်း၌ တည်ရှိသည်။
ရှင်အဇ္ဇဂေါဏမထေရ်က တည်ထားပူဇော်ကြောင်း သိရသည်။



ယဉ်ကျေးမှုဝန်ကြီးဌာန၊
ရှေးဟောင်း
သုတေသန ဌာနက
သမုဒ္ဒရာဇ်မင်း၏
နန်းတော်ရာဟောင်း
နေရာဟု
ကျောက်တိုင်စိုက်ထူ
ထားပါသည်။
ယုန်လွှတ်ကျွန်း၊
ပထမ နန်းတော်ရာ
အေဒီ (၂) ရာစုမှ
(၄) ရာစုအထိ
သမုဒ္ဒရာဇ်မင်းမှ
ပိုက်သေလည်ထိ
မင်းပေါင်း (၆) ဆက်
အုပ်စိုးခဲ့သည်ဟု
သိရသည်။
ရှင်အရှဂေါဏနှင့်အတူ
သမုဒ္ဒရာဇ်မင်း
ထွက်ရပ်လမ်းသို့
မြန်းခဲ့သည်။

မြောက်ဘက်၊ ရှင်အဇ္ဇဂေါဏတန်ဆောင်းအတွင်းတွင် ရှိသည်။ တောင်ဘက်သို့ မျက်နှာမူနေသည့် ဝဲဘက်အစွန်ဆုံး၊ ရာဟုထောင့်မှ ရုပ်ပွားတော်တစ်ဆူ ဖြစ်သည်။ မျက်လုံးတော်မှာ တစ်ရွယ်တည်းမဟုတ်။ တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် ထုထားသည်။ ဆရာတော် ရှင်အဇ္ဇဂေါဏသည် အန္တိမလမ်းအပြီး စခန်းသို့ကြွလှမ်းတော်မမူမီ ဆိတ်မျက်လုံးတစ်ဖက်နှင့် နွားမျက်လုံးတစ်ဖက် အစားထိုးထည့်ထားတော်မူပြီးမှ စက္ခုနှစ်ကွင်း အလင်းရတော်မူလာသောကြောင့် ရုပ်ပွားတော်၏မျက်လုံးတော်ကို တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်လျက် ဆရာတော်ရှင်အဇ္ဇဂေါဏအား ရည်စူး၍ ထုလုပ်ကိုးကွယ်ထားရခြင်းဖြစ်သည်ဟု အဆိုရှိကြသည်။

အေဒီ ၁၀၇ ဆရာတော် အရှင်အဇ္ဇဂေါဏ၏ မူလပထမဘွဲ့တော်ရင်းမှာ ရှင်ရသေ့ဝေဒိဿရ ဖြစ်သည်။ ကောဇာသက္ကရာဇ် (၂၉) နှစ်၊ အေဒီ (၁၀၇) တွင် ပေါက္ကံရာမ ပထမ ပုဂံပြည် သမုဒ္ဒရာဇ်မင်းကြီး၏ မင်းဆရာတော်ဖြစ်သည်။ ဝေဒိဿရ ရှင်ရသေ့သည် ပုပ္ပါးတောင်ကျောက် နွားသိုးကိုးကောင်သိုက်မှ ပုရပိုက်တစ်ဆူ ရတော်မူပြီးနောက် အဂ္ဂိရတ်ဓာတ်စခန်း ပြုလုပ်သွားရာ ပညာစခန်းလည်သွားရာမှ သမုဒ္ဒရာဇ်မင်းကြီးအား ပေးထားသော ကတိစကားအတိုင်း မျက်လုံးနှစ်ဖက်စလုံး ထိုးဖောက်စေခဲ့၏။

အေဒီ ၁၅၁ ဝေဒိဿရ ရှင်ရသေ့သည် စခန်းလည်နေသော ဓာတ်လုံးကို တပည့် ကျောင်းသားလေးအား စိတ်ပျက်စွာဖြင့် မစင်တွင်း ပစ်သွင်းခိုင်းခဲ့ရာမှ ဓာတ်လုံး သည် ကောဇာသက္ကရာဇ် (၇၃) ခုနှစ်၊ သာသနာသက္ကရာဇ် (၆၉၅) ခုနှစ်၊ အေဒီ (၁၅၁) နတ်တော်လဆန်း (၅) ရက်၊ ကြာသပတေးနေ့၊ ညနေပိုင်း ပုဏ္ဏားနတ်သမီး ရသောကိန်းကြုံသောအချိန်တွင် အောင်မြင်ပေါက်ရောက် ပြီးမြောက်ခဲ့သည်ဟု အဆို ရှိကြ၏။

ဝေဒိဿရ ရှင်ရသေ့သည် ညနေဈေးကွဲချိန် မျက်လုံးနှစ်လုံး ဝယ်ခိုင်းရာ ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးသာ ရရှိခဲ့သောကြောင့် မျက်လုံးအိမ်တွင်း သွင်း၍ အန္တိမစခန်း ဆုံးသည့် ပြဒါးရှင်ဓာတ်လုံးဖြင့် ကုထုံးစီရင်လိုက်မှ စက္ခုနှစ်ကွင်း အလင်းပြန်ရတော်မူခဲ့၏။ ရှင်ရသေ့သည် ဆိတ်=အဇ္ဇ နွား-ဂေါဏ အရ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်ကြောင့် ဝေဒိဿရ ရှင်ရသေ့ဘွဲ့ ပျောက်တော်မူကာ ရှင်အဇ္ဇဂေါဏဘွဲ့သို့ ရောက်ရှိတော်မူလာရခြင်းဖြစ်သည်ဟု အဆိုရှိကြ၏။

ဆရာတော် အရှင်အဇ္ဇဂေါဏ အရှင်မြတ်သည် ပေါက္ကံရာမ ပုဂံပြည်သူပြည်သား အပေါင်းတို့အား ရွှေမိုးငွေမိုးရွာသည့်အလား ပြဒါးရှင်ဓာတ်လုံးဖြင့် ရွှေတုံးရွှေခဲများ မစချီးမြှင့်ပေးခဲ့တော်မူသည်ဟု အဆိုရှိကြ၏။ ထိုအချိန်မှစ၍ ပုဂံပြည်သူ

ပြည်သားအပေါင်းမုဆိုးမကအစ ဘုရားကျောင်းကန်စေတီပုထိုးများကို 'လှည်းဝင်ရိုးသံ တည်ည်၊ ပုဂံဘုရားပေါင်း' ဖြစ်အောင် တည်ခဲ့ကြ၏။ ယင်းသို့ ဘုရားစေတီပုထိုးကျောင်းကန်များ တည်ထားနိုင်ရန်အတွက် ဆရာတော်အဇ္ဇဂေါဏကပင် 'အုံတုံသတ္တ၊ နဝကျွဲကော်၊ ဒွေးနောတင်လဲ၊ ဥသျှစ်ကဲ၍၊ လဲဝါတစ်ဆုပ်၊ ဆီတစ်မှုတ်' ဟူ၍ လင်္ကာစပ်ဆိုပြီး ပေါက္ကံရာမပုဂံ အင်္ဂတေဖော်စပ်နည်းကိုပါ ပေးသနားချီးမြှင့်တော်မူခဲ့၏။ ဆရာတော် အရှင်အဇ္ဇဂေါဏ၏ ပေါက္ကံရာမ ပုဂံ အင်္ဂတေများကို ယနေ့ထက်တိုင် တွေ့မြင်နိုင်ပေသည်။

ဆရာတော်အရှင်အဇ္ဇဂေါဏနှင့် ရှင်မထီးဆရာတော်တို့မှာ တစ်ပါးတည်းမဟုတ်။ တစ်ပါးစီသာ ဖြစ်ကြသည်။ ရှင်အဇ္ဇဂေါဏဆရာတော်၏ အန္တေဝါသိက်များသည် သုံးပါးတိတိရှိတော်မူကြ၏။ ယင်းတို့မှာ (၁) ဝေဒိဿရရှင်ရသေ့ (ရှင်အဇ္ဇဂေါဏဆရာတော်) (၂) နေက္ခသရရှင်ရသေ့နှင့် (၃) မေဒိဿရရှင်ရသေ့တို့ အသီးသီးဖြစ်ကြ၏။

ဝေဒိဿရ ရှင်ရသေ့ (ခေါ်) ရှင်အဇ္ဇဂေါဏဆရာတော်ကြီး၏ လက်ရင်းတပည့်ကြီးသည်ကား ညီတော်လတ် နေက္ခသရ ရှင်ရသေ့ဖြစ်သည်။ ထိုနေက္ခသရ ရှင်ရသေ့၏ တပည့်ရင်းမှာ သရဘင်္ဂရှင်ရသေ့ဖြစ်သည်။ ယင်း သရဘင်္ဂ ရှင်ရသေ့၏ တပည့်မှာ ရှင်မထီးဆရာတော်ဖြစ်သည်။ ဆရာတော်အရှင်အဇ္ဇဂေါဏ အရှင်မြတ်နှင့် ရှင်မထီးဆရာတော်တို့မှာ တစ်ပါး တည်း မဟုတ်။ တစ်ပါးစီသာ ဖြစ်ကြသည်။ ရှင်မထီးဆရာတော်သည် သုဝဏ္ဏဘူမိ သထုံပြည်မှ မွန်ဆရာတော် ဖြစ်၏။

အေဒီ ၁၅၂ ကောဇာသက္ကရာဇ် (၇၄) ခုနှစ်၊ သာသနာသက္ကရာဇ် (၆၉၆) ခုနှစ်၊ (ခရစ်နှစ် အေဒီ ၁၅၂ ခုနှစ်) ကဆုန်လပြည့်၊ တနင်္ဂနွေနေ့၊ အောင်သာနေမွန်းတည့်ချိန်တိတိ မုဆိုးရွှေအိုးရသောကိန်း ကြုံသောအချိန်တွင် ကျေးဇူးရှင် ဒကာတော် ပေါက္ကံရာမ ပထမပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းကြီးနှင့်အတူ အန္တိမလမ်း ထွက်ရပ်စခန်းသို့ အပြီးတိုင် ကြွလှမ်းတော်မူခဲ့သည် ဟူ၍ ကျမ်းအစောင်စောင်၊ ပေစာအဆူဆူတို့က ကမ္ပည်းတင်အဆိုရှိခဲ့ကြကုန်၏။

(ကျမ်းကိုး။ ဆရာဦးညွန့်တင်၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဂမ္ဘီရမဂ္ဂဇင်း၊ အမှတ်-၂၅၊ စာ-၆၉၊ ၇၀၊ ၇၁။ ဆရာဦးညွန့်တင်သည် ရှေ့မြင်နောက်မြင် ပုဂ္ဂိုလ်ထူးဖြစ်သည်။ သက္ကရာဇ်များ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဆရာဦးညွန့်တင်၏ အမှတ်အသားများမှာ အလွန်ခိုင်ခံ့သေချာပါသည်။ အကြောင်းအမျိုးမျိုးဖြင့် ရှာဖွေထားသော အချက်အလက်များဖြစ်ကြောင်းတွေ့ရှိရပါသည်)



ရှင်မထီးဆရာတော်ဟု
လူသိများနေသော
မြင်သာ ရှင်မထီး

# ရှင်မထီး (ခ) ဗားထီးငယ်ဆရာတော် (ခ) ဗားထီး

ရှင်မထီးဆရာတော်ဟုလည်း ခေါ်ကြပါသည်။ ဗားထီးငယ်ဆရာတော်ဟုလည်း ခေါ်ကြပါသည်။ ဗားထီးဆရာတော်ကြီးဟူ၍လည်း ခေါ်ကြပါသည်။ တစ်ပါးတည်းပင် ဖြစ်ပါသည်။

အေဒီ ၁၅၃ ကောဇာသက္ကရာဇ် (၇၅) ခုနှစ်၊ သာသနာသက္ကရာဇ် (၆၉၇) ခုနှစ်၊ ခရစ်နှစ် အေဒီ (၁၅၃) ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်နေ့တွင် အောက်ပြည်အောက်ရွာ သုဝဏ္ဏဘူမိ သထုံပြည်မှ တစ်ပါးထီးတည်း ပေါက္ကံရာမ ပုဂံနေပြည်တော်သို့ အဂ္ဂိရတ်ဓာတ်လမ်း ပညာဆန်းကို သင်ကြားရန်အလို့ငှာ ရောက်ရှိလာသည်ဟု အဆိုရှိကြ၏။

အေဒီ ၁၆၇ ရှင်ရသေ့ ဗားထီးငယ်သည် ကောဇာသက္ကရာဇ် (၈၉) ခုနှစ်၊ သာသနာသက္ကရာဇ် (၇၁၁) ခုနှစ်၊ ခရစ်နှစ် အေဒီ ၁၆၇ ခုနှစ်တွင် ပေါက္ကံရာမအမည်မှ အရိမဒ္ဒနာ အမည်သို့ ပြောင်းလဲတွင်စေခဲ့သူ ပုဂံပြူမင်းကြီး (ခေါ်) ပြူစောထီး (ခေါ်) ပျူမင်းထီး၏ မင်းဆရာတော်ကြီးအဖြစ်သို့ ရောက်တော်မူခဲ့သည်။

မင်းဆရာတော်ကြီး ဖြစ်လာသောအခါမှ ရှင်ရသေ့ဗားထီးငယ်ဘွဲ့တော် ပျောက်သွားပြီး ရှင်မထီးဆရာတော်ဘွဲ့ကို မင်းကြီးကိုယ်တော်တိုင် အပ်နှင်းချီးမြှင့် ဆက်ကပ်တော်မူခဲ့ခြင်း ဖြစ်၏။

ရှင်မထီးဆရာတော်သည် မွန်လူမျိုးဖြစ်သည်။ ဗားလေးဗားဆရာတော်များဖြစ်ကြသော (၁) ရှင်မထီးဆရာတော် (ခေါ်) ဗားထီးငယ်ဆရာတော် (၂) ဗားမဲ့ဆရာတော်ဘုရားကြီး (၃) ဗားတမော့ဆရာတော်နှင့် (၄) ဗားမြိုက်ဆရာတော်ကြီးတို့၏ ဦးစွာပထမ ရှေ့ဆောင်ဆရာတော်ကြီးဖြစ်တော်မူ၏။ ရှင်အဇ္ဇဂေါဏဆရာတော်နှင့် သရဘင်္ဂရှင်ရသေ့နှစ်ပါး ကိစ္စပြီးမြောက် ခရီးပေါက်သွားပြီးမှ တတိယမြောက် အန္တိမလမ်း ပညာစခန်းပြီးဆုံးသူ ဖြစ်တော်မူသည်။

အေဒီ ၁၇၄ ရှင်မထီးဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် (၉၆) ခုနှစ်၊ သာသနာသက္ကရာဇ် (၇၁၈) ခုနှစ်၊ ခရစ်နှစ် အေဒီ (၁၇၄) ခုနှစ်၊ တပေါင်လဆန်း (၁၅) ရက်၊ လပြည့်၊ ကြာသတေးနေ့၊ နေထန်းတစ်ဖျားရှိစဉ် မုဆိုးရွှေအိုးရသောကိန်းကြုံသည့် မင်္ဂလာ အချိန်မြတ်တွင် အန္တိမလမ်း ပညာစခန်းဖြင့် ပြီးမြောက်ပေါက်ရောက်ခဲ့သည်ဟု အဆိုရှိကြသည်။


ရှင်ရသေ့ပညာစခန်းမလည်ဘဲ ချောမောစွာ ပြီးမြောက်ခဲ့ရခြင်းမှာ (၁) ရှင်အဇ္ဇ ဂေါဏဆရာတော်နှင့် (၂) သရဘဂု ရှင်ရသေ့နှစ်ပါးတို့၏ ဂုဏ်ကျေးဇူးတော် အနန္တတို့ကြောင့်သာ ဖြစ်သည်။ ရှင်မထီးဆရာတော်ကြီး၏ ကောင်းမှုရုပ်ပွားတော်ကြီးသည် ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ နောင်တော်ကြီးစေတီတော်၏ မြောက်ဘက်တွင်ရှိသော ရှင်မထီးအာရုံခံတန်ဆောင်းအတွင်းတွင် ရှိသည်။

အာရုံခံတန်ဆောင်းသည် မြောက်ဘက်သို့ မျက်နှာပြုထားသောကြောင့် အတွင်းရှိ အလယ်မှ အကြီးဆုံးသော ရှင်မထီးဘုရား ရုပ်ပွားတော်ကြီးပါ မြောက်ဘက်သို့ မျက်နှာမူနေတော်မူ၏။ ပေါက္ကံရာမ ပုဂံနေပြည်တော်ရှိရာ မြောက်ဘက်အရပ်သို့ မျက်နှာမူလျက် ရှေးနှစ်ပေါင်း (၁၀၀၀) ကျော်ခန့် ရှင်မထီးဆရာတော် တည်ထားခဲ့သည်ဟု အဆိုရှိကြ၏။

ဤရှင်မထီး ရုပ်ပွားတော်ကြီးသည် ပုဂံပြည်မှ ပေါက်သုံးဆူတွင် တတိယဖြစ်၏။ ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ ရုပ်ပွားတော်ကြီးမှာ ပေါက်ကိုးဆူ နဝင်းရုပ်ပွားတော်ကြီးကိုးဆူတွင် တစ်ဆူပါဝင်၏။

ပုဂံခေတ်ကျမ်း အဂ္ဂိရတ်စခန်းများ လျှို့ဝှက်ဌာပနာထားရာ ရုပ်ပွားတော်ကြီးဟု အဆိုရှိကြသည်။ အထူးခြားဆုံးသော နေ့ရက်သည်ကား တပေါင်းလပြည့်၊ ကြာသပတေးနေ့နှင့် ဆုံသောရက်ဖြစ်၏။ တပေါင်းလပြည့်နှင့် ထိုနေ့တို့ အသီးသီး ဖြစ်ကြ၏။

> အထက်ပါ အချက်အလက်များသည် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း (၅၀) နေ ဆရာကြီး ဦးညွန့်တင်ထံမှ ထပ်ဆင့်ရရှိသော အချက် အလက်များဖြစ်ပါသည်။ (ကျမ်းကိုး။ မောင်ပန်းမွှေး၊ ရှင်မထီးဆရာတော် မဟာရုပ်ပုံလွှာ၊ ဓမ္မသာလာမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ စာ-၁၀၊ ၁၁ တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၌ အုံ့ပွယ်တစ်ခုဖြစ်သော
သရဘာဂုဇ္ဇရေသေ့ဝိဇ္ဇာဓိုရ်ကျောင်းမှ ပြဒါးရှင်ရုပ်ပွားတော်

# သရာဘဂု ရသေ့ဝိဇ္ဇာဓိုရ်

သရာဘဂုရသေ့အကြောင်းကိုလည်း ကျွန်ုပ်တို့သည် စာရေးဆရာကြီးမြစိမ်းညွန့် အမည်ခံ ဆရာဦးညွန့်တင်ထံမှ ရရှိပါသည်။ ဆရာဦးညွန့်တင်သည် ရှေ့မြင်၊ နောက်မြင်၊ ပုဂ္ဂိုလ်ထူးဖြစ်ကြောင်းကို သိရှိသူအလွန်နည်းပါသည်။ သူ့အား သာမန်လူတစ်ယောက်ဟုပင် အများထင်ကြပါသည်။ ဆရာဦးညွန့်တင်၏ အလိုအရ သရာဘဂုဘုရားကို တည်ထားကိုးကွယ်ခဲ့သော သရာဘဂုဝိဇ္ဇာဓိုရ်အကြောင်းကို ပြန်လည်ပြောဆိုပါမည်။ ကုသိုလ်ယူတော်မူကြပါ။

သရာဘဂု ပြဒါးရှင်ဘုရားသည် ရန်ကုန်မြို့၊ သိင်္ဂုတ္တရကုန်းတော် ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ အင်္ဂါထောင့်မှ စေတီတော်ကြီးတစ်ဆူ၏ တောင်ဘက်မုခ်ဝအတွင်း လိုဏ်ဂူမုခ်ဝ အမှတ် (၁၀၃) မဟာမြတ်မုနိ ကြေးဆင်းတုတော်ပြဒါးရှင်ဘုရားဖြစ်သည်။ မှန်ကာတံခါးတစ်ထပ်၊ သံဘာဂျာတံခါးတစ်ထပ်၊ ပေါင်းနှစ်ထပ်အတွင်း တောင်ဘက်သို့ မျက်နှာပြုထားတော်မူသည်။ လွန်ခဲ့သော နှစ်ပေါင်း (၉၀၀) ခန့်က သရာဘဂု ရှင်ရသေ့အရှင်သူမြတ် အန္တိမပြီးမြောက်ခရီးရောက်ခဲ့သော ပြဒါးရှင်ဓာတ်လုံးတစ်လုံး ဌာပနာထားခဲ့သည်။ နဖူးတော်တည့်တည့် ပြဒါးရှင်လုံး ဌာပနာထားသောကြောင့် ဆီးဖြူသီးအလုံးသေးပမာဏခန့် လုံးဝန်းမို့မောက်နေခြင်း ဖြစ်သည်ဟု အဆိုရှိကြ၏။ သိင်္ဂုတ္တရကုန်းတော် ရွှေတိဂုံရင်ပြင်တော်တစ်ခုလုံးရှိ ကြေးမဟာမြတ်မုနိရုပ်ပွားတော်ကြီး (၉) ဆူတွင် အသပ္ပါယ်ဆုံး၊ အချိုးအစား အကျနဆုံး၊ အပြေပြစ်ဆုံးသော ကြေးဆင်းတုတော်တစ်ဆူ ဖြစ်သည်။

ဆရာတော်အရှင်အဇ္ဇဂေါဏ အရှင်မြတ် ပြီးမြောက်သွားပြီးမှသာ ဒုတိယမြောက် အဂ္ဂိရတ်လမ်း ပြဒါးရှင်ဓာတ်လုံးစခန်းဖြင့်ပင် အန္တိမလမ်းသို့ ကြွမြန်းတော်မူခဲ့၏။ သရာဘဂု ရှင်ရသေ့ ပြဒါးရှင်လုံး ဌာပနာထားခဲ့သည်ကို လူတိုင်းမသိကြချေ။ သရာဘဂု သဘော်လမ်းရိုးကျမ်းနှင့် ဓာတ်ကျမ်းများကို ပြုစုခဲ့သေး၏။

သရာဘဂုရှင်ရသေ့သည် ညီတော်၊ နောင်တော် သုံးပါးများဖြစ်ကြသော (၁) ဝေဒိဿရရှင်ရသေ့ (ရှင်အဇ္ဇဂေါဏ ဆရာတော်ကြီး)၊ (၂) ညီတော်လတ်နေ ဣဿရရှင်ရသေ့၏ လက်ရင်းတပည့်ဖြစ်လာသည်။

အေဒီ ၁၆၆ သရာဘဂုရှင်ရသေ့သည် ကောဇာသက္ကရာဇ် (၈၈) ခုနှစ်၊ သာသနာသက္ကရာဇ် (၇၁၀) ခုနှစ်၊ ခရစ်နှစ် အေဒီ (၁၆၆) ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်၊ သောကြာနေ့၊ နေမွန်းတည့်နှစ်ဖဝါး၊ အောင်သာနေမွန်းတည့်ချိန်၊ မုဆိုးရွှေအိုးရ သောကိန်း

ကြုံသောအချိန်တွင် ကျေးဇူးရှင် ဆရာတော်ရှင်အဇ္ဇဂေါဏကဲ့သို့ပင် အင်္ဂါရတ်လမ်းပြဒါးရှင် ဓာတ်လုံးစခန်းဖြင့် အန္တိမလမ်း ထွက်ရပ်စခန်းသို့ စခန်း မလည်ချောမောစွာ ဒုတိယပုဂ္ဂိုလ် အရှင်သူမြတ်အဖြစ် အပြီးတိုင် ကြွမြန်းတော် မူခဲ့သည်ဟု အဆိုရှိကြသည်။

သရဘင်္ဂုပြဒါးရှင်ဘုရား နဖူးတော်တည့်တည့်တွင် ဌာပနာထားသော ပြဒါးရှင်လုံး မှာ လပြည့်နေ့၊ ရက်ကြီးရက်မြတ်များ၊ လမွန်းတည့်ချိန်များဝယ် စိမ်းနုဖြူရောင် ဝင်းခနဲ၊ လက်ခနဲ ဖြာထွက်ခြင်း။ ဤသရဘင်္ဂု ပြဒါးရှင်ဘုရား ကြေးဆင်းတုတော် မှ အထက်ပစ္စယာတဝဂ္ဂရှိ ပတ္တမြားမျက်ရှင်တော်သို့ ဖြူဝင်း တောက်ပလင်းထိန် နေသည့် အလင်းတန်းများ၊ အထက်ပစ္စယာမှ အလယ်ပစ္စယာသို့ ရောင်ဖြူတန်း ကူးသန်းနေတတ်ကြသည်ဟု အဆိုရှိကြသည်။

သရဘင်္ဂု ပြဒါးရှင် ကြေးဆင်းတုတော်မြတ်သည် ရွှေတိဂုံရင်ပြင်တော်ပေါ်တွင် ရှိကြသော ပေါက်ကိုးဆူ နဝင်းရုပ်ပွားတော်ကြီးတွင် စတုတ္ထမြောက်နေရာ၌ ပါဝင် တော်မူသည်။ ဤလိုဏ်ဂူမှတ်ဝ အမှတ် (၁၀၃) ရှိ သရဘင်္ဂုပြဒါးရှင် မဟာမြတ်မုနိ ကြေးဆင်းတုတော်ဘုရားသည် ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ အုံ့ဖွယ်ကိုးပါးတွင် (၉) အဖြစ်ဖြင့် လည်းကောင်း၊ အောင်မြေကိုးဌာန၌ (၉) အဖြစ်ဖြင့် လည်းကောင်း၊ အများသူငါ သတ်မှတ်ထားကြကုန်သည်။ ဤဘုရားရုပ်ပွားတော်ရှေ့ရှိ လူသွား လမ်း ကြွေကျောက်ပြား အဖြူခင်းထားသည့် မျက်နှာစာရှေ့တည့်တည့်နေရာသည် အောင်မြေဖြစ်၏။ ဤစည်းမှာ ထွက်ရပ်ပေါက်စည်း၊ ပြဒါးရှင်လုံး ထွက်ရပ်ပေါက် စည်း ဟု အဆိုရှိကြသည်။ အင်္ဂါရတ်ဓာတ်လမ်း၊ ပြဒါးရှင်ဓာတ်လုံးစခန်း လိုက် စားကြသူများ အများဆုံး အဓိဋ္ဌာန်ဝင်ရာ အောင်မြေနေရာဖြစ်သည်။

သရဘင်္ဂုပြဒါးရှင်ဘုရား၏ အထူးခြားဆုံးသော အချိန်ကာလနေ့မြတ်သည်ကား ကဆုန်လပြည့် သောကြာနေ့နှင့်ဆုံသောရက် (၂၄) နာရီအတွင်း ဖြစ်သည်။ ဒုတိယ အထူးခြားဆုံးသော နေ့များမှာ သောကြာနေ့နှင့်ဆုံသော သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်နှင့် တပေါင်းလပြည့်နေ့တို့ အသီးသီးဖြစ်ကြသည်။ အဓိဋ္ဌာန်ဝင်ရန် အကောင်းဆုံးသောအချိန်မှာ သောကြာနေ့၊ နံနက် (၉) နာရီ (၉) မိနစ်၊ (၉) စက္ကန့် နဝင်းသုံးစုံကြုံသောအချိန်မှ အောင်သာနေမွန်းတည့် မုဆိုး ရွှေအိုးရသောကိန်းနှင့် ကြုံသည့်အချိန် (၁၂) နာရီတိတိကြား အကောင်းဆုံးဖြစ် သည်။ အကောင်းဆုံးသော ပုတီးစိပ်ရန်များမှာ (၁) ဘုရားဂုဏ်တော်ကိုးပါး ဖြစ် သည်။ ဒုတိယအကောင်းဆုံးမှာ (၂) သဗ္ဗဗေဓျ မင်္ဂလာဂါထာတော်ဖြစ်သည်။

သောကြာနေ့သားသမီးများ သောကြာနေ့တွင် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ရန် အကောင်းဆုံးဖြစ်၏။

ပေါက္ကံရာမ နေပြည်တော်တွင် အန္တိမလမ်း ပြဒါးရှင်စခန်းဖြင့် ပြီးမြောက်ခဲ့ကြသော ပုဂ္ဂိုလ်အရှင်မြတ်များတွင် -

အေဒီ ၁၅၂ (၁) ကောဇာသက္ကရာဇ် (၇၄) ခုနှစ်၊ သာသနာသက္ကရာဇ် (၆၉၆) ခုနှစ်၊ ခရစ်နှစ် အေဒီ ၁၅၂ ခုနှစ်၊ ကဆုန်လပြည့်၊ တနင်္ဂနွေနေ့ အောင်သာနေ မွန်းတည့်ချိန်တိတိ မုဆိုးရွှေအိုးရသောကိန်း ကြုံသောအချိန်တွင် ကျေးဇူးရှင် ဒကာတော် ပေါက္ကံရာမ ပထမပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းကြီးနှင့်အတူ ဆရာတော် အရှင်အဇ္ဇဂေါဏ အရှင်မြတ် အန္တိမလမ်းထွက်ရပ်စခန်းသို့ အပြီးတိုင် ကြွမြန်း တော်မူခဲ့သည်ဟု အဆိုရှိကြ၏။

အေဒီ ၁၆၆ (၂) ကောဇာသက္ကရာဇ် (၈၈) ခုနှစ်၊ သာသနာသက္ကရာဇ် (၇၁၀) ခုနှစ်၊ ခရစ်နှစ် အေဒီ (၁၆၆) ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်၊ သောကြာနေ့၊ နေမွန်းတည့် နှစ်ဖဝါး အောင်သာနေမွန်းတည့်ချိန် မုဆိုးရွှေအိုးရသောကိန်း ကြုံသော အခါသမယ၌ ဆရာတော်သရဘဂုရှင်ရသေ့ အန္တိမလမ်း ထွက်ရပ်စခန်းသို့ ဒုတိယပုဂ္ဂိုလ် အဖြစ်ဖြင့် အပြီးတိုင် ကြွမြန်းတော်မူခဲ့သည်ဟု အဆိုရှိကြ၏။

အေဒီ ၁၇၄ (၃) ကောဇာသက္ကရာဇ် (၉၆) ခုနှစ်၊ သာသနာသက္ကရာဇ် (၇၁၈) ခုနှစ်၊ ခရစ်နှစ် အေဒီ (၁၇၄) ခုနှစ်၊ တပေါင်းလဆန်း (၁၅) ရက်၊ လပြည့် ကြာသပတေးနေ့၊ နေထန်းတစ်ဖျားရှိစဉ် မုဆိုးရွှေအိုးရသောကိန်း ကြုံသောအချိန်တွင် ရှင်မထီး ဆရာတော် (ခေါ်) ဗားထီးငယ် (ခေါ်) ဗားထီးဆရာတော်သည် အန္တိမလမ်း ထွက်ရပ်စခန်းသို့ တတိယမြောက် ကြွလှမ်းတော်မူခဲ့သည်ဟု ပေစာအဆူဆူ၊ ကျမ်းအစောင်စောင်တို့၌ ကမ္ပည်းတင် ထားရှိတော်မူခဲ့သည်။

ဤသုံးပါးတို့သည်သာလျှင် နေ့၊ ရက်၊ အချိန်ကာလတို့ဖြင့် တိကျစွာမှတ်တမ်းတင် ထားခဲ့သောကြောင့် နောင်လာနောက်သား အများသူငါ သိလာကြရ၏။ သို့သော်- (၄) ညီတော်လတ် နေဣဿရ ရှင်ရသေ့၊ (၅) ညီတော်ငယ် မေဒိဿရ ရှင်ရသေ့နှင့် (၆) ရှင်အဇ္ဇဂေါဏဆရာတော်ကြီး၏တပည့်ရင်း ဒကာမ ပေါက္ကံရာမ အမိ ဒေါ်သော်တာတို့ အန္တိမလမ်းအပြီးစခန်းသို့ ကြွမြန်းသွားကြသည်ဟု အဆိုရှိကြသော်လည်း နှစ်၊ လ၊ ရက်၊ နေ့၊ အချိန်ကာလတို့ကို မှတ်တမ်းတင်ထားခဲ့ခြင်း၊ အထောက်အထားများ ကျောက်စာအသွယ်သွယ်၊ ပေစာအဆူဆူ၊ ကျမ်းအစောင်စောင်တို့တွင် မတွေ့ခဲ့ကြရသောကြောင့် ရှင်အဇ္ဇဂေါဏဆရာတော်ကြီး၊ သရဘဂု

ရှင်ရသေ့နှင့် ရှင်မထီးဆရာတော်ကြီးများကဲ့သို့ တိကျစွာ မရေးသား၊ မဖော်ပြနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆရာဦးညွန့်တင် သက်ရှိထင်ရှားရှိစဉ်က ပြောကြားခဲ့ပါသည်။ နောက်ထပ် အထောက်အထားများကို ကျွန်ုပ်တို့သည် ယခုထက်တိုင်လည်း အသစ်ရှာဖွေ၍ မတွေ့သေးပါ။ ရှာဖွေဆဲ ဖြစ်ပါသည်။ တွေ့လျှင် ဖြည့်စွက်ပါမည်။

(ကျမ်းကိုး။ ဆရာဦးညွန့်တင်၊ သရဘဂုပြဒါးရှင်ဘုရား၊ ဂမ္ဘီရမဂ္ဂဇင်း၊ အမှတ်-၂၈၊ စာ-၆၂၊ ၆၃၊ ၆၄၊ ၆၅)

ခတ်ဘက်မှ ဂုဏ်တော်ဘက်သို့ကူး၍ ပေါက်မြောက်အောင်မြင်သွားခဲ့သော အနော်ရထာမင်းလက်ထက်က အရဟံသိဒ္ဓိ

# ထွက်ရပ်ပေါက် ဦးခေမာဝံသ

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ကျင့်ကြံအားထုတ် ပြုစုပျိုးထောင်နိုင်သော သာသနာပြုပုဂ္ဂိုလ်တို့သည် ပုဂံတွင် ကြီးကြီးကျယ်ကျယ် ပေါ်ပေါက်ခဲ့ဖူးပါသည်။ အနော်ရထာမင်းကြီးလက်ထက်ကတည်းကစ၍ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားခဲ့သည်မှာ ယနေ့ကမ္ဘာသိ ဖြစ်ပါသည်။

မြန်မာပြည်၏ နယ်နိမိတ်ကို ကျော်လွန်လျက် ကမ္ဘာတစ်လွှား လူသိများသော ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ နေရောင်၊ လရောင်တို့ကြောင့် ပုဂံသည် ကျော်ကြားလျက်ရှိ၏။ ပုဂံ ပုဂံ ဟူ၍ ကမ္ဘာလှည့်ခရီးသည်များ ဝင်လာမစဲ တသဲသဲ ရှိ၏။

အကျင့်ထူး၊ အကျင့်မြတ်ဖြင့် သာသနာပြုသွားခဲ့ကြသော ပုဂ္ဂိုလ်တို့မှာ ပေါက္ကံပြည် အနော်ရထာမင်းလက်ထက် မတိုင်မီက ရှိသင့်သလောက်ရှိကြ၏။ ရှိလည်း ရှိခဲ့ကြ၏။ သို့သော် အနော်ရထာမင်းလက်ထက်တွင်ကား ပို၍ထူးလာ၏။ ကောင်းကင်ယံမှ ကြွလာသော ရှင်အရဟံကိုယ်တော်မြတ်ကြီး၏ သာသနာပြုချက်များကြောင့်လည်း ဖြစ်၏။

အနော်ရထာမင်းလက်ထက်တွင် ဦးခေမာဝံသသည် ခတ်ဘက်မှ ဂုဏ်တော် ဘက်သို့ ကူးလာသူဖြစ်၏။ ခတ်ဘက်မှ ဂုဏ်တော်ဘက်သို့ ကူးပြီးလျှင် အရဟံ ဂုဏ်တော်ကို ပုတီးအစိပ်ကြီး စိပ်ခဲ့နေသည်။

ဘုရားငါးဆူ ရှိ၏။ အားလုံး သိ၏။ သံ၊ ဂုံ၊ ပ၊ မ၊ ယျ ဟူ၍ အတိုကောက် မှတ်သားနိုင်ပါသည်။ ဘုရားငါးဆူကို အာရုံပြုပြီးလျှင် ဘုရားတစ်ဆူဆူလျှင် အရဟံ သိဒ္ဓိဂုဏ်တော်ဖြင့် ပူဇော်၏။ ပုတီး (၁၀၈) ပတ် စိပ်ရ၏။ ထို့ကြောင့် ဘုရား ငါးဆူကို ရည်စူးသောကြောင့် တစ်နေ့ ငါးကြိမ် စိပ်ရ၏။ ထို့ကြောင့် တစ်နေ့ တစ်နေ့လျှင် (၁၀၈) ပတ် ငါးကြိမ် စိပ်ရ၏။

ဘုရား၊ တရား၊ သံဃာ ဟူ၍ ဂုဏ်တော်ပေါင်း (၂၄) ပါး ရှိ၏။ ထို့ကြောင့် လပေါင်း (၂၄) လတိတိ အဓိဋ္ဌာန်ပွားများရ၏။ အနော်ရထာမင်းလက်ထက်တွင် ဦးခေမာဝံသသည် ဤသို့ဖြင့် အဓိဋ္ဌာန်ပွားများခဲ့ကြောင်း သိရှိသူတို့က ပြောဆို ကြပါသည်။

ဦးခေမာဝံသသည် အားလပ်ချိန်တွင် ဓာတ်ကစား၏ဟု ဆိုပါသည်။ ဂုဏ်တော်၏ တန်ခိုးကြောင့် အလွယ်တကူ ဓာတ်အောင်မြင်သွားကြောင်း သိရပါသည်။ ထိုနည်းကို ဦးခေမာဝံသသည် သူ၏ ဘုရားဒကာ၊ ကျောင်းဒကာနှစ်ဦးကိုလည်း ပေးခဲ့သည်ဟု ဆိုပါသည်။ ထိုနည်းအတိုင်း ကျင့်ကြံရာ နှစ်နှစ်အတွင်း အောင်မြင်သွားကြောင်းလည်း သိရပါသည်။ ဤသို့ဖြင့် ပုဂံတွင် ဦးခေမာဝံသနှင့်အဖွဲ့တို့မှာ စုစုပေါင်း ဦးရေပေါင်း (၁၈၀၀၀) ရှိကြောင်း သိရပါသည်။

(ကျမ်းကိုး။ မောင်ပန်းမွှေး၊ လူမသိသေးသော လျှို့ဝှက်ဂန္ဓာရီကျင့်စဉ်များ၊ မဥ္ဇူသကစာပေ၊ စာ- ၂၇၊ ၂၈၊ ၂၉ စာမူကောက်နုတ်ချက်)

# အခန်း (၆)

# အင်းဝခေတ် ဝိဇ္ဇာဓိုရ်များ

## ဝိဇ္ဇာဓိုရ်မတူသယ်ရာဇာ

စာရေးဆရာကြီး ပညာရှင် ရွှေကိုင်းသားသည် နောင်လာနောက်သားများအတွက် ရှားပါးသောအချက်အလက်များကို စုဆောင်း၍ ပတ္တမြားစေတီသမိုင်းကို ပြုစုခဲ့ပါသည်။ ထိုကျမ်းစာသည် အချက်အလက် ပြည့်စုံခိုင်ခံ့လှ၏။

သီရိခေမ္မာသောကမင်းကြီး၏ စေတီတော်ပေါင်း (၈၄၀၀၀) အပါအဝင် စစ်ကိုင်းတောင်ရိုးမှ တန်ခိုးကြီးပတ္တမြားစေတီသမိုင်း ဟူသော အမည်ဖြင့် ရွှေကိုင်းသား စုဆောင်း ရှာဖွေရေးသား၍ ပတ္တမြားစေတီ ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးက ဖြန့်ချိခဲ့သည်။ ၁၃၃၃ ခု၊ ဝါခေါင်လ၊ ပဉ္စမနှိပ်ခြင်း ဟူသော စာအုပ်သာ ကျွန်ုပ်တို့လက်ဝယ် ရှိပါသည်။ ပထမနှိပ်ခြင်းကို မတွေ့မိပါ။ ထို ပဉ္စမနှိပ်ခြင်း လက်ရှိစာအုပ်ပါ ကျမ်းပြုဆရာရွှေကိုင်းသား၏ မှတ်စုမှတ်ရာများထက် ပိုမိုခိုင်ခံ့သော ဝိဇ္ဇာဓိုရ်မတူသယ်ရာဇာအကြောင်း မတွေ့သေးပါ။ စာ-၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇ တို့မှ ကောက်နုတ်တင်ပြပါမည်။

မဓူသခ်ရာဇာဟူ၍ လည်းကောင်း၊ ပဒူးသယ်ရာဇာ ဟူ၍လည်းကောင်း၊ ပိဟူသယ်ရာဇာ ဟူ၍လည်းကောင်း၊ ပန်းထူးကြီးသယ်ရာဇာ ဟူ၍ လည်းကောင်း၊ ပတူကြီးသယ်ရာဇဟူ၍ လည်းကောင်း၊ သမိုင်း၊ ကျောက်စာ၊ ရာဇာဝင်နှင့် ရှေးသူဟောင်းတို့၏ အရေးအပြောများတွင် အနည်းနည်းအဖုံဖုံ ခေါ်ဝေါ်ရေးသားနေကြသော သီရိသဒ္ဓမ္မသေနာပတိ ဘွဲ့တံဆိပ်တော်ရ သဒ္ဓါ၊ ပညာ၊ လုံ့လအားဖြင့် ပြည့်စုံစွာသော ကျောင်းကြီး (၇) ဆောင်၊ ဂူ (၅) လုံး၊ ပတ္တမြားစေတီအပါ စေတီ (၄) ဆူ၊ ပိဋကတ် (၉) ပုံ၊ (မြပုထိုးနှင့် ဥဒ္ဒိဿစေတီ ကျောက်စာအလို) ဒါယကာလည်းဖြစ်သော ပတူသယ်ရာဇာမဟာထေရ်သည်ကား သာမန်ပုဂ္ဂိုလ်တစ်ပါး မဟုတ်ပေ။ ရာဇဝင်နှင့် ကျောက်စာများအရ စစ်ကိုင်းခေတ်တွင် စစ်ကိုင်းတရဖျားမင်းကြီး (၆၈၄-၆၉၈) ၏ ဆရာအဖြစ်ဖြင့် လည်းကောင်း၊ အင်းဝခေတ်ဦးတွင် အင်းဝမြို့တည် သတိုးမင်းဖျား (၇၂၆-၇၂၉) ၏ ဆရာအဖြစ်ဖြင့်လည်းကောင်း ထင်ရှားကျော်စောခဲ့သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်လေသည်။

**အင်းဝမြို့နှင့်ဆိုင်သော အိပ်မက်များကို နိမိတ်ဖတ်ကြားခဲ့ခြင်း**

သက္ကရာဇ် (၇၂၆) ခု၊ ကဆုန်လ၊ စစ်ကိုင်းမြို့ကို ရှမ်းမင်းသိုချည်သွားဘွား တိုက်ဖျက်၍ ပျက်သည်။ နယုန်လ၊ ယင်းယမြို့ ပျက်ပြန်သည်။ တပေါင်းလ အင်းဝမြို့သို့ သတိုးမင်းဖျား စတင်တည်သည်။ ထိုအခါ ဧရာဝတွင် နဝရတ် ရွှေဘောင်နှင့်နေ၍ မြို့တည်မည် စီစဉ်တော်မူစဉ် ညဉ့်ဝယ် ဤသို့ အိပ်မက်မြင်မက်သည်။ မြို့ရာအရပ်၌ လက်ပံပင်ကြီး တစ်ပင်ရောက်၏။ အထက်ဖျား၌ ဆဒ္ဒန်ဆင်ပျံ နား၏။ ခက်မလေးဖြာ၌ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန္တာ (၄) ပါးနေ၏။ အပင်ရင်း၌ ခြင်္သေ့စောင့်၏။ အမြစ်ဖျား၌ နဂါးစောင့်၏။ ခက်မလေးဖြာတွင်နေသော ရဟန္တာ (၄) ပါးကို ဂဠုန်သုတ်ယူလေ၏။ ဤအိပ်မက်ခြောက်ပါး မြင်မက်သည်ကို ပတူသယ်ရာဇာ ဖတ်ရ၏။

ပတူကြီးသယ်ရာဇာနှင့်ပတ်သက်၍ သာသနာလင်္ကာရစာတမ်းတွင် ဤသို့ ဆက်လက်၍ ဖော်ပြထားပေသေးသည်။ ပတူကြီး သယ်ရာဇာကား ဗေဒင်၌ အလွန်လိမ္မာ၏။ လောက ဗဟုသုတများစွာ ရှိ၏။ ပိဋကတ်ကျမ်းဂန်မှာ အတန်အရာသာ။ ထို့ကြောင့် ဗေဒင်နည်းကိုမှီ၍ လောကီဒီပဏီ (လောကဒီပနီ) ကျမ်းကို စီရင်သည်။ လိင်အံဝိဘတ် အနေအထား မသင့်သည်အရာများသည် ဟူ၍ ပညာရှိတို့ ဆိုကုန်သည်ဟု ဖြစ်လေသည်။

**မှတ်ချက်။** ပိဋကတ်တော်သမိုင်း၌ ပတူကြီးသယ်ရာဇာ ပြုစုသောကျမ်းများနှင့် ပတ်သက်၍ (၃၅၇) လောကဒီပနီကျမ်းနှင့် (၃၆၆) ဩကာဒီပနီကျမ်း (၂) စောင်ကို ရတနာပူရ ပဋမမြို့တည်နန်းတည် သတိုးမင်းဖျားလက်ထက် ပတူကြီးသယ်ရာဇာ ပြုစုသည်။ ထိုသယ်ရာဇာ သီတင်းသုံးသည့်နေရာကိုလည်း ယခုတိုင် သယ်ရာဇာချောင်းဟု ခေါ်ဝေါ်ကြသည်ဟု ဖော်ပြထားလေသည်။ ဝတ္တုကံ မိုးမြေအခွန်ဘဏ္ဍာကို ကောက်ခံထိန်းသိမ်းသော ရဟန်းများကိုလည်း 'သယ်ရာဇာ-သယ်ဇာ' ဟု ခေါ်သေးသည်။ ပင်းယဥစ္စနာမင်းကြီးလက်ထက်တွင် စကားခုနစ်ကျောင်း ဝတ်မိုး၊ ဝတ်မြေကို အကြောင်းပြု၍ ဝတ္တုကံသိမ်း၊ သာသနာစိုး၊ ဝတ်စားသံဃာနှင့် သယ်ရာဇာ (သယ်ဇာ) တို့ ဖြစ်ပေါ်လာသည်ဟု သာသနာလင်္ကာရစာတမ်းတွင် ဖော်ပြထားလေသည်။

ပတူသယ်ရာဇာမဟာထေရ်၏ အရည်အချင်းနှင့်ပတ်သက်၍ သာသနာလင်္ကာရစာတမ်း၏ ဝေဖန်ချက်ကို တင်ပြပြီးနောက် ၎င်းစာတမ်းအဆိုနှင့် နှိုင်းယှဉ်လေ့လာရန် ပတူသယ်ရာဇာမဟာထေရ်ကိုယ်တိုင် မျက်မှောက်ထင်ထင် အသက်ရှင်စဉ်က ရေးထိုးမှတ်တမ်းတင်ခဲ့သည်ဟု ဆိုနိုင်လောက်သော (၇၉၁) ခုနှစ်ထိုး၊ စစ်ကိုင်း

မင်းကြီးစွာ မိဖုရားကြီး (စစ်ကိုင်းစောဥမ္မာ) ကျောင်းကျောက်စာကို တင်ပြလိုသည်။ ၎င်းကျောက်စာကြောင်းရေ ၉၊ ၁၀၊ ၁၁တို့၌ 'ပိဋကတ်သုံးပုံ' ၌ ရဲရင့်သော ပညာအားဖြင့် သီရိသဒ္ဓမ္မသေနာပတိဟု ထင်ရှားစွာသော အမည်တော်လည်း ဟိထသော၊ သဒ္ဓါပညာ လုံ့လအားနှင့်လည်း ပြည့်စုံစွာထသော၊ ထီးဖြူလည်း ဆောင်းထသော ပတ္တူသယ်ရာဇာသည် ပိဋကတ်သုံးပုံ၌ ရဲရင့်ကြောင်း အသေအချာ ဖော်ပြထားလေသည်။ ၎င်းကျောက်စာဘိုးတော် ဆင့်ထိုး စောဥမ္မာကျောင်းကျောက်စာတွင်လည်း မူရင်းအတိုင်းပင် တွေ့ရှိရလေသည်။

တစ်ဖန် စစ်ကိုင်းတောင်ညွှန်းကျမ်းတွင် ကြည့်မည်ဆိုကလည်း ပတ္တူသယ်ရာဇာ မဟာထေရ်၏ ဂုဏ်ကျေးဇူး အထူးကျော်စောခြင်းများကို ဤသို့ ချီးကျူးဖော်ပြထားသည်ကို တွေ့ရပြန်လေသည်။ မစ္စူသခ်ရာဇာ (ပတ္တူသယ်ရာဇာ) မည်သော ဘုန်းကြီးကား ရတနာပူရ အင်းဝမြို့တည်နန်းတည် သတိုးမင်းဖျား လက်ထက် ပိဋကတ်ဗေဒင် တတ်မြောက်သည်၊ ဗဟုသုတအကြားအမြင်များသည်။ ပညာရှိသည်။ နက်နဲသိမ်မွေ့စွာ ကြံနိုင်သည်။ လောကဓမ္မ တတ်ပြွမ်းလိမ္မာသည်ဖြစ်သောကြောင့် လောကီကျမ်းဂန်ကလာသော ဆေးမျိုး၊ ကျောက်မျိုး၊ လုပ်ရပ်မျိုးတို့၌ပါ အပြီးတိုင်၏။ (ပတ္တမြားတောင်၊ တောင်ဖီလာတောင်၊ ဥမင် ၃၀ တောင်) တို့၌ အပြီးလက်ဝဲလကျာ်ပေါက်သည်ဟု ဖြစ်ပေသည်။ ဤကျောက်စာမှတ်တမ်းများအရ ပတ္တူသယ်ရာဇာသည် လောကီလောကုတ္တရာတို့၌ တတ်ပြွမ်းလိမ္မာသော စွယ်စုံပညာရှင်ကြီးတစ်ယောက်ဟု ဆိုနိုင်လောက်ပေသည်။

**ပတ္တူသယ်ရာဇာ၏ ထွက်ရပ်ပေါက်ရာ ဂူဟောင်းနေရာ**

တောင်ညွှန်းကျမ်းတွင် 'ပတ္တမြားစေတီတောင် မြောက်တစ်ခေါ်လောက်တွင် တစ်နည်းတောင်ဖီလာမှဆိုလျှင် တောင်ဖီလာအရှေ့မြောက်တွင် မစ္စူသခ်ရာဇာ (ပတ္တူသယ်ရာဇာ) ငွေလုပ်သော မိုရာမိုက်ခွက်ကျောက်ခွက်များရှိ၏' ဟု ညွှန်းပြထားလေသည်။

ထိုတောင်ညွှန်းအရ တောင်ဖီလာနှင့် ပတ္တမြားစေတီတောင်အစပ်ဖြစ်သော ယခုတောင်ဖီလာချောင်သစ် တည်ရှိရာ ချပ်ကြားအတွင်း၌ ၎င်းချောင်သစ် မတည်ထောင်မီက ပတ္တူသယ်ရာဇာ၏ ဂူဟောင်းနေရာဆိုသော ဂူပျက်တစ်ခုကို လုံကွဲများနှင့်အတူ ပုဂ္ဂိုလ်တစ်ဦးက တွေ့ခဲ့၍ ဗဟုသုတနှင့်ပြည့်စုံသောပုဂ္ဂိုလ်များက ထိုသူကို လမ်းညွှန်စေကာ ပြန်လည်ရှာဖွေသောအခါ၌ မတွေ့ရတော့ဟု ဆိုလေသည်။ ယခု တောင်ဖီလာချောင်သစ် မြောက်ဘက်တောင်အခြေတွင် ပတ္တူသယ်ရာဇာဂူဟု ယူဆထားသော ဂူဟောင်းတစ်ခုလည်း ရှိနေပေသေးသည်။ သို့သော် ရှေ့မီ

ပုဂ္ဂိုလ်ကြီးတစ်ဦးက ၎င်းဂူ မဟုတ်ဟုဆိုပါသည်။

တောင်ဖီလာဘုရားနှင့် ပတ္တမြားစေတီဘုရားတို့၏ မျက်မြင်တည်ရှိနေပုံနှင့် တောင်ညွန်းက ညွှန်းပြထားသည်များကို ဆက်စပ်ကြည့်လျှင် တောင်ဖီလာချောင် သစ်နေရာသည် ပတူသယ်ရာဇာလုပ်ရပ်စခန်းအတွက် အခြေတည်ဌာနဖြစ်နိုင် လောက်ရာ၏ဟု ယူဆမိပါသည်။ ထိုနေရာမှာပင် လုပ်ရပ်စခန်းအခြေပိုင်၍ တစ်နည်းထွက်ရပ်ပေါက်၍ တောင်ဖီလာဘုရား၊ ပတ္တမြားစေတီဘုရား၊ ဥမင် (၃၀) ဘုရား စသည်တို့ကို ပြုပြင်ခဲ့သည်ဟု ယူဆဖွယ်ရာရှိလေသည်။

**ပတူသယ်ရာဇာသည် ဝိဇ္ဇာခိုရ်လော**

စစ်ကိုင်း ညောင်ပင်သာ ဦးပုညက ပတ္တမြားစေတီသမိုင်းဘွဲ့ကို တေးထပ်ဖြင့် ရေးစပ်ဖော်ပြရာ၌ 'စစ်ကိုင်းဇေယျာတောင်အများတွင်၊ မားမားစွင့်စွင့် မောက်လို့ မို့၊ ပတ္တမြားခေါ်ကြ တောင်ညိုညိုမှာ၊ ဝိဇ္ဇာခိုရ်လို ပုဂ္ဂိုလ်ထူး၊ ပဒူးသီရိထေရ်မဟာ သည်၊ တပည့်သံဃာဂိုဏ်းရှိ စိုးပိုင်မှူး' ဟူ၍ပင် ပတူသယ်ရာဇာကို ထွက်ရပ် ပေါက်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် တင်စားပြီး ဆိုခဲ့လေသည်။

ပတူသယ်ရာဇာ၏ ခေတ်ကာလကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် စစ်ကိုင်း တရဖျားကြီးခေတ် (သက္ကရာဇ် ၇၀၀) အတွင်းဆီလောက်က ထင်ရှားလာခဲ့၍ ရာဇဝင်မှတ်တမ်းများအရ အင်းဝခေတ်ဦး၊ ပတူစည်းခုံကျောက်စာ၊ စစ်ကိုင်းမင်း ကြီးစွာ မိဖုရားကြီးကျောင်းကျောက်စာနှင့် စစ်ကိုင်းမြပုထိုးနှင့် ဥဒ္ဒိဿစေတီ ကျောက်စာများအရ သက္ကရာဇ် (၈၀၀) ကျော်ခေတ်အတွင်းထိ ပတူသယ်ရာဇာ ၏ အမည်နာမများ ပါရှိနေသည်ကို တွေ့နိုင်ပေရာ ၎င်း၏မျက်မှောက်ခေတ်ကို ရာစုခေတ်တစ်ခေတ်နှင့်ပင် ပိုင်းခြားပြီးဖော်ပြရမည်ဖြစ်ပေသည်။ တောင်ညွှန်းကျမ်း အလို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ပါးအနေဖြင့် ယူဆလျှင် ကျောက်စာများဖြင့် တွက်ယူရရှိသည့် သက်တမ်း (၁၀၀) ထက်မကပင် အသက်ရှည်နိုင်ရာ၏ဟု ဆိုရ မည်ဖြစ်ပေသည်။ ယခုအထိ ပတူသယ်ရာဇာ အသက်ရှင်လျက်ရှိသေးသည်ဟု ယူဆထားသူများလည်း မနည်းလှပေ။

ဤသည်မှာ ပတ္တမြားစေတီတော်ကို ပြင်ဆင်တည်လုပ်၍ ဝတ္တုကံမြေများ လှူဒါန်း ခဲ့သော ပတူကြီးသယ်ရာဇာအကြောင်း လေ့လာရရှိရသမျှတို့ ဖြစ်ပေသည်။

# ပထမမင်းခေါင်ကြီး (ခေါ်) ဘိုးမင်းခေါင်ကြီး

အင်းဝခေတ်တွင် ပထမမင်းခေါင်ကြီးဟူ၍ ရှိ၏။ ထိုပထမမင်းခေါင်ကြီး၏ ကဗျာတစ်ပုဒ်ကို ကျွန်ုပ်တို့ငယ်စဉ်က ကျောင်းတွင် သင်ကြား၍ဖတ်ခဲ့ဖူးပါသည်။ ပထမမင်းခေါင်ကြီး၏ အတ္ထုပ္ပတ္တိကိုလည်း စာရေးဆရာကြီးဟံသာဝတီဦးဘရင် ရေးသားထုတ်ဝေခဲ့သဖြင့် ရှေးသရောအခါက ဖတ်ခဲ့ဖူးပါသည်။ နောင်သောအခါ ထိုပထမမင်းခေါင်ကြီးသည်ပင်လျှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း သိရှိရပါသည်။ ဦးစွာမှတ်တမ်းတင်သူမှာ သတ္တမကျော်အောင်စံထားဆရာတော် ဦးဝါယမဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပထမကျော်အောင်စံထားဆရာတော်အကြောင်း ဖတ်ဖူးသည်မှစ၍ ကျော်အောင်စံထားဆရာတော် အစဉ်အဆက်ကို လေးစားကြည်ညိုခဲ့ပါသည်။ ပထမကျော်များသမိုင်းကို ရေးသားသောအခါ ပထမကျော်အောင်စံထားဆရာတော်သည် များစွာသတိရပါသည်။ (၂၀၀၄) ခုနှစ်တွင် ကျွန်ုပ်သည် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆရာ၊ ဆရာမကြီးများ၏ ကျေးဇူးကြောင့်၊ ဇေကမ္ဘာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ အသက်ကယ်မှုကြောင့် တစ်ကျော့ပြန် ရှင်သန်ထမြောက်ခဲ့ရာ နေကောင်းလျှင်ကောင်းခြင်း ရတနာပုံတစ်ခွင်၊ ရတနာပူရတစ်ခွင်၊ အမရပူရတစ်ခွင် လှည့်လည်ဘုရားဖူးရာ သတ္တမကျော်အောင်စံထားဆရာတော်ထံသို့လည်း ရောက်ရှိခဲ့ပါသည်။ ထိုအခါ ဆရာတော်ထံမှ မမျှော်လင့်သော ဗဟုသုတများရရှိခဲ့ပါသည်။ ဆရာတော်ကြီးသည် ဖယောင်းစက္ကူဖြင့် ကူးထားသော ကျမ်းစာကြီးငယ်အသွယ်သွယ်ကိုလည်း ချီးမြှင့်ခဲ့ပါသည်။ ကျွန်ုပ်တို့တစ်စု မသိသေးသော အချက်အလက်ပေါင်း မြောက်မြားစွာပါရှိရာ ထိုအချက်တို့ကို အောက်တွင် ဖော်ပြပါမည်။ ထိုအချက်ကို ဆရာတော်က အကျအနမှတ်တမ်းတင်ထားပါသည်။ ထိုဗဟုသုတများအတွက် သတ္တမကျော်အောင်စံထားဆရာတော်ကြီးကိုသာ ကျေးဇူးတင်တော်မူကြပါကုန်လော့။ ကျွန်ုပ်တို့ကား တစ်ဆင့်ခံမျှသာ ဖြစ်ပါသည်။ ဆရာတော်ကြီး၏မူရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။


**အင်းဝ ဘိုးမင်းခေါင်ကြီးနှင့် တွေ့ဆုံခြင်းမှတ်တမ်း**


ဆရာတော်ဘုရားကြီးက ယနေ့ဒကာမင်းခေါင်က ဒါနပြုတာပေါ့။

မှန်လှပါဘုရား။ ဒကာမင်းခေါင်ဆိုသဖြင့် ကျွန်ုပ်သိချင်ဇောနဲ့ မေးလိုက်ပြန်၏။

ပုပ္ပါးမင်းခေါင်နှင့် ဒီဒကာမင်းခေါင်က အတူတူလားဘုရား။

မတူဘူး ကိုယ်တော်လေး။ ဒီဒကာ မင်းခေါင်က အင်းဝပဥ္စမဘုရင်မင်းခေါင်ဖြစ်တယ်။


၅၅
မင်းခေါင်ကြီး
အင်းဝတွင် ယနေ့တိုင်
ဖူးမြော်နိုင်သေးသော
ဘုရင်မင်းခေါင်ကြီး၏
အောင်မြေတွင်
မင်းခေါင်ကြီးကိုယ်တိုင်
တည်ထားကိုးကွယ်ခဲ့သော
အောင်မြေဘုရား။
ဟံသာဝတီ ဦးဘရင်ရေးသည်



အင်းဝဘုရင် ပထမမင်းခေါင်ကောင်းမှုတော်
ဒီပက်ရာစေတီတော်မြတ်သည် နှစ် (၆၀၀) ကျော်ခဲ့ပြီ ဖြစ်သည်။

ဒကာမင်းခေါင် ကိုယ်တော်လေးကို ဒကာ အောင်မြင်လာပုံ မကျဉ်းမကျယ် ပြောပြ လိုက်စမ်းပါဟု မိန့်သော် ဘုရင်မင်းခေါင်က ပြောသည်မှာ -

တပည့်တော် ထွက်ရပ်လမ်းရောက်လာရသည်မှာ မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ခဲ့ပြီး သစ္စာကို အထူးအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းခဲ့သည့်အတွက် ဖြစ်ပါတယ် ကိုယ်တော်လေး။ ဘာဝနာအနေအထားဖြင့် သရဏဂုံ (၃၀) ကို မနက်၊ ည (၃) ကြိမ် (၉၀) စီ တစ်ရာရှစ်ဆယ့်ကိုးနှစ် အဓိဋ္ဌာန်ပြီး စိပ်ပါတယ်။ (၈) ရက်လပြည့်၊ လကွယ်နေ့များမှာ သက်သတ်လွတ်စားပြီး ကိုးပါးသီလစောင့်ပါတယ်။ ထိုစရဏ များကြောင့် ထွက်ရပ်ပေါက်မြောက် အောင်မြင်လာခြင်းဖြစ်ပါတယ် ဘုရား။

သာဓု ဒကာတော် သာဓု သာဓု သာဓု။ ယခုတော့ ဘာပုတီးစိပ်ပါသလဲ ဒကာတော်။

ဒီသရဏဂုံပဲ စိပ်ပါတယ်။

အပတ်ရေက ဘယ်လောက်စိပ်ပါသလဲ ဒကာတော်။ နေ့ (၅၀၀)၊ ည (၅၀၀) တစ်နေ့တစ်နေ့ (၁၀၀၀) စိပ်ပါတယ်ဘုရား။ သာဓုပါ ဒကာတော်။ သာဓု သာဓု အသက်ဘယ်လောက်ရှိသွားပါပြီလဲဒကာတော်။

(၆၀၀) ကျော်ခဲ့ပါပြီ ဘုရား။ ဒီဘဝနှင့်ပဲ အရိမေတ္တယျစောင့်ပြီး ကျွတ်တမ်းဝင်ဖို့ရာ ရည်ရွယ်ထားပါ ဘုရား။

ကောင်းတယ် ဒကာတော်၊ ကောင်းတယ် ဒကာတော်။ အလိုဆန္ဒပြည့်ဝမှာပါ။

ဘုရင်မင်းခေါင်လို့ အမည်မရခင်က နာမည်ဘယ်လိုခေါ်ပါသလဲ ဒကာတော်။ မင်းဆွေလို့ ခေါ်ပါတယ် ဘုရား။

ဒကာတော်တို့အမျိုးက ဘယ်ကသက်ဆင်းလာတာပါလဲ။ (ပြည်ဆက်ပါ ဘုရား) အင်းဝဘုရင်မင်းခေါင် ဆိုပါတော့။ ပဋ္ဌမမင်းခေါင်ပေါ့။ (မှန်ပါတယ် ဘုရား) သတိုးဆက်နှင့် မင်းခေါင်ဆက် ဘယ်သူအရင်ကျပါသလဲ။ (သတိုးဆက်က အရင်ကျပါ တယ် ဘုရား) အင်းဝတည်တာ သတိုးဆက်ကပေါ့။ (မှန်လှပါ ဘုရား သတိုးဆက်က တည်တာပါဘုရား။ သတိုးဆက်ကို လုပ်ကြံလိုက်တော့ မင်းခေါင် ဆက် ပေါ်လာ တာပါဘုရား) ဒီလိုဆိုရင် ဝန်မလေးရင် သတိုးဆက်နဲ့ မင်းခေါင်ကူးလာပုံ၊ ဒကာ တော် နန်းရလာပုံ၊ ဒကာတော် ထွက်လာခဲ့ပုံ၊ ဒကာတော် ရဲ့ ဆရာတော် စသည့် အကြောင်းအရာများကို မကျဉ်းမကျယ်ပြောပါလား။ ဦးပဥ္စင်းလည်း ဗဟုသုတ လည်းဖြစ်၊ ဉာဏ်လည်း ဆန့်နိုင်အောင်ပါ ဒကာတော်။ (ကောင်းပါပြီ ဘုရား။ နားဆင်တော်မူပါ ဘုရား။ တပည့်တော်က ခုနစ်ရာသုံးဆယ့် လေးနှစ်ဖွားပါသည်။ တပည့်တော်၏ ခမည်းတော်က မင်းကြီးစွာဖြစ်ပါသည်။ ခမည်းတော်က တပည့်၏ဇာတာကို ဟူးရားဖြူ ဟူးရားညိုတို့နှင့် စစ်ဆေးသော

အခါ မင်းဖြစ်မည့်အရည် အသွေးကို မြင်သောကြောင့် ယခုငယ်စဉ်ကပင် မျက်ကွယ်ရာသေပေစေတော့ဟုဆိုပြီး ထွန်တုံးပူတက်တောင်ဘက် ကျောက်ဆည် ပန်းထိမ် မဖဲအရပ်တို့မှာ ပို့ထားပါသည်။ အထိန်းတော်နှစ်ယောက်တည်းနှင့် ထားပါသည်။ ဘုရားတပည့်တော် (၁၀) နှစ်သား အရွယ်ရောက်အောင် မသေဘဲ ရှိနေပါသဖြင့် ကံအတိုင်းဖြစ်စေတော့ ဟုဆိုပြီး ပြန်ခေါ်တော်မူ၍ ပင်လယ်ကျေး သံဃရာဇာထံ စာသင်စေပါသည်။ ဆရာတော်လည်း ပိဋကဗေဒင် ကျွမ်းကျင်တော် မူသောကြောင့် ဘုရားတပည့်တော် ဇာတာလက္ခဏာများကိုမြင်လျှင် လျင်လျင် မြန်မြန် မင်းအဖြစ်ကို ရစေလို၍- **သိဒ္ဓံ နမော ဗုဒ္ဓါယ အအာ။ ဣ ဤ၊ ဥ ဦ၊ ဧ အဲ၊ ဩ ဪ၊ အံ အား** ဟု သင်ပေးတော်မူပါတယ် ဘုရား။ ထိုအချိန်အခါကစပြီး ဘုရားတပည့်တော် သိဒ္ဓံ နမော ဗုဒ္ဓါ ယ အအာ ဣဤ ဥဦ ဧအဲ ဩဪ အံအားကိုပဲ နံနက် (၃) ပတ်စီ ပုတီးစိပ်ပါတယ်ဘုရား။ ယခုတော့ ဗောဓိပက္ခိယတရား (၃၇) ပါးနှင့်အညီ (၃၇) ပတ်စိပ်ပါတယ် ဘုရား) ကောင်းလိုက်တာ ဒကာတော် သာဓု သာဓု သာဓု။ ရှေ့ဆက်ပါဦး ဒကာတော်။

(တပည့်တော် ဆယ်နှစ်နှစ်အရွယ်သို့ရောက်၍ မိုးသောက်ယံတွင် တပည့်တော်၏ ချက်မှအူထွက်၍ အဝမြို့ကို ရစ်ပတ်ထားပါသည်ဟု မြင်မက်ပါသည်။ ဒီအိပ်မက် ကို ဆရာတော်ဘုရားကိုလျှောက်ထားတော့ ဆရာတော် ရုတ်တရက်ထ၍ဘုရား တပည့်တော်ကို ခြေနှင့်ကျောက်ပါသည်။

ထိုအခါ ဘုရားတပည့်တော်က အရှင်ဘုရား အိပ်မက်အကြောင်းကို လျှောက်တာ ပါ ဘုရား။ အေးဟဲ့ အဲဒါကြောင့် မှတ်လောက်သားလောက်ရှိသွားအောင် လုပ်ရ တာဟဲ့။ ငါ ကြားဖူးတာကို မင်းသားကို ပြောပြမယ်။ သေသေချာချာမှတ်နော်။ ငါ ပဉ္စင်းဖို့ (၅) ဝါလောက်ရတုန်းက တောင်ဘီလူးကုံးစစ်ကိုင်းချောင် ရှင်သာသန ဓရ ရှင်ပရက္ကမညီနောင်တို့နေရာ ရှင်ပတ္တမထံတွင် စာသင်သောသောအခါ ဆွမ်းခံ လေရာတွင် လေခပ်၍ ဦးထုပ်ကျသည်ကို ခြေနှင့်နင်းမိ၍ ငါမင်းဆရာ ဖြစ်မည် မချွတ် မင်းဆရာဖြစ်ပါလျှင် အမိုးယက်မလျှိုနှင့် တံတားဆောက်မည်ဟု အဓိဋ္ဌာန် ပြုသည်ဟု ငါကြားခဲ့ရသည်။

မင်းသားလည်း အိပ်မက်အလို မကြာခင် မင်းဖြစ်ရလိမ့်မည်။ မင်းဖြစ်လျှင် မေ့မည် စိုး၍ ငါခြေနှင့်အမှတ်ပေးသည်ဟု မိန့်တော်မူပါလျှင် ဘုရားတပည့်တော်က အလို အတိုင်း ပြီးရစိမ့်မည်ဖြစ်ကြောင်းပါဘုရားဟု လျှောက်ထားလိုက်ပါသည်။

ဘုရားတပည့်တော် အသက် (၂၉) နှစ်တွင် ဘုရင်မင်းအဖြစ်ရခဲ့ပါသည်။ မင်း

ဖြစ်ရောက်သောအခါ ပုဂံရွှေစည်းခုံဘုရားသို့ ထွက်တော်မူပြီး ဖူးမြင်သောအခါမှာ အရှေ့တောင်ထောင့် အဂ္ဂိထောင့်က သိကြားမင်းကိုယ်တိုင် လက်တော်ကိုင်၍ ပြုလုပ်သော ခြင်္သေ့ရုပ်သည် ခေါင်းကလည်း လှုပ်ပြ၊ ဖင်ကလည်း လှုပ်ပြ၊ ခါးက လည်း လှုပ်ပြ၊ အမြီးတို့၊ နားတို့လည်း လှုပ်ပြပြီး မြူးရွှင်ပြသလို ပြုလုပ်သည်။ ထိုအခြင်းအရာကိုမြင်ကြသော မှူးမတ်အပေါင်းတို့က ဘုန်းတန်ခိုးအာနုဘော်ကို မအံ့ရဲမျှရှိကြပါကုန်တယ်။ ဘုရားတပည့်တော်၏ ဘုန်းတန်ခိုးတေဇော်အာနုဘော် ကြီးမြတ်ကြောင်းကိုလည်း ပြောဆိုကြပါတယ် ဘုရား။ ထိုညပင် စက်တော်ခေါ်လို့ မွေးခနဲ ဖြစ်ခိုက်၊ မင်းခေါင် ဟူသော အမည်ခံလေဟု အိပ်မက်လိုလို အဟုတ် လိုလိုဖြစ်ပါတယ်ဘုရား။ ထို့ကြောင့် တပည့်တော်က မင်းဆွေမှမင်းခေါင် ဖြစ်လာပါတယ် ဘုရား)

ဩ ဒါကြောင့် ဒကာကြီး ထွက်ရပ် ဘက် ရောက်လာတာကိုး။ (ရာဇာဓိရာဇ်နှင့် အရေးတော်ဖြစ်တာ ဒကာကြီးလား မှန်လှပါ ဘုရား) ဒီလိုဆိုတော့ မင်းရဲကျော်စွာ က ဒကာကြီးရဲ့သားတော်ကိုး။ (မှန်လှပါဘုရား။ တပည့်တော် သားတော်ပါ။ သားတော်မင်းရဲကျော်စွာ စစ်ပွဲမှာ ကျဆုံးပြီး ရာဇာဓိရာဇ်၏သားတော် ဗညားစက် ကိုရသည်မှစ၍ တပည့်တော် စစ်မတိုက်ဘဲနှင့် ဒီဘက်ကိုရောက်လာတော့တာပါပဲ ဘုရား)

ဘယ်အသက်အရွယ်လောက်ကစပြီး ဒီဘက်ကိုဖိဖိစီးစီး အားထုတ်ခဲ့ပါသလဲ ဒကာ တော်။

(အသက် (၄၅) နှစ်လောက်ကစပြီး ဒီဘက်ကို လိုက်လာတာပါဘုရား။ ကျောင်းနေ တုန်းကစပြီး မင်းဖြစ်သည့်တိုင်အောင် **သိဒ္ဓံ နမော ဗုဒ္ဓါယ-အအာ၊ ဣဤ၊ ဥဦ၊ ဧအဲ၊ ဩဪ၊ အံအား** ကို တစ်ပုဒ်လုံး တစ်လုံးချပြီး စိပ်ခဲ့ပါတယ်ဘုရား။ (၃) ပတ်မှ (၉) ပတ်တိုင်အောင် စိပ်လာပါတယ် ဘုရား။ စစ်တိုက်ရပ်ပြီး ဒီဘက်ကို လိုက်လာတော့ ဆရာအရှင်မြတ်ကို ဘာစိပ်ရလျှင် အကျိုးပြီးနိုင်ပါသလဲ ဘုရား လို့ မေးလျှောက်တော့ **သရဏဂုံ (၃၀)** ကို နံနက်၊ နေ့၊ ည (၉၀) စီစိပ်ပြီး ဘုရားတည်၊ ကျောင်းဆောက်လုပ်လာတာ (၄၉) နှစ်ကြာတော့ အသေထွက်လာခဲ့ ပါတယ် ဘုရား)

ကြားထဲ ကြားထဲမှာ ဂါထာမန္တန်တို့ကော ရွတ်ဖတ်ကြပါသေးလား ဒကာတော်။ (ရွတ်ဖတ်ပါတယ် ဘုရား။ ပရိတ်တော်ကြီး (၁၁) သုတ်နှင့် ဂါထာ (၄၅) ပုဒ် အမြဲရွတ်ပါတယ် ဘုရား)

ထိုဂါထာများကို ဝန်မလေးရင် ရွတ်ပြပါလား ဒကာတော်ဟု တိုက်တွန်းတော်မူလိုက်သဖြင့် ရွတ်ပြပါတော့သည်။ ရွတ်ပြီးလျှင် ကျွန်ုပ်နှင့် မဟာမြိုင်ဆရာတော်ကြီးတို့က သာဓုအနုမောဒနာ ခေါ်ကြ၏။ ဂါထာစုပါသော ပုရပိုက်ကိုလည်း ပေး၏။ ဘုရင်မင်းခေါင် (ခေါ်) ဘိုးမင်းခေါင်ကြီးရွတ်သော ပရိတ်ဂါထာများကို ဖတ်ရှုလေ့လာလိုပါလျှင် အမရပူရမြို့၊ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် အရှင်ဝါယမာဘိဝံသ ပြုစုသော အလောင်းတော်ကဿပမှတ်တမ်း၊ ၁၉၉၉ ခု၊ စာ-၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂ တို့ကို ကြည့်ရှုပါလေ။

## အရညဝါသီ ဓမ္မစေတီမင်းခေါင် (၁၄၇၂-၁၄၉၂)

ဓမ္မစေတီဟူသောအမည်သည် ရှင်စောပုဟူသော အမည်နှင့် သမိုင်းကြောင်း ဆက်စပ်လျက်ရှိပါသည်။ ဆရာကြီးမြဒေါင်းညိုသည် (၁၀. ၈. ၁၉၄၀) ရက်စွဲဖြင့် ရှင်စောပုစာအုပ်ကို ရေးခဲ့ဖူးပါသည်။ ရန်ကုန်မြို့ ကျောင်းသား စာပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့ပါသည်။ ထိုစာအုပ်အရလည်း ဓမ္မစေတီမင်း၏ ရှေးဟောင်းနှောင်းဖြစ်များကို သိခွင့်ရခဲ့ပါသည်။ ဧကရီဘုရင်မကြီး ရှင်စောပု၏ ရှေးဟောင်းနှောင်းဖြစ်များကိုလည်း သိခွင့်ရခဲ့ပါသည်။


ကျွန်ုပ်တို့သည် ပြည်မြို့ ရတနာမာရ်အောင် တောရကျောင်းတိုက်တွင် ရွှေဖျိုင်းနားဆရာတော်ကို ဖူးတွေ့စဉ်ကာလက ဆရာတော်ကြီးက အမိန့်ရှိသည်မှာ မိမိသည် ငယ်စဉ်က ပဲခူးတွင် အစိဋ္ဌာန်ဝင်ခဲ့ဖူးကြောင်း၊ မိမိ၏ (၃၇) ပါးသော ဆရာသခင် ကျေးဇူးရှင်များစာရင်းတွင် အရညဝါသီ ဓမ္မစေတီမင်းလည်း ပါခဲ့ကြောင်း၊ ပဲခူးတွင် အစိဋ္ဌာန်အောင်စဉ်က မိမိအား ဓမ္မစေတီမင်းက ရေစင်တိုက်ခဲ့ဖူးကြောင်း၊ လျှဒါန်းခဲ့ဖူးကြောင်း မိန့်ကြားခဲ့ပါသည်။ ထိုအကြောင်း ပန်းချီကားချပ်ကြီးကို ပြည်မြို့ ရတနာမာရ်အောင်တောရတွင် တကူးတက ချိတ်ဆွဲထားကြောင်း တွေ့ခဲ့ဖူးပါသည်။ ထို့ကြောင့်ပင်လျှင် ဓမ္မစေတီမင်းခေါင်ကို အရညဝါသီဓမ္မစေတီမင်းခေါင်ဟူ၍ ကြည်ညိုစွာပူဇော်ခြင်း ဖြစ်ပါသည်။ သည့်ထက်မက တိုး၍သိသူများက ဓမ္မစေတီမင်းခေါင်သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း လေ့လာတွေ့ရှိပြီး ဖြစ်ပါသည်။ ထိုအချက်ကိုကျော်လွှား၍ အရှိအတိုင်း ပြောကြားပါမည်။ အောက်ပါ အချက်အလက်များကို ကလျာဏီကျောက်စာစာအုပ်ကြီးမှ ရရှိပါသည်။ ဓမ္မဗျူဟာ အသင်းကြီးသည် ပျောက်ဆုံးနေသော တောင်တွင်းကြီး ခင်ကြီးဖျော်၏ ကလျာဏီကျောက်စာ ဘာသာပြန်စာအုပ်ကို ရှားရှားပါးပါး ထုတ်ဝေစဉ်ကာလက ဓမ္မစေတီမင်းအကြောင်းကို နိဒါန်းသဖွယ် ရေးသားခဲ့ပါသည်။ ထိုနိဒါန်းမှာ နိဒါန်းဟု ဆိုသော်လည်း အလွန်ကောင်းမွန်ပြည့်စုံလှသဖြင့် တရိုတသေ သိမ်းထားခဲ့မိပါသည်။ ထိုအချက်ကို ယခု ပြန်လည်တင်ပြပါမည်။

ရာမညတိုင်း၊ ဟံသာဝတီပြည်တွင် မထင်ရှားသော ဇနီးမောင်နှံနှစ်ဦးရှိကြရာ လင်၏အမည်မှာ ဗောဓိဂမုံး၊ မယား၏အမည်မှာ မိတတ် ဟူ၏။ မယားမိတတ်သည် အခါတစ်ပါးသောနေ့၌ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်၏။ မက်ဟန်ကား အရှေ့ဘက်မှ သီတင်းသုံး (လူသူတော်) တစ်ဦးသည် လာလတ်၍ မုဒရက်သီးတစ်လုံးကို မိတတ်၏ ဦးခေါင်း၌ စွပ်ပေးခဲ့ပြီးသော် ကြာနီတစ်ပွင့်၊





ဓမ္မစေတီ ဆုတောင်းပြည့်ဘုရား
ဓမ္မစေတီမင်း ကိုးကွယ်ခဲ့သော
ဘုရားဖြစ်သည်။
ရွှေတိဂုံစေတီတော် အရှေ့ဘက်
စောင်းတန်းအနီးတွင် ရှိသည်။
ပန်းချီကားတွင် တွေ့ရသော
ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်မှာ
ဓမ္မစေတီမင်းခေါင်၏ ပုံတော်
ဖြစ်ပါသည်။
ပြည်၊ ရတနာမာရ်အောင်တောရ
ဦးဝိဇ္ဇာဗလဆရာတော်
အမိန့်ရှိသည့်အတိုင်း ပန်းချီဆရာက
ရေးဆွဲတင်ပြသော ပုံတော်ဖြစ်ကြောင်း
သိရပါသည်။
၎င်းပန်းချီကားကို ရွှေဗျိုင်းနားဆရာတော်
ဦးဝိဇ္ဇာဗလ ရှိစဉ်က
ကျောင်းမျက်နှာစာအဝတွင်
ပူဇော်ထားသော ပုံဖြစ်သည်။
ဆရာတော်၏ တောစဉ်တောင်ခဉ် ဆရာ
(၃၇) ပါးတွင် ဓမ္မစေတီမင်းခေါင်သည်
တစ်ပါးအပါအဝင်ဖြစ်ကြောင်း
ရွှေဗျိုင်းနားဆရာတော်
ဦးဝိဇ္ဇာဗလကိုယ်တိုင်
မိန့်ကြားတော်မူခဲ့ပါသည်။





ဝယ္ဃဝတိပင်းဝေါ်ဝေတဝတာ
ကျွန်းကြီးကားကုလ်ခိုယ်ညီ ဖဲ့ရဂျမျှား

## ဓမ္မစေတီမင်းခေါင်ဘဝက
## ကျင့်ကြံအားထုတ်ခဲ့သည့် နေရာများ




ပေ (၃၆၀၀) မြင့်သော
ဝင်းကျိုက်တောင်
တစ်နေရာတွင်
တွေ့ရှိရသည့်
ဓပ္ပစေတီပင်း
သပုတ်ခဲ့သော သိပ်တော်



မွေ့စေတီမင်း ခေါင်းလောင်းတော်

အေဒီ (၁၄၇၁) ခုနှစ်တွင် ဟံသာဝတီပြည် (ပဲခူး) ၌ နန်းတက်တော်မူသော မွေ့စေတီမင်း လှူဒါန်းသည့် ခေါင်းလောင်းတော် အတွင်းအပြင်တွင် ဂါထာများနှင့် အင်းများ ရေးထိုးထားကြောင်း လေ့လာတွေ့ရှိရသည်။ ထိုခေါင်းလောင်းတော်ကြီးသည် ပဲခူး ရွှေမော်ဓောစေတီတော် ရင်ပြင်တော် အဂ္ဂိထောင့်တွင် ယနေ့တိုင် တွေ့ရှိနိုင်ပါသည်။

ကြာခေါင်းလောင်းတစ်ပွင့်၊ ကြာဖြူတစ်ပွင့် သည်သုံးပွင့်တို့ကို ပေးခဲ့၍ သွားလေသည် ဟူ၏။

ထိုမိတတ်သည် မိုးသောက်လျှင် အိပ်မက်ဖတ်တတ်သော ပညာရှိတို့ကို ပြန်ကြားမည်ဟု သွားရန် ကြံစည်စဉ်မှာပင် ပုဏ္ဏားကြီးတစ်ဦး လာလတ်သောကြောင့် ၎င်းပုဏ္ဏားကြီးအား အိပ်မက်ကို ပြန်ကြားလေလျှင် ပုဏ္ဏားကြီးက 'ဒကာမခေါင်း၌ မုဒရက်သီးကို စွပ်လာသည့်အလိုကား ဒကာမဝမ်း၌ သားယောကျ်ားလေး ပဋိသန္ဓေတည်လာပြီ။ ထိုသားယောကျ်ားလေးသည် လက်ဦးစွာ ရဟန်းပြု၍ ပိဋကတ်သုံးပုံကို တတ်လတ်မည်။ ကြာခေါင်းလောင်းပေးခဲ့သည့် အလိုကား ထိုကြာခေါင်းလောင်းကို မွန်တို့ဘာသာ တဂေါ်ဟု ဆိုသည်။ တဂေါ်လည်း တနင်္လာနံ၊ ပကိုးသည်လည်း တနင်္လာနံဖြစ်သောကြောင့် ပကိုးကို အစိုးရလတ်မည်။ ကြာပန်း (၃) ပွင့် ပေးလာသည်ဖြစ်၍လည်း ယင်းမင်း၏အနွယ် မင်းသုံးဆက် ဖြစ်လတ်မည်' ဟု ဖတ်၏။ ယင်းပုဏ္ဏားကြီးအား တတ်အားသမျှ ပူဇော်သက္ကာရပြုလျှင် 'ပြန်ခါမှ ငါယူမည်' ဟု ဆိုပြီးလျှင် သွားလေသည်။ ကာလမြင့်မြဲစွာကြာ၍ မရောက်လာသောကြောင့် အခြားပုဏ္ဏားတို့အား ပေးလှူရလေ၏။ ယင်း မိတတ်လင်မယားတို့လည်း 'နတ်တို့အိပ်မက်ကို ဖတ်လာလေသည်' ဟု ဝမ်းမြောက်၍နေလေ၏။ ကိုယ်ဝန် (၃) လရှိလျှင် မိတတ် လက်ကိုကိုင်၍ ရွှေမော်ဓောရင်ပြင်ထက်သို့ ရဟန်းတစ်ယောက် တင်လေသည်ဟု မြင်မက်ပြန်၏။ ကိုယ်ဝန် (၆) လရှိလျှင်လည်း ရွှေမော်ဓော ခေါင်းလောင်းထက်သို့တက်၍နေသည်ဟု မြင်မက်ပြန်၏။ ကိုယ်ဝန် (၁၀) လစေ့လျှင် သားယောကျ်ားကို ဖွားမြင်၏။ ထိုသားငယ်ကို မင်းတန်ဟု အမည်မှည့်၏။ ထိုသူငယ်ကြီးလတ်လျှင် နွားကျောင်းသားတို့နှင့် ကစားသည်ရှိသော် နွားကျောင်းသားတို့ကို နိုင်လေသဖြင့် မင်းမြှောက်ကစားကြပြီးလျှင် နွားချေးခြောက် အရှက်အပြားတို့ကို ကျိုင်းပြု၍ ကာလျက် လက်ထမ်းစင်ပြုပြီးနောက် ပင့်ဆောင်ကြကုန်၏။ ထိုအခါ လူအများတို့က နွားချေးခြောက်ကျိုင်းတို့ကို ကျိုင်းအစစ် ထင်မြင်ကြရကုန်၍ ရှာသူကြီးအား ပြောကြားကြကုန်၏။

ရွာသူကြီးက သူငယ်၏မိဘတို့ကိုခေါ်၍ နင့်သား၏ အပြုအမူသည် ကြီးကျယ်သည်ဖြစ်သောကြောင့် မင်းစိုးကြားသော် သင့်မည်မဟုတ်။ နင့်သားကို ရဟန်းပြု၍ ကျောင်းကန်မှာထားလေဟု ဆိုလျှင် မိဘတို့သည်လည်း ထိုသူငယ်ကို သာမဏေပြု၍ ကျောင်းမှာထားလေ၏။ ထားလျှင် ထိုသူငယ်၏ဆရာသည် နမောဟု ရေးပြလျှင် သူငယ်လည်း နမော၏ အဓိပ္ပါယ်ကို မေးလတ်၏။ နမော၏ အဓိပ္ပါယ်ကို ဆရာမသိနိုင်လျှင် ထိုမောင်ရှင်သည် မိဘတို့ထံသွား၍ ဤရဟန်းသည် နမော၏

အဓိပ္ပါယ်ကိုမျှ ငါမေးလျှင် မဖြေနိုင်သည်ဖြစ်၍ ဤရဟန်းကျောင်းတွင် ငါနေ၍ စာပေကျမ်းဂန် တတ်နိုင်မည် မဟုတ်။ သို့ဖြစ်၍ စာပေကျမ်းဂန်တတ်သော ကျောင်းတွင်သာ ငါ့ကိုထားပါဟု ဆိုလေ၏။

မိဘတို့သည် သာမဏေကို ယင်းကျောင်းမှနုတ်၍ ဟံသာဝတီမြို့တော်တွင်းရှိ စနုကလမည်သော ကျောင်းမှာထားလေ၏။ ယင်းဆရာတို့သည်လည်း ထို သာမဏေကို နမောဟု ရေး၍ပြလျှင် ထိုသာမဏေသည် ရှေးကဲ့သို့ နမော၏ အဓိပ္ပါယ်ကို မေးမြန်း၏။ ဆရာလည်း စာပေကျမ်းဂန်တတ်သည်ဖြစ်၍ ဤသို့ ဖြေ၏။ 'အဟံ - ငါသည်၊ သိရသာ-ဦးဖြင့်၊ ဗုဒ္ဓါယ- မြတ်စွာဘုရားအား၊ နမော- ရှိခိုးခြင်းသည်၊ သိဒ္ဓံ - ပြီးစေသတည်း' ဤသို့ ဖြေပြီးလျှင် သင်ပုန်းကြီးကစ၍ ဖတ်စာ၊ ဇာတ်နိပါတ် ကျမ်းဂန် စသော ဟူးရားဂဏန်း ဗိန္ဓောရောဂ နိဒါန်း အစ ရှိသော ဆေးဝါးကျမ်း အဋ္ဌာရသအတတ်တို့ကို အကုန်သင်လေ၏။ ထိုမောင်ရှင် သည် ကျမ်းဂန်ပေစာတို့ကို အတုလွတ်တတ်သောကြောင့် ဓမ္မဓရ ဟူသော အမည် ကို မှည့်၏။

ယင်း စနုကလကျောင်းတွင် ၎င်းအရပ် ပကန်တောင်ဟူသော ရွာသား သာမဏေ တစ်ပါးသည်လည်း စာပေကျမ်းဂန်တတ်လှသောကြောင့် ဓမ္မဉာဏဟူသောအမည် ကို မှည့်၏။ ထိုသာမဏေနှစ်ပါးတို့သည်ကား အလွန်တရာ ချစ်ခင်ကြကုန်လျက် အတူတကွနေကြကုန်၏။ အခါတစ်ပါး ထိုသာမဏေနှစ်ပါးတို့သည် ဤသို့ ကြံကြ ကုန်၏။ ပုဂံအဝပြည်တို့သည် စည်ပင်သာယာလှ၏။ စာတတ် ပေတတ်လည်း များလှ၏ဟူသည်ဖြစ်၍ ငါတို့နှစ်ပါး ပုဂံအဝသို့တက်၍ စာပေကျမ်းဂန်လည်း သင်ချေရစေ။ အရပ်အရာတို့ကိုလည်း ကြည့်ရှုချေရစေ ဟူ၍ တိုင်ပင်ကြပြီးသော ဆရာအား ခွင့်တောင်း၍ သာမဏေနှစ်ပါးတို့သည် အဝသို့တက်ကြလေကုန်၏။ အကြား၌ (၂၅) ရက်ကြာမှ အဝသို့ရောက်လေကုန်၏။ ရောက်လျှင် စစ်ကိုင်းဘက် သို့ ကူးပြီးသော် အရိယဓဇဘုန်းတော်ကြီးကျောင်းတွင် နေလေကုန်၏။ (မွန်ရာဇဝင်မူကား စစ်ကိုင်းမြို့ကဂါဆိပ်တွင် သက်ငယ်ကျောင်း ဆောက်၍နေ သည်ဟု ဆိုပါသည်) ကာလရှည်ကြာလျှင် မွန်မင်းသမီး ရှင်စောပုသည် သာမဏေ နှစ်ပါးတို့ ဟံသာဝတီကလာ၍ စစ်ကိုင်းဘက် အရိယဓဇဘုန်းတော်ကြီးကျောင်း တွင်နေသည်ဟု ကြားသဖြင့် ပင့်ခေါ်စေ၏။

ရှင်စောပုအကြောင်းကား ဟံသာဝတီ၌ ဒဂုံစား ဗညားကျန်းသည် မုတ္တမသို့ကူး၍ နေလေလျှင် ဗညားကျန်း နောင်တော်ဗညားရံ အိမ်ရှေ့မင်းသည် ဟံသာဝတီက ဒဂုံသို့ ချီလာ၍ နောင်တော် ဗညားဓမ္မရာဇာ (မွန်မင်း) ကို ပုန်ကန်လေ၏။

ယင်းသို့ ရာမည၌ အစုစုရှိကြောင်းကြားလျှင် အဝမင်း ဆင်ဖြူရှင်သီဟသူသည် ကြည်းတပ်၊ ရေတပ်၊ အင်အားကြီးမားစွာဖြင့် ဟံသာဝတီသို့ ချီလာ၏။ ရောက်လျှင် ဒဂုံကို ကြည်းရေဝန်းရံ၍ လုပ်ကြံသည် မရလေ။ ဝန်းရံ၍သာ နေရချေသည်။ တစ်လခန့်ရှိလျှင် ဒဂုံမင်း ဗညားရံသည် နှမတော် ရှင်စောပုကို ဆက်ပါတော့မည် ဟူ၍ အရေးစကားဖြင့် တပ်သို့စေလှာ၏။ ထို့နောက် ပြာသာဒ်သုံးဆောင် ဆောက်ပြီးလျှင် နှမတော်ရှင်စောပုကို 'သီရိတြိဘဝနာဒိတျာပဝရ အတုလ အဂ္ဂမေ ရာဇာဓိရာဇာဒေဝီ' ဟူသော အမည်ဖြင့် ဘိသိက်ခံတော်မူ၍ မိဖုရားကြီးတို့၏ အဆောင်အယောင်နှင့်တကွ ကိုယ်လုပ်အမတ်သမီး သုံးကျိပ် အထိန်းအချီနှင့်တကွ ပေး၍ ဝေါဖြင့် ဆင်ဖြူရှင်သီဟသူရှိရာ တောင်တော်သို့ မွန်အမတ်၊ မြန်မာအမတ်တို့ ဝန်းရံ၍ ပို့လှာ၏။ ဆင်ဖြူရှင်သီဟသူလည်း တောင်တော်ထက်တွင် ခရီးဦးကြိုဆို၍ လက်လှမ်းတော်မူနှင့်၏။

ရှင်စောပုကား မွန်ဘုရင် ရာဇာဓိရာဇ်မိဖုရား သုဒ္ဓမာယာတွင် ဗညားရံနှင့် ရှင်စောပုကို မြင်သည်။ ခမည်းတော်ရှိစဉ်ကပင် အသက် (၂၀) နှစ်အရွယ် ရှင်စောပုကို တူတော်သမိန်စည်သူနှင့် စုံဖက်တော်မူ၍ သမီးတော် (၂) ပါး (နဲတကာတော်၊ နဲတကာသင်) နှင့် သားတော် (ဗညားဗရူး) ကို မြင်သည်။ ရှင်စောပု အသက် (၂၅) နှစ်တွင် သမိန်စည်သူ ကံကုန်၍ မောင်တော်ဗညားရံနှင့် ဆင်ဖြူရှင်သီဟသူကို ဆက်သည်။ ဆင်ဖြူရှင် သီဟသူလည်း အပြင်အလှာ အရောင်အဆင်း ကောင်းလှသောကြောင့် အလွန်လေးမြတ်တော်မူသည်။

အေဒီ ၁၄၂၅ အေဒီ (၁၄၂၅) ခုနှစ်တွင် ဆင်ဖြူရှင် သီဟသူနတ်ရွာစံ၍ သက်တော် (၉) နှစ်ရှိ သားတော် မင်းလှငယ် နန်းတက်သည်။ (၃) လမျှဖြင့် အနိစ္စရောက်၍ ကလေးကျေးတောင်ညို နန်းတက်သည်။ ယင်းလည်း (၇) လမျှဖြင့် အနိစ္စရောက်ပြန်ပြီးနောက် အေဒီ (၁၄၂၆) တွင် မိုးညှင်းမင်းတရား ရွှေထီးရွှေနန်း အုပ်စိုးတော်မူသည်။ ရှင်စောပုလည်း မင်းအဆက်ဆက်ပင် မိဖုရားကြီး ဖြစ်လေ၏။

မိဖုရားရှင်စောပုသည် မွန်သာမဏေနှစ်ပါးအား ဟံသာဝတီအကြောင်းကိုမေးသော် ပြည်ရွာအကြောင်းခပ်သိမ်းကို ပြန်ကြားလျှင် အလွန်တရာကြည်ညို၍ ထိုသာမဏေနှစ်ပါးကို သားပြု၍ မွေးစားလေ၏။ နောင်လည်း ရဟန်းအဖြစ် ချီးမြှောက်၏။

အေဒီ ၁၄၂၉ အေဒီ (၁၄၂၉) ခုနှစ်တွင် ရှင်စောပုကို ဓမ္မဓရ၊ ဓမ္မဉာဏတို့ ခိုးပြေးလေသည်။ ခိုးဟန်ကား မိုးညှင်းမင်းတရားသည် ချစ်ချစ်ခင်ခင် မပြုသောကြောင့် ဟံသာဝတီ

မှ စာသင်လာသော ဓမ္မရေ၊ ဓမ္မဉာဏတို့ကို ရွှေငွေအများပေးပြီးလျှင် ထိုဥစ္စာကို ကံကျွေးပြုစေ၍ လေ့တက်လူသူ ဝယ်ယူစေပြီးလျှင် မိဖုရားရှင်စောပု နားကျွန်ပြု လေ၏။ မိုးညှင်းမင်းတရားလည်း ဆေးသမားတို့ကိုခေါ်၍ ပြ၏။ ရှင်စောပုသည် လည်း ချိပ်ကို အရည်ဖျော်၍ သောက်လေ၏။ ယင်းသို့ သောက်လေလျှင် ဝမ်းက အနီ၊ အဝါတို့ ကျလေ၍ ယင်းသို့မှ ဆေးဝါးကုသ၍ မသင့်လို ချွတ်လွှဲပါမည် ဟူ၍ မိုးညှင်းမင်းတရားကို လျှောက်လေ၏။ မင်းကြီးလည်း ယုံကြည်၍ ခွင့်ပေး တော်မူ၏။

ရှင်စောပုလည်း ရဟန်းနှစ်ပါးနှင့်တိုင်ပင်ပြီး ရှိပြီဖြစ်၍ အနောက်လုံးတော်ပေါက် မှာ ချွတ်လွှဲမည်ဟူ၍ သွားလေ၏။ ရောက်လျှင် စီရင်၍ထားသော လှေကိုစီး၍ စုန်ပြေးလေ၏။ ရဟန်းနှစ်ပါးလည်း ခရီးအကြား၌ အထွေထွေပရိယာယ် ဝေဝုစ် စီရင်၍ သွားလေ၏။ မိုးညှင်းမင်းတရားက အမတ် (၅) ယောက်ကို လှော်ကား (၅) စင်းနှင့် လက်ပြည့်လှော်စေ၍ လိုက်စေသော်လည်း မတွေ့ချေ။ နေ့ကို တောတွင်းပုန်း၍ ညဉ့်ကိုမှစုန်၍ဟံသာဝတီသို့ ရောက်လေ၏။ ဟံသာဝတီမင်း ဗညားရံလည်း နှမတော် ရှင်စောပု ဝမ်းမြောက်ဝမ်းသာရှိ၍ နန်းတွင်းတွင် အိမ် ဆောက်၍ နေရ၏။ ရှင်စောပုသား ဗညားဗရူးလည်း မယ်တော်သည် အဝမှာ ရှည်ကြာလေသောကြောင့် အမိမှန်းမသိ ဟူ၏။

ရှင်စောပုကား (၂၉) နှစ်တွင် ဆင်ဖြူရှင် သီဟသူသို့ ဆက်သည်။ ဆင်ဖြူရှင် လက်ထက်တော်က (၃) နှစ်၊ မင်းလှငယ် (၃) လ၊ ကလေးကျေးတောင်ညို (၇) လ၊ မိုးညှင်းမင်းတရားလက်ထက်တော်က (၃) နှစ်ဖြစ်၍ အင်းဝရွှေမြို့တော်တွင် (၇) နှစ်နှင့်သော် ဟံသာဝတီသို့ ရှင်စောပုပြန်ရောက်သည့်ကာလ အသက် (၃၆) နှစ်သာ ရှိသေးသည်။

အေဒီ ၁၄၂၅ ဟံသာဝတီ နေပြည်တော်၌ ရာဇာဓိရာဇ် နတ်ရွာစံပြီးနောက် အေဒီ (၁၄၂၅) ခုနှစ်တွင် ၎င်း မင်း၏သားတော် အကြီး ဗညားဓမ္မရာဇာ (၅) နှစ် နန်းစံ၏။ သားတော်အလတ် ဗညားရံမင်း အေဒီ (၁၄၂၈) ခုနှစ်မှ အေဒီ (၁၄၄၆) ခုနှစ်အထိ (၁၈) နှစ် နန်းစံ၏။ ၎င်းမင်းလက်ထက် ရှင်စောပု ဟံသာဝတီသို့ ရောက်လာ၏။ ၎င်းမင်းနောက် ရှင်စောပုသား ဗညားဗရူးသည် အေဒီ (၁၄၄၆) ခုနှစ်မှစ၍ (၃) နှစ် နန်းစံတော်မူ၏။ ဗညားကျန်းမင်းသည် အေဒီ (၁၄၄၉) ခုနှစ်ကစ၍ (၃) နှစ် နန်းစံ တော်မူ၏။ ၎င်းနောက် လိပ်မွတ်ထော်မင်းသည် အေဒီ (၁၄၅၂) ခုနှစ်ကစ၍ (၇) လ နန်းစံတော်မူ၏။ ၎င်း၏နောက်တွင် ရှင်စောပုသည် ဗညားထောဘွဲ့ဖြင့် အေဒီ (၁၄၅၂) ခုနှစ်မှစ၍ (၁၉) နှစ်တိုင်တိုင် ထီးနန်းဆက်ခံ စိုးစံတော်မူသည်။

ဟံသာဝတီတွင် ရှင်စောပု ထီးနန်းရသောအခါ ရဟန်းတော် ဓမ္မဓရနှင့် ဓမ္မဉာဏ တို့အား လူဝတ်လဲစေ၍ အနီး၌ မြစွဲရ၏။ နောင်တွင် ဓမ္မဓရလူထွက်မင်းတန် (ဓမ္မစေတီ) ကို သမီးငယ် နဲတကာသင်နှင့် စုံဖက်၍ အိမ်ရှေ့နှင်းသည်။ ဘုရင်မ ရှင်စောပုသည် (၈၁၄) မှ (၈၃၃) အထိ (၁၉) နှစ်တိုင်တိုင် မင်းပြုသည်မှန်သော် လည်း (၈၂၀) ပြည့်နှစ်လောက်မှစ၍ သမက်တော် ဓမ္မစေတီကိုသာလျှင် ပြည်ရေး ပြည်မှုတို့ကို အပ်နှံလွှဲပေးထားပြီးလျှင် မိမိမူကား ဒဂုံမြို့ ရွှေတိဂုံစေတီတော်ကြီး ၏ အနောက်မျက်နှာ၌ စံမြို့တည်၍ စေတီတော်ကြီးကို အမြဲဆည်းကပ်ပူဇော် တော်မူလျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ အေဒီ (၁၄၇၁) ခုနှစ် (သက်တော် -၇၆) နှစ်တွင် နတ်ရွာစံတော်မူလေ၏။

အေဒီ ၁၄၇၂ ယင်းသည့်နောက်တွင် သမက်တော် ဓမ္မစေတီသည် သာသနာတော်နှစ် (၂၀၁၅) ခုနှစ်၊ မြန်မာ (၈၃၃)၊ ခရစ်အေဒီ (၁၄၇၂) ခုနှစ်တွင် ရာမညတိုင်းအလုံး မွန်တိုင်း သုံးရပ်၌ မင်းအဖြစ်သို့ရောက်တော်မူခဲ့လေသည်။ ယင်းသည် နောက်မင်းအဖြစ်သို့ ရောက်၍ (၃) နှစ်မြောက်ဖြစ်သော အေဒီ (၁၄၇၅) ခုနှစ်မှစ၍ သာသနာတော် စည်ပင်သန့်ရှင်းရေးအတွက် ကလျာဏီသိမ်တော်ကြီးဖြစ်မြောက်ပေါ်ပေါက်လာ စေရန် စီမံဆောင်ရွက်တော်မူပုံကို သိမ်တော်ကျောက်စာ မြန်မာပြန်၌ အကျယ် တဝင့် ဆက်လက်ကြည့်ရှုနိုင်ကြပေမည်။ ဓမ္မစေတီမင်းကြီးကား မင်းဖြစ်သည်မှ စ၍ နှစ်ပေါင်း (၂၁) နှစ်တိုင်တိုင် သာသနာတော်ကို ပြုစုတော်မူလျက် သာသနာ တော်နှစ် (၂၀၃၆)၊ မြန်မာ (၈၅၄)၊ ခရစ်အေဒီ (၁၄၉၂) ခုနှစ်တွင် လူပြည်ငြီး၍ နတ်ထီးလှူတော်မူခဲ့လေသတည်း။

(ကျမ်းကိုး။ မင်္ဂလာဗျူဟာအသင်းထုတ် ကလျာဏီကျောက်စာ မြန်မာပြန်၊ ဓမ္မစေတီမင်းကြီးအတ္ထုပ္ပတ္တိ စာအုပ်ကြီး စာ-၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ တို့တွင် ဓမ္မစေတီမင်းကြီး အကြောင်းကို ထူးထူးခြားခြား တွေ့ရှိရပါသည်။ ထိုအချက် တို့ သည် မြန်မာ့စွယ်စုံကျမ်းပါ အချက်အလက်များထက်လည်း ပိုမို ပြည့်စုံပါသည်။ အချို့ သော အချက်အလက်တို့ကို စာရေးဆရာ ကြီး မြဒေါင်းညို ဂျပန်ခေတ်ကရေးခဲ့သော ဇာကရီရှင်စောပု စာအုပ်တွင် ပါရှိသော အချက်အလက်များနှင့် အနည်းငယ် ကွဲလွဲမှုရှိပါသည်။ ယခုဖော်ပြချက်တို့မှာ ဓမ္မစေတီမင်းခေါင် အကြောင်းသက်သက်သာ ဖြစ်ပါသည်။)

# ဒုတိယမင်းခေါင်၏ သားဖြစ်သော သစ္စာရှင်ဘိုးဘိုး

အေဒီ ၁၄၈၂ အင်းဝခေတ်တွင် မင်းခေါင်ဟူ၍ နောက်တစ်ပါး ထပ်ရှိပြန်၏။ ယခင်က ပထမမင်းခေါင်ကြီး ရှိပြီးဖြစ်သောကြောင့် ဒုတိယမင်းခေါင် ဟူ၍ပင် ခေါ်ဝေါ်အသိအမှတ်ပြုခဲ့ကြပါသည်။ ထို ဒုတိယမင်းခေါင်လက်ထက်တွင် အင်းဝခေတ် စာဆိုတော် အကျော်အမော်များဖြစ်သော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ အစရှိသော ပေလေးပင် ရှင်လေးပါးတို့ ပေါ်ပေါက်ခဲ့ပါသည်။ ထိုခေတ်တွင်ပင် ရှင်ဥတ္တမကျော်ဟူ၍လည်း အကျော်အမော်ကြီးတစ်ပါး ပေါ်ခဲ့ပါ၏။ ထို ရှင်ဥတ္တမကျော်အကြောင်းကို (၁၉၄၈) ခုနှစ်ထုတ်၊ စာပေလောကဟူသော စာအုပ်ငယ်ကလေးတွင် ဆရာဇော်ဂျီက တခမ်းတနား ရေးခဲ့ပါသည်။ ထိုဟံသာဝတီတိုက်ထုတ် စာအုပ်ကလေးတွင်ပါရှိသော ရှင်ဥတ္တမကျော်သည် ဆရာဇော်ဂျီ၏ အတင်အပြကောင်းမှုကြောင့် အောက်မေ့ဖွယ်၊ တသဖွယ်၊ တသသဖတ်ရသော စာကလေးတစ်ပုဒ် ဖြစ်ခဲ့ပါသည်။ နောင်သောအခါ တက္ကသိုလ်မောင်မောင်ကြီး ဟူ၍ကျော်ကြားခဲ့သော မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီးက တစ်ဖန် ရှင်ဥတ္တမကျော် တောလားကို အကျယ်တဝံ့ ရေးသားခဲ့ပြန်သဖြင့် စာပေလောကတွင် ရှင်ဥတ္တမကျော်ကို တစ်ကျော့ပြန် အသက်ဝင်၍ ဟိန်းဟိန်းထအောင် အကျော်တစော ရှိခဲ့ပါသည်။ နောင်သောအခါ သာသနာ့အလင်းရောင် ဆရာဦးဖေမြင့်၏ ကောင်းမှုကြောင့်ပင်လျှင် ရှင်ဥတ္တမကျော်သည် တစ်ခေတ်ဆန်း၍ ပေါ်ပေါက်ခဲ့ရပြန်ပါသည်။

ထိုဒုတိယမင်းခေါင်အကြောင်းကိုလည်း ကျွန်ုပ်တို့သည် ရွှေဖျိုင်းနားဆရာတော်ဟု ကျော်ကြားသော ဦးဝိဇ္ဇာဗလထံမှ အသေအချာ ကြားသိခဲ့ရသဖြင့် တအံ့တသြဖြစ်မိပါသည်။ ကျွန်ုပ်သည် ဦးဝိဇ္ဇာဗလ ထေရုပ္ပတ္တိစာအုပ်ကြီး..ကို ပြုစုခဲ့စဉ်အခါက သာသနာ့အလင်းရောင် ဦးဖေမြင့်၏ စာအုပ်ကြီးကို အားကိုးခဲ့ရပါသည်။ ထိုစဉ်က ရွှေဖျိုင်းနားဆရာတော်၏ ပြောကြားချက်အရ ဒုတိယမင်းခေါင်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အကျော်အမော်ဖြစ်ကြောင်း ထပ်ဆင့်သိခဲ့ရပြန်ပါသည်။ ထို့ကြောင့် ဒုတိယမင်းခေါင်အကြောင်းကိုလည်း အခွင့်ကြုံလျှင် တခမ်းတနားရေးသား တင်ဆက်ပါဦးမည်။ ယခုကား အလျဉ်းသင့်သဖြင့် အများမမျှော်လင့်ထားသော ပုဂ္ဂိုလ်တစ်ဦးကို ပွဲထုတ်ပါမည်။ ထိုပုဂ္ဂိုလ်သည် သစ္စာရှင်ဘိုးဘိုးဟူ၍ အမည်တွင်ပါသည်။ ထိုသို့တွင်ကြောင်းကိုလည်း သတ္တမကျော်အောင်စံထားဆရာတော်

ဦးဝါယမထံမှ ထပ်ဆင့်သိရခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုအကြောင်းအရာကို ရှေးယခင်က မသိခဲ့ဖူးပါ။ ဘိုးဝါယမ၏ ကောင်းမှုကြောင့်သာ သိရခြင်းဖြစ်ပါသည်။ ထိုအတူ ကျွန်ုပ်ကဲ့သို့ပင်လျှင် မသိသေးသော ဗဟုသုတလိုလားသူတွေလည်း အများအပြားရှိနိုင်ပါသည်။ ထို့ကြောင့် ဒုတိယမင်းခေါင်၏သားဖြစ်သော သစ္စာရှင်ဘိုးဘိုးအမည်ခံ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အကြောင်းကို အရင်းအတိုင်း ပြန်လည်၍ဖောက်သည်ချပါမည်။ ပြန်ပြောသည်မှာ အချိုးမကျလျှင် ကျွန်ုပ်၏ ညံ့ဖျင်းမှုသာ ဖြစ်ပါ၏။ ပြန်ပြောသည်မှာ ဗဟုသုတအသစ်ရသည်ဆိုလျှင် ဘိုးဝါယမကိုသာ ကျေးဇူးတင်တော်မူကြပါ။ ဘိုးဝါယမ၏ မှတ်စုထဲတွင် အောက်ပါအတိုင်း ရေးထားပါ၏။

ဘိုးဝါယမသည် အမရပူရမြို့၊ သတ္တမမြောက် ကျော်အောင်စံထားဆရာတော် အရှင်ဝါယမာဘိဝံသ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကျော် ပြုစုသော အလောင်းတော်ကဿပ မှတ်တမ်း၊ ၁၉၉၉ ခု၊ စာ-၄၉၊ ၅၀တို့တွင် မင်းခေါင်ကြီးအကြောင်းကို အင်တာဗျူးသည့်သဘောမျိုးဟု ဆိုနိုင်လောက်အောင် အံ့စဖွယ်ဖတ်ရှုရပါသည်။ ဒုတိယမင်းခေါင်အကြောင်းကိုလည်း သာသနာ့အလင်းရောင် ဦးဖေမြင့်၏ ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလ ထေရုပ္ပတ္တိ၊ မြဝတီပုံနှိပ်တိုက်ထုတ် စာအုပ်တို့တွင် ဖတ်ခဲ့ဖူးပါသည်။ ထိုအချက်တို့ကို မောင်ပန်းမွှေးပြုစုသော ရာပြည့် ဝိဇ္ဇာဗလ မဟာထေရုပ္ပတ္တိစာအုပ်ကြီးတွင် ဖော်ပြခဲ့ဖူးပါသည်။ ယင်းစာအုပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း (၅၀) သန်းထိုက်ရတနာ ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါသည်။ ယခုအခါ ရှားပါးစာအုပ် ဖြစ်နေ၏။ ယခု အောက်ဖော်ပြချက်သည် ဘိုးဝါယမ၏ အင်တာဗျူးပုံစံ ကိုယ်တွေ့မှတ်တမ်း ဖြစ်ပါသည်။

**သစ္စာရှင်ဘိုးဘိုး (၁၄၈၂-၁၅၀၁) နှင့် တွေ့ဆုံခြင်း ကိုယ်တွေ့မှတ်တမ်း**

အိပ်ရာကထပြီး ကြည့်လိုက်တော့ ဝတ်ဖြူစင်ကြယ်နှင့် တောင်ဝှေး၊ ပုတီးကိုင်ထားသော လူကြီးတစ်ယောက်ကို တွေ့ရ၏။ ဒကာကြီးက နိုးတာလားဟု ကျွန်ုပ်က မေးလိုက်၏။ (ဟုတ်ပါတယ် ကိုယ်တော်လေး တပည့်တော်က နိုးတာပါဟု ပြန်ပြော၏) ဒကာကြီးက နာမည်ဘယ်လိုခေါ်ပါသလဲ။ (သစ္စာရှင်ဘိုးဘိုးလို့ခေါ်ပါတယ်) ဒကာကြီး အသက်ကတော့ ခန့်မှန်းခြေ (၄၀) လောက်ရှိလိမ့်မယ်လို့ ယူဆရတယ်။ (တပည့်တော်အသက်က (၆၅) ယနေ့ပြည့်တာပဲ ဘုရား) ဩော် - အတော်ကြီး ပြီကိုး။ ဘယ်ဇာတိသားပါလဲ။ (အင်းဝကပါ ဘုရား) မျက်နှာကတော့ ကျွန်ုပ် နှောင်တော်နှင့် သိပ်တူတာပဲ။ သစ္စာရှင်ဘိုးဘိုးက အင်းဝ ဘယ်မျိုးရိုးထဲကပါလဲ။

(ဒုတိယမင်းခေါင်ရဲ့သားတော်ပါ) ဩော် -ဟုတ်လား။ ဘာအကျင့်၊ ဘာပညာနှင့် ပေါက်ရောက်လာပါသလဲ။ (ဂုဏ်တော်ကိုးပါးကို တစ်ပါးပါးလျှင် ရှစ်သောင်း လေးထောင် ပွားများပြီး ဘာလုပ်လုပ် ဘာပြောပြော သစ္စာနှင့်ပြော၊ လုပ်လာတာနဲ့ ပေါက်မြောက်လာတာပါပဲ ကိုယ်တော်လေး) ဘိုးသစ္စာပြောတာ ကိုယ်တော်လေး မရှင်းမလင်းဖြစ်နေပါတယ်။

(ဒီလို ကိုယ်တော်လေး ပုတီးစိပ်သောအခါလည်း ယခုတစ်ထိုင်အတွင်း မလှုပ် မယှက်ဘဲနဲ့ ၁၀၈-ပတ် အဓိဋ္ဌာန် သစ္စာပြုပြီး စိပ်ပါမည်။ ဘုရားကိုလည်း သစ္စာ ရှိရှိ လှူထားပါမည် ဘုရား။ သစ္စာအဓိဋ္ဌာန်ပြုပါ၏ ဘုရားဆိုပြီး ပုတီးဆက်စိပ်ပါ သည်။ ပြီးလျှင် လက်ျာရစ် အောင်ငွေခရုနှင့် သပြေညွန့် (၃) ညွန့်ကို အဖျားမှ ထည့်ပြီး ဘုရားတပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြုသည့်အတိုင်း ပုတီး (၁၀၈) ပတ် ပြီးမြောက်၍အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါပြီ။ ဤမှန်ကန်သောစကားကြောင့် ပြောသမျှ အဟုတ်၊ လုပ်သမျှမှန်ကန်၊ ကြံသမျှအောင်မြင်ပြီး သိဒ္ဓိရှင်တစ်ယောက် ဖြစ်ရပါလို၏ဟု သစ္စာအဓိဋ္ဌာန်ပြုပြီး ဂုဏ်တော်စိပ်ပွားလာတာ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဝိဇ္ဇာစရဏဂုဏ်တော်၊ သုဂတောဂုဏ်တော်၊ လောကဝိဒူ ဂုဏ်တော်၊ ဤငါးဆင့်မြောက်ဂုဏ်တော်ကျတော့ ပေါက်မြောက်လာတော့တာပါ ပဲ ကိုယ်တော်လေး) အလုံးရေပွားတာလား။ အပတ်ရေ ပွားတာလား။ (တစ်ရာ ရှစ်လုံး ပုတီးပတ်ရေ (၈၄၀၀၀) ရှစ်သောင်းလေးထောင် ဂုဏ်တော်တစ်ပါး ပြီးမြောက်ပါတယ် ကိုယ်တော်လေး) ဘယ်နှစ်နှစ်လောက် စိပ်ရပါသလဲ။ (၁၅- နှစ်လောက် စိပ်ရပါတယ် ကိုယ်တော်လေး) ဘာသီလကို ထိန်းရပါသလဲ။ (ကိုးပါး သီလကို ထိန်းရပါတယ်။ အစားကတော့ သက်သတ်လွတ်စားရပါတယ်) ဘယ်လို နေရာမျိုးမှာ စိပ်ရပါသေးသလဲ ဘိုးသစ္စာ။ (စစ်ကိုင်းတောင်ချောင်ကောင်းကောင်း တောကျကျတစ်ဆောင်မှာစိပ်လာပြီး ပေါက်မြောက်လာတာပဲ ဘုရား . . . . . . ) ဟူ၍ သတ္တမ ကျော်အောင်စံထားဆရာတော်က မှတ်တမ်းတင်ခဲ့ပါသည်။

သတ္တမကျော်အောင်စံထားဆရာတော်သည် ကျော်အောင်စံထား ဆရာစဉ်ဆက် ဖြစ်၏။ သတ္တမမြောက် ဖြစ်၏။ ပထမကျော်အောင်စံထား ဆရာတော်ကား စံထား လောက်အောင် ကျော်ခဲ့ပါ၏။ ဘိုးဝါယမကား သတ္တမမြောက် ကျော်အောင်စံထား ဖြစ်၏။

# တောင်တွင်းကြီး ဦးကောဏ္ဍည

တောင်တွင်းကြီး ဦးကောဏ္ဍညဟူသောစကားကို ကျွန်တော်သည် မကြာခဏ ကြားဖူးပါသည်။ ဦးကောဏ္ဍညဟူသော အမည်ကိုလည်း မကြာခဏ လေ့လာတွေ့ရှိရပါသည်။ ယခင်အခါက ရန်ကုန်ဆရာတော် အမည်ရှိသော တောင်ငူမြို့၊ မြတ်စောညီနောင်ဆရာတော်ကြီးသည် ဝိဇ္ဇာစရ ဘိုးပေါက်ဆိန်ထံမှရရှိသော နည်းနာအတိုင်း ကျင့်ကြံအားထုတ်ရာတွင် ပေါက်မြောက်အောင်မြင်သောအခါ မိမိ၏ကျင့်စဉ်ကျမ်းကို ပြန်လည်ရေးသားဖော်ပြရာတွင် ဦးကောဏ္ဍညဟူသော ထွက်ရပ်ပေါက်ရဟန္တာတစ်ပါးအကြောင်းကို ရေးသားခဲ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်ကျော်မှာလည်း တောင်တွင်းကြီးသား ဦးကောဏ္ဍညပင် ဖြစ်ပါသည်။ ယခု ဤကျမ်းပြုသူ ဖော်ပြမည့် ဦးကောဏ္ဍညမှာ အမရပူရ၊ သတ္တမ ကျော်အောင်စံထား ဆရာတော် ဘိုးဝါယမ၏ မှတ်စုမှရရှိသော အကြောင်းအရာဖြစ်ပါသည်။ ထိုမှတ်စုတွင် ထိုထေရုပ္ပတ္တိကို ဦးကောဏ္ဍညကိုယ်တော်တိုင် ရေးသားသော မှတ်စုံမှ ပြန်လည်ကူးယူထားခြင်းဖြစ်ကြောင်း ဘိုးဝါယမမှ အတိအကျ မိန့်ဆိုပါသည်။ ယုံကြည်အားကိုးလောက်သော မှတ်စုဖြစ်သဖြင့် နောင်လာနောက်သားများအတွက် ပြန်လည်ပြောပြပါမည်။ မှတ်သားတော်မူကြပါ။ ဘိုးဝါယမ၏ မှတ်စုတွင် ဤသို့ ရေးထားပါသည်။

နေ့ (၁၁) နာရီထိုးတော့ ဘုန်းကြီးတစ်ပါး အလောင်းတော်ကဿပ ရှေ့မှာ **သပိတ်**နှင့်ဆွမ်းတော် ကပ်လာ၏။ ကျွန်ုပ်က ပုတီးစိပ်ရင်း ထိုဘုန်းတော်ကြီး ဆွမ်းတော်ကပ်တာကြည့်နေရင်း ကျွန်ုပ်လည်း (၁၁) နာရီခွဲတော့ ပုတီးစိပ်လို့ (၁၈) ပတ်ပြီးသွား၏။ ထိုဘုန်းတော်ကြီးလည်း ဆွမ်းကပ်တာပြီး၏။ ကျွန်ုပ်က - အရှင်ဘုရား ဝါဘယ်လောက်ရပြီလဲ ဘုရား။ (၁၀၈-ဝါရပြီ ကိုယ်တော်လေး) ဇာတိက ဘယ်ကပါလဲ ဘုရား။ (တောင်တွင်းကြီးကပါ ဘုရား။ ဘွဲ့တော်က ဦးကောဏ္ဍညလို့ ခေါ်ပါတယ်) ကျွန်ုပ်က အရိုအသေပြုပြီး နေရာပေး၏။ ကိုယ်တော်လေးက ဘယ်ဂုဏ်တော်ပွားတာလဲ ဘုရား။ (သုဂတော ၅-ချက်ဂါထာ စေတီတည်တဲ့အနေနဲ့ ပွားများပါတယ်) ပဌမက ဘာပွားများလဲ။ (သရဏဂုံ ၃၀၊ ပဌမကဏ္ဍ ဒုတိယကဏ္ဍ ပွားပြီး တတိယကဏ္ဍအဖြစ် သရဏဂုံကြီး (၄) ပါး ပွားများပါတယ်။ ထို့နောက် ဘုရားဂုဏ်တော်တစ်ပါးလျှင် ဓမ္မခန္ဓာ (၈၄၀၀၀) အမွှန်းတင်ပြီး မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ပြီးအောင်စိပ်ရပါမယ်။ ထို့နောက် ပြီးစီးအောင်မြင်တဲ့အနေနဲ့ ကူ -၈-ချက် ဂါထာကို သိဒ္ဓိတင်သောအနေနှင့် တစ်သိန်းစိပ်ပါတယ်

ဘုရား) သာဓု ကိုယ်တော်လေး။ သာဓု - သာဓု၊ ဒီလိုဆိုတော့ ကိုယ်တော်လေးလည်း မန္တန်ဝိဇ္ဇာလမ်းပေါ့။ (မှန်လှပါဘုရား) ဒီလိုဆိုလျှင် တပည့်တော်စိပ်ခဲ့ပြီး ပေါက်မြောက်ခဲ့တဲ့ မန္တန်ဝိဇ္ဇာလမ်း၊ ပုရပိုက်ကို ပေးရဦးမယ်။ (ကျေးဇူးကြီးလှကြောင်းပါ ဘုရား။ အရှင်မြတ်က ဘယ်နှခုနှစ်လောက်က ပေါက်မြောက်ပါသလဲ) (၁၂၁၈) ခုနှစ်၊ အေဒီ (၁၈၅၆) ခုနှစ်လောက်က ပေါက်မြောက်ပါတယ်။ ရော့ ရော့ ကိုယ်တော်လေး ပုရပိုက်။ ဒီအဓိဋ္ဌာန်ပြီးမှ ဖတ်ကြည့်ပေါ့။ (တပည့်တော်ခံလာတဲ့ ဆွမ်းကိုလည်း စားဦး ကိုယ်တော်လေး။ ဆွမ်းနှင့်မတွေ့ရတာ (၇) ရက်လောက်ရှိပြီ။ ရော့ ရော့ ဘုဉ်းပေး) ဆိုပြီး ရဟန္တာမြတ်ကြီးရှေ့မှ ကောက်ယူပြီးကျွေးသဖြင့် ကျွန်ုပ်လည်း မငြင်းဘဲနှင့် စားလိုက်ပါတော့၏။ ကျွန်ုပ် ဆွမ်းစားနေတုန်း မန္တန်ဝိဇ္ဇာဆရာတော် ဦးကောဏ္ဍညက မိန့်သည်မှာ - (ဒီပုရပိုက်ထဲ တပည့်တော် အတ္ထုပ္ပတ္တိလည်း ပါတယ်။ တပည့်တော် အဓိဋ္ဌာန်စခန်းများ၊ ကျင့်စဉ်များလည်း အားလုံးပါပြီးသား ကိုယ်တော် သတ္တဝါများအတွက် တစ်ချိန်တစ်ခါမှာ ဖြန့်ဝေပါ) ဟု မိန့်၏။ တောင်တွင်းကြီးဦးကောဏ္ဍညကိုယ်တိုင် ရေးသားထားသောစာသားမှာ အောက်ပါအတိုင်း ဖြစ်၏။ ကိုယ်ရေးထေရုပ္ပတ္တိ ဖြစ်၏။ ဤသို့ လာရှိ၏။

ပဥ္စဂုဏ် အဟံဝန္ဒာမိ၊ ငါ တောင်တွင်းဆရာတော် ဦးကောဏ္ဍညဟု ခေါ်သော မထေရ်သည် ပေါက်မြောက်ခဲ့သော မန္တန်ဝိဇ္ဇာလမ်းကို မရေးမီ ငါ၏ အတ္ထုပ္ပတ္တိကို ရှေးဦးစွာ ရေးသားရပေဦးမည်။

ခမည်းတော် ဦးကံသာ၊ မယ်တော် ဒေါ်ထွန်းသာတို့မှ (၁၁၈၈) ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ အေဒီ (၁၈၂၆) ခုနှစ်တွင် နံနက် (၉) နာရီအချိန်၌ တောင်တွင်းကြီးမြို့တွင် မွေးဖွားခဲ့သည်။ နတ်မီးလင်းဆရာတော်ထံ (၅) နှစ် အေဒီ (၁၈၃၁) ခုနှစ် အရွယ်ရောက်သောအခါ ပညာသင်ရန် အပ်နှင်းခဲ့သည်။ (၁၂) နှစ် အေဒီ (၁၈၃၈) ခုနှစ်မှာ ရှင်ဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ကောဏ္ဍညဟု ဆရာတော်က အမည်ပေးထားသည်။ ထိုနှစ်တွင် အောက်စာများကုန်၍ အထက်စာများသင်ရသည်။ (အောက်စာဆိုသည်မှာ သင်ပုန်းကြီး၊ မင်္ဂလသုတ် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ ပရိတ်ကြီး၊ လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့ကိုခေါ်သည်။ အထက်စာဆိုသည်မှာ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ ဗျာကရုဏ်း၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ (၇) ကျမ်းတို့ ဖြစ်သည်။) အထက်စာသင်ရိုးသည် ငါ အသက် (၂၁) နှစ်၊ အေဒီ (၁၈၄၇) ခုနှစ်မှာ ကုန်စင်အောင်တတ်မြောက်သည်။ (၁၁၆၈) ခုနှစ်၊ အေဒီ (၁၈၀၆) ခုနှစ်မှာ ငါ၏ ငယ်ဆရာထံ ရဟန်း အဖြစ်ခံယူသည်။ ရဟန်းဒကာများက မိဘရင်းများ ဖြစ်ကြ၏။ (၂၁) နှစ်

ရဟန်း၀ါ တစ်ဝါရတွင် စာသင်ပြီးမြောက်၍ ဆရာတော်ကပင် (နတ်မီးလင်းဆရာတော်) ကောဏ္ဍည ဟောဒီမန္တန်ဝိဇ္ဇာထွက်လမ်းကို နင် ပေါက်မြောက်အောင်ကျင့် ဆိုပြီး ပုရပိုက်တစ်ဆူ ပေး၏။ ငါ၏မိဘများက ငါ့တစ်ယောက်တည်း မွေး၏။ ငါ (၂၆) နှစ်သား၊ အေဒီ (၁၈၅၂) ခုနှစ်ရောက်သောအခါ အနိစ္စ ရောက်သွားကြ၏။ ငါ့ဆရာတော်ကပင် မွေး၏။ ငါက မိဘများလွမ်းဆွတ်ကြောင်း ငိုယိုမိကြောင်း၊ ခဏ ခဏဆရာတော်ကို လျှောက်သဖြင့် ဆရာတော်ကပင် နင့်မိဘများနှင့် တွေ့ချင်လျှင် မန္တန်ဝိဇ္ဇာထွက် လမ်းကျင့်အမြင်ရသောအခါ နင့်မိဘများ မြင်ရလိမ့်မည်ဟု မိန့်တော်မူသဖြင့် မိဘများကို တွေ့လိုသဖြင့် အလွန်ကျင့်လို၏။ ထို့ကြောင့် ဤမန္တန်ဝိဇ္ဇာ ထွက်လမ်းကို ငါ ကျင့်လာ၏။ (၁၁) နှစ် (၁၃) နှစ်လုံးလုံးကျင့်မှ သိဒ္ဓိ မဟိဒ္ဓိစခန်း ပြီးမြောက်လေတော့၏ဟု ဦးကောဏ္ဍညကိုယ်တိုင် မှတ်တမ်းထင်ထားသည်ကို ဖတ်ရှုရပါသည်။

(ကျမ်းကိုး။ အမရပူရမြို့၊ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော် အရှင်ဝါယမ...ဝံသ ပြုစုသော အလောင်းတော်ကဿပမှတ်တမ်း၊ ၁၉၉၉ ခု၊ စာ-၅၁၊ ၅၂၊ ၅၃၊ ၅၄ တို့တွင် အကျယ်တဝံ့ ကြည့်ရှု လေ့လာနိုင်ပါသည်)

# အခန်း (၇)

# ကုန်းဘောင်ခေတ် ဝိဇ္ဇာဓိုရ်များ


## မဟာပထမံ ဘိုးဘိုးအောင်

မဟာပထမံဘိုးဘိုးအောင်၏အတ္ထုပ္ပတ္တိ အကျဉ်းကို ပြည်မြို့နယ်၊ ပျဉ်းမအိုင်ရွာ ဇာတိသား ဆရာကြီး ဦးကျော်ဝင်းထံက ရရှိပါသည်။ ဆရာကြီး ဦးကျော်ဝင်း၏ တပည့်တစ်ဦးက အဘမဟာပထမံဘိုးဘိုးအောင်ကိုယ်တိုင် ချီးမြှင့်သည့် အတ္ထုပ္ပတ္တိ ကို သိလိုပါကြောင်း ဆရာကြီးဦးကျော်ဝင်းထံ မေတ္တာရပ်ခံသဖြင့် အဘမဟာ ပထမံဘိုးဘိုးအောင်ကိုယ်တိုင် ပြောကြားခဲ့သော အတ္ထုပ္ပတ္တိဖြစ်ကြောင်းကို ပြည်မြို့ တစ်ခေါက်ရောက်စဉ်က ရရှိခဲ့သော စာအုပ်တွင် ဝမ်းသာစဖွယ် ဖတ်ရှုခဲ့ရပါသည်။ ထိုအတ္ထုပ္ပတ္တိကို (၁၉. ၇. ၂၀၀၄) ရက်နေ့၌ ရရှိခဲ့ပါသည်။

မဟာပထမံ ဘိုးဘိုးအောင် ဟူသော စာသားကို ပြည်မြို့၊ ရွှေဆံတော် ဂေါပက အဖွဲ့မှ ထုတ်ဝေသောစာအုပ်မှ ရရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုအတ္ထုပ္ပတ္တိ သည် သာမန်မဟုတ်ပါ။ အဘ မဟာပထမံ ဘိုးဘိုးအောင်ကိုယ်တိုင် ကြွရောက် ချီးမြှင့်တော်မူသော အတ္ထုပ္ပတ္တိဖြစ်ကြောင်း (၁၉. ၇. ၂၀၀၄) ရက်နေ့တွင် ရရှိ ကြောင်း အသေအချာ ရေးသားဖော်ပြထားကြောင်း ဖတ်ရှုခဲ့ရ ကြောင်း ပြောခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ယခုလည်း ကျွန်ုပ်တို့ အကြိမ်ကြိမ် နားရည်ဝပြီး အသည်းနှလုံးထဲတွင် အသွေးထဲ၊ အသားထဲတွင် အကြိမ်ကြိမ် ကိန်းဝပ်လျက် ကြည်ညိုလျက်ရှိပါသော ဘိုးဘိုးအောင် အတ္ထုပ္ပတ္တိကို မဟာပထမံ ဘိုးဘိုးအောင် ဟု ဖော်ပြထားသောကြောင့် လေးလေးစားစား ရိုရိုသေသေ ပြန်လည်ဖော်ပြပါမည်။ ယုံယုံကြည်ကြည် ဖတ်ရှုတော်မူကြပါ။

**မဟာပထမံ ဘိုးဘိုးအောင်ကိုယ်တိုင် မိန့်ဆိုချက်ဟူ အဆိုရှိသည့် မှတ်တမ်း။**


မဟာပထမံ ဘိုးဘိုးအောင်သည် ပိဿနိုးမြို့ဟောင်း အရှေ့မြောက် ကြက်ဆူတော ရွာဇာတိဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးမြတ်ကျော်၊ ဒေါ်ငြိမ်းမယ် ဖြစ်သည်။ မြန်မာ သက္ကရာဇ် (၁၁၁၁) ခုနှစ်၊ အေဒီ (၁၇၄၉) ခုနှစ်တွင် ဖွားမြင်သည်။ အငါးသား ရာဇဖွားဖြစ်သည်။ မွေးချင်း (၅) ဦး ရှိသည်။ ဖိုးရွှေ ဖိုးဒမောင်၊ ဖိုးအောင်၊ မယ်ကျော့၊ မယ်ဖော့တို့ ဖြစ်သည်။



ရွှေတိဂုံဘုရားတွင် ဖူးမြင်ရသော ပတ္တမြားမျက်ရှင်ရုပ်ပွားတော်



ပြည်ရွှေဆံတော် ပညာအောင်မြေစခန်းတွင် မူလမဟာပထမံ ဘိုးဘိုးအောင်
ထုလုပ်ကိုးကွယ်ခဲ့သော ပတ္တမြားမျက်ရှင်ရုပ်ပွားတော်



ပုလဲ မထေပ် ဘိုးဘိုးအောင်ပုံတော်ကို ဖြည့် ရှုလော်တော်တွင် ယနေ့တိုင်
ဖူးလာသူတွေ ရှိနိုင်ပါသည်။ ထိုပုံကို နှိပ်ကျပ်ပြီး ဆုတောင်းဖောင်းကိုး အဓိဋ္ဌာန်လည်း
တွေ့ ရှိရပါသည်။

ပထမံအဘ ဘိုးဘိုးအောင်၏ အစိဋ္ဌာန်
အောင် သိဒ္ဓိပေါက် လိုဏ်ဂူတော်သည်
ပြည် ရွှေဆံတော် ရင်ပြင်တော်၌ တည်ရှိပါသည်။





ပြည် ရွှေဆံတော်စေတီတော် ထီးတော်၌ မူလမဟာပထမံ
တင်လှူခဲ့သော သံသေခေါင်းလောင်းတော်။ ထိုခေါင်းလောင်းတော်
မျိုး နောက်တစ်လုံးရှိသေးရာ ကျိုက်ထီးဆောင်းဆရာတော်သည်
ကျိုက်ထီးဆောင်းဆံတော်ရှင်၌ လှူဒါန်းခဲ့ပါသည်။




အဘ ဘိုးဘိုးအောင်၏ ထုံကျင်းကို
မိုးဦးတောင်တွင် ယနေ့တိုင်
လေ့လာတွေ့ရှိနိုင်ပါသည်။








၁၇





အဘိုးကိုးဟု လူသိများ ထင်ရှားသော အဘဦးမောင်ကိုး၏ နေအိမ်တွင် တွေ့ရသော အလွန်ထူးခြားသည့် မြင်ရခဲသည့် အဘဘိုးဘိုးအောင် ပုံတော်။

( ၄၄ )

# အဓိဋ္ဌာန် ပုတီးစိပ်ရန် ကျင့်စဉ်။



ရေးသူ - ပထမံ ဇော်မင်းခေါင်
ဘုန်းရှင် ... ဦးထေဒ္ဒထင်။

ပ - ဇူး ... ဇော်မင်းခေါင် - ဆရာကြီးနှင့်တကွ ... ဒိဗ္ဗသဆရာကြီးတို့၏ အာရုံခံ ... သွယ်ဆိုကြတဲ့သော ဂိုဏ်းတော်ဝင် - ရှင်တော်တွင် အခေါင်းတို့သည်။ အောက်ပါ အဓိဋ္ဌာန်။

ပုတီးစိပ်နည်းကို။

ပုဗ္ဗားများအား ထုတ်တော်မူကြရန် တော်မြဲပေးမည်။

| | | | | |
|---|---|---|---|---|
| ၁။ | အရဟံ ... | တစ်နေ့လျှင် ၉ ပါတ်။ | ၉ | ရက်အားထုတ်ပါ၊ |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ။ | ၉ ပါတ်။ | ၉ | ရက်။ |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော၊ | ၉ | ၉ | ရက်။ |
| ၄။ | သုဂတော။ | ။ | ၉ | ရက်။ |
| ၅။ | လောကဝိဒူ။ | ။ | ၉ | ရက်။ |
| ၆။ | အနုတ္တရော ပုရိသဒမ္မသာရထိ။ | ။ | ၉ | ရက်။ |
| ၇။ | သတ္ထာ ဒေဝမနုဿာနံ။ | ။ | ၉ | ရက်။ |
| ၈။ | ဗုဒ္ဓေါ။ | ။ | ၉ | ရက်။ |
| ၉။ | ဘဂဝါ။ | ။ | ၉ | ရက်။ |

အထက်ပါနည်းအတိုင်း အားထုတ်ပါသော် - ရက်နဝင်း ပါတ်နဝင်း ဂုဏ်တော်နဝင်း ၉ - ချက်ပိုင်၍ ... ၉ ... အားလုံးသော်၍ ပုဗ္ဗား ဘိုးတော်ကြီးများ၏ အားရုံခံ၍ဆက်သွယ်နိုင်ပါလိမ့်မည်။

ငင်းအဓိဋ္ဌာန် ပုတီးကို ပွားများသောအခါ ဆက်ဆက်လွှတ်မဖြောင်ကြည့်နိုင်က၊ သားကြီး ငါးကြီး ... သော အသားများကို ရှောင်ပါ၊ ... ဘိလလဝေက်ကို စောင့်ထိန်း၍ ... ကို ပွားများပါ။

... ဂမ္ဘီရ ... အဓိဋ္ဌာန် ... ပထမံ ... တော်ကြီး၏ အရှင် ... ပုဗ္ဗား ဘိုးတော်ကြီး ... ဂိုဏ်းဆရာ အရှင်ဖြတ်တို့၏ အခြင်ခံတတ် အကြားခံတတ် အသိအတတ် ... ပညာ ... ပြည့်ဝ၍ တရားသိမြင် အရပ်ရပ်ကို ထပ်ချပ် ... လိုက်ပါနိုင်ကြောင်း အသုံ့ ... မျက်မှောက် ဖြစ်နိုင်ရပါလိမ့်မည်။

နိဂုံး ၅။

ပထမံတရားမဂ္ဂဇင်းတွင် တွေ့ရသော စာရွက်ကလေး ဖြစ်ပါသည်။
ရေးသူမှာ ပထမံဇော်မင်းခေါင်ဟူ၍ တွေ့ရ၏။ ထူးခြားသော အဓိဋ္ဌာန်ပုတီးစိပ်ရန်
ကျင့်စဉ်ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဇော်မင်းခေါင်အရှင် သက်ရှိထင်ရှားရှိစဉ်က
ပထမံတရားမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ကျင့်စဉ်ဖြစ်ပါသည်။

အသက် (၇) နှစ် အေဒီ (၁၇၅၆) မှ (၁၂) နှစ် အေဒီ (၁၇၆၁) အထိ ကြက်ဆူတော့ဘုန်းတော်ကြီးကျောင်း၌နေ ခဲ့သည်။ ဖခင် ကွယ်လွန်ပြီးနောက် လက်ပံရှည်ရွာသို့ ပြောင်း၍ ကြေးနီကျောင်း ဆရာတော် ဦးဝိဇယထံ၌ ကျောင်းအိပ်ကျောင်းစား နေသည်။ မြို့သူကြီးအိမ်က ကွမ်းအစ်ကို အပို့အယူလုပ်ရသည်။ တစ်ညနေ မြို့သူကြီးအိမ်မှအပြန် ရွှေအင်းတောင် အရှေ့ဘက်ရေကန်ထဲမှ မျောက်ဦးခေါင်းပုံ အင်္ဂတေတုံးရသည်။ ထို အင်္ဂတေတုံးထဲမှ ကြေးပုရပိုက်ရသည်။ ထိုကြေးပုရပိုက်ကို ကြေးနီကျောင်းဆရာတော်ထံ အပ်သည်။ ကြေးနီကျောင်းဆရာတော်ထံတွင် သာမဏေဘဝဖြင့် (၅) ဝါရပြီးနောက် အမေ၏အစ်ကို ဦးပညာဒီပနှင့် အင်းဝသို့ လိုက်သွားပြီး စာဆက်သင်သည်။ အသက် (၂၀) အရွယ် အေဒီ (၁၇၆၉) ခုနှစ် ရဟန်းဖြစ်ခါနီး မိခင်မမာ၍ ပြန်လာသည်။ ညီအစ်ကိုမောင်နှမများက အိမ်ထောင်ခွဲကုန်ကြပြီ။ မိခင်ကွယ်လွန်ပြီးနောက် လူဝတ်လဲသည်။ ဆရာတော်ဦးဝိဇယထံမှ အမွေအဖြစ်ရသည့် ခေါင်းအုံးထဲမှ မူလအင်းပုရပိုက်နှင့် အင်း (၂) ဆူရသည်။ ဆရာတော်ကား ဘိုးဘိုးအောင် အင်းဝမှာရှိစဉ်ကပင် ပျံလွန်တော်မူခဲ့သည်။

ဘိုးဘိုးအောင်သည် အိမ်မှာအနေနည်းပြီး ရွှေရောင်တောင်မှာရှိသော တောရကျောင်းသို့သွား၍နေသည်ကများသည်။ အသက် (၄၀) မပြည့်မီ အေဒီ (၁၇၈၉) ခုနှစ်တွင် ရွှေရောင်တောင်မှ ခွာခဲ့သည်။ ပြည်သို့ရောက်ပြီး ရွှေဆံတော် စေတီ၏ တနင်္ဂနွေထောင့်မှာ နေသည်။ ညအခါ ကြက်တင်းတောင်ထိပ်သို့တက်၍ အင်္ဂါထောင့်မှ အာကာသဂိုဏ်းကျင့်စဉ်ကို တက်သည်။ (၄၇) နှစ်ရောက်သောအခါ အောင်မြင်ပေါက်ရောက်သည်။

ဘိုးဘိုးအောင်ရုပ်တုနှင့်စပ်လျဉ်း၍ မေးမြန်းသည့်အခါ နောင်တွင် သူ၏နည်းအတိုင်း ဆက်၍ကျင့်သည့် တပည့်နှစ်ဦးက သူ့ကိုယ်စား ပုံတူထု၍ ကိုးကွယ်ခဲ့သည့်ရုပ်တုဖြစ်ကြောင်း ပြောကြားသည်။ ထိုစဉ်က သရေခေတ္တရာမြို့၏ အနောက်တောင်ထောင့်ရှိ ကျောက်ဆစ်ထုသူတစ်ဦးက ထုပေးသည်ဟု အဆိုရှိခဲ့ပါသည်။ ထိုရွာသည် သရေခေတ္တရာမြို့မှ အောင်မြင်ဗာဟုသို့ သွားသောလမ်းဘေးမှာ ရှိခဲ့သည်ဟု သိရပါသည်။

**ပထမ ဦးအောင် အတ္ထုပ္ပတ္တိ ပထမံဆရာကြီးဦးအောင်အကြောင်း**

ပထမံဦးအောင်သည် အချို့က တောင်တွင်းကြီး ဦးအောင်၊ အချို့က ပြည်ဦးအောင်၊ အချို့က ရသေ့ဦးအောင် စသည်ဖြင့် အမျိုးမျိုးပြောဆိုကြသည်အားလျော်စွာ ရှေးက ရေးသားစီရင်ပြီးဖြစ်သော ဝတ္ထုသဖွယ် စာဟောင်း၊ ပေဟောင်းများစွာ ရှိပြီးဖြစ်လေ၏။ သို့သော်လည်း အမှန်မရကြခြင်းကြောင့် 'ငါအရှင်ဉာဏ' သည်

ဆွေစဉ်မျိုးဆက် မျိုးရိုးနှင့်တကွ သာဓကထုတ်ကာပြလျက် အဟုတ်အမှန် အချက်ကျနစွာ ထပ်မံ၍ရေးသားဖော်ပြဦးအံ့။

**ဆွေမျိုးစဉ်ဆက်နှင့်ဇာတိ**

ဦးအောင်သည် တောင်တွင်းကြီးမြို့၊ အနောက်မျက်နှာ ပိသနိုးမြို့ဟောင်း၏အနီး ကြက်ဆူတောရွာဇာတိဖြစ်သည်။ သူ၏အဘ 'ဦးမြတ်ကျော်' အမိမှာ 'ဒေါ်ပု' ဖြစ်သည်။ ၎င်းတို့မှာ သား (၃) ယောက်၊ သမီး (၂) ယောက် သားချင်း (၅)ယောက် ပေါက်ဖွားလေသည်။ ဦးအောင်သည် သားသုံးယောက်တွင် အငယ်ဆုံး ဖြစ်လေသည်။ အမည်နာမများမှာ အစဉ်အတိုင်း (၁) ဖိုးရွှေလှ (၂) ဖိုးအစ် (၃) ဖိုးအောင် (၄) မယ်ဖော့အူ (၅) မယ်ပွင့်တို့ ဖြစ်လေသည်။ အမှတ် (၃) ဖိုးအောင်သည် ပထမံဦးအောင်ပင် ဖြစ်လေသည်။

**ဦးအောင်နှင့်ကျောင်းနေဖက်များ**

အေဒီ ၁၇၄၇ ဦးအောင်သည် သက္ကရာဇ် (၁၁၀၉) ခရစ် (၁၇၄၇) ခုနှစ်တွင် ကြက်ဆူတောရွာ၌ မွေးဖွားသည်။ ငယ်စဉ် အသက် (၇) နှစ် အေဒီ (၁၇၅၄) ခုနှစ်တွင် အဘ သေဆုံးသောကြောင့် ဦးရီးတော်သော ရဟန်းငယ် ဦးပညာနှင့် အင်းဝ ရွှေမြို့တော်သို့ စာသင်လိုက် သွားသည်။ နန်းဦးဆရာတော်ကျောင်းတွင် ကျောင်းသားအဖြစ် စာသင်စဉ် မောင်ဝိုင်း (ဘိုးတော်ဦးဝိုင်း) ရှင်သာမဏေ ရှင်မင်္ဂလတို့နှင့် ကျောင်းနေဖက် ဖြစ်လေသည်။ ရံဖန်ရံခါ ဦးရီးတော်ပညာနှင့် တောင်တွင်းကြက်ဆူတောရွာသို့ ပြန်လာသည်။ ထို ဦးပညာကား နောင်အခါ တံဆိပ်တော်ရ ဆရာတော် ဖြစ်လာ၍ အင်းဝ၌ ထင်ရှားသည်။ ဘုရင် ကိုးကွယ်ခံရသော ဆရာတော်ဖြစ်လာသည်။

**ဦးအောင် ပညာသင်ယူပုံ**

ဦးအောင်သည် အသက် (၁၃) နှစ်သားအရွယ် အေဒီ (၁၇၆၀) ခုနှစ်တွင် အင်းဝသို့ စ၍ရောက်သည်။ ထိုစဉ်အခါက ဘိုးတော်ဦးဝိုင်း ဦးမင်္ဂလတို့နှင့် ဘုန်းကြီးကျောင်းတွင် အတူနေရ၍ သိင်္ကျမ်းချစ်ခင်ကြသည်။ ဆိုးတူကောင်းမျှ ဟူ၍လည်း ကတိသစ္စာထားကြလေသည်။ ဦးအောင်သည် သာမဏေဘဝနှင့် (၅) ဝါ စာသင်ခဲ့ဖူးသည်။ သဒ္ဒါတတ် ကျွမ်းသည်။ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းတို့ကို အထူးလေ့ကျက်သည်။ ပညာများကို သင်ကြားလျက်နေစဉ် အသက် (၂၀) ပြည့် အေဒီ (၁၇၆၇) ခုနှစ် ရဟန်းခံကာနီးတွင် တောင်တွင်း ကြက်ဆူတောရှိ အမိ နာမကျန်းဖြစ်ကြောင်း မှာကြားသိရှိရ၍ ပြန်လာသည်။ အမိ သေဆုံးသောကြောင့် အင်းဝသို့ မပြန်တော့ဘဲ အစ်ကိုကြီးများနှင့် အတူနေသည်။

**ဦးအောင် အနေများသောဌာန**

ဦးအောင်သည် ဝါသနာအလျောက် အင်း၊ အိုင်၊ မန္တန်တို့ကို လေ့ကျက်သည်။ ရွှေရောင်တောင်ဘုရားနှင့် ရွှေရောင်တောင် ဘုန်းတော်ကြီးကျောင်းကို မှီကပ်လျက် ရွှေရောင်တောင်ဘုရားမှာ ဥပုသ်ကြီး (၄၅) ရက် မကြာခဏစောင့်သည်။ ရွှေရောင်တောင်ဘုန်းကြီး၏ ဝေယျာဝစ္စ ဆောင်ရွက်လျက် ကပ္ပိယအလုပ်ကိုလည်း လုပ်သည်။ အင်္ဂရတ် ဖိုကိုထိုးသည်။ လူပျိုကြီးဖြစ်သည်။ စကားပြောဆိုကြသော အခါ ဘယ်သူက ဘာပဲပြောပြော ဦးအောင်ကား ဘော်၊ ဂွတ်၊ သွပ်၊ ပြဒါး၊ သံအကြောင်းကို ပြောပါများသဖြင့် အခြားသူများက နားပြီး၍ထသွားကြသည်။ အချို့သိက္ခာကြီးသော သူတို့က ငအောင်ရှူး ငအောင်ရှူး ဟူ၍ပင် ခေါ်ကြသည်။ ဤသို့ မောင်အောင် ရှူးနေပြီထင်သဖြင့် ဘယ်သူကမှ ဂရုမစိုက်ရှိလေသည်။ ထို့နောက် မောင်အောင်သည် အစ်ကိုများ အိမ်မှာ အမြဲမနေတော့ဘဲ ရွှေရောင်တောင်ဘုရားနှင့် ဘုန်းကြီးကျောင်းမှာသာ အနေများလေသည်။

**ဦးအောင် ကြေးပုရပိုက်ရခြင်း**

တစ်နေ့သ၌ ရွှေရောင်တောင်ကျောင်းက ဘုန်းတော်ကြီးသည် ပျံလွန်တော်မူသဖြင့် တပည့်ရဟန်းတို့ အသီးသီး ပစ္စည်းဘဏ္ဍာတို့ကို ဝေဖန်ကြရာ မောင်အောင်လည်း အနီးအပါးမှာရှိသဖြင့် ဆရာတော်အုံးသော ညစ်ပေလှသည့် ခေါင်းအုံးကို မောင်အောင်ဘက်သို့လှည့်၍ မင့်ဝေစုဆို၍ ပေးလိုက်လေ၏။ မောင်အောင်လည်း ထိုခေါင်းအုံးကို ကောက်ယူလျက် ကျောင်းအောက်သို့ဆင်း၍ အသာအယာစမ်းကြည့်ရာ ခက်မာသော အရာတစ်ခုကို တွေ့သဖြင့် ဆိတ်ကွယ်ရာနေရာသွားပြီးလျှင် ခေါင်းအုံးကို ဖျက်ကြည့်ရာ ခေါင်းအုံးထဲမှ ကြေးပုရပိုက်တစ်ခု ရရှိလေသည်။ ထိုကြေးပုရပိုက်ကို ဖတ်ကြည့်ရာ ထွက်ရပ်ပေါက်လုပ်ရပ်ကို လမ်း အမျိုးမျိုး၊ ပထမံရုပ်လမ်းအမျိုးမျိုး အစီအရင်နှင့်တကွ ရွှေရောင်တောင် ထီးအကြား၌နေသော သတ္တိအစွမ်းထက်သည့် ကြောင်နက်တစ်ကောင်ကို ဖမ်းယူရန် နည်းစနစ်တို့ကိုပါ ဖတ်ကြည့်တွေ့ရှိလေသည်။

**ဦးအောင် သိဒ္ဓိပေါက်ခြင်း**

ထိုကြောင်နက်သည်ကား ရှေးကပင် ထင်ရှားရှိနေ၍ လူများ၏နှုတ်ဖျားတွင် ကြောင်နက်အသားကို စားရလျှင် မည်မျှသိဒ္ဓိပေါက်နိုင်ကြောင်း၊ ထိုကြောင်နက်၏ ဦးခေါင်းထဲ၌ (အမြုတေ) ရှိကြောင်း သတင်းကြီးနေသောကြောင့် လူအပေါင်းက ဝိုင်းအုံဖမ်းပါသော်လည်း မမိ၊ မရရှိသော ကြောင်နက်ဖြစ်လေသည်။ (ထိုကြောင်နက်ကား ဝိဇ္ဇာတို့ စီမံစီရင်ထားသော သိဒ္ဓိပြီးကြောင်နက် ဖြစ်သည်)

မောင်အောင်ကား ကြေးပုရပိုက်အညွန်းအရ ဖမ်းယူရရှိပြီးလျှင် အစီအရင်အတိုင်း အသုံးပြုခြင်း၊ ကြေးပုရပိုက်ပါ နည်းလမ်းများကို စီရင်ခြင်းဖြင့် သုံးနှစ်ခန့်ရှိလျှင် သိဒ္ဓိပေါက်၍ ဝိဇ္ဇာအဖြစ်သို့ ရောက်လေ၏။ ထိုအခါ ဦးအောင်သည် အသက် (၄၀) ကျော် (၅၀) နီးပါး အေဒီ (၁၇၈၇) ခုနှစ်ရှိလေပြီ။

**ပြည်မြို့ဝန်နှင့် အကျွမ်းဝင်ခြင်း**

မောင်အောင်သည် သိဒ္ဓိပေါက်လျှင် အစ်ကိုများအိမ်သို့ မသွားတော့ဘဲ ရွှေရောင်တောင်ဘုရား လိုဏ်မုခ်အတွင်းနေလေ့ရှိခြင်းကြောင့် အစ်ကိုများက လာရောက်ခေါ်သော်လည်း ခေါ်၍မရဖြစ်သဖြင့် မောင်အောင် ရူးပြီ ဟု အားလုံးအထင်ရှိကြ၏။ သို့သော် မောင်အောင်ကား မရူးဘဲရှိလေ၏။ မောင်အောင်သည် ရံဖန်ရံခါ ပြည်မြို့သို့သွားလျက် သုဒဿနတောင် ရွှေဆံတော် (နိသိတင်) စေတီ ရာဟုထောင့်ရှိ ဂူထဲတွင် နေလေ့ရှိခြင်း၊ မူရာပင်စည်ကြီးဆွဲအရပ်တွင် စေတီဟောင်းမုခ်လိုဏ်အတွင်း နေလေ့ရှိခြင်း၊ လေးထပ်ပြင် အရှေ့တောအတွင်း လှည့်လည်နေလေ့ရှိခြင်း၊ ဖိုးဦးတောင်တန်းကို ကူးသန်းသွားလာခြင်း၊ ရံခါ ပုပ္ပါးတောင်သို့လည်း လှည့်လည်သွားနေခြင်းဖြင့် ပြည်မြို့တွင် အသိအကျွမ်းများနေသည့်ပြင် ပြည်မြို့ဝန်နှင့်ပင် အကျွမ်းတဝင်ဖြစ်နေလေသည်။ မိမိ သိဒ္ဓိပေါက်ပြီးသော အဖြစ်ကို ဘယ်သူအားမျှ မပြောကြားပေ။

**သိဒ္ဓိစွမ်း ပြသခြင်း**

မောင်အောင်သည် ကြက်ဆူတောရွာမှ တောခရီးသို့ မိမိအစ်ကိုများနှင့်အတူ ခရီးသွားကြရာ လမ်းစခန်းတွင် အသီးရှိသော သရက်ပင်တွေ့၍ အစ်ကိုများက မောင်အောင်အား သရက်သီးတက်၍ ဆွတ်ခူးရန်ပြောသောအခါ သရက်ပင်ပေါ်သို့ မတက်ဘဲ အောက်မှသာနေလျက် လက်ဝါးထောင်ပြလိုက်လျှင် အပြခံရသော သရက်သီးတို့သည် မြေပေါ်သို့ ကြွေကျလေကုန်၏။

တစ်ခါသော် မောင်အောင်သည် ပြည်မြို့သို့ ရောက်လေလျှင် မြို့ဝန်နှင့်တွေ့၍ မြို့ဝန်က စုံစမ်းလိုသဖြင့် 'မည်သည့် ပညာတတ်သနည်း' ဟု မေး၏။ မောင်အောင်က ပြီးသောပညာကို တတ်ပါကြောင်း လျှောက်လျက် ဖားတစ်ကောင်ကို ညာလက်ဖြင့် ဆုပ်ကိုင်၍ မောင်းအတွင်း ထည့်ထောင်းခိုင်းလေ၏။ လူတစ်ကျိပ်နှစ်ယောက်အားရှိသမျှ ဖားကို ထောင်းကြရာ အွတ် အွတ်သာ အော်၏။ ထောင်းသူများမောလျက် ဖားက လက်ထဲမှ ခုန်ထွက်သွားလေတော့သည်။ ဤအခြင်းအရာတို့ကို သိရ၍ အစ်ကိုများက အံ့သြခြင်း၊ ပြည်မြို့ဝန်လည်း မောင်အောင်ကို ရိုသေသော စိတ်ပေါ်လာခြင်း၊ အံ့သြကြခြင်း နေရာအနှံ့သွား၍ ခရီးကွာလှမ်းနေစေသော်

လည်း တစ်ချိန်တည်းတွင် အတွေ့တူ ကြုံနေခြင်းဖြင့် တစ်စတစ်စ ဆရာအောင် ဟု ထင်ရှားလာတော့သည်။

**ဆရာအောင်ကို ဖမ်းစေခြင်း**

မောင်အောင်သည် ရွှေရောင်တောင်ဘုရား၌ အဂ္ဂိရတ်ထိုးခြင်းဖြင့် သိဒ္ဓိပေါက်သောအခါ ဆရာကြီး ဆရာအောင် စသည်ဖြင့် (ဆရာ) ဟူသော အမည်ဖြင့် ထည့်သုံး၍ အများကပင် ခေါ်ကြသည့်အပြင် ဝတ်ဖြူစင်ကြယ်ဝတ်လေ့ရှိ၍ အလုံးအရပ်မှာ ခပ်မြင့်မြင့် အသားဖြူနှင့်ခံ့ညားလျက် ရိုသေလာကြလေသည့်အတွက် အင်းဝဘုရင် ဘိုးတော်ဦးဝိုင်းထံအထိ သတင်းကြီးကာ ကျော်ကြားထင်ရှားသွားသောကြောင့် မိမိထီးနန်းအတွက် စိုးရိမ်သောစိတ်ပေါ်၍ ဆရာအောင်ကိုဖမ်းရန် စေလိုက်၏။ လူ မင်းမှုထမ်း ရဲပိုလ် (၂၀) ခန့်တို့သည် စေခိုင်းချက်အရ တောင်တွင်းကြီးသို့ ဆရာအောင်ကိုဖမ်းရန် ဧရာဝတီမြစ်ကြောင်းကို စုန်စေလျက် လှေတော်နှင့်လာ၍ ကြက်ဆူတောရွာသို့လာရောက် တည်းခိုကြသည်။ တောင်တွင်းဝန်အား ဆရာအောင်ကိုခေါ်၍တောင်းလျှင် ဆရာအောင် မရှိခိုက်နှင့် ကြုံနေသဖြင့် သဲကန်ရွာသူကြီး ဘိုးရွှေသီးသည် မြို့ဝန်၏အမိန့်အရ ဆရာအောင်၏ ဆွေမျိုးများကို ချုပ်နှောင်ထားစဉ် တောင်တွင်းဝန်လည်း ဆရာအောင် သွားလာတတ်သော ပုပ္ပါးအရပ်ဒေသနှင့် ပြည်မြို့ဒေသသို့ စေလွှတ်စုံစမ်းစေရာ ပြည်မြို့ဝန်၏ အကြောင်းကြား ပြန်ကြားချက်အရ လှေတော်ကို ပြည်မြို့သို့ စုန်ဆင်းစေ၏။ ပြည်မြို့ဝန်လည်း ဆရာအောင်နှင့် ရင်းနှီးနေသောကြောင့် ပြည်မြို့ဝန်၏ တောင်းပန်ချက်အရ ခဏချင်းလာရောက်၍ အမိခံလေသည်။ ထို့ကြောင့် ဖမ်းဆီးထားသော ဆွေမျိုးများအား လွှတ်စေရလေသည်။

**ဆရာအောင် အပမ်းခံရခြင်း**

ထိုအခါ ဆရာအောင်က တွေးတောစဉ်းစားမိသည်မှာ 'မောင်ဝိုင်းသည် ငါ့သူငယ်ချင်း ကျောင်းနေဖက် ဖြစ်သည်။ ကတိသစ္စာ မတည်လေ၊ ငါကမူကား တတ်နိုင်သမျှ ကယ်မ စောင့်ရှောက်မည်ဟု သဘောထားသည်။ ယခုသော်ကား ကယ်ရန် အလိုမရှိတော့ချေ။ ငါသည် ရှေးကံအလျောက် သိဒ္ဓိဆယ်ပါး အကုန်ပေါက်သဖြင့် ဓား၊ လှံ၊ သေနတ်၊ အမြောက် စသည်တို့ ပြီးစေခြင်း၊ ကိုယ်ပြောင်းကိုယ်လွှဲ ပြုနိုင်ခြင်း၊ ကိုယ်ဖျောက်နိုင်ခြင်း၊ ရွှေ ငွေ၊ လိုသမျှရရှိနိုင်ခြင်း၊ မြေလျှိုးမိုးပျံနိုင်ခြင်း၊ သူတစ်ပါး၏စိတ်ကို သိနိုင်ခြင်း စသော အတတ်ပညာတို့ကို ငါရ၏။ သို့ရာတွင် လောဘ၊ ဒေါသ၊ မောဟတရားများကို သိမ်းဆည်းပယ်ခွာလျက် နိဗ္ဗာန်သို့သာ ရှေးရှုလျက်ရှိနေခြင်းကြောင့် မောင်ဝိုင်းထံ မလိုက်လိုသော်ဖြစ်၏။ သို့ရာတွင်

ဆွေမျိုးများလည်း အချုပ်အနှောင်မှ လွတ်စေခြင်းငှာ လည်းကောင်း၊ ရာဇဂုဏ် မောက်လှသော မောင်ဝိုင်းအား ငါ၏သတ္တိကို ပြခြင်းငှာလည်းကောင်း၊ ငါလိုက် သွားဦးမည်' ဟု စိတ်ထဲကထား၍ အဖမ်းခံလေ၏။

**ဆရာအောင်ကို ကပ်နှင့်ဖိထားခြင်း**

မင်းလုလင်ရဲဗိုလ်များက ကြိုး၊ ခြေချင်းတို့ဖြင့် တုပ်နှောင်မည်ပြုရာ အသက် (၂၀) ခန့် ဗိုလ်တစ်ယောက်က 'ဤသူသည် သူတော်ကောင်းလက္ခဏာရှိသည်။ မချည်မတုပ်နှောင်သော်လည်း ပြေးမည်မဟုတ်ပါ' ဟု မဟန့်တားသော်လည်း အခြားဗိုလ်များက အမိန့်တော်အတိုင်း တည်အောင်ပြုမည်ဟု ချည်မြဲတုပ်နှောင် မြဲ တုပ်နှောင်ပြီးလျှင် လှေဝမ်းတွင်းချ၍ ကပ်ဖိထားလေ၏။ ဗိုလ်များလည်း လှေ နှင့် ဆန်တက်၍ သွားကြလေသည်။

**ဆရာအောင် ကုန်းပေါ်ရောက်နေခြင်း**

လှေနှင့်ဆန်တက်၍ မိချောင်းရဲဆိပ်သို့ရောက်လျှင် ကုန်းပေါ်မှနေ၍ ဆရာအောင် က 'လှေတော်သားမောင်မောင်တို့ ငါ့ကို ဖမ်းဆီးလာကြရာ ငါ မပါဘဲနှင့် အဘယ် ကို သွားကြမည်နည်း' ဟု မေးလေသည်တွင် လှေသားအားလုံး ကြောက်လန့်ကြ လျက် ကမ်းသို့ လှေဆိုက်ပြီးလျှင် 'ကျွန်ုပ်တို့ အသက်ကို ကယ်ဆယ်သောအားဖြင့် ရှေ့တော်ရောက်လိုက်တော်မူပါ။ ရှေ့တော်ရောက်မှ အလိုရှိသည့်အတိုင်း လုပ် တော်မူပါ' ဟု ရိုသေစွာ တောင်းပန်ကြလေသည်။ ထိုအခါတွင် ယခင်ရဲဗိုလ် သူငယ်က 'ပထမကပင် ရိုသေစွာ ပင့်ခေါ်ရန်ကြံပါသည်။ သည်းခံတော်မူပါ' ဟု ဆိုကာလ ဦးအောင်လည်း ထိုသူ၏ လက္ခဏာကိုကြည့်၍ ငါကဲ့သို့ပင် ပညာ တတ်စွမ်းနိုင်မည့် လက္ခဏာရှိ၏ဟု အောက်မေ့လျက် 'ကောင်းပြီ . . . ငါ လိုက်ခဲ့ အံ့။ သို့ရာတွင် လှေထဲကမလိုက်လို။ ကုန်းပေါ်ကသာ ငါပါလာကြောင်းကိုလည်း နံနက်တိုင်း ကုန်းပေါ်က ကိုယ်ထင်ပြမည်' ဟု ပြောဆိုလေ၏။ (ဤအချိန်ကား သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ အေဒီ (၁၇၈၃) ခုနှစ်တွင် အင်းဝရွှေမြို့တော်မှ အမရပူရ မြို့တော် တည်ထောင်ပြီးလျှင် ဘုရင့်နေပြည်တော် ပြုလုပ်ပြီးဖြစ်လေသည်)

**ဆရာအောင် မြေမြှုပ်စံရခြင်း**

ယင်းသို့ လှေတော်နှင့် ဆန်တက်ခဲ့ရာ အမရပူရ မင်းနေပြည်တော်သို့ ရောက်ရှိ ကာလ ဗိုလ်များက 'ယခု ရှေ့တော်သို့ ဝင်သောအခါ၌ မိမိတို့၌ အပြစ်ကင်းလွတ် အောင် ခါးကြိုး၊ လက်ပြန်ကြိုးများ ထည့်ရပါမည့်အကြောင်း ဦးအောင်အား တောင်းပန်ရှိခိုးလျက် ထည့်ပြီးလျှင် ရှေ့တော်သို့ ဆောင်ခဲ့လေ၏။ ဘိုးတော် ဦးဝိုင်းကလည်း နန်းတော်ရှေ့ တံခါးအဝင်လမ်းဝတွင် တွင်းနက်စွာတူးစေ၍ မသိ၊

မမြင်နိုင်အောင် ဖုံးအုပ်စေလျက် ဦးအောင်လာ၍ မြေတွင်းထဲကျလျှင် တစ်ခါ တည်း မြေဖို့ မြှုပ်သတ်လိုက်ရန် စီစဉ်ထားနှင့်လေ၏။ ဦးအောင်ကိုလည်း ၎င်း တွင်းရှိရာ လမ်းသို့ခေါ်ဆောင်စေသဖြင့် တွင်းထဲသို့ကျလေလျှင် အားလုံးဝိုင်းလျက် မြေဖို့ မြှုပ်သတ်လိုက်ကြလေသည်။

**ဆရာအောင် ဘုရင့်နား ရောက်နေခြင်း**

ဘိုးတော်သည် ရာဇပလ္လင်ပေါ်မှ ဒေဝစက္ခုမှန်ပြောင်းနှင့် ကြည့်ရှုလျက်ရှိသဖြင့် မြေမြှုပ်သည်ကို မြင်သောအခါ အားရဝမ်းသာစွာဖြင့် 'မှတ်ဟဲ့ . ငါမှန်းသိရဲ့လား။ ငါ့ဘုန်းရှိန်ကို ငအောင်လိုလူ ခံနိုင်ပါ့မလား' ဟု ကြုံးဝါးလိုက်သည်နှင့် တစ်ပြိုင် နက် နောက်ကကပ်လျက် 'ဘာတဲ့ကွ မောင်ဝိုင်း' ဟု ဆိုသံကြားသဖြင့် လှည့်ကြည့် လိုက်ရာ ဦးအောင်ကို တွေ့မြင်လိုက်ရလေလျှင် ဘိုးတော်သည် ရှေးက ကျောင်းနေ ဖက်သူငယ်ချင်း မောင်အောင်ပင်ဖြစ်နေ၍ အမျက်လည်းထွက်၊ ရှက်လည်းရှက် သဖြင့် ဣန္ဒြေဆယ်ပြီးမှ 'ဘယ်နှယ့်လဲ၊ မောင်အောင် မင်းမသေသေးဘူးလား' ဟု ပြုံးရယ်လျက် မေးလေ၏။

**(ဝ) တစ်လုံးကို ဖျက်စေခြင်း**

ဦးအောင်က 'မင်းလို သစ္စာကတိ မတည်သူကသတ်လို့ ငါသေပါ့မလား။ မင်း အလွန်မှားသည်။ မင်း၏စည်းစိမ်မျိုးကို ငါက အိမ်သာစုတ်လောက် ထင်သည်။ ငါ့ပညာမျိုးကိုလည်း မင်းက မျက်လှည့်လောက် ထင်လိမ့်မည်။ ပါရမီဆိုတာ တစ်မျိုး စီဖြစ်သည်။ မင်းသည် ငါ့ကို သတ်ဖို့မဆိုထားနှင့်။ ငါရေးပေးသော (ဝ) တစ်လုံး ကိုမျှ ဖျက်နိုင်မည်မဟုတ်ချေ' ဟု ဆိုသောအခါ ဘိုးတော်သည် ရှက်လှသဖြင့် 'ငါ ပျက်အောင် ဖျက်မည်။ ရေးလော့' ဟုဆို၍ ပုရပိုက်နှင့်ကန့်ကူဆံကို ပေးရာ ဦးအောင်သည် (ဝ) တစ်လုံးကို ရေးပေးလိုက်၏။

**(ဝ) တစ်လုံးမှ (ဝ) နှစ်လုံး စသည်ဖြစ်လာခြင်း**

ထိုအခါ ဘိုးတော်သည် (ဝ) တစ်လုံးကို ဖျက်သော် (ဝ) နှစ်လုံး ဖြစ်လာလေသည်။ (ဝ) နှစ်လုံးကို ဖျက်ပြန်သော် (ဝ) လေးလုံး ဖြစ်လာလေ၏။ ဤသို့ဖျက်သောအခါ တိုင်းတွင် နှစ်ဆတိုး တိုးလာ၍ ပုရပိုက်တစ်ဆူလုံးနှင့် နန်းကြမ်းပြင်၊ နန်းရံ စသည် ဖြင့် တစ်နန်းတော်လုံး (ဝ) ချည်းရှိလေသည်။ ထို့နောက် ဘိုးတော်သည် ဖျက်ရန် လက်လျှော့လိုက်သည့်အခါ ဝိဇ္ဇာဦးအောင်က (ဝ) များကို လက်ဝါးပြလိုက်ရုံနှင့် (ဝ) များ ပျောက်လေတော့သည်။ ထိုအခါမှ ဦးအောင်က 'မောင်ဝိုင်း ဤကဲ့သို့ မှတ်လေ။ ငါ့ကိုသတ်လျှင် နှစ်ယောက်၊ လေးယောက်၊ ရှစ်ယောက် စသည်ဖြင့် များစွာသော မောင်အောင်တို့သည် ဖြစ်လတ္တံ့။ ငါ့ကို သတ်ခြင်းငှာ မည်သည့်အခါ

မျှ စွမ်းနိုင်မည် မဟုတ်ချေ။ သို့ရာတွင် မင်း စိတ်ကျေနပ်အောင် ငါ့ကို သေစေလိုက ကျွန်းသားတုံးကြီး ထွင်းဖောက်၍ ငါ့ကိုထည့်ပြီးမှ လုံခြုံအောင်ပိတ်လျက် လေးလှသော ခဲများဆွဲပြီးလျှင် ရေသို့ချလေ' ဟု ဆိုလေ၏။ ဘိုးတော်ဦးဝိုင်းလည်း ဆိုသည့်အတိုင်း ရေတွင်ချလေ၏။ ယင်းသို့ဖြစ်၍ လူအများက ဦးအောင်သေပြီဟု ထင်ကြသည်။

**ရဲလုလင်ဗိုလ်နှင့် တောင်ငူမင်းတို့ ဦးအောင်ကို တွေ့ပြန်ခြင်း**

သို့ရာတွင် ဦးအောင်သည် ထင်သကဲ့သို့ မသေဘဲ နံနက်မိုးသောက်သောအခါ ယခင်က အသက် (၂၀) အရွယ်ရှိ ရဲလုလင်ဗိုလ်သူငယ်အိမ်သို့ ဝင်ရောက်၍ ပညာများ သင်ပေးသွားသည်ဟု အချို့လူတို့တွေ့၍ သတင်းဖြစ်ပွားလေ၏။ ထို့နောက် တစ်နှစ်ခန့်ကြာရှိသောအခါ ဘိုးတော်၏သား တောင်ငူမင်းနှင့် ဝိဇ္ဇာဦးအောင်တို့ ရွှေကြက်ယက်ဘုရား၌ တွေ့ကြသဖြင့် ဦးအောင်က တောကြီးတစ်ခုထဲသို့ ခေါ်သွားပြီးလျှင် ထူးဆန်းသော နန်းပြာသာဒ်များကိုလည်းကောင်း၊ လက်နက် အပြည့်အစုံနှင့် စစ်သည်တော်တို့ကိုလည်းကောင်း၊ လှပယဉ်ကျေးသော မိန်းမများကိုလည်းကောင်း မင်းသားအား ပြလေ၏။ ထိုမှတစ်ပါးလည်း 'ငါသည် ဘိုးတော်နှင့်စစ်ကိုင်းမင်း ကျောင်းတွင် နှုတ်ကတိသစ္စာ တစ်ဦးကိုတစ်ဦး ကြည့်ရှုမစရန် ထားကြသော်လည်း ဘိုးတော်က သစ္စာဖျက်လေသဖြင့် ငါ မ,မစတော့ပြီ။ သို့ရာတွင် သားမြေးများကိုသာ အလျဉ်းသင့်တန်သမျှ ကြည့်ရှုမည့်အကြောင်း ပြောဆိုမှာကြားပြီးနောက် ဦးအောင်သည် ရုတ်တရက်ပျောက်ကွယ်လေ၏။ မင်းသားလည်း မိမိအိမ်သို့ အလိုလိုရောက်ရှိနေလေ၏။ တောင်ငူမင်းသားသည် ဤကဲ့သို့ ဝိဇ္ဇာဦးအောင်နှင့်တွေ့ရကြောင်းနှင့် မှာကြားသွားသော စကားရပ်အလုံးစုံတို့ကို ခမည်းတော် ဘိုးတော်ဘုရားသည် နောင်တကြီးစွာရ၍ စိတ်မသက်မသာဖြစ်ရရှာ၏။

(ဝိဇ္ဇာဘိုးဘိုးအောင်နှင့် ဆွေမျိုးတော်စပ်ကြသော သူတို့ကို သဲကန်၊ ကြက်ဆူတော၊ ကမ်းနီ၊ ခြင်ကိုက်ကုန်းမှစ၍ အနီးအနားရွာတို့၌ တွေ့ရှိနိုင်ကြလေသည်။ အချို့သဘင်သည်များက စကြာမင်းကလေးကို ရေချစဉ် ပထမံဝိဇ္ဇာ ဦးအောင် ကယ်မစောင့်ရှောက်နေကြောင်း စသည်ဖြင့် ဇာတ်ခင်းကျင်းပြသကြပါသေးသည်။)

**ခွေးများကို အံ့ဩဖွယ်ကျွေးမွေးခြင်း**

ဦးအောင်သည် ပြည်မြို့သို့ရောက်လာစဉ် ရွှေဆံတော်ဘုရားကြီးအနီး ရာဟုထောင့်ရှိ ဇရပ်တစ်ခုတွင် တည်းခိုလျက် ဘုရားကြီးပတ်လည်အနီးအနားရှိ ခွေးထီး၊ ခွေးမငါးရာလောက်ကို ဖိတ်ကြားစုဆောင်းလျက် ထမင်းချက်၍ကျွေးလေ့ရှိသည်။ ထမင်းချက်ကျွေးသောအိုးသည် ဆန်တစ်ခွက်ဝင်လောက်သာရှိသော်လည်း အလျှ

မခံဘဲနှင့် ခွေးအများဝအောင် ကျွေးနိုင်သည်ကို မြင်ကြသော လူအပေါင်းက အံ့ဩကြလေသည်။ ထို့ပြင် ဝိဇ္ဇာဦးအောင်သည် ရွှေဆံတော်ဘုရားကြီး ရာဟုထောင့် မြေဂူတွင် တရားထိုင်ခြင်း၊ ရံဖန်ရံခါ ပြည်မြို့ အရှေ့ဘက် စည်ကြီးဆွဲ အရပ် လေးထပ်ပြင်တော (ယခု ရတနာမာရ်အောင်တောရ) မြင်ဗာဟု ဘုရားတော၊ မြောက်နဝင်းချောင်းတောရနှင့် ဖိုးဦးတောင်နေရာအနှံ့ သွားရောက်လှည့်ပတ်ကာ နေလေ့ရှိလေသည်။

**ဦးအောင်ပြုစုသော ကျမ်းလာစကားများ**

ဦးအောင်သည် ငယ်စဉ် အသက် (၂၀) ခန့်ကပင် စာပေပညာ တတ်ကျွမ်းလှသည်။ အသက် (၄၀) ကျော်၌ သိဒ္ဓိပေါက်သောအခါ သာလွန်သည့်ပညာ ပြည့်စုံလေတော့သည်။ သူထွက်ရပ်လမ်း ပေါက်သော ကြေးပုရပိုက်နည်းကိုမှီ၍ လက်ာသစ်စီကုံး၍ ပထမံဦးအောင်ကျမ်းဟု ယခုတိုင် ထင်ရှားနေသည်။ ပထမံဆရာဝိဇ္ဇာဦးအောင် ရေးသော ကျမ်းပေါင်းများစွာတို့တွင် ဓာတ်ကျမ်းတက်လမ်းလက်ာတွင် 'ဘဒ္ဒကမ္ဘာ ပေါ်ဦးစွာက၊ လူ့ရွာမနှော၊ မြိုင်တောမို့မို့တောင် ညို့ဟေမဝါ' အစချီသောစကားကိုလည်းကောင်း၊ 'ဧကက္ခရကောသလ္လကြောင့်၊ ဧကအက္ခရာ၊ တစ်လုံးစာကို၊ သမ္မာသမ္ဗုဒ္ဓ၊ အကျဉ်းပြခဲ့သည့် 'အစချီသော ရကန် (၁၅) ပုဒ်ကိုလည်းကောင်း။ ။ 'မူလလမ်းကြောင်း၊ နည်းကောင်းညွှန်ပြ' အစချီသော ဆုတောင်း (၉) ပုဒ်ကိုလည်းကောင်း၊ သူ့ရုပ်သွင်မှာ၊ သမင်မဟုတ်၊ ရှင်မဟုတ်နှင့် ဦးထုပ်တရပတ် ပေလူကပ်လို့ ပညတ်တော်မူ' အစချီသော ရကန်ကိုလည်းကောင်း၊ 'ရွှေမဏိတော် ရတနာမှ ရွှေဒေါက်ချာ ဖြိုးလူလူနှင့်' ဟူသောစာမှာ ရဟန်းများဒေါက်ချာဆောင်းသော အချိန်၊ ၎င်းအပြင် ပိဋကတ်သုံးပုံ၊ သည်ခေတ်တွင် ကြုံခါမျှ၊ တုံလိုတုံ၊ ရုံလိုရုံ၊ ခေါင်းမြီးသာခြုံ ဟူသော စကားမှာ တုံဂိုဏ်း၊ ရုံဂိုဏ်းများ ရဟန်းတို့အတွင်း ပေါ်ပေါက်လာသော ကျမ်းစကားများကိုလည်းကောင်း ထောက်ခြင်းအားဖြင့် ဘိုးတော်ဦးဝိုင်း လက်ထက်မှာ ပထမံဆရာအောင်သည် ထွက်ရပ်လမ်းပေါက်သည်ဟု မှတ်ယူရမည်ဟု ဖတ်ရှုရပါသည်။

(ကျမ်းကိုး။ ပထမံဦးအောင် အတ္ထုပ္ပတ္တိအကျဉ်း ဤတွင်ပြီး၏ ဟူ၍ တွေ့ရှိရပါသည်။ အကျယ်တဝံ့သိရှိလိုသူအပေါင်းတို့သည် ပြည်မြို့ ရွှေဆံတော်ဘုရား ဂေါပကအဖွဲ့တွင် စုံစမ်း၍ အထက်ပါ မဟာပထမံ ဘိုးဘိုးအောင် အတ္ထုပ္ပတ္တိတော်ကို ဝယ်ယူသိမ်းဆည်းတော်မူကြပါ။ ရှေးသရောအခါက ဦးဖေခင် ရေးသားသော ဘိုးဘိုးအောင် စာအုပ်ကိုလည်း ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ပညာအလင်းပြစာအုပ်တိုက်တွင် သိမ်းဆည်းထားသည်ဖြစ်၍ ပြန်လည်ရှာဖွေစုဆောင်းနိုင်ပါကြောင်း သိရှိရပါသည်)

# အခန်း (၈)

# ရတနာပုံခေတ် ဝိဇ္ဇာဓိုရ်များ

## ပေါက်မြောက်အောင်မြင်သွားသော်လည်း လူမသိသေးသည့် ပရိတ်ကြီးဘိုးမြသာ

ပေါက်မြောက်အောင်မြင်သွားသော်လည်း လူမသိသေးသည့် ပရိတ်ကြီးဘိုးမြသာ အကြောင်းကို မောင်ပန်းမွှေးသည် ဓမ္မသာလာမဂ္ဂဇင်း၊ အတွဲ-၆၊ အမှတ်-၁၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ-၂၅၊ ၂၆တွင် ရေးသားခဲ့ဖူးပါသည်။ အထက်ပါ အကြောင်းအရာများကို မုံရွေးဇေတဝန်ဆရာတော်၏ ဂုဏ်တော်ကိုးပါး ပုတီးစိပ်နှင့်ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး ဟူသော စာအုပ်ကလေးမှ ရရှိပါ၏။ ဤကျမ်းပြုသူ အလွန်မြတ်နိုးသဖြင့် ထိုအချက်အလက်တို့ကို မောင်ပန်းမွှေးကိုယ်တိုင် အယ်ဒီတာချုပ် ဦးစီးထုတ်ဝေခဲ့သော ဝိဇ္ဇာမဂ္ဂဇင်းတွင် တစ်ကြိမ်ဖော်ပြခဲ့သည် သာမက မြေလတ်မြတ်သူ အယ်ဒီတာချုပ် ပြုလုပ်သော ဓမ္မသာလာမဂ္ဂဇင်းတွင်လည်း တစ်ကြိမ်ဖော်ပြလျက် သင်ဆရာ၊ မြင်ဆရာအပေါင်းတို့အား ကျေးဇူးဆပ်ခဲ့ဖူးပါသည်။ ယခု ဝိဇ္ဇာပေါင်းချုပ် ထုတ်သောအခါ ပြန်လည်ဖော်ပြပါသည်။

မုံရွေး၊ ဇေတဝန်ဆရာတော် ရေးသားတော်မူသော ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းနှင့် ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုးဟူသော အလွန်ဆွေးမြေ့နေသော စာအုပ်ဟောင်းကလေးတစ်အုပ်ကို ကျွန်ုပ်သည် လမ်းဘေးက စာအုပ်ဟောင်းအပုံတစ်ခုထဲမှ တစ်ရံရောအခါက ရထားဖူးပါသည်။ ထိုစာအုပ်ထဲမှာပါရှိသော ပရိတ်ကြီးဘိုးမြသာ ဝတ္ထုကလေးကို ဖတ်မိသောအခါ ကျွန်ုပ်သည် အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီး၏ ပရိတ်ကြီးအစွမ်း အဆိုအမိန့်ကို ပြန်လည်သတိရလာတတ်ပါသည်။

တစ်ဖန် ပရိတ်ကြီးအစွမ်း အဆိုအမိန့်ကလေးကို တွေးမိလာတိုင်းမှာလည်း ပရိတ်ကြီးဘိုးမြသာဝတ္ထုကို သတိရလာတတ်ပါသည်။ အသင် စာဖတ်သူလည်း နှိုင်းယှဉ်စဉ်းစားစရာကလေးတစ်ခုအဖြစ် အောက်ပါဝတ္ထုကလေးကို ဖတ်ကြည့်စမ်းပါဟု တိုက်တွန်းလိုက်ချင်ပါသေးသည်။

**ပရိတ်ကြီး ဘိုးမြသာဝတ္ထု**

မန္တလေးမြို့၊ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက် တရုတ်ပြည်က ကုန်သည်ကြီးများနှင့် ဆက်သွယ်၍ အကြီးအကျယ် ကူးသန်းရောင်းဝယ် စားသောက်နေသော ဘိုးမြသာသည် နေ့စဉ်ပင် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်ခြင်း၊ သီးခြားလည်း ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ခြင်းတို့ကို အမြဲပြုလုပ်၍ နေထိုင်သည့်အတွက် မန္တလေးမြို့တစ်မြို့လုံးကပင် ပရိတ်ကြီးဘိုးမြသာ၊ ပရိတ်ကြီးဘိုးမြသာ ဟူ၍ လောကုတ္တရာ ဂုဏ်ထူးဘွဲ့တံဆိပ်သည် အလိုလို လူတိုင်း၏နှုတ်၌ မဆိတ်ဖြစ်ပေါ်၍လာလေသည်။

တစ်နေ့သ၌ ပရိတ်ကြီးဘိုးမြသာသည် မိမိ၏တရုတ်ကုန်သည် မိတ်ဆွေကြီးများက ခေါ်သဖြင့် တရုတ်ကုန်သည်ကြီးများနှင့် မန္တလေးမြို့မှ တရုတ်ပြည် နေပြည်တော်သို့ အလည်အပတ်လိုက်၍သွားရာ တရုတ်နေပြည်တော်သို့ရောက်၍ မကြာမြင့်မီအတွင်းမှာ မြို့ရိုးပျက်၍ ပြင်နေကြသော်လည်း မဖြစ်နိုင်ဘဲနေသဖြင့် တရုတ်နတ်က အခြားတိုင်းပြည်သား သူတို့သန္ဓေမှ မြို့ရိုးဖြစ်လိမ့်မည်ဟု ပူးဝင်၍ပြောသောကြောင့် တရုတ်အမတ်ကြီးတွေ အခြားတိုင်းပြည်သားကို လိုက်၍ရှာကြရာ ပရိတ်ကြီးဘိုးမြသာကို တွေ့သဖြင့် ဖမ်းယူပြီး အရှင်လတ်လတ် တွင်းထဲမှာ မြှုပ်ထည့်သန္ဓေပြီးမှ မြို့ရိုးတည်ကြလေသည်။

ထိုသို့ ပရိတ်ကြီးဘိုးမြသာကို တရုတ်အရာရှိများက အတင်းအဓမ္မပြုလုပ်ကြသည်ကို တရုတ်ကုန်သည်ကြီးများက မပြောဝံ့လို့သာ နေရ၏။ အလွန်တရာ မခံချင်ဖြစ်လျက် သနားလှသဖြင့် ပူပင်သောကဖြစ်ကာ ၎င်းအကြောင်းကို မြန်မာဘုရင်သိက ငါတို့ ဒုက္ခရောက်တော့မှာပဲဟု ကြောက်ရွံ့ပြီး မြန်မာပြည်သို့ မလာရောက်တော့ဘဲ ကြောက်ရွံ့ပြီးနေသည်မှာ ဆယ်နှစ်လောက်ကြာ၍ သွားလေတော့သတည်း။ ထိုသို့ ဆယ်နှစ်လောက်ကြာသဖြင့် တရုတ်ကုန်သည်များက ဤမျှလောက်ကြာလျှင် ဘိုးမြသာကိုလည်း မမေ့လောက်ပါပြီ။ ငါတို့ကို မြန်မာများကလည်း မှတ်မိကြတော့မည် မဟုတ်ပါဟု အောက်မေ့ပြီး ရှေးကလိုပင် အရောင်းအဝယ်လာကြပြန်လေ၏။ သို့သော်လည်း အလွန်စိတ်ချခြင်း မရှိသေးသည့်အတွက် မန္တလေးမြို့သို့မလာဘဲ မိုးကုတ်မြို့သို့လာကြသည်။ မိုးကုတ်မြို့၊ ကျွတ်ပြင်သာရွာသို့ ရောက်လျှင် ကျောက်တွင်းပိုင်သူဌေးကြီးများ ဆောက်လုပ်၍ နေလေ့ရှိသော ကြီးကျယ်ခမ်းနားလှစွာသော သူဌေး၏အိမ်ကြီးပေါ်သို့ ကျောက်အရောင်းအဝယ်အတွက် မေးမြန်း၍တက်သွားကြလေသည်။

ထိုသို့ တက်သွားကြရာ သူဌေးကြီးနှင့် အခန့်သင့်ပင် တွေ့ကြလေသောကြောင့် သူဌေးကြီးနှင့် တရုတ်ကုန်သည်ကြီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် သေချာစွာစေ့စေ့ကြည့်ပြီးလျှင် အံ့အားသင့်၍အတန်ကြာငေးမောနေကြပြီးမှ တစ်ယောက်တစ်ယောက် မေးမြန်းသည့်အခါ ကျောက်တွင်းပိုင်သူဌေးကြီးသည် အခြားသူမဟုတ်။ ပရိတ်ကြီးဘိုးမြသာဖြစ်၍နေသောကြောင့် တရုတ်ကုန်သည်ကြီးများက ဝမ်းမြောက်ဝမ်းသာ သူဌေးကြီး ဘယ်လိုနည်းနှင့် ဤသို့ရောက်လာပါသလဲ . . . စသည်ဖြင့် မေးမြန်းကြလေသည်။ တရုတ်ကြီးက . . .

"သူဌေးမင်း . . . သူဌေးမင်းသည် ပရိတ်ကြီး ဘိုးမြသာပဲ မဟုတ်လား"

"ဟုတ်ပါတယ် . . . မိတ်ဆွေတို့ . . . "

တရုတ်ကြီးက . . .

"သူဌေးမင်းကို ကျွန်ုပ်တို့ပြည်မှာ အရှင်လတ်လတ် တွင်းထဲချပြီး မြို့ရိုးသန္ဓေလိုက်တာ ဘယ်နည်းနှင့် သည်ကိုရောက်လာတာလဲ"

သူဌေးကြီးက . . .

"ကျွန်ုပ်ကို အရှင်လတ်လတ် တွင်းထဲကိုမြှုပ်သည့်အခါ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ရင်း အိပ်ပျော်သလိုပဲ ဖြစ်သွားပြီး နိုးလာတဲ့အခါ ကြည့်လိုက်တော့ မန္တလေးမြို့၊ ကျွန်ုပ်၏အိမ်မှာပဲ ရောက်နေကြောင်းသိရသည်' ဟု ပြောလေသည်။

တရုတ်ကြီးက . .

"အိမ်ကို ဘယ်သူလိုက်ပို့သလဲ . . . "

သူဌေးကြီးက . . .

"ကျွန်ုပ်တော့ မသိဘူး။ ကျွန်ုပ်သားသမီးများက ပြောသည်မှာ ခင်ဗျားတို့နှင့်ပင် လာရောက်ကြောင်းပြောပြသည်"

တရုတ်ကြီးက . . .

"ကျွန်ုပ်တို့လည်း လိုက်၍မပို့ရပါလား။ သူဌေးမင်း . . . "

သူဌေးကြီးက . . .

"မှန်တယ် . . . မိတ်ဆွေတို့ မဟုတ်ဘူး။ ကျုပ် ပုတီးစိပ်တဲ့ဂုဏ်တော်၏ တန်ခိုးအတွက် နတ်များက လိုက်ပို့တာပါပဲ"

တရုတ်ကြီးက . . .

"ကျွန်ုပ်တို့မှာ သူဌေးမင်းကို အတင်းအဓမ္မ ပြုလုပ်သည့်အတွက် မစားနိုင်၊ မသောက်နိုင်နှင့် အတော်ပင် ဒုက္ခဖြစ်ကြပါသည်။ မျှော်လင့်ခြင်းမရှိဘဲ ယခုလို တွေ့ရတာ အလွန်တရာ ဝမ်းသာပါသည်"

ဟု ပြောကြားပြီးလျှင် ရှေးကအကြောင်းတို့ကို တွေး၍ ငိုလိုက်၊ ယခုတွေ့ရတော့

ဝမ်းသာသည့်အတွက် ရယ်လိုက်နှင့် အတန်ကြာ၍ နောက်မှစိတ်ကိုချုပ်တည်းပြီး ဝမ်းမြောက်ဝမ်းသာ ပေါင်းသင်းဆက်ဆံကြပြန်လေသည်။

အသင် စာဖတ်သူအသင်သည် ယခုအခါ ပရိတ်ကြီးဘိုးမြသာသည် ဝတ္ထုကိုလည်း ဖတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုနည်းတူ ပရိတ်အစွမ်း အဆိုအမိန့်ကိုလည်း ကြားနာခဲ့ပြီး ဖြစ်ပါသည်။ ဘိုးမြသာအကြောင်းကို စဉ်းစားမိလျှင် ပရိတ်အစွမ်းကို သတိရ၊ မရကိုလည်းကောင်း၊ ပရိတ်အစွမ်းကို စဉ်းစားမိပြန်လျှင်လည်း ဘိုးမြသာကို သတိရ၊ မရကိုလည်းကောင်း၊ တစ်ဆိတ်ကလေး စဉ်းစားကြည့်စေချင်ပါသည်။

# အခန်း (၉)

## ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်


## အသက် (၂၀၂) နှစ်ရှိသည့်
## သစ္စာဝါဒီ ဘိုးဘိုးကြီး (၁၇၅၄ - ၁၉၅၆)

ရန်ကုန်တိုင်းဒေသကြီးတွင် မရမ်းကုန်းမြို့နယ် ဟူ၍ ရှိ၏။ ထိုမြို့နယ်တွင် ကလေးဝ တောရကျောင်း ဟူ၍ ရှိ၏။ နာဂလိုဏ်ဂူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဟုလည်း လူသိများ၏။ တိုင်းရင်းသားပေါင်းစုံရှိ၏။ ပဓာန နာယကဆရာတော် မှာ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ ဖြစ်၏။ ဤကျမ်းပြုသူတို့ အကြိမ်ကြိမ်ဝင်ထွက် ပူဇော်နေကျ ဖြစ်၏။ ထိုဆရာတော်ကြီးသည် ဒုတိယမြောက် ကလေးဝဆရာတော် ဖြစ်၏။ ပထမကလေးဝဆရာတော်မှာ ဦးဇာဂရ ဖြစ်တော်မူ၏။ ဟားမဲ့ဆရာတော် အဆက်ဖြစ်၏။ ဆုထူးပန်ဦးအောင်ချမ်းသာနှင့်လည်း ဆက်စပ်လျက်ရှိ၏။ ယခုတိုင်ထိုကျောင်းဝင်းအတွင်းရှိသော အုတ်ဂူတစ်ခုမှာ သက်တော် (၂၀၂) နှစ်တွင် ပျံလွန်တော်မူသော ရသေ့ဝိဇ္ဇာ သစ္စာဝါဒီ၏ဂူဖြစ်၏။ ဓာတ်ပုံလည်း ရှိ၏။ ဂူလည်း ရှိ၏။ အလွန်ထူးဆန်းသော သစ္စာဝါဒီရသေ့ကြီး ဖြစ်၏။ ဘုန်းလည်း ကြီး၏။ သက်တော်လည်း ရှည်၏။ ထို့ကြောင့်ပင်လျှင် ဂယဏန သေသေချာချာ တည်ရှိခဲ့သော ထိုရသေ့ကြီးအကြောင်းကို ပြန်လည် ပြောပြရသည်ပင်လျှင် အလွန်ခံတွင်းတွေ့လှပါ၏။ ကြည်ညိုဖွယ်ရာ ဖြစ်လှပါ၏။ ထိုရသေ့ကြီးနှင့်စပ်လျဉ်း၍ အခြား အခြားသော ပုဂ္ဂိုလ်တို့သည် ဆက်စပ်ပါဝင် နေ၏။ အောက်တွင် ဖတ်ကြည့်ပါ။ ထူးခြားစွာ တွေ့ရှိရပါလိမ့်မည်။

အေဒီ ၁၉၅၀ အဖေကြီးဦးအောင်ချမ်းသာ သိဒ္ဓိစခန်းသို့ မြန်းမထွက်မီအချိန်အတွင်းမှာပင် နာဂလိုဏ်ဂူကုန်းတော်သို့ သစ္စာဝါဒီဂိုဏ်းတော်ချုပ် ရသေ့ဘိုးဘိုးကြီးသည် နောက်ပါ တပည့်များနှင့်တကွ (၁၃၁၁) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၅) ရက်နေ့၊ အေဒီ (၁၉၅၀) ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၆)ရက်၊ တနင်္လာနေ့တွင် ကြွရောက်လာခဲ့ပေသည်။

ဘိုးဘိုးကြီးရဲ့ ဇာတိက ပဲခူးခရိုင်၊ မင်းဂံရွာဇာတိဖြစ်သည်။ မွေးချင်းငါးယောက်မှာ ဦးဘိုးဖဲ ဦးဘိုးမှန်၊ ဦးဘိုးရန်၊ ဦးဘိုးဟန်နှင့် ဘိုးသစ္စာဟူ၍ ဖြစ်လေရာ







ဘိုးသစ္စာမှာ ဘိုးဘိုးကြီး၏ ငယ်မည်ဖြစ်ပေ၏။ နှမဝမ်းကွဲတစ်ယောက်လည်း ရှိသေးရာ ထိုနှမတော်သူမှာလည်း အကျင့်စရဏကောင်းသူတစ်ဦး ဖြစ်ခဲ့ပေရာ ၎င်း၏ဂူကို နတ်မောက်မြို့တွင် ပြုလုပ်ထားကြောင်း သိရသည်။

ဘိုးဘိုးကြီး၏ မွေးခုနှစ်မှာ (၁၁၁၆) ခုနှစ်၊ အေဒီ (၁၇၅၄) ခုနှစ်ဖြစ်ပြီး ထွက်ရပ်လမ်းမြန်းချိန်မှာ (၁၃၁၈) ခု၊ အေဒီ (၁၉၅၆) ခုနှစ်ဖြစ်ရာ သက်တော် (၂၀၂) နှစ် ရှည်လေ၏။

ဘိုးဘိုးကြီးဟာ မင်းဂံရွာမှာနေစဉ် ငယ်စဉ်ကတည်းက သက်သတ်လွတ်စားခြင်း၊ ဖရုသဝါစာစကားမပြောခြင်း၊ မှန်သောအကျင့်၊ မှန်သောစကားကိုသာ ဆိုပြီး အကျင့်သီလကို လုံခြုံအောင် စောင့်ရှောက်နိုင်သူဖြစ်လေ၏။ ငယ်စဉ်ကတည်းက ဝတ်ကြောင်ကိုစွန့်ပြီး ယောဂီဝတ်ဖြင့် ရသေ့ဘဝဖြင့်သာ နေခဲ့လေသည်။

ထို့ကြောင့်လည်း သစ္စာဝါဒီ သစ္စာရှိသောစကား သစ္စာရှိသောလမ်းစဉ်ကိုသာ ကျင့်သုံးသူဟု လူသိများခဲ့ပြီး သစ္စာဝါဒီ ဘိုးဘိုးကြီးဟု ခေါ်ခဲ့ခြင်းဖြစ်ပေ၏။ ဘိုးဘိုးကြီးသည် မင်းဂံရွာမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ကံချောင်းသစ်ရွာသို့ ရွှေ့ပြောင်းကာ တရားအားထုတ်လေသော် အနီးဝန်းကျင်မြို့ရွာများမှ တပည့်ဒါယကာများက ကြည်ညိုမှုဖြင့် အများအပြား အဝင်အထွက်ရှိသည်ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက လက်မခံခဲ့ပေ။ သို့ကြောင့် အကြောင်းမရှိ အကြောင်းရှာကာ ဖမ်းဆီးခဲ့သည်။ ထိုမျှမကသေး။ နယ်ချဲ့အစိုးရကို တော်လှန်ပုန်ကန်ရန် ကြိုးပမ်းနေသည်ဟုဆိုကာ သေဒဏ်ချပေးခဲ့သည်။ သို့စေကာမူ ဘိုးဘိုးကြီးသည် နယ်ချဲ့တို့ နည်းအမျိုးမျိုးဖြင့် သတ်သော်လည်း မသေဘဲ လွတ်မြောက်သွားခဲ့လေ၏။ ထို့နောက် ဘိုးဘိုးကြီးသည် ကံချောင်းသစ်ရွာမှ ပဲခူးတိုင်းဒေသကြီးအတွင်း၌ရှိသော ဟသ်ာဝဲတောင်သို့ သွားရောက်ကာ ဂူအောင်း၍တရားအားထုတ်ခဲ့သည်။ ထိုတောင်တွင် စေတီတစ်ဆူကိုလည်း တည်ထားခဲ့သည်။ ထိုနေရာတွင် ကျင့်ကြံအားထုတ်ရင်း သစ္စာဝါဒီဂိုဏ်းချုပ်ဘိုးဘိုးကြီးအဖြစ်သို့ ရောက်ရှိပေသည်။

၁၉၅၀ ကိစ္စပြီးမြောက်သောအခါ တပည့်များနှင့်အတူ (၁၃၁၁) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၅) ရက်နေ့ (၁၉၅၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ (၆) ရက်၊ တနင်္လာနေ့တွင် နာဂလိုဏ်ဂူကုန်းမြေပေါ်တွင် သာသနာပြုရန်အတွက် ရောက်လာခဲ့ခြင်း ဖြစ်တော့သည်။

သစ္စာဝါဒီ ဘိုးဘိုးကြီးသည် သစ္စာတရားကို မြဲမြဲသူတစ်ဦးဖြစ်ရုံမျှမက ခွေး၊ ကြောင်၊ ကြက်၊ ငှက် စသော သတ္တဝါလေးများအား အလွန်သနားကြင်နာစိတ်ရှိသူဖြစ်

သောကြောင့် အစာကျွေးခြင်းဒါနကို အမြဲတစေ ပြုလုပ်ဆောင်ရွက်သူ ဖြစ်ပေ၏။ ထို့ပြင် မိမိတတ်ကျွမ်းသောပညာများဖြင့် ဒုက္ခသည်များ၊ ဝေဒနာသည်များတို့ကို ဆေးဝါးများ ကုသပေးပါသည်။

အဖေကြီးဦးအောင်ချမ်းသာ ထွက်ရပ်လမ်း ကွယ်လွန်ခဲ့ပြီးနောက်တွင် သစ္စာဝါဒီ ဘိုးဘိုးကြီးမှာ ဆိုင်ရာဂိုဏ်းထောက်တာဝန်များအပြင် သာသနာပြုလုပ်ငန်းများကိုပါ ဆက်လက်ဆောင်ရွက်ခဲ့လေသည်။ ထိုအထဲ၌ နာဂလိုဏ်ဂူစေတီတော် အနောက်ဘက်နေရာ၌ မဟာမြတ်မုနိကြေးသွန်းရုပ်ပွားတော်ကြီး တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပေ၏။ ထို့ပြင် နာဂလိုဏ်ဂူဘုရားကို ပြုပြင်ရန်အတွက် ရသေ့အုတ်များကို စုဆောင်းထားခဲ့လေသည်။ နာဂလိုဏ်ဂူစေတီတော်ဟောင်းကို အဖေကြီးဦးအောင်ချမ်းသာက စတင်တွေ့ခဲ့သော်လည်း 'ဘုရားပြုပြင်မည့်သူက ငါ မဟုတ်သေး။ အချိန်တန်တော့ ရောက်လိမ့်မည်' ဟုဆိုကာ လိုအပ်သော ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။ သစ္စာဝါဒီ ဘိုးဘိုးကြီးလက်ထက်သို့ ရောက်သောအခါလည်း 'ဘုရားပြုပြင်မည့် အဓိကဆောင်ရွက်မည့် ပုဂ္ဂိုလ်ကား ငါ မဟုတ်သေး။ အချိန်တန်တော့ ရောက်လာလိမ့်မည်' ဟု ဆိုကာ လိုအပ်သည့် အုတ်များကို ရသေ့စုဆောင်းကာ စောင့်နေလေ၏။ တစ်နေ့သောအခါ တောကျီးကန်းတစ်ကောင်က . . .

"ကဝ၊ ကဝ၊ ကဝ' ဟူ၍ ထူးဆန်းစွာ (၃) ကြိမ်လာရောက်အော်လေရာ ဘိုးဘိုးကြီးက . . . 'ဒီကျီးအော်တာ ထူးတယ်။ မကြာခင် ဘုရားပြုပြင်မည့်သူ ရောက်တော့မည်' ဟု တပည့်များကို ကြိုတင်ပြောပြခဲ့သည်။

အေဒီ ၁၉၅၆ တစ်ပတ်ခန့်ကြာသောအခါ ကလေးဝဆရာတော်ကြီး ထိုနေရာသို့ရောက်လာပါတော့သည်။ ဆရာတော်ကြီး ကြွလာသောအခါ ဘိုးဘိုးကြီးက နေရာဇရပ်ကျောင်းကလေးနှင့်တကွ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ကလေးဝဆရာတော်ကြီး နာဂလိုဏ်ဂူကုန်းမြေသို့ စတင်ရောက်လာသည့်ရက်မှာ (၁၃၁၇) ခု၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်၊ စနေနေ့၊ အေဒီ (၁၉၅၆) ခုနှစ် ဖြစ်ပါသည်။

ဆရာတော်ကြီးက အသက်တော် (၆၀)၊ ဝါတော် (၄၀)ဖြစ်ပြီး သစ္စာဝါဒီဘိုးဘိုးကြီးအသက်တော် (၂၀၁) နှစ် ရှိနေပြီ ဖြစ်၏။

တစ်နေ့သောအခါ ဘိုးဘိုးကြီးက ကျေးဇူးရှင်ကလေးဝဆရာတော်ကြီးအား ဤသို့ လျှောက်ထားလေ၏။

"ကိုယ်တော် ဒီဘုရား ပြုပြင်ရလိမ့်မယ်။ တည်ဖို့ ဆောင်ရွက်ပါ ဘုရား"

"ကျုပ် ဘုရားမပြုပြင်နိုင်သေးဘူး"

ကလေးဝဆရာတော်က ဤသို့ ငြင်းဆန်ခဲ့လေ၏။
"ဒီဘုရားဟာ ကိုယ်တော် တည်ရမည့် ဘုရားဖြစ်လို့ တည်ကိုတည်ရပါလိမ့်မယ် ဘုရား"

ဤသို့ အကြိမ်ကြိမ်လျှောက်ထားလေသောကြောင့် ဆရာတော်ကြီးသည် ဘုရားတည်ရာတွင် အောင်မြင်မှုတို့နှင့် ပတ်သက်၍ အဓိဋ္ဌာန်ပြုတော်မူခဲ့လေ၏။

တစ်နေ့သော် ဆရာတော်ဘုရား သီတင်းသုံးရာ တောကျောင်းကလေးရှိ သောက်ရေအိုးတစ်လုံးမှာ ရေများ အလိုလိုလျှံကျသော နိမိတ်ဆန်းကို ထင်ရှားစွာ ပြလေသည်။ ထိုသတင်းကား အင်အားဖြည့် လျှုဒါန်းသူများမှ တစ်ဆင့် တစ်စ တစ်စ ပျံ့နှံ့သွားလေရာ လူအများလာရောက်ကြည့်ရှုကြပြီး ထိုနေရာကိုလည်း အန္တရာယ်ကင်းအဖြစ် ယူဆောင်ကြလေ၏။ ထိုသို့ နိမိတ်ဆန်း ဖြစ်လာသော အခါ သစ္စာဝါဒီ ဘိုးဘိုးကြီးက . . .
"ရေလျှံတဲ့နှစ်ဟာ (ကြာ) နှစ်ရောက်လို့ပေါ့ ဘုရား။ ဒါကြောင့် ဘုရားရဲ့အရှေ့ဘက်မှာ ဘုရားကျောင်း ဆောက်လုပ်ပါ" ဟု လျှောက်ထားလေသည်။

၁၉၅၇ ကျေးဇူးရှင် ကလေးဝဆရာတော်ကြီးနှင့် သစ္စာဝါဒီဘိုးဘိုးကြီးတို့သည် (၉) ကျော်ကြာမျှ အတူနေထိုင်ခဲ့ကြပြီးနောက် (၁၃၁၈) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂) ရက်နေ့တွင် သစ္စာဝါဒီဘိုးဘိုးကြီး ထွက်ရပ်လမ်း ကြွမြန်းတော်မူလေ၏။

ဘိုးဘိုးကြီးထွက်ရပ်လမ်း မြန်းကြွခဲ့ပြီးနောက် (၁၃၁၈) ခု၊ တန်ဆောင်မုန်းလဆန်း (၁၅) ရက်၊ စနေနေ့ည (၁၁) နာရီ (၄၅) မိနစ်အချိန်တွင် မင်္ဂလာရွှေပန္နက်ကို ချတော်မူခဲ့ပေ၏။

ဤကား နာဂလိုဏ်ဂူစေတီတော်၊ ကျေးဇူးရှင်ကလေးဝဆရာတော်ကြီးနှင့် သစ္စာဝါဒီ ဘိုးဘိုးကြီးတို့၏ ဆက်နွယ်မှုများ ဖြစ်ကြပေ၏။
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈) မိုင်၊ တံတားကလေးလမ်း၀၊ နာဂလိုဏ်ဂူဘုရားရဲ့ အနောက်၊ မဟာမြတ်မုနိကြေးဆင်းတု ရုပ်ပွားတော် တန်ဆောင်းအနောက်ဘက်နားမှာ ရှိပါတယ်။ (ကျမ်းကိုး။ သူရဇ္ဇ၊ သစ္စာဝါဒီ မေတ္တာကမ္မာတည်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ ဖေဖော်ဝါရီလ၊ စာ-၈၂၊ ၈၃၊ ၈၄၊ ၈၅)


# လွတ်လပ်ရေးရဖို့ မကြာပါဘူးဆိုပြီး ကြာပူးဓေတီတော် ကို တည်ခဲ့တဲ့ သမထပေါက် ဆုထူးပန် ဦးအောင်ချမ်းသာ

ဦးအောင်ချမ်းသာအကြောင်းနှင့် စပ်လျဉ်း၍ ရွှေပေါက်ကျွန်းဆရာတော်ထံမှ တစ်ဆင့်ရရှိသော ဂန္ဓာရီပုဂ္ဂိုလ်ဆရာဦးမြတ်သူ အမည်ခံ မြေလတ်မြတ်သူထံမှ ရရှိခဲ့ဖူးပါသည်။ ထိုဝိဇ္ဇာမိုရ်စာရင်းတွင် သမထပေါက် ဆုထူးပန်ဟူသော အသုံး အနှုန်းကို တွေ့ရှိရပါသည်။ ထိုအချက်မှာ ရှားပါးအချက် ဖြစ်ပါသည်။ ဦးအောင်ချမ်းသာအကြောင်းနှင့် စပ်လျဉ်း၍ ကလေးဝနာဂလိုဏ်ဂူဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှလည်း မှတ်တမ်းများရရှိပါသည်။ ကလေးဝနာဂလိုဏ်ဂူ လက်ရှိဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသမှာ ဒွိပိဋကမေရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒုတိယ ကလေးဝ နာဂလိုဏ်ဂူဆရာတော် ဖြစ်ပါသည်။ ပထမဆရာတော်ကြီးရှိစဉ်က ကျီးကလေးတစ်ကောင်က ကဝ ကဝ ဟူ၍ အော်ရာ ပထမကဝမှာ ပထမ ကလေးဝဆရာတော် ဦးသာဂရ ဟူ၍ မှတ်ယူပါ၏။ ဒုတိယကဝမှာ ယခုလက်ရှိ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသဟု မှတ်ယူပါ၏။ ပထမကလေးဝ ဆရာတော်၏ ထေရုပ္ပတ္တိသည် ဦးအောင်ချမ်းသာနှင့် လုံးဝဆက်စပ်လျက်ရှိ၏။ ၎င်းအပြင် သစ္စာဝါဒီဘိုးဘိုးကြီးနှင့်လည်း လုံးဝဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် ဦးအောင်ချမ်းသာအကြောင်း ပြောမည်ဆိုလျှင် သစ္စာဝါဒီဘိုးဘိုးကြီးအကြောင်း လည်း ပြောရပါမည်။ ထိုမျှသာမကသေး ကလေးဝဆရာတော် ဦးသာဂရ အကြောင်းလည်း ပြောရပါမည်။ ထိုမျှသာမကသေး အကြောင်းဆက်၍ ဗားမဲ့ ဆရာတော်အကြောင်းလည်း အသေအချာ ပြောရမည်ဖြစ်ပါသည်။ သို့မှသာ ဇာတ်လမ်းဇာတ်ကွက် စုံစုံလင်လင်ရှိမည်။ ထို့ကြောင့် ဦးအောင်ချမ်းသာ အကြောင်းကို လိုက်လံရှာဖွေသောအခါ မှတ်တမ်းမှတ်ရာအနေဖြင့် အပြည့်စုံဆုံး တွေ့ရှိရသည်မှာ သာသနာပြုမြမွှစာရေးဆရာ အေးမြသန္တာ၏ စာမူဖြစ်ကြောင်း တွေ့ရှရပါသည်။ ထိုစာမူကို (၁၉၉၅) ခုနှစ်လောက်က (အေးမြသန္တာ၊ အဖေကြီး ဦးအောင်ချမ်းသာ၏ ကျင့်စဉ်နှင့်ဘဝခရီး၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ အမှတ်- ၁၁၀၊ ၁၉၉၅ ခု၊ ဩဂုတ်လ၊ စာ-၅၀၊ ၅၁၊ ၅၂၊ ၅၃) **အမှတ်မထင် ဖတ်ရှုခဲ့ဖူးရာ အလွန်နှစ်သက်ခြင်းလည်း ရှိခဲ့ပါသည်။ ပြည့်လည်း ပြည့်စုံပါသည်။ အေးမြသန္တာ** သည် အခန်းဆက်ရေးခဲ့ပါသည်။ သို့သော် ဤကျမ်းပြုသူ၏ မှတ်စုတွင် ပထမ




သမထပေါက် ဆုထူးပန် ဦးအောင်ချမ်းသာ





လွတ်လပ်ရေးရတော့မည် မကြာပါဘူး ဟူသော အတိတ်ဖြင့် ကြာပွှးစေတီကို တည်ထားခဲ့ပါသည်။



ဦးထူလံ၏ ဦးခေါင်းထိပ်တွင် ရှမ်းဝိဇ္ဇာဆရာကြီး ရေးထိုးပေးခဲ့သော ပဒုမ္မာရွှေကြာ
အင်းတော်ကြီးပုံဖြစ်သည်။ ၎င်းအင်းဆံနှင့်ဂါထာကို ဘုရင့်နောင်ကျော်ထင်နော်ရထာသည်
သမိန်ထောရာမနှင့် တိုက်ဆဲစိုက်ဆဲတွင် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သည့်အပြင်
ဆင်တော်ဦးကင်း၌ ၎င်းအင်းကို ဆုန်း (ဟသ်ာပြဒါး) နှင့်
ရေးသားဆောင်ရွက်သည့်အတွက် စစ်မက်အောင်ပူးသည်ဟူ၍
ဆရာကြီးသစင်ကိုယ်တော်မှိုင်းက
တို့ဗမာဝတ်ရွတ်စဉ်၊ စာမျက်နှာ (၄၇) တွင် ဖော်ပြခဲ့ပူးသည်။



တစ်ပိုဒ်သာ ရှိပါသည်။ သို့ဖြစ်သည့်တိုင်အောင် ဦးအောင်ချမ်းသာအကြောင်း သိသင့်သိထိုက်သော မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရပါသည်။

ဦးအောင်ချမ်းသာသည် ကောဇာသက္ကရာဇ် (၁၂၅၂) ခုနှစ်တွင် ဖွားမြင်ခဲ့၏။ (၁၃၁၇) ခုနှစ်တွင် ထွက်ရပ်လမ်းသို့ မြန်းတော်မူ၏။ ထိုအခါ အသက် (၆၅) နှစ် ရှိပါပြီ။ ရွှေပေါ်ကျွန်း စေတော်ဝင်ဆရာတော်ကြီးထံမှရရှိသော ဝိဇ္ဇာစာရင်းတွင် ဆုထူးပန် ဦးအောင်ချမ်းသာ သမထပေါက် ဟူ၍ သိရှိရသဖြင့် အလွန်ကြည်ညို စွာဖြင့် ဖော်ပြရခြင်းဖြစ်ပါသည်။ ယခု ဖော်ပြချက်မှာ သာသနာပြု၊ ကျမ်းပြု ဆောင်းပါးရှင် အေးမြသန္တာ၏ ပြန်လည်ပြောကြားချက်ဖြစ်ပါသည်။ အလွန် နှစ်သက်ဖွယ်ရာလည်း ဖြစ်၏။ လက်ရာလည်း ကောင်းလှ၏။ ကျွန်ုပ် အကြိမ်ကြိမ် ဖတ်ရှုနှစ်သက်သော အကြောင်းအရာများဖြစ်ပါ၏။ ကျွန်ုပ်က ထပ်ဆင့်ကူသိုလ် ယူ၍ ပြန်လည်ဖော်ပြပါမည်။ ဖတ်ကြည့်ပါ။

ဦးအောင်ချမ်းသာသည် ပုသိမ်အရှေ့မြို့နယ်၊ ဓားကဝကျေးရွာ ဇာတိသားဖြစ်၏။ ဖခင်မှာ ဦးတက်ပြား၊ မိခင်မှာ ဒေါ်နီ ဖြစ်၏။ ဖခင်မှာ မုံရွာကနီသား၊ မြန်မာ လူမျိုးဖြစ်၍ မိခင်မှာ ဓားကရွာသူ ကရင်လူမျိုးဖြစ်၏။ မွေးချင်း (၈) ဦးအနက် ဒုတိယသားဖြစ်သည်။ ငယ်မည်မှာ မောင်ပြော့ဟု ခေါ်တွင်ခဲ့သည်။ မောင်ပြော့ သည် အမည်နှင့်လိုက်ဖက်စွာပင် ပျော့နွဲ့၍စကားနည်း၏။ အေးအေးချမ်းချမ်း တစ်ဦးတည်းနေလေ့ရှိ၏။ ငယ်စဉ်အခါက မောင်ပြော့ မကြာခဏ ပျောက်၍ ပျောက်၍သွားသဖြင့် မိခင်က ရှာဖွေခဲ့ရ၏။ မောင်ပြော့မှာ လှည်းလမ်းမပေါ်တွင် သဲပုံစေတီငယ်များ တည်ဆောက်နေသည်ကို တွေ့ခဲ့ရ၏။ လူငယ်သဘာဝ ကစား စဉ်မှာပင် ဘုရား၊ စေတီတည်ဟန်ကိုပင် ကစားတတ်သည်။

တစ်နေ့တွင် မောင်ပြော့အိမ်သို့ ရှမ်းဆရာကြီးတစ်ဦး မခေါ်မပင့်ရောက်ရှိလာခဲ့ သည်။ ဆရာကြီးသည် မောင်ပြော့ကို သေချာစွာ အကဲခတ်ကြည့်ရှုသည်။ ပြီးနောက် လေးလေးနက်နက် စဉ်းစားသည်။ ထို့နောက် မောင်ပြော့၏ ဦးခေါင်း ထိပ်တွင် ပဒုမ္မာရွှေကြာအင်းကို ထိုးနှံပေးလိုက်သည်။ ထိုဆရာကြီးမှာ အင်းဝိဇ္ဇာ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း နောင်အခါတွင်မှ သိရသည်။
'ဒီသူငယ်ဟာ ရူးသွပ်နေတာ မဟုတ်ဘူး။ သူလုပ်ချင်တာကို လုပ်ခွင့်မရလို့ အချိန် မရောက်သေးလို့ နေမရ၊ ထိုင်မရဖြစ်နေတာ။ သူဟာ တစ်နေ့မှာ ထွန်းပေါက် မယ့် သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလိမ့်မည်' ဟု ရှမ်းဆရာကြီးက ပြောသည်။
'သူဟာ ရောက်လေရာမှာ အလံထူမယ့်သူ ဖြစ်တယ်။ ပညတ်သွားရာ ဓာတ်သက် ပါတယ်။ ပျော့ညံ့တဲ့ မောင်ပြော့ဆိုတဲ့ နာမည်ကို ဖျောက်၊ ဒီကနေ့ကစပြီး အောင်လံ

ထူမယ့်သူမို့ (လံထူ)၊ ကက်ကင်းပြန်ဟပ်ပြီး (ထူလံ) ဆိုတဲ့ အမည်ကို ပြောင်းပေးပါ' ဟု ဆရာကြီးက ပြောခဲ့သည်။ ထိုနေ့မှစ၍ မောင်ပြော့မှ ထူလံ ဖြစ်လာခဲ့သည်။

တစ်နေ့လျှင် နည်းနည်းစီ ထမင်းများကို အခြောက်လှန်းသည်။ ထမင်းခြောက်အစိတ်သား ရရှိခဲ့သည်။ တစ်နေ့တွင် အိမ်သားများ မသိရအောင် ထမင်းခြောက်အစိတ်သားကို ထုပ်၍ ဓားတစ်ချောင်းကိုဆွဲကာ ခြေဦးတည့်ရာ ထွက်လာခဲ့တော့သည်။

သို့ဖြင့် အနောက်ရိုးမတောကြီးအတွင်းသို့ ရောက်ရှိခဲ့သည်။ ရွှေတွင်းတူးဒီပါ၊ ဖျဉ်းမချောင်း ဒီပါစခန်းများသို့လည်း ရောက်ခဲ့သည်။
ကိုထူလံသည် မနားမနေ ခရီးဆက်ခဲ့သည်။ ရက်များကျော်လွန်၍ လများဆီသို့ ကူးပြောင်းလာခဲ့သည်။ ကိုထူလံ၏ ခရီးစဉ်ကား မပြီးဆုံးသေးပေ။ ပြီးဆုံးရန်လည်း မလွယ်။ ဘယ်သို့မှန်းမသိသောခရီးကို ခြေဦးတည့်ရာသွားနေခြင်းသာ ဖြစ်သည်။ တဖြည်းဖြည်းနှင့်ပါလာသော ရိက္ခာလည်း ပြတ်ခဲ့ပြီ။ ဝမ်းကလည်း ဆာလောင်မွတ်သိပ်လာနေပြီ။ လူလည်း ပင်ပန်းနွမ်းနယ်လှချေပြီ။ နေမွန်းတည့်လောက် ရှိနေပြီ။ သို့ဖြစ်၍ မလှမ်းမကမ်းတွင် တွေ့ရသော သစ်ခေါင်းကြီး တစ်ခုထဲတွင် နားခိုရန် ဆုံးဖြတ်လိုက်သည်။

အိပ်မောကျသွားသည်မှာ နေဝင်ကာနီးမှ လန့်နိုးတော့သည်။ သူ့အနီးတွင် မြင့်မားသောအရပ်၊ အမွေးထူထူပျစ်ပျစ်နှင့် လူနီနီကြီးတစ်ဦးကို ရုတ်တရက်တွေ့လိုက်ရသည်။ ပြူးကျယ်သော မျက်လုံးအစုံ၊ အစွယ်ချွန်ထက်သော သွားအစုံတို့ဖြင့် ကြောက်မက်ဖွယ်ရာ ဖြစ်တော့သည်။

လူနီနီကြီးသည် သူ့အား ဒေါသပြင်းထန်လှစွာဖြင့် အသေသတ်ရန် တိုးကပ်လာနေပြီ သူ့တွင် ပြေးစရာလည်း လမ်းပေါက်မရှိ၊ ဒီတစ်ခါတော့ သေပြီဟု အောက်မေ့မိတော့သည်။ ခဏအကြာတွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦး ပေါ်လာသည်။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကိုမြင်သည်နှင့် လူနီကြီးလည်း တစ်ချိုးတည်း လစ်တော့သည်။

ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က သူ့အား ဒီမှာမနေရန်။ ဒါဟာ ဘီလူးကြီးနေရာဖြစ်၍ တခြားသို့ ခေါ်ဆောင်သွားသဖြင့် အတူလိုက်ပါခဲ့သည်။ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်သည် လုံခြုံစိတ်ချရသောနေရာတစ်ခုတွင် သူ့အားထား၍ သူနှင့်အတူသွားလိုရာကို လိုက်ပါပို့ဆောင်ရန်အတွက် (၅) နှစ်ခန့်အရွယ် ကလေးတစ်ဦးကို

အဖော်အဖြစ် ထားခဲ့သည်။ ထိုကလေးငယ်၏ အရပ်အမောင်းကလည်း တစ်တောင်ခန့်မျှသာ ရှိသည်။ ကိုယ်လုံးတီးကလေးနှင့်ပင်။

သူ့အားလည်း စကားမပြော။ သူနှင့်မလှမ်းမကမ်းတွင် ရှိနေသည်။ သူသည် ထမင်းလည်း ဆာ၊ မောလည်း မောသဖြင့် အိပ်ပျော်သွားခဲ့သည်။ နေမြင့်မှ နိုးလာသည်။ ဟိုဟိုသည်သည် ကြည့်ရှုရာမှ ကလေးငယ်မှာ သစ်ပင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသည်။ သူ နိုးလာသည်ကို တွေ့ရသဖြင့် ကလေးငယ်သည် ရှေ့က ခရီးစတင်ထွက်ခွာသည်။ သူက နောက်ကလိုက်သည်။

သို့ဖြင့် တစ်နေဝင်ပြန်၏။ မကြာမီ ရသေ့ကြီးတစ်ပါးနှင့် တွေ့ရသည်။ ရသေ့ကြီးက တောင်ဝှေးအတွင်းမှ ဓာတ်လုံးလေးတစ်လုံး ထုတ်ပေးသဖြင့် သူက ပါးစပ်ထဲတွင် ငုံထားလိုက်ရာ ဆာလောင်ခြင်း၊ မောပန်းခြင်းတို့ ခဏချင်းပင် ပြေပျောက်သွားသည်။ ထိုအခါ အတူပါလာသော ကလေးငယ်မှာလည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့တော့သည်။ ထိုကလေးငယ်မှာ သူ ဖြတ်သန်းလာခဲ့သော တောကို စိုးသည့် တောစိုးနတ် (ရုက္ခစိုး) ဖြစ်ကြောင်း နောင်အခါတွင်မှ သိရသည်။

ရသေ့ကြီးသည် သူ့အား အရဟံဗုဒ္ဓေါကို ရွတ်ဆိုစေ၍ သမာဓိကို ထူထောင်စေသည်။ နံနက်လင်းလျှင် အခြားသောရသေ့တစ်ပါးကို တွေ့ရပြန်သည်။ သူ့အား ခေါ်ဆောင်၍ ဆက်လိုက်ခဲ့ရပြန်သည်။ အလုံမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။ သူသည် အလုံမြို့တွင် ထိုရသေ့ဖြင့် အတူနေသည်။ အရဟံဗုဒ္ဓေါ ဂုဏ်တော်ကို ပင် အဆက်မပြတ် ပွားများအားထုတ်စေသည်။ ထမင်းစားချိန်တန်လျှင် ပူနွေးသော တစ်ယောက်စာ ကောက်ညှင်းပေါင်းတစ်ထုပ်နှင့် ငှက်ပျောသီးတစ်လုံးကို သူ့ရှေ့တွင် အဆင်သင့်ပင် တွေ့ရသည်။ သူ တစ်ယောက်တည်း စားသည်။ ရသေ့ကြီးက ဘာမှဘုဉ်းမပေးချေ။

သို့ဖြင့် (၃) လခန့်ကြာလာသောအခါ ရသေ့ကြီးက သူ့အားဓာတ်လုံးသုံးလုံးကို ထုတ်ပြ၏။ ရွှေရောင်တစ်လုံး၊ အဖြူတစ်လုံး၊ အနက်တစ်လုံး ဖြစ်၏။ ရသေ့ကြီးက သူ့အား ရွှေရောင်တစ်လုံးကို ပေးသဖြင့် သူက ဝမ်းတွင်းသို့မျိုချလိုက်သည်။ ပြန်ထုတ်လိုကလည်း ပြန်အန်ထုတ်၍ရသည်။ ရသေ့ကြီးနှင့်အတူ အလုံမြို့အတွင်းမှာ ခြောက်လခန့် နေထိုင်ခဲ့သည်။ အိမ်ပြန်ရန် ရသေ့ကြီးထံ ခွင့်ပန်ခဲ့သည်။ ရသေ့ကြီးက ခွင့်ပြုခဲ့သည်။

သူသည် ဓားတစ်ချောင်းနှင့် တောခုတ်ရှင်းလင်းရင်းဖြင့် အပြန်ခရီးကို စခဲ့ပြန်သည်။ ဆူးတောကြီးများ ကြိမ်တောကြီးများကို ဖြတ်ရ၏။ တစ်ခါတစ်ရံ ပိတ်ဆို့

နေသော ကြိမ်တောကို သုံးရက်ခန့်ရှင်းပြီးမှ တောထဲက ထွက်ခဲ့ရသည်။ နံနက်တိုင်း တစ်ယောက်စာ ကောက်ညှင်းပေါင်းထုပ် ပူပူနွေးနွေးကို တွေ့ရသဖြင့် ဝမ်းအာဟာရကို ဖြည့်လိုက်၊ ခရီးဆက်လိုက်ဖြင့် ပြန်လမ်းရှာခဲ့သည်။ (၄၅) ရက်ခရီးကို သူ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြန်သည်။ ဂန္ဓာရီဝိဇ္ဇာလမ်းတို့၏ ထုံစခန်းတစ်ခုကို ပေါက်မြောက်ခဲ့ခြင်း ဖြစ်တော့သည်။

ရှေ့ခရီးကို ဆက်ရဦးမည်။ လက်ထဲတွင် ငွေကြေးလည်း တစ်ပြားတစ်ချပ်မှ မရှိ။ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့် ခရီးဆက်ခဲ့ပြန်သည်။ ရွာတစ်ရွာသို့အရောက်တွင် အိမ်ကြီးတစ်အိမ်၌ လူများကို စုရုံး စုရုံးနှင့်တွေ့ရသည်။ သူသည် ထမင်းအလွန်ဆာနေပြီဖြစ်၍ အလှူအိမ်ထင်မှတ်ပြီး ထိုအိမ်ပေါ်သို့တက်ခဲ့သည်။ အိမ်တွင်းရောက်မှ သူ့အထင်မှားနေကြောင်း သိရသည်။ ထိုအိမ်သည် သူကြီးအိမ်ဖြစ်၍ သူကြီးသမီးအား ပိုးထိ၍သေဆုံးခဲ့ရာ (၇) ရက်မြောက်နေ့ဖြစ်နေသဖြင့် အသုဘချရန် ပြင်ဆင်နေသည်ကို တွေ့ခဲ့ရသည်။ ရုတ်တရက် အိမ်ပေါ်သို့ တက်လာသော မျက်နှာစိမ်းတစ်ဦးအား အများက ဝိုင်းဝန်းကြည့်ရှုအကဲခတ်နေကြသည်။ ထိုစဉ် သူ့နားတွင် . . . .
'အဲဒါ မသေသေးဘူး။ မင်း ဆေးကုလိုက်ပါ" ဟု ပြောနေသံကို ကြားရသည်။ သူ့နားတွင်းမှာ အဆက်မပြတ် ကြားနေရသောကြောင့် သူသည် ရဲစိတ်ဝင်လာပြီး-
'ဒီလူနာ မသေသေးပါဘူး။ တစ်ဆိတ်လောက် ကျွန်တော့်ကို ခေါင်းဖွင့်ပြပါ။ ကျွန်တော် ဆေးကုပါ့မယ်' လို့ သူက ခိုင်ခိုင်မာမာပြောလိုက်သည်။ 'ဟာ . . . မဖြစ်နိုင်တာ။ သေပြီးလို့ (၇) ရက်ရနေပြီ။ ပိုးထိပြီးကတည်းက ဘယ်ဆရာမှ ကုလို့မရဘဲ သေခဲ့တာ။ ခင်ဗျားက ဘာတတ်နိုင်မှာတုံး။ သေပြီးလူကို ရှင်အောင်လုပ်မယ်ဆိုတာ ကျုပ်တို့က လက်မခံဘူး' ဟု အတန်တန် တားမြစ်ကြသည်။ သူကလည်း အထပ်ထပ် တောင်းဆိုသည်။ နောက်ဆုံးတွင် သူက . . . 'ဒီမှာ ခင်ဗျား ဒါဟာ လူ့အသက်တစ်ချောင်းကိစ္စပါ။ ကျွန်တော် ဆရာပါ။ ဒီလူနာဟာ မြွေဆိပ်မွှန်ပြီး အပမှီနေတာပါ။ ကျွန်တော် ကုသနိုင်ပါတယ်။ ကျွန်တော် ပြောသလို မဟုတ်ရင် ကျွန်တော်က လူစိမ်းပါ။ ခင်ဗျားတို့ ကြိုက်သလို လုပ်ပါဗျာ။ ကျွန်တော့်ကို ခေါင်းကိုသာ ဖွင့်ပြပါ ခင်ဗျာ' ဟု အထပ်ထပ် တောင်းပန်သည်။ လူနာရှင်များမှာ မယုံမရဲရှိနေကြသော်လည်း သူ့ကိုအားနာလာသဖြင့် ခေါင်းကို ဖွင့်ပြလိုက်တော့သည်။
သူသည် ရေစင်တစ်ခွက် မန်းလိုက်သည်။ လူနာ၏မျက်နှာအား ရေစင်ဖြင့် တောက်လိုက်သည်။ ခေါင်းတွင်းမှ လူနာသည် မျက်တောင်တဖျပ်ဖျပ် ခတ်လာသည်။

သူက ရေစင်ကို အနှံ့အပြား ပက်ဖျန်းပေးလိုက်သည်။ လူနာသည် လူးလွန့်လူးလွန့်လှုပ်ရှား၍ ထထိုင်လိုက်သည်။ အကောင်းပကတိအတိုင်း ဖြစ်သွားခဲ့သည်။

သူကြီးမိသားစုနှင့် ရွာသူရွာသားများက သူ့အားဝန်ချတောင်းပန်၍ သိကြားဆရာပမာ ရိုသေလေးစားကြသည်။ သူတို့ရွာတွင် နေထိုင်ပါရန် တောင်းပန်ကြသည်။ သူ့ကို ငွေ (၃၀၀/-) ကျပ် ကန်တော့သည်။ သူက လမ်းစရိတ်ငွေ (၇၀/-) ကျပ်ကိုသာ ယူ၍ ရှေ့ခရီးကို ဆက်ခဲ့ပြန်သည်။ သူသည် မွေးရပ်မြေသို့ ရောက်ရှိလာခဲ့သည်။ ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ ငပုတော၊ စဉ့်အိုးဖို၊ ကတက်ချောင်း၊ လေးလောင်း၊ ဆင်ကြီးလည်ပင်း အစရှိသော ရွာများတွင် ဆေးဆရာကြီး ဦးထူလ်အမည်ခံ၍ ဝေဒနာရှင်အများအပြားအား ရေစင်ဖြင့်ပင် ဆေးကု၍ အသက်ကယ်ဆယ်ပေးခဲ့သည်။ ရောက်လေရာ ဒေသတိုင်းတွင် ဘုရားတည်ခဲ့သည်။

ပိတောက်ချောင်းကျေးရွာမှ ဆရာတော်ကြီး မကျန်းမာတော်မူနေသည်ကို ဆေးမတိုးတော့ကြောင်း၊ ပျံလွန်တော်မူမည့်အချိန်နာရီနှင့်တကွ ကြိုတင်ပြောကြားခဲ့သော ဆရာကြီးဦးထူလ်၏ စကားသည် မှန်ခဲ့၏။
ဆရာကြီးသည် မြန်မာပြည်အနှံ့ လှည့်လည်၍ဆေးကုသရင်း ဘုရားစေတီများတည်ထားခဲ့ရာ မြန်မာပြည်အနှံ့ ဆရာကြီးသတင်း ကြိုင်သင်းကြူမွှေးလှတော့သည်။ (ရှစ်သောင်းလေးထောင်နှစ်ပြန် ဆောင်မည်) ဟူ၍ ကြွေးကြော်ရင်း ရောက်လေရာတွင် စေတီပုထိုးများ တည်ထားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ မြောင်းမြ၊ ငပုတောနှင့် အနောက်ရိုးမတစ်ကြောတွင် လည်းကောင်း၊ သိဒ္ဓိတောင်၊ စဉ့်အိုးဖို၊ သုမနစေတီများကိုလည်းကောင်း၊ မော်လမြိုင်၊ ကျိုက်မရော၊ ပုပ္ပါး၊ ကသာ၊ ကျိုက်ထီးရိုး၊ ပဲခူး၊ သရက်ချောင်း၊ လှည်းဆိပ်၊ ဘောလယ်၊ ရန်ကုန်၊ သန်လျင်၊ ကမာကဆစ် စသည့် ဒေသတစ်ခွင် လှည့်လည်ခဲ့သည်။

အေဒီ ၁၉၃၆ (၁၉၃၆) ခုနှစ်တွင် မြန်မာအဆွေ အေဝမ်းကုမ္ပဏီမိသားစုနှင့် ရင်းနှီးခဲ့သည်။ မြန်မာအဆွေ အေဝမ်းမိသားစုနှင့် ပုသိမ်မြို့ရှိ ဦးချမ်းမား၊ ဒေါ်ဟန်မိသားစုများလည်း ရင်းနှီးကြသည်။ ဆရာကြီးနှင့် သူတို့မိသားစုများသည် ဆရာ၊ ဒကာ ရင်းနှီးခဲ့ကြသည်။ သာသနာအတူပြုခဲ့ကြသည်။ ပုသိမ် ရွှေမြင်တင်စေတီကုန်းတွင် သဲပုံစေတီ (၈) ဆူ တည်၍ ဓာတ်ပန္နက်အဖြစ် ထားခဲ့သည်။ ဆရာကြီး၏မွေးရပ်ဇာတိတွင် ရွှေကြက်ယက်စေတီကိုလည်းကောင်း၊ သုဝဏ္ဏစေတီတော်ကို လည်းကောင်း၊

ကြက်မင်းအိပ်တန်းတက်ရာတွင် ရွှေတန်းတက်စေတီကိုလည်းကောင်း၊ ကြက်မင်း ဝပ်စေတီ စသည်ဖြင့် လက်ညှိုးထိုးမလွဲအောင် စေတီများတည်ထားခဲ့သည်။

မားကမြစ်ဝမှ ရွှေမြင်တင်အထိ တောင်ကြောသည် သုံးမိုင်ခန့်ရှည်လျား၏။ မားကဝကုန်းမှာ ညီညာသောကုန်းကြောဖြစ်၍ ရှုခင်းသာယာလှသည်။ ထို ကုန်းကြောကို နတ်ပြည်ကြောဟူ၍လည်း ခေါ်သေး၏။ ထိုကုန်းတန်းပေါ်တွင် ဆရာကြီးသည် စရဏအကျင့်များ အားထုတ်ခဲ့ဖူးပါ၏။ အနောက်ဘက်သို့ မျှော် ကြည့်လိုက်သော် သာယာအေးမြသည့် ဝေန်မြစ်ကြီးနှင့် ဟိုအဝေးတွင် အနောက် ရိုးမတောင်တန်းကြီးနှင့် ဒီပါရုံတောင်ထွတ်များကိုလည်း မှိုင်းမှိုင်းပျပျ လှမ်း၍ မြင်တွေ့နိုင်ပေသည်။ အလွန်ပင် ကြည်မောဖွယ်ရာ သဘာဝအလှတရားများ ဖြစ်ကြသည်။

ထို့ပြင် မားကမြစ်နှင့်ဝေန်မြစ်တို့ ဆုံတွေ့ရာ မြစ်ဆုံ၏ ပသာဒရှုခင်းမှာလည်း ကြည်နူးစရာတစ်မျိုးဖြစ်နေသည်။ ထိုမြစ်ဆုံနေရာတွင် ရေလယ်ကျွန်းတစ်ခု ဖြစ်ထွန်းတည်ရစ်နေသည်။ ထိုကျွန်းဦးပေါ်တွင် ဆရာကြီးဦးဆောင်၍ ဦးချမ်းမား၊ ဒေါ်ဟန်မိသားစု၏ ကောင်းမှုဖြစ်သော ဉာဏ်တော် (၁၈) တောင်မြင့်သည့် အောင်စကြာသီလစေတီတော်အား ထုံးဖွေးဖွေးဖြင့် သပ္ပါယ်စွာဖူးတွေ့နိုင်သေး သည်။

ဆရာကြီးသည် သူ၏တပည့်များအား ထိုက်သင့်သလို ပညာပေးခြင်း၊ ဓာတ်လုံးများ ချီးမြှင့်ခြင်းတို့ဖြင့် အလျဉ်းသင့်သလို စောင့်ရှောက်ခဲ့၏။ ထူးခြားသည်မှာ ဆရာ ကြီး၏ ဓာတ်လုံးပြုလုပ်နည်းပင် ဖြစ်သည်။
ဓာတ်လုံးရရှိရေးအတွက် လုံမလို။ ဖားဖိုမလို။ သံ၊ ပြဒါး၊ သွပ်၊ ကြေး၊ ရွှေ စသည် ဖြင့် ဓာတ်သားစလေးများကို ပါးစပ်တွင်ငုံရင်း ခရီးသွားရင်း၊ လာရင်းဖြင့် ဓာတ်လုံး ကို ပါးစပ်ထဲတွင် လုံး၍ထိုက်သင့်သလို ပေးကမ်းချီးမြှင့်ခြင်းပင် ဖြစ်ပါတော့သည်။ ဆရာကြီးသည် ဆေးကုရာတွင် မေတ္တာရေစင်များအပြင် ဆေးစကြာမြစ်ကိုလည်း ရေလဲနှင့်သုံးစေသည်။ မြန်မာအဆွေ သူဌေးသမီး ဒေါ်ခင်ဆွေ မကျန်းမာစဉ် က ဆရာဝန်များ၏ (၆) လသာ အသက်ရှင်ရန်ရှိသည်ဆိုသော အဆုံးအဖြတ်ကို ဆရာကြီးက ဆေးမင်းစကြာမြစ်နှင့်ပင် ကုသခဲ့ရာ (၆) နှစ်အထိ အသက်ရှင် နေထိုင်ခဲ့ကြောင်း သိရှိရပါသည်။


# ပုပ္ပါး ဝတစ်လုံး ဂန္ဓာရီ ဦးပန်းအေး

ဦးပန်းအေးသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကျော်မှန်း ကြားဖူးပါ၏။ သို့သော်လည်း အတ္ထုပ္ပတ္တိကို ရှာ၍မရပါ။ ဦးပန်းအေးဟူသော အမည်နာမကို သမားတော်ကြီး ဦးသာတင့်၏ မှတ်စုတွင် တွေ့ဖူးပါသည်။ သို့သော်လည်း ဂဃဏန မသိခဲ့ရပါ။ ယခုအကြောင်းအရာကို ဦးဦးအောင်၏ စာမူမှရရှိပါသည်။ ထိုစာမူတွင် ထွက်ရပ်ပေါက် ဦးပန်းအေးလိုဏ်ဂူဟူ၍ တွေ့ရှိရပါသည်။ အလွန်ကျေးဇူးတင်စရာ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေပေါက်ကျွန်း၊ လေးဒေါင့်ကန် စခန်းတွင် စေတော်ဝင် ရွှေပေါက်ကျွန်းဆရာတော်ကြီး ထွက်တော်မူ (၇) နှစ်မြောက် အခမ်းအနားကို ကျင်းပစဉ်အခါက ဆရာဦးမြတ်သူထံမှ ရရှိ၍ အခမ်းအနားတွင် မောင်ပန်းမွှေး ဖတ်ရှုခဲ့သော ဝိဇ္ဇာပေါင်းချုပ်စာရင်းတွင် ပုပ္ပါးဝတစ်လုံး ဂန္ဓာရီ ဦးပန်းအေး ဟူ၍ အသေအချာတွေ့ရှိရသဖြင့် ထိုအချက်အလက်များကို ပေါင်းစပ်ကာ ဝတစ်လုံးဂန္ဓာရီ ဦးပန်းအေး ဟူသော အမည်တော်ကို ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်ပါသည်။ သိရှိသမျှကို အောက်တွင်ဖော်ပြပါသည်။ ဖတ်ကြည့်ပါ။ နောက်ထပ် အချက်အလက်အသစ်များရရှိလျှင် အလွန်ကောင်းမည်ဟု တွေးမိပါသည်။

ပုပ္ပါးဒေသ၌ နာမည်ထင်ရှားခဲ့သူဟု သိရသည်။ ပုပ္ပါးတောင်ကလပ်ဝန်းကျင်မှ နေရာထူးတစ်နေရာဖြစ်သော ဦးပန်းအေး ထွက်ရပ်ပေါက်ဂူသို့ အသွားခရီးမှာ မသက်သာလှပေ။ တောင်ကလပ်၏ မြောက်ဘက် (၂) မိုင်ခန့်ဝေးသည်။ ပုပ္ပါးရွာမှ ပို၍နီးသည်။ အရှေ့ဘက် (၂) ဖာလုံမျှသာ ဝေး၏။ မောင်တော်ရေထွက်မှ စီးလာသော ရိုးချောင်း၏ အထက်တွင် မြေပြိုမကျအောင် အုတ်အင်္ဂတေများ ခိုင်မာစွာ စီ၍ ပြုလုပ်ထားသည့် ဂူ၏အနောက်ဘက် ကိုက်တစ်ရာခန့်တွင် ကြောင်ပန်းတရားပြဌာနရှိကြောင်း သိရသည်။

အေဒီ ၁၉၆၀ လိုဏ်ဂူမှာ ချုံနွယ်များ ပိတ်ဖုံးလျက်ရှိ၏။ အုတ်အင်္ဂတေတို့ဖြင့် ပြုလုပ်ဆောက်လုပ်ထားသည်။ (၁၃၂၂) ခုနှစ်၊ ပြုပြင်သူ ကမ္ပည်းရေးထိုးထား၏။ အရှေ့ဘက် တစ်ဖာလုံခန့်တွင် မောင်တော်ရေထွက်ရှိသည်။

ထိုဂူတွင် ဘယ်သူမှ တစ်ညထက်ပိုပြီး မနေနိုင်ခဲ့ကြကြောင်း သိရှိရပါသည်။ အလွန်ကြမ်းသည် ဟူ၍လည်း နာမည်ကြီးပါသည်။ ထိုကြောင့်ပင်လျှင် သီတင်းသုံး တရားအားထုတ်သူမရှိဘဲ ချုံတွေ အုပ်ဆိုင်းနေကြောင်း သိရှိရပါသည်။



မုပ္ပါးဝတာစ်လုံး ဂန္ဓာရီ ဦးပန်းအေး

ဂူ၏အမိုးဘက်တွင် စေတီငယ်တစ်ဆူကို အရံစေတီ (၈) ဆူနှင့်တကွ ဖူးတွေ့ရသည်။ ထိုစေတီတော်ကို ဦးပန်းအေးကိုယ်တိုင် ကြီးကြပ်တည်ခဲ့ကြောင်း သိရှိရပါသည်။ဒို့ထက်ပို၍ မသိရတော့ပါ။ အထက်ပါ အကြောင်းအရာများကို ဦးဦးအောင်၊ ထွက်ရပ်ပေါက်ဦးပန်းအေးလိုဏ်ဂူ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၄၁၊ ၁၉၉၈ ခု၊ ဧပြီလ၊ စာ-၂၀၊ ၂၁ တို့တွင် လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဦးပန်းအေးကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မှန်း သိရှိရသည်။ ဓာတ်ပုံကိုလည်း တွေ့ရှိရသည်။ သို့သော် ထိုဦးပန်းအေးကိုပင် စေတော်ဝင် ရွှေပေါ်ကျွန်းဆရာတော် အမိန့်ရှိတော်မူသောစာရင်းတွင် ပုပ္ပါးဝတစ်လုံးဂန္ဓာရီ ဦးပန်းအေး ဟု တွေ့ရှိရရာ အတူတူပင်ဖြစ်ကြောင်း သိရှိရနိုင်ပါသည်။


# မဟာပထမံ ဓမ္မစေတီ ကုဋ္ဌာဘယ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ရာကျော်ဆရာတော် ဦးသဒ္ဓမ္မဓေဝကိတ္တိ (၁၆၇၆ – ၁၉၅၄)


အေဒီ ၁၉၅၀ လွတ်လပ်ရေးရပြီးစကာလ (၂) နှစ်၊ (၃) နှစ်လောက်က ဖြစ်ပါလိမ့်မည်ထင်သည်။ သောင်းကျန်းသူအချို့သည် အင်းစိန်အထိ ရောက်ရှိနေသောအချိန်ဖြစ်ပါသည်။ ထိုအချိန်က ရာကျော်ဆရာတော်ဘုရားကြီးဟု လူသိများသော ဆရာတော်ကြီး တစ်ပါး ရှိပါသည်။ ထိုဆရာတော်ကြီးကို ဦးသဒ္ဓမ္မဓေဝကိတ္တိ ဟူ၍လည်း နေလိုလလို ထင်ရှားပါသည်။ ထိုအချိန်က ရာကျော်ဆရာတော်ဘုရားကြီးသည် အင်းစိန်၊ ကြို့ကုန်းရှိ ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်လျက်ရှိကြောင်း သိမှီသူတို့က ပြောကြပါသည်။

လွတ်လပ်ရေးရပြီးစ ထိုအချိန်က ဆရာတော်ဘုရားကြီးက ရင်ကပ်သား (၉) ချောင်း ရှာခိုင်းကြောင်း၊ (၉) ချောင်းရသောအခါ ထိုရင်ကပ်သား (၉) ချောင်းကို ချွန်ခိုင်းကြောင်း၊ ဓာတ်ဘုရားတည် မည်ဟု ဆိုကြောင်း သိမှီသူတို့က ပြောဆိုကြပါသည်။ ၎င်းနောက် ရာကျော်ဆရာတော်ဘုရားကြီးသည် ဉာဏ်တော် (၉) တောင်၊ (၉) ထွာ၊ (၉) လက်မ ရှိသော ဓာတ်ဘုရားကို တည်တော်မူကြောင်း၊ နံနက် (၉) နာရီ (၉) မိနစ် (၉) စက္ကန့် ပန္နက်ရိုက်ရန်မှာကြောင်း သိရှိရပါသည်။

ထိုအခါ ရာကျော်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီးခဲ့ကြောင်း၊ ဘုန်းတော်ကြီးဦးသာသနာနှင့်တကွ မိုးထိဆရာတော် အပါအဝင် ဦးသိန်းအောင် ဆိုသူလည်း ပါဝင်ကြောင်း သိရပါသည်။ ထိုဆရာကြီး ဦးသိန်းအောင်သည် ယခုလက်ရှိ ကျောက်မြောင်း၌ နေထိုင်လျက်ရှိသေးကြောင်း သိရှိသူတို့ထံမှ ထပ်မံ သိရှိရပါသည်။

ထိုအခါ ရာကျော်ဆရာတော်ဘုရားကြီး၏ အစီအမံအတိုင်း အုတ်သားဘိလပ်မြေတို့ဖြင့် ဉာဏ်တော် (၉) တောင်၊ (၉) ထွာ၊ (၉) လက်မရှိသော စေတီတော်ကို တည်ကြကြောင်း၊ ထီးတော်တင်ခဲ့ကြကြောင်း သိရပါသည်။
ဘုရား၏ဘွဲ့တော်မှာလည်း ဆေးပေါင်းခစေတီတော်ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ ထိုအခါ မှတ်သားလောက်သောအချက်မှာ ရာကျော်ဆရာတော်ဘုရားကြီး၏ ရွှေနှုတ်တော်ထွက်စကားများပင်ဖြစ်ပါသည်။





**ဆေးပေါင်းခ စေတီ**

ကန်တော်ကြီးမှာ ဘုရားတည်၍ ရန်ကုန်မြို့ကြီးလည်း အေး၊ မြန်မာပြည်ကြီးလည်း အေးလိမ့်မည်ဖြစ်ကြောင်း တစ်နိုင်ငံလုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးမှာရှိသော ဆေးဝိဇ္ဇာအပေါင်းတို့၏ ဆေးပေါင်းစုံကလည်း ဒီကျွန်းမှာရှိတဲ့ ဒီဆေးပေါင်းခ စေတီတော်ကြီးမှာ ခလိမ့်မည်ဖြစ်ကြောင်း၊ အဓိဋ္ဌာန်ဆုတောင်းများလည်း ပြည့်လိမ့်မည်ဖြစ်ကြောင်း အင်းစိန်ဘက်က သောင်းကျန်းသူများရန်လည်း အေးလိမ့်မည်ဖြစ်ကြောင်း ရာကျော်ဆရာတော်ဘုရားကြီး ကိုယ်တိုင်မိန့်တော်မူခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်မြို့ကြီး ထိုစဉ်က မငြိမ်းချမ်းသောကြောင့် ရင်ကပ်သားဖြင့် ပန္နက်ရိုက်ခဲ့သောကြောင်း၊ ရန်ကုန်နှင့် ရင်ကပ်တို့သည် ဓာတ်တူ နံတူဖြစ်ကြောင်း၊ ရင်ကပ်နှင့် ကရင်သည်လည်း ကက်ကင်းဓာတ်ဖြစ်ကြောင်း နားလည်သူတို့က ပြောဆိုကြပါသည်။ တစ်ပြိုင်တည်းမှာပင် အင်းစိန်က သောင်းကျန်းသူများသည် ရန်ကုန်ကို မသိမ်းပိုက်နိုင်တော့ကြောင်း သိနားလည်သူတို့ ပြောကြပါသည်။

**အရိယာဝိဇ္ဇာ ဓမ္မရာဇာ ဓမ္မစေတီလမ်းစဉ်**

ငယ်စဉ် ရှင်ရဟန်းဘဝပင် အနောက်မဇ္ဈိမဂယာသီသတွင် တရားဓမ္မများ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ပြီး အရိယာဝိဇ္ဇာ ဓမ္မရာဇာ ဓမ္မစေတီလမ်းစဉ်ကို ကျင့်ဆောင်ဖြည့်ဆည်းတော်မူခဲ့သည်။ ထိုအကြောင်းတို့ကို ရာကျော်ဆရာတော်ကြီး၏ သူ့သာသနာ၊ သူ့ဘဝ၊ သူ့ဓမ္မများ ဟူသော အမည်ဖြင့် စာရေးဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၀၁ ခု၊ ဖေဖော်ဝါရီလ ၉ ရက်၊ စာမျက်နှာ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁ တို့တွင် အတိအကျ ရေးသားခဲ့ကြောင်း ဖတ်ရှုရပါသည်။ ဟံသာဝတီဦးအုန်းကြိုင်ထံမှ ရရှိသော အချက်အလက်များမှာ ကိုယ်တွေ့လည်း ဖြစ်၏။ ဟံသာဝတီဦးအုန်းကြိုင်တည်းဟူသော ဆရာကြီးကလည်း စာတွေ့၊ ငါတွေ့ သုတမုတစုံလင်လှ၏။ ထို့ကြောင့်ပင်လျှင် ရာကျော်ဆရာတော်ဘုရားနှင့် စပ်လျဉ်း၍ အားကိုးစရာပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ထိုဆရာကြီး၏အာဘော်ထက်ကျော်၍ ကျွန်ုပ်တို့က မပြောပြနိုင်ပါ။ သူ့ထက်လည်းပို၍ စေ့စေ့စပ်စပ် မသိနိုင်တော့ပါ။ ဆရာကြီး၏ အဆိုအမိန့်ကို တင်ပြပါမည်။

ကုန်းဘောင်ခေတ်ဦးပိုင်းက လောကီပညာများ ထွန်းကားတွင်ကျယ်ခဲ့ရာတွင် ဆရာတော်ကြီးသည် ထိုလောကီပညာဘက်၌ တစ်ဖက်ကမ်းခတ် နှံ့စပ်ခဲ့သည်။

သာသနာပြု ပုဂ္ဂိုလ်ကျော်၊ ပုဂ္ဂိုလ်ထူးကြီး တစ်ပါးဖြစ်တော်မူသော ဗောဓိပက္ခိယ မဟာပထမံ ဓမ္မစေတီ ဣန္ဒာသယ သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဦးသဒ္ဓမ္မဒေဝကိတ္တိ ရာကျော်

ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်များနှင့် သာသနာပြု လုပ်ဆောင်ချက်များ မဟာပထမံ ကျင့်စဉ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ ဖြစ်ပါသည်။

**နန်းဦးဘုရား**

စန္ဒာသူရိယဘုရင်ကြီး နန်းဦးတွင် ကိုးကွယ်ခဲ့သော လွန်စွာ ထူးခြားသည့် ဓာတ်တိုင်ဘုရားတစ်ဆူမှာ ယခုတိုင်ပင် ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ဆရာဦးသိန်းအောင်ထံတွင် ပူဇော်ကိုးကွယ်လျက် ရှိပေသည်။

ဆရာတော်ကြီးရှိစဉ်က တပည့်ပရိသတ်များမှာလည်း တစ်နေ့ထက်တစ်နေ့ များပြားလာကြသည့်အလျောက် အင်းစိန် ကြို့ကုန်းလမ်းဆုံ ဘုရားလေးများဝန်းပတ်တည်ထားသော ရာကျော်ဆရာတော်ကြီးကျောင်းတိုက်နှင့် မဆံ့နိုင်လောက်အောင်ဖြစ်လာပေသည်။

**စိတ္တသုခကျောင်း**

အေဒီ ၁၉၅၂ ဤသို့သော အခြေအနေများကြောင့် ဆရာတော်ကြီး၏ တပည့်ကြီးများထဲမှ မင်္ဂလာဒုံတပ်မြို့ မြောက်ဘက်အစွန်း ငွေယားတောင်အနီး ပြည်လမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင် ခြံဝင်းအကျယ်ကြီးနှင့် စိတ္တသုခတပ်ဦးကျောင်းတိုက်ကြီးကို စီမံတည်ဆောက်ကြလျက် (၁၉၅၂) ခုနှစ်တွင် ဆရာတော်ကြီးအား ပင့်ဆောင်ကာ ဆက်ကပ်လှူဒါန်းကြလေသည်။

၎င်းမင်္ဂလာဒုံ စိတ္တသုခတပ်ဦးကျောင်းတိုက်ကြီးမှာ ရာကျော်ဆရာတော်ကြီးနောက်ဆုံး သာသနာပြုတော်မူရာ စခန်းကြီးလည်းဖြစ်သည်။ ထိုတပ်ဦးကျောင်းတိုက် ဗဟိုရှိ စံကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူလျက် နယ်များသို့ ခရီးလုံးဝထွက်တော်မမူတော့ဘဲ နောက်ဆုံးသီတင်းသုံးတော်မူလေသည်။

စိတ္တသုခ တပ်ဦးကျောင်းဝင်း မဟာတံတိုင်းများပေါ် နှင့် ပရိဝုဏ်အတွင်းတွင် ဗောဓိပက္ခိယ စေတီငယ်ကလေးများနှင့် မဟာပထမံ ဓမ္မစေတီတော်များကို ဆရာတော်ကြီး တည်ထားတော်မူခဲ့ရာ ယနေ့တိုင် မပျက်မယွင်း ဖူးတွေ့နေကြရဆဲ ရှိလေသည်။

**ပုဂ္ဂိုလ်ထူးများ စာရင်း**

ရာကျော်ဆရာတော်ကြီး ပျံလွန်တော်မူချိန်တွင် ဆရာတော်ကြီးထံပါးတွင် သာသနာပြုတပည့်ရင်း ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ရှိနေကြောင်း သိရှိရပါသည်။ ထိုပုဂ္ဂိုလ်ထူးတို့မှာ အထင်ကရ

အကျော်အမော်များ ဖြစ်သဖြင့် မှတ်တမ်းတင် ဖော်ပြပါမည်။ (၁) မာန်အောင်ဆရာတော်ကြီး၊ (၂) ပထမ ကလေးဝဆရာတော်ကြီး၊ (၃) ဝေဘူဆရာတော်ကြီး၊ (၄) အီတလီ ဘုန်းတော်ကြီး ဦးလောကနာထ၊ (၅) သန်လျင်နတ်စင်တစ်ရာ နတ်ဘုန်းရှိန် ဆရာတော်၊ (၆) တွံတေး ဗောင်းတော်ချုပ်ဆရာတော်၊ (၇) မဟာဆေးဝက်ပါဆရာတော် ဦးသူရိယ၊ (၈) ထောက်ကြန့်ဆရာတော် ဦးကုမာရ၊ (၉) ပုပ္ပားဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိ၊ (၁၀) ဦးအောင်ချမ်းသာ၊ (၁၁) ကြို့ကုန်းရာကျော်ဆရာတော်ကြီးကျောင်းဘုန်းကြီး ဦးသာသနာ၊ (၁၂) တွံတေးဘုန်းကြီး ဦးကေလာသ၊ (၁၃) ကြို့ကုန်းယိုဒယား (ထိုင်း) ကျောင်းဘုန်းကြီး ဦးဇာဂရ၊ (၁၄) မင်္ဂလာဒုံ စိတ္တသုခတပ်ဦးကျောင်း ဘုန်းကြီး ဦးဣန္ဒြိယ၊ (၁၅) ဦးအရိယဝံသ၊ (၁၆) မိုးကုတ်သပိတ်ကျင်းဘုန်းကြီး ဦးသောဘိတ စသည့် ဆရာတော်များနှင့်တကွ (၁၇) ထိုစဉ်က ရဟန်းဝတ်ဖြင့် ဆရာတော်ကြီးအပါးဝယ် ဝတ်ကြီးဝတ်ငယ် အမြဲပြုစုနေသော တပည့်ရင်း ဦးသီဟ (ဆရာဦးသိန်းအောင်) တို့ ရှိနေကြသည်။

ဆရာတော်ကြီး ပျံလွန်တော်မူချိန်က ထူးဆန်းသော ဖြစ်ရပ်များကို တင်ပြပါဦးမည်။ ပျံလွန်တော်မူခါနီးတွင် ဆရာတော်ကြီး သီတင်းသုံးရာ စံကျောင်းတိုက်၏ တံခါးမကြီးများကို ဦးအရိယဝံသက ပိတ်နေသဖြင့် ဆရာတော်ကြီးက တံခါးပိတ်ထားတာမကြိုက်ဘူး ဖွင့်ထားပါဟု ဖွင့်ခိုင်းသည်။

စံကျောင်းအရှေ့တွင် တည်ဆောက်ဆဲ စိတ္တသုခစေတီတော် ပရိဝုဏ်ရင်ပြင်ခင်းကျင်းနေသည့် လုပ်ငန်းကိုမရပ်စေဘဲ ဆက်လက်ခင်းကျင်းရန် ဆရာတော်ကြီးက အမိန့်ရှိသဖြင့် လုပ်ငန်း ဆက်လုပ်ကိုင်နေကြသည်။ ကျောင်းတိုက်အတွင်းရှိ ရဟန်းပရိသတ်နှင့် လူပရိသတ်တို့မှာ စံကျောင်းတိုက် တံခါးများ ဖွင့်လိုက်သည်နှင့် ဝင်ရောက်လာကြပြီး အချို့က ငိုကြွေးကြလေသည်။

စေတီရင်ပြင် ခင်းကျင်းနေသော လုပ်ငန်း၌ အုတ်ကျိုးများ သယ်ပေးနေသော ပန်းရန်အလုပ်သမား အပွနားနှင့် ဦးသီဟ (ဆရာ ဦးသိန်းအောင်) တို့မှာ စံကျောင်းအပြင်ဘက်၌ ရပ်နေကြစဉ်၊ ရာကျော်ဆရာတော်ကြီးနှင့် ရဟန်းတော်ကြီး နှစ်ပါးပေါင်း သုံးပါးတို့ စံကျောင်းတိုက်ထဲမှ ထွက်ကြွသွားသည်ကို ဖူးတွေ့လိုက်ကြရသည်။

**ဈာပန အစီအရင်**

ဈာပန အခမ်းအနားပြုကြရာတွင် ဆရာတော်ကြီး တင်ကြို မိန့်ကြားချက်အတိုင်း ဆောင်ရွက်ကြ သည်။ ၅ ပိဿာဝင် စဉ့်အိုးကြီးတစ်လုံးထဲ၌ ပျားရည် ၅ ပိဿာ ထည့်ပြီးသည့်နောက် ဒေါင်းတောင် (ဒေါင်းမြီး) ၉ ချောင်းစိုက်ကာ နေနှင့်လ ဓာတ်နှစ်ပါးဆောင်သည့် မှန်ဘီလူးအကြီးစားတစ်လုံးကို ထိုအိုးကြီးထဲတွင် ထည့်ထားသည်။ ထိုပျားရည်အိုးကြီးကို ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ပြင်ထားသည့် ခေါင်းရင်းတွင် ချထားသည်။

ဆရာတော်ကြီးသည် တနင်္လာသားဖြစ်၍ စိတ္တသုခ ကျောင်းတိုက်ဝင်းအတွင်း ဘုမ္မိအရပ် စနေထောင့်တွင် သင်္ချာ (၂) ဂဏန်းသင်္ချာန် ပလ္လင်ပေါ်ဝယ် ဗောဓိပက္ခိယ စေတီယ် (၁၅) ဆူတည်ပြီး အုတ်ဂူပြုလုပ်၍ ဂူသွင်းသင်္ဂြိုဟ်ကြသည်ဟု ဆိုသည်။

**ထွက်ရပ်ပေါက် ဆေးဝက်ပါဆရာတော်၏ တရားပွဲ**

ဈာပနာအခမ်းအနား ကျင်းပနေစဉ် တစ်ရက်၊ ထိုနှစ် ဝါဆိုလပြည့်နေ့ ရေစက်ချပွဲတွင် ဆေးဝက်ပါ ဆရာတော် ဦးသူရိယက တရားချီးမြှင့်သည်။

ဆရာတော်ကြီးအား ဂူသွင်းသင်္ဂြိုဟ်ရာတွင် အထူးစီမံပြုလုပ်ထားသော သံသေတ္တာခေါင်းကြီးထဲ၌ ရုပ်ကလာပ်နှင့်အတူ အခြားအဖိုးတန် ဓာတ်ပစ္စည်းများလည်း ထည့်ထားပုံ စသည့် အစီအရင်များအကြောင်းတို့ကိုပါ ဆေးဝက်ပါဆရာတော်က ထည့်သွင်း ဟောကြားသွားလေသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဂူသွင်းသင်္ဂြိုဟ်ပြီး၍ (၂၇) ရက်ပြည့်သော ညဘက်တွင် ဂူကို ဖောက်ထွင်းပြီး အလောင်းတော် ထည့်ထားသည့် သေတ္တာကြီး အခိုးခံရသည်။

နောက်နေ့နံနက်တွင် လိုက်လံရှာဖွေကြသောအခါ သေတ္တာကြီးကို ကျောင်းအနောက်ဘက်ရှိ လျှိုကြီးတစ်ခုထဲ၌ ပြန်တွေ့ကြရသည်။ သေတ္တာကြီးမှာ နှစ်လက်မထုရှိသော ပျဉ်းကတိုးသားဖြင့် ပြုလုပ်၍ အတွင်းမှသေတ္တာမှာ သံမဏိသေတ္တာဖြစ်သည့်အပြင် အာမခံသော့လေးလုံး ခတ်ထားသည်ဖြစ်၍ ခိုးယူသွားသော မသမာသူတို့ ဖွင့်မရဘဲ သေတ္တာကြီးကို လျှိုထဲတွင် ပစ်ထားကာ ထွက်ပြေးသွားကြခြင်း ဖြစ်သည်။

(၉) ရက်မြောက်သောနေ့တွင် သေတ္တာကြီးကို ပင့်ဆောင်ပြီး မှန်သေတ္တာဖြင့် ပြောင်းထည့်၍ ဂူအတွင်း ပြန်လည် အပူဇော်ခံထားရာ ယခုတိုင် ဖြစ်လေသည်။

**ရန်မျိုးအောင် ပြည်တော်ဝင်**

ဆရာတော်ကြီး ကိုးကွယ်ခဲ့သော ဆင်းတုတော်တစ်ဆူရှိခဲ့ဖူးသည်။ ထိုဆင်းတုမှာ ရန်မျိုးအောင် ပြည်တော်ဝင်ဘုရား ရုပ်ပွားတော်မြတ်ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိ ကိုယ်တော်တိုင် ကိုးကွယ်ပူဇော်ခဲ့သော ဘုရားရုပ်ပွားတော်မြတ် ဖြစ်ပါသည်။

အေဒီ ၁၉၇၅ ရန်မျိုးအောင် ပြည်တော်ဝင် ဘုရားရုပ်ပွားတော်မြတ်ကို ကောဇာသက္ကရာဇ် (၁၃၃၇) ခုနှစ်ဦး၊ တန်ခူးလဆုတ် (၂) ရက်၊ ခရစ်နှစ် (၁၉၇၅) ခုနှစ်၊ ဧပြီလ (၂၇) ရက်၊ တနင်္ဂနွေနေ့၌ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပွေးလှမြို့ မြောက်ဘက်ရှိ မြောက်ပန်းတောင် တောင်ကုန်းပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိ ကိုယ်တော်တိုင် သစ္စာအဓိဋ္ဌာန်ပြု၍ တည်ထားခဲ့သော စေတီတော်ဖြစ်၏။

ရန်အောင်မြင် စေတီတော်မြတ်ကို ရန်ကုန်မြို့ ဗဟန်း ၃ လမ်းရှိ အောင်ပန်းကျောင်းတိုက်မှ သာသနာပြုဆရာတော် အရှင်သာသနက ဦးဆောင်၍ ထီးတော်အသစ်လဲခြင်း၊ ပြုပြင် မွမ်းမံခြင်းပြုခဲ့ရာမှ ထီးတော်ဟောင်းကို ချခဲ့ရာတွင် ရာကျော်ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိ ကိုယ်တော်တိုင် ကြွရောက်လာခဲ့ပြီး ထီးတော်ဟောင်းကို ချပေးခဲ့ရာ၌ ထီးတော်ဟောင်း ပိန္နဲတိုင် နှင့် ငှက်ပျောဖူးတွင် ကိန်းဝပ်စံပါယ်လျက်ရှိသော ဤရန်မျိုးအောင် ပြည်တော် ဝင် ရုပ်ပွားတော်မြတ်ကို ရာကျော်ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိ ကိုယ်တော်တိုင်ပင့်ဆောင်၍ အောင်ပန်းကျောင်းတိုက် သာသနာပြု ဆရာတော် အရှင်သာသနကို ကိုယ်ထိလက်ရောက် ကိုးကွယ်ပူဇော်ရန်နှင့် လူမျိုး (၁၀၁) ပါး၊ ၇ ရက်သမီးများပါမကျန် ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားရုပ်ပွားတော်မြတ်၏ နဖူးသင်းကျစ်တော်ပေါ်တွင် ကိုးဆူသော ဘုရားရုပ်ပွားတော်တို့မှာ ကိုးနဝင်းဘုရား ရုပ်ပွားတော်များဖြစ်ပါ၍ လူမျိုး (၁၀၁) ပါး၊ (၇) ရက်သားသမီးများ ကိုးနဝင်းကြေစေရန်အတွက် ရည်စူး၍ ပူဇော်ထားခြင်း ဖြစ်ပါသည်။ ဦးခေါင်းတော်၊ လက်မောင်းတော်၊ ပေါင်တော်နှင့် ပလ္လင်တော် နောက်ကျောဘက်တို့တွင် " စ၀ဗဝ " အစရှိသော စမအင်းများ ပူဇော်ထား၍ ဇမ္ဗူဒီပါကျွန်းလုံးရှိ လူမျိုး ၁၀၁ ပါး၊ ၇ ရက်သား သမီးတို့သည် ဩဘာနိမိတ်သစ်မင်္ဂလာများ

အောင်မြင်စေရန်အတွက်လည်းကောင်း၊ 'စ' အက္ခရာသည် ယခု ပွင့်တော်မူသည့် အရိမေတ္တယျ မြတ်စွာဘုရားလောင်း စကြာမင်းကို ရည်စူး၍ လည်းကောင်း၊ 'ဓ' အက္ခရာသည် ဂေါတမဘုရား မိဂဒါဝုန်တောဌ် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ တရားဦး ဟောတော်မူရာတွင် လူမျိုး (၁၀၁) ပါး၊ (၇) ရက် သားသမီးများကိုပါ ထပ်ထူထပ်မျှ တရားများ ပွားများစေရန် ရည်ရွယ်၍ လည်းကောင်း၊ 'ဗ' အက္ခရာ သည် ဂေါတမမြတ်စွာဘုရားအား ဖြဟ္မာမင်းသည် ပဒုမ္မာ ကြာသက်န်းကို ကပ်လှူ ခြင်းဖြင့် လူမျိုး (၁၀၁) မျိုး၊ ၇ ရက်သားသမီးများပါ အလှူဒါနအကျိုး ပြီးမြောက် ရရှိကြစေရန် ရည်စူး၍လည်းကောင်း၊ 'ဝ' အက္ခရာသည် ဝိဇ္ဇာရှစ်သောင်း ဆရာ အပေါင်း ရသေ့ရှစ်သောင်းဆရာအပေါင်း တို့မှ စောင်မကြည့်ရှု စောင့်ရှောက်ခြင်း ကိုလည်းကောင်း ရည်စူး၍ ပူဇော်ထားခြင်း ဖြစ်ပါသည်။

သက်န်းတော်ပေါ်ရှိ (၃၁) ဆူသော ရုပ်ပွားတော်များမှာ ဂင်္ဂါဝါဠု သဲစုအမျှ ပွင့်လေ ပြီးသော ဘုရားရှင်များအား ရည်စူး၍ ပူဇော်ကန်တော့နိုင်စေရန်အတွက် ပူဇော် ထားခြင်းဖြစ်ပါသည်။ လက်ဝဲလက်ယာ ဒူးတော်အတွင်းရှိ ရှစ်ဆူသော ရုပ်ပွား တော်များမှာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု အစရှိသော (၇) ရက် သားသမီးတို့အတွက် ဂြိုဟ်စင် ဘုရား ရုပ်ပွားတော် များအဖြစ် ပူဇော်ကန်တော့နိုင်စေရန် ရည်စူး၍ ပူဇော်ထားခြင်း ဖြစ်ပါသည်။ ရုပ်ပွားတော်မြတ်အတွင်း၌ မှို (၉) ချက် ပါဝင်၍ လူမျိုး (၁၀၁) ပါး၊ (၇) ရက် သားသမီးများ တွေကြေခြင်း၊ နဝင်းကြေခြင်း၊ စန်းပြတ်၊ လွန်းပြတ်၊ ဂြိုဟ်အပ် သက်ရောက်၊ ဂြိုဟ်စားအစရှိသော ဘေးအပေါင်းတို့မှ ကင်းလွတ်စေရန် ရည်စူး ၍ ပူဇော်ထားခြင်းဖြစ်ပါသည်။ ပလ္လင်တော်ရှိ ကြာပွင့် (၉) ပွင့်တို့မှာ ပုဂ္ဂိုလ် အပေါင်းတို့အား ရည်စူး၍ ကြာပွင့်၊ ကြာဖတ်များအဖြစ် ရည်စူးပူဇော်ထားခြင်း ဖြစ်ပါသည်။ ပလ္လင်တော် အောက်ခြေရှိ ငါး (၂) ကောင် ရုပ်တုမှာ ငါးကြီး အာနန္ဒာ အဖို၊ အမ နှစ်ကောင်ဖြစ်၍ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အစရှိသည့် ဓာတ်ကြီး (၄) ပါးတို့ကြောင့် လူမျိုး (၁၀၁) ပါး၊ (၇) ရက် သားသမီးတို့သည် အနာမျိုး (၉၆) ပါးတို့မှ ကင်းဝေးကြစေရန်အတွက် ရည်စူး၍ ပူဇော်ထားခြင်း ဖြစ်ပါသည်။ ပလ္လင်တော် အောက်တည့်တည့်တွင် ဘုရား ရုပ်ပွား တော် (၄) ဆူနှင့် က (ကြီး )၊ ဃ (ကြီး)၊ ဠ (ကြီး)၊ ဏ (ကြီး) အစရှိသော ဘုရားရုပ်ပွားတော် တို့မှာ ဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူလေပြီးသော ကောဏ္ဍသံဂုဏ်၊ ကောဏဂုဏ်၊ ကဿပဂုဏ်၊ ဂေါတမဂုဏ် စသည့် ဘုရားရှင် များကို ရည်စူး၍ ပူဇော်ကန်တော့ နိုင်စေရန်အတွက် လည်းကောင်း၊ က-ဃ-ဠ-ဏ (ကြီး) အစရှိသော ကြီးလေးကြီး ' စမ ' အင်းတို့မှာ ရန်သူမျိုးငါးပါး ကင်းဝေးကြစေရန် ရည်စူး၍လည်းကောင်း

ပူဇော်ခြင်း ဖြစ်ပါသည်။ (ကျမ်းကိုး၊ ရာကျော်ဆရာတော်ကြီး၏ သူ့သာသနာ၊ သူ့ဘဝ၊ သူ့ဓမ္မများ၊ ဟံသာဝတီဦးအုန်းကြိုင်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ၂၀၀၁ ခု၊ ဖေဖော်ဝါရီလ ၉ ရက်၊ စာမျက်နှာ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁)

**မှီ (၉) ချက်၊ ကြာ (၉) ပွင့်၊ ကြီး (၄) ကြီး သံသေဓာတ်လုံး၊ ပြဒါးရှင်ဓာတ်လုံး**

ဘုရားရုပ်ပွားတော်မြတ်၏ လက်ယာဘက် မျက်လုံးတော်၌ သံသေဓာတ်လုံးကို ဌာပနာထား၍ လက်ဝဲဘက်မျက်လုံးတော်တွင် ပြဒါးရှင်ဓာတ်လုံးကို ဌာပနာထားသည့်အပြင် ဦးခေါင်းတော်အတွင်း၌ ဓာတ်တော် (၃၆) ဆူ၊ ဓာတ်လုံး (၃၆) လုံးတို့ကို လည်းကောင်း၊ ရင်ဘတ်တော်အတွင်း၌ ဓာတ်တော် (၃၆) ဆူ၊ ဓာတ်လုံး (၃၆) လုံးတို့ ပလ္လင်တော်အတွင်း၌ ဓာတ်တော် (၃၆) ဆူ၊ ဓာတ်လုံး (၃၆) လုံးတို့ကို လည်းကောင်း၊ စုစုပေါင်း ဓာတ်တော် (၁၀၈) ဆူ၊ ဓာတ်လုံး (၁၀၈) လုံးတို့ကို ပူဇော်ဌာပနာထားပြီးလျှင် ရန်မျိုးအောင် ပြည်တော်ဝင်ဘုရား ရုပ်ပွားတော်မြတ်ကို ဓာတ်သားများဖြင့် စီမံ၍ ကိုးကွယ် ပူဇော်တည်ထားခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။

**ရာကျော်ဆရာတော်ဘုရားကြီးအကြောင်း စာတွေ့၊ ငါတွေ့ မှတ်တမ်း။**

ခရစ် ၁၉၄၆ ၁၉၄၆ ခုနှစ်က ကြို့ကုန်းလမ်းဆုံအနောက်ဘက်ခြမ်းရှိ ဘုရား (စေတီငယ်) ကလေးများဖြင့် ဝန်းပတ်တည်ထားသော ရာကျော်ဆရာတော်ကြီးကျောင်းတွင် တစ်နေ့သောနံနက်၌ ဆရာတော်ကြီးအခေါ် မောင်အောင်၊ မင်းခေါင်ကြီးတို့နှင့် ဆရာတော်ကြီးတွေ့ဆုံကြရာတွင် မိန့်ကြားတော်မူသော စကားတော်အရ အင်းဝခေတ်က မောင်အောင်၊ မောင်ဝိုင်း(ဘိုးတော်ဦးဝိုင်း)တို့နှင့် ငယ်သူချင်း သုံးယောက်ရှိခဲ့ကြကြောင်း၊ တစ်ဦးက ရဟန်းဘဝနှင့်ဖြစ်ကြောင်း၊ ထိုရဟန်းမှာ မိမိ (ဆရာတော်ကြီး) ဖြစ်ကြောင်းဖြင့် ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်ဟူ၍ ဟံသာဝတီဦးအုန်းကြိုင်သည် မိမိ၏ မင်းဓမ္မတောင်တော် သာသနာပြုပုဂ္ဂိုလ်ကျော် ရာကျော်ဆရာတော်ဘုရားကြီး၏ သူ့သာသနာ၊ သူ့ဘဝ၊ သူ့ဓမ္မများ၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ၂၀၀၂ ခု၊ ဇန်နဝါရီလ၊ အမှတ်-၁၇၅၊ စာ-၆၅၊ ၆၆၊ ၆၇ တို့တွင် အတိအကျ ဖော်ပြခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ငယ်သူငယ်ချင်း သုံးယောက် ရှိလေသည်။**

ဘိုးတော်ဦးဝိုင်းမှာ အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက်သားတော်ဖြစ်၍ အင်းဝ၊ အမရပူရထီးနန်း၌ စိုးစံခဲ့သည်။ ငယ်အမည် မောင်ဝိုင်း၊ ပဒုံမြို့စား မင်းသားဖြစ်ပြီး နန်းစံချိန်တွင် ဘိုးတော်ဘုရားဟုတွင်လေသည်။

**ရဟန်းဘဝနှင့် နေတော်မူသည်။**

ဆရာတော်ကြီးမိန့်ကြားတော်မူသည့်အတိုင်း ဆိုရချေသော် ပဒုံမြို့စား မင်းသား မောင်ဝိုင်း၊ မောင်အောင်နှင့် ရှမ်း (မောရှမ်း) ရှင်သဒ္ဓမ္မကိတ္တိ ဟူသည့် ငယ်သူငယ်ချင်းသုံးယောက်ရှိခဲ့ကြရာတွင် ဖွားသက္ကရာဇ်များမှာ တစ်ယောက်နှင့် တစ်ယောက်များစွာကွာခြားလှကြပုံမရပေ။

**ဖွားသက္ကရာဇ် ခန့်မှန်းခြေ**

ခရစ် ၁၇၄၀ သို့သော် ရှင်ကိတ္တိက သုံးယောက်တို့အနက်တွင် အသက်အကြီးဆုံးဖြစ်သည် ဟု ဆိုရပေသည်။ ယင်းသို့ဆိုသော် ခရစ်နှစ် (၁၇၄၀) ဝန်းကျင်လောက်ပင် ရှိကြမည်ဟု ဆိုနိုင်လောက်သည်။

**ရာကျော်ဆရာတော်၏ သက်တော် ကိုယ်တိုင်ပြောပြချက်**

ခရစ် ၁၉၄၅ ရာကျော်ဆရာတော်ကြီးတို့ မင်းဓမ္မတောင်ဘိုးရာဇာကုန်းရှိ ကျောင်းကလေးတွင် အတူရှိကြစဉ် (၁၉၄၅-၄၆ ခုနှစ်)က ဆရာတော်ကြီး၏ သက်တော်နှင့် စပ်လျဉ်း၍ မေးမြန်းလျှောက်ထားကြည့်မိရာ ဆရာတော်ကြီး၏ သက်တော်ကို မဟာပထမံသင်္ချာရေတွက်သောနည်းဖြင့် နဝင်းနက္ခတ်နှစ်ပတ်ခွဲ ခန့်ရှိပြီဟု ကိုယ်တော်တိုင်မိန့်ကြားတော်မူဖူးသည်။

ယင်းသို့ဆိုသော် ရှေးကျမ်းများအလိုအရ "သတ္တဗီသ၊ လှည့်ထနက်သတ်၊ မြင်းမိုရ်ပတ်သား"ဟူ၍ အသဝနီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟနီ၊ ရေဝတီအဆုံး နက်သတ် နက္ခတ်(၂၇)လုံးတို့သည် မြင်းမိုရ်တောင်ကို ဝန်းပတ်၍ လှည့်လည် သောသတ္တဗီသ (၂၇)၊ နက်သတ်=နက္ခတ်ဟုထွက်လေသည်။ ထို(၂၇)သတ္တဗီသ သည် တြင်းနဝင်း ကျေနက္ခတ် ဖြစ်သည်။ ထို့ကြောင့် မူလသတ္တဗီသ နက္ခတ် (၂၇) လုံးကိုတည်၍ တွင်းပြင်နှစ်ရပ် ထပ်သော်(၅၄)နဝင်း နက္ခတ်ရရှိ၏။ ထိုနဝင်း(၅၄)ကို တစ်ဖန် ဝဲယာခွဲသော်(၁၀၈)နဝင်းရရှိလေသည်။ ဤနက္ခတ် (၁၀၈)နဝင်းသည် တစ်ပတ်ပြည့် ဖြစ်လေရာ နဝင်းနက္ခတ်နှစ်ပတ်ခွဲဟုဆိုသဖြင့် (၁၀၈)နဝင်းနှစ်ပြန် နှင့် တစ်ခွဲ (၅၄) တို့ကိုပေါင်းသော် ထိုအချိန်(၁၉၄၆ ခုနှစ်)က ဆရာတော်ကြီး၏ သက်တော်(၂၇၀) ထွက်လေသည်။

**ဇာတိ ရှမ်းလူမျိုး**

ခရစ် ၁၆၇၆ ယင်းသို့ဆိုသော် ဆရာတော်ကြီး၏ ဖွားသက္ကရာဇ်သည် ခရစ်နှစ် (၁၆၇၆) ခုနှစ်ဖြစ်ရာသည်။ ဇာတိမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယနယ်ဟူ၍ ဆိုလေသည်။ မျိုးရိုးမှာ ရှမ်း (မောရှမ်း/ မွိုင်ထိုင်း)ဟုဆိုသည်။

ပဝတ္တိမှာ အင်း၀၊ အမရပူရဖြစ်သည်ဟုဆိုသည်။ ငယ်မည် ကိတ္တိ၊ ရှင်မည်ကိတ္တိ၊ ရဟန်းတော်ဘွဲ့ ဦးသဒ္ဓမ္မကိတ္တိ နောင်တွင် မဟာပထမံ ဓမ္မစေတီဆိုက်တော်မူသည်တွင် ဦးသဒ္ဓမ္မဒေဝကိတ္တိဟု ဘွဲ့မည်ချီတော်မူသည်။ နေ့နံ တနင်္လာသားဖြစ်ပေသည်။

**ရဟန်းဘ၀**

ငယ်စဉ်ဘ၀ကပင် ရှင်ရဟန်းဘ၀သို့ ရောက်ရှိတော်မူပြီး၊ အနောက်မဇ္ဈိမဂယာသီသတွင် တရားဓမ္မကျင့်ကြံ ကြိုးကုတ်အားထုတ်တော်မူခဲ့သည်။ ထို့ပြင် ရဟန်းငယ်ဘ၀မှစတင်၍ အရိယာဝိနှာဓမ္မရာဇာဓမ္မစေတီလမ်းစဉ်အတိုင်း ကျင့်ဆောင်ဖြည့်ဆည်းတော်မူခဲ့၏။

ဆရာတော်ကြီး၏ ငယ်စဉ်ဘ၀တွင် ကုန်းဘောင်ခေတ်ဦး ကာလဝယ် ခေတ်အလျောက် လောကီပညာရပ်များ တွင်ကျယ်ထွန်းကားခဲ့လေရာ ဆရာတော်ကြီးသည် ထိုလောကီပညာရပ်များဘက်၌လည်း တစ်ဖက်ကမ်း ခပ်နှံ့စပ်ခဲ့လေသည်။

**ပါရမီလမ်း**

ရာကျော်ဆရာတော်ကြီး၏ လမ်းကား ပါရမီလမ်းသာလျှင် ဖြစ်ပေသည်။ ကြောင်းကျိုးဆက် ပြည့်စုံကြသည့် သူတို့အား ကယ်တင်ကူညီစောင့်ရှောက်လျက် သတ္တဝါဝေနေယျတို့ အကျိုးအလို့ငှာ ရှေးဟောင်းဘုရားပုထိုး စေတီတော် (ဟောင်း)ကြီးများ ပြုပြင်တည်ဆောက်ခြင်း၊ နောင်တွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် သာသနာတော်ဆိုင်ရာ လုပ်ငန်းကြီးများကို အစဖျိုးကာ ဓာတ်ပန္နက်၊ ဓာတ်ပစ္စည်းဆက်များ စိုက်၍ ထူထောင်ခြင်းစသော သာသနာပြုလုပ်ငန်းများဖြင့် လောကသတ္တဝါဝေနေယျတို့အကျိုးငှာ တစ်ဖက်မှရွက်ဆောင်ပေးခြင်းများနှင့်အတူ အခြားတစ်ဖက်မှလည်း မိမိအကျိုးအတွက် ထူထောင်ဖြည့်ဆည်းနေရသော ပါရမီလမ်းကို မပြတ်မလပ်ဖြည့်ကျင့်ဆည်းပူးကြရလေသည်။

**ဝေဿန္တရာဂူ**

ရာကျော်ဆရာတော်ကိုယ်တိုင် သီတင်းသုံး တရားအားထုတ် အောင်မြင်ခဲ့တဲ့ ဝေဿန္တရာဂူကြီးဟာ ဝွေးပင်ရွာမှာ ရှိတယ်။ ဆရာတော်ကြီးဟာ သမထနဲ့ ဝိပဿနာကို တွဲပြီး အားထုတ်သွားတယ်။

**ဓာတ်ရပ်ရွာ**

ရာကျော်ဆရာတော်ကြီးရဲ့ ပထမအစ သီတင်းသုံးခဲ့တဲ့မူလကျောင်းတော်ရာနဲ့ ဘုရားတွေ၊ သိမ်တွေဟာ၊ အဲဒီဂူနဲ့ (၂)မိုင်လောက်ဝေးတဲ့ ရွှေတိုင်ကုန်း (နန်းရပ်

တောင်) မှာ ရှိနေတယ်။မိုးကုတ်မြို့နယ်၊ ကျောက်ပုပ်ရွာနှင့် မြေမဲရွာအနီးရှိ အောင်ချမ်းသာတောင်ပေါ်မှ ဆရာတော် ဦးဓမ္မရက္ခိတအား သွားရောက်ဖူးမြော်စဉ် ထိုသို့လမ်းညွှန်ခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းပရိဝုဏ် နယ်နိမိတ်အစမှ ဇရာမညောင်ပင်ကြီးများကို ပေ(၁၀၀)ခြား စီတွေ့မြင်ရသည်။ ညောင်ပင်ကြီး (၄)ပင်ရှိခဲ့သော်လည်း တစ်ပင်မီးလောင်သွား၍ ယခု(၃)ပင်သာကျန်ရှိသည်။ ကျောင်းတော်ရာနှင့် အနီးဆုံးညောင်ပင်ကြီးမှာ ညောင်တံခါးများဖြစ်ပေါ်နေပေသည်။

ရာကျော်ဆရာတော်ကြီးရဲ့ မွေးဇာတိဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း မြို့အနီးက ပွေးလှဆိုတဲ့ ရွာကလေးပဲ။ ရှေးကတော့ မြို့ဟောင်းလို့ သိရတယ်။ ဗုဒ္ဓသာသနာအလွန် ထွန်းကားခဲ့တဲ့နေရာပေါ့။ လောကီပညာနဲ့ သမထကျင့်စဉ် တွေကိုတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့ မြောက်ဘက်တကောင်း ကျေးရွာက ဆရာတော်ဦးကောဆီမှာ တပည့်ခံသင်ယူခဲ့တယ်ဟု မှတ်တမ်းရှိ၏။

အဲဒီကမှတစ်ဆင့် မိုးကုတ်မြို့နယ်၊ နန်းရုပ်ဒေသမှာ လာရောက်သီတင်းသုံးခဲ့တာပဲ။ ရှေးတုန်းက မိုးကုတ်ဆိုတာမရှိသေးဘူး။ နန်းရုပ်မှာ စည်ကားတဲ့ရွာကြီးတစ်ရာရှိတယ်။ ဒီတောင်မှာ ရှင်ဘုရင်တွေ၊ စော်ဘွားတွေလာပြီး တရားကျင့်ကြံ ဥပုသ်ဝင်ကြတဲ့ နေရာလဲရှိတယ်။ အဲဒီနေရာဟာ မြင့်မြတ်တဲ့အောင်မြေအရပ်ဖြစ်လို့ ရာကျော် ဆရာတော်က ရွှေတိုင်တစ်တိုင်စိုက်ထူပြီး တခြားသူတွေ ရွာမတည်ရအောင်၊ တောင်ယာမလုပ်ကြရအောင် ကန့်သတ်တားမြစ်တော်မူခဲ့လို့ "ရွှေတိုင်ကုန်း" လို့ခေါ်ကြတယ်ဟု မှတ်တမ်းရှိ၏ဟူ၍ ရာကျော်ဆရာတော်ထံ တပည့်ခံသင်ကြား ရင်း သွားလေရာအတူ လိုက်ပါခဲ့ဖူးသည့် အသက် (၇၉)နှစ်အရွယ်ရှိ ကျတ်ပြင်မှ ဆရာကြီးဦးအောင်သန်းနှင့် ရာကျော် ဆရာတော်ကြီးဝွေးပင်ရွာ၌ ကျင့်စဉ်များ ဝင်ရောက်ခဲ့စဉ် အနီးကပ် ဝေယျာဝစ္စ လုပ်ကိုင်ပေးရသော ဘိုးသာဆိုင်(၈၄)နှစ် တို့မှ ပြောပြသော စကားအရ သိရှိရကြောင်း ဟံသာဝတီဦးအုန်းကြိုင်က မိန့်ဆိုခဲ့ ပါသည်။

ရာကျော်ဆရာတော်ကြီးကျောင်းထိုင်၍ သီတင်းသုံးခဲ့စဉ်က မင်း၊ မိဖုရား၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်များတည်ထားကိုးကွယ်ကြသည့် စေတီတော်ကြီးများမှာ ယခုအခါ ပြိုကျပျက်စီးနေကြပြီး စေတီငုတ်တိုကြီး(၇)ဆူကို ချုံနွယ်သစ်ပင် များအုပ်ဆိုင်း လျက်ရှိသည်။

ထိုစဉ်က ရာကျော်ဆရာတော်ကြီးဟာ ကြည်ညိုသူပရိသတ်တွေ အမြဲမပြတ်လာရောက်နေကြတော့ အကျင့်စရဏာပျက်တယ်ဆိုပြီး ငွေးပင်ဂူရှိရာတောင်ကို ပြောင်းရွှေ့သွားသည်ဟု သိရသည်။ ယခုထက်တိုင် မင်း၊ မိဖုရား၊ စော်ဘွားတွေ ယာယီနန်းကို ရုပ်သိမ်းသွားကြလို့ ဒီနေရာကို "နန်းရုပ်"လို့ခေါ်ခဲ့ကြပြန်တယ်ဟု ဆို၏။

ခရစ် ၁၉၃၆ ရာကျော်ဆရာတော်ကြီးရဲ့ ကျောင်းဒါယကာကြီးတွေဖြစ်တဲ့ ဦးကျောက်လုံး၊ ဒေါ်ဖုံးဆိုတာဟာ ငွေးပင်ရွာမှာ ပထမဆုံးနီလာကျောက်ကောင်းတစ်လုံး ရရှိခဲ့ကြတယ်။ (၁၆)ကာရက်ရှိကြောင်း သိရတယ်။ ရာကျော်ဆရာတော်ကြီးရဲ့ မူလကျောင်းတော်ရာက အဓိကစေတီတော်ဖြစ်တဲ့ "ဆင်ဖူးဘုရား"ကို ပြန်လည်ပြုပြင်ခဲ့ကြတယ်။ သက္ကရာဇ်(၁၃၀၀)ပြည့်မှာပါဟု မှတ်တမ်းရှိ၏။

**ဆင်ဖူးဘုရား**

ဒီဘုရားအကြောင်းပြောရင် ဒဏ္ဍာရီဆန်လှပါတယ်။ ရာကျော်ဆရာတော်ကြီးရဲ့ မူလကျောင်း ဒါယကာကြီးဟာ ကျောင်းဆောက်လုပ်မပြီးမီ ကွယ်လွန်သွားခဲ့တယ်။ သူဟာ ဆင်မတစ်ကောင်ရဲ့ ဝမ်းထဲဝင်စားပြီး ဆင်ထီးကလေးဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒီဆင်ဟာ ကျောင်းတိုင်တွေကို နှာမောင်းနဲ့ဆွဲယူလုပ်အားပေးပြီး ကူညီခဲ့ပြန်တယ်။ စေတီတော်ကြီးနဲ့ ကျောင်းတော်ကြီး ပြီးစီးတော့မှပဲ တောထဲဝင်ရောက်သွားတယ်။ နောက်နှစ်ပေါင်း အတော်ကြာတော့ ဆင်ကြီး တစ်ခေါက်ရောက်လာတယ်။ ဆရာတော်လည်းမတွေ့ရ၊ ကျောင်းကြီးလည်းပြိုကျနေတာ မြင်ရပြီး စိတ်ထိခိုက်စွာနဲ့ မြေကို ခြေနဲ့အရှုပ်မှာ ခြေဖဝါးငြောင့်စူးသွားတယ်။ ဒီဘုရားအနီးမှာ ရောက်လာတဲ့ လူတိုင်းကို ဆင်ကြီးက လိုက်တော့မသွားရဲ၊ မလာရဲ ကြောက်ရွံ့နေကြတယ်။ တစ်နေ့မှာ လောင်းစင်ရွာက ရွာသားတစ်ဦးဟာ ပြေးမလွတ်တော့ သေပစေဆိုပြီး မြေမှာမှောက် အိပ်ချလိုက်တယ်။ ဆင်ကြီးဟာ နှာမောင်းနဲ့ ဆွဲလှန်ပြီး သူ့မျက်နှာရှေ့ကို ခြေဖဝါးထောင်ပြတော့မှ ငြောင့်ကြီးစူးနေတာ မြင်ရတယ်။ ရွာသားလည်း သဘောပေါက်သွားပြီး ငြောင့်ကို ဓားမြှောင်နဲ့ ထွင်းထုတ်ပေးခဲ့တယ်။ ဆင်ကြီးဟာ ဘုရားကို လက်ယာရစ်သုံးပတ်လှည့်ဖူးမြော်ဦးတိုက်ပြီးမှ တောထဲဝေးရာ ထွက်ခွာသွားတော့တယ်။ ဒါကြောင့် ဆင်ဖူးဘုရားလို့ခေါ်တာပါဟု မှတ်တမ်းရှိ၏။

ဤနေရာမှာ ငွေးပင်ရွာနှင့် (၂)မိုင်ခန့်သာဝေးပြီးအနောက်မြောက်(၂)မိုင်ခန့်၌ လီဆူးများနေထိုင်သည့် နန့်ကတ်ရွာနှင့်လည်းအဆက်အသွယ်ရှိပါသည်။ မိုးကုတ်-သပိတ်ကျင်း-မန္တလေး လမ်းဘေး၌ မနီးမဝေးရှိသည်။

**ဣန္ဒြိယသံဝရ လိုတရလွယ်အိတ်**

ရာကျော်ဆရာတော်ကြီးဟာ ဌေးပင်ဂူကို မကြာမကြာရောက်လာတယ်။ ရွာကို ရောက်တိုင်းလဲ နန်းရုပ်ဒေသ မူလကျောင်းတော်ရာကိုသွားတယ်။ လမ်းမှာ တွေ့သမျှ မုန့်သည်တွေကို အကုန်ဝယ်ပြီး ကြုံတဲ့လူ အကုန်စားလှူဒါန်းလေ့ရှိတယ်။ ထူးဆန်းတာကတော့. . . လွယ်အိတ်အလွတ် ကလေးတစ်လုံးထဲက နှိုက်ထုတ်ပြီး လှူဒါန်းနေတာပဲ။ အဲဒါကျုပ်အမြင်ပဲလေ၊ ဣန္ဒြိယသံဝရ လွယ်အိတ်လို့ခေါ်ရမလား မသိဘူးဟု ဆိုကြ၏။

**ဘိုးကိတ္တိ**

ဂူထဲမှာ တရားထိုင်ချိန်ရောက်မှ ကျုပ်ကို ဖိုဆွဲခိုင်းလေ့ရှိတယ်။ ဆရာတော်ဟာ သမထ အားထုတ်ပြီး အဂ္ဂိရတ်ဓာတ်လုံးအောင်တော့မှ ဝိပဿနာကို ဆက်အား ထုတ်သွားတာ ကျုပ်သိမှီလိုက်ပါတယ်။ ရာကျော်ဆရာတော်ကြီးအား သိမှီလိုက် သူတို့က ဘိုးကိတ္တိဟုသာ ခေါ်ကြသည်။

**သဒ္ဓမ္မဒေဝ**

သဒ္ဓမ္မဒေဝဆိုသော ဘွဲ့တော်မှာ အထက်ပုဂ္ဂိုလ်တို့ ပေးအပ်ခြင်းဖြစ်ကြောင်း လည်း သိရပါသည်။ သဒ္ဓမ္မဒေဝဆိုသည်မှာ နတ်ကဲ့သို့ သူတော်ကောင်းတရားများ ကို ထင်ရှားသိမြင်တော်မူသော ဟု အဓိပ္ပါယ်ရှိကြောင်း စာရေးဆရာ အောင်ဇ (LL.B) က သူ၏ ဆောင်းပါးတစ်ပုဒ်ဖြစ်သော ရာကျော်ဆရာတော် သဒ္ဓမ္မဒေဝ ကိတ္တိ၏ မူလပထမ ကျောင်းတော်ရာ အမည်ရှိစာမူတွင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၀ ခု၊ အမှတ်-၁၇၂၊ စာ-၄၅၊ ၄၆၊ ၄၇ တို့၌ ဖော်ပြထား ကြောင်း လေ့လာတွေ့ရှိရပါသည်။

သပိတ်ကျင်းမြို့တွင် "အောင်စကြာတောင်ပေါ်ဘုရား"၊ "အောင်သိဒ္ဓိ ဓာတ်ခန်း"၊ "အညာသီဟ တောဘုရား"၊ "နေလစေတီ"၊ တည်ရာစသည်တို့တွင် ကိုယ်တွေ့ကြုံ တပည့်ခံသူ စသည်ဖြင့် သက်ရှိထင်ရှား ပုဂ္ဂိုလ်များထံတွင် စာတွေ့၊ လက်တွေ့ လေ့လာပြီး အများက ဘိုးကိတ္တိရာကျော်ဆရာတော် သဒ္ဓမ္မဒေဝကိတ္တိသည် သပိတ် ကျင်းမြို့တွင် ဣန္ဒြိယသံဝရ လိုတရလွယ်အိတ်ဖြင့် သာသနာပြုခဲ့ကြောင်းကို စာရေးဆရာ ဒီလှိုင်း (သပိတ်ကျင်း) ဆိုသူက သူ၏ ဣန္ဒြိယသံဝရလွယ်အိတ်နှင့် ရာကျော်ဆရာတော်၏ သပိတ်ကျင်းအောင်မြေနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းအမည် ရှိ ဆောင်းပါး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၀၃ ခု၊ စက်တင်ဘာလ၊ စာ-၁၅၃ တွင် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**သက်န်းလွယ်အိတ်**

ပို၍ ထင်ရှားထူးခြားသည်မှာ ဗလာနတ္တိ ဘာမျှမရှိသော သက်န်းလွယ်အိတ်အဟောင်းထဲမှာ ငွေတစ်ဆယ်တန်များနှိုက်၍ နယ်တကာအနှံ့ သာသနာပြုခဲ့ပါသည်ဟု မှတ်တမ်းရှိ၏။

ကွဲစ္ဆာသယလွယ်အိတ်နှင့်ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို ဖော်ပြရလျှင်. . . . လက်ရှိ သပိတ်ကျင်းမြို့နယ်၊ သံဃနာယကအဖွဲ့အတွင်းရေးမှူးဆရာတော်၊ ကန်တဲ့ရပ်ကွက် မဟာသိမ်တော်ကျောင်း ဒုတိယဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အလောင်းအလျာသည် ရွာမရပ်ကွက်ဧရာဝတီ မြစ်ကမ်းနံဘေး၌ သစ်တုံးများဆယ်ယူနေစဉ် အဘရာကျော်ဆရာတော်သည် ရုတ်တရက် ရောက်ရှိလာပြီး . . . 'ဟဲ့ကောင်မင်းသစ်တုံးငါ့ကို ရောင်းမလား' လို့ပြောတဲ့အခါ. . . 'မရောင်းပါဘူးဘုန်းကြီး'လို့ပြန်ပြောလျှင် 'ရောင်းပါကွ၊ မင်းကိုငါမုန့်ဖိုးပေးမှာပါ' ဟု ပြောဆိုကြရာ. . . 'သစ်တုံးတွေ၊ ဒီနားထားရင် ပျောက်မှာဗျ၊ ခိုးတဲ့လူတွေရှိတယ်' 'ပျောက်တာမပျောက်တာ မင်းနဲ့မဆိုင်ဘူး၊ ရော့ ပိုက်ဆံ'လို့ ပြောဆိုကာ အဘရာကျော်ဆရာတော်မှ လွယ်အိတ်ကို နှိုက်၍ခါပြီး ကွဲစ္ဆာသယလွယ်အိတ် အတွင်းကနေ ငွေတစ်ဆယ်တန်များကို တစ်ရွက်ချင်း ငါးရွက်တိတိထုတ်ပေးပါတော့သည်။ ဤကဲ့သို့ ကွဲစ္ဆာသယလွယ်အိတ်မှနေ၍ ငွေများပေးပြီး ပဋ္ဌာန်းဆက်ပေးခဲ့ပါလားဟုဆိုသည်ကို သပိတ်ကျင်းမြို့ပေါ်တွင် စေတီပုထိုး၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ သိမ်၊ ဓမ္မာရုံများစသည့် သာသနိကအဆောက်အအုံများ ဆောက်လုပ်သာသနာပြုနေရင်းမှ ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသမှ တဖြည်းဖြည်းသိရှိလာပါသည်ဟု သိရပါသည်။

**တကောင်းကို ပြန်လည်ဖော်ထုတ်ခြင်း**

ဆရာတော်ကြီးသည် သပိတ်ကျင်းမြို့သို့ရောက်ရှိခဲ့လျှင် ယခုမြို့နယ်စည်ပင်ဦးစီးဌာနရုံး အနောက်ဘက် ယခင် ဘိုတဲနေရာ၌ ဝါးကျောင်းငယ်လေးဖြင့် သီတင်းသုံးပြီး ဦးခင်မောင် မိသားစုမှ ဝေယျာဝစ္စများပါရမီဖြည့်ဆည်းကြပါသည်။ ထိုနေရာမှ တစ်ဖန် ယခုဆိပ်ကမ်း ရပ်ကွက်စည်ပင်သာယာဈေးအနီး၌ တည်ရှိသော ကိုးတောင်ပြည့်နေလစေတီကို ပြောင်းရွှေ့၍ တည်ပါတော့သည်။ နေလစေတီ တည်ရာတွင် အဘရာကျော်ဆရာတော်ကြီးက. . . တကောင်းက ဒေါင်း စ,ကာ အောင်းနေပြီ၊ ယောက်မခွေးချီ၊ တကောင်းက အေးပြီ၊ ဒါ့ကြောင့် သမိုင်းဝင်တကောင်းမြို့ကြီး ပြန်လည်သက်ဝင် လှုပ်ရှားဖို့ မင်းတို့မြို့မှာ စိန်ပန်းဓာတ်ဆင်ပြီး မြို့နယ်တစ်ခုလုံးစည်ပင်အေးချမ်းဖွံ့ဖြိုးအောင် ငါဘုရား တည်မည်ဟု ပြောဆိုရာ

မိုးကုတ်မြို့ အမေသိန်းတို့ ညီအစ်မနှစ်ဦးကဒကာခံပြီး နေထွက်မှာ ပန္နက်ချ၊ နေဝင် လအထွက်မှာ ကိုးနဝင်း မိုးလင်းမှသိမယ်၊ ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့် တည်၊ ငယ်သာငယ်ကယ်ဆယ်မယ့်ဘုရား အစရှိ သောယနေ့ လူတိုင်းနှုတ်ဝယ်၌ သိကြသည့်၊ ရကြသည့် တဘောင်ကို ရွတ်ဆိုကာ နေ့,လ နှစ်ပါး ကိုးတောင်ပြည့် စေတီကို တည်ပါတော့သည်ဟု တကောင်းခေတ်ကို ဖော်ခဲ့ပါသည်။

**နှုတ်တိုက်ချပေးခဲ့တဲ့ အောင်ထူးဆန်း**

အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ကျော်ဝှမ်းထက်၊ ဘက်မရှောင်၊ ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း၊ မန်းဣန္ဒရာဇာ၊ ငါသို့မှန်းလစ်၊ တစ်ရာ့တစ်ပါး၊ လူမျိုးသားတို့၊ ကျော်လွှားနှိမ်နင်း၊ စောရန်ခွင်း၊ မငြင်းမဆန်၊ လွန်ကြောက်ရွံ့သည်၊ တစ်ပြည်လုံး၊ လက်ရုံးတန်းကာ၊ အောင်ပါစေသော်၊ အောင်စေသော်၊ အောင်ကြပါစေသော် ဟူသော ဂါထာ တော်မြတ်ကြီးကား ဆရာတော်ကြီးကိုယ်တိုင် ရွတ်ဆိုသည်သာမက နှုတ်တိုက် ချပေးခဲ့ကြောင်း သိရပါသည်။

ခရစ် ၁၉၄၅ ရာကျော်ဆရာတော်ကြီးသာသနာ့ခေတ်ပန္နက်ရိုက်စဉ်၊ ၁၃၀၇ ခု၊ ကဆုန်လပြည့်နေ့ နံနက်(၆) နာရီခန့်တွင် မင်းဓမ္မတောင်တော်ပေါ် ဝယ် လူသူ အရောက်အပေါက် နည်းသည်နှင့်အမျှ သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်းနေသဖြင့် တောကြီး အသွင်သို့သာ ဆောင်နေပေသည်။ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ဝါးတဲ ကျောင်းကလေး တည်နေရာမှာ တောင်၏ အရှေ့မြောက်ဘက် ထောင့်တောင်ခြေ တွင် တည်ရှိသော ဘိုးရာဇာကုန်းတွင် ဖြစ်သည်။ တောင်ပေါ်သို့ကား တက်ရန်မှာ မလွယ်ကူပေ။ ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့်အပြင် မြွေဆိုး၊ မြွေဟောက်ကြီးများ၊ ငန်းမြွေကြီးများကလည်း မင်းမူလျက် ရှိကြသည်ဟု ဆို၏။

**ရာကျော်ဆရာတော်ဘုရား၏ မိန့်ခွန်းတော်**

ထိုစဉ်က ခေတ်ပန္နက်တိုင်များ စိုက်ထူပြီးသည်နှင့် အောက်ပါ နိမိတ်ကြား အောင်သြဘာ စကားတော်များကို ဆရာတော်ကြီးမိန့်ကြားတော်မူသည်။ ငါ၏ သားတပည့်များတို့၊ လွန်စွာအရေးကြီးတဲ့ သာသနာ့နိမိတ်သြဘာစကား ငါမိန့်ကြား မည်။ အားလုံးသေချာစွာ နာခံမှတ်သားထား ကြလော့။ ဒီနေရာ ဒီဒေသ ဒီမင်းဓမ္မ တောင်ကို ဗဟိုပြုလျက် နိုင်ငံတော်အဝန်းမှာ လမ်းကြီး လမ်းငယ်အသွယ်သွယ်၊ တံတားကြီး၊ တံတားငယ်အထပ်ထပ်၊ တိုက်တာကြီးတွေတရစပ်၊ အလစ်အဟာ မရှိရအောင် နောင်မှာ သံခမောက်ဆောင်းတွေတည်ကြလုပ်ကြလိမ့်မယ်။ ဆင်မ ဝမ်းခေါင်းဗိုလ်ခြေအောင်းလိမ့်ဆိုတဲ့ကိန်း တစ်ပြန်ဆိုက်လိမ့်မည်။ အလောင်းမင်း

တရားကြီး သိမ်းပိုက်စဉ်က ရန်တကာကုန်လို့ ရန်ကုန်လို့ သမုတ်တော်မူပြီး မြို့ကြီး အစ တည်ခဲ့တယ်။ နောင်တစ်ကြိမ်မှာလဲ ရန်တကာတွေကုန်လို့ ရန်ကုန်မှာ ဗိုလ်ခြေ အောင်းပြီး မြို့ကြီးပြကြီး တည်လိမ့်မယ်။ရန်ကုန်မှာ ဗိုလ်ခြေအောင်းပြီး ရွှေတိဂုံ ဟံသာကျေးအနှံ့နဲ့ မြန်မာပြည် ရန်တကာကြေတဲ့ အောင်ဘုရားတွေတည်၊ ကျောင်းတွေဆောက်၊ လမ်းတွေဖောက်ပြီးတဲ့နောက်၊ ဒီမင်းဓမ္မတောင်ပေါ်မှာ အောင်ထူးဆန်းဘုရားကြီး တည်လိမ့်မယ်။ ဘုရားကြီးတွေ၊ ကျောင်းကြီးတွေ၊ လမ်းကြီးတွေ၊ တံတားကြီးတွေ၊ တိုက်ကြီးတွေ၊ တာကြီးတွေ၊ အောင်ထူးဆန်း တည်ကြလိမ့်မယ်။ ဒီမင်းဓမ္မတောင်ဟာ ရှေးသမိုင်းဝင် သာသနာဝင်အောင် ထူးဆန်း တောင်ထူးတောင်မြတ်၊ တောင်ကလပ်၊ ဒုတိယသိင်္ဂုတ္တရတောင် ဖြစ် တယ်။ တော(၉)တော၊ ကုန်း(၉)ကုန်း၊ အင်း(၉) အင်းအစုံအညီနဲ့ ထူးခြားတဲ့ အောင်ထူးဆန်းနေရာထူး၊ နေရာမြတ်ဖြစ်လို့အနာဂတ် သာသနာအတွက် သာသနာ့ မာတ်ပန္နက်အခုလို စိုက်ထူရတာဖြစ်တယ် ဟူ၍ စာရေးဆရာကြီး ဟံသာဝတီ-ဦးအုန်းကြိုင်သည် မိမိ၏ ရာကျော်ဆရာတော်ကြီး အောင်ထူးဆန်း သာသနာ့မာတ်ပန္နက် စိုက်ထူခဲ့ရာ မင်းဓမ္မတောင်တော်မြတ်နှင့် အောင်ထူးဆန်း ဂါထာတော်ကြီး အမည်ရှိသော စာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၁၇၄)၊ ၂၀၀၁ ခု၊ ဇန်နဝါရီလ၊ စာ-၂၁ တွင် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**အဟိန်းဂါထာကြီး**

အောင်ထူးဆန်းဂါထာတော်ကြီးကို အဖွင့်၊ အစ၊ အခံဂါထာအဖြစ် သုံးတော်မူသည်။ ပြုဖွယ်ရာရာ သာသနာလုပ်ဆောင်ချက်အရပ်ရပ်အောင်မြင်ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ်မှာကား အောင်ထူးဆန်းအဟိန်းဂါထာတော်ကို ဆရာတော် ကြီးကိုယ်တော်တိုင် ရွတ်ဆိုသရဇ္ဈာယ်တော်မူသည်။

အောင်ထူးဆန်းအဟိန်းဂါထာတော်ကြီး-အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊ ထင်ကျော် သောင်း၊ ဆောင်းထီးဖြူ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ပေါ်ထင်ရှား၊ ပွားဘောဂ၊ လသာများ၊ မရှားလို၊ လူဗိုလ်ချစ်၊ အပြစ်ကင်း၊ ပြည့်တင်းထွား၊ နေမင်းလမင်းသား၊ သိကြားလာ၍မစေသော်၊ နေမင်းလမင်း ငါ့ခံတွင်းသို့ယခုချက်ချင်း ဝင်စေသော် ဟု ဆရာတော်ကြီး ရွတ်လေ့ ရွတ်ထရှိ၏။

ခရစ် ၁၈၃၀ သက္ကရာဇ် ၁၁၉၂ ခုနှစ်၊ ကဆုန်လဆန်း ၅ - ရက် တနင်္လာနေ့တွင် သွက်သွက် ခါအောင် တအားလှုပ်ချလိုက်သော ပဲခူးမြေလျှင်ကြီးကြောင့် သာလွန်မင်း တရားကြီး တင်လှူခဲ့သော မဟာစေတီ၏ ထီးတော်ကြီးသည် ရင်ပြင်ပေါ်သို့

ပြုတ်ကျခဲ့လေသည်။ ထို့နောက်တစ်ဖန် သက္ကရာဇ် ၁၂၅၀-ခုသီတင်းကျွတ် လဆန်း (၄) ရက် ဗုဒ္ဓဟူးနေ့အဝင် နံနက်စက်နာရီ ၂-ချက်တီးခန့် လှုပ်ပြန်သော မြေငလျင်ကြောင့် (နားကင်း၏ နောက်မြင်းပါပျောက်) ဆိုသကဲ့သို့ မြင်ရသည့် အတိုင်း ထူပါလုံးကြီးပါ ပြုတ်ကျသွားခဲ့ရပြန်သောပုံဖြစ်သည်။

ခရစ် ၁၉၃၉ ၂၁ ကျော် လုံးဝရပ်စဲထားရပြီး သက္ကရာဇ် (၁၃၀၁) ခုနှစ်၊ နယုန်လဆုတ် ၅ ရက်နေ့မှစ၍ အင်းစိန်မြို့ ကြို့ကုန်းရာကျော်ဆရာတော်ကြီး (အရှင်သဒ္ဓမ္မဒေဝ ကိတ္တိ) နှင့် တပည့် ကမ္ဘောဇဆရာတော် (အရှင်သာသန)တို့ ကြွလာခွင့်တောင်း စီစဉ်ကြသည်။ သက္ကရာဇ် (၁၃၀၁) ခုနှစ်၊ ပြာသိုလဆုတ် (၁) ရက်နေ့မှစ၍ စေတီငုတ်တိုခေါင်းလောင်းပုံထိပ်တွင် (၁၂) တောင်မြင့် စေတီကိုတည်ပြီး ဂျပန် ခေတ်စစ်အတွင်း ရပ်နားကာ ဂျပန်မပြေးမီ (၁၃၀၆) ခုနှစ်ဦးတွင်မှ မူလစေတီ (၁၂) တောင်ကို (၁၈) တောင်အထိ မြှင့်တင်လျက် အရံစေတီ (၃၇) ဆူကို ဆက်လက် တည်တော်မူခဲ့သည်။

ခရစ် ၁၉၅၄ တပ်ဦးကျောင်း တိုက်စံကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် (၁၃၁၆) ခုနှစ် (ခရစ် ၁၉၅၄ ခုနှစ်) တပို့တွဲလပြည့်ကျော် (၉) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီ (၁၈) မိနစ်အချိန်တွင် ရာကျော်ဆရာတော်ကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိသည် မဟာ ပထမံစခန်း မြန်းကြွတော်မူခြင်းအားဖြင့် ပျံလွန်တော်မူလေသည်။

ကျမ်းကိုး။ (၁) အောင်ဇ (LL.B) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၃ ခု၊ ဧပြီလ၊ စာ ၂၆၈၊ ၂၆၉။ ကျမ်းကိုး။ (၂) အောင်ဇ (LL.B)၊ ရာကျော် ဆရာတော် သဒ္ဓမ္မဒေဝကိတ္တိ၏ မူလပထမ ကျောင်းတော်ရာ၊ နက္ခတ္တ ရောင်ခြည် မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၀ ခု၊ အမှတ်-၁၇၂၊ စာ-၄၅၊ ၄၆၊ ၄၇။ ကျမ်းကိုး။ (၃) ဒီလှိုင်း(သပိတ်ကျင်း)၊ ဣန္ဒာသယလွယ်အိတ်နှင့် ရာကျော်ဆရာတော်၏ သပိတ်ကျင်းအောင်မြေနှင့် ကိုယ်တွေ့ဖြစ်ရပ် ဆန်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၀၃ ခု၊ စက်တင်ဘာလ၊ စာ-၁၅၃ ကျမ်းကိုး၊ (၄) အရှင်ဇောတိပါလ ပြုစုရေးသားပူဇော်အပ်သောဆင်ဖြူများ ရှင် ဘုရင့်နောင်မင်းတရားကြီးတည်ခဲ့သော ဗုဒ္ဓစွယ်တော်စစ်မြတ် ကိန်းဝပ်တော်မူရာပဲခူးမြို့ကောင်းမှုတော် မဟာစေတီတော်သမိုင်းသစ် ၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ပထမအကြိမ် ၃၀၀၀ ၁၃၊ ဇူလိုင်၊ ၁၉၇၈၊ စာ-၅၃

# ငါးမည်ရ ငါးဘွဲ့ခံ ရက်ကန်းစင်တောင်ဆရာတော် ဘိုးဩဘာသ (၁၈၄၀ – ၁၉၇၀)

### ရက်ကန်းစင်တောင်

ခရစ် ၁၉၆၇ မန္တလေးမှ မတ္တရာအထိ မိုင် (၂၀) ကျော်ဝေးသည်။ မတ္တရာမှ ရက်ကန်းစင်တောင် တောင်ခြေအထိ မိုင်၂၀ လောက် ထပ်၍ဝေးသည်။ ရွာကလေးမှာ အိမ်ခြေ ငါးဆယ်လောက်ပဲရှိသည်။ ၁၃၂၉ ခုနှစ်လောက်က တောကြီးဖြစ်ပြီးလျှင် တောင်ခြေရွာကလေးမှာ အိမ်ကလေးတစ်လုံး၊ နှစ်လုံးပဲ ရှိသည်ဟု သိရပါသည်။

### မြေပုံကန် ဇာတိ


ခရစ် ၁၈၄၀ ဆရာတော်ဘုရားကြီးသည် ၁၂၀၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ခမည်းတော်မှာ ဘိုးရာကျော် ဖြစ်၏။ မယ်တော်မှာ ဒေါ်ငွေနှင်း ဖြစ်၏။ ဆရာတော်ကြီးတွင် မွေးချင်းနှစ်ယောက်ရှိ၏။ ဆရာတော်ကြီး ငယ်မည်က မောင်ကွန်းဖြစ်၏။ ဆရာတော်ကြီးအောက်က နှမငယ်မှာ မလှဝင်းဟူ၍ အမည်ရှိ၏။ ဆရာတော်ကြီးသည် မတ္တရာ မြို့နယ်၊ မြေပုံကန်မြောက်ရွာဇာတိ ဖြစ်ကြောင်း အသေအချာ သိရှိရပါသည်။

### ကျင့်စဉ်အောင်သောနေ့


ခရစ် ၁၈၉၆ ဆရာတော်ကြီးသည် ၁၂၅၈ ခုတွင် ရက်ကန်းစင်တောင်မှာပဲ ကျင့်စဉ် စရဏကိစ္စကို ပြီးမြောက်ခဲ့ကြောင်း၊ တပေါင်းလဆန်း ၈ ရက်၊ ညနေ (၅)နာရီမှာ ကျင့်စဉ်အောင်မြင်ခဲ့ကြောင်းကို ကျောက်စာတွင် အတိအလင်းရေးထိုးထားကြောင်း တွေ့ရှိရပါသည်။

### ကိုရင်ကြီးဘဝ

ရက်ကန်းစင်တောင်ဆရာတော်ကြီးဦးဩဘာသသည် ကိုရင်ကြီးဘဝဖြင့် မြေပုံကန် ရွာမှာ အတော်ကြာကြာနေသွားကြောင်း သိရှိရပါသည်။ စိတ္တသုခကျောင်း ကျောင်းနေရာတွင်ရှိသော ဇရပ်မှာ ဆရာတော်ကြီးနေသွားခဲ့ကြောင်း သိရှိရပါသည်။

















(၂၀၀၄ ဇူလိုင်) မြစ်ဆုံသို့ လာရောက်သူများ ရိုက်ကူးခဲ့သောပုံ



ချင်းမြို့ ရှိ နိုင်ငံခြားသားများ ရိုက်ကူးခဲ့သောပုံ

**ဆရာတော်ကြီး အသုံးအဆောင်များ**

ဆရာတော်ကြီး၊ ကိုရင်ကြီးဘဝက သုံးစွဲခဲ့သော ဟင်္သာရုပ် တစ်ပိဿာ အလေး တစ်လုံးနဲ့ ယွန်းဗျပ်လင်ပန်းတစ်ချပ်ကို ယခုထက်တိုင် တွေ့နိုင်ပါသေး ကြောင်း သိရှိရပါသည်။

**ငယ်မည် မောင်ကွန်း**

ပထမရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသသည် အသက် ၁၄ နှစ်တွင် ရှင်သာမဏေဖြစ်ခဲ့၏။ ရှမ်းမြောင်ရိုး ဆရာတော်ထံတွင် လောကီ၊ လောကုတ္တရာ ပညာများ သင်ယူခဲ့၏။ လောကီပညာရပ်ဆိုင်ရာအကျင့် စခန်းများတွင် ပေါက်မြောက်ထူးချွန်ခဲ့၏။

ခရစ် ၁၈၉၄ ၁၂၅၆ ခုနှစ်တွင် ဘုတလင်မြို့ တောင်ကလပ်ဆရာတော် ဦးရာဇိန္ဒ၏ ဥပဇ္ဈယ်ဖြင့် မြင့်မြတ်သောရဟန်း ဖြစ်ခဲ့၏။ ဘွဲ့မှာ ဦးဩဘာသဖြစ်၏။

ခရစ် ၁၈၉၆ ၁၂၅၈ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် ညနေ (၅)နာရီ အချိန်၌ အလောင်းစည်သူ မင်းကြီးတည်ထားခဲ့သော ဆုတောင်းပြည့်စေတီတော် ၏ အရှေ့တောင်ဘက် မနီးမဝေးရှိ မဟာသီလာ မြကျောက်ဖျာကြီးပေါ်တွင် ပေါက်မြောက် အောင်မြင်ခဲ့ ကြောင်း သိရှိရပါသည်။ ရက်ကန်းစင်တောင် ဆရာတော်ကြီးနှင့် ဆက်နွယ် ဆက်စပ်နေသော ရက်ကန်းစင်လေးစင် ရှိသည်ဟု ဆိုပါသည်။ ၎င်းတို့မှာ - (၁) မတ္တရာ ရက်ကန်းစင်၊ (၂) ဘိုကလေးရက်ကန်းစင်၊ (၃) စမရက်ကန်းစင်၊ (၄) ပုပ္ပားရက်ကန်းစင် ဟူ၍ဖြစ်သည်။

**မဟာဂန္ဓာရီလမ်းညွှန်**

ရက်ကန်းစင်တောင်၏ အဓိကရ (၃) ဌာနဖြစ်သော ဆုတောင်း ပြည့်စေတီတော်၊ သိဒ္ဓိပေါက် ဓာတ်ကျောင်းနှင့် အောင်မြေကျောက်ဖျာတို့၏အနီး တစ်နေရာတွင် ရက်ကန်းစင်တောင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ကျောက်စာတိုင် စိုက်ထူထား ကြောင်း ယနေ့တိုင် လေ့လာတွေ့ရှိရပါသည်။

ထိုကျောက်စာ၌ မှတ်တမ်းပြုထားသော ထူးခြားမှုများကို ကောက်နုတ်တင်ပြပါ မည်။ မှတ်တမ်းတွင် -

အို သူတော်ကောင်းတို့ မဟာဂန္ဓာရီလမ်းမှန်ဆီသို့ ဆင့်ဆင့်တက်ရေး စည်းကမ်း ပေးမည်။ လေးနက်စွာသာလိုက်နာကြပါလော့။ (၁) ယုတ်မာညစ်ဆိုး မကောင်းမှု မျိုးကို တစ်ရံတစ်ဆစ်မျှ မပြုလုပ်ကြပါနှင့်။ (၂) ဓမ္မိယလဒ္ဓ စင်စွာရသည့် ပစ္စည်း

ကိုပင် မလိုချင်ဘဲရှောင်လွှဲကြဉ်ရန်။ (၃) အဖော်မညှိ တစ်ကိုယ်တည်းသာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေရန်။ (၄) ဆရာမိဘ အလိုကျဖြင့် မိတ္တကလျာစည်းရုံးရာသည်။ (၅) ကမ္မဋ္ဌာန်းအာရုံတကယ်ထုံအောင် နေ့စဉ်ပွားများအားထုတ်ပါ။ (၆) ရပြီးကမ္မဋ္ဌာန်း ထို့ထက်ဆန်းအောင် ထပ်ထပ်ခါခါ ရှုမှတ်ပါလော့။ (၇) ဖြူစင် သီလမြတ်ဓမ္မကို နေ့ညမကွာစောင့် စည်းပါလေ။ (၈) ပညာရှိကိုချစ်ခင်မြတ်နိုး ရိုကျိုးပါ။ (၉) နိဗ္ဗာန်သည်သာ အားထားရာဟု ဘာဝနာလမ်းမြတ် ကမ္မဋ္ဌာန်းကို ကြိုးစားကာဖြင့်နေပါ။ (၁၀) ဆရာ့ဆရာ သူတော်စွာတို့ ပြုပြုသမျှ ပတ္တိဒါန ကုသလကိုခံစားလိုမှုတောင်းဆုယူပါ။ ဤသို့သာလျှင် စည်းမျဉ်း(၁၀) ချက်မပျက်စေအောင်ကျင့်ကြံဆောင်က ဝိဇ္ဇာဓိုရ်ခေါ်ငြား သင်သူတော်ကောင်းတို့ မဟာဂန္ဓာရီ လမ်းမြတ်ဆီသို့ ရောက်မည်မလွဲ ဧကန်ပဲဟု လေးနက်သာလှ မြတ်ဩဝါဒကို အရေးတယူပေးတော်မူကာဟူ၍မှတ်တမ်းတင်ထားကြောင်း သိရှိရပါသည်။

**မိုးတားရောက် ရက်ကန်းစင်တောင် ဆရာတော်**

ခရစ် ၁၉၂၂ ရက်ကန်းစင်တောင်ဆရာတော်ကို မိုးတားမြို့သူမြို့သားတို့က ဘိုးဩဘာဟူ၍ပြောဆိုကြပါသည်။ ရက်ကန်းစင်တောင် ဘိုးဩဘာအကြောင်းကို ပြန်လည်ပြောကြားသူမှာ မိုးတားဆရာဦးထွန်းရှိန် ဖြစ်၏။ ရှေးအခါက မိုးတားဦးထွန်းရှိန်သည် လွစ္စလမ်းမှာ နေခဲ့၏။ ထိုအခါ ဤစာပြုသူနှင့် တရင်းတနှီးရှိ၏။ ထိုမိုးတားဦးထွန်းရှိန်၏ အတိအကျ ပြောပြချက်အရ အောက်ပါမှတ်တမ်းကို ရရှိပါသည်။ ၁၂၈၄-၈၅ မှာ မိုးတားမြို့ကို ဘိုးဩဘာသ ရောက်လာကြောင်း ဦးထွန်းရှိန်က ပြောကြားခဲ့ပါသည်။

**လူ့ဝတ်နဲ့ (၃) နှစ် နေခဲ့**

မိုးတားမြို့ရဲ့အနောက်၊ မြေနုရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၊ ဧရာဝတီမြစ်ကမ်းပါးထိပ်၊ ကုန်းမြင့်ပေါ်ကသူ့ တဲကလေးမှာနေပြီး ဓာတ်စခန်းဖွင့်တာ (၃)နှစ်ခန့်ကြာသွားပါတယ်။ လူ့ဝတ်ဖြင့် နေသွားပါတယ်။ ရဟန်းဝတ်နဲ့မဟုတ်ကြောင်း ဦးထွန်းရှိန်က ပြောကြားခဲ့ပါသည်။ ဦးထွန်းရှိန်၏ ပြောကြားချက်အရ အထူးအဆန်း ကြားရပါသေးသည်။

**ဦးသက်ရှည်ကို သိဒ္ဓိပေးသော နည်း**

အန္တေဝါသိက တပည့်အဖြစ်မြေနုရွာသားဦးသက်ရှည်ကို လဲလျောင်းစေပြီးမှ သူ့ဆေးကြိမ်လုံးနဲ့တအား ဖိရိုက်တော့တာပဲတဲ့။ ဦးသက်ရှည်ခမျာ နာလွန်းလို့ အော်ပါတယ်။ ဘယ်လိုပဲအော်အော်ရိုက်မြဲတိုင်းဆက်ရိုက်တာ အမယ်လေး အလိုလေးနဲ့ပက်လက်မှောက်ခုံလှိမ့်ခံရတယ်။ တစ်ကိုယ်လုံးမှာလဲ ကြိမ်ရာအရှိုးထင်ကုန်တာ

ပေါ့။ ဒါပေမယ့်ဘိုးသြဘာကို ဘယ်သူမှ မတားဝံ့ဘူး။ ကြိမ်ကိုမရိုက်ဘဲ ရပ်လိုက်တာနဲ့တစ်ပြိုင်နက် ဦးသက်ရှည်မှာ လုံးဝမနာတော့ဘဲ အရှိုးတွေလဲပျောက်သွားတယ်ဟူ၍ မိုးတားဦးထွန်းရှိန်က ပြောကြားခဲ့ပါသည်။

**ဘိုးသြဘာထံမှ ပညာအမွေရခဲ့သော ဖိုးခွေး**

မြေနုရွာသား ဖိုးခွေးဟာ ဘိုးသြဘာရဲ့ ဝေယျာဝစ္စတွေကို အနီးကပ်လာလုပ်ပေးလေ့ရှိတဲ့ ဆင်းရဲသားတပည့် တစ်ယောက်ပါ။ ဘိုးသြဘာဟာ မြေနုရွာမှာ သူကျင့်ကြံအားထုတ်တဲ့ အဓိဋ္ဌာန်(၃)နှစ်ပြည့်လို့ ဓာတ်စခန်းသိမ်းပြီး၊ မိုးတားကထွက်တော့မယ့်အချိန်မှာ ဖိုးခွေးကိုအခေါ်လွှတ်တယ်။ ဖိုးခွေးရောက်လာတော့ဘိုးသြဘာက ငါ့တပည့်နဲ့တန်တဲ့ ထမင်းစားပညာပေးခဲ့မယ်။ မင်းလက်ဖဝါးမှာဆားသွားထည့်ခဲ့လို့ ခိုင်းပါတယ်။ ဖိုးခွေးဟာ ခိုင်းတဲ့အတိုင်း သူ့လက်ဖဝါးထဲမှာဆားပုံပြီးလာပြပါတယ်။ ဘိုးသြဘာက ဖိုးခွေးကို ဒူးတုပ်ထိုင်ခိုင်းတယ်။ ပြီးတော့ဖိုးခွေးရဲ့လက်ကို သူ့လက်နဲ့အုပ်ပြီး ငါ့ဆရာအမိန့်အာဏာထား ပြီးအပ်ခဲ့သည်။ဖိုးခွေးဟာ ဆားပုံတဲ့လက်နဲ့ ဘယ်ကျွဲရိုင်းကိုပြပြ၊ ကျွဲရိုင်းဟာ ချက်ချင်းယဉ်သွားရမယ်။ ဖိုးခွေးဆီလာပြီး လက်ထဲက ဆားကို လာစားစေ။ ဒီအခါမှာ ဖိုးခွေးဟာနဖားကြိုး ထိုးပြီးဖမ်းခေါ်တာကို လိုက်သွားစေလို့ အမိန့်တော်ပြန်တယ်။ ဘိုးသြဘာက ဖိုးခွေး ဒီနည်းနဲ့ ရိုင်းလို့ ဖမ်းမရတဲ့ ကျွဲရိုင်းတွေကိုဖမ်း၊ သူ့သခင်ဆီ သွားအပ်ပေး၊ ကျွဲရှင်ကပေးတဲ့ သဒ္ဓါကြေးကိုယူ။ ထမင်းတော့ ဝမှာပေါ့ ငါ့တပည့်ရာလို့မှာကြားသွားပါတယ်။ မှာတဲ့အတိုင်း ဖိုးခွေးဟာလိုက်နာပါတယ်။ ထမင်းစား ပညာက သူ့တစ်သက်ထမင်းကျွေးပါတယ်ဟူ၍ မိုးတားဦးထွန်းရှိန်က မိမိ၏ မျက်မြင်ကိုယ်တွေ့ကိစ္စကို ပြန်လည်မှတ်တမ်းတင် ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့တစ်ဆင့်သိရှိရခြင်း ဖြစ်ပါသည်။ များစွာကျေးဇူးတင်စရာ ဖြစ်ပါသည်။ ရက်ကန်းစင်တောင် ဘိုးသြဘာသသည် တပည့်များကို မည်သို့မည်ပုံ မစစောင့်ရှောက်သည်ဟူသော အဖြေကို ရှာလျှင် အဖြေကောင်းတစ်ခု ရှိပါသည်။ ဝိဇ္ဇာမ,မည်ဟူသော စကားအတိုင်း အလွယ်တကူမ,သည် မဟုတ်ကြောင်းသက်သေအဖြစ် အောက်ပါဖြစ်ရပ်မှန်ကို ဖတ်ရှုနိုင်ပါသည်။ ထိုဖြစ်ရပ်မှန်ကို ပထမကျော် ဦးစိန်ခန့် ထုတ်ဝေသော ပထမံတရားမဂ္ဂဇင်းတွင် ဖတ်ရှုနိုင်ပါသည်။ ထိုတရားမဂ္ဂဇင်းမှာ ရှားပါးလှသဖြင့် ဤစာပြုသူက ထပ်ဆင့်ဖောက်သည်ချ၍ပြန်လည်ကုသိုလ်ယူမည် ဖြစ်ပါသည်။ အောက်တွင် ဖတ်ရှုကြည့်ပါ။

**ပြည်မြို့က ပုံပြင်ဆန်ဆန် ဖြစ်ရပ်မှန်**

ဆရာကြီးတို့၏ အစောင်အမကို ခံယူလိုကြသော ပုဂ္ဂိုလ်များအတွက် အချက်ကျ

ဝေဖန်နိုင်ကြရန် သိလိုသောစေတနာဖြင့် ဖော်ပြရပေသတည်းဟူသော ဝတ္ထု ဆန်ဆန် မှတ်တမ်းတစ်ခု တွေ့ရှိရရာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပြည်မြို့တွင် ၃-နှစ်ပတ်လုံးပြည်ဆံတော်ဘုရားအနီးရင်ခွဲဇရပ်ကြီး၌ ပါရမီရှင်များ အတွက် အရှုးယောင်ဟန်ဆောင်၍ သီတင်းသုံးနေထိုင်တော်မူလေသည်။ ဆရာ တော်ဘုရားကြီး၏ လုပ်ငန်းစဉ်မှာ နေ့စဉ်မပြတ် နိစ္စပါတ်ထား၍ ပြည် ဆံတော် စေတီတော်ကြီး၏ မြောက်ဘက် စောင်းတန်းဦးရှိ ခြင်္သေ့ကြီးအောက်တွင် သီတင်း သုံးနေထိုင်၍ နှုတ်တော်က ပြောချင်ရာရာမည် တွန်တောက်တီးပြောဆို၍ နေလေ သည်။ ဘုရားဖူးကြွလာကြသော ပုဂ္ဂိုလ်တို့တွင် အချို့ကလည်း အရူးကြီး ထင်မှတ် ၍ အရေးမယူကြဘဲသွားကြသည်။ အချို့ကလည်း ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ရှိခိုးသွားကြသည်။ ဆွမ်းစားသောအခါ ရင်ခွဲဇရပ်ကြီးမှာပင် ဆရာ တော်ကလေးတစ်ပါးက ဆွမ်းခံ၍ အမြဲဆွမ်းကပ်လေသည်။ ၎င်းဆရာတော် ကလေးကား၊ ယခုအခါတွင် ထွက်ရပ်လမ်းသို့ ဆရာတော်ဘုရားကြီး၏ စောင်မ ချက်ကြောင့် ထွက်မြောက်နိုင်လေပြီ။ ၎င်းပြင်ပြည်မြို့မှလည်း ပန်းထိမ်ဆရာတစ်ဦး သည် ဆရာတော်ကလေး၏ အမိန့်ရှိချက်ကြောင့် ညနေခင်းတွင် ဆရာတော် ဘုရားကြီးထံအမြဲ လာရောက်၍ ပန်း၊ ရေချမ်း၊ ဖယောင်းတိုင်တို့ကို လှူဒါန်းပြီးလျှင် အဆုံးအမကို ခံယူလေသည်။ သို့ရာတွင် ပန်းထိမ်ဆရာ၏ ရည်ရွယ်ချက်မှာကား၊ ချမ်းသာလိုသော စေတနာရှေးရှု၍ အစောင်မကို ခံလိုသောကြောင့် ဆရာတော် ဘုရားကြီးထံ နေ့စဉ်နေ့တိုင်းလာ၍ ရှိခိုးပူဇော်ခြင်းပြုလေသည်။ တစ်ခါတရံ ပန်းထိမ် ဆရာက ဆရာတော်ဘုရားကြီးအား လျှောက်ကြားသည်မှာ တပည့်တော် ချမ်းသာ ချင်ပါသည်ဘုရား။ သားကလေးကိုလည်း အကြီးအကျယ် ရှင်ပြုချင်ပါ သည် ဘုရား၊ စောင်မတော်မူပါဟု လျှောက်ကြားလေသည်။ ထိုအခါ ဆရာတော် ဘုရားကြီးကမူ မကြားချင်ယောင်ဆောင်၍ နှုတ်တော်က ဗုဒ္ဓေါ-ဗုဒ္ဓေါဟုဆိုနေ လေသည်။ ပန်းထိမ် ဆရာလည်း ဆရာတော်ကလေး၏ ညွှန်ကြားချက်ကို ယုံကြည်ပြီးလျှင် နေ့စဉ် နေ့တိုင်း စိတ်မပျက်ဘဲ ဆရာတော်ကြီးထံ အမြဲလာရောက် ဆည်းကပ်နေသည်မှာ ၃-နှစ်နီးပါးခန့် ကြာလေ၏။ တစ်နေ့သောအခါ ဆရာတော် ကြီးသည် အဓိဋ္ဌာန် နှစ်စေ့မြောက်သဖြင့် ပြည်မြို့မှ တစ်ဖန် သထုံမြို့သို့ကြွရန် ခတ်စခန်း၊ ခတ်လမ်းတို့ ကို စီစဉ်ပြန်လေသည်။ ဝိဇ္ဇာဓိုရ်ဆရာများ၏ ထုံးတမ်း စဉ်လာ ဓမ္မတာသည် ဝတ်-နိပါတ်နှင့်ပြည့်စုံသော တပည့်တို့အားကြံဆောင်၍ ချီးမြှောက်မြဲဖြစ်သည့်အားလျော်စွာ ပန်းထိမ်ဆရာသည်လည်း ဆရာတော် ဘုရားကြီးအား ၃-နှစ်တိုင်တိုင်ကြည်ညို ဆည်းကပ်ဝတ်တွားခိုလှုံအထူးယုံကြည် အားကိုးချက်ရှိသောကြောင့် စောင်မ စောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ဆရာတော်

ဘုရားကြီးသည် ဓနသိဒ္ဓိ (ခေါ်) ရွှေငွေရတနာတို့ကို စီမံပြုလုပ်ပေးချင်သော်လည်း သာသနာတော်၏ အကျိုးစီးပွား နှင့်မယှဉ်သောကြောင့်လည်းကောင်း၊ ပြုလုပ်ပေးရန်အချိန်ကာလ မဟုတ်သောကြောင့် လည်းကောင်း၊ ဓနသိဒ္ဓိလမ်းကို အထူးဆောင်ရွက်မပေးတော့ဘဲ ပန်းထိမ်ဆရာ၏ အရောင်းအဝယ် ဖွံ့ဖြိုးရေးကိုသာ ရှေးရှု၍ စောင်မပေးရန် အာရုံပြုပြီးလျှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မိမိ၏ခြေထောက်ကို ခြုဆွဲပြီးသော် ပြည်ဆံတော်စေတီတော်ကြီး၏ မြောက်ဘက်ဇောင်းတန်းခြေသို့ဦးတွင် သက်နီးဝတ်ရုံတော်ကိုခင်းကျင်း၍ အရှေ့ယောင်ဆောင်ပြီးလျှင် အပင်ပန်းခံတော်မူ၍ ကပြယောင်ပြုလေသည်။ ထိုအခါ ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့က ဘုန်းကြီး အရူးကြီး ကပြ၍ ပိုက်ဆံတောင်းကြောင်း သိကြသဖြင့် ဝိုင်းဝန်း၍ တစ်ပြား နှစ်ပြား စသည်ဖြင့် ခင်းကျင်းထားသော သက်နီးပေါ်တွင် ပစ်ကြလေသည်။ တစ်နာရီ ကျော်ကျော်ရှိသောအခါ မိမိသက်နီးပေါ်သို့ ပစ်လှူကြသော ပိုက်ဆံတို့ကို ကောက်ယူ၍ သီတင်းသုံးရာ ရင်ခွဲဇရပ်သို့ ပြန်လေသည်။ ပန်းထိမ်ဆရာလည်း ရင်ခွဲဇရပ်သို့ရောက်နှင့်ပြီးဖြစ်သောကြောင့် ဆရာတော်ကြီးနှင့်တွေ့လေရာ ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီးက 'ရော့ ငါ့တပည့် ငါဖြင့်မောလိုက်တာ ဟောဒီငွေကို တပည့် ယူတော့ မင်း ချမ်းသာပါလိမ့်မည်ဟု အမိန့်ရှိလေ၏။ ထိုအခါ ပန်းထိမ်ဆရာသည် ဆရာတော်ဘုရားကြီး ချီးမြှောက်သောငွေကို ကောက်ယူ၍ ရေတွက်ကြည့်ရာ (၇) ကျပ် (၈) ပဲရှိလေ၏။ အိမ်သို့ရောက်သောအခါ ဆွမ်းခံကြွရာသောဆရာတော် ကလေးနှင့်တွေ့၍ ဆရာတော်ဘုရားကြီးထံက ငွေ (၇) ကျပ် (၈) ပဲရခဲ့ကြောင်း လျှောက်ထားရာ ဆွမ်းခံဆရာတော်ကလေးက ဒါယကာကြီး ချမ်းသာပြီ၊ ၎င်းငွေကို ဣစ္ဆာသယငွေခေါ်နိုင်သည်။ ဒါယကာကြီး ကောင်းမွန်စွာ သိမ်းဆည်းထား။ မသုံးနှင့်ဟု အမိန့်ရှိသောကြောင့် ထိုငွေကို ရွှေထည့်သော သေတ္တာတွင်ထားလေ၏။

ဆရာတော်ဘုရားကြီးလည်း နောက်များမကြာမီ ခြေသို့ဦးတွင် ပျံလွန်တော်မူလေသည်။ထိုအခါ ပန်းထိမ်ဆရာမှာ အရောက်နောက်ကျနေသောကြောင့် မမီလိုက်ရဘဲ ဘုရားလူကြီးများက လူငှား၍ သုသာန်သို့ မြှုပ်နှံလိုက်ရကြောင်းကို အများပြောပြသဖြင့် သိရှိရလေသည်။

ပန်းထိမ်ဆရာလည်း ဆရာတော်ဘုရားကြီးကိုမတွေ့ရသဖြင့် ဝမ်းနည်းကြေကွဲနေရာ တစ်နေ့သောအခါ ည (၁၀) နာရီလောက်တွင် နေအိမ်သို့ကြွလာ၍ ဟေ့ကောင်၊ ငါ့ကို မင်းသိသလားဟု မေးလိုက်ရာ ပန်းထိမ်ဆရာသည် ဆရာတော်ဘုရားကြီးမှန်းသိသဖြင့် ခြေထောက်ကိုဖက်၍ ငိုကြွေးရာ ငါသထုံသွားဦးမည်ဆို၍ကြွသွားလေ

သည်။ ပန်းထိမ်ဆရာလည်း မိမိနှင့်ထိုက်တန်၍ရလိုက်သောငွေ (၇) ကျပ် (၈) ပဲ ကိုမသုံးစွဲဘဲ ကောင်းမွန်စွာသိမ်းဆည်းထားလေသည်။ ၎င်းငွေ (၇) ကျပ် (၈) ပဲကို အကြောင်းခံ၍ ရောင်းရေးဝယ်ရေးပွင့်လင်းပြီးလျှင် မကြာမီရွှေဆိုင်ကြီး ဖြစ်လာပြီးလျှင် ဘာဘူလူမျိုးများနှင့် အရောင်းအဝယ်အဆက်အသွယ်ဖြစ်ပြီးလျှင် ကြီးပွားချမ်းသာလေသည်ဟု ဆိုပါသည်။

ပြည်မြို့မှာပင် ၎င်းပန်းထိမ်ဆရာသည် တိုက်အိမ်နှင့်နေထိုင်၍ သားသမီးများလည်း ရွှေရောင်းရွှေဝယ်နှင့်ပင် သက်မွေးဝမ်းကြောင်းပြုကြသည်မှာ အလွန်ထင်ရှားပါကြောင်း၊ အင်္ဂလိပ်ခေတ် မပျက်မီတွင် ပြည်မြို့တောရတစ်ခုမှာ ဆွမ်းခံသော ဆရာတော်ကလေးက ဘုရားတစ်ဆူတည်လေသည်။ ထိုဘုရားတွင် ၎င်းငွေ (၇) ကျပ် (၈) ပဲကို ဌာပနာပြုန်လေသည်ဟု တွေ့ရှိရပါသည်။

**သမထ ဝိဇ္ဇာလောက**

ရက်ကန်းစင်တောင်ဆရာတော်၏ တပည့်များ ဖြစ်ကြသော ဆရာချန်၊ ဆရာဆိုင်၊ ဆရာဦးရဲသူ၊ ဆရာလှိုင်တို့သည် သမထဝိဇ္ဇာလောကမှာ အောင်မြင်ပေါက်မြောက် အထူးပင် ခရီးရောက်ခဲ့သူများဖြစ်ကြကြောင်း၊ စာရေးဆရာမောင်သွေးချွန်က မှတ်တမ်းတင်ခဲ့ပါသည်။

**ဇီဝကကြီးကိုင် ဆေးဝိဇ္ဇာ ဆရာချန်**

၁။ ဆရာချန်ဆိုသူသည် ဇီဝကကြီးကိုင်ဆေးဝိဇ္ဇာအဖြစ် တာဝန်အပ်နှင်းခံရသူ ဖြစ်ကြောင်း သိရပါသည်။ ဆေးဝိဇ္ဇာဆရာချန်၏ သားသမီးများမှာ (၁) ဘိုးဆင်တန်၊ (၂) ဦးဘဂျမ်းနှင့် (၃) ဒေါ်ရွှေချည်တို့ဖြစ်ကြောင်း သိရပါသည်။ ဝက်ပေါင်ရွာတွင် နေထိုင်လျက်ရှိကြောင်းလည်း ထပ်မံသိရှိရပါသည်။

ဆရာချန်သည် လက်မှာအချုပ် ဟူသော သိဒ္ဓိရှင်ဖြစ်ကြောင်း သိရပါသည်။ တစ်နေ့မှာ ဆရာကြီး ဦးကွန်းဟာ တောင်ရှည်ပုဆိုးတစ်ထည် ယူလာပြီး ငါ့ဝတ်ဖို့ မင်းလက်နဲ့ ချုပ်ပေးပါလို့ ခိုင်းခဲ့ကြောင်း ထိုအခါ ဆရာချန်လည်း မညည်းမညူ ချုပ်ပေးခဲ့ကြောင်း၊ ထိုအခါ ဘိုးသြဘာက အမိန့်ရှိသည်မှာ လက်နဲ့ချုပ်ပြီး ငါ့တပည့်တွေထဲမှာ မင်းဟာ လက်မှာ အချုပ်ပဲဟု အမိန့်ရှိကြောင်း သိရှိရပါသည်။ ဤသို့ဖြင့် ဆရာချန်သည် သိဒ္ဓိရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိရှိရပါသည်။

**ထွက်ရပ်ပေါက် ဇောခိမဏ္ဍိုင် ဆရာဆိုင်**

အခြားသောထူးခြားသည့်တပည့်တစ်ဦးမှာ ဆရာဆိုင် (ဝါ) ဇောခိမဏ္ဍိုင်ဆရာဆိုင် ဆိုသူဖြစ်၏။ ဇောခိမဏ္ဍိုင်ဆရာဆိုင်ဟူ၍ ဖြစ်လာပုံမှာလည်း မှတ်သားဖွယ်ရာ

ဖြစ်၏။ ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း သီဟိုဠ်က ပင့်ဆောင်လာခဲ့သော ဗောဓိပင်ပေါက်ကလေးကို မန္တလေးမှာ ရှင်သန်အောင် ပြုစုပျိုးထောင်ခဲ့ကြောင်း။ ထိုဗောဓိညောင်ပင်ကို နေ့စဉ်ရေလောင်းခဲ့ရကြောင်း၊ ထိုဗောဓိပင်အနီးဝန်းကျင်မှာပင် ဆရာဆိုင် တရားကျင့်ခဲ့ရကြောင်း၊ စိုက်ထားသော ဗောဓိပင်ကလည်း တဖြည်းဖြည်း ကြီးလာကြောင်း၊ ထိုအခါ ဆရာဆိုင်သည် ဗောဓိပင်အနီးမှာ တဲထိုးပြီး တရားဆက်ကျင့်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းနောက် မိမိပေါက်မြောက် အောင်မြင်သောအခါ လူများကို တရားဓမ္မဟောပြသွန်သင်ခဲ့ကြောင်း၊ ဗောဓိပင်ကို အကြောင်းပြု၍ ဗောဓိမဏ္ဍိုင် ဆရာဆိုင်ဟု အမည်ကျော်ခဲ့ကြောင်း၊ ဆရာဆိုင်ကို ရက်ကန်းစင်တောင်ဆရာတော်ကြီးက တိုင်းပြုပြည်ပြုတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**ထွက်ရပ်ပေါက် ချင်းတိုင်းရင်းသား ဦးရဲသူ**

ရက်ကန်းစင်တောင် ဆရာတော် ဦးဩဘာသ၏ အခြားတပည့်တစ်ဦးမှာ ဆရာဦးရဲသူ ဆိုသူဖြစ်၏။ ဦးရဲသူသည် ရှားရှားပါးပါး ချင်းတိုင်းရင်းသားဖြစ်၏။ လူပုံက ခံ့ခံ့ညားညားရှိ၏။ စကားပြောရာမှာလည်း ပြတ်ပြတ်သားသားရှိ၏။
ဆရာဦးရဲသူသည် စစ်ကြိုခေတ်က ပျဉ်းမနားသွားပြီး ပထမံ သာသနာပြုလုပ်ငန်းစဉ် ချမှတ်ပေးခဲ့သူဖြစ်ပါသည်။ ဆရာဦးရဲသူ၏ တပည့်များမှာ ပျဉ်းမနားမှာရှိ၏။ ၎င်းတို့မှာ (၁) ဦးမာလာ၊ (၂) ဦးထွန်းဝ၊ (၃) ဦးထွန်းလှ၊ (၄) ဦးလှသီတို့ ဖြစ်ကြောင်း သိရပါသည်။

ဆရာဦးရဲသူသည် ထွက်ရပ်လမ်းမဝင်မီကာလမှာ ကျင့်ကြံအားထုတ်ပုံမှာလည်း ယခုတိုင် ပြောမဆုံးပေါင် မှတ်သားဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ဆရာဦးရဲသူသည် ရန်ကုန်-မန္တလေးမီးရထားလမ်းအတိုင်း ဆယ်နှစ်လုံးလုံး ခြေလျင်လျှောက်၍ ကြေးစည်ထုပြီး မေတ္တာပို့ခဲ့ရကြောင်း၊ အပင်ပန်းခံခဲ့ကြောင်း အလွန် ထူးခြားအံ့ဩဖွယ်ရာဖြစ်ကြောင်း သိရှိရပါသည်။

ရထားလမ်းတစ်လျှောက်တွင်လည်း သရဏဂုံတည်၍ သီလမြဲကြပါမျို့လို့ ဖျိုးဟစ်ပြီး ကြေးစည်တီးကာ ဆရာဦးရဲသူသည် ရန်ကုန်-မန္တလေးရထား လမ်းဆုံးအောင် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး သတိပေးခဲ့ကြောင်း။ကုသိုလ်ပြုခဲ့ကြောင်း၊ နှိုးဆော်ခဲ့ကြောင်း သိရှိရပါသည်။ ကိုလိုနီခေတ်တွင်လည်း အင်္ဂလိပ် လက်ထက်၊ ဂျပန်လက်ထက်များတွင် ကိုလိုနီအင်္ဂလိပ်ဂျပန်နယ်ချဲ့ အစိုးရများက ဦးရဲသူကို အရူးဟန်ဆောင်ထားသော သူလျှိုထင်ပြီးလျှင် ချုပ်နှောင်နှိပ်စက်ခဲ့ဖူးကြောင်း သိရှိရပါသည်။ ဆရာဦးရဲသူသည် သတ္တဝါတွေကို ကယ်ဖို့ရန်အတွက် လူဝတ်

ကြောင်ဘဝ၊ ရသေ့ဘဝ၊ ရဟန်းဝတ်ဘဝ အဝတ်အမျိုးမျိုးပြောင်းပြီးလျှင် ဂန္ဓာရီ ထွက်ခဲ့သူဖြစ်ကြောင်း သိရှိရပါသည်။

ရက်ကန်းစဉ်တောင်ဆရာတော်ကြီး ဦးသြဘာသက ဆရာဦးရဲသူကို သာသနာကိုစောင့်ရှောက်ဖို့ သာသနာ့ကြိုးကိုင်တာဝန် အပ်နှင်းတော်မူခဲ့ကြောင်း သိရှိရပါသည်။

**ထွက်ရပ်ပေါက် ဦးချမ်းလှိုင်**

ရက်ကန်းစင်တောင် ဘိုးသြဘာသ၏ နာမည်ကျော်တပည့်တစ်ဦးမှာ ဦးချမ်းလှိုင်ဆိုသူ ဖြစ်၏။ ဦးချမ်းလှိုင်ကို ဆရာလှိုင် ဟူ၍ လူသိများ၏။ဆရာ ဦးချမ်းလှိုင်သည် မန္တလေးဝေါဝိန်ဆိပ် စိန်ပန်းရပ် ဂွမ်းပုံဈေးနားက ဝါဆိုကျောင်းတိုက် အနီးမှာ နေထိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဆရာဦးချမ်းလှိုင်တွင် ဦးဝိန်နှင့် ဦးပိန်ဆိုတဲ့ သားနှစ်ယောက်ရှိကြောင်း သိရှိရပါသည်။ ဦးချမ်းလှိုင် နေထိုင်ခဲ့သော မန္တလေးမြို့ ငှက်ပြာကားဂိတ်မဆုံးမီ အနီးဝန်းကျင်တွင် ဦးချမ်းလှိုင်တည်ခဲ့သော ဘုရားတစ်ဆူရှိကြောင်း သိရှိရပါသည်။ ထိုဘုရားနှင့် မနီးမဝေးမှာလည်း ရက်ကန်း စင်တောင်ဆရာတော်ကြီး တည်ထားခဲ့သော ဘုရားတစ်ဆူလည်း ရှိသေးကြောင်း သိရှိရပါသည်။ ဆရာလှိုင်သည် ဆုကြီးပန် ပါရမီရှင်တစ်ဦး ဖြစ်ကြောင်း၊ ရက်ကန်းစင်တောင်ဆရာတော် ဘုရားကြီးက မနောမယ ကြိုးကိုင်တာဝန်အပ်နှင်းတော်မူခဲ့ကြောင်း သိရှိရပါသည်။

**ထွက်ရပ်ပေါက် ဓမ္မဝိဇ္ဇာ အဖေရှင်**

ရက်ကန်းစင်တောင် ဘိုးသြဘာသ၏ အဆက်အနွယ်ထဲတွင် အဖေရှင် ဆိုသူလည်း ပါဝင်ခဲ့လေသည်။ အဖေရှင်သည် စမတောင်သာသနာကိုဖွင့်နိုးခဲ့သူ ဖြစ်၏။ ဆကေသဓာတုဓာတ်ဘုရားခြောက်ဆူကို ရှာဖွေသူလည်း ဖြစ်၏။ ဦးဆောင်ခဲ့သူလည်း ဖြစ်၏။ အဖေရှင်သည် ဆရာဦးချမ်းလှိုင်၏ တပည့်တစ်ဦး ဖြစ် ကြောင်း သိရှိရပါသည်။ အဖေရှင်သည် ဆုကြီးပန်ပါရမီရှင်တစ်ဦးဖြစ်ကြောင်းလည်း သိရှိရပါသည်။ အဖေရှင်ကို ဓမ္မဝိဇ္ဇာ နေမြင် လမြင် ပုဂ္ဂိုလ်ဟု အများသိကြပါသည်။

**ဘိုးသြဘာ ခွေးများကို ထမင်းကျွေးခြင်း**

ခရစ် ၁၉၆၂ ဤကိစ္စသည်လည်း ထူးခြားဆန်းကြယ်အံ့သြဖွယ် ဖြစ်ပါသည်။ ဘိုးသြဘာသည် ညဦးကတည်းက ခွေးတွေကို စိတ်မနောအားဖြင့် ဖိတ်ကြားထားခဲ့ကြောင်း၊ ခွေးအပေါင်းတို့သည် ညီညာဖွဖွ ရောက်လာကြကြောင်း၊ လမ်းဘေးမှာ ဖျာတွေနှင့် ခင်းပြီး ကျွေးသော ထမနဲများကို ငြိမ်သက်စွာ၊ စည်းကမ်းရှိစွာ စားကြကြောင်း၊

တစ်ကောင်နဲ့တစ်ကောင် ရန်မစောင်ဘဲ ချစ်ကြည်စွာ စားခဲ့ကြပြီး လာရာလမ်းကို ပြန်သွားကြကြောင်း၊ စနစ်တကျတန်းစီပြီး သွားကြကြောင်း ပြန်လည် သိရှိရပါသည်။ ထိုအချက်ကို ဒေါ်လှဝိုင်းက ပြောပြကြောင်း၊ ဒေါ်လှဝိုင်းသည် ဆရာချန်၏ ဇနီး ဖြစ်ကြောင်း သိရှိရပါသည်။ ယခင်အမည်မှာ ဒေါ်လှဝိုင်း မဟုတ်။ ဒေါ်ဆိုး ဖြစ်ကြောင်း၊ ထိုအမည်ကိုမကြိုက်သဖြင့် ဘိုးသြဘာက အမည်ပြောင်း ပေးခဲ့ကြောင်း လည်း ထပ်ဆင့်သိရပါသည်။

**သိဒ္ဓိပေါက် မောင်ကြွား**

ဇီဝကကြိုးကိုင် ဆရာကြီး ဆရာချန်၏သားတစ်ယောက်ဖြစ်သည့် ဆရာကြွားဟာ လည်း သိဒ္ဓိပေါက်ဆရာတစ်ဦး ဖြစ်ကြောင်း သိရှိရပါသည်။ ဆရာကြွားသည် မိမိရဲ့အဆင့်ပညာ ကို ရွာသစ်ကြီးရွာမှာ တစ်နယ်လုံးက တစ်သက်လုံးပြောမဆုံး အောင် ပြသခဲ့ကြောင်း သက်သေအထောက်အထားအဖြစ် သိရှိရပါသည်။ တပည့် ဖြစ်သူ ဆရာကြွားသည် ဆွေမျိုးမိတ်သင်္ဂဟတွေကို ဖိတ်ကြားပြီး အလှူကြီးပေး ကျွေးမွေးခဲ့ကြောင်း၊ အလှူပေးရာမှာလည်း ကျေးရွာအလိုက် မဏ္ဍပ်ကန္နားထိုးပြီး မဏ္ဍပ်ကြီးတွေထဲမှာ ဘာမှမပါရှိတဲ့ ပုပ်ကြီးများကို တန်းစီထားခဲ့ကြောင်း သိရှိရပါ သည်။ ထိုအခါ အများက -

ဟဲ့ မောင်ကြွား မင်းဟာ နာမည်နဲ့လိုက်အောင် ကြွားတတ်ပါပေသည်ဟု ခနဲ့ကြပါ သည်။ ထိုအခါ ဆရာကြွားကား မျက်နှာမပျက်၊ စိတ်မဆိုးဘဲ တုတ်တစ်ချောင်း ကိုင်ကာ မဏ္ဍပ်ကြီးများရှိရာသို့ ထွက်ခွာသွားကြောင်း၊ ပုပ်ကြီးတွေအနား ရောက်သောအခါမှ ဟေ့ ဟုတ်လို့ကျော်၊ ပုပ်လို့ပေါ်တဲ့ကွဟု ဟိန်းသံပေးပြီး ပုပ်များ ကို တုတ်ဖြင့်ရိုက်ခဲ့ကြောင်း သိရှိရပါသည်။ ဤသို့ဖြင့် မကြာခင်မှာပင် ဆန်အိတ်နဲ့ ကျောက်ဖရုံသီးတွေအပြည့်တင်ဆောင်လာသော လှည်းကြီးများ မဏ္ဍပ်ကြီးများ ရှေ့သို့ရောက်လာကြကြောင်း၊ ဆန်အိတ်များ၊ ကျောက်ဖရုံသီးများ လှည်းပေါ် မှချပြီး ချက်ချင်းပဲ ချက်ပြုတ်ကျွေးမွေးကြပါကြောင်း သိရှိရပါသည်။ သို့သော် ရွာသစ်ကြီးသားများက သူတို့ဆရာကြီး ဦးကွန်းဆိုတာလဲ ရှုးနေတာပဲဟာ၊ မောင်ကြွား လည်း ရှုးနေတာပဲ၊ ကျောက်ဖရုံသီးဟင်းနဲ့ ထမင်းဖိတ်ကျွေးတာ ရှုးလို့လုပ်တာ ပေါ့ကွာ စသည်အားဖြင့်ပြောဆိုကြကြောင်း သိရှိရပါသည်။ သို့သော်လည်း ဆရာကြွားသည် ဣန္ဒြေမပျက်ရှိနေခဲ့ပါသည်။ အချိန်တန်လို့ ထမင်းပွဲပြင်ပြီး ကျောက်ဖရုံသီးဟင်းတွေ ခပ်လိုက်သော အခါ အိုးကြီးအိုးငယ်များဖြင့် ချက်ထား တဲ့ ကျောက်ဖရုံသီးများသည် ဆွမျိုးမေ့အောင်ကောင်းကြောင်း အားလုံးက တအံ့တသြရှိကြ ပါသည်။ မည်သို့သော အစွမ်းဖြင့် ဤသို့ဖြစ်သည်ကို မည်သူမျှ သိသည်မဟုတ်ချေ။ ဤသို့ဖြင့် ရက်ကန်းစင်တောင် ဘိုးသြဘာသကသည် မိမိ

တပည့်များသာမက မိမိတပည့်၏သား၊ မြေးများသည်ပင် ဤရွှေ့ဤမျှ အစွမ်းထက်ကြောင်း ပြသခဲ့လေသည်။

ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိကျောက်စာကမှည်းမော်ကွန်း စိုက်ထူထားပါတယ်။ ကျောက်စာမှာ ဖော်ပြထားတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဖွားသက္ကရာဇ်နဲ့ အခြားသောစာအုပ်များ - ၁၉၇၆ ထုတ် ဦးအောင်မြတ်၏ သမထအာရုံ၊ ၁၃၃၀ ထုတ် ဦးသောင်း၏ သခင်္ခေပထေရုပ္ပတ္တိ စာတမ်းတို့မှာ ဖော်ပြထားတဲ့ သက္ကရာဇ်ချင်း ကွဲလွဲနေတာတွေ့ရပါတယ်။ ဦးဩကျော်တက် ရက်ကန်းထွက်ဆိုတဲ့ စကားအရ ဦးအောင်မြတ်၏ စာအုပ်မှာ (၁၁၂၇) ခုနှစ်မှာ ဖွားမြင်တယ်လို့ဆိုပါတယ်။ ဦးသောင်း၏ ထေရုပ္ပတ္တိစာတမ်းမှာ ၁၁၉၉ မှာ ဖွားတော်မူကြောင်း ဖော်ပြထားပါတယ်။ ကျောက်စာမှာတော့ (၁၂၀၂) ခု၊ တပေါင်းလဆန်း (၉) ရက်၊ တနင်္ဂနွေနေ့ ဖွားလို့ ရေးထိုးထားပါတယ်။ (၁၂၅၈) ခု၊ တပေါင်းလဆန်း (၈) ရက်၊ ညနေ (၅) နာရီ ရက်ကန်းစင်တောင် ဆုတောင်းပြည့်ဘုရားကြီး၏ အရှေ့ တောင်ထောင့် ကျောက်ဖျာကြီးပေါ်တွင် သိဒ္ဓိစခန်းအပြီး တိုင်အောင်တော်မူကြောင်း မှတ်တမ်းတင်ရေးထိုးထားတာဟု ပညာရှင်တို့က ဆိုကြပါသည်ဟူ၍ ထိုအချက် အသေးစိတ်ကို ဝိဇ္ဇာရသစုံမဂ္ဂဇင်း၊ ၂၀၀၈ ခု၊ စက်တင်ဘာလ၊ စာ-၅၂ တွင် ဓမ္မစာရေးဆရာသာသနာပြု မောင်သွေးချွန်က မိမိ၏သုတေသနစာမူဖြစ်သော ကျေးဇူးရှင် ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီး၏ မဟာဂန္ဓာရီလမ်းမြတ်ဆီသို့ ဆောင်းပါးကြီးတွင် ဖော်ပြထားပါသည်။

ခရစ် ၁၉၇၀ ၂၄၊ ဧပြီ ၇၀ ရက်နေ့ နံနက်စောစောတွင် 'မောင်ချစ်ဖေ. . ကား အဆင့်သင့်ဖြစ်ပြီလား၊ ငါ့ခန္ဓာကိုယ်ကြီး သယ်ချင်တော့ဘူးကွ' ဟု ဆရာတော်ကြီးက မိန့်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ဤသို့ဖြင့် ဆရာတော်ကြီးသည် တောင်ကြီးမြို့နှင့် ဓာတ်တူနံတူဖြစ်သော တောင်ငူမြို့ ဒေါ်ကြည်၏အိမ်တွင် ၁၃၃၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် (၂၄. ဧပြီ. ၇၀) စနေနေ့၊ နေ့လယ် (၂) နာရီမှာ ဘဝတစ်ခု၊ ခန္ဓာတစ်ခုကို စွန့်တော်မူလျက် ထွက်တော်မူခဲ့ကြောင်းကို သာသနာပြု စာရေးဆရာ မောင်သွေးချွန်က ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီး၏ တပည့်အင်းလေးဒေသမှ သက်တော်ရှည် သာသနာပြုဆရာတော်ကြီး ဦးဂန္ဓမာ၊ ဝိဇ္ဇာရသစုံမဂ္ဂဇင်း၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ စာ-၆၄ တွင် အတိအကျ ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျမ်းကိုး၊ (၁) ဦးသန်းဖေမြင့်၊ သိဒ္ဓိဓာတ်ထွက်ခေါင် မတ္တရာရက်ကန်းစင်တောင် တော်သို့တစ်ခေါက်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၁၁၀)၊

၁၉၉၅ ခု၊ စက်တင်ဘာလ စာ-၉ ကို ကြည့်ပါ။ ကျမ်းကိုး၊ (၂) ခေတ္တရာ ဆရာကျော်၊ အဓိဋ္ဌာန်အောင်ရာ မတ္တရာရက်ကန်းစင်တောင်သို့၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၁၉၉) ၂၀၀၃ ခု၊ ဖေဖော်ဝါရီလ စာ-၃၄။ ကျမ်းကိုး၊ (၃) မိုးတားဆရာဦးထွန်းရှိန်၊ မိုးတားရောက် ရက်ကန်းစင် တောင်ဆရာတော် ဦးသြဘာသ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်- ၁၅၃၊ ၁၉၉၉ ခု၊ မတ်လ **စာ**-၆၅၊ ၆၆။ ကျမ်းကိုး၊ (၄) သာသနာပြုဆရာ ကြီး ဦးအောင်ဟန်၊ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီးနှင့် ပန်းထိမ်ဆရာတစ်ဦး၀တ္ထု၊ ပထမံတရားမဂ္ဂဇင်း၊ စာ-၁၃။ ကျမ်းကိုး။ (၅) ဝိဇ္ဇာရသစုံမဂ္ဂဇင်း၊ ၂၀၀၈ ခု၊ စက်တင်ဘာလ၊ စာ-၄၆ မောင်သွေးချွန် ၏ ကျေးဇူးရှင် ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီး၏ မဟာဂန္ဓာရီ လမ်းမြတ်ဆီသို့ ဆောင်းပါးကြီး။

## ဗုဒ္ဓနာဂရ ရွှေပြည်တော် ထွက်ရပ်လမ်းသို့ အောင်မြင်ခဲ့သော သက်တော် (၁၀၉)နှစ် ဝါတော် (၉၀) သန်လျင်မြို့ မနောမယ နံပါတ်တစ်ဆရာတော် ဦးဒေဝတေမိဇ (ခေါ်) နတ်ခင်တစ်ရာဆရာတော် (၁၈၆၃ – ၁၉၅၃)

နာမည်ကြီးသော သာသနာပြု ပုဂ္ဂိုလ်အကျော် ဆေးဝက်ပါဆရာတော် ဦးသူရိယ၏ ဆရာလည်း ဖြစ်၏။ အလွန်နာမည်ကြီးသော ခမဲပြင်ဆရာတော်ကြီး၏ ဆရာလည်း ဖြစ်၏ဟု သိရပါသည်။ ထိုဆရာတော်ကြီးသည်ကား သန်လျင် ကျောက်တန်း မနောမယ နတ်စင်တစ်ရာ ဆရာတော်ဖြစ်ကြောင်း သိရပါသည်။

ထိုဆရာတော်၏ အုတ်ဂူပေါ်တွင် ရေးထားသောစာသားမှာ ဆရာတော်၏ ဘဝ ရုပ်ပုံလွှာကို ဖွင့်ဖော်လျက် ရှိပါသည်။ ထိုစာသားမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။
"သက်တော် ၁၀၉၊ ဝါတော် ၉၀ ရှိတော်မူထသော သန်လျင်မြို့၊ မနောမယ နံပါတ် (၁) ဆရာတော် ဦးဒေဝတေမိဇ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓနဂရ ရွှေပြည်တော် ထွက်ရပ်လမ်းသို့ အောင်မြင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်"

အထက်ပါစာသားအရ ပြီးခဲ့သော တော်သလင်းလပြည့်နေ့က သန်လျင်သို့ သွား၍ စုံစမ်းရာ ဆရာတော်ကြီး၏ ဂူမှာ အိမ်ကြိုအိမ်ကြား ရောက်ပြီးလျှင် ဂူအစား လူနေအိမ်များကိုသာ တွေ့ရပါတော့သည်။ ဂူကား ဖျက်ပစ်လိုက်ကြပါတော့သည်။ ဂူပေါ်က စာသားမှာ မဖျက်ပစ်ခင်က ရေးကူးထားသောစာသား ဖြစ်သဖြင့် တော်ပါ သေးသည်ဟု မှတ်ရပါတော့သည်။

နတ်စင်တစ်ရာဆရာတော်ဘုရား (ခေါ်) မနောမယ ဆရာတော်ဘုရား၏ ဘွဲ့တော်မှာ ဦးဒေဝတေမိဇ ဖြစ်ကြောင်း သိရပါသည်။ မွေးသက္ကရာဇ်ကိုကား စုံစမ်း၍ မရပါ။ မယ်တော်၊ ခမည်းတော်တို့၏ အကြောင်းအရာများလည်း စုံစမ်း၍ မရတော့ပါ။ ပဲခူးတိုင်းဒေသကြီးအတွင်း မွေးဖွားသည်ကိုသာ သိရပါတော့သည်။

သန်လျင်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း၌ ရှေးဟောင်းစေတီပုထိုး တစ်ရာ ကျော်တို့ကို ပြုပြင်မွမ်းမံခဲ့ကြောင်း သိရပါသည်။ ဆရာတော်ဘုရားကြီး၏ ကျောင်း



နတ်စင်တစ်ရာဆရာတော် မနောမယနံပါတ်တစ် ဆရာတော်ဘွဲ့တို့ဖြင့် ကျော်ကြားတော်မူသော
ဦးဒေဝံတေမိဇ ဆရာတော်




ရန်ကုန်၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နတ်စင်တစ်ရာဆရာတော်
၏ လှူဒါန်းခဲ့သော စိန်ဖူးမတော်က ဓာတ်ဂျီရှပ်တို့ (ယခု ရွှေသားစစ်စစ် ဖြစ်သွားသည်။)

မှာ သန်လျင်မှာရှိ၍ နတ်စင်တစ်ရာကျောင်းဟု ခေါ်ပါသည်။ ရှေးအခါက နတ်စင်ကလေးများ တစ်ရာရှိသောကြောင့် နတ်စင်တစ်ရာကျောင်းဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။

ထိုကျောင်းအကြောင်းကို ကျွန်တော်တို့ မှတ်မိသည်မှာ ထိုကျောင်းပရိဝုဏ်အတွင်း၌ မှော်ဘီဆရာသိန်းကြီး နတ်စင်လည်း ရှိနေသောကြောင့် ဖြစ်ပါသည်။ ထိုအခါက ဆရာသိန်းကြီးသည် မှော်ဘီမြို့မှာ နေပါသည်။ မသေသေးပါ။ သက်ရှိထင်ရှား ဖြစ်ပါသည်။ သို့ပါလျက် နတ်စင်တစ်ရာကျောင်းတွင် မှော်ဘီဆရာသိန်းကြီးနတ်ဟု ကမ္ပည်းတပ်ကာ နတ်စင်ဆောက်နှင့်ထားကြောင်း စာပေသမားတို့က တအံ့တသြ သွားကြည့်ကြပါသည်။ ထို့ကြောင့် မှတ်မိနေပါသည်။

မနောမယဆရာတော်ကြီးမရှိသောအခါ နတ်စင်တစ်ရာကျောင်းကို စောင့်ရှောက်နေသူမှာ ရသေ့ကြီးဦးရွှေဘိုဆိုသူဖြစ်ကြောင်း သိရပါသည်။ ထိုရသေ့ကြီးမှာ ကျွန်တော်တို့ တွေ့သောအချိန်တွင် သက်တော် (၇၀) ကျော်ပါပြီ။ ရသေ့ကြီးသည် နတ်စင်တစ်ရာဆရာတော်ကြီးနှင့် နေခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော်ရှိကြောင်း သိရပါသည်။

ဦးရွှေဘို အသက် (၁၆) နှစ်အရွယ်လောက်ကတည်းက နတ်စင်တစ်ရာကျောင်းသို့ ရောက်လာကြောင်း သိရပါသည်။

ထို့ကြောင့် ရသေ့ကြီးဦးရွှေဘိုထံမှ မနောမယဆရာတော်၊ နတ်စင်တစ်ရာဆရာတော်ဟု အမျိုးမျိုးခေါ်ဝေါ်ကြသော မနောမယနံပါတ်(၁)ဆရာတော် ဦးဒေဝံတေမိဇ ဆရာတော်ဘုရားကြီး ဗုဒ္ဓနဂရ ရွှေပြည်တော် ထွက်ရပ်လမ်းသို့ အောင်မြင်သည်ကို အကြောင်းပြု၍ မှတ်မိသမျှပြောပြပါဟု ကျင့်စဉ်များ တောင်းခံသောအခါ ရရှိလာသော ကျင့်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ရှေးဟောင်း စေတီတော်တစ်ဆူကို ပြန်လည် ပြုပြင်ထားတော့မည်ဟု ဆိုလျှင် အဓိဋ္ဌာန် ကိုးရက်ဝင်သည်ဟု ဆိုပါသည်။

(၁) ပထမနေ့ အဓိဋ္ဌာန်ရက်တွင် သက်သတ်လွတ် အရဏ်ဆွမ်း တစ်နပ်တည်းကိုသာ ဆွမ်းဘုဉ်းပေး၍ သမ္ဗုဒ္ဓေ ဘုရားရှိခိုး ဂါထာတော်ကြီးကို တစ်ထောင် ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

(၂) ဒုတိယနေ့တွင် ဆန်လွတ်၊ သက်သတ်လွတ် ဘုဉ်းပေး၍ သမ္ဗုဒ္ဓေဂါထာကြီးကိုပင် တစ်ထောင်ရှိခိုးပူဇော်လေသည်။

(၃) တတိယနေ့တွင် သက်သတ်လွတ် ဆွမ်းဘုဉ်းပေးပြန်၍ သမ္ဗုဒ္ဓေဂါထာကြီးကိုပင် တစ်ထောင်ရွတ်ဆို ပူဇော်လေသည်။


(၄) စတုတ္ထနေ့တွင် ဆရာတော်ကြီးသည် မီးလွတ်ဘုဉ်းပေး၍ သမ္ဗုဒ္ဓေ ဂါထာကြီးကိုပင် တစ်ထောင် ရှိခိုးပူဇော်လေသည်။
(၅) ပဉ္စမနေ့၌ သတ်သတ်လွတ် ဆွမ်းပြန်ဘုဉ်းပေးပြီး သမ္ဗုဒ္ဓေဂါထာကြီးကို တစ်ထောင် ရှိခိုး ပူဇော်လေသည်။
(၆) ဆဋ္ဌမနေ့တွင် ရေချည်း ဘုဉ်းပေး၍ သမ္ဗုဒ္ဓေဂါထာကြီးကို တစ်ထောင် ပူဇော်လေသည်။
(၇) သတ္တမနေ့တွင် သက်သတ်လွတ်ဆွမ်းကို ပြန်လည် ဘုဉ်းပေးပြီး သမ္ဗုဒ္ဓေဂါထာကြီးကို တစ်ထောင်တိတိ ပူဇော်လေသည်။
(၈) အဋ္ဌမနေ့တွင် ဆရာတော်ကြီးသည် ဝစီပိတ် စကားမပြောတော့ဘဲ တစ်နေ့လုံး သမ္ဗုဒ္ဓေဂါထာတော်တစ်ထောင်ကို ရွတ်ဆို သရဇ္ဈာယ်လေသည်။
(၉) နဝမနေ့တွင် ဆရာတော်ကြီးသည် သက်သတ်လွတ်ဆွမ်းကို ပြန်လည် ဘုဉ်းပေး၍ သမ္ဗုဒ္ဓေဂါထာကြီးကိုပင် တစ်နေ့လုံး တစ်ထောင်တိတိ ရှိခိုး ပူဇော်လေသည်။
မနောမယဆရာတော်ဘုရားကြီးသည် ရှေးဟောင်းစေတီတော်တစ်ဆူကို ပြန်လည်မွမ်းမံ ပြုပြင်တော့မည်ဆိုလျှင် အထက်ပါအတိုင်း အဓိဋ္ဌာန်ကိုးရက်ဝင်သည်ဟု ဆိုသည်။ ဆရာတော်ကြီး၏ စရဏမှာ (၀၁) ကျင့်စဉ်မှာ သက်သတ်လွတ်စားခြင်း (၀၁) ဘုဉ်းပေးခြင်းနှင့် မီးလွတ်ဘုဉ်းပေးခြင်း၊ ရေချည်းဘုဉ်းပေးခြင်း၊ ဝစီပိတ်ကျင့်ကြံ အားထုတ်ခြင်းစသော ထူးခြားချက်များကို တွေ့ရှိရပါသည်။

ထိုအချက်တို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီတော်သမိုင်း မှတ်တမ်းတွင် ပြုစုသူ သုသုကက ဖော်ပြထားပါသည်။ စာမျက်နှာ ၅၄ - ၅၅ ကို ကြည့်ပါ။

## တောင်တန်းသာသနာပြု ဦးဥတ္တမသာရ
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကိုယ်တော်ကြီးကိုယ်တိုင်
## ရဟန်းဝိဇ္ဇာမိုရ်ဟု အမည်ဖော်ထုတ် မိန့်ကြားခဲ့သည့်
## နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဦးသာဂရ
## ၁၈၉၆–၁၉၈၆

ကလေးဝတောရကျောင်းသည် အဘိုးဆရာတော်ဘုရားကြီး ဖြစ်တော်မူသော ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် အဘိုးဦးသာဂရ၏ ဘူမိနက်သန် စံမြန်းသီတင်းသုံးတော်မူခဲ့သောကျောင်းဖြစ်ပါသည်။ နာဂလိုဏ်ဂူ တောကျောင်းသို့ ရွှေ့ပြောင်းကျောင်းထိုင်တော်မမူခင် သီတင်းသုံး၍ သမထ အကျင့်၊ ယောဂအကျင့်၊ ဗေဒင်ကျမ်း၊ နက္ခတ်နှင့် လက္ခဏာ ကျမ်းများ၊ ဆေးအင်း ဂါထာမန္တရားများတို့ကို ကျင့်ကြံအားထုတ်တော်မူခဲ့သော နေရာကျောင်းပင် ဖြစ်ပါသည်။ ကလေးဝတောရကျောင်းကြီးတွင် အဘိုးဆရာတော်ကြီးအပြင် ကျောင်းထိုင်၍ သာသနာပြုခဲ့ကြတော်မူသော ဆရာတော်ကြီးများဖြစ်တော်မူသော ဦးဇောတ၊ ဦးဂုဏ၊ ဦးဏာယမေ့ဓဆရာတော်ဘုရားကြီးများသည် ထူးဆန်းလှသော ဂုဏ်သတင်းရှိတော်မူသော ပုဂ္ဂိုလ်ထူးဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကြပါသည်။ ဟိုယခင်အခါက ကလေးဝတောရကျောင်းတည် နေရာသည် မြို့ဦးနှင့် မိုင်ဝက်ခန့် ဝေးကွာသော မြို့မြောက်ဘက်၌ တောကြီးအထိတည်ရှိခဲ့ပါသည်။ ဆရာတော်ဦးဇောတအရှင်မြတ်မှစ၍ ကျောင်းထိုင်တော်မူခဲ့ပါသည်။ တောရ ဆောက်တည်၍ ယခုကျောင်းဝင်း၏ မြောက်ဘက်ကပ်လျက်နေရာတွင် သီတင်းသုံးနေထိုင်တော်မူခဲ့ပါသည်။ ကျောင်းဝင်းနေရာမှန်သည်ကား နောင်တွင် အလို အလျောက်ကန်တော်ပေါ်ထွန်း၍ ဦးစွာပေါ်ပေါက်ခဲ့မှုကြောင့် “ကန်ဦး” ဟူ၍ ခေါ်တွင်သမုတ်ခဲ့ကြလေသည်ဟူ၍ သာသနာပြုစာရေးဆရာ ဝမ္ဘီရစောရန်နိုင် (ကလေးဝ) က သူ၏ ထူးဆန်းတောရကလေးဝ အမည်ရှိသော ဆောင်းပါး၊ ဂမ္ဘီရမဂ္ဂဇင်း၊ အမှတ် (၂၉)၊ စာ - ၃၀ တွင် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိ ရပါသည်။


အနည်းငယ်မျှသာ ကျွန်တော် ကြားဖူးနား၀ ရှိသော နာဂလိုဏ်ဂူ ကလေးဝဆရာ တော် အကြောင်းကို ဖတ်မငြီးအောင် ပြောပြသောဦးဂုန်းမောင်မှာ နာမည်ကျော် စာရေးဆရာကြီး မဟုတ်သော်လည်း လက်က မချချင်လောက်အောင် ပြန်ပြောနိုင်



ပထမ ကလေးဝတောကျောင်းဆရာတော် ဦးနေယျ
(မပုပ်မသိုးသောရုပ်ကလာပ်တော် ယခုနေ့တိုင်ရှိသည်။)



ကလေးဝဆရာတော် ရဟန်းခံစဉ်က ရဟန်းဒကာနှင့် ရဟန်းဒကာမပုံ



စွမ်းရှိသောကြောင့် အမှတ်မထင် လက်ဆောင်ရခဲ့သော ဓမ္မဒါနစာအုပ်ကလေးမှာ စာမျက်နှာ (၄၈) မျက်နှာသာရှိသော်လည်း အမှတ်ထင်ထင်တရိုတသေသိမ်းဆည်း ခြင်းခံရသော စာအုပ်စင်၏ စင်တော်ကောက် လက်ရွေးစင်စာအုပ် တစ်အုပ်အဖြစ် ရပ်တည်ခဲ့သဖြင့် ပြုစုသူ ဦးစန်းမောင်၏ ကျေးဇူးကို မေ့လျော့ခြင်း မရှိခဲ့ပါ။

ဦးစန်းမောင်၏ အဘိုးမှာ ဦးလူနိုင်ဖြစ်ကြောင်း သိရပါသည်။ ဦးလူနိုင်မှာ လယ်တီ ဆရာတော်ဘုရားကြီး၏ ကျမ်းစာများတွင် မကြာခဏ အရေးတယူ ဖော်ပြခြင်း ခံရသော ဘုရားဒါယကာ တစ်ဦးဖြစ်ကြောင်း သတိထားမိပါသည်။ ဤကျမ်းစာကို ဦးလူနိုင် လှူဒါန်းအပ်သော အတောင် ခြောက်ဆယ် စကြံ့ကျောင်းတွင် ပြုစုသည် ဟူသောစာသားကလေးကို ကျွန်တော် မှတ်မိပါသည်။ ထိုအတောင်ခြောက်ဆယ် စကြံ့ကျောင်းမှာ မုံရွာမြို့၊ လယ်တီတိုက်ကြီး၏ ရှေးဦးသမိုင်း အစကတည်းက အရေးပါခဲ့သော စကြံ့ကျောင်း ဖြစ်ပါသည်။ လယ်တီတိုက်ကြီး တည်ထောင်စ ကတည်းက စကြံ့ကျောင်းကြီးသည် အတူတကွ မွေးဖွားဖက် ဖြစ်ပါသည်။ ဦးလူနိုင် ၏သမီးမှာ ဒေါ်မေမေစိုး ဖြစ်၏၊ မုံရွာမှာ နေ၏။ ထိုမုံရွာနေ ဒေါ်မေမေစိုး၏ ဖခင် ဦးလူနိုင်သည် ဦးစန်းမောင်၏ အဘိုးတော်စပ်လေသည်။ ထိုစကြံ့ကျောင်းမှာ ဒုတိယကမ္ဘာ စစ်အတွင်းက မီးလောင်ပျက်စီးသွားခဲ့ပါသည်။ ထိုအခါ ကလေးဝ တောကျောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီး၍ ပြန်လည် တည်ဆောက်ခဲ့ ပြန်လေသည်။ အဓိကအလှူရှင်တို့မှာ မုံရွာ ဒေါ်မေမေစိုးနှင့် ဦးစန်းမောင်တို့ ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် ဦးစန်းမောင်သည် နာဂလိုဏ်ဂူကလေးဝ တောကျောင်းဆရာတော်အကြောင်း ပြန်ပြောရာတွင် အလွန်ကလောင်သွက်လေ သည်။ ထိုစကြံ့ကျောင်းကြီးပေါ်တွင် ကျေးဇူးရှင် ပထမလယ်တီဆရာတော် ဘုရားကြီးသည် ကျမ်းပေါင်း (၁၃၇) ကျမ်းကို ပြုစုခဲ့ကြောင်း သိရပါသည်။ ယခုအခါ ထိုစကြံ့ကျောင်းကြီးသည် ပြတိုက်ကြီးဖြစ်၍ နေလေသည်။

အောင်သိဒ္ဓိစေတီတော်အောက်ရှိ ဂူအတွင်းသို့ ကလေးဝဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို သွတ်သွင်း သောအခါ ဦးစန်းမောင်သည် ဆရာတော်ဘုရား ကြီးကိုယ်တိုင် ယုံကြည်စိတ်ချစွာ လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် ကလေးဝဆရာတော်ဘုရားကြီး၏ အကြောင်းကို နားထောင်၍ မငြီးနိုင်လောက်အောင် အပြောကောင်း အရေးကောင်းလှသော ဦးစန်းမောင် ကိုယ်တိုင် ပြန်လည်ပြောပြမှသာလျှင် ပြည့်ပြည့်စုံစုံ သိနိုင်မည်ဖြစ်သဖြင့် ကျွန်တော် က ဤနေရာတွင် ခေတ္တရပ်တန့်၍ ဆရာကြီးဦးစန်းမောင်၏ စကားများကို အောက်ပါအတိုင်း တဆိတ်ကလေး ဖတ်ရှုကြည့် စေချင်ပါသည်။ ဖတ်ရှု၍ ထူးခြား ဆန်းကြယ်သော ကုသိုလ်များရရှိနိုင်ပါသည်။ ဖတ်ကြည့်ပါ။

**ကလေးဝဆရာတော် ဦးဇာဂရ**

ချင်းတွင်းမြစ်ပေါ်ရှိ ကင်းရွာတွင် မွေးဖွားသည်။ ကင်းရွာမှာ ကနီမြို့နယ်အပိုင်း ဖြစ်သည်။ ဘိုးဘွားများမှာ ဦးပေါက်ပေါက်၊ ဒေါ်အိမ်စိုးတို့ ဖြစ်ကြရာ ကုန်းဘောင်မင်းဆက်၊ ဒသမမြောက် မင်းတုန်းမင်းကြီး လက်ထက်တွင် မင်းမှုထမ်းများ ဖြစ်ခဲ့ကြသော်လည်း နောင်တွင် အရပ်ဘက် ကုန်သည်ဘဝသို့ ကူးပြောင်းကြသည်။ ဦးပေါက်ပေါက်၊ ဒေါ်အိမ်စိုးတို့မှ သားနှစ်ဦး၊ သမီးတစ်ဦး ဖွားမြင်ရာ သမီးငယ် ဒေါ်မူမှာ ကလေးဝတောကျောင်းဆရာတော်၏ မယ်တော် ဖြစ်သည်။

**ပထမဦးရိုးတော် လယ်တီဦးသိရိ**

ဦးရိုးတော်စပ်သော သားနှစ်ဦးမှာ လူ့ဘဝတွင် မမွေ့လျော်၍ ရဟန်းဘောင်ဝင်ကြလျက် ပထမဦးရိုးတော်မှာ လယ်တီဦးသိရိ ဟူသောဘွဲ့အဖြစ် ထင်ရှားသော နောင်အခါတွင် ကလေးဝမြို့ ဘီဆန်းဆရာတော်ဘုရားကြီးဟု ကျော်စောတိက္ကမ ဖြစ်ခဲ့သည်။

**ဒုတိယဦးရိုးတော် ဦးနေယျ**

ဦးရိုးတော် အငယ်မှာ ပထမ ကလေးဝ တောကျောင်းဆရာတော် ဦးနေယျ ဖြစ်ပြီး ယော (၅) မြို့ ဂိုဏ်းချုပ် ကင်းတောရ မဟာဗောဓိ ဆရာတော်ကြီးနှင့် မုံရွာမြို့ မဟာလယ်တီ ဆရာတော်ဘုရားကြီးတို့၏ တပည့်ရင်း ဖြစ်သည်။ ကင်း မဟာဗောဓိဆရာတော်ဘုရားကြီးမှာ မင်းတုန်းမင်းလက်ထက်က "အထွဋ် ရွှေချ၊ ကမ္မဝါစာတော် ဖတ်၊ တယ်လုံးရွှေချ၊ စာတော်ချ၊ ယောငါးမြို့ဂိုဏ်းချုပ်" ဟူသော ဘွဲ့တံဆိပ်တော် အထူးကပ်လှူခံရသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါသည်။

**ရုပ်ကလာပ်များ ယခုထိ ရှိသေး**

ထိုဦးရိုးတော်နှစ်ပါးမှာ ကလေးဝတွင် ပျံလွန်တော်မူကြပြီး ရုပ်ကလာပ်များကို မှန်ခေါင်းဖြင့် ထည့်သွင်းပြီး တလားကြီးနှစ်ခုပေါ်တွင် တင်ထားရာ ရုပ်ကလာပ်များ ပကတိ မပျက်မစီး ယခုတိုင်ရှိကြ၍ စာရေးသူကိုယ်တိုင် ဖူးတွေ့ခဲ့ရပါသည်။

ကင်းရွာဇာတိ ဖြစ်ကြသည် ခမည်းတော် ဦးငယ်နှင့် မယ်တော်ကြီး ဒေါ်မူတို့၏ မွေးချင်း (၅) ဦးတွင် ကလေးဝ တောကျောင်းဆရာတော်မှာ တတိယမြောက် သားကြီးရတနာ ဖြစ်သည်။ ဆရာတော်၏အထက်၌ အစ်မ (၂) ဦး ရှိပြီး၊ အောက်၌ ညီနှင့် ညီမငယ်တို့ ရှိကြ၏၊ ကျေးဇူးရှင်မိဘနှစ်ပါးသည် ကလေးဝတောကျောင်း ဆရာတော် ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြသဖြင့် ဦးရိုးတော် ဘီဆန်းဆရာတော်

ကြီးထံပါး၌ နေခဲ့ရလေသည်။ ထိုကျောင်း၌ပင် ကိုရင်ဝတ်၍ သဒ္ဒါ သင်္ဂြိုဟ်စသော အခြေခံ ပရိယတ္တိစာပေသင်ကြားခဲ့သည်။

**ကိုရင်မှ ရဟန်းဘဝသို့**

ဦးရီးတော်နှစ်ပါးမှာ မဟာလယ်တီထွက် စာတတ်ပေတတ်များ ဖြစ်ကြသည့်အလျောက် မိမိတို့၏ တူကိုလည်း ပရိယတ္တိ အခြေခံစာများ နှံ့စပ်အောင် သင်တော်မူကြသည်။ ထူးခြားချက် တစ်ရပ်မှာ အရွယ်ရောက်၍ ပဥ္စင်းတက်ချိန် ရောက်သော အခါ မြန်မာလူမျိုးထဲမှ ဒါယကာ မဟုတ်ဘဲ ထိုခေတ်အခါက ကန်ထရိုက်တာ အလုပ်ဖြင့် ကြီးပွားချမ်းသာသော ဂေါ်ရခါးလူမျိုး ဗုဒ္ဓဘာသာဝင်ကို ရဟန်း ဒါယကာအဖြစ် ခံယူစေခဲ့သည်။ ကံများ၏ အလှည့်သည် ဆန်းကြယ်ပါဘိသည်။ နောင်တွင် နီပေါနိုင်ငံ၊ ဂေါတမမြတ်စွာဘုရား၊ မွေးဖွားတော်မူရာအရပ်ရှိ ပဥ္စင်း ဒါယကာထံသို့ သွားရောက်ခဲ့ပြီး ထိုဒေသမှ တစ်ဆင့် ဂေါတမမြတ်စွာဘုရား၏ သာသနာထွန်းကားရာဒေသ အသီးသီးသို့လှည့်လည်၍ သမထယာနိက၊ ကမ္မဋ္ဌာန်း နည်းနာ နိဿယများကို ဟိန္ဒူဆာဒူး၊ ဂုရု၊ ပဏ္ဍိတ်ကြီးများထံမှ လက်တွေ့ ကျင့်စဉ် များကို ပေါက်မြောက်အောင် ကျင့်ကြံနိုင်ခဲ့ပါသည်။

**ဒိဗ္ဗစက္ခုရှင်ရသေ့**

ဒိဗ္ဗစက္ခုရှင် ရသေ့ကြီးသည် ရှေးအခါကကလေးဝမြို့ (ကလေးမြို့) အနောက် တောင်အရပ်၌ တည်ရှိသော ဝေဘူလ၊ ဝေဘာလတောတောင်အရပ်၌ မှီတင်း နေထိုင်သော ရသေ့ကြီး ဖြစ်သည်။

ကလေးဝ တောကျောင်းဆရာတော် ကိုရင်ဘဝတွင် ထိုရသေ့ကြီး တစ်ဖန်ပေါ် ပေါက်လာပြန်သည်။ ထိုရသေ့ကြီးထံတွင် နာမဝိဇ္ဇာကျမ်းဟု အမည်တွင်သော လောကီ အတတ် ပညာဗေဒင် ကိန်းခန်းကဲ့သို့ အထွေအထွေ အရပ်ရပ်ကို သိနိုင် မြင်နိုင်သော ဗျည်းကိုက်၊ သရကိုက် ကျမ်းရှိသည်။ ၎င်းရသေ့ကြီးက ထိုကျမ်းကို ဟောကြားလေ့ရှိသည်။

ထိုဒေသတစ်ဝိုက်တွင် ၎င်းကျမ်းပျံ့နှံ့နေရာ ဆရာတော်ကြီး အဆက်ဆက် နာမဝိဇ္ဇာ ကျမ်းအစုံစုံ ရရှိကြသည်။ ဦးရီးတော် ပထမကလေးဝ တောကျောင်း ဆရာတော် နှင့် ဒုတိယ ကလေးဝဆရာတော်အလောင်း၊ ကိုရင်ဘဝကပင် ထိုကျမ်းကိုရကြ သည်။ ရန်ကုန်မြို့ နာဂလိုဏ်ဂူကျောင်းတွင် ကလေးဝဆရာတော် သီတင်းသုံး နေစဉ်အတွင်း လောကီရေးရာနှင့် ပတ်သက်၍ ဒါယကာ၊ ဒါယိကာမများ လျှောက်ထားချက်ကို ဖြေကြားရာ၌ တစ်ခါတစ်ရံ မိန့်ကြားသည်မှာ "ဒိဗ္ဗစက္ခု

ရှင်ရသေ့ကိန်း လွဲနိုင်ပါမလားဗျာ၊ ကျုပ်ပြောတာ ပုဏ္ဏားရဲ့ ဗေဒင်မှ မဟုတ်ဘဲ"၊ အနှီခေတ်အခါက ဒိဗ္ဗစက္ခုရှင် ရသေ့ကြီးသည် နေမြင် လမြင် ပုဂ္ဂိုလ်ထူးကြီး ဟူ၍ ကျော်စောသတင်း ရှိခဲ့သည်။ ထိုရသေ့ကြီးသည် ကလေးဝဆရာတော် ပြောပြချက်အရ ကုလားလူမျိုးနွယ် ဖြစ်သည်။

**မပုပ်မသိုးသော ဦးနေယျ**

မဟာလယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းများဖြစ်ကြသော သေက္ခတောင် ဦးတိလောက၊ လယ်တီ ပဏ္ဍိတ ဦးမောင်ကြီးစသည့် တပည့်ရင်းများတွင် ဦးနေယျ သည် ဝါတော်အကြီးဆုံး ဖြစ်သည်။

၁၂၅၇ ခုနှစ်တွင် မဟာလယ်တီ ဆရာတော်ကြီးအား မဇ္ဈိမဒေသ မဟာဗောဓိနှင့် ဘုရားပွင့်တော် မူရာ ဌာနများအပြင် သီဟိုဠ်ကျွန်းသို့လည်း ပင့်သွားတော်မူသည်။ ၄င်းသက္ကရာဇ် တပို့တွဲလပြည့်ကျော် (၃) ရက် မန္တလေးမြို့မှ ရန်ကုန်ထွက် မီးရထားပေါ်တွင် ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ (၁၃) ပုဒ်ကို လယ်တီဆရာတော် ကြီး အပြီးရေးသားတော်မူသည်။

တစ်ရွက်ရေးပြီးတိုင်း ဦးနေယျအားပြရာ တစ်ခေါက်ဖတ်ရုံဖြင့် အလွတ်ပြန်ပြ နိုင်သည်။ ဤတွင် လယ်တီဆရာတော်ကြီးက 'ရေးတဲ့လူကလဲ ရေးနိုင်ပါ့ကွာ၊ ကျက်တဲ့လူကလဲ ကျက်နိုင်ပါ့ကွာ' ဟူ၍ အမိန့်တော်ရှိသတတ်။ ဦးနေယျမှာ ပရိယတ္တိစာများတတ်သည် သာမက လောကီဘက်ဆိုင်ရာမှာလည်း သိဒ္ဓိပေါက် နေသော ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ဖြစ်သည်။

ကလေးဝ တောကျောင်း ဆရာတော်က တစ်ခါတစ်ရံ စကားစပ်မိသောအခါ စာပြုသူအား ပြောပြသည်မှာ ' ဒကာကြီး၊ ကျုပ် ဦးရီးတော်ဟာ ယခုလို ရန်ကုန်မြို့ ကဲ့သို့ မြို့တော်ကြီးတွင် လာရောက် ကျောင်းမထိုင်ရတာ ကျုပ်အသည်းနာလွန်းလို့၊ ကျောင်းသာ ကျုပ်လို လာရောက်ထိုင်ရလျှင် တစ်ပြည်လုံး ဟိုးလေးတကျော်ဖြစ် မယ့် ပုဂ္ဂိုလ်ထူးကြီးဗျ၊ လောကအရေးနှင့်ပတ်သက်လျှင် သူမသိတာ မရှိသလောက် ပါပဲ၊ ကျုပ်ဖြင့် နာကြည်းလွန်းလို့'။

သီဟိုဠ်၌ သီတင်းသုံးနေစဉ် အင်္ဂလိပ်စာသင်လိုသော စိတ်ကူးပေါ်လာရာ စာမေးပွဲ ဝင်ဖြေရာ ဘီအေဘွဲ့ရပါသည်။ ကလေးဝမြို့သို့ ပြန်လည်ကြွရောက်လာပြီးနောက် ဘီအေဘွဲ့ပေးသော အာဏာပိုင်အဖွဲ့ ဘုရင်ခံမှ အောင်လက်မှတ်ကပ်လို၍ ဆက်သွယ်ရာ 'ဘာလုပ်ဖို့တုံး၊ ငါမလိုပေါင်' ဟု အမိန့်ရှိဖူးလေသည်။

**မန္တန်ဝိဇ္ဇာ ဦးဇောတ**

ထိုရဟန်း ဦးဇောတအား ကလေးဝတစ်ဝိုက်၊ ကျော်ဇင်ရွာ လယ်လုပ်သူများ စတင် တွေ့ကြသည်။ ကျော်ဇင်ရွာအနီးရှိ ဘီလူးမတောင်၊ ၄င်းနှင့် စပ်လျက်ရှိသော သမင်တောင်ထိပ်မှတောင်အောက်သို့ တည့်တည့်မတ်မတ်ကြီး တန်ခိုးနှင့်ဆင်းလာ ကြောင်း တွေ့ကြရသည်။ ပါးစပ်တော်ထဲတွင် ပြဒါးရှင်လုံးငုံထားပြီး ဆင်းလာစဉ် နှာခေါင်း တစ်တောင်ခန့်ရှိ မိန်းမကြီးသဏ္ဌာန်တူသောပုဂ္ဂိုလ်က ဦးဇောတနှင့် ထွေးလုံးရစ်ပတ်ပြီး တောင်အောက်သို့ ဆင်းလာရာ ထိုပြဒါးရှင်လုံးကို လုယူဟန် ဖြစ်သည်ဟု လယ်လုပ်သူများက ယူဆကြသည်။ တောင်အောက်သို့ ရောက်သော အခါ နှစ်ဦးစလုံး ကွယ်ပျောက်သွားကြသည်။

ရဟန်း ဦးဇောတသည် မကြာမကြာ ထိုဒေသတစ်ဝိုက်၌ ပေါ်လာတတ်ရာ တော ကိုလည်း လမ်းမရှိဘဲ ဖြတ်နိုင်သည်။ တောင်ကိုလည်း ဖောက်နိုင်သည်။ ရေပေါ်ကို လည်း လမ်းလျှောက်သွားနိုင်သည်။ လမ်းခရီးအကြား မာတုဂါမများနှင့် ဆုံစည်း လျှင် လမ်းဘေးသို့ ခြေစုံရပ်ပြီး ရှောင်တိမ်းပေးသည်။ မာတုဂါမအုပ်ကြီးနှင့် တွေ့လျှင် လမ်းဘေးရှောင်တိမ်းပေးပြီး တောက်ခေါက်နေသည်။

ကလေးဝ တောကျောင်းဆရာတော် ငယ်စဉ်က ဘီဆန်းဆရာတော်ဘုရားကြီးထံ နေသော အချိန်၊ အနီး ရဟန်း ဦးဇောတ လာလေ့ရှိပြီး ကိုရင်ငယ်၏ ဘေးတွင် ကျိန်းစက်လေ့ရှိသည်။

နှုတ်မှ အမြဲတမ်း မန္တန်များ ရွတ်နေသည်။ ထိုသိဒ္ဓိပေါက် မန္တန်များကို ကလေးဝ တောကျောင်းဆရာတော် ငယ်စဉ်ဘဝကပင် ရလိုက်သည်။ ဖျင်ဖြူစ တစ်တောင် ခန့် ဦးဇောတ အမြဲသုံးသော မျက်နှာသုတ်ပဝါကို ကလေးဝ တောကျောင်းဆရာ တော်အား လှူဒါန်းခဲ့သည်။

ရဟန်း ၁၀ ပါးအထိ ထိုပုဂ္ဂိုလ်ထူးကြီး ကလေးတောကျောင်း ဆရာတော်ထံ မကြာမကြာ လာလေ့ရှိသည်။ စာပြုသူသည် တစ်ကြိမ်က ထိုမန္တန်ဝိဇ္ဇာကြီး ယခုရှိပါ သေးသလားဟု မေးမြန်းဖူးရာ ' ကျုပ်နဲ့ မတွေ့တာလဲ ကြာပြီ၊ အင်းတော်ကြီးဘက် ထွက်သွားသည်ဟု သတင်းစကား ဖြစ်နေသည်။

အထက်ချင်းတွင်း အင်းတော်ကြီးလား၊ ကချင်ပြည်နယ် အင်းတော်ကြီးလား၊ ကျုပ် အတပ် မပြောနိုင်ပါ။ ထူးခြားချက်က ထိုပုဂ္ဂိုလ်ကြီးထွက်သွားစဉ်က သင်းပိုင် တစ်ထည်ကို အလံ ထိုး၍ ၄င်းအလံတွင် ဇောတတဲ့၊ လောကမှာ ပြောကြတော့' ဟု ရေးသားသွားကြောင်း ကျုပ် သိရသည်' ဟု အမိန့်ရှိဖူးပါသည်။

**ဟိန္ဒူဆရာဒူးကြီး**

ရဟန်းငယ်ဘဝနှင့် မဇ္ဈိမဒေသအတွင်း ခရီးလှည့်လည်စဉ် တစ်နေ့သောအခါ ဟိန္ဒူဆရာဒူးကြီးတစ်ပါးနှင့် ဆုံမိကြရာ ဆရာတော်က " ကျုပ်လေ သက်တော် (၆၅) နှစ်မှာ ပျံလွန်တော်မူချင်တယ်။"

ကျုပ်လူ့ပြည်မှာ နေတာထက်၊ နတ်ပြည် ရောက်ပြီး ကျုပ်ကျင့်ကြံလျှင် မဂ်လမ်း ဖိုလ်လမ်းအထိ ပေါက်မယ်လို့ ကျုပ်ယုံကြည်တယ်။ ကျုပ်ကို ကြည့်ပေးစမ်းပါ။ ဆာဒူးကြီးက ပျံလွန်တော်မမူနဲ့ဦး။ မြန်မာပြည်မှာ ဘုန်းကြီးလုပ်စရာတွေ အများကြီး ရှိတယ်။

ဗုဒ္ဓသာသနာ ထွန်းကားမယ့် အရပ် (၁၃) ခု ရှိတယ်။ မှန်ပါတယ်။ ဂေါတမမြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် မဇ္ဈိမဒေသတွင် ဂေါတမသာသနာတော် တဖြည်း ဖြည်း မှေးမှိန်လာခဲ့သည်။ ဒါကြောင့် ရှေ့ကြိုတင် မြင်စွမ်းနိုင်သော ဆာဒူးကြီးက ကလေးဝတောကျောင်းဆရာတော်အား ထိုသာသနာထွန်းကားမည့် (၁၃) နေရာကို ပြောကြားခြင်း ဖြစ်သည်။

သီ-သံ-သ-ပု-အ-ဥ-မ-မြေ-သက်ရှည်-မန္တ -ကောင်း - ကောင်း - င (၁) သီ-သီဟိုဠ် (၂) သံ-သံတွဲ (၃) သ-သထုံ (၄) ပု-ပုဂံ (၅) အ-အင်းဝ (၆) ဥ-ဥသာ ပဲခူး (၇) မ - မူး မန္တလေး (၈) မြေ-မြေပုံသာ (၉) သက်ရှည်-သက်သာ ပန်းတောင်း (၁၀) မန္တ-မန္တလေး (၁၁) ကောင်း-ကောင်းတုံ (၁၂) ကောင်း - ကောင်းစင် (၁၃) င - ငဆောင်ချမ်း။

အဲဒီဟောကိန်း မမှန်ဘူးလား။ မှန်လိုက်တာမှ သွေးထွက်တာထက် မှန်သေးတယ်။ စာပြုသူ ကိုယ်တိုင် (၁၃) နေရာ စလုံးရှိ အချို့ဒေသမှ လွဲ၍ ကျန်ဒေသများတွင် ကိုယ်တိုင်ကိုယ်ကျ လိုက်လံ၍ လူအား ငွေအားဖြင့် ကူညီခဲ့သည်။ ယခု ၁၃၅၂ ခုနှစ်တိုင်လုပ်ရန် ကျန်ရှိနေသော သာသနာ့ လုပ်ငန်းများကို မိမိစွမ်းအား ရှိသ၍ အဓိဋ္ဌာန်ပြုပြီး ဆောင်ရွက်ပါမည်။

**သမထ ယာနိကအကျင့်**

ဦးရီးတော် ပထမ ကလေးဝတောကျောင်းဆရာတော် ဦးနေယျထံတွင် နေစဉ်အခါ ရဟန်ပရိသတ် လူထု ပရိသတ်များနှင့် အနေများ၍ ဦးရီးတော်က " နင်ပရိသတ် များနဲ့သာ မမွေ့လျော်နဲ့၊ ဂန္ထဓူရချည်းလည်း မလိုက်နဲ့" ဟု ဆုံးမတော်မူဖူးရာ ဆရာတော်က -

"တပည့်တော်က ဈာန်ပျံချင်တာဘုရား"ဟု ပြန်ပြောရာ "ဒါဆို နင် မဇ္ဈိမဒေသ

ကိုသွား အဲဒီမှာ သမထ ယာနိက ကျင့်ကြံ ပေါက်မြောက်နေသော ဆာဒူး၊ ဂုရု၊ ပဏ္ဍိတ်ကြီးများရှိတယ်" ရှေ့အခန်းတွင် ဖော်ပြခဲ့သော ဟိမဝန္တာတောင်ခြေ ပဠင်းဒကာရှိရာ နီပေါနိုင်ငံသို့ ထို့ကြောင့် စတင် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ဟိမဝန္တာတောတောင်အရပ်ရပ်၌ လှည့်လည်၍ ဆာဒူးကြီးများ ကျင့်ကြံသော နေရာဌာန အသီးအသီး၌ သွားရောက်၍ ကျင့်ကြံခဲ့စဉ် ဂူကြီးတစ်ဂူ ဌာနတစ်ခု တည်းမှာ ဆာဒူးကြီးတစ်ပါးနှင့် ဆုံစည်းခဲ့ဖူးသည်။ ဂူပေါက်ဝမှာ သာမန်လူ တစ်ကိုယ် မဝင်လောက်ပါ။

ကျင့်ကြံ၍ မိမိကိုယ်ကို သေးငယ်အောင် ဖန်တီးနိုင်မှ ဝင်နိုင်ပါသည်။ ထိုဆာဒူးကြီး သည် ဂူပေါက်ဝသို့ လာလိုက်၊ ကိုယ်နှင့် ချိန်ကြည့်လိုက်၊ အကျင့်လိုသေးလျှင် ပြန်သွားလိုက်နှင့် အကြိမ်ကြိမ် လာရောက်စမ်းသပ်ပါသည်။ ဆရာတော်နှင့် နောက်ဆုံးအကြိမ် တွေ့သောအခါ လိုအပ်သော သိဒ္ဓိပေါက်သွားပြီ ဖြစ်၍ ရှောရှောရှူရှူ ဝင်နိုင်သွားပါတော့သည်။ ဂူကြီး၏ အောက်ပိုင်းတွင် ထာဝစဉ် မီး ပူဇော်ထားသော မီးတောက်ရှိသည်။ ထိုမီးတောက်၏ ဘေးတွင် ကျင့်ကြံနေဆဲ ဆာဒူးများနှင့် အရိုးစုများကို ဆရာတော်မြင်ရသည်။

၎င်းဂူပေါက်ထဲ ဝင်မိ၍ မီးကို မပြတ်လုပ်ကျွေးရလျှင် မအို၊ ပနာ၊ မသေသော ဖြဟ္မာ ပြည်သို့ ရောက်နိုင်သည် ဆိုသော အယူဝါဒ ရှိဟန်တူပါသည်။ ၎င်းဆာဒူး သည် မည်သည့်အခါမှ ပြန်မထွက်တော့ပါ။ ထွက်ရန်လည်း သာမန်အားဖြင့် မဖြစ်နိုင်တော့ပါ။ ဆရာတော်သည် သမာဓိလုပ်ငန်းနှင့် ပတ်သက်၍ ၎င်းဆာဒူးကြီး များ၏ ကျင့်ကြံပုံကို လက်တွေ့ရရှိခဲ့သည်။ ၎င်းဆာဒူးကြီးများ အဓိဋ္ဌာန်ဝင်၍ ကျင့်ကြံနေလျှင် စားမှုသောက်မှု နေမှုထိုင်မှုဟု ဆိုအပ်သော ကာယိကဒုက္ခများ အေးငြိမ်းနေကြောင်း တွေ့ခဲ့ရသည်။

ထို့ကြောင့် ဆရာတော်သည် ရဟန်းငယ်ဘဝကပင် ထိုလမ်းစဉ်နှင့် ပတ်သက်၍ ပေါက် ရောက်ခဲ့ကြောင်းကို ဆာဒူးကြီးတစ်ဦး၏ မှတ်ချက်မှာ " ဒီဘုန်းကြီး သမာဓိ ကောင်းသည်" ဟု ချီးကျူးကြ၏။

**သမထပေါက် ဆုထူးပန် ဦးအောင်ချမ်းသာအကြောင်း**

နာဂလိုဏ်ဂူဘုရား ဖြစ်ပေါ်လာပုံအကျဉ်းမှာ မြန်မာအဆွေသူဌေးကြီး ဦးဘညွန့်၏ (၉) မိုင်၊ အေဝမ်းခြံတွင်နေထိုင်သော လူသူတော်သိဒ္ဓိရှင်ကြီး အဖေကြီး ဦးအောင်ချမ်းသာသည် ထိုကုန်းမှ အလင်းရောင်ကွန်မြူးသကဲ့သို့ (၇) ရက်တိုင်တိုင် မြင်ရရာ သူဌေးကြီးအား ပြသပြောဆိုလေသည်။

သူဌေးကြီးသည် ထိုကုန်းကို ရှင်းလင်းသောအခါ သစ်ပင်ချုံနွယ်တွေ ပိတ်ဖုံးနေသော ရှေးဘုရားပျက်ကြီးကို တွေ့ကြလေသည်။ တူးဖော်ကြည့်ရာ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ၊ ကြေးသတ္တုဖြင့် ပြုလုပ်ထားသော ရှေးပစ္စည်းအမျိုးမျိုး၊ ဂဝံကျောက်နှင့် ပြုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များ တွေ့ကြရသည်။ ရှေးဟောင်းသုတေသနဌာန၊ ကျောက်စာဝန်၊ ကောလိပ်ကျောင်း အရှေ့တိုင်းရာဇဝင်ပါမောက္ခများ၊ ပဲခူးတိုင်းမင်းကြီး၊ အင်ဂျင်နီယာများနှင့် တိုင်ပင် ဆွေးနွေးကြပြီး ပုဂံခေတ်ထက် နောက်မကျသော စေတီဖြစ်ကြောင်း တညီတညွတ်တည်း ယူဆကြသောကြောင့် ဦးအောင်ချမ်းသာနှင့် သူဌေးကြီးတို့ ဘုရားတည်ရန် လိုအပ်သော အုတ်၊ သဲ၊ ကျောက် စသည်တို့ စတင်ချကြသည်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ ကူးစက်လာ၍ ထိုအကြံအစည်များ မအောင်ခဲ့ချေ။ ဦးအောင်ချမ်းသာ၏ နိမိတ်ဖတ်သော စကားများမှာ ' ဒီဘုရားတို့ တည်ဖို့ မဟုတ်ဘူး၊ တည်လည်းပြီးမှာ မဟုတ်ဘူး၊ အရှေ့မြောက်အရပ်က ကုလားသော်လည်းကောင်း၊ က၊ လ အက္ခရာပါတဲ့ ဘုန်းတော်ကြီးသော်လည်းကောင်း၊ ရသေ့သော်လည်းကောင်း၊ လူသော်လည်းကောင်း လာလိမ့်မယ်။ အဲဒီပုဂ္ဂိုလ်တည်လျှင် ဘုရားပြီးလိမ့်မယ်၊ ဘုရားတည်ပြီးရင် ဘုရားထီးရိပ်အောက်မှာ မြို့ကြီးဖြစ်လိမ့်မယ်'၊ အဲဒီအချိန်အတောအတွင်း အေဝမ်းမိသားစုများက ပဲခူးခရိုင် မင်းရွာမှ သစ္စာဝါဒီ ရသေ့ကြီးအားပင့်ဖိတ်၍ ထိုကုန်းတစ်နေရာတွင်ထားပြီး ဆည်းကပ်ကိုးကွယ်ခဲ့သည်။ ဘုရားတည်ရန် အုတ်ချပ်ရေ (၃) သိန်းကျော်ပင် ထပ်မံချထားသည်။

ထိုအချိန်အခါလောက်တွင် ကလေးဝ တောကျောင်းဆရာတော်သည် အိန္ဒိယပြည်မှ မြန်မာနိုင်ငံသို့ ပြန်ကြွလာသောအချိန်ဖြစ်သည်။ ကျန်းမာရေး မပြည့်စုံသဖြင့် မရဝါရီ ဘာဘူကြီးတစ်ဦးဖြစ်သူ (၂၉)လမ်းနေ ဘာဘူက သူ၏ (၃)ထပ်တိုက်ကြီးကို အလှူခံ၍ နေထိုင်ရန် ပေးအပ်လေသည်။

မြို့ရွာထဲတွင် ကြာရှည်စွာ သီတင်းသုံးလိုစိတ် မရှိသောကြောင့် သင့်တော်မည့် ဆိတ်ငြိမ်ရာအရပ်ကိုရှာဖွေရင်း နာဂလိုဏ်ဂူကုန်းသို့ ရောက်ရှိရန် အဆက်အသွယ် ရရှိခဲ့သည်။
တူတော် ဦးပဏ္ဍိတနှင့် ထိုကုန်းသို့ လာရောက်သီတင်းသုံးနေရာ သစ္စာဝါဒီ ရသေ့ကြီးထံသို့ သွားရောက်တွေ့ဆုံရန် ဆရာတော်ညွှန်ကြားသောကြောင့် သွားရောက် တွေ့ဆုံသည်။ ရသေ့ကြီးက 'အရှင်ဘုရားများ ဘယ်ကကြွ လာပါသလဲ' ဟု မေးရာ 'ကျုပ်တို့ ကလေးဝမှ ကြွလာကြောင်း' ပြောရာ "သိပ် နိမိတ်ကောင်း

တယ်၊ ကျုပ်ကျောင်းပေါ်တော့ တောကျိုး တစ်ကောင် 'ကဝ--ကဝ' အော်မြည်၍ နံနက်အရုဏ်တက်ချိန် အရှေ့အရပ်မှ ပျံသွားတယ်၊ ဒါ နိမိတ်ပဲ၊ မှန်ပြီ၊ အရှင်ဘုရား များ သီတင်းသုံးပေတော့" သည်လိုနဲ့ ယာယီတဲကျောင်းကလေး ဆောက်ပြီး မြယာ ပင်ကလေးများအောက်တွင် ကမ္ဗဋ္ဌာန်းရှုမှတ်နေသော တစ်ချိန်ဝယ် အမျိုးသမီး (၇) ဖော် ဆရာတော်ဆီသို့ လာရောက်ကြသည်။ ဒီကုန်းတွင် မည်သည့် လူမှမရှိသဖြင့် ဆရာတော်၏စိတ်တွင် စနိုးစနောင့်ကြီး ဖြစ်သွားသည်။

'အရှင်ဘုရား ဘုရားတည်လျှင် ဤအချောင်းကလေးများဖြင့် ပန္နက်ရိုက်ပေးပါ ဘုရား၊ မနက်ဖြန် ခါ တပည့်တော်တို့၏ အဘိုးလာပါလိမ့်မယ် ဘုရား"။

နောက်တစ်နေ့တွင် အဘိုးကြီးတစ်ယောက် လာရောက်ဖူးမြော်ရင်း ယမန်နေ့က ၄င်း၏ သမီးများ ဘုရားပန္နက်ရိုက်ရန် ပစ္စည်းများ အလှူခိုင်းလိုက်ကြောင်း၊ ထို ပစ္စည်းများနှင့် ပန္နက်ရိုက်ပြီးသောအခါ ၄င်းတို့အား အမျှပေးဝေရန် လျှောက် ထားသွားပါသည်။

ရွံ့များပေကျံနေသော ပစ္စည်းများကို ဆရာတော်ဆေးကြောပြီး ကြည့်ရာ ဖဲထီး သံချောင်း အရွယ်ကလေး တစ်မိုက်ခန့်လောက် ရွှေ (၃၂) ချောင်းနှင့် ငွေ (၃၂) ချောင်းဖြစ်၍ ချိန်တွယ် ကြည့်ရာ ရွှေချိန် (၁၃)ကျပ် (၃) မူး ရှိသည်။

၁၉၅၆ ၁၃၁၈ ခု၊ တန်ဆောင်မုန်းလပြည့်၊ စနေနေ့ (၁၉၅၆ ခု၊ နိုဝင်ဘာလ ၁၇ ရက်) ညဉ့် ၁၁ နာရီ ၄၀ မိနစ်တွင် အောင်မြင်စွာ ပန္နက်ချပြီး (၃) လ အတွင်း အပြီးတည် သည်။

ထိုနှစ် တပေါင်းလတွင် ထီးတော်တင် မင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပပေးလိုက် သည်။ ထို့ကြောင့်ပင် ဒုတိယကလေးဝ တောကျောင်းဆရာတော်အား နာဂလိုဏ်ဂူ ကလေးဝတောကျောင်းဆရာတော်ဟု အမည်နာမ ပညတ်ပြီး ခေါ်ဝေါ်ကြလျက် တစ်စတစ်စ ကျော်ကြားလာပါတော့သည်။

**အောင်သိဒ္ဓိစေတီတော်အောက်ရှိ ဂူအတွင်း သွတ်သွင်းခြင်း**

ကျွန်ုပ်သည် (၁၃၄၈) ခု၊ တပို့တွဲလပြည့်ကျော် (၁) ရက်၊ စနေနေ့၊ (၁၄-၂-၈၇) နံနက် (၉) နာရီ (၁၅) မိနစ်အချိန်တွင် ဂူသွင်းရန် စီမံခဲ့သည်။ ကျွန်ုပ်၏ ဘုရားခန်း တွင် ထိုနေ့အရုဏ်၌ အောက်ပါ အဓိဋ္ဌာန်ကို ပြုပါသည်။

"ငါသည် အဘိုးဘုရားပြီးမြောက် အောင်မြင်မည့် ဂူအတွင်းသို့ မည်သည့် အနှောင့် အယှက် အဖျက်အဆီးမဆို ကျော်လွှား၍ ရုပ်ကလာပ်တော် သွင်းနိုင်ပါစေသား။ အကယ်၍များ အဖျက်အဆီး ပေါ်ခဲ့သော် အသက်နှင့်လဲ၍ ပြီးမြောက်အောင် သွင်းနိုင်ပါစေသား။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ အပေါင်းနှင့် ဇားမဲ့ဆရာ

တော်ဘုရားကြီးနှင့် ဝိဇ္ဇာမိုရ်အပေါင်း ကြည့်ရှုစောင်မကြပါစေသား" ပြီးလျှင် လွန်ခဲ့သော (၂၅) နှစ်ခန့်က ဝတ်ဖြူစင်ကြယ်အစုံကို ဝတ်ပြီးလျှင် နံနက် (၇) နာရီတွင် ချိန်းဆိုထားသော ပန်းရံကိုဇော်ဝင်းတို့အဖွဲ့အား ယာယီ ပိတ်ထားသော ဂူပေါက်ကို အဖွင့်ခိုင်းပါသည်။ မန္တလေး ဒဂုံဆရာတော် ဦးပဏ္ဍိတ၊ မဟာကြီး ဆရာတော် ဦးဝရ၊ ရွှေဂူလေး ဆရာတော် ဦးဂန္ဓ၊ တိုက်အုပ်ဆရာတော် ဦးဇာဂရ တို့နှင့် ဒကာ၊ ဒကာမ အရင်းများ ရောက်လာကြသည်။

ကျောင်းပေါ်တွင် နံနက် (၈) နာရီကျော်မှစ၍ ကျောင်းရှိ သံဃာတော်များက နောက်ဆုံးအနေနှင့် ပစ္ဆိမဝန္ဒနာ ပူဇော်ကြသည်။ ထို့နောက် ဒုတိယ မဟာသံဃ နာယက ဆရာတော်ကြီးနှင့်အဖွဲ့ဝင်များ၊ ဗုဒ္ဓတက္ကသိုလ် နာယကနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘုရားကြီးကျောင်းမှ သံဃာတော် (၁၅) ပါး ကြွတော် မူကြသည်။ မုံရွာ ဇောင်ကြမ်းပင် ကျောင်းဆရာတော်က ကလေးဝတောကျောင်း ဆရာတော်၏ အမှတ်စာတမ်းမှ စာပိုဒ်အချို့ကို ပရိသတ်အား ဖတ်ပြပြီးလျှင် "အသက်မပျောက်ပါ" ဆိုသောအပိုဒ်ကို လေးလေးနက်နက် ထပ်မံ ဖတ်ပြသည်။ ကျွန်ုပ်က ဝိဇ္ဇာရှစ်သောင်းရသေ့အပေါင်းအား ပင့်ဖိတ်သည်။ ဓမ္မာစရိယ ဦးကျော်လွင် က ရှစ်ချက်ဂါထာနှင့် အခြားအောင်ဂါထာများဖြင့် ရွတ်ဆို ပူဇော်သည်။ ကိုးနာရီ ထိုးကာနီးတွင် ရုပ်ကလာပ်တော်ကြီးကို စံကျောင်းတော်မှ ရတနာ့ရွှေဂူ အောင်သိဒ္ဓိ ဘုရားသို့ သံဃာတော်များ ပခုံးပေါ်တွင် ထမ်း၍ ပင့်ဆောင်ကြသည်။ ကျွန်ုပ်က ဆရာတော်ကြီး နှစ်သက်သော ရွှေသပိတ်ကြီးကို ရွှေကလပ်ခံ၍ ရှေ့ဆုံးမှ ဆရာ တော်ကြီး၏ နှစ်သက်တော်မူသော မန္တန်များဖြင့် ရွတ်ဆိုပူဇော်သည်။
၉ နာရီ ၁၀ မိနစ်တွင် ဦးကျော်လွင်က အောင်ဂါထာများကို ပရိသတ်များ ရွတ်ဆိုရန် ချပေးသည်။ ၉ နာရီ ၁၅ မိနစ်တိတိအချိန်တွင် ရုပ်ကလာပ်ခေါင်းကို ဂူအတွင်း သို့သွင်းပြီး ပန်းရံအဖွဲ့က အုတ်အင်္ဂတေအထပ်ထပ်ဖြင့် ခိုင်လုံစွာပိတ်ကြသည်။ စိတ်မထိန်းနိုင်သော ဒကာ၊ ဒကာမများက နောက်ဆုံး ငိုပွဲကြီး ဆင်ကြသည်။ ကျွန်ုပ်အနေနှင့် ဆရာတော်ကြီး ခိုင်းစေခဲ့သော ကိစ္စအဝဝ အောင်မြင်စွာ ပြီးဆုံး ၍ " ငါ၏ အဓိဋ္ဌာန်အောင်သွားပြီ"ဟု (ဟင်း) တစ်ချက်ချပြီးလျှင် ဂူပေါက်ဝကို နောက်ဆုံးကြည့်ခြင်းဖြင့် ပူဇော်ကန်တော့ပြီးလျှင် မည်သူ့အားမှ နှုတ်ခွန်းဆက် ခြင်း မပြုဘဲ ကျောင်းဝင်းမှ ထွက်ခွာသွားပါတော့သည်ဟု ဦးစန်းမောင်က ပြန်လည် ပြောကြားခဲ့ပါသည်။

## တစ်လေးလုံးဆရာတော် ဦးခန္တာဓောတိ၊ ပထမ ဘိုးဘိုးအောင်နှင့် ဦးကောဏ္ဍညတို့ကိုယ်တိုင် ဦးဝိဇ္ဇာဇလဟု အမည်တော်ပေးခဲ့သော ရတနာမာရ်အောင်တောရ ကမ္ဘာ့ရွှေရင်အေးဆရာတော် ရွှေဖျိုင်းနားဆရာတော်
(၁၉၀၅- ၂၀၀၅)

(၁၃၆၈) ခုနှစ် ဝါဆိုလပြည့်ကျော် (၃) ရက်နေ့တွင် ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၏ သက်တော် (၁၀၀) ပြည့်မွေးနေ့ကျင်းပမည်ဖြစ်သဖြင့် ယနေ့တိုင် သက်ရှိထင်ရှားရှိနေသေးသော သက်တော်ရှည်ဆရာတော်ကြီးဖြစ်သဖြင့် ကြားရသူအပေါင်းတို့က အံ့သြကြပါသည်။ ထိုအံ့သြသူများထဲတွင် ကျွန်တော်လည်း ပါပါသည်။ သို့သော်လည်း ဆရာတော်ကြီးမှာ ရာပြည့်မတိုင်မီရက် အနည်းငယ်အလိုတွင် ဆရာတော်ကြီးမှာ ခန္ဓာဝန်ချတော်မူခဲ့သဖြင့် မဟာထေရုပ္ပတ္တိပြုစုသူ ကျွန်ုပ်တို့မှာ ဝမ်းနည်းစရာများနှင့် တွေ့ကြုံခဲ့ရပါသည်။ ဆရာတော်ကြီး ခန္ဓာဝန်မချမီရက်ပိုင်း အလိုမှာပင် ကျွန်ုပ်တို့တစ်စုသည် ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့် မဟာထေရုပ္ပတ္တိရုပ်ပုံလွှာစာအုပ်ကိုလည်းကောင်း၊ တစ်ပြိုင်တည်းမှာပင် ရာပြည့်သာသနာ့ မော်ကွန်းရုပ်ရှင်တော်ကြီးကို လည်းကောင်း၊ ဆရာတော်ကြီးထံမှာ လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ခွင့်ပြုပါသည်။ မောင်ပန်းမွေး ခေတ်မီတယ်ဟူ၍ပင် နှုတ်တော်မှ ဖွင့်ဟမိန့်တော်မူခဲ့သဖြင့် ကျွန်ုပ်တို့တစ်စုမှာ ဝမ်းသာခဲ့ရပါသည်။ ဆရာတော်ကြီးထံမှ ခွင့်ရလျှင်ရချင်း သာသနာ့ မော်ကွန်းတင် ရုပ်ရှင်တော်ကြီးကို အမြန်စတင် ရိုက်ကူးခဲ့ပါသည်။ ဒါရိုက်တာ စိုးဟိန်း (မန်းတက္ကသိုလ်)က ဦးစီးပြီး သက်ဆိုင်ရာဒေသများသို့ သွားရောက်ပြီး ဒေသခံပုဂ္ဂိုလ်များ၏ အကူအညီဖြင့် မော်ကွန်းတင် ရိုက်ကူးခဲ့ပါသည်။ ရိုက်ကူးပြီးစီးသည့်အချိန်အထိ ဆရာတော်ကြီးအား သွားရောက် ဖူးမြော်လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးကိုယ်တော်တိုင် သိတော်မူခဲ့ပါသည်။ တိုက်အုပ်ဆရာတော်ကြီးလည်း သိပါသည်။ တိုက်ကြပ်ဆရာတော်ကြီးလည်း သိပါသည်။ ထိုသို့အဆင်ပြေအောင်လည်း ဂန္ဓမာလာဦးခင်လတ်နှင့် ဓမ္မမိတ်ဆွေ တစ်စုတို့က ဆောင်ရွက်ပေးခဲ့ပါသည်။ စီစဉ်တည်းဖြတ်နေဆဲမှာပင် ဆရာတော်ကြီး ခန္ဓာဝန်ချခဲ့ပါသည်။ ထို့ကြောင့် စိတ်မကောင်းစွာနှင့်ပင် ခန္ဓာဝန်ချသည့်နေရာအထိ လိုက်လံဖြည့်စွက် ရိုက်ကူးခဲ့ရပါသည်။ ၎င်းနောက် ဆရာတော်ကြီး သက်တော် ထင်ရှားရှိစဉ်ကပင် ခွင့်ပြုတော်မူခဲ့သည့်အတိုင်း ဆရာတော်ကြီး၏



ကမ္ဘာ့ရွှေရင်အေးဆရာတော်၏ ဆရာဖြစ်တော်မူသည့် စန္ဒာဓောတိမဏိရတနာ
ဝိပဿနာစာမသာရမှော်စင်ကိုဏ်း၊ တစ်ခွဲလုံး ဆရာတော်ဘုရားကြီး ဦးစန္ဒာဓောတိ




ရွှေဗျိုင်းနားဆရာတော် တရားဟောစဉ်က
လိပ်ပြာကြီးတစ်ကောင် အကြာကြီးလာနားခဲ့ပါသည်။



ရွှေမျိုင်းနားဆရာတော် သက်တော် (၇၅) နှစ်အရွယ်တွင် ရိုက်ကူးထားသောပုံ။
လက်မနှင့်လက်ညှိုး အနေအထားကို သတိထား၍ ကြည့်ရှုသင့်ပါသည်။




ရတနာမာရ်အောင်တောရဆရာတော် ဦးဝိဇ္ဇာဗလကို ရွှေဗျိုင်းနားစဉ်က ရိုက်ကူးထားသောပုံ။
ရွှေဗျိုင်းနားသောကြောင့် ရွှေဗျိုင်းနားဆရာတော်ဟု အကျော်တစော ရှိခဲ့ပါသည်။



ရွှေပိုင်းနားဆရာတော် ဦးဝိစာရမလာ၏ ထူးခြားသော လက်ကိုဟာန်ကြရှေ့နောက်ကားကို
ဓာရာစွာ ကြည့်ရှုလေ့လာနိုင်ပါသည်။



အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္မဋ္ဌာနာစရိယ ဦးဝိဇ္ဇာဗလ
ကမ္ဘာ့ရွှေရင်အေး ရွှေဗျိုင်းနားဆရာတော်ကြီး၊ ရတနာမာရ်အောင်တောရ၊ ပြည်မြို့။



ရွှေမှုံင်းနားဆရာတော် တရားအားထုတ်စဉ်က မြွေကြီးတစ်ကောင် ရစ်ပတ်ခဲ့မှု
အကောင်ဖြစ်ခဲ့မှုကို ဆရာတော်မိန့်ကြားသဖြင့် ပန်းချီဆရာက ရေးဆွဲပြခဲ့ပြီးပါသည်။
ထိုပန်းချီကားများကို ပြည်ပြ၊ ရတနာမှာရှိအောင်စေတာရကျောင်းတွင် ယခုတိုင်
တွေ့မြင်နိုင်ပါသေးသည်။ (၁၉၂၃) ခုနှစ်က ဖြစ်ရပ်ဆန်း ဖြစ်၏။ ပုဆိုးဖြူစတောင်တွင်
တရားကျင့်စဉ်က ဖြစ်၏။




ဦးဝိစ္စာဗလ ယော်စဉ်က ဆားဒူးကြီးများနှင့် တရားထိုင် ဖြိုင်ကြစဉ်က ပုံကို ဆရာတော်
အမိန့်ရှိသဖြင့် ပန်းချီဆရာက ရေးဆွဲခဲ့ပါသည်။



(၁၉၃၈) ခုနှစ်တွင် ရတနာမာရ်အောင်တောရကျောင်းတိုက် တည်မည့်နေရာသို့ ရောက်ရှိလာသောအခါ အောင်မြေနေရာတွင် ဂျီက လိုက်သဖြင့် ခွေး (၂) ကောင် ထွက်ပြေးခဲ့ကြောင်း သိရှိရသည်။ ထိုနေရာတွင် အဘဘိုးဘိုးအောင်ကိုယ်တိုင် ရတနာမာရ်အောင်တောရ ဟူသော စာသားကို ဆိုင်းဘုတ်တင် လက်ရေးဖြင့် ဖြည့်စွက်သွားကြောင်း ဆရာတော် အမိန့်ရှိသဖြင့် သိခဲ့ရပါသည်။



မယ်ဒက်တောရဘက်သို့ အသွား တရေးအားထုတ်ရာတွင် ပိတုန်ရွာအနီး၌ ပြိတ္တာကြီးတစ်ကောင် နှောင့်ယှက်သည်ကို ပဋ္ဌာန်းအနုလုံပဋိလုံ ဆင်ခြင်၍ အောင်မြင်ခဲ့ပုံကို ပန်းချီကားတွင် မှတ်တမ်းတင်ထားသည်ကို ဖတ်ရှုခဲ့ရပါသည်။



[illegible]



ဆန္ဒအရ ရာပြည့်ပွဲတော်ကြီးအမှီ သာသနာ့ မော်ကွန်းရုပ်ရှင်ကို ရာပြည့်ပွဲလာ ပရိသတ်အပေါင်းတို့ ကြည့်ရှုနိုင်ရန် စီစဉ်ရပါသည်။ တစ်ပြိုင်တည်းမှာပင် ယခင်က စီမံထားသည့်အတိုင်း ရာပြည့်ရုပ်ပုံလွှာကိုလည်း ပုံနှိပ်ထုတ်ဝေရန် စီစဉ်ရပါသည်။

**တက္ကသိုလ်ဆရာပေါက်စဘဝက**

ဆရာတော်ကြီးကို ကျွန်တော်စတင် ဖူးတွေ့ရသောအခါက ဆရာတော်သည် သက်တော် ၅၀ ကျော်မျှသာ ရှိပါ သေးသည်။ ၁၉၆၇ ခုနှစ်ကဖြစ်သဖြင့် ကျွန်တော် သည် ပုသိမ်ကောလိပ်အသစ် တည်ထောင်ပြီးစ ကာလကတည်းက မြန်မာစာဌာန တွင် မြန်မာစာဆရာဖြစ်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ ရောက်လာစ ကာလဖြစ်ပါသည်။ ထိုကာလမတိုင်မီ ပုသိမ်ကောလိပ် မြန်မာစာ ဌာနတွင် မြန်မာစာဆရာလုပ်ခဲ့ရာ ၁၉၆၁-၆၂ မှ ၁၉၆၇ ကာလတိုင်တိုင် ဖြစ်လေ သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့လာခဲ့ရာ ထိုကာလက ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ပြေး၍ စာသင်လိုက်၊ ပညာရေးတက္ကသိုလ်သို့ ပြေး၍ စာသင်လိုက်နှင့် တက္ကသိုလ် ဆရာပေါက်စဆိုလား (သို့တည်းမဟုတ်) တက္ကသိုလ်ဆရာကြီးဆိုလား ဖြစ်နေပါပြီ။

**ဆရာ့ထက်တော်သောတပည့်များ**

ထိုစဉ်ကာလက မြန်မာစာကျောင်းသား ကိုအောင်မြင့်ဆိုသူနှင့် သိရပါသည်။ ကိုအောင်မြင့်သည် ကျောင်းသား ဖြစ်သည်။ ကျွန်တော်သည် ဆရာဖြစ်သည်၊ သို့သော် သူသည် ကျွန်တော့်ထက်ပို၍ ဘဝစုံသည်။ ရန်ကုန်လောကအကြောင်း ပိုသိသည်။ သူသည် လောကဓံကို ရေဆန်၍ ကူးခတ်ခဲ့သူဖြစ်သည်။
ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ် တက္ကသိုလ်ဆရာပေါက်စ ဖြစ်လာသဖြင့် သူလောက် ရန်ကုန်လောက၊ စာပေလောကကို မသိ၊ ထိုစဉ်ကာလ သူကပင် ကျွန်တော်ကို ခေါ်သွား၍ ရန်ကုန် ပုဇွန်တောင် စက်ာပူကျောင်းတိုက်တွင် ရတနာ မာရ်အောင်ဆရာတော်ကို ဖူးတွေ့ခဲ့ရသည်။
ထိုစဉ်က ဆရာတော်ကြီးသည် ဖျာပုံမှ ပြန်ကြွကာစဖြစ်၏။ ထို့ကြောင့် ဖျာပုံက လိပ်ဥကုန်းဘုရား အကြောင်းကိုလည်းကောင်း၊ မငေးကြီး ဆရာတော်အကြောင်း ကိုလည်းကောင်း၊ တပည့် ပရိသတ်အပေါင်း ပြောဆိုနေသံကို ကျွန်တော် ကြားရပါ သည်။
ကျွန်တော်သည် ဘာသာရေးဗဟုသုတနည်းသဖြင့် ကိုအောင်မြင့်ကို မေးရပါသည်။ ကိုအောင်မြင့်သည် တက္ကသိုလ်ကျောင်းသား မောင်ဌေးအောင်၏ကောင်းမှုကြောင့် ရတနာ မာရ်အောင်ဆရာတော်၏ အကြောင်းကို အံ့ဖွယ်ကြည်ညိုဖွယ် ပြောကြား

၍သိရပါသည်။ ထိုစဉ်ကဆရာတော်သည် သက်တော် (၅၈) နှစ် အရွယ်တော် ဖြစ်ပါသည်။

**ရွှေဘုံသာက အကြားအမြင်ဗေဒင် ဒေါ်ရင်နွဲ့**

ရန်ကုန်မြို့ ရွှေဘုံသာလမ်း အမှတ် ၃၅၆ တွင် ဒေါ်ရင်နွဲ့ဆိုသူ တစ်ဦးရှိ၏။ သူသည် ရတနာမာရ်အောင်ဆရာတော်ဘုရားနှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းသူ တစ်ဦးလည်း ဖြစ်၏။ တပည့်မ တစ်ဦးလည်း ဖြစ်၏။ ရွှေဘုံသာလမ်း၊ အမှတ် ၃၅၆ တွင်နေသည်ဟု ကျွန်တော်ကောင်းစွာ မှတ်မိပါသည်။ ထိုအကြားအမြင် ဝံ့ဟာသော ဒေါ်ရင်နွဲ့နှင့် တွေ့သောအခါ ရတနာမာရ်အောင်ဆရာတော်က သိဒ္ဓိ ချိုးမြှင့်လိုက်သဖြင့် သူသည် ရှေးယခင်က ဘာမှမတတ်ဘဲ၊ ယခုအခါ အလိုလို ဟောတတ်လာသည်ဟု ဒေါ်ရင်နွဲ့ ကိုယ်တိုင်ပြောပြသဖြင့် တအံ့တသြ ဖြစ်ရပါသည်။ သြော် - ဒီလို ကိစ္စမျိုးလည်းရှိပေသကိုးဟု ဗဟုသုတအသစ်များ ရရှိပါသည်။

**ပုဂ္ဂိုလ်ထူး ဆရာတော်**

ထိုစဉ်ကာလ အာတီးယားလမ်းတွင် ရတနာမာရ်အောင်ဆရာတော်ကို ကိုးကွယ်သည်ဆိုသော ပုဂ္ဂိုလ်ထူးတို့ကို တွေ့ရပါသေးသည်။ သူတို့မှာ ဦးစိန်မောင် ဒေါ်လှလှဆိုသူတို့ ဖြစ်ကြပါသည်။ ရန်ကုန်မြို့၊ ကမာရွတ်၊ အာတီးယားလမ်းတွင် နေထိုင်ကြပါသည်။ ခြံအမှတ် ၄၆ ဟု မှတ်မိနေပါသေးသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအာတီးယားလမ်းထဲတွင်နေသော ဦးဖေကြည်၊ ဒေါ်စောတင် ဆိုသော ပုဂ္ဂိုလ်များကို အကြောင်းပြု၍ ဖြစ်ပါသည်။ သူတို့သည် အာတီးယားလမ်းတွင်ပင်နေကြ၏။ ခြံအမှတ် ၃၁ ဖြစ်၏။ ထို့ကြောင့် ဆက်စပ်လျက် မှတ်မိနေခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်တို့၏ ပြောကြားချက်အရ ကိုယ်တွေ့များဖြစ်သဖြင့် ယုံစရာဖြစ်၍ ယုံခဲ့ပါသည်။ ကြည်ညိုစရာ ဖြစ်၍ ကြည်ညိုခဲ့ပါသည်။

**ကိုယ့်ကိုယ်ကိုယ် ရှက်တတ်ခြင်း**

ထိုစဉ်က ကျွန်တော်တို့သည် ဒေါ်ခင်မျိုးချစ်၏ ဝတ္ထုများကို ဖတ်ခဲ့ဖူး၍ မျိုးချစ်ဟူသော စကားကို နှစ်သက်သောကာလဖြစ်၏။ ပုလိပ်အရာရှိတစ်ဦး၏ နာမည်ကျော် ကိုယ်တွေ့စုံထောက်မှုကြီးကို ဖတ်ဖူး၍ ကိုယ်တွေ့မှ ယုံသည်ဟု ပြောတတ်ကာစဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဆရာဇော်ဂျီ အမည်ခံ ဆရာကြီး ဦးသိန်းဟန်နှင့်လည်း နေ့တိုင်းလိုလို တွေ့ကြုံ စကားပြော၊ တပည့်ခံဖူးသူဖြစ်သဖြင့် ပလေတို နိဒါန်းတွေဖတ်၊ ဆော့ခရတ္တိ အတွေးအခေါ်တွေ ဖတ်နှင့်

ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီးယောင်ယောင်၊ ဘာယောင်ယောင်ကာလဖြစ်၏၊ ရတနာမာရ်အောင်ဆရာတော်ကြီးအကြောင်း ကိုယ်တွေ့ဖြစ်ရပ်များကြားရမှ ကိုယ့်ကိုယ်ကိုယ် ဘာမှမဟုတ်မှန်း ရှက်တတ်လာကာစ ကာလဖြစ်၏။

**စိန်ခင်မောင်ရီနှင့် ဒေါင်းနွယ်ဆွေနှင့် ဖြူ နီ ညို ပြာ**

ထိုကာလတွင် စိန်ခင်မောင်ရီဆိုသူ စာရေးဆရာကြီးကလည်း လှည်းတန်းကုန်းကြီးအောက် ရထားလမ်းအနီးတွင် ဖြူ နီ ညို ပြာ မဂ္ဂဇင်းကြီးကို ထုတ်စဖြစ်၏။ ထိုကာလက ကျွန်တော်သည် တက္ကသိုလ်ဆရာပေါက်စ၊ ကဗျာဆရာပေါက်စ၊ ဉခွံမှပေါက်ကာစဖြစ်သဖြင့် လောကကြီးကို အကြီးကြီးမြင်၍ အံ့သြသည့်အခါ အံ့သြ၊ ကြောက်သည့်အခါ ကြောက်၊ မကြောက်သည့် အခါမကြောက်၊ မျက်ကန်းတစ္ဆေ မကြောက်ဖြစ်၍ မြန်မာ့စွယ်စုံကျမ်း၏ အမှားဟူသော ဆောင်းပါးတစ်ပုဒ်ကို မကြောက်မရွံ့ရေးလိုက်ရာ ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေနှင့် စိန်ခင်မောင်ရီတို့က မြေတောင်မြှောက်အားပေးကြ၏။

**နေလို လလို တစ်ခုသောပန်းဥယျာဉ်**

နေလို လလို ကဗျာစာအုပ်များ၊ တစ်ခုသောပန်းဥယျာဉ် ကဗျာစာအုပ်များ ထုတ်ဝေကာစ ကာလဖြစ်၏။ ရောင်းလို့ကောင်းလိုက်သည်မှာမပြောနှင့်တော့။ အလကားပေး၍ လက်ဆောင်ဝေငှလိုက်ရသည်မှာ မရေမတွက်နိုင်။ ထိုစဉ်ကာလက မောင်ပန်းမွေးသည် ဘန်ကောက်လုံချည်နှင့်၊ မြောက်ပြင်ပုဆိုးနှင့် အတက်ချီကွေ့စ်နှင့် အမောက်ထောင်စ ကာလဖြစ်၏။ ထိုစဉ်ကာလ ရတနာမာရ်အောင် ဆရာတော် ဘုရားအကြောင်းကိုလည်းကောင်း၊ သဲအင်းဂူဆရာတော်အကြောင်းကိုလည်းကောင်း၊ ကြား၍ ကြား၍နေရသောအခါ ရှိသမျှမာန်စွယ်ကလေး အကုန်ကျိုးရပေတော့သည်။ ထိုမျှလောက်ပင် ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများတို့၏သတင်းက ကျွန်ုပ်တို့၏ စိတ်ကို လွှမ်းမိုးနိုင်ခဲ့ပေသည်။

**သက်တော်ရာပြည့်အထိ အသက်ရှည်ခြင်းသိဒ္ဓိ**

သို့နှင့် နောင်သောအခါ ဘာဖြစ်လာသည်မှန်းမသိသော မောင်ပန်းမွေးဆိုသူသည် ရတနာမာရ်အောင်ဆရာတော်ကို ကြည်ညိုခဲ့ပါသည်ဟုဆိုသောစကားထက် အံ့သြစွဲလမ်းခဲ့ပါသည် ဟူသော စကားက မဆီလျော်သော်လည်း ဟုတ်မှန်နေခဲ့ပါ သည်။ ထို့ကြောင့် နောက်ထပ် နှစ်ပေါင်း (၄၀) ကျော် ကြာသောအခါ ထိုမောင်ပန်းမွေးဆိုသူသည်ပင် ရတနာမာရ်အောင်ဆရာတော် ဦးဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေးဘွဲ့တော်ရှိပေသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၏ သက်တော် (၁၀၀) ပြည့် သက်တော်ရှည် ဘဝရုပ်ပုံလွှာကိုရေးခြယ်

စီကုံး ပူဇော်သူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ကိုယ်ကိုယ့်ကိုယ် မသိခဲ့ပါချေ။

**ဇေကမ္ဘာဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက အသက်ကိုကယ်တင်ခြင်း**

ကိုယ်လည်း ဒီလောက်တောင် အသက်ရှည်လိမ့်မည်မထင်၊ ရတနာမာရ်အောင် ဆရာတော်ကြီးလည်း ယခုလို သက်တော်ရာကျော်ရှည်တော်မူလိမ့်မည်ဟု ကြိုတင်၍မသိ၊ ယခုသော် ဇေကမ္ဘာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ အသက်ကယ်မှုကြောင့် အသက်ရှည်ခဲ့ရသော အကျွန်ုပ် မောင်ပန်းမွှေးဆိုသူသည် တပည့်ကောင်းပီပီ ဆရာကောင်းတပည့် ပန်းကောင်းပန်၍ သုဝဏ္ဏ ဘူမိဆံတော်ရှင် သာသနာတော်ကြီးကို တစ်ကျော့ပြန် ဖွင့်ဖော်ခဲ့သော ကျိုက်ထီးဆောင်းဆရာတော် အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ဦးထိပ်ထား၍ သင်ဆရာ မြင်ဆရာ အပေါင်းကို ကျေးဇူးဆပ်သောအားဖြင့် မသိသူကျော်သွား သိသူဖော်စား ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ပေါင်းချုပ်ကြီးကို ဖြည့်စွက်၍ ပြန်လည် ရေးသားပူဇော်သည် သာမက ဝိဇ္ဇာပေါင်းချုပ်အတ္ထုပ္ပတ္တိများကို ပြုစုရင်း ကမ္ဘာ့ရွှေရင်အေးရာပြည့် မဟာထေရုပ္ပတ္တိကြီးကို စီကုံးရေးသား ပူဇော်လိုက်ရခြင်းဖြစ်ပေသည်။

**တစ်ကျော့ပြန် အကန်တော့ခံ ဆံတော်ရှင် သာသနာပြုဆောင်းပါးများ**

ကျွန်တော်သည် ကျိုက်ထီးဆောင်းဆရာတော် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပ သက်တော်ရှည် ကိုယ်တော်ကြီးနှင့် စပ်လျဉ်း၍ ဆောင်းပါးပေါင်း ၁၆၅ ပုဒ် ရေးခဲ့ဖူးပါသည်။ ကျိုက်ထီးဆောင်းဋီကာ ဟူ၍ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲ အတွဲ ၅ တွဲ ရေးခဲ့ဖူးပါသည်။ ကျိုက်ထီးဆောင်း ဋီကာပေါင်းချုပ်ကြီးဟူ၍လည်း ထုတ်ခဲ့ဖူးပါသည်။ ဓမ္မဒါနပြုခဲ့ဖူးပါသည်။ ထိုကောင်းမှုအစုစုသည် ဇေကမ္ဘာ ကုမ္ပဏီဥက္ကဋ္ဌကြီး ဒေါက်တာ ခင်ရွှေ မိသားစု၏ ဂန္ထဝင်မြောက် ကုသိုလ်တော် ဒါနအစုစု ဖြစ်ပါသည်။ သံသရာရိက္ခာထုပ်ကြီးများ ဖြစ်ပါသည်။ အကောင်းဆုံးထဲက အကောင်းဆုံး ကုသိုလ်တော်များ ဖြစ်ပါသည်။

**အာယုသိဒ္ဓိမြောက်ခဲ့ခြင်း အကြောင်းအရင်းများကျေးဇူးရှင်**

ထိုဆံတော်ရှင်သာသနာ တစ်ကျော့ပြန်ဖွင့်ဖော်မှု ဒါနအစုစုတွင် ပါဝင်ရုံကလေး ကြောင့်ပင် ကျွန်တော်သည် သေရွာမှ ပြန်ခဲ့ရပါသည်။ မန္တလေး ပြည်သူ့ဆေးရုံကြီးမှ ကျေးဇူးရှင် ခွဲစိပ်ပါရဂူဆရာကြီးများ၏ ကယ်ဆယ်မှုနှင့် မန္တလေး နဒီမြန်မာ ဦးအောင်ခိုင်တည်းဟူသော ပုဂ္ဂိုလ်ထူး၏ ကူညီမှုကိုခံယူကာ အသက်ရှည်ခဲ့ရသူ ဖြစ်သဖြင့် ကျွန်ုပ်မောင်ပန်းမွှေး ပြုစုသမျှအဝဝတို့သည် ထိုပုဂ္ဂိုလ်ခင်ပွန်းကြီး ဆယ်ပါးအား ကျေးဇူးဆပ်စာတန်းများသာဖြစ်ပေလိမ့်မည်ဟု ဝန်ခံပြောဆိုပါသည်။

ယခုလည်း သက်တော်ရှည် ရာပြည့်ရွှေဗိုလ်နားဆရာတော်ကို ကျေးဇူးဆပ်ရပေ လတ္တံ့။

၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့ ( ၂၀၀၅ အောက်တိုဘာ ၃၀) တနင်္ဂနွေနေ့တွင် ကျွန်ုပ်တို့တစ်စုသည် စိတ်တူကိုယ်တူ တိုင်ပင်၍ရာပြည့် မဟာထေရုပ္ပတ္တိကထာဖြင့် သာသနာ့အကျိုးဆောင်ရွက်ရန် ပြည်မြို့သို့ ထွက်ခွာ ခဲ့ကြပါသည်။ ကျွန်ုပ်တို့တစ်စုဆိုသည်မှာ ဒါရိုက်တာ စိုးဟိန်း (မန်းတက္ကသိုလ်) စာရေးဆရာ သာသနာ့အကျိုးဆောင် မြေလတ်မြတ်သူ၊ သစ်တော အငြိမ်းစား အရာရှိ ဥပဒေအကျိုးတော်ဆောင် ဦးအောင်မြင့်နှင့် ကျွန်တော် မောင်ပန်းမွှေးတို့ ဖြစ်ပါသည်။ ရုပ်ရှင်ကင်မရာနှင့်တကွ ဆလိုက်မီးမှစ၍ လိုအပ်သမျှ ယူဆောင် ကာ ကားဖြင့် သွားကြရာ၊ ထိုနေ့ ညနေစောင်းတွင် ရတနာမာရ်အောင်တောရသို့ ရောက်ရှိခဲ့ပါသည်။

**ရာပြည့် ရုပ်ရှင်ရိုက်ကူးရန် ခရီးထွက်ကြခြင်း**

ရတနာမာရ်အောင်ဆရာတော်၏ ဝေယျာဝစ္စအကျိုးတော်ဆောင် ဦးစိန်ရနှင့် တွေ့ရှိ၍ ဂန္ဓမာလာ ဇရပ်ကျောင်းတိုက်တွင် ညအိပ်တည်းခိုကြရပါသည်။ တိုက်ကြပ် ဦးဣန္ဒိမန္တကိုယ်တော်မှာ ရတနာမာရ်အောင်ဆရာတော်ကြီးကိုယ်စား ဖျာပုံသို့ ကထိန်အလှူတော် ကြွတော်မူနေသဖြင့် ထိုနေ့ညက မတွေ့ရပါ။ ဖျာပုံသို့ တကူးတကန့် ဖုန်းဆက်၍ လာရင်းကိစ္စကို ရိုသေစွာ လျှောက်ထားရပါသည်။

**ဦးနေမိန္ဒ၏ ကျေးဇူးကြောင့်**

စာချတိုက်အုပ်ဆရာတော် ဦးနေမိန္ဒ၏ ကူညီပံ့ပိုးမှု ခွင့်ပြုမှုတို့ဖြင့် အစစ အဆင်ပြေ ရပါသည်။ ကျွန်တော်တို့ တစ်စုသည် ရတနာမာရ်အောင် ကျောင်းတိုက်အတွင်း အပြင်နှင့်တကွ လိုအပ်သောနေရာများတွင် မှတ်တမ်းတင်ရိုက်ကူးခွင့် ရခဲ့ပါသည်။

**ထေရုပ္ပတ္တိတစေ့တစောင်း ပန်းချီကားကြီးများ**

ရတနာမာရ်အောင်ကျောင်းတိုက်အတွင်းရှိ ဓမ္မစကြာဓမ္မာရုံတော်ကြီးပေါ်တွင် ရှိသော ပန်းချီကားကြီး ၂၄ ချပ်ကို မှတ်တမ်းတင် ရိုက်ကူးရပါသည်။ ထိုပန်းချီ ကားကြီး ၂၄ ချပ်သည် ရတနာမာရ်အောင်တောရဆရာတော် ကမ္ဘာ့ရွှေရင်အေး ဆရာတော်၏ ငယ်ဘဝမှစ၍ ကြီးဘဝအထိ ဘဝရုပ်ပုံလွှာ ပန်းချီကားချပ်များ ဖြစ်ကြပါသည်။ ထိုပန်းချီကားချပ်များကို အကြမ်းဖျင်းကြည့်ရှုမှုနှင့်ပင် သက်တော် ရှည်ဘဝကို ရိပ်စားမိနိုင်ပါသည်။

အဓိကလိုအပ်သော ဓာတ်ပုံအထောက်အထားများကိုကား ဓာတ်တော်တိုက် ကျောင်းကြီးတွင် အဆင်သင့် အလွယ်တကူတွေ့ရ၍ ဝမ်းမြောက်ဝမ်းသာဖြင့် အသေးစိပ်ရိုက်ကူးရပါသည်။

**ပျော်ဘွယ်ခရီးစဉ်**

၁၃၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၅ နိုဝင်ဘာလ ၇ ရက် ) တနင်္လာနေ့တွင် ကျွန်ုပ်တို့ ရာပြည့်မော်ကွန်းတင်ရုပ်ရှင်နှင့် မော်ကွန်းတင် မဟာထေရုပ္ပတ္တိဘဝရုပ်ပုံလွှာပြုစုသူ အကျိုးဆောင်တစ်စုတို့သည် ပျော်ဘွယ်မြို့သို့ သွားကြရပြန်ပါသည်။

ပျော်ဘွယ်စံတော်ကုန်းမှာ ရောက်ဖူးသူတိုင်း မမေ့နိုင်သော နေရာဖြစ်လေသည်။ ဆွမ်းမစားတဲ့ ဆားတောင်ကိုရင်ကလေး ကျင်လည်ကျက်စားခဲ့သော နေရာဖြစ်သဖြင့် ထိုနေရာရှိ တောကလေးများသည်လည်းကောင်း၊ တောင်ကုန်းကလေးများသည်လည်းကောင်း၊ သစ်ပင်ရိပ်ကလေးများသည် လည်းကောင်း၊ တောညိုညို အုပ်ဆိုင်းဆိုင်း ကလေးများသည်လည်းကောင်း ကျွန်ုပ်တို့အတွက် စိတ်လှုပ်ရှားစရာများ ဖြစ်ကြရလေသည်။

**စံတော်ရာကုန်းသို့ ရောက်ခဲ့သော ဂျာနယ်ကျော်မမလေး**

၁၃၄၀ ခုနှစ်က ထိုစံတော်ရာကုန်းသို့ ရောက်ရှိခဲ့သော စာရေးဆ ကြီး ဂျာနယ်ကျော် မမလေးသည် မိမိအတွေ့အကြုံတို့ကို တစ်ဇွန်းဆန်ဟူသောအမည်ဖြင့် မြစ်ငယ်မဂ္ဂဇင်းတွင် ဖြစ်ရပ်မှန် ဝတ္ထုဆောင်းပါးရေးခဲ့ရာ ယနေ့တိုင်မှတ်မိသူများ ရှိကြပါသေးသည်။ ထိုစဉ်က မြင်ကွင်းနှင့် ယခုမြင်ကွင်းမှာ နှစ်ပေါင်း ၃၀ နီးပါးမျှ ကြာပြီဖြစ်ပါသဖြင့် ပြောင်းလွဲသင့်သလောက် ပြောင်းလွဲနေပါသည်။ ရှေးဖြစ်ဟောင်း ပြန်ပြောင်းတွေးတောလျှင် စိတ်မျက်စိတွင် ထင်ယောင်ယောင် မြင်ယောင်ယောင် ဖြစ်ရပါသေးသည်။

**ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်**

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလဟူ၍ မြန်မာပြည် နယ်နိမိတ်ကိုကျော်လွှားလျက် ကမ္ဘာအနှံ့ ကျော်ကြားပေသော ပြည်မြို့ ရတနာမာရ်အောင် တောရကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ပဓာန နာယက ဆရာတော်ကြီး ဦးဝိဇ္ဇာဗလ ကိုယ်တော်ကြီးသည် ရွှေဗျိုင်းနားဆရာတော် ဟူ၍လည်းကောင်း ရွှေလိပ်ပြာနား ဆရာတော်ဟူ၍ လည်းကောင်း၊ လူသိများ ကျော်ကြားလှပါသည်။

**အပိုင်း (၅) ပိုင်းခွဲ၍ လေ့လာခြင်း**

ထိုဆရာတော်ကြီးအကြောင်းကို လေ့လာရာတွင် ကျွန်တော်တို့အုပ်စုသည် အပိုင်း (၅) ပိုင်းခွဲ၍ လေ့လာကြပါသည်။ (၁) ပထမပိုင်းတွင် ကျွန်တော်တို့သည် ဆားတောင်ကိုရင်ကလေး အကြောင်းကို လေ့လာကြပါသည်။ ထိုခရီးအတွက် ပျော်ဘွယ်စံတော်ရာကုန်းနှင့်တကွ ဆားတောင်ရွာအပါအဝင် ပတ်ဝန်းကျင်သို့ သွားရောက်လေ့လာရပါသည်။ ဓာတ်ပုံမှတ်တမ်းတင်ကြသည်။ ရုပ်ရှင် မော်ကွန်း တင်ကြပါသည်။ (၂) ဒုတိယပိုင်းအနေဖြင့် ကျွန်တော်တို့သည် ဆားတောင် ကိုရင် ကလေးဘဝကို လေ့လာကြရပါသည်။ (၃) တတိယပိုင်း အနေဖြင့် ကျွန်တော် တို့သည် ရန်ကုန်တောင်တောရကျောင်းတိုက်တည်ရာ ပြည်မြို့သို့ သွားရောက် လေ့လာရပါသည်။ ဆွမ်းမစားတဲ့ ရဟန်းတော်ကလေး အရှင်လာဘအကြောင်း လေ့လာကြရပါသည်။ (၄) စတုတ္ထပိုင်းအနေဖြင့် ကျွန်တော်တို့သည် ပြည်မြို့ ရတနာမာရ်အောင်တောရ ကျောင်းပတ်ဝန်းကျင် တစ်ခိုကို သွားရောက်လေ့လာရ ပါသည်။ သို့မှသာ ဦးဝိဇ္ဇာဗလ ဘဝရုပ်ပုံလွှာကို လည်းကောင်း၊ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီး၏ ဘဝရုပ်ပုံလွှာကိုလည်းကောင်း သိရှိလာခဲ့ရခြင်း ဖြစ်ပါ သည်။ (၅) ပဥ္စမပိုင်းအနေဖြင့် ကျွန်တော်တို့တစ်စုသည် သက်တော်ရှည် ဆရာ တော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုများကို လေ့လာလျက် ဆရာ တော်ကြီး၏ အဖိုးတန်ဩဝါဒကထာများကို မှတ်တမ်းတင်ကြရပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့ တစ်စုသည် သက်တော်ရှည် ရာပြည့်ဆရာတော်ဘုရားကြီး၏ ဘဝ ရုပ်ပုံလွှာကို မှတ်တမ်းတင်ရာတွင် အပိုင်းကြီး (၅) ပိုင်းခွဲ၍ လေ့လာခဲ့ရ ပါသည်။ ထိုအချက်ကို အသေးစိတ်တင်ပြပါမည်။

# အပိုင်း (၁)

**ဆားတောင်ကိုရင်လေးအကြောင်း လေ့လာချက်။**

ကမ္ဘာ့ရွှေရင်အေးဆရာတော်၏ ဘဝရုပ်ပုံလွှာ ပထမပိုင်းမှာ ပျော်ဘွယ်ခရီးနှင့်သာ ပတ်သက်နေလိမ့်မည်။ ထို့ကြောင့် ပျော်ဘွယ်ခရီးသည် ကမ္ဘာ့ရွှေရင်အေးရုပ်ပုံလွှာ ပထမပိုင်း လေ့လာရေးခရီး ဖြစ်၏။

ပထမပိုင်းဖြစ်သဖြင့် မွေးရာဇာတိ ဆားတောင်ရွာကို လေ့လာရမည်။ ၎င်းနောက် အမိအဖ ဆွေမျိုးများကို လေ့လာရမည်။ ဇာတိရွာအနေအထားကို လေ့လာရမည်။ တစ်ပြိုင်တည်းမှာပင် ငယ်စဉ်ကာလ ကလေးဘဝက ကျောင်းနေစ သျှောင်ပေစူး နှင့်ကာလကို လေ့လာရမည်။ ဘယ်နေရာမှာ စာသင်ခဲ့သည်၊ ဘယ်နေရာမှာ ပုတီးစိပ်ခဲ့သည်၊ ဘယ်နေရာမှာ တရားထိုင်ခဲ့သည် စသည်ဖြင့် တတ်စွမ်းသမျှ

လေ့လာရမည်ဟု စိတ်အာရုံထဲ အစီအစဉ်စွဲလျက် ရှိပါသည်။
ယနေ့ ဆားတောင်ရွာမှာ အရှေ့ဆားတောင်ရွာ အနောက်ဆားတောင်ရွာ ဟူ၍ ရှိ၏။ ယခင်ကလည်းရှိ၏။ ဆားတောင် ကိုရင်ကလေးဘဝက အနောက်ဆားတောင်ရွာမှာ မွေးဖွားခဲ့သည်။ သို့သော် အရှေ့ဆားတောင်ရွာမှာ ကျောင်းလာနေသည်။ ကိုရင်ကလေးကို အနောက် ဆားတောင်ရွာမှာမွေးခဲ့သည်။ ထို့ကြောင့် ရွှေချက်သိုစေတီတော်သည် အနောက် ဆားတောင်ရွာမှာ တည်ရှိနေလေသည်။

### မွေးဖွားရာ ဇာတိရွာ မြေနေရာ ရွှေချက်သို

ဖခင် ဦးကြက်တောင်နှင့် မိခင် ဒေါ်မလေးတို့မှာ အနောက်ဆားတောင်ရွာမှာ အခြေစိုက်၏။ ကိုရင်ကလေးကိုလည်း အနောက်ဆားတောင်ရွာမှာ မွေးဖွား၏။ ထို့ကြောင့် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးဟူ၍ ဖြစ်လာသောအခါ ဇာတိချက်ကြွေမွေးရပ်မြေတွင် ရွှေချက်သိုစေတီကို တည်ထားခဲ့လေသည်။
ထိုနေရာတွင် ဦးဝိဇ္ဇာဗလ မီးရှူးသန့်စင်တော်မူသောနေရာဟူ၍ ရွှေချက်သို စေတီတည်ရာဌာနသို့ သက်တော်ရှည် ရုပ်ရှင်မှတ်တမ်းရိုက်ကွင်းအတွက် သွားရောက်မှတ်တမ်းတင်ရပါသည်။

### ရွှေချက်သိုစေတီတော်ကိုလေ့လာခြင်း

ရွှေချက်သိုစေတီတော်မှာ ကိုးတောင်ပြည့်စေတီတော် ဖြစ်၏။ ၁၃၅၂ ခု ကဆုန်လဆန်း ၁၄ ရက် ( ၁၉၉၀ မေလ ၇ ရက် ) တနင်္လာနေ့ ၁၁ နာရီ ၅၅ မိနစ်တွင် ပန္နက်တော်တင် အခမ်းအနားကျင်းပခဲ့ကြောင်း၊ ၁၃၅၂ ခု ဝါဆိုလပြည့်ကျော် ၃ ရက် ( ၁၉၉၀ ဇူလိုင်လ ၉ ရက် ) တနင်္လာနေ့ နံနက် ၁၁ နာရီ ၅၅ မိနစ် အချိန်တွင် အုတ်မြစ် တော်စီ အခမ်းအနား ကျင်းပခဲ့ကြောင်း၊ ၁၃၅၂ ခု နတ်တော်လဆန်း ၈ ရက် ( ၁၉၉၀ နိုဝင်ဘာလ ၂၄ ရက် ) စနေနေ့ နံနက် ၉ နာရီအချိန်တွင် ဌာပနာတော်သွင်း အခမ်းအနားနှင့် ရွှေထီးတော် ငှက်မြတ်နားတော်တင် အခမ်းအနားကျင်းပခဲ့ကြောင်း၊ မော်ကွန်းတင်ကမ္ပည်း ကျောက်စာအရ သိရှိရပါသည်။

### ရွှေချက်သိုစေတီဆိုင်းဘုတ်သက်သေ

ထိုရွှေချက်သိုစေတီမှာ ရန်ကုန် မန္တလေး ကားလမ်းမကြီး၏ ညာဖက်အခြမ်းတွင် တည်ရှိပါသည်။ ညာဖက်သို့ လှမ်းကြည့်လိုက်လျှင် ဖူးတွေ့နိုင်ပါသည်။ လမ်းထိပ်တွင်လည်း ဦးဝိဇ္ဇာဗလ မီးရှူးသန့်စင်တော်မူသောနေရာ ရွာတွင် တည်ထားကိုးကွယ်သော ရွှေချက်သိုစေတီဟု ဆိုင်းဘုတ်တင်ထားကြောင်း တွေ့ရပါသည်။
ထိုနေရာတွင် ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီးငယ်စဉ်ကာလ ကျောင်းသား

ကလေး မောင်ပေါက်ကျော်ဘဝက နေရာဖြစ်၏။ မိခင်၊ ဖခင်များနှင့်တကွ ညီအစ်ကို မောင်နှမများပါ အတူတကွနေကြသော နေရာဖြစ်လေသည်။

**မောင်ပေါက်ကျော် ကျောင်းတက်ခဲ့သောကျောင်းကို ရောက်ရှိခြင်း**

မောင်ပေါက်ကျော်ကလေး ၅ နှစ်သားသို့ ရောက်သောအခါ ရွာဦးကျောင်းတွင် ကျောင်းထားခဲ့ လေသည်။ ရွာဦးကျောင်းမှာ ဆားတောင်ရွာ အရှေ့ကျောင်း ဖြစ်၏။ ဆားတောင်ရွာမှာ အရှေ့ရွာ အနောက်ရွာဟူ၍ နှစ်ရွာ ဆက်စပ်လျက်ရှိရာ မောင်ပေါက်ကျော်မှာ အနောက် ဆားတောင်ရွာတွင် မွေးဖွားခဲ့၏။ ကျောင်းတက်သောအခါ အရှေ့ ဆားတောင်ရွာသို့ သွားတက်ရ၏။

**ဆားတောင်ရွာ လူဦးရေကို လေ့လာချက်**

အရှေ့ဆားတောင်ရွာမှာ အိမ်ခြေ ၄၀/၅၀ မျှ ရှိကြောင်း၊ အနောက် ဆားတောင်ရွာမှာ အိမ်ခြေ ၃၀ / ၄၀ မျှ ရှိကြောင်းသိရပါသည်။ ထိုစဉ်က ရုပ်ပုံလွှာ ဖြစ်ပါသည်။ ယခု ဆားတောင်ရွာတွင်ကား အရှေ့ဆားတောင်ရွာတွင် အိမ်ခြေ ၅၃ အိမ်ရှိကြောင်း အနောက်ဆားတောင်ရွာတွင် အိမ်ခြေ ၄၆ အိမ်ရှိကြောင်း ကျေးရွာ ဥက္ကဋ္ဌ ဦးတင်ထွန်း ပြောပြ၍ သိရှိရပါသည်။

**ယနေ့ ဆားတောင်ရွာလေ့လာချက်**

မောင်ပေါက်ကျော်၏ မွေးဖွားရာ အိမ်ခြေကို ရှာဖွေမှတ်တမ်း တင်ရာတွင် ရ ယ က ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်တကွ အဖွဲ့ဝင် (၁) ဦးခင်မောင်ဦးတို့က လိုက်လံကူညီကြပါသည်။ ဆားတောင် အုပ်စု (၁) တွင် အနောက်ဆားတောင်ရွာ၊ အရှေ့ဆားတောင်ရွာ၊ အေးသာယာရွာတို့ ပါဝင်ကြောင်း သိရပါသည်။

ထို ဆားတောင်ရွာ နှစ်ရွာစလုံးကပင် ရှေးအခါက ဆရာတော် ဦးက္ကန္ဒိယကိုကိုးကွယ်ကြကြောင်းသိရသည်။ ထိုဆရာတော်မှာ မောင်ပေါက်ကျော်၏ အဘိုးတော်စပ်လေသည်။

**လောကမှာ ပြောကြပေတော့ဟု မှတ်တမ်းကြီးပြုစုခြင်း**

မောင်ပေါက်ကျော်ဘဝနှင့်စာသင်ခဲ့သောကျောင်း၊ ကိုရင်ကလေး ရှင်လာဘ စာသင်ခဲ့သော ကျောင်းမှာ နေရာဟောင်းသာရှိတော့၏။ ကျောင်းကား မရှိတော့ချေ။ နှစ်ပေါင်း ၁၀၀ ကျော်ကြာခဲ့ပြီး ဖြစ်ရကား ဆွေးမြေ့ကုန်လေပြီ။ ကိုရင်ကလေး ရှင်လာဘသည်သာ မဆွေးမမြေ့ ဘဲကျန်ရစ်၍ ယနေ့ကမ္ဘာ့ရွှေရင်အေး ဟူ၍ ဖြစ်လာ၏။ တစ်ကမ္ဘာလုံး ရွှေရင်အေးစေမည့် ဝိဇ္ဇာ သင်္ကေတကြီးအဖြစ် လောကတစ်ခွင်မှာ ပြောစရာကြီးအဖြစ် မှတ်တမ်းဝင် ကျန်ရစ်နေသည်မှာ နည်းနည်း

နောနော ကုသိုလ်ကြီး မဟုတ်ချေ။ ထိုနှစ်တစ်ရာမှတ်တမ်းကြီးကို ကျွန်ုပ်တို့တစ်စု မော်ကွန်းဝင်မှတ်တမ်းဝင် ရိုက်ရသည်မှာလည်း နည်းနည်းနောနော ကုသိုလ်ကြီး မဟုတ်ချေ။

**သိန်းပေါင်းတစ်ထောင်ကျော် အကုန်ခံ လှူဒါန်းခဲ့သော ရာပြည့်ရွှေကျောင်းတော်ကြီးပေါ်ပေါက်လာခြင်း**

လိုရင်းကို တိုရှင်းသွားပါမည်၊ ယခင်က မောင်ပေါက်ကျော်ကလေး ကျောင်းအပ်ခဲ့သောကျောင်း၊ ကိုရင်ကလေး အရှင်လာဘကျောင်းအပ်သောကျောင်း၊ စာအံခဲ့သော ကျောင်း၊ ထိုကျောင်း ကလေးများမှာ ယခု မရှိတော့ချေ။ ခေတ်တွေပြောင်း နှစ်တွေ ပြောင်း၍ အဟောင်းနေရာတွင် အသစ်ဝင်ခဲ့ရာ ယခုအခါ သက်တော်ရှည် ရာပြည့်ကျောင်းတော်ကြီးအဖြစ် သိန်းတစ်ထောင်ကျော် အကုန်ခံဆောက်သူ ဒါယကာတွေပေါ်နေသဖြင့် အံ့ဩစရာဖြစ်ပါတော့သည်။ ထိုဒါယကာ၏ အတ္ထုပ္ပတ္တိကိုလည်း ဂန္ထဝင်မြောက် မော်ကွန်းတင်ရမည်ဖြစ်ပါသည်။

အိမ်ခြေ ၃၀/၄၀ မျှသာ ရှိသော တောခေါင်ခေါင်ရွာကလေးထဲတွင် ရွှေတိုင် ငွေတိုင်ကြီးများ နှင့်တကွ ခေါင်အဆင့်ဆင့် အရောင်ဝင့်လျက် တင့်တယ်လှသော ရာပြည့်ကျောင်းတော်ကြီးကို ထင်းထင်းကြီး တွေ့မြင်ကြရာ မအံ့ဩဘဲ မနေနိုင်တော့ပါ။ ဒါယကာတို့လည်း သာဓု သာဓု ဟူ၍ ခေါ်ရုံမှ တစ်ပါး ဝေဖန်စရာမရှိပါ။ အံ့ဩမကုန်နိုင်သော ဘဝသံသရာအဆက်ဆက် ဣစ္ဆာသယရွှေအိုးကြီး ဖြစ်ကြောင်းမှတစ်ပါး ပြောစရာမရှိပါ။

ရာပြည့်ရွှေကျောင်းတော်ကြီးကို ၁၃၆၄ ခု တပို့တွဲလဆန်း ၈ ရက် (၂၀၀၃ ခု ဖေဖော်ဝါရီ ၄ ရက်) နေ့တွင် မြေတိုင်းကာ အခြေချခဲ့ကြောင်း၊ ၁၃၆၅ ခု နတ်တော် လဆန်း ၅ ရက် (၂၀၀၃ ခု နိုဝင်ဘာ ၂၈ ရက်) သောကြာနေ့တွင် ပန္နက်တင် အခမ်းအနားကျင်းပခဲ့ကြောင်း ၁၃၆၇ ခု နယုန် လပြည့်ကျော် ၇ ရက် ( ၂၀၀၅ ခု ဇွန်လ ၂၃ ရက်) ကြာသပတေးနေ့တွင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရှိ၍ မှတ်တမ်းတင် ရပါသည်။

ဤရာပြည့်ကျောင်းတော်ကြီးနေရာသည်ကား ရှေးရှေးက မောင်ပေါက်ကျော် ကလေး စာသင်ခဲ့သောနေရာ၊ မောင်ပေါက်ကျော်ကလေး နွားကျောင်းရာမှ ပြန်အလာ စာအံသောနေရာ၊ ဆွမ်းမစားတဲ့ ဆားတောင်ကိုရင်ကလေး ညအခါ ပျောက်၍ ပျောက်၍ သွားသောနေရာ၊ တစ်ခါတစ်ရံ တစ်နေ့လုံး ပျောက်သွားပြီး လျှင် အမှတ်မထင်ဘုရား ရှိခိုးခဲ့သောနေရာ စသည်ဖြင့် တမ်းတမှန်းဆမိပါသည်။

**အရှင်အရဟံသိမ်တော်ကြီးကို ယနေ့တိုင် တွေ့နိုင်ပါသေးသည်**

ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်လိုက်လျှင် တောင်ကုန်းကြီး တစ်ခုတွေ့ရ၏။ ရွှေရောင်တဝင်းဝင်း သိမ်တော်ကြီးလည်းရှိ၏၊ ဆည်းလည်းသံလွင်လွင်နှင့် စေတီတော်တစ်ဆူလည်းရှိ၏၊ ရာပြည့် ကျောင်းကြီးအရှေ့တွင် ရေကန်နှစ်ကန် ရှိ၏။ နတ်ရေကန်ဟု သိရပါသည်။ ခပ်လှမ်းလှမ်းတွင် ကန်တစ်ကန်ရှိ၏။ မေတ္တာကန်ဟု ဆိုပါသည်။ သို့ဖြင့် မေတ္တာကန် သစ္စာကန်တို့သည် နတ်ရေကန်အမှန် ဖြစ်တော့သည်။

**နတ်ရေကန်နှင့်ဟင်္သာမောင်နှံ**

ရှေ့တည့်တည့်က နတ်ရေကန်တွင် ရေပြတ်လပ်သည်ဟူ၍ မရှိပေ။ ဟိုတစ်လောက ဟင်္သာမောင်နှံလာ၍ နားခိုကြသဖြင့် အတော်ကလေး လူစည်ကားသွားခဲ့လေသည်။ ထိုဟင်္သာ မောင်နှံတို့သည် ဘာကိုမှမကြောက်၊ လူသံ လှည်းသံ လော်စပီကာသံ သီချင်းသံတို့ကို မကြောက်မလန့်ဘဲ နတ်ရေကန်ထဲတွင် အရှည်အကြာနေကြသဖြင့် တအံ့တသြဖြစ်ကာ လာကြည့်သူတို့မှာ လှည်းနှင့်လာကြသဖြင့် ရေကန်တစ်ဝိုက်တွင် လှည်းတန်းကြီးဖြင့် လူစည်ကားခဲ့သည်ဟု ဆိုပါသည်။

တစ်နေ့တစ်နေ့လျှင် လူပေါင်း ၃၀၀ / ၄၀၀ ခန့် လာကြည့်သည်ဟု ဆိုပါသည်။ မနှစ်က ဒီဇင်ဘာလောက်ကဟု ဆိုသဖြင့် ၂၀၀၄ ခု ဒီဇင်ဘာလဟု မှန်းဆ၍သိရပါသည်။ သို့ဖြင့် ဟင်္သာတွေ လာ၍ လာ၍ နားခိုကြကြောင်း သတင်းကောင်းသည် အနီးအနားရှိ ရွာပေါင်း တစ်ရာကျော်သို့ ပြန့်နှံ့ခဲ့ကြောင်း သိရပါသည်။ ကျွန်တော်တို့ ရောက်သွားသော ကာလတွင်တည်း ဟင်္သာများကို သာမက အခြားငှက်ကလေးများကိုပါ ကြည်နူးစဖွယ် ချစ်စဖွယ် တွေ့ရပါသေးသည်။

**အရှင်အရဟံသိမ် သို့မဟုတ် ဆားတောင်ကိုရင်ကလေး ပျောက်၍ ပျောက်၍ သွားသည်ဆိုသောနေရာကို လေ့လာခြင်း**

ခပ်လှမ်းလှမ်းတွင် ရှင်အရဟံသိမ် ဟူ၍ သိမ်ကြီးတစ်သိမ် ရှိပါသေးသည်။ တောင်ပူစာထိပ်တွင် နေရောင်၌ ရွှေရောင်ဟပ်သဖြင့် တလျှပ်လျှပ် မြင်တွေ့ရပါသေးသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ အကူအညီဖြင့် မေးမြန်း သိရှိရသည်မှာ တောင်ကုန်းပေါ်က သိမ်တော်မှာ ရှင်အရဟံ သိမ်တော် ဖြစ်ကြောင်း မဟာဝိပုရာ သိမ်တော်ဟု အမည်တွင်ကြောင်း ပြောဆိုကြပါသည်။အနီးအနား ပတ်လည်တွင် တောင်ငါးလုံးဝိုင်းရံလျက်ရှိသောကြောင့် ရာဇဗြိုဟ်ကဲ့သို့ပင် တောင်ငါးလုံးကို ဗဟိုပြုလျက်တည်ရှိကြောင်း ထွေအုပ်ဖြစ်သူ ဦးတင်ငွေက ပြောဆိုပါသည်။

**ဆားတောင်ကိုရင်ကလေး ပုတီးစိပ်ခဲ့သော မန်ကျည်းပင်ကြီးနေရာကို ယနေ့တိုင် တွေ့နိုင်သေးခြင်း**

သိမှီသူများကို မေးသောအခါ ရာပြည့်ကျောင်းတော်ကြီး မျက်စောင်းထိုးတစ်နေရာတွင် မန်ကျည်းပင်ကြီးတစ်ပင်ကို ပြပါသည်။ ထိုမန်ကျည်းပင်ကြီး ခပ်လှမ်းလှမ်းတွင် အခြားမန်ကျည်းပင်ကြီး တစ်ပင်ရှိသေးကြောင်း ပြောဆိုကြပါသည်။ ထိုမန်ကျည်းပင်ကြီးအောက်တွင် ဆားတောင်ကိုရင်ကလေး အရှင်လာဘ အသက် ၅ နှစ်အရွယ်၊ ၇ နှစ် အရွယ်စသည့် အရွယ်များတွင် ရွှံ့လုံးပုတီးကလေးများဖြင့် ပုတီးစိပ်ခဲ့သော နေရာဖြစ်ကြောင်း၊ ဘိုးဘွားစဉ် ဆက်မှတ် သားခဲ့ကြောင်း ပြောဆိုကြပါသည်။ ကိုရင်ကလေး အရှင်လာဘကိုယ်တိုင်လည်း ယနေ့တိုင် သက်ရှိထင်ရှားရှိသဖြင့် အသေအချာ မှတ်တမ်းတင် မှတ်သားခဲ့ရပါသည်။

ပို၍ သဒ္ဓါပေါက်သူတို့က ထိုနေရာကို မဟာအောင်မြေအဖြစ် ပြောဆိုကြပါသည်။ မူလ မန်ကျည်းပင်နေရာတွင် ညောင်ပင်တစ်ပင်စိုက်ခဲ့ရာ ယခုအခါ ထို ညောင်ပင်ကြီးမှာ ဝေဝေဆာဆာ ဖြစ်နေလေပြီ။

ရတနာမာရ်အောင်တောရကျောင်းရှိ ပန်းချီကားများထဲတွင် ပန်းချီ ကားတစ်ချပ်မှာ ထိုအကြောင်းကို သရုပ်ဖော်ရေးဆွဲထားကြောင်း တွေ့ရပါသည်။ ဆားတောင်ရွာ အရှေ့ကျောင်းတွင် ကျောင်းသားများကစားနေကြသော်လည်း မောင်ပေါက်ကျော်ကား သစ်ပင်ရင်း၌ တစ်ဦးတည်း ပုတီးစိပ်နေပုံနှင့် သက်တော်ရှည်ဘိုးဘိုးအောင်က ပညာသင်ကြား ပေးနေပုံဟူ၍ ပန်းချီကားတွင် စာတန်းထိုးထားသည်ကို ကျွန်တော်ကောင်းစွာ မှတ်မိပါသည်။

**ကမ္ဘာ့ရွှေရင်အေးဆရာတော်၏ မြစ်တော်သူမြစ်ကြီးရောဝတီစိုက်ထားတဲ့ ညောင်ပင်**

ဘိုးဘိုးအောင်ပညာသင်ပေးခဲ့သော မဟာအောင်မြေဟူသော ဆိုင်းဘုတ်မှတ်တမ်းကိုလည်း တွေ့ရပါသည်။ ၁၃၄၅ ခု ဝါဆိုလပြည့်ကျော် ၃ ရက် ( ၁၉၈၃ ခု ဇူလိုင်လ ၂၇ ရက် ) ဗုဒ္ဓဟူးနေ့တွင် ကိုတင်ငွေဆိုသူက ဒါယကာပြု စိုက်ပျိုးခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။

**ဘိုးဘိုးအောင် ပညာသင်ပေးခဲ့သော မန်ကျည်းပင်ကြီး**

ကိုတင်ငွေ မည်သူလဲဟု စုံစမ်းရာ ကိုတင်ငွေဆိုသူမှာ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၏ မြစ်တော်သူ ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်တော်က စပ်စုသူပီပီ ဆွေမျိုးစာရင်းကို မှတ်သားခဲ့ပါသည်။ မောင်ပေါက်ကျော်၏ ဖခင် ဦးကြက်တောင်တွင်ညီရှိရာ ထိုဦးဖိုးဆွဲ ဒေါ်ဘောတို့မှ ကိုတင်ငွေကို မွေးဖွားကြောင်း သိရပါ

သည်။ ကိုတင်ငွေကို ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးက - မြစ်တော်သဖြင့် မြစ်ကို တင်စားကာ ချီးမြှောက်၍ မြစ်ကြီး ဧရာဝတီဟု ခေါ်လေ့ရှိကြောင်း သိရပါသည်။ ထိုမြစ်ကြီးဧရာဝတီ ကိုတင်ငွေသည်ပင် ယခုအခါ သက်ဆိုင်ရာ နယ်မြေထွေအုပ်ကြီး ဖြစ်၍ ထိုမြစ်ကြီးဧရာဝတီ၏ အကူအညီဖြင့်ပင် ကျွန်ုပ်တို့တစ်စုမှာ လုပ်စရာများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့လေသည်။

**မောင်ပေါက်ကျော်မှတ်တမ်း**

သို့နှင့် ဆားတောင်ရွာတွင် မောင်ပေါက်ကျော်ကလေး မွေးဖွားသော နေရာကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။ မောင်ပေါက်ကျော်ကလေး ကျောင်းတက်ခဲ့သော ကျောင်းကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။ မောင်ပေါက်ကျော် ကလေး ပုတီးစိပ်ခဲ့သောနေရာကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။

**ရွှံ့ပုတီးလုပ်ခဲ့သော နေရာ**

ထို့နောက် ကျွန်ုပ်တို့ တစ်စုသည် မောင်ပေါက်ကျော်ကလေး ရွှံ့ဖြင့် ပုတီးလုံးများ လုံးခဲ့သော နေရာကလေးကိုလည်း လိုက်လံမှတ်တမ်းတင်ခဲ့ရပြန်ပါသည်။ ထို နေရာကလေးမှာ ချောင်းရှိ၍ ထိုချောင်း၏ ဟိုဖက်ကမ်းက ရွှံ့မြေနှင့် ဒီဖက်ကမ်းက ရွှံ့မြေကို ပေါင်းစပ်ကာ ကြိတ်ပြီးလျှင် ပုတီးလုံးကလေးများ လုပ်ခဲ့သောနေရာ ဖြစ်လေသည်။ ထိုပုတီးလုံးကလေးများကို ဆီဖြင့်လိမ်း၍ ကြိုးဖြင့်သီပြီးလျှင် ထူးထူးခြားခြား ပုတီးစိပ်ခဲ့ကြောင်း သိရပါသည်။

ထိုအချိန်တွင် မိဘများက မောင်ပေါက်ကျော်ကလေးကို ဆားဘောင်ရွာ အရှေ့ကျောင်း အဘိုးဆရာတော်ကြီးထံ ကျောင်းသားအဖြစ်အပ်နှံသဖြင့် မောင်ပေါက်ကျော်ကလေး ကျောင်းသား ဖြစ်စကာလဖြစ်ပေသည်။

**သန်းခေါင်ဗိုလ်ဆိုတာ ဘယ်သူလဲ**

ထိုအချိန်တွင် မောင်ပေါက်ကျော်ကလေးသည် အသားဟင်းကို ရှောင်၍ အသားလွတ်ဟင်းများဖြင့်သာ ရောင့်ရဲခဲ့ကြောင်း၊ ကျောင်းဝေယျာဝစ္စများ လုပ်ဆောင်ပြီးလျှင် တစ်နေ့လုံး ပျောက်တတ်သွားရကြောင်း၊ ဘယ်နေရာသွားသည်ဟု ဘယ်သူမှ အသေအချာမသိရကြောင်း ယခုတိုင် သက်ရှင်နေသူတို့က ကိုယ်တွေ့ ပြောဆိုကြပါသည်။

ညအခါ ပျောက်၍ပျောက်၍ သွားတတ်သဖြင့် မောင်ပေါက်ကျော်ကလေးကို သန်းခေါင်ဗိုလ် ဟူ၍ နာမည်သစ်ဖြင့်လည်း ခေါ်ဆိုကြရကြောင်း သိရပါသည်။ ထိုအချိန်တွင် မောင်ပေါက်ကျော် ကလေးသည် အဝတ်ဖြူဝတ် ဘိုးဘိုးနှင့်

မယ်တော် စန္ဒီတို့က အစဉ်အမြဲ စောင့်ရှောက်နေပြီ ဖြစ်ကြောင်း နောင်အခါမှာ ဆရာတော်ကြီးကိုယ်တော်တိုင် ပြန်ပြောပြ၍ သိရပါသည်။

**ဆားတောင်ကိုရင်ကလေး ကော်ဇော ၃ ထပ်ပေါက်အောင် ပုတီးစိပ်ခဲ့ သောနေရာကို ရောက်ရှိခဲ့ခြင်း**

ကိုရင်ကလေး အရှင်လာဘသည် အသက် ၁၉ နှစ်အရွယ်ရောက်သောအခါ အသက် ၂၀ ပြည့်လုပြီ ဖြစ်သဖြင့် အမိဋ္ဌာန် ၅ လ ဝင်ခဲ့လေသည်။ ကော်ဇော ၃ ထပ် ထပ်ခင်းပြီးလျှင် အမိဋ္ဌာန် ၅ လ ဝင်ခဲ့လေသည်။ ထို ၅ လ အတွင်း ထိုင်နေရာမှမထ၊ လှုပ်ရှားခြင်းလည်းမပြုဘဲ ပွားများအားထုတ်ခဲ့သည်ဟု ဆိုပါသည်။

တစ်နေ့ထက် တစ်နေ့ ပို၍ အံ့သြလာကြသဖြင့် တစ်လမှ နှစ်လ၊ နှစ်လ မှ သုံးလ ရောက်လာ ခဲ့လေသည်။ ၅ လပြည့်၍ အမိဋ္ဌာန်မှ ထမြောက်သောအခါ အောက်မှ ထပ်၍ခင်းထားသော ကော်ဇော ၃ ထပ်မှာ ချွေးကြောင့် ပေါက်၍ အမြဲစိုနေသည်ဟု ဆိုပါသည်။ ထိုအမိဋ္ဌာန်မှ အောင်မြင်သောအခါ အသက် ၂၀ ပြည့်လုပြီ ဖြစ်သဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ သည်ဟု သိရပါသည်။

**ငါးလတိုင်တိုင်တစ်ဆက်တည်း နေ့ရော ညပါ မထဘဲတရားထိုင်ခဲ့ပြီး အမိဋ္ဌာန် အောင်မြင်ခဲ့သော နေရာကို တွေ့ရှိခဲ့ခြင်း**

အမိဋ္ဌာန် စဝင်သောနေ့မှာ ၁၂၈၉ ခု၊ ဝါဆိုလဆန်း ၈ ရက် (၁၉၂၇ ခု ဇူလိုင်လ ၆ ရက်) ဗုဒ္ဓဟူးနေ့ဖြစ်ကြောင်း၊ အမိဋ္ဌာန်ဝင်သောနေရာမှာ ဆားတောင်ရွာ အရှေ့ကျောင်းဘုရားရှေ့တွင် ဖြစ်ကြောင်း သိရပါသည်။ ထိုနေရာမှာ ယခု ရာပြည့်ကျောင်းတော်ကြီး ဆောက်ထားသော နေရာဖြစ်ပါသည်။ အမိဋ္ဌာန် ၅ လ ပြည့်သောနေ့မှာ ၁၂၈၉ ခု နတ်တော်လဆန်း ၈ ရက်နေ့ (၁၉၂၇ ခု ဒီဇင်ဘာလ ၁ ရက် ) ကြာသပတေးနေ့ ဖြစ်ကြောင်း သိရှိရပါသည်။

**ဆားတောင်ကိုရင်ကလေး ရဟန်းဖြစ်သောနေ့**

ရဟန်းဖြစ်သောနေ့မှာ ၁၂၈၉ ခု နတ်တော်လပြည့်ကျော် ၄ ရက် တနင်္လာ နေ့ ( ၁၉၂၇ ခု ဒီဇင်ဘာလ ၁၂ ရက် ) တနင်္လာနေ့ ဖြစ်ကြောင်း သိရှိရပါသည်။

**အမိဋ္ဌာန်ဝင်ခဲ့သော မူလ ပထမကျောင်းဟောင်းကြီးကို ယနေ့တိုင် တွေ့နိုင်သေးခြင်း**

အမိဋ္ဌာန်ဝင်ခဲ့သော ကျောင်းဟောင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းအထိ တည်ရှိနေခဲ့သည်။ ၎င်းနောက် ထိုကျောင်းဟောင်းကို မူမပျက် ပုံစံမပျက် ရွှေ့ပြောင်းပြီးလျှင်

တည်ဆောက် ထားကြောင်း သိရှိရသဖြင့် ထိုကျောင်းဟောင်းကို မြင်ဖူးအောင် ဟူ၍ သွားကြည့်ရပါသည်။

ဆားတောင်ရွာတွင် ကန်နားကျောင်းတိုက်ဟူ၍ ကျောင်းကြီးတစ်ကျောင်းရှိ၏။ ထိုကျောင်းကြီး မှာ ဆားတောင်ရွာ နှစ်ရွာလုံး ကိုးကွယ်သော ကျောင်းဖြစ်ကြောင်း သိရပါသည်။ ရှေးယခင်က ဆားတောင်အရှေ့ရွာကျောင်းကို ပုံစံမပျက် ဖျက်သိမ်းပြီးလျှင် ပြောင်းရွှေ့၍ ဆောက်ထား ကြောင်း သိရှိရပါသည်။

ထိုသို့ အမိဋ္ဌာန် (၅)လ ဝင်သော အကြောင်းအရာကို ပန်းချီကားကြီးတစ်ချပ်ရေးဆွဲ၍ ပြည်မြို့ ရတနာမာရ်အောင် တောရကျောင်းတိုက် ဓမ္မစကြာတိုက်ကျောင်းကြီးတွင် ချိတ်ဆွဲထားသည်ကို ကျွန်တော်ကောင်းစွာမှတ်မိပါသည်။ ထိုပန်းချီကားတွင် ရေးထားသော စာသားမှာ - ရှင်လာဘ သည် ဆားတောင်ရွာ အရှေ့ကျောင်းကြီးပေါ်၌ ၁၂၈၉ ခု ဝါဆိုလဆန်း ၈ ရက်မှ နတ်တော်လဆန်း ၈ ရက်အထိ ဆွမ်းမစားဘဲ ၅ လ အမိဋ္ဌာန်ဝင် တော်မူရာ ခင်းထားသည့် ကော်ဇော သုံးထပ်ပေါက်အောင် ချွေးယိုစီးလျက် ရှိသည်၊ အမိဋ္ဌာန်ထွက်ချိန်ကို စောင့်နေပုံ ဟူ၍ ဖြစ်ပါသည်။ ထိုပန်းချီကားနှင့်တစ်ဆက်တည်းမှာပင် ဇာတ်လမ်းဆက် ပန်းချီကားတစ်ချပ်ရှိသေးရာ ထိုပန်းချီကားတွင် ရေးထားသည့်စာမှာ - ယင်းတော်မြို့မှ ဆိုင်းဆရာကြီးဦးသက်ဝေသည် ကိုရင်ကလေး တရားအားထုတ်သည့်ရှေ့တွင် လျှောက်ထားပုံ ဟူ၍ ဖြစ်ပါသည်။

**ယနေ့ ဆားတောင်ရွာအခြေအနေကို လေ့လာခြင်း**

ဆားတောင်အုပ်စု (၁) တွင် ဆားတောင် အနောက်ခြမ်းရွာ၊ ဆားတောင်အရှေ့ရွာ၊ အေးသာယာ ရွာတို့ ပါဝင်ကြောင်း သိရပါသည်။ အရှေ့ရွာတွင် အိမ်ခြေ ၅၃ အိမ်၊ အနောက်ရွာတွင် အိမ်ခြေ ၄၆ အိမ်ရှိကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။

**ဆားတောင်ရွာ၏ သဘော သဘာဝ**

ဆားတောင်ရွာမှာ ဆားထွက်သဖြင့် ဆားတောင်ဟု ခေါ်ကြောင်း သိရှိရပါသည်။ ဂျပန်ခေတ်အတွင်းက ဂျပန်များ ကျဆုံးသောအခါ ဟိုနေရာ ဒီနေရာမှာ မြေမြှုပ်ခဲ့သည်ဟုဆိုပါသည်။ ထိုနေရာများကို ပြန်လည်ဖော်ထုတ်ရန် ဂျပန်ပြည်မှ လာရောက်ရှာဖွေသောအဖွဲ့ရှိကြောင်း၊ ထိုအဖွဲ့သည် စစ်အတွင်းက သင်္ချိုင်းဟောင်းများကို ရှာဖွေခဲ့ရာတွင် မြစ်ကြီးဇရာဝတီ ဦးတင်ငွေ ကိုယ်တိုင်ပင်လျှင် ရှာဖွေကူညီခဲ့ကြောင်း၊ လွန်ခဲ့သော ၁၂ နှစ်လောက်က ဖြစ်ကြောင်း သိရှိရပါသည်။

**ဂျပန်များနှစ်စဉ်လာရောက်တတ်ခြင်း**

ယခုလည်း နှစ်စဉ်လိုလိုပင် ဒီဇင်ဘာလ ခရစ်စမတ်ကာလတွင် ဂျပန်ပြည်မှ ဂျပန်လူမျိုးများ ရောက်လာတတ်၍ စစ်အတွင်းက ဘိုးဘွားများကို ဂါရဝ ပြုကြသေးကြောင်း မြစ်ကြီးဧရာဝတီ ဦးတင်ငွေက ပြောကြားခဲ့ပါသည်။ ဦးတင်ငွေသည် စာရေးစာဖတ် လောကီလောကုတ် အလွန်ဝါသနာကြီးသူ ဖြစ်၍ ပါရမီအလျောက် ကျင့်ကြံသူလည်းဖြစ်ပါသည်။ ယခုအခါ အသက် (၅၃) နှစ်ရှိပြီဟု ဆိုပါသည်။ ဤတွင် အပိုင်း (၁) ပြီးပါပြီ။

# အပိုင်း ( ၂ )

## စံတော်ရာကုန်းနှင့် ဆားတောင်ကိုရင်ကလေးအကြောင်း

ပျော်ဘွယ်စံတော်ရာကုန်းသည် ဆားတောင်ကိုရင်ကလေးဘဝတွင် အရေးပါသော နေရာ ဖြစ်လေသည်။ ထိုကြောင့် အမိအရ အမိကမှတ်တမ်းတင်ရန် ကျွန်တော် တစ်စု သွားကြရပါသည်။ ကျွန်တော်တစ်စုဆိုသည်မှာ ကျွန်တော် မောင်ပန်းမွှေး နှင့်တကွ ရုပ်ရှင်ဒါရိုက်တာကြီး စိုးဟိန်း (မန်းတက္ကသိုလ်) အပါအဝင် ရွှေပေါ်ကျွန်း စေတော်ဝင် မဟာဂန္ဓာရီ တက္ကသိုလ်ကျောင်းထွက် ဓမ္မမိတ်ဆွေကြီး မြေလတ်မြတ်သူ တို့နှင့်တကွ ရုပ်ရှင်အဖွဲ့ ၁၁ ယောက်အပါ အဝင် သာသနာ အကျိုးဆောင်များဖြစ်ပါသည်ဟု ဆိုလျှင် မြောက်ပင့်ရာ ရောက်သော်လည်း ဝမ်းသာ ဝမ်းမြောက်သဖြင့် ခပ်မြောက်မြောက်ကလေး ပြောလိုက်ရခြင်း ဖြစ်ပါသည်။စံတော်ရာကုန်းတွင် အလွန်ကြီးသော စကြံတိုက်ကြီးကို တွေ့ကြရာ အံ့ဩမိပါသည်။ ထိုစကြံတိုက်ကျောင်းကြီးတွင် ကျွန်တော်တို့တစ်စု ညအိပ်ရမည် ဖြစ်ပါသည်။ သို့သော်လည်း အိပ်ရန်နှင့်စားရန်ကို စိတ်မဝင်စား၊ နေရောင်ကလေးရှိတုန်း ရသမျှ မှတ်တမ်းကလေး ရိုက်ရန်သာ စိတ်စောလျက် ရှိပါသည်။ သက်တော်ရှည် ရာပြည့်ဆရာတော် ဘုရားကြီးငယ်စဉ် ကိုရင်ကလေးဘဝ ၇ နှစ်သားအရွယ်မှစ၍ ၁၃ နှစ်သားအရွယ်အတွင်း ဆားတောင်ရွာနှင့် လူးလာ တုံ့ခေါက် ခြေလျင်လျှောက်၍ သစ်ပင်ကြို သစ်ပင်ကြား၊ ချောက်ကြိုချောက်ကြား တစ်ကိုယ်တည်း ခရီးသွားပြီးလျှင် အထူးသဖြင့် ညဥ့်အခါများမှာလည်း ဘာကိုမျှ ကြောက်ရကောင်းမှန်းမသိဘဲ အဓိဋ္ဌာန်ကြီးငယ် အသွယ်သွယ်ဝင်ခဲ့၍ ပေါက်မြောက် အောင်မြင်ခဲ့သော နေရာထူး နေရာမြတ်ဖြစ်သဖြင့် တအံ့တဩဖြစ်ကြကာ ကျွန်ုပ်တို့တစ်စုမှာ စားရကောင်းမှန်းပင်မသိတော့ဘဲ အပင်ကြို အပင်ကြား အပြေးအလွှားကလေးသွားကာ ချောက်ကြိုချောက်ကြား ဆင်းတက်သွား၍ ဆားတောင်ကိုရင်ကလေး တရား

အားထုတ်ခဲ့သော အပင်များနှင့်တကွ အဓိဋ္ဌာန်ပေါက်မြောက် အောင်မြင်ခဲ့သော သမိုင်းဝင် ညောင်ပင်ကြီးကို ကြည့်ကြပါသည်။

**ဆွေတော်မျိုးတော်များနှင့် တွေ့ဆုံခြင်း**

ရွာခံတစ်စုနှင့်တကွ ဆားတောင်ကိုရင်ကလေး ဆွေတော်မျိုးတော် မြေးတော် မြစ်တော် သက်ဆိုင်ရာတစ်စုတို့ကရောက်လျှင်ရောက်ချင်းပင်အကူအညီပေးရန် စိတ်ရှည်ရှည်စောင့်နေကြသဖြင့် ကျွန်တော်တို့မှာ ရင်မော သက်သာရပါသည်။

**ဒုတိယမင်းခေါင်နှင့်မှူးကြီး မတ်ကြီးများ**

အနီးရှိ ရုပ်တုတစ်ခုကို အမှတ်မထင်ကြည့်မိရာ ဒုတိယဘုရင် မင်းခေါင်ပုံတော်နှင့် စီးတော်မြင်း စိုင်းလျှော် မြင်းတော်တို့ပုံတော် ဖြစ်ကြောင်း သိရပြန်ပါသည်။ ၎င်းအပြင်သိမှတ်ဖွယ်ရာအဖြစ် ဒုတိယဘုရင်မင်းခေါင်၏ မြင်းတော်မြှုပ်ခဲ့သော နေရာကိုလည်းကောင်း၊ မြင်းတော်ရေသောက်ခဲ့သော ရေအိုင်တော် လည်းကောင်း၊ သိမှတ်သူတို့က လိုက်လံ ပြသကြပါသည်။

**နသိုးဖြူတောင်ကို တွေ့ရခြင်း**

၎င်းအပြင် အဝေးတွင်လှမ်းမြင်ရသော နသိုးဖြူတောင်ဟု ခေါ်သော ပုဆိုးဖြူတောင် အကြောင်းကိုလည်း တစ်စေ့တစ်စောင်း သိရပါသေးသည်။ ၎င်းအပြင် ဘိုးတော်ဖြူ ကိုယ်တော်ကြီးတည်ခဲ့သော စေတီတော်တည်ရာ ကုန်းတော်ကို လည်းကောင်း၊ ဘိုးတော်ဖြူ ရေကန်တော်ကို လည်းကောင်း သွားရောက်လေ့လာ ကြရပြန်ပါသည်။ ၎င်းအပြင် ဆားတောင်ကိုရင်ကလေး တရားကျင့်ခဲ့သော အောင်မြင်ခဲ့သော ညောင်ပင်ကိုလည်းကောင်း၊ ပေါက်ရောက် အောင်မြင်ခဲ့ သော အောင်မြေကို လည်းကောင်း လေ့လာကြရပြန်ပါသည်။

**စံတော်ရာကုန်းတော်သမိုင်းအကြောင်း**

၎င်းအပြင် ဆားတောင်ရွာ ကိုရင်ကလေးဘဝမှ မြင့်မြတ်သော ပဉ္စင်းဘဝသို့ ရောက်ပြီးနောက် ရွှေတိဂုံဘုရားသို့ ၄၉ ရက် အဓိဋ္ဌာန်ဝင်ရန် ထွက်ခွာသွားသော နေရာကိုလည်းကောင်း သွားရောက်လေ့လာကြရပြန်ပါသည်။

ဤသို့ဖြင့် စံတော်ရာကုန်းတော်ဟု သာမန်အားဖြင့် ခေါ်လိုက်သော်လည်း ကမ္ဘာ့ ရွှေရင်အေးဆရာတော်ကြီးဘဝသို့ တက်လှမ်းခဲ့သော မူလပထမ အောင်မြေ နေရာများဖြစ်သဖြင့် မဟာမင်္ဂလာဇေယျသိဒ္ဓိ စံတော်ရာကုန်းတော် ကြီးအဖြစ် ယနေ့ ယခုအခါတွင် သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးက မိမိ

ငယ်စဉ်ဘဝမှ ယနေ့ကာလအထိ အောင်မြင်ခဲ့သော အောင်မြေထူးနေရာတွင် ဆုထူးပန် သစ္စာမဏ္ဍိုင် စေတီတော်မြတ်ကြီးတည်ထားခဲ့ပုံတို့ကို နောက်ကြောင်းပြန် တစိမ့်တစိမ့်တွေးတောရင်း နှစ်တစ်ရာ မဟာထေရုပ္ပတ္တိရုပ်ပုံလွှာကို ပြန်လည်စားမြုံ့ ပြန်မြင်မိပါတော့သည်။ တောစပ်ကလေးတွင် သစ်သားကျောင်းဆောင်ကလေး တစ်ခုရှိရာ အသစ်ပြုပြင်ထားသော သဘောရှိ၏။ ထို့ကြောင့် မေးမြန်းကြည့်သော အခါ ယခင့် ယခင်က ရှိခဲ့သော သစ်သားကျောင်းကလေးမှာ ဟောင်းနွမ်းလာသဖြင့် မွမ်းမံထားကြောင်း သိရပါသည်။ ထိုနေရာကလေးသည် မူလပထမ သီတင်းသုံး သော နေရာဖြစ်သည်ဟု ဆိုပါသည်။

**ဒုတိယစံကျောင်း**

ဒုတိယသီတင်းသုံးသောနေရာမှာ ဓမ္မရက္ခိတစံကျောင်းဖြစ်ကြောင်း သိရပါသည်။ ထိုစံကျောင်းတွင် ဆရာတော်ကြီး ကားအက်စီးဒင့်မဖြစ်ခင် ကာလအထိ သီတင်း သုံးခဲ့သည်ဟု ဆိုသဖြင့် (၁၉၉၃) ခု မေလအထိ သီတင်းသုံးခဲ့သော သဘောကို တွက်ချက်မိပါသည်။ ကားအက်စီးဒင့်ဖြစ် သောကာလမှာ (၁၉၉၃) ခု၊ မေလ (၁၀) ရက် ပတ်ဝန်းကျင်ကာလဟု ဆိုပါသည်။

**တတိယစံကျောင်း**

တတိယသီတင်းသုံးသောနေရာမှာ စကြံကျောင်း ဖြစ်သည်ဟုဆိုပါသည်။ ထိုစကြံ ကျောင်းကို ပြုပြင်လိုက်သောအခါ ယခုတွေ့မြင်နေရသော စကြံတိုက်တော် ကြီးဖြစ်လာကြောင်း သိရပါသည်။ မော်ကွန်းကျောက်စာတွင် မဟာသီရိမင်္ဂလာ စကြံတိုက်တော်ကြီး မော်ကွန်းရေးထိုးထားကြောင်း တွေ့ရပါသည်။ ၁၃၅၂ ခု နတ်တော်လပြည့် (၁၉၉၉ ခု၊ ဒီဇင်ဘာလ၊ ၁ ရက်) စနေနေ့ဟု မော်ကွန်း ကျောက်စာတွင် ဖတ်ရှုရပါသည်။

အတွင်းသို့ ဝင်လိုက်သောအခါ အလွန်ကျယ်ပြန့်သော ခန်းမဆောင် ကြီးရှိ၏။ ထိုနေရာ သံဃာစင်တွင် ကျွန်ုပ်တို့ တစ်စု ခြင်ထောင်ထောင်၍ အိပ်ရန်ကြိုးများ သွယ်တန်းထားသည်ကို တွေ့ရပါသည်။ နံရံတွင် ကပ်ထားသော ခေါင်းစီး ကြီးတွင် ရေးထားသောစာမှာ အကြိမ် ၃၀ မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းပွဲကြီး ဟူ၍ ဖြစ်ပါသည်။ နေ့စွဲမှာ ( ၁၂-၁၂-၂၀၀၂) နှစ်မှ ( ၂၀-၁၂- ၂၀၀၂) နှစ်ဟု ရေးထားပါသည်။ ထို့ကြောင့် အကြိမ် ၃၀ မြောက် ဆွမ်းဆန်စိမ်း ပွဲတော်ကြီးမှ ၂၀၀၂ ခု ဒီဇင်ဘာလ ၁၂ ရက်နေ့မှ စ၍ ကျင်းပခဲ့ရာ ၂၀၀၂ ခု ဒီဇင်ဘာ ၂၀ ရက်နေ့အထိ ဖြစ်သဖြင့် ရက်ပေါင်း ၉ ရက်တိတိ ဖြစ်ကြောင်း သိရပါသည်။

**မူလပထမကျောင်းဟောင်းနှင့် ကိုရင်ကလေးဘဝက နေရာဟောင်း**

မူလပထမ ကျောင်းဟောင်းကလေးမှာ ဇရပ်ကလေးသဖွယ်ဖြစ်၍ လူ ပေါင်း ၈၀ လောက်ဆန့်သည်ဟု ဆိုပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက် ကာလအထိ တောကြီးမျက်မည်းဘဝသာရှိသေးသဖြင့် ယုန်ကလေး တစ်ကောင် တစ်လေ တောအုပ်ထဲပြေးဝင်သွားလျှင်တောင်မှ မည်သူမျှလိုက် ၍မဖမ်းဝံ့ကြဟု ဆိုပါသည်။ ဆိုလိုသော သဘောမှာ တောကြီး၍ တောကြမ်းသဖြင့် ကြောက်ရွံ့ကြသောကြောင့်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤသို့ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ လောက်ကာလကို မှန်းဆ၍ သိနိုင်ပါသည်။ ထိုနေရာသည် အဘယ်မျှ တောထူလိမ့်မည်နည်း။ အဘယ်မျှ တောကြမ်းလိုက်မည်နည်း ဟူ၍ ပြေးကြည့်စရာ မလိုပါ။ တွေးကြည့်ကာ သိနိုင်ပါတော့သည်။ ထိုနေရာတွင် ကိုရင်ကလေး အရှင်လာဘသည် တရားအားထုတ်ခဲ့ပေသည်။ ကိုရင်ကလေးသည် အာဂကိုရင်ကလေး ဖြစ်တော့သည်ဟု အလိုလို တွေးမိပါတော့သည်။

ထိုနေရာတွင်ပင် ဒါရိုက်တာ စိုးဟိန်း (မန်းတက္ကသိုလ်) က ဇာတ်လမ်းဆင်၍ ရိုက်ကွင်းကို တီထွင်ပါသည်။ ရွာသူရွာသားများကလည်း ကူညီကြသည်။ ကိုရင် အစစ်ကလေး တစ်ပါးကလည်း အသက် (၇) နှစ်အရွယ် မောင်ပေါက်ကျော် တစ်ဖြစ်လဲ ကိုရင်ကလေး အရှင်လာဘအဖြစ် သရုပ်ဆောင်ပေးခဲ့ပါသည်။ ဆားတောင် ကိုရင်ကလေးသည် ပုတီးကလေးကိုင်ကာ တောအုပ်ကြီးထဲ ဝင်သွားသောအခန်းကို စိုးဟိန်း (မန်းတက္ကသိုလ်) က တီထွင်ရိုက်ကူးပါသည်။ မီးခိုး မီးငွေ့များကို တကယ့်သဏ္ဌာန်နှင့်တူအောင် ရုပ်ရှင်အဖွဲ့သားများက ဖန်တီးကြပါသည်။

**ရွာသူ ရွာသားများ အစမဲ့ ကိုယ့်ထမင်းကိုယ်စား နေပူစံ၍ ကူညီကြခြင်း**

ဆားတောင် ကိုရင်ကလေး အဓိဋ္ဌာန်မေတ္တာရေဝေငှသော အကြောင်း သရုပ်ဖော်ထားသည့် ပန်းချီကား ကြီးတစ်ချပ်ကို ပြည်မြို့ ရတနာ မာရ်အောင်တောရကျောင်း ဓမ္မစကြာတိုက်ကြီးတွင် ချိတ်ဆွဲထားသည်ကို တွေ့ဖူးပါသည်။ ၎င်းပန်းချီ ကားကြီးအောက်၌ - ဆားတောင်ရွာအရှေ့ကျောင်း၌ သာမဏေ ရှင်လာဘ၏ သီလ သမာဓိ သစ္စာ အဓိဋ္ဌာန်မေတ္တာကို ခံယူနေကြသည့် ဝေနာရှင်များ ပွဲတော်တမျှ ရပ်ဝေးရပ်နီးမှ လှည်းဖြင့် လာရောက်ကြသည့် ပရိသတ်များပုံဟူ၍ စာတန်းထိုးထားသည်ကိုလည်း ကျွန်တော်ကောင်းစွာ ဖတ်မိနေပါသည်။ ယခု စိုးဟိန်း (မန်းတက္ကသိုလ်) ရိုက်ကူးသည့် သရုပ်ဖော်ချက်မှာ ထိုပန်းချီကားကြီး အသက်ဝင်လာသကဲ့သို့ ရှိပါတော့သည်။

၎င်းနောက် ရိုက်ကွင်းဒါရိုက်တာနှင့် ကင်မရာအဖွဲ့သားများသည် နေရောင်ရှိတုန်း

ကာလကလေးမှာ ကြိုးစားပမ်းစား ရိုက်ကူးကြပါသည်။ ထမင်းအရင်စားရန် လာခေါ် သူတို့ကလည်း ခေါ်၍မရသဖြင့် မခေါ်ကြတော့ပါ။

**ဦးလှစိန် အင်တာဗျူး**

ကျွန်ုပ်တို့တစ်စုသည် ဆားတောင်ကိုရင်ကလေးနှင့် ဆွေမျိုးတော်သော ဦးလှစိန်နှင့် မှတ်တမ်းတင်ရိုက်ကူးပါသည်။ ဦးလှစိန်မှာ ဆားတောင် ကိုရင်ကလေးနှင့် ဆွေမျိုးတော်ကြောင်း၊ တူအရင်းခေါက်ခေါက်ဖြစ်ကြောင်း သိရပါသည်။ ယခု အသက် ၇၄ နှစ်ရှိပြီဖြစ်ပါသည်။ အဖမှာ ဦးဖြူဖြစ်ကြောင်း အမိမှာ ဒေါ်ရေ ဖြစ်ကြောင်း ဆားတောင်ရွာဇာတိဖြစ်ကြောင်း သိရပါသည်။ ဆားတောင်ကိုရင်ကလေးနှင့် ညီအစ်ကို တစ်ဝမ်းကွဲတော်ကြောင်းသိရ ပါသည်။

ထိုစဉ်က ဦးလှစိန်သည် အသက် ၃ နှစ် ရှိပြီဖြစ်ကြောင်း အမေအဖေ များက ထပ်ဆင့်အခါခါ ပြောကြသဖြင့် မှတ်မိနေကြောင်း ဝန်ခံပြောဆိုပါသည်။ အပြော ကလည်းရိုး သဘောကလည်းရိုးသဖြင့် ရိုးရိုးကြီးပဲ မှတ်တမ်းတင်ကြ ပါသည်။ ဦးလှစိန်၏ ပြောကြားချက်တို့မှာ များစွာမှတ်သားဖွယ်ရာ ဖြစ်ပါသည်။

'အဲဒီတုန်းက ဆားတောင်ကိုရင်ကလေးက ဆင်းရဲတယ် မဟုတ်လား၊ တောသား ဆိုတော့ နွားလည်းကျောင်း ရသေးတယ်၊ အဲဒီမှာ နွားကျောင်းသားတွေနဲ့ နွားကျောင်းရင်း ပုတီးစိပ်တယ်တဲ့'။

သူများနွားကျောင်းသားတွေကတော့ အားတာနဲ့ သားစိမ်း ငါးစိမ်းရှာ၊ ဟိုသွား ဒီသွားဘဲ ဆားတောင်ကိုရင် ကလေးကတော့ ဘယ်မှလည်း မသွားဘူး၊ သားစိမ်း ငါးစိမ်းလည်း မစားဘူး၊ အသီးအရွက်ကလေးပဲ စားတယ်၊ ကလေးချင်း အံ့သြကြ တာပေါ့။

ပြီးတော့ ရွံ့ကလေးတွေလုံးပြီး ပုတီးစိပ်တယ်၊ ပြီးတော့ နာနတ်ပင်တွေ ခုတ်ပြီး အရွက်ပေါ်မှာ အင်းကစားတယ်၊ အဲဒီတုန်းက ၅ နှစ်သားမှာ ကျောင်းနေတယ်။ ပြီးတော့ ကိုရင်ဝတ်တယ်၊ အစ်ကိုတွေ ကိုရင်ဝတ်တော့ အိမ်မှာ အမေ အဖေက ခိုင်းရမယ့် လူမရှိလို့ လူထွက်ပြီး နွားကျောင်းရတယ်။

အစ်ကိုတွေ ကိုရင်ကလူထွက်တော့မှ ကိုရင်ပြန်ဝတ်ရတယ်၊ အဲဒီမှာ ပုတီး စိပ်ပြန် တယ်၊ ဆားတောင်မှာ ကိုရင်ကလေး ပုတီးစိပ်တဲ့ မန်ကျည်းပင်ကြီးရှိတယ်။ အဲဒီ မန်ကျည်းပင်ကြီးအောက်မှာပဲ အဝတ်ဖြူဝတ်တဲ့ဘိုးဘိုးက ပညာတွေ သင်ပေး တယ်။

ဒါပေမယ့် အမေအဖေတွေကိုလည်း ပြန်မပြောဘူး၊ ဘယ်သူမှလည်း မပြောဘူး၊ နောင်မှ တစ်စတစ်စ သိရတာ၊ အဲဒီမှာ ထူးတာတစ်ခုပြောမယ်။

အခုမြင်ရတဲ့ မူလကျောင်းကလေးမှာပေါ့နော်၊ တစ်နေ့တော့ အသက်ကြီးကြီး

ရဟန်းကြီးတစ်ပါးရောက်လာတယ်၊ အာဂန္တုပေါ့၊ အဲဒီရဟန်းကြီးက ခပ်စုတ်စုတ် ခပ်နွမ်းနွမ်း ဝတ်ထားတယ်။ မသိရင်တော့ စိတ်မှကောင်းရဲ့လားတောင် ထင်ကြတယ်တဲ့။

ဒီတော့ အဘိုးဖြစ်သူ ကျောင်းထိုင်ဆရာတော်ကြီးကို အာဂန္တုရဟန်း အကြောင်း လျှောက်ထားကြသတဲ့၊ ကြည့်ရတာ ကစုတ်ကဖတ်ကြီးတဲ့၊ ဘယ်သူမှ အနားမကပ်ချင်ဘူး၊ ကိုရင်ကလေးက အဲဒီတော့ ငယ်ငယ် (၇) နှစ်သားနော်။

အဲဒီရဟန်းကြီးကို ကိုရင်ကလေးက ဆွမ်းသွားကပ်တယ်၊ လူမြင်မကောင်းအောင် တအားကြီးစားသတဲ့၊ ဒါနဲ့ ကိုရင်ကလေးက လမ်းပြပြီး သိမ်ထဲကို ပင့်သွားသတဲ့။ အဲဒီ အာဂန္တုရဟန်းကြီး နည်းနည်းနေပြီးတော့ ပြန်သွားတယ်၊ ၇ ရက် ၈ ရက်လောက် ကြာတော့ ကိုရင်ကလေးဟာ တစ်မျိုးပြောင်းလာတယ်၊ ဘယ်အချိန်မှာ ဘယ်သွားတာ မသိရ၊ ဘယ်အချိန်ပြန်ကြွလာတာ မသိရ၊ ပထမတော့ အမှတ်တမဲ့ပဲ။ ရွာထဲလည်း ကြွတာမတွေ့ရ၊ ဒီတော့ အဘိုးကျောင်းထိုင် ဆရာတော်ကြီးက စစ်မေးပြန်တော့လည်း ဟိုလိုလို ဒီလိုလိုပဲ၊ တစ်ခါမေးလိုက်တော့ ကိုရင် ကလေးက တပည့်တော် မန်းစက်တော်သွားတယ်လို့ပြောတယ်၊ နောက်တစ်ရက် တစ်ခါမေးပြန်တော့ တပည့်တော် သီဟိုဠ်သွားတယ်လို့ ပြောတယ်၊ နောက် တစ်ရက် မေးပြန်တော့ ရွှေတိဂုံသွားတယ်လို့ပြောတယ်၊ နောက်တစ်ည တစ်ခါ မေးပြန်တော့ တပည့်တော် ကျိုက်ထီးရိုး သွားတယ်လို့ ပြောတယ်။ ကျောင်းထိုင် ဆရာတော်ကြီးက ကိုရင်ကလေးရဲ့ အဘိုးလည်း တော်တယ် ဦးဣန္ဒကတဲ့၊ ဒီတော့ ကိုရင်ကလေး အဖေ ဦးကြက်တောင်ကို ခေါ်ပြောတယ်၊ မင်း သားတော့ စိတ်နောက်နေပြီလား မသိဘူးလို့ပြောတယ်၊ ဒါပေမယ့် သိတဲ့သူတွေ မေးကြည့်တော့လည်း သူပြောတာတွေက မှန်နေတယ်တဲ့။

**အဆန်းတကြယ် အံ့ဖွယ်ဖြစ်ရပ်များ ကိုယ်တွေ့ပြန်ပြောချက်များ**

မန်းစက်တော်ရောက်ဖူးသူတွေ မေးတော့လည်း သူပြောတာဟုတ်တယ်တဲ့၊ ရွှေတိဂုံတို့ ကျိုက်ထီးရိုးရောက်ဖူးသူတွေပြောတော့လည်း အမှန်ပဲတဲ့၊ ဒီတော့ စိတ်နောက်တယ် ပြောရအောင်လည်း ခက်တယ်တဲ့။ ဒီတော့ ကိုရင်ကလေးကို ညမှာစောင့်ပြီး စုံစမ်းကြသတဲ့၊ ရှင်အရဟံ သိမ်ထဲ ဝင်သွားတာ တွေ့ရတယ်၊ နောက်တော့ အပြင်ထွက်သွားရင်လည်း လိုက်လို့မမီဘူး၊ တွေ့ပြန်တော့လည်း သစ်ပင်အောက်ထိုင်နေတယ်၊ တရားအားထုတ်နေတာ အပြစ်ပြောလို့ မရပြန်ဘူး။

**ထူးဆန်းသောဒေဝ့်သည်ကြီးရောက်ရှိလာခြင်း**

ဆန်းတာကလုံးဝ ဆွမ်းမစားတာပဲ၊ အဲဒါက ဟိုစုတ်စုတ်ဖတ်ဖတ် ဘုန်းကြီးနဲ့

တွေ့ပြီးကတည်းက အချိုးပြောင်းသွားတာပဲ၊ ကျင်ကြီး ကျင်ငယ်တောင် မစွန့်တော့ဘူးတဲ့၊ အဲဒီမှာ ပိုးထိတဲ့သူတွေ့လည်း ဆေးကုတာပဲ၊ ရေမန်းလည်း ပေးတာဘဲ၊ ကိုရင်ကလေး ပရိတ်ရေစွမ်းတယ်ဆိုပြီး ခန့်မှန်းခြေ တစ်နှစ်လောက် ဒီနားမှာ ပွဲကြီးဖြစ်နေတယ်ဟု ဦးလှစိန်က ပြောကြားပါသည်။ထိုဆားတောင်ကိုရင်ကလေးမှာ ပဥ္စင်းခံပြီး ၃-၄ ရက် လောက်ကတည်းက ထွက်သွားလိုက်တာ ဘယ်ရောက်သွားမှန်း မသိတော့ဘူးဟုလည်း ဦးလှစိန်က ပြောပြပါသည်။ နောက်နှစ်ပေါင်း ၃၀ လောက်ကြာတော့မှ၊ ဒီစံတော်ရာကုန်းကို ဆားတောင်ကိုရင်ကလေး ပြန်ကြွလာတယ်ဟု ဦးလှစိန်ကပြောပါသည်။ ဆားတောင်ကိုရင်ကလေး ပြန်ကြွလာတော့ ဆားတောင်ကိုရင်ကလေး မဟုတ်တော့ဘဲ၊ သက်တော် ၄၉ - ၅၀ ကိုယ်တော်ကြီး ဖြစ်နေပြီ၊ အမည်တော်ကလည်း ဦးဝိဇ္ဇာဗလတဲ့၊ အဲဒီစံတော်ရာကုန်းမှာ သာသနာဖွင့်ဖော်ပြီး ပူဇော်လိုက်တာ ယခုမြင်ရတဲ့အတိုင်းပါပဲဟု ဦးလှစိန်က ပြောကြားပါသည်။ ထို့ကြောင့် ဦးလှစိန်၏ ပြောကြားချက်များနှင့် တွဲဖက်၍ ဆားတောင်ကိုရင်ကလေးဘဝမှ စံတော်ရာကုန်းသို့ နောက်တစ်ကြိမ် ပြန်လည်ကြွလာတော်မူသည်အထိ နှစ်ပေါင်း ၅၀ ကို အကြမ်းဖျင်း တွက်ချက်လိုက်သောအခါ အောက်ပါအတိုင်း အဖြေထွက်လာပါသည်။

## ရာပြည့်ရှုပ်ပုံလွှာကိုရေးသားရန် အကြမ်းရေးဆွဲသော စုတ်ချက်များ

**မွေးသက္ကရာဇ်**

၁၉၀၉ ၁၂၇၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊
( ၁၅ ဇူလိုင် ၁၉၀၉) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၁ း ၄၅ မိနစ်

**ဇာတိရပ်ရွာနှင့် မွေးဖခင်တော် မယ်တော်တို့အမည်**

ပျော်ဘွယ်ကြီးမြို့နယ်၊ ဆားတောင်ရွာ ၊ ဖခင် ဦးကြက်တောင်၊ မိခင် ဒေါ်မလေး

**သာမဏေပြုခြင်း**

၁၂၈၃ ခုနှစ်၊ နတ်တော်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် မိဘနှစ်ပါး ဆားတောင်ရွာအရှေ့ကျောင်း၊ အဘိုးဆရာတော်ကြီးထံတော်၌ အစ်ကို မောင်ရေချမ်း၊ မောင်ရေပန်းတို့နှင့်အတူ မောင်ပေါက်ကျော်အား သာမဏေရ ပဗ္ဗဇ္ဇာဘိသေကမင်္ဂလာရှင်သာမဏေအဖြစ်သို့ သွတ်သွင်း၍ သာသနာအမွေ ခံယူကြသည်။ သာမဏေကလေး မောင်ပေါက်ကျော်အား ဗုဒ္ဓဟူးသားဖြစ်၍ ရှင်လာဘဟု ဘွဲ့အမည်သတ်မှတ်ချီးမြှင့်တော်မူပါသည်။

**ရဟန်းဖြစ်ရက် အပြည့်အစုံ**

သာသနာတော်နှစ် ၂၄၇၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် တနင်္လာနေ့ နံနက် (၁၁) ဖဝါး၊ ၁ ဗီလာ၊ စက်နာရီ ၉ နာရီ ၁၀ မိနစ် အချိန်တွင် မြင့်မြတ်သော ဥပသမ္ပဒ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူလေသည်။အများကုသိုလ် ဘုံရဟန်းအဖြစ် ရဟန်းခံပွဲကြီး ကျင်းပခဲ့သည်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ယင်းတော်စသော မြို့များမှလည်းကောင်း၊ ဆားတောင် ရွာသာရွာကုန်းစသော ပတ်ဝန်းကျင်ရှိ ရွာပေါင်း ၁၀၀ ကျော်မျှသော ကျေးရွာ အသီးသီးမှလည်းကောင်း၊ ရဟန်း ဒါယကာအဖြစ် ပါဝင်ခဲ့ကြ၍ ၂၀၀၀၀ ကျော်မျှသော ရဟန်းဒါယကာ/ ဒါယိကာမတို့၏ စုပေါင်းလှူဒါန်းသည့် ရဟန်းခံပွဲကြီး ဖြစ်သည်။ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ တမာကုန်းကျေးရွာ (ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး) ကျောင်းတိုက်အတွင်းရှိ သာသနဝိပုလ-ခဏ္ဍ သိမ်တော်ကြီးတွင် သစ်ဆိမ့်ပင်ကျောင်း သက်တော်ရှည် ဂိုဏ်းချုပ်ဆရာတော်ကြီးကို ဥပဇ္ဈာယ် ပြုပြီးလျှင် ပထမကမ္မဝါစာ ဆရာတော် များအဖြစ် ၁ - တမာကုန်း ဂိုဏ်းအုပ်ဆရာတော်၊ ၂- မြသိန်းတန် ဆရာတော်၊ ၃- တန်စု တောရဆရာတော် ၃ ပါးတို့ကလည်း ကောင်း၊ ဒုတိယ ကမ္မဝါစာ ဆရာတော်များအဖြစ် ၁-ပေါက်တန်း ဆရာတော်၊ ၂- နံချွန်တောကျောင်း ဆရာတော်၊ ၃- တန်စု တောရ ဆရာတော် ၃ ပါးတို့က လည်းကောင်း၊ တတိယ ကမ္မဝါစာဆရာတော်များအဖြစ် ၁-ရွာသစ်ကျောင်း ဆရာတော်၊ ၂ - အေးသန်းကျောင်းဆရာတော်၊ ၃ - မင်းဝေတောရကျောင်း ဆရာတော် ၃ ပါးတို့ကလည်းကောင်း၊ သံဃာတော် ၁၀၈ ပါးတို့ဖြင့် ခြံရံဝန်းပတ်ကာ ဥပသမ္ပဒ၊ အဘိသေကမင်္ဂလာ စီမံဆောင်ရွက်ချီးမြှင့်တော်မူကြသည်ဖြစ်ပါ၍ ဆားတောင်ရွာအရှေ့ ကျောင်းဆရာတော် ဦးဣန္ဒ၏ တပည့်ဖြစ်သော ရှင်လာဘသည် သာသနာတော်နှစ် ၂၄၇၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ နတ်တော် လပြည့်ကျော် ၄ ရက် တနင်္လာနေ့ နံနက် (၁၁) ဖဝါး၊ ၁ဗီလာ၊ စက်နာရီ ၉ နာရီ ၁၀မိနစ်အချိန်တွင် မြင့်မြတ်သော ဥပသမ္ပဒရဟန်း အဖြစ်သို့ ရောက်ရှိတော်မူ လေသည်။

**သာသနာရေးဆိုင်ရာဘဝရှပ်ပုံလွှာများ –**

၁၂၇၇ ခုနှစ် ဘိုးတော်အောင်၏ ပညာချီးမြှင့် စောင့်ရှောက်ခြင်းကို ပထမဦးစွာ ခံယူတော်မူရသည်၊

၁၂၈၃ ခုနှစ် နတ်တော်လပြည့် ဗုဒ္ဓဟူးနေ့တွင် ရှင်သာမဏေဖြစ်သည်။ (ဘွဲ့အမည် ရှင်လာဘ)

၁၂၈၄ ခုနှစ် (၇)နေ့ (၇) နံ အဓိဋ္ဌာန်အောင်မြင်၍ ထူးခြားသော သလေးဆွမ်းကို

ဘုဉ်းပေးတော်မူ ရလေသည်။ ထိုအကြောင်းကို ရေးဆွဲထားသော ပန်းချီကားကြီး ရှိပါသည်။ ထိုပန်းချီကားကြီးတွင်ပါသော စာသားမှာ ၁၂၈၃ ခု ၁၃နှစ်သား သာမဏေ ရှင်လာဘ ခုနစ်နေ့ ခုနစ်နံ အဓိဋ္ဌာန်အောင်၍ နောက်ဆုံး စနေနေ့တွင် စနေနံထိန်ပင်ကြီးခွဆုံမှရသော သလေးဆွမ်း ဘုဉ်းပေးနေပုံ ဖြစ်သည်ဟူ၍ စာတမ်းရေးထိုးထားသည်ကို ဖတ်ရှုရပါသည်။

၁၂၈၅ ခုနှစ် ယင်းတော်မြို့ ပုဆိုးဖြူတောင်၌ အဓိဋ္ဌာန်ဝင်စဉ် မြွေကြီး အပတ်ခံရတော်မူသည်။ ထိုအကြောင်းကို ပန်းချီကားကြီးတစ်ချပ် ရေးဆွဲ၍ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးဖြူတောင်တွင် အဓိဋ္ဌာန်ဝင်စဉ် မြွေကြီး အပတ်ခံရပုံကို သရုပ်ဖော်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

၁၂၈၉ခု နှစ်တန်ခူးလဆန်း (၃) ရက်တနင်္လာနေ့ ဦးခန္တီဇောတိ ဆရာတော်ဘုရားကြီးက (အာဟာရသိဒ္ဓိဆေး) ဖြင့် စတင်ချီးမြှောက် စောင့်ရှောက် တော်မူသည်။ ထိုအကြောင်းကို သရုပ်ဖော်သော ပန်းချီကားကြီး တစ်ချပ်ရှိရာ ထိုပန်းချီကားထဲတွင် ရွှေဥဒေါင်းတောင် စိန်ရောင်ခြည် ဘုရားသို့အသွား တစ်လေးလုံးဆရာတော်က သိဒ္ဓိဆေး ချီးမြှင့်ပုံ ဟူ၍ ရေးသားထားပါသည်။

ထိုအတောအတွင်းနှင့် သက်ဆိုင်သော ပန်းချီကားအချို့လည်းတွေ့ရပေရာ၊ တစ်ခုသော ပန်းချီကားမှာ ဆားတောင်ကိုရင်ကလေးဘဝတော ၃၇ တော၊ တောင် ၃၇ တောင်သို့ လှည့်လည်လျက် သမထ၊ ဝိပဿနာအားထုတ်ရင်း ဆရာ ၃၇ ပါးထံမှာ လောကီ၊ လောကုတ္တရာ ပညာသင်ကြားရန် ထွက်ခွာလာပုံ ဖြစ်ပါသည်။ ထိုပန်းချီကားကြီးကို ရတနာမာရ်အောင် တောရကျောင်းတွင် တွေ့ရှိနိုင်ပါသည်။ ရတနာမာရ်အောင်တောရတွင်တွေ့ရသော ပန်းချီကားတစ်ချပ်မှာ ၁၂၉၅ ခုနှစ်က အဖြစ်အပျက် ဖြစ်ပါသည်။ ထိုပန်းချီကားတွင်ရေးသားသော စာသားမှာ - ၁၂၉၅ ခု ဝါခေါင်လဆန်း ၁၂ ရက်နေ့တွင် ဖြစ်ပျက်သော ဖြစ်ရပ်မှန် ဖြစ်၍ ဝေဘူလနတ်မင်းကြီးတို့က ရှေးဘုရား စကားမပယ်ပါနှင့် ဟု ပြောကြားနေပုံ ပန်းချီကားဖြစ်ပါသည်။

အခြား ပန်းချီကားတစ်ချပ်မှာ ရွှေဘတောင်တွင် တရားအားထုတ်စဉ်က ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ရေတာရှည် မယ်ဒက်ပီတူးရွာ အင်းသူကြီး သရဲ ပြိတ္တာက နံနက် ၈ နာရီခန့် အမဲသား ထမ်းလာသူအား ခြောက်လှန့်သောကြောင့် လန့်၍ သေစေပြီးနောက် အရှင်လာဘအား ခြိမ်းခြောက်သောအခါ ပဌာန်း အနုလုံ ပဋိလုံဖြင့် မောင်းထုတ်နေပုံ ပန်းချီကား ဖြစ်ပါသည်။ ထိုပန်းချီကားအရ ဖြစ်ရပ်မှန် တစ်ခုကို သိရှိခွင့်ရပါသည်။

၁၂၈၉ ခုနှစ် နတ်တော်လပြည့်ကျော်(၄)ရက် တနင်္လာနေ့ ရဟန်းအဖြစ်သို့ ရောက်သည်။

၁၂၈၉ ခုနှစ် တပေါင်းလဆုတ် (၂) ရက် ဗုဒ္ဓဟူးနေ့ ပြည်မြို့ ရန်ကုန် တောင်သို့ ရောက်သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ပန်းချီကားကြီးတစ်ချပ် တွေ့ရှိရာ ထိုပန်းချီကားကြီးတွင် အိုင်စီအက်စ် ဦးတင်ထွဋ်၏ အမိန့်ဖြင့် ရန်ကုန် တောင် တောရကို ပန်ချာပီစစ်တပ် ပုလိပ်များ ဝန်းရံထားပုံနှင့် စုံစမ်းစစ်ဆေးနေပုံတို့ကို သရုပ်ဖော်ထားခြင်း ဖြစ်ကြောင်း သိရပါသည်။

၁၂၉၀ ခုနှစ် ရက်စွဲနှင့် ပန်းချီကားတစ်ချပ်ကိုလည်း ပြည်မြို့ ရတနာမာရ်အောင် တောရတွင် ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။ ထိုပန်းချီကား တွင် ရွှေမော်ဓော စေတီတွင် အဓိဋ္ဌာန် အောင်မြင်သဖြင့် ပဲခူးဓမ္မစေတီမင်းခေါင်က ရေစင်များ ဆက်ကပ်နေပုံ ဖြစ်ပါသည်။ ဤသည်မှာလည်း ရဟန်းတော်ကလေး အရှင်လာဘ ၏ ဘဝတစ်ကွေ့ ရုပ်ပုံလွှာ ဖြစ်ပါသည်။ ရဟန်းတော်ကလေး အရှင်လာဘသည် ရဟန်းဘဝသို့ ရောက်ပြီး နောက်ရွှေတိဂုံဘုရားတွင် ၄၉ရက် အဓိဋ္ဌာန်ဝင်ခဲ့ပါ သည်။ ၎င်းအဓိဋ္ဌာန်မှ အောင်မြင်သောအခါ ပဲခူးရွှေမော်ဓောဘုရားတွင် အဓိဋ္ဌာန် ၂၄ ရက် ဝင်ခဲ့ပါသည်။ ၎င်းနောက် စမ်းကြီးတောရတွင် အဓိဋ္ဌာန် ၃ ရက် ဝင်ခဲ့ပါ သေးသည်။ ထိုအဓိဋ္ဌာန်အောင်မြင်ပြီးနောက် ရွှေတိဂုံ ဘုရားသို့ ပြန်လည် ရောက်ရှိ ၍ တဝဂူတွင် ခေတ္တသီတင်းသုံးတော်မူပါသည်။ ၎င်းနောက် ရန်ကုန်တောင် တောရချောင်သစ်တွင် သီတင်းသုံးသော သီလရှင်ဆရာကြီး ဒေါ်နာဂီ၏ ပင့်ဖိတ် ချက်ကြောင့် ရန်ကုန်တောင်တောရသို့ ရောက်ရှိခဲ့ရ ပါသည်။ ထိုကာလသည် ရဟန်းဖြစ်ပြီးစကာလ ၃ လ မြောက်အချိန် ဖြစ်ပေသည်။

၁၂၉၃ ခုနှစ် ကဆုန်လတွင် ဒူးရင်းသီးအဖျော်ကြောင့် ဆွမ်းအနည်းငယ် စတင်၍ ဘုဉ်းပေးတော် မူလေသည်။

၁၂၉၇ ခုနှစ် ပျော်ဘွယ်မြို့ ရဟန်းဒါယကာကြီး ဦးဉာဏ်တင် ရန်ကုန် တောင်တော ရသို့ ရှေးဦးစွာ ရောက်ရှိ ဖူးတွေ့ရသည်။

၁၂၉၉ ခုနှစ် သီလရှင်ဆရာကြီး ဒေါ်နာဂီ ဘဝတစ်ပါးသို့ ပြောင်းသွားသည်။

၁၃၀၀ ပြည့်နှစ် နယုန်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့ ရတနာမာရ်အောင် တောရကို စတင် တည်ဆောက်တော်မူသည်။

၁၃၀၄ ခုနှစ် ကဆုန်လဆန်း (၈) ရက်၊ အင်္ဂါနေ့ ဆရာတော်များက (ဝိဇ္ဇာဗလ) ဟူသော ဘွဲ့ထူးကို အနာဂတ်မှာတမ်းဖြင့် ချီးမြှင့်တော်မူကြသည်။

၁၃၀၅ ခုနှစ် နတ်တော်လဆန်း (၅)ရက် တနင်္ဂနွေနေ့ ရတနာ မာရ်အောင်တောရ ၌ ဖုံးအလုံးပေါင်း (၂၀)ကျသည်။

၁၃၀၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် စနေနေ့မှစ၍ မြို့နယ်များသို့ တရားဟော စတင်ထွက် ကြွတော်မူသည်။

၁၃၁၅ ခုနှစ် နတ်တော်လပြည့်ကျော် (၉)ရက် ဗုဒ္ဓဟူးနေ့ ရတနာမာရ်အောင် တောရ၌ သိမ်နုတ် သိမ်သမုတ် ဥဒေါင်းရောက် ဦးဝိဇ္ဇာဗလ သိမ်ထပ် ရဟန်းခံသည်။

၁၃၁၈ ခုနှစ် ပျော်ဘွယ်မြို့ ညောင်နွယ်ရွာရှင်ပြု အလှူပွဲ သို့ စတင် ကြွရောက်တော်မူသည်။

ဤသို့ဖြင့် ဦးလှစိန်၏ ပြောစကားနှင့် ဆက်စပ်၍ ဆားတောင်ကိုရင် ကလေးဘဝမှစ၍ မြင့်မြတ်သော ပဥ္စင်းဘဝသို့ ရောက်သည်အထိ ဘဝရုပ်ပုံလွှာကိုလည်းကောင်း၊ ထိုနောက် စံတော်ရာကုန်းသို့ သက်တော် ၄၉/၅၀ အရွယ်လောက်တွင် ပြန်လည်ဆုံစည်းရသည်ကို လည်းကောင်း ကျွန်ုပ်တို့သည် စိတ်မျက်စိတွင် ထင်ယောင်မြင်ယောင် ဖြစ်လာမိပါသည်။

## ဒုတိယမင်းခေါင်၏ စီးတော်မြင်း မြေမြှုပ်သောနေရာ ရေသောက်သော ရေအိုင်

၎င်းနောက် ကျွန်ုပ်တို့တစ်စုသည် ဒုတိယမင်းခေါင်စီးတော်မြင်းဖြစ်သော စိုင်းလျှော်မြင်းတော် မြေမြှုပ်ခဲ့သောနေရာ၊ ရေသောက်ခဲ့သော ရေအိုင်တို့သည်လည်း စံတော်ရာကုန်း၏ ရှေးရှေးသော သမိုင်းကြောင်းများနှင့် ဆက်စပ်၍နေသဖြင့် မှတ်တမ်းတင်ရိုက်ကူးကြပါသည်။အသက် ၇၄ ရှိ ဦးလှစိန်၏ ပြောပြချက်ကြောင့်လည်းကောင်း၊ မြစ်ကြီး ဧရာဝတီဟု ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီး၏ မြစ်တော်သူ ဦးတင်ငွေ၏ ပြောပြချက်တို့ကြောင့် လည်းကောင်း၊ နေရာမှန် အဖြစ်မှန်တို့ကို သိခွင့်ရခဲ့ပါသည်။

## ဦးဝိဇ္ဇာဗလ ကိုယ်တော်တိုင် ပြောပြချက်များ မှတ်တမ်းတင်ခြင်း

မြင်းရေသောက်သော ရေအိုင်ကလေးမှာ ခပ်သေးသေးမျှသာ ကျန်ပါတော့သည်။ မသိသူတို့က သာမန်အိုင်ကလေးသာ ထင်ရပါလိမ့်မည်။ သိသူတို့ကမူ အမှတ်တရအဖြစ် ရေကိုပုလင်းနှင့် ထည့်၍ သယ်ဆောင်သွားသည်လည်း ရှိပါသည်။ စံတော်ရာကုန်းသို့ ဆားတောင် ကိုရင်ကလေးသည် ဦးဝိဇ္ဇာဗလအဖြစ် ကြွရောက်တော်မူလာစဉ်အခါမှစ၍ ထိုနေရာရှိ န္တံမြေမှာ မြေပေါ်သို့ ၃ ပေ ၄ ပေ၊ မြင့်တက်လာခဲ့ရာ ထိုနေရာဟောင်းကို မှတ်မိသူတို့က ပြောကြားသဖြင့် ထိုန္တံမြေကို လိမ်းလျှင် ဆေးစွမ်းသည်။ ခါးနာ၊ ဒူးနာပျောက်သည် စသည်ဖြင့် သတင်းပျံ့နှံ့သွားသဖြင့် သယ်၍ သယ်၍ သွားကြရာ ယခုအခါ ထိုကုန်းမြင့်ကလေး မတွေ့ရတော့ပါ။ ရေအိုင်နေရာတွင် ဆိုင်းဘုတ်တစ်ခု တပ်ထားရာ ထိုဆိုင်းဘုတ်မှာ ဒုတိယ အင်းဝဘုရင်မင်းခေါင် စီးတော်မြင်း ရေသောက်သော နေရာဟူ၍ ရေးထား

ကြောင်း တွေ့ရပါသည်။

ထိုနေရာကို မှတ်တမ်းတင်ရိုက်ကူးပြီးနောက် ဦးတင်ငွေက လက်ညှိုး ထိုးပြသဖြင့် ဟိုးခပ်လှမ်းလှမ်းမှာ တောင်တစ်တောင် တွေ့ရပါသည်။ ထိုတောင်မှာ နသိုးဖြူ တောင် ဖြစ်ကြောင်း သိရပါသည်။ ထိုတောင်တည်ရာသည် ယင်းတော်မြို့နယ် ဘက် ဖြစ်ကြောင်း ပုဆိုးဖြူတောင်ဟုလည်း ခေါ်ကြကြောင်း သိရပါသည်။ ထို တောင်တွင် ဆားတောင်ကိုရင်ကလေး အသက် ၁၅ နှစ် အရွယ် ၁၂၈၅ ခု (၁၉၂၄ ခု) နှစ်တွင် အမိဋ္ဌာန်ဝင်ခဲ့ဖူးကြောင်း၊ မွေကြီးပတ်ခံခဲ့ရကြောင်း၊ ထို အကြောင်း ပန်းချီကားချပ်ကြီးရေး ဆွဲထားသည်ရှိကြောင်း ရာဇဝင်သုတေသီ ဦးတင်ငွေက ပြောကြားပါသည်။ ပြည်မြို့ ရတနာမာရ်အောင်တောရ ကျောင်းတိုက် တွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်ကြီးများရှိရာ ထိုပန်းချီကားကို ကျွန်တော် ကောင်းစွာ မှတ်မိပါသည်။

## ဘိုးတော်ဖြူ တည်ခဲ့သော စေတီတော်များ

ၿငင်းနောက် ဘိုးတော်ဖြူတည်ထားကိုးကွယ်သော စေတီတော်မြတ်ရှိရာသို့ သွား ရောက်ဖူးမြော်၍ မှတ်တမ်းတင်ကြပါသည်။ ထိုနေရာတွင် ရေကန်ကြီး တစ်ကန် ရှိရာ အလွန်သာယာချမ်းမြေ့ကြောင်း တွေ့ရပါသည်။ အရိပ်အာဝါသ ကောင်း ကောင်းနှင့် သာယာကြည်နူးဖွယ် တောရဂုံအတွင်းရှိ ရေကန်ကြီးမှာ ဘိုးတော်ဖြူ ကန်ဟု ခေါ်ဆိုကြောင်း သိရှိရပါသည်။

### ဦးဝိဇ္ဇာဗလ တရားထိုင်ခဲ့သောနေရာ ပေါက်မြောက်အောင်မြင်ခဲ့သော ညောင်ပင်ကြီး

ဘိုးတော်ဖြူကုန်းတွင် စေတီနှစ်ဆူ ဖူးတွေ့ရပါသည်။ ထိုနေရာသည် အစောင့် အရှောက်ကြီးမားသည်ဟု ကျော်စောသောနေရာ ဖြစ်ပါသည်။ ထိုနေရာအနီးတွင် ညောင်မှတ်ဆိတ် အပင်ကြီး တစ်ပင်ရှိရာ ထိုနေရာသည် အောင်မြေဖြစ်ကြောင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်များက ပြောကြားကြပါသည်။ ထိုနေရာတွင် ဆားတောင်ကိုရင် ကလေး အရှင်လာဘ တရားကျင့်ခဲ့သည်ဟူ၍ လည်းကောင်း၊ ဆွမ်းမစားသော ရဟန်းတော်ကလေး အရှင်လာဘ၏ ပေါက်မြောက်အောင်မြင်ရာ အောင်မြေ ဖြစ်သည် ဟူ၍လည်းကောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရား ကြီးဘဝသို့ ရောက်သောအခါ မိမိငယ်စဉ် ဆားတောင်ကိုရင် ကလေးဘဝကနေရာ သို့ တစ်ဖန် ပြန်လည်ကြွရောက်ခဲ့ကြောင်း မှတ်တမ်းတင်ဓာတ်ပုံများတွင် တွေ့ရှိရ ပါသည်။ ထိုနေရာကိုလည်း စိုးဟိန်း (မန်းတက္ကသိုလ်) သည် သူ၏ အဖွဲ့သားများ နှင့် အတူ အလွန်တက်ကြွစွာ မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရှိရာ သဒ္ဓါထက်သန်

သူတို့၏လုံ့လကို လေးစားမိပါတော့သည်။

၎င်းနောက် ကျွန်ုပ်တို့တစ်စုမှာ အတော်ကလေး မိုးချုပ်ပြီးဖြစ်သဖြင့် နံနက် ထမင်းစားရန် သတိရပြီး ညစာနှင့်ရောချ၍ စားလိုက်ရပါတော့သည်။ မနက်ဖြန်အတွက် မှတ်တမ်းတင်ရမည့် နေရာများကို စဉ်းစားရင်းကာလ ညအခါမှာ ကျွန်ုပ်တို့တစ်စုသည် မှောင်နဲ့မည်းမည်းတွင် စမ်းတဝါးဝါးသွား၍ အနီးအနားဝန်ကျင်ကို လှည့်လည်ကြည့်ရှုကြပါသည်။ အလွန်ထူးသော ကုန်းတော်ကြီးဖြစ်သည်နှင့်အညီ တိတ်ဆိတ်မှုနှင့်အတူ ညအမှောင်သည် လွှမ်းမိုးလျက်ရှိရာ ကျွန်ုပ်တို့တစ်စုမှာ လေ့လာ၍ မဝနိုင်တော့ဘဲ သန်းခေါင်ဗိုလ်ဘဝက ဆားတောင်ကိုရင်ကလေးကို တမ်းတမိပါတော့သည်။

**၈ နှစ်သားအရွယ်က အဓိဋ္ဌာန်စာတမ်းကို ဖတ်ရှုခြင်းမှတ်တမ်း**

နံနက်မိုးလင်းသောအခါ ဆုထူးပန် သစ္စာမဏ္ဍိုင် စေတီတော်မြတ်ကြီးကို မှတ်တမ်းတင်ကြပါသည်။ စေတီတော်ကြီး၏ အရှေ့ဘက်မုခ်တွင် ကျောက်စာတစ်ချပ်ရှိရာ ထိုကျောက်စာမှာ ဆားတောင်ကိုရင်ကလေး အရှင်လာဘ ဘဝ အသက် ၈ နှစ်အရွယ်ကတည်းက အဓိဋ္ဌာန်ပြုခဲ့သော အဓိဋ္ဌာန်စာတမ်းကြီးကို မပျောက် မပျက်ရအောင် ကျောက်ထက် အက္ခရာတင်ထားခြင်း ဖြစ်ကြောင်းသိရှိရပါသည်။

**သမုန်းပင်နှင့် သိုက်ပေါင်း ၁၀၉ သိုက်**

ထိုစေတီတော်ကြီး၏ မြောက်ဖက်တွင် အပင်တစ်ပင်ရှိရာ ထိုအပင်မှာ သမုန်းပင်ဟု ခေါ်ဆိုကြ ကြောင်းသိရှိရပါသည်။ ထိုနေရာသည် စံတော်ရာကုန်း ဘုရင့်သိုက်နေရာဖြစ်ကြောင်း ဦးအောင်မြင့်က ပြောကြားပါသည်။ အသေးစိတ်ကို ဦးလှစိန်က ပြောကြားပါသည်။ ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘုရားကြီး၏ မေတ္တာ ရိပ်ကိုခိုလှုံကြသော သိုက်ပေါင်း ၁၀၉ သိုက်ရှိကြောင်း၊ စံတော်ရာကုန်း ဘုရင့်သိုက်မှာ တစ်ခုအပါအဝင် ဖြစ်ကြောင်း သိရှိရပါသည်။

## ဒုတိယမင်းခေါင်

ထိုသို့သော ဒုတိယမင်းခေါင်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မကြာမကြာ ကြားသိရ ရာ ဗဟုသုတအဖြစ် မှတ်သားရပါသည်။ မဟာမင်္ဂလာဇေယျသိဒ္ဓိ ဘူမိကုန်းတော် သိုက်နန်း ပျော်ရွှင် သိုက်နန်းရှင်များ ဖြစ်ကြပါသော ဘိုးတော်ဘုရားမင်းခေါင်ကို အမှူးထား၍ အခြံအရံ ဝန်ကြီးများ ဖြစ်ကြသည့် ဦးဘိုးထွား၊ ဦးဘိုးမျှား၊ မနန်းခင်၊ မနန်းစော၊ မနန်းပေါ်၊ မခင်မြ၊ မခင်လှ၊ ဤကုန်းတော်သိုက်နန်းမှ သိုက်နန်းရှင်တို့ကို အစအဦး အမှူးထား၍ သီရိခေတ္တ သိုက်နန်း

တိုက်ကြီးမြို့နယ် သာခုကန်ဂျိုးဖြူသိုက်နန်း၊ ဖျာပုံမြို့နယ် နောက်ပြန်ထိုး မငေးကြီး သိုက်နန်းတို့မှ သိုက်နန်းရှင် မောင်နှမများကြသော ဒေါ်နှင်းလှိုင်၊ ဦးသိပ္ပ၊ စောဝဏ္ဏ၊ စောနန်းခင်၊ စောနန်းကျင်၊ စောသဒိုး၊ ခင်နန်းမူ၊ မသင်းကြိုင် မမူဆာ စသော သိုက်နန်းရှင်မောင်နှမတို့ကို လည်းကောင်း၊ အမြို့မြို့အနယ်နယ်တွင် ရှိကြသော တရားရှစ်ကွက် နဝင်းစက်ပန်း သိုက်နန်းပေါင်း (၁၀၈)ဌာနတို့မှ (၈၁) ဦးရှိသော နဝင်းဓာတ်ဝင် သိုက်နန်းရှင်အပေါင်းတို့ကို လည်းကောင်း၊ နှစ်ထောင်း ရှင်ပျ အခြံအရံတို့နှင့်တကွ ဤမဟာမင်္ဂလာဇေယျသိဒ္ဓိကုန်းတော် မဟာသာသနာတော် မဏ္ဍိုင်ရောင် ဆိုင်အံ့ချီး ဓမ္မာ ဓမ္မသနပလ္လင်တော် ဤတရား မဏ္ဍပ်တော်ကြီးသို့ တရားတော်နာ ကြွရောက်ကြပါရန် ဝမ်းမြောက်ဝမ်းသာ စေတနာစိတ်ထားဖြင့် ဖိတ်ကြားလိုက်ပါတည်း ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖိတ်စာဖတ်ကြားခဲ့သော သာသနာ့အလင်းရောင် ဦးဖေမြင့်၏ ရှေးအခါက လှိုက်လှိုက်လှဲ့လှဲ့ ဖိတ်ကြားသံကို စိတ်မျက်စိဖြင့် မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်မိပါသေးသည်။

ထိုနေရာမှတစ်ဖန် မြောက်ဖက်မုခ်မှ ထွက်၍ နွားစားကျက်များကို လည်းကောင်း၊ လယ်ကွင်းများကိုလည်းကောင်း ကြည့်ရှုကြပါသည်။

**တမာပင်ကြီးမှ နဂါးဦးခေါင်းများထွက်ရှိခြင်း အံ့ဖွယ်**

စကြံတိုက်ကြီး၏ ရှေ့တွင် တမာပင်ကြီးတစ်ပင်ရှိရာ ထိုတမာပင်ကြီးသည် အလွန် ထူးခြားကြောင်း ဓာတ်သိပုဂ္ဂိုလ်များက ပြောဆိုကြပါသည်။ ကျွန်ုပ်တို့ကလည်း စပ်စုသူများပီပီ စပ်စုကြရာ ထိုတမာပင်ကြီးကို နဂါးတမာပင်ဟု ခေါ်ဆိုကြကြောင်း သိရှိရပါသည်။ တမာပင်ကြားထဲမှာ နဂါးအမောက်ထောင်သော ပုံသဏ္ဍာန်မျိုး ဟိုနေရာ ဒီနေရာမှ နေရာများစွာ ထွက်ပေါ်လာခဲ့ရာ အမောက်ထောင်နဂါးနှင့် ခပ်ဆင်ဆင်တူသဖြင့် ဆရာတော်ဘုရားကြီးအား လျှောက်ထားသောအခါ ဆရာ တော်ကြီးက နဂါးတမာပင်ဖြစ်ကြောင်း ဆေးဖက်ဝင်ကြောင်း ပြောကြားကြသဖြင့် အရွက်ကအစ အကိုင်းကလေးများအထိရရာ ချိုးယူကြသဖြင့် တမာပင်ကြီးကို မထိခိုက်ရန် ခြံခတ်ထားသည်ကို တွေ့ရှိရပါသည်။

**စံတော်ရာကုန်းကို ဝိုင်းထားသော အရပ်လေးမျက်က ရွာများ**

စံတော်ရာကုန်းသို့ အခြေစိုက်၍ တောင်မြောက် ဝဲ ယာ လေးမျက်နှာတွင် ရွာကလေးများ အသီးသီး ရှိကြပါသည်။ အနောက်ဘက်တွင် ယင်းတော်ရှိပါသည်။ ၃ မိုင်လောက်ဝေးပါသည်။ အရှေ့ဖက်တွင် အေးသာယာရွာရှိပါသည်။ အိမ်ခြေ ၁၅၀ လောက် ရှိသည်ဟု ဆိုပါသည်။ မြောက်ဖက်တွင် တိမ်တီးဟူ၍ ရွာတစ်ရွာ ရှိပါသည်။ အိမ်ခြေ ၅၀၀ လောက် ရှိသည်ဟုဆိုပါသည်။ တောင်ဘက်တွင်

ဆားတောင်ရွာဟူ၍ရှိပါသည်။ ဤသို့သိရပါသည်။ သာယာကုန်းရွာနှင့် ဆားတောင်ရွာတို့မှာ ၃ ဖာလုံလောက် ဝေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် စံတော်ရာကုန်းတွင် တရားအားထုတ်ရန်အတွက် ဆားတောင်ကိုရင်ကလေးသည် ဆားတောင်ရွာမှာ ၃ ဖာလုံ လောက်ဝေးသော စံတော်ရာကုန်းသို့ လမ်းလျှောက်၍ လာရပါလိမ့်မည်၊ ထို့နောက် စံတော်ရာကုန်းရှိ အရှင်အရဟံသိမ်တွင် အမိဋ္ဌာန် ဝင်ရပါလိမ့်မည်၊ ဤသို့ဖြင့် ဆားတောင် ကိုရင်ကလေးသည် စံတော်ရာ ကုန်းဝန်းကျင်တွင် ကျက်စားနေပေလိမ့်မည်ဟု စိတ်မျက်စိဖြင့် ထင်ယောင် မြင်ယောင် ဖြစ်ရပါသည်။

# အပိုင်း (၃)

# ဆွမ်းမစားတဲ့ ရဟန်းတော်ကလေး အရှင်လာဘ

နောက်တစ်နေ့ ၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် လကွယ်နေ့ ၂၀၀၅ ခု အောက်တိုဘာလ ၃၁ ရက် တနင်္လာနေ့တွင် နံနက်စောစောကတည်းကထ၍ တောရိပ် တောင်ရိပ်တို့ကို အရိပ်ခိုကာ ထိုထို ဤဤ လှည့်လည် ကြည့်ရှုရိုက်ကွင်းရှာသော စိုးဟိန်း (မန်းတက္ကသိုလ်)ကို မြင်ရသောအခါ မနေ့ညက စိုးဟိန်းအား သာသာထိုးထိုး ချီးမြှောက် တွေးခေါ်ထားသော ကျွန်ုပ်၏တွေးလုံးများသည် မှန်ကန်နေချေပြီဟု ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိပါတော့သည်။

**ဦးနေမိန္ဒ၏ မေတ္တာနှင့် စေတနာ**

ဦးနေမိန္ဒ၏ လမ်းညွှန်မှု မေတ္တာစေတနာကိုသာ မရရှိလျှင်ထိုနေ့က လုပ်ငန်းတို့သည် ပြီးနိုင်စရာအကြောင်းမရှိပါ။ ဦးနေမိန္ဒသည် ရတနာမာရ်အောင်တောရတွင် စာချကိုယ်တော်အဖြစ် ရတနာမာရ်အောင် ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီး ကိုယ်စား စာချတရားပြ တရားဟောဝမ္မ ကထိက စာချဘာဝနှင့် နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဟု သိရပါသည်။ တည်ငြိမ်သော ဣန္ဒြေရှိ၍ ကြည်ညိုဖွယ်ရာ တောရကိုယ်တော် ဖြစ်ပါသည်။

**ဦးဣန္ဒိမန္တကိုယ်တော်ကြီး ဖျာပုံသို့ ကြွနေသဖြင့် မတွေ့ခဲ့ရ**

ကျွန်ုပ်တို့ အထူးလေးစား အားထားသော ဦးဣန္ဒိမန္တကိုယ်တော်ကြီး ဖျာပုံသို့ ကထိန်ပွဲကြွနေသဖြင့်မရှိသော်လည်း အားမငယ်ပါနှင့်ဟု ဦးနေမိန္ဒက အကြိမ်ကြိမ်အားပေးကာ နှုတ်ဖြင့်သာမက ကိုယ်တိုင်လည်းအပင်ပန်းခံကာ ကူညီတော်မူသဖြင့် သက်တော်ရှည်ရာပြည့် တစ်ကမ္ဘာလုံးအေးစေမည့် ကမ္ဘာ့ရွှေရင်အေးဆရာတော်

ကြီး၏ မဟာထေရုပ္ပတ္တိကထာကြီးမှာ အောင်ရိပ် အောင်နိမိတ်တို့ဖြင့် အဆင်ပြေလျက်ရှိပါတော့သည်။

**အရှင်လာဘ တရားအားထုတ်ခဲ့သော နေရာက သစ်ပင်များ**

ရဟန်းတော်ကလေး အရှင်လာဘတရားအားထုတ်ခဲ့သော ရန်ကုန်တောင် တောရကျောင်းသို့လည်း ဦးနေမိန္ဒ လမ်းညွှန်မှုဖြင့် ရောက်ရှိခဲ့ပါသည်။ ဦးနေမိန္ဒကိုယ်တိုင်ပါသဖြင့် အစစအဆင်ပြေပါသည်။ ထိုခရီးသည် ဦးနေမိန္ဒနှင့် ဦးစိန်ရတို့သာ မပါလျှင် စိုပြည်လိမ့်မည် မဟုတ်ပါ။

ရန်ကုန်တောင်တောရသည် ရဟန်းတော်ကလေး အရှင်လာဘသည် ရဟန်းဖြစ်စသုံးလမျှ ရှိသေးစဉ်ကာလက ရောက်ရှိတော်မူခဲ့သော နေရာဖြစ်ပါသည်။ အချို့ကလည်း ရန်ကုန်က ကိုယ်တော်ကလေး ကြွလာသဖြင့် ရန်ကုန်တောင်ဟု ခေါ်ကြောင်း ပြောကြပါသေးသည်။
ရန်ကုန်တောင်သို့ ဆွမ်းမစားတဲ့ ရဟန်းတော်ကလေးရောက်ရှိလာသော နေ့မှာ ၁၂၈၉ ခု တပေါင်းလပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်း သိရပါသည်။

**သီလရှင် ဆရာကြီး ဒေါ်နာဂီရှာပုံတော်**

ရန်ကုန်တောင်သို့ ရောက်ရှိခြင်းမှာ သီလရှင်ဆရာကြီး ဒေါ်နာဂီ၏ ပင့်ဖိတ်ချက်အရသာ ဖြစ်ကြောင်း သိရပါသည်။ ထိုတောင်ကို ရန်ကုန်က သီလရှင်ဆရာကြီး ဒေါ်နာဂီ စတင်တည်ထောင်သည့် တောင်ဖြစ်သောကြောင့် ရန်ကုန်တောင် ဟူ၍လည်းကောင်း၊ ရန်ကုန်တောင် တောရဟူ၍လည်းကောင်း ယနေ့တိုင် အမည်တွင်နေခြင်းဖြစ်ပါသည်။ ထိုချောင်ကို ဒေါ်နာဂီတရားအားထုတ်နေနိုင်ရန် သာယာဝတီမြို့၊ ဝန်ထောက်မင်း ဦးမြင့်မင်းကတော် ဒေါ်မြကြီးတို့က ဇရပ်တစ်ဆောင်လည်း ဆောက်လုပ်လှူဒါန်းခဲ့ပေသည်ဟု သိရပါသည်။

**ရန်ကုန်တောရ သမိုင်းအစ ဒေါ်နာဂီက**

သီလရှင်ဆရာကြီး ဒေါ်နာဂီသည် ကျိုက်ဝိုင်းဘုရားအနီးရှိ ဇရပ်တွင်နေထိုင်သည့်အချိန် အခါတွင် ရဟန်းတော်ကလေး အရှင်လာဘနှင့် ဖူးတွေ့ခွင့်ရခြင်း ဖြစ်ပါသည်။ ရဟန်းတော် ကလေး အရှင်လာဘသည် ၁၂၈၉ ခုနှစ် နတ်တော် လပြည့်ကျော် ၉ ရက်နေ့မှစ၍ ၄၉ ရက်တိုင်တိုင် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်ရှိ တဝဂူတွင် ဓေတ္တာသီတင်းသုံးရင်း အဓိဋ္ဌာန်ဝင် ခြင်း ဖြစ်ပေသည်။

**ဘုရင်ခံ ကြွရောက်သောနေ့ ပြည်မြို့သို့ ကြွရောက်ခြင်း**

ထိုနေ့တွင် တိုက်တိုက်ဆိုင်ဆိုင်အားဖြင့် ထူးခြားမှုတစ်ခုမှာ မြန်မာပြည်သို့ ဘုရင်ခံကြွရောက်လာသည်ဖြစ်၍ အမြောက်များပစ်ဖောက် ကြိုဆိုသောနေ့ဖြစ်သဖြင့် ညအခါ၌လည်း မီးရှူးမီးပန်းများ ပစ်လွှတ်ကြသောနေ့ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုညက ည ၁၀ နာရီအချိန်လောက်တွင် ရန်ကုန်တွင် မြေလျှောလှုပ်ခဲ့ပါသည်။ ထိုနေ့မှစ၍ အရှင်လာဘ အဓိဋ္ဌာန်စ၍ ဝင်ခဲ့ပါသည်။

## ပဲခူးခရီး အဓိဋ္ဌာန်နှင့် ဓမ္မစေတီမင်းခေါင်၏ ရေစင်တော်

အဓိဋ္ဌာန်အောင်သောအခါ ပဲခူးရွှေမော်ဓောဆံတော်ရှင်သို့ကြွရောက်ပြီး ၂၄ ရက် အဓိဋ္ဌာန် ဝင်ခဲ့ပါသည်။ ၁၂၈၉ ခု တပို့တွဲလဆန်း ၁၄ ရက်နေ့မှစပြီး တပေါင်းလဆန်း ၁၀ ရက်နေ့အထိ ဖြစ်ပါသည်။ ၂၄ ရက် အဓိဋ္ဌာန်အောင်သောအခါ ပဲခူးဓမ္မစေတီမင်းက ရေစင်ဆက်သခဲ့ပါသည်။ ထိုသို့ ရေစင်ဆက်နေသည့် ပုံတော်ကို ပြည်မြို့ ဓမ္မစကြာအဆောင်ကြီးတွင် ပန်းချီကားကြီး ရေးဆွဲထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

**စမ်းကြီးတောရ အဓိဋ္ဌာန်**

၎င်းနောက် ၁၂၈၉ ခု တပေါင်းလဆန်း ၁၀ ရက်နေ့တွင်ပင် စမ်းကြီးတောရသို့ ရဟန်းတော်ကလေး ကြွတော်မူပြီး ၃ ရက်ကြာမျှ တရားအားထုတ်ခဲ့ပါသည်။ စမ်းကြီးတောရဆရာတော်၏ မေတ္တာဓမ္မဩဝါဒကို ခံယူခဲ့ပါသည်။

**ရွှေတိဂုံအဓိဋ္ဌာန်**

ထို့နောက် ထို ၁၂၈၉ ခု တပေါင်းလဆန်း ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်ကြွလာပြီး ရွှေတိဂုံကုန်းတော်ပေါ်တွင် တဝဂူဘုရား၌ ခေတ္တမျှ သီတင်းသုံးတော်မူခဲ့ပါသည်။

**ရန်ကုန်တောင်ရောက်သောနေ့**

ထို့ကြောင့် ရန်ကုန်တောင်တောရသို့ ရဟန်းတော်ကလေး အရှင်လာဘကြွသောနေ့မှာ ၁၂၈၉ ခု တပေါင်း လပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့ဖြစ်ကြောင်း အတိအကျဖြစ်ရပါသည်။

**ရန်ကုန်တောင်တောရ**

ရန်ကုန်တောင်၏အနီးတွင် သာဝတ္ထိတောင်ဟူ၍ ရှိ၏။ ထိုသာဝတ္ထိတောင်တွင် သာဝတ္ထိ တောရကျောင်းဟူ၍ ယနေ့တိုင်တွေ့ မြင်နိုင်သေးရာ ရှေးအခါက ရန်ကုန်

တောင်တောရတွင် သီတင်းသုံးသဖြင့် ရန်ကုန်တောင် ဆရာတော်ဖြစ်ခဲ့ သော ရဟန်းတော်ကလေး အရှင်လာဘ ရှိစဉ်ကတည်းက ထိုသာဝတ္ထိတောရ ကျောင်းသည်လည်း ရန်ကုန်တောင်တောရနှင့် တစ်ဆက်တည်းဖြစ်၍ အတူတူပင် ဖြစ်လေသည်။

**ဒေါ်နာဂီ ကျောင်းဟောင်း**

ထိုနေရာတွင် သီလရှင်ဆရာကြီး ဒေါ်နာဂီနေခဲ့သောနေရာဖြစ်၍ ကျောင်းဟောင်း၊ သိမ်ဟောင်း ဇရပ်ဟောင်း များကို မှတ်တမ်းတင်ရိုက်ကူးရပေသည်။ အရေးပိုင်၊ ဦးဘဖိုး စတင်လှူဒါန်းခဲ့၍ အရေးပိုင်အိုင်စီအက်စ် ဦးတင်ထွဋ် ဆက်လက်တည်ထားခဲ့သော မင်္ဂလာသိမ်တော်ကိုလည်း ယနေ့တိုင် သက်သေထင်ရှားတွေ့နိုင်ပါသေးသည်။

**ရှေးက လက်ကျန် သစ်ပင်ကြီးများနှင့် မျက်နှာဖြူ လူမျိုးခရိုင်ရဲဝန် ရှာပုံတော်နှင့် အမောက်နီနီ မြွေကလေး**

ထိုနေရာတွင် ဆွမ်းမစားတဲ့ ဆားတောင်ကိုရင်ကလေး ဘဝမှမြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သော ဆွမ်းမစားတဲ့ ရဟန်းတော် အရှင်လာဘ သီတင်းသုံးခဲ့သောနေရာများ တရားအားထုတ်ခဲ့သော အပင်ကြီးများလည်း ရှိနေပေးရာ ကျွန်ုပ်တို့တစ်စုမှာ လိုက်လံမှတ်သား မှတ်တမ်းတင်ရပါသည်။ အမောက်နီနီနှင့် မြွေက ဘယ်နေရာတွေ့တာလဲ ဟူ၍လည်းကောင်း၊ နိုင်ငံရေးနှင့် ပတ်သက်လေပါလားဟု အစိုးရိမ်ကြီးသော နယ်ချဲ့တို့က ပန်ချာပီစစ်တပ်ကြီး လွှတ်၍ ရန်ကုန်တောင်ကြီးကို စစ်တပ်နှင့် ဝိုင်းထားပုံတို့ကိုလည်းကောင်း၊ ပြည်မြို့ ခရိုင်ရဲဝန်ကြီး မျက်နှာဖြူလူမျိုး မစ္စတာဂျပ် ကိုယ်တိုင်ကြီးကြပ်၍ ပန်ချာပီပုလိပ်တို့ဖြင့် တစ်နာရီလျှင် တစ်ကြိမ် တပ်ကို လဲ၍ စုံထောက်ဆန်ဆန် စုံထောက်ခဲ့ပုံများမှာ ထိုခေတ်က ဆားပုလင်းများကို ပြန်လည် သတိရစေပါတော့သည်။

**ယနေ့ ရန်ကုန်တောင်**

ရန်ကုန်တောင်တွင် ယခုအခါ ကိုရင်ကလေးနှစ်ပါးရှိ၏။ သီလရှင်နှစ်ပါး ရှိ၏။ တစ်ပါးမှာ အဘွားအိုဖြစ်၏။ရန်ကုန်တောင်တွင် ဆရာတော်တရား အားထုတ်သော ကမ္မဋ္ဌာန်း အုတ်ဂူများကို ယနေ့တိုင် တွေ့ရပါသေးသည်။ ကမ္မဋ္ဌာန်း အုတ်ဂူနှစ်ခုရှိကြောင်းသိရပါသည်။ ပထမအုတ်ဂူမှာ ဦးသာညွှန်း ဒေါ်ဆိုင်၊ ဦးထွန်းလှ ဒေါ်ထုံးတို့ လှူဒါန်းသော အုတ်ဂူဖြစ်ကြောင်းသိရှိရပါသည်။

**လက်ကျန်ကမ္ဗဋ္ဌာန်းအုတ်ဂူများ**
အခြားအုတ်ဂူတစ်ခုမှာ ပထမမူလ ကမ္ဗဋ္ဌာန်းအုတ်ဂူအနီးတွင်ပင် ဖြစ်လေသည်။ တောင်စွယ် တောင်လက်မောင်းကလေးပေါ်တွင် တည်ရှိလေသည်။ ဒုတိယ အုတ်ဂူကို လှူဒါန်းသူမှာ အရေးပိုင်ဦးဘဖိုး ဖြစ်လေသည်။

**စာရေးဆရာကြီး ဒဂုန်ရွှေမျှားကောင်းမှု**
ထိုအုတ်ဂူနှစ်လုံးစလုံးမှာ ယခုအခါ တံခါးများ ပျက်စီး၍ အလွန်ဟောင်းနွမ်းလျက် ရှိနေကြောင်း သိရပါသည်။ ရှေးအခါက ထိုကမ္ဗဋ္ဌာန်းအုတ်ဂူများကို စာရေးဆရာကြီး ဒဂုန်ရွှေမျှားက ထပ်မံပြုပြင်ခဲ့သေးကြောင်း သိရပါသည်။

**တရားထိုင်ခဲ့သည့် အင်ပင်ကြီး**
ရန်ကုန်တောင်သည် တောရိပ် တောင်ရိပ်များကြားဝယ် သဘာဝလိုဏ်ဂူငယ်ကလေးများဖြင့် ပြည့်နှက်လျက် ရှိပေသည်၊ ရဟန်းတော်ကလေး အရှင်လာဘသည် ရန်ကုန်တောင်ရှိ အင်ပင်ကြီးများ အရင်း၌သာ နေလေ့ရှိပေသည်။ ညအခါမှာလည်း ကျိန်းစက်ခြင်း မရှိပေ။

နေ့အခါတွင်လည်း ကျောင်းပေါ်မှာရှိသော်လည်း တံခါးပိတ်ခါသာ နေလေ့ရှိကြောင်း၊ ညအခါတွင်လည်း တောင်စောင်းချောက်ကြားနှင့် သစ်ပင်အောက်များ၌သာ တရားအားထုတ်လေ့ရှိကြောင်း သိရပါသည်။ မည်သူမျှ ကျောင်းပေါ်သို့ တက်၍ ဖူးခွင့်မပြုချေ။ ထို့ကြောင့် ဖူးမြော်လိုသူတို့သည် ရေချိုးသောအခါကိုသာ စောင့်၍ ဖူးကြရကြောင်း သိရပါသည်။

## ရဟန်းတစ်ဝါက ပိဋကတ် မောင်ထွန်းကြိုင်ခေတ်
ထိုစဉ်ကာလက ရဟန်းတော်ကလေး အရှင်လာဘ တစ်ဝါရစကာလဖြစ်သဖြင့် မြန်မာပြည်အနှံ့အပြားတွင်လည်း တရားတတ်၊ စကားတတ် ပိဋကတ်မောင်ထွန်းကြိုင်ဆိုသူ ဓမ္မကထိကကလေးသည် မိုးအောက်မြေပြင်မကျန်အောင် လှန်လျက် တရားသံတွေရေပေါ် မြေပေါ် လေပေါ်လွှမ်းအောင် ဖြန်းဖြန်းကွဲ ဟောကြားနေသော ကာလဖြစ်ကြောင်း သိရပါသည်။ ရဟန်းဖြစ်စ တစ်ဝါကာလတွင် မောင်ထွန်းကြိုင်သည် မြန်မာပြည်တွင် ဟိုးဟိုးကျော်နေသောကာလ ဖြစ်ကြောင်း ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီးကိုယ်တိုင် ပြန်ပြောဖူးပါသည်။

**ကျားတွေ ကျက်စားတဲ့နေရာ**
ယနေ့ ရတနာမာရ်အောင် တောရကျောင်းတိုက်ကြီးသည် ခမ်းခမ်းနားနား၊ ခံ့ခံ့ထည်ထည် ထည်ထည်ဝါဝါ ရှိနေပါသည်။ အားလုံးကလည်း သိနေကြပါသည်။

ရှေးအခါကမူကား တောတောင်ထူထပ်သဖြင့် ကျားသစ်များပင် ခိုအောင်းသော နေရာ ဖြစ်ပါသည်။ မြို့ထဲမှ လာသူများမှာ လှည်းများဖြင့် ခဲယဉ်းစွာလာကြရပါသည်။ ထို့ကြောင့် ရန်ကုန်တောင်တောရ သာဝတ္ထိတောရတို့သို့ သွားမည်ဆိုလျှင်ကား စဉ်းစားသာကြည့်ကြပါတော့ အဘယ် လောက်ခက်ခဲနေလိမ့်ပါမည်နည်း။

**ကိုယ့်ထမင်းကိုယ်စား စုံထောက်လုပ်သူများ**

ထိုနေရာသို့ တကူးတကလာကြရသည်။ စိတ်မာန်တင်း၍ လာကြရသည်။ ရန်ကုန်တောင် တောရတွင် သီတင်းသုံးသော ဆွမ်းမစားတဲ့ ရဟန်းတော် အရှင်လာဘကို စုံထောက်လုပ်ကြရ သူများမှာလည်း တာဝန်မသေးလှကြောင်း ခန့်မှန်းနိုင်ပါသည်။ ကျေနပ်လောက်အောင် စုံစမ်းပြီးသောအခါ ထင်သလိုမဟုတ်ဘဲ ကြည်ညိုဖွယ်ရာကောင်းသော ဖြစ်ရပ်မှန်များကို သိရှိရသောအခါမှာလည်း ထိုစုံထောက်များသည်ပင်လျှင် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲကာ ယုံကြည်လာကြပြန်ပေသည်။ ဤသို့ဖြင့်ယုံသူတို့ အဆင့်ဆင့်ပြောကြားကြသဖြင့် သိပ္ပံပညာ လေ့လာ၍ ခေတ်ပညာတတ်ကြီးဟု ဟိုးဟိုးကျော်ခဲ့သော အိုင်စီအက်စ် မိုးကျရွှေကိုယ် ဦးတင်ထွဋ်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများပင်လျှင် ဆွမ်းမစားတဲ့ ရဟန်းတော် အရှင်လာဘကို လာရောက်ဖူးမြော်ရလေသည်။

**နာမည်ကြီးတဲ့ ICS ဦးတင်ထွဋ် ကောင်းမှု**

မိမိဖူးရသည်ကိုပင် မကျေနပ်နိုင်သေးဘဲ မိမိအထက်က ပုဂ္ဂိုလ်ကြီးများဖြစ်သော တရားဝန်ကြီးချုပ် ဆာမြဘူးကိုပင်လျှင် ခေါ်ဆောင်လာပေသေးသည်။ ဤသို့သော တစ်ဖြစ်လဲ အိုင်စီအက်စ် ဦးတင်ထွဋ်၏ ပုံရိပ်များကိုလည်း သူ၏ ကောင်းမှုဖြစ်သော မင်္ဂလာသိမ်တော်ကြီးက ယနေ့တိုင် သက်သေခံလျက်ရှိပါသေးသည်။

**တရားဝန်ကြီးချုပ် ဆာမြဘူးလာရောက်သော နေရာ**

ဤတွင် ဆွမ်းမစားတဲ့ ရဟန်းတော်ကလေးကို ဖူးမြော်ရန်အတွက် တရားဝန်ကြီးချုပ် ဆာမြဘူး ကိုယ်တိုင်ပင်လျှင် တရားအားထုတ်နေသော ကိုယ်တော်ကလေးကို မနှောက်ယှက်လိုသဖြင့် အနှောင့်အယှက် မဖြစ်ရအောင် ချင့်ချိန်လျက် ကိုယ်တိုင်အဆင်ပြေသည့်အချိန်မဖူးဘဲ ကိုယ်တော်ကလေး အဆင်ပြေသည့်အချိန်ကိုသာ စောင့်၍ဖူးခဲ့ကြရကြောင်း သိရပါသည်။

# အပိုင်း(၄)

## ရတနာမာရ်အောင် တောရတည်ထောင်ခြင်း၊ ဦးဝိစိတ္တာဗလာဘဝမှ တစ်ဆင့် ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီးဘဝသို့ ရောက်ရှိခြင်း

ထိုရတနာမာရ်အောင်တောရတွင်ဆွမ်းမစားတဲ့ဆားတောင် ရဟန်းတော်ကလေးသည် ရတနာမာရ်အောင် ကျောင်းတိုက်ကြီးကိုတည်ထောင်လျက် ရတနာမာရ်အောင်ဆရာတော် ဟူ၍ ဖြစ်လာခဲ့ပေသည်။ ထိုစဉ်ကအရှင်လာဘသည် ယနေ့ရတနာမာရ်အောင်ဆရာတော် ဖြစ်လာ၏။ ထိုစဉ်က သက်တော် ၃၀ မျှသာရှိသေး၏။ နောက်ထပ် နှစ်ပေါင်း ၇၀ကြာသောအခါ သက်တော်ရာပြည့် ရတနာမာရ်အောင် ဆရာတော် ဖြစ်လာပြန်ပေသည်။ သက်တော်ရှည်၍သာ ရာပြည့်မှတ်တမ်းမော်ကွန်းပြုနိုင်ပေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပျံလွန်တော်မူသွားခဲ့ပါလျှင် ဤရွှေဤမျှ ငြိကာချဲ့စရာအကြောင်း မရှိပါ။

### ယနေ့ ရတနာမာရ်အောင်လေ့လာချက်

ယနေ့ရတနာမာရ်အောင်ကျောင်းတိုက်တွင် သံဃာတော် ၆၀မျှရှိကြောင်း သီလရှင်ပေါင်း ၁၂၀ ကျော်မျှ ရှိကြောင်းသိရပါသည်။ ဝေယျာဝစ္စအကျိုးတော်ဆောင်ကြီး ဦးစိန်ရကို မေးမြန်း၍ သိရှိရသည်မှာ ဝေယျာဝစ္စ ဆောင်ရွက်သော ရဟန်းတော် ၅ ပါးရှိကြောင်း သိရပါသည်။ ၎င်းတို့မှာ ဦးသုန္ဒရ၊ ဦးတေဇ၊ ဦးအာစရ၊ ဦးဇောတိက၊ ဦးသုစိတ္တတို့ဖြစ်ကြောင်း သိရပါသည်။ ဆွမ်းချက် ဆွမ်းကပ်သူမှာ ဒေါ်အေးအေး ဖြစ်ကြောင်း သိရပါသည်။

### ရာပြည့်ရုပ်ရှင်

ရတနာမာရ်အောင် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီးကို ဝင်ရောက် ဖူးမြော်ကန်တော့၍ သက်တော်ရာပြည့်မဟာထေရုပ္ပတ္တိရုပ်ပုံလွှာ ရုပ်ရှင်မော်ကွန်းတင်ရိုက်ကူးပူဇော်မည်ဖြစ်ကြောင်း လည်းကောင်း၊ သက်တော်ရာပြည့် မဟာရုပ်ပုံလွှာစာအုပ်ကိုလည်း၊ ပူဇော်ထုတ်ဝေမည်ဖြစ်ကြောင်း၊ လျှောက်ထားကြရာ ဆရာတော်ကြီးက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ခွင့်ပြုတော်မူသဖြင့် ပူဇော်သူ တပည့်တစ်စုတို့မှာ ကမ္ဘာ့ရွှေရင်အေးအတွက် ရင်အေးရပါတော့သည်။

### ဓာတ်ပုံအထောက်အထားများ ရရှိခြင်း

ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီးသည် မိမိသီတင်းသုံးတော်မူသော ဓာတ်တော်တိုက်ကျောင်း အပေါ်ထပ်သို့ တက်ခိုင်းသဖြင့် တက်ရောက်ခဲ့ရာ နှစ်ပေါင်းတစ်ရာကျော်အတွင်း မှတ်တမ်းများကို ထိုနေရာတစ်ထိုင်တည်းမှာပင် ရရှိနိုင်သည်ဟု

အံ့သြရပါတော့သည်။ တောင်ပုလုဆရာတော်ကြီးနှင့် ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီးတို့ အတူတကွ ရိုက်ကူးထားသော ဓာတ်ပုံကိုလည်း ဖူးမြော်ရပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်က ရွှေဥဒေါင်းတောင် ဆရာတော်ကြီးနှင့် ကမ္ဘာ့ ရွှေရင်အေးဆရာတော်ကြီးတို့အတူတကွ ရိုက်ကူးထားသောဓာတ်ပုံကိုလည်း ဖူးမြော်ရပါသည်။

**ဆရာ့ ဆရာများဓာတ်ပုံ**

ထိုဓာတ်ပုံထဲတွင် အထူးမှတ်တမ်းတင်ရမည့်ပုံမှာ ဓမ္မိကာဆရာတော် ဘဒ္ဒန္တဝိဇယဆရာတော်ကြီး၏ပုံတော်ဖြစ်ပါသည်။ ထိုဆရာတော်ကြီးမှာ ရတနာမာရ်အောင်ဆရာတော် ကိုယ်တိုင် ဝန်ခံပြောဆိုသော ဆရာတော် ၃၇ ပါးတွင် တစ်ပါး အပါအဝင် ဖြစ်ကြောင်းသိရပါသည်။ ထိုဆရာတော်ဘုရားကြီးထံမှာ သုတ္တန်ဝိနည်းများ လေ့လာခဲ့ရကြောင်း သိရှိရပါသည်။ ထိုဆရာတော်သည် သက်တော် ၁၀၂ နှစ်မှာ ခန္ဓာဝန်ချတော်မူကြောင်း သိရပါသည်။ ရတနာမာရ်အောင်ဆရာတော်ကိုယ်တော်တိုင် ဝါဝင်ဝါထွက် အမြဲကန်တော့တော်မူကြောင်း သိရှိရပါသည်။

**ရတနာမာရ်အောင်မယ်တော် ဓာတ်ပုံ**

ဓာတ်ပုံများထဲတွင် အရေးကြီးသော ပုံတစ်ပုံမှာ ရတနာမာရ်အောင် ဆရာတော်ကြီး၏ မယ်တော်ဓာတ်ပုံ ဖြစ်ပါသည်။ မယ်တော်၏အမည်မှာ ဒေါ်မလေး ဖြစ်ကြောင်း သိရပါသည်။ ဒေါ်မလေးသည် ၁၃၀၀ ပြည့်နှစ် တပေါင်းလဆန်း ၇ရက် သောကြာနေ့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရပါသည်။ မယ်တော်ပျံကို စည်ကားသိုက်မြိုက်စွာဖြစ်အောင် ရတနာမာရ်အောင် ဆရာတော်ကြီး ကိုယ်တိုင်ကြီးကြပ် သင်္ဂြိုဟ်တော်မူခဲ့ကြောင်း သိရပါသည်။ ဖခင်းတော် ဦးကြက်တောင်၏ ဓာတ်ပုံကိုကား ရှာ၍မတွေ့ခဲ့ပါ။ ဖခင်ဦးကြက်တောင်သည် ၁၂၉၆ ခု တော်သလင်းလ တွင် ပျဉ်းမနားမြို့၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရပါသည်။ ထိုစဉ် က ရတနာမာရ်အောင်ဆရာတော်မှာ သက်တော် ၂၆ နှစ်မျှသာရှိသေးသော အချိန် ဖြစ်ပါသည်။ ထိုအချိန်က ဆရာတော်ဘုရားကြီး တောအထပ်ထပ် တောင်အထပ်ထပ်သို့ လှည့်လည်ကာ အဓိဋ္ဌာန်ဝင်နေခိုက်ဖြစ်သဖြင့် ကိုယ်တော်တိုင် သင်္ဂြိုဟ်ခြင်း မပြုခဲ့ရကြောင်း သိရပါသည်။

**ဆွေတော် မျိုးတော်များ ရှာဖွေတွေ့ရှိချက်**

ဆရာတော်ကြီး၏ နောင်တော် ဦးရေချမ်းဆိုသူမှာလည်း နောင်သောအခါ ရဟန်းဝတ်ပြီးလျှင် ရတနာမာရ်အောင်ကျောင်းတိုက်မှာပင် သီတင်းသုံးတော်မူခဲ့ပါ သည်။ ဘွဲ့တော်မှာ ဦးဝါသဝ ဖြစ်ကြောင်း ၁၃၄၀ ပြည့်နှစ်နှောင်း တန်ခူးလဆန်း ၁၂ ရက်နေ့တွင် ပျံလွန်တော်မူကြောင်း သိရပါသည်။ ရတနာမာရ်အောင်ဆရာတော်

ကြီး၏ နှမဖြစ်သူတစ်ဦးမှာ ဒေါ်ကုမာရီ အမည်ဖြင့် သီလရှင်ဝတ်လျက် ရှိကြောင်း၊ နှမတော်တစ်ဦးမှာလည်း ဒေါ်ရူပဝတီ ဟူသောအမည်ဖြင့် သီလရှင် ဝတ်လျက်ရှိကြောင်း သိရှိရပါသည်။ ဒေါ်ကုမာရီသည် ဒေါ်လှကြည် ဖြစ်၏။ ဒေါ်ရူပဝတီသည် ဒေါ်လှရီ ဖြစ်၏။

**ထူးခြားသော ဓာတ်ပုံတစ်ပုံက သက်သေပြနေခြင်း**

ထူးခြားသော ဓာတ်ပုံတစ်ပုံကို တွေ့ရှိကြရာ ထိုဓာတ်ပုံမှာ အလင်းရောင်တန်းကြီး ထွက်နေ ကြောင်း မျက်ဝါးထင်ထင်တွေ့ရ၏။ ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက် ၆ နာရီအချိန်တွင် ဆရာတော်ကြီးကို ၉၀၄ ကြိမ်မြောက်သိမ်ထပ်ခဲ့ရာ ဘုရားရှင်ရုပ်ပွားတော်၏ ယာလက်ရုံးမှ အလင်းရောင်ခြည်ထွက်လာကြောင်း ဓာတ်ပုံထဲတွင် တအံ့တသြ ဖူးမြော်ရပါ သည်။

## တစ်လေးလုံး ဆရာတော် ဦးခန္တာဇောတိ၏ မူရင်းဓာတ်ပုံကြီးတွေ့ရှိခြင်း

၎င်းအပြင် ခေါင်းရင်းတွင် တရိုတသေချိတ်ထားသော ဓာတ်ပုံကြီး တစ်ပုံအောက်တွင် တွေ့ရသော စာတန်းအရ ဆရာတော်ကြီး၏ ကျေးဇူးရှင် ဆရာ ၃၇ ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း သိရပါသည်။ ဓာတ်ပုံ၏အောက်တွင် ဦးခန္တာဇောတိ မဏိရတနာ ဝိပဿနာ မဟာအာဠာ နာဋိယဂိုဏ်းတော်ကြီး၏ ဦးစီး အာဓိကမ္မိက ဝ-ယ-မ-ပ (၁၁၁၁) ဆရာတော် ဟူ၍ စာတန်းထိုးထားကြောင်း တွေ့ရ၍ ကူးယူခဲ့ပါသည်။

**ထူးခြားသော သူရဿတီမယ်တော်ရုပ်တု**

၎င်းအပြင် သလွန်တော်အနီးတွင် ထူးခြားသော သူရဿတီမယ်တော် ရုပ်ပုံတော် ရုပ်တုတစ်ခုကို တွေ့ရှိရရာ သစ်တောပင်စင်အငြိမ်းစား ဥပဒေအကျိုးတော်ဆောင် မြောက်ဒဂုံ၊ တောင်သရက်လမ်းနေ ဦးအောင်မြင့်က မျက်မြင်ကိုယ်တွေ့သိရှိခဲ့ပါသည်ဟု ဝန်ခံပြောဆိုသည်မှာ ၎င်းရုပ်တုတော် ဖျာပုံသို့ ကြွအံ့ဆဲဆဲကာလတွင် ပူဇော်လို၍ ပင့်ဆောင်မည့်သူ ပိုင်ရှင်က အိပ်မက်မက်သည်မှာ မိမိသည် ဖျာပုံသို့ မလိုက်လိုဘဲ ပြည်မြို့ ရတနာမာရ်အောင်တောရသို့သာ လိုက်ပါလိုကြောင်း၊ ရတနာမာရ်အောင်ဆရာတော်ထံ လှူဒါန်းစေလိုကြောင်း အိပ်မက်မက်သည်ဟု ဆိုပါ သည်။ ထိုအိပ်မက်အရ ပြည်မြို့သို့ ကြွလာသော သူရဿတီမယ်တော်ကြီး ဖြစ်ကြောင်း သိရှိရပါသည်။

**စာရေးဆရာမကြီး ဒဂုန် ခေါ်ခင်ခင်လေး၏ အလှူတော်သလွန်နှင့် ဗားမဲ့ပဋ္ဌာန်းဆက်**

အနီးရှိ ရွှေချထားသော ခုတင်ကြီးအကြောင်းကို မေးမြန်းရာ ထိုခုတင်ကြီးမှာ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးက လာလှူထားခြင်းဖြစ်ကြောင်း၊ ထိုသလွန်တော်ကြီးမှာ ရှေးသရောအခါက ဗားမဲ့ဆရာတော်၏ သလွန်တော်ဖြစ်ကြောင်း၊ အစဉ်အဆက်ထိန်းသိမ်းရရှိထားခြင်း ဖြစ်ကြောင်း ဦးစိန်ရကပြောပြ၍ သိရှိရပါသည်။ အလွန်အံ့ဖွယ် ပဋ္ဌာန်းဆက်များ ဖြစ်ရပါသည်။

## ဗားမဲ့ဆရာတော် ကိုးကွယ်သည့် ဆင်းတုတော်

၎င်းအပြင် အလွန်ကြည်ညိုဖွယ်ရာကောင်းသော ဆင်းတုတော်တစ်ဆူ ဖူးကြရသည်။ ထိုဆင်းတုတော်ကို ပဲခူးမြို့က ပင့်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ပဲခူးမြို့တွင် ဆရာတော်ကြီး တရားဟောစဉ်အခါက ကြည်ညိုသူ တပည့်များက လှူဒါန်းခြင်းဖြစ်ကြောင်း သိရပါသည်။ ဗားမဲ့ဆရာတော် ကိုးကွယ်ခဲ့သည့် ဆင်းတုတော်ဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်လက်ဖြင့် အသာကလေး စမ်းသပ်ပူဇော် ကြည့်သောအခါအတွင်းက ယွန်းထည်ဖြင့် ပြုလုပ်ထားသည်ဟု ထင်မြင်မိပါသည်။

**ဗားမဲ့ တံခွန်တိုင်ကြီး**

၎င်းအပြင် ရှင်းလင်းပြောကြားသူ ဦးနေမိန္ဒက မိန့်ကြားသည်မှာ ဟိုဘက်က တန်ဆောင်းထဲတွင် ဗားမဲ့တံခွန်တိုင်ဟူ၍ ရှိသေးကြောင်း သိရသဖြင့်သွားရောက်မှတ်တမ်းခဲ့ရပါသည်။ အလွန်ထူးသော တံခွန်တိုင်ကြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဦးအံ့မောင်၏ စာတစ်စောင်**

၎င်းနောက် တိုင်တွင်ချိတ်ထားသော စာတစ်စောင်ကို ဖတ်ကြည့်ရာ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဆရာကြီးဦးအံ့မောင်ထံမှ ရေးသားသောစာဖြစ်သဖြင့် ကူးယူခဲ့ရ ပြန်ပါသည်။ အတွင်းစာသားများမှာ ရွှေ ဖျိုင်းနားမင်္ဂလာနှင့် စပ်လျဉ်းနေကြောင်း သိရပါသည်။ ဆရာတော်ကြီးသည် ရွှေဖျိုင်းကလေးကို အစာခွံ့နေသောပုံကိုလည်း တွေ့ရပါသည်။ ထိုနှစ်က ၁၃၅၀ ခုနှစ် ၁၉၈၉ ခုနှစ် ဖြစ်နေရာ ဆရာတော်ကြီး သက်တော် ၈၀ ရောက်ရှိသော ကာလဖြစ်ကြောင်း သိရပါသည်။

## အပိုင်း ( ၅ )

## ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီးဘဝသို့ ရောက်ရှိခြင်း

ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီးဘွဲ့တော်ကို ခံယူစဉ်အခါက ဆရာတော်ကြီးသည် သက်တော် ၇၂ နှစ် ရှိပြီ ဖြစ်ပါသည်။ ၁၃၄၂ ခုနှစ် ဝါခေါင် လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဦးဝိစ္စာဗလ ကိုယ်တော်ကြီးအား ကမ္ဘာ့ရွှေရင်အေးဟူသော ဘွဲ့အမည်တော် ချီးမြှင့်တော်မူပါသည်။ ချီးမြှင့်တော်မူသောဆရာမှာ တစ်လေးလုံးဆရာတော် ဦးခန္တီဇောတိ အရှင်သူမြတ်ဖြစ်ပါသည်။ ချီးမြှင့်တော်မူသောနေရာမှာ ယခုလက်ရှိ ရတနာမာရ်အောင်ကျောင်းတိုက် ဓာတ်တော်တိုက်အပေါ်တွင် ဖြစ်ပါသည်။ ချီးမြှင့်သော အချိန်မှာ နံနက်စောစော (၆) နာရီ (၄၅) မိနစ်အချိန် ဖြစ်ပါသည်။ ထို့အခါမှစ၍ ဦးဝိစ္စာဗလသည် ကမ္ဘာ့ရွှေရင်အေးဆရာတော်ဟူ၍ ဖြစ်လာခဲ့ပါသည်။

### ပျူစောထီးလက်ထက်က မြတ်စွယ်တော်

ထို့နောက် သက်တော် ၇၄ နှစ်အရွယ်တွင် ပျူစောထီးလက်ထက် မြတ်စွယ်တော်ကို ပူဇော် ကန်တော့ခဲ့ပါသည်။ ထိုနှစ်သည် ၁၃၃၄ ခု ဖြစ်ပါသည်။

သက်တော် ၇၅ နှစ် ပြည့်တော်မူ သောအခါ သဒ္ဒါထူးခြားသော ဂန္ဓမာလာ ဦးခင်လတ်မောင်နှမတစ်စုတို့က ကြာသက်န်း ကပ်လှူခဲ့ပါသည်။ သက်တော် ၇၅ နှစ် ပြည့်သောအချိန်တွင် ဆရာတော်ကြီးသည် ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို အောင်ပန္နက်စိုက်ထူ သော အခမ်းအနားကြီး ကျင်းပ၍ ကိုယ်တော်တိုင်ပဌာန်း ဒေသနာတော် ၂၄ ပစ္စည်းကို ကျူးရင့်ပူဇော်ခဲ့ပါသည်။

### အဘိဓေဇ္ဇဘွဲ့တော်ကြီး

သက်တော် (၈၃) နှစ်အရွယ်တော်သို့ ရောက်သောကာလ (၁၃၅၃) ခု တန်ဆောင်မုန်းလဆန်း (၁၉၉၁ ခု၊ နိုဝင်ဘာလ၊ ၂၁ ရက်နေ့) တွင် နိုင်ငံတော်မှ ချီးမြှင့်သော အဘိဓေဇ္ဇအဂ္ဂမဟာ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့ပါသည်။ သက်တော် (၈၄) နှစ် အရွယ်သို့ရောက်သောအခါ (၁၃၅၃ ခု/ ၁၉၉၂ခု) နှစ်တွင် ဆရာတော်ဘုရားကြီးအား (၉၀၄) ကြိမ်မြောက် သိမ်ထပ်မင်္ဂလာ အခမ်းအနား ပြုလုပ်ခဲ့ပါသည်။ ထိုနေ့ (၁၉၉၂) ခု၊ စက်တင်ဘာလ (၂၆) ရက်၊ စနေနေ့၊ နံနက် (၆) နာရီ အချိန်တွင် (၉၀၄) ကြိမ်မြောက် သိမ်ထပ်မင်္ဂလာအခမ်းအနားပြုသောအခါ အလင်းရောင် တန်းကြီးသည် ဆင်းတုတော်ကြီး၏ ယာလက်ရုံးမှ ထွက်ပေါ်လာ

ကြောင်းကို အားလုံး ဖူးတွေ့ကြရပါသည်။ ဓာတ်ပုံမှတ်တမ်းကိုလည်း ဓာတ်တော်ကျောင်းတိုက်အပေါ်တွင် ဖူးတွေ့ရပါသည်။

**နှစ် ၆၀ ကြိုးပမ်းမှု**

ဆရာတော်ကြီး သက်တော် (၉၁) နှစ် အရွယ်တော်သို့ ရောက်သောအခါ မဟာရွှေမြင့်မိုရ် စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးကို အထက်ဌာပနာသွင်းတော်မူခဲ့ပါသည်။ ငယ်စဉ်ကာလ သက်တော် (၃၀) က ကြံစည်ခဲ့သောစိတ်ကူးကို သက်တော် (၉၁) အရောက်မှာ အကောင်အထည်ဖော်ရခြင်း ဖြစ်ပါသည်။

**အောင်မြေ ရှာဖွေခြင်း**

သက်တော် (၃၀) အရွယ်တွင် ဖားနှင့်မြွေနိမိတ်ကိုဆောင်၍ ထိုနေရာကို အောင်မြေဟု သတ်မှတ်ကာ ဓာတ်ပေါင်းစုစေတီတော် တည်ထားကိုးကွယ်ရန် အဓိဋ္ဌာန်ပြုခဲ့ပါသည်။သက်တော် (၉၂) နှစ် ပြည့်သောအခါမှ ထီးတော်တင် မင်္ဂလာအခမ်းအနားကို ပြုလုပ်နိုင်ခဲ့သဖြင့် နှစ်ပေါင်း (၆၀) ကျော်ကြာခဲ့သော ခရီးစဉ်ကြီး ဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးသည် သက်တော် ၈၄ နှစ်အရွယ်တွင် ကားအက်စီးဒင့်ဖြစ်ခဲ့ရာ ဝေဒနာခံစားခဲ့ရကြောင်း သိရှိသူများပြောပါသည်။ ထိုကာလသည် (၁၃၅၄) ခုနှစ် ( ၁၉၉၃ ခု၊ မေလ၊ ၁၀ ရက်) ပတ်ဝန်းကျင်ဖြစ်သည်ဟု ဆိုသဖြင့် ထိုနေ့မှစ၍ ယခုသက်တော် ရာပြည့်ကာလအထိ နှစ်ပေါင်း (၁၃) နှစ် ကြာခဲ့ပြီ ဖြစ်ပါသည်။

**ပျော်ဘွယ်က ဘုရားဒကာများ**

ဖြစ်ပျက်ပုံအလုံးစုံကိုလည်း ပျော်ဘွယ်သို့ ခရီးအသွားတွင် မှတ်သားခဲ့ရပါသည်။ ပျော်ဘွယ်တွင် ဘုရားဒါယကာကြီးဦးဆာမိ မိသားစုနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ မသိသေးသည်များကို သိရပါသည်။ ပျော်ဘွယ်တွင် ဦးပုဏ္ဏား၊ ဦးအောင်ဆန်း၊ ဦးကျော်မြ၊ ဦးရွှေလေးစသော ပုဂ္ဂိုလ်များကို တွေ့ခဲ့ရရာ မသိသေးသည်များကို သိခဲ့ရသည်။

**ကြုံရ ဆုံရ လှူဘ၀**

ထိုစဉ်က ကားမောင်းသူမှာ ဦးဝေလွင် ဆိုသူဖြစ်ကြောင်း အမြဲတမ်း မောင်းနေကျကားဆရာ ဦးဝင်းမြင့်ဆိုသူ အပြင်သွားခိုက်ကြုံသဖြင့် ဦးဝေလွင်က မောင်းခဲ့ကြောင်း၊ စံတော်ရာကုန်းမှ ပျော်ဘွယ်သို့ အသွားခရီးဖြစ်ကြောင်း၊ ထိုညက ပျော်ဘွယ်တွင် ရွှေပြည်ရန်အောင် ဓမ္မာရုံ တရားပွဲရှိနေကြောင်း၊ ထိုတရားပွဲသို့ တရားနာမြင့်ရန် သွားရောက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ စံတော်ရာကုန်း

မှ (၆) နာရီကျော်ကျော်လောက်ထွက်ခဲ့ရာ ကားအက်စီဒင့် ဖြစ်ခဲ့ကြောင်းသိရပါသည်။ ပျော်ဘွယ်က လူများ သတင်းကြားသောအခါ ည (၈) နာရီလောက် ရှိပြီးဖြစ်ကြောင်း သူတို့က ပြောဆိုကြပါသည်။ ထိုမျှသာ သိရပါသည်။

**သေနေသောအပင် ပြန်ရှင်ခြင်း**

သို့သော် ထူးခြားချက်မှာ အောင်မြေနေရာအနီးရှိ သေနေသော အပင်ကြီးမှာ ပြန်ရှင်လာကြောင်း အတိတ်နိမိတ်ထူးများရှိကြောင်း ပြောဆိုကြပါသည်။

**ဂန္ဓမာလာ မိသားစုမှ ရသောသတင်းထူး**

ဆရာတော်ကြီးသည် သက်ရှယ်အိုမင်းသဖြင့် ပြည်မြို့ရတနာမာရ်အောင် ကမ္ဘဋ္ဌာန်းတောရ ကျောင်းတိုက်တွင်ပင် သီတင်းသုံးလျက် ရှိပါသည်။ ဂန္ဓာမာလာ မောင်နှမတစ်စု ဖြစ်သော ဒေါ်ခင်အေး ဒေါ်ခင်မြမြ ဦးခင်လတ်တို့နှင့် တွေ့ဆုံ၍ သိရှိရသည်မှာ (၂၀၀၅) ခု၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ဦးခင်လတ်တို့ ပြည်မြို့သို့သွားကြ၍ တစ်ညအိပ်ပြီးလျှင် နောက်တစ်နေ့တွင် ပျော်ဘွယ်စံတော်ရာကုန်းသို့ ဆရာ တော်ကြီးကို ပင့်ဆောင်တော်မူမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုဒီဇင်ဘာ (၅) ရက်နေ့မှစ၍ ဆရာတော်ကြီးကိုဖူးလိုသူတို့များသည် ပျော်ဘွယ်စံတော်ရာကုန်းသို့လိုက်၍ ဖူးကြရန် စီစဉ်လျက် ရှိကြပါသည်။ သို့နှင့် စံတော်ရာကုန်းတွင် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးနှင့် ဆွမ်းဆန်လောင်းပွဲတော်ကြီးကို ရှေးယခင် နှစ်များကဲ့သို့ပင် ဆက်လက်ကျင်းပလိမ့်မည်ဖြစ်ကြောင်း အံ့ဖွယ်ကြားသိခဲ့ရပါသည်။

**ဦးဝိဇ္ဇာဗလ ဘဝဖြစ်စဉ် အနှစ်ချုပ် လေ့လာချက်**

ဆွမ်းမစားတဲ့ ဆားတောင် ကိုရင်ကလေးဘဝမှစ၍ ဆွမ်းမစားတဲ့ ရဟန်းတော်ကလေး အရှင်လာဘ ဘဝနှင့်တကွ ဦးဝိဇ္ဇာဗလ ဘွဲ့တော်ကိုရပြီးသည့်နောက် ကမ္ဘာ့ရွှေရင်အေး ဘွဲ့တော်အသစ်ကို ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့က ချီးမြှင့်ကြပြန်သဖြင့် ယနေ့ထက်တိုင် သက်တော်ရာကျော်ဆရာတော်ဘုရားကြီးအဖြစ်သက်ရှိထင်ရှားရှိနေတော်မူသော ဆရာတော် ကြီး ကိုယ်တိုင်ကြီးမှူးကျင်းပသောဆွမ်းဆန်လောင်းပွဲတော်ကြီးဖြစ်သဖြင့် ရွာပေါင်း တစ်ရာကျော်က လာကြမည့်လှည်းများနှင့်တကွ အနယ်နယ်မှလာကြမည့် တပည့်အပေါင်းတို့ စုရုံး ပူဇော်ကြရမည့် စံတော်ရာကုန်း ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် ဆွမ်းဆန်လောင်းပွဲတော်ကြီးနှင့်အတူ ရာပြည့်ရုပ်ပုံလွှာ မဟာထေရုပ္ပတ္တိကထာကြီးသည် သက်ရှိထင်ရှား ဆရာတော်ကြီးအား ပူဇော်ရမည်ဟု ဤမဟာထေရုပ္ပတ္တိကို ရေးသားရခြင်း ဖြစ်သည်ဟူ၍ ဤကျမ်းပြုသူက လေ့လာ ရေးစာတမ်းကြီး လေ့လာပြုစုပြီး ဆရာတော်ထံ

ပူဇော်မည်ဟု အခွင့်အထူး ရရှိခဲ့ပါသည်။ ဆရာတော်ကြီးကလည်း ခွင့်ပြုတော်မူခဲ့ပါသည်။ ရာပြည့် ရုပ်ရှင်သာသနာ့မော်ကွန်း ရိုက်ကူးခွင့်လည်း ဆရာတော် သက်တော်ထင်ရှားရှိစဉ်ကပင် လျှောက်ထားအတည်ပြု ရရှိခဲ့ပါသည်။ ရာပြည့်ပွဲတော်ကြီးတွင် ပြသမည်ဟူ၍လည်း လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးကလည်း သဘောတူခဲ့ပါသည်။ ဝမ်းမြောက် ဝမ်းသာပင် ဖြစ်ပါသည်။ မောင်ပန်းမွေး ခေတ်မီတယ်ဟုပင် ပြောခဲ့ပါသည်။ ဟော့လိုက်ဆို ဟူ၍လည်း ပထဝီဗလ သုန္ဒရီ အစရှိသော ဂါထာတော်မြတ်ကိုလည်း နှုတ်တိုက်ချ၍ လိုက်ဆိုခဲ့ရပါသည်။ ထိုနေ့သည် ဆရာတော်ကြီး၏နောက်ဆုံးနေ့ မတိုင် မီ ၃ ရက်အလို ဖြစ်ပါသည်။ ၎င်းနောက် -

အေဒီ ၂၀၀၅ ဆရာတော်ကြီးကား သက်တော် ၁၀၀ ပြည့်နှစ်တွင် ခန္ဓာဝန်ချတော်မူပါသည်။ ခန္ဓာဝန် ချတော်မူပြီးနောက် ဂန္ဓမာလာ ဦးခင်လတ်ကလည်း ကျမ်းစာတစ်အုပ်ရေးထုတ်ပါသည်။ ပညာအလင်းပြ ဦးအုန်းမောင်က တည်းဖြတ်ပါသည်။ ထိုစာအုပ်မှာ ခပ်ပါးပါး ဖြစ်ပါသည်။ သို့သော်လည်း အလွန်ကောင်းပါသည်။ ထိုစာအုပ်အရ ရှေးရှေးက သိခဲ့ဖူးသော ရွှေဗျိုင်းနားဆရာတော်ဦးဝိဇ္ဇာဗလ၏ ဘဝဖြစ်စဉ်တွင် အရေးပါလှသော တောကြီး (၃၇)တော၊ တောင်ကြီး (၃၇)တောင်၊ ပညာပေးခဲ့သော ဆရာပေါင်း (၃၇)ပါးတို့ စာရင်းကိုလည်း အချောရရှိပါသည်။ ယခင်ကရရှိဖူးသောစာရင်းများထက် ဆရာဦးခင်လတ်၏စာရင်းက ပို၍ စေ့စေ့စပ်စပ်ရှိပါသည်။ အောက်တွင်ဖတ်ကြည့်ပါ။ ဆရာတော်ကြီး၏ လက်ရင်းတပည့် ဖြစ်၍ အတွင်း ကျကျ သိသူဖြစ်သောကြောင့် အားကိုးရသော မှတ်တမ်းကြီးဖြစ်ပါသည်။

**ရှင်လာဘအား လောကီ၊လောကုတ္တရာသင်ကြားပြသသော ဆရာတော်ကြီးများ၏ စာရင်း**

(၁) သက်တော် (၇)နှစ်မှစ၍ (၁၈)နှစ်အထိ ရမည်းသင်း ခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဆားတောင်ရွာ အဘိုးအောင်ထံ အဘိုးဆရာတော်ဘုရားကြီး ဦးက္ကန္ဒက ခြေတော်ရင်း၌ သင်ပုန်းကြီးမှ အစ ပရိတ်ကြီး လောကနီတိ ဇာတ်ကြီးဆယ်ဘွဲ့ ဝိနည်း ပါတိမောက် ပါဠိတော် သဒ္ဒါ သင်္ဂြိုလ် အဘိဓာန် အလင်္ကာ ဆန်းအစရှိသော ပရိယတ် အခြေခံနှင့် ပဋိပတ် အဖြေမှန် တရားတော်များကို နာယူ မှတ်သား အားထုတ်ခဲ့ကြောင်း။

(၂) တောင်တွင်းကြီးမြို့ အရညဝါသီ သက်တော်ရှည် ဘိုးတော်အောင်ထံ၌ သက်တော် (၁၃)နှစ်မှ (၁၈)နှစ်အထိ လောကီ၊ လောကုတ္တရာ သင်ယူခဲ့ကြောင်း။

(၃) စစ်ကိုင်းမြို့၊ မဟာဂန္ဓာရုံ၊ ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၄၊ ၁၅၊ ၁၆၊ ၁၇) အထိ သမထ ဝိပဿနာတရားများ နာယူမှတ်သား အားထုတ်ခဲ့ကြောင်း။

(၄) စစ်ကိုင်းတောင်၊ တောင်ဗိလာဆရာတော်ဘုရားထံ၌ သက်တော် (၁၉)နှစ်မှ (၂၀၊၂၁) အထိ ဝိနည်းဘက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်မှတ်ထားခဲ့ကြောင်း။

(၅) မုံရွာ၊ ဘုတလင် ကြောင်ပန်းတောရ ဆရာတော်ဘုရားထံ သက်တော် (၁၃၊ ၁၄၊၁၅၊၁၆) တွင် သမထ ဝိပဿနာများ သင်ယူခဲ့ကြောင်း။

(၆) ပြည်မြို့ ကန်ဦးကျောင်း ဦးသီလစာရ ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၂၀၊၂၁၊၂၂၊၂၃) ဝိနည်းဘက်ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းများကို သင်ယူမှတ်သားခဲ့ကြောင်း။

(၇) ပြည်မြို့၊ မဟာဓမ္မိကာရာမတောရ ဆရာတော်ဘုရားကြီး ဦးသုတထံ၌ သက်တော် (၁၉၊၂၀၊၂၁၊၂၂၊၂၃)နှစ်အထိ သုတ္တန်ဝိနည်းဘက်ဆိုင်ရာ ကျမ်းဂန်များကို သင်ယူခဲ့ကြောင်း။

(၈) သထုံမြို့ မူလမင်းကွန်း ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၄၊၁၅၊၁၆) နှစ်အထိ သမထ ဝိပဿနာများ သင်ယူခဲ့ကြောင်း။

(၉) ကျိုက်ထိုမြို့ သေက္ခတောင် ဆရာတော်ဘုရား ဦးတိလောကထံ၌ သက်တော် (၁၉၊၂၀) နှစ်အထိ သုတ္တန်ဘက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ ကျမ်းများ သင်ယူခဲ့ကြောင်း။

(၁၀) မော်လမြိုင်မြို့၊ မုဒုံကျောက်တစ်လုံးတောရ ဆရာတော် ဦးပဒုမထံ၌ သက်တော် (၁၄၊ ၁၅)အထိ သမထ ဝိပဿနာများကို သင်ယူခဲ့ကြောင်း။

(၁၁) မုံရွာမြို့၊ ဖိုလ်ဝင်တောင်ဆရာတော် ဦးဇာနေယျထံ၌ သက်တော် (၂၀၊၂၁) နှစ်အထိ အဘိဓာန် အလင်္ကာ ဆန်း စသည်များ သင်ယူခဲ့ကြောင်း။

(၁၂) မုံရွာမြို့နယ်၊ မိုးညှင်းတောရ ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၉၊၂၀)အထိ သမထ ဝိပဿနာများကို သင်ယူခဲ့ကြောင်း။

(၁၃) ဆားလင်းကြီးမြို့နယ်၊ ဝက်လူးအိုင် မဟာဓမ္မိကာရာမကျောင်း ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၉၊၂၀)အထိ ဝိနည်းဘက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ စသည်များ သင်ယူခဲ့ကြောင်း။

(၁၄) ပြည်မြို့၊ ရွှေတောင် အမ္ဗာရာမတိုက် ဦးတိက္ခိန္ဒြိယထံတော်၌ သက်တော် (၁၈၊၁၉)အထိ ဓာတ်ကမ္မဋ္ဌာန်းဘက်ဆိုင်ရာ သင်ယူခဲ့ကြောင်း။

(၁၅) ပဲခူးရိုးမ၊ အရညဝါသီ ဦးဝါသဝထံတော်၌ သက်တော် (၁၄၊၁၅)အထိ သမထ ဝိပဿနာ ဘက်ဆိုင်ရာ နာယူမှတ်သား အားထုတ်ခဲ့ကြောင်း။

(၁၆) တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ မယ်ဒက်တောရ ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၃၊ ၁၄၊ ၁၅၊ ၁၆) အထိ သမထ ဝိပဿနာတရားများ သင်ယူခဲ့ကြောင်း။

(၁၇) ဖြူးမြို့ ရိုးမတောင် အရညဝါသီ ဦးသီလဝံသ ဆရာတော် ထံ၌ သက်တော် (၁၉၊ ၂၀) အထိ သမထ ဝိပဿနာဘက်ဆိုင်ရာ တရားများသင်ယူခဲ့ကြောင်း။
(၁၈) သာယာဝတီမြို့ မင်းကျောင်းဆရာတော် ဦးနန္ဒိယထံတော်၌ အဘိဓမ္မာဘက် ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူခဲ့ကြောင်း။
(၁၉) ရမည်းသင်းခရိုင် ရွှေမြို့ အရညဝါသီ ဆရာတော် ဦးခန္တာဇောတိ ထံတော်၌ သက်တော် (၁၈၊ ၁၉၊ ၂၀)အထိ သုတ္တန်ဝိနည်းဘက်ဆိုင်ရာ ပါဠိ အဋ္ဌကထာများ နှင့် ဝ,ယ,မ,ပ ဝိပဿနာ စမလမ်းစဉ်များကို သင်ယူခဲ့ကြောင်း။
(၂၀) ကျောက်ပန်းတောင်းမြို့ အရညဝါသီ ဆရာတော် ဦးအာသဖထံတော်၌ အဘိဓမ္မာဘက် ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူခဲ့ကြောင်း။
(၂၁) အင်းစိန်၊ သမိုင်း မင်းကျောင်းဆရာတော် ဦးနန္ဒိယ ထံတော်၌ သက်တော် (၁၉၊၂၀၊၂၁)အထိ ဝိနည်းဘက်ဆိုင်ရာ ကဝိစသော ကျမ်းများကို သင်ယူခဲ့ကြောင်း။
(၂၂) သမိုင်းမြို့မကျောင်း အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဦးဥေယျထံတော်၌ သက်တော် (၁၉၊ ၂၀၊ ၂၁)အထိ ဝိနည်းဘက်ဆိုင်ရာ ပါဠိ အဋ္ဌကထာများကို သင်ယူခဲ့ကြောင်း။
(၂၃) ရန်ကုန်မြို့ ရွှေကြက်ယက်ကျောင်း ဆရာတော်ဘုရားကြီးထံ၌ သက်တော် (၁၉၊ ၂၀၊ ၂၁)အထိ ဝိနည်းဘက်ဆိုင်ရာ ကဝိ အဘိဓမ္မာ ဋီကာစသော ကျမ်းများကို သင်ယူခဲ့ ကြောင်း။
(၂၄) ရန်ကုန်မြို့ သိမ်ကြီးကျောင်း၊ ဦးဝိလာသဆရာတော်ဘုရားထံ၌ သက်တော် (၂၀၊ ၂၁)အထိ ဓမ္မစကြာ အကျဉ်းအကျယ် ယူပုံယူနည်းကို သင်ယူခဲ့ကြောင်း။
(၂၅) ပုဂံမြို့ ဆံရှည်ဆရာတော်ဘုရားထံ၌ သက်တော် (၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁) အထိ လောကီလောကုတ္တရာ တရားများသင်ယူခဲ့ကြောင်း။
(၂၆) မုံရွာခရိုင်၊ ပုံတောင်ပုံညာ ရက်ကန်းစင်တောင် အရညဝါသီ သက်တော်ရှည် ဆရာတော်ဘုရား ဦးဩဘာသထံ၌ သက်တော် (၁၈၊ ၁၉၊ ၂၀၊ ၂၁)အထိ လောကီ လောကုတ္တရာ သင်ယူခဲ့ကြောင်း။
(၂၇) ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီး ပင်းတယဂူ အင်းတိမ် သက်တော်ရှည် ဘိုးတော်ဖြူထံတော်၌ သက်တော် (၁၃၊ ၁၄၊ ၁၅၊ ၁၆)အထိ လောကီ လောကုတ္တရာ သင်ယူခဲ့ကြောင်း။
(၂၈) သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ ကျစ္စာဘုရား အရညဝါသီ သက်တော် ရှည် ရာကျော်ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မကိတ္တိထံတော်၌ သက်တော် (၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂) အထိ လောကီ လောကုတ္တရာ သင်ယူခဲ့ကြောင်း။
(၂၉) ပျော်ဘွယ်မြို့ ရွှေမင်းဝံတောင်ဆရာတော် ဦးပါထံ၌ သက်တော် (၁၅၊ ၁၆၊ ၁၇) အထိ သမထ ဝိပဿနာ သင်ယူခဲ့ကြောင်း။ ...

(၃၀) မုံရွာမြို့၊ အိုးတစ်လုံးတောရ ဆရာတော်ဘုရားထံ၌ သက်တော် (၁၉၊ ၂၀၊ ၂၁) အထိ အဘိဓမ္မာဘက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာများ သင်ယူခဲ့ကြောင်း။
(၃၁) ကျိုက်ထိုမြို့၊ ကျိုက်ထီးရိုးဘုရား အရညဝါသီ ဆရာတော် ဦးဣန္ဒာစာရ ထံတော်၌ သက်တော် (၁၈၊ ၁၉) အထိ သမထ ဝိပဿနာ သင်ယူခဲ့ကြောင်း။
(၃၂) ပဲခူးမြို့၊ အရညဝါသီ ဓမ္မစေတီမင်းခေါင်ထံ၌ သက်တော် (၁၇၊ ၁၈၊ ၁၉၊ ၂၀)အထိ လောကီ လောကုတ္တရာများကို သင်ယူခဲ့ကြောင်း။
(၃၃) သာစည်မြို့၊ အင်းမကြီး သိမ်တောင် ဆရာတော်ဘုရား ဦးဇဝနထံတော်၌ သက်တော် (၁၈၊ ၁၉၊ ၂၀) အထိ အဘိဓမ္မာဘက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာများ သင်ယူခဲ့ကြောင်း။
(၃၄) သူကောင်းမြို့၊ အရညဝါသီ ကိုရင်ကြီး ဦးလန်းထံ၌ သက်တော် (၁၄၊ ၁၅၊ ၁၆၊ ၁၇) အထိ လောကီ လောကုတ္တရာ ပညာများကို သင်ယူခဲ့ကြောင်း။
(၃၅) စကုမြို့၊ ရွှေစက်တော် အရညဝါသီ ဆရာတော် ဦးစန္ဒိမာထံတော်၌ သက်တော် (၁၉၊ ၂၀) အထိ လောကီ လောကုတ္တရာ ပညာများကို သင်ယူခဲ့ကြောင်း။
(၃၆) ရခိုင်ရိုးမ အရညဝါသီ သက်တော်ရှည်ဆရာတော်ကြီး ဦးကေလာသ ထံ၌ သက်တော် (၂၀၊ ၂၁)အထိ သမထ ဝိပဿနာ သင်ယူခဲ့ကြောင်း။
(၃၇) သီဟိုဠ်ကျွန်း အရညဝါသီ ဆာဒူးယောဂီ ဘာဘာကြီးထံ၌ သက်တော် (၁၃၊ ၁၄၊ ၁၅) အထိ သမထ ဝိပဿနာ သင်ယူခဲ့ကြောင်း။
ဆရာတော်ကြီး ကိုယ်တိုင် မိန့်တော်မူချက်အရ မှတ်စု မှတ်တမ်းများဖြင့် ရေးသား မှတ်တမ်းတင်ထားကြောင်း သိရှိရပါသည်။

# ကွင်းကောက် ဆရာလှိုင် (ခေါ်) ပထမံ ဆရာလှိုင် (ခေါ်) ဆရာတော် ဦးဇောတိက (၁၉၀၇– )

ပထမံဆရာလှိုင်၏ ထင်ရှားသော ဘွဲ့များမှာ -

(၁) သေခဲလှဆရာတော်

(၂) ဘုန်းတော်ကြီး ဦးဝိမလဗုဒ္ဓိ

(၃) သူဌေးကြီး ဦးကောက်ရ

(၄) ဝိဇ္ဇာကျော် အောင်ဗလ

(၅) ရသေ့ကြီး ဦးအောင်သန်း ဟူ၍ ဖြစ်ပါသည်။

ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ရွာတောင်ဘက်ကမ်း၊ ယွန်းကျောင်းဆရာတော် ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်သည် (၁၃၁၄) ခုနှစ်၊ ဝါခေါင်လဆန်း ( ) ရက်၊ ည (၉) နာရီအချိန်တွင် ဝိဇ္ဇာအဖြစ်သို့ပေါက်ရောက်အောင်မြင်တော်မူပြီး (၁၃၃၅) ခု၊ သီတင်းကျွတ်လဆန်း (၆) ရက်နေ့၊ နံနက် (၁) နာရီ (၄၅) မိနစ်တွင် ရုပ်ပြောင်းနာမ်ခွာတော်မူ၍ ထွက်ရပ်စခန်းသို့ ကြွမြန်းတော်မူသည်။

ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ၊ အောင်ချမ်းသာအရပ်၌ ရွှေစေတီရှိ၏။ လွမ်းစေတီဟုလည်း လူသိများ၏။ နှစ်မည်ရ စေတီတော် ဖြစ်၏။ တည်ထားခဲ့သော ဆရာတော်ကား ဦးဇောတိက ဖြစ်၏။ ပထမံဆရာလှိုင် ဟုလည်း ကျော်ကြား၏။ ကွင်းကောက်ဆရာလှိုင်ဟုလည်း ကျော်ကြား၏။

အရှင်မြတ်ကို မြန်မာသက္ကရာဇ် (၁၂၆၉) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂) ရက်၊ ခရစ် (၁၉၀၇) ခုနှစ်၊ အောက်တိုဘာလ၊ (၈) ရက်၊ ဗုဒ္ဓဟူးနေ့ သန်းခေါင် မွန်းတည့်ချိန် ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ၊ မြောက်ပိုင်းတွင် ဖွားတော်မူ၏။ ဖခင်မှာ ကျောင်းဆရာကြီး ဦးမြတ်ထွန်း ဖြစ်၏။ မိခင်မှာ ဒေါ်ငွေနု ဖြစ်၏။ တတိယမြောက်သား ဖြစ်၏။ ငယ်နာမည်မှာ မောင်စိန်ဖေ ဖြစ်၏။

**မွေးဖွားစဉ်က ထူးခြားချက်**

ဆရာတော်ကြီး ပဋိသန္ဓေရှိစဉ် ပထမ လမင်းကြီးက အိမ်ခေါင်မိုးမှ ထိုးဖောက်ပြီး အိမ်ထဲကျလာ၏ဟု အိပ်မက် မက်မြင်၏။ ၎င်းအပြင်လည်း ဆင်ဖြူတော်တစ်စီးက



ကွင်းကောက် ဆရာလှိုင် (ခေါ်) ပထမံ ဆရာလှိုင် (ခေါ်) ဆရာတော် ဦးဇောတိက
ပထမံဆရာလှိုင်၏ ထင်ရှားသော ဘွဲ့များမှာ – (၁) သေခဲလှဆရာတော်
(၂) ဘုန်းတော်ကြီး ဦးဝိမလဗုဒ္ဓိ (၃) သူဌေးကြီး ဦးကောက်ရ
(၄) ဝိဇ္ဇာကျော် အောင်ဗလ (၅) ရသေ့ကြီး ဦးအောင်သန်း

ကကြိုးအစုံနှင့် ခြေတစ်လှမ်း ကြာတစ်ပွင့်စီခံကာ မယ်တော် ဝမ်းထဲဝင်သွားသည်ဟု အိပ်မက်ထပ်မံ၍ မက်ခဲ့ပါသေးသည်။ ဤသို့ဖြင့် အတိတ်ထူး၊ နိမိတ်ထူးဖြင့် မွေးဖွားလာသော သားရတနာဖြစ်၏။

**ပညာသင်ခြင်း**

မောင်စိန်ဖေ (၅) နှစ်သားအရွယ် ခရစ် (၁၉၁၂) ခုနှစ်မှ စတင်ပညာသင်ခဲ့၏။ (၉) နှစ်သားအရွယ် ခရစ် (၁၉၁၈) ခုနှစ်သို့ ရောက်သောအခါ ကွင်းကောက်ရွာအလယ်ရှိ အင်္ဂလိပ်ကပြား ကျောင်းဆရာကြီး ဦးမောင်မောင်ထံတွင် ကူးပြောင်း၍ ပညာများကို သင်ကြားခဲ့၏။

အသက် (၁၅) နှစ်အရွယ်ခန့် ခရစ် (၁၉၂၂) ခုနှစ်သို့ ရောက်သောအခါ ကွင်းကောက်ရွာမှ ဦးကြီးဖြစ်သူ ဦးဘိုးသက်၊ ဒေါ်နှင်းပွင့်တို့က ပစ္စယာနုဂ္ဂဟအဖြစ်ခံယူကာ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

သာမဏေဘဝဖြင့် ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ကြားဆည်းပူးခဲ့၏။ ဟင်္သာတမြို့ ပါဠိပထမပြန် စာမေးပွဲကြီး၌ ဝင်ရောက်ဖြေဆိုခဲ့၏။ ပထမငယ် အောင်၏။ ပထမလတ်အတန်းလည်း အောင်ခဲ့၏။

အသက် (၂၀) ခရစ် (၁၉၂၇) ခုနှစ်သို့ ရောက်သောအခါ ဦးကြီးဖြစ်သူ ဦးဘိုးသက်၊ ဒေါ်နှင်းပွင့်တို့ကပင် ဒါယကာပြု၍ ရွှေကျောင်းသိမ်တော်ကြီးမှာ ရဟန်းအဖြစ် သွတ်သွင်းခဲ့ကြောင်း သိရှိရပါသည်။

အရှင်မြတ် ရဟန်းဝါ ၅ ဝါအရ ခရစ် (၁၉၃၂) ခုနှစ်တွင် ပခုက္ကူ စသော အထက်မြို့ကြီးများသို့ ပိဋကတ် ကျမ်းများ သင်ယူရန် ကြွတော်မူခဲ့၏။ ရဟန်းဝါ ၇ ဝါအရတွင်ကား ပခုက္ကူမြို့ အနောက်တိုက်ကြီး၌ တည်ထောင်၍ထားသော ပါဠိဘာဏီအသင်းကြီး၌ ပါဝင် ဆောင်ရွက်ရ၏။ အထက်ဆရာတော်ကြီးများက ပေးသော တာဝန်ဖြစ်၏။ (၈) နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့ရ၏။ ၎င်းနောက် ပခုက္ကူမှတစ်ဖန် အမရပူရ၊ မန္တလေးမြို့ အာသောကာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ရ၏။ နေ့ဝါ၊ ညဝါ ဖြင့် အဘိဓမ္မာပိဋကတ်ကျမ်းကြီးများကို မနေမနား ကြိုးစားမှတ်ယူခဲ့ရ၏။ ၄ နှစ်ကာလ ကြာခဲ့၏။

၎င်းနောက် မိမိနေရပ်ဖြစ်သော ကွင်းကောက်ကျေးရွာ၊ ရွှေကျောင်းတော်ကြီးသို့ ပြန်ရောက်လာခဲ့၏။ ရွှေကျောင်း ဆရာတော်ကြီးထံမှာပင် သီတင်းသုံးလျက် စာသင်သားများကို စာပေပို့ချပေးခဲ့၏။

ယင်းမှတစ်ဖန် ကွင်းကောက်ရွာတောင်ဘက်လမ်း ယွန်းကျောင်းကြီး၌ ကျောင်းထိုင်ရန် ကြွတော်မူခဲ့ရ၏။ ထိုအချိန်တွင် ဆရာတော်အရှင်သူမြတ်မှာ ဝါတော် ၂၅ ဝါ၊ သက်တော် ၄၅ နှစ်၊ ရှိလာခဲ့ပြီ ဖြစ်သည်။

**ဧကစာရကျင့်တော်မူခြင်း**

ယွန်းကျောင်း ကျောင်းထိုင်ဘုန်းကြီးဘဝနှင့် (၁၃) နှစ်ကာလတာ ကြာခဲ့၏။ ထိုအချိန်မှာပင် ကမ္မဋ္ဌာန်းဘာဝနာ တရားတော်များကို အားထုတ်ခဲ့၏။ တပည့်တို့အား စာပေများကို သင်ကြားပို့ချနေခဲ့၏။ မိမိလည်း ဂန္ထဓူရ၊ ဝိသနာရ နှစ်ပါးကိုပါ ကြိုးစားအားထုတ်ခဲ့၏။

အရှင်မြတ်သည် ရဟန်းသာမဏေ ကျောင်းသားများနှင့် ကျင့်ရမည်ကို ငြီးငွေ့စက်ဆုပ်တော်မူလာခဲ့သည်။ ထို့ကြောင့် တပည့်ရဟန်း သာမဏေ၊ ကျောင်းသားအားလုံးကို သက်ဆိုင်ရာမိဘများထံ ပြန်အပ်နှံပြီး တစ်ပါးတည်း ဧကစာရကျင့်တော်မူခဲ့၏။

ဆရာအရှင်မြတ်ကြီးသည် အဝတ်သင်္ကန်းများမှအစ မျက်နှာသုတ်ပဝါလည်း အညိုရောင်၊ စောင်၊ ခေါင်းအုံးစွပ်များလည်း အားလုံးကို အညိုရောင် သစ်ခေါက်ဆိုး ဆေးပြောင်းခဲ့၏။ ဝိပဿနာဓူရကို ပြင်းပြင်းထန်ထန် ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့၏။ ယင်းသို့ အားထုတ်နေချိန်တွင် ဆွမ်းပို့ချိန်မှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်မျှ ကျောင်းသို့ မလာစေရ၊ နေ့ရော ညပါ မနေမနား ကြိုးစားအားထုတ်တော်မူခဲ့၏။

**အာရုံငါးပါးပယ်ဖြတ်ခြင်း**

(၁၃၃၄) ခုနှစ်တွင် (၆) နှစ်ကာလအတွင်း ပြုလုပ်ခဲ့သော ဆုံးမကယ်တင်ခြင်းကိစ္စများကို ရပ်၍ ငါမနေတော့ဘူးဟု ခဏခဏ အမိန့်ရှိ ပြောကြားလာခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် အစားအစာဖြတ်တောက်ကာ မသုံးမဆောင် ဘုဉ်းမပေးဘဲ နေပါတော့သည်။

အရုဏ်ငါးပါး အကုန်ပယ်ဖြတ်ခဲ့၏။ ရုပ်ဆင်းသဏ္ဍာန် ဟူသမျှ မည်သူ့ကိုမျှ မကြည့်တော့ဘဲ အသံဟူသမျှလည်း ပယ်ခဲ့၏။ အနံ့ဟူသမျှ အမွှေးနံ့ မျိုးစုံ၊ သစ်သီးမျိုးစုံကိုလည်း မခံယူတော့ချေ။ အရသာဟူသမျှကိုလည်း ဘာတစ်ခုမျှ ခံတွင်းထဲသို့ပင် မထည့်တော့ချေ။ အတွေ့ဟူသမျှကိုလည်း ငါးအတွက်၊ ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်သာ ထားပါတော့ဟုဆိုကာ အာရုံငါးပါးကို ဖြတ်တောက်ခဲ့၏။ အရိယာသခင် သူတော်စင်တို့ထုံးကို နှလုံးမူခဲ့၏။

**ယွန်းကျောင်းမှ နေရာထူးများ**
အင်ပူမြို့နယ် ကွင်းကောက်ရွာ တောင်ဘက်ကမ်းရှိ ယွန်းကျောင်းမှာလည်း ရာဇဝင်ရှိ၏။ ယွန်းကျောင်း ပထမ ဆရာ တော်မှာ ဦးကုသလဖြစ်၏။ ထိုစဉ်က ဆရာတော်၏ဇာတိရွာ အထက်အညာမှ ယွန်းကုန်သည်များ လာရောက်တည်းခို ကာ ယွန်းထည်များ ပြုလုပ်ရောင်းချကြသဖြင့် ယွန်းကျောင်းဟု တွင်ခဲ့ကြောင်း သိရသည်။ ပထမံဝိဇ္ဇာဆရာတော် ဦးဇောတိကသည် ဤယွန်းကျောင်းတွင် ကျင့်စဉ် စခန်း ပေါက်မြောက်အောင်မြင်တော်မူခဲ့သည်ဟု သိရှိရပါသည်။

ကျောင်းဆောင်အနီးတွင် ပထမံ ဆရာတော်ရှိစဉ်က ကိုယ်တိုင် စိုက်ထူထားခဲ့ သော လေးကျွန်းမဏ္ဍိုင် ကျောက်စာတိုင်ရှိ၏။ ထိုကျောက်စာတိုင်တွင် မိမိသည် ၁၃၁၄ ခု၊ ဝါခေါင်လဆန်း၊ ၁၄ ရက်၊ ခရစ် (၁၉၅၂) ခုနှစ်၊ ဩဂုတ်လ၊ (၄) ရက်၊ အင်္ဂါနေ့ ကျင့်စဉ်စခန်းပြီးစီး အောင်မြင်တော်မူသည့်အကြောင်း မှတ်တမ်းကမ္ပည်း တင်ထား၏။ အိပ်ရာ၏ နံဘေးနံရံတွင် ပထမံအရှင်မြတ်ကြီးပြီးစီးအောင်မြင်သော ကိုးခန်းကျောင်းဆောင်ဟု ကမ္ပည်းတင်ထားသည်။ ဆရာတော်ကြီး ခန္ဓာဝန်ချပြီး သည့်နောက် ဆွမ်းဘုဉ်းပေးလေ့ရှိသောနေရာတွင် တောင်ပို့ပေါက်လာသဖြင့် အင်္ဂတေဖြင့် ပလ္လင်ပေါက်ထားသည်။

ဆရာတော် ဦးဇောတိက လက်ထက်တွင် အဂ္ဂိရတ်အတွက် အသုံးချခဲ့သော ဖိုရုံတစ်ရုံ ရှိ၏။ ထိုဖိုရုံတွင် ဆရာတော်သည် ဓာတ်လုံးကိစ္စ အောင်မြင်ပြီးမြောက် သောအခါ ထိုဓာတ်လုံးကို အနီးရှိရေတွင်းထဲသို့ချ၍ စွန့်ပစ်ခဲ့သည်ဟု သိရှိရပါ သည်။

ကျမ်းကိုး၊ (၁) ဂုဏ်ရှိန်ထွန်းတောက်၊ ကွင်းကောက်ဆရာတော်၊ ကျော်မိုးလွင်-ဝါးခယ်မ၊ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ အမှတ်- ၆၅ ၊ စာ-၂၀၊ ၂၂၊ ၂၃။ ကျမ်းကိုး၊ (၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ် ၂၄၀၊ ဇူလိုင် ၂၀၀၆ စာ၊ ၁၃၉၊ ၁၄၀)

# ဓမ္မဝိဇ္ဇာ ခေတ်တော်ဝင် ရွှေပေါက်ကျွန်းဆရာတော် အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိက ၁၉၂၂-၁၉၉၇

**ရွှေပေါက်ကျွန်းတည်နေရာ**

ရွှေပေါက်ကျွန်းသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်အတွင်းရှိ ရှေးရွာတစ်ရွာဖြစ်သည်။ မလှိုင်မြို့မှ အရှေ့မြောက် ၁၈ မိုင်ဝေး၏။

**ရွှေပေါက်ကျွန်းရွာ**

ရွှေပေါက်ကျွန်းရွာသည် အရှေ့မှအနောက်သို့ တန်းထားသော ရွာဖြစ်၏။ အိမ်ခြေနှစ်ရာ (၂၀၀)ကျော်ရှိပါသည်။ ရှေးရွာတစ်ရွာဖြစ်၏။ ရွာ၏အရှေ့ဘက်ထိပ်တွင် ပုဂံခေတ် အလောင်း စည်သူမင်းကြီးလက်ထက်ဆောင်ရွက်ချက်ဖြစ်သော အလောင်းစည်သူဆည်ကြီး "စည်သူဆည်" ရှိသည်။ စပါး၊ ပဲ၊ ပြောင်း၊ ဝါ၊ စိုက်ခင်းများအတွက် အဓိကရဆည်ကြီး ဖြစ်ပါသည်။ ရွှေပေါက်ကျွန်းရွာသည် ရေငန်ကျေးရွာအုပ်စုဝင်ရွာတစ်ရွာဖြစ်ပါသည်။

**ဆရာတော်ဘုရားကြီး၏ မိဘနှစ်ပါး**


အဘ ဦးဖိုးစ၊ အမိဒေါ်လယ်လဲ့တို့သည် ရေငန်ကျေးရွာအုပ်စု၊ ရွှေပေါက်ကျွန်းရွာသူရွာသား များဖြစ်ကြ၏။ ဆရာတော်ဘုရားကြီးအား ဤရွာမှာပင် မွေးဖွားသန့်စင်ပါသည်။ အစဉ်အလာအားဖြင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြပါသည်။


**ဆရာတော်ဘုရားကြီး၏ ရက်ချုပ်ဇာတာတော်**

ကောဇာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ခရစ်နှစ် (၁၉၂၂) ခု၊ မေလ (၂၃) ရက်၊ အင်္ဂါနေ့၊ မြန်မာစက် ညဉ့်တစ်ချက်တီး (၁-နာရီ)အချိန်။ အင်္ဂါသား။ ရာသီအားဖြင့် ဓနုရာသီတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

(ရက်ချုပ်ဇာတာကို သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ပေပင်ကုန်းရပ်ရှိ အငြိမ်းစား ကျောင်းအုပ်ကြီး၊ နက္ခတ်လမ်းညွှန်ဆရာ ဦးတင်အေးမှ ၁၉၇၄ ခုနှစ်က ပထမဆုံး တွက်၍ ဆရာတော်ဘုရားအား ဆက်ကပ်အတည်ပြုပြီး ဖြစ်ပါသည်။ ထို ရက်ချုပ်ဇာတာကို အမှန်ရအောင် စီစဉ်ရေးစစ်ပြုစုသူ ဆရာဦးတင်အေးဆိုသူမှာ ဂန္ဓာရီဆရာကြီး မြေလတ်မြတ်သူ အမည်ခံ ဆရာကြီးဦးမြတ်သူ၏ ဖခင်ဖြစ်ကြောင်း သိရှိရပါသည်။)


J9J






စာရေးဆရာကြီး ရန်ကုန်ဘဆွေ ရေးဆွဲခဲ့သော ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ပုံတူဆီဆေးပန်းချီကား









စေတော်ဝင်ဆရာတော်၏
မူလအောင်မြေ
ပထမဆုံး
အဓိဋ္ဌာန်ဝင်ခဲ့သည့်နေရာ







**အတိတ်ထူးနိမိတ်ထူး**

ဆရာတော်ကြီးအား မမွေးဖွားမီ ၇ရက်က ဖခင်ဖြစ်သူ ဦးဖိုးစမှာ ကျန်းမာရေး အနည်းငယ်ချို့တဲ့သဖြင့် နေ့လယ်အချိန်တွင် မြောက်အရပ်သို့ ခေါင်းထားအိပ်စက်စဉ် ကျီးတစ်ကောင် လာနား၍ အရှေ့အရပ်ပြန်သွားကြောင်း၊ မွေးဖွားစဉ်ကာလ အချင်း စလွယ်သိုင်း၊ အချင်းမှာ မိန်းမချီတစ်ချက်ပါကြောင်း လေ့လာသိရှိရပါသည်။ မိခင်ကြီးသည် သားရတနာအား မမွေးမီက ထမင်းအိုး ငှဲ့နေစဉ် မယ်တော်၏ ပခုံးနှစ်ဖက်သို့ ကျီးနှစ်ကောင် နားခိုကြောင်း သိရှိရပါသည်။

**မွေးချင်းများ**

အဘဦးဖိုးစ -အမိဒေါ်လှဲ့တို့မှ သားသမီး (၆)ယောက်ဖွားမြင်ပါသည်။ (၁) ဦးဘို (၂) ဦးချို(ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ လူ့ဘဝငယ်မည်) (၃) ဦးချီ (၄) ဦးဖူးညို (၅) ဒေါ်ထွန်း (၆) ဒေါ်လွန်း(ဒေါ်ခင်လွန်း) (၇) ဦးထွန်းလှိုင် တို့ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ လူ့ဘဝငယ်မည်သည် "မောင်ချို" ဖြစ်၍ ဆရာတော်၏ အထက်အစ်ကို ဦးဘိုနှင့်ညီ ဦးချီတို့မှာကွယ်လွန်ခဲ့ပြီးဖြစ်၍မမိကြပါ။

**ငယ်စရိုက်**

ဆရာတော်လောင်းလျာ မောင်ချိုသည် ငယ်စဉ်ကတည်းက အနေအေး၍ စကားနည်းသည်။ ရဟန်းဝတ်သည်အထိ "သျှောင်ထုံး" ထားသည်။ လူမှန်းသိစမှစ၍ ခေါင်းအား မည်သူမှအကိုင်မခံ။ မိခင်၊ ဖခင်သာ အကိုင်ခံခဲ့၏။ နှစ်ပတ်သျှိ ဆံထုံးကို ကိုယ်တိုင်ကျင်လည်စွာ ထုံးတတ်သည်။

အစ်ကိုဦးဘိုသည် မြန်မာဆိုင်းဝိုင်းတည်ထောင်၏။ မြန်မာမှုအနုပညာတီးမှုတ်တတ်သည်။ သို့ဖြစ်၍ ညီမောင်ချို (ဆရာတော်လောင်းလျာ)သည်လည်း အခြေခံ မြန်မာ့ဂီတသင်ရိုးများ၊ မြန်မာမှုသီချင်း၊ ဂီတများ နားယဉ်လျက် အခြေခံကောင်းခဲ့၏။ ဂီတဝါသနာရှိခဲ့သည်။ သီချင်း ဂီတမှ စာများ၊ စာသားများကို သဘောကျနှစ်ခြိုက်တတ်၏။ လေ့လာမေးမြန်းတတ်၏။

**ကျောင်းသားဘဝ**

မောင်ချိုအား အသက်(၆)နှစ်ခန့်တွင် ကျေးရွာသဘာဝရွာဦးဘုန်းတော်ကြီးကျောင်းမှာ စာသင်ရန် အပ်နှံခဲ့ပါသည်။ ထိုစဉ်ကရွာဦးကျောင်းဆရာတော်မှာ ဦးဇယံဟုအများခေါ်သော ဆရာတော်ဦးဇယန္တဖြစ်ပါသည်။

မောင်ချိုအား ဆရာတော်ဦးဇယန္တာမှ အခြေပါဒသင်ဦးစမှ သင်ကြားပို့ချခဲ့ရာ နှစ်နှစ်အကြာမှာ အတော်ပင် ခိုင်လုံစွာ တတ်မြောက်၍ သုံးနှစ်အကြာ ၉ နှစ်သား

အရွယ်ရောက်သော် ကျွဲခြံရွာ၌ ကျင်းပသော စာပြန်ပွဲ၌ သဂြိုဟ် ၉ ပိုင်းကို အာဂုံဆောင်ကာ ပထမဆင့်မှ အောင်မြင်ခဲ့ပါသည်။

**သာမဏေဘဝ**

ဆရာတော်လောင်းလျာ ကျောင်းသားမောင်ချိုသည် ရွာဦးကျောင်းဆရာတော် ဦးဇယန္တထံမှာပင် ပညာ ဆက်လက် သင်ကြား၏။ အသက် ၁၃ နှစ်သို့ရောက်လာသည်။ ခရစ်နှစ် (၁၉၃၅) ခုနှစ်၊ အသက် (၁၃) နှစ်အရွယ်တွင် မိဘများဖြစ်သော ခမည်းတော် မယ်တော်တို့မှ ထုံးတမ်းစဉ်လာ မင်္ဂလာအခါကြီးနှင့်ကြုံသဖြင့် သာသနာ့ဒါယကာခံယူကာ သားဖြစ်သူမောင်ချိုအား ရှင်သာမဏေဘဝသို့ ဆရာတော် ဦးဇယန္တာထံမှာပင် သွတ်သွင်းချီးမြှင့်ပေးကြပါသည်။ ဘွဲ့တော်မှာ ရှင်ဝါယမ ဖြစ်ခဲ့ပါသည်။

**မိုးပေါ်မှာ ဝါသဝ၊ လူ့ပြည်မှာဝါယမ**

ဆရာတော်လောင်းလျာ ရှင်ဝါယမသည် စာပေကြိုးစားမှုနှင့်အတူ အကျင့်အနေအထိုင် ကောင်းလှပါသည်။ သာမဏေဘဝမှာပင် ဤသို့အစစကောင်းခြင်း မင်္ဂလာသတင်းကြောင့် အချို့လူပုဂ္ဂိုလ်များနှင့် ဆရာတော်ကြီးများက "မိုးပေါ်မှာ ဝါသဝ၊ လူ့ပြည်မှာ ဝါယမ"ဟု ကျော်ကြားခဲ့သည်။ (ဝါသဝ ဆိုသည်မှာ သိကြားမင်းကြီး၏ဘွဲ့ဟုသိရ၏) မြင်းခြံမြို့၊ ကန်ဆင့်ရွာကျောင်းမှာ ပညာလိုလားစာသင်သားဘဝဖြစ်သော ဆရာတော် လောင်းလျာ ရှင်ဝါယမသည် ဆရာတော် ဦးဓမ္မိကထံတွင် ပညာသင်ရာ (၃) နှစ် (၃) မိုး ကြာခဲ့လေသည်။ ကောဇာသက္ကရာဇ် (၁၃၀၀) ပြည့်နှစ်၊ ခရစ်နှစ် (၁၉၃၉) ခုနှစ်၊ (၁၆) နှစ်သားအရွယ်မှာ ပညာသင် ရှင်ဝါယမသည် ပထမငယ်စာဖြေပွဲတွင် ပထမအဆင့်ဖြင့် ထပ်မံ၍ ပထမဆုရရှိပြန်ပါသည်။

**ရဟန်းဘောင်သို့တက်လှမ်းခြင်း**

ဆရာတော်လောင်းလျာ ရှင်ဝါယမသည် စာပေပညာသင်ကြားလျက် အသက် (၂၀) တွင်းသို့ ရောက်လာ၏။ သို့ဖြစ်၍ (၁၃၀၃) ခုနှစ်၊ တန်ခူးလပြည့်နေ့ အသက် (၁၉) နှစ်ကျော်၊ အသက် (၂၀) တွင်း အရောက်တွင် . .

နွားထိုးကြီးမြို့နယ်၊ ဇီးတောကျေးရွာမှာ နေထိုင်ကြသည့် ဦးဖိုးပြိုင်၊ ဒေါ်ဆယ်မိတို့က ပထမဆုံး ရဟန်းဒါယကာ ရဟန်းဒါယိကာမအဖြစ်ခံယူကာ မလှိုင်မြို့၊ လေးမျက်နှာကျောင်းတိုက်၊ ပါဠိတက္ကသိုလ်ဂုဏ်းအုပ် ဆရာတော်ကြီး ဦးကုမုဒြကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝသို့ တက်လှမ်းရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ အရှင်ဝါယမ ဖြစ်ပါသည်။

**ရဟန်းဘဝ ပညာတော်သင် ရှင်ဝါယမ**

ပညာသင်ကြားရာကျောင်းတော်ကြီးမှာ ရွှေပေါက်ကျွန်းရွာဦး ကန်ကြီးကျောင်းတိုက်၊ မြင်းခြံမြို့နယ်၊ ကန်ဆင့်တောင်ရွာ၊ မဟာဓမ္မိကာရာမကျောင်းတိုက်၊ မြင်းခြံ ကိုးဆောင်ကျောင်းတိုက်၊ မလှိုင်မြို့၊ လေးမျက်နှာကျောင်းတိုက်နှင့် ရှစ်မျက်နှာ ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့်၊ မန္တလေးမြို့မှ မဟာဝိသုဒ္ဓါရုံတိုက်၊ ဝါးတန်းကျောင်းတိုက်၊ မြင်းဝန်ကျောင်းတိုက်၊ ကုသိနာရုံတိုက်၊ ပျော်ဘွယ် ကျောင်းတိုက်နှင့် ဘုရားကြီးကျောင်းတိုက်တို့တွင် စာပေပညာသင်ကြားခဲ့သည်။ ပထမကြီးတန်းကို အောင်မြင်ခဲ့ပြီး ဆက်လက်၍ သကျသီဟဓမ္မာစရိယတန်းသို့ တက်၍ စာပေသင်ကြားနိုင်လေသည်။

**ရည်ရွယ်ချက်နှင့်ဖြစ်ရပုံများ**

ပညာသင်ကြားအားကောင်းနေစဉ် ဂျပန်ခေတ်နှင့်ကြုံရခြင်း၊ မိမိ၏ ဇာတိရွာ၊ ဇာတိကျောင်း၊ ရွှေပေါက်ကျွန်း ကန်ကြီးကျောင်းဆရာတော် ငယ်ဆရာဦးဇယန္တသည် အသက်အရွယ်အရ ပျံလွန်တော်မူခြင်း၊ ရွာရှိမိဘဆွေမျိုးများနှင့် ရွာ၏တောင်းဆိုမှု အားများလှခြင်း၊ ခေတ်ကာလ အခြေအနေအရ ဇာတိရွာသို့ပြန်သင့်ခြင်း၊ အမှန် တကယ်လည်း မိမိရွာတွင် ကျောင်းထိုင် ဆရာတော်တစ်ပါးလိုနေခြင်း၊ မိမိသည် ကျောင်းထိုင်နေရာမှာ ရပ်တည်ဝင်ရောက်ရန် အကြောင်း အချိန်ကြုံခြင်းတို့ကြောင့် မန္တလေးမြို့ စာသင်သားဘဝမှ ရွှေပေါက်ကျွန်းရွာ၊ ကန်ကြီးကျောင်းသို့ ပြန်၍ ကြွခဲ့ရ လေသည်။ သကျသီဟဓမ္မစရိယတန်းပညာသင်ဘဝမှ စာမေးပွဲပင်မဖြေလိုက်ရဘဲ အကြောင်းကြောင်းကြောင့် မဖြစ်မနေ ဇာတိရွာ ရွှေပေါက်ကျွန်းကန်ကြီး ကျောင်းသို့ ပြန်လည်ရောက်ခဲ့ရသည်။

ဆရာတော်ကြီးလောင်းလျာ ရှင်ဝါယမသည် မန္တလေးမြို့ မြင်းဝန်တိုက်မှာ စာသင် သား ဘဝကဖြစ်၏။ နေ့စဉ် ဆွမ်းခံရသည်။ ဆွမ်းခံခရီးမှာ ဇရပ်ကြီးတစ်ခု ရှိ၏။ ထိုဇရပ်ကြီးမှ သူတော်စင်တစ်ဦး နေ့စဉ်ဆွမ်းဟင်းခွက်တစ်ခွက်စီ လောင်းလှူ ခဲ့လေသည်။ သူတော်စင်ကြီးက "မိမိနှင့်မတွေ့၍ ဆွမ်း၊ ဆွမ်းဟင်းခွက်များထွက်၍ မလောင်းလှူနိုင်ရင်တောင်မှ ကိုယ်တော်လေးကို လှူပြီးသားဖြစ်လို့ ကိုယ်တော် လေးအတွက် ကြိုတင်ပြီး တပည့်တော်စီစဉ်ထားရှိသည့် ဆွမ်းဟင်းခွက်များအား အသင့်ထားခဲ့ပါမည်။ ကိုယ်တိုင်ဝင်၍အလှူခံယူတော်မူပါဟု လျှောက်ထားလေ သည်။ "စာသင်တာ ဒီကလောက်ဆိုရပြီလေ။ ဘယ်ဆုံးနိုင်တယ်ရှိမှာလဲ။ အကျင့် စရဏဘက် လျှောက်ပါဦး ကျင့်ပါဦး။ ကျင့်တော့"ဆိုသည်။ ဆံတော်များရှည်နေ သည် ရဟန်းအိုဆရာတော်ကြီး ဖြစ်နေပါ၏။

**ပညတ်တို့၏ထူးခြားသောအပြောင်းအလဲများ**

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို လေ့လာရာတွင် ထူးခြားသောအပြောင်းအလဲများဟု ဆိုအပ်သော ပြောင်းလဲမှုများ ရှိခဲ့၏။

(က) ရွှေပေါ်ကျွန်းရွာထိပ်ရှိ မိမိငယ်စဉ်က ကျောင်းနေခဲ့ပြီး သာမဏေဖြစ်ခဲ့သော ကန်ကြီးကျောင်းသည် ယခုအခါ "စေတော်ဝင်ကျောင်း" အဖြစ်သို့ပြောင်းခဲ့သည်။

(ခ) မိမိ၏မွေးဖွာသောနေ့ကို မိဘခမည်းတော်၊ မယ်တော်တို့က ဗုဒ္ဓဟူးနေ့ဖွား ဗုဒ္ဓဟူးနေ့သား ဟုယူဆမှတ်သား၍ ရှင်ဝါယမဖြစ်ခဲ့ရသောဘဝမှ လမ်းညွှန်ဆရာကြီးများ၏ သတိပေးပြောင်းလွဲစေမှုအရ အင်္ဂါနေ့သားဖြစ်သဖြင့် ရဟန်းရှင်ဝါယမမှ အရှင်ဉာဏိက"ဟုပြောင်းခဲ့သည်။

(ဂ) အရှင်ဝါယမမှ အရှင်ဉာဏိက သို့ဘွဲ့မည်တော်ပြောင်းခဲ့ပြီး အကျင့်သန်၊ အမြင်မှန်၊ ဉာဏ်အား ပြည့်လာသဖြင့် အရှင်ဇေယျသိဒ္ဓိမဘွဲ့တော်ကို လမ်းညွှန်ဆရာတော်ကြီးမှ ထပ်မံချီးမြှင့် တော်မူရာမှ "အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိက"အထိ ဘွဲ့မည်တော် တည်ခဲ့လေသည်။

(ဃ) ကျောင်းဟောင်း၊ လမ်းဟောင်း၊ ကန်ဟောင်း၊ ရေတွင်းဟောင်းများကို အချိန်အခါအရ အသစ်တိုးချဲ့ပြောင်းလဲခဲ့လေသည်။

(င) မူလအောင်မြင်စွာ စေတီတော်နှင့် အကျွတ်အလွတ်စေတီတော် ၂ ဆူတို့အား စေတီမပြောင်းဘဲ ဘွဲ့တော် အပြန်အလှန်ပြောင်းလွဲခဲ့လေသည်။

အိပ်ရာခုတင်ဖြင့် စတိုင်ကျကျ အိပ်စက်နားနေခြင်းမရှိ။ အများအိပ်ချိန်တိုင်းမှာ ဝါးပက်လက် ကုလားထိုင်တစ်လုံး(ဝါ) ထန်းလက်ကုလားထိုင်တစ်လုံးဖြင့် ချမ်းချမ်းအေးအေး ခြင်ကိုက်၊ မှတ်ကိုက်ခံပြီး ဘာဝနာစရဏတစ်ခုခုရှိနေ တော်မူ၏။ အထူးသဖြင့် ခုတင်အကျင့်ကြောင့် အရိပ်အာဝါသနှင့် နေခြင်းနည်းပြီးသစ်ပင်ရင်းများ၊ တစ်ခါတစ်ရံလေဟာ ပြင်အရပ်စသည်တို့မှာ အချိန်ကုန်ရလေသည်။

အလွန်အေးသော ဆောင်းရာသီ၊ မိုးရာသီများမှာပင်လျှင် အကျင့် စရဏကို မလျှော့ဘဲ ကျင့်မြဲကျင့်သွားနိုင်ခြင်းသည် အလွန်အံ့သြဖွယ်ကောင်းလှပါသည်။

ရွှေပေါ်ကျွန်းဆရာတော်ဘုရားသည် မေတ္တာပဋိပတ်အကျင့်တရားကို အလွန်အားထားတော်မူသည်။ မေတ္တာအကျင့်ကြောင့် မိမိကိုယ်တိုင် ခန္တီပါရမီကို အစွမ်းကုန် ကျင့်တော်မူလေသည်။

ဆရာတော်ဘုရား ချီးမြှင့်သည့် ကျင့်စဉ်ခပ်များများတွင် ခန္တီကိုမေတ္တာပို့နှင့် တွဲပေးသည် ကများသည်။ ခြေလေးချောင်းအသား၊ ကုန်းသတ္တဝါအသား၊ သက်သတ်

လွတ်စသည့် အဆင့်ဆင့်ကို အလိုက်လွယ်အောင် ခေါ်ဆောင်တော်မူ သည်။ သေရည်အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစားစသည်များကိုပါ ပူးတွဲရှောင်စေခြင်းဖြင့် လောကလူသားတို့၏ ဖြစ်ပေါ်လေ့ရှိသော အစာကြမ်း၊ စကားကြမ်း၊ အနေအထိုင်ကြမ်း၊ စိတ်ကြမ်း၊ စိတ်ရိုင်း၊ စိတ်မိုက်တို့ကို နူးအောင်၊ ယဉ်အောင်၊ သိမ်မွေ့အောင် ခေါ်ဆောင်တော်မူလေသည်။ ဤသည့်နည်းနှင့် စရဏလမ်းပေါ်သို့ ဆွဲတင်ရာ များသောအားဖြင့် အောင်မြင်သဖြင့် ကျော်ကြားထင်ရှားလေသည်။

**ရွှေပေါ်ကျွန်းတွင် ကျီးနှင့်ဇီးကွက်တို့ အတူနေကြကြောင်း**

ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် ပါရမီဆယ်ပါးအကျင့်မြတ်လမ်းစဉ်တွင် "ခန္တီသည်အမိ၊မေတ္တာ သည်အဖ"ဟုမိန့်ကြားပြီးမိန့်သည့်အတိုင်းကျင့်တော်မူသည်။ ရွှေပေါ်ကျွန်းကျောင်းတွင်းမှာ မိမိတို့ရောက်စနှစ်များက နေ့ရောညပါ ကျီးနှင့် ဇီးကွက် ကမ္ဘာ့ရန်ဘက်တို့သည် အတူအိပ်အတူနေ အတူစားဖြစ်ကြသည်။

**ရွှေပေါ်ကျွန်းတွင် ကြောင်နှင့်ကြွက်တို့ အတူနေကြကြောင်း**

ကြောင်နှင့်ကြွက် ကမ္ဘာ့ရန်ဘက်တို့သည် တစ်ခွက်တည်းစား တစ်ချောင်တည်းနေရန်ပြုရမှန်း မသိရန်မရှိ။ ရှေ့ကခွေးမကြီး၏သားကို နောက် ခွေးမက နို့တိုက်၍ကြီးပြင်းစေသည် စသည့်ထူးခြားသောဖြစ်စဉ်တို့သည် ဆရာတော်၏ မေတ္တာ အောင်နိမိတ်ပြလက္ခဏာရပ်ကြီးများဟု အများကယုံကြည်ကြလေသည်။

**ဆရာတော်၏အောင်မြင်မှု**

ဆရာတော်ဘုရားကြီးသည် ဆေး၊ အင်း၊ ဂါထာ စသည့် လောကီပညာအဝဝဖြင့် တိုးတက် အောင်မြင်လာသည်မျိုးမဟုတ်ဘဲ တရားဓမ္မအခြေခံကျင့်စဉ်စရဏကို ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ(ဝီမံသ)စသည်ဖြင့် ကျင့်ကြံကြိုးကုပ် ဆင်းရဲခံအားထုတ်ပြီးမှ အကြောင်းလျော်စွာ ဖြစ်ပေါ်သင့်သော စခန်းမျိုးကို ထူထောင်အောင်မြင်တော်မူခြင်း ဖြစ်ပါသည်။

ယခုကဲ့သို့ မိမိကိုယ်တော်တိုင် ဖြစ်ပေါ်ခံစားနေရသည့် အသက်အရွယ်တော်နှင့်ဖြစ်ပေါ်သော ရောဂါဝေဒနာကိုမူ ပကတိတရားဖြင့် ဓမ္မဝိဇ္ဇာတို့သွားရာအတိုင်း အစဉ်မပျက် ခံယူကျင့်သုံးလျက်ရှိတော်မူလေသည်။

ဓမ္မလမ်းခင်းကာ ထိုလမ်းကြောင်းပေါ်သို့ အဓိဋ္ဌာန်ဖြင့် ခေါ်ငင်ဆွဲတင်တော်မူလေသည်။ တပည့် ရဟန်းရှင်လူတို့ကိုလည်း သစ်ပင်ရင်းတွေမှာ ကျောင်းဝန်ကျင်တွင် ရုက္ခမူစုတင်အကျင့်နှင့်တကွ သင့်တင့်သော အခင်းခြံထည်မှုဖြင့် မေတ္တာဘာဝနာပွားစေခြင်းအမှုကို အထူးပြုစေ၏။ ဒွတ္တိံသကာယာနုပဿနာ ကမ္မဋ္ဌာန်းဘာဝနာ

ကိုလည်း အခါအားလျော်စွာစီးဖြန်းအားထုတ်စေ၍ ဝိပဿနာဉာဏ်မျိုးစေ့ကို အစပျိုးခဲ့ပေသည်။

**ဆည်းဆာသုံးချက်**

ဆရာတော်ဘုရားကြီးအနေဖြင့် မိမိ၏တပည့်သားဝေနေယျတို့အား ဘေးကင်းရန်ကွာ ကျန်းမာစေခြင်း အလို့ငှာ မေတ္တာဘာဝနာကို နံနက်နေ့လယ်ညနေအားဖြင့် ကာလပိုင်းခြား၍ ဆည်းဆာသုံးချက် ဘာဝနာယန္တရား စက်ဖြင့် ဖြန့်ကျက်ချမ်းသာစေလေသည်။

**ဆရာတော်နှင့်လယ်တီဆရာတော်**

"... လယ်တီဆရာတော်ကြီးရဲ့စာတွေကို အများပဲဖတ်တယ်။ ခု ဥတ္တမပုရိသဒီပနီကို ထပ်ဖတ်နေတယ် .. ဖတ်တိုင်း အားမရနိုင်ဘူး"ဟုခန္ဓာဝန်မချမီနှစ်လခန့်ကမှ မိန့်ကြားခဲ့သည်။

**ဆရာတော်နှင့် ရာဇဝံသ**

"ရာဇဝံသဇာလိနီ" ဆိုတဲ့ စာအုပ်ရှိတွေ့ရင်ရှာခဲ့ပါ" ဟုလည်းမှာဖူးသည်။ ရှာဖွေကပ်လှူခဲ့ပါသည်။ ခန္ဓာကိုယ်တွေ့ တရားအဖြစ် အချိန်မီရှာမှီးရမည့်အခါကို ရှေးဦးစွာကျင့်ဆောင်ခဲ့လေသည်။

**ဆရာတော်နှင့်သမထဝိပဿနာ**

သမထနှင့် ဝိပဿနာတရားသဘောကို ခွဲခြားထား၍မကျင့်ဘဲတစ်စဆွဲနှစ်စပါ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အားဖြင့်တစ်ပြိုင်နက် အားထုတ်တော်မူပါသည်။ ဤသည်တို့ကိုလည်း သမထက ဓာတ်ခဲဥပမာ၊ ဝိပဿနာကား မီးသီးဥပမာအားဖြင့် ရှင်းလင်းဟောကြားပါသည်။

**ဆရာတော်၏လမ်းစဉ်**

ကိုယ်တိုင်ကျင့်သိ ဉာဏ်အမြင်ရှိသဖြင့် မဝင့်မဝါ မပလွှားစကားမပို အလိုနည်းစွ ခန္တီအမိမေတ္တာ အဘနှလုံးသွင်းသတိရှိစွာ ခိုင်မာကျင့်ကြံခြင်းကြောင့် အတက်လမ်းဖြောင့်တန်းတော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးကိုယ်တိုင်ရေးမှတ်ခဲ့သည့်မှတ်တမ်းအရ ၁၄ နှစ်အတွင်း သေရည်သေရက်နှင့် မူးယစ်ဆေးဝါးအမျိုးမျိုးမသုံးစွဲတော့ပါဟူ၍ ကတိကဝတ်ပြုခံယူခဲ့ပြီး လှူဒါန်းသူပေါင်း ၁၅. ၄. ၉၀နေ့ထိ ၁၇၇၀၄၈ နှင့် ရှေ့သုံးနှစ်မှ ၂၇၅၀ ယောက်နှင့်ပေါင်းလျှင် (၁၇၉၁၇၈) ယောက်ဟုဖော်ပြသကဲ့သို့ ဤနှစ်ကာလမှ

သည် ဓမ္မသာလာကျောင်းဆောင်အတွင်း ဆရာတော် ဘုရားကြီးခန္ဓာဝန်မချမီ အထိ စာရင်းအဆက်ဆက်တို့ကို စနစ်တကျမစုစည်းနိုင်သေးသော် လည်း ၃ သိန်းကျော်ရှိကြောင်းသိရသည်။ ဆရာတော်ကြီးသည် မူးယစ်ဆေးဝါးရှောင်ကြဉ် ရေးကို မည်မျှလိုလားကြောင်းသိသာလှပေသည်။

**သာသနာပြုလုပ်ငန်းအစ**

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ဇေယျတုသာသနာတော်သက္ကရာဇ် ၂၄၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၄ခုနှစ်၊ ခရစ်နှစ် (၁၉၂၂) ခုနှစ်တွင် ဖွားမြင်တော် မူသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ကောဇာ သက္ကရာဇ် ၁၃၁၉ခုနှစ်၊ (ခရစ်နှစ် ၁၉၅၇ ခုနှစ်) သက်တော် ၃၅ နှစ် ဝါတော် - ၁၅ ဝါ အရွယ်တွင် သာသနာပြုခြင်းတာဝန်ကို စတင်ယူကာ ဆောင်ရွက်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် (ခရစ်နှစ် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်)နေ့တွင် သီတင်းသုံး သာသနာပြုတော်မူရာ ရွှေပေါ်ကျွန်း၊ စေတော်ဝင် ကျောင်းတော်၌ ခန္ဓာဝန် စွန့် တော်မူသည်။ ဆရာတော်ဘုရားကြီး၏ သာသနာပြုနှစ်သက်တမ်းသည် နှစ် ၄၀ ကျော်ကျော်သာရှိပါသည်။

ဇာတာတော်ပုံကျမ်းနှင့် နာနာနယပကိဏ္ဏကကျမ်းတို့အရ ကျေးဇူးရှင်ဆရာတော် ဘုရားကြီးသည် ရွှေပေါ်ကျွန်း သာသနာနှစ် "၅၀၀"ဟုမိန့်ကြားခဲ့သည်။ အဆိုပါ ကျမ်းအထောက်အထားအရ ရွှေပေါ်ကျွန်းသာသနာနှစ် "၅၀၀"ကို ဆရာတော် ဘုရားကြီးကိုယ်တော်တိုင်လည်း အသိအမှတ် ပြုတော်မူပါသည်။

**ပုဂ္ဂိုလ်ထူး**

ဆရာတော်ဘုရားကြီး၌ ထူးခြားသော ဝိသေသဂုဏ်ထူးစွမ်းအင်သတ္တိရှိ၍ပင်လျှင် ပုဂ္ဂိုလ်ထူးဟု သမုတ် ကြလေသည်။

အိပ်ချိန်၊ စားချိန်၊ နားချိန်မရှိလောက်အောင်လုံ့လ ဝီရိယကြီးမားရသည်။ ဆွမ်းစား လျှင် ဆွမ်းလုတ်ရေရှိခြင်း၊ ရေသုံးလျှင်ရေဖလားခွက်ရေရှိခြင်း၊ စကြံလျှောက်က ခြေလှမ်းရေတွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သာသနာလုပ်ငန်းတစ်ခု ဆောင်ရွက်ချက်ကိုမရောက်ခင် ရက်ရှည်မှပင်နေ့စဉ် သတိတစ်ခုအနေဖြင့် ရေတွက်နေခြင်း၊ စကြံလမ်းကိုပုတီးပတ်။ ခြေလှမ်း၊ အချိန်တို့ကို တစ်ထပ်တည်း၊ တစ်ညီတည်း ကျင့်ဆောင်ထားရှိခြင်း။ ခရီးတစ်ခုသွားလာလျှင် ထွက်ချိန်၊ ရောက်ချိန်တို့ကို သွားလာရင်း တစ်ရွာချင်းတစ်မြို့ချင်းရောက်ချိန် ထွက်ချိန်ကို

စိတ်မှတ်ဖြင့်အမြဲမှတ်၍ထားခြင်း၊ ကျောင်းတော်တွင် အာရုံယူ လှည့်ပတ်ခြင်း လုပ်ငန်းကိုပင် ဘုရားတစ်ဆူဆူနှင့် တစ်ဆူ၊ တစ်နေရာနှင့် တစ်နေရာ ကို ရက်မှတ်မပြောဘဲနှင့် စိတ်မှတ်တည်၍အလှည့်ကျ ရက်မှန်မှန် သွားတတ်ခြင်း၊ အနားနေသူမှ တွက်ကြည့်လျှင် သုံးရက်တစ်ပတ်မှန်တတ်ကာ အနားနေသူတို့ မှတ်ထားသော်လည်း မေ့သွားတတ်သည်။ ဆရာတော်မှာ မည်မျှလောက်အလုပ်များတတ်စေကာမူ မိမိလုပ်ရမည့် သွားရမည့်နေရာကို သတိအမြဲဖြင့် စိတ်မှတ် တည်ထားနိုင်သည်မှာ ကိုယ်တွေ့ဖြစ်လေသည်ဟု ဆရာမြေလတ်မြတ်သူက ပြန်လည်ပြောကြားခဲ့ပါသည်။

**တစ်မိနစ် ၇၂၉ ကြိမ်**

ယုတ်စွအဆုံး မိမိ၏အနားနေသည့် ကျောင်းသားငယ်များကို မေးတတ်ပါသည်။ "တစ်မိနစ်လျှင် အသက်ရှူတာ ဘယ်နှကြိမ်ရှိလဲ"ဟု မေးရာ ကလေးများက "ဘယ်ရေနိုင်မလဲ ဘုရား" ဟု ဖြေကြ၍ ဆရာတော်က "မှတ်ထား (၇၂၉) ကြိမ်" ဟု ဖြေကြားဖူးခဲ့သည်။

**ခြစ်မှားရောဂါ**

ဦးညိုလှရှိစဉ်ကပင်ဖြစ်သည်။ ပရိသတ်ထဲမှ တစ်ယောက်မှ ဝင်လျှောက်၏။ "တပည့်တော်ရဲ့ သားမှာ ဗိုက်အောင့်၊ ဗိုက်နာရောဂါဟာ ဘယ်ဆရာနဲ့မှမပျောက်နိုင်ဘူး ဘုရား . . အရှင်ဘုရား ညွှန်ကြားဆုံးမတော်မူပါဘုရား ဟု လျှောက်ထားသောအခါ "ဒကာကြီး ဒီကပြန်တဲ့အခါ အိမ်ရောက်တဲ့နေ့ကစပြီး ထမင်းစားပြီးတိုင်းလက်ကို အကြမ်းဆေး၊ ဆပ်ပြာနဲ့ဆေး ပြီးတော့ ဇလုံသန့်သန့်မှာ ရေကြည်ရေသန့်နဲ့ လက်ထပ် ဆေး၊ အဲဒီလက်ဆေးရေကို ဒကာကြီးရဲ့သားကိုလောင်းခိုင်းပြီးတော့ အဲဒီသူလောင်းဆေးပေးတဲ့ရေကို သူ့ကိုပြန်သောက် ပါစေ။ ပြီးတော့ ဒကာကြီးက သားဖြစ်သူကို မေတ္တာပို့ပေးပါ။ သားသမီးအပေါ် မိဘထက် ကြီးမားတဲ့ မေတ္တာ မရှိနိုင်ဘူး။ ဆရာတော်တို့လည်း အားလုံးအပေါ် မေတ္တာပို့သလျက်ပါ"။

ထိုပုဂ္ဂိုလ်ပြန်လာကြောင်း ဆရာတော်မိန့်မှာတဲ့အတိုင်း လုပ်သဖြင့် သားဖြစ်သူ ဗိုက်အောင့်ဗိုက်နာ ရောဂါလုံးဝပျောက်သွားကြောင်း လာရောက်လျှောက်ထားကြောင်း၊ သားပါခေါ်လာ၍ ကန်တော့ကြောင်းနှင့် ဦးညိုလှ၏ လေ့လာချက်အရ ထိုသားဖြစ်သူသည် အရွယ်လေးရောက် လာသဖြင့်မိဘကလည်း ပိုက်ဆံငွေကြေးချမ်းသာသူဖြစ်၍ အလိုလိုက်ထားရာမှ အရက်သောက်သည်၊ အရက်မူးတော့ရမ်းသည်၊ မိဘကတားမြစ်သည်၊ တားမရတော့ကြိမ်းမောင်းသည်၊ ထိုစဉ်အမူးသမားသားကသူ့အား ဤသို့ကြိမ်းမောင်းရမည်လားဟု ဓားဆွဲ၍လိုက်ဖူးကြောင်း ဖခင်

ဖြစ်သူက ရှောင်ပြေးခဲ့ရဖူးကြောင်း စသည့်ဖြစ်စဉ်ကိုပါ သိရသည်။ ဤဖြစ်စဉ် လျှောက်ထားချက်အရ မိဘအားဤသို့ပြစ်မှားခြင်းကြောင့် ဘယ်ဆရာ ဘယ်ဆေး မှ ကုမရသည့် ရောဂါဆန်းကို ပစ္စက္ခဘဝမှာကုပေးခြင်းဖြစ်ကြောင်း ဤဘဝ ဤဝဋ်ကို တိုတိုနှင့်ကျွတ်လွတ်စေတော့ဟု ဤကုထုံးနှင့် နည်းလမ်းညွှန်ချက်ကို ဆရာတော်ကြီးမှ ပေးရကြောင်းကို ဆရာမြေလတ်မြတ်သူ အမည်ခံ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ပညာအမွေခံ ညာလက်ရုံးတစ်ဆူဖြစ်သော ဦးမြတ်သူက ပြန်လည်ပြောကြားခဲ့ပါသည်။

**ရုပ်ကလာပ်တော်ထူးခြားချက်များ**

၁။ ရုပ်ကလာပ်တော်အား (၅. ၂. ၉၇) မှ (၂၀. ၂. ၉၇)အထိ ၁၆ ရက်ထား သော်လည်း မပုပ်မသိုး၊ မပွမဖောင်း ဘဲမူလအတိုင်းရှိနေခြင်း။

၂။ ရုပ်ကလာပ်တော်မှ အရည်စိမ့်ထွက်ယိုစီးမှုလုံးဝမရှိခြင်း။

၃။ ရုပ်ကလာပ်တော်မှ နောက်ဆုံးလိုဏ်ဂူတော်သို့ ပင့်ဆောင်ချိန်နှင့် လိုဏ်ဂူတော် အတွင်း ရောက်သည်အထိ အနံ့တစ်စုံတစ်ရာ မထွက်ခြင်း။

၄။ ဆံတော်များရှည်ထွက်ခြင်း၊ လက်ယာဘက်နဖူးအထက်နားမှ ၃ လက်မခန့် ဆံပင်တစ်ပင်တည်း ဆံတော် ရှည်ထွက်နေခြင်း။

၅။ မျက်ခုံးမွေးတော်များ မူလသိမ်းလျက်မှ ထောင်ထရှည်ထွက်နေခြင်း၊ မူလ အဖြူရောင်မှ ဘော်ငွေရောင်သန်းနေခြင်း

၆။ ရံဖန်ရံခါ မျက်လုံးတော်တို့ဖွင့်ခြင်း၊ ပိတ်ခြင်း

၇။ ရင်ဘတ်တော်၊ ဝမ်းဗိုက်တော်၏အထက်မှ သက်နှ်းတော်အား အတွင်းမှ လက်လှုပ်သကဲ့သို့ သိသာစွာလှုပ်ရှားခြင်း

၈။ ခန္ဓာဝန်ချသည့်အချိန်မှစ၍ လိုဏ်ဂူတော်တွင်းသို့ ပင့်သည်အထိ ခေတ်မီ ဆေးဝါးထိုးသွင်း စီမံခြင်းလုံးမရှိခြင်း။

၉။ ယင်စသည့် ပိုးမွှားများလာမှုမရှိခြင်း။

**ဝိဇ္ဇာစကား**

ပြီးခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကျော် တစ်ချိန်က ရန်ကုန်မြို့မှ နာမည်ကျော် ဆရာတော် ကြီးတစ်ပါးသည် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးထံ ရောက်လာသည်။ ရွှေပေါ်ကျွန်းဆရာတော်ကြီးကျောင်းမှာ ကဆုန်လဆောင်ရေသွန်းပွဲနှင့် ကြုံသဖြင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေ အသံချဲ့စက်၊ ရေဒီယို၊ ကတ်ဆက်တို့မှ သီဆိုသံ၊ ပြောဆိုသံ တွေဖြင့် ဆူညံနေသည်။ ထိုအခါ ဧည့်သည်ဆရာတော်ကြီးက ရွှေပေါ်ကျွန်းဆရာ တော်ကြီးအား . .

"ဆိုင်းသံ၊ ဗုံသံ၊ သီဆိုကခုန်နေသံတွေနဲ့ လူတွေရက်ရှည် **ဒီလောက်များနေရင်** ကိုယ်တော် ဘယ်အချိန် ဘယ်လို တရားကျင့်မလဲ" ရွှေပေါက်ကျွန်းဆ**ရာတော်ကြီး**က "ကြည့်လို့မြင်တာ၊ နားထောင်လို့ကြားတာပါ" ဟုလိုရင်းတိုရှင်းဖြေပြီး **ရယ်ထား** သည်။ ထိုညေ့သည်ဆရာတော်ကြီးသည် ဖျပ်ခနဲ စဉ်းစားပြီး အတူထိုင်နေရာမှ ဆင်းကာကန်တော့ပြီးတောင်းပန်တော်မူသည်။ ဤသို့ အကြောင်းပေါ်၍ ပြောဆို မိန့်ကြားချက်များပေါ်လာမှ "သြော် . . . နားထောင်လို့ကြားတာ၊ ကြည့်လို့မြင် တာ"ဟူသောစကားသည် မထူးဘဲဆန်းနေသည်။

**ကြားသော်လည်း မကြားသလိုနေရမည်**
**မြင်သော်လည်း မမြင်သလိုနေရမည်**
"မီးပုံကြားသွားလျက် မီးမလောင်အောင်နေနည်း၊ ရှောင်နည်း၊ တိမ်းနည်း၊ ပါရမီ ခရီးလမ်း"ဟုမှတ်သားမိသည်။ "ကိလေသာ ရေအလျဉ်မှာ သူလိုကိုယ်လို သွားသလို ဖြင့် ရေမစိုအောင်ကူးနည်း ခတ်နည်း" ဟုထပ်မံ ဝိဂြိုဟ် ပြုဖူးသည်။

ဆရာတော်သည် အနေအထိုင်ရိုးသားသည်။ ပကာသန မဖက်၊ မျက်နှာကြီး မျက်နှာငယ်မရွေး မည်သူကိုမဆို တစ်တန်းတည်းထားသည်။ ညီတူညီမျှ ဆက်ဆံ သည်။ အလှူအတန်းကို မမက်မော။ မေတ္တာဝါဒနှင့် အသက်တမျှ ကြည်ညို လေးစားကြသည်။

(ကျမ်းကိုး၊ ကျေးဇူးရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင် ဇေယျသိဒ္ဓိ ဓမ္မဉာဏိက၊ ရွှေပေါက်ကျွန်း ဆရာတော်ဘုရားကြီး ၏ထေရုပ္ပတ္တိကျင့်စဉ် နှင့် ဩဝါဒမော်ကွန်း၊ မြေလတ်မြတ်သူ၊ ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလထုတ် စာအုပ်တွင် ရွှေပေါက်ကျွန်းဆရာတော်ကြီးအကြောင်း အကုန်အစင် ဖတ်ရှုနိုင်ပါသည်။ ထိုစာအုပ်ထုတ်စဉ်က ဆရာမြေလတ်မြတ်သူမှ ကျွန်ုပ် မောင်ပန်းမွှေးအား အမှာစာရေးပေးပါဟု ပြောသောအခါ **ကျွန်ုပ်က** မျက်စိထဲမြင်သမျှ၊ စိတ်ထဲပေါ်သမျှ ဘယ်လောက်ရှည်ရှည် **နိဒါန်းကြီး** ရေးပေးလျှင် လက်ခံပါမည်လား။ သို့တည်းမဟုတ် တစ်မျက်နှာ၊ နှစ်မျက်နှာပဲ ရေးပေးရမလားဟု မေးသောအခါ ဆရာမြေလတ်မြတ်သူ က ကြိုက်သလောက်ရေးပါဟု ပြောကြားသောကြောင့် ရွှေပေါက်ကျွန်း ဆရာတော် အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိကတည်းဟူသော ကျွန်ုပ်၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ တည်းဟူသော ဓမ္မဝိဇ္ဇာကြီးအကြောင်း ကျွန်ုပ်နိဒါန်းရေးခဲ့ရာ ထိုနိဒါန်းကြီးမှာ စာမျက်နှာ (၇၀) တိတိ ရှိခဲ့ပါ သည်။

# မဟာမြိုင် အသျှင် စန္ဒာသူရိယဘွဲ့မည်ခံသော ဗားတမော့ဆရာတော် (၁၈၃၆-၁၉၆၉)

**မဟာမြိုင်ဆရာတော်**

မဟာမြိုင်ဆရာတော်ဟူ၍ ကြားဖူးပါသည်။ သို့သော် ဘွဲ့တော်ကို အသေအချာ မသိပါ။ စာထဲတွင်သာ အရှင်စန္ဒာသူရိယဟု တွေ့ရပါသည်။ ထိုဆရာတော်ကြီး၏ ဒကာတော် သာသနာပြု ပုဂ္ဂိုလ်တစ်ဦးကိုတွေ့ခဲ့ဖူးရာ ထိုပုဂ္ဂိုလ်ကြီး အင်းဝဆင်ဖြူ များရှင် စေတီတော်ကြီးကို ပြုပြင်ခဲ့သဖြင့်လည်း အမှတ်တရ ရှိပါသည်။

**မင်းမျိုးမင်းနွယ်ဖြစ်ခြင်း**

ထို့ကြောင့် မဟာမြိုင် အရှင်စန္ဒာသူရိယဆံရာတော်ဘုရားဟု ဘွဲ့အမည်တပ်လျှင် သင့်တော်မည် ထင်ပါသည်။ ထူးခြားချက်မှာ မင်းမျိုးမင်းနွယ်များထဲမှ တစ်မူ ထူးခြား၍ တရားထူးရ ပေါက်မြောက်တော်မူသော ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် မင်းဆွေ မင်းမျိုးတို့က အထူး ကြည်ညိုကြကြောင်း သိရှိရပါသည်။

**သုံးဆယ်မင်းသား၏ တူတော်ဖြစ်ခြင်း**

ကျွန်ုပ်တို့သည် သုံးဆယ်မင်းသားနှင့် မင်းသမီးတို့၏ ဓာတ်ပုံစုံတွဲကို တွေ့ခဲ့ဖူးပါသည်။ ထို သုံးဆယ်မင်းသား၏ တူတော်သည် မဟာမြိုင်ဆရာတော်ဖြစ်ကြောင်း နောက်မှ သိရပါသည်။

အင်းဝဆင်ဖြူများရှင် စေတီတော်တွင် ရသေ့ကြီး ဦးခန္တီနှင့် အကြောင်းစပ်လျက် ပြုပြင် မွမ်းမံတော်မူခဲ့ကြောင်း သိရသည်မှာလည်း အဆက်အစပ်တစ်ခုဖြစ်ပါသည်။ ထိုထို ဤဤ အလီလီသောအကြောင်းတို့တွင် ထူးထူးဆန်းဆန်း ထွေထွေလာလာ အမှတ်မထင် သိရှိရသော အကြောင်းအရာတစ်ခုကား ခေတ်ပြိုင်မှတ်တမ်းဖြစ်သင့် သည်ဟုယူဆ၍ ကျွန်ုပ်သည် မှတ်စုကတ်တလောက်များ ထုတ်နုတ်မှတ်သားခဲ့ပါ သည်။ ထိုအချက်အလက်များအရ မဟာမြိုင်ဆရာတော်ဆိုသည်မှာ ပုံပြင်မဟုတ် ကြောင်း၊ ခေတ်ပြိုင်မှတ်တမ်းများရှိကြောင်း နောင်လာနောက်သားများအတွက် အထောက်အထားကောင်းများအဖြစ် မှတ်တမ်းတင်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် သာသနာသမိုင်းကြီးကို အထောက်အကူ ပြုနိုင်ပါသည်။ အောက်ပါ **ကျွန်ုပ်၏** မှတ်စုကတ်တလောက်များကို တစ်ဆိတ်လောက် ဖတ်ကြည့်တော်မူကြပါ။ **အတိ** **အကျ** ဖြစ်ပါသည်။


೬೦

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင်ဘူတာရုံလမ်းရှိ မဟာမြိုင်ဘုန်းဘုရား ကျောင်းသည် ထူးခြားသည်ဟု ဆိုရပါသည်။

ကျမ်းကိုး။ ဒေါ်မြင့်မြင့်ဝင်း၊ မင်းတုန်းမင်းတရားကြီး၏ မြေးတော် မဟာမြိုင်ဘုန်းဘုရား၊ လောကပါလ ဂမ္ဘီရသုတစာစုံမဂ္ဂဇင်း၊ ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် ၁၀၊ စာ-၂၀ ကို ကြည့်ပါ။

**ငယ်မည် ထိပ်တင်လှ**

မဟာမြိုင်ဘုန်းဘုရား၏ ငယ်မည်ကား ထိပ်တင်လှ၊ ၎င်း၏ခမည်းတော်က ထိပ်တင် မှတ်ဖြစ်၏။ ထိပ်တင်မှတ်သည် သီပေါမင်း၏ ညီတော်ဖြစ်၍ မဟာမြိုင်ဘုန်းဘုရား သည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရား၏ မြေးတော်တည်း။

ဘုန်းဘုရားလောင်းလျာ ထိပ်တင်လှ ငယ်စဉ် ၈ နှစ်သားအရွယ်က အင်္ဂလိပ်တပ် များ မန္တလေးသို့ ချီလာစဉ် ထိပ်တင်မှတ်က နောင်တော်သီပေါမင်းကို အင်းဝမှခုခံ တိုက်ခိုက်ခြင်းပြုရန် လျှောက်ထား၏။

သီပေါမင်းက ခွင့်ပြုတော်မမူဘဲ ရွှေဘိုမှ ခုခံတိုက်ခိုက်ရန်အတွက် ကြိုက်ရာ စစ်သေနာပတိကို ရွေးယူစေ၏။

နောင်တော်၏ ဆန္ဒနှင့်အညီ စစ်သေနာပတိ (၄) ဦးကို ရွေးယူပြီး ဆရာတော် တစ်ပါးကို ပင့်ဆောင်ကာ ထိပ်တင်မှတ်သည် ရွှေဘိုသို့ ချီ၏။

စစ်သေနာပတိ (၄) ဦးကား ဝန်းသိုစော်ဘွား ဦးအောင်မြတ်နှင့် ဗိုလ်ရှမ်း၊ ဗိုလ် ဥတ္တမ၊ ဗိုလ်လရောင်တို့ ဖြစ်သည်။

ထိပ်တင်မှတ်သည် ဝန်းသိုစော်ဘွား ဦးအောင်မြတ်ကို ရွှေဘို၏ အနောက်မြောက် အင်ကြင်းမြိုင်မှာ စခန်းချစေပြီး ဗိုလ်ရှမ်းကို ရှိန်းမကားမှ တော်လှန်စေ၏။

**ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ဗိုလ်လရောင်ခေတ်**

ဗိုလ်ဥတ္တမကိုမူ မကွေးတွင် တပ်စွဲစေသည်။ ဗိုလ်လရောင် ( ဗိုလ်ချုပ်အောင်ဆန်း ၏အဘိုး) ကို နတ်မောက်တွင် ခုခံစေ၏။

ထိပ်တင်မှတ်ကိုယ်တိုင်ကား ရွှေဘိုနှင့် မုံရွာခရိုင်ကို တာဝန်ယူပြီး တော်လှန်ခဲ့သည်။ မုံရွာကို ထိပ်တင်မှတ်ဝင်တိုက်ရာ အင်္ဂလိပ်က ကလေးဝမှတစ်ဆင့် အိန္ဒိယသို့ ပြေးဝင်ဆုတ်ခွာ၏။ အင်္ဂလိပ်တို့ကို တိုက်ထုတ်ပြီး ကလေးဝမှ မုံရွာသို့ ချီလာသော ထိပ်တင်မှတ်သည် နတ်မြစ်အနီး ကနီကနဲအရပ်တွင် တစ်ထောက်နား၍ တပ်စခန်း

ချစဉ် နတ်မြစ်မှ ဖက်ပုပ်ရေကို မကျိုချက်ဘဲ သောက်သုံးမိရာက အဖျားဝင်ပြီး ကံကုန်တော်မူလေသည်။

**(ဂ) နှစ်သားဘဝ**

အေဒီ ၁၈၈၄ ထိုစဉ်က (၈) နှစ်သားအရွယ်ရှိ ဘုန်းဘုရားလောင်းလျာ ထိပ်တင်လှကား နန်းတော်မှ ခမည်းတော် ထိပ်တင်မှတ် ပင့်ဆောင်လာသည့် ဆရာတော်နှင့်အတူ ရွှေဘို၏ အနောက်မြောက် မဟာမြိုင်တောစပ်ရှိ အင်ကြင်းမြိုင်မှာ အတူနေခဲ့ရသည်။

**ရက်ကန်းစင်အောက်တွင် တောင်းနှင့်အုပ်ကာ ဖွက်ထားခဲ့ရ၊ ပုန်းနေရ၊**

ထိပ်တင်မှတ် စံလွန်ကြောင်း ဆရာတော်ကြားသော် (၈) နှစ်ရွယ် ထိပ်တင်လှကို ယုံကြည်ရသူ ဒကာ ဇနီးမောင်နှံထံ အပ်နှံပြီး စောင့်ရှောက်စေ၏။ အင်ကြင်းမြိုင်၌ ထိပ်တင်မှတ်၏ သားတော် ကျန်ရှိကြောင်း ကြားသိသော အင်္ဂလိပ်တပ်သည် လာရောက်ရှာဖွေရာ စောင့်ရှောက်ထားသူ ဇနီးမောင်နှံက ကလေးငယ်အား ရက်ကန်းစင်အောက်တွင် တောင်းနှင့်အုပ်ကာ ဝှက်ထားခဲ့ရသည်။

**အင်ကြင်းမြိုင်တောထဲက ဘဝ**

ကလေးငယ် ထိပ်တင်လှ၏ လုံခြုံမှုမှာ အင်ကြင်းမြိုင်တွင် စိတ်မချရတော့၍ ဒီပဲယင်းရှိ ကိုးဂိုဏ်းချုပ်ဖြစ်တော်မူသော တကိုယရွှေကျင်သာသနာပိုင် ဆရာတော်ထံ ဘုန်းဘုရားလောင်းလျာကို ပို့ဆောင်စေပြီး ရှင်သာမဏေပြုစေ၏။

**တကိုယ ရွှေကျင်သာသနာပိုင်ကျောင်းမှာ နေခဲ့ရ**

တကိုယရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားသည် ဒီပဲယင်းမှ မန္တလေးမြို့ အနောက်ဝိသုဒ္ဓါရုံတိုက်ကို တည်သောအခါ ဝိသုဒ္ဓါရုံတွင် ပညာဆက်လက်ဆည်းပူးပြန်၏။ စာဝါများ ပြည့်စုံလာသောအခါ မဟာမြိုင်တောစပ် အင်ကြင်းမြိုင်တွင် သီတင်းသုံးနေသော ဆရာတော်ကြွရောက်လာပြီး ဘုန်းဘုရားလောင်းလျာ၏ ဆန္ဒတော်နှင့်အညီ ဝိပဿနာစခန်းရကျင့်ကြံအားထုတ်ရန် ဆရာတော်နှင့်အတူ မဟာမြိုင်တောသို့ ခေါ်ဆောင်သွားတော့သည်။

**ရွှေဘိုတောင်မှာ (၃) နှစ်နေခဲ့ရ**

အေဒီ ၁၈၈၇ မုံရွာအနီး ရွှေဘိုတောင်သို့ ကြွရောက်ကာ (၃) နှစ်တာ ပြောင်းရွှေ့သီတင်းသုံး၏။ ထို့နောက် ခမည်းတော်ပင့်ခဲ့သည့် ဆရာတော်က ကရင်ပြည်နယ်၊ ဒေါနတောင်တွင် သွားရောက်အားထုတ်ရန် အမိန့်ရှိရာ ဘုန်းဘုရားလောင်းလျာသည် မသွားမလာ တတ်ဖြစ်နေစဉ် ရန်ကုန်ဘူတာ၌ အဘိုးအိုတစ်ဦးနှင့် တွေ့ဆုံပြီး အဘိုးအိုကပင် နတ်လမ်းညွှန်အဖြစ် စရိတ်အကုန်အကျခံကာ ဒေါနတောင်ခြေအရောက် ပို့ဆောင်ပေး၏။

**ဒေါနတောင်မှာ ကျင်ခဲ့ဖူး။**

အေဒီ ၁၈၉၅ ဒေါနတောင်တွင် (၈) နှစ်အားထုတ်ခဲ့လေသည်။

**မြသပိတ်တောင်မှာလည်း ကျင်ခဲ့ဖူး။**

ကရင်ပြည်နယ် ဒေါနတောင်မှသည် သထုံမြသပိတ်တောင်သို့ ပြောင်းရွှေ့သီတင်းသုံးပြန်သည်။ နွေနှင့်ဆောင်းတွင် တောင်ပေါ်၌သီတင်းသုံးပြီး မိုးတွင်းတွင် စက်ရှင်မင်းကြီး ဦးစ၊ ဇနီး ဒေါ်မြိုင်တို့ ဆောက်လုပ်လှူဒါန်းသော မြသပိတ်တောင်၏ အရှေ့တောင်ထောင့်ရှိ တဲကျောင်းမှာ သီတင်းသုံး၏။

**နေမိန္ဒရတောင် သစ်စေးတောမှာလည်း ကျင်ခဲ့ဖူး။**

ယင်းနောက် နေမိန္ဒရတောင်အဆင်းရှိ သစ်စေးတောမှာ သီတင်းသုံးပြန်သည်။ သစ်စေးတောတွင် သီတင်းသုံးစဉ် ပုဂံခေတ်က ထွက်ရပ်ပေါက် ဆံရှည်ကိုယ်တော်ဟု နာမည်ကြီးသော ဦးဓမ္မစာရီက ဘုန်းဘုရား၏ ကပ္ပိယအဖြစ် လိုက်ပါပြုစုစောင့်ရှောက်ခဲ့သည်။ ဘုန်းဘုရား၏ အရွယ်မှာ နုပျို၍ သက်တော်ကို ခန့်မှန်းရခက်သည်။ ရုပ်အပြောင်းအလဲရှိသည်ဟု ဆိုကြ၏။

ဘုန်းဘုရားသည် သထုံ သစ်စေးတောမှသည် ဥက္ကံမြို့ အရှေ့ဘက်ရှိ မြစိမ်းတောင်သို့ ကြွရောက်တော်မူပြန်၏။

မန္တလေးဝိသုဒ္ဓါရုံတွင်စာသင်စဉ်က သူငယ်ချင်းဖြစ်ခဲ့သည့် ပုဇွန်တောင် ရွှေကျင်တိုက် ဆရာတော်၏ ကျောင်းမှာ သီတင်းသုံးမည်ဖြစ်ကြောင်း ဘုန်းဘုရားက မိန့်တော်မူလိုက်သည်။

**မြစိမ်းတောင်မှာလည်း ကျင်ခဲ့ဖူး**

ဘုန်းဘုရားသည် မြစိမ်းတောင် ဘွင် (၃) နှစ်အားထုတ်ပြီး မင်းလှ မဟာမြိုင်တောသို့ ကြွ၍ အားထုတ်ပြန်သည်။

ဘုန်းဘုရားကြွ၍ အားထုတ်သော တောတောင် လှိုဏ်မြောင်များကား မြန်မာပြည် တစ်နံတစ်လျား အနှံ့အပြားဟုပင် ဆိုရပေမည်။

ရန်ကုန်မြို့ (၅၂) လမ်းနေ သူဌေး ဦးဆင် (ဇနီး) ဒေါ်မမလေးတို့သည် မင်းလှ မဟာမြိုင်တောမှ ပုဇွန်တောင် ရွှေကျင်တိုက်သို့ ဘုန်းဘုရား ကြွရောက်တော်မူလာပြီဟု သတင်းကြားသောအခါ သွားရောက်ဖူးမြော်ကြသည်။

ယခု ပုဇွန်တောင်မြို့နယ်ရှိ စတုဘုမ္မိက ကျောင်းတည်ရာ ချစ်တီးတိုက်ကို ဝယ်ယူပြီး

ရန်ကုန်မြို့ ရှိ ဆရာတော် (၃)ပါးတို့နှင့်အတူ ပဇ္ဇန်တောင်ရွှေကျင်ဆရာတော်နှင့် ဘုန်းဘုရားတို့ကို ပင့်ဆောင်ကာ ဆရာတော် (၅) ပါးဖြင့် ရေစက်ချပြီး ဘုန်းဘုရားကို ကျောင်းလှူဒါန်းတော့သည်။

ကျောင်းဒကာများ၏ စေတနာ သဒ္ဓါတရားကို ငဲ့ညှာသောအားဖြင့် (၂) ပတ်သီတင်းသုံးပြီး ကျောင်းဒကာ ဒကာမများဖြစ်သော သူဌေး ဦးဆင်တို့အား ကျောင်းကိုပြန်လည်စွန့်တော်မူပြီး သထုံသို့ကြွကာ သထုံမှ မုတ်ကျွန်း၊ မိန်းမလှကျွန်း၊ ယင်းနောက် မြင်းကကုန်း အရှေ့ကျောင်းနှင့် မြင်းကကုန်းအနီး ယင်းသို့ လာရောက်ကြည်ညိုသူများမှတစ်ဆင့် မင်းသား ဆရာတော်ဟု လူသိများလာပြီး ရန်ကုန်မြို့တစ်ခွင်တွင် ဟိုးလေးတကျော်ဖြစ်လာပါတော့သည်။

မင်းသားဆရာတော်၊ မင်းသားဆရာတော်ဟု ဟိုးလေးတကျော်ဖြစ်လာချိန်မှာ မန္တလေးမြို့တည် မင်းတုန်းမင်းတရား၏ သားအငယ်ဆုံး သုံးဆယ်မင်းသား၏ ကြင်ယာတော် မင်းတပ်မင်းသမီးသည် ဝင်ဆာလမ်း၌ နေထိုင်၏။

၎င်းမှာ သုံးဆယ်မင်းသားဆုံးပြီး သားဖြစ်သူမှာလည်း လောကီဘက်လိုက်ကာ မိုက်မှားနေ၍ စိတ်အဆင်းရဲကြီး ဆင်းရဲနေသော အချိန်ဖြစ်နေစဉ် မင်းမျိုးမင်းနွယ် ရဟန်းတစ်ပါးရှိနေကြောင်း ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သူဌေး ဦးဆင် အိမ်သို့ လာရောက်ဖူးတွေ့ပြီး ဆွေမျိုးတော်စပ်ပုံကို လျှောက်တော့သည်။ မင်းသား ဆရာတော်ဟု ဟိုးလေးတကျော် ဖြစ်နေသူမှာ တူတော်ထိပ်တင်လှ ဖြစ်နေ၍ ဝင်ဆာလမ်း၌ ၎င်း၏နေအိမ်နှင့် မနီးမဝေး၌ အမြဲတမ်း သီတင်းသုံးရန် လျှောက်ထားတောင်းပန်တော့သည်။

သူဌေးမကြီး ဒေါ်ဖွားခင် ဦးဆောင်ကာ ကျောင်းရှာလှူဒါန်းကြသည်။ ဘုန်းဘုရားသည် ၎င်းတို့ ဝယ်ယူလှူဒါန်းထားသော ကြည့်မြင်တိုင် ဘူတာရုံ၏ အရှေ့တောင်ထောင့်ရှိ မြယုဂါကျောင်းကို စစ်ရဲမောင်မောင်က စိတ်တိုင်းကျ သစ်သားကျောင်းပြန်ဆောက်ပေးပြီး၊ ၎င်းကျောင်းတွင် ဘုန်းဘုရား အမြဲသီတင်းသုံးတော့သည်။

မြယုဂါကျောင်းသို့ မရောက်မီ ခရမ်းမြို့အနီး မကျည်းကန်ရွာမှာ သီတင်းသုံးခဲ့သေးကြောင်း မကျည်းကန်ရွာ တိုက်သူကြီး၏ သမီး ဒေါ်ခင်ညွန့်၏ ပြောပြချက်သိရပြန်သည်။

**ကိုယ်ပျောက်၍ ထွက်ရပ်ပေါက် ဖြစ်သွားသော တပည့်တစ်ဦး ရှိခဲ့ဖူး**

ထိုစဉ်က မကျည်းကန်တိုက်သူကြီးမှာ ဖိုထိုး အလွန်ဝါသနာပါ၏။ တစ်နေ့ ၎င်းတစ်ဦးတည်း ရှိစဉ် ရဟန်းတစ်ပါး အိမ်ရှေ့ ဆွမ်းရပ်၍ ဆွမ်းထွက်လောင်းရာ

"ရဟန်းဒကာကြီး ဖိုထိုးဝါသနာ ပါသလား" ဟုမေးရာ တိုက်သူကြီးက ဖိုထိုးအလွန်ဝါသနာပါကြောင်း ပြန်ဖြေ၏။ ရဟန်းက "ဒကာကြီး ဖိုပညာ အဂ္ဂိရတ်ပညာကော နားလည်သလော"ဟု ထပ်မေး၏။ ကြားဖူးနားဝဖြင့် ဖိုထိုးပါကြောင်း ပြန်လျှောက်ရာ ဆရာတော်က "ပညာပေးရင်ကော ယူချင်သလော"ဟု ဆက်မိန့်၏။ တိုက်သူကြီးက ပညာယူချင်ပါကြောင်း လျှောက်ထားပြီး မိမိ၏ အိမ်အပေါ်ထပ်ကို ဆရာတော်သီတင်းသုံးရန် ကျောင်းအဖြစ် လှူဒါန်းပြီး သီတင်းသုံးစေ၏။ ဆရာတော်ပေးသည့်နည်းလမ်းအတိုင်း ဖိုထိုးပါတော့သည်။ ဘုန်းဘုရားသည် ဝါဝင်ခါနီးတွင် လူပုဂ္ဂိုလ်များနေအိမ်၌ ရဟန်း သီတင်းသုံးရန် မသင့်တော်ကြောင်းမိန့်ကြားရာ တိုက်သူကြီးသည် ရွာသားများ၏ စုပေါင်းအားဖြင့် တစ်ထပ်ကျောင်းနှင့် ဖိုရုံကို မကျည်းကန်ရွာထိပ်တွင် နေ့ချင်းပြီးဆောက်လုပ် စေကာ ဘုန်းဘုရားသီတင်းသုံးရန် စီစဉ်ပါတော့သည်။

ယင်းကျောင်းတွင် (၃) နှစ်သီတင်းသုံးပြီး ရန်ကုန်သို့ ကြွ၏။ တိုက်သူကြီး အဘိုးအိုက အကြိမ်ကြိမ်တားသော်လည်း ဘုန်းဘုရားက လက်မခံ၊ ရန်ကုန်သို့ကြွလျှင်သုံးခွ ကားဂိတ်အထိသာ ပို့ခိုင်း၏။

ဘုန်းဘုရား ရန်ကုန်ကြွပြီး မကြာခင် ကုလား-ဗမာ အဓိကရုဏ်းဖြစ်၏။ ဤသို့နှင့်ဘုန်းဘုရားနှင့် သူကြီးတို့ ကွဲကွာသွားကြတော့သည်။ သူကြီးအိုသည် ဘုန်းဘုရားနှင့်ကွဲကွာနေ သည့်အချိန်ကာလအတွင်း ဘုန်းဘုရားပေးခဲ့သည့် နည်းနာနိဿယအတိုင်း ကျင့်ကြံနေခဲ့သည်။

အေဒီ ၁၉၃၈ စစ်ရေး စစ်ရာများ ရှုပ်ထွေးပြီး မြန်မာနိုင်ငံကို ဂျပန်မသိမ်းမီ (၄) နှစ်အလိုတွင် သန်လျင် ပုဂံတောင်ရွာမှ ရက်ကန်းစင်တောင် ဆရာတော် ဦးဩဘာသ တရားဟောမည်ဟု တရားဖိတ်သံကို မကျည်းကန်က သူကြီးအိုကြားရာ ၎င်းနှင့် ကွဲကွာနေသော ဘုန်းဘုရားများဖြစ်လေမလားဟု သိချင်ဇောဖြင့် ပုဂံတောင်ရွာ တရားပွဲသို့သွားခဲ့ပြီး တရားနာစဉ်က ဘုန်းဘုရားမဟုတ်ဟု ကောက်ချက်ချ၏။ သို့သော်တရားပွဲအပြီးတွင် ရက်ကန်းစင်တောင်ဆရာတော်က သူကြီးကို လူလွှတ်ခေါ်ခိုင်း၍ အနားရောက်သောအခါ သူကြီးအိုက ရက်ကန်းစင်တောင်ဆရာတော်ကိုမော်၍ ဖူးလိုက်၏။ ထိုအခါ ဘုန်းဘုရားဖြစ်နေတော့သည်ဟု ဆို၏။

ဘုန်းဘုရားက သူကြီးအိုအား ကြည့်မြင်တိုင် မြယုဂါကျောင်းတိုက်သို့ လိုက်ခဲ့ပေတော့ဟု ခေါ်၏။ သူကြီးအိုသည် မကျည်းကန်ရွာသို့ ပြန်ပြီး သမက်ဖြစ်သူတိုက်သူကြီးအား ရာထူးကို ရုံးတွင် သွားရောက်လွှဲပြီး ပိတ်ဖြူဝတ်ကာ မြယုဂါကျောင်းတွင် (၃) နှစ်တိုင် ဝေယျာဝစ္စကို ဆောင်ရွက်ပေးရင်း အားထုတ်နေခဲ့သည်။

ဂျပန်တပ်များ မြန်မာပြည်ဝင်ရန် လုံ့လပြုချိန်တွင် သူကြီးအိုက မကျည်းကန်ရွာသို့ ခေတ္တပြန် ခွင့်ပြုရန် ဘုန်းဘုရားထံ ပန်ကြားသည့်အခါ ဘုန်းဘုရားက ပြန်မလာခဲ့နဲ့ တော့၊ ထွက်တော့ဟု မိန့်သည်ဆို၏။

သူကြီးအိုသည် မကျည်းကန်ရွာသို့ မပြန်မီ ဘုန်းဘုရားအား သံဃာရော လူပုဂ္ဂိုလ် များကပါ အမျိုးမျိုး ဝေဖန်နေကြပါ၍ ဘုန်းဘုရား၏ ထေရုပ္ပတ္တိရေးခွင့်ပြုရန် တောင်းဆိုသည်။ ထိုအခါ တိုတိုတုတ်တုတ်ရေးရန် ခွင့်ပြုတော်မူ၏။ သူကြီးအို သည် မကျည်းကန်ရွာ မပြန်မီ ဘုန်းဘုရား၏ ထေရုပ္ပတ္တိကို ဆန္ဒတော်အတိုင်း တိုတိုတုတ်တုတ်ရေးကာ ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

မခင်ညွန့်အား ရွာရှိ သံဃာများနှင့် လူပုဂ္ဂိုလ်များအား ဆွမ်းဆက်ကပ်လှူဒါန်းလို ကြောင်း ဖိတ်ကြားခိုင်း၏။ ဆွမ်းကပ်ပြီးချိန်မှာ ဘုရားစင်ရှေ့တွင် ၎င်း၏ အိပ်ရာ ခင်းစေ၏။ သူကြီးအိုသည် အိပ်ရာပေါ်လှဲမအိပ်မီ သမီးဖြစ်သူအား ဓာတ်လုံး တစ်လုံးပေးပြီး ၎င်းသေပါက (၃) ရက်မြောက်တွင် ခေါင်းဖွင့်ကြည့်ရန်မှာပြီး အိပ်ရာပေါ်လှဲအိပ်ကာ ကွယ်လွန်တော့သည်။

သူကြီးအိုမှာခဲ့သည့်အတိုင်း (၃) ရက်မြောက်မှာ ခေါင်းဖွင့်ကြည့်ရာ ပုဂ္ဂိုလ်၏ ရုပ်အလောင်း မရှိတော့ဟု ဆိုသည်။

ထိုအခါ သူကြီးသမီး မခင်ညွန့်သည် ဘုန်းဘုရားထံ အကျိုးအကြောင်း ပြေးလွှားပြီး လာလျှောက် တော့သည်။ ဘုန်းဘုရားက ဆိတ်ဆိတ်နေစေ၏။ ယင်းဖြစ်စဉ်ကား ဘုန်းဘုရားနှင့် မကျည်းကန် ရွာတိုက်သူကြီးတို့ တွေ့ဆုံပုံပင် ဖြစ်သည်။

ဘုန်းဘုရား သီတင်းသုံးသည့် မြယုဂါကျောင်းမှသည် မဟာမြိုင်ဘုန်းဘုရားကျောင်းဟု အမည်တွင်လာပုံကား ဤသို့တည်း။ မြယုဂါသစ်သားကျောင်းကို သခင်ကိုယ်တော်မှိုင်း မိသားစုနှင့် ရန်ကုန်မြို့ သံတမန်လမ်းနေ ဦးယုဆိုင်၊ ဒေါ်ရှုကြည်တို့က တိုက် ကျောင်း ပြန်ဆောက်လှူကြသည်။

မန္တလေးမြို့ နှစ်(၁၀၀)ပြည့်ပွဲတော်ကို ယင်းအချိန်က နိုင်ငံခြားရေးဝန်ကြီး ဦးသီဟန် နှင့်ဗိုလ်မှူးကြီး တင်သိန်းလူတို့နှင့်အတူ ဘုန်းဘုရားဦးစီး ကျင်းပခဲ့သည်။ ဘုန်းဘုရား သည် ဘိုးတော် ကနောင်မင်း ခေါင်းချသော နေရာ၌ တည်ထားကိုးကွယ်သည့် စန္ဒာမုနိစေတီကို ပြုပြင်သည်။

ထို့နောက် တကောင်းမြို့ရှိ တကောင်းဘုရားကို ပြင်ရန် ကြွရောက်တော်မူပြီး ကြာညှပ်အရပ်တွင် သီတင်းသုံးနေစဉ် ညနေခင်း လူပါးချိန်၌ အရပ် (၆)ပေကျော်ရှိ

အဘိုးအိုတစ်ဦးသည် ဘုန်းဘုရားထံ ခြေတော်ဦးခိုက် ကန်တော့၏။

ဘုန်းဘုရား၏ ခြေဖမိုးတွင်ရှိသော ၎င်းမှတ်သားထားသည့် အမှတ်အသားကို တွေ့ရာမှ မိမိ ငယ်စဉ်က ဝတ်ကြီးဝတ်ငယ်ပြုပြီး အနီးကပ် ဆည်းကပ်ခဲ့သော ဆရာတော်ဖြစ်ကြောင်း သိရှိရာ ဝမ်းသာ ဝမ်းနည်းငိုကြွေးတော့သည်။

မဟာမြိုင်တောတွင် နှစ်ပေါင်းများစွာ အားထုတ်ခဲ့သော ဆရာတော်ကြီးဖြစ်ကြောင်း လူအများ သိရှိသွားကြပြီး မင်းသားဆရာတော်မှသည် မဟာမြိုင်ဘုန်းဘုရားဟု အမည်တွင်လာပါတော့သည်။

ဘုန်းဘုရားသီတင်းသုံးရာ ကြည့်မြင်တိုင် ဘူတာရုံလမ်းရှိ မြယုဂါကျောင်းမှာလည်း မြယုဂါ အမည်ပျောက်ပြီး မဟာမြိုင် ဘုန်းဘုရားကျောင်းဟု အမည်တွင်လာပါတော့သည်။

**ဦးဝိဇ္ဇာလင်္ကာရအား ဝတ်ရုံတော်သင်္ကန်း စွန့်ခဲ့ပြီးနောက်**

၁၉၆၉ မြန်မာသက္ကရာဇ် (၁၃၃၀) ပြည့်နှစ်တွင် ဆရာတော်ပျံလွန်တော်မူရာ မပျံလွန်မီ တပည့်ဖြစ်သူ လက်ရှိဆရာတော် ဦးဝိဇ္ဇာလင်္ကာရအား ၎င်းဝတ်ရုံထားသော သင်္ကန်းတော်ကို စွန့်တော်မူပြီး ဘုန်းဘုရားကျောင်းတွင် စာအံသံများကို ကြားလိုကြောင်းနှင့် မဟာမြိုင်ဘုန်းဘုရားကျောင်းကို အုပ်ချုပ်ရစ်ပေတော့ဟု မှာကြားတော်မူခဲ့သည်။

> ကျမ်းကိုး။ ဒေါ်မြင့်မြင့်ဝင်း၊ မင်းတုန်းမင်းတရားကြီး၏ မြေးတော် မဟာမြိုင်ဘုန်းဘုရား၊ လောကပါလ ဂမ္ဘီရသုတစာစုံမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ အမှတ် ၁၀၊ စာ၂၀။
> ကျမ်းကိုး၊ ကလျာမဂ္ဂဇင်း၊ ၁၉၉၈ မတ်လလည်း ကြည့်။

အထက်ပါ အချက်အလက် မှတ်စုကတ်တလောက်များမှာ မင်းတုန်းမင်းတရားကြီး၏ မြေးတော် မဟာမြိုင်ဘုန်းဘုရားအကြောင်းကို အတွင်းသိ အစင်းသိ တပည့်ရင်းများက မှတ်တမ်းတင်ထားသော အချက်အလက်ဖြစ်၏။ ငြင်းဆိုစရာ အကြောင်းမရှိပါ။ ကျွန်ုပ်တို့သည် ကံကောင်းထောက်မသဖြင့် မဟာမြိုင်အရှင်စန္ဒာသူရိယ ထေရုပ္ပတ္တိကထာကို ဖတ်ရှုရရာ အံ့ဖွယ်ရာကောင်းသော အသေးစိတ်များကို သိရှိရပါသည်။ မှတ်တမ်းတင်သော ပုဂ္ဂိုလ်မှာ တပည့်အရင်းကြီး ဖြစ်တော်မူသော အသျှင်ဝိဇယ ကိုယ်တော်ကြီးဖြစ်ပါသည်။ ထိုစာအုပ်ကြီးကို ၁၉၆၄ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခုအခါ ရှားနေပါသည်။ ကျွန်ုပ်တို့ တစ်ခါတလေ အမှတ်မထင်တွေ့ရသော ထိုမှတ်တမ်းကြောင့် သိကောင်းစရာများကို အတိအကျ သိရ

သည့်အတွက် အသျှင်ဝိဇယကို ကျေးဇူးဆပ်သောအားဖြင့် မဟာမြိုင်ဆရာတော်ဘုရားကြီး ဘဝလမ်းကြောင်းကို ထပ်ဆင့်ဖောက်သည်ချခြင်း ဖြစ်သည်။ သာသနာပြုပုဂ္ဂိုလ်ကျော်တို့၏ ဘဝဇာတ်ကြောင်းတွင် အတုယူစရာများလည်း ရှိ၏။ မြုပ်ကွက်များလည်းရှိ၏။ လျှို့ဝှက်ချက်များလည်းရှိ၏။ သို့သော် တရားထူးရမည့်ဘဝတွင်ကား အနှောင့်အယှက်များကို ကျော်လွှားနိုင်ကြောင်း သက်သေကောင်းအဖြစ် အောက်ပါမှတ်စုများက ရည်ညွှန်းလျက်ရှိ၏။ အသေအချာ ဖတ်ရှုတော်မူကြပါ။

မင်းတုန်းမင်း၏ ညီချစ် ကနောင်မင်း၏ မြေးချစ်ဖြစ်သော မဟာမြိုင်ဘုန်းဘုရား၏ ထေရုပ္ပတ္တိဖြစ်စဉ်ကို ရေးသားလိုက်ပါသည် ဟူ၍ ကျေးဇူးတော်ရှင် မဟာမြိုင်၊ အသျှင်စန္ဒာသူရိယ၏ ထေရုပ္ပတ္တိကထာကို အသျှင်ဝိဇယက စိတ်ရှိလက်ရှိ အပြည့်အဝရေးလိုက်ရာ ထိုစာအုပ်ကြီးမှာ အားကိုးစရာ အခိုင်အမာစာအုပ်ကြီး ဖြစ်လာခဲ့ပါသည်။ ထိုစာအုပ်ကို ၁၃၂၅ခု၊ တန်ဆောင်မုန်းလတွင် အောင်မိတ်ဆက် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့မှ ထုတ်ဝေခဲ့ပါသည်။ ထိုစာမူအရ ပြန်လည်ပြောကြားပါမည်။ ပြန်လည်လေ့လာတင်ပြသောအချက်အလက်များမှာ မဟာမြိုင်ဆရာတော်၏ တပည့်အရင်း အရှင်ဝိဇယကိုယ်တိုင် မိန့်ကြားသောအချက်အလက်များ ဖြစ်သဖြင့် ခိုင်မာသည်ဟု ယူဆစေလိုပါသည်။

အချို့နေရာတို့၌ မင်းသားလေး ဟူ၍ လည်းကောင်း၊ ကိုယ်တော်လေး ဟူ၍ လည်းကောင်း၊ ထိပ်တင်လှ ဟူ၍လည်းကောင်း၊ ရှင်စန္ဒာသူရိယ ဟူ၍ လည်းကောင်း၊ မဟာမြိုင်ဘုန်းဘုရား ဟူ၍ လည်းကောင်း၊ အမည်များကို ထုတ်ဖော်ပြဆိုသွားမည် ဖြစ်ပါသည်။

၁၈၇၆ သီရိပဝရ မဟာသုဓမ္မရာဇာ ဘွဲ့တော်သာသည့် မဟာဥပရာဇ် အိမ်ရှေ့စံမင်းတရား၏ ရင်နှစ်သည်းချာ ထိပ်တင်မှတ်သားရတနာနှင့် ကြင်ယာတော် ရှင်ဆင့်တို့မှ ၁၂၃၈ ခု၊ ရတုဟေမန္တ ဆောင်းနှောင်းကာလ သမယချိန်ခါ တပေါင်းလဆန်း ၁ ရက် အင်္ဂါနေ့၌ နေသိဒ္ဓိနက္ခတ် ဒုတိယပါဒ် မွန်းတည့်မတ်သောအခါ မင်္ဂလာတွင် စန်းယှဉ်လျက် ဘုန်းအင်ပါရမီ ပြည့်စုံညီသော ဇာနည်သွေး သာကီယ ထိပ်တင်လှ သတိုးမဟာကို မီးရှူးသန့်စင် ဖွားမြင်တော်မူသတည်း။

မဟာဆီ သွေး နတ်ပေးပညာ သားရတနာ ထိပ်တင်လှကား ၁၅ နှစ်အရွယ် ပညာကြွယ်သဖြင့် ဒီပဲယင်းမြို့ အင်အုတ်တောရ ကိုးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးထံ၌ နိယံမပြတ် ပရိယတ်ကျမ်းဂန်ကို သင်အံတော်မူလျက် သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ ဆင်မြန်းတော်မူခဲ့ရာ သက်တော် ၂၀ ပြည့် ဖြိုးကြွယ်ရကား မန္တလေး

မြို့ ရွှေကျင်နိကာယ ဒုတိယ သံဃရာဇာ ဝိသုဒ္ဓါစာရာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု သွင်းထုခတ်နှိပ် မင်းလှူတံဆိပ်ကို ခံယူရရှိတော်မူသော ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒ ရဟန်းမြတ် အဖြစ်သို့ ရောက်တော်မူလတ်သတည်း။

မုဆိုးဘိုအပိုင် ခရိုင်အတွင်း သတင်းပျံ့လှိုင် ပန်းစုံကြိုင်သည့် မဟာမြိုင်တောကြီးအတွင်း၌ ကိုယ်တွင်းရန်လှေး ကိလလေမှေးတို့ကို တရားတော် ရေအေးဖြင့်ချွတ်ဆေးသုတ်သင်တော်မူလျှင်း၍ ၇ နှစ်မျှ သီတင်းသုံး ဝါဆိုကာ တောမှီခိုတော်မူသဖြင့် ဌာနူပစာ သညာဘွဲ့ရ ထိပ်တင်လှအမည်တော်မှ မဟာမြိုင်တောရ ဆရာတော် အရှင်စန္ဒာသူရိယဟု နေလ ရထားကောင်းကင်သွားသို့ ထင်ရှားပါကမ္ဘူ သာသနာ့ဂုဏ်ရည် အာဇာနည်က မဟာထေရ်တစ်ပါးအဖြစ်သို့ ရောက်တော်မူလေသတည်း။

၁၂၉၁ ခုနှစ်တွင် ဝေရိက္ခယ နဂရဟု နာမသုတ်ရန်ငုတ်အကုန် မြို့ရန်ကုန်၏ နောက်ခုံချက်ရိုင် ကြည့်မြင်တိုင်တစ်ဝိုက် ဥယျာဉ်တိုက်အတွင်း သတင်းပြည့်လျှံ မြယုဂန် ကျောင်းတော်ကြီး၌ ခိုမှီးဝဿ လေးဝသော ဣရိယပထဖြင့် မျှတရွှင်ပြုံး သီတင်းသုံးနေတော်မူသတည်း။

ထို့ကြောင့် မဟာမြိုင်ဆရာတော်ဘုရားကြီး၏ မော်ကွန်းကျောက်စာ (သံပိုင်းလင်္ကာ) ၌ -
သောင်းထိုက်လျှံလူ ကျွန်းဇမ္ဗူ၌ ပြိုင်သူမဝံ့ နန်းညွန့်၏ အဓွန့်နွယ်စည် မြေးတော်မည်သား ဇာနည် ဥက္ကဋ္ဌ ငါမထေရ်မြတ်သည် ရဟန်းသံဃာ ဖဲထွက်ခွာ၍ နိဗ္ဗာသောင်ကမ်း ရောက်စေငြမ်းဟု မဂ်လမ်းရှာမှီး မြိုင်တောကြီးမှ ခိုမှီးထွက်ရာ ခုနစ်ဝါ၌ ပဏ္ဏာပေါင်းကြို့ ရွှေဂုန်မြို့တွင် မှိုင်းညို့ဥယျာဉ် တိုက်တော်ပြင်၌ ရွှေစင်ပြုဖန် မြယုဂန်တည့် ဝေယန်တုမှီးကျောင်းတော်ကြီးကို ဦးစီးညာပိုင်မဟာမြိုင်ဟု ပြန့်လှိုင်ကျော်ဟည်း ရွှင်ပျော်ညီးက စောထီးသာသနာ မြင့်ရှည်ကြာသို့ မဟာပဓာနကြီးလုံ့လ၍ ဗုဒ္ဓဝါဒီ ကျင့်ဝသီနှင့် လေးလီယာပထ ရွှင်ပြုံးမျှ ရှင့်ဂန္ထဘာဝနာ ဒွေးစုံရာဟု လောင်းလျာကျင့်နည်း ငါဖြည့်ဆည်းသည် ကမ္ပည်းကျောက်စာ မော်ကွန်းတည်းဟု ဆိုထားပေသည်။

မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ညီတော်သီရိပဝရမဟာ သုဓမ္မရာဇာဘွဲ့ခံ အိမ်ရှေ့ဥပရာဇာ ကနောင်မင်း၏ သားတော်စစ်ဖြစ်တော်မူသော ထိပ်တင်မှန်နှင့် မှန်နန်း အပျိုတော် ကြင်ယာတော် ရှင်ဆင့်တို့မှ အင်္ဂတြိဒွေးအစ် သက္ကရာဇ်တွင် တပေါင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့ နံနက် စက်

၄ နာရီအချိန် ဓနသိဒ္ဓိနက္ခတ် ဒုတိယပါဒ် မွန်းတည့်မတ်သောအခါ မင်္ဂလာတွင် ကမ္ဘာဦးကစ၍ ယနေ့တိုင်အောင် ရပ်နားခြင်း မရှိ၊ ပကတိ သဘာဝအားဖြင့် အဇ္ဈောပြင်ကျယ် ကောင်းကင်လယ်၌ သွားလာလျက်ရှိသော ဂြိုဟ်တို့သည် ဗြိစ္ဆာ ရာသီတွင် အင်္ဂါဂြိုဟ်ရောက်ခိုက်၊ ဓနုရာသီတွင် ကြာသပတေး ဂြိုဟ်ရောက်ခိုက်၊ မကာရရာသီတွင် ဗုဒ္ဓဟူး သောကြာဂြိုဟ်တို့ ရောက်ခိုက်၊ ကုမ်ရာသီတွင် တနင်္ဂနွေ တနင်္လာ စနေ ရာဟုဂြိုဟ်တို့ တိုက်ခိုက်အချိန်တွင် ကြိုက်တွေ့သိဒ္ဓိ ခါကောင်း မင်္ဂလာ ဇေယျာသီရိ သတိတိမ်မြုံ ပဒမြားလဝန်းတမူ သိမ်မွေ့ထူးမြတ် ဖိုးမပြတ် နိုင်သော ဇောတိရည်ကျော်ပမာကဲ့သို့ မယ်တော် မိခင်သည် လောင်းလျာမည်တွင် သတို့သားရတနာ သားရွှေစင်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေသတည်း။

သီပေါအရှင် ဘုရင်မင်းမြတ်သည် ကံကြမ္မာညှိုးမှိန်ခိုက်တွင် ကြုံကြိုက်တော်မူ သဖြင့် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်၊ တနင်္ဂနွေနေ့ ၃ ချက်တီး အချိန်အခါတွင် ထီးနန်းကို စွန့်လွှတ်တော်မူ၍ ခြွေရံတော်ကင်းမဲ့လျက် ဣန္ဒိယ နိုင်ငံ မဒရပ်မြို့တော်သို့ ပါတော်မူရရှာသည်။

ရန်ကြီးအောင် ရွှေဘိုသို့ ထွက်ခါနီးဆဲဆဲတွင် အထိန်းတော်နှစ်ယောက်တို့ကို ခေါ်တော်မူပြီးလျှင် ငါကိုယ်တော် အရေးတကြီး အခါကောင်းရွေးချယ်ပြီး ဧရာဝတီ ကျော်ဘက် အနောက်ဘက်သို့ ယနေ့ပင်လျှင် ထွက်တော်မူသည်။ သားတော်လေး ကို လျှို့ဝှက်စောင့်ရှောက်နေခဲ့ကြပေဦး၊ ခဏမျှရှောင်တိမ်း၍ မကြာမီရက်အတွင်း အမီ လိုက်ခဲ့ကြရမည်ဟု အမိန့်တော် ချမှတ်တော်မူပြီး ရဲမက်ဗိုလ်ပါ စုံလင်စွာဖြင့် ဗျူဟာခင်း၍ ထွက်တော်မူလေသည်။

**စိတ်အားငယ်ငယ် သောကကြွယ်**

ထိုသို့ခမည်းတော် ထွက်တော်မူသွားလေလျှင် သားတော်လေး ထိပ်တင်လှမှာ မယ်တော်ဘုရားသည် ဘယ်ပုံ ဘယ်နည်း ဖြစ်၍ ဘယ်စခန်း ဘယ်လမ်းရောက်နေ သည်ကိုလည်းမသိရ၊ ခမည်းတော်ဘုရားကလည်း ထွက်တော်မူသွား၊ ဆွေတော်မျိုး တော် နန်းတွင်းသူနန်းတွင်းသားများကိုလည်း မတွေ့မမြင်ရသဖြင့် စိတ်အား ငယ်ငယ်နှင့် အထိန်းတော်ကြီး နှစ်ယောက်နှင့်အတူ မြို့အပြင် အညတြ မထင် မရှား ပြေးလွှားပုန်းလျှိုး၍နေကြရာ နှစ်ရက်လောက်အကြာတွင် ခမည်းတော် ထွက်တော်မူရာလမ်း ရော်ရမ်း၍ လိုက်ကြရာ မောဟိုက်ပင်ပန်း ခြေလှမ်း၍ မလိုက် နိုင်သောအခါ အထိန်းတော်ကြီးနှစ်ယောက်ခမျာမှာ အလှည့်ကျ ပခုံးထမ်းကျောပိုး နှင့် လှည်းကြုံတွေ့က လှည်းပေါ်တင်ကာဖြင့် အစဉ်တစိုက် သတင်းစုံစမ်း၍ လိုက်ကြရာ ဒီပဲရင်းကန်တော်ကြီးမှာ တပ်စခန်းချလျက်နေသော ခမည်းတော်

ထိပ်တင်မှတ် စံတော်မူရာသို့ ရောက်ကြလေ၏။

ဖြန်းခနဲ ကုလားဖြူတပ်တွေ ပစ်ခတ်ဝင်ရောက်၍လာရာ ထိုအခါ ခမည်းတော် ထိပ်တင်မှတ်တပ်မှာ စစ်အင်္ဂါ လက်နက်တို့ကို မတပ်ဆင်ရသေးဖြစ်၍ ခုခံကာ မတိုက်တော့ဘဲ အရေးကလည်း အလွန်နီးကပ်၍လာသဖြင့် သားတော်လေးကို သယ်ဆောင်၍ မသွားနိုင်တော့ဘဲ တပ်ထဲ၌ ပါလာသော ဘုန်းတော်ကြီးတစ်ပါး အား အလုံးစုံ စကား မှာကြား၍ ထိပ်တင်လှ သားတော်လေးအား အပ်ထားပြီးလျှင် တစ်နေရာသို့ တပ်စခန်းတွေ ရွှေ့ပြောင်း၍ အောင်မြင်စွာ ဆုတ်ခွာ၍ ထွက်တော်မူ ရရှာလေသည်။

ဤနေရာမှာလည်း ခမည်းတော်နှင့် တစ်ကြိမ်မြောက် ကွဲသွားရခြင်းပင် ဖြစ်လေ သည်။ မယ်တော်ဘုရားနှင့်မှာမူ အရေးတော်ပုံ မပေါ်မီကလေးတွင် ကွဲခဲ့ရသည်။ ဤအကြောင်းများကို မဟာမြိုင် ဘုန်းဘုရားကိုယ်တိုင် အမိန့်ရှိတော်မူ၍ သိရပါ သည်။ မိန့်တော်မူပုံ အလုံးစုံကို ဆက်၍ တင်ပြပါဦးမည်။

ခမည်းတော်တပ်တွင်းမှာ ပါလာသော ဘုန်းတော်ကြီးသည် ခမည်းတော် အထွတ် အထိပ်ရောက်လျှင် မင်းကြီး သက်တော်ရှည် လုပ်ရန်ရည်ရွယ်လျက် ဂျပန်များကဲ့သို့ ဓားလွတ်ကြီးတစ်ချောင်းကို ခါးမှာလွယ်လျက် တပ်ထဲအမြဲလိုက် ပါနေသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်ခြင်းကြောင့် သူ့အတွက် အလွန်အရေးပါလှ၍ နေ့ည မရှောင် လျှို့ဝှက်စွာ တိမ်းရှောင်ပြေးရသဖြင့် မင်းသားလေး၊ ကိုယ်တော်လေး၊ အရှင့်သားတော်လေး စသည့်ဖြင့် ခေါ်ကာ ခေါ်ကာ ချော့မော့ကာနှင့် ပခုံးပေါ် ထမ်းတဲ့အခါ ထမ်း၊ ကျောပိုးတဲ့အခါ ပိုးနှင့် ခရီးပြင်းသွားကြရာ စစ်တပ်နှင့် အတော်လှမ်းတော့မှ ရောက်ရာရွာမှ သူကြီးများ လှည်းဆင့် ခေါ်၍ ခရီးဆက်ကာ သွားကြလေရာ ရောက်ရာကျောင်း၊ ဇရပ်များမှာ ခဏမျှတည်းခို၍ မင်းသားလေး ပါကြောင်း ရပ်ရွာကသိသဖြင့် ပွဲတော်အုပ်ဆက်ရန် လာကြသူများအား ပွဲတော်အုပ် ဆက်ပြီး အဆင့်ဆင့် ပြောကြလေရာ မျက်ရည်ကျသူကျ၊ ငိုသူငို၊ တို့အရှင်သခင်ကို အဓမ္မဖမ်းယူခြင်းပဲဟု မခံနိုင်ကြ၍ အံကြိတ်သူကကြိတ်၊ လက်သီး လက်မောင်း တန်းသူကတန်းနှင့် ဖြစ်နေကြသဖြင့် ရှေ့စခန်းသို့ ဆက်၍သွားကြရာ ရှည်လျား သော တောတန်းကြီးတစ်ခုကိုကျော်ဖောက်၍ ဝက်ပုပ်ကြီးခေါ် ရွာနှင့် နှစ်မိုင် လောက်ဝေးကွာသော အောင်သမနာတောမှာ ဖက်ရွက်မိုး ကျောင်းလေးနှင့် ရပ်ရွာ နယ်ပယ် မသာယာမှုကြောင့် ပုန်းလျှိုကာနေရသော ဘုန်းတော်ကြီး ဦးဉာဏ ကျောင်းသို့ ရောက်ကြလေ၏။

**ထိုကျောင်း၌ သုံးရက်လောက်နေကြပြီး ဘုန်းတော်ကြီး ဦးဟိန်းနှင့် အထိန်းတော်ကြီး နှစ်ယောက်တို့သည်** ဘုန်းတော်ကြီး ဦးဉာဏထံမှာ ထိပ်တင်လှ ကိုယ်တော်လေးကို ယုံကြည်စွာ အပ်ထားခဲ့၍ ရှောင်တိမ်းထွက်သွားကြပြန်ပါသည်။ ဘုန်းတော်ကြီး ဦးဉာဏထံမှာ သာဆင့် ဟူသော ကျောင်းသားနှင့် အတူနေကာ ဆွေတွေကို ရော်ရမ်း၊ မျိုးတွေကို မျှော်မှန်းပြီး အလွမ်းနှင့်သာ အချိန်ကုန်ခဲ့ရသည်။

ခမည်းတော်ကို လွမ်းလျက်တမ်းတ၍နေစဉ် ရှစ်ရက်လောက်အကြာတွင် ဗိုလ်ရန်ကြီးအောင်၊ ဗိုလ်ဇော်ဂျီ၊ ဗိုလ်ပြူးဟူ ဆိုအပ်သော ကိုယ်ရံတော် သုံးယောက်နှင့်တကွ ခမည်းတော် ထိပ်တင်မှတ် ကိုယ်တော် ရောက်လာပြန်သည်။ သားတော် ထိပ်တင်လှကို အားမငယ်ရန် အမျိုးမျိုးချော့ကာ ဘုန်းတော်ကြီး ဦးဉာဏအား ကျေးဇူးတင်စကား လျှောက်ထားတော်မူပြီး သုံးစွဲရန် ဝတ္ထု ကြေးငွေများ လှူဒါန်းကာ တစ်ဖန် မြင်းဖြင့် ဒုန်းစိုင်း၍ သွားကြပြန် ပါသည်။

ခမည်းတော် ထွက်သွားတော်မူ၍ ဆယ့်ငါးရက်လောက်အကြာတွင် ဦးဉာဏထံမှာ ထားခဲ့သော ဘုန်းတော်ကြီး ဦးဟိန်းသည် အထိန်းတော်ကြီးနှစ်ယောက်နှင့် အရေးတကြီးရောက်လာပြန်၍ ခမည်းတော် တပ်စခန်းချရာအရပ်သို့ ခေါ်ဆောင်ကာ တောလမ်းကဖြတ်သန်း၍ ကျောပိုးပခုံးထမ်းပြီး အပင်ပန်းခံကာ သွားကြရသည်။

တစ်ဖန် ခရီးဆက်ကြပြန်ရာ နှစ်ရက်မြောက် ရောက်သောအခါ ဆုံကုန်းရွာအနီး ဆည်တော်ရွာအနောက် လေးမိုင် ခန့်ဝေးသော ခမည်းတော် တပ်စခန်းချရာ မြင်ဒင်ဂေါ ခေါ်သော တောသို့ရောက်ကြ၍ ဝမ်းသာအားရ ခမည်းတော်နှင့် တွေ့ရပြီဟု အားခဲ၍ လာခဲ့ရာ တပ်စခန်းတစ်နေရာသို့ ရွှေ့သွားခြင်းကြောင့် ခမည်းတော်အားတွေ့ရန် အားခဲ၍ လာခဲ့သော ထိပ်တင်လှ ကိုယ်တော်လေးမှာ ခမည်းတော်ဘယ်လမ်းဘယ်စခန်း ထွက်တော်မူသည်ကို မသိရခြင်းကြောင့် ခြေစုံဆင်း၍ ငိုချင်မတတ် ဝမ်းနည်း ကြေကွဲကာဖြစ်ခဲ့ရပါသည်။

ဘုန်းတော်ကြီးဦးဟိန်းလည်း စိတ်လျှော့စိတ်ပျက်၍လားမသိ။ မကြာမီပျောက်ကွယ်ထွက်သွားသဖြင့် သုံးယောက်သား တောကြီးအလယ်မှာ အားငယ်စွာ မကြံတတ်အောင် ငေးမှိုင်ကာ ကျန်ခဲ့ရပါသည်။ ထိုအရပ်၌ ကြာကြာနေ၍ မသင့်ပြန်ခြင်းကြောင့် ထိုတောနှင့်အနီးဆုံး ဖြစ်သော ဆီးတော ရွာဘုန်းကြီး ပုလေးကျောင်းသို့ သွားရောက်သောအခါ ဘုန်းကြီးပုကလေးက လက်မခံလိုဟန် လေသံခပ်ပြင်းပြင်းနှင့် ဟဲ့ ဒကာတို့ ယခုတိုင်းပြည်မှာ အုပ်ချုပ်တဲ့ မင်းမရှိတော့ ဘူးတဲ့၊ အုပ်ချုပ်တဲ့ မင်းမရှိလို့ အားလုံးဆူပူသောင်းကျန်းမှုတွေကြောင့် လူတွေဟာ ပြေးသူပြေး၊ ပြောင်း

သူပြောင်း ပြောင်းဆန်အောင် ဖြစ်နေကြတာ မင်းတို့မသိကြ မကြားကြဘူးလား၊ တို့အရပ်က ဘယ်မြို့ ဘယ်ရွာနဲ့မှမနီး တောကျလို့ တော်ပါသေးတယ်၊ ဒါနှင့်သော်မှ တို့ကျောင်းနှင့် တစ်တိုင်လောက်သာဝေးသော မြင်ဒင်ဂေါ်တောကြီးထဲမှာ မင်းသားလို့ ပြောကြတယ်။ လူအမြောက်အမြားနှင့် ခုနစ်ရက်သာ ေနပြီး ထွက်သွားကြတာ ငါးရက်လောက်ရှိသေးတယ်။

ဤကဲ့သို့ မဟာမြိုင်တောစပ် ခြောက်အိမ်စုအရပ်မှာ ဒုက္ခခံ၍ တစ်နှစ်လောက် အကြာတွင် တိုင်းပြည် အခြေအနေ အကဲခတ်စုံစမ်းရင်း ကွင်းပြင်သို့ ထွက်ကြရန် ပြင်ဆင်၍နေဆဲ ရပာန်းထင်ရသော ပုဂ္ဂိုလ်နှင့် လူသူတော်ရောက်လာပြန်၍ အကျိုးအကြောင်း ပြောသောအခါ ဘေးအန္တရာယ်ကင်းစေရန် ကျောက်စရစ်ခဲလုံးကို မန်းမှုတ်၍ ပေးလိုက်သည်ကို အားကိုးကြီးပြုလုပ်၍ လာကြရာ အန္တရာယ်ကင်းစွာဖြင့် ထွက်လာစဉ်က စခန်း ဖြစ်သော အင်းကြီး ရွာငယ်သို့ ရောက်ကြလေ၏။

ထိုရွာသားတွေ အကဲခတ်ကြသည်မှာ ဟိုတစ်ခါတစ်နှစ်လောက်က သုံးရက်လောက် နေပြီး ပျောက်ကွယ် သွားကြတာလည်း ဒီသုံးယောက်။ ယခုရောက်လာတာလည်း ဒီသုံးယောက်။ မြင်ရပုံအလွန်ဆန်းလှလို့ မသင်္ကာမှုနှင့် မေးရာတွင် မလွှဲမရှောင်သာ ဖြစ်၍ အမှန်အဟုတ်ကို ပြောပြသဖြင့် သြော်သနားဖွယ်ရာပါလားဟု ညည်းတွားကာ စုတ်တသပ်သပ်နှင့် ငါတို့ အရှင်သခင်သားတော်ဟု မင်းသားမှန်းသိကြကာ ဘုရား ထူးသူကထူး၊ ကျွန်တော်မျိုး ပြောသူကပြောနှင့် ယောကျ်ားမိန်းမ ရှိသမျှ လူစုကာ ဝိုင်းအုံလာကြပြီး အလုံးစုံတာဝန်ယူကာ မင်းသားလေးအားဝိုင်းဝန်း၍ စောင့်ရှောက်ကြလေသည်။

ထိုအရပ်ရောက်၍ ငါးရက်လောက်ကြာသောအခါ အထိန်းတော်ကြီးနှစ်ယောက်မှာ မဟာမြိုင်တောမှ စွဲကပ်လာခဲ့သော ငှက်ဖျားရောဂါသည် ပြင်းထန်စွာ နှိပ်စက်လာ၍ အနီးအပါးရှိ လူတို့ကလာ၍ ကြည့်ရာတွင် ထိုကြည့်ရှုသော လူများ အားအထိန်းတော်ကြီးနှစ်ယောက်က ကျွန်တော်တို့မှာ ခင်ဗျားတို့ မြင်တဲ့အတိုင်း ဝေဒနာစွဲကပ်၍ အခက်တွေ့နေပါပြီ။ ကျွန်တော်တို့ ဤနေရာက ရုတ်တရက် မသွားနိုင်အောင် ဖြစ်ပါတော့သည်။ ကျွန်တော်တို့အတွက် ကိုယ်တော်လေး အတွက်က ဤနေရာမှာ ကြာရှည်နေလို့ သင့်တော်မည်မထင်ခြင်းကြောင့် ဘုန်းတော်ကြီးဦးဉာဏထံ ကျေးဇူးပြု၍ ပို့ပေးကြစေလိုပါသည်။

တိုအခါကျမှ လူသုံးယောက်တို့က တာဝန်ယူပြီး ထိပ်တင်လှကိုယ်တော်လေးအား

လိုရာသို့ ပို့ကြပါသည်။ ထိပ်တင်လှ ကိုယ်တော်လေး လမ်းမလျှောက်နိုင်တဲ့နေရာမှာ သစ်သားလေးချောင်းကို ဆိုင်းလုပ်ပြီး နွယ်ကြိုးချည်၍ ထမ်းရှာကြပါသည်။ ဤကဲ့သို့ တောစခန်းက တဖြည်းဖြည်းလာခဲ့ကြရာ သုံးရက်ခန့်အကြာတွင် ဘုန်းကြီး ဦးဉာဏကျောင်းသို့ ရောက်ကြလေ၏။

တစ်နေ့သောအခါ ဘုန်းတော်ကြီးက ဒါယကာကြီး ဦးဘိုးချီအား ခေါ်တော်မူပြီး တိုင်းပြည်တော့ တော်တော် ငြိမ်ပုံရပြီ၊ ရွာထဲ ရပ်ထဲအကဲခတ်စုံစမ်းရင်း သွားလာ နေထိုင်ကြည့်ကြစမ်းဟု တိုက်တွန်းချက်အရ ဝက်ပုပ်ခေါ် ရွာထဲသို့ သူတစ်ပါး အိမ်ကို မှီကပ်၍ တစ်ဖက်ယပ်တဲကလေးထိုးကာ နေထိုင်ကြလေ၏။ ထိုသို့နေထိုင် ၍ တစ်လလောက်အကြာတွင် ကုလားမြင်းတပ်ကြီးဝင်လာ၍ ရွာထဲမွှေနှောက်ကာ သူပုန်ရှိသလားဟု မေးမေးပြီး အိမ်စေ့လိုက်၍ ရှာခြင်းကြောင့် ထိပ်တင်လှကို ရက်ကန်းစင်ထဲ အတင်းသွင်းကာ တောင်းကြီးနှင့် အုပ်ထားလေ၏။

နောက် များမကြာမီ ဤနေရာမှာ လုံခြုံပုံမရသောကြောင့် တောအကျဆုံး အရပ် ကိုရှာ၍ အင်ကြင်းသား ပိုးရွာ၊ တောင်ဂံရွာ၊ နတ်ချွတ်ရွာ ၎င်းမှ တစ်ဖန် ခရီးအထောက်လှမ်းသော သရောအိုင်ရွာ ထိုရွာရောက်တော့ သင့်တော်မည် ထင်၍ ရွာ၏ တောင်ဘက်အစွန်အဖျား ကင်ပွန်းချုံလား ကလိန်ချုံလား အသေအချာ မသိပါသော ချုံအောက်မှာ တဲအိမ်ဆောက်၍ ခဏမျှနေကြရာ တစ်ညသောအခါ ကျားသစ်တစ်ကောင်လာ၍ အဆွဲခံရပါသည်။ ဒဏ်ရာမှာ ငယ်သောဒဏ်ရာဖြစ်၍ အနည်းငယ်ခံရပါသည်။ ထိုရွာမှာ နေထိုင်ကြကာ ခြောက်လလောက်ကြာလိမ့်မည်အထင်မှာ ဘယ်အတွက် မသိပါ၊ ရပ်ရွာထဲမှာ ရုတ်ရုတ်ရက်ရက်ဖြစ်ကြ၍ မွေးစားမိဘများလဲ မနေရဲကြနေတော့ဘဲ သရောအိုင် ရွာနှင့် နှစ်တိုင်လောက် ကွာဝေးမည်ထင်ရသော ထုံးကြီးမွန်ခေါ်သော တောအရပ် မှာ တဲထိုး၍ နေကြပြန်ပါသည်။

ဤသို့ နေထိုင်ကြရာ ဆယ့်ငါးရက်လောက်အရှိတွင် ပန်ချာပီစစ်သားထင်ရသော နှုတ်ခမ်းမွေးထူ မုတ်ဆိတ်မွေးထူ ခုနစ်ယောက်ဟု ထင်ရသော ကုလားကြီးတွေ မြင်းကိုယ်စီ စီးလျက် ဖြန်းခနဲ ရောက်လာရာ မွေးစားဘခင် ဦးဘိုးချီလဲ မပုန်းနိုင် မပြေးနိုင်ဘဲ အဘွားကြီးလဲ သားတော်ကို လက်ကဆွဲပြီး တုန်တုန်ရင်ရင်နှင့် ထိုင်နေ ကာ အဘိုးကြီးကို အဘွားကြီးနားခေါ်ကာ အဘိုးကြီး ကြည့်လိုက် အဘွားကြီးကို ကြည့်လိုက် သားတော်ကို ကြည့်လိုက်နှင့် မသင်္ကာတဲ့သဘောနှင့် သည်နယ်ဒီ အရပ်မှာ မင်းသားခေါ်ပြတစ်ယောက် သားငယ်ကို ထားခဲ့တယ်ကြားတယ်၊ မောင်မင်းကို ပေးထားခဲ့သလား မှန်မှန်ပြောပါဟု မေးလေ၏။ အဘိုးကြီးက

မင်းသားစားပြဆိုတာ မသိတဲ့အကြောင်း ပြောလေ၏။ ဤကလေးလည်း မိမိ၏ သားမှန်တဲ့အကြောင်းကို ပြောလေ၏။ အဘွားကြီးကိုလည်း ဤနည်းအတိုင်း ခြောက်လှန့်၍ မေး၏။

သားတော်ကလေးကိုလည်း လူကလေးအဖေ အမေ ဘယ်သွားလဲ၊ ဘယ်မှာနေသလဲ မေး၏။ သွားဖူးတာသာ လက်ညှိုးထိုးပြ၏။ အလုံးစုံစကား စကားပြန်က ပြောရသည်။ ပြောပြသော်လည်း မယုံဘူးထင်ပါသည်။ အဘိုးကြီးကို ခပ်ဝေးဝေး ခေါ်သွားပြီး ရိုက်စစ်ကြပြန်ပါသည်။ ပြန်လာတော့ ကျောမှ သွေးရဲရဲနှင့်တွေ့ရပါသည်။

ၑင်း ဒဏ်ချက်သည် သေသည်အထိ ကျောလယ်မှာ အမာရွတ်ကြီး သုံးချောင်း ပါသွားရရှာပါသည်။ ထိုတောမှာနေထိုင်ပြီးနောက် တဖြည်းဖြည်း တိုင်းပြည်အေးလာသဖြင့် အနီးဆုံးဖြစ်သော အင်ကြင်းပင်ရွာသို့ ဝင်၍ အိမ်ကလေး ဆောက်၍ နေပါသည်။ တခြားအရပ်ကလူတွေလည်း စုပေါင်းဝင်ရောက်ကြ၍ အိမ်ခြေ ၃၀ - ၄၀ လောက် ဖြစ်လာပါသည်။ ဘုန်းကြီးကျောင်းလည်း ရှိပါသည်။ ထိုသို့ တွေ့ဆုံစုပေါင်းမိကြသောအခါ ဖြစ်ပျက်ကြောင်းတွေ မေးကြပြောကြ ထုံးစံအတိုင်း သားရေးသမီးရေးတွေမေးကြရာ ညည်းသား နာမည် ဘယ်လို ခေါ်သလဲလို့ ဒေါ်ခကို မေးကြရာ ကျုပ်သားနာမည်လေ ရွှေပေါ်မှာမြတင်ထားသည်နှင့် တူလို့ မောင်ရွှေမြတင် လို့ ခေါ်သတော့ ဟုပြောသောအခါ ဩော် ဟုတ်လဲ ဟုတ်ပေတော် ဖြူဖြူသန့်သန့်ကလေးဆိုတော့ နာမည်နှင့် လိုက်ပါပေတယ်၊ တော်တို့ ဇာတိဘယ်ကလဲဟု မေးကြရာ အကျွန်ုပ်တို့သည် ဒီမြို့ ဒီနယ်ကပါပဲ၊ ယခုအခါ ရွာကိုတော့ မပြောနိုင်သောကြောင့် အင်ပုတ်ရွာ၊ ကြည်ရွာ၊ ကျားသေရွာ စသည်တို့က တောပုန်းကြရာက ၑင်းရွာမှာပဲ နေထိုင်ကြကြောင်း ပြောပါသည်။ ဘုန်းဘုရားလောင်းလျာ သားရတနာကို ဆရာတော် ဦးနေမိန္ဒကျောင်းသို့ အပ်ထားလိုက်လေသည်။

ဥပဇ္ဈာယ် ဆရာတော်ကား ဒီပဲယင်းမြို့ အင်ဘုတ်တောရ ကိုးဂိုဏ်းချုပ် ဆရာတော် ဘုရားကြီးပင်ဖြစ်၍ ဘွဲ့တော်ကို ရှင်စန္ဒာသူရိယဟု ဥပဇ္ဈာယ်ဆရာမြတ်က ပေးအပ်တော်မူလေသည်။

မန္တလေးမြို့ အနောက်ပြင် မြတောင်တိုက် ရွှေရေးကျောင်းသို့ ပြောင်းရွှေ့ကာ စာပေ ပရိယတ္တိတို့ကို ဆက်လက်တစ်ဖန် သင်ပြန်တော်မူလေသည်။

ထိုအနောက်ပြင် မြတောင်တိုက် တောင်ရွှေရေးကျောင်း၌ တစ်ဝါ တစ်နွေ နေပြီး

လျှင် ဂုဏ်တိုက်မှ ရွှေ့ပြောင်း၍ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် ဒုတိယ **သာသနာပိုင် ဒီပဲယင်း ဆရာတော်ဘုရားကြီး** ထံ နိယံမပြတ် ဆည်းကပ်၍ ဥပဇ္ဈာယ်ယူပြီးလျှင် ရှင်သာမဏေအဖြစ်နှင့်ပင် သဒ္ဒါငယ်၊ ဝစ္စဝါစကမှစ၍ အဘိဓမ္မာသင်္ဂဟကျမ်း ဋီကာကျော်ကျမ်း အစရှိသော ကျမ်းတို့ကို သင်အံ လေ့ကျက်တော်မူလေသည်။

ရှင်စန္ဒာသူရိယသည် မဟာဝိသုဒ္ဓါရုံတိုက်တွင် ပညာသင်ရင်း **သက်တော် ၁၉ နှစ် ၃ လသို့** ရောက်သောအခါ မွေးစားဖခင် ဦးဘိုးချို၊ မိခင် ဒေါ်မယ်ခတို့ကပင် သာသနာ့ဒါယကာ သာသနဒါယကာသာသနာ့အမွေကို ခံယူကြလျက် ပစ္စယာနုဂ္ဂဟ ပြုပြီးလျှင် မန္တလေးမြို့အရှေ့ပြင် အင်းကန်းတိုက် ရွှေကျောင်းနိကာယ ဒုတိယ သယ်ရာဇာ ဝိသုဒ္ဓါစာရာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇာဂုရု သွင်းပြု ခတ်နှိပ် မင်းလှူတံဆိပ်ကို ခံယူရရှိတော်မူသော **ရွှေကျောင်းသာသနာပိုင် ဆရာ တော် ဘုရားကြီး** ကို ဥပဇ္ဈာယ်ပြု၍ များစွာသော ကာရက သံဃာတော်အပေါင်း ခြံရံ၍ ဥပသမ္ပဒ **ရဟန်းမြတ်အဖြစ်သို့ ရောက်တော်မူလေသည်။**

**၅ ဝါအရ** တွင် **အထက်အလုံမြို့ ဒုတိယသာသနာပိုင် အုတ်ဖိုဆရာတော်** ဦးပရမထံတော်သို့ ပြောင်းရွှေ့ကာ ပိဋကတ်ကျမ်းအဖုံဖုံတို့ကို မွေ့နှောက်ကာ (၂) ဝါ တိုင်တိုင် သင်ကြားကြိုးကုတ် အားထုတ်ကာ နေလေသည်။ ရဟန်းတရား များ အားထုတ်နိုင်တော့မည်ဟု သမ္ဘဇဉ်ဉာဏ်ယှဉ်တွေးကာ အကြံကောင်းရသဖြင့် ဥပဇ္ဈာယ်ဆရာကိုမှ မပန်ကြားမိဘဲ **ရွှေဘိုခရိုင် ဒီပဲယင်းနယ် မဟာမြိုင် တောကြီး**သို့ ရှေ့ရှုကာ ခြေလျင်လျှောက်၍ ခရီးထောက် နားကာ နားကာ ကြွတော်မူရာ (၁၂) ရက် အကြာတွင် သင်းတပျံ့ပျံ့ နှင်းရနံ့ကြိုင်လှိုင်သော မဟာမြိုင်တောသို့ ရောက်လေသည်။ ထိုမဟာမြိုင်တော၌ သစ်ခုတ် ဝါးခုတ်သမား ဒါယကာများကို ဂေါစရဂါမ်ဆွမ်းခံရွာ ပြုကာနေ၏။

ဤကဲ့သို့ မဟာမြိုင်တောကြီးတွင် **(၇) ဝါ**တိတိ ကိုယ်စိတ်ချမ်းသာ ရွှင်လန်းကာဖြင့် သပ္ပာယလေးဝ မျှတစွာဖြင့် ရဟန်းတရားတို့ကို မဆုတ်မနစ် အားသစ်ကြိုးပမ်း၍ နေတော်မူစဉ် ဘေးလောင်းတော် ဘိုးလောင်း တော်တို့မှ စ၍ ပဉ္စမ သင်္ဂါယနာတင် သာသနာ့ဒါယကာ ဘဝရှင် မင်းတုန်းမင်းတြားတိုင်အောင် ပြုပြင် စောင့်ရှောက် ခိုးမြှောက်ကော်ရော် ပူဇော်တော်မူခဲ့သော ရောင်ရှင်တော် မကုဋ အတုလထိပ်တင် တိဂုံရှင် စေတီတော်မြတ်ကို ဆည်းကပ်ကြည်ညို သဒ္ဓါယိုဖိတ် ဖူးမြင်လို သောစိတ် အကြံဖြစ်ပေါ်လာကာ **ရန်ကုန်မြို့** သို့ ကြွတော်မူ၍ **တိဂုံရှင် စေတီတော်** အလယ်ပစ္စယ **တနင်္ဂနွေထောင့်ရှိ ဇရပ်တစ်ဆောင်** ကို ကျောင်းအမှတ်

မိုတင်း၍ ကိုးရက်တိုင်တိုင် စေတီတော်မြတ်ကြီးအား အစလသဒ္ဓါ ထက်သန်စွာဖြင့် ဗုဒ္ဓါရမ္မဏာပီတိ ဇောဝိထိကျကာ ပူဇော်တော်မူသည်။

ဤကဲ့သို့ တိဂုံရှင်စေတီတော်မြတ်အား အစလသဒ္ဓါ ထက်သန်စွာဖြင့် ဗုဒ္ဓါရမ္မဏာ ပီတိ ဇောဝီတိကျကာ ပူဇော်၍ နေစဉ် သမ္မာဒေဝနတ်များ တိုက်တွန်း နှိုးဆော်လေ သလားမသိ၊ ရန်ကုန်မြို့ **ကြည့်မြင်တိုင် ဟုမ်းလမ်း အိမ်တော်၌** စံတော်မူ သော **အိမ်ရှေ့မင်းသား ဘကြီးတော် လင်းပင်းမင်းသားကြီးနှင့်** ဘဝရှင် **မင်းတုန်းမင်းသမီးတော် မင်းတပ်ထိပ်ခေါင်တင် အရီးတော်နှစ်ပါးနှင့်** တွေ့ဆုံကာ ရှေ့ဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ အမှတ်တရအဖြစ်မျိုးနှင့် တိုက်ဆိုင် နှိုးနှောမိသောအခါ ပြော် တူတော်ကြီးပါလား အရီးတော် ဘကြီးတော် စသည် တို့ဖြင့် ဇာတိ မျိုးနွယ်ဆက်သွယ်ခြင်းကြောင့် **ကြည့်မြင်တိုင် ဥယျာဉ်တိုက် မဟာမြိုင်ကျောင်း၌** သီတင်းသုံးတော်မူရန် ဆွေတော် မျိုးတော်တို့၏ လျှောက် ထားတောင်းပန်တော်မူချက်အရ **မဟာမြိုင်ကျောင်း၌ အရှင်စန္ဒာသူရိယ ဟူသော ဘွဲ့တံဆိပ်** ခတ်နှိပ်၍ ယာပထလေးလီဖြင့် မျှညီရွှင်ပျော် သီတင်းသုံး တော်မူလေသည်။

ဤအရာ၌ ဘုန်းဘုရား သီတင်းသုံးတော်မူသော **မဟာမြိုင်ကျောင်း** ဟူသော အမည်သည် ခုနစ်နှစ်တိုင်တိုင် တောရဆောက်တည်တော်မူခဲ့သော မဟာမြိုင် တောကို အစွဲပြု၍ ဌာနူပစာအားဖြင့် မဟာမြိုင်ကျောင်းဟု အမည်ပြု ခေါ်တွင်ခြင်း ဖြစ်သည်။

**အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော်** ဘဝနတ်ထံစံလွန်တော်မူသောအခါ ဥယျာဉ်တိုက်ရှိ အားလုံးသော သံဃာတော်များက ကျေးဇူးရှင် ဘုန်းဘုရားကြီးအား ဥယျာဉ်တိုက် နိကာယ ဂဏာစရိယ ဂဏာဘိပါလကအဖြစ်သို့ တင်မြှောက် တော်မူ လေသည်။ ထိုမှတစ်ပါး မြန်မာနိုင်ငံ ဘုရင့်ဆွေတော်မျိုးတော်အသင်းကြီး၏ ဦးစီး နာယက ဩဝါဒါစရိယအဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို ပြုကြလေသည်။

ထိုမှ တစ်ပါး ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီးသည် လောက သာသနာနှစ်ဖြာ အကျိုးကို သယ်ပိုးတော်မူရင်း (၁၂၉၃) ခုနှစ် ပြာသိုလဆန်း၊ (၂) ရက်နေ့တွင် ဟံသာဝတီခရိုင် **ကျိုက်ကမော့တောင်** ပေါ်ရှိ ရှေးပုဂ္ဂိုလ်များ ဖြစ်သော မွန်မင်း **ဘိုးမင်းစောနောင်မင်း** တည်ထားကိုးကွယ်တော်မူခဲ့၍ ပျက်စီးလျက်ရှိသော စေတီတော်အား တပည့် ဒကာ ဒကာမတို့၏ စေတနာ သဒ္ဓါတရားကို ခံယူပြီးလျှင် အသစ်ပြန်လည် တည်ထားကိုးကွယ်တော်မူလေသည်။ ထိုစေတီတော်ကြီး ပျက်စီး

နေသည်ကို အသစ်တစ်ဖန်ပြန်လည်တည်ထား ကိုးကွယ်သည်မှအစပြု၍ ဝန်းကျင် ပတ်ချာရပ်ဒိသာတို့တွင် သာယာအေးချမ်း ဘေးမသန်းဘဲ ရွှင်လန်း ကြည်ဖြူ ဖြစ်ကြလေသည်။

**ရွှေဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ နှစ်တစ်ရာ**

၁၉၅၉ ထိုမှ တစ်ပါး ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီးသည် မုဆိုးဆက် ဆယ်ဆက်မြောက် ဘိုးတော် ပဥ္စမသင်္ဂါယနာတင် သာသနာ့ ဒါယကာ ဘဝရှင် မင်းတုန်းမင်းတြား ကြီးသည် အုတ်ကျစ်ကျော်အေး မန္တလေး လင်္ကာအရ ၁၂၂၀ ခုနှစ်မှစ၍ အသစ် တည်ထောင်ဖန်ဆင်းခဲ့သော ရတနာပုံမြို့တော်သည် ၁၃၂၀ ခုနှစ်သို့ရောက်သော အခါ အနှစ်တစ်ရာ ပြည့်မြောက်သည်ဖြစ်၍ ရတနာပုံမြို့တော်တွင် နှစ်တစ်ရာပွဲ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက် ဆင်နွှဲနေခိုက်ဝယ် ရန်ကုန်မြို့ ရဟန်းပရိသတ် လူပရိသတ်တို့ဖြင့် ကြွတော်မူ၍ ၁၅၀၀ တန် ရွှေမဏ္ဍပ်နှင့်တကွ ဧည့်ခံတော်မူကာ လေးပြင်လေးရပ်ရှိ သီလဝန်ထေရ်မော် သံဃာတော် တစ်ရာကျော်တို့အား တစ်ပါးလျှင် တစ်ရာ ကျော်တန် အလှူဝတ္ထုတို့ကို ပေးလှူတော်မူကာ ၇ ရက် တိုင်တိုင် လာလာသမျှ ပရိသတ်တို့အား စတုဒိသာအလှူ ပေးတော်မူလေသည်။

**စန္ဒာမုနိ အသစ်ပြုပြင် ထီးတော်တင်**

၁၉၆၀ ထိုမှတစ်ပါး ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီးသည် မြင်ကွန်းမြင်းခုံတိုင် ဓားရေးဖြင့် နတ်ရွာစံတော်မူသော ဘိုးတော်အိမ်ရှေ့ဥပရာဇာ 'သီရိပဝရ မဟာသုဓမ္မရာဇာ' ဘွဲ့တော်ခံ ကနောင်မင်း၏ ကျေးဇူးတော်ကို အထူးဆပ်လိုသော ဆန္ဒတော်ပို သဖြင့် ဥက္ကောင်းကျရာ မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအနီးရှိ စန္ဒာမုနိ စေတီတော်ကို ရေတပ်ဗိုလ်မှူးတင်သိန်းလူ၊ ဇနီး ဒေါ်ခင်ခင်စု၊ သားသမီး တစ်စုတို့အား လှူဒါန်းပြုပြင်စေတော်မူကာ ၁၃၂၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ သောကြာနေ့ ၁၂ နာရီအချိန်တွင် ကြီးကျယ်အုံသြ ပြော၍မခမ်း မင်းခမ်း မင်းနား ဆန်းပြား ဖုံဖုံ ပရိသတ်ဗိုလ်ပုံတို့ဖြင့် ကြီးစွာသော အလှူကုသိုလ်တော်ကို ၅ ရက်တိုင်တိုင် ပေးလှူ ကျွေးမွေးကာ ထီးတော်တင်လေသည်။

၎င်းစန္ဒာမုနိစေတီတော် ထီးတော်တင်ပွဲကို ကြွတော်မူသော ကျေးဇူးရှင်ဘုန်းဘုရား ကြီးသည် ရန်ကုန်မြို့မှ ရထားတွဲလုံးငှား၍ ရဟန်းပရိသတ် လူပရိသတ် တစ်ရာ ကျော်တို့ဖြင့် အောင်စည်ဟိန်းကာ ကြွတော်မူလေသည်။ ရန်ကုန်မြို့မှ နာမည် ကျော် ရွှေလိပ်ပြာ အငြိမ့်အဖွဲ့၊ ပုဏ္ဏားပျံ ဦးကျော်အေး ရုပ်စုံအဖွဲ့က လူပေါင်း ၂၀၀ ကျော်တို့ကိုပါ ထီးတော်တင်ပွဲ၌ ကပြ ဖြေဖျော်စေရန် လိုက်စေတော်မူသည်။

မန္တလေးမြို့ စိတ္တရမဟီရပ် ဘိုးတော် စိတ္တရနှင့် ပါရမီဂိုဏ်းသား တပည့်အများတို့က စန္ဒမုနိစေတီ ထီးတော်ကို လှူဒါန်း၍ ၂၀၀၀ ကျော်တန် ရွှေမဏ္ဍပ်နှစ်ခုဖြင့် ညစဉ် ဆိုင်းများကို ပြိုင်၍ တီးစေကာ မန္တလေးမြို့ နာမည် ကျော် မြို့တော်စိန်ဇာတ်အဖွဲ့၊ နယ်လီမြိုင်အငြိမ်အဖွဲ့တို့ဖြင့် ဖြေဖျော်၍ လာလာသမျှ ပရိသတ်တို့အား စတုဒိသာ ထမင်းဟင်းတို့ဖြင့် ကျွေးမွေး လှူဒါန်းကူညီတော်မူကာ ကုသိုလ်ပြုလေသည်။

ထိုမှတစ်ပါး ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီးသည် ထီးတော်တင်ပွဲဆင်နွှဲပြီးနောက် အမရပူရခေတ် ဘိုးတော်ကောင်းမှုတည်ထားပြုခဲ့သော ကမ္ဘာ့အံ့ဖွယ် အကြီးဆုံး ခေါင်းလောင်းကြီး၊ ဘုရားကြီး၊ ခြင်္သေ့ကြီး၊ ရေကန်ကြီး ဂှင်းကြီးလေးကြီး ရှိရာ မင်းကွန်းသို့ ရေယာဉ်ဖြင့် ကြွတော်မူ၍ ပုထိုးတော်ကြီးအား ကြည်ညိုကာ မင်းကွန်း သူအိုရုံရှိ လူအို တစ်ရာကျော်တို့အား ကျွေးမွေးလှူဒါန်း ဒါနပန်း ကြဲတော်မူလေသည်။

**တကောင်းကြွမို့ ပင့်လျှောက်စို့**

ထိုမှတစ်ပါး ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီးသည် ဉတ္တရတိုင်း သီဟဗလ သီရိပျံချီ သစ်တောမင်းကြီး ဦးစောလင်း၊ ကသာမြို့ သစ်တောခရိုင်ဝန် ဦးအောင်မြင့်၊ ဝန်ကတော် ဒေါ်ခင်ငြိမ်းလှတို့၏ ပင့်လျှောက်ချက်အရ အညာ တကောင်းမြို့တော်အနီး ပုဂံမြို့ရွှေစည်းခုံ စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံရန်အလို့ငှာ ၁၃၂၂ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့၌ ရန်ကုန်မြို့မှ ထွက်တော်မူ၍ ဂှင်းလဆန်း ၉ ရက်၊ ည ၁၂ နာရီအချိန် ဧရာဝတီ တတိယမြစ်ကျဉ်းအထက်နား သပိတ်ကျင်းမြို့အနီး သီဟတောဘုရားသို့ ရောက်တော်မူလေရာ ထိုသီဟတောဘုရားတွင် ဘုန်းဘုရားကြီးသည် သဒ္ဓါဇောမြတ်သော မနတ်ဝေဖြာ စေတနာဖြင့် လေးရက်တိုင်တိုင် ကြည်ညို တော်မူကာလာသမျှ ပရိသတ်တို့အား စတုဒိသာ ကျွေးမွေး၍ ဒါနပန်းမိုး ရွာဖြိုးတော်မူလေသည်။

သီဟတောစေတီတော်မြတ်အား ဧရာဝတီမြစ်ရေတို့သည် အဟုန်ပြင်းစွာ တိုက်ခတ်သဖြင့် ပျက်စီးလေရာ ဉတ္တရ တိုင်း သီဟဗလသီရိပျံချီ သစ်တောမင်းကြီး ဦးစောလင်း၊ ကသာသစ်တောဝန် ဦးအောင်မြင့်တို့ ဦးဆောင်၍ တိုင်းပြည်သို့ အလှူခံကာ စေတီတော်မြတ်အား ပြုပြင်မွမ်းမံ ပြန်လေသည်။

**ကန်တော့စံခေါ် စေတီတော်**

ထိုမှ တစ်ဖန် ကျေးဇူးရှင် ဘုန်းဘုရားကြီးသည် တပည့်ပရိသတ်တစ်ရာကျော်ဖြင့်

တကောင်းမြို့သို့ ကြွတော်မူပြန်ရာ တကောင်းမရောက်မီ ဆင်ညပ်ကုန်းခေါ် အရပ်သို့ ရောက်သည်တွင် ထိုရွာ၌ မော်တော်ဆိုက်ခိုက် ဖူးမြော်ကန်တော့ကြရာ ဘုန်းဘုရားကြီးသည် ဖူးမြော်ကြသော ပရိသတ်တို့ကို လက်ဖက်တစ်ရိုးစီ ပေး၍ အမျိုးစပ်လေသည်။ ထိုဆင်ညပ်ကုန်းရွာဦး မော်တော်ဆိုက်ရာအရပ်၌ ရွာလူထု ပရိသတ် ကန်တော့သည်ကို အစွဲပြု၍ ကန်တော့ခံ ဘုရားတစ်ဆူကို ဗိုလ်မှူး **တင်သိန်းလှ၊ ဇနီး ဒေါ်ခင်ခင်စု** တို့အား လှူဒါန်းစေပြီး ဘုရားဒကာပြုစေကာ **ကိုးနဝင်းကပ်ကျော်** စေတီတော်ကို အာရုံခံတန်ဆောင်းနှင့်တကွ တည်စေ တော်မူသည်။

**ထီးမှုနန်းဟန် ကြွင့်နန်းဆန်**

ထိုမှတစ်ဖန် ကျေးဇူးရှင် ဘုန်းဘုရားကြီးသည် တကောင်းမြို့သို့ ကြွတော်မူရာ တကောင်းမြို့တော်သူ မြို့တော်သားတို့သည် ဘုန်းဘုရားကြီးအား မင်းခမ်း မင်းနား ဆန်းပြာဖုံဖုံ ပရိသတ် ဗိုလ်ပုံတို့ ခြံရံ၍ ဝေါတော်ဖြင့်ထမ်းကာ ကသာ သစ်တောဝန် **ဦးအောင်မြင့်၊ ဇနီး ဒေါ်ခင်ငြိမ်းလှ၊ သား ချစ်ကိုကို** တို့သည် နိဗ္ဗာန်ကို ရည်မှန်း၍ ဆောက်လုပ် လှူဒါန်းအပ်သော စန္ဒသူရိယစံနန်းတော်ရှိရာ ပုဂံမြို့ ရွှေစည်းခုံဘုရားသို့ စည်ကားသိုက်မြိုက်စွာဖြင့် ပင့်ဆောင်ကြလေသည်။

၁၉၆၉ ဆရာတော်ကြီးသည် သာသနာရေးဆိုင်ရာများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော် မူပြီးနောက် (၈. ၄. ၁၉၆၉) ရက်၊ အင်္ဂါနေ့ ညနေ (၄း၅၀) နာရီအချိန်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူခဲ့ပါသည်။

စစ်ကိုင်း ရတနာဆင်များရှင်စေတီနှင့် မဟာမြိုင် အရှင်စန္ဒာသူရိယနှင့် ဦးခန္တီတို့ အကြောင်းကို လေ့လာရာတွင် တပည့်အရင်း ဒကာအရင်းများထံမှ အချက်အလက် များစွာ ရရှိပါသည်။ အောက်ပါအချက်အလက်များမှာ အလွန် လူသိများသော အချက်အလက်များဖြစ်သော်လည်း နောင်သောအခါ မှတ်တမ်းသီးခြားမရှိလျှင် မေ့ပျောက်သွားပါလိမ့်မည်။

ကျွန်ုပ်သည် ရသေ့ကြီး ဦးခန္တီ၏ခြေရာကို ရှာဖွေရာ ဆင်အကောင်တစ်ရာတွင် တစ်ကောင် အသက်ရှင်လျက် ပတ္တမြားမျက်ရှင်ရှိသည်ဟု အစဉ်အလာကျော်စော ခဲ့သော စစ်ကိုင်းမြို့ ရတနာ စေတီဆင်များရှင်သို့ ရောက်ရှိသွားပါသည်။

ရှေးအခါက ရသေ့ကြီး ဦးခန္တီသည် ဆင်များရှင် စေတီကို ပြုပြင်ခဲ့ဖူးသည်ဖြစ်ရာ ဦးခန္တီ၏ တံဆိပ်တုံးကလေးတစ်ခုကို ကျွန်ုပ်ရရှိခဲ့ဖူးပါသည်။ ထိုတံဆိပ်တုံး

ကလေးမှာ စစ်ကိုင်း ဆင်များရှင်ဟူသော စာတမ်းကလေးကို တွေ့သဖြင့် ကျွန်ုပ်သည် ဆင်ဖြူများရှင်ကို အလွန် ရောက်ဖူးချင်ပါသည်။

ထို့နောက် ရောက်သောအခါ သဒ္ဒါထက်သန်စွာဖြင့် ဆရာကြီး ဦးဖိုးထူး ဦးထိပ်ထား၍ မောင်ပန်းမွှေးကောင်းမှုဟု ကမ္ပည်းတပ်ကာ အလှူများပြုခဲ့ဖူးပါသည်။ ထိုစဉ်က ကျွန်ုပ်၏ လောကီပညာ ဆရာမှာ ဆရာဦးသန်းစီ ဖြစ်ပါသည်။ မူလဒါယကာမှာ မိုးညှင်းမင်းတရားကြီး မင်း ဖြစ်၏။ သို့သော်လည်း ဦးခန္တီက ပြန်လည်ပြုပြင်ခဲ့၏။

ကျမ်းကိုး။ ရွှေကိုင်းသား ဦးသောဘိတ၊ ဆင်ဖြူများရှင်သမိုင်းလည်း ကြည့်ပါ။

အေဒီ ၁၉၄၇ ထို့နောက် ခရစ်နှစ် (၁၉၄၇) ခု၊ ဇူလိုင်လ (၁၆) ရက်နေ့တွင် မြေငလျင်ကြီးလှုပ်သဖြင့် အကြီးအကျယ် ပြိုပျက်ခဲ့ပြန်လေသည်။ ထို့သို့သော အစဉ်အလာရှိသည့် စစ်ကိုင်း ဆင်များရှင် စေတီအကြောင်း စပ်စုသောအခါ သတင်းအဟောင်းများကို အားကိုးတကြီး ရှာဖွေရပါသည်။

ကျမ်းကိုး။ စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင် စေတီတော်သမိုင်း၊ အဖွဲ့မှထုတ်ဝေသည်၊ စစ်ကိုင်းမြို့ အတုလဝတီစာပုံနှိပ်တိုက် ၁၃၂၀ တပေါင်းလ၊ အဖိုး ၁ ကျပ်။

အေဒီ ၁၉၅၈ ခရစ်နှစ် (၁၉၅၈) ခု၊ စက်တင်ဘာလ (၅) ရက်၊ မြန်မာသက္ကရာဇ် (၁၃၁၈) ခု၊ တော်သလင်း လဆန်း (၁) ရက်နေ့ထုတ် လူထုသတင်းစာ အမှတ် (၇၈၉) တွင် စစ်ကိုင်းဆင်များရှင်စေတီကို တစ်ဦးတည်းဒါယကာခံ၍ ပြင်ဆင်လိုသူ ကုသိုလ်ရှင်ပေါ်ပြီ ဟူသော ခေါင်းကြီးပိုင်းကို ဖတ်ရှုရပါသည်။

ကျမ်းကိုး။ လူထုသတင်းစာ အမှတ် ၇၈၉၊ ၁၉၅၈ ခုနှစ် စက်တင်ဘာ ၅ ရက်ကိုကြည့်။

၎င်းနောက် ဆက်လက်ရှာဖွေပြန်ရာ ငလျင်ကြောင့် နာရီပိုင်းအတွင်း မြို့ပျက်ကြီးဖြစ်ရတဲ့ စစ်ကိုင်း၊ အပျက်အစီးများ အကြားမှာ တစ်ချို့ တစ်ချို့ ဟစ်အော် ငိုကြွေးတမ်းတသံများက တိတ်ဆိတ်နေသော မြို့ပျက်ကြီးကို အသက်ဝင်လာစေနိုင်သော်လည်း ရင်နာဖွယ်၊ ကြေကွဲဖွယ်၊ စိတ်မချမ်းမြေ့ဖွယ်ကောင်းလှခြင်းဟု ခေါင်းကြီးတပ်ထားသော (၁၉၅၆) ခု၊ ဇူလိုင်လ (၁၈) ရက်နေ့ထုတ်၊ လူထုသတင်းစာ အမှတ် (၇၄၉) ကို တွေ့ရှိရပါသည်။

ကျမ်းကိုး။ လူထုသတင်းစာ အမှတ် ၇၄၉၊ ခရစ်နှစ် ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၈ ရက်ကို ကြည့်။

အေဒီ ၁၉၅၆ ထို ခရစ်နှစ် (၁၉၅၆) ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် နေ့လယ်ပိုင်းအထိ လှုပ်နေသေးသော ငလျင်ကြားမှ အလောင်းပေါင်း (၃၀) ခန့် တူးဖော်ရရှိထားပြီးဖြစ်သော်လည်း နောက်ထပ် အလောင်းများ တွေ့ရှိရလိမ့်ဦးမည်ဟု မျှော်လင့်တူးဖော်နေရခြင်းဟူသော သတင်းကို လည်းကောင်း၊ စစ်ကိုင်းတိုက်တာ (၈၀) ရာနှုန်းပြိုပျက်ပြီး ကျန် (၂၀) ရာနှုန်း ကွဲအက်သွားခါ စစ်ကိုင်းတံတားကြီးကိုလည်း မီးရထားကူးခွင့် မပြုဘဲ ပိတ်ထားရခြင်းဟူသော သတင်းကိုလည်းကောင်း ဖတ်ရှုရပါသည်။ ထိုအချိန်တွင် အခြားသတင်းတစ်ခုကို ဖတ်ရရာ မတ္တရာမြို့နယ် ငလျင်ကြီး၊ ကိုရင်တစ်ပါး ပျံလွန်ပြီး လူ (၇)ယောက် ဒဏ်ရာရသည်။ မြို့ထဲမှ တိုက်များ အားလုံးကွဲအက်ပြီး မြေများလည်း ကွဲအက်၍ ရေများထွက်လာသည်ဟူ၍ ဖတ်ရှုရပါသည်။

အေဒီ ၁၉၅၆ ၎င်းအပြင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော စစ်ကိုင်း ဆင်များရှင်ဘုရားကြီး ပြိုကျ ပျက်ဆီးနေသော အုတ်ပုံများအောက်မှ အကြောင်းဆိုးကြရှာသော မန္တလေး သုသာန်စောင့် (၁၄) ဦးတို့၏ အလောင်းများကို ဆွဲထုတ်ယူရသည်

ကျမ်းကိုး။ ၁၉၅၆ခု ဇူလိုင်လ ၁၈ရက် (၁၃၁၈ခု၊ ဝါဆိုလဆန်း ၁၁ရက်) ဗုဒ္ဓဟူးနေ့၊ အမှတ် ၇၄၉ လူထုသတင်းစာတွင် တွေ့ရှိရပါသည်။

ထို့ကြောင့် ယခုခေတ် ခေတ်စားနေသော မာလာမုန်တိုင်းများ အကြောင်းကိုလည်းကောင်း၊ ဆူနာမီ မုန်တိုင်းများ အကြောင်းကိုလည်းကောင်း ဆက်စပ်စဉ်းစားမိပါသည်။ ဌာပနာတွင်းမှ တွေ့ရှိသော ပတ္တမြားမှာ ၃ ရတီခန့်ရှိ၍ စစ်ကိုင်းကျောက်နားလည်သော ပန်းထိမ်နှင့် ရွှေထည် များက အရည်အသွေးကောင်းလှ၍ အဖိုးမဖြတ်ဝံ့ပါဟု ဆိုကြပါသည်။

ကျမ်းကိုး။ ၁၉ အောက်တိုဘာ ၁၉၅၇ ၊ ၁၃၁၉ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၁၁ရက်၊ စနေနေ့ လူထုသတင်းစာတွင်မူကား အဖိုးမဖြတ်ဝံ့သေးသော ပတ္တမြား စစ်ကိုင်း ဆင်များရှင် ဌာပနာတိုက်တွင်းမှ တွေ့ရှိရသော သတင်းကို ဖတ်ရှုရပါသည်။

ထိုစဉ်က ငွေ (၁၀၀၀) ဖြင့် ကန်ထရိုက်ပေး၍ အုတ်ပုံများကို ဖြိုဖျက် ရှင်းလင်းခဲ့ရကြောင်းသိရှိရပါသည်။ ထို့နောက် ရွှေကိုင်းသားအမည်ခံ ယွန်းချောင်းဆရာတော် ဦးသောဘိတ ဆရာတော်က ပြန်လည်တည်ဆောက်မည့် စေတီတော်ပုံတော်ကို ရေးဆွဲတင်ပြပါသည်။နိုင်ငံတော်က အတည်ပြုခဲ့ပါသည်။

အေဒီ ၁၉၆၀ အုတ်မြစ်ချအခမ်းအနားကို (၂၇) ဇွန် လ (၁၉၆၀) ခု (၁၃၂၂ ခုနှစ်၊ ပထမဝါဆို လပြည့်နေ့) တွင် ကျင်းပခဲ့ပါသည်။

ထိုအခါ ညှော်ခံမဏ္ဍပ်တွင် အကျော်အမော် အပေါင်းတို့ကို တွေ့ရှိရပါသည်။ အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၊ အလင်္ကာ ဦးဟန်ပ၊ ဆိုင်းအလင်္ကာ ဦးဘမောင် တို့က တွဲဖက်သီဆို တီးမှုတ်ကြပါသည်။ ထိုအခါ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်က မင်္ဂလာပိုဒ်စုံရတုများကို သီဆိုပါသည်။ တိုင်းချစ် သန်းစိန်က ဘုန်းတော်ဘွဲ့မင်္ဂလာသီချင်းကြီးများဖြင့် သီဆို ညှော်ခံပါသည်။

ထိုစဉ်ကောင်းကောင်းမှတ်မိသည်မှာ ပွဲတော်ပြီးဆုံးသည်အထိ လာရောက်ကြသော ဘုရားဖူးများ အသွားအလာ လွယ်ကူစေရန် မီးရထား မီးသင်္ဘောတို့၏ လက်ရှိနှုန်းထားအပေါ် (၂၅)ရာနှုန်းလျှော့ပေါ့ ကောက်ခံရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် သယ်ယူပို့ဆောင်ရေး စာတိုက် ကြေးနန်းဝန်ကြီးဌာန အတွင်းဝန်ကိုယ်စား မစ္စတာဒီအီးဂွန်(စ်)ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ အထူးအားဖြင့် ပို၍မှတ်မိသည်မှာ ဆင်များရှင် ဘုရားကြီး အရှေ့ ဘက်တွင် ပွဲတော်ဘူတာတစ်ခုကို အထူးတီထွင်ဖန်တီးလျက် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ကုသိုလ်ယူကြပါသည်။

၎င်းနောက် အထူးမှတ်မိသောအချက်မှာ ဘုရားကြီးသည် နောင်သောအခါ အလှူခံဌာနများ ဖွင့်လှစ် အလှူခံခဲ့ပါသော်လည်း ထင်သလောက် ခရီးမပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

အေဒီ ၁၉၇၀ ခရစ်နှစ် (၁၉၇၁) ခုနှစ်၊ မေလ (၉) ရက် (၁၃၃၃ ခု ကဆုန်လပြည့်) တနင်္ဂနွေနေ့တွင် တစ်မြို့လုံးပါဝင်သော ညောင်ရေ သွန်းပွဲကြီး ကျင်းပခဲ့ကြပါသည်။ ပွဲတော်ကြီးနှင့်အတူ ဌာပနာတော်များ ထည့်သွင်းပူဇော်ခဲ့ပါသည်။ ဌာပနာပိတ်ပွဲလည်း ကျင်းပခဲ့ပါသည်။ သို့သော်လည်း ငွေရေးကြေးရေး အဆင်မပြေသဖြင့် တာဝန်ယူထားသော ဆရာတော်အပေါင်း ပုဂ္ဂိုလ် အပေါင်းတို့မှာ စိတ်ဝမ်းညှိုးငယ်လာကြသည်ဟု ဆိုပါသည်။ သို့နှင့် (၁၀) နှစ်ကျော် ကြာခဲ့သော်လည်း တိုးတက်မှုမရှိသဖြင့် နောက်ဆုံးတွင် ဘုရားကြီးပြီးဆုံး အောင်မြင်ရန် သစ္စာအဓိဋ္ဌာန် ပြုကြသည်ဟု သိရပါသည်။ သစ္စာပြုပုံမှာလည်း အလွန်တိကျ၏။ ဆန်းကြယ်၏ဟု ဆိုရပါမည်။ သစ္စာဆိုပုံကိုလည်း ကြည့်ပါဦး။ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဆင်များရှင်စေတီတော်ကြီးအား မိမိအနေဖြင့် အားသွန်ခွန်စိုက် ဦးဆောင်လုပ်ကိုင်နေသော်လည်း ပြီးစီးမည့် လက္ခဏာ မြင်တော်မမူပါသဖြင့်၊ ယနေ့မှ စတင်၍ (၂) နှစ်တာအတွင်းမှ ပြီး မြောက်အောင်မြင်ခြင်းသို့ မရောက်ပါက၊ ပြုပြင်ရေးလုပ်ငန်းအား ဆက်လက် မလုပ်ကိုင်လိုတော့ပါ၊ ကုန်းတော်ပေါ် သို့ပင် မတက်

တော့ပါဘုရား၊ သို့ဖြစ်ပါ၍ ဘုရားပြီးမြောက်အောင်မြင်အောင် လှူဒါန်းနိုင်မည့် ပုဂ္ဂိုလ်များ ပို့ပေးတော်မူပါဘုရား' ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့ခြင်း ဖြစ်လေသည်။

အေဒီ ၁၉၈၂ ဤသို့ အဓိဋ္ဌာန်ပြုပြီး မျှားမကြာမီ (၁၉၈၂) ခုနှစ်၊ (၁၃၄၄ ခုနှစ်) နှစ်ဦးပိုင်းတွင် ဗိုလ်မှူးကြီး တင်သိန်းလူနှင့် ဇနီး ဒေါ်ခင်ခင်စု မိသားစုတို့သည် စစ်ကိုင်းမြို့သို့ ရောက်ရှိလာပြီး ဆင်မျှားရှင် ဘုရားကြီးအား လှူဒါန်းလိုသည်ဖြစ်၍ ဘုရားကြီးအား ဦးဆောင်ပြုပြင်တော်မူသည့် လေးကျွန်း မြေအုတ်ကျောင်းဆရာတော် ဦးသာဂရ အား ဖူးတွေ့ရန် သွားရောက်ခဲ့ကြသည်။ သို့ရာတွင် ဆရာတော်သည် ရန်ကုန်သို့ ကြွသွားသဖြင့် မဖူးတွေ့ခဲ့ကြရပေ။ သို့ရာတွင် နောက်တစ်ကြိမ် လာရောက်မည်ဖြစ် ကြောင်းနှင့် ရန်ကုန်လိပ်စာပါပေးကာ ပြန်ခဲ့ကြပါသည်။

တစ်နှစ်နီးပါးခန့်ကြာသောအခါ ဗိုလ်မှူးကြီးတင်သိန်းလူနှင့် မိသားစုများသည် စစ်ကိုင်းမြို့သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ရာ ဆရာတော်သီတင်းသုံးရာ လေးကျွန်း မြေအုတ်ကျောင်းသို့ သွားရောက်ဖူးမြော်ပါသည်။ ထို့နောက် ဆရာတော်နှင့်အတူ ဆင်မျှားရှင်စေတီသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြလေသည်။

"ဆရာတော်ဘုရား တပည့်တော် ဤဘုရားကြီးကို ဘယ်လောက်ပဲကုန်ကုန် တစ်ဦး တည်း ဒါယကာခံကာ ပြုပြင်သွားပါမည်ဘုရား" ဟု လျှောက်တင်လေသည်။

တစ်ဦးတည်း ဒါယကာဖြစ်သူ ဗိုလ်မှူးကြီး တင်သိန်းလူအကြောင်းကို စစ်ကိုင်းမြို့ ရတနာစေတီ ဆင်မျှားရှင် စေတီတော်ကြီးသမိုင်းတွင် ဖတ်ရှုရပါသည်။

> ကျမ်းကိုး။ မူလကျမ်းပြုဆရာမှာ ဦးသောဘိတ ဖြစ်၏။ ဦးသောဘိတမှာ ရတနာပုံ ဖိုးမှတ်စု၊ မှတ်စုမောင် စစ်ကိုင်းဖိုးရာဇာ၊ ရွှေကိုင်းသား စသော ကလောင်အမည်များဖြင့် စာပြု ကျမ်းပြု စာရေးဆရာကြီး ဖြစ်ပါသည်။ အဘိုးဖြစ်သူမှာ မိုးတား ဝန်ထောက်မင်း ဖြစ်၏။ ဆင်ယင်ထုံးဖွဲ့မှု ဟူသော ကျမ်းဖြင့် စာပေဗိမာန်ဆုကြီးကို ရခဲ့ဖူးသူဖြစ်၏။ နှစ်တစ်ရာပြည့် မန္တလေး၊ ပတ္တမြားစေတီ ဘုရားသမိုင်း၊ ပုညရှင်ဘုရား သမိုင်း၊ ရွှေကြက်ယက်ဘုရား သမိုင်း၊ အင်ကြင်းတော ဘုရားသမိုင်း၊ လောကမကိုဋ် ဘုရားသမိုင်းတို့ကို ပြုစုခဲ့သူဖြစ်၏။ ကျွန်ုပ် ကောင်းစွာ မှတ်မိသည်မှာ ရွှေကိုင်းသားအမည်ခံ ဆရာတော် ဦးသောဘိတသည် သက်တော် (၇၈) နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း ဖြစ်ပါသည်။ ထိုနေ့သည် ၁၉၈၇ခု၊ ဇွန်လ ၂၉ ရက်နေ့ ဖြစ်ပါ၏။

အေဒီ ၁၉၈၃ ရွှေကိုင်းသား မှတ်တမ်းတင်ခဲ့သော ရတနာစေတီ ဆင်မျှားရှင်ဘုရားကြီးနှင့် တစ်ဦး တည်းသော ဒါယကာ ဗိုလ်မှူးကြီး တင်သိန်းလူအကြောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

အေဒီ ၁၉၈၃ ရန်ကုန်မြို့ မဟာမြိုင် ဆရာတော် အသျှင်စန္ဒာသူရိယအား အမှူးထား၍ တပည့်သားသမီးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီးတင်သိန်းလူ၊ ဗိုလ်မှူးကြီးကတော် ဒေါ်ခင်ခင်စုတို့သည် ဆရာတော် ဦးသာဂရ၏ ဦးဆောင်မှုဖြင့် မြန်မာသက္ကရာဇ် (၁၃၄၅) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အလှူငွေများ စတင်လှူဒါန်းသည်။ နယုန်လမှစတင်၍ ဘုရားကြီးအား စတင်ပြုပြင်တည် ဆောက် တော်မူခဲ့ပါသည်။လေးလခန့်အကြာ၌ ဘုရားကြီး၏ ရုပ်လုံးတော်မှာလည်း ပေါ်လာပြီဖြစ်သော ကြောင့် မြန်မာသက္ကရာဇ် (၁၃၄၅) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင် ထီးတော်ပင့်ဆောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထီးတော်ကြီးအား ဆင်တော်ဖြင့် ပင့်ဆောင်စေလျက် မိုးဇာ၊ ပန်းဘဲတန်း၊ ဧမြဝတီ၊ လေးကျွန်းမြေ၊ ရိုင်တန်းရပ်ကွက်များမှ ဆွမ်းတော်ကြီးအရုဏ်တော် ဝတ်အသင်းများ၊ ရွှေဝင်း၊ နောက်ဝင်း၊ ဒေဝါဝင်း၊ ရာဇဝင်း၊ အတီးအမှုတ် အကအခုန်တို့ဖြင့် တခမ်းတနား ပင့်ဆောင်တော်မူခဲ့လေသည်။

အေဒီ ၁၉၈၃ မြန်မာသက္ကရာဇ် (၁၃၄၅) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄) ရက်နေ့တွင် ဒုတိယမင်းခေါင်၏ မယ်တော် အမိတ္တ မိဖုရားကြီး၏ ဌာပနာတော်များ ထည့်သွင်းပူဇော်လေသည်။

အေဒီ ၁၉၈၃ ဤသို့ဖြင့် (၁၃၄၅) ခုနှစ်၊ နယုန်လဆန်းမှ စတင်၍ လူအား ငွေအား အလုံးအရင်းဖြင့် အင်တိုက် အားတိုက် တည်ဆောက်ခဲ့မှု မြို့လူထု၏ တက်ကြွသည့်လုပ်အားဒါနတို့ကြောင့် (၉) လမျှဖြင့် ပြီးစီးအောင်မြင်ခဲ့ပါတော့သည်။

အေဒီ ၁၉၈၃ (၁၃၄၅) ခုနှစ်၊ တပို့တွဲလတွင် ဘုရားကြီးပြီးစီးအောင်မြင်တော်မူသဖြင့် တပေါင်းလဆန်း (၇) ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ထီးတော်ကြီးနှင့် စိန်ဖူးအထွဋ်တင်လှူပွဲတော်ကြီးကို (၉) ရက်တိုင်တိုင် ခမ်းနားကြီးကျယ် စွာကျင်းပခဲ့ပါသည်။ ထီးတော်တင်ပွဲကျင်းပသည့် အစ ထပမနေ့ ဖြစ်သော တပေါင်းလဆန်း (၇)ရက်နေ့တွင် ဘုရား ပရိဝုဏ်တွင် ဆောက်လုပ်ထားသော မဏ္ဍပ်များ၌ ပျားများ (၁၈)အုံ တိတိ လာရောက် အုံဖွဲ့သည်ကို ထူးဆန်း အံ့သြဖွယ်တွေ့မြင်ကြရပါသည်။ ထို့ပြင် ည (၁၁) နာရီအချိန်တွင် မြေငလျင် လှုပ်ခါသွားသည်ကိုလည်း တွေ့ရှိရပါသည်။ နောက်တစ်ရက် သတင်းစာများတွင် အခြား မည်သည့်နေရာဒေသတွင်မှ ငလျင် လှုပ်ခဲ့ခြင်း၊ အလျင်းမရှိဘဲ ထီးတော်တင်ပွဲကျင်းပရာ ဒေသဝန်းကျင်၌သာ လှုပ်ခဲ့ကြောင်း သိရသဖြင့် အလွန်ပင်ထူးခြားလှပါသည်။ ထီးတော်တင်ပွဲ ကြီးကို (၉)ရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ရာ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အထူးပင်စည်ကားလှပါသည်။ စိန်ညွန့်ဂီတဝိုင်းမှ ညစဉ် ဖြေဖျော်ဧည့်ခံခဲ့သည်။ သွင်ဝင်းနိုင်

ဇာတ်ညွှန်း ရေးသားစီစဉ်ပြီး ရတနာစေတီဆင်များရှင်ဘုရားကြီး၏ သမိုင်းနှင့် ဂုဏ်တော်ဘွဲ့ တေးသီချင်းများကို ပန်တျာချစ်လှိုင်၊ ဂန္ထဝင်မောင်ဝိုင်း၊ ရွှေတိုင်မြေ ခင်မောင်ဆွေ၊ ကိုတင် အောင်သန်းတို့မှ ရေးဖွဲ့ သီကုံးခဲ့ကြသည်။ အသံဖမ်း ဦးကျော် (အိုအေစစ်)မှ တာဝန်ယူပြီး ရုပ်ရှင်သရုပ်ဆောင် မေဝင်းမောင်၊ အဆို တော်များဖြစ်ကြသည့် ရီရီသန့်၊ သုမောင်၊ ခင်ခင်၊ မေခလာ၊ ခေတ္တရာ တမာချို၊ ကျော်ဇေယျလှိုင်၊ ဝင်းမြင့်လေး၊ တင်မောင်သန်းတို့မှ သီဆိုဧည့်ခံ ခဲ့ကြသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးလာကြသောကြောင့် အထူးပင် စည်ကားလှ သော ပွဲတော်ကြီးအဖြစ် မှတ်တမ်းတင်ရမည်ပင်ဖြစ်ပါသည်။

အေဒီ ၁၉၈၄ မြန်မာသက္ကရာဇ် (၁၃၄၆)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်း ပွဲတော်ကြီးနှင့် အတူ ဆရာတော် ဦးသာဂရ၏ ပင့်လျှောက်မှုဖြင့် ရန်ကုန်မြို့မှ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအပါအဝင် သံဃာတော်အပါး (၁၀၈) ပါးအား တစ်ပါးလျှင် ဝတ္ထုငွေ ၅၀၀၀/- နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် တော်မူပြီး ဘုရားကြီးအား အနေကဇာတင်တော် မူခဲ့သည်။

ဤသို့ ရတနာစေတီဆင်များရှင်ဘုရားကြီးအစမှ ပြီးဆုံးအောင်မြင်သည်အထိ ဗိုလ်မှူးကြီး တင်သိန်းလူနှင့်ဇနီး ဒေါ်ခင်ခင်စုတို့ မိသားစုမှ ကုန်ကျခဲ့သည့် အလှူတော် ငွေပေါင်းမှာ ထိုခေတ်ကပင် ကျပ်သိန်း (၃၀) ကျော် ကုန်ကျခဲ့သောကြောင့် ဗုဒ္ဓ ဘာသာဝင်သူတော်စင် အပေါင်း သာဓုအနုမောဒနာ ခေါ်စေနိုင်စေကြောင်း ကမ္ပည်းမော်ကွန်းရေးထိုး မှတ်တမ်းတင်လိုက်ရပါသည်။

> ကျမ်းကိုး၊ ကျေးဇူးတော်ရှင် မဟာမြိုင်၊ အသျှင်စန္ဒာသူရိယ၏ ထေရုပ္ပတ္တိ ကထာ၊ ၁၃၂၅ခု၊ တန်ဆောင်မုန်းလ၊ အောင်မိတ်ဆက် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ အင္ဂဝါသိကတပည့် အသျှင်ဝိဇယ ရေးသားသည်။ စာ-၁၂။

ထိုအချိန်က စစ်ကိုင်းတောင်ရိုးတွင် ပတ္တမြားစေတီအရောက် လမ်းဖောက်လျက် ရှိ၏။ ထို အကြောင်းတို့ကို လူထုသတင်းစာတွင် အကျယ်တဝင့်ဖော်ပြပါ၏။ ထိုအချိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟူသော ကြီးတစ်ကြီး၊ ရွှေဥဒေါင်းကြီး ဟူသော ကြီးတစ်ကြီး ထိုကြီးနှစ်ကြီး တို့ အခမ်းအနားသို့ တက်ရောက်ကြောင်း လူထုသတင်းစာက ဖော်ပြခဲ့ပါသည်။

မဟာမြိုင်ဆရာတော်ဘုရားကြီး ကျင့်ကြံအားထုတ်ခဲ့သော နေရာတစ်နေရာမှာ သန်လျင်မြို့ရှိ ကျိုက္ကမော့စေတီတော် တည်ရာနေရာဖြစ်၏။

> ကျမ်းကိုး။ အောင်သာကျော်၊ အောင်စခန်းတွေမှာ အောင်ပန်းတွေဝေခဲ့ သည့် မဟာမြိုင် ဘုန်းဘုရားကြီးနှင့် သိဒ္ဓိဝင်အပင်၊ ဝိဇ္ဇာမဂ္ဂဇင်း ၂၀၀၇ ခု၊ စက်တင်ဘာလ စာ ၆၁၊

ထိုနေရာတွင် မဟာမြိုင်ဆရာတော်ဘုရား သီတင်းသုံးခဲ့သော ဂူဟောင်းလည်း ရှိ၏။ ဇရပ် ဟောင်းလည်းရှိ၏။ ထိုကျိုက္ကမော့ စေတီတော်မြတ်ကြီးကို ဇေကမ္ဘာ ဉက္က၅ ဒေါက်တာခင်ရွှေက ဘက်စုံပြုပြင်မည်ဟူ၍ ကျိုက်ထီးဆောင်းဆရာတော် ဘုရား ဦးဆောင်ပြီး သွားခဲ့သေး၏။ ထိုအခါ ကျိုက်ထီးဆောင်းဆရာတော်က ကျိုက္ကမော့ဆံတော်ရှင်ကို ဘွဲ့တော်အမည်ပြောင်းလဲ ဆက်ကပ် တော်မူ၏။ ဘွဲ့တော်သစ်မှာ ဖားတမော့ ကျိုက္ကမော့ ဆံတော်ရှင် စေတီတော်ဟူ၍ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဟာမြိုင်ဆရာတော်ဘုရားကြီးသည် ယခင်က ဖားတမော့ ဆရာတော် ဟု ကျော်စောတော်မူခဲ့သော ဆရာတော်ကြီးဖြစ်သောကြောင့် ဖြစ်ပါ သည်။

> ကျမ်းကိုး။ မောင်ပန်းမွှေး၊ အချစ်ဂျာနယ်၊ မဟာမြိုင်ဆရာတော်နှင့် ကျိုက်ထီးဆောင်းဆရာတော် ပဌာန်းဆက်ကိုလည်းကြည့်၊ ကျိုက်ထီးဆောင်း ဋီကာ ပေါင်းချုပ်ကြီးကိုလည်းကြည့်။

မဟာမြိုင်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချသော ခုနှစ်မှာ ခရစ်နှစ် (၁၉၆၉) ခုနှစ် ဖြစ်၏။ ထိုအချက်ကို ခိုင်လုံစေသော အထောက်အထားမှာ ကြေးမုံသတင်းစာ ဖြစ်ပါသည်။ အောက်ပါခေတ်ပြိုင်မှတ်တမ်း စာသားအဖြစ် မှတ်ယူထိုက်သော မှတ်စုကတ်တလောက်ကို ကြည့်ပါ။

မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်မင်းသားမြတ်တို့၏ မြေးတော်ဖြစ်တော်မူသော သက်တော် (၉၄) နှစ် သိက္ခာတော် (၇၄) ဝါရှိတော်မူသော ကျေးဇူးရှင် အရှင်စန္ဒာသူရိယဘွဲ့ခံ မဟာမြိုင်ဘုန်းဘုရားကြီးသည် မြန်မာသက္ကရာဇ် (၁၃၃၀) ခုနှစ် တန်ခူးလဆုတ် (၇) ရက်၊ ခရစ်နှစ် (၁၉၆၉) ခု ဧပြီလ (၈) ရက်၊ အင်္ဂါနေ့ မွန်းလွဲ (၄) နာရီ (၅၀) မိနစ် အချိန်တွင် ထွက်ရာလမ်းသို့ ကြွမြန်းတော်မူပြီး ဖြစ်ပါ၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဉယျာဉ်တိုက် မဟာမြိုင်ကျောင်းမှ (၆) မိုင်ခွဲ ဒူဘမ်းလမ်းရှိ မဟာအတုလရံသီ ဆုတောင်းပြည့် စေတီတော်မြတ်သို့ မြန်မာသက္ကရာဇ် (၁၃၃၀) ခု၊ ကဆုန်လဆန်း (၄) ရက်၊ ခရစ်နှစ် (၁၉၆၉) ခု၊ ဧပြီလ၊ (၁၉) ရက်၊ စနေနေ့၊ မွန်းတည့် (၁၂)နာရီ အချိန်တွင် တပည့်များ ပူဇော်နိုင်ရန် ပြောင်းရွှေ့စံတော်မူမည်ဖြစ်ပါသဖြင့် နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မန္တလေးတောင်ဆရာတော် ဦးဇောတိက အမှူးပြု၍ နိုင်ငံခြား ရေး၌ာနတာဝန်ခံ ဦးသီဟန်၊ ဦးတင်သိန်းလူ (ဗိုလ်မှူးကြီးဟောင်း) နှင့် ပါရမီရှင်အဖွဲ့တို့မှ ရပ်နီးရပ်ဝေးသို့ ဘုန်းဘုရားကြီး၏ တပည့်သားမြေးအပေါင်း တို့အား ပူဇော်ပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျမ်းကိုး။ ကြေးမုံ သတင်းစာ၊ ၁၉၆၉ ခုနှစ်၊ ဧပြီလ၊

မဟာမြိုင် ဆရာတော်ဘုရားကိုအကြောင်းပြု၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဥယျာဉ်တိုက်အတွင်း မဟာမြိုင် ကျောင်းတိုက်ဟူ၍ရှိ၏။ ထိုနေရာတွင် မဟာမြိုင်ဆရာတော်ဘုရားသည် ထွက်ရပ်စခန်းသို့ မြန်းတော်မူခဲ့၏။

ကျမ်းကိုး။ မင်းကိုကို၊ သူရဋ္ဌမဂ္ဂဇင်း ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ စာ ၁၉ကို ကြည့်၊ မဟာမြိုင်ကျောင်းဒါယကာမှာ ဒေါ်ခင်ညွှန့်ဖြစ်၏။ ထိုဒေါ်ခင်ညွှန့်နေထိုင်သောနေရာတွင် မဟာမြိုင် ဆရာတော်ဘုရား ပရိတ်ရွတ်ဘော်မူခဲ့သော နတ်ရေတွင်း ရှိ၏။ ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း အမှတ် ၆၇၊ ၆၉ ပန်းဘဲတန်းမြို့နယ်၊ ပထမထပ်တွင် ရှိ၏။ နတ် ရေတွင်းမှာ မြေညီထပ်တွင် ရှိ၏။ မဟာမြိုင်ဆရာတော်အကြောင်းကို ထိုနတ်ရေတွင်းရှိရာ ဘူမိနက်သန်တွင် ဆက်လက်လေ့လာသင့်ပါသည်။

# ဝိဇ္ဇာဓရ ဘိုးပေါက်ဆိန်


ဘုန်းဘုရားကြီး ဦးပေါက်ဆိန်အကြောင်းကို စာတွေ့သာမက၊ ငါတွေ့လည်း ကြားသိနေရပါသည်။ ဦးပေါက်ဆိန်သည် မျက်မှောက်ခေတ် သာသနာပြုပုဂ္ဂိုလ် ဖြစ်သည်။ မဟာရန်ကုန်၏ သာသနာပြုသမိုင်းအကျဉ်းချုပ်ကို ဆရာဦးသော်ဇင် ရေးသောအခါ ဘုန်းဘုရားကြီး ဦးပေါက်ဆိန် (ဦးဝိဇ္ဇာဓရ) ဟူ၍ ခေါင်းစဉ် တပ်ခဲ့ပါသည်။

ဦးပေါက်ဆိန်၏ ရုပ်ကလာပ်တော် လဲလျောင်းရာနေရာတွင် ပေါက်စေတီ တည်ထားသည်။ အမှန်က ထိုပေါက်စေတီသည် ဦးပေါက်ဆိန်၏ ရုပ်ကလာပ် တော်အပေါ်တွင် တည်ထားကိုးကွယ်သောစေတီ ဖြစ်၏။ ထိုနေရာတွင် ဦးပေါက်ဆိန်၏ ရုပ်ကလာပ်တော်မြှုပ်နှံစဉ်က ဓာတ်ပုံအထောက်အထား၊ မှတ်တမ်းအထောက်အထားများ ခိုင်ခိုင်လုံလုံရှိပါသည်။

ဦးပေါက်ဆိန်၏ အကြောင်းကို နောင်နှစ်ပေါင်း (၁၀၀၀) ကြာသောအခါ ပုံပြင်ဖြစ် မှာ စိုးရပါ သည်။ ခေတ်ပြိုင်အထောက်အထားသည် အရေးကြီး၏။ ထို့ကြောင့် ခေတ်ပြိုင်မှတ်တမ်းများကို ဤကျမ်းပြုသူသည် မှတ်မှတ်သားသား ကူးယူ သိမ်းဆည်းထားသဖြင့် ဓမ္မစာရေးဆရာ အပေါင်းတို့၏ မှတ်တမ်းစာစုများမှာ နောင်လာနောက်သားတို့အတွက် အကျိုးများပေလိမ့်မည်။ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာ့သမိုင်းတွင်လည်း ကိုးကားစရာ ဖြစ်ပေလိမ့်မည်။

ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် မှတ်တမ်းကတ်တလောက်များကို နှစ်ပေါင်း (၃၀)၊ (၄၀) ကြာအောင် တရွေ့ရွေ့ စု၍စု၍လာခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ကြီးကို လက်ဆင့်ကမ်းနိုင်ခြင်း ဖြစ်ပါသည်။

ဦးပေါက်ဆိန်အကြောင်း စာတွေ့ငါတွေ့ရှိကြသူအပေါင်း မြန်မာနိုင်ငံ အနှံ့အပြား တွင် အများ အပြားရှိကြ၏။ ထိုသူတို့၏ နှုတ်စကားမှတ်တမ်းများကို လည်း ကောင်း၊ တစ်နည်းအားဖြင့် ပြောရလျှင် ဦးပေါက်ဆိန်နှင့် ကြုံခဲ့သူအပေါင်းတို့၏ ပါးစပ်ရာဇဝင်များကို လည်းကောင်း၊ တစ်ဆင့်ပြန်ပြောသူတို့၏ မှတ်တမ်း ဆောင်းပါးများကိုလည်းကောင်း စုဆောင်းခြင်းဖြင့် သာသနာတော်ကို ပူဇော်လိုက် ခြင်း ဖြစ်ပါသည်။ ဤစာပြုသူ၏ စုဆောင်းချက်များကို လက်ဆင့်ကမ်းပါသည်။ ဖတ်၍ ကြည်ညိုနိုင်ပါစေသတည်း။


၂၀



(၁၃၂၆) ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ စနေနေ့၊ နံနက် (၁၁) နာရီ၊ မိနစ် (၂၀) အချိန်
(၁၆.၁.၁၉၆၅) ရက်တွင် ဘဝသစ်စခန်း ထွက်ရပ်လမ်းဖြင့် နတ်ဘုံနန်းသို့
စံမြန်းစိုးလှည့်တော်မူသော ဦးပေါက်ထိန် ဘုန်းဘုရားကြီး ဦးဝိဇ္ဇာဓရ ပုံတော်။

# ဘုန်းဘုရားကြီး ဦးပေါက်ဆိန်

## (ဦးဝိဇ္ဇာစရ)

မဟာနာယကဆရာတော်


အောင်မင်္ဂလာသိဒ္ဓိ

## မဟာရန်ကုန်
၏
## သာသနာပြု သမိုင်းအကျဉ်းချုပ်

ဆရာဦးသော်ဇင် ရေးခဲ့သော စာအုပ် မျက်နှာဖုံး



(၁၉၆၃) ခုနှစ်တွင် တောင်တွင်းကြီးမြို့၊ ဗိဿနိုးမြို့ဟောင်းအနီးရှိ
ရွှေရောင်တော်စေတီတော် ထီးတော်တင်ရန် ကြွတော်မူလာသော ဘုန်းဘုရားကြီးပုံ။



# ဘုန်းဘုရား-ဦးပေါက်ဆိန်

## သို့မဟုတ်

# ဦးဝိဇ္ဇာဓရ-ဝိဇ္ဇမိုရ်ဆရာတော်


**သဘာဝဓမ္မ ဆရာတော်-ဦးစိန္တာအား ဦးထိပ်ထားလျက်၊ အရှင်သုဇာတဗုဒ္ဓိ ပရိယတ္တိပထမကျော် သိရိပဝရ ဓမ္မာစရိယနှင့် အရှင် သုမိတ္တာဘိဝံသ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ တို့၏ ညွှန်ကြားချက်အရ ဦးသော်ဇင် ရေးသည်။**

ဘုန်းဘုရား ဖြတ်သန်းလာသော ဘဝခရီးတစ်လျှောက်သည် ရှည်လျားလှ၏။ ထိုရှည်လျား ဝေးလံသော ခရီးတစ်လျှောက်ကို ငယ်ရွယ်နုနယ်သော ကျွန်ုပ်သည် သိခွင့်လည်း မရခဲ့၊ သိအောင် လည်း မကြိုးစားနိုင်ခဲ့၊ ထို့ကြောင့် မပြည့်စုံ၊ ထို မပြည့်စုံမှုအတွက် ကျွန်ုပ် ချို့ယွင်းမှုကို ဘုန်းဘုရား ၏ ရှည်ဝေးသော ခရီးတစ်လျှောက်မှ ပုဂ္ဂိုလ်အပေါင်းအား ပန်ကြားသမှု ပြုပါ၏။

ဦးသုမိတ္တာဘိဝံသ<br>
စေတီယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ<br>
အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်၊<br>
ရှမ်းလမ်း၊ ကြည့်မြင်တိုင်။

၁၃၂၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃-ရက်နေ့။






ဂျီဇာနိုင်ငံ၊ ရှမ်းလမ်း၊ ဓေဘာဓ်မ်ဂီလာသို့ ကျောင်းတိုက်အတွင်းရှိ ဆွန်းဆာရှားကြီး (၁၆)
နှစ်တုန်ကိုဓိ သီတင်းသုံးသွားသော ဓိမသေနာသို့ ကြာဓကောင်တို့ကာမုံ




အောင်လံမြို့၊ ကိုးသိန်းတောင် ဦးဝိစ္စာဉာဏ



ရန်ကုန်မြို့၊ ရှစ်မိုင်၊
ပေါက်စေတီကျောင်းတိုက် ဆရာတော်
ဦးသုမိတ္တာဘိဝံသ



တောင်တွင်းကြီး၊ မိဿနိုးမြို့ဟောင်း၊
ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက်
ဆရာတော်



ပုသိမ်မြို့၊ ပေါက်ကုန်းကျောင်း၊
တောင်ဝေ့းဆရာတော် ဦးကုမာရ

ပေါက်စေတီဆိုသည်မှာ ဘုန်းဘုရားကြီး၏ ရုပ်ကလာပ်ထားရှိ၍ တည်ထားကိုးကွယ်သည့်စေတီဖြစ်ပါသည်။

**ဦးပေါက်ဆိန်နှင့် ပေါက်စေတီ**

ပေါက်စေတီအတွင်း ကာရံထားသည့် သံဆန်ကာပတ်လည်တွင် ပုဂ္ဂိုလ်အသီးသီးမှ အခက်အခဲ၊ အကျပ်အတည်း ပြဿနာပေါင်းစုံနှင့် ပတ်သက်၍ ဆုတောင်းစာများကို ချိတ်ဆွဲထားသည်ကို တွေ့မြင်ရပါသည်။

ဘုန်းဘုရား ရန်ကုန်ကိုမကြွခင် အခုရှိနေတဲ့ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းက အောင်မင်္ဂလာ သိဒ္ဓိစာသင်တိုက်ကြီးရယ်လို့ စတင်မတည်ထောင်ခင်က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မရမ်းရွာမှာ သီတင်းသုံးခဲ့သေးတယ် ဟူ၍ ဝင်းတင့်ဦး (ကြံခင်း)၊ နက္ခတ္တဗေဒင်ဝေဖန်ခြင်းမဂ္ဂဇင်း၊ အမှတ်-၁၄၈၊ ၁၉၉၈ ခု၊ နိုဝင်ဘာလ၊ စာ-၁၄၃ တွင် မှတ်တမ်းတင်ထားပါသည်။ ဆရာဝင်းတင့်ဦး၏ အဆိုအမိန့်ကြောင့် ကျွန်ုပ်တို့သည် ဦးပေါက်ဆိန် ဟူသော အမည်နာမ၏ အဓိပ္ပါယ်ကို သိရှိခဲ့ရပါသည်။ ဆရာဝင်းတင့်ဦး၏ မှတ်တမ်းမှာ ဤသို့ ဖြစ်ပါသည်။

**ဘာကြောင့် ပေါက်ဆိန်ဖြစ်ရသလဲ။**

တစ်နေ့ တောထဲမှာ တရားကျင့်နေတဲ့အချိန်ပေါ့။ အဲဒီ အချိန်အခါကလည်း ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတဝန်းကျင်မှာ မသမာသူတွေ၊ အကြမ်းဖက်သူတွေ အနည်းအကျဉ်းရှိနေသေးတယ်။ အဲဒီလူတစ်စုက တောထဲမှာ တွေ့တဲ့ ဘုန်းဘုရားကို ရဟန်းသံဃာလို့ မထင်မှတ်ပဲ သူတို့ သတင်းကို စုံစမ်းထောက်လှမ်းသူဟု သံသယရှိနေတယ်။ ဒါကြောင့် သူတို့နဲ့ ရင်ဆိုင်တိုးနေတဲ့ ဘုန်းဘုရားကို မသက်ာတာနဲ့ စစ်လား၊ ဆေးလားလုပ်ပြီး နှိပ်စက်ရိုက်ပုတ်ရုံမျှမက အနီးရှိ သစ်ပင်နားမှာ ထောင်ထားတာ တွေ့ရတဲ့ ပေါက်ဆိန်ကြီးနဲ့ ဘုန်းဘုရားကို ရက်ရက်စက်စက်ပေါက်တယ်။ ဒါပေမယ့် ဘုန်းဘုရား က ဘာမှမဖြစ်ဘူး။ ဖြူတောင်မဖြူပဲ 'ထပ်လုပ် ဦးကွာ၊ လုပ်စမ်းကွာ' လို့ ပြောတော့၊ လက်နက်တွေ ကိုင်ထားတဲ့လူတွေထဲက ခပ်ဆတ်ဆတ် လူတစ်ဦးက သေနတ်နဲ့ ပစ်တယ်။ ဒါပေမယ့် ကျည်ဆန်မထွက်ဘူး။ ဘေးကိုပစ်ကြည့်တော့ ကျည်ဆန်က ထွက်တယ်။ အဲဒီအချိန်မှာ ဘုန်းဘုရားက 'ဟေ့လူတွေ လုပ်ကြလေကွာ။ ငါ့ကို လုပ်ကြစမ်း။ မင်းတို့အလှည့်ပြီးပြီလားကွ' လို့ မေးတယ်။ ဒါနဲ့ ခုနကလူတွေက ကြောက်လန့်ပြီး ထွက်ပြေးဖို့ပြင်ကြတော့ ဘုန်းဘုရားကြီးက 'ဟေ့ကောင်တွေ ကဲ . . မင်းတို့ အလှည့်ပြီး ရင် ငါ့အလှည့်ကွ' လို့ ဆိုပြီး အနီးမှာတွေ့ရတဲ့ ပေါက်ဆိန်ကို ထဆွဲပြီး အခုနေ လူ

တစ်သိုက်ကိုလိုက်ပြီး ပေါက်တော့တာ။ အဲ ထိအောင်၊ နာကျင်အောင်တော့ မပေါက်ဘူး။ ခြောက်လှန့်တဲ့သဘောနဲ့ ပေါက် (ပု)ဆိန် ကိုင်လိုက်တော့မှ အခုန လက်နက်တွေနဲ့ လူတွေ ကြောက်လန့်ပြီး ပြေးလိုက်တာ တန်းနေတာပဲတဲ့။ ဒါကြောင့် ပေါက်ဆိန်ကိုယ်တော်၊ ဘိုးပေါက်ဆိန် ဆရာတော်ဟု ခေါ်ဝေါ်ကြောင်းကို ဆရာဝင်းတင့်ဦးက အသေအချာ ရေးသားခဲ့ပါသည်။ ပေါက်ဆရာတော်တပည့် ဦးသုမိတ္တကို ဤကျမ်းပြုသူ သိသော်လည်း ဆရာဝင်းတင့်ဦးကဲ့သို့ မနီးစပ်သဖြင့် အချက်အလက် အပြည့်အစုံကို သိခွင့်မရခဲ့ပါ။

**ဦးပေါက်ဆိန်နှင့် ဩဝါဒစကားတော်များ**

ဦးပေါက်ဆိန်၏ စကားအသုံးအနှုန်းတွင် ပညာများ ပါရှိနေပါသည် ။ထိုအချက်ကို ရိပ်စားမိသူလည်း ရှိသည်။ မသိ၍ ကျော်သွားသူလည်း ရှိသည်။ ဤကိစ္စအတွက် ငှက်ပျောသီး ဥပမာကို ပြောပြရပါမည်။
ဒါကြောင့် ငှက်ပျောဖီးကြီးလို့ ခေါ်ရမတဲ့။ ငှက်ပျောဖီးကြီးပြောတိုင်း ပြီးသတဲ့။ ငှက်ပျော ဆင်စွယ်၊ ပြောတိုင်းလွယ်တဲ့။ အကြောင်းကြီးငယ်၊ စကားအချေအတင်နဲ့ ပြောရမယ်ဆိုလို့ရှိရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ဘုန်းဘုရားကိုပါ ငှက်ပျောဖီးကြီး၊ ငှက်ပျောဆင်စွယ်တို့ကို အဖီးလိုက် မတတ်နိုင်ရင် အလုံးလိုက် ဝယ်ပြီး လှူဒါန်းကာ . . . "ငှက်ပျောဖီးကြီး ပြောတိုင်း ပြီးရပါလို၏ ဘုရား" ဟု ဆုတောင်းရကြောင်း မိန့်ဆိုခဲ့ပါသည်။ ဤတွင် စဉ်းစားစရာများ ရှိနေပါသည်။ ငှက်ပျောဆင်စွယ် ပြောတိုင်းလွယ်အောင် အဘဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တကွ ဘုန်းဘုရားအား ကပ်လှူပူဇော်ပါ၏။ ဒါကြောင့် အခုဖြစ်တဲ့ အမှုအခင်း၊ ပြောရေးဆိုတာကိစ္စများ ပြောတိုင်းပြီးရပါလို၏ ဘုရား။ ပြောတိုင်းလွယ်ရပါလို၏ ဘုရား လို့ ဘုန်းဘုရားကိုပါ တိုင်တည်ပြီး ဆုတောင်းပါလို့ ကျုပ်ကို အမိန့်ရှိဖူးတယ်ဟု ဆိုခဲ့ပါသည်။ ဤသို့ဖြင့် အတိတ်နှင့် နိမိတ်နှင့် ဟိတ်နှင့်ပြောဆိုကျင့်ကြံကြသည်ကို သာမန်အားဖြင့် မသိနိုင်သော်လည်း အမြဲတစေ သတိထားမိသူအတွက် ဆရာတော်ထံမှ အသိအမြင်ထူးများ ရရှိနိုင်ကြောင်း ထိုအချက်က ဖော်ပြနေပါသည်။

ဦးပေါက်ဆိန်အကြောင်းကို မကြာခဏပင်လျှင် ဟိုနေရာ၊ သည်နေရာ တွေ့ရှိရပါသည်။ သို့သော်လည်း တစ်စောင်၊ တစ်ဝှက်အားဖြင့် အားရကျေနပ်လောက်အောင် မတွေ့ရပါ။ ဤစာပြုသူတို့အနေဖြင့်လည်း ခေတ်ပြိုင်မဟုတ်သောကြောင့် ကိုယ်တွေ့မရှိပါ။ သို့သော်လည်း ကျွန်ုပ်တို့ ကံကောင်းသောအချက်တစ်ခုမှာ ထိုစဉ်က မှတ်တမ်းကို ဆရာကြီးဦးသော်ဇင်က ပြုစုထားခဲ့သောကြောင့် ဖြစ်ပါ

သည်။ လောကီလောကုတ် စာပေပညာရှင်ဖြစ်သော ဆရာကြီးဦးသော်ဇင်လို စာရေးဆရာကြီးတစ်ဦးက ပြုစုထားသော မှတ်တမ်းကြီးဖြစ်သဖြင့် ထိုစာပဒေသာပင်ကြီးမှပင်လျှင် ဆွတ်ခူးကာ ကျွန်ုပ်တို့သည် ယူငင် သုံးစွဲခဲ့ရပါသည်။ ဦးသော်ဇင်၏ ကျေးဇူးသည် ကြီးပါသည်။

ဆရာဦးသော်ဇင်သည် ဦးပေါက်ဆိန်အကြောင်းကို ပြုစုရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်၊ ရှမ်းလမ်းရှိ အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်တွင်ရှိသော ဦးသုမိတ္တာဘိဝံသ စသော ဦးပေါက်ဆိန်၏တပည့်ရင်း ညာလက်ရုံးများထံမှ ကြားသိရသမျှကို မှတ်တမ်းတင်ခဲ့ပါသည်။ ၎င်း ဦးသုမိတ္တာဘိဝံသည် သာမန်စာတတ်မဟုတ်ချေ။ စေတီယင်္ဂဏနှင့် အစိုးရ ဓမ္မာစရိယဘွဲ့ရ ရဟန်းထူး ဖြစ်၏။ နောင်သောအခါ ဦးပေါက်ဆိန်၏ ညာလက်ရုံးအဖြစ် အကျော်တစောရှိသည်။ ထို ဦးသုမိတ္တာဘိဝံသနှင့်အတူ ပုသိမ်တွင် ပေါက်ကုန်းဆရာတော် ဟူ၍လည်း တပည့်ကြီး ရှိသေး၏။ တောင်တွင်းကြီးတွင်လည်း ရွှေရောင်တော်ဆရာတော် ဟူ၍ ဦးပေါက်ဆိန်၏တပည့်ကြီး ရှိသေး၏။ ထိုထိုသော ညာလက်ရုံးတပည့်အပေါင်းတို့မှ မေးမြန်းထားသောကြောင့် ဆရာဦးသော်ဇင်၏ ဦးပေါက်ဆိန်သာသနာပြုသမိုင်းအကျဉ်းချုပ်သည် ခိုင်လုံ၏ဟု ဆိုရပါမည်၊ ထိုမှတ်တမ်းကို (၁၃၂၆) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃) ရက်နေ့တွင် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်၏။ ထိုစာတွင် သဘာဝဓမ္မဆရာတော် ဦးစိန္တာအား ဦးထိပ်ထားလျက် အရှင်သုဇာတဗုဒ္ဓိ ပရိယတ္တိပထမကျော်၊ သီရိပဝရ ဓမ္မာစရိယနှင့် အရှင် သုမိတ္တာဘိဝံသတို့၏ ညွှန်ကြားချက်အရ ဦးသော်ဇင် ရေးသည်ဟု ရဲရဲတင်းတင်း အာမခံပါသည်။ ထို့ကြောင့် ထိုစာတမ်းကို အမှီပြု၍ ဤစာကိုရေးပါသည်။ ဖတ်ကြည့်ပါ။

**ဦးပေါက်ဆိန်နှင့်ဒုတိယကမ္ဘာစစ်**

ဦးသော်ဇင်သည် ဘိုးပေါက်ဆိန်အကြောင်းကို ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။ ထူးခြားသောသွင်ပြင်ပုံသဏ္ဌာန်နှင့်တကွ ဆရာတော်ဦးပေါက်ဆိန်၏ပညာကိုပါ ထည့်သွင်းမှတ်တမ်းတင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ဟင်္သာတမြို့ ဥယျာဉ်ကြီး ရပ်ကွက်အတွင်းရှိ အိမ်တစ်အိမ်တွင် 'ဘုန်းဘုရား' ကို စတင်ဖူးမြင်လိုက်ရပါသည်။ အကြောင်း ကား ဤသို့တည်း . .

တစ်နေ့တွင် မိတ်ဆွေများဖြစ်ကြသော ဟိန္ဒူ၊ ဂူဂျရတီ အမျိုးသား (၃/၄) ယောက် စာရေးသူ၏ထံသို့လာပြီး တောင်းပန်ကြပါသည်။ သူတို့ တောင်းပန်ကြခြင်း၏ အချုပ်မှာ -

ဟသ်ာတတွင် သိဒ္ဓိပေါက်နေသော ဘုန်းကြီးတစ်ပါး ရောက်နေသည်။ သူ၏အမည်မှာ 'ဦးပေါက်ဆိန်' ဖြစ်သည်။ ထိုဘုန်းကြီးသည် လွန်စွာထူးဆန်း၍ အံ့သြဖွယ်ကောင်းသော ယောဂီ ဖြစ်သည်။ သူသည် ဘယ်အရာမဆို အလုံးစုံအကုန်သိမြင်သည်။ ဘာသာစကားအမျိုးမျိုးကို လည်း နားလည်သည်။ သို့မဟုတ် နားလည်စေနိုင်သည်။ ကုလားနှင့်တွေ့လျှင် ကုလားစကား၊ တရုတ်နှင့်တွေ့လျှင် တရုတ်စကား၊ အင်္ဂလိပ်နှင့်တွေ့လျှင် အင်္ဂလိပ်စကား စသော ဘာသာ စကားများကိုလည်း အကုန်လုံး ပြောဆိုတတ်သည်။ သို့မဟုတ် ပြောလျှင်သိနားလည်သည်။ သို့ကြောင့် ထိုထူးဆန်းသော ဘုန်းကြီးကို မိမိတို့ ဖူးတွေ့လိုသည်။ လိုက်ပို့ပေးပါဟုသတည်း။

စာရေးသူကား ထိုဘုန်းကြီးအကြောင်းကို သူတို့ပြောပြမှပင် ကြားဖူးသည်။ သူတို့ကား သာမညလူများ မဟုတ်ကြချေ။ ပညာရေးအားဖြင့် လည်းကောင်း၊ သိက္ခာ၊ သမာဓိအနေအားဖြင့် လည်းကောင်း၊ စီးပွားရေးအခြေအနေအားဖြင့် လည်းကောင်း၊ ပြည့်စုံလင်သူများဖြစ်ကြ၍ သူတို့၏စကားကို အပြည့်အဝ တစ်ထစ်ချ မယုံကြည်သော်လည်း အချည်းနှီးဟူ၍ကား မယူဆခဲ့ပါ။ ရင်းနှီးခင်မင်သူများလည်း ဖြစ်သည်။ ခက်ခက်ခဲခဲလည်း မဟုတ်သဖြင့် ထိုဘုန်းကြီးနှင့် တွေ့ဆုံရေးအတွက် စူးစမ်းထောက်လှမ်းပြီး လိုက်ပို့လိုက်ပါသည်။

ဆရာကြီးဦးသော်ဇင်၏ မှတ်တမ်းတွင် ဘိုးပေါက်ဆိန်ကို မမြင်ဖူးသူများအတွက် စိတ်မျက်စိတွင် ထင်သာ၊ မြင်သာဖြစ်အောင် ရေးဖွဲ့ပြုစုထားကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ထိုစဉ်အခါက 'ဘုန်းဘုရား' မှာ နေမကောင်းထိုင်မသာ (မကျန်း-မမာ) ဖြစ်နေသည်။ ကိုယ်ကာယမှာ ပိန်ချောက်ချောက်ဖြစ်၍ အသွေးအရောင်မရှိ။ ညှိုညစ်ညစ်ဖြစ်သည်။ ဆံပင်ကလည်း လက်နှစ်သစ်ခန့် ရှည်နေသည်ဟု ထင်ပါသည်။ စွပ်ကျယ်အင်္ကျီကိုဝတ်ထားလျက် ကွေးကွေးကလေး အိပ်စက်နေသည်။ ခါးဝတ်သင်္ကန်းမှာလည်း ပိုသီဖတ်သီနှင့် ဒူးအပေါက်သို့ ရောက်နေသည်။

**ဦးသော်ဇင် ရေးသားခဲ့သည့် မူရင်းမှတ်တမ်းကြီးကျေးဇူး**

ဦးသော်ဇင်၏ လေ့လာသုံးသပ်မှုများသည် ရှင်းလင်းပြတ်သားလှပါသည်။ မူလက ဦးပေါက်ဆိန်ကို လက်မခံသော ဦးသော်ဇင်သည် မှတ်တမ်းရေးရင်းနှင့်ပင် ဆရာတော်ဦးပေါက်ဆိန်ကို ကြည်ညိုလာပုံရပါသည်။ ထိုအချက်ကို မိမိ၏စာတွင် ဓာတ်သက်ဝင်နေသည်ကို အောက်ပါအတိုင်း တွေ့ရှုရပါသည်။

မိတ်ဆွေများသည် 'ဘုန်းဘုရား' အား အလွန်လေးစားစွာဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော်ကြသော်လည်း စာရေးသူကား အမှတ်မဲ့နေလိုက်ပြီး သူတို့နှင့်သာ မိတ်ဆက်ပေးလိုက်ပါသည်။ ဘုန်းဘုရားသည် ရှိခိုးပူဇော်သူတို့အား အသိအမှတ်ပြု သော်လည်း ထူးထူးခြားခြား ဘာစကားမျှ ပြောကြားခြင်း မရှိချေ။ အိမ်ရှင် ဒါယကာ ဟု ယူဆရသော တစ်ဦးကသာ စာရေးသူအား 'ဘုန်းဘုရား' ၏ အံ့ဩစရာများကို အားပါးတရ ပြောပြသည်။ သူ၏ပြောကြားချက်တို့မှာ ပုရာဏ်ကျမ်းတို့တွင် ဖတ်ဖူး သော အကြောင်းအရာတို့နှင့် ခပ်ဆင်ဆင်တူပေသည်။ စာရေးသူ သည် ထိုစဉ် အခါက ပုရာဏ်ကျမ်းက ထူးဆန်းသော ယောဂီကြီးတို့အကြောင်းကို လက်ခံသော် လည်း မျက်မှောက်ဖြစ်သော မိမိယောဂီကြီးကိုကား လေးစားရမှန်းမသိချေ။ သတင်းစကား အကြားနှင့် လက်တွေ့ ဘုန်းဘုရားအခြေအနေကိုလည်း အားမလို အားမရ ဖြစ်နေမိသည်။

ဦးပေါက်ဆိန်နှင့် စပ်လျဉ်း၍ အများကြည်ညိုပုံကို ဆရာတော်ဦးသော်ဇင်က ဤ သို့ ဖွဲ့နွဲ့ခဲ့ပါသည်။
ထိုစဉ်အခါက ဘုန်းဘုရားမှာ ဟသ်ာတမှ သူ၏နေရာဖြစ်သော မရမ်းကျေးရွာသို့ ပြန်ရန် မော်တော်ကားလိုနေသည်။ သို့ကြောင့် စာရေးသူကပင် မိတ်ဆွေတစ်ဦး၏ ကားဖြင့် လိုက်ပို့ ရန် စီစဉ်ပေးလိုက်သည်။ ပြန်လာကြသောအခါ မိတ်ဆွေများအား ဘုန်းကြီးအား ဘယ်လို သဘောရကြပါသလဲ ဟုစူးစမ်းသည်။ သူတို့ကား အလွန် ထူးဆန်း၍ အံ့ဩဖွယ်အတိပြီးသော ယောဂီအဖြစ် လက်ခံယုံကြည်ကြသည်။

စာပေပညာရှင်ဖြစ်သော ဦးသော်ဇင်သည် မိမိဗဟုသုတနှင့် စဉ်းစားဉာဏ်ကို အားကိုး၍ ဘိုးပေါက်ဆိန်ကို အောက်ပါအတိုင်း မှတ်ချက်ရေးထားပါသည်။

သူတို့၏ အိန္ဒိယနိုင်ငံတွင် ဟိမဝန္တာအစရှိသော တောကြီးတောင်ကြီးများ ရှိသည်။ တောတောင် ကန္တာရကြီးတို့မှာ ထူးဆန်း၍ အံ့ဩဖွယ်ကောင်းသလောက်၊ ထိုတွင် အထူးအဆန်း အံ့ဘနန်းတို့လည်း ပြည့်နှက်နေလေသည်။ ဗုဒ္ဓစာပေတို့မှာပင် ပြောမယုံ၊ ကြုံဖူးမှ သိရမည်ဖြစ်သော အံ့ဖွယ်ထွေလာများကို နေရာအနှံ့အပြားတွင် တွေ့ရ၏။ သို့ကြောင့် သူတို့အနေဖြင့် ယုံကြည် ကြပေသည်။ လက်ခံနိုင်လောက် သော အထောက်အထားများစွာ ရှိသည်။

ဦးသော်ဇင်၏ လေ့လာချက်အရ ဘိုးပေါက်ဆိန်၏ သာသနာပြုလုပ်ငန်းများကို တွေ့ရှိရပါသည်။
တစ်နေ့တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ရှမ်းလမ်း၊ ဇမ္ဗူမဏ္ဍိုင်ကျောင်း၊ ပထမကျော်

ဓမ္မာစရိယ အရှင်သုဇာတဗုဒ္ဓိနှင့် ဆုံမိပါသည်။ ထိုအရှင်က မကြာမီရက်အတွင်းမှာ 'အောင်လံမြို့ ကိုးသိန်းတောင်ဘုရားပွဲ' သို့ သူ၏မိတ်ဆွေအစိုးရနှင့် စေတီယင်္ဂဏ ဓမ္မာစရိယ အရှင်သုမိတ္တာဘိဝံသတို့နှင့် အတူသွားကြမည်ဖြစ်၍ အပန်းဖြေလိုက် လိုက လိုက်ရန်အကြံပေး၏။ စာရေးသူ က ထိုဘုရားပွဲ၏အကြောင်းကို စူးစမ်းရာ 'ဘုန်းဘုရား ဦးပေါက်ဆိန်' သတင်းစကားကို ဒုတိယအကြိမ် ကြားရပြန်လေသည်။ 'ကိုးသိန်းတောင် ဘုရားပွဲ' မှာ ထိုထူးဆန်းသော 'ဘုန်းဘုရား' ကြောင့် ဖြစ်ပေါ်လာရပုံအချို့ကို သိရ၏။

ဘိုးပေါက်ဆိန်ကို ကြည်ညိုသူများသည် သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြောင်း၊ ပရိယတ္တိသာသနာတော်တွင် အလွန်ကျော်ကြားသော ကျမ်းတတ်၊ ပေတတ် ရဟန်းတော်များ ပါဝင်ကြောင်းကို တွေ့ရှိရသဖြင့် တအံ့တသြဖြစ်ကာ အောက်ပါ အတိုင်း ဦးသော်ဇင်သည် မှတ်တမ်းတင်ခဲ့သည်မှာ ဦးပေါက်ဆိန်၏ဂုဏ်ရည်ကို ပေါ်လွင်စေသော အချက်ဖြစ်ပါသည်။

'ကိုးသိန်းတောင် ဘုရားပွဲ' ကို တစ်စုံတစ်ရာ စိတ်ဝင်စားခြင်းမရှိပါ။ အတွေးရခက်သည်မှာ အရှင်သုမိတ္တ အစရှိသော ထိပ်တန်းစာချ ဓမ္မာစရိယပုဂ္ဂိုလ် အများအပြား 'ဘုန်းဘုရား' ထံ ဝန်းရံနေကြခြင်းပင် ဖြစ်သည်။ စာရေးသူတို့သည် စာပေနှင့် ပတ်သက်သောသူဖြစ်၍ ထိုထိပ်တန်းစာချ ဓမ္မာစရိယများနှင့် သိကျွမ်းရင်းနှီးသည့် အတိုင်းလည်း သူတို့အား ကြည်ညိုလေးစားခဲ့သည်။ သူတို့၏ အသိုင်းအဝိုင်းကို လည်း မြတ်နိုးသည်။ သူ၏အသိုင်းအဝိုင်းမှာ အများအားဖြင့် ဓမ္မာစရိယတန်းကို အောင်မြင်ပြီးသား စာချများဖြစ်ကြသည်။ ထို့ပြင် စာပေကိုလည်း လေးစားမြတ်နိုးကြသည်။ သို့ပါလျက် သူတို့တစ်တွေသည် ထိုထူးဆန်းသော 'ဘုန်းဘုရား' ထံ ဝန်းရံလျက် အန္တေဝါသိက တပည့်များလုပ်နေကြခြင်းကို စဉ်းစားမရခြင်း ဖြစ်သည်။

ဦးပေါက်ဆိန် လေ့လာရေးခရီးတွင် ဦးသော်ဇင်၏ လေ့လာမှုသည် အလွန်အရေးပါပါသည်။ ဆရာဦးသော်ဇင်သည် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အောက်ပါ အတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။ ထိုအခါ စာဖတ်သူသည် ဦးပေါက်ဆိန်အပေါ် ပိုမို၍ ကြည်ညိုလာပါသည်။

'အောင်လံမြို့ ကိုးသိန်းတောင်' တွင် (၃/၄) ရက်ခန့် ထိုအရှင်များနှင့် အတူတကွ နေပြီး စူးစမ်းထောက်လှမ်းသောအခါ ဘုန်းဘုရားအား အတော်ပင် စိတ်ဝင်စား သွားမိသည်။ မိမိ လေးစားယုံကြည်သော ထိုအရှင်များသည် သူတို့ကိုယ်တိုင် တွေ့ကြုံခဲ့ကြသော 'ဘုန်းဘုရား' ၏ အထူးအဆန်း အံ့ဘနန်းတို့ကို ရိုးသားစွာပင်

ခင်မင်သည့်အလျောက် ပြောပြကြသည်။ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်ပြုပြင် စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်သော အရှင်ရေဝတကမူ 'ထိုအကြောင်းတွေကို အခြားသူများအားပြောကြားပါက ဘုန်းဘုရားအတွက် ဝါဒဖြန့်နေသည်ဟု ထင်မှာစိုး၍ မပြောခဲ့မိဘူး' ဟု ဆိုလေသည်။ စာရေး သူသည် စာပေသမားဖြစ်သည့်အတိုင်း ထိုထူးဆန်းသော အကြောင်းအရာများကို ပေါင်းစုပြီး စာအုပ်ထုတ်သင့်ကြောင်း အကြံပေးသည်။ ဘုန်းဘုရားအား ကိုးကွယ်ဆည်းကပ်သူ အများအပြားပင်ရှိသည်။ လူတိုင်းလိုလိုပင် မှုကွဲအထူးအဆန်းတစ်မျိုး၊ နှစ်မျိုး တွေ့ကြုံတတ်လေရာ အလုံးစုံ စုပေါင်းလိုက်ပါသော် စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ် ကောင်းစွာ ဖြစ်နိုင်ပေလိမ့်မည်။ မြန်မာတို့သည် ယနေ့တိုင် ဤကဲ့သို့သော ကိုယ်တွေ့မှတ်တမ်းတင် ရေးသားရန် သဘောမပေါက်ကြသေးချေ။ ဘုန်းဘုရားသည် ယမန်နှစ်က ကိုးသိန်းတောင်ဘုရားပွဲသို့ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်ခဲ့သည်။ ယခုနှစ်ကမူ မကျန်းမမာဖြစ်သည့်အတွက် မကြွနိုင်ချေ။ ဘုရားပွဲပြီး သောအခါ ဘုန်းဘုရား၏ ကျန်းမာရေးအခြေအနေမှာ အတော်ပင် ပိုမိုပြင်းထန်နေ ကြောင်း အရှင်သုဇာတ မှတ်စ်ဆင့် သိရ၏။

ဦးပေါက်ဆိန်၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများကို ဆရာဦးသော်ဇင် မှတ်တမ်းမတင်ခဲ့လျှင် သိရမည်မဟုတ်ပါ။ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ဝိုးတဝါးသာ ကြည်ညိုကြရမည်ဖြစ်ပါသည်။ ယခုကာ ဦးသော်ဇင်၏ ခေတ်ပြိုင်မှတ်တမ်းကြောင့် တိတိကျကျ သိခွင့်ရခဲ့ပါသည်။

အရှင်သုဇာတသည် ဆေးဝက်ပါတွင် မင်္ဂလာတရားတော်ကို ဘာသာမျိုးစုံဖြင့် ကျောက်ထက် အက္ခရာတင်ရန် တာဝန်ရှိနေ၍ စာရေးသူနှင့် မကြာခဏ တွေ့ဆုံနှီးနှောရင်း စကားစပ်မိတိုင်း ဘုန်းဘုရား၏ အံ့ဖွယ်သရဲများကို ပြောပြလေ့ရှိ၏။ တစ်နေ့မှာမူ 'အသက်ရှင်လျက်ရှိတုန်း သွားဖူးလျှင် ကောင်းမည်' ဟု အကြံပေးပြီး ဖူးဖြစ်အောင် စီစဉ်ပေးလေသည်။ ထိုအချိန်မှာ ဘုန်းဘုရား၏ အပါးသို့ လွန်စွာရင်းနှီးသော ဒကာ၊ ဒကာမတို့ပင် ကိုယ်ရေးကိုယ်တာကိစ္စနှင့်ပတ်သက်၍ ချဉ်းကပ်နိုင်ခွင့်မရှိဟု အရှင်သုဇာတ အဆိုပြု၏။ သို့ရာတွင် စာရေးသူကား သူ၏ အန္တေဝါသိကအရှင်သုမိတ္တာဘိဝံသစသော အရှင်များနှင့် ရင်းနှီးလေရကား ဖူးတွေ့ရုံမျှမကသော အခွင့်အရေးကို ရခဲ့လေသည်။ ထိုအခါ ဘုန်းဘုရားမှာ ဖြူဖြူစင်စင်ကြည်ကြည်လင်လင် ဖြစ်နေသည်။ လွန်ခဲ့သော အနှစ် (၂၀) ခန့်က ဟသ်ာတတွင် တွေ့မြင်ရသော ဘုန်းဘုရားနှင့် အရောင်အသွေးချင်း ဘာမျှမတူချေ။ ဘုန်းဘုရားနှင့်ပတ်သက်သော မျက်မြင်ကိုယ်တွေ့မှာ ဤမျှသာ ဖြစ်ပါသည်။

ဘိုးပေါက်ဆိန်အား လူအများက ဆရာတော်ဟူ၍ မခေါ်ဘဲ အထူးကြည်ညိုစွာဖြင့် ဘုန်းဘုရားဟု ခေါ်ဝေါ်ကြောင်း၊ အဘယ်ကြောင့် ခေါ်ကြကြောင်းကိုလည်း ဆရာကြီးဦးသော်ဇင်က ယုတ္တိရှိရှိ၊ သဘာဝကျကျ မှတ်တမ်းတင်ခဲ့ပါသည်။ ဆရာတော်အား လူအများက ဘုန်းဘုရားဟု မြတ်နိုးစွာခေါ်ကြလေသည်။ အသက် ဂုဏ်ဝါ သိက္ခာကြီးသော ရဟန်းတော်များကို ဆရာတော်ဟု ခေါ်ဝေါ်လေ့ရှိပါသော်လည်း ဤဆရာ တော်ကိုကား လူအများက ဘုန်းဘုရားဟု သီးခြားအမည်နာမဖြင့် ဝိသေသပြုကြသည်။ ဆရာတော်၏ ကွယ်ရာထောင့်ရာမှာမူ ဦးပေါက်ဆိန်ဟု ပြောမြဲလေမှ ထင်ရှားပြတ်သားသည်။

ဘုန်းဘုရားနှင့် ဦးပေါက်ဆိန်မှာ အတော်ပင် ဆန့်ကျင်သော စကားတွဲဖြစ်သည်။ ဘုန်းဘုရား ဟူသော ဝေါဟာရမှာ နူးညံ့သိမ်မွေ့သလောက် ဦးပေါက်ဆိန် ဟူသော အမည်နာမမှာ ခက်မာကြမ်းတမ်းလှပေသည်။ ဆရာတော်၏ ဘုန်းဘုရား ဟူသော အမည်မှာ သီးခြားဖြစ်သကဲ့သို့ သို့မဟုတ် ထူးဆန်းသကဲ့သို့ ဘုန်းဘုရား၏ ဦးပေါက်ဆိန် တွဲဖက်နေသည်မှာလည်း ထူးဆန်းလှပေသည်။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၉။) သူ၏ ထက်မြက်သောလက်နက်မှာ ပေါက်ဆိန်ဖြစ်သည်။ ရာမယဏဇာတ်တွင် ဖရသုရာမ (ပသျှူးရာမ) မှာ ပေါက်ဆိန်လက်နက် ကိုင်ဆောင်သော ယောဂီကြီးပင် ဖြစ်၏။ ပေါက်ဆိန် လက်နက်ကို ကိုင်ဆောင်သောကြောင့် သူ့အား ဖရသုရာမဟု ခေါ်ကြခြင်း ဖြစ်၏။ ဖရသု ကို သက္ကတဘာသာဖြင့် (ဖရဆု) ဟု အသံထွက်ရာ ယင်းကို မြန်မာတို့က ပသျှူးဟု ခေါ်ခြင်း ဖြစ်သည်။ ဘုန်းဘုရား၏ အမှတ်တံဆိပ်မှာလည်း ပေါက်ဆိန် ဖြစ်သည်။

**ပျောက်ဆုံးနေသော ဦးပေါက်ဆိန်၏ ထေရုပ္ပတ္တိ**

အတ္ထုပ္ပတ္တိ (သို့မဟုတ်) ထေရုပ္ပတ္တိကို စီရင်ရာတွင် အတ္ထုပ္ပတ္တိရှင်၏ မွေးဖွားရာဇာတိ၊ အမိ၊ အဘ စသော ဆွေစဉ်မျိုးဆက်၊ ပညာသင်ကြားသော ဆရာသမားအစဉ်အဆက် စသည်တို့မှာ ပမာဏကျောရိုးဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုန်းဘုရားနှင့်ပတ်သက်၍ ထိုအချက်တို့ကို အမြွက်မျှပင် ဖော်ပြနိုင်ကြချေ။

ဆရာဦးသော်ဇင်၏ မှတ်တမ်းအရ ဘိုးပေါက်ဆိန်၏ မွေးဇာတိနှင့်တကွ ဇာတ်လမ်းဇာတ်ကွက်တွေကို အရိပ်အမြွက်မျှ သိခွင့်ရခဲ့ပါသည်။ ကုန်းဘောင်ခေတ်ဦးပိုင်းကာလဟု မှန်းဆရကြောင်း၊ ဘိုးတော်ဦးဝိုင်းလက်ထက်ဟု ရိပ်စားမိကြောင်းတို့ကို စဉ်းစားစရာ၊ ဆက်လက်လေ့လာစရာ၊ သုတေသနစိတ်ကူးများ ပေါ်ပေါက်လာစေရန် ဆရာဦးသော်ဇင်က အောက်ပါအတိုင်း အရိပ်အမြွက် ရေးသားဖော်ပြခဲ့ပါသည်။

**ဦးပေါက်ဆိန်နှင့်ဗဒုံမင်းတရား ဘိုးတော်ဦးဝိုင်း**

ဘုန်းဘုရား၏ မိန့်ကြားတော်မူချက်အရ အရိပ်အမြွက်အားဖြင့်ကား သူ၏ခေတ်ကို ဘိုးတော်ဦးဝိုင်းလက်ထက် ပထမ ဦးအောင် (ခေါ်) ဘိုးဘိုးအောင်ဖြင့် လည်းကောင်း၊ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်ဖြင့် လည်းကောင်း၊ သီပေါဘုရင်လက်ထက်ဖြင့် လည်းကောင်း မှန်းဆနိုင်လေသည်။ ဧကန်ဧက ပြောပြရန်ကား ခက်သည်။

ဘိုးပေါက်ဆိန်၏ သာသနာရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို ဆရာဦးသော်ဇင်သည် လက်လှမ်းမီသမျှ အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုန်းဘုရားကား ရိုးသားသည်ဖြစ်ပါလျက် ထူးဆန်းသည်။ မြင်းခြံခရိုင်၊ ပုပ္ပါးတောင်ကလပ်ကို ဗဟိုပြုလျက် ပြည်ထောင်စုမြန်မာနိုင်ငံအရပ်ရပ်ကို အထပ်ထပ်လှည့်လည်သွားလာလျက် နိုင်ငံရပ်ခြား တိုင်းတစ်ပါးနှင့်ပတ်သက်၍ ဘုန်းဘုရားမသိသော အရပ်ဒေသ မရှိသလောက်ပင် ဖြစ်၏။ အချို့ သိရှိထားကြသော အရပ်ဒေသများမှ မုံရွေးကြေးမုံ၊ ချောင်းဦး၊ ရွှေဘို၊ ပြည်၊ တိုက်ကြီး၊ မအူပင်၊ ဖျာပုံ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ညောင်တုန်း၊ ဟင်္သာတ စသော မြို့ရွာ ဒေသတို့တွင် အထင်အရှား ဘုန်းဘုရား သီတင်းသုံးသွားကြသော နေရာဌာနများကိုကား ကျွန်ုပ်တို့မျက်ဝါးထင်ထင် တွေ့မြင်ညွှန်ပြနိုင်ကြပါသည်။

ဘုန်းဘုရားသည် သာသနာသုံးရပ်ကို အစွမ်းရှိသလောက် ချီးမြှောက်အားပေးနိုင်ခဲ့သည်။ ရွှေမရှား၊ ငွေမရှား ဘုန်းဘုရားပင် ဖြစ်၏။

ဘိုးပေါက်ဆိန်သည် ပဋိပတ္တိသာမက၊ ပရိယတ္တိသာသနာတော်ကြီးကိုလည်း အထူးအရေးတကြီး ဂုဏ်တင်ကာ ပြုစုစောင့်ရှောက်ခဲ့ကြောင်း ဆရာဦးသော်ဇင်က အောက်ပါအတိုင်း အထောက်အထားများ ရှာဖွေပြသခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဦးပေါက်ဆိန်နှင့်ပရိယတ္တိသာသနာ**

၁၉၅၀ စစ်ပြီးခေတ် ခရစ် (၁၉၅၀) ခုနှစ် (၁၃၁၂) ခုနှစ်တွင် ဟင်္သာတမြို့အနီး၊ မရမ်းကျေးရွာမှ ရန်ကုန်မြို့သို့ကြွလာပြီး 'ကြည့်မြင်တိုင်၊ အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်' ကို တည်ထောင်လိုက်သည်။

ဘုန်းဘုရားသည် အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် ဓမ္မာစရိယစာချ ဆရာတော်တို့ဖြင့် ပရိယတ္တိသာသနာကို အင်တိုက်အားတိုက် ပြုစုခဲ့သည်။ ဓမ္မာစရိယ အဆက်ဆက် ပေါ်ထွက်စေခဲ့သည်။

ဘိုးပေါက်ဆိန်၏ သာသနာရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ပညာတော်သင်စေလွှတ်ရေး၊ စာသင်သား အများအပြား မွေးမြူဖော်ထုတ်ရေး စသည်တို့ကို ဆရာဦးသော်ဇင်က အောက်ပါအတိုင်း ဖော်ထုတ်ရေးသားခဲ့ပါသည်။ ဘ/ကပညာရေး ခေတ်စားသော ယခုခေတ်နှင့် ရှေးခေတ် နှိုင်းယှဉ်စဉ်းစားစရာများ ဖြစ်ပါသည်။

## ဦးပေါက်ဆိန်နှင့်ပညာပါရမီ

စာသင်သားရဟန်းတော် အများအပြားအား မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ စသော သာသနာ ထွန်းကားရာ မြို့နယ်များသို့ လည်းကောင်း၊ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား အစရှိသော နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ လည်းကောင်း စေလွှတ်ခဲ့သည်။ ပညာထူးချွန်သော တပည့်တိုင်းအား ရဟန်းထပ်ခံပေးပြီး ပစ္စည်းလေးပါး လိုသလောက် ထောက်ပံ့သည်။ ထိုမှတစ်ပါး ဂါဠိုပထမပြန် စာမေးပွဲ ဓမ္မာစရိယ စာချတန်း စာမေးပွဲများ တိပိဋကဓရ ရွေးချယ်ပွဲ အစရှိသော ပရိယတ္တိ လုပ်ငန်းများကိုလည်း ထိပ်ဆုံးက ပါဝင်ကူညီခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်များကို နှစ်စဉ် တစ်နှစ်လျှင် နှစ်သောင်းဖိုးထက်မနည်း ဓမ္မဒါနပြုခဲ့သည်။

ဘိုးပေါက်ဆိန်၏ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကိုလည်း ဆရာကြီး ဦးသော်ဇင်သည် စေ့စေ့ငှငှ ဖော်ထုတ်ရေးသားခဲ့သောကြောင့် ကျွန်ုပ်တို့တစ်စုသည် ဘိုးပေါက်ဆိန်အကြောင်း ပြည့်ပြည့်စုံစုံ သိခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

## ဦးပေါက်ဆိန်နှင့် သာသနာသုံးရပ်

ထို့ပြင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးဖြစ်သော ဂျပန်ပြည် ကိုဘေမြို့ရှိ ကမ္ဘာအေးစေတီ အတွင်း ကြေးရုပ်ပွားဆင်းတုတော်များနှင့် အိန္ဒိယပြည်၊ ဗာရာဏသီမြို့နယ်ရှိ မဟာဗောဓိအသင်းတိုက်သို့ ပိဋကတ်အစုံစုံတို့ကိုလည်း သိန်းနှင့်ချီ၍ ဓမ္မဒါနပြုခဲ့သည်။

ဘိုးပေါက်ဆိန်၏ စိတ်နေစိတ်ထားနှင့် ပြုမူဆောင်ရွက် တုံ့ပြန်တတ်သော သဘောသဘာဝအလေ့အထကိုလည်း ဆရာဦးသော်ဇင်က အောက်ပါအတိုင်း တင်ပြခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ရာတွင် ဘုန်းဘုရားသည် ဤလုပ်ငန်းတို့နှင့်ပတ်သက်၍ အုတ်အုတ်ကျက်ကျက် တစ်ခဲနက် မလုပ်ခဲ့ချေ။ သူ၏ထင်ပေါ်ကျော်ကြားမှုထက် သာသနာအား တကယ့်အကျိုးစီးပွားဖြစ်မှုကိုသာ ရှေးရှုသောကြောင့် ဖြစ်သည်။ ထင်ရှားကျော်ကြားရေး ကြော်ငြာအတွက် အသုံးစရိတ်ကိုပါ ပုံတိုက်လှူဒါန်းလိုက်ခြင်းမျိုးဖြင့်သာ သာသနာ၏အကျိုးကို သယ်ပိုးခဲ့သည်။ ဘုန်းဘုရားကို သာမည ဖူးတွေ့ရပါလျှင် အတော်ပင်အခက်အခဲနှင့် တွေ့ရမည် ဖြစ်သည်။ ရိုးရိုးလူတစ်ယောက်အနေဖြင့် သဒ္ဒါပေါက်ရန် လွယ်ကူမည်မဟုတ်ချေ။

ဘိုးပေါက်ဆိန်သည် မည်သို့သော ပုဂ္ဂိုလ်ထူးဖြစ်သည်ကို ဝေဖန်စဉ်းစားရန် ခက်ခဲကြောင်း၊ မိမိတို့ဉာဏ် တစ်မိုက်တစ်ထွာဖြင့် ဆုံးဖြတ်ပြန်လျှင်လည်း ပြည့်စုံမည်မဟုတ်ကြောင်း စာဖတ်ပရိသတ်ကို စဉ်းစားနိုင်အောင် ဆရာဦးသော်ဇင်သည် အောက်ပါအတိုင်း ဝေဖန်ရေးသားခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဤသို့လျှင် ဘုန်းဘုရားအား အခါပေါင်းများစွာ တွေ့မြင်နိုင်ကြပါသည်။ သူ့ကို အကဲဖြတ်ရန် မလွယ်ပါ။ သူကား ရိုးသားသည်ဖြစ်ပါလျက် ထူးဆန်းလှပေသည်။ ဘုန်းဘုရားသည် ပရိယတ္တိအခြေ တည်ဆောက်ပြီးသောအခါ ပဋိပတ္တိအတွက် ဝိပဿနာသိဒ္ဓိကို ပြီးမြောက်စေခဲ့ပြန်သည်။ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်အတွင်းရှိ စနေဝိပဿနာအသင်းမှာ သူ၏ပဋိပတ္တိလုပ်ငန်း အခြေခံပင် ဖြစ်သည်။ ဘုန်းဘုရားသည် သာသနာရေးအတွက် သက်သက်သာ ဖြစ်ခဲ့သည်။ သူ၏ဘဝအစကပင် သာသနာရေးကို ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ထင်ရှားစွာပေါ်လွင်ခဲ့သည်မှာ အောင်မင်္ဂလာသိဒ္ဓိပင် ဖြစ်၏။ သူသည် အောင်မင်္ဂလာသိဒ္ဓိကို ဗဟိုပြုလျက် သာသနာရေးအလုပ်ကို သိဒ္ဓိပေါက်သည်ဟု ဆိုရလောက်အောင်ပင် တွင်ကျယ်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

ပြည်တွင်းသာသနာပြုလုပ်ငန်းများမှာလည်း အလွန်ကျယ်ပြန့် လှကြောင်းကို သိခွင့်ရခဲ့ပါသည်။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ စေတီ ပုထိုးအဟောင်းများ ပြင်ဆင်ခြင်း၊ ဖော်ထုတ်ခြင်းလုပ်ငန်းတို့သည် ဘိုးပေါက်ဆိန်ကဲ့သို့သော လောကီလောကုတ် စွယ်စုံပညာရှင်တို့၏ လုပ်ငန်းရပ်ဖြစ်ပေသလော။ သို့တည်းမဟုတ် ဝိဇ္ဇာခိုရ်တို့၏ လုပ်ရိုးလုပ်စဉ်၊ လုပ်ထုံးလုပ်နည်းများပင် ဖြစ်လေ သလောဟု စာဖတ်သူတို့ စဉ်းစားနိုင်အောင် အောက်ပါအတိုင်း ဖော်ထုတ်တင်ပြခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**ဦးပေါက်ဆိန်နှင့်စစ်ကိုင်းတောင်ရိုး သာသနာ**

စစ်ကိုင်းတောင်ရိုး မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ၏ တံခွန်အောင်လံတစ်ခုမှာ စစ်ကိုင်းတောင်ရိုးပင် ဖြစ်သည်။ သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ ချောင်တွေ၊ မြောင်တွေ ခြံရံလျက် ဗုဒ္ဓ၏ကိုယ်စား စေတီပုထိုးများ တင့်တယ်စွာ စံပယ်လျက်ရှိပေသည်။ ထိုတွင် ဆွမ်းဦးပုညရှင်နှင့် ပတ္တမြားစေတီတို့မှာ ပိုမို ထင်ရှားသော စေတီတော်များဖြစ်၏။ ဘုန်းဘုရားသည် ထိုစေတီ နှစ်ဆူကို ဖူးမြင်ချင်စဖွယ် တင့်တယ်အောင် ပြုပြင်မွမ်းမံခဲ့လေသည်။ ဤစေတီနှစ်ဆူကို ရှေးအခါက ဖူးမြင်ခဲ့ပါလျှင် ဘုန်းဘုရား အဘယ်မျှ ပြုပြင်လိုက်ကြောင်း ကောင်းစွာ တွေ့မြင်ကြရပေမည် ဖြစ်ပေသည်။ စစ်ကိုင်းတောင် ဓနုဖြူချောင်မှ မုခ်ဦးပြာသာဒ်သည် လည်းကောင်း၊ နန်းဦးတိုက်မှ အုတ်မဟာရံတံတိုင်းသည် လည်းကောင်း၊ ဘုန်းဘုရား လမ်းညွှန်ခြင်းဖြင့် ထွက်ပေါ်လာသော အဆောက်အဦတို့ပင် ဖြစ်ကြသည်။

ဘိုးပေါက်ဆိန်ခေတ်သည် အဘအောင်မင်းခေါင်ကြီးခေတ်နှင့် ခေတ်ပြိုင်ပင်ဖြစ်ရကား နှိုင်းယှဉ်ဝေဖန်လေ့လာကြည့်ညှိနိုင်ရန် ဦးသော်ဇင်သည် ပုပ္ပါးတောင်ကို ဖော်ထုတ်တင်ဆက်ခဲ့ပါသည်။ ဖတ်ကြည့်လျှင် သိသာပါသည်။

**ဦးပေါက်ဆိန်နှင့်ပုပါးတောင်သာသနာ**

ပုပ္ပါးတောင်ကလပ် ဝိဇ္ဇာဇော်ဂျီ၊ တပဿီတို့ ပျော်စရာတောင်ဟု အမှတ်ပြုကြသော ဂမုန်းတောင်ပင်ဖြစ်သည်။ ထိုတောင်မှာ မင်းမဟာဂီရိ (ခေါ်) ပန်းပဲမောင်တင့်တယ်နှင့် သူ၏ နှမများ နတ်ဖြစ်ကာ ကျက်စားနေကြောင်း သမိုင်းဆရာများ ညွှန်ကြားကြသည်။ ဘုန်းဘုရားသည် ဘုရားဖူးများ သွားလာလွယ်ကူစေရန် ပုပ္ပါးမြို့မှ တောင်ကလပ်ရွှေဂူချောင်အထိ အလျားတစ်မိုင်ခွဲ အနံ (၂၅) ပေ ကျယ်ဝန်းသော လမ်းသစ်ကြီးကို တပည့် **ဦးပရမဝဏ္ဏသိဒ္ဓိ**အား တာဝန်ပေး၍ ဖောက်လုပ်စေခဲ့သည်။ တောင်ကလပ်မှ တောင်မကြီးသို့ သွားရာလမ်းတွင် တည်ထားသော **မောင်တော်ငုတ်တုတ်တောင်စေတီတော်နှင့် မှန်ပြတောင်စေတီတော်** တို့ကို အသစ်တစ်ဖန် ပြန်၍ တည်ခဲ့သည်။ ရွှေဂူချောင် တွင် ဇရပ်တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ် ရေကန်နှင့် သိမ်တိုက် တည်ဆောက်ပြီး တောင်ကလာပ်တွင် သံလှေကားအသစ်ပြင်၍ တပ်ဆင်ပေးသည်။ ရေစက် တပ်ဆင်ပေးသည်။ အဆောက်အဦတို့တွင် ထိန်ထိန် လင်းအောင် မီးများညှိထွန်းထား၏။ အကယ်၍ ပုပ္ပါးတောင်ကို ရောက်ဘိမူ 'ဘုန်းဘုရား' ၏ အစီအစဉ်ကို အံ့သြ၊ ရှုမောကြမည် ဖြစ်သည်။

ဘိုးပေါက်ဆိန်သည် ပုဂံသာသနာကို လည်းကောင်း၊ ပုဂံခေတ်ပေါ် ဝိဇ္ဇာဓိုရ်များကိုလည်းကောင်း၊ ယုံကြည်နိုင်ရန် ပါးစပ်ဖြင့်မပြောဘဲ အောက်ပါအတိုင်း လက်တွေ့ကျကျ သာသနာပြုဖော်ထုတ်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ဦးသော်ဇင်၏ စွမ်းရည်ဖြစ်၏။

**ဦးပေါက်ဆိန်နှင့် ပုဂံသာသနာ**

လှည်းဝင်ရိုးသံ တည်ညံ ပုဂံဘုရားပေါင်း ရှင်အဇ္ဇဂေါဏ၊ ရှင်မထီးတို့ ရွှေမိုးငွေမိုးရွာသွားသော ပုဂံပြည် အာနန္ဒာဘုရားကြီး၊ ဗူးဘုရား၊ မင်းမျှော်ရာဇာဘုရားတို့ကို ဘုန်းဘုရားကြီးမှူးပြီး ထီးတော်နှင့်စိန်ဖူးတော်တင်ခဲ့သည်။

ဘိုးပေါက်ဆိန်နှင့် တောင်တွင်းကြီး မည်သို့အကျိုးအကြောင်း ဆက်သွယ်သည်ကို အတိအကျ မသိရှိနိုင်သော်လည်း စဉ်းစားနိုင်ရန် ဆရာဦးသော်ဇင်က အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

**ဦးပေါက်ဆိန်နှင့် တောင်တွင်းကြီးသာသနာ**

တောင်တွင်းကြီး ကဗျာစာဆိုတော် အကျော်အမော်ဖြစ်သော ရှင်မဟာသီလဝံသ၏ တောင်တွင်းကြီးဖြစ်သည်။ တောင်တွင်းကြီးမြို့တွင် ယခုအခါ ရှေ့ဟောင်းဗိဿနိုးမြို့ကြီး မြေအောက်တွင် ပေါ်လျက်ရှိ၏။ ထိုမြို့ဟောင်းအနီးတွင် ပထမံဘိုးဘိုးအောင် ထွက်ရပ်လုပ်ငန်း ကြိုးပမ်းသော ဂူတို့ဖြင့် ဝန်းရံလျက်ရှိသော ရှေးဟောင်း ရွှေရောင်တော်စေတီကို ဘုန်းဘုရားသည် စိန်ဖူးနှင့်တကွ ထီးတော်တင်ပွဲတော် ကျင်းပခဲ့လေသည်။

ဘိုးပေါက်ဆိန်၏ သာသနာပြုလုပ်ငန်းများမှာ တောင်ပေါ်မြေပြန်တစ်လျှောက်သာမက မြန်မာပြည် အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းအနှံ့အပြားရှိနေကြောင်းကို ဆရာဦးသော်ဇင်က အောက်ပါအတိုင်း ဖော်ထုတ်ခဲ့ပါသည်။

**ဦးပေါက်ဆိန်နှင့် အောင်လံ**

အောင်လံကိုးသိန်းတောင် နောက်ဆုံး ဘုန်းဘုရားပြုပြင်နေဆဲလုပ်ငန်းများမှာ အောင်လံမြို့ ကိုးသိန်းတောင်ပင် ဖြစ်၏။ နောက်ဆုံးလုပ်ငန်းဟုလည်း ဆိုနိုင်သည်။ သိုက်မြိုက်ခမ်းနား၍ အေးချမ်းသာယာမှုလည်း အပြည့်ရှိသော နေရာဌာနတစ်ခုဖြစ်သည်။ ဤတောင်ကိုမူ ဘုန်းဘုရားသည် ကိုယ်တော်တိုင် တောကြီးမျက်မည်းထဲက ခုတ်ထွင်ရှင်းလင်းသုတ်သင်သကဲ့သို့ စိတ်တိုင်းကျစီစဉ်ခဲ့ပုံရသည်။ ထိုတောင်တွင် ရှေးဟောင်းစေတီရှိသော်လည်း မထင်ရှားချေ။ အနီးအနားက လူများပင်

သတိထားမိသူ ခပ်ရှားရှားဖြစ်နေရာ ယခုအခါမှာ တောတောင်ကန္တာရအတွင်းက ဘုံနန်းပြာသာဒ်အထပ်ထပ်ဖြင့် နတ်မြို့တော်ဟု ဆိုနိုင်လောက်အောင် စည်ကားနေလေသည်။ သက်တော်ရှည်ဘုရား၊ လွှမ်းစေတီဘုရား၊ ဆုတောင်းပြည့်စေတီ၊ သက်တော်ရာ ဘုရား အစရှိသော ပုထိုးစေတီတို့ဖြင့် ဝင်းဝင်းတောက်နေ၏။ ထိုမှတစ်ပါး သတ္တဌာနဘုရားများ၊ ဇရပ်တန်ဆောင်း၊ ကျောင်းဆောင်များ၊ ဂူတန်းများ ခြံရံလျက် ရှိပြီး ရေမီးအပြည့်အစုံ တပ်ဆင်ထား၏။

ဘိုးပေါက်ဆိန်သည် ပထမံမဟာဘိုးဘိုးအောင်၏ အဓိကရနေရာဖြစ်သော ပြည်ရွှေဆံတော်သာသနာကိုလည်း တစ်တပ်တအား ဖွင့်ဖော်ခဲ့ကြောင်း ဦးသော်ဇင်က ဖော်ထုတ်ခဲ့ပါသည်။

**ဦးပေါက်ဆိန်နှင့် ပုဂံသာသနာ**

မြန်မာနိုင်ငံ တန်ခိုးကြီးမားသော ဘုရားစေတီတော်များတွင် ထိပ်ဆုံးကတစ်ဆူအပါအဝင် ဖြစ်သော ပြည်ရွှေဆံတော်ဘုရားတွင် ဓာတ်လှေကား တပ်ဆင်စီစဉ်ခဲ့၍ ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင် ကျောင်းတိုက်တစ်ဆောင်နှင့် ဓမ္မာရုံကိုတည်ဆောက်နိုင်ခဲ့လေသည်။

ဘိုးပေါက်ဆိန်သည် ဝိဇ္ဇာမိုရ်ဆရာတော်ကြီးဟု အများသမုတ်ကြသော ပထမကလေးဝဆရာတော်နှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်တော် (၂၀၂) နှစ်ရှည်သော နာဂလိုဏ်ဂူက သစ္စာဝါဒီဘိုးဘိုးကြီးအကြောင်းကိုလည်းကောင်း၊ ကောင်းသည် ဆိုးသည် မည်သို့မျှမပြောဘဲ သိသူဖော်စား၊ မသိသူကျော်သွားဟူသော သဘောဖြင့် ထိုနေရာ၊ ထိုပုဂ္ဂိုလ်များကို ဖွင့်ဖော်ဂုဏ်တင်ခဲ့ကြောင်း ဦးသော်ဇင်က အောက်ပါအတိုင်း မသိမသာ မှတ်တမ်းတင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဦးပေါက်ဆိန်နှင့် ဦးအောင်ချမ်းသာ၊ ဦးပေါက်ဆိန်နှင့် သစ္စာဝါဒီဘိုးဘိုးကြီး**

နာဂလိုဏ်ဂူ တန်ခိုးကြီးစေတီတစ်ဆူဖြစ်သော ရန်ကုန်မြို့၊ ရှစ်မိုင် နာဂလိုဏ်ဂူကုန်းမြေပေါ်ရှိ သစ္စာဝါဒီဘိုးဘိုးကြီး၏ ထွက်ရပ်စခန်းတွင်လည်း မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး၏ ကိန်းဝပ်ရာ ငါးသောင်းကျော်တန် ဂန္ဓကုဋိတိုက်ကြီးကို ကြီးမှူးတည်ဆောက်ခဲ့လေသည်။ (၁၅) ရက်တစ်ကြိမ် ဟင်းလေးအိုး ဆွမ်းဝတ်ကိုလည်း ဘုန်းဘုရားပင် လှူဒါန်းစေခဲ့လေသည်။

ဘိုးပေါက်ဆိန်၏ သာသနာပြုလုပ်ငန်းများတွင် အထင်ရှားဆုံးနေရာတစ်ခုဖြစ်သော ကျောင်းတိုက်တွင် မိမိ၏ဘွဲ့တံဆိပ်ခတ်နှိပ်ကာ စာသင်တိုက်တစ်တိုက်ကိုပင် တည်ဆောက်ထားခဲ့ကြောင်း ဦးသော်ဇင်က တင်ပြခဲ့ပါသည်။

**ဝိဇ္ဇာရေစာသင်တိုက် ထူထောင်ခြင်း**

ဝိဇ္ဇာဓရစာသင်တိုက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၅) ရပ်ကွက်၊ (၆) နံပါတ် မြို့ဦးကျောင်းတိုက်တွင်လည်း သာသနာတော်၏ အခြေခံ ရေသောက်မြစ်ဖြစ်သော ဝိဇ္ဇာဓရစာသင်တိုက်ကို ဘုန်းဘုရား တည်ထောင်ခဲ့လေသည်။

ဘိုးပေါက်ဆိန်၏ သာသနာပြုလုပ်ငန်းအထွေထွေတွင် ဂိုဏ်းအားလုံးနှင့် သင့်တင့်အောင် ထားတတ်သော မေတ္တာစေတနာ ကျင့်စဉ်တို့ကိုလည်း ဆရာကြီး ဦးသော်ဇင်က မည်သို့မျှ မဝေဖန်ဘဲ အရင်းအတိုင်း စဉ်းစားနိုင်စေရန် အောက်ပါအတိုင်း ဖော်ပြခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ သာသနာရေးတွင် ဂိုဏ်းကွဲများ အတော်များများပင် ရှိသည်။ သုဓမ္မာ-ရွှေကျင်- ဒွါရ စသည်ဖြင့်ရှိလေရာ ဘုန်းဘုရားသည် ဂိုဏ်းအားလုံးမှာပင် အကျွမ်းဝင်နေသည်။ ဘယ်ဂိုဏ်းက ဆရာတော်၊ သံဃာတော်ကိုဖြစ်စေ ကူညီထောက်ပံ့သည်။ ပေးကမ်းလှူဒါန်းသည်။ ဘုန်းဘုရားသည် တစ်ခါတစ်ရံ နယ်သို့ထွက်၏။ ဘုန်းဘုရား တည်းခိုသောကျောင်းမှာ ဒကာ၊ ဒကာ ပရိသတ်တစ်ခဲနက်မျှ ဝန်းဝိုင်းလျက် ဆွမ်းဘောဇဉ်မှစ၍ ရွှေငွေများကိုပါ လှူဒါန်းပူဇော်ကြသည်။ ထိုလှူဖွယ်ဝတ္ထုတို့ကို ဘုန်းဘုရားသည် ထိုကျောင်းတိုက် သံဃာအား လှူခဲ့လေသည်။ သွားလေရာ အရပ်ဒေသတို့တွင် ဝိဇ္ဇာမိုရ်ကြွလာသည် ဟူသော ဂယက်ကြောင့် ဘုန်းဘုရားသည် အများအားဖြင့် လျှို့ဝှက်စေကာမူ ပရိသတ်၏ ဘေးကိုကား ပြေး၍ မလွတ်ချေ။ လူမျိုးစုံပင် ဘုန်းဘုရား၏ ဘုန်းရိပ်၊ ကံရိပ်ကို ခိုလှုံကြလေသည်။

အကြောင်းမှာ ဘုန်းဘုရား၏ ပေါက်ဆိန်မှာ ရိုးရိုးသံပေါက်ဆိန် မဟုတ်ချေ။ မေတ္တာပေါက်ဆိန် ဖြစ်သည်။ မေတ္တာဟူသည် အေးမြကြည်လင်၏။ မွှေးပျံ့သင်းကြိုင် ရနံ့လှိုင်နေ၏။ ဘုန်းဘုရားကား ရိုးသားသည် ဖြစ်လျက်လည်း ထူးဆန်းသည်။

အထက်ပါအကြောင်းအရာများမှာ ဆရာကြီး ဦးသော်ဇင်၏ စာတွေ့၊ ငါတွေ့ မှတ်တမ်းများ ဖြစ်၏။

ဆရာတော်ကြီး ဦးသုမိတ္တာဘိဝံသနှင့် ဆရာမြေလတ်မြတ်သူ အပါအဝင်ကျွန်ုပ်တို့ တစ်စုသည် ပဲခူး၊ ခရမ်းရွာတွင် စေတီတစ်ဆူ ပန္နက်ရိုက်ကြရာတွင် ဆုံခဲ့ဖူးပါ၏။ ပူဇော်ခဲ့ဖူးပါ၏။ ထိုစဉ်က မေးမြန်းချက်အရ ဆရာတော် ဦးသုမိတ္တာဘိဝံသ အဆိုအရ ဦးပေါက်ဆိန်၏ဘဝခရီးတစ် လျှောက်သည် ရှည်လျားလှသဖြင့် ငယ်ရွယ်နုနယ်သေးသော ကျွန်ုပ်သည် သိခွင့်မရခဲ့၊ သိအောင်မကြိုးစားနိုင်ခဲ့။ ထို့ကြောင့် မပြည့်စုံဟု မိန့်ခဲ့ပါ၏။

ကျမ်းကိုး။ (၁) ဦးမောင်မောင်ညွန့်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ နှစ် ၁၀၀ ပြည့်၊ ၁၉၉၄ ခု၊ နိုဝင်ဘာလ၊ စာ-၁၄၄။ ကျမ်းကိုး။ (၂) ဝင်းတင့်ဦး (ကြံခင်း)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၄၈၊ ၁၉၉၈ ခု၊ နိုဝင်ဘာလ၊ စာ-၁၄၃။ ကျမ်းကိုး။ (၃) သော်ဇင်၊ ဘုန်းဘုရား သာသနာပြု သမိုင်းအကျဉ်းချုပ်၊ စာ-၁။)

# အခန်း (၁၀)

## ဝိဇ္ဇာတို့၏ ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိဝိဇ္ဇာဓရ ပါကဋတေဇ၊ တိပိဋကဓရ၊ ပိဋကတ္တယဆောက၊ နာနာနယသိပ္ပ ကောဝိဒ၊ ဓမ္မဓေတီယယရ၊ ပရစိတ္တဝိဇာနန၊ ဘာသန္တရ ဗဟုသုတပါမောက္ခ မကာရလောပ၊ မေတ္တာယျုံဗုဒ္ဓင်္ကူရ၊ လောကဥသျှောင်အောင်မင်းခေါင်

# ကမ္ဘာ့ရှင်ဘုရင် မဟာပထမံအောင်မင်းခေါင်


ကျိုက်ထီးဆောင်း ဆံတော်ရှင်သို့ ရောက်တော့မှပဲ ကမ္ဘာ့ရှင်ဘုရင်ဟူသော စကားကို ကြားဖူးပေတော့သည်။ ကျိုက်ထီးဆောင်းဆရာတော်၏ ဖခင်မှာ ဦးစံဖေဆိုသူ ဖြစ်ကြောင်း သိရပါသည်။ ဦးစံဖေမှာ ဆရာခေါင်ထွက်ရပ်စခန်းသို့ မမြန်းခင်က ဇုတ်သုတ်ရွာတွင် အတူတကွ နေထိုင်ခဲ့ကြောင်း သိရပါသည်။ ထိုစဉ်က ဇုတ်သုတ်ရွာတွင် ရွာသူရွာသားများ ဝမ်းရောဂါ ကျရောက်ခဲ့စဉ်အခါက ဆရာခေါင်နှင့်အတူ ရပ်တွင်းရွာတွင်း လှည့်လည်ကာ ရွာသူရွာသားများကို ထိုဘေးအန္တရာယ်မှ ကယ်တင်ခဲ့ကြောင်းသိရပါသည်။ ထိုကဲ့သို့သော ဖြစ်ရပ်ဆန်းမှာ အဆန်းတကြယ် ဖြစ်ရကား ယခုထက်တိုင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်၍နေကြောင်း သိရပါသည်။


ထိုအခါတွင် ထီးစုတ်ကြီးကို ဆောင်းကာ ရွာရိုးကိုးပေါက် လျှောက်၍ လျှောက်၍ သွားနေကြသော ဆရာခေါင်နှင့် ဦးစံဖေတို့ကို လူအားလုံးက အရူးဟူ၍ သမုတ်ခဲ့ကြကြောင်း တစ်ဆင့်စကား တစ်ဆင့်ကြားရသူကပင်လျှင် ရင်မောစရာ ကောင်းလှပါသည်။

ထီးစုတ်ကြီးပေါ်တွင် “ကမ္ဘာ့ရှင်ဘုရင်” ဟူသော စာတန်းကြီးကိုထိုးကာ လမ်းလျှောက်နေသော ဆရာခေါင်နှင့် ဦးစံဖေတို့ ရယ်ရယ်မောမော သွားနေကြသည်ကို




ပုပ္ပါးတောင်မကြီး၏ အမြင့်ဆုံး
မှန်ပြတောင်စေတီနှင့်
မြန်မာပြည်၏ ဗဟိုအမှတ်အသား










































မြင်ရသောအခါ လူအပေါင်းတို့က အမြင်ဆန်းသဖြင့် အရှုးထင်ကြသည်မှာ မဆန်းကြောင်း၊ ယခုမှတစ်ဖန် မိမိတို့မသိခဲ့သမျှတို့ကို အတိုးချကာ လွမ်းနေကြရကြောင်း၊ နောင်တသံကလေးနှင့် ပြောဆိုနေကြသည်ကို တစ်ဆင့်ပြန်၍ ကြားရသောကျွန်တော့်မှာ အတော်ကလေး ကြက်သီးထမိပါသည်။

အရူးဟူ၍ထင်သောကြောင့် ရွာထဲဝင်တာတောင် လက်မခံချင်ကြသဖြင့် ရွာပြင်သို့ နှင်ထုတ်ခဲ့ကြသောသူတို့မှာ ယခုအခါ နောင်တရ၍ မဆုံးကြောင်း သိရပါသည်။ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးပင်လျှင် ကိုးနှစ်တိုင်တိုင် အဆင့်ဆင့်သော အကျင့်စခန်းတို့သို့ ဝင်ရောက်ခဲ့ရာတွင် အလွန်ပင်ပန်းဆင်းရဲခဲ့ကြောင်း တစ်ဆင့်စကား တစ်ဆင့် ကြားသိခဲ့ရပါသည်။

ဆရာတော်၏ ဘဝအထုံ ပါရမီဓာတ်ခံတို့မှာ ဘမျိုးဘိုးတူဖြစ်ကြောင်း ယခုမှ ပြောဆိုသံများ ကြားရပါသည်။ ရှေးရှေးသောအခါကမူကား တစ်ကျော့ပြန် ဆံတော်ရှင်မြတ် သာသနာတော်ကို သုဝဏ္ဏဘူမိတွင် ဖွင့်ဖော်ရန် ကြိုးစားစဉ်ကာလဖြစ်သဖြင့် ဉာဏ်နည်းသူတို့ နည်းနည်းကလေးမျှ ရိပ်မိပုံမရပါ။ ထို့ကြောင့်ပင်လျှင် တစ်လွဲထင် တစ်လွဲတွေးခဲ့ကြောင်း သိခဲ့ရပါသည်။

## ကမ္ဘာ့ရှင်ဘုရင် မဟာအောင်မင်းခေါင်နှင့် ဦးခံပေတို့၏ အမွေကို ဆက်ခံသော သားဖြစ်သူ ကျိုက်ထီးဆောင်းဆရာတော်

ဇုတ်သုတ်ရွာသည် ယခုအခါ နမူနာယူစရာ စံပြကျေးရွာကြီးအဖြစ် ကျော်ကြားလျက်ရှိပါသည်။ သုဝဏ္ဏဘူမိဆံတော်ရှင်များကို နှေ့ချင်းပြီး ဖူးမြော်နိုင်ရန်အတွက် ဆရာတော်ကြီးသည် တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းတို့ကို ထူးထူးခြားခြား ကြိုးကြိုးစားစား ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

ဇုတ်သုတ်ရွာသည် ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေလည်းဖြစ်၏။ ထို့အတူပင် ဆရာတော်၏ ဝိဇ္ဇာဓာတ်ပန္နက်ချရာ အောင်မြေလည်းဖြစ်၏ဟု သိသူတို့က ဆိုကြပါသည်။

ကျိုက်ထီးဆောင်းဆံတော်ရှင် ပတ်ဝန်း ကျင်သို့ရောက်တိုင်း ဘယ်နေရာလောက်မှာ ကျိုက်ထီးဆောင်းဆရာတော်ကြီး ငယ်ငယ်တုန်းက နွားကျောင်းသားဘဝတုန်းက

န္တားကျောင်း၍ နေလိမ့်မည်နည်းဟု စိတ်ကူးဖြင့်မှန်းဆကာ ဟိုဟိုဒီဒီ မျက်စိကစား ၍ ကြည့်လေ့ ကြည့်ထရှိပါသည်။

မိမိငယ်စဉ်ကလေးဘဝက ဤကုန်းတော်ပေါ်တွင် နွားကျောင်းခဲ့ရကြောင်းကို ဆရာတော်သည် မိမိဘဝဖြစ်စဉ်ကို ဓမ္မပလ္လင် ဆင်ယင်ကျင်းပသောအခါများတွင် ပြောလေ့ပြောထရှိကြောင်း သိရပါသည်။

ငယ်စဉ်အခါကများဆိုလျှင် ဤဘုရား ကုန်းတော်ပေါ်သို့ ရောက်တိုင်း ရောက်တိုင်း မှာ ဘာမှန်းမသိပဲ မသိစိတ်ဖြင့် ကြက်သီးမွေးညင်းထတတ်ကြောင်း ဆရာတော်က ပြန်၍ ပြောတတ်သည်ဟု ဆိုပါသည်။

ငယ်စဉ်အခါက ကလေးတို့ သဘာဝအတိုင်း ခုန်ပေါက်ပြေးလွှားကစား၍နေစဉ် ကျိုက်ထီးဆောင်းဆံတော်ရှင်ဟု ယခုအခါ ခေါ်၍နေကြသော်လည်း ရှေးအခါက ထီးတော်ကြီး စောင်း၍ နေသောကြောင့် "ထီးစောင်းဘုရား" ဟု လူ့သဘာဝ အတိုင်း ရွှေမရှိတဲ့ဘုရား လူမရိုသေဆိုသလို ခေါ်ဝေါ်ခဲ့ကြသော ထီးစောင်းဘုရား မှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ဖူးမြင်ခဲ့ရကြောင်း ဆရာတော်မှ ပြန်၍ ပြန်၍ မိန့်ကြားတတ်ပါသည်။

ထိုစဉ်က ကစားဖော်၊ ကစားဖက်မှာ (၆) ဦးရှိကြောင်း ဆရာတော်က မှတ်မှတ်ရရ ပြန်ပြောတတ်ပါသည်။ သို့သော်လည်း (၆) ဦး အနက် (၂) ဦးသာလျှင် ရောင်ခြည် တော်လွှတ်သည်ကို ဖူးမြင်ရကြောင်း၊ ကျန်လေးဦးမှာ ဘာမှမမြင်ရပဲ "ဘာလဲ၊ ဘာလဲ" ဟု မေးကာနေခဲ့ကြောင်း သိရပါသည်။ ထူးဆန်းသောအချက်မှာ မြင်ရ သော (၂) ဦးသည်သာ ယခုထက်တိုင် သက်ရှိထင်ရှားရှိပြီးလျှင် မမြင်ခဲ့ရသော ထို (၄) ဦးမှာ ကံဆိုးမိုးမှောင်ကျ၍ သေဆုံးခဲ့ပြီဖြစ် ကြောင်း သိရပါသည်။

ခေတ်ပျက် ခေတ်ဆိုးကာလတွင် ဇုတ်သုတ် ရွာကြီး တစ်ခုလုံး ကံဆိုးမိုးမှောင်ကျ၍ အမှောင်ဖုံးသော အနက်ရောင်နယ်မြေ ဖြစ်နေစဉ် ကာလများတွင် ထို(၄) ဦးမှာ အသတ်ခံခဲ့ရကြောင်း စိတ်မကောင်းစွာ ကြားသိရသောအခါ ကျွန်တော်တို့မှာ ဘာမဆိုင် ညာမဆိုင် ဘာကို တမ်းတရမှန်းမသိ လွမ်းမိ၊ ဆွေးမိပါသေးသည်။

**ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်သားများနှင့် ကျိုက်ထီးဆောင်းဆရာတော် ငယ်ဘဝ**

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်တပ်များ ပြန်ဝင်လာသောအခါ ဘီးလင်း မြို့နယ်သည်လည်း အင်္ဂလိပ်တို့ အရိပ်အောက် ရောက်ခဲ့ရသော နေရာတစ်နေရာ

ဖြစ်ကြောင်း သိရပါသည်။ မပဟုတ်မခံတတ်သော ဘီးလင်းသားတို့က အင်္ဂလိပ် မြင်းစီးစစ်ဗိုလ်အား သတ်ပစ်၍ လက်နက်များ လုယူထားခဲ့ကြောင်း သိရပါသည်။

ထိုအခါ ဆတ်ဆတ်ထိမခံသော အင်္ဂလိပ်စစ်တပ်ကလည်း ဇုတ်သုတ်ရွာက ရွာသူ ရွာသားများကို လက်လှမ်းမီရာခေါ်ပြီးလျှင် အနုနည်းဖြင့် စစ်မေးမရ၍ နယ်ချဲ့ နည်းဖြင့် ရွာသားများကို တစ်နေ့ကုန် နေလှမ်းဒဏ်ပေးခဲ့ကြောင်း သိရပါသည်။ ထိုသို့ တစ်နေ့ကုန်နေလှမ်း၍ အပြစ်ပေးခံရသော ကွင်းပြင်နေရာမှာလည်း ယခု အခါ ကျိုက်ထီးဆောင်း ဆံတော်ရှင်တည်ရာ ကုန်းတော်၏ခြေရင်းနေရာ ဖြစ် ကြောင်းသိရပါသည်။

ထိုသို့သောအခါတွင် ကျိုက်ထီးဆောင်းဆရာတော် အလောင်းအလျာမှာလည်း အတော်ကလေး သိတတ်သောအရွယ်သို့ ရောက်နေသည်ဟုဆိုပါသည်။ သို့သော် လည်း သူများတွေ ထိုသို့နေလှမ်းရန် အားလုံးအဖမ်းခံရသောအချိန်တွင် ထူးဆန်း ကံကောင်းစွာဖြင့် ဆရာတော်အလောင်းအလျာကလေးမှာ ထူးဆန်းစွာ တစ်နေရာ တွင် အိပ်ပျော်နေကြောင်းသိရပါသည်။ ကုန်းတော်တစ်နေရာတွင် ထိုသို့ အိပ်ပျော် နေသောကြောင့် အညှဉ်းပန်းခံရသောသူများထဲတွင်လည်း မပါခဲ့ရဘဲ၊ ဘာမှလည်း မသိဘဲနှင့် စစ်ဘေးစစ်ဒဏ် နှိပ်စက်ဒဏ်မှ ကင်းဝေးခဲ့ရကြောင်း ထူးဆန်းအံ့ဩ ဖွယ်ရာ သိခဲ့ရပါသည်။

ထိုသို့သောအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော် အလောင်းအလျာမှာ (၁၈) နှစ်သားအရွယ်သို့ ရောက်ရှိခဲ့ပြီးလျှင် အသိမိတ်ဆွေတစ်ဦးဦး၏ ကူညီစောင်မမှု ကြောင့် ရန်ကုန်သို့ ရောက်ဖူးခဲ့ကြောင်း ပြန်လည်ပြောကြား၍ သိရှိခဲ့ရပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဖြစ်လာမည့် နာဂဝိဇ္ဇာ ဘိုးသစ္စာရသေ့ကြီးသည် လောကီလောကုတ္တရာ ပညာရပ်များကို လေ့လာလိုက်စားပြီးနောက် မိမိ၏ဇာတိ ရပ်ရွာဖြစ်သော ဇုတ်သုတ်ရွာသို့ ပြန်လည်ရောက်ရှိလာသော ခုနှစ်မှာ (၁၃၃၁ ခုနှစ်) ဖြစ်ကြောင်း မှတ်သားမိပါသည်။

ထိုသို့သောအချိန်တွင် ဇုတ်သုတ်ရွာတွင် သူပုန်သူကန်တို့ ကြီးစိုးလွှမ်းမိုးလျက် ရှိကြောင်း သိခဲ့ရပါသည်။ ရွာသူရွာသားတို့မှာလည်း ကျီးလန့်စာစားဟူသော စကား အတိုင်း ကြောက်ကြောက်လန့်လန့် နေရ၊ စားရကြောင်းသိရပါသည်။ ညအခါ အိပ်သောအခါမှာပင်လျှင် အန္တရာယ်ကင်းအောင် ပုန်းအောင်း၍ အိပ်ရကြောင်း သိရပါသည်။

ထိုအချိန်တွင် လူအပေါင်းတို့သည် ကပ်ရောဂါ ဆိုက်ကပ်နေသည်ဟုပင် ပြော၍ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဇုတ်သုတ် ရွာသူရွာသားများတို့သည် အစားဆင်းရဲရုံသာမက အနေပါဆင်းရဲလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာ ပြန်ပြောင်းသိရှိရပါသည်။

တစ်ရွာလုံး၏ သုံးပုံနှစ်ပုံကျော်ကျော်မှာလည်း ရောဂါပေါင်းစုံ ဖြစ်နေရကြောင်း သိရပါသည်။ ပလိပ်ရောဂါဖြစ်သူကဖြစ်၊ ဝမ်းရောဂါ ဖြစ်သူကဖြစ် တစ်ရွာလုံး ကပ်ဆိုက်လျက်ရှိသည်ဟု ဆိုနိုင်ပါတော့သည်။

ထိုအချိန်အခါတွင် ဘယ်အိမ်ကိုကြည့်ကြည့် အိမ်တိုင်း အိမ်တိုင်းမှာ ခေါင်းရင်းခန်း တံခါးက ပိတ်၍၊ ပိတ်၍ ထားတတ်သည်ဟုဆိုပါသည်။ သည်လိုဆိုလျှင်ပင် ကြည့်ရုံမျှနှင့်ပင် ထိုအိမ်တွင် လူနာရှိနေပြီဟု မှန်းဆနိုင်ပါသည်။

ထိုသို့သောအချိန်တွင် ယခု ကျိုက်ထီးဆောင်းဆံတော်ရှင် တည်ရာကုန်းမြေကြီးမှာလည်း ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်လျက်ရှိပြီးလျှင် မကောင်းသူတို့ ခိုရာ၊ အောင်းရာ အားကိုးအားထားနေရာကြီး ဖြစ်၍နေသည်ဟု ကိုယ်တွေ့သိသူတို့က ပြန်ပြောကြပါသည်။

ယခု ကျိုက်ထီးဆောင်း ဆံတော်ရှင်ကြီးကလည်း ထိုအချိန်က ထီးကလည်းစောင်း၊ စိန်ဖူးကလည်း ကွဲအက်လျက်ရှိသဖြင့် ရွာဘုရား၊ ရွာသားကလည်း မရှိသေ၊ ဘယ်သူကမှလည်း မရှိသေသကဲ့သို့ဖြစ်နေကြပေရာ ဘုရား၏ဘွဲ့တော်ကို မေးလိုက်လျှင်ပင် “ထီးစောင်းဘုရား” ဟုသာ ဖြေကြပါသည်။ ကြည့်လိုက်တော့လည်း ထီးကစောင်းနေသဖြင့် ထီးစောင်းနေသောကြောင့် “ထီးစောင်းဘုရား” ဟု ခေါ်ကြောင်း တွေးဆနိုင်ပါသည်။

စေတီတော်ရင်ပြင်တွင် မြွေတို့၊ ကင်းတို့ကလည်း မင်းမူ ကျက်စားလျက်ရှိကြသည်။ ၄င်းပြင် ဘယ်နေရာကြည့်ကြည့် ခွေးလေခွေးလွင့်များနေတာကလည်း မြင်၍မြင်၍နေရ၏။ နွားကျောင်းသားတွေ၊ ကျွဲကျောင်းသားတွေ အားကိုးအားထားပြုသော ကျွဲစားကျက်၊ နွားစားကျက်လည်း ဖြစ်၍နေပေသည်။ ယခု ရွှေရောင်တဝင်းဝင်း တစ်ကျော့ပြန် ပွင့်လင်းလျက်ရှိသော ဆံတော်ရှင် ကျိုက်ထီးဆောင်း နေရာကြီးတွင် အတိတ်က အရိပ်တို့ကို မှန်းဆ၍ ကြည့်နိုင်ပါသည်။ ထိုအချိန်တွင် “ကမ္ဘာ့ရှင်ဘုရင်” ဟု စာတန်းထိုးထားသော ထီးစုတ်ကြီးကို ဆောင်းကာ ရွာရိုးကိုးပေါက် လျှောက်၍နေကြသော ဆရာခေါင်နှင့် ဦးစံဖေ တို့၏ ရုပ်ပုံလွှာကို စိတ်မျက်စိဖြင့် ပြန်လည်၍ ထင်ယောင် မြင်ယောင်တွေးတောနိုင်ပါသည်။

ထိုကဲ့သို့သော တစ်ရွာလုံး ဝမ်းရောဂါ၊ ကပ်ရောဂါ ကျရောက်နေစဉ်တွင် ထိုဘေးအန္တရာယ်ကပ်ဆိုးကြီးမှ လွတ်မြောက်အောင် မိမိနည်း၊ မိမိဟန်ဖြင့် ကယ်တင်ရန် စီမံခဲ့သော ရုပ်ပုံလွှာကြီးကို ပြန်လည်မြင်ယောင်တိုင်း "ကမ္ဘာ့ရှင်ဘုရင်" ဟူသော စာလုံးများသည် ယခုထက်တိုင် အစိပ္ပါယ်ကောင်းလျက် ရှိပါတော့သည်။ ထိုမှတစ်ဆင့် မွန်မြတ်သောသဘောတို့ကို တွေးတောနိုင်ပါသည်။

## မိမိသည် မြတ်ရှင်ဇိနအလောင်းတော်ဖြစ်ကြောင်း အထောက်အထားအပြစ် အဘ အောင်မင်းခေါင်ကြီးကိုယ်တိုင် ရွတ်ဆိုပြောကြားခဲ့သော မန်ကျည်းတောက ကဗျာတစ်ပုဒ်

(၁၃၁၀) ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်၊ (၁၈) ရက်၊ နိဝင်ဘာလ၊ (၁၉၄၈) ခုနှစ်၊ ကြာသပတေးနေ့တွင် ဆရာခေါင်သည် တောင်ကလပ်ပေါ်မှ ဝေါစီး၍ဆင်းလာစဉ် ကိုယ်တော်တိုင် ရွတ်ဆိုတော်မူသော ကဗျာတစ်ပုဒ်ရှိကြောင်း မှတ်မိသူတို့က ပြောကြားကြပါသည်။

ထိုကဗျာကို အလိုရှိသဖြင့် ကျွန်တော် ရှာဖွေရာ ရုတ်တရက် မရခဲ့ပါ။ သို့သော်လည်း (၁၄-၉-၂၀၀၀) ပြည့်နေ့ ပုပ္ပါးတောင်ကလပ် ရွှေမန်ကျည်းတောတွင် ကျင်းပသော မေတ္တာ သမထ ရွှေလမ်းစဉ် မေတ္တာပို့ အဓိဋ္ဌာန်အောင်ပွဲ ကြီးတွင် ဝေငှသော စာကလေးကို အမှတ်မထင် ရရှိခဲ့ပါသည်။ ထိုစာကလေးမှာ ပုပ္ပါးတောင်ကလပ် ဦးမေဓာဝီက ဝေငှသော မေတ္တာစာကလေးဖြစ်ရာ ထိုမေတ္တာစာကလေးထဲတွင် ဆရာခေါင်ကိုယ်တိုင် တောင်ကလပ်ပေါ်မှ ဝေါစီး၍ ဆင်းလာစဉ် အဘဘုရား ကိုယ်တိုင်ရွတ်ခဲ့သော ကဗျာဖြစ်ကြောင်း သိရပါသည်။ အခြားမူကွဲရှိသူတို့ နှိုင်းယှဉ် လေ့လာနိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်။ ဖတ်ရှုတော်မူကြပါ။

"မောက်လတ်တိမ်ငွေ့၊ ကတ်၍ငှေ့သား၊
ပျော်မွေ့ဖွယ်ရာ၊ တောင်သေလာကား၊
ဟေမာဝိုက်ပင့်၊ ပင်ချင်းဆင့်၍၊
ဖူးပွင့်အာငုံ၊ တော်မှော်ရုံသည်၊
သင်းထုံပန်းနံ့၊ ရှစ်ခွင်နှံ့လျက်၊
နူးညံ့လွေ့လွေ့၊ လေနှင့်ရွှေ့သော်၊
ကြုံတွေ့လှိုင်စွာ၊ ပန်းဝတ်လွှာတည်း၊

နတ်ရွာပန်းနှင့်၊ ပြိုင်ကာတင့်သို့၊
ဂနိုင်သရေ၊ တက်ဖြိုးဝေလျက်၊
ထွေထွေရပ်ရပ်၊ ကျောက်ထပ်ထပ်နှင့်၊
ကလပ်ပုပ္ပါး၊ တောင်တော်ဖျားမှာ၊
ပန်းများဘုရင်၊ တော်ဝင်နန်းဆက်၊
သန့်ဇင်ခက်သို့၊ ညို့ညို့မှိုင်းမှိုင်း၊
မြင့်ပင်တိုင်းတွင်၊ ရိုးညာမြနှိုင်း၊
ပုလဲဆိုင်းသွင်၊ မြင်တိုင်းမျှော်လွမ်း၊
ရှုမပန်းတဲ့ည့်၊ စိမ့်စမ်းတံခွန်၊
ကျောက်သလွန်မှ၊ သွန်သွန်ဖျန်းဝေ၊
ကျောက်စက်ရေတို့၊ စီးတွေပတ်ဝန်း၊
ပျော်ဖွယ်ထွန်း၍၊ ကျွန်းကျွန်းသရေ၊
တို့အောင်မြေဝယ်၊ သမ္မောခတ္တိ၊
နွယ်တော်ရှိလျက်၊ သီရိဘုန်းမော်၊
ကမ္ဘာကျော်သား၊ တေဇော်ထန်ပြင်း၊
သိဒ္ဓိဝင်းလျက်၊ လူမင်းနတ်တို့၊
ဦးခိုက်ကြို့၍၊ နှစ်မြို့မွေ့မွေ့၊
လွန်ကြွေ့သဒ္ဓါ၊ စေတနာနှင့်၊
ပူဇာသက်နှင်း၊ မင်းမင်းဦးသျှောင်၊ ဘမင်းခေါင်ကို၊
သိန်းထောင်တိုင်းရွာ၊ လူများစွာတို့၊
ရောက်လာသဲသဲ၊ ရှုမစဲဘဲ၊
အောင်ပွဲသဘင်၊ ညီလာဝင်ရှင့်၊
သွန်သင်သိပ္ပ၊ များသိဿကို၊
ဝေငှပေးအင်၊ ဂုဏ်ထူးတင်သည်။
မြတ်ရှင်ဇိန အလောင်းတော် . . .။"

**ဘိုးမင်းခေါင်အကြောင်းကို အလေးအနက် သစ္စာဆို၍ ပြောပြသော အကြောင်းအရာများ လေ့လာချက်**

သာသနာပြု အေးမြသန္တာသည် မိမိ၏ ဆောင်းပါးတစ်ပုဒ်ဖြစ်သော ပန်သစ္စာဆိုမိပါသည်ဟူသော စာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၀၉၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ၊ စာ-၃၇၊ ၃၈၊ ၃၉တွင် ရေးသားခဲ့ပါသည်။ ထိုစာအရ သာသနာပြု

အေးမြသန္တာသည် အဘအောင်မင်းခေါင်ကြီးအကြောင်းကို အလေးအနက် လေ့လာလျက်ရှိကြောင်း ထင်ရှားသိသာပါသည်။ သူ၏စကားအရ ပြန်ပြောပါမည်။

အဘအောင်မင်းခေါင်ကြီးကို ကြည်ညိုလေးစား အရေးထား ဖွဲ့နွဲ့ဖော်ကျူး မှတ်တမ်းတင်ကြသော ပုဂ္ဂိုလ်အမြောက်အမြား ရှိပါသည်။ ထိုအထဲတွင် အေးမြ သန္တာသည် ထူးခြားသောသူတစ်ဦး ဖြစ်ပါသည်။ သူ၏မှတ်တမ်းများသည် လေးစား ဖွယ် ဖြစ်သောကြောင့် ဤစာပြုသူက သေချာစွာစုဆောင်း မှတ်သားထားပါသည်။ ယခု တင်ပြပါမည်။

အောက်ပါစာသားတွင် အေးမြသန္တာသည် ခေါင်လေးခေါင်အကြောင်း မိမိလေ့လာ သမျှကို ဖော်ထုတ်ထားကြောင်း တွေ့ရှိရပါသည်။
(၁) ဒီနေရာမှာ ခေါင်လေးခေါင်ကိုလည်း နည်းနည်း ပြန်ပြောပါဦးမယ်။ ပထမ အင်းဝမင်းခေါင်ကို မင်းပျောက်ကြီးလို့လည်း ခေါ်ပါတယ်။ အဲဒီ့ဘဝမှာလည်း အင်းအတတ်နှင့် ကိစ္စပြီးပါတယ်။ ဒုတိယဘိုးမင်းခေါင်ဘဝမှာလည်း ဓာတ်စမ အတတ်နဲ့ ကိစ္စပြီးပါတယ်။ တတိယဓမ္မစေတီမင်းခေါင်ဘဝမှာလည်း အင်း စမ အတတ်တွေကို အပြီးတတ်ပါတယ်။ စတုတ္ထမင်းခေါင်ဘဝမှာလည်း အမျိုး၊ ဘာသာ၊ သာသနာအရေးမို့ အဲဒီ့ရုပ်နဲ့ အဲဒီ့ နာမ်နှင့် တစ်ခါ ပြန်ဝင်လာရတာပါ။ အဲဒါ (ခေါင် လေး ခေါင်) အမည်ခံယူထားတဲ့ အဘခေါင်ပါပဲ။

အေးမြသန္တာ၏ တင်ပြချက်တွင် ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးဟူသော စကားတစ်ခွန်းကို လည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။ အေးမြသန္တာဖော်ပြချက်တွင် သီပေါမင်း ပါတော်မူပြီး (၃) နှစ်အကြာက မှတ်တမ်းဖြစ်ကြောင်း တွေ့ရှိရပါသည်။
(၁၂၅၀) ပြည့်နှစ်မှာ အဘဘိုးမင်းခေါင် အပါအဝင် ရှင်မထီးဆရာတော်၊ ဆံရှည် ကိုယ်တော် ဦးကောဏ္ဍည၊ ပြည်ရသေ့အောင်၊ တောင်ငူအောင်၊ ဗန်းမော်အောင်၊ ရက်ကန်းစင် တောင်ဆရာတော်များနှင့် ပူးပေါင်းပြီး ဝိဇ္ဇာဓိုရ် အဖွဲ့ကြီးကို ကာကွယ် စောင့်ရှောက်ခဲ့ကြပါတယ်။ သာသနာပြု ဓာတ်ပန္နက်လုပ်ငန်းတွေ ဆောင်ရွက်ဖို့ အတွက် ရမည်းသင်း ရွှေမြင်တင်တောင်မှာ သီတင်းသုံးနေတဲ့ ရသေ့ကြီးဦးခန္တီကို ပါရမီရှင်အဖြစ် ရွေးကောက်ခဲ့ကြတယ်။

အေးမြသန္တာ၏လေ့လာချက်တွင် ဦးပွား ဟူသော ပုဂ္ဂိုလ်အကြောင်း တွေ့ရှိရပါ သည်။ အေးမြသန္တာတင်ပြသော ဦးပွားအကြောင်းကို ပထမမဂ္ဂဇင်းတွင် တင်ပြ ထားသော ဦးပွားတည်းဟူသော အဘအောင်မင်းခေါင်ကြီး၏ ကိုယ်ပွားအကြောင်း နှင့် အကြောင်းဆက်လျက် လေ့လာကြည့်လျှင် ပိုမိုရှင်းလင်းသော အဖြေထွက်

မည်ဟု ထင်ပါသည်။ အေးမြသန္တာ၏စကားကို အောက်တွင်ကြည့်ပါ။

နောက်ပိုင်းမှာ ဦးပွားကို ဘဘအောင်မင်းခေါင်ရဲ့ ကိုယ်စားထားပြီး မန္တလေး တောင်၊ မိုးထိတိုက် နတ်စလင်းကျောင်းမှာ ဓာတ်စခန်းဌာနချုပ် ပြုလုပ်ပြီး သာသနာပြုလုပ်ငန်းတွေကို ဓာတ်စီး မိန့်ကြားခဲ့ပါတယ်။ အဲဒီဦးပွားမှာ အဘခေါင် ဓာတ်စီးခြင်း (နာမ်ချင်း) ခြင်း လုပ်ရတာကတော့ ပုပ္ပါး တောင်ကလပ်မှာ အဘ ခေါင်ပြောတဲ့ စကားတွေကို ဝိဇ္ဇာတွေ၊ နတ်တွေသာ နားလည်နိုင်တာမို့ လူသာမန် တွေ နားလည်နိုင်အောင် ဦးပွားကို နှစ်အတန်ကြာ အောင် လေ့ကျင့်ထုံကူးစေပြီးမှ ဓာတ်စီးအသုံးချတယ်လို့ သိရပါတယ်။

အေးမြသန္တာ၏ လေ့လာမှုတွင် အဘအောင်မင်းခေါင်ကြီး၏ ဘဝတစ်စိတ်တစ်ပိုင်း ပါရှိရာ ပုပ္ပါးမရောက်မီက ကာလတချို့ကိုလည်း ဖော်ထုတ်ထားကြောင်း တွေ့ရှိ ရပါသည်။ အောက်ပါစာပိုဒ်ကို ဖတ်ကြည့်ပါ။

အဘခေါင်ဟာ (၁၂၅၀) ပြည့်နှစ်ကစပြီး မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်ကို ဂန္ဓာရီ လှည့်လည်ပြီး သာသနာ့ပန္နက်များ စိုက်ထူခဲ့တယ်။ တရုတ်နိုင်ငံ၊ ယူနန်နယ်၊ မန်ချူးရီးယား၊ တိဗက်၊ ရုရှနိုင်ငံ၊ အိန္ဒိယနိုင်ငံတစ်ခွင်တွေပါ ရောက်ခဲ့တယ်။ (၁၃၀၀) ပြည့်နှစ်ကျကာမှ ပုပ္ပါးတောင်ကလပ်မှာ ပြန်ဝင်လာခဲ့တယ်။ ဒါကြောင့် ပုပ္ပါး အောင်မင်းခေါင် အမည်ခံယူပြီး သာသနာပြုခဲ့တဲ့ ကာလဟာ (၆၄) နှစ် ကြာမြင့်ခဲ့ပါတယ် ဟူ၍ ရေးသားခဲ့ပါသည်။

အေးမြသန္တာ၏စကားတွင် အဘအောင်မင်းခေါင်ကြီးနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်ထူး (၆) ဦးကို ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ သုတေသီတို့အတွက် ဆက်လက် လေ့လာစရာ နှိုးဆော်ထားကြောင်း တွေ့ရှိရပါသည်။

အဘအောင်မင်းခေါင်နဲ့ ပတ်သက်ပြီး သေချာဂဏာမိန့်ကြားနိုင်တဲ့ ပုဂ္ဂိုလ်ကြီး (၆) ဦး ရှိခဲ့ဖူးပါတယ်။ (၁) ပြင်ဦးလွင်က အနီးစခန်း ဆရာတော်ဘုရားကြီး။ (၂) မင်းကွန်းမနောမယ ဆရာတော်ဘုရားကြီး။ (၃) မိုးညှင်းဆရာတော်ဘုရားကြီး။ (၄) ဘူးကိုင်း ဆရာတော်ဘုရားကြီး။ (၅) ဝေဘူဆရာတော်ဘုရားကြီး။ (၆) ဦးဇောတိပါလဆရာတော် တို့ ဖြစ်ပါတယ် ဟူ၍ ဖော်ထုတ်ထားကြောင်း တွေ့ရ ပါသည်။

အေးမြသန္တာ၏ ဖော်ထုတ်ချက်များတွင် လူသိနည်းလှသော ရှေးကမှတ်တမ်းများ ကိုလည်း ပြန်လည်တင်ဆက်ထားကြောင်း တွေ့ရှိရသဖြင့် ဆက်လက်လေ့လာရန်

လမ်းကြောင်းများကို တင်ပြထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အောက်ပါစာတွင် အဘအောင်မင်းခေါင်ကြီးအကြောင်းကို ဖော်ညွှန်းထားကြောင်း တွေ့ရှိရပါသည်။

## သစ္စာဆိုပြီးလျှင် မဟာအောင်မင်းခေါင်အကြောင်း ဖွင့်ဟပြောဆိုချက်များ

မြန်မာသက္ကရာဇ် (၁၃၁၄) ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ အသျှင်ဇောတိပါလရဲ့ အောင်မင်းခေါင်ကြီး (ဝိဇ္ဇာဝင်) သမိုင်းဆိုတဲ့ စာအုပ်ဟာ အုပ်ရေ (၅၀၀၀) ထွက်ခဲ့ဖူးပါတယ်။ ပြီးတော့ (၁၃၁၄) ခု၊ နတ်တော်လဆန်းမှာပဲ ဆရာကြီး ဦးပေါ်ဦး ပြုစုခဲ့တဲ့ ဝိဇ္ဇာမိုရ်အောင်မင်းခေါင်၏ထွက်ရပ်ပေါက် ရာဇဝင်ဆိုတဲ့စာအုပ်တွေဟာ အတော့်ကို လေ့လာဖို့ထိုက်တဲ့စာအုပ်တွေပါ။ ခုတော့ အလွန်ရှားနေပါပြီ။ အသျှင်ဇောတိပါလ ရေးသားတဲ့ ဝိဇ္ဇာဝင်သမိုင်းစာအုပ်ထဲမှာ ပုပ္ပါးဘိုးမင်းခေါင်ရဲ့ ပုံတော်တစ်ခု ပါရှိပြီး ပုံတော်ထိပ်မှာ (အလုံးစုံသော ဝိဇ္ဇာတို့၏ ဦးစီး ဥက္ကဋ္ဌ၊ သဗ္ဗသိဒ္ဓိ ဝိဇ္ဇာဓရ ပါကဋ္ဌတေဇ ဓမ္မစေတီ ရဃရ) အောင်မင်းခေါင်ကြီး ဆိုပြီး အတိအလင်း ဖော်ပြပါရှိထားတာ တွေ့ရပါတယ် ဟူ၍ အေးမြသန္တာက ဖော်ထုတ်တင်ပြပါသည်။

အေးမြသန္တာ၏ အထက်ပါစာတို့တွင် နာမ်ကိန်းသည့်အကြောင်းလည်း ပါ၏။ ခေါင်သုံးခေါင်အကြောင်းလည်း ပါ၏။ သုတေသီတို့ ဆက်လက်ဝေဖန်စဉ်းစားရန် အချက်အလက်များ ဖြစ်ပါသည်။ လေးစားထိုက်သော အဆိုအမိန့်များဖြစ်ကြောင်း သိရှိရပါသည်။ အေးမြသန္တာသည် အောက်ပါစာပိုဒ်တွင် အများသူငါ သိကြသော ဦးအာစိဏ္ဏအကြောင်းကို ရဲရဲဝံ့ဝံ့ တင်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

### မဟာအောင်မင်းခေါင်ဟု လူအများ ခေါ်ဆိုနေကြသော ရွှေပြည်ဝင် ထွက်ရပ်ပေါက် ဆရာတော် ဦးအာစိဏ္ဏ

အဘအောင်မင်းခေါင် နာမ်ကိန်းထားတဲ့ ဆရာတော်ဦးအာစိဏ္ဏ၊ လူအမည် ဦးမင်းအောင်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း သူ့ပင်ကိုအရကိုပဲ ပါရမီရင့်ကျက်ပြီး သိဒ္ဓိရှင်တစ်ဦးများ ဖြစ်နေမလားလို့ တွေးမိကြောင်း။

အဲဒီဆရာတော် ပျံတော်မူချိန်ဟာ သက်တော် (၃၆) နှစ်ဖြစ်ပြီး အဲဒီရုပ်ကို အဘခေါင် အသုံးပြုခဲ့တဲ့ကာလဟာ (၆၄) နှစ်ဆိုတော့ ဒီရုပ်ကြီးဟာ နှစ် (၁၀၀) တိုင်အောင် တည်တံ့နေ တဲ့သဘောဟာ ထူးခြားမှုတစ်ရပ်ပဲ။ ကိစ္စပြီး မြောက်လို့လည်း ခရီးပေါက်ခဲ့ပါတယ်။ သို့ပေမယ့် အသေထွက်သဘောမျိုးနှင့် ရုပ်ကို စွန့်ခွာခဲ့တာမို့ ဒီရုပ်ကို ထုံကူးပြီး အဘခေါင်ရဲ့ နာမ်နဲ့ ပေါင်းစပ်အသုံးပြုခဲ့ကြောင်း။

'အဘအောင်မင်းခေါင်ဟာ ဦးအာစိဏ္ဏလား။ ဦးအာစိဏ္ဏဟာ အဘအောင်မင်းခေါင်လား' ဟူ၍ လည်းကောင်း၊ "အဘအောင်မင်းခေါင်ဟာ ဦးအာစိဏ္ဏ ဟုတ်ပါတယ်။ ဦးအာစိဏ္ဏ အဘအောင် မင်းခေါင် မဟုတ်ပါဘူး" ဟူ၍ လည်းကောင်း၊ "ဆိုလိုတာကတော့ ဦးအာစိဏ္ဏရဲ့ ရုပ်ခွံကြီးကို အဘခေါင်က နာမ်ကိန်းပြီး သုံးခဲ့တာမို့ ဦးအာစိဏ္ဏရဲ့ ရုပ်ခွံအတိုင်း ကြည့်ပြောမယ် ဆိုရင်တော့ ဦးအာစိဏ္ဏ အဘအောင်မင်းခေါင်ပါပဲ" ဟူ၍ လည်းကောင်း၊ "တကယ့် ဦးအာစိဏ္ဏနာမ်ဟာ ဝိဇ္ဇာမယ ပညာရပ်တွေနှင့်အတူ အတွင်းစခန်းကို မြန်းကြွခဲ့ပြီဖြစ်လို့ ဦးအာစိဏ္ဏက သပ်သပ်၊ ဒီရုပ်ခွံကို အသုံးပြုထားတဲ့ အဘခေါင်က သပ်သပ်စီပဲ" ဟူ၍ လည်းကောင်း ဖွင့်ဖော်ထားသည်ကို လေ့လာတွေ့ရှိရ ပါသည်။ အကျယ်ကို အထက်ပါ အချက်အလက်တို့ကို စ၊ လယ်၊ ဆုံး သုံးပါးစလုံး အကျယ်တဝင့် သိရှိလိုပါလျှင် အေးမြသန္တာ၊ ဂန္ဓာရီဝိဇ္ဇာလမ်းဆီမှ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာ-၈၅၊ ၈၆ကို လေ့လာသင့်ပါသည်။ ဆက်လက်ဖတ်ရှုတော်မူကြပါ။

# အာဘအောင်မင်းခေါင်ကြီးနှင့် ပါဠိ-မြန်မာ ပညာရှိဆရာကြီး ဦးကံမင်း

ဆရာကြီး ဦးကံမင်းမှာ ဘိုးတော်အောင်မင်းခေါင်ကြီးကို မီလိုက်သူဖြစ်သည်။ ထို့ကြောင့် မိမိ၏ညီဖြစ်သူက ထိုအကြောင်းတို့ကို မေးမြန်းသောအခါ မိမိသည် ပုပ္ပါးတောင်တော်သမိုင်းကို ပြုစုရကြောင်း နိဒါန်းပျိုးထားပါသည်။ ထိုစာအုပ်ဆွေးလုလုကလေးကို ကျွန်တော်သည် လမ်းဘေးမှ ရရှိခဲ့ရာ ကိုင်၍မရအောင် ရှိနေပါသည်။ ထို့ကြောင့် အသာအယာ ပြန်လည်ကူးယူထားသည်မှာ ဘိုးတော်အောင်မင်းခေါင်အရှင်နှင့် စပ်လျဉ်း၍ တန်ဖိုးမဖြတ်နိုင်သော ကိုယ်တွေ့မှတ်တမ်းများ ဖြစ်ပါသည်။

၁၉၆၁ "ပုပ္ပါးတောင်ရိပ် နိမိတ်သညာ မင်္ဂလာဂုဏ်မြောက် ဆည်ပေါက်ဇာတိ ပါဠိမြန်မာ ပညာရှိဆရာကြီး ဦးကံမင်း၏ ထင်လင်းတီထွင် စီစဉ်ရေးသားအပ်သော ပုပ္ပါးတောင်တော်သမိုင်း"ကို (၁၉၆၁) ခုနှစ်၊ မတ်လ (၃) ရက်နေ့၊ သောကြာနေ့ နေ့စွဲဖြင့် ဖတ်လိုက်ရသောအခါ အလွန်ဝမ်းသာကြည်နူးမိပါသည်။"

"ကျောက်ပန်းတောင်းမြို့ရှိ ဈေးအရှေ့ဘက်နေ ညီဖြစ်သူ ဆရာကိုဘမောင်၏ တိုက်တွန်းတောင်းပန်ချက်အရ အလင်းရောင် တောင့်တသူအား သီတဂူနန်းစန်းရဟတ်ယုန်အိမ်သည် ပုဏ္ဏမိန် လပြည့်ဝန်းကို ပထွန်း၍ ပြသကဲ့သို့ ထို့အတူပမာ တောင့်တချက် အာသာအတိုင်း ဘဝင်ကျော်အောင် ထွက်ပေါ်လာပါသတည်း" ဟု ဆရာကြီးဦးကံမင်း ဖွင့်ဟဆိုသည့်အတိုင်း ကျွန်တော်သည် ဆရာကြီးထံမှ ဆရာခေါင်အကြောင်းကို တစ်စေ့တစ်စောင်း ကြားနာမှတ်သားရပါသည်။ မှတ်သားရပုံကိုလည်း မကြွင်းမကျန် နောက်လူတို့သိအောင် ဖော်ပြပါမည်။ မှတ်စုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အထက် အညာနဘားမှ ရောက်လာသောကြောင့် အများသိကြသော နဘားဘိုးဘိုးကြီး**

ဘိုးတော်အောင်မင်းခေါင်အရှင်ကို ထိုခေတ်က နဘားဘိုးဘိုးကြီးဟုလည်း ခေါ်သေးကြောင်း၊ ဗဟုသုတအဖြစ် ထူးထူးဆန်းဆန်း အသစ်အဆန်း မှတ်သားခဲ့ရပါသည်။ ဆရာကြီးဦးကံမင်းသည် ဘိုးတော်အောင်မင်းခေါင်အရှင်အကြောင်း မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁၃၀၀) ပြည့်နှစ်၊ တပေါင်းလဆန်း၊ (၁၀) ရက်နေ့တွင် အထက်အညာနဘားမှ ပြောင်းရွှေ့လာသော ဆရာခေါင် (ခေါ်) ပုဂ္ဂိုလ်ကြီးတစ်ဦး ဤတောင်ကလပ်သို့ ဆိုက်ရောက်လာသည်။ နဘားမှလာသူဖြစ်၍ နဘားဘိုးဘိုးဟု ခေါ်ကြသည်။ အချို့ကလည်း ကျောက်ပန်းတောင်း မြို့နယ်လေးပင် စင်မြင့်ရွာသားဟု ပြောဆိုကြသည်။

**(၁) ဘ၏ အနေအထိုင်**

၎င်းသည် လုံချည်ကို ခိုင်မြဲစွာမဝတ်ဘဲ ခါးတွင်တင်မိရုံမျှသာ စွပ်ထားသည်။ စကားမပြော တုံဏှိဘောနေသည်။ သူ့အလိုအလျောက်မူကား ရောက်မိရောက်ရာ ရေရွတ်မြည်တွန်နေသည်။ စားသုံးပြီး အကြွင်းအကျန်များနှင့် တိုက်ရိုက်ပေးသော အစားအစာများကို ကံကောင်းသူမှ သုံးစားရသည်ဟု အဆိုရှိကြသည်။

**(၂) ဘ၏ နိမိတ်ပြ**

ရေးကြီးခွင်ကျယ် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လတံ့ ဖြစ်လျှင် တင်ကြို၍ ပြောဆိုမြည်တွန်ခြင်းဖြင့် လည်းကောင်း၊ ကိုယ်အမူအရာဖြင့် လည်းကောင်း သိအောင်ပြုလုပ်၍ ပြသနှင့်သည်ဟု ပြောကြသည်။

**(၃) ဘ၏ ဥပမာ**

အမှိုက်များကို သုတ်သင်ရှင်းလင်းသော နိမိတ်ကိုပြပြီး နောက်မကြာမြင့်မီ အမှိုက်ကဲ့သို့ ရွံရှာမုန်းတီးဖွယ်ရာဖြစ်သော လူလေလူလွင့် လူဆိုးသူဆိုးများ ပျက်ပြားပြုန်းတီးသည်ကို မြင်ကြရသည်ဟု ပြောကြသူများလေသည်။

**(၄) ပုတီးဆရာတော်၏ စကား**

အနီးအနားတစ်ဝိုက်ရှိ ပတ်ဝန်းကျင် မြို့ရွာများအတွက် ကြက်မကြီးက ကြက်သူငယ်ကို အတောင်ဖြင့်အုပ်၍ ကာကွယ်သကဲ့သို့ ထို့အတူ ဆရာခေါင်က ကာကွယ်ပေးနေသည်ဟု ပုတီးနာမည်ကြီး ဆရာတော်တစ်ပါးက အမိန့်ရှိသည်ကို တစ်ဆင့်စကား ကြားရဖူးလေသည်။

**(၅) ဘ၏ ရုပ်ဆင်းအင်္ဂါ**

ဆရာခေါင်သည် တစ်ခါတစ်ရံ ရုပ်ပျက်ဆင်းပျက် အဖုအပိမ့်တွေထွက်လျက် အရည်တစက်စက် ယိုထွက်နေသည်ကို မြင်ရသည်။ မကြာမီပင် ပကတိအသွင် မြင်ကြရသည်ဟု အနီးနေသူများက ပြောကြသည်။

**(၆) ဘ၏ အစွမ်းသတ္တိပေလော**

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လေယာဉ်ပျံများ လာရောက် ဗုံးကြဲစဉ် ဘ၏နေရာဖြစ်သော တောင်ကလပ်အခြေရှိ အာရုံခံတန်ဆောင်းနှင့် ကပ်လျက် အရှေ့ဘက်တွင်ရှိသော အဆောက်အဦကို မီးသင့်လေသည်။ မီးစာသဖွယ်ဖြစ်သော မြက်ခြောက်များနှင့်စပ်၍ နေသော်လည်း လောင်စာဘက်မှကြို၍ ပါးစပ်လေဖြင့် မှုတ်လွှင့်ရာ ကူးစက်ခြင်းမရှိဘဲ မီးငြိမ်းသွားကြောင်း မျက်မြင်သူများထံမှ တစ်ဆင့် စကားကြားသိရသည်။

**(၇) အံ့ဩစွာပြောဆိုကြခြင်း**

လေယာဉ်ပျံများ၊ ဗုံးသံ၊ အမြောက်သံ၊ စက်သေနတ်သံများ ဆူဆူညံညံဖြစ်နေစဉ် အတွင်းမှာလည်း ပုန်းအောင်းရှောင်တိမ်းခြင်း မရှိဘဲ နေမြဲတိုင်းထက် မထူးခြားသော အသွင်အပြင်ဖြင့်သာ တည်ရှိသည်ကိုမြင်ကြရသည်ဟု တအံ့တဩ ပြောဆိုကြသည်ကို ကိုယ်တိုင် ကြားရဖူးလေသည်။

**(၈) ဘကို ရှိခိုးကန်တော့ကြသူများ**

ဝိစာရဉာဏဖြင့် ဆင်ခြင်လျှင် ဝမ်းတွင်းဓာတ်ခံ ရင့်သန်ထွားကြိုင်းလှပြီဟု ထင်မှတ်ဖွယ်ရှိသူတို့က ကန်တော့ကြ ပျပ်ဝပ်တုပ်ကွ ရှိသေကြသည်ကို ကိုယ်တိုင်တွေ့ရဖူးသည်။

**(၉) ကိုယ်ထိလက်ရောက်ကျူးလွန်ကြသူများ**

အချို့သောသူတို့ကလည်း ရူးသွပ်သူပင် မှတ်ထင်ကြသည်။ လေးစားခြင်း မရှိရုံမျှမက ကိုယ်ထိလက်ရောက် ပြစ်မှားကျူးလွန်ကြသူများလည်း ရှိကြသည်။

**(၁၀) ယောနိသောမနသိကာရတရား ကိန်းအောင်းသူ**

မည်သို့ဆိုစေ စိတ်ထားကြည်လင် သန့်စင်မွန်မြတ်သော ယောနိသော မနသိကာရတရားကောင်း ကိန်းအောင်းသော ပုဂ္ဂိုလ်ကြီးဟူ၍ပင် တွေးထင်ရလေသည်။ အကြောင်းကား အကြည်ညိုခံ အပူဇော်ခံ ဟန်ပန်လုပ်ကာ လှည့်စားနေသည် ဆိုပါလျှင် လကြာ နှစ်ရှည် တည်တည်တံ့တံ့ သန့်သန့်ရှင်းရှင်း အပြစ်ကင်းအောင်နေခြင်းငှာ ခဲယဉ်းတတ်သောကြောင့်တည်း။

အထက်ပါ အချက်အလက်တို့ကို ဆရာကြီး ဦးကံမင်း၏ မှတ်စုမှ သိခဲ့ရပါသည်။ အကျယ်သိလိုသူတို့သည် 'ပုပ္ပါးတောင်ရိပ် နိမိတ်သညာ မင်္ဂလာဂုဏ်မြောက် ဆည်ပေါက်ဇာတိ ပါဠိမြန်မာ ပညာရှိဆရာကြီး ဦးကံမင်း၏ ထင်လင်းတီထွင် စီစဉ်ရေးသားအပ်သော ပုပ္ပါး တောင်တော်

သမိုင်း' စာအုပ်ကို ကြည့်ရှုမှတ်သားသင့်ပါသည်။ ယခုအခါ လက်ရင်းကျကျ ခေတ်ပြိုင်အထောက် အထားများမှာ ရှားပါးလျက်ရှိပါသည်။ ဆရာကြီး ဦးကံမင်းကောင်းမှုကြောင့် ကိုယ်တွေ့မျက်မြင် ခေတ်ပြိုင် မှတ်တမ်းကို သိရှိရခြင်း ဖြစ်ပါသည်။

# ဘိုးတော်အောင်မင်းခေါင်နှင့် သမားတော်ကြီး ဦးသာတင့် မျက်မြင်ကိုယ်တွေ့ခေတ်ပြိုင်မှတ်တမ်း

ဆရာခေါင် ရှာပုံတော်ဖွင့်ရန် ကျွန်တော်သည် လက်လှမ်းမီသမျှ မျက်စိကြီး၊ နားကြီး ဟူသမျှကို မေးမြန်းရသည်။ မှတ်စု၊ မှတ်ရာ ဟူသမျှကို ရှာဖွေဖတ်ရှုရသည်။ ဤတွင် ကံကောင်းထောက်မသဖြင့် ကျွန်တော်သည် ပုပ္ပါးမြို့နေ သမားတော်ကြီး ဦးသာတင့်၏ မှတ်စုမှတ်တမ်းများကို ဖတ်ရှုရပါသည်။ ထိုမှတ်စု၊ မှတ်တမ်းများကို "ပုပ္ပါးမြို့ တောင်ကလပ် ကုမာရရာမကျောင်းတိုက် ဦးကဝိန္ဒကိုယ်တော်ကြီး၏ ပုပ္ပါးတောင်တော်သမိုင်း" စာမူမှ ဖတ်ရှုရခြင်း ဖြစ်ပါသည်။ ဦးသာတင့်ကဲ့သို့သော သေချာသည့်ပုဂ္ဂိုလ်တို့၏ မှတ်တမ်းများကြောင့် လူမသိသေးသော အချက်များကို သိခဲ့ရပါသည်။ အကယ်၍သာ ဦးသာတင့်သာ မှတ်တမ်းမတင်ခဲ့ပါလျှင် ကျွန်တော်၏ ရှာပုံတော်သည်လည်း သဲသောင်ပြင် ခြေရာမထင်သကဲ့သို့ ဖြစ်၍နေပါလိမ့်မည်။

ဦးသာတင့်၏ မှတ်စုအရ (၁၂၉၂) ခုနှစ်တွင် ဆရာခေါင် (ခေါ်) ဘိုးဘိုးကြီး ပုပ္ပါးတောင်ကလပ်သို့ ကြွရောက်လာသည်ဟု သေချာစွာသိရပါသည်။
၄င်းပြင် ဦးသာတင့်၏ မှတ်စုအရ (၁၃၀၀) ပြည့်နှစ်တွင် ဆရာခေါင်သည် တောင်ကလပ်သို့ရောက်၍ နေထိုင်ကြောင်း (၁၃၁၄) ခုနှစ်၊ တော်သလင်းလဆုတ် (၂) ရက်၊ ညနေ (၄) နာရီ (၁၅) မိနစ်တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း အတိအကျ မှတ်တမ်းတင်ထားပါသည်။

ဦးသာတင့်၏ မှတ်စုမှတ်တမ်းများမှာ အချက်ကြီး (၄၇) ချက်ပါရှိ၍ ထိုအထဲတွင် ယခုခေတ်လူများ မသိသေးသော သမိုင်းအချက်အလက်များစွာ ပါရှိနေကြောင်း တွေ့ရပါသည်။ ထိုအကြောင်းတို့ကို ပြန်ပြောင်း၍ ပြောပြရလျှင် အကျိုးရှိလိမ့်မည် ထင်ပါသည်။ အကြောင်းနှင့်အကျိုးဆက်စပ်၍ ဉာဏ်ရှိသူများအတွက် များစွာ အထောက်အကူ ပြုနိုင်လိမ့်မည်ထင်ပါသည်။

လွန်ခဲ့သော (၁၉၉၅) ခုနှစ်ခန့်က မှတ်တမ်းတင်သူ အင်တာဗျူးဆရာ ပခုက္ကူ ဦးဆန်းမြင့်ထွန်းကိုယ်တိုင် ပခုက္ကူမြို့ တိုင်းရင်းဆေး မြင့်မား တိုးတက်ရေးအဖွဲ့၏ တိုင်းရင်းဆေး သုတေသနပြုရန် တာဝန်ပေးချက်အရ ပုပ္ပါး တောင်သို့ရောက်စဉ်

အသက်ရာကျော်ရှည် တိုင်းရင်းဆေးဆရာကြီး ဘဘ ဦးသာတင့်နှင့် တွေ့၍ ပုပ္ပါး ဘိုးမင်းခေါင်အကြောင်းကို သိလို၍ မေးမြန်းခဲ့ဖူးသောကြောင့် အောက်ပါအချက်အလက်ကို သိရှိရသည်ဟူ၍ ပခုက္ကူဆန်းမြင့်ထွန်းက ဆိုပါသည်။ ထိုကဲ့သို့ ဘိုးမင်းခေါင်ကို ကြည်ညိုလေးစားသော ဂမ္ဘီရစာရေးဆရာကြီးများက စစ်စစ်ပေါက်ပေါက် ရှာဖွေမေးမြန်း မှတ်တမ်းတင်ထားသောကြောင့်သာ ယခုကဲ့သို့သော (၂၀၁၂) ခုနှစ်တွင် သိခွင့်ရခြင်းဖြစ်ပါသည်။ မှတ်တမ်းတင်သူတို့မှာ ဝါသနာအရသော်လည်းကောင်း၊ ကြည်ညိုသောကြောင့်သောလည်းကောင်း အကြောင်းအမျိုးမျိုးရှိမည်ဖြစ်သော်လည်း ထိုမှတ်တမ်းတို့ကို တစ်ကျော့ပြန်ဖတ်ရသူတို့အတွက် တန်ဖိုးမဖြတ်နိုင်ပါ။ ယနေ့ဆိုလျှင် အသက်ရာကျော်ဆရာကြီးဦးသာတင့်သည် သက်ရှိထင်ရှား ရှိ၊ မရှိကိုပင် မသိနိုင်တော့ပါ။ ရှိလျှင်လည်း ထပ်မံမေးမြန်းမှတ်သားရပါမည်။ မရှိလျှင်လည်း ထိုစဉ်က မှတ်တမ်းကလေးကိုသာ အားကိုးရပါတော့မည်။ ကျွန်တော် မှတ်သားခဲ့သောမှတ်တမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆရာကြီး ဘဘဦးသာတင့်မှာ အဘဘိုးမင်းခေါင်နှင့်အတူသွားလာ နေထိုင်စားသောက်ခဲ့သော ပုဂ္ဂိုလ်တို့တွင် တစ်ဦးအပါအဝင်ဖြစ်၍ အဘ ဦးသာတင့်က စုံအောင်ပြောပြပါသည်။

'အဘနှင့် ဘိုးမင်းခေါင် အတူနေစဉ်က အခု အောင်သိဒ္ဓိကုန်းခေါ်ကြတဲ့ နေရာချောင် ကလေးတစ်ခုမှာ နေကြတယ်။ အဲဒီ့အချိန်က အောင်သိဒ္ဓိကုန်းက အခုလိုလည်း မစည်ကားသေးဘူး။ လူသူလေးပါးလည်း အရောက်နည်းသေးတယ်။ အခု ဘိုးမင်းခေါင်ခေါ်ကြတဲ့ အောင်မင်းခေါင်ကတော့ အတော်အံ့သြယူလောက်အောင် အဓိဋ္ဌာန်ဝင် ကျင့်ကြံပွားများအားထုတ်ပါတယ်ဟု ဦးသာတင့်က ပြောခဲ့သည်ဟု ဆိုပါသည်။

ဘုရားဖူးရင်လည်း သူများနဲ့မတူအောင် ဖူးတယ်။ ပုတီးစိပ်ရင်လည်း သူများနဲ့မတူအောင် စိပ်တယ်။ မေတ္တာပို့တဲ့အခါမှာလည်း ဒီလိုပဲဟု ဆိုပါသည်။ ဤတွင် ကျင့်စဉ်တစ်ခုကို ရိုးတိုးရိပ်တိပ် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

တစ်ခါတစ်လေ ထမင်းရယ်လို့ မစားဘူး၊ သစ်သီးချည်းကိုပဲ စားနေတယ်။ **အဲဒီ့**အချိန်မှာ သူ့ကို သတိထားကြည့်မိတော့ ထူးဆန်းတာ တစ်ခု တွေ့ရတယ်။ သူစားတဲ့ သစ်သီးတွေမှာ ဘယ်အချိန် သွားခူးလို့ ဘယ်အချိန်ယူလာတယ် **မသိဘူး။** သူစားတဲ့ သစ်သီးတွေထဲကလည်း ကိုယ်သိတဲ့သစ်သီးတွေလည်း ပါတယ်ဟူသော စကားသည်ကား အံ့ဖွယ်မှတ်သားဖွယ် ဖြစ်၏။ မယုံသူတို့ ယုံသင့်**ကြောင်း** အထောက်အထားဖြစ်၏။ ကိုယ်တွေ့ဖြစ်ပါသည်ဟု ဦးသာတင့်က ဆိုပါသည်။

ကိုယ်မသိတဲ့ အသီးတွေလည်း ပါတယ်။ တစ်ခါတလေ ရက်တစ်ပတ်၊ နှစ်ပတ်လောက် ပျောက်သွားတဲ့အခါလည်း တွေ့တယ်။ သူ့ကို ဘယ်သွား နေလဲ မေးတဲ့အခါ အလုပ်ရှိတဲ့နေရာ သွားနေတယ်လို့ ပြောတယ် ဟု ဦးသာတင့်က ပြန်ပြောကြောင်း ထပ်မံသိရှိရပါသည်။ ဤနေရာတွင် ပျောက်၍ ပျောက်၍ သွားသည် ဟူသော စကားတွင် အံ့ဖွယ် ကြည်ညိုဖွယ်များကို စဉ်းစားတွေးတော ကြည်ညိုနိုင်ပါသည်။

'ဘမင်းခေါင်က အနေကြမ်း၊ အပြောကြမ်းတယ်။ ဒီလို အနေ၊ အပြောကြမ်းပေမယ့် စိတ်နေစိတ်ထားက အလွန်ဖြူစင်တယ်။ နူးညံ့ သိမ်မွေ့တယ်။ လောကီအကျိုး၊ လောကုတ္တရာ အကျိုးတစ်ခုခုရှိမှ သူလည်း လုပ်တယ်။ ပြောတယ်။ သူများကိုလည်း လုပ်စေ၊ ပြောစေတယ်ဟူသော ဦးသာတင့်၏ စကားမှာ ဘိုးတော်အောင်မင်းခေါင်အရှင်၏ သဘောသဘာဝ စိတ်နေစိတ်ထားကို နောင်လာနောက်သားတို့ သိရှိနိုင်အောင် ကြိုတင်ပြောကြားသော အတုယူဖွယ်စကားတို့ ဖြစ်ပါသည်။

အကျိုးမရှိတဲ့စကား လုံးဝ မပြောဘူး။ ပြောပြန်ရင်လည်း ပုံတိုပတ်စကလေးများနဲ့ ရယ်ရွှန်း ဖတ်ရွှန်း ပြောလေ့ရှိတယ်။ စိတ်က တိဟိတ်စိတ်နဲ့ တူပါတယ်ကွာ။ လုပ်မိတဲ့အလုပ်တော့ နောက်မဆုတ်ဘူး။ တော်တော်ပြတ်ပြတ်သားသား လုပ်တက်ဘယ် ဟူသောစကား၏ နောက်ကွယ်တွင် ဘိုးတော်အောင်မင်းခေါင်အရှင်၏ အပြောအဆို၊ အမူအရာ၊ အနေအထိုင်တို့ကို ပြန်လည်သုံးသပ်နိုင်ပါသည်။

'ဘ သိရသလောက်တော့ကွာ။ နမောတဿ က စပြီး ဘာပဲ ပုတီးစိပ်စိပ်၊ ဘာပဲ ရွတ်ပွား၊ ရွတ်ပွား အနုလုံ ပဋိလုံ စိပ်လေ့၊ ရွတ်လေ့ရှိတယ်' ဥပမာဆိုပါတော့။ နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ သမ္မာသမ္ဗုဒ္ဓဿ၊ အရဟတော၊ ဘဂဝတော၊ တဿ နမော တို့လိုပေါ့ကွာ။ သရဏဂုံသုံးပါးတို့၊ ဂုဏ်တော်ကိုးပါးတို့ စတာတွေကိုလည်း အားလုံး အပြန်အလှန် အနုလုံ၊ ပဋိလုံ တွေချည်းပဲ ဟူသော စကားသည်ကား ဘိုးတော်အရှင် အောင်မင်းခေါင်၏ ပုတီးစိပ်နည်းဖြစ်သဖြင့် မေး၍လည်း မရနိုင်ပါ။ မေးလျှင်လည်း ဘိုးတော်အောင်မင်းခေါင်အရှင်က ဖြေချင်မှဖြေပါလိမ့်မည်။ ယခုကား အနီးကပ် တပည့်ရင်းတစ်ဦး၏ ပြောစကားဖြစ်သဖြင့် ကျွန်ုပ်တို့မှာ လူမပင်ပန်း၊ စိတ်မပင်ပန်းဘဲနှင့် ဆရာကြီးဦးသာတင့်ထံမှ ဗဟုသုတရရှိခဲ့ပါသည်။ ထိုအချက်ကို ပခုက္ကူဆန်းမြင့်ထွန်းက အသေအချာ မှတ်တမ်းတင်ခဲ့ပါသည်။

အဲဒါတွေကို နာရီ၊ မိနစ်၊ ရက်၊ လကနေ နှစ်အထိ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်တယ်။ ရွတ်ပွား တယ်။ သူ့ အကြောင်းတွေကတော့ ပြောလို့ ကုန်နိုင်မှာ မဟုတ်ပါဘူးကွာ။ အစကတော့ သူ နေထိုင်ပြောဆိုပုံတွေကို ကြည့်ပြီး အထင်သေးမိတယ်ကွာ။ နောက် အနေကြာမှ သူ့စေတနာ၊ သူ့ပညာ၊ သူ့ ကျင့်စဉ်တွေကို သိရပြီး အံ့သြ ထောပနာ ပြုမိတယ် ဟူသောစကားတွင် ဂမ္ဘီရပညာရှင်တို့အတွက် လေ့လာစရာ၊ အတုယူစရာများ ဖြစ်ခဲ့ပါသည်။

သူ့အတွက်လည်း သေတယ်တော့ ဆိုရ တယ်ကွာ။ ရုပ်ကလာပ်က အိပ်ပျော်နေ သလိုပါပဲ။ တချို့က သေတာမှ ဟုတ်ရဲ့လားတောင် မေးကြသေးတယ်။ ငါ့ ... အတတ်တွေဟာ အလွန်ထူးဆန်းတယ် ဟူသောစကားသည်ကား ရုပ်ကလာ... တော်ကို ကိုယ်တွေ့မျက်မြင် မြင်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦး၏စကားဖြစ်သဖြင့် ယခု အခါ ကျွန်ုပ်တို့သည် ဤသို့သော အင်တာဗျူးမျိုးကို မည်သည့်အခါမှ ဗျူးနိုင်ေ... မည် မဟုတ်ပါ။ မှတ်တမ်းတင်သူကိုသာ ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ယနေ့ ပုပ္ပါးတောင်၏ သမိုင်းကြောင်းကို ပြောလျှင် အဘဘိုးမင်းခေါင်ပါမည်။ အဘ ဘိုးမင်းခေါင်အကြောင်းကို ပြောလျှင် ပုပ္ပါးတောင် ပါမည်။ ပုပ္ပါးတောင်နှင့် အဘ ဘိုးမင်းခေါင် ခွဲလို့မရအောင် ရှိနေချေမည်။ ထို့ကြောင့်လည်း ပုပ္ပါး အောင်မင်းခေါင်ဟု သတင်းပြောင်လျက် နာမည်ကျော်ကြား လူအသိများလှပေ သည်ဟူ၍ မှတ်တမ်းတင်သူကိုယ်တိုင်က မှတ်ချက်ရေးထားသည်ကိုလည်း လေးစားစွာ ဖတ်ရှုရပါသည်။

(ကျမ်းကိုး။ ပခုက္ကူဆန်းမြင့်ထွန်း၏ အသက်ရာကျော် ဆေးဆရာကြီး ဘဘ ဦးသာတင့် ပြောသော ပုပ္ပါးဘိုးမင်းခေါင်အကြောင်း နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း၊ ၁၉၉၅ ခု၊ ဇူလိုင်လ၊ အမှတ်-၁၀၈၊ စာ-၆၀၊ ၆၁ တွင် အကျယ်တဝံ့ ရှာဖွေဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်ကား တစ်ဆင့် ကောက်နုတ် ပြောပြသူဖြစ်သဖြင့် မူရင်းလောက် မပြည့်စုံနိုင်ပါ။ မူရင်းကို သာ ရှာကြံဖတ်ရှုစေချင်ပါသည်။ ဘိုးတော်အောင်မင်းခေါင်အရှင် အကြောင်း ခေတ်ပြိုင်မှတ်တမ်း ဖြစ်သဖြင့် လေးစားကြည်ညိုစွာ ရှာဖွေ စုဆောင်းထားသောကြောင့်သာ အထက်ပါ အချက်များကို သိရှိရခြင်း ဖြစ်ပါသည်။ မှတ်တမ်းတင်သူ ပခုက္ကူဆရာဆန်းမြင့်ထွန်း အား များစွာ ကျေးဇူးတင်ရှိပါသည်။)

## အဘအောင်မင်းခေါင်ကြီးနှင့် ကိုယ်တိုင် သိရှိ တွေ့ထိ ပညာယူခဲ့သော ပုပ္ပါးမြို့ သမားတော်ကြီး ဦးသာတင့်၏ ကိုယ်တွေ့မျက်မြင် ဒိုင်ယာရီ မှတ်စုမှတ်ရာများထဲမှ တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များ

အောက်ပါအချက်အလက်များမှာ ပုပ္ပါးအရှင်ကဝိန္ဒအမည်ခံ ကျမ်းပြုပုဂ္ဂိုလ်ထူး၏ ပုပ္ပါးတောင်တော်သမိုင်းမှ ရရှိပါသည်။ ပုပ္ပါးအရှင်ကဝိန္ဒသည် ပုပ္ပါးတောင်သမိုင်းကို ရေးသားရာတွင် အမှတ်မထင်ဖြစ်စေ၊ အမှတ်ထင်ထင်ဖြစ်စေ အလွန်တန်ဖိုးကြီးသော ဦးသာတင့်၏ ဒိုင်ယာရီမှတ်စုကို နောက်ဆက်တွဲအဖြစ် ဖော်ပြခဲ့ပါသည်။ ဤစာပြုသူသည် ပုပ္ပါးတောင်သမိုင်းကို စိတ်ဝင်စားစွာ ဖတ်ရှုခဲ့သည် မှန်သော်လည်း ဦးသာတင့်၏ ဒိုင်ယာရီမှတ်စုကိုကား အထူးလေးစားမြတ်နိုးသဖြင့် မိတ္တူကူးကာ ပွားထားခဲ့ပါသည်။ အကြောင်းရင်းမှာ ပုဂ္ဂလိကမှတ်စုပင် ဖြစ်လင့်ကစား ကျွန်ုပ်တို့သိလိုသော ဘိုးတော်အောင်မင်းခေါင်အရှင်အကြောင်း၊ ရသေ့ကြီး ဦးခန္တီအကြောင်း၊ ပုပ္ပါးဦးကောသလ္လအကြောင်း၊ ရေတာရှည် မယ်ဒက်ဆရာတော်အကြောင်း၊ ဦးပေါက်ဆိန် (ခေါ်) ဦးဝိဇ္ဇာဓရ အကြောင်း၊ ဦးပရမဝဏ္ဏသိဒ္ဓိအကြောင်းတို့ကို တွေ့ရှိရခြင်း ဖြစ်ပါသည်။ ထိုစဉ်က သမားတော်ကြီး ဦးသာတင့်မှာ ထိုစဉ်က အသက် (၃၁) နှစ်မျှသာရှိပါသေးသည်ဟု ဆိုခဲ့ရာ ထိုစဉ်ကပင်လျှင် ဦးသာတင့်၏ ရင့်ကျက်သောအသိစိတ်ဓာတ်နှင့် ယှဉ်သော ပညာတို့ကိုလည်းကောင်း၊ ပါရမီတို့ကိုလည်းကောင်း၊ လေးစားမိနိုင်ပါသည်။ သမားတော်ကြီး ဦးသာတင့်၏ ဖခင်မှာလည်း ပုပ္ပါးမြို့ သမားတော်ကြီး ဦးရွှေစိုးပင် ဖြစ်ကြောင်း သိရှိရသဖြင့် ဘမျိုး၊ ဘိုးတူပုဂ္ဂိုလ်ထူးဖြစ်ကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဂမ္ဘီရစာရေးဆရာ ပခုက္ကူဦးဆန်းမြင့်ထွန်းသည် (၁၉၉၅) ခုနှစ်က ဦးသာတင့်နှင့် တွေ့ဆုံခဲ့ဖူး၍ အင်တာဗျူးလုပ်ခဲ့ဖူးသည်ကိုလည်း ဤကျမ်းပြုသူသည် မမေ့မပျောက်နိုင်ခဲ့ပါ။ ယခုကား ဦးသာတင့်၏ မူရင်းမှတ်စုနောက်ဆက်တွဲကို အရှင်ကဝိန္ဒ၏ ပုပ္ပါးသမိုင်းမှ ရရှိခဲ့သဖြင့် ထိုရဟန်းထူး အရှင်ကဝိန္ဒကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ အရှင်ကဝိန္ဒ၏ ကိုယ်ရေးသမိုင်းကို နောင်အခါထုတ်ဝေသော ပုပ္ပါးတောင်သမိုင်းတွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

ပုပ္ပါးတောင်ကလပ်တွင် ဗုဒ္ဓဝေယျာဝစ္စများကို ပြုလုပ်ရန်အတွက် ပုပ္ပါးမြို့ ဂေါပကအဖွဲ့ နာယကဆရာတော်များဖြစ်ကြသော ဂိဏ်းထောက်ဆရာတော် ဦးသောန၊ မြောက်ကျောင်း ဆရာတော် ဦးယုဂန်၊ အုတ်ကျောင်းဆရာတော် ဦးတိဿတို့က ခိုင်းစေသောကြောင့် အသက် (၃၁) နှစ်မျှသာ ရှိသေးသော သမားတော်ကြီး ဦးသာတင့်သည် ဂေါပကလူကြီး ဖြစ်လာရပါသည်။

၁၉၂၀ သက္ကရာဇ် (၁၂၈၁) ခုနှစ်၊ တပေါင်းလဆန်း (၁၅) ရက်၊ (၃၊ မတ်လ၊ ၁၉၂၀) နေ့မှစ၍ သမားတော်ကြီး ဦးသာတင့်သည် တောင်ကလပ်တွင် နေထိုင်၍ ဗုဒ္ဓကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ ထိုအခါမှစ၍ မှတ်တမ်းများ ရေးခဲ့သည်ဟု ယူဆနိုင်ပါသည်။ ထိုမှတ်တမ်းများအရ သိရသမျှတို့မှာ သမိုင်းသုတေသီများ အတွက်သာမက အကျင့်ထူး၊ အကျင့်မြတ်ရှာဖွေနေကြသော ဂန္ဓာရီ ပုဂ္ဂိုလ်များ အတွက်လည်း မဟာဂန္ဓာရီဆိုင်ရာ ပုဂ္ဂိုလ်ထူးတို့၏ တစေ့တစောင်း သိကောင်း စရာအချက်အလက်များကို ဉာဏ်မျက်စိဖြင့် ပွားများနိုင်လိမ့်မည် ထင်ပါသည်။ ထို့အတွက် အောက်တွင်ကောက်နုတ်၍ ပြပါအံ့။ မသိကျော်သွား၊ သိသူဖော်စား ကြပါကုန်။

(၁)

၁၉၂၀ (၁၂၈၂) ခုနှစ်၊ ခရစ် (၁၉၂၀) ခုနှစ်တွင် တောင်ကလပ်ထိပ်ပေါ်သို့ တက်နိုင်ရန်လမ်းကို စတင်ရှင်းလင်းခဲ့ပါသည်။

(၂)

၁၉၂၁ (၁၂၈၃) ခုနှစ်၊ ခရစ် (၁၉၂၁) ခုနှစ် တွင် ကျိုက်ထီးရိုးဆရာလေး ဦးပန်းအေးသည် ဦးသာတင့်၏ ခွင့်ပြုချက်အရ တောင်ကလပ်ထိပ်တွင် စေတီတည်ရန် ပန္နက်သဲ စွဲမှတ်ခဲ့ပါသည်။

(၃)

၁၉၂၂ (၁၂၈၅) ခုနှစ်၊ နတ်တော်လဆန်း၊ (၁၀) ရက်နေ့၊ (၂၈၊ နိုဝင်ဘာလ၊ ၁၉၂၂) မော်လမြိုင်မြို့ လူသူတော် ဦးကြွယ်သည် ဦးပြန့်၏ ယာလုပ်တဲတွင် နေထိုင်ပြီး ဦးသာတင့်၏ ခွင့်ပြုချက်အရ တောင်ကလပ်ထိပ်ပေါ်ရှိ ကျိုက်ထီးရိုး နှင့်တူသော ကျောက်ခဲကြီးနှစ်လုံးကို ရှင်းလင်းပြီး ထုံးသုတ်ထားခဲ့သည်။

(၄)

၁၉၂၄ (၁၂၈၆) ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်၊ (၃၊ ဒီဇင်ဘာလ၊ ၁၉၂၄) မောနေယျကိုယ်တော်သည် လူသူတော်ဦးကြွယ်၊ ဦးပြန့်အပေါင်းပါ (၉) ဦးနှင့် ဦးသာတင့်တို့ပါ တိုင်ပင် ဆွေးနွေး၍ တောင်ကလပ်ထိပ်ပေါ်ရှိ ကျိုက်ထီးရိုး ကျောက်တုံးကြီး အနီးတွင် အမြင့် (၁၂) တောင်ရှိ တံခွန်တိုင်ကို စိုက်ထူခဲ့သည်။

(၅)

၁၉၂၅ (၁၂၈၇) ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက် နေ့၊ (၄၊ ဧပြီ၊ ၁၉၂၅) ညနေ (၃) နာရီအချိန်တွင် နှမတော် နတ်နန်းမြောက်ဘက် ဈေးခေါင်းကြီး ဦးထွန်းမြတ် ၏ခြံထဲ

တွင် ကျိုက်ထီးရိုး ဆရာလေး ဦးပန်းအေး သည် စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်။

(၆)

၁၉၂၅ (၁၂၈၇) ခုနှစ်၊ တော်သလင်းလဆုတ် (၁၂) ရက်၊ (၁၃၊ စက်တင်ဘာလ၊ ၁၉၂၅) နံနက် (၉) နာရီအချိန်တွင် ဦးသာတင့်၏ အခါပေးချက်အရ ကျိုက်ထီးရိုး ဆရာလေး လူသူတော် ဦးပန်းအေး သည် တောင်ကလပ်ထိပ်တွင် ဘုရားအုတ်မြစ်ချသည်။ သီတင်းကျွတ်လဆန်း (၉) ရက် (၂၅၊ စက်တင်ဘာ၊ ၁၉၂၅) နေ့တွင် ဉာဏ်တော် (၉) မိုက်ရှိသော စေတီတော်ကိုလည်း တည်ထား ကိုးကွယ်သည်။ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့တွင် အနေကဇာတင်ပွဲ ကျင်းပသည်။ တောင်ကလပ်ထိပ်ရှိ ယင်းစေတီ၏ ခြေတော်ရင်းတွင် တပို့တွဲလဆန်း (၄) ရက်နေ့၊ နံနက်ဆည်ပေါက် ညောင်ကန်နှစ်ရွာမှ သံဃာတော် (၂၄) ပါး ပင့်ဖိတ်လျက် ဆွမ်း၊ခဲဖွယ်ဘောဇဉ် ဆက်ကပ် လှူဒါန်းသည်။ အတီးအမှုတ် တူရိယာများနှင့် ပရိသတ် စည်ကားစွာ တောင်ထိပ်ပေါ်သို့ ရှေးဦးစွာ ပွဲတော် ကျင်းပနိုင်ခဲ့ပါသည်။

(၇)

၁၉၂၆ (၁၂၈၈) ခု၊ ဝါဆိုလဆန်း (၁၀) ရက်၊ (၁၉၊ ဇူလိုင်လ၊ ၁၉၂၆) နေ့၊ တောင်ကလပ်၏ ခုလပ်အလယ်တွင် မယ်ဝဏ္ဏ နတ်ရုပ်ထုလုပ်၍ နတ်နန်းနှင့်တကွ ဆရာတော် ဦးကောသလ္လမှ တည်ဆောက်ပေးပြီး ရှေးဦးစွာ တည်ထား ကိုးကွယ်ခဲ့ကြသည်။

(၈)

၁၉၂၆ (၁၂၈၈) ခု၊ ဒုတိယဝါဆိုလဆုတ် (၄) ရက်၊ (၂၈၊ ဇူလိုင်လ၊ ၁၉၂၆) နရတီ တောင်စွယ် လူသူတော် ဦးကြွယ် ထုံးသုတ်ထားသော ကျောက်တုံးကြီးပေါ်၌ "ဣသိနာဂ" ရသေ့ဘွဲ့ ခံယူပြီးနောက် ရဟန်းပြုသော ပခုက္ကူဦးသုဇာတ ကိုယ်တော်သည် စေတီတစ်ဆူတည်ထားခဲ့သည်။

(၉)

၁၉၂၆ (၁၂၈၈) ခု၊ ဝါခေါင်လဆန်း (၂) ရက်နေ့၊ (၁၀၊ ဩဂုတ်လ၊ ၁၉၂၆) အင်္ဂါနေ့၊ မယ်ဝဏ္ဏ ကျောက်ဂူပေါ်တွင် ရန်ကုန်မြို့မှ ဒေါ်သိန်းမေ၏ကိုယ်စား ဈေးခေါင်းကြီး ဦးထွန်းမြနှင့်ဂေါပကလူကြီး ဦးသာတင့်တို့သည် "ကရဝိက်ဖောင်" ခံ၍ ဖိနပ်တော် (၂) တောင်၊ (၇) လက်မ၊ အမြင့် (၈) တောင်ရှိ စေတီ တစ်ဆူကို ယင်းလဆုတ် (၁) ရက်နေ့တွင် အပြီးတည်ထားခဲ့သည်။

(၁၀)

၁၉၂၆ (၁၂၈၈) ခု၊ သီတင်းကျွတ်လဆုတ် (၂) ရက်၊ ခရစ် (၂၃၊ အောက်တိုဘာလ၊ ၁၉၂၆) စနေနေ့၊ ကျိုက်ထီးရိုးနှင့်တူသော ကျောက်တုံး ကြီးပေါ်၌ ပခုက္ကူဦးသုဇာတ ကိုယ်တော် တည်ထားခဲ့သော စေတီတွင် ဦးကောသလ္လ မှ နောက်ထပ် ထီးတော် တင်လှူတော်မူသည်။

(၁၁)

၁၉၂၆ (၁၂၈၈) ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၃) ရက်၊ ခရစ် (၃၊ နိုဝင်ဘာလ၊ ၁၉၂၆) ဗုဒ္ဓဟူးနေ့ တောင်ကလပ်ထိပ်တွင် မြင်းခြံ မြို့မှ ပွဲစားကြီး ဦးကြွက်သည် ပုပ္ပါးမြို့မှ ဈေးခေါင်းကြီး ဦးထွန်းမြနှင့် ဦးသာတင့်တို့အား လွှဲအပ်၍ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယခုအခါ အဆိုပါ ဇရပ်တောင်ထိပ်၌ မရှိတော့ပါ။

(၁၂)

၁၉၂၆ (၁၂၈၈) ခု၊ တန်ဆောင်မုန်းလဆန်း (၇) ရက်၊ ခရစ် (၂၆၊ နိုဝင်ဘာလ၊ ၁၉၂၆) သောကြာနေ့၊ လူသူတော် ဦးပန်းအေးမှ တန်ဖိုးငွေ (၁၅၀) ကျပ်တန် ခေါင်းလောင်းတစ်လုံး ယင်း၏ ကောင်းမှုဖြစ်သော ကိုးမိုက်စေတီ၏ရှေ့တွင် လှူဒါန်းခဲ့သည်။

(၁၃)

၁၉၂၇ (၁၂၈၈) ခု၊ တပို့တွဲလဆုတ် (၁၂) ရက် ခရစ် (၂၈၊ ဖေဖော်ဝါရီလ၊ ၁၉၂၇) တနင်္လာနေ့တွင် တွံတေးမြို့မှ ရသေ့ဦးတိဏ္ဏ သည် တောင်ကလပ်ထိပ်တွင် (၁) တောင်၊ (၃) မိုက် စေတီနှစ်ဆူနှင့် (၉) တောင်ပြည့် စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်။

(၁၄)

၁၉၂၇ (၁၂၈၉) ခု၊ နယုန်လဆန်း (၁၃) ရက်နေ့၊ ခရစ် (၁၂၊ ဇွန်လ၊ ၁၉၂၇) တနင်္ဂနွေနေ့၊ တောင်ခြေရင်း ရွှေဂူချောင်နေ ဦးကောသလ္လ နှင့် လူသူတော် ဦးကြွယ်ဘဝမှ ရဟန်းဖြစ်လာသော ဦးကလျာဏ တို့သည် တောင်ကလပ်တွင် မြေနေရာလု အငြင်းပွားကြ၍ အစိုးရက ဂရန်ယူကြရန် ဖြန်ဆိုလျှောက်ထားသည်။

(၁၅)

၁၉၂၇ (၁၂၈၉) ခု၊ တော်သလင်းလဆုတ် (၅) ရက်နေ့၊ ခရစ် (၁၅၊ စက်တင်ဘာလ၊ ၁၉၂၇) ကြာသပတေးနေ့ တောင်ကလပ်ထိပ်တွင် ဂူထီးသုံးဆင့် စေတီတည်ရန် အုတ်၊ ကျောက်၊ သဲ စသည်တို့ကို ရပ်ရွာလူထုက လုပ်အားပေး ကုသိုလ်ယူ၍

တင်ပို့ကြသည်။ ယင်းစေတီသည် ရှေးအခါက ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ ဆေးကြိတ်ခဲ့သော ပထမဆေးကျောက်ပြင်ကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သည်။

(၁၆)

၁၉၂၇ (၁၂၈၉) ခု၊ နတ်တော်လဆန်း (၇) ရက်၊ (၃၀၊ နိုဝင်ဘာလ၊ ၁၉၂၇) ဗုဒ္ဓဟူးနေ့၊ ဆရာတော် ဦးကောသလ္လ သည် တောင်ကလပ်ထိပ်ပေါ်သို့ အလွယ် တကူ တက်နိုင်၊ ဆင်းနိုင်ရန် မူလတပ်ဆင်ထားသော သစ်သား လှေကားများကို ပယ်ဖျက်၍ အတက်အဆင်း သုံးနေရာတို့၌ သံလှေကား သုံးစင်းကို ရဟန်းတော် (၃၆) ပါး၊ လူပရိသတ်များစွာနှင့် တပ်ဆင်ထားခဲ့သည်။ တောင်ကလပ်သို့ အနောက်ဘက်မှ တက်လာသော ကားလမ်းသည် ထိုအချိန်၌ ဖောက်ပြီးဖြစ်သည်။

(၁၇)

၁၉၂၈ (၁၂၈၉) ခု၊ တပေါင်းလဆန်း (၁၅) ရက်၊ (၅၊ မတ်လ၊ ၁၉၂၈) တနင်္လာနေ့၊ ပုပ္ပါးမြို့အရှေ့ဘက် နှမတော်နတ်နန်း၏ တောင်ဘက် အောက်ဥမင်ဂူခေါ် (ဘိုးဘေးဂူ) ကို ပုပ္ပါးမြို့ သမားတော်ကြီး ဦးရွှေစို သည် ကိုသာအောင်၊ ကိုယုံ၊ ကိုစံရီတို့အား တစ်နေ့လျှင် နေ့စား (၂) ကျပ်စီပေး၍ (၅) ရက်တိုင်တိုင် ဂူကြီးကို သုတ်သင်ရှင်းစေခဲ့သည်။

(၁၈)

၁၉၂၈ (၁၂၈၉) ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်၊ (၂၁၊ နိုဝင်ဘာလ၊ ၁၉၂၈) ဗုဒ္ဓဟူးနေ့၊ ဆရာတော် ဦးကောသလ္လ သည် တောင်ကလပ်ထိပ်ပေါ်တွင် ရှစ်မျက်နှာစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ယင်းနှစ်ပြာသို လဆန်း (၅)ရက်မှ ဇာတ်ပွဲများခံ၍ လဆန်း (၁၀) ရက်နေ့ (၁၀) နာရီအချိန်တွင် ထီးတော်ကို စက်မြင်းနှင့် တင်လှူပူဇော်သည်။

(၁၉)

၁၉၂၈ (၁၂၉၀) ပြည့်နှစ်၊ ပြာသိုလဆန်း (၄) ရက်နေ့၊ (၁၄၊ ဒီဇင်ဘာလ၊ ၁၉၂၈) သောကြာနေ့မှစ၍ တောင်ကလပ်ထိပ်ပေါ်သို့ လျှပ်စစ်အင်ဂျင်မီး ပူဇော်ပသနိုင်ခဲ့သည်။

၁၉၂၉ ယင်းနှစ် တပေါင်းလဆုတ် (၈) ရက်၊ (၂ မတ်လ၊ ၁၉၂၉) စနေနေ့၊ ရန်ကုန်မြို့မှ ဆရာအေး အမှူးပြုသော နတ်ကတော် (၅) ယောက်တို့သည် အိမ်တွင်း နှမတော်နတ်နန်း၌ပွဲ (၃၇) ပွဲပြင်၍ ဆိုင်းအငြိမ့်တို့ဖြင့် နတ်တင်ပွဲကို အစဦးစွာ ကျင်းပနိုင်ခဲ့သည်။

(၂၀)

၁၉၂၇ (၁၂၈၉) ခုနှစ်၊ ကဆုန်လဆန်း (၃) ရက်၊ (၃၊ မေလ၊ ၁၉၂၇) အင်္ဂါနေ့၊ **ရေတာရှည်မြို့ မယ်ဒက်တောရ ဆရာတော်ကြီး၏ကိုယ်စား ရသေ့ကြီးတစ်ပါး** နှင့် ဦးညာဏ်၊ ဦးလှဖေတို့သည် သမားတော်ကြီး ဦးရွှေစိုးနှင့် သား ဦးသာတင့်တို့၏ အခါပေး၍ နေရာညွှန်ပြချက်အရ နှမတော်နန်း၏ အရှေ့ဘက်တွင် ဇောဓိပင်နှင့် လင်းလွန်းပင်တို့ကို စိုက်ပျိုးခဲ့သည်။

(၂၁)

၁၉၂၇ (၁၂၈၉) ခု၊ နယုန်လဆုတ် (၃) ရက်နေ့ (၁၇၊ ဇွန်လ၊ ၁၉၂၇) သောကြာနေ့၊ အစိုးရ ဘုရားတည်ရန် မြေဂရန်ခံရမည် ဟု အမိန့်ပေးချက်အရ ယင်းလဆုတ် (၁၀) ရက်နေ့တွင် ဦးကောသလ္လ၊ ဦးကလျာဏ၊ ပုပ္ပါး ဂေါပကအဖွဲ့ အသီးသီး တို့သည် ဂရန်လျှောက်လွှာများ တင်ကြသည်။

၁၉၂၇ (၂၂)

(၁၂၈၉) ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက်နေ့ (၈၊ ဇူလိုင်လ၊ ၁၉၂၇) သောကြာနေ့၊ တောင်ကလပ်ထိပ်ပေါ်၌ ရွှေဖျင်း ညီနောင် နတ်ရုပ်ထုလုပ်၍ တင်ထားရာ ပုပ္ပါးဂေါပကအဖွဲ့က တားမြစ်ခဲ့သည်။

(၂၃)

၁၉၂၈ (၁၂၉၀) ပြည့်နှစ်၊ နယုန်လဆန်း (၅) ရက် နေ့ (၂၃၊ မေလ၊ ၁၉၂၈) ဗုဒ္ဓဟူးနေ့၊ ထီးသုံးဆင့် စေတီကို အုတ်မြစ်ချ၍ ပုပ္ပါး ဆရာတော်ကြီး (၃) ပါးနှင့် ဂေါပက လူကြီး (၅) ယောက်တို့ ကြီးကြပ်၍ မလှိုင်မြို့ ပန်းရန်ဆရာနှင့် လူပေါင်း (၁၀) ယောက်တို့ တည်ထားရာ ပြာသိုလဆန်း (၂) ရက်နေ့တွင် အပြီးသတ်သည်။

(၂၄)

၁၉၂၈ (၁၂၉၀) ခုနှစ်၊ (၁၉၂၈) ခုနှစ် ထီးသုံးဆင့်စေတီတွင် ဝန်ထောက်မင်း ဦးတိုးချစ်က ပထမဆုံး ထီးတော်တစ်လက် တင်လှူသည်။

(၂၅)

၁၉၃၀ (၁၂၉၂) ခုနှစ်၊ ဝါဆိုလဆန်း (၁၅) ရက်၊ (၉၊ ဇူလိုင်၊ ၁၉၃၀) ဗုဒ္ဓဟူးနေ့၊ ထီးသုံးဆင့် စေတီတွင် ရန်ကုန်မြို့၊ ကိုးထပ်ကြီး ဘုရားဒကာ သူဌေးဦးကျော်က ဒုတိယ ထီးတော်ကို လှူဒါန်းရာ ပုပ္ပါးမြို့သူကြီး ဦးဖေတင့်၊ ဦးလှအောင်၊ ဦးဝေလု ကြဲဆောင်၍ ထီးတော်ကို တင်လှူခဲ့သည်။

(၂၆)

၁၉၃၀ (၁၂၉၂) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅) ရက်နေ့ (၂၆၊ စက်တင်ဘာလ၊ ၁၉၃၀) သောကြာနေ့ တောင်ကလပ်အခြေတွင် ဦးကောသလ္လနှင့် တပည့်တို့က မယ်တော်ကြီး နတ်ရုပ် ထုလုပ်၍ နတ်ကွန်း နတ်နန်း ဆောက်လုပ်ပြီး တင်ထားကိုးကွယ်ကြသည်။

(၂၇)

၁၉၃၀ (၁၂၉၂) ခုနှစ်၊ ခရစ် (၁၉၃၀) ပြည့်နှစ်တွင် ဆရာခေါင်သည် ပုပ္ပါးတောင်ကလပ်သို့ ကြွရောက်လာသည်။

(၂၈)

၁၉၃၂ (၁၂၉၄) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၅) ရက်နေ့ (၁၀၊ ဧပြီလ၊ ၁၉၃၂) တနင်္ဂနွေနေ့ တွင် ဒါးပိန် မီးရထား ဝန်ထောက် ဦးစံဖေက ထီးသုံးဆင့်စေတီတွင် တတိယထီးတော်ကို တင်လှူပြန်သည်။ (မှတ်ချက်- ထီး သုံးဆင့်စေတီ၏ ဘွဲ့အမည်တော်သည် ဤအလို မူလဘွဲ့အမည် ဟုတ်ဟန်မတူ၍ တတိယထီးတော်ကို တင်လှူပြီးသည်မှ ထီးသုံးဆင့်အမည် ဘွဲ့တော်ချီလာဟန်တူသည်။)

(၂၉)

၁၉၃၁ (၁၂၉၃) ခုနှစ်၊ ခရစ် (၁၉၃၁) ခုရန်ကုန်မြို့၊ သူဌေးဦးကျော်က ထီးသုံးဆင့်စေတီ၏ မြောက်ဘက်နားတွင် စေတီငယ်တစ်ဆူ တည်ထားရာ ဂေါပကလူကြီး ဦးသာတင့်က ကြပ်မတ် ဆောင်ရွက်ခဲ့သည်။

(၃၀)

၁၉၃၂ (၁၂၉၄) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅) ရက်၊ (၁၂၊ နိုဝင်ဘာလ၊ ၁၉၃၂) စနေနေ့သူဌေးဦးကျော်၏ စေတီမြောက်ဘက်တွင် ယင်းတော်မြို့မှ ဝေလုထွန်းက ဆင်တစ်ကောင်နှင့် စေတီတည်ထားသည်ကို ဦးသာတင့်မှ အခါပေး၍ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(၃၁)

၁၉၃၂ (၁၂၉၄) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂) ရက်နေ့ ခရစ် (၁၊ အောက်တိုဘာလ၊ ၁၉၃၂) စနေနေ့ ထီးသုံးဆင့်စေတီ၏ တောင်ဘက်တွင် မြင်းခြံမြို့၊ အယူခံဝန်ထောက်မင်း ဦးခင်မောင်ကြီး၊ ကောင်စီလူကြီး ဦးဘစိန်၊ ဂေါပကလူကြီး ဦးသာတင့်တို့က အာရုံခံ သွပ်မိုး အဆောက်အဦတစ်ခု ဆောက်လုပ်လှူဒါန်းသည်။

(၃၂)

၁၉၃၂ (၁၂၉၄) ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်နေ့ (၄၊ ဒီဇင်ဘာလ၊ ၁၉၃၂) တနင်္ဂနွေနေ့၊ ဆရာတော် ဦးကောသလ္လသည် တောင်ကလပ်ခြေရင်း မြောက် ဘက် ဂရန်မြေနှစ်ခုကြား ကျောက်တုံးကြီးပေါ်တွင် လွမ်းမပြေစေတီ တည်ထား ကိုးကွယ်ခဲ့သည်။

(၃၃)

၁၉၂၈ (၁၂၉၀) ပြည့်နှစ်၊ ကဆုန်လ၊ ခရစ် (၁၉၂၈) ခုအတွင်း အစိုးရထံ လျှောက်ထားခဲ့သော မြေဂရန် အမိန့်စာကို ပုပ္ပါးဂေါပကအဖွဲ့က လက်ခံရရှိသည်။

(၃၄)

၁၉၃၀ (၁၂၉၁) ခုနှစ်၊ ပြာသိုလဆန်း (၁၅) ရက် နေ့ (၁၃၊ ဇန်နဝါရီလ၊ ၁၉၃၀) တနင်္လာနေ့၊ မန္တလေးတောင်မှ ရသေ့ကြီးဦးခန္တီ သည် ပုပ္ပါးသို့ကြွလာ၍ စပါး တောင်ထိပ် (ယခု မိုက်ခရိုဝေ့ဖ် တပ်ဆင်ထားသော နေရာ) ၌ ထူပါရုံစေတီ တည်ထား ကိုးကွယ်ရာတွင် သမားတော်ကြီး ဦးရွှေစိုက အခါပေး၍ ဦးသာတင့် စသော ရွာသူရွာသား (၂၁၄) ဦးတို့က လုပ်အားပေး ကူညီဆောင်ရွက်ကြသည်။

(၃၅)

၁၉၃၁ (၁၂၉၃) ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃) ရက်နေ့၊ (၁၃၊ အောက်တိုဘာလ၊ ၁၉၃၁) ဗုဒ္ဓဟူးနေ့ ရေတာရှည်မြို့၊ မယ်ဒက်တောရ ဆရာတော်ကြီး သည် မင်းမဟာဂီရိ ဦးတင့်တယ် နတ်နန်း၏ အနောက်တောင်ဘက်တွင် ဆရာကြီး ဦးရွှေစို ၏ အခါပေး ညွှန်ကြားနေရာ သတ်မှတ်ချက်အရ စေတီငယ်အရံ ကိုးဆူနှင့် စေတီ ကြီးတစ်ဆူတည်ထားကိုးကွယ်ခဲ့သည်။ ထို့ပြင် ရေတာရှည်မြို့သူကြီးသည် နှမတော် နတ်နန်းနှင့် ဗောမိပင်၊ လင်းလွန်းပင်တို့အရှေ့ဘက်တွင် စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။

(၃၆)

၁၉၃၂ (၁၂၉၄) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၁၁၊ ဧပြီလ၊ ၁၉၃၂) သောကြာနေ့တွင် ရသေ့ကြီး ဦးခန္တီ သည် ဦးတင့်တယ် နတ်နန်း၏ အရှေ့ဘက်၌ ရွှေသာလျောင်းရုပ်ပွားတော် တစ်ဆူ၊ ယင်းနှစ်တွင်ပင် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီး သော ဘုရား လေးဆူတို့ကို အာရုံပြု၍ ပုပ္ပါးလွင်ရွာအရှေ့ဘက်ရှိ ကြက်မောက် တောင်တွင် စေတီတစ်ဆူ၊ မင်းမရေကုန်းတွင် စေတီတစ်ဆူ၊ တပ်တော်ကုန်းတွင် စေတီတစ်ဆူ၊ သက်ကယ်ကျင်းကန်အရပ်တွင် စေတီတစ်ဆူ ပေါင်းလေးဆူ တည်ထားကိုးကွယ်ခဲ့သည်။

(၃၇)

၁၉၃၃ (၁၂၉၅) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂) ရက်၊ (၂၇၊ မတ်လ၊ ၁၉၃၃) တနင်္လာနေ့၊ ဦးကေတုသည် ရှေးသမိုင်းအရ တောင်ကလပ် မြောက်ဘက် မဟာသမိန္ဒြရ ရသေ့ကြီး ၏ ကျောင်းတော်ရာအနီး ကျောက်တုံးကြီးပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားခဲ့သည်။

(၃၈)

(၁၂၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄) ခုနှစ်အထိ ဆရာတော် ဦးကေတုသည် ယခု ကဿပ လိုဏ်ဂူ တည်ရှိရာ သီလတောင်ကို မှန်စီတောင်ဟု သမုတ်ပြီးလျှင် ယင်း တောင်ပေါ်၌နေ၍ ပြည်လုံး မှန်ကူမဟာထူပါရုံစေတီတစ်ဆူ၊ ရသေ့ တောင်ပေါ်၌ စေတီတစ်ဆူ တည်ခဲ့လေသည်။ ('မှန်စီတောင် ရွှေရေးက ဆီးကြိုပလေး' ဟူ သော သိုက်တဘောင်စကားအရ နေခဲ့လေသော ဟူ၏။)

(၃၉)

၁၉၃၄ (၁၂၉၆) ခုနှစ်၊ တော်သလင်းလဆုတ် (၁၂) ရက်နေ့၊ (၁၉၊ စက်တင်ဘာလ၊ ၁၉၃၄) ဗုဒ္ဓဟူးနေ့၊ တောင်ကလပ်မြောက်ဘက်၊ ယခု ကုမာရာရာမတိုက်တည်ရာ မြေပေါ်တွင် ပုပ္ပါး လက်သမားဆရာ ဦးသန်းနှင့် အပေါင်းပါ (၆) ဦးတို့အား ကျောင်းတစ်ဆောင် ဆောက်လုပ်စေ၍ "သုံးပါးထိပ်တင်" အမည်ကိုခံယူကာ ဆရာတော်ဦးကေတုသည် သီလတောင်မှ ရွှေ့ပြောင်း၍ ယင်း ကျောင်း၌ နေထိုင်လေသည်။

(၄၀)

၁၉၅၉ (၁၃၂၁) ခုနှစ်၊ တော်သလင်းလဆုတ် (၅) ရက်၊ (၂၁၊ စက်တင်ဘာလ၊ ၁၉၅၉) တနင်္လာနေ့၊ နံနက် (၄) နာရီ (၁၅) မိနစ် အချိန်တွင် ကုမာရာရာမတိုက်ဆရာတော် ဦးဂျော်နီ (ခ) ဦးကုမာရသည် ဦးသာတင့်နှင့် တိုင်ပင်၍ သီလတောင်ပေါ်၌ ဉာဏ်တော် (၁၈) တောင်ရှိ ဗျာဒိတ်ပေး ရုပ်ပွားတော်တစ်ဆူကို တည်ထား ကိုးကွယ်ခဲ့သည်။

(၄၁)

၁၉၅၉ (၁၃၂၁) ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်၊ (၉၊ ဒီဇင်ဘာလ၊ ၁၉၅၉) ဗုဒ္ဓဟူးနေ့၊ ပုပ္ပါးတောင်မကြီး မှန်ပြတောင်ထိပ်တွင် ဦးပေါက်ဆိန် (ခ) ဦးဝိဇ္ဇာဓရ သည် စေတီတစ်ဆူ တည်ခဲ့လေသည်။

(၄၂)

၁၉၅၉ (၁၃၂၁) ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်၊ (၃၀၊ ဒီဇင်ဘာလ၊ ၁၉၅၉) ဗုဒ္ဓဟူးနေ့၊ တောင်မကြီးအလယ် မောင်တော်ငုတ်တုတ် တောင်ထိပ်တွင်ဆရာတော် **ဦးပရမ ဝဏ္ဏသိဒ္ဓိ** သည် ဉာဏ်တော်(၉) တောင် (၂) မိုက်ရှိ စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်။

(၄၃)

၁၉၆၀ (၁၃၂၁) ခု၊ တပို့တွဲလဆန်း (၁၀) ရက်၊ (၆၊ ဖေဖော်ဝါရီလ၊ ၁၉၆၀) တနင်္ဂနွေနေ့၊ နံနက် (၄) နာရီအချိန် ပုပ္ပါးတောင်မကြီး မှန်ပြတောင်ထိပ်တွင် နိုင်ငံတော်အစိုးရမှ အမြင့် (၇) ပေ၊ (၁၄) ပေစီ ပတ်လည်ကျယ်သော ကျောက်တိုင်ကြီး စိုက်ထူခဲ့သည်။

(၄၄)

၁၉၃၃ (၁၂၉၅) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့၊ (၂၄၊ အောက်တိုဘာလ၊ ၁၉၃၃) အင်္ဂါနေ့၊ ပုပ္ပါးမြို့၌ မိုးပလိပ် ကပ်ဆိုးကြီး ကျရောက်နေသည်ကို လွတ်မြောက်ရန် ရွာသူ ရွာသားများမှတစ်ဆင့် တစ်အိမ်လျှင် သဲ (၉) ပြည်နှင့် (၉) တောင်ပြည့် ကပ်ကျော်စေတီ တည်ရမည်ဟု အုတ်ကျောင်းဆရာတော် ဦးရွှေအိုး (ခ) ဦးတိဿ၏ ဩဝါဒအရ ပုပ္ပါးမြို့ အရှေ့ဘက် ရေပွက်ကြီးအနီးတွင် စေတီ တစ်ဆူ တည်ထားကိုးကွယ်သည်။ ယင်းစေတီ တည်ထားကိုးကွယ်ပြီးသည်နှင့် တစ်ပြိုင်နက် မိုးပလိပ် ကပ်ဆိုးကြီးသည် ငြိမ်းအေးသွားလေသည်။

(၄၅)

၁၉၅၂ (၁၃၀၀) ပြည့်နှစ်၊ ခရစ် (၁၉၃၈) ခုတွင် ဆရာခေါင်သည် တောင်ကလပ် သို့ ရောက်၍နေထိုင်သည်။ (၁၃၁၄) ခုနှစ်၊ တော်သလင်းလဆုတ် (၂) ရက်၊ (၅၊ စက်တင်ဘာလ၊ ၁၉၅၂) ခု၊ သောကြာနေ့၊ ညနေ (၄) နာရီ (၁၅) မိနစ် အချိန်တွင် ဆရာခေါင်သည် ကွယ်လွန်အနိစ္စ ရောက်လေ သည်။

ဤသည်တို့မှာ ဆေးဆရာကြီး ဦးသာတင့်၏ မှတ်စုမှတ်ရာများအရ သိရခြင်း ဖြစ်ပါသည်။ အပင်ပန်းခံကာ မှတ်သားထားသော ဆရာကြီး ဦးသာတင့်ကို များစွာ ကျေးဇူးတင်စရာ ကောင်းလှပါသည်။

အထက်ပါ မှတ်စုတွင် ဖော်ပြထားသော ဘိုးတော်အောင်မင်းခေါင်အရှင် ထွက် တော်မူသောနေ့သတင်းကို အရေးပေါ်နေ့စဉ်တွင် ဖော်ပြထားကြောင်း တွေ့ရှိရ ပါသည်။

**အဘအောင်မင်းခေါင်ကြီး ထွက်တော်မူသောနေ့ အရေးပေါ် သတင်းစာ**

၁၉၅၂ အတိအကျပြောပြရလျှင် ဘုန်းကြီးကျောင်းသား မောင်သံမဏိ ဦးစီး ထုတ်ဝေသော အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာမွေးကျော်၊ အရေးပေါ်၊ နေ့စဉ် အတွဲ (၁)၊ အမှတ် (၄၃)၊ (၁၃၁၄) ခု၊ တော်သလင်းလပြည့်ကျော်၊ (၁၃) ရက်၊ အင်္ဂါနေ့ (၁၆၊ စက်တင်ဘာလ၊ ၁၉၅၂) တွင် ဘိုးမင်းခေါင် ထွက်ရပ်ပေါက်သွား။ ပုပ္ပါးတောင်မြတ် တောင်ကလပ်မယ် ဝိဇ္ဇာနုဘ်ရန် ကာချိန်ပြီး ခန္ဓာအိမ်လဲလိုက်သတဲ့။ သာသနာတစ်ဝက်အနင်းမှာ ရာဇာမင်း လာတော့မယ်ဆိုပါကလား ဟူသော ခေါင်းစီးဖြင့် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

(ကျမ်းကိုး။ ထိုမူရင်းသတင်းစာကို ဘုန်းရောင်အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေး စုစည်းပူဇော်သောစာအုပ်တွင် မူရင်းကို တွေ့ရှိနိုင်ပါသည်။)

# ဝိဇ္ဇာမိုရ် အောင်မင်းခေါင် ထွက်ရပ်ပေါက်ရာဇဝင် အတ္ထုပ္ပတ္တိ စာအုပ်အပေါ် လေ့လာချက် စာတမ်း။

(၁၃၁၄) ခု၊ တော်သလင်းလဆုတ် (၂) ရက်နေ့တွင် ဘိုးတော်အောင်မင်းခေါင် အရှင်သည် ရုပ်ဟောင်းကိုစွန့်ပစ်၍ ရုပ်သစ်သို့ကူးပြောင်းသွားကြောင်း အများသိပြီး ဖြစ်သည်။ တော်သလင်းပြီးနောက် သီတင်းကျွတ်၊ တန်ဆောင်မုန်း ကျော်လွန်၍ နတ်တော်လဆန်း (၅) ရက်နေ့၊ ခရစ် (၂၁၊ နိုဝင်ဘာလ၊ ၁၉၅၂)၊ သောကြာနေ့ နေ့စွဲဖြင့် ရန်ကုန်မြို့ စာပြုဆရာကြီး ဦးပေါ်ဦးသည် ဝိဇ္ဇာမိုရ်အောင်မင်းခေါင်၏ ထွက်ရပ်ပေါက်ရာဇဝင်ဟူသောစာအုပ်ကို ရေးသားခဲ့သည်။ မိဘမေတ္တာ ဆရာဦးမောင်ကြီး တည်းဖြတ်ပြင်ဆင်ခဲ့သည်။ မိဘမေတ္တာပုံနှိပ်တိုက် အမှတ် (၁၇)၊ ဗဟန်း (၃) လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေခဲ့သည်။ ဤစာအုပ်ကို စာပြုဆရာကြီး ဦးပေါ်ဦး ထုတ်ဝေချိန်တွင် ဘိုးတော်အောင်မင်းခေါင်အရှင် ထွက်တော်မူသောကာလနှင့် (၂) လ၊ (၃) လသာ ခြားပေသည်။ ထို့ကြောင့် ခေတ်ပြိုင်မှတ်တမ်းဟု ယူဆရမည် ဖြစ်ပါသည်။ ထိုစာအုပ်တွင်ပါသော အချက်အလက်တို့သည် ထင်ရာမြင်ရာ မြှောက်ထိုးပင့်ကော် ရေးခြင်းမဟုတ်ကြောင်း၊ ဝိဇ္ဇာမိုရ်အောင်မင်းခေါင်နှင့် စပ်လျဉ်း၍ ဝိဇ္ဇာဂိုဏ်းဝင် သူတော်စင်အပေါင်း အလွန်ရင်းနှီးသော တပည့်အပေါင်းတို့ထံမှ လက်တွေ့မှတ်သားထားသော အဖြစ်အပျက်၊ အကြောင်းအရာအမှန်များကိုရေးသားဖော်ပြခြင်းဖြစ်ကြောင်း၊ အပိုအလိုမရှိ ပကတိဟုတ်မှန်သော အဖြစ်အပျက်များဖြစ်ကြောင်း ဦးပေါ်ဦးက ဖော်ပြထားလေသည်။ ၎င်းအပြင် ဦးပေါ်ဦးက မိမိသည် အငြင်းသမားမဟုတ်၍ ကျွန်ုပ်၏ယူဆချက်များကို သဘောမကျလျှင်လည်း မိမိတို့ကြိုက်သလိုသာ ဉာဏ်မျက်စိဖြင့် သုံးသပ်ယူဆစေလိုကြောင်း၊ (၁၃၁၄) ခု၊ နတ်တော်လဆုတ်၊ (၅) ရက်နေ့၊ နေ့စွဲဖြင့် ရေးသားထားသည်ကိုလည်း တွေ့ရှိရပါသည်။ (စာ-၁၂၀)

၁၉၀၇ သက္ကရာဇ် (၁၉၀၇) ခုနှစ်သို့ ရောက်သောအချိန်တွင် အောင်မင်းခေါင်အရှင်ကြီးမှူးသော ထိုဝိဇ္ဇာမိုရ်အဖွဲ့ကြီးသည် သာသနာ့အောင်ပန္တက်ရိုက်ရန်အတွက် ဆွေးနွေးတိုင်ပင်ကြသောအခါ ရမည်းသင်းနယ်၊ ရွှေမြင်တင်တောင်၌ သီတင်းသုံးနေသော ရဟန်းတော် ဦးခန္တီအား ဘုန်းရှင်၊ ကံရှင် သာသနာ့ဓာတ်ဝင် ပါရမီရှင်တစ်ယောက်ဖြစ်၍ သာသနာပြုရန်အတွက် ရွေးကောက်ကြပါသည်။

ထိုအခါ ဦးခန္တီသည် ရဟန်းဘဝမှ ရသေ့အသွင်ပြောင်းပြီးလျှင် ဝိဇ္ဇာမိုရ်တို့၏

ညွှန်ကြားချက်အတိုင်း မန္တလေးတောင်တွင် ဘုရားတည်ခြင်း စသော သာသနာ့ ဓာတ်တိုင်ကြီးကို မြိုင်မြိုင်ကြီး စိုက်ထူသည်ဖြစ်ပါကြောင်း။
ဤအချိန်ကစ၍ အောင်မင်းခေါင်အရှင်နှင့် ရက်ကန်းစင်တောင် ဆရာကြီးဦးစီး သော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးက တိုင်းပြည်အား ကြေညာစာတမ်းများ စ၍ထုတ်ဝေပါ တော့သည်။

**အရိမေတ္တေယျအလောင်းတော်**

ထိုအောင်မင်းခေါင်အရှင်ကို ကျွန်ုပ်တို့၏ ဝိဇ္ဇာဂိုဏ်းဝင် သူတော်စင်အပေါင်းတို့က မူကား အရိမေတ္တေယျဘုရားအလောင်းတော်ဟု ယူဆကြပါသည်။ (စာ-၁၀)

ဘိုးတော်အောင်မင်းခေါင်အရှင်ကိုယ်တော်ကပင် ငါသည် ဘုရားလောင်း အမှန် ဖြစ်ကြောင်းကို ကိုယ်တော်တိုင် ရေးစပ်တော်မူခဲ့သော ကဗျာသုံးပုဒ်ကို ဖတ်ရှုခြင်း အားဖြင့် ပါရမီရင့်ကျက်သော ဘုရားအလောင်းတော်ဟု အမှန်သိမှတ်ရမည် ဖြစ် ပါကြောင်း။

**ဘုရားအလောင်းဟု ဝန်ခံသော ကဗျာ**

၁။ ဗုဒ္ဓင်္ကုရာဏ်ဇောညို၊ သမ္ဘောဓိလောင်းလျာ၊
ဇာတ်ပေါင်းစုံစုံနှင့် ပဒုံကြာငုံ အာရင့် ပွင့်မည့်ချိန်ခါ၊
သောင်းလောကစကြဝဠာ၊ ထက်ပြဟ္မာတုန်ဟီး။
စကျွငယ်-ပညိန္ဒြေနှင့်
ထိန်သပြေ သိရ်သရေ ကုက္ကိုဖြူးဆီက
ကြားလိမ့်သတည်း။
၂။ မြူခြေငယ်ရွှန်းပါ၊ မြဝန်းတဲ့ ရစ်ခွေ၊
ဖောင်ပေါ် နေမရိပ်ခင်က၊
အောင်တော်မူ ရွှေကရဝိက်ကို
ကြိုးတိတ်တိတ်ဖြေ။
သို့ပါသော် တအားဆွဲတာကြောင့်၊
မသွားဘဲ ဆိုင်းရခြေ၊
လှိုင်းလောကငြိမ်တုံး။
တက်မကိုကိုင်၊ ရွက်စမြိုင်မြိုင်နှင့်။
ဆိုင်သူတွေ ခိုလို့စီးရအောင် မီးပြပါအုံး။
သိမ်းလိုက်ပါအေ ခွေလိုက်ပါ ကြိုး၊

မြစည့်သူကန်က ရေဆွဲတဲ့ ကြိုး။
၃။ ဓမ္မာတဲ့သာလာ၊
အောင်သဘင်ဆင်ယင်တဲ့ပွဲ၊ နွဲကြသူငါ၊
မြဘိုးတော် ဂုဏ် ဟိတ်ကြောင့်၊
ဒုန္ဒိမိတ် အနိဋ္ဌာ။
တဆိတ်စာမသန်း။
စီးပွားရွှေငွေနှင့် အထွေထွေ ရေလိုပေးခဲ့မယ်၊
အေးမြရွှင်လန်း။

ဤကဗျာသုံးပုဒ်ကို အထက်မြန်မာပြည် နမ္မားခရုကျောင်းတွင် ခေတ္တနေထိုင်စဉ် သာသနာ့အောင်ပန္နက်ကို ဆောင်ရွက်တော်မူခိုက်မှာ ပါရမီရှင်အများ သိထားနှင့်ရန် ကြိုတင်၍ရေးသားခဲ့သော ဗောဓိပင်လောင်း လမ်းညွှန်ကဗျာများ ဖြစ်ပါသည်။ (စာ-၁၁၊ ၁၂)

**စေတီများ တည်ထားခြင်း**

ဘိုးတော်အောင်မင်းခေါင်အရှင်သည် သတ္တဝါအများ ချမ်းသာကြရန်အတွက် ယတြာအနေအားဖြင့် ဓာတ်ပေါင်းစုံ စေတီတော် အများအပြား တည်ထားကိုးကွယ်ကြရန် (၁၉၅၀) ခုနှစ်လောက်ကစ၍ စေခိုင်းတော်မူခဲ့ပါသည်။ (စာ-၁၃)

**ကပ်ကျော်ဘဘကြီး ဦးစိုးမင်း (ခေါ်) ဦးခန္တီ**

အောက်မြန်မာပြည်အတွက် ဦးခန္တီ ကပ်ကျော် (ဘဘကြီး) အား တာဝန်ပေး၍ စေတီတော်များကို တည်ထားရန် အမိန့်ပေးစေခိုင်းတော်မူခဲ့ပါသည်။
ထိုမှတစ်ပါး မြန်မာပြည်အတွင်းရှိ ဓာတ်ကျရာ မြို့ရွာများတွင်လည်း သက်ဆိုင်ရာ တပည့်အများတို့အား တည်ထားကိုးကွယ်ကြရန် စေခိုင်းတော်မူခဲ့ပါသည်။ (စာ-၁၃)

**အောင်မင်းခေါင်အရှင်၏ ထူးဆန်းသော အချက်တစ်ချပ်**

(၁၉၅၁) ခုနှစ်၊ မတ်လ၊ (၂၄) ရက်၊ စနေနေ့တွင် အောက်ပြည် ရန်ကုန်-သထုံ-ဇင်းကျိုက် စသော မြို့ရွာဒေသများမှ သာသနာပြုတာဝန်ခံဖြစ်သော တပည့်များသည် အောင်မင်းခေါင်အရှင်အား ကန်တော့ရန် ပုပ္ပါးတောင်မြတ် တောင်ကလပ်သို့ သွားရောက်ကြသည်ဟု ဆိုကြောင်း။
ထိုအချိန်ကား အထက်မြန်မာပြည်တွင် ရာသီဥတုအားဖြင့် အလွန်ပူအိုက်သော

ရာသီဖြစ်ပါသည်။ ပါရမီရေစက်အားဖြင့် အောင်မင်းခေါင်အရှင်နှင့် အလွန်ရင်းနှီးသော ရန်ကုန်မြို့သူ တပည့်မတစ်ယောက်သည် သမထအလုပ်စခန်းကို တကယ်တမ်း အားထုတ်နေစဉ် အပူရှိန်ပြင်းထန်၍ အားထုတ်ရန် အခက်အခဲနှင့် တွေ့နေသည်ဆိုကြောင်း။ (စာ-၁၆)

ထိုတပည့်မသည် နေအလွန်ပူအိုက်သဖြင့် ရန်ကုန်သို့ အမြန်ပြန်ရန် အောင်မင်းခေါင်အရှင်ထံသို့ ခွင့်ပန်ကန်တော့သွားသည် ဆိုကြောင်း။

ဤသို့ အောင်မင်းခေါင်သည် အဇ္ဈောကာသကောင်းကင်ကို ရှုမှတ်ကြည့်ရှုနေစဉ် (၅) မိနစ်အတွင်းမှာပင် အရပ်လေးမျက်နှာမှ မိုးကြီးထစ်ချုန်း၍ တအုန်းအုန်း ရွာသွန်းတော့သည် ဆိုကြောင်း။ (စာ-၁၇)

မိုးကြီး သည်းထန်စွာ ရွာသောရက်မှာ (၁၉၅၀) ခုနှစ်၊ မတ်လ၊ (၂၄) ရက်၊ စနေနေ့မှ (၁၉၅၀) ခုနှစ်၊ မတ်လ၊ (၂၈) ရက်၊ ဗုဒ္ဓဟူးနေ့အထိ ရွာသွန်းသည် ဆိုကြောင်း။ (စာ-၁၇)

**အောင်မင်းခေါင်အရှင်၏ အောင်ဆုတောင်း**

သစ္စာဓိဋ္ဌာန်ဖြင့် ရွတ်ဆိုဆုတောင်းတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဦးပေါ်ဦးထံမှ တွေ့ရှိမှတ်သားရပါသည်။

ပဥ္စတာလီသ ဝဿာနိ ဋ္ဌတွာလောတံ သဒေဝကံ၊
ဝိဝယိတွာ ဓမ္မရသံ၊
နိဗ္ဗုတောသော သသာဝတော၊
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

**သောဘဂဝ** -ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်တုဘက်ကင်း တရားမင်းဖြစ်တော်မူသော ဂေါတမရှင်တော်မြတ်ဘုရားသည်၊

**ပဥ္စတာလီသ ဝဿာန်**- လေးဆယ့်ငါးဝါ ကာလပတ်လုံး၊ **ဋ္ဌတွာ**-တည်တော်မူ၍၊ **သဒေဝကံ**- နတ်နှင့်တကွသော လူအပေါင်းကို၊ **ဓမ္မရသံ**-တရားတည်းဟူသော အမြိုက်အရသာကို၊ **ပိယဟိတွာ**-သောက်ချိုးစေတော်မူပြီး၍၊ **သသာစကော**-တပည့်သား သံဃာတော်အပေါင်းနှင့်တကွ၊ **နိဗ္ဗုတော**- ဒုက္ခသမုဒယ ချုပ်ရာ အမှန် ပြည်နိဗ္ဗာန်သို့ ဧကန်ကြွသွားတော်မူလေပြီ။

**ဧတေနသစ္စဝဇ္ဇေန**-ဤဟုတ်တာ၊ မှန်တာ၊ ဟုတ်မှန်တာကို အမှန်ပြောကြား၍၊ ဤ သစ္စာစကားကြောင့်၊ **မေ**-အကျွန်ုပ်အား၊ **မေ**-ရာဇဝင်အစောင်စောင်တွင်၊ **ကမ္ဘာ**တွင်အောင်၊ အရောင်သတင်းပြောင်မည့် အောင်မင်းခေါင် ဟူသော အကျွန်ုပ်၏ **စိန္တံ စိန္တံ**- ကြံစည်တိုင်း ကြံစည်တိုင်းသော။ **ပတ္တိတံ၊ ပတ္တိတံ**-

တောင့်တတိုင်း၊ တောင့်တတိုင်းသော၊ ဇယမင်္ဂလံ- အောင်ဖို့လိုရာ အောင်ကိစ္စ အ၀၀ဖြစ်သော မင်္ဂလာအပေါင်းသည်၊ ဟောတု- ခဏမကြာ လွယ်ကူစွာသာ ဖြစ်ပါစေသတည်း။

ဤသို့လျှင် အောင်မင်းခေါင်အရှင်သည် ဖြစ်ပေါ်လတ္တံ့သော ကမ္ဘာ၏အရေးကို လည်း ဘေးဒုက္ခကင်းဝေးကြပါစေရန် နှုတ်တော်ဖြင့် ရွတ်ဆို၍သစ္စာဓိဋ္ဌာန်တော် မူခဲ့ပါသည်။ အထက်ပါ ဆုတောင်းပုံတွင် ထူးထူးခြားခြား မှတ်သားမိသော စကား ကလေးတစ်လုံးမှာ ယနေ့တိုင် မမေ့နိုင်ပါ။ ထိုစကားကလေးမှာ

ရာဇဝင်အစောင်စောင်တွင် ၊
ကမ္ဘာတွင်အောင်၊ အရောင်သတင်းပြောင်မည့်
အောင်မင်းခေါင် ဟူသော အကျွန်ုပ်၏

ဟူသော ရိုသေလေးစား မှတ်သားအပ်သည့်စကား ဖြစ်ပါသည်။ ဘိုးတော် အောင်မင်းခေါင်အရှင်သည် မိမိ၏အမည်ကို မိမိထည့်သွင်း၍ အရောင်သတင်း ပြောင်မည့် အောင်မင်းခေါင် ဟူသော အကျွန်ုပ်ဟု ဆုတောင်းတွင် ထည့်သွင်း ထားသည်မှာ ကြည်ညိုမှတ်သားလောက်သောစာသား ဖြစ်ပါသည်။ (စာ-၂၅)

လူသူမနီးသော တောကြီးမြိုင်လယ်အရပ်တို့၌သာနေထိုင်လေ့ရှိသည်ဟု ကျွန်ုပ်တို့ သိရပါသည်။ (စာ-၂၉)

ကျွန်ုပ်တို့ ကြားဖူးရသည်မှာ ထိုအောင်မင်းခေါင်အရှင်သည် သမ္မာသမ္ဗောဓိ ဘုရား ဆုပန်ယောက်ျားမြတ်တစ်ယောက်ဖြစ်ကြောင်းကို သိရှိရပါသည်။ (စာ-၂၉)

အာနာပါန ကမ္မဋ္ဌာန်း ပထဝီကသိုဏ်း ကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ ကရုဏာ ကမ္မဋ္ဌာန်း စသော သမထကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်ကျင့်သုံး နေထိုင်သူတစ်ယောက်ဟု သိရှိရပါသည်။ (စာ-၂၉)

ဘုရားရှင်၏ သာသနာပြု အစင်သာသနာ၀င်များတွင် သာသနာပြုပုဂ္ဂိုလ်ထူး တစ် ယောက်ဟု သွတ်သွင်းခေါ်ဆိုထိုက်သော ပါရမီရှင်တစ်ယောက် ဖြစ်ပါသည်။ (စာ-၃၀)

**ဝိဇ္ဇာခိုရ် အောင်မင်းခေါင် ဝိဇ္ဇာသိပ္ပ အစွမ်းကိုပြခြင်း**

ဘိုးတော်အောင်မင်းခေါင်အရှင်သည် သာသနာပြုဘုရင် ဗမာ့ပလ္လင်ပေါ်မှ ကွယ် ပျောက်သွားပြီးသည့်နောက် (၁၈၈၉) ခုနှစ်ကစ၍ (၁၉၅၂) ခုနှစ်အထိ လောကတ္ထ စရိယလူထု၏အကျိုးနှင့် ဗုဒ္ဓတ္ထစရိယဘုရားဖြစ်ရန် ပါရမီတို့ကို ဖြည့်ဆည်းပေး ခြင်းအကျိုးငှာ မြို့ရွာအသီးသီးသို့လှျောက်၍ ဓာတ်ပန္နက်များကို ရိုက်နှက်တော်မူ

သောအခါ တစ်ချိန် တစ်ချိန်တွင် တောရပ်မြိုင်နွယ် ဂနိုင်နယ်၌ အာရုံခလေ့ ကာမဂုဏ်အတွေ့တို့ကို ပယ်သတ်ဖယ်ရှားတော်မူ၍ ဘုရားဖြစ်ရန် ဆုကြီးပန်ပီပီ သမထအလုပ်တို့ကိုသာ အားထုတ်ကြိုးစားတော်မူ၍နေရှာပါသည်။ (စာ-၃၀)

ဤသို့လျှင် ထိုအရှင်သည် အတိတ်ကာလ နှစ်ပေါင်းများစွာက တစ်မြို့ဝင် တစ်မြို့ထွက်၊ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းဆိုသလို သာသနာဓာတ်ပန္နက်များကို ရိုက်နှက်ဆောင်ရွက်ရာ၌ အောင်မင်းခေါင်အရှင်၏ သိဒ္ဓိတန်ခိုးကို တစ်စုံတစ်ယောက်သောသူမျှ မသိရှိကြဘဲ အရူးကြီးဟူ၍ပင် ပြစ်မှားကြ၊ ကဲ့ရဲ့ကြ၊ ပြောင်လှောင်ကြပါသည်။
အောင်မင်းခေါင်အရှင်သည် တစ်ရွာမှတစ်ရွာကို ထွက်ခွာသောအချိန်များတွင် သိဒ္ဓိဗလတစ်မျိုးမျိုးဖြင့် အံ့ဖွယ်တစ်ခုခုကို ပြ၍ ပြ၍ ထွက်အားတတ်သည်ဟု သိရှိရပါသည်။
အသာ အသာ မှောင်ရိပ်ကိုနင်းပါလို့
**(မင်း) တိတ်တိတ်လာ။**
ဟု ဆိုင်းဆရာများ သီဆို တီးမှုတ်ကြသော တဘောင်သီချင်းအရ ဓာတ်ပန္နက်များကို ရိုက်နှက်ရန် လွန်ခဲ့သောနှစ်များ၏အချိန်တစ်ချိန်တွင် အောင်မင်းခေါင်အရှင်သည် အထက်မြန်မာပြည် မဲဇာရွှေလီနယ် မိုးမှောင်ကျတောင်၊ သီတာချောင်း၌ ကြွရောက်နေထိုင်သည်ဟု သိရပါသည်။ (စာ-၃၁)

ထိုအခါ အထက်မြစ်ညာမှ ရေမျောလာသော အလွန်ကြီးမားသော ကျွန်းသစ်ကြီးတစ်တုံးသည် အောင်မင်းခေါင်အရှင်၏နေထိုင်ရာ ရွှေလီမြစ်ကွေ့တွင် ကန့်လန့်ကြီး တန့်လျက်နေသည်ဆိုကြောင်း။ ထိုအခါ ရွှေလီမြစ်အတွင်း၌ အစုန် အဆန်သွားလာကြသော သင်္ဘောလှေဖောင်တို့သည် ထိုသစ်ကြီးတင်နေသောကွေ့သို့ ရောက်ရှိကြသောအခါ သစ်ကြီးကို မရှောင်လွှဲနိုင်ကြဘဲ စီးဆင်းသော ရေအဟုန်ဖြင့် ဝင်ရောက်တိုက်ခိုက်မိကြသဖြင့် ဖောင်တွေပျက်၊ လှေတွေမြုပ်နှင့် လှေသမား ဖောင်သမားများမှာ များစွာ အတိဒုက္ခ ရောက်နေကြသည် ဆိုကြောင်း။
ထိုသစ်ကြီးကား  ထူးဆန်းသောသစ်ကြီးဟု ဆိုရပါမည်။ ပိုင်ရှင်ဖြစ်သော သစ်ကုမ္ပဏီမှ အမျိုးမျိုးသော စက်ကြိုးယန္တရားတို့ဖြင့် ဆွဲချိတ်တွန်းချသော်လည်း မရဘဲ လက်လျှော့၍နေရသော  သစ်တုံးကြီးတစ်ခုဖြစ်ပါသည်။ ဤသစ်ကြီး ပိတ်ဆို့မှုကြောင့် အစုန်အဆန်သွားလာကြသော လှေသမား၊ ဖောင် သမားတို့မှာ ဒီသစ်ကြီးကြောင့် ဒုက္ခပဲ။ ဒီသစ်ကြီးကြောင့် ဒုက္ခပဲဟု ညည်းတွား၍ သာ နေကြရပါသည်။ ဤသစ်ကြီး ရွေ့လျားအောင်တော့ မည်သူတစ်ဦးတစ် ယောက်မျှ မတတ်နိုင်ကြဘဲ သစ်ကြီးကို လှေသမား၊ ဖောင်သမားလူထုက လက်မြှောက်ကြရတော့သည် ဆို

ကြောင်း။ထိုအခါ အောင်မင်းခေါင်အရှင်သည် ကြိမ်တစ်ချောင်းကို ကိုင်လျက် သစ်ကြီး ပိတ်ဆို့၍နေရာ ရွှေလီမြစ်ကမ်းသို့ ရောက်လာသည် ဆိုကြောင်း။ အောင်မင်းခေါင်အရှင်သည် ကြိမ်လုံးကိုဝင့်ကာ သစ်ကြီးကို အမိန့်ပေးသည်မှာ 'ဟေ့ သစ်ကြီး မင့်ကို လူထုအားလုံးက မုန်းကုန်ကြပြီ။ လူထုအများက မင်းကို မကြည်ညိုကြတော့ဘူး' ဟု ပြောဆိုကာ ကြိမ်လုံးနှင့် နှစ်ခါ၊ သုံးခါ တို့လိုက်သော အခါ သစ်ကြီးသည် ချက်ချင်းပင် ရွှေလီကွေ့မှ ရွာခနဲ မြစ်လယ်သို့အရောက် ထွက်ခွာသွားတော့သည် ဆိုကြောင်း။

ထိုအခါ အောင်မင်းခေါင်အရှင်သည် သစ်ကြီးကိုခွစီး၍ ပါသွားပါသည်။ မြစ်လယ် သို့ရောက်သောအခါ ကမ်းနဖူးမှ လူထုအားလုံးသည် အံ့သြစွာဖြင့် ကြည့်ရှုနေစဉ် အထက်ကိုဆန်လိုက်၊ အောက်ကိုစုန်လိုက်နှင့် (၂) ကြိမ်၊ (၃) ကြိမ်မျှ ပြုလုပ်ပြီး လျှင် အောင်မင်းခေါင်အရှင်နှင့်အတူ သစ်ကြီးသည် ထောင်လျက် မြစ်လယ်၌ နစ်မြုပ်သွားတော့သည် ဆိုကြောင်း။ (စာ-၃၂) ဤအခြင်းအရာတို့သည်ကား - ရွှေလီမြစ်ဆိပ်တွင် ရေချိုးရေခပ်ကြသော လူထုတို့ရှေ့တွင်ဖြစ်၍ လူထုအားလုံး မြင်ကြရသော လက်တွေ့အဖြစ်အပျက်များသာ ဖြစ်ပါသည်။

ထိုသို့ ဘိုးမင်းခေါင်အရှင်နှင့် သစ်တုံးကြီး နစ်မြုပ်၍သွားပြီးသည့်နောက် တစ်လ လောက်အကြာတွင် ရွှေလီရွာမှ လူတစ်ယောက်သည် မြစ်ကြီးနားသို့ ရောက်သွား သောအခါ မြစ်ကြီးနားမြို့၏အထက် မြစ်ကမ်းနဖူးပေါ်တွင် ထိုသစ်ကြီးတင်နေ တာကို မြင်ခဲ့ရသည်ဆိုကြောင်း။ ယခုအချိန်အထိပင် ထိုသစ်ကြီးရှိသေးသည်ဟု ကျွန်ုပ်တို့ သိရှိရပါသည်ဟု မှတ်တမ်းတွေ့ရပါသည်။ ထိုနှစ်မှာ (၁၃၁၄) ခုအထိ ထိုသစ်တုံးကြီး ရှိသေးကြောင်း မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

**မြင်းစီးအတတ်ပညာနှင့် ထီးချိုင့် ညောင်ပင်သာရွာ**

အောင်မင်းခေါင်အရှင်သည် မြင်းပြင်သောဓာတ်အလုပ်ကို ပြုလုပ်တော်မူသည်မှာ အထက်မြန်မာပြည် ထီးချိုင့်နယ်၊ ညောင်ပင်သာရွာအနီး တောအုပ်ကြီးတစ်ခုတွင် နောက်တော်ပါ တပည့်ကြီးဦးပေါ်ဦးနှင့် မြင်းစီးခြင်း ဓာတ်ပန္နက်ကို ပြုလုပ်နေကြ ပါသည်။

မြင်းပြင်ပုံကတော့ ညောင်ပင်သာရွာမှာရှိတဲ့ မြင်းတွေကို ညတိုင်း ညတိုင်း ဦးပေါ်ဦး ကို ခိုးရန်စေခိုင်းပါသည်။ ဦးပေါ်ဦး ခိုးယူလာသော မြင်းများကို အောင်မင်းခေါင် အရှင်သည် ဦးပေါ်ဦးနှင့်အတူ မြင်းစီးအတတ်ကို ဖျတ်လတ်စွာ အစီးကျင့်မြင်းရေး ပြနေကြသည် ဆိုကြောင်း။

ထိုအခါ မြင်းပျောက်သော လူထုသည် မြင်းများကို လိုက်လံရှာဖွေကြသော်လည်း မြင်းများကို မတွေ့ရဘဲ ဖြစ်နေကြသည်ဆိုကြောင်း၊ တစ်နေ့၌ မြင်းရှာသောသူများသည် လမ်းမှား၍ တောနက်တစ်ခုအတွင်းသို့ ရောက်သွားကြသောအခါ -

အဘိုးကြီးနှစ်ယောက်သည် (၅၀) ကျော် (၆၀) မျှရှိသော မြင်းအုပ်ကြီးကို မြင်းကျောင်းရင်း မြင်းစီးလေ့ကျင့်နေကြသည်ကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ကြသည်ဆိုကြောင်း။ ထိုအခါ မြင်းရှင်များသည် အံ့ဩစွာဖြင့် ပြန်သွားကြပါသည်။ ထူးဆန်းသော အချက်တစ်ခုမှာ မြင်းများပျောက်နေစဉ်အချိန်မှာ ဘယ်အချိန်က ပျောက်သွားသည်ဟု မသိရသည့်အပြင် ပြန်ရောက်သောအချိန်တွင်လည်း မသိကြရချေ။ ချည်တိုင်တွင် မြင်းကိုမြင်ရသောအခါမှသာ သိရှိကြပါသည်။

ထို့ကြောင့် မြင်းပျောက်သောလူထုသည် လိုက်မရှာကြတော့ဘဲ အောင်မင်းခေါင်ကြီး ဖမ်းသွားတယ်။ အချိန်တန်လျှင် ပြန်ရောက်မှာပဲဟု စိတ်ချကာနေကြပါသည်။ ဤအခြင်းအရာတို့သည်ကား အောင်မင်းခေါင်အရှင်၏ ထူးခြားချက်များဟု သိမှတ်ထားစေလိုပါသည်။

**နယ်စပ်နှင့်တောင်တန်းမှာ သာသနာပြုခြင်း**

အောင်မင်းခေါင်အရှင်သည် ထိုအရပ်မှဖဲ့ခွာ၍ ကချင်တောင်တန်းသို့ တစ်ဖန်ကြွသွားတော်မူပြန်ပါသည်။ ထိုကချင်တောင်တန်းတွင် နေထိုင်စဉ် တစ်ခါတစ်ခါတွင် တောတွင်းသတ္တဝါ ကျားကြီးများနှင့် သတ်ပုတ်ကစားလေ့ရှိပါသည်။ တစ်ခါတစ်ခါတွင် ကြီးမားသောသစ်ပင်ကြီးများကို ဆွဲနုတ်၍ပြလေ့ရှိသည် ဆိုကြောင်း။ ဤအခြင်းအရာများကို အနီးအနားရှိ ကချင်တောင်သူလယ်သမားတို့ မြင်ရသောအခါ ၎င်းတို့ကိုးကွယ်သော နတ်ကြီးဟု ထင်မှတ်ကြ၍ စားစရာ၊ သောက်စရာ အဖြာဖြာတို့ကိုလည်း တင်မြှောက်လှူဒါန်းကြပါသည်ဟု မှတ်တမ်းတင်ထားကြောင်း ဖတ်ရှုရပါသည်။ (စာ-၃၅)

**ကြက်အသေ ပြန်ရှင်ခြင်း**

ထို ကချင်တောင်တန်းမှတစ်ဖန် မိုးကောင်းနယ်သို့ ပြောင်းရွှေ့သွားပြန်သောအခါ ခရီးစခန်းတစ်ခုတွင် ပန်းသေးတရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် ခေတ္တဝင်ရောက်နားနေတော်မူပါသည်။

ထိုအချိန်တွင် ဆိုင်ရှင်တရုတ်သည် ကြက်တစ်ကောင်ကိုယူလာ၍ အောင်မင်းခေါင်အရှင်၏ရှေ့၌ သတ်ဖြတ်ရန် ပြုလုပ်နေဆဲဆဲတွင် အောင်မင်းခေါင်အရှင်က 'ဟေ့ ပေါက်ဖော် မသတ်ပါနဲ့ကွာ။ လွှတ်လိုက်ပါ' ဟု ပြောသော်လည်း တရုတ်သည် ဂရုမစိုက်ဘဲ ကြက်လည်ကို ဓားနှင့်လှီးဖြတ်ကာ အောင်မင်းခေါင်အရှင်၏အရှေ့

တွင် ပစ်ချလိုက်သည် ဆိုကြောင်း။ ထိုအခါ အောင်မင်းခေါင်အရှင်သည် ကိုယ်နှင့်ခေါင်း တခြားစီဖြစ်နေသည်ကို ကောက်ယူ၍ ပြန်ဆက်လိုက်သောအခါ ကြက်သည် ပကတိအရှင်ပြန်ဖြစ်၍ အတောင်နှစ်ဖက်ကိုခတ်လျက် (၂) ခါ၊ (၃) ခါတွန်ပြီးလျှင် ကောင်းကင်သို့ ပြန် တက်ကာ တောအုပ်တစ်ခုသို့ ဝင်သွားပါသည်။ ဤသို့ အံ့သြစရာ ထူးဆန်းသော အခြင်းအရာများကိုပြပြီးလျှင် အောင်မင်းခေါင် အရှင်သည် ချက်ချင်းပင် ထွက်ခွာပျောက်ကွယ်သွားတော့သည် ဆိုကြောင်း ဦးပေါ်ဦးက မှတ်တမ်းတင်ထားပါသည်။ (စာ-၃၆)

**အောင်မင်းခေါင်အရှင်နှင့် မီးရထား ဖြစ်ရပ်ဆန်း**

အောင်မင်းခေါင်အရှင်သည် မြစ်ကြီးနားနယ်၊ နမ္မားခရုချောင်း၌ သာသနာစာတ် အလုပ်ကို ပြုလုပ်ကြိုးစားနေစဉ် မြစ်ကြီးနား မီးရထားကြီးသည် တစ်နေရာတွင် လမ်းချော်၍ ကျသွားပါသည်။ ထိုအခါ အောင်မင်းခေါင်အရှင်သည် တုတ်တို ကလေးတစ်ချောင်းဖြင့် နွားမောင်းသလို ရထားကြီးကို မောင်းလိုက်သဖြင့် မီးရထား ကြီးသည် မူလသံလမ်းသို့ရောက်၍ ထွက်သွားတော့သည်ဟု သိရှိရပါသည်။ ထိုမှတစ်ပါး ရထားလမ်းတံတားတစ်ခု ကျိုးပျက်နေတာကို ရထားဘက်ဆိုင်ရာ အရာရှိများ မသိရှိဘဲနေသဖြင့် လူထုအများ ချမ်းသာကြစေရန် ရည်သန်၍ ကျိုး ပျက်နေသော တံတား၏ရှေ့တည့်တည့် သံလမ်းပေါ်တွင် ခေါင်းတင်၍ အိပ်နေ သည်ဆိုကြောင်း။ ထိုအချိန်တွင် မီးရထားကြီးသည် အားကုန်ခုတ်မောင်းလာရာ အောင်မင်းခေါင်အရှင်၏ အနီးသို့ ကျရောက်သောအခါ ခုတ်မောင်း၍မရဘဲ တစ်ခါတည်း ရပ်တန့်၍နေသဖြင့် မီးရထားအရာရှိများ ဆင်း၍ ကြည့်ရှုကြရာ ကျိုးပျက်နေသော တံတား၏ရှေ့တွင် အောင်မင်းခေါင်ကြီးအိပ်နေသည်ကို မြင်ကြ ရသဖြင့် -လူထုအပေါင်းသည် အလွန်အံ့သြကြပြီးလျှင် အောင်မင်းခေါင်ကြီး ကြောင့် တို့ အသက်မသေတာဟု ဆူညံစွာအော်ဟစ်ပြောဆိုကြပါသည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၄၀)

**နမ္မားရှေတွင် (၁၀) နှစ်နေခဲ့ကြောင်း အထောက်အထား**

အောင်မင်းခေါင်အရှင်သည် (၁၉၂၉) ခုနှစ်မှ (၁၉၃၈) ခုနှစ်အထိ ပါရမီဖြည့်ရန် ကျင့်စဉ်များကို ကျင့်သုံး၍ ဆယ်နှစ်တိတိ နမ္မားခရုချောင်း၌ နေထိုင်ခဲ့ပါသည်။ (စာ-၄၀)

**မျက်မြင်ကိုယ်တွေ့ ကိုလှိုင်နီစေတ် နယ်ချဲ့လက်အောက်**

ကျွန်ုပ်တို့သည် ဤသိုက်စာအဆို၏ မှန်ကန်နေခြင်းကို အနည်းငယ်ဖော်ပြရမည်

ဆိုပါလျှင် (၁၉၃၉) ခုနှစ်ကစ၍ ယခု စာရေးနေဆဲအချိန်အထိ (၁၄) နှစ်တာ ကာလအချိန်အထိ (၁၄) နှစ်အတွင်း မြန်မာပြည်၌ စစ်ကြီးဖြစ်၍ ဝေနေယျလူထု အများ သေကြေပျက်စီးခဲ့ကြရခြင်း၊ စစ်ကြီးပြီးသည့်နောက် ပြည်တော်ကို ကလော်မဲ့ကိန်း ဆိုက်ရောက်နေပုံမှာ ရောင်စုံသူပုန်တို့သည် ကနေ့အထိ လူသတ်ပွဲ ကြီးကို ဆင်နွှဲလျက်နေကြသည်တို့မှာ နေ့စဉ်သတင်းစာများကို ဖတ်ရှုခြင်းအားဖြင့် သိနိုင်ကြပါသည်။ ရထားလမ်းဖျက်၊ တံတားတွေကို ချိုး၊ ဂျိုးဖြူပိုက်ကို ခဏ ခဏ ဖောက်ဆိုသော သတင်းများကိုလည်း အသင်တို့ကိုယ်တိုင် သိရှိပြီးဖြစ်ကြပါသည်။

**နမ္မားစရှုချောင်းမှ ပုပ္ပါးတောင်အထိ ခြေလျင်လျှောက်လာခြင်း**

ဤဆိုးဝါးသော သတ္တန္တရကပ်ကြီး ဆိုက်ရောက်လတ္တံ့သည်ကို မြင်တော်မူ၍ ဓာတ် ယတြာများခြေရန် အောင်မင်းခေါင်အရှင်သည် (၁၉၃၉) ခုနှစ်တွင် နမ္မခရှုချောင်း မှ ထွက်ခွာ၍ တစ်ရွာဝင်တစ်ရွာထွက် ခြေလျင်လျှောက်လျက် ပုပ္ပါးတောင်မြတ် တောင်ကလပ်သို့အရောက် ကြွမြန်းတော်မူရရှာပါသည်။ (စာ-၄၂)

**ဝိဇ္ဇာမယ အတတ်ကိုပြ၍ လူထုအား ကုသိုလ်တရားကို ပွားများစေခြင်း**

အောင်မင်းခေါင်အရှင်သည် ပုပ္ပါးတောင်မြတ် တောင်ကလပ်သို့ ကြွမြန်းတော်မူ ရာတွင် တောင်ခြေတွင်ရှိသော ဘုန်းတော်ကြီး၏ကျောင်းတွင် ဝင်ရောက်တည်းခို နေပါသည်။ ထိုအခါ ရွာသူရွာသားများတို့သည် အောင်မင်းခေါင်အရှင်အား အမြင်မှားကြ၍ ပြောဆိုကြသည် ဆိုကြောင်း။

**ကားအပျက်ကြီးကို စီးပြခြင်းအံ့ဖွယ်**

ဤသို့ ပြစ်မှားကြသောအခါ အောင်မင်းခေါင်အရှင်သည် ကျောင်းဝင်းအတွင်းရှိ မော်တော်ကားပျက်ကြီးကို စက်နှိုး၍ ကျောက်ပန်းတောင်းသို့ အသွားအပြန် မောင်းနှင်သွားတော့သည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၄၃)

**ကိုလိုနီခေတ် ပုလိပ်တို့၏ အနှောင့်အယှက်များ**

ထင်ရှားကျော်ကြားသော ဂုဏ်သတင်းအရ ဗျူရိုကရက်အစိုးရ၏ ဝန်ထမ်းဖြစ်ကြ သော ကျောက်ပန်းတောင်းမြို့ရှိ ပုလိပ်အဖွဲ့သည် မကြာ ခဏ သွားရောက် စစ်မေးကြသည် ဆိုကြောင်း။ ဤသို့သော အနှောင့်အယှက်များမှ ကင်းလွတ်စေရန် တစ်နေ့သ၌ အောင်မင်းခေါင် အရှင်သည် ကျောက်ပန်းတောင်းဂတ်၏ရှေ့တွင် ဦးထုပ်ကို ပက်လက်ဆောင်း၍ ထိုင်နေသည် ဆိုကြောင်း။ ထိုအခါ ပုလိပ်တို့၏ မယားများသည် ထဘီကိုခါးတောင်းကျိုက်လျက် ဝါးလုံးကို မြင်းစီး၍ထွက်လာကြ

ပြီးလျှင် အောင်မင်းခေါင်၏ရှေ့တွင် မြင်းယိမ်းကကြတော့သည်။ လူထုလည်း အံ့သြစွာဖြင့် ဝိုင်းအုံကြည့်နေကြပါသည်။ နာရီဝက်အချိန်ကြာသောအခါ ဟင်ဟုဆို၍ ဦးထုပ်ကို အတည့်ပြန်ဆောင်းလိုက်လျှင် ယိမ်းကသော မိန်းမများသည် အကရပ်၍ သတိရလာကြသောအခါ ရှက်ကိုးရှက်ကန်းဖြစ်၍ အိမ်ကိုပြန်သွားကြပါသည်။ အောင်မင်းခေါင်အရှင်လည်း ထိုခဏမှာပင် ထွက်ခွာ ကွယ်ပျောက်သွားတော့သည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၄၃၊ ၄၄)

ဤသို့ ပြုလုပ်ပြီးသည့်နောက်အချိန်များတွင် ပုလိပ်အရာရှိတို့သည် စစ်ဆေးခြင်း၊ မေးမြန်းခြင်းမပြုကြတော့ဟု သိရှိရပါသည်။

**ပုပ္ပါးတောင်တွင် (၁၄) နှစ် နေတော်မူခဲ့ခြင်း**

ပုပ္ပါးတောင်ကလပ်၌ (၁၉၃၈) ကစ၍ (၁၉၅၂) ခုနှစ်အထိ (၁၄) နှစ်ပတ်လုံး နေတော်မူသည်။ တောင်ကလပ်တွင် (၁၄) နှစ်ပတ်လုံး သမထကမ္မဋ္ဌာန်းများကို ကျင့်ကြံအားထုတ်၍ နေထိုင်ခဲ့ပါသည်။ (စာ-၄၄)

**ကမ္ဘာလုံးစေတီ တည်တော်မူခြင်း**

ထွက်ရပ်ပေါက် မကြွမြန်းမီ (ကမ္ဘာလုံး) စေတီတော်ကလေးတစ်ဆူကို တောင်ကလပ် ပေါ်တွင် နောက်ဆုံးတည်ထားခဲ့ တော်မူပါသည်။ (စာ-၄၅)

**နယ်ချဲ့များကို နှင်ထုတ်ခြင်း ဝိဇ္ဇာပရိယာယ်**

မုန့်လုံးစက္ကူကပ်လို့ ကြာကလပ်မှာ ဆွမ်းတော်တင်၊
ပလ္လင်ပေါ်က မျောက်ကလေး၊
ဆင်းတယ်လို့ပြေး ဂျာအေး။

ဟူသော တဘောင်သီချင်းအရ ဓာတ်ပန္နက်ကြသဖြင့် တည်ထားစေတော်မူခဲ့ပါသည်။

**ကြာကလပ်**

ထိုတဘောင်သီချင်းအရ အဓိပ္ပါယ်ကို ဖော်ပြရမည်ဆိုပါလျှင် ရှင်းရှင်းကလေးပင် သိနိုင်ပါသည်။ တဘောင်သီချင်း၌ (ကြာကလပ်) ဆိုသည်မှာ ပုပ္ပါးတောင်မြတ်တောင်ကလပ်ကို ဆိုသည်ဟု သိမှတ်ရပါမည်။

**ဆွမ်းတော်တင်**

(ဆွမ်းတော်တင်) ဆိုသည်မှာ ယတြာ ဓာတ်ပန္နက်အရ ကပ်ကြီးက ကျော်ထွက်နိုင်ကြရန် တောင်ကလပ်တွင် ကမ္ဘာစေတီ၊ ကမ္ဘာလုံးစေတီများ တည်ထား၍ လူထုအများ ကိုးကွယ်ဆည်းကပ်ကြရန် ပြောကြားသော တဘောင်စကားရပ်ဟု သိမှတ်ရပါမည်။

**မုန့်လုံးစက္ကူကပ်**

(မုန့်လုံးစက္ကူကပ်လို့) ဆိုသည်မှာ ပကတိမုန့်လုံးကို ယူဆလိုက ယူဆနိုင်ပါသည်။ ဤမုန့်ဖြင့် ဆွမ်းတင်ရမည်ဟု ဆိုလိုပါသည်။
တစ်နည်းအားဖြင့် ဝေဖန်ရမည်ဆိုပါမူ ဤစကားကို ဥပမာစကားဟု သိစေလိုပါသည်။ တောင်ကလပ်ပေါ်မှာ စေတီကလေးကို (မုန့်လုံးလို) လုံးလုံးကလေး တည်ထားရန်ကို ညွှန်ပြသော (ဥပမာဒီပက) စကားကို နေယျတ္ထနည်းအားဖြင့် ဆောင်၍ သိမှတ်ရန်ကို ဖော်ပြသောစကားဟု မှတ်သားကြရန် ဖြစ်ပါသည်။ ဆိုလိုရင်း အဓိပ္ပါယ်မှာ (မုန့်လုံးလို) (မုန့်လုံးကဲ့သို့) လုံးလုံးကလေး ကမ္ဘာလုံးစေတီဟု ဓာတ်ပန္နက်အရ မှတ်ချက်ချ၍ ကိုးကွယ်ကြပါဟု ပြောသောစကား ဖြစ်ပါသည်ဟု ဦးပေါ်ဦးက ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုတဘောင်စကားအရ ဟုတ်မှန်တိုက်ဆိုင်နေပုံကို ကျွန်ုပ်က အနည်းငယ်ဝေဖန် ဖော်ပြပါအံ့။ အောင်မင်းခေါင်အရှင်သည် တောင်ကလပ်မှာ ဘုရားတည် ရန် လူထုအများကို ကိုးကွယ်စေတာ ဘာအကျိုးရှိပါသလဲ ဟူသော အမေးကို ဦးပေါ်ဦးက အောက်ပါအတိုင်း ဖြေဆိုခဲ့ပါသည်။

(ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေး)
ဟူသော တဘောင်အရ မျောက်ကလေးသည် ပလ္လင်ပေါ်က ဆင်းပြေးရတာ အကျိုးရှိပါသည်။ ။
(၁၈၈၅) ခုနှစ်တွင် မြန်မာတို့မှာ ထီးကျိုးစည်းပေါက် မြန်မာ့ပလ္လင် ကွယ်ပျောက်ခဲ့ပါသည်။ မြန်မာ့ပလ္လင်ပေါ်တွင် အင်္ဂလိပ်များ တက်ရောက် ထိုင်နေကြပါသည်။ မြန်မာတို့သည် အင်္ဂလိပ်တို့ကို မျောက်ဟု ခေါ်ဝေါ်ကြပါသည်။ ထိုမျောက်တို့သည် (၁၉၄၂) ခုနှစ်တွင် ကမ္ဘာစစ်ကြီးဖြစ်သောအခါ မြန်မာ့ပလ္လင်မှ ပထမတစ်ကြိမ် ခုန်ဆင်းထွက်ပြေးကြရပါသည်။ ဤရာဇဝင်ကား သင်တို့၏ မျက်မြင်ပင် ဖြစ်ပါသည်။

ဒုတိယအကြိမ် (၁၉၄၅) ခုနှစ်တွင် တစ်ဖန် မြန်မာပြည်သို့ ဝင်လာပြန်၍ မြန်မာ့ပလ္လင်ကို တစ်ဖန်ပြန်၍ ထိုင်ကြပြန်ပါသည်။ နောက်များမကြာမီ မြန်မာတို့က

ပလ္လင်ကို ပြန်တောင်းသဖြင့် လွတ်လပ်ရေးပေးပြီးလျှင် ဒုတိယအကြိမ် မြန်မာ့ပလ္လင်မှ ဆင်းပြေးရပြန်ပါသည်။

**ထွက်ရပ်လမ်းသို့ ကြွလှမ်းမည့်ဆဲဆဲ ဖြစ်ရပ်ဆန်းများ**

(၁၉၅၂) ခုနှစ်၊ စက်တင်ဘာလ၊ (၅) ရက်၊ စနေနေ့၊ ညနေ (၄) နာရီတိတိ ထွက်ရပ်လမ်းသို့ ကြွလှမ်းမည့်ဆဲဆဲတွင် ရန်ကုန်မြို့မှ အမိန့်တော်ဖြင့်ခေါ်၍ လာရောက်ပြုစုကြသော ကပ်ကျော်ဘဘကြီး ဦးစိုးမင်းနှင့်အတူ ရင်းနှီးသော တပည့်ယောက်ျား၊ မိန်းမ (၁၀) ယောက်တို့သည်အနီးတွင် ဝတ်ကြီးဝတ်ငယ်ကို ပြုစုလျက်ရှိကြသည် ဆိုကြောင်း။

ထိုသူအပေါင်းတို့တွင် ဘဝ ဘဝက ပါရမီရေစက်ကို အလွန်နီးစပ်ခဲ့သော တပည့်မတစ်ယောက်သည် အောင်မင်းခေါင်အရှင်၏ မလှုပ်မရှားသော အခြင်းအရာကို မြင်ရသဖြင့် လွမ်းဆွတ်ကြေကွဲဝမ်းနည်းသော စိတ်ဓာတ်ဖြင့် ငိုမဲ့မဲ့ပြုလုပ်နေသည် ဆိုကြောင်း။ ဤသို့ မျက်ရည်စက်လက်နှင့် ဝမ်းနည်းပက်လက်ဖြစ်နေစဉ်တွင် ပက်လက်လဲလျောင်းနေသော အောင်မင်းခေါင်၏ဘေးနားတွင် ထိုင်လျက်နေသော အောင်မင်းခေါင်ကိုယ်ခွဲတစ်ခုကိုလည်း မြင်နေရသည့်အပြင် ကောင်းကင်အထက်မှ နတ်ဝတ်တန်ဆာနှင့် ရပ်လျက်နေသော ပြဟ္မာကြီးကိုလည်း မျက်စိနှင့်ပင် မြင်နေရသည်ဆိုကြောင်း။ ထိုအခါ ဝမ်းနည်းသော တပည့်မသည် အလွန်တရာ အံ့အားသင့်ကာ ငါတို့၏ ဘဘကြီး မသေဟု ဝမ်းနည်းသော စိတ်ဓာတ်ပျောက်လျက် ဝမ်းသာသောစိတ်ဓာတ် ဖြစ်လာရတော့သည် ဆိုကြောင်း။ ငါ့သမီး မငိုလေနှင့်။ ရန်ကုန်ကို ပြန်ကြပေတော့။ အဘလည်း အောက်ပြည် ရန်ကုန်သထုံဇင်းကျိုက်ကို လိုက်ခဲ့ပါမည်ဟု မေ့မျောနေသော အောင်မင်းခေါင်၏ ဘေးနားတွင် ထိုင်နေသော အောင်မင်းခေါင်က တပည့်မအား ပြောဆိုလိုက်သည် ဆိုကြောင်းစသည်ဖြင့် ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၈၀၊ ၈၁၊ ၈၂)

**ကပ်ကျော်ဘဘကြီးဦးစိုးမင်းနှင့် တပည့်များ**

ဤသို့သော အခြင်းအရာတို့သည် (ထူးပေသည် ဆန်းပေသည် စိန်ရောင်ခြည်) ဆိုသလို အသင်တို့သည် ယုံကြည်နိုင်ကြပါကုန်မည်လော။ ယုံချင်မှ ယုံကြမည်သာ ဧကန်သာတည်း။ ထိုအခါ ရန်ကုန်မှလာရောက်ပြုစုကြသော အောက်ပိုင်းသာသနာပြုတာဝန်ခံ ဦးခန္တီ (ခေါ်) ကပ်ကျော်ဘဘကြီးနှင့်တကွ ဆယ်ယောက်သော တပည့်များသည် ပုပ္ပါးတောင်ကလပ်မှပြန်ကြရန် အောင်မင်းခေါင်၏ ပက်လက်ဆင်းထားသော ခြေနှစ်ဖက်ကို ဦးခေါင်းဖြင့်ပွတ်တိုက်ကာ ရှိခိုးကန်တော့

ကြပြီးလျှင် ရန်ကုန်သို့ ပြန်လာကြတော့သည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၈၁)

**ထူးခြားသော ဖြစ်ရပ်ဆန်းတစ်ခု**

အောက်မြန်မာပြည်၊ ရာမညတိုင်း၊ သာသနာပြုတာဝန်ခံ ဦးခန္တီ (ခေါ်) ဘဘကြီးသည် ပုပ္ပါးတောင်ကလပ်မှ ပြန်လာပြီးသည့်နောက် အောင်မင်းခေါင်၏ ကျန်ရစ်သော ရုပ်ခတ်နှင့် စပ်လျဉ်း၍ သိရှိနိုင်ရန် ဝိဇ္ဇာဂိုဏ်းဝင် တပည့်တစ်ယောက်ကို ပုပ္ပါးတောင်ကလပ်သို့ စေလွှတ်လိုက်သည် ဆိုကြောင်း။ ထိုစေလွှတ်သော တပည့်သည် ပုပ္ပါးတောင်ကလပ်တွင် အောင်မင်းခေါင်ရုပ်ခတ် ရှိရာသို့ ရောက်ရှိသွားသောအချိန်တွင် ရုပ်ခတ်၏ အောက်ပိုင်းနှင့်အထက်ပိုင်း နှစ်ပိုင်းတို့တွင် အောက်ပိုင်းကိုယ်တွင် မွှေးသောအနံ့များထွက်လျက်၊ အထက်ပိုင်း ပါးစပ်တွင်းမှာမူ အပုပ်နံ့များထွက်၍ လောက်ကောင်များပင်တက်လျက်ရှိသည် ဆိုကြောင်း။ ထိုမှတစ်ပါး ရုပ်ခတ်ကို ခေါင်းတွင်း၌သွင်းထားသောအချိန်တွင် ခေါင်းကြီးသည် လှုပ်လှုပ်ရွရွ တက်လိုက်၊ ကျလိုက်နှင့် ထူးဆန်းသောနိမိတ်များကို လူအများရှေ့ တွင်ပြလျက်ရှိသည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။

ထိုအချက်နှင့် စပ်လျဉ်း၍ ဦးပေါ်ဦးက ဤသည်တို့ကား မှာထားတိုင်း မဆောင်ရွက်ဘဲ ရုပ်ခတ်ကိုပြ၍ စားပေါက်ထွင်နေကြသော ကိုယ်ကျိုးရှာသမားတို့ကို ဆုံးမသောနိမိတ်များကို အဓိပ္ပါယ်သိမှတ် ရပါမည်ဟူ၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ဤသို့လျှင် တောင်ကလပ်တွင် ဤအခြင်းအရာများ ဖြစ်နေသည်တို့ကို ရန်ကုန်မှ စေလွှတ်လိုက်သော သူသည် သိရှိရသဖြင့် ရန်ကုန်ကိုပြန်ရန် တောင်ကလပ်မှ ဆင်းလာတော့သည် ဆိုကြောင်း။ လမ်းခရီးအကြား တစ်ခုသောတောစပ်နားသို့ ရောက်သောအခါ အောင်မင်းခေါင်အရှင်နှင့် တွေ့ရသည်ဆိုကြောင်း။ ထိုအခါ အောင်မင်းခေါင်အရှင်မှ ဤဝိဇ္ဇာဂိုဏ်းဝင်တပည့်အား တောတန်းတစ်ခုသို့ ခေါ်သွားသည်ဟု သိရှိရပါသည်။ တောအုပ် ကြီးအတွင်းသို့ ရောက်ရှိသွားသောအခါ အလွန် ထူးဆန်းသောအရာများ ပြောင်လက်ထွန်းလင်းသော အဆောက်အဦများနှင့် ကျောက်ဖျာကြီးများကို တွေ့ရှိခဲ့ရသည်ဆိုကြောင်း။ ဤအကြောင်းအရာများကို ဦးခန္တီ (ခေါ်) ကပ်ကျော်ဘဘကြီးက စေလွှတ်လိုက်သော ဝိဇ္ဇာဂိုဏ်းဝင် တပည့်တစ်ယောက်၏ ဒိဋ္ဌတွေ့မြင်ခဲ့ရသောအကြောင်းများ ဖြစ်ပါသည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ (စာ-၈၂၊ ၈၃)

ထိုပုဂ္ဂိုလ်ကြီးကား အလွန်တရာ ဝမ်းမြောက်စွာဖြင့် ရန်ကုန်သို့ပြန်ရောက်လာပါသည်။ ဤမျှ ဝမ်းသာစရာ ထူးဆန်းသော တွေ့ရှိချက်များကို လူတိုင်းကို မပြောလိုပါ။ ကျွန်ုပ်တို့ကိုသာ ရင်းနှီးသောဂိုဏ်းသားချင်းဖြစ်၍ ကိုယ်တွေ့များကို ဖွင့်၍ ပြောဆိုလိုက်ပါသည်ဟု ဦးပေါ်ဦးက မှတ်တမ်းတင်ခဲ့ပါသည်။ ဦးပေါ်ဦးသည် ထိုမှတ်တမ်းကို တင်သောကာလမှာ ဘိုးတော်ဝိဇ္ဇာမိုရ်အောင်မင်းခေါင်အရှင် ထွက်တော်မူပြီး (၂) လအကြာတွင် ဖြစ်သဖြင့် အဖိုးတန်ခေတ်ပြိုင်မှတ်တမ်းများဖြစ်ပါသည်။ ထိုအချက်တို့ကို ကျွန်ုပ်တို့က အဝေးမှဖတ်ရှု၍ နှစ်ပေါင်း (၆၀) လောက် ကြာသောအခါမှ ကျွန်ုပ်တို့၏ ဉာဏ်အမြင်နှင့် ဝေဖန်ပြောဆိုလျှင် ရှေးရှေးက မှတ်တမ်းတင်ပုဂ္ဂိုလ်များနှင့် ဝိဇ္ဇာမိုရ်အောင်မင်းခေါင်အရှင်ကို ယုံကြည်ခဲ့ကြသော ရှေးရှေးက ပုဂ္ဂိုလ်ကြီးများကို များစွာအားနာဖွယ်ရာ ဖြစ်ပါသည်။

# ပထမံတရားမဂ္ဂဇင်းကို လေ့လာတင်ပြသော ခေတ်ပြိုင်မှတ်တမ်း အဘအောင်မင်းခေါင်ကြီး သုတေသနစာတမ်း

ထိုစဉ်က ဘိုးတော်အောင်မင်းခေါင်အရှင်လည်း ကိုယ်တော်တိုင် သက်ရှိထင်ရှား ရှိပါသေးသည်။ ထိုအချိန်တွင် အထက်မြန်မာပြည်၌ မန္တလေးမြို့တွင် ဘိုးတော် အောင်မင်းခေါင်အရှင်သည် မိမိကိုယ်စား ကိုယ်ပွားထား၍ ဦးပွားကို နာမ်ကိန်း ကာ အမိန့်တော်များ ချမှတ်ကြောင်း အထင်အရှားမှတ်တမ်းများရှိပါသည်။ ဘိုးတော်အောင်မင်းခေါင်အရှင်ကိုယ်တိုင် သက်ရှိထင်ရှားရှိစဉ်က ပြုလုပ်သော ကိစ္စများဖြစ်သဖြင့် အဝေးကလှမ်း၍ ကျွန်ုပ်တို့၏ဉာဏ် တစ်မိုက်တစ်ထွာမျှဖြင့် ဝေဖန်လျှင် မှားလိမ့်မည် ထင်ပါသည်။ ထိုအချိန်က ပထမံတရားမဂ္ဂဇင်းလည်း ထုတ်ဝေလျက်ရှိရာ အောက်ပါကောက်နုတ်ချက်များသည် ဘိုးတော်အောင်မင်း ခေါင်အရှင်ကိုယ်တိုင် သဘောတူခန့်အပ်ထားသော ပထမကျော်ဆရာကြီးဦးစိန်ခန့် အယ်ဒီတာချုပ်ပြုလုပ်သော ပထမံတရားမဂ္ဂဇင်းမှ ကောက်နုတ်ချက်များဖြစ်သဖြင့် ခိုင်မာသောအဆိုအမိန့်များဖြစ်သည်ဟု ခေတ်ပြိုင်မှတ်တမ်းအဖြစ် ယူဆသင့်ပါ သည်။

**(၁) ကြည်ညိုဖွယ်အသွင်ကိုဖျောက်၍ သာသနာပြုလျက်ရှိခြင်း**

အောက်ပါစကားကို ထောက်ထား၍ ဝိဇ္ဇာမိုရ်အောင်မင်းခေါင်၏ သာသနာပြု လုပ်ငန်းကို ရိပ်စားမိနိုင်ပါသည်။

ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ သီတင်းသုံးနေတော်မူသော (အောင်မင်းခေါင်) ဝိဇ္ဇာဆရာကြီးသည်လည်း အန္တရာယ်အမျိုးမျိုးတို့ကြောင့် ကြည်ညိုဖွယ်သော အသွင်ကို ဖျောက်၍ မိမိ၏သာသနာပြုလုပ်ငန်းစဉ်တစ်ခုတည်း အောင်မြင်မှုကို သာ နှလုံးပိုက်၍ သီတင်းသုံးနေထိုင်တော်မူရင်း ဖြစ်လေသည်။ (ပထမံတရား မဂ္ဂဇင်း၊ ၁/၆ တွင် ကြည့်ရှုနိုင်ပါသည်။)

**(၂) ပုပ္ပါးတောင် ဘိုးတော်မင်းခေါင်၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

ထိုစဉ်က အောင်မင်းခေါင်အရှင်မြတ်ကို ထိုစဉ်ကစကားလုံးအရ ဖော်ပြရလျှင် ဘိုးတော်အောင်မင်းခေါင်အရှင်ဟူ၍ သုံးစွဲကြောင်း တွေ့ရပါသည်။ ဦးပေါ်ဦး၏

စာတွင် ဝိဇ္ဇာမိုရ်အောင်မင်းခေါင်ဟု တွေ့ရသော်လည်း ပထမံတရားမဂ္ဂဇင်းတွင်ကား ဘိုးတော်အောင်မင်းခေါင်အရှင် ဟူသောစကားကို တောက်လျှောက်သုံးစွဲလာကြောင်း လေ့လာတွေ့ရှိရပါသည်။

မြတ်စွာဘုရား၏ ဗျာဒိတ်တော်ထွက် သိုက်အလာကို သေချာစွာ ကိုက်ညှိ၍ သာသနာ ဓာတ်ကြိုးကို ဖွင့်နှိုးတော်မူသော ပုပ္ပါးဘိုးတော်ကြီး (ခေါ်) အောင်မင်းခေါင် ဝိဇ္ဇာဆရာကြီးသည် ကြွလာကြသော ဧည့်ပရိသတ်တို့အား ပါရမီ အနုအရင့်ကို ဉာဏ်မှာချင့်၍ အတွေ့ခံတော်မူပြီးလျှင် သာသနာပြုအမိန့်နှင့် ထွက်ရပ်ပေါက်ပညာတို့ကို ကိုယ်ထိလက်ရောက် ချီးမြှောက်စေတော်မူနေသည်မှာ (၁၃၀၀) ပြည့်နှစ်၊ ဝါဆိုလကစ၍ ယခုတိုင် နှစ်အရကို ရေတွက်သော် (၁၀) နှစ်တိုင်တိုင် ကြံ့ခိုင်မပြတ်၊ တောင်ကလပ်၌ သီတင်းသုံးနေထိုင်သည်မှာ မြန်မာနိုင်ငံတော်အတွင်းရှိ ဂိုဏ်းတော်ဝင် တပည့်ပုဂ္ဂိုလ်အပေါင်းတို့ အသိဖြစ်ကြပေလိမ့်မည်။ (မသိသူကျော်သွား သိသူဖော်စား)·

မြတ်စွာဘုရား၏ သာသနာတော်နှင့်တကွ ကမ္ဘာကြီးအတွက် ဒုက္ကရစရိယာကျင့်တော်မူရှာသော ပါရမီရှင်သာသနာပြုဝိဇ္ဇာဆရာကြီးတစ်ဦးကိုပင် အသိဉာဏ်မျက်စိမရှိကုန်ကြသော အချို့အန္ဓပုဂ္ဂိုလ်တို့က အရူးကြီးထင်မှတ်၍ အမျိုးမျိုးပြစ်မှားကာ မထေမဲ့မြင်နေကြလေသည်။

အသိဉာဏ်မျက်စိ ရှိကြကုန်သော ဂိုဏ်းတော်ဝင် လူ၊ ရှင်၊ ရဟန်းတို့မှာကား ပါရမီရှင် ဝိဇ္ဇာဆရာကြီးကို ဖူးတွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် အလွန်ရိုသေပြီးလျှင် အရိပ်အခြည်ကို ကြည့်ရှု၍ မနီးမဝေး (၁၂) တောင်ကွာခန့်ကပင် လက်အုပ်ရှိခိုး ဦးခေါင်းညွှတ်ကျိုး၍ အရိုအသေအထူးပြုကြလေသည်။

ထို့ကြောင့် မသိသူကျော်သွား၊ သိသူဖော်စား ဟူသော လောကစကားပုံသည် ပါရမီရှင် ဝိဇ္ဇာဆရာကြီးများနှင့်တွေ့မှ အလွန်ထင်ရှားလေသည်။ (ပထမံတရားမဂ္ဂဇင်း၊ ၁/၅ တွင် ကြည့်ရှုနိုင်ပါသည်။)

### (၃) ဓာတ်တိုင် (ခေါ်) စေတီတော်များအကြောင်း

ဘိုးတော်အောင်မင်းခေါင်အရှင် သက်ရှိထင်ရှားရှိစဉ်ကာလက ထုတ်ဝေသော ပထမံကျော်ဆရာကြီးဦးစိန်ခန့်၏ ပထမံတရားမဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ်-၂တွင် ရွှေပြည်ဝန် အောင်မင်းခေါင်စေတီနှင့်စပ်လျဉ်း၍ ဓာတ်တိုင် (ခေါ်) စေတီတော်မြတ်အကြောင်းကို သာသနာပြုဆရာကြီးဦးဘကျော် ရေးသားကြောင်း လေ့လာတွေ့ရှိရပါသည်။ (ယင်းစာ-အတွဲ-၁၊ အမှတ်-၂၊ စာ-၃၁ တွင် ကြည့်ပါ) ထိုစာတွင်

ခတ်တိုင်စေတီများနှင့် ပတ်သက်၍ အောက်ပါကဗျာကို တွေ့ရှိရပါသည်။ အမှတ်-၂ တွင်၊ စာ-၃၁ တွင် ဖော်ပြထားသောကဗျာ ဖြစ်ပါသည်။ ကဗျာမှာ အများသိပြီး ဖြစ်ပါသည်။ အောက်ပါအတိုင်း ဖြစ်ပါ၏။

၁။ မြူခိုးသန်းမှောင်၊ နဂါးရစ်တောင်၊
မင်းခေါင်လျှောက်၍ လာလိမ့်မည်။

၂။ သက်သာ ပန်းတောင်း၊ အောင်မြေလောင်း၍၊
မြို့ဟောင်းဗျာဒိတ်၊ မန်းတောင်ထိပ်၊
နိမိတ်မြို့ဦး တည်လိမ့်မည်။

၃။ တစ်ရာ့တစ်ပါး၊ လူမျိုးများ၊
ဝပ်တွားခိုလှုံ၊ ခြေစုံဦးခိုက် ရှိလိမ့်မည်။

အထက်ပါကဗျာကို ပထမတရားမဂ္ဂဇင်းတွင် ဘိုးမင်းခေါင်ကိုယ်တော်ကြီး သက်ရှိထင်ရှားရှိစဉ်ကပင် ဖော်ပြထားကြောင်း တွေ့ရပါသည်။ ထိုကဗျာနှင့်အတူ ဘိုးတော်အောင်မင်းခေါင်အရှင်၏အကြောင်းကို အောက်ပါအတိုင်း ဖွင့်ဆိုရှင်းလင်းထားသည်ကို တွေ့ရှိရပါသည်။

**(၄) အောင်မင်းခေါင်ဆိုသည်မှာ**

အောင်မင်းခေါင်ဆရာကြီးဆိုသည်မှာ ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ (၁၃၀၀) ပြည့်နှစ်ကစ၍ ယခုတိုင် ဝါကပ်သီတင်းသုံးနေထိုင်တော်မူသော ပုပ္ပါးဘိုးတော်ကြီးကို ဆိုလို၏။

**(၅) လူ့အသွင်ကိုယူ၍**

ထို ဘိုးတော်ကြီးသည် ပုပ္ပါးတောင်မြတ် တောင်ကလပ်သို့ မကြွမီက ရှမ်းပြည်နယ်၊ နမ္မားမြို့၊ ခရုကျောင်းတွင် ရှေးဦးစွာ သီတင်းသုံးတော်မူလေသည်။ လူ၏အသွင်ကို ယူ၍ နမ္မားမြို့မှာနေသောကြောင့် ဘိုးတော်ကြီးဟု လူအပေါင်းတို့က အခေါ်အဝေါ် တစ်ခု ပြုကြလေသည်။

**(၆) လောကလူတို့၏မျက်စိတွင် အဆင်မပြေနိုင်**

တစ်ခါတစ်ရံ ဘိုးတော်ကြီး၏ ပြုမူဆောင်ရွက်ချက်တို့မှာ လောကလူတို့၏ မျက်စိအမြင်နှင့် အဆင်မပြေသောလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်လုပ်ကိုင်သဖြင့် အချို့ပုဂ္ဂိုလ်တို့က အရူးကြီးဟု မှတ်ထင်ကြလေသည်။ တစ်ခါတစ်ရံ လူအပေါင်းတို့၏ မျက်မှောက်မှာပင် ဆန်းကြယ်သော တန်ခိုးပြာဋိဟာတို့ကို အကြောင်းအားလျော်စွာ ထုတ်ပြတော်မူလေသည်။

### (၇) အမှန်ရအောင် မဝေဖန်နိုင်
နမ္မားမြို့ရှိ လူရှင်ရဟန်းအပေါင်းတို့သည် ဘိုးတော်ကြီး၏အပေါ်၌ မည်သို့မျှ အမှန်ကို ရအောင် မဝေဖန်နိုင်ဘဲ တန်ခိုးရှိသော ပုဂ္ဂိုလ်ကြီးပဲဟု ဝေဖန်နိုင်ကြလေသည်။

### (၈) နမ္မားမှာ နှစ် (၃၀)
ထိုပုပ္ပါးဘိုးတော်ကြီးသည် နမ္မားမြို့မှာပင် လူ၏အသွင်ဖြင့် နှစ် (၃၀) ပတ်လုံး သီတင်းသုံးနေသော်လည်း တစ်ခါတစ်ရံ (၆) လ၊ (၁) နှစ် နမ္မားမြို့မှ ခရီးထွက်၍ အခြားမြို့ရွာသို့လည်း သွားလာနေလေသည်။

### (၉) ရွှေဘိုမှာ ရဟန်းဝတ်ခဲ့
နမ္မားမြို့သို့ မကြွမီကလည်း ရွှေဘိုမြို့တွင် ရဟန်းအသွင်ဖြင့် သီတင်းသုံးနေထိုင်ခဲ့ကြောင်းကို ဘိုးတော်ဘုရားသည် ထုတ်ဖော်ရေးသားထားသော သိုက်စာဟောင်းမှတ်တမ်းများတွင် တွေ့ရှိရလေသည်။
ထိုမှတစ်ပါး အင်္ဂလိပ်မင်းအုပ်စိုးစဉ်က မှတ်တမ်းယူထားသော ပုလိပ်မှတ်ချက်များတွင် အထက်ပါအစီအစဉ်အတိုင်း တွေ့ရှိရလေသည်။

### (၁၀) မဟာမြိုင်မှာ နှစ် (၆၀) သီတင်းသုံးခဲ့
ပထမံဆရာများ၏ အာရုံဓာတ်ဝေဖန်ချက်အရ သိရှိရသည်မှာ ပုပ္ပါးဘိုးတော်ကြီးသည် နှစ်ပေါင်း (၆၀) တိုင်တိုင် မဟာမြိုင်တောင်တော်၌ သီတင်းသုံးနေထိုင်တော်မူခဲ့ပြီးနောက် သာသနာတော်ကြီးအတွင်း မဟိဒ္ဓိအဖွဲ့ဝင်ဆရာကြီးများနှင့် ဘိုးတော်သိကြားမင်းကြီးတို့၏ လျှောက်ထားတောင်းပန်ချက်အရ လူရပ်သို့ တစ်ဖန်ထွက်ကြွတော်မူပြန်၍ သာသနာတော်အတွက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်တို့ကို လက်ခံတော်မူရပြန်လေသည်။

### (၁၁) ရွှေဘိုနှင့် နမ္မားတို့တွင် ဆောင်ရွက်ချက်များ
ရွှေဘိုမြို့တော်နှင့် နမ္မားမြို့မှာ ဘိုးတော်ဘုရား သီတင်းသုံးနေထိုင်တော်မူစဉ်က သာသနာပြုလုပ်ငန်းစဉ် ပန္နက်တို့မှာ အထူးဆောင်ရွက်ချက်မရှိသေးပေ။ သို့ရာတွင် မြန်မာနိုင်ငံတော်၌ ရှေးဦးစွာ တည်ထောင်ဖွင့်လှစ်တော်မူသော အရှင်အဇ္ဇဂေါဏ အမျိုးပြုသော ဝင်းဂိုဏ်း (ခေါ်) ရက်ကန်းစင်တောင် ဂိုဏ်းတော်ကြီး၏ သာသနာပြုလုပ်ငန်းစဉ်တို့ကိုသာ ပါဝင်အားထုတ်တော်မူလေသည်။

**(၁၂) ရွှေစက်တော် အစည်းအဝေး**
ကောဇာသက္ကရာဇ် (၁၃၀၀) ပြည့်တွင် ရွှေစက်တော်တောင်တွင် မဟာဒ္ဒိအဖွဲ့ကြီး ထပ်မံ၍ စည်းဝေးတော်မူပြန်လေသည်။

ထိုအစည်းအဝေးတွင် မဟာဒ္ဒိအဖွဲ့ကြီးက သာသနာတော်နှင့်တကွ ကမ္ဘာကြီး ထွက်ပုပ္ပါးဘိုးတော်ကြီးအား ဂိုဏ်းချုပ်ဝိဇ္ဇာဆရာကြီးအဖြစ် ရွေးကောက်တင်မြှောက်တော်မူပြီးလျှင် ပထမံဂိုဏ်းတော်ကြီး သိကြားအဖွဲ့၊ နတ်အဖွဲ့တို့နှင့် မူထားလျက်တည်ထောင်ဖွင့်လှစ်လေသည်။

ထိုအခါကစ၍ ပုပ္ပါးဘိုးတော်ကြီးသည် မြတ်စွာဘုရားဟော သိုက်ထွက်တိုင်း ပုပ္ပါးတောင်မြတ်၊ တောင်ကလပ် သာသနာ့ဓာတ်ကြိုးနှင့် ကမ္ဘာ့ဓာတ်ကြိုးတို့ကို ကိုင်နှိုးတော်မူရန် (၁၃၀၀) ပြည့်နှစ်၊ တပေါင်းလ၊ ဖေဂ္ဂုဏရာသီအခါမီ ကြွလှမ်းတော်မူ၍ သီတင်းသုံး ဝါကပ်တော်မူလေသည်။
ထို့ကြောင့် မြူခိုးသန်းမှောင်၊ ရစ်တောင် မင်းခေါင်၊ လျှောက်၍လာလိမ့်မည်ဟူသော သိုက်တော်ထွက်နှင့်အညီ နိုင်ငံသူနိုင်ငံသားတို့အား မင်းခေါင် ဟူသောအမည်ဓာတ်ဖြင့် ပညတ်သိစေတော်မူလေသည်။

မြူခိုးသန်းမှောင်၊ နဂါးရစ်တောင်သည်ကား မြတ်စွာဘုရား ဗျာဒိတ်တော်ပြစဉ်အခါက ၎င်းတောင်ကို နဂါးရစ်တောင်ဟု ခေါ်ကြလေသည်။ တောင်၏ အခြေအနေနှင့်တကွ တောင်၏ တည်နေပုံ၊ စမ်းရေ ကျနေပုံ၊ သစ်ပင်မျိုးစုံ ပေါက်နေပုံတို့ကို ဝေဖန်လျှင် နဂါးရစ်တောင်ဟု ခေါ်ဆိုနိုင်လေသည်။

**(၁၃) ပုပ္ပါးသို့ ခြေကျင်လျှောက်လာခြင်း**
မင်းခေါင်လျှောက်၍၊ လာလိမ့်မည်ဆိုသည်ကား ယခု သီတင်းသုံးနေတော်မူသောဘိုးတော်ဘုရားသည်ပင်လျှင် မင်းခေါင်ဟူသော ဓာတ်ကိုကြား၍ နောက်ပါ တပည့်များနှင့်တကွ ရှမ်းပြည်နယ်၊ နမ္မားမြို့မှ ခြေလျင်ခရီးဖြင့် ကိုယ်တော်တိုင် ကြွရောက်လာခြင်းကို ဆိုလို၏။

**(၁၄) နေရာအနှံ့အပြား သာသနာပြုခဲ့ခြင်း**
ပုပ္ပါးတောင်သို့ ကြွရောက်ပြီးနောက် မြန်မာနိုင်ငံတော်အတွင်းရှိ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ အလယ်ရိုးမကြီး တောင်တန်းများကို နောက်ပါတပည့်တစ်ယောက်နှင့် အပင်ပန်းခံတော်မူ၍ ကိုယ်တော်တိုင် ဓာတ်နင်းတော်မူပြန်လေသည်။ ထိုမှတစ်ပါး ပုပ္ပါးတောင်မြတ် တောင်ကလပ်မှာနေ၍ ပထမံပညာရပ်တို့ကို (၂) မျိုး ခွဲခြားကာ ဖွင့်လှစ်တော်မူလေသည်။

## (၁၅) စေတီတော် (၁၀၀) ကျော် တည်စေခြင်း

၁။ ဓာတ်ပထမံ (ခေါ်) ဓာတ်ကြိုးကိုင်စေတီတော် တည်စေခြင်း။
၂။ တရားပထမံ (ခေါ်) သမထ၊ ဝိပဿနာတို့ကို ဖွင့်လှစ်ခြင်း။
၎င်း ပထမံ (၂) မျိုးကို မြန်မာနိုင်ငံတော်၌ ဖွင့်လှစ်လာရာ ဓာတ်ပထမံမှာကား စေတီတော် (၁၀၀) ကျော် မြန်မာနိုင်ငံတော်၌ တည်စိုက်ပြီးစီးလေပြီ။
(ကျမ်းကိုး။ ပထမံ တရားမဂ္ဂဇင်း၊ အမှတ်- ၂၊ စာ- ၃၁၊ ၃၂၊ ၃၃)

## (၁၆) ပုပ္ပါးတောင်နှင့် ဘိုးတော်အောင်မင်းခေါင် အမိန့်ပေးနေပြီ

ထိုစာတွင် ယခု လူသိများလှသော အောင်ထူးဆန်း အမိန့်တော်ပေးချက်ကို တွေ့ရှိရသည်။ အောင်ပြည်ငြိမ်းကြရန် ဂါထာဖြစ်သည်ဟု ပါရှိပါသည်။ ထိုဂါထာတော်သည် ဘိုးတော်အောင်မင်းခေါင် သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ချီးမြှင့်သောဂါထာဖြစ်သည်ဟု သိရှိရပါသည်။

အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊
လူထိပ်မိုး၊ ဟိုးဟိုးကျော်၊
ကျော်ဝှမ်းတက်၊ ဘက်မရှောင်၊
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း၊
မှန်းကုန္ဒ ရာဇာ၊ ငါသို့မှန်း၊
တစ်ရာ့တစ်ပါး၊ လူမျိုးသား၊
ကျော်ရန်နှိမ်နင်း၊ စောရန်ခွင်း၊
မငြင်းမဆန်၊ မခံမခန့်၊
လွန့်ကြောက်ရွံ့၊ တစ်ပြည်လုံး၊
လက်ရုံးတမ်းခါ၊
အောင်စေသောဝ်၊ အောင်စေသောဝ်၊ အောင်စေသောဝ်။

ကျမ်းကိုး။ ပုပ္ပါးတောင်နှင့် ဘိုးတော်အောင်မင်းခေါင် အမိန့်ပေးနေပြီ ဟူသော စာတမ်းကို (၁၃၁၀) ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ပထမတွဲ၊ အမှတ်-၄၊ ပထမံ တရားမဂ္ဂဇင်း၊ စာ-၃ တွင် တွေ့ရှိရသည်။

အထက်ပါ အမိန့်ပေးချက်သည် အောင်မြေနင်းကြရန် ဂါထာတော်ပင် ဖြစ်ပေ၏။

**(၁၇) မဟာမြိုင်ဝိဇ္ဇာစခန်းမှ ကြွလှမ်းလာခြင်း**

ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်ဘုရားသည် သိကြား၊ နတ်၊ ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်အပေါင်းတို့၏ လျှောက်ထားတောင်းပန်ချက်အရ မဟာမြိုင်ဝိဇ္ဇာစခန်းမှ လူ့လောကစခန်းသို့ ကြွလှမ်းတော်မူပြီးလျှင် ဗုဒ္ဓရာဇာဓာတ်နှင့် သာသနာတော် ဓာတ်တို့ကို မိမိကိုယ်တော်တိုင် ဖွင့်နှိုးတော်မူပြီးလျှင် ဓာတ်နင်းတော်မူခဲ့သည်မှာ (၁၃၀၀) ပြည့်နှစ်ကစ၍ မြန်မာနိုင်ငံတော်အတွင်းရှိ ရိုးမတောင်တန်းကြီးများတွင် အထက်ပါ ဓမ္မရာဇာအောင်မြေနင်း ဂါထာကို နှလုံးသွင်းတော်မူ၍ ကိုယ်ထိ လက်ရောက် မြေပြင်ခရီးတွင် ခြေတင်တော်မူလျက် ဓာတ်ဝင်အောင် အထူးနင်း တော်မူလေသည်။

ထိုမှတစ်ပါး ဘိုးတော်ဘုရားသည် ပုပ္ပါးတောင်ကလပ်သို့ မကြွမီတွင် မြန်မာနိုင်ငံ တော်အရပ်ရပ်သို့ ကိုယ်တော်တိုင် မထင်ရှားသောအသွင်ဖြင့် ကြွတော်မူပြီးလျှင် မြို့ရွာခရိုင်အသီးသီးတို့၌ ဓာတ်နင်းတော်မူ၍ ဗုဒ္ဓရာဇာဓာတ်နှင့် သာသနာတော် ဓာတ်တို့ကို ချအပ်တော်မူလေသည်ဟု ဖတ်ရှုရပါသည်။

(ကျမ်းကိုး။ (၁၃၁၀) ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ပထမတွဲ၊ အမှတ်-၄၊ ပထမံ တရားမဂ္ဂဇင်း၊ စာ-၃)

ဘိုးတော်အောင်မင်းခေါင်အရှင်ကိုယ်တော်တိုင် သက်ရှိထင်ရှားရှိစဉ်အခါကပင် လျှင် မိမိ၏ကိုယ်ပွားအဖြစ် ဦးပွားကို အပွားထားရှိပေသည်။ ဦးပွားကို သိဒ္ဓိများ ချီးမြှင့်ပြီးနောက် မိမိကိုယ်စား ကိစ္စအဝဝ ဆောင်ရွက်စေခြင်း ဖြစ်သည်။ ဆရာ ကြီးဦးပွားသည် မန္တလေးမြို့၊ မန္တလေးတောင်ခြေ၊ မိုးထိတိုက်၊ နတ်စလင်းကျောင်း တွင် ရှိ၏။ ထိုနေရာတွင် အောင်မင်းခေါင်အဖွဲ့ချုပ်ကြီး ရှိပေ၏။ ထိုကမ္ဘာလုံး ဆိုင်ရာ အောင်မင်းခေါင်အဖွဲ့ချုပ်ကြီး၏ ကြေညာစာတမ်းကို အောက်ပါအတိုင်း တွေ့ရှိရသည်။

**(၁၈) ဘိုးတော်အောင်မင်းခေါင်အရှင်၏ ကိုယ်ပွားဖြစ်သော ဆရာကြီးဦးပွား၏ ကြေညာချက်စာတမ်း**

မန္တလေးမြို့၊ မန္တလေးတောင်ခြေ၊ မိုးထိတိုက်၊ နတ်စလင်းကျောင်း၊ အောင်မင်းခေါင် အဖွဲ့ချုပ်ကြီးက ကြေညာတော်မူလိုက်သည်။ ယခုအခါ မြန်မာနိုင်ငံတော်တွင် အချို့သောဂိုဏ်းဝင်တို့သည် ဘိုးတော် ဘုရား ညွှန်ကြားချက် အမိန့်အာဏာတော်ကို မရရှိဘဲလျက် ဘိုးတော် ဘုရား အမိန့်ဆိုပြီးလျှင် ဘုရားတည်စိုက်ခြင်း၊ ဓာတ်စခန်း အမျိုးမျိုး ကို ဆောင်ရွက်ခြင်း စသော ဘိုးတော်ဘုရားနာမည်ကို အလွဲသုံးစား



မန္တလေးတောင်၊ မိုးဆိတ်တိုက်တွင် ဦးပွားရုပ်သွင်ဖြင့် ပါရမီဖြည့်ဆည်းခဲ့သော
ဦးပွားနှင့် အဘအောင်မင်းခေါင်

ပြုလုပ်နေကြပါသော ကြောင့် လူထုအပေါင်း သိရှိထားစေလိုသည်မှာ အထက်မြန်မာပြည်တွင် ဘိုးမင်းခေါင်၏ကိုယ်စား ဆရာပွားအား ကိုယ်စားထားတော်မူ၍ မန္တလေးမြို့၊ မိုးထိတိုက်၊ နတ်စလင်း ကျောင်းတွင် ဓာတ်တိုင် စိုက်ထူတော်မူပြီးလျှင် အမိန့်အာဏာပေး နေလေသည်။ ရန်ကုန်မြို့တွင်လည်း ဘိုးဘိုးအောင်၏ ဓာတ်တိုင် ထား၍ ပထမံပြန့်ပွားရေးတွင် ဆရာဦးစိန်ခန့် အမှူးရှိသော ဆရာ များအား အမိန့်အာဏာပေးထားလေသည်။

အထက်ပါ ဌာနများမှတစ်ပါး ဌာနခွဲအထူးမရှိပါသောကြောင့် ဘိုးတော်ဘုရား၏ လုပ်ငန်းစဉ်ကို အခြားဌာနများက ထုတ်ဝေပါလျှင် ဝိဇ္ဇာဦးစီး အောင်မင်းခေါင် အဖွဲ့ချုပ်ကြီးက တာဝန်မခံကြောင်း ကြေညာလိုက်သည်။

ဆရာပွား၊
ကမ္ဘာလုံးဆိုင်ရာ အောင်မင်းခေါင်အဖွဲ့ချုပ်၊
မန္တလေးမြို့။

(ကျမ်းကိုး။ (၁၃၁၀) ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊
ပထမတွဲ၊ အမှတ်-၄၊ ပထမံ တရားမဂ္ဂဇင်း၊ စာ-၃ တွင် ကြည့်ပါ)

၎င်းအပြင် အောက်ပါ မိန့်တော်မူချက်သည် ဘိုးတော်အောင်မင်းခေါင်ကိုယ်တော် တိုင် နှုတ် တော်က မြွက်ဟသောမိန့်ခွန်းတော်ဖြစ်ကြောင်း ထိုတရားသတင်းစာတွင် ပါရှိပါ သည်။ ထိုစဉ်က ထိုအမိန့်ကို ဆရာဦးဘတင်က လိုက်လံရေးသားမှတ်ထားခဲ့ ကြောင်း သိရှိရပါသည်။

(ကျမ်းကိုး။ (၁၃၁၀) ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊
ပထမတွဲ၊ အမှတ်-၄၊ ပထမံ တရားမဂ္ဂဇင်း၊ စာ-၃ ကို ကြည့်ပါ)

ထိုမှတစ်ပါး ဘိုးတော်ဘုရားကိုယ်တော်တိုင် နှုတ်တော်က မြွက်ဟ၍ မိန့်တော်မူ သော စကားမိန့်ခွန်းတို့မှာ အောက်ပါအတိုင်းဖြစ်ပေ၏။

(၁၉) ဘိုးတော်ဘုရား၏မိန့်ခွန်းတော်

ငါ့မှာ မယားကြီးသေပြီ။ ရန်ကုန်မြို့သို့ ဆန်ရောင်းရအောင် လာပါမည်။ ဦးမင်းခေါင် တွဲဘက်ရှုံးမောင်အောင် ပြဇာတ်။ အချို့က ဘီလူးခေါင်းဆောင်းလို့ အချို့က ရသေ့ဒေါက်ချာအစစ်ပါပဲ ငလျင် ကြီးများ လှုပ်လိမ့်မည်။ တန်ဆောင်မုန်း နှစ်ဆောင်မုန်း ရှိသည်။ တန်ဆောင်မုန်းလဆန်းကို လမင်းတစ်ကောင်ဝင်သည်။ တန်ဆောင်

မုန်းလဆုတ် (၈) ရက်ကို လမင်း သန်းခေါင်ထွက်သည် မှတ်ထားကြ။ နောက်ကို (ငါ) ရုပ်ကို မသုံးဘူး။ နာမ်ကိုပဲ သုံးမည်။ ပျားရည်နှင့်ထန်းလျက် ရတာခြေပဲ။ လက်ဖက်ကိုစားလျှင် လက်ဖက်နံ့ထွက်မည်။ ဗုဒ္ဓဟူးလို မဖြစ်စေနှင့်။ ပိလိယက္ခပြဇာတ်၊ အရိန္ဒမပြဇာတ် တယ်မလိုတော့ပါဘူးကွဲ့။ တန်ဆောင်မုန်းပေါ့။ သင့်တော်ရုံလောက် ဘုရား၊ တရားလုပ် လက်သူကြွယ်က သတ်နှက်ထားတယ်။ တို့မှာလည်း တိုင်ပင်စရာ (၂) ယောက်ရှိသေးတယ်။ မြို့မှာလည်း ပုပ်စော်နံနေတယ်။ ခွတင်တေရသပေါ့။ မင်းတို့ မောင်စိန်ခန့်က ငါ့ကို ခေါ်လို့ ငါပေါ်နေပြီ။ မင်းတို့ ဆရာများကင်းသူ မယ်ရွှေပွင့် ဇာတ်ထုပ်ပါပဲ။ ငါ့အလုပ်ကျန်သေးတယ်။ လူနှစ်ယောက် လှေကလေးစီးလာရော၊ လှေကလည်း ပေါက်ကရော။ လူ နှစ်ယောက်လည်းပြန်ကရော။ ပြောအသံ နာခံ၍ ဆိုင်းအုံးမယ်။

အထက်ပါ မိန့်ခွန်းများသည် ပထမံဆရာများကိုယ်တိုင် ပုပ္ပါးတောင်တော်သို့ ဘိုးတော်ဘုရားအား ပင့်လျှောက်ရန် သွားရောက်စဉ်က ဘိုးတော်ဘုရား၏ အမိန့်ရှိချက်ကို ဆရာဦးဘထွန်းနှင့်တကွ ရေးမှတ်၍ ဆောင်ယူခဲ့သော ဘိုးတော်ဘုရား၏ မိန့်ခွန်းတော်ဖြစ်ပါကြောင်း။

(ကျမ်းကိုး။ (၁၃၁၀) ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊
ပထမတွဲ၊ အမှတ်-၄၊ ပထမံ တရားမဂ္ဂဇင်း၊ စာ-၃ ကို ကြည့်ပါ)

ဘိုးတော်အောင်မင်းခေါင်၏မိန့်ခွန်းကို (၁၃၁၀) ပြည့်နှစ်၊ တပေါင်းလဆန်း (၁၅) ရက်နေ့ထုတ် ပထမံတရားမဂ္ဂဇင်း၊ အမှတ်-၅၊ စာမျက်နှာ-၂ တွင်လည်း ထပ်မံတွေ့ရှိရပါသည်။ ထိုပထမတွဲ၊ အမှတ်-၅ ပါ စာသားများမှာ ယခင်က ပထမတွဲ၊ အမှတ်-၄တွင် ပါရှိသော စာသားများနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ သို့သော် ပထမကျော် ဆရာကြီးဦးစိန်ခန့်တို့က ဘိုးတော်အောင်မင်းခေါင်၏ မိန့်ခွန်းကို နောက်တစ်ကြိမ်ထပ်မံ၍ဖော်ပြခြင်းသည် အရေးကြီးသောကြောင့်ဖြစ်ပေလိမ့်မည်ဟု ယူဆရပါသည်။ ထိုအချိန်တွင် ဘိုးတော်အောင်မင်းခေါင်ကိုယ်တိုင် သက်ရှိထင်ရှား ရှိနေပါသည်။ စာသားမှာလည်း ယခင်ကအတိုင်းဖြစ်ပါသည်။

**(၂၀) ဘိုးတော်အောင်မင်းခေါင် မိန့်ခွန်း**

ငါ့မှာ မယားကြီးသေပြီ။ ရန်ကုန်မြို့သို့ ဆန်ရောင်းရအောင် လာပါမည်။ ဦးမင်းခေါင် တွဲဘက်ရုံးမောင်အောင် ပြဇာတ်။ အချို့က ဘီလူးခေါင်း ဆောင်းလို့

အချို့က ရသေ့ဒေါက်ချာအစစ်ပါပဲ လျှောင်ကြီးများ လှုပ်လိမ့်မည်။ တန်ဆောင်မုန်း နှစ်ဆောင်မုန်း ရှိသည်။ တန်ဆောင်မုန်းလဆန်းကို လမင်းတစ်ကောင်ဝင်သည်။ တန်ဆောင်မုန်းလဆုတ် (၈) ရက်ကို လမင်း သန်းခေါင်ထွက်သည် မှတ်ထားကြ။ နောက်ကို (ငါ) ရုပ်ကို မသုံးဘူး။ နာမ်ကိုပဲ သုံးမည်။ ပျားရည်နှင့်ထန်းလျက် ရတာ ခြေပဲ။ လက်ဖက်ကိုစားလျှင် လက်ဖက်နံ့ထွက်မည်။ ဗုဒ္ဓဟူးလို မဖြစ်စေနှင့်။ ပိလိယက္ခပြဇာတ်၊ အရိန္ဒမပြဇာတ် တယ်မလိုတော့ပါဘူးကွဲ့။ တန်ဆောင်မုန်းပေါ့။ သင့်တော်ရုံလောက် ဘုရား၊ တရားလုပ် လက်သူကြွယ်က သတ်နှက်ထားတယ်။ တို့မှာလည်း တိုင်ပင်စရာ (၂) ယောက်ရှိသေးတယ်။ မြို့မှာလည်း ပုပ်စော်နံနေတယ်။ ဓူတင်တေရသပေါ့။ မင်းတို့ မောင်စိန်ခန့်က ငါ့ကိုခေါ်လို့ ငါပေါ်နေပြီ။ မင်းတို့ ဆရာများကင်းသူ မယ်ရွှေပွင့်ဇာတ်ထုပ်ပါပဲ။ ငါ့အလုပ် ကျန်သေးတယ်။ လူနှစ်ယောက် လှေကလေး စီးလာရော၊ လှေကလည်း ပေါက်ကရော။ လူနှစ်ယောက်လည်း ပြန်ကရော။ ပြောအသံ နာခံ၍ ဆိုင်းအုံးမယ်။

အထက်ပါ မိန့်ခွန်းသည် ဘိုးတော်ဘုရား၏ နှုတ်တော်မှ မြွက်ဟ၍လုပ်ငန်းအတွက် အမိန့်ပေးတော်မူသော မိန့်ခွန်းဖြစ်ချေသည်။

(ကျမ်းကိုး။ ၁၃၁၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၅)
ရက်နေ့ထုတ် ပထမံတရားမဂ္ဂဇင်း၊ အမှတ်-၅၊ စာမျက်နှာ-၂)

(၁၃၁၀) ပြည့်နှစ်၊ တပေါင်းလဆန်း (၁၅) ရက်၊ ပထမတွဲ၊ အမှတ်-၅၊ စာ-၃၆ တွင် ဂန္ဓာရီဆရာကြီးဦးအေး ရေးသားသော အောင်မင်းခေါင်နှင့် ရှစ်သောင်းကျော် အဖွင့်စာတမ်းပါရှိပါသည်။ ထိုစာတမ်းကြီးတွင် ဘိုးတော်အောင်မင်းခေါင် အရှင်အကြောင်းကို အောက်ပါအတိုင်း မှတ်ချက်ရေးထားကြောင်း တွေ့ရှိရပါသည်။

## (၂၁) အောင်မင်းခေါင်နှင့် ရှစ်သောင်းကျော်

ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်ဘုရားသည် ဝိဇ္ဇာဂိုဏ်းပေါင်းစုံကို ရှေးဦးစွာ ပွဲဦးထွက် သာသနာတော်နှင့်တကွ ကမ္ဘာကြီးကို ဆောင်ရွက်မည့် ပါရမီရှင် သိဒ္ဓိ (၁၀) ပါးမြောက် အနာဂါမ်အရိယာ ဝိဇ္ဇာဆရာကြီးဖြစ်၍ ပါရမီရှင်အပေါင်းတို့သည် အထူးဦးညွှတ်ထိုက်ပေသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတော်၌ ဖွင့်လှစ်တည်ထောင်၍ ထွက်ရပ်လမ်းသို့ ကြွမြန်းကြပြီးဖြစ်သော အင်းဂိုဏ်း၊ ဆေးဂိုဏ်း၊ မှော်ဂိုဏ်း၊ ရက်ကန်းစင်တောင်ဂိုဏ်း၊ ဝင်းဂိုဏ်း၊ မဟိဒ္ဓိဂိုဏ်း၊ မနောမယဂိုဏ်း စသော ဂိုဏ်းအသီးသီးတို့

ရှိကြရာ ထိုဂိုဏ်းဆရာကြီးတို့၏ တစ်ဖန် ထွက်ပေါ်ကြွလာမှုသည် ဘိုးတော်ဘုရား၏ ဓာတ်ကို အမှီပြုမှသာလျှင် ဖြစ်နိုင်သောကြောင့် ဘိုးတော်ဘုရားသည် ဂိုဏ်းပေါင်းစုံ ဝိဇ္ဇာဆရာကြီးတို့၏ ဦးညွှတ်ရာ ပါရမီရှင်ကြီးတစ်ဦးဖြစ်ကြောင်း အလွန်ထင်ရှားလေ၏။

(ကျမ်းကိုး။ ဂန္ဓာရီ ဆရာကြီး ဦးအေး၊ (၁၃၁၀) ပြည့်နှစ်၊
တပေါင်းလဆန်း (၁၅) ရက်၊ ပထမတွဲ၊ အမှတ်-၅၊ စာ-၃၆)

(၁၃၁၁) ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာမျက်နှာ (၂) တွင် အောင်မင်းခေါင်၏မိန့်ခွန်း ဟူ၍ တွေ့ရှိရပါသည်။ ထို မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပုပ္ပါးတောင် အောင်မင်းခေါင်ဘိုးတော်ဘုရားသည် ယခုအခါ နိုင်ငံတော်၏ ဓာတ်ကြီးကို ဖွင့်နှိုးတော်မူရန် အချိန်အခါသို့ ဆိုက်ရောက်ပြီဖြစ်သောကြောင့် ကိုယ်စားထားတော်မူသော အောင်မင်းခေါင်ဓာတ်ခွဲများတွင် အောက်ပါမိန့်ခွန်းတော်ကို အမိန့်ရှိတော်မူလေသည်ဟု တွေ့ရှိရပါသည်။

**(၂၂) ဘိုးတော်ဘုရား၏ မိန့်ခွန်း**

မင်းတို့ဆရာများ ဘုရားတစ်ဝက်တည်ပြီး ကြပြီ။ နိုင်ငံရေး ပယောဂလက်ချက်ကြောင့် ငါ့အသက်သေပြီ။ ဘီလူးနှင့် လူကို ခွဲခြားရမည်။ ပဝါစုပ်သော်လည်း ရွှေထုပ်နိုင်သည်။

အထက်ပါ မိန့်ခွန်းတော်ကို အောက်မြန်မာပြည် အောင်မင်းခေါင် ဓာတ်ခွဲ ပထမံ ပြန့်ပွားရေးဌာနသို့ ပေးပို့တော်မူသော မိန့်ခွန်းတော်ဖြစ်ချေသည်။

(ကျမ်းကိုး။ ၁၃၁၁ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊
ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာမျက်နှာ-၂)

(၁၃၁၁) ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆ တွင် အောင်မင်းခေါင်နှင့် သာသနာ့ခုံရုံးတော် ဟူသော ဆောင်းပါးမှတ်တမ်းကို တွေ့ရှိရပါသည်။ တစ်ဆင့် အဓိပ္ပါယ်ပြန်သူ အောက်မြန်မာပြည် ဓာတ်တိုင် ဟူ၍ ရေးသားထားကြောင်း တွေ့ရပါသည်။ ထိုစာတွင် အောက်ပါ အတိုင်း ပါရှိပါသည်။

## (၂၃) အောင်မင်းခေါင်နှင့် သာသနာ့ခုံရုံးတော်။

ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်ဘုရားသည် သာသနာတော်၏အကျိုး စီးပွားနိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ကြီးစွာသော သစ္စာနှောင်ကြိုး ကြီးဖြင့် ာမ်ကိုယ်ကို အထပ်ထပ် ရစ်ပတ်တော်မူလျက် မထင်ရှားသောအသွင်ဖြင့် သီတင်းသုံးနေထိုင်တော်မူခဲ့ရာ ယခုအခါ (၁၀) နှစ်ဇေ့မြောက်ခဲ့လေပြီ။

နိုင်ငံတော် နှောင်ကြိုးနှင့် သာသနာတော်နှောင်ကြိုးတို့မှာ ကင်းပြတ်ပြီဖြစ်သော ကြောင့် ရှေးဦးစွာ မြန်မာနိုင်ငံတော်၌ အောင်မင်းခေါင်ဘိုးတော်ဘုရား၏ နိုင်ငံ တော် အုပ်ချုပ်ပုံလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်တော့မည် ဖြစ်လေသည်။ သို့ရာ တွင် အောင်မင်းခေါင် ဘိုးတော်ဘုရားမှာကား သိဒ္ဓိ (၁၀) ပါးပေါက် ဂိုဏ်းချုပ် ဝိဇ္ဇာဆရာကြီးဖြစ်သောကြောင့် လူပုဂ္ဂိုလ်တို့ကဲ့သို့ လူတွေ့ခံ၍ လူပုဂ္ဂိုလ်များ ပြောဆိုဆောင်ရွက်သလို လုပ်ကိုင်မည်ကား မဟုတ်နိုင်ပေ။ ဘိုးတော်ဘုရား၏ နှုတ်တော်ကပင် မြွက်ဟတော်မူ၍ အမိန့်ရှိတော်မူထားသည်မှာ (ငါရုပ်ကို မသုံး တော့ဘူး။ နာမ်ကိုပဲ သုံးမည်။ ပျားရည်နှင့်ထန်းလျက် ရတာခြေပဲ) ဟု အမိန့်ရှိ ချက်အရ ဝေဖန်ဆင်ခြင်လျှင် ဘိုးတော်ဘုရားသည် သိဒ္ဓိ (၁၀) ပါးပေါက် ဝိဇ္ဇာ ဆရာကြီးဖြစ်သောကြောင့် ဘိုးတော်ဘုရား ရအပ်သော သိဒ္ဓိတန်ခိုး အမျိုးမျိုးတို့ သည် ရုပ်လောက၊ နာမ်လောက နှစ်ပါး၌ ဝေဖန်လျှင် ပြကတေ့ လူတို့၏ မျက်စိ ဖြင့် မမြင်နိုင်။ အလွန်နူးညံ့သိမ်မွေ့သော အရာဝတ္ထုမျိုးဖြစ်၍ နာမ်လောက၌ ထည့်သွင်းဝေဖန်နိုင်လေသည်။

နာမ်တရားတို့၏သဘောမှာလည်း ရုပ်တရားနှင့်တွဲစပ်၍ ယှဉ်တွဲရမှသာလျှင် ထိုရာ ကိစ္စအဝဝကို ပြီးစီးနိုင်လေသည်။ ရုပ်တရား၊ နာမ်တရားတို့သည် အချင်းချင်း ညညမညကျေးဇူးပြုကြ၍ ပေါင်းစပ်ပြီးလျှင် အမှုကိစ္စကို ဆောင်ရွက်လုပ်ဆောင် နေသော ဘုံလောကကြီးဖြစ်သောကြောင့် ရုပ်၊ နာမ်နှစ်ပါးစုံမှ ကိစ္စခပ်သိမ်း ပြီးငြိမ်း သည်ဟု မှတ်။

ထို့ကြောင့် ဘိုးတော်ဘုရားက ရုပ်ကိုမသုံးတော့ဘူး။ နာမ်ကိုပဲ သုံးမည်ဟု အမိန့် ရှိတော်မူချက်သည် မိမိရရှိအပ်သော သိဒ္ဓိ (၁၀) ပါးကိုသာ စေလွှတ်၍ အသုံးပြု ပေမည်။ ယခု ပုပ္ပါးတောင်မှာရှိသော ဓာတ်ရုပ်ကြီးကို ငါ အသုံးမပြုဟု ဓာတ်ခွဲ ား‌တွင် အမိန့်ရှိတော်မူရင်း ဖြစ်ပေ၏။

(ကျမ်းကိုး။ ၁၃၁၁ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆စာမျက်နှာ-၂၃)

၁၃၁၁ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမင်္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၂၉ တွင် စာတော်ပြန် ဦးမော်၏ ဘိုးတော်ဘုရားနှင့် ကာယသိဒ္ဓိ မှတ်တမ်းကို တွေ့ရှိရသည်။ ထိုမှတ်တမ်းဝတ္ထုမှာ ဘိုးတော်အောင်မင်းခေါင်အရှင် ၏ အတ္ထုပ္ပတ္တိတွင် အလွန်အရေးပါသော ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ အကြမ်းဖျင်းအားဖြင့် ထိုအကြောင်းအရာကို ကြားဖူးနားဝရှိသော်လည်း မူရင်းစာသားများကို ကျွန်ုပ်တို့သည် မတွေ့ရှိဖူးပါ။ ယခု ပထမံတရားမင်္ဂဇင်း၊ အမှတ်-၆၊ စာမျက်နှာ-၂၉ တွင် မူရင်းစာသားများကို တွေ့ရှိရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်စွာ ခေတ်ပြိုင်မှတ်တမ်းအဖြစ် ပြန်လည်ဖော်ပြအပ်ပါသည်။ ထို အဖြစ် ဆန်းတွင် ပါဝင်သော ပုဂ္ဂိုလ်များမှာ အစစ်အမှန်ဖြစ်ကြောင်း သက်ရှိထင်ရှား ရှိ သေးကြောင်း သိရှိရပါသည်။ ထိုမှတ်တမ်းတင်သောနှစ်မှာ (၁၃၁၁) ခုနှစ်ဖြစ် ကြောင်း တွေ့ရှိရပါသည်။ အလွန်ဆန်းကြယ်သော ဖြစ်ရပ်မှန်ကို အောက်တွင် ဖတ်ရှုတော်မူကြပါ။

## (၂၄) ဘိုးတော်ဘုရားနှင့် ကာယသိဒ္ဓိမှတ်တမ်းဝတ္ထု

ဤပထမံတရားမင်္ဂဇင်းကြီးတွင် ဝိဇ္ဇာဆရာကြီးများနှင့် ပတ်သက်သော ဝတ္ထုတော် များကို အပတ်စဉ်ထည့်သွင်း ဖော်ပြလာခဲ့ရာ ယခုအပတ်မင်္ဂဇင်းတွင် ပုပ္ပါးတောင် အောင်မင်းခေါင်ဘိုးတော်ဘုရားနှင့် ရှမ်းပြည်နယ်မှ လိုက်ပါလာသော ကမ္ဘောဇ တိုင်းသား ရှမ်းအမျိုးသားတို့၏ ဝတ္ထုတော်ကို ဤမင်္ဂဇင်းတွင် ထည့်သွင်း၍ ဖော်ပြ ပေးအံ့။

(မှတ်ချက်။ ဤမှတ်တမ်းဝတ္ထုတော်ကို ပုပ္ပါးမြို့၌ မီးတင်းနေထိုင်လျက်ရှိ သော ဘိုးတော်ဘုရား၏သားတော် ကိုထိန်ထံမှ တစ်ဆင့်ရရှိပါကြောင်း)

ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်ဘုရားသည် ရှမ်းပြည်နယ်၊ နမ္မားမြို့၊ ခရုကျောင်းမှ နောက်ပါ ရှမ်းလူမျိုးများနှင့်အတူ ဓာတ်နင်းတော်မူ၍ ပုပ္ပါးတောင် ကလပ်သို့ (၁၃၁၀) ပြည့်နှစ်၊ တပေါင်းလပြည့်အမီ ကြွတော်မူလေသည်။

ဘိုးတော်ဘုရား၏ နောက်တော်မှလည်း ရှမ်းအမျိုးသား (၇) ယောက်တို့သည် ကာယ၊ သိဒ္ဓိ (ခေါ်) သေနတ်ပီး၊ တုတ်ပီး၊ ဓားပီး၊ ဝါးချွန်ပီး စသော သိဒ္ဓိမျိုးကို အလိုရှိတော်မူကြသောကြောင့် ဘိုးတော်ဘုရားအား မျက်ခြည်အပြတ် မခံဘဲ နောက်တော်ပါးကကပ်၍ တစ်ပါတည်း တပည့်ခံ၍ လိုက်ပါလာကြလေသည်။

ဘိုးတော်ဘုရားသည် ရှမ်းပြည်နယ်၊ နမ္မားမြို့၊ ခရုကျောင်းတွင် သီတင်းသုံးတော် မူစဉ်က တစ်ခါတစ်ရံ ရှမ်းအမျိုးသားတို့အား သိဒ္ဓိပေးမှန်းမသိအောင် သိဒ္ဓိပေး

တတ်လေရာ တစ်ဆင့် တစ်ဆင့် ဘိုးတော်ဘုရား ပေးတော်မူသော သိဒ္ဓိတန်ခိုးကို သိရှိကြသဖြင့် ကမ္ဘောဇတိုင်းသား ရှမ်းအမျိုးသားတို့ကလည်း အပီးအစီးကို လိုချင်သောကြောင့် ဘိုးတော်ဘုရားထံ ဝိနိပါတ်ပြုလုပ်၍ နောက်တော်ပါးက လိုက်လာရင်းဖြစ်ပေ၏။

ကမ္ဘောဇတိုင်း၊ ရှမ်းပြည်နယ်၊ နမ္မားမြို့မှ ပုပ္ပါးတောင်သို့ကြွတော်မူရာတွင်လည်း ယာဉ်၊ ရထား စီးနင်းခြင်းမပြုဘဲ အရှေ့ရိုးမတောင်တန်းကြီးကို ဓာတ်နင်းတော်မူလို့၍ ခြေလျင်ခရီးဖြင့် ကြွတော်မူရာ (၁၃၁၀) ပြည့်နှစ်၊ တပေါင်းလပြည့် အခါမီ ပုပ္ပါးမြို့သို့ ရောက်တော်မူလေသည်။

ပုပ္ပါးမြို့တွင် ရှေးဦးစွာ ဆင်းရဲနွမ်းပါးသော မောင်နီ၏အိမ်တွင် ခေတ္တတည်းခိုတော်မူ၍ ရေကြည်တော်ကို သုံးဆောင်တော်မူလေသည်။ မောင်နီအိမ်မှတစ်ဆင့် မောင်ထိန်အိမ်သို့ ကြွတော်မူ၍ ကိုယ်လက်ကို အနည်းငယ်သုတ်သင်စေအပ်ပြီးသော် သင့်လျော်လျောက်ပတ်သောနေရာတွင် သီတင်းသုံးတော်မူလေသည်။

ထိုအခါ မောင်ထိန်နှင့်တကွ အိမ်သူအိမ်သားအပေါင်းတို့မှာ မိမိနေအိမ်၌မရှိကြဘဲ တောင်ယာပဲခင်းများတွင် လုပ်ကိုင်၍နေလေသည်။ ဘိုးတော်ဘုရား ကြွရောက်ပြီးနောက် များမကြာမီ မောင်ထိန်မှာ ကိစ္စတစ်ခုနှင့်အိမ်သို့ပြန်လာရာ ဘိုးတော်ဘုရားနှင့်တကွ ရှမ်းအမျိုးသား (၇) ယောက်တို့ကို မိမိ၏နေအိမ်တွင် တွေ့မြင်ရလေသည်။ မောင်ထိန်သည် ဘိုးတော်ဘုရားအား တွေ့သည်နှင့်တစ်ပြိုင်နက် ကွဲကွာနေသော မိအို၊ ဖအိုကြီးများကို တွေ့သလို ဝမ်းထဲ၊ နှလုံး ယူကျုံးမရ လှိုက်လှိုက်လှဲလှဲဖြစ်ပြီးလျှင် ဘိုးတော်ဘုရား၏ ခြေတော်စုံတို့ကို ဦးတိုက်၍ လွမ်းဆွတ်သလိုလို ဘဝင်တဖိုဖိုနှင့် ငိုကြွေးတော်မူရှာလေသည်။

၎င်းမောင်ထိန်ကား သာမန်ပါရမီရှင်မဟုတ်ပေ။ ပုပ္ပါးတောင်သို့ ရှေးဦးစွာ ရောက်ပြီးလျှင် ပြုပြင်စီမံတော်မူသော လူသူတော်နှင့် (၅) နှစ်တိုင်တိုင် အတူနေထိုင်တော်မူ၍ ပညာရင်နို့ကို သောက်စို့သုံးစွဲလာသော ပါရမီရှင်ဖြစ်သည့်အပြင် ၎င်းလူသူတော်က မှာကြားခဲ့သည်မှာ ငါ့တပည့်၊ ငါဆရာမရှိသည့်နောက် ၎င်းပုပ္ပါးတောင်သို့ ပြုပြင်ရန် ရဟန်းတော်တစ်ပါး ကြွလာလိမ့်မည်။ ၎င်းရဟန်းတော်ကိုလည်း ငါ့တပည့် ဆည်းကပ်ပါ။ ၎င်းရဟန်းတော် မရှိသည့်နောက် ဘိုးတော်ကြီးတစ်ပါး ကြွလာပြန်လိမ့်မည်။ ၎င်းဘိုးတော်ကြီးကား ဝိဇ္ဇာဦးစီးဂိုဏ်းချုပ် ဘိုးတော်ကြီးဖြစ်၍ အလွန်တန်ခိုးကြီးသည်။ မထင်မှတ်သောအသွင်ဖြင့် ၎င်းပုပ္ပါးတောင်မှာ သီတင်းသုံးတော်မူပြီးလျှင် သာသနာတော်နှင့်တကွ ဓာတ်ကြီးတို့ကို ဖွင့်နှိုးလိမ့်မည်။

၎င်းဘိုးတော်ကြီးကို အထူးရိုသေဆည်းကပ်၍ ပညာရင်နို့ကို သောက်စို့ပါဟု လူသူတော်က မှာကြားထားခဲ့ဖူးသဖြင့် ဘိုးတော်ကြီးကိုပဲ အထူးမျှော်လင့်နေလေရာ ဘိုးတော်ဘုရားသည် ပုပ္ပါးတောင်သို့ နောက်ပါ တပည့်များနှင့် ကြွရောက်လာသည်ဟု အိမ်နီးပါးချင်းလူစုက ဆီးကြို၍ပြောလိုက်သည်နှင့် တစ်ပြိုင်နက် လူသူတော်မှာကြားဖူးသော ဘိုးတော်ကြီးပဲဟု သိနှင့်ပြီးဖြစ်လေသည်။

ဘိုးတော်ဘုရားသည် နောက်ပါ ကမ္ဘောဇတိုင်းသား ရှမ်းလူမျိုးများနှင့် ကိုထိန်တို့အိမ်တွင် သီတင်းသုံးနေထိုင်လေသည်။ ထိုအခါ ရှမ်းအမျိုးသား (၇) ယောက်နှင့် ကိုထိန်တို့သည် တစ်ဦးနှင့်တစ်ဦး စကားဆုံ ချစ်ကျွမ်းဝင်ကြသောအခါ ၎င်းတို့၏ လာခြင်းကို ကိုထိန်က မေးလေသည်။

ရှမ်းအမျိုးသား (၇) ယောက်တို့ကလည်း တုတ်ပီး၊ ဓားပီး၊ သေနတ်ပီး စသောသိဒ္ဓိကို အလိုရှိ၍ ဘိုးတော်ကြီး၏နောက်တွင် လိုက်ခဲ့ကြောင်းနှင့် ဘိုးတော်ကြီး ရှမ်းပြည်နယ်မှာ အချို့ရှမ်းတို့ကို တုတ်ပီး၊ ဓားပီး၊ သေနတ်ပီး ပေးဖူးသဖြင့် ယခုတိုင် အပြီးအစီးရှိကြောင်း ကိုထိန်အား အသီးသီးပြောပြကြလေသည်။

၎င်းနောက် ကိုထိန်၏ နေအိမ်၌ ဘိုးတော်ဘုရားသည် သီတင်းသုံးပြီးသော် (၂) ရက်မြောက်သောနေ့ ည (၇) နာရီအချိန်လောက်တွင် ဘိုးတော်ဘုရား၏ ပြကတေ့မျက်နှာတော်သည် တစ်မျိုးတစ်ဖုံ ဓာတ်ပြောင်း၍လာလေသည်။ ကြည့်ရှုပုံ အခြင်းအရာများသည် ရှေးက ကြည့်ရှုပုံမျိုးမဟုတ်တော့ဘဲ ကြောက်လန့်တုန်လှုပ်စရာကောင်းသော ကြည့်ရှုခြင်းမျိုးဖြင့် ကြည့်ရှုတော်မူပြီးလျှင် ဘိုးတော်ဘုရား၏ လက်ထဲတွင်လည်း အမည်မသိ တုတ်ကြီးတစ်ခု အလိုလိုရောက်လာလေသည်။ ၎င်းတုတ်ကြီးကို အဖျားမှအရင်း၊ အရင်းမှအဖျား အပြန်ပြန်အလှန်လှန် လက်တော်ဖြင့် သုံးသပ်ကိုင်ဆောင်လျက် မတ်တတ်ရပ်တော်မူပြီးသော် ကမ္ဘောဇတိုင်းသားရှမ်းအမျိုးသားတို့အား ကြောက်စရာအသံကြီးဖြင့် အော်ငေါက်၍ တစ်ခါတည်းခေါ်လေသည်။

ရှမ်းအမျိုးသားတို့ကလည်း ဘိုးတော်ဘုရား၏ အရိပ်အခြည်ကို အမြဲတစေ ကြည့်ရှု၍ အနီးနားတွင် ငြိမ်သက်ကြောက်ရွံ့စွာ နေထိုင်ကြပြီးဖြစ်သောကြောင့် ဘိုးတော်ဘုရား ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့တော်မျက်မှောက်သို့ ရောက်ကြလေသည်။

ထိုအခါ ဘိုးတော်ဘုရားက အင်္ကျီကို အချွတ်ခိုင်းပြီးလျှင် ဆောင့်ကြောင့်အထိုင်ခိုင်းတော်မူ၍ တစ်ယောက်စီ လက်တွင်ရှိနှင့်ပြီး ဖြစ်သော တုတ်ကြီးနှင့် တအား

ကုန် ဆောင့်၍ အကြိမ်ကြိမ်ရိုက်နှက်လေသည်။ အတန်ငယ် အနားယူပြီးနောက် စေ့စေ့ကြည့်ရှုပြီးလျှင် ထပ်၍ ထပ်၍ အကြိမ်ကြိမ် ရိုက်နှက်လေရာ (၇) နာရီခွဲ အချိန်မှစ၍ ရိုက်နှက်ရာ ည (၁၂) နာရီသို့ရောက်မှ တစ်စခန်းပြီးစီးလေသည်။ ကမ္ဘောဇတိုင်းသား အမျိုးသားရှမ်း (၇) ယောက်တို့သည် ကြောက်အားတော် ပိုကြ၍ အလွန်နာကျင်လှသောကြောင့် ဆတ်တတ်တုန်မျှ ဖြစ်ကြပြီးလျှင် (အမယ်လေး ဘုရား၊ အမယ်လေးဘုရား) ဟု အနည်းငယ် အော်ကြလေသည်။

ဘိုးတော်ဘုရားသည် တအားရိုက်နှက်၍ သိဒ္ဓိအပ်သော်လည်း ရိုက်တုန်းပင် နာကျင်ကြလေသည်။ ရိုက်ပြီးသည်နှင့်တစ်ပြိုင်နက် အနာအကျင်မရှိသည့်အပြင် တစ်စုံတစ်ရာ ပေါက်ပြဲခြင်းလည်း မရှိကြပေ။

နံနက်မိုးလင်း၍ (၇) နာရီအချိန်သို့ ရောက်ပြန်သော ၎င်းရှမ်းအမျိုးသားတို့ ထပ်မံ၍ ခေါ်ပြန်လေသည်။ ရှမ်းအမျိုးသားတို့ကလည်း ရိုက်လိမ့်ဦးမည်ထင်၍ ကြောက်ကြောက်လန့်လန့်နှင့်ပင် ဘိုးတော်ဘုရားထံ ချဉ်းကပ်ရပြန်သော် (၇) ယောက် အနက် ရှမ်းလူမျိုး (၂)တို့မှာ ဘိုးတော်ဘုရား ရိုက်နှက်စဉ်က အနည်းငယ်ရှောင်ရှားသဖြင့် သိဒ္ဓိအရောက်အပေါက် နည်းပါးနေကြောင်းကို ဘိုးတော်ဘုရား သိတော်မူသဖြင့် ဖနောင့်နှင့်ပေါက်၊ တံတောင်နှင့်ထောင်း ပြုလုပ်ပြန်လေသည်။ အတော် နာကျင်အောင် ပြုလုပ်ပြီးသော် ဘိုးတော်ဘုရားသည် စေ့စေ့ကြည့်ရှု၍ မျက်နှာလွှဲတော်မူလေ၏။ ရှမ်းအမျိုးသားတို့လည်း မိမိတို့အား ပေးအပ်တော်မူသော ကာယသိဒ္ဓိလုပ်ငန်းစဉ်သည် ပြီးစီးပြီဟု သိရှိကြသဖြင့် မောင်ထိန်အား နှုတ်ခွန်းဆက်သပြီးလျှင် နောက်တစ်နေ့တွင် ရှမ်းပြည်နယ်သို့ ပြန်ကြလေသည်။ (မှတ်ချက်။ ဘိုးတော်ဘုရားသည် ရှမ်းပြည်နယ်၊ နမ္မားမြို့၊ ခရုကျောင်းတွင် သီတင်းသုံးစဉ်က ဝိနိပါတ် ကျေပွန်သော ရှမ်းအမျိုးသားတို့အား ကာယသိဒ္ဓိစခန်းကို ပေးအပ်တိုင်း ယခုလို ရိုက်နှက်၍ပေးအပ်လေသည်။)
အထက်ပါ ရှမ်းအမျိုးသား (၇) ယောက်တို့သည် ကာယသိဒ္ဓိ (ခေါ်) အပြီးဖီးစီး အတွက် ရိုက်နှက်၍ သိဒ္ဓိအပ်ခြင်းဖြစ်သောကြောင့် ဘိုးတော်ဘုရား၏ သိဒ္ဓိတော်ကို လူတိုင်းမခံယူနိုင်ကြပေ။ ၎င်း ရှမ်းအမျိုးသား (၇) ယောက်တို့သည် ကာယသိဒ္ဓိပေးအပ်ဆဲအချိန်တွင် ပုပ္ပါးမြို့နှင့် မနီးမဝေးဖြစ်သော ရွာတစ်ရွာမှ မိန်းမကြီး တစ်ယောက်သည် သူငယ်ချင်းမိန်းမတစ်ယောက်က အဆွယ်ကောင်းသဖြင့် ဘိုးတော်ဘုရားထံ ပူဇော်ရန် ရောက်လာလေသည်။
၎င်းမိန်းမကြီးကိုလည်း ဘိုးတော်ဘုရားသည် တုတ်နှင့် ကျောတွင် ကြက်ခြေခတ် တအားကုန်ရိုက်နှက်ရာ အသက် (၅၀) ကျော် မိန်းမကြီးသည် အလွန်ကြောက်

သဖြင့် ဆတ်ဆတ်တုန်လျက် ထဘီထဲတွင် သေးဖြန်းဖြန်းပါပြီးလျှင် လှေကားကို အတင်းဆင်းသွားရာ တစ်ထစ်၊ နှစ်ထစ်လောက်ကပင် လိမ့်ကျလေသည်။ အောက်သို့ရောက်သောအခါ မောင်ထိန်အား ပြောပြသည်မှာ -

(အမယ်လေးတော့ ဘိုးမင်းခေါင်ဝိဇ္ဇာကြီးဆိုလို့ ကန်တော့လာရာ ယခုတော့ မြင်ကောင်းကြရဲ့လား) ဟု ပြောဆိုပြီးလျှင် ပြန်သွားလေသည်။ ၎င်းမိန်းမကြီးလည်း ဘိုးတော်ဘုရား၏ လက်တွေ့သိဒ္ဓိ (ခေါ်) အရိုက်အနှက်ကို ခံလိုက်ရသဖြင့် အလွန်ကျန်းမာနေကြောင်း သိရှိရလေသည်။

(ကျမ်းကိုး။ ၁၃၁၁ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၂၉၊ ၃၀၊ ၃၁၊ ၃၂ တွင် ကြည့်ပါ)

ဘိုးတော်အောင်မင်းခေါင်အရှင် သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ဘိုးတော်ဘုရား၏ကိုယ်စား ဆရာပွားအား သိဒ္ဓိအရပ်ရပ်ပေးအပ်၍ သာသနာပြုလုပ်ငန်းစဉ်များကို ပေးအပ်ကြေ ်း တစ်ဆင့်စကား တစ်ဆင့်ကြားအားဖြင့် သိရှိခဲ့ရပါသည်။ ဘိုးတော်ဘုရား သက်ရှိထင်ရှားရှိစဉ်က တင်ခဲ့သော မှတ်တမ်းကို (၁၃၁၁) ခု၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၁၅ တွင် တွေ့ရှိရရာ အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ မှတ်တမ်းတင်သူမှာ ဆရာကြီးဦးပေါက်. ပြည်မြို့ ဖြစ်ပါသည်။ မှတ်တမ်း၏အမည်မှာ မန္တလေးဓာတ်တိုင်နှင့် အောင်မင်းခေါင် ဟူ၍ ဖြစ်ပါသည်။ မှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## (၂၅) ရွှေပြည်ဝင် ဝိဇ္ဇာ ဘိုးမင်းခေါင် ကိုယ်ပွား ဆရာကြီး ဦးပွား

ထိုကြွင်းကျန်သော အောင်မြေအသက်သည် ေ၈ာင်မင်းခေါင် ဘိုးတော်ဘုရား၏ သာသနာပြုရန် ပိုင်ဆိုင်သောအောင်မြေအသက်ဖြစ်၍ သက္ကရာဇ် (၁၃၀၆) ခုနှစ်တွင် မန္တလေးမြို့၊ မိုယ်းထိတိုက် မြောက်ဘက်အပေါက်ဝရှိ နတ်စလင်းကျောင်းတွင် အောင်မင်းခေါင်ဓာတ်ခွဲတစ်ခု ဖွင့်လှစ်တော်မူလေသည်။ ထိုဓာတ်ခွဲ၌ ဘိုးတော်ဘုရား၏ ကိုယ်စားဆရာပွားအား သိဒ္ဓိအရပ်ရပ် ပေးအပ်တော်မူ၍ ရှေ့လာမည့် သာသနာပြုလုပ်ငန်းစဉ်တို့ကို ပါရမီရှင်တို့အား ဆောင်ရွက်စေတော်မူလေသည်။

ဓာတ်ခွဲထားတော်မူသော ဆရာပွားကား သာမန်ပုဂ္ဂိုလ် မဟုတ်ပေ။ ဘိုးတော်ဘုရား အင်းဝရွှေနန်းတော်သို့ စံမြန်းတော်မူစဉ်က ဘိုးတော်ဘုရားနှင့်အတူ ပါရမီယှဉ်တွဲ၍ နိုင်ငံတော်နှင့်တကွ သာသနာတော်ကို ပြုစုအားထုတ်လာသော ဘိုးတော်

ဘုရား၏ ညီတော်အရင်းဖြစ်ပေသည်။ မြန်မာနိုင်ငံတော်တွင် ပေါ်ထွက်တော့မည့် ဖြစ်သော သာသနာပြုပွဲတွင် ပွဲဦးထွက် သာသနာတော်ကို ပြုစုအားထုတ်ရမည့် ပုဂ္ဂိုလ်ထူးပါရမီရှင် ဖြစ်ပေ၏။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၁၅)

(၁၃၁၁) ခု၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၉ တွင်ပါသော စာပိုဒ်တစ်ပိုဒ်မှာ ဘိုးမင်းခေါင်၏ ရှေးရှေးသော ဘဝများကို ဖော်ပြထားသဖြင့် ထူးခြားလှပါသည်။ ထိုမှတ်တမ်းမှာ အောင်မင်းခေါင် အဖွဲ့ကြီး၏ ကြေညာချက် အမှတ်-၂ ဖြစ်ပါ၏။ အောင်မင်းခေါင်အဖွဲ့ကြီး၏ ကြေညာချက်ဖြစ်သဖြင့် မှန်ကန်သော၊ တိကျသော မှတ်တမ်းဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။ ထိုကြေညာချက်မှတ်တမ်းတွင် အောက်ပါစာပိုဒ်တစ်ပိုဒ် ပါရှိပါသည်။ ဖတ်ရှုတော်မူကြပါ။

**(၂၆) အောင်မင်းခေါင်အဖွဲ့ကြီး၏ ကြေညာချက်။**

အောင်မင်းခေါင် ဘိုးတော်ဘုရားသည် မြန်မာနိုင်ငံတော် အင်းဝခေတ်တွင် တိုင်းသူပြည်သားအပေါင်းတို့အား နှစ်ပေါင်း (၂၀) ကျော် ဗုဒ္ဓဝါဒဖြင့် အုပ်ချုပ်တော်မူရန် နိုင်ငံတော်နှင့်တကွ သာသနာတော်ကြီးကို စည်ပင်ပြန့်ပြောအောင် ဆောင်ရွက်တော်မူခဲ့သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေသည်။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ တန်ခူးလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၆၊ စာ-၉)

အထက်ပါစာအရ ဘိုးတော်အောင်မင်းခေါင်အရှင်သည် ရှေးရှေးသောဘဝက အင်းဝခေတ်တွင် နှစ်ပေါင်း (၂၀) အုပ်ချုပ်မင်းလုပ်ခဲ့သော ဘုရင်တစ်ဆူဖြစ်တော်မူကြောင်း သိသာထင်ရှားပါသည်။ ထို့ကြောင့် အင်းဝခေတ်တွင် နှစ်ပေါင်း (၂၀) ကျော် (သို့မဟုတ်) နှစ်ပေါင်း (၂၀) ပတ်ဝန်းကျင် နန်းစံနှစ်ရှိသော ဘုရင်တစ်ပါးကို ရှာဖွေလေ့လာမိပါသည်။

အင်းဝခေတ်တွင် မင်းဆက် (၂၀) လေ့လာတွေ့ရှိရပါသည်။ ထိုမင်းများမှာ - သတိုးမင်းဖျား နန်းစံ (၃) နှစ် ဖြစ်၏။ မင်းကြီးစွာစော်ကဲသည် နန်းစံ (၃၃) နှစ် ဖြစ်၏။ ဆင်ဖြူရှင်တရဖျားသည် နန်းစံ (၇) လမျှသာ ဖြစ်၏။ ပထမမင်းခေါင်ကြီးသည် နန်းစံ (၂၁) နှစ် ဖြစ်၏။ သီဟသူမင်းသည် နန်းစံ (၃) နှစ် ဖြစ်၏။ မင်းလှငယ်သည် နန်းစံ (၃) လမျှသာ ဖြစ်၏။ ကလေးကျေးတောင်ညိုသည်

နန်းစံ (၇) လမျှသာ ဖြစ်၏။ မိုးညှင်းသတိုးသည် နန်းစံ (၁၃) နှစ် ဖြစ်၏။ မင်းရဲကျော်စွာသည် နန်းစံ (၃) နှစ် ဖြစ်၏။ နရပတိသည် နန်းစံ (၂၆) နှစ်ဖြစ်၏။ ပြည်စုန်မင်း သီဟသူသည် နန်းစံ (၁၂) နှစ် ဖြစ်၏။ သီရိသုဓမ္မရာဇာဓိပတိသည် နန်းစံရှာမတွေ့ပါ။ ဒုတိယမင်းခေါင်သည် နန်းစံ (၂၁) နှစ် ဖြစ်၏။ ရွှေနန်းကျော့ရှင် နရပတိသည် နန်းစံ (၂၅) နှစ် ဖြစ်၏။ ၎င်းနောက် သိုဟန်ဘွားသည် နန်းစံ (၁၅) နှစ် ဖြစ်၏။ အုန်းဘောင်ခုန်မှိုင်းသည် နန်းစံ (၄) နှစ်ဖြစ်၏။ မိုးဗြဲနရပတိမင်းသည် နန်းစံ (၆) နှစ်ဖြစ်၏။ စစ်ကိုင်း စည်သူကျော်ထင်သည် စစ်ကိုင်းတွင် နန်းစံ (၆) နှစ်၊ နရပတိစည်သူမင်းသည် အင်းဝတွင် (၃) နှစ် ဖြစ်၏။ ၎င်းနောက် သတိုးမင်းစောနှင့် မင်းရဲကျော်စွာတို့ ဖြစ်ကြ၏။ ဤတွင် ရှေ့နောက်ဆက်စပ် လေ့လာသောအခါ ပထမမင်းခေါင်ကြီး (၁၄၀၀-၁၄၂၃) သည် နန်းစံ (၂၁) နှစ် ဖြစ်၏။ သက်တော် (၅၀) တွင် နတ်ရွာစံ၏။ (ဦးကုလားရာဇဝင်၊ ဒုတိယအုပ်၊ စာ-၄၆ အရ ဖြစ်၏။) ဒုတိယမင်းခေါင် (၁၄၈၂-၁၅၀၁) သည် အိမ်နိမ့် (၃၃) နှစ်၊ နန်းစံ (၂၁) နှစ်ဖြစ်၏။ သက်တော် (၅၄) တွင် နတ်ရွာစံ၏။ (ဦးကုလား၊ စာ-၁၁၀ အရ ဖြစ်၏။) ဤတွင် မင်းခေါင်အမည်နှင့် အင်းဝခေတ်တွင် ထိုမင်း (၂) ပါးကိုသာ တွေ့ရှိရ၏။ ပထမမင်းခေါင်ကြီးသည်လည်း ထွက်ရပ်လမ်းသို့ မြန်းတော်မူကြောင်း မှတ်တမ်းရှိပါသည်။ ဒုတိယမင်းခေါင်သည်လည်း ထွက်ရပ်လမ်းသို့ မြန်းတော်မူကြောင်း မှတ်တမ်းရှိပါသည်။

(၁၃၁၁) ခု၊ သီတင်းကျွတ်လဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၈၊ စာမျက်နှာ-၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ တို့တွင် ကပ်ကာစေတီတော်နှင့် ဘိုးတော်ဘုရား ဟူသော မှတ်တမ်းကို တွေ့ရှိရပါသည်။ မှတ်တမ်းပြုစုသူမှာ အောက်မြန်မာပြည်ဓာတ်ခွဲဌာနဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုမှတ်တမ်းတွင် ဘိုးတော်အောင်မင်းခေါင်၏ ကဗျာ (၂) ပုဒ်ကို အတိအကျ တွေ့ရှိရပါသည်။ အောက်တွင် ဖတ်ရှုတော်မူကြပါ။ ပြန်လည်ကူးယူဖော်ပြအပ်ပါသည်။

**(၂၇) ကပ်ကာစေတီတော်နှင့် ဘိုးတော်ဘုရား**

(၁)

ညို့ညို့ရယ်ဆီး၊ တောင်ကြီးရယ် ဖီလာ၊
နိမ့်ခြေ မြင့်ခြေသားနဲ့၊ သွားခက်လှပါ။
ကျောက်နဂါး၊ ကျောက်ခံပြားနှင့်၊
ကျောက်ရွှေဖား၊ ကျောက်ပရမေ၊

ဘဂဝါရယ်က အံ့မဆုံး။
ပမ်းပါနဲ့မေ၊
စမ်းပြာ သီတာရေ၊
သည်ခါနွေ လေချိုသွေးရင်ဖြင့်၊
တို့နှစ်ကိုသားတွေ၊ ကြွေးရန်ဖို့၊
ကပ်ကာမှာ ဓာတ်ပြာကလေးကိုကွယ်၊
(ကိုရင်အောင်ရယ်) ပြေးယူလိုက်ဦး။

(၂)
ခြံခြံတဲ့ရံရံ၊
ရွှေပလ္လင်တင်တဲ့ပွဲဟာက၊
သဲခြိမ့်ခြိမ့်ညံ။
ဗောဓိပင် ဓာတ်သားမို့၊
မြတ်ဘုရားက အခြေမှန်၊
အနေကန်ဇာတိ။
အတိတ်ဆောင်၊ ထိပ်ခေါင် (ပန်း) နှင့် (မိုး) ရယ်က၊
တန်ခိုးတော် သမ္မာဂုဏ်နှင့်၊
ဓမ္မာရုံမှာ အောင်စည်ကြူးခါမှ၊
ပဏ္ဏာစုံရောင်ခြည်မြူးလိမ့်မယ်၊
(အိမ်ကြီးသူရယ်) ဖူးလိုက်ပါဘိ။

အထက်ပါ ကဗျာ (၂) ပိုဒ်သည် အောင်မင်းခေါင်ဘိုးတော်ဘုရားကြီး ကိုယ်တော်တိုင် ကပ်ကာစေတီတော်တည်စိုက်၍ ရေးစပ်ထားသောကဗျာဖြစ်ပါကြောင်း မှတ်တမ်းတင်ထားသည်ကို ဖတ်ရှုရပါသည်။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ သီတင်းကျွတ် လဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၈၊ စာမျက်နှာ-၂၅၊ )

## (၂၈) ကပ်ကာတောင်

ကပ်ကာတောင်ဆိုသည်မှာ အထက်မြန်မာပြည် ကသာခရိုင်တွင် တည်ရှိသော တောင်ထွဋ် တောင်မြတ်တစ်ခု ဖြစ်ပေသည်။ ထိုတောင်ကုန်းသည် မိုးတားရွာနှင့် ကသာမြို့အကြားတွင် တည်ရှိ၍ တောင်တန်း၊ တောင်နှာမောင်းတောင်၊ ဥတစ်လုံး အမျိုးမျိုးတို့ဖြင့် ခြံရံပိတ်ဆီးလျက် တင့်တယ်စွာ ကာဆီးပြီးလျှင် နိမ့်ချည်၊ မြင့်ချည်

နှင့် အသွားခက်လှသော တောင်မြတ်တစ်ဦးဖြစ်လေသည်။

**(၂၉) ကပ်ကာရွာ**

ထိုတောင်နှင့်မနီးမဝေးတွင် ရွာငယ်ကလေးတစ်ရွာလည်း ရှိပေသည်။ ထိုရွာ၏ အမည်မှာ ကပ်ကာတောင်ကို အစွဲပြုပြီးလျှင် ကပ်ကာရွာဟု ခေါ်ဝေါ်သမုတ်ထားလေသည်။

**(၃၀) ကပ်ကာ**

ကပ်ကာ ဟူသော သဘာဝ အတ္ထုပြုပ္ပါတ်အတိုင်း ကျက်သရေမင်္ဂလာရှိသော တောင်အမျိုးမျိုးတို့သည် အနီးကပ်၍ ကာကွယ်ထားသည့်အလား သဘာဝအားဖြင့် ဥတုဇလောကကြီး၏ ဖန်ဆင်းတည်ထားပုံသည် အလွန်ဆန်းပြား တန်ခိုးရှင် စီမံသကဲ့သို့ ဖြစ်ရှိနေသောကြောင့် ၎င်းတောင်ကို ရှေးပညတ်တွင် ကပ်ကာတောင်ဟု ခေါ်ဝေါ်အစွဲပြုကြလေသည်။

အထက်ပါ ရှင်းလင်းတင်ပြချက်များမှာ ပထမံမဂ္ဂဇင်း၏ အလိုကျဖြစ်ပါသည်။ စာတတ်ပေတတ် ဓာတ်ပိုင်၊ နတ်ပိုင် ပုဂ္ဂိုလ်များရေးသားသောစာဖြစ်သဖြင့် လေးစားအပ်ပါသည်။

ဤတွင် ထူးခြားသောအချက်တစ်ချက် တွေ့ရှိရပါသည်။ ထိုအချက်မှာ အောင်မင်းခေါင် ဟူသော ဘွဲ့နာမည်တော်၏ ရှင်းလင်းချက်ဖြစ်ပါသည်။ ထိုရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အောင်မင်းခေါင် ဟူသော အမည်ပညတ်သည် ဘိုးတော်အောင်နှင့် ဘိုးမင်းခေါင် နှစ်ပါးတို့ကို တွဲစပ်၍ မှည့်ခေါ်သမုတ်အပ်သော အမည်ပင် ဖြစ်ပေသည်။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ သီတင်းကျွတ် လဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၈၊ စာမျက်နှာ-၂၅၊

အထက်ပါ မှတ်တမ်းစာအရ အောင်မင်းခေါင် ဟူသောအမည်မှ (အောင်) က ဘိုးဘိုးအောင် ဖြစ်၏။ (ခေါင်) က ဘိုးမင်းခေါင် ဖြစ်၏။ ထိုနှစ်ခုတွဲ၍ အောင်မင်းခေါင်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း ဗဟုသုတရရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့်ကား သာမန်အားဖြင့် မသိနိုင်ပါ။ ထိုဖွင့်ဆိုချက်မှာ ဘိုးတော်ကြီးအောင်မင်းခေါင် ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က ဖွင့်ဆိုချက်ဖြစ်သဖြင့် အထူးလေးစား အလေးထားပါသည်။

ရင်းအပြင် (၁၃၁၁) ခု၊ ပြာသိုလဆန်း (၁) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၉၊ စာ-၁၇ တွင် ယခင်က ဖော်ပြခဲ့ဖူးသော အောင်မင်းခေါင် ဟူသော ဘွဲ့တော်၏ ရှင်းလင်းချက်ကို ထပ်မံတွေ့ရှိရပြန်ပါသည်။ ထိုရှင်းလင်းချက်မှာ ဘိုးတော်အောင်မင်းခေါင်အရှင် ကိုယ်တော်တိုင် သက်ရှိထင်ရှားကာလက ဖွင့်ဆိုသော အဓိပ္ပါယ်များဖြစ်သဖြင့် အထူးလေးစားအပ်ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုသူမှာ သာသနာပြုဆရာကြီး ဦးသာခင် ဖြစ်ပါ၏။ မှတ်တမ်း၏အမည်မှာ ပြည်တော်ဝင်နှင့် အောင်မင်းခေါင် ဖြစ်ပါ၏။ ဤကျမ်းပြုသူက အသေအချာကူးယူမှတ်တမ်းတင်ထားပါသည်။ အောက်တွင် ဖတ်ရှုတော်မူပါ။

**(၃၁) အောင်မင်းခေါင်**

အောင်မင်းခေါင် ဟူသော နာမပညတ်၌ အောင်အရ ပထမံဆရာကြီးဘိုးတော်အောင်ကို ကောက်ယူရမည်။ (မင်းခေါင်အရ) ပုပ္ပါးမှာ သီတင်းသုံးနေတော်မူသော ဘိုးတော်ဘုရားကို ကောက်ယူရမည်။ (၂) ဦးပေါင်း၍ ဖွင့်ထားသော နာမပညတ်ဖြစ်၍ ခေတ်အခေါ်မှာ မိုယ်းကြိုးခေတ်ဟု ခေါ်သည်။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ ပြာသိုလဆန်း (၁) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၉၊ စာ-၁၇)

(၁၃၁၁) ခု၊ တပေါင်းလပြည့်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၀၊ စာ-၅ တွင် ငါးရာ့ငါးဆယ်ခေတ်နှင့် ဝိဇ္ဇာဆရာကြီးဟူသော မှတ်တမ်းပါရှိပါသည်။ ထိုမှတ်တမ်းကို ပြုစုမှတ်တမ်းတင်သောသူမှာ အောက်မြန်မာပြည် ပထမံခေတ်ဌာနခွဲ ဟူ၍ တွေ့ရှိရပါသည်။ ထိုမှတ်တမ်းစာ၏ စာမျက်နှာ (၆) တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။ တွေ့ရှိချက်မှာ ယခင်က (၂) ကြိမ်ဖော်ပြခဲ့ဖူးသော အောင်မင်းခေါင်ဟူသော ဘွဲ့တော်၏ အဓိပ္ပါယ်ရှင်းလင်းချက်ပင် ဖြစ်ပါသည်။ အများပရိသတ်တို့အတွက် အရေးကြီးသဖြင့် အကြိမ်ကြိမ်ဖော်ပြမှတ်တမ်းတင်ခြင်းဖြစ်သည်ဟု ယူဆပါသည်။ အသေအချာကူးယူထားပါ၏။ အောက်တွင် ဖတ်ရှုတော်မူကြပါ။

**(၃၂) အောင်မင်းခေါင်**

အောင်မင်းခေါင် ဟူသော နာမပညတ်၌ အောင်-အရမှာ တစ်တိုင်းတစ်ပြည်လုံးကိုးကွယ်ဆည်းကပ်နေကြသော ဘိုးဘိုးအောင်ကို ကောက်ယူရမည်။ မင်းခေါင်အရမှာကား ပုပ္ပါးတောင်တွင် လူတွေ့ခံ၍ သီတင်းသုံးနေတော်မူသော ဘိုးတော်ဘုရားကို ကောက်ယူရမည်။

(ကျမ်းကိုး။ ၁၃၁၁ ခု၊ တပေါင်းလပြည့်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၀၊ စာ-၅)

(၁၃၁၂) ခု၊ ဒုတိယဝါဆိုလဆန်း (၁၅) ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂တွင် အောင်မင်းခေါင်နှင့် ပေါ်တော်မူဟူသော မှတ်တမ်းကို တွေ့ရှိရပါသည်။ ထိုမှတ်တမ်းကို ပြုစုသူမှာ အောက်မြန်မာပြည် ပထမံဓာတ်ဌာန ခွဲဟူ၍ တွေ့ရှိရပါသည်။ ထို့ကြောင့် အလွန်အရေးကြီးသော မှတ်တမ်းတစ်စောင် ဖြစ်ပါသည်။ ထိုမှတ်တမ်းအရ ကျွန်ုပ်တို့ မတွေးမမြင်နိုင်သော အကြောင်းအရာ များကို နေမြင်၊ လမြင် ပုဂ္ဂိုလ်တို့က ရေးသားထားခြင်းဖြစ်သဖြင့် အထူးလေးစား အပ်ပါသည်။

**(၃၃) မဟာမင်းခေါင်နှင့် ပေါ်တော်မူ**
**အရိမေတ္တေယျ အလောင်းတော် လူပြည်သို့ ဆင်းသက်၍ သာသနာပြုခြင်း**

တစ်ဆူသော ဘုရားရှင်၏ သာသနာတော်ကို တစ်ဆူသောဘုရားအလောင်းတို့ သည် ကူညီထောက်ပံ့မြဲ ဓမ္မတာလမ်းစဉ်ကြီးတစ်ခုဖြစ်သောကြောင့် အောင်မင်းခေါင် ဘိုးတော်ဘုရားသည်လည်း နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားအလောင်း တော်ကြီးဖြစ်သည့် အားလျော်စွာ သာသနာတစ်ဝက်တွင် ကမ္ဘာကြီးတစ်ခုလုံး ဗုဒ္ဓဝါဒလုပ်ငန်းစဉ်ကို မီးရှူးတန်ဆောင်ဖြင့် တပြောင်ပြောင်ထွန်းညှိ၍ အလင်း ဓာတ်ကို ပေးဆောင်လျက် ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီးကို ဖွင့်လှစ်မည့် ဘုန်းကံရှင် ကြီး ဖြစ်ပေသည်။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၇)

**(၃၄) အရိမေတ္တေယျအလောင်းတော်ဟု ယုံကြည်ကြခြင်း**

ထိုဘုန်းကံရှင်ကြီးကို ကျွန်ုပ်တို့၏ အရိမေတ္တေယျအလောင်းတော်ကြီးဟု ယုံကြည် လျက် ပေးအပ်သောလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်အားထုတ်နေခြင်းဖြစ်ပေသည်။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၇)

ထိုအောင်မင်းခေါင် ဘိုးတော်ဘုရားသည် မြတ်စွာဘုရား၏ သာသနာတော် အတွက် လူ့ရုပ်၊ လူ့ခွင်သို့ဝင်၍ နိုင်ငံတော်နှင့်တကွ သာသနာတော်ကို လုပ်ဆောင် အားထုတ်လာခဲ့သည်မှာ ပုပ္ပါးမှာရှိသော ရုပ်သွင်အထိ (၅) ဆက်မြောက် ရှိလေ ပြီ။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ထုတ်၊
ပထမံတရားမင်္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၉)

**(၃၅) ရုပ်ကိုမသုံး၊ နာမ်ကိုသုံးခြင်း (မှုရင်း)**

ဘိုးတော်ဘုရား၏ ဝိဇ္ဇာလမ်းသည်ကား (သက်ပြောင်းကိုယ်ခွာ) ခေါ် ဝိဇ္ဇာလမ်းမျိုး ဖြစ်ပေသည်။ ထိုဝိဇ္ဇာလမ်းကို ပေါက်ရောက်သောပုဂ္ဂိုလ်တို့သည် ရုပ်ဓာတ်ကို မသုံးတော့ဘဲ နာမ်ဓာတ်ကိုသာလျှင် အသုံးပြုသွားကြလေသည်။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ထုတ်၊
ပထမံတရားမင်္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၉)

**(၃၆) တို့လူမျိုးက မြွေလို အရေလဲတယ် ဟူသော စကား (မှုရင်း)**

ဘိုးတော်ဘုရား နှုတ်တော်ကပင် မြွက်ဟ၍ ပါရမီရှင်များ သိရှိစေရန် အမိန့်ရှိသည်မှာ (ငါ ရုပ်ကို မသုံးဘူး။ နာမ်ကိုပဲ သုံးတယ်။ တို့လူမျိုးက မြွေလို အရေလဲ နေနိုင်တယ်) စသည်ဖြင့် မိမိ၏ဝိဇ္ဇာလမ်းကို သိရှိစေရန် ဖွင့်ဟတော်မူချက်ကို ပုပ္ပါးသို့ရောက်သူတိုင်း ကြားကြရပေသည်။ တစ်ခါတစ်ရံ တပည့်များကို ဧည့်ခံသောအခါ ဆောင်ရွက်ခဲ့သော အတိတ်ဇာတ်ကြောင်းများကို အစီအစဉ်မရှိ နှုတ်တော်က တတွတ်တွတ် မိန့်တော် ဧည့်ခံလေသည်။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ထုတ်၊
ပထမံတရားမင်္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၉)

ကျွန်ုပ်တို့သည် ဘိုးတော်ဘုရားထံသို့ ရောက်စဉ်က ဧည့်ခံသော အတိတ်ဇာတ်ကြောင်း စကားအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။ ဤတွင် အလွန့်အလွန် အရေးကြီးသော မှတ်တမ်းကို ထိုပထမတွဲ၊ အမှတ်-၁၂၊ စာမျက်နှာ-၉ တွင် တွေ့ရှိရပါသည်။ ထိုမှတ်တမ်းမှာ ဘိုးတော်အောင်မင်းခေါင်အရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူသော ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်စွန်းတစ်စဖြစ်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြပါသည်။ အဓိပ္ပါယ်ကို အသေအချာအမိအရ နားလည်သင့်သလောက် နားလည်လျှင် အောင်မင်းခေါင်အရှင် ကိုယ်တော်မြတ်ကြီး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အတ္ထုပ္ပတ္တိတို့ကို လေးစားသိရှိနိုင်သည်ဟု ပညာရှင်တို့ မိန့်ဆိုကြပါသည်။ ဤကျမ်းပြုသူက အသေအချာ ကူးယူထားပါသည်။ ဘိုးတော်အောင်မင်းခေါင်အရှင် ကိုယ်တော်တိုင်မိန့်သော စကားတော်ဖြစ်ပါ၏။ မူလမှတ်တမ်းအရင်းအမြစ် ဖြစ်ပါ၏။ အသေအချာ ဖတ်ရှုတော်မူကြပါ။

(၃၇) ဖြစ်တော်ပေါင်း ဇာတ်ကြောင်း မိန့်ခွန်းတော်။ (မှူရင်း)
ညောင်ပင်နက် စိုက်လျှင် ရှင်တယ်။ ပချုပ်ရယ်၊ ဖာရယ်၊ စကောရယ်၊ မြောက်ကျွန်း၊ တောင်ကျွန်း လက်ရင်းတော့ဟုတ်လိမ့်မယ်။လက်ညှိုး၊ လက်ခလယ်၊ ရေသောက်တာပဲ။ ကလျာဏီ ကလီယာနာ၊ ဂေါမန၊ ဂမန၊ ပုရောဟိတ်ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို၊ စန်း၊ ဗေဒင်၊ (၉) တောင် ထွာ၊ ဖိုးသကြဲ၊ ထန်းလျက်၊ တစ်ရှိုး၊ နှစ်ရှိုး၊ သုံးလေးရှိုး၊ ကိုမဲကလေး၊ ကိုမောင်ကလေး၊ ကိုညီပု၊ ကိုမင်းခေါင်၊ ကိုကျော်မင်း၊ ကိုချစ်ဖြူ၊ ကိုနု၊ ချင်းရွှေ၊ အေးအု၊ ကိုပိန်မြောက်၊ ရေးဘိတ်၊ ပုဇွန်နှိုက်၊ နခီး ရွှေ၊ ယူကြမြေ၊ ဦးရွှောက်တန်ပြန်၊ ကဝေလေးပါး၊ နတ်ပြည် ခြောက် ထပ်၊ အာကာသ ကောင်းကင်မှာ၊ ပြာတာတာမြင်၊ စိမ်းတဲ့ဟာ စိမ်း၊ ပြာတဲ့ဟာ ပြာ၊ နက်တဲ့ဟာ နက်၊ ကမ္ဘာဝေဆိုတာ၊ ကိုယ့်အရိပ်တွေ ထတာပဲ။ အမှုန်တွေဝေတာ၊ မကြည့် ကောင်းဘူးထင်သဗျာ။
ဒို့တော့ ဆိုင်းဆရာကြီးပဲ။ သခွားသီး၊ အိုးဖုတ်တဲ့နေရာ၊ ကဇွန်းဖြူ၊ ကဇွန်းနီ၊ မပေါင်းဘူး။ ချက်စားကြ၊ စားပြီး အိပ်ပျော်ပြန်ရောပေါ့။

နှဲ၊ ပလွေ၊ ခရာ၊ စစ်ချီ၊ စစ်တိုက်၊ ဇေယျ၊ ဝဏ္ဏ၊ ဒွါရ၊ တပသီ၊ ရှင်ရသေ့၊ ဂဏ္ဍာဝီ။ မှတ်လေတော့၊ မင်းခေါင်၊ မင်းပြောင်း၊ ဂါမဏိ၊ အရဟံ၊ ပုတီးစိပ်၊ ဦးအောင်ရဲ့။ ထွက်ရပ်လမ်းပေါ့။ တပေါင်းလဆန်း (၃) ရက်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ အင်ဖူး၊ အင်ရွက်၊ ကိုယ်ကြီး၊ ကိုယ်လေး၊ ပုဏ္ဏားဖြူ၊ ဒုကုသ၊ ပရိက တရား ဟောတယ်။ တပသီဖြစ်ခဲ့ဖူးတယ်။ ထန်းပင်စိုက်၊ ကိုမင်းခေါင်၊ အရှေ့တောင် ကျွန်းကြီးထဲက ဘုန်းကြီးအိုကြီး၊ ညောင်ချဉ်ပင်တစ်ပင်ရှိတယ်။ ချိုရင်လည်း ချိုနေတယ်။ ကျောင်းထိုင် ငှက်ပျောပင် တစ်ပင်စိုက်။ စားစရာတွေလည်း ပေါပါတယ်။ ဝတ်စရာတွေလည်း ပေါပါတယ်။ လက်သူကြွယ်၊ လက်ခလယ်၊ ဂူကျောင်း ဘုရား၊ ဗောဓိကုန်းသွား၊ မိုယ်းပေါ်မှာ ငှက်ပျောပင်တွေ ရှိတယ်။ ကိန္နရီ၊ ကိန္နရာ၊ ပိဋကတ် သချ်ာ၊ လက်ဟောင်း၊ လက်သစ်၊ မုသိကာ၊ ကြွက်ပျက်ခဲ့တာပြင်၊ စနေ၊ ဗုဒ္ဓဟူး၊ လက်ရင်း လက်ရိုးဗေဒင်၊ တော်သလင်း၊ ငှက်တော၊ ငှက်ကြား၊ အာထမ္ဗန၊ အတိတ်အကြောင်း၊ ရာဇဝင်ရှိတယ်။ ရန်ကုန် ဥက္ကလာ၊ မှတ်ထားကြ။

အထက်ပါ မိန့်ခွန်းတော်များသည် (၁၃၁၁) ခု၊ ဝါဆိုလမှစ၍ သီတင်းကျွတ်လ

အထိ အထူးမိန့်ကြားနေသော နှုတ်ခွန်းတော်များဖြစ်ပါကြောင်း ထိုမှတ်တမ်းတွင် တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ မဟိဒ္ဓိဓာတ်စကားများသည် အလွန်သိမ်မွေ့လှသဖြင့် မဝေဖန်နိုင်သော ဝိညာဏ်စွဲ၊ ခေတ်လောကသားတို့က အရူးစကားဟု ဆိုကြလိမ့်မည်။ စင်စစ်မှာကား ဘိုးတော်ဘုရား၏ ဝိညာဏ်သိမှ လုပ်ကြံ၍ ပြောဆိုသော စကားမဟုတ်။ ပညာစခန်း (ခေါ်) မဟိဒ္ဓိဓာတ်ရုပ်ကြီးမှ ကွန့်မြူးပေါ်ထွက်လာသော စကားများ ဖြစ်ချေသည်ဟူ၍ ဖတ်ရှုမှတ်သားရပါသည်။ ၎င်းအပြင် အောက်တွင် အရေးကြီးသောအချက်တစ်ချက်ကို ဖော်ပြပါမည်။ ထိုအချက်သည် ယခု ပုပ္ပါးအောင်မင်းခေါင် ရုပ်အခွံကြီးသည် (၅) ဆက်မြောက် ရုပ်အသွင်၊ ရုပ်အခွံဖြစ်ကြောင်း မှတ်တမ်းဖြစ်ပါသည်။ အရင်းအဖျား စဉ်းစားကြရန် ဖြစ်ပါသည်။ အသေအချာ မှတ်သားတော်မူသင့်ပါသည်။

(၃၈) ငါးဆက်မြောက် ရုပ်အသွင်

ထိုမိန့်ခွန်းတော်များကို ခွဲစိပ်ဝေဖန် ဆင်ခြင်လျှင် ပုပ္ပါးတောင်မှာရှိသော ရုပ်အသွင်သည် (၅) ဆက်မြောက် ဖြစ်ပေါ်သော ရုပ်အသွင် ဖြစ်ပါကြောင်း။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း (၁၅) ရက်နေ့ထုတ်၊
ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၇၊ ၈၊ ၉)

(၃၉) တို့လူမျိုးက မြွေလို အရေလဲတယ် ဟူသော အောင်မင်းခေါင် မိန့်ခွန်းတော်။ (မူရင်း)

အဆိုပါ မိန့်ခွန်းတော်ကို ကောင်မင်းခေါင်အရှင်သည် မိမိသက်တော်ထင်ရှားရှိစဉ်က မိန့်တော်မူကြောင်း ကြားဖူးပါသည်။ သို့သော်လည်း ဘယ်ခေတ်၊ ဘယ်အခါက၊ ဘယ်နှစ်၊ ဘယ်လက မိန့်တော်မူကြောင်း မသိရှိရပါသည်။ ယခု (၁၃၁၁) ခု၊ သီတင်းကျွတ်လပြည့်နေ့ထုတ်၊ ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၈၊ စာ-၂ တွင်ကား ထိုမူရင်းမှတ်တမ်းကို အသေအချာ ဖတ်ရှုရပါသည်။ ဤမှတ်တမ်းထက် ပို၍သေချာသည် မှတ်တမ်း မရှိနိုင်တော့ပြီ။ ကိုယ်တိုင်လည်း မိန့်ကြားခဲ့၏။ ကိုယ်တိုင် သက်ရှိထင်ရှားကာလလည်း ဖြစ်၏။ ကိုယ်တိုင်ခန့်အပ်သော ပထမကျော်ဆရာကြီး ဦးစိန်ခန့်ကိုယ်တိုင် အယ်ဒီတာချုပ် ပြုလုပ်စီမံသော ပထမံတရားမဂ္ဂဇင်းကြီးတွင်လည်း ပါရှိ၏။ ထိုအချက်ကို ဤကျမ်းပြုသူက အသေအချာ ကူးယူထားရှိပါသည်။ နောင်လာနောက်သား မျိုးဆက်သစ်များ အကျိုးပွားနိုင်စေရန် ကူးထားခြင်း ဖြစ်ပါသည်။ ဖတ်ယူဆင်ခြင် မှတ်သားတော်မူကြပါ။

(၄၀) အောင်မင်းခေါင် မိန့်ခွန်းတော်။

တို့လူမျိုးက မြွေလို အရေလဲနေနိုင်တယ်။ ငါရုပ်ကို မသုံးဘူး။ နာမ်ကို ပဲ သုံးမယ်။ ဆင်ခြေရာ၊ မြင်းခြေရာ၊ နွားခြေရာ မှတ်ထားကြ။ အုန်းပင်၊

ထန်းပင်၊ သရက်ပင်ပေါ့။ မင်းတို့ဆရာများ ဥက္ကလာဦး စေတီတည်ကြ။ (မဘွေကြမ်း သူခွေတဲ့ ထင်သေပြေသား သည်ကိန်းဘယ်သူချေပါ့မယ်။ မင်း စနေသား၊ မြို့ရှေ့တောင်က မောင်အောင်မြတ်ကျန်ပါသေးရဲ့။ မယုံလျှင် မောင်ညိုသွေး မေးပါတော့လေ)

ဦးပုည မေတ္တာစာ မှတ်ထားကြ။ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ တနင်္ဂနွေနေ့ပေါ့။ ပွဲတော်ကြီးများ ရှိတယ်။ ဒို့တော့ တန်ခိုးမပြပါဘူး။ (မောင်ရင်အောင်က) ပြပါလိမ့်မယ်။ မင်းတို့ ဦးစိန်ခန့်ဟာ ဖင်ခံဗိုလ်ကြီးပဲ။ ပေါက်ပုဂ္ဂိုလ်ဝိဇ္ဇာဆိုတာ ဆရာကြီးဦးအောင်ရဲ့ ဝိဇ္ဇာလမ်းပေါ့။ ဒို့သွားရင် ဆင်များလို ခြေရာဖျောက်သွားမယ်။ ငါ့ခြံထဲစိုက်မှ ငါ့သစ်ပင် မှတ်ထားကြ။

အထက်ပါ မိန့်ခွန်းတော်သည် ရန်ကုန်မြို့၊ ပထမံသာသနာပြုဆရာကြီးများ (၁၃၁၁) ခု၊ ဝါခေါင်လအတွင်း ပုပ္ပါးတောင်ကလပ်သို့ အဖူးမြော်ရောက်စဉ်က ဘိုးတော်ဘုရား အမိန့်ရှိတော်မူသော မဟိဒ္ဓိဓာတ်ထွက် နှုတ်တော်မြွက် မိန့်ခွန်းတော်များ ဖြစ်ပေသည်ဟု မှတ်တမ်းတင်ဖတ်ရှုရပါသည်။

ထိုမိန့်ခွန်းတော်များကို ပထမံပြန့်ပွားရေးမှ ဆရာဦးစိန်ခန့်ကိုယ်တိုင် အနက်မြန်မာ ပြန်ဆိုတော်မူပြီးလျှင် (ပြည်တော်ဝင်) အောင်မင်းခေါင်သိုက်တွင် ပြန်ဆိုထားပြီ ဖြစ်ကြောင်း သိရှိရပါသည်။

(ကျမ်းကိုး။ ၁၃၁၂ ခု၊ ဒုတိယဝါဆိုလဆန်း (၁၅) ရက်နေ့ထုတ်၊
ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၂၊ စာ-၉)

## မန္တလေးတောင်၊ မိုးထိတိုက်၊ နတ်ခလင်းကျောင်း ဝိဇ္ဇာဦးစီး အောင်မင်းခေါင်ကြီးအဖွဲ့ချုပ်မှ အရှင်ဇောတိပါလ၏ အဆိုအမိန့်များ လေ့လာချက်သုတေသနစာတမ်း။

ဤတွင် အများသိ ဘိုးတော်အောင်မင်းခေါင်အကြောင်း သုတေသနစာတမ်း ဖြစ်ပါသည်။ ဤစာတမ်းအရ ဦးအာစိဏ္ဏအကြောင်းလည်း သိသင့်သလောက် သိပါပြီ။ ဘိုးမင်းခေါင်အကြောင်းလည်း သိသင့်သလောက် သိပါပြီ။ အောင်မင်းခေါင်ဟူသော အကြောင်းလည်း သိသင့်သလောက် သိပါပြီ။ ဘိုးတော်အောင်မင်းခေါင်အရှင်ဟူသော အကြောင်းလည်း သိသင့်သလောက် သိပါပြီ။ အရိမေတ္တယျအလောင်းတော်ဟူသော အကြောင်းလည်း သိသင့်သလောက် သိပါပြီ။ အောင်မင်းခေါင်ကိုယ်ပွား ဆရာကြီးဦးပွားအကြောင်းလည်း သိသင့်သလောက် သိပါပြီ။

ထိုထိုဤဤ အလီလီသော အကြောင်းအရာတို့ကို အောင်မင်းခေါင်ကိုယ်တော်ကြီး သက်ရှိထင်ရှားရှိစဉ်က ကိုယ်တိုင်ကိုယ်ကျ စာတွေ့ငါတွေ့ လောကီလောကုတ်ကျွမ်းကျင်တော်မူသော အရှင်ဇောတိပါလ၏ မိန့်မှာချက်များကို ပြန်လည်ပြောဆိုပါမည်။

အရှင်ဇောတိပါလသည် မန္တလေးမြို့၊ မန္တလေးတောင်၊ မိုးထိတိုက်၊ နတ်စလင်းကျောင်း၊ ဝိဇ္ဇာဦးစီး အောင်မင်းခေါင်ကြီးအဖွဲ့ချုပ်မှ အရှင်ဇောတိပါလ ဖြစ်ပါသည်။ ထိုအရှင် စိစစ်ရှာဖွေရေးသားသော ပညာရှိအမြင်ပါသည့် သမိုင်းတော်ကို အကြိမ်ကြိမ်ပုံနှိပ်ရာ (၁၃၁၄) ခု၊ တန်ဆောင်မုန်းလတွင် ပဥ္စမအကြိမ်၊ ပုံနှိပ်ခဲ့ပါ၏။ အောင်မင်းခေါင်အရှင် သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယကြိမ်၊ စတုတ္ထအကြိမ် ရိုက်နှိပ်ပြီး ဖြစ်ပါသည်။ အောင်မင်းခေါင်အရှင် ထွက်တော်မူပြီးနောက် နောက် (၁) ကျော်အကြာတွင် ပဥ္စမအကြိမ် ရိုက်နှိပ်ခဲ့ပြန်ပါသည်။ မန္တလေးမြို့၊ ဥပုသ်တော်ကုန်းပြ၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၈၄၊ မျိုးစေ့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။ ထိုစာအရ မှတ်တမ်းတင်ပြောဆိုပါမည်။

> အောင်မင်းခေါင်ကြီးဟူသော အမည်ပညတ်ဖြင့်သာ ရေးသားဖော်ပြပါအံ့။ အကြောင်းကား (၁၃၁၀) ပြည့်နှစ်၊ နှစ်ဆန်းလောက်မှစ၍ ထိုအမည်ကို ခံယူလျက်ရှိပြီးဖြစ်သောကြောင့် တည်းဟူ၍ အရှင်ဇောတိပါလက မိန့်ကြားခဲ့ပါသည်။

(ကျမ်းကိုး။ အရှင်ဇောတိပါလ၊ နဂါးရစ်တောင်သမိုင်း၊ စာ-၃၂ ကိုကြည့်)

အထက်ဖော်ပြပါ အရှင်ဇောတိပါလသည် ဝိဇ္ဇာဦးစီး အောင်မင်းခေါင်အဖွဲ့ချုပ်မှ ဖြစ်ကြောင်း ပြောခဲ့ပြီးဖြစ်ပါသည်။ ထိုအရှင်ဇောတိပါလ၏ မိန့်ဆိုချက်အရ အောင်မင်းခေါင်ကြီး ဟူသော ဘွဲ့တော်ကို အပြည့်အစုံရေးပြပါဆိုလျှင် အောက်ပါ အတိုင်း ရေးပြမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ဤကျမ်းပြုသူ ကူးယူထား သည်ကို အောက်တွင် ဖော်ပြပါမည်။ ကုသိုလ်ဆင့်ပွား ဖတ်ရှုတော်မူကြပါ။

**တန်ခိုးမဟိဒ္ဓိ အဆောင်အယောင်တို့နှင့် ပြည့်စုံတော်မူသော အလုံးစုံသောဝိဇ္ဇာတို့၏ ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိဝိဇ္ဇာဓရ ပါကဋ တေဇ၊ တိပိဋကဓရ၊ ပိဋကတ္တယဆေက၊ နာနာနယသိပ္ပကောဝိဒ၊ ဓမ္မစေတီယယရ၊ ပရစိတ္တဝိဇာနန၊ ဘာသန္တရ ဗဟုသုတ ပါမောက္ခ မကာရလောပ၊ မေတ္တယျဗုဒ္ဓင်္ကုရ၊ လောကဥဿျှာင် အောင်မင်းခေါင် ဖြစ်တော့သည်။**

(ကျမ်းကိုး။ အရှင်ဇောတိပါလ၊ နဂါးရစ်တောင်သမိုင်း၊
၁၃၁၄ ခု၊ တန်ဆောင်မုန်းလ၊ ပဥ္စမနှိပ်ခြင်း၊ စာ-၃၀)

အရိမေတ္တယျအလောင်းတော်သည် အဘယ်ကြောင့် လူ့ပြည်သို့သာသနာပြု ဆင်း ရပါသနည်း ဟူသော အကြောင်းတရားကိုလည်း အရှင်ဇောတိပါလသည် အောက်ပါအတိုင်း ဖွင့်ဆိုထားကြောင်းကို ဖတ်ရှုရပါသည်။

ကဿပဘုရားရှင်၏ သာသနာတော်တစ်ဝက်နီး၍ ယခု သာသနာခေတ်ကဲ့သို့ အပျက်ကြီးပျက်၍ သာသနာတော်ကို ဖျက်ဆီးသော အဓမ္မဝါဒကြီးပေါ်ပေါက် နေရာ ဂေါတမဘုရားသခင်၏ အလောင်းတော် သိကြားမင်းသည် လူအသွင် ဖန်ဆင်း၍ မာတလိနတ်သားအား ခွေးနက်ကြီးအသွင် ဖန်ဆင်းစေကာ သာသနာ တော်၏ အညစ်အကြေး ဘေးရန်ဟူသမျှတို့ကိုဟိန်းဟောက် ခြိမ်းခြောက် သုတ်သင်၍ သာသနာတော်ကို စင်ကြယ်စေတော်မူခဲ့သည်ဟု မဟာပဏ္ဍဇာတ်၌ အတိအလင်း ဟောဆိုအပ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် နောင်တော်ဘုရား၏ သာသနာတော်ကို ရင့်ကျက်ပြီး ညီငယ်အလောင်းတော်များသည် စောင့်ရှောက် ရမြဲ ဓမ္မတာဖြစ်ချေသည်။ ထို့ကြောင့် ပျက်စီးယိုယွင်းနေသော ဂေါတမဘုရားရှင် ၏ သာသနာတော်ကို ညီတော် မေတ္တယျအလောင်းသည် ပြုပြင်စောင့်ရှောက်ရန် ယခုအခါ လူ့ပြည်သို့ ရောက်နေပြီဟု အတိအလင်းဆိုလိုက်ခြင်း ဖြစ်ပေသည်။

(ကျမ်းကိုး။ အရှင်ဇောတိပါလ၊ နဂါးရစ်တောင်သမိုင်း၊ ၁၃၁၄
ခု၊ တန်ဆောင်မုန်းလ၊ ပဥ္စမနှိပ်ခြင်း၊ စာ-၃၁၊ ၃၂)

**တီကြားမင်းခေါင်**

ထို အရိမေတ္တယျအလောင်းတော်နတ်သား တီကြားမင်းကြီးကား ယခုအချိန်၌ ခေါ်တော့ တီကြားမင်းခေါင်၊ တီကြားမင်းခေါင်နှင့် လာတော့ ငှက်ပျောတောက ဟု လူအများတို့၏ ပါးစပ်ဖျားမှာ ဓာတ်စကား ဖြစ်ပေါ်နေသည့်အတိုင်း ပုပ္ပါး ငှက်ပျောတော၊ တောင်ကလပ်၌ သီတင်းသုံးနေထိုင်တော်မူပေသည်။

(ကျမ်းကိုး။ အရှင်ဇောတိပါလ၊ နဂါးရစ်တောင်သမိုင်း၊ ၁၃၁၄ ခု၊ တန်ဆောင်မုန်းလ၊ ပဥ္စမနှိပ်ခြင်း၊ စာ-၃၂)

ထို အောင်မင်းခေါင်ကြီးကား အလောင်းတော်ဖြစ်သည့်အားလျော်စွာ သာသနာ တော်နှင့် တိုင်းပြည်အတွက် အရှုးလိုတစ်မျိုး၊ ကလေးလိုတစ်ဖုံ၊ အမျိုးမျိုးသော ရုပ်ပုံဖြင့် သီပေါမင်း ပါတော်မူသည့် (၁၂၄၇) ခုနှစ်၊ ခရစ် (၁၈၈၅) ခုနှစ်ကာလ နောက်ပိုင်းမှစ၍ သာသနာတော်အကျိုးကို ထင်ထင်ရှားရှား ဆောင်ရွက်တော်မူ ခဲ့ကြောင်းလည်း အရှင်ဇောတိပါလက ဖော်ပြခဲ့ပါသည်။

(၁၂၅၀) ပြည့်နှစ်မှစ၍ ဓာတ်ပေါင်းစုံကို အနယ်နယ်၌ စိုက်ထူခဲ့လေသည်။ ဤ ကဲ့သို့ သာသနာအကျိုး၊ တိုင်းပြည်အကျိုးတို့ကို အချိန်ရောက်သည့်ကာလ ဖွင့်နိုး နိုင်ရန် အမျိုးမျိုးသော ဓာတ်အလုပ်တို့ကို အနယ်နယ်၌ လုပ်ကိုင်လျက်နေစဉ် တစ်နေရာ၊ တစ်နေရာ၌ ထူးဆန်းသောသတ္တိများကို ပြ၍သွားခဲ့လေသည်။ ဤသို့အားဖြင့် မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

(ကျမ်းကိုး။ အရှင်ဇောတိပါလ၊ နဂါးရစ်တောင်သမိုင်း၊ ၁၃၁၄ ခု၊ တန်ဆောင်မုန်းလ၊ ပဥ္စမနှိပ်ခြင်း၊ စာ-၃၃ ကို ကြည့်ပါ)

ထိုသို့သော အောင်မင်းခေါင်ကြီး၏ ဂုဏ်သတ္တိအထူးများကို စာပြုဆရာကြီး ဦးပေါ်ဦး၏ ဝိဇ္ဇာမိုရ်အောင်မင်းခေါင် စာအုပ်တွင်လည်း ဖော်ပြထားရှိကြောင်း တွေ့ရှိရပါသည်။

အောင်မင်းခေါင်ကိုယ်တော်ကြီးနှင့် စပ်လျဉ်း၍ သက်ရှိထင်ရှားရှိစဉ်ကပင်လျှင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် အထင်အရှား ရှိပေသည်။

(၁) မန္တလေးမြို့၊ ရွှေပြည်ဝင် ဘိုးတော်ဦးပွား။
(၂) မန္တလေး၊ မိုးထိတိုက်၊ နတ်စလင်းကျောင်းတွင် သီတင်းသုံးသော (နာမ်ကိန်းစဉ်က) ဦးသူရိယ။

အထက်ပါစာတွင်ပါသော ဦးပွားမှာ ပထမတရားမဂ္ဂဇင်းတွင် အကြိမ်ကြိမ်ဖော်ပြ ခဲ့သော ရွှေပြည်ဝင်ဘိုးတော်ဦးပွား ဖြစ်ပေသည်။ ထိုစဉ်က ဆရာပွားဟုလည်း

ခေါ်ဆိုကြောင်း အမှတ်အသားတွေ့ရှိရပါသည်။ ဦးပွား၏အမည်ရင်းမှာ ဦးအေးဖေဖြစ်၏။ ကသာမြို့တွင် ပုပ္ပါး အဘအောင်မင်းခေါင်နှင့် စတင်တွေ့ရှိ၏။ ဦးအေးဖေသည် ပညာတတ်ဖြစ်၏။ လူချမ်းသာတစ်ဦး ဖြစ်၏။ အသိပညာနှင့် ပြည့်စုံသူ ဖြစ်၏။ အဘအောင်မင်းခေါင်သည် ဦးအေးဖေနှင့်တွေ့သောအခါ အင်္ကျီအိတ်အတွင်းသို့ စကားပန်း (၃) ပွင့် ထည့်ပေးလိုက်၏။ ကျိုးလို (၃) ခါ အော်ပြသည်ဟုလည်း ဆိုပါသည်။ ၎င်းနောက် ဦးအေးဖေအား ကသာတောကြီးအတွင်းသို့ ခေါ်သွား၏။ နှစ်ပေါင်း (၃) နှစ်ကြာအောင် မဟိဒ္ဓိပညာရပ်များကို သင်ပေးခဲ့ကြောင်း သိရှိရပါသည်။ ၎င်းနောက် အဘအောင်မင်းခေါင်၏ ကိုယ်ပွားအဖြစ် မန္တလေးမြို့၊ မိုးထိတိုက်၊ နတ်စလင်းကျောင်းတွင် ထားရှိကြောင်း သိရပါသည်။ အမည်ရင်းမှာ ဦးအေးဖေ ဖြစ်သော်လည်း အဘအောင်မင်းခေါင်၏ ကိုယ်ပွားဖြစ်သဖြင့် ဦးပွားဟု ခေါ်ဆိုကြောင်းလည်း သိရှိရပါသည်။ ထိုဦးပွားသည် လူအများ နားလည်နိုင်သော စကားများဖြင့် လူအပေါင်းတို့အား သာသနာပြုခဲ့သည်ဟု သိရပါသည်။ အဘအောင်မင်းခေါင်ကြီး၏ စကားများမှာ ခက်ခဲနက်နဲသဖြင့် ဝိဇ္ဇာများ၊ နတ်များသာ နားလည်နိုင်သည်ဟု ပညာရှင်များ မိန့်ဆိုကြပါသည်။

အဘအောင်မင်းခေါင်ကြီးသည် ခေါင်လေးခေါင် ဖြစ်ကြောင်း၊ ပထမအင်းဝမင်းခေါင်၊ ၎င်းနောက် သတိုးမင်းခေါင်၊ ၎င်းနောက် ဓမ္မစေတီမင်းခေါင်၊ ၎င်းနောက် ပုပ္ပါးမင်းခေါင် ဖြစ်ကြောင်း သိရှိရပါသည်။ ခေါင်လေးခေါင်လည်း ငါပဲဟု ကိုယ်တော်တိုင် မိန့်ကြားတော်မူကြောင်း အမှတ်အသားရှိပါသည်။ ငါသည်ကား အရိမေတ္တယျအလောင်းတော် ဧကန်စင်စစ်ဖြစ်သည်။ ငါသည်ကား အဇိတရဟန်းဘဝဖြင့် ဂေါတမရှင်တော်ဘုရားထံမှောက်၌ နိယတဗျာဒိတ်တော်ပန်းကို ဆင်မြန်းထားသူဖြစ်ကြောင်း ကိုယ်တော်တိုင် သစ္စာပြုခဲ့ကြောင်း သိရပါသည်။ ငါသည် မှားယွင်းစွာပြောဆိုပါက ငါ၏ ပါရမီအလုံးစုံတို့သည် ကျဆုံး၍ ဦးခေါင်းရှစ်စိပ်ကွဲကာ မဟာအဝီစိတွင် မကျွတ်တမ်းခံရပါစေကြောင်းဟု သစ္စာဆိုကြောင်းလည်း မှတ်တမ်းများအရ သိရှိရပါသည်။

# ဝေဘူဆရာတော်ကြီးနှင့် အဘအောင်မင်းခေါင်ကြီး အကြောင်း လေ့လာချက်ခါတမ်း။

ဝေဘူဆရာတော်၏ အံ့သြကြည်ညိုဖွယ်ရာများကို အများသိပြီး ဖြစ်ပါသည်။ တစ်နေ့သောအခါ ဤကျမ်းပြုသူသည် မောင်ကျော်ညွန့်၊ မြန်မာ့အလင်းသတင်းစာ၊ အယ်ဒီတာ၊ ဝေဘူဆရာတော်ကြီး ထေရုပ္ပတ္တိနှင့် ကျင့်စဉ်၊ ဒုတိအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၃ ခု၊ ဇန်နဝါရီလ၊ စာ-၅၉-၆၂ကို ဖတ်ရှုမိခဲ့ပါသည်။ ဝေဘူဆရာတော်နှင့် အကြောင်းဆက်၍ အဘအောင်မင်းခေါင်ကြီး၏ အကြောင်းကို အသစ်အဆန်း များ လေ့လာတွေ့ရှိရပါသည်။ ထိုအချက်ကို အခြေပြု၍ မောင်ပန်းမွှေးသည် ရဟန္တာအရှင်မြတ် ဝေဘူဆရာတော်ကြီး ဘိုးမင်းခေါင်နှင့် ဆက်သွယ်မှုရှိခြင်း အကြောင်းကို ဝိဇ္ဇာရသစုံမဂ္ဂဇင်း၊ ၂၀၀၈ ခု၊ မတ်လ၊ အတွဲ-၁၊ အမှတ်-၇၊ စာ-၆၉၊ ၇၀၊ ၇၁ ဝို့တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုအချက်ကို လေ့လာတင်ပြပါမည်။

အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရတွင် ယခု အခါ ပြိုပျက်နေသော ဝေဘူဆရာတော် ကြီး တည်ထား ကိုးကွယ်ခဲ့သော တိလောကသဗ္ဗညု စေတီတော်မှာ ဘိုးမင်းခေါင် ကုသိုလ်ပါဝင်ခဲ့ ကြောင်း သိရသော်လည်း တိကျခိုင်လုံသော အချက်အလက်များ မရရှိ သဖြင့် ပစ်ပယ်ထားခဲ့ ပါသည်။ သို့သော် ခန်းဖွင့်ပွဲတော်သို့ ဒုတိယ အခေါက် ကျွန်တော်ရောက်သောအခါ ထို အချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိခဲ့ပါသည်။

**ဝေဘူဆရာတော်နှင့် အဘအောင်မင်းခေါင်ကြီး**
**ပထမအကြိမ်အကြောင်းဆက်ခြင်း။**

အချိန်အားဖြင့် (၁၃၁၀) ပြည့်နှစ်တွင် ဖြစ်ပါသည်။ (၁၃၁၁) ခု၊ ကဆုန်လပြည့် နေ့တွင် တိလောကသဗ္ဗညုစေတီတော် ထီးတော်တင်နိုင်ရေးအတွက် ဝေဘူဆရာ တော်မှာ ကျော်ကြား စအချိန်ဖြစ်ပြီး ပုပ္ပါးတွင်လည်း ဘိုးမင်းခေါင်ဆိုသော ပုဂ္ဂိုလ် ကြီးကလည်း ကျော်ကြားလျက် ရှိပြီဖြစ်၏။

ထိုအချိန်မှာပင် မန္တလေးမြို့၊ အသောကာရုံတိုက်၊ ထန်းတစ်ပင်ကျောင်းတွင် ဦးအာဒိစ္စနှင့် ဦးပဥ္စင်းနှစ်ပါးမှာလည်း စာသင်ကြားလျက်ရှိပြီး တစ်နေ့တွင် ဦးဒ ာဒိစ္စက ဘိုးမင်းခေါင်ဆိုသော ပုဂ္ဂိုလ်ကြီးသည် ပုပ္ပါး၌ ထင်ရှား ကျော်ကြားနေ သဖြင့် သွားရောက် လေ့လာရန် ခေါ်သဖြင့် ဦးစန္ဒိမာ လိုက်သွားခဲ့၏။ ဦးစန္ဒိမာနှင့် ဘိုးမင်းခေါင်တို့ သိကျွမ်းရင်းနှီးလျှင် အင်ကြင်းပင် စေတီတော်ကြီး ထီးတော် တင်ရန်ရှိ၍ မိမိ ထီးလှူချင်ကြောင်း ဘိုးမင်းခေါင်က လျှောက် ထားရာ ဦးစန္ဒိမာ ကိုယ်တိုင် ခင်ဦးမြို့နယ်၊ အင်ကြင်းပင်သို့ ကြွသွားပြီး ဝေဘူဆရာတော် ကြီးအား

ဘိုးမင်းခေါင် လျှောက်ထားချက်ကို လျှောက်ထားသောအခါ ကောင်းပါ့ဗျ။ ကောင်းပါ့ဗျာ ဟု မိန့်တော်မူ၏။

ဦးစန္ဒိမာသည် အင်ကြင်းပင်သို့ ရောက်ရှိခိုက် ဝေဘူဆရာတော်၏ နိဿယကို ခံယူ၍ တရားကျင့်ကြံသေး၏။ တစ်ည တရားမှတ်ရင်း မိမိရင်ဘတ်ပေါ်မှ ဝေဘူဆရာတော် ဈာန်ဖြင့် ကြွသွားကြောင်း ဖူးတွေ့လိုက်ရသဖြင့် ချက်ချင်း ထ၍ ဆရာတော်၏ ထန်းရွက်တဲထဲဝင်သွားပြီး ဆရာတော်ဘုရားအား ဝတ်ဖြည့်ဆဲမှာပင် 'ရန်ကုန်လက်မှတ်ယူထားပြီး ဘာကြောင့် လမ်းဘူတာ ဆင်းရတာလဲ' ဟု ဆီးမေးသဖြင့် 'တပည့်တော် သဘောပေါက်ပါပြီ ဘုရား' ဟု ပြန်လည်လျှောက်လိုက်သောအခါ ဆရာတော်ကြီးက 'ဒုတ္တာ၊ ကျောက်ချဉ်၊ ပင်လယ်ရေမြုပ်ဗျ' ဟု မိန့်ကြားပါသည်။ ထိုမိန့်ကြားချက်ကို ယနေ့တိုင် အဓိပ္ပါယ် ဖော်မရဖြစ်ဆဲဟု ဆိုပါသည်။ ထီးတော်တင်ခွင့်ပြုကြောင်း ဘိုးမင်းခေါင်သို့ ပြန်ပြောသောအခါ ထီးကိုစ္စ၌ မိုးညှင်းဆရာ တော်ကြီးဆန္ဒအရ အလုံမြို့ ပွဲစားကြီး ဦးဆိုးပေ၊ ဒေါ်တင်တင်တို့က ကျပ်ငွေ (၄၀၀၀/-)၊ ဘိုးမင်းခေါင် အလှူခံပုံးများမှ စုဆောင်းရငွေ (၁၄၀၀/-)၊ စုစုပေါင်း (၅၄၀၀-) ဖြင့် ထီးတော်တင်လှူပါသည်။ (ကျမ်းကိုး။ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီး ထေရုပ္ပတ္တိနှင့်ကျင့်စဉ်၊ စာ-၅၉)

**ဝေဘူဆရာတော်နှင့် အဘအောင်မင်းခေါင်ကြီး**
**ဒုတိယအကြိမ်အကြောင်းဆက်ခြင်း။**

ဒုတိယအကြိမ် ဘိုးမင်းခေါင်နှင့် ဝေဘူ ဆရာတော်တို့ ဆက်သွယ်မှုတွင် ဦးစန္ဒိမာကပင် ဆောင်ရွက်ပေးရသည်။ ဘိုးမင်းခေါင်က ကမ္ဗာလုံးတံဆိပ် သင်းပိုင်၊ ဗန္ဓုလတံဆိပ် ဧကသီကို ဝေဘူဆရာတော် ဦးကုမာရကိုပေးလှူရန် စေလွှတ်ပြန်သည်။ မိမိခေါင်းကို လက်ဖြင့်သပ်လိုက်သောအခါ ဆံပင်တစ်ချောင်း ပါလာ ရာ ၎င်းဆံပင်ပါ ဝေဘူဆရာတော်အား လှူခဲ့ပါ ဟု ဘိုးမင်းခေါင်က လျှောက်လိုက်၏။

ဦးစန္ဒိမာသည် ထိုအချိန်က ဝေဘူဆရာတော် သီတင်းသုံးနေသော ရွှေဘိုအောင်မြေသို့ လိုက်သွားရာ မှောင်စပျိုးချိန် ရောက်သွားသည်။ ဆရာတော်ကြီးအား ဘိုးမင်းခေါင် ဆက်ကပ်လိုက်သော ဆံပင်ကိုကပ်လှူရာ လက်ခံပြီး ခေါင်းအုံးကြားထားလိုက်သည်။ သင်္ကန်းမှာ အချိန်မရသဖြင့် နံနက်တွင်မှ ကပ်ရသည်။ ဆွမ်းခံကြွကာနီးချိန်တွင် ဆက်ကပ်ရာ အခု ဆုချီးမြှင့်ရမည်လားဟု မိန့်သဖြင့် ချီးမြှင့်ပါဘုရားဟု လျှောက်လျှင် ချက်ချင်းလဲဝတ်တော်မူသဖြင့် သင်္ကန်းအဟောင်းကို ဦးသုမနက သိမ်းယူသောအခါ ခြေဖြင့်ဖိထားပြီး ဦးစန္ဒိမာယူမှ ကြွပေးတော်မူသည်။

ဦးစန္ဒိမာက သင်္ကန်းဟောင်းကို ပေါင်ပေါ်တင်၍ ကိစ္စပြီးခဲ့ကြောင်းပြောရာ ဘိုးမင်းခေါင်

က သက်န်းကိုယူပြီး လက်ဖြင့်ပိုက်၍ သာသနာ တော်ကြီး ရောက်လာပြီ သာသနာကြီး ရောက်လာပြီဟု အားရဝမ်းသာ ရှိတော်မူသည်။ ထို့ နောက် ခေါင်းဖြင့်ရွက်၍ ရှင်ဥပဂုတ်မြသပိတ် ပေါ်တင်ထားလိုက်လေသည်။

ဘိုးမင်းခေါင် ကပ်လှူလိုက်သော သက်န်းမှာ မန္တလေးမြို့ (၂၈) လမ်းမှ အမေရင် (ဖွားဖွားရင်) ၏ ကောင်းမှုဖြစ်သည်ဟု ဆိုပါသည်။ ဆက်သွယ်ပေးရသော ဦးစန္ဒိမာ ကိုယ်တော်မှာ ဟသ်ာတနယ်၊ ဓမ္မိဇာတိဖြစ်၍ ယခုအခါ ဝေဘူ ဆရာတော်ကြီး ဈာပန ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ တော်ကို ထိန်းသိမ်းစောင့်ရှောက်ကာ ဓနုဖြူချောင်တွင် သီတင်းသုံးလျက်ရှိ၏။ (ကျမ်းကိုး။ ကျေးဇူးရှင်ဝေဘူဆရာတော်ကြီး ထေရုပ္ပတ္တိနှင့် ကျင့်စဉ်၊ စာ-၆၀) ဆရာတော်သည် (၁၃၁၁) ခုနှစ် ရွှေဘိုမှ ကြွသည်တွင် နိဗ္ဗာန်ဆော် ဦးတင်အောင် နှင့် ဦးချစ်မောင်တို့ လိုက်ပါသွားသည်။ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ သီတင်းသုံး၍ တရားရေအေးတိုက်ကျွေးတော်မူရာ သမ္မတဟောင်း စပ်ရွှေသိုက်ကိုယ်တိုင် ဆရာ တော်အား လာရောက်၍ ဝေယျာဝစ္စ ဆောင်ရွက်ပေးသည်။ သို့သော် ထို့ထက် စော၍ ဆရာကြီးဦးဘခင်၏ ပင့်ဖိတ်ချက်အရ ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း၊ ဓမ္မရောင်ခြည်တည်ရာသို့ ပထမဆုံး ကြွရောက်တော်မူဖူးသည် ဆိုလေသည်။

ဆရာတော် တက္ကသိုလ်ဓမ္မာရုံ၌ သီတင်းသုံးစဉ် ရန်ကုန်မှ ကျားကူးဆရာတော်နှင့် တွံတေးဆရာတော် လာရောက်တွေ့ဆုံ၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲ နီးပြီဖြစ်သဖြင့် ဆရာတော် တက်ရောက်စေလိုကြောင်း၊ ပရိယတ်မှာ ပြည့်စုံပေမယ့် ပဋိပတ်တွင် ဆရာတော်ပါမှ ပြည့်စုံမည်ဖြစ်ကြောင်း လျှောက်ထားကာ ပြန်ကြွတော်မူ ကြသည်။ (ကျမ်းကိုး။ ကျေးဇူးရှင်ဝေဘူဆရာတော်ကြီး ထေရုပ္ပတ္တိနှင့် ကျင့်စဉ်၊ စာ-၆၂)

ထိုရက်အတွင်း ရန်ကုန်မြို့တွင် သူ့ရပ်ကွက် အလိုက် ဆွမ်းခံထွက်ရာ နိုင်ငံတော် သမ္မတဟောင်း စပ်ရွှေသိုက်ကိုယ်တိုင် နောက်မှသပိတ် ပိုက်၍ လိုက်သည်။ ဆရာ တော်ကြွရာလမ်းအတိုင်း ယာဉ်အသွားအလာကို ယာဉ်ထိန်းရဲ များက ထိန်းသိမ်း ပေးရသည်။ ကြည်ညိုသူလူ အပေါင်းတို့ တိုးမပေါက်အောင် စည်ကားသည်။

ဆရာတော်သည် နေ့စဉ်ရသော လှူဖွယ် ပစ္စည်းများကို အလှူခံခဲ့သည့် ရပ်ကွက် များမှ ကျောင်းပေါင်း (၂၀) အား အညီအမျှ ခွဲဝေ လှူဒါန်းတော်မူသည်။ အဆိုပါ ပစ္စည်းများကို တပည့်ရင်း ဦးသုမနက သွားရောက်လှူဒါန်း သောအခါ ပစ္စည်းများ က အဆမတန် များပြားလွန်းနေသဖြင့် ရန်ကုန် မိုးညှင်းဆရာတော် ကြီးက 'ငါ တန်ခိုးကြီးလှပြီလို့ အောက်မေ့နေတာ။ လက်စသတ်တော့ မောင်ဝေဘူရဲ့ မီးဖို

ချောင်လောက် ရှိပါသေးလား' ဟု ရယ်ရယ်မောမောဖြင့် မိန့်တော်မူသည်ကို ဦးသုမနနှင့် အတူပါသွားသော ဦးထင်အောင်ကိုယ်တိုင် ကြားသိခဲ့ရသည်ဟု ဆိုပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဖိတ်ကြားခြင်းခံရ တော်မူသော ဝေဘူဆရာတော်ကြီးသည် ပထမနေ့တွင် အထူးဧည့်သည်တော် အခန်း၌ နေတော်မူ၏။ ဒုတိယနေ့တွင် မစိုးရိမ်ဆရာတော် နှင့်အတူ အလယ်ထပ်၌ သီတင်းသုံးရသည်။ တတိယနေ့တွင် ညောင်ရမ်းဆရာတော်နှင့် အမြင့်ဆုံးနေရာတွင် နေရာပေးခြင်း ခံယူတော်မူပြီးနောက် ညောင်ရမ်းဆရာတော်ကြီးသည် 'ဝေဘူဆရာတော်အား လိုဏ်ဂူပေါက်အထိ လိုက်ပို့ကာ ပရိသတ်တို့အား 'ဝေဘူဆရာတော် ဟဲ့ ဖူးကြ ဖူးကြ' ဟု မိန့်တော်မူသည်။ သင်္ဂါယနာတင်ပွဲ ပြီးလျှင်ပြီးချင်း ရွှေဘိုသို့ ပြန်ကြွသွားလေရာ ထိုအချိန်က ရန်ကုန်ဘူတာကြီးကို အသစ်တည်ဆောက်ပြီးဖြစ်၍ မီးရထားမင်းကြီး ဦးသိန်းညွန့်ကို အကြောင်းပြုပြီး ရန်ကုန်ဘူတာကြီးအား ပရိတ်ရွတ်ကာ ဝေဘူဆရာတော်ကြီး က ဖွင့်လှစ်ပေးခဲ့သည်။ ဘူတာရုံကြီးကို ဝေဘူ ဆရာတော်သည် သံဃာအပါး (၂၀) ဖြင့် မေတ္တသုတ်ရွတ်ကာ ဖွင့်လှစ်ပေးတော်မူသည်။

## ဦးဖိုးအောင် (ဦးအာစိဏ္ဏ) ၏ ဇာတိ၊ မျိုးရိုးတို့အကြောင်းကို ယခုခေတ် ဆက်လက်သုတေသနပြုသူတို့၏ ဖော်ပြချက်ကို ပြန်လည်တင်ပြခြင်းစာတမ်း။

အဘအောင်မင်းခေါင်ကြီးကို ယခုခေတ်လူငယ်များသည် အထူးစိတ်ဝင်စားကြကြောင်း သတိထားမိပါသည်။ စိတ်ဝင်စားသူများကြောင်းကို ဘိုးမင်းခေါင်နှင့် စပ်လျဉ်းသော စာအုပ်စာတမ်းများ အများအပြားထွက်လျက်ရှိသည်က သက်သေခံနေပါသည်။ တစ်နေ့သောအခါ ဤစာပြုသူသည် ဂျာနယ်တစ်စောင်ကို ဖတ်ရှုမိပါသည်။ ထိုဂျာနယ်တွင် သက်ဝင်းမောင် ဆိုသူသည် ၁၀. ၉. ၂၀၁၂ ရက်နေ့ထုတ်၊ Newsweek ဂျာနယ်၊ စာ-၂ တွင် ဦးဘိုးအောင် (ဦးအာစိဏ္ဏ) ၏ ဇာတိမျိုးရိုးအကြောင်း ကို စေ့စေ့စပ်စပ် လေ့လာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သူ၏ ဆောင်းပါးပါ လေ့လာချက်များမှာ စေ့စေ့စပ်စပ် စုံစုံလင်လင်ရှိလှသည်။ သုတေသီများအတွက် အထူးအရေးကြီးလှသည်။ သူ၏စာအပေါ် အောက်ပါအတိုင်း လေ့လာတင်ပြပါ မည်။

(၁)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အုပ်စုနေ စင်မြင့်ဘုရား မြောက်ဘက်ထိပ်တွင် နေထိုင်သော အဘ၏ သားမြေးဖြစ်သူ အဘမောင်ငယ်၊ အဘကျော်ရီ၊ အဘရီဆုံ၊ အဘသောင်းရွှေ၊ အဘသန်းညွှန့်၊ အဘကံယုံ၊ အဘငြိမ်းမောင်၊ အဘဦးမွှေး၊ အဘရွှေဖားတို့နှင့် စင်မြင့်အရပ်သား မောင်ပုနှင့် စင်မြင့် ကျောင်းထိုင်ဆရာတော် ဦးသောဘိတတို့အား (၉. ၉. ၂၀၁၂) ရက်နေ့တွင် စာရေးသူက တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့၏ ပြောပြချက်အရ ဦးဖိုးအောင် (ဦးအာစိဏ္ဏ) ၏ ဖခင်ဘက်တွင် ညီအစ်ကို မောင်နှမ မွေးချင်းခုနစ်ယောက်ရှိခဲ့ကြောင်း၊ မွေးချင်းခုနစ်ယောက်စလုံး စင်မြင့်ရွာတွင် မွေးဖွားခဲ့ကြပြီး စင်မြင့်ရွာသူရွာသားများနှင့်သာ အိမ်ထောင်ကျခဲ့ကြောင်း၊ ဘကြီး၊ ဒေါ်ကြီးများကို ဖော်ပြရလျှင် - (၁) ဘကြီးစန်း၊ (၂) ဖိုးမောင်ပု၊ (၃) မင်းလက်ဝဲ၊ (၄) မယ်ဝါပေါက်၊ (၅) ဒေါ်ဂေါက်စံနှင့် ကျန်ရှိသည့် မွေးချင်းနှစ်ဦး၏ အမည်များ မမှတ်မိ၊ သိရှိပါကြောင်း ပြောပြခဲ့သည်။

(၂)

ဘကြီးလတ် မင်းလက်ဝဲမှာ မင်းတုန်းမင်းလက်ထက်တွင် မင်းခစားယောက်ျားမင်းစေအဖြစ် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ဘကြီးဆုံး၊ ဘကြီးစန်း

မှာ စင်မြင့်သူ မယ်ဘုမနှင့် အိမ်ထောင်ကျပြီး သမီး (၄) ယောက် ထွန်းကားခဲ့ကြောင်း၊ ၎င်းတို့ မှာ- (၁) ဒေါ်ဝိုင်း၊ ဒေါ်မယ်ကြွေ၊ ဒေါ်မယ်မွေ၊ ဒေါ်ငယ်ကေတို့ဖြစ်ကြောင်း သိရသည်။

ဦးဖိုးအောင် (ဦးအာစိဏ္ဏ) ၏ အဖေ ဦးမောင်ပုမှာ စင်မြင့်သူဒေါ်မင်းနှင့် အိမ်ထောင်ကျ၍ ဦးဖိုးအောင် (ဦးအာစိဏ္ဏ) အပါအဝင် မွေးချင်း (၅) ယောက်ရှိခဲ့ပါသည်။ ၎င်းတို့မှာ (စင်မြင့်) ဖိုးမောင်ပု+ဒေါ်မင်း (စင်မြင့်) (၁) ဖိုးသောင် (၁) ဖိုးအောင် (ခေါ်) ဦးအာစိဏ္ဏ (ခေါ်) ကိုရင်ကြီး (၃) ဖိုးထွန်းမောင် (၄) ဖိုးအေးဆောင် (၅) ဒေါ်အေးမြင့်။

(၃)

ဦးဖိုးအောင် (ဦးအာစိဏ္ဏ) မှာ မွေးချင်း (၅) ယောက်အနက် ဒုတိယ သားရတနာတစ်ဦးဖြစ်ကြောင်း သိရသည်။

ဦးဖိုးအောင်သည် အရှင်အာစိဏ္ဏ ဖြစ်လာသည်။ အရှင်အာစိဏ္ဏကို တစ်ရွာလုံးက ကိုရင်ကြီးဟု ခေါ်ကြကြောင်း သိရှိရပါသည်။

(၄)

မိတ္ထီလာမြို့၊ စည်းခုံကြီးကျောက်တံခါးတောရ ကျောင်းတိုက်တွင် အဘိဓမ္မာ၊ ပရိယတ္တိပညာများကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ပြီး စင်မြင့်ရွာသို့ ပြန်လာစဉ်အခါတိုင်း၌ ၎င်း၏ ပညာသင်ကျောင်းမှ ပေစာများကို အမြဲယူ ဆောင်လာခဲ့သည့်ကိစ္စရပ်မျိုးလည်း ရှိခဲ့သေးသည်။ ရဟန်းဘဝတွင် ပရိယတ္တိစာပေကို (၆) ဝါမျှသင်ယူခဲ့ပြီးနောက် (၇) ဝါမြောက်တွင် မိမိ မွေးရပ်မြေ မင်းကျောင်းတိုက်ရှိရာစင်မြင့်ရွာသို့ ပြန်လာခဲ့ပါသည်။ ၎င်းအချိန်တွင် ကျောင်းထိုင်ဆရာတော်မှာရှင်ဇောတိဖြစ်ပါသည်။

(၅)

လူထွက်ချိန်တွင် ရဟန်းသိက္ခာ ကျ/မကျ မသိရပါ။ အရှင်အာစိဏ္ဏသည် အိမ်နှင့် လဲလျောင်းရာလမ်းတွင် တရားအားထုတ်ခဲ့ကြောင်းနှင့် အဓိကအလုပ်မှာလဲလျောင်းခြင်းပင် ဖြစ်သည်။ ညစာမစားပါ။ လူ သတ္တဝါများကို ကယ်တင်ပြီးသာသနာကို အမြဲတမ်းကြည်ညိုခဲ့ပါသည်။ သာသနာကွယ်ပျောက်မည်ကို ကြောက်ရွံ့၍ ဖြစ်ကြောင်း စင်မြင့်ကျောင်းထိုင် ဆရာတော် ဦးသောဘိတ ပြောပြခဲ့သည်။

(၆)

စင်မြင့်ရွာသား ဦးမောင်မောင်ဖုန်း (ခေါ်) ဘဖုန်းက ပြောပြသည်မှာ (၂၂၇)

သွယ်သော သိက္ခာတော်ကို ချစ်မြတ်နိုးသည့်အတွက် (မြတ်စွာဘုရား၏ဝိနည်းတော်အရ ဘုရားသားသမီးများသည် ဘုရားတည်၊ ကျောင်း ဆောက်လုပ်ရန် မရဖြစ်သဖြင့်) သက်နိုးချွတ်ခဲ့သော်လည်း သိက္ခာမကျသောကြောင့် ဘုရားတည် ကျောင်းဆောက်အလုပ်ကို လုပ်ကိုင်ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

(၇)

တတိယမျိုးဆက်အဖြစ် ဦးဖိုးအောင် (ဦးအာစိဏ္ဏ) ၏ ဘကြီးစန်း၏ သမီးငယ် ဒေါ်ငယ်တာမှာ စင်မြင့်ရွာသား ကိုဖိုးနှမ်းနှင့်အိမ်ထောင်ကျကာ သားသမီး (၅) ဦး ထွန်းကားခဲ့ပါသည်။ အစဉ်အတိုင်းဖော်ပြရလျှင် ဒေါ်ငယ်တာ (စင်မြင့်သူ) + ကိုဖိုးနှမ်း (စင်မြင့်သား) တို့၏ သားသမီးများမှာ - (၁) ကိုချစ်လှည့်၊ (၂) ကိုဖိုးကြည်၊ (၃) ကိုဖိုးထင်၊ (၄) ဒေါ်ညိုသ (၅) ကိုအောင်ခင်တို့ ဖြစ်ကြသည်။
စတုတ္ထမျိုးဆက်အဖြစ် ဦးဖိုးအောင် (ဦးအာစိဏ္ဏ) ၏တူဖြစ်သူ ကိုအောင်ခင် (စင်မြင့်) ရွာသားမှာ ဒေါ်မိသန့် (မြင်သာ) သူနှင့် အိမ်ထောင်ကျ၍ သားသမီး (၄) ဦး ထွန်းကားခဲ့ပါသည်။ သားသမီးများမှာ ယခုထက်တိုင် သက်ရှိထင်ရှားရှိနေပြီး ဆရာတော်တစ်ပါးပင် ရှိကြောင်း သိရသည်။ အစဉ်အတိုင်းဖော်ပြရလျှင် (စင်မြင့်သား) ကိုအောင်ခင်+ ဒေါ်မိသန့် (မြင်သာသူ) တို့၏ သားသမီးများမှာ - (၁) မဆယ်တင် (ပြည်မြို့၊ ယခု အသက် ၆၀-ခန့်) မဆယ်ရင် (ပြည်မြို့၊ ယခု အသက် ၅၅-ခန့်၊ ဦးကျော်သောင်း (ပြည်မြို့၊ ကြည်သာအေးမြ ဆရာတော် ဦးကောသလ္လ) ကိုဟန်အောင် (အသက် ၂၅ နှစ်အရွယ်တွင် ဆိုင်ကယ်မှောက်ခဲ့သဖြင့် ပြည်မြို့တွင် ကွယ်လွန်ခဲ့သည်) တို့ ဖြစ်ပါသည်။

(၈)

ယခုလက်ရှိ စင်မြင့်ရွာ မင်းကျောင်းတွင် သာသနာပြုဆရာတော် (၄) ဆက်ရှိခဲ့ပါသည်။ အစဉ် အတိုင်းဖော်ပြရလျှင် (၁) ပထမဆရာတော် ဦးပညာ (၂) ဒုတိယဆရာတော် ဦးနာဝိန္ဒ (၃) တတိယဆရာတော် ဦးဉာဏ (၄) စတုတ္ထဆရာတော် ဦးသောဘိတတို့ ဖြစ်သည်။ ဆရာတော် (၄) ပါးစလုံး၏ မိဘနှစ်ပါးနှင့် ဘိုးစဉ်ဘောင်ဆက်များမှာ စင်မြင့်ရွာသားများ ဖြစ်၍ စင်မြင့်ရွာမှ ပေါက်ဖွားလာသော ဆရာတော် မထေရ်ကျော်များပင် ဖြစ်ကြပါသည်။ ယခုလက် ရှိ စတုတ္ထဆရာတော် ဦးသောဘိတမှာ ငယ်ဖြူဖြစ်ပြီး သက်တော် (၄၅) နှစ်၊ ဝါတော် (၂၅) ဝါဖြစ်ကာ ငယ်စဉ်က စင်မြင့်မင်းကျောင်းသားဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကို အစပြုကာ စင်မြင့်ရွာကလေးနှင့် ရွာနီးချုပ်စပ်ရှိ ကလေးများကို စာပေပညာသင်ကြားပေးခဲ့သည်။

# အဘ အောင်မင်းခေါင်ကြီးနှင့် ကျောက်ပန်းတောင်းခရိုင်၊ နှစ်ကျပ်ခွဲရွာက အဘ ဦးမောင်ကိုး

အောင်တော်မူ ရွှေစေတီစခန်းမှာ အဘိုးကိုး ဟု ထင်ရှားသော အဘဦးမောင်ကိုး စတင်ဖော်ထုတ်ခဲ့သော နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။ အဘိုးကိုး ထွက်ရပ်လမ်းမမြန်းခင်အချိန်က ထိုနေရာတွင် သာသနာပြုလုပ် ငန်းများ ကြိုးစား ဆောင်ရွက်ခဲ့ရာ လူသိများ ထင်ရှားခဲ့ကြောင်းလည်း သိရှိရပါသည်။

**အောင်မင်းခေါင်နှင့် ဦးမောင်ကိုးတို့၏ ရှေးရှေးကအကြောင်း**

ရှေးအခါက ဘုရင် အင်းဝမင်းခေါင် အရေးနိမ့်၍ တိမ်းရှောင်ပုန်းခိုခဲ့သော နေရာဖြစ်ကြောင်း ထိုနေရာတွင် ရက္ခစိုး နတ်ကြီးက စောင့်ရှောက်ကူညီပေးခဲ့သော နေရာလည်း ဖြစ်သည်ဟု ဆိုကြောင်း ဦးမောင်ကိုးမှတစ်ဆင့်သိရှိရပါသည်။

**ယခုဘဝ အောင်မင်းခေါင်၊ ယခုဘဝ ဦးမောင်ကိုး**

နောင်သောအခါ မျက်မှောက်ကာလတွင် အင်းဝမင်းခေါင်သည် အဘအောင်မင်းခေါင် ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။ ထို ရက္ခစိုးနတ်ကြီးမှာ အဘိုးကိုးဖြစ်လာကြောင်း သိရှိရပါသည်။ အင်းဝမင်းခေါင် ဘဝ အရေးနိမ့်စဉ်က ရက္ခစိုးနတ်ကြီး ကယ်ခဲ့သောကျေးဇူးကြောင့် အထွတ်အထိပ် သို့ ပြန်လည်ရောက်ရှိရသည်ဟူ၍ ကျေးဇူးဆပ်လိုသော သဘောဖြင့် သိဒ္ဓိရှင် အဘအောင်မင်းခေါင်ကြီးသည် ရက္ခစိုးနတ်ကြီးတစ်ဖြစ်လဲ ဦးမောင်ကိုးအား တစ်ဖန် ပြန်လည် ကျေးဇူးဆပ်ခဲ့ခြင်း ဖြစ်သည်ဟုလည်း ဦးမောင်ကိုးမှတစ်ဆင့် သိရှိရပါသည်။

အဘ ဦးမောင်ကိုး၏ ဇာတိမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ (ယခု တော့ ခရိုင်)၊ ကူတော ပလ္လင်ရွာဇာတိဖြစ်၏။ အဖမှာ ဦးထွန်းအေး ဖြစ်၏။ အမိ မှာ ဒေါ်သာမြန်ဖြစ်၏။ ဦးမောင်ကိုး၏ ဖွားသက္ကရာဇ်မှာ (၁၂၈၃) ခုနှစ်၊ ဝါခေါင်လဆန်း (၆) ရက်၊ ခရစ် (၉၊ ဩဂုတ်လ၊ ၁၉၂၁)၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ (အချို့ မှတ်တမ်းတွင် တနင်္ဂနွေနေ့ဟု ပါရှိ၏။ နှစ်တစ်ရာပြက္ခဒိန်အရ အင်္ဂါနေ့ ဖြစ်ပါ၏)



ဦးမောင်ကိုးသည် ကလေးဘဝအရွယ်ကတည်းက ဘုန်းတော်ကြီးကျောင်းတွင် နေပြီး ကိုရင်ဝတ်ခဲ့ကြောင်း သိရှိရပါသည်။
ထို့နောက် (၁၃၀၃) ခုနှစ်၊ ခရစ် (၁၉၄၁) ခုတွင် မဖွားယွန်ဆိုသူနှင့် အိမ်ထောင်ကျကြောင်း သိရပါသည်။ သားသမီးများမှာ မမြသန်း၊ မညွန့်၊ မခင်၊ မောင်စိန်ဝင်း၊ မမြင့်မြင့်သန်း ဟူ၍ ဖြစ်၏။ သား သမီး (၅) ယောက် ထွန်းကားခဲ့၏။

ဦးမောင်ကိုးတို့သည် ကူတောပလ္လင်ရွာ၌ပင် နေထိုင်ခဲ့၏။ လုပ်ငန်းမှာ မိရိုးဖလာ တောင်ယာ အလုပ်ဖြစ်၏။ ဦးမောင်ကိုး အသက် (၃၅) နှစ်အရွယ် ရောက်သော အခါတွင် မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ကြီးသည် ဟိုးဟိုးကျော် ထင်ရှားနေချိန် ဖြစ်၏။

**သမ္ဗုဒ္ဓေစေတီမှ ဝိဇ္ဇာမှတ်တမ်း**

မုံရွာနယ်တွင် မိုးညှင်းဆရာတော်ကြီး ထင်ရှားကျော်စောနေချိန်တွင် ပုပ္ပါးတောင် တွင်လည်း အောင်မင်းခေါင်ကြီးသည်၏ သာသနာပြုလျက် ရှိ၏။

**မိုးညှင်းဆရာတော်နှင့် ဘိုးမင်းခေါင်အကြောင်းဆက်ပုံ**

မိုးညှင်းဆရာတော်ဘုရားကြီးသည် အောင်မင်းခေါင်ကြီးသည် မည်သို့သောပုဂ္ဂိုလ် ထူး ဖြစ်သည်ကို (သာမန်မဟုတ်၊ အရိမေတ္တယျအလောင်းတော်ကြီး လူ့ပြည်သို့ ဆက်လျက် သာသနာပြုနေခြင်းဖြစ်ကြောင်းကို ကောင်းစွာ သိသောကြောင့်) မိုးညှင်း သမ္ဗုဒ္ဓေစေတီတော်ကြီး တည်ဆောက်ရန် စတင်စီစဉ်သောအခါတွင် မိမိနှင့် အဆက်အသွယ်ရှိသော မင်းရွာက သူကြီးဦးဗလကိုခေါ်ပြီးလျှင် ပုပ္ပါး တောင်ကလပ်သို့ သွားစေ၍ အောင်မင်းခေါင်ကြီးအား အဆက်အသွယ်ပြုလုပ် သည်ဟု ထပ်ဆင့်သိရှိရပါသည်။ မိုးညှင်းဆရာတော်ကြီးမှလည်း အောင်မင်းခေါင် ကြီးထံသို့ စာတစ်စောင်ရေးပေးကြောင်း ၎င်းနောက် အောင်မင်းခေါင်ကြီးမှ မည်သို့ အမှာစကားရှိသည်ကိုလည်း အသေအချာရေးသားမှတ်သားခဲ့ရန် မိန့်မှာခဲ့ ကြောင်း သိရှိရပါသည်။

အောင်မင်းခေါင်ကြီး မိန့်ကြားလိုက်သည်များကို အကြောင်းပြု၍ သမ္ဗုဒ္ဓေ စေတီ တော်ကြီးကိုလည်းကောင်း၊ ပန်းစေတီ၊ စ-ဓ-ဗ-ဝ အင်းစေတီ စသည်များကို လည်းကောင်း ပန္နက်ချကြောင်း၊ တည်ထားကြောင်း မှတ်တမ်းများအရ သိရှိရပါ သည်။ သမ္ဗုဒ္ဓေစေတီတော်တွင် ဝိဇ္ဇာမှတ်တမ်းများ ရေးထိုးမှတ်တမ်းတင်ထားခဲ့ ကြောင်း သိရှိရပါသည်။ ပုပ္ပါးအောင်မင်းခေါင်ကြီးနှင့် ဦးခန္တီတို့ကို အကြောင်းပြု၍

မိုးညှင်းဆရာတော်ကြီးသည် အောင်မင်းခေါင်ကြီးရုပ်တု၊ ရသေ့ကြီးဦးခန္တီရုပ်တု တို့ကိုပင် ထုလုပ်ထားကြောင်း၊ ဦးခန္တီကိုပင် ရသေ့ဝိဇ္ဇာ ဦးခန္တီဟု စာတမ်းထိုးထား ကြောင်း သိရှိရပါသည်။ မိုးညှင်းဆရာတော် စေခိုင်းချက်အရ ပုပ္ပါးတောင် ကလပ် တွင် ဦးမင်းခေါင်နှင့် တွေ့ဆုံစဉ်က ဦးဗလအား အောင်မင်းခေါင်ကြီးက 'တစ်နေ့ ကျရင် မင်းနဲ့ငါက အတွေ့ကြီး တွေ့ရဦးမှာပါ' ဟု မှာကြားလိုက်ကြောင်း သိရှိရပါ သည်။ ၎င်းနောက် ဦးမောင်ကိုးကို အကြောင်းပြု၍ ဦးဗလနှင့် ပြန်လည်တွေ့ဆုံ ကြောင်း မှတ်တမ်းရှိပါသည်။

(၁၃၁၄) ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂) ရက်နေ့၊ နေ့ (၂) နာရီအချိန် ပုပ္ပါးတောင်ကလပ်တွင် အောင်မင်းခေါင်ရုပ်ကြီးကို စွန့်ပြီးကြောင်း အများသိပြီး ဖြစ်ပါသည်။ ၎င်းနောက် (၅) နှစ် ကြာသောအခါ (၁၃၁၉) ခုနှစ်၊ ကဆုန်လပြည့် ကျော်ရက်တွင် ဦးမောင်ကိုး ယာထွန်နေရင်း အဘအောင်မင်းခေါင်က အကြား ဓာတ်ဖြင့် ပြောကြားခဲ့ကြောင်း ထပ်ဆင့် သိရှိရပါသည်။ ဦးမောင်ကိုးတို့က ရိုးသား သူများ ဖြစ်သောကြောင့် အကြောင်းအရာဇစ်မြစ်ကို မသိခဲ့ပေ။

(၁၃၁၉) ခုနှစ်၊ နယုန်လဆန်း (၉) ရက်နေ့တွင် ဦးမောင်ကိုးအား အောင်မင်းခေါင် နာမ်ကိန်းခဲ့ကြောင်း သိရှိရပါသည်။ အောင်မင်းခေါင်ကြီး နာမ်ကိန်းသော ဦးမောင်ကိုးကို သမ္ဗုဒ္ဓေဆရာတော်ဘုရားကြီးက ယုံကြည်ခဲ့ကြောင်း မှတ်တမ်းရှိ ပါသည်။

အောင်မင်းခေါင်ကြီး ထိုသို့ နာမ်ကိန်းပြီးလျှင် ဦးမောင်ကိုးသည် သူကြီး ဦးဗလအိမ် သို့ သွားလေ၏။ ဦးဗလအိမ်သို့ ရောက်သောအခါ သူကြီး ဦးဗလက ဦးမောင်ကိုး အမူအရာကို အကဲခတ်ပြီး ၎င်းအား မလေးမခန့်လာလုပ်နေသည်ဟု စိတ်တွင်းမှ တွေးနေစဉ် 'မင်းနဲ့ငါ တစ်နေ့ ကျရင် အတွေ့ကြီး ပြန်တွေ့ရဦးမှာပါလို့ ငါ ပြောခဲ့တဲ့ အတိုင်း အခု လာတွေ့တာပဲ' ဟု ပြောလေ၏။ ထိုအခါမှ ပုပ္ပါးက အောင်မင်းခေါင် ကြီးနှင့် ဦးဗလတို့ ပြောခဲ့သောစကားများကို ဦးဗလက ပြန်လည် သတိရသည်ဟု ဆိုပါသည်။

ထိုအကြောင်းကို မိုးညှင်းဆရာတော်ကြီး ကြားသိလေသောအခါ ဦးမောင်ကိုး အားခေါ်၍ အကျိုးအကြောင်းမေးကြည့်သည်ဟု ဆိုပါသည်။ ထိုအခါ ဦးမောင်ကိုး ကို အောင်မင်းခေါင်ကြီး နာမ်ကိန်းခြင်းဖြစ်ကြောင်း သမ္ဗုဒ္ဓေဆရာတော်က လက်ခံ သည်ဟု ဆိုပါသည်။

ယခု ဘုရားကြီးကို အနေကဇာတင်ပွဲ ပြုလုပ်သည်ကိုလည်း အောင်မင်းခေါင်ကြီး နာမ်ကိန်းသော ဦးမောင်ကိုးနှင့် တိုင်ပင်၍ ပြုလုပ်ကြောင်း ထပ်ဆင့်သိရှိရပါသည်။ ဦးမောင်ကိုး အကြံပေးသည့်အတိုင်း (၁၃၂၀) ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ကို ရွေးချယ်ခဲ့ကြောင်း သိရှိရပါသည်။ ဆရာတော်ကြီး ဆောင်ရွက်မှုကိုကြည့်ပြီး ဇဝေဇဝါဖြစ်ကြရသည်။ သမ္မဒ္ဒေစေတီတော်ကြီး ပန္နက်ချသည်မှစကာ အနေကဇာတင်သည်အထိ ကူညီ ဆောင်ရွက်ပေးခဲ့သော အောင်မင်းခေါင်ကြီး၏ ကျေးဇူးများကိုလည်း မိုးညှင်းဆရာတော်က မြွက်ကြားသည်ဟု ဆိုပါသည်။ ထို့ကြောင့်လည်း သမ္မဒ္ဒေစေတီတော်၏ တနင်္ဂနွေထောင့်တွင် ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ပေးခန်းတွင် ချီးကျူးစာများကို မှတ်တမ်းတင်ထားခဲ့သည်ဟု သိရှိရပါသည်။

**ရွှေစေတီတောင်ဦး ထူးတဲ့ရုပ်ပွားတော်**

အောင်မင်းခေါင်ကြီး နာမ်ဓာတ်ကိန်းစဉ်က ဦးမောင်ကိုးမှာ အသက် (၃၅) နှစ်အရွယ်မျှသာ ရှိသေးကြောင်း သိရှိရပါသည်။ လာသမျှလူတွေကို အမဲသား၊ နွားသား မစားကြဖို့၊ ရှောင်ကြဉ်ကြဖို့ အမိကထား ပြောကြားကြောင်း သိရှိရပါသည်။ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်ကြရန် ဟောပြောဆုံးမခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် အဘဦးမောင်ကိုးသည် သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရင်း အတိတ်ဘဝက တည်ထားခဲ့သော ရန်ပြေ မာန်ပြေစေတီတော် နေရာကို ရှာဖွေရှင်းလင်း ကြသည်။ ထို့နောက် (၁၃၂၃) ခုနှစ်တွင် ပန္နက်ချ၍ စတင်တည်ကြရာ (၁၃၂၄) ခုနှစ်တွင် ပြီးစီး၍ တပေါင်းလပြည့်နေ့တွင် အနေကဇာတင်ကြသည်။ ထိုဘုရား အနေကဇာ တင်ပွဲကို မိုးညှင်းဆရာတော်ကြီး ကိုယ်တိုင် ကြွရောက်ပြီး အနေကဇာတင်ပေးခဲ့ကြောင်းလည်း သိရှိရပါသည်။ ထိုစဉ်က ဟောသောတရားတွင် ဝိဇ္ဇာမိုရ်အောင်မင်းခေါင်ကြီးသည် သာမန်မဟုတ်ကြောင်း၊ အရိမေတ္တေယျအလောင်းတော်ကြီးဖြစ်ကြောင်း ထည့်သွင်းဟောကြားသည်ကိုလည်း ထပ်ဆင့်သိရပါသေးသည်။ ထိုအကြောင်းတို့ကို အရှင်ဇောတိပါလ၏ နဂါးရစ်တောင်သမိုင်းတွင်လည်း ထပ်ဆင့်သိရပါသေးသည်။

ဦးမောင်ကိုးထံသို့ ရောက်လာကြသော ဧည့်ပရိသတ်များတွင် လူမျိုးပေါင်းစုံ၊ ဘာသာ ပေါင်းစုံ ပါဝင်ရာ ဦးမောင်ကိုးသည် အင်္ဂလိပ်နှင့်တွေ့လျှင် အင်္ဂလိပ်လိုပြောကြောင်း၊ ကုလားနှင့်တွေ့လျှင် ကုလားလိုပြောကြောင်း၊ တရုတ်နှင့် တွေ့လျှင် တရုတ်လို ပြောကြောင်း အပြန်အလှန် ဆွေးနွေးပြောဟောကြောင်း သိရှိရပါသည်။ အကယ်၍ ပရိသတ်ထဲတွင် မယုံကြည်သူများပါလျှင် ထိုသူများ၏ အမြင်မျက်စိတွင်

ဦးမောင်ကိုး ရုပ်သွင်ပျောက်ပြီး ဦးမောင်ကိုးမဟုတ်တော့ဘဲ အောင်မင်းခေါင်ကြီး ကိုသာ တွေ့ရကြောင်း မှတ်တမ်းရှိပါသည်။ (၁၃၁၉) ခုနှစ်လောက်က အားလုံး မြင်သာအောင် အောင်မင်းခေါင်ကြီး ရုပ်သွင် ရုပ်ပြောင်းပြခဲ့သည်ဟု ဆိုပါသည်။

ဦးမောင်ကိုး (အဘိုးကိုး) သည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရင်း (၁၃၅၂) ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။

(ကျမ်းကိုး၊ အောင်ခိုင်လင်း၊ ကုသလာ ဓမ္မာ ပုညာ မြောက်စေဖို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၂၇၊ ၁၉၉၇ ခု၊ ဖေဖော်ဝါရီလ၊ စာ-၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ တို့တွင် အကျယ်တဝံ့ ဖတ်ရှုနိုင်ပါသည်။ ဆရာအောင်ခိုင်လင်းသည် စေ့စေ့စပ်စပ် ရေးထားသည်ဖြစ်ရာ ပြည့်ပြည့် စုံစုံ သိလိုသူတို့သည် ဦးမောင်ကိုး၏ ဇာတ်လမ်းကို အထက်ပါ မဂ္ဂဇင်းတွင် ဖတ်ရှုတော်မူကြပါဟု တိုက်တွန်းလိုက်ပါသည်။ ဤစာတွင်လည်း ဦးမောင်ကိုးနှင့် စပ်လျဉ်း၍ ဆရာအောင်ခိုင်လင်း၏ မှတ်တမ်းများကို သာ အဓိကထား ရေးသားပါသည်။ ဦးမောင်ကိုး အကြောင်း ကြားဖူးသော် လည်း အဆိုပါ မှတ်တမ်းတင်ဆောင်းပါးဆရာလောက် အသေအချာ မသိခဲ့ပါ။)

# အဘ အောင်မင်းခေါင်ကြီးနှင့် ပုပ္ပါးမယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်

ပုပ္ပါးတောင်ကလပ် သာသနာပြု ရသေ့မကြီးတွေထဲမှာ မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်ဟာ အထူးခြားဆုံးဖြစ်ကြောင်း၊ ပုပ္ပါးဆရာတော် မိန့်ကြားခဲ့ဖူးကြောင်း သိရှိရပါသည်။ မယ်တော်ကြီးနှင့် ကိုယ်တိုင် ဆုံခဲ့ဖူးသော အမေချော ဆိုသူ၏ ပြောပြချက်အရ မယ်တော်ကြီးဒေါ်မြင့်မြင့်အောင်သည် အသက် (၂၀) အရွယ်တွင် သထုံမြို့မှ ဒေါ်ဉာဏသီနဲ့အတူ ပုပ္ပါးတောင်ကလပ်သို့ ရောက်လာခဲ့ ကြောင်း၊ တရားဘာဝနာအားထုတ်ခဲ့ကြောင်း၊ ဒေါ်ဉာဏသီက ဝိပဿနာ အားသန်ကြောင်း၊ မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်က သမထကို အားသန်ကြောင်း မှတ်တမ်းတွင် ဖတ်ရှုရပါသည်။

အောင်မင်းခေါင်ကြီးကိုယ်တော်တိုင် သိဒ္ဓိချီးမြှင့်ခဲ့ကြောင်း၊ ၎င်းတို့မှာ ဒေါ်ဉာဏသီနှင့် ဒေါ်မြင့်မြင့်အောင်တို့ ဖြစ်ကြောင်း သိရှိရပါသည်။ ဒေါ်မြင့်မြင့်အောင်အား လက်ဖဝါး ဖြန့်ခိုင်းပြီး သိဒ္ဓိဝင်ပစ္စည်းများ ပေးလိုက်ကြောင်း၊ ဒေါ်မြင့်မြင့်အောင် လက်ဖဝါးထဲ မှာ ဓာက်လုံးနှင့် လက်ဖွဲ့တွေ့ရကြောင်း၊ ဒေါ်ဉာဏသီလက်တဲမှာ ဘာမှ မတွေ့ရကြောင်း ဖတ်ရှုရပါသည်။

မယ်တော်ကြီးဒေါ်မြင့်မြင့်အောင်သည် ပုပ္ပါးတောင်ကလပ် အတက်လမ်း ညာဘက်ဂူ ပျဉ်ကျောင်းကြီးမှာ ပထမဆုံး နေထိုင်ခဲ့သူဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့ တောင်ကလပ်ထိပ် ပေါ်သို့ ရောက်သောအခါ ထိုသစ်သားဇရပ်ကလေးကို တွေ့ရှိရပါသေးသည်။ ထိုသစ်သားဇရပ်တွင် နေထိုင်ကျင့်ကြံအားထုတ်ခဲ့သော ဒေါ်မြင့်မြင့်အောင်သည် ပေါက်မြောက်အောင်မြင်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရပါသည်။ ဒေါ်မြင့်မြင့်အောင်သည် ရန်အောင်မြင်ဘုရားမှာ အမြဲပုတီးစိပ်လေ့ရှိကြောင်း၊ ပုပ္ပါးတောင်မကြီးမှာလည်းတက် ပြီးအဓိဋ္ဌာန်ဝင်ကြောင်း သိရှိရပါသည်။

မယ်တော်ကြီးဒေါ်မြင့်မြင့်အောင်၏ ထူးခြားချက်မှာ အများမျက်မြင် ဖြစ်ကြောင်း တွေ့ရှိဖူးသူတို့က ပြောဆိုကြပါသည်။ ဒေါ်မြင့်မြင့်အောင်၏ ကျောင်းတွင် စတုဒိသာ အလှူကျွေးမွေးသည့်အခါများတွင် ဒေါ်မြင့်မြင့်အောင်သည် အစာအာဟာရထည့်ထားသည့် အိုးပေါ်တွင် မိမိလက်ကိုတင်ပြီးလျှင် ဘယ်နှနာရီအထိ ကျွေးချင်တယ်ဟု နှုတ်က ပြောဆိုပါသည်။ ထိုသို့ ပြောဆိုမှုကြောင့်ပင်



ညည့်သည် လူဘယ်လောက်များများ လာပါစေ ကုန်သည် ခမ်းသည်ဟူ၍ မရှိ။ မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်ပြောထားသည့်အတိုင်းပင် နာရီမပြည့်မချင်း စားသောက်ဖွယ်ရာတို့ မကုန်ခမ်းကြောင်း၊ နာရီပြည့်မှ ကုန်ခမ်းသွားကြောင်း မျက်မြင်ကိုယ်တွေ့ ပြောပြကြပါသည်။ မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်သည် နေ့တိုင်း နေ့တိုင်း နံနက်စောစော ဘုရားခန်းမှာ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြောင်း၊ အဓိဋ္ဌာန်ပြီးသည်နှင့် တစ်ပြိုင်နက် ဒီကနေ့ ဖြင့် ဘယ်သူတွေလာလိမ့်မယ်။ ဘယ်နှယောက်စာ ထမင်းချက်ထားကြ စသည်များဖြင့် ကြိုတင်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်သည် သက်သတ်လွတ်စားကြောင်း၊ သရဏဂုံ ဆောက်တည်ကြောင်း၊ သီလစင်ကြယ်အောင် ထိန်းကြောင်း၊ 'အရဟံ တစ်လုံးတည်းကိုပင် အာရုံစူးစိုက်ပြီး ပုတီးစိပ်ကြောင်း၊ အထူးသဖြင့် နံနက် (၃) နာရီမှာ စောစောထ၍ အဓိဋ္ဌာန်ဝင် ပုတီးစိပ်လေ့ ရှိကြောင်း၊ မေတ္တာပို့ကြောင်း၊ အမျှဝေကြောင်း သိရှိရပါသည်။

မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်နှင့် စပ်လျဉ်း၍ မှတ်မှတ်သားသားရှိသော အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်။ တနင်္ဂနွေနေ့တွင် အုန်းထမင်း၊ တနင်္လာနေ့တွင် ကောက်ညှင်းပေါင်း၊ အင်္ဂါနေ့တွင် ဆီထမင်း၊ ဗုဒ္ဓဟူးနေ့တွင် ယို၊ ကြာသပတေးနေ့တွင် ပဲ၊ သောကြာနေ့တွင် သစ်သီး၊ စနေနေ့တွင် ထောပတ်ထမင်း အစရှိသည်ဖြင့် နေ့အလိုက်၊ နံသင့် အစာအာဟာရ တစ်မျိုးမျိုး စီစဉ်ပြီးလျှင် ဘုရားရှင်နှင့်တကွ ရဟန္တာများကို ဆွမ်းကပ်လေ့ ရှိကြောင်း၊ ပထမံဘိုးဘိုးအောင်၊ ဓမ္မစေတီမင်းခေါင်၊ ရှင်မထီးဆရာတော်၊ ရှင်အဇ္ဇဂေါဏ ဆရာတော်၊ ရက်ကန်းစင်တောင်ဆရာတော်ကြီး ဦးသြဘာသမှစ၍ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများ ဆွမ်းကပ်လှူလေ့ရှိကြောင်း သူ့ကျောင်း လာသမျှ ပရိသတ်တွေကိုလည်း ကျွေးမွေးလေ့ရှိကြောင်း သိရှိရပါသည်။ ထိုအချက်အလက် များကို ပုပ္ပါးတောင်ကလပ်မှ အမေချောသိသမျှ ပြောပြ၍ သိခဲ့ရကြောင်း၊ ပုပ္ပါးတောင်ကလပ်မှ မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်သည် အသက် (၆၈) နှစ်အရွယ်၌ အနိစ္စရောက်ခဲ့ကြောင်း ထပ်ဆင့်သိရပါသည်။


(ကျမ်းကိုး။ မင်းဣန္ဒိ (ပုပ္ပါး) ၊မယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်၏ ထူးခြားသောကျင့်စဉ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာ-၆၉)

# အဘအောင်မင်းခေါင်ကြီးနှင့် ကိုယ်တော်တိုင် ဆံပင်ဖြတ်၍ ပေးခဲ့သော ဒေါ်ပုညဝတီအကြောင်း

အိုင်ဖြူရေထွက်သည် ထွက်ရပ်ပေါက်အောင်မြေတစ်ခု ဖြစ်၏။ ထိုအောင်မြေတွင် ဦးခန္ဓာဇောတိ (ခေါ်) နတ်မီးလင်းဆရာတော် အပါအဝင် အထက်ဆရာတော်ကြီး (၄) ပါး တရားအားထုတ်အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ ထိုနေရာကား အိုင်ဖြူရေထွက် အရှေ့ဘက်မှ ကျောက်ဖျာကြီးဟု သိရပါသည်။ ထို ကျောက်ဖျာကြီးသည် ပုပ္ပါးတောင်ကလပ်၏ အရှေ့ဘက်သို့ အနိမ့်ပိုင်း ဆင်းသွားလျှင် တွေ့နိုင်ကြောင်း၊ ရောမ ကျောက်ဖြာကြီးပေါ်၌ စေတီတော်တစ်ဆူကို တည်ထားကြောင်း ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

ထိုနေရာတွင် အောင်မင်းခေါင်ကြီးနှင့် ဒေါ်ပုညဝတီတို့ တွေ့ခဲ့ကြောင်း၊ ထိုအခါ အောင်မင်းခေါင်ကြီးမှ ပုပ္ပါးတောင်ကလပ် ရသေ့မကြီး ဒေါ်ပုညဝတီအား ဘုရားရှင်ရဲ့ ဓာတ်တော်များ ချီးမြှင့်ခဲ့ကြောင်း၊ အဘအောင်မင်းခေါင်ကြီး ကိုယ်တော်တိုင်စီရင် ထားသည့် အင်း၊ စမများ ချီးမြှင့်ခဲ့ကြောင်း၊ ၎င်းအပြင် အဘအောင်မင်းခေါင်ကြီးသည် မိမိ၏ဦးခေါင်းက ဆံပင်ကိုဖြတ်ပြီး အမွေပေးသနားခဲ့ကြောင်း သိရှိရပါသည်။ အဘအောင်မင်းခေါင်ကြီး၏ အမိန့်အရ ဒေါ်ပုညဝတီသည် ထိုကျောက်ဖျာကြီးပေါ်တွင် ဉာဏ်တော် (၅) တောင်ရှိတဲ့ စေတီကိုတည်ဖို့ တာဝန်ယူခဲ့ကြောင်း သိရှိရပါသည်။ ထိုကျောက်ဖျာ၏ အောက်ခြေ၌ ဆယ့်နှစ်ရာသီ ရေမခမ်းသော စမ်းရေအိုင်လည်း ရှိကြောင်း သိရှိရပါသည်။

(ကျမ်းကိုး။ စောထူးအောင်၊ အိုင်ဖြူရေထွက်မှ ထွက်ရပ်ပေါက် အောင်မြေ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၃၈၊ ၁၉၉၈ ခု၊ ဇန်နဝါရီလ၊ ၁၆၁၊ ၁၆၂၊ ၁၆၃။)



# အဘအောင်မင်းခေါင်ကြီးနှင့် ကပ်ကျော်ဘဘကြီး ဦးစိုးမင်း (ခေါ်) ဦးခန္တီ

**အဘအောင်မင်းခေါင်ကြီး ထွက်ရပ်လမ်း မမြန်းခင် နောက်ဆုံးနေ့က မှာကြားခဲ့သော အမှာစကား**

(၁၃၁၄) ခု၊ တော်သလင်းလဆုတ် (၂) ရက် နေ့၊ (၅၊ စက်တင်ဘာလ၊ ၁၉၅၂) သောကြာနေ့ ညနေ (၄း၀၀) နာရီတိတိအချိန်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူမည့်ဆဲဆဲတွင် ရန်ကုန်မြို့မှ အမိန့်တော်ဖြင့် ခေါ်သောကြောင့် လာရောက်ပြုစုနေကြသော ကပ်ကျော်ဘဘကြီး ဦးစိုးမင်းနှင့်အတူ လက်ရင်း တပည့် (၁၀) ဦး လောက်တို့သည် အနီးတွင် ဝတ်ကြီးဝတ်ငယ် ပြုစုလျက်ရှိရာတွင် ဘဆရာခေါင်ကိုယ်တော်ကြီးက မှာကြားသည်မှာ ‘ငါ့သားသမီးတို့ မငိုကြလေနှင့်။ ရန်ကုန်သို့ ပြန်ကြပေတော့၊ အဘလည်း အောက်ပြည်အောက်ရွာ ရန်ကုန်၊ သထုံ၊ ဇင်းကျိုက်ကို လိုက်ခဲ့မည်’ ဟု မှာကြားခဲ့လေသည်။

ဝိဇ္ဇာလောကမှာ ဦးခန္တီ (ခေါ်) ကပ်ကျော် ဘဘကြီး ဦးစိုးမင်းဟာ ကိုလိုနီခေတ်မှာ အလွန်ပင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။။ ရသေ့ကြီးဦးခန္တီနှင့် အမည်တူပါသည်။ သို့သော်လည်း တစ်ဦးစီဖြစ်ပါသည်။ ယခု ဦးခန္တီမှာ လူအမည် ဦးစိုးမင်း ဆိုသူ ဖြစ်ပါ၏။ နောင်သောအခါ ကပ်ကျော်ဘဘကြီး ဦးစိုးမင်းဟု အမည်တွင်သူ ဖြစ်ပါသည်။ တစ်ဦးစီ ဖြစ်ပါသည်။

**နတ်မြွေကြီး လာရောက်စောင့်ရှောက်**

ကပ်ကျော်ဘဘကြီးဦးစိုးမင်းကို သထုံခရိုင် ကျိုက်ထိုမြို့အပိုင် ကျိုက္ကသာရွာအနီး မလော့ ချောင်းရွာတွင် ဖွားမြင်ပါသည်။ အဖမှာ ဦးအုန်း ဖြစ်၏။ အမိမှာ ဒေါ်ဂုဏ် ဆိုသူ ဖြစ်၏။ (၁၂၄၀) ပြည့်နှစ်၊ နယုန်လမှာ မွေးဖွားခဲ့၏။ တနင်္လာသား ဖြစ်၏။ သို့သော်လည်း ထူးထူးဆန်းဆန်းပင် ငယ်မည်မှာ မောင်ရွှေမြ ဖြစ်ခဲ့၏။ နေ့နံ၊ နံနဲ့ မကိုက်ပါ။ နောင်သောအခါမှ ဦးစိုးမင်း ဟူ၍ အမည်ပြောင်းခဲ့၏။ ရှင်အမည်မှာ ဦးခန္တီ ဖြစ်၏။ တနင်္လာနံပင် ဖြစ်၏။

မိခင်ဖြစ်သူ ဒေါ်ဂုဏ်သည် မိမိ၏သားလေးကို နို့တိုက်ပြီးလျှင် အနီးနဲ့ထုပ်ပြီး ဆန်ကောထဲ ထည့်သိပ်ထားလေ့ရှိကြောင်း သိရှိရပါသည်။ ထိုအခါ ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဆန်ကော



ကပ်ကျော်ဘုဘာကြီး ဦးစိုးမင်း



အောက်မြန်မာပြည် ဦးစန္ဒီ (ခေါ်) ကပ်ကျော်ဘဘကြီး ဦးစိုးမင်းသည်
အောက်မြန်မာပြည် သာသနာပြုတာဝန်ခံပုဂ္ဂိုလ်ကြီးအဖြစ် အောင်မင်းခေါင်၏
လွှဲအပ်ခြင်းခံရသော ပါရမီရှင်ပုဂ္ဂိုလ်ထူး ဖြစ်သည်။

ထဲ ထည့်ပြီးတိုင်းမှာပင် မြွေကြီးတစ်ကောင် ရောက်လာလေ့ရှိကြောင်း၊ ဆန် ကောကို ပတ်ခွေလျက် ပါးပျဉ်းဖြင့် မိုးကာ ကလေးကို လာပြီးစောင့်ရှောက်ပေးလေ့ရှိကြောင်း သိရှိရပါသည်။ တွေ့စမြင်စက မိခင် အပါအဝင် အားလုံးက အထိတ်တလန့် ရှိခဲ့ကြကြောင်း၊ သို့သော်လည်း ကလေးစောင့်မြွေကြီးက မည်သို့မျှ အန္တရာယ်ပေးခြင်း မရှိကြောင်း သိရှိခဲ့ရပါသည်။ ထိုအခါ ကလေးနှင့်မြွေကို လူတွေ တအုံ့တသြ လာရောက် ကြည့်လိုက်တာ ပွဲလမ်းတမျှ စည်ကားလျက်ရှိကြောင်း သိရပါသည်။ ထူးခြားသောအချက်တစ်ချက်မှာ ကလေးနို့တိုက်ချိန်တွင် မြွေကြီးသည် ဘယ်ရောက်သွားမှန်းမသိ၊ ပျောက်ကွယ်နေလေ့ရှိကြောင်း၊ ကလေးကို ဆန်ကောထဲ ပြန်သိပ်ထားပြန်သောအခါ မြွေကြီးသည် အချိန်မှန် ပြန်ရောက်လာကြောင်း သိရှိရပါသည်။ ထို့ကြောင့် မူလ ပုံစံအတိုင်း ဆန်ကောကို ရစ်ခွေလျက် ပါးပျဉ်းထောင် မိုးလျက်ဖြင့် မြွေကြီးသည် ကလေးကို စောင့်ရှောက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဤကလေးသည် ဘုန်းကံကြီးလှကြောင်း အရပ်က ပြောဆိုကြကြောင်း မှတ်တမ်းအရ သိရှိရပါသည်။

အင်္ဂလိပ်အစိုးရ ခရိုင်အဆင့်အရာရှိများ လာရောက်ကြည့်ရှုချိန်တွင် ကလေးစောင့်မြွေကြီးက တရှူးရှူး နှာမှုတ်လွှတ်သောကြောင့် အင်္ဂလိပ်အရာရှိမင်းများပင် ကြောက်ရွံ့နောက်တွန့်သွားကြကြောင်း သိရှိရပါသည်။

ကလေးငယ်ကို တစ်နှစ်သားအထိ မြွေကြီးက ဆန်ကောပတ်ပြီး ပါးပျဉ်း ထောင်မိုးလျက် စောင့်ရှောက်ကြောင်း၊ ၎င်းနောက် ကလေး တစ်နှစ်ပြည့်ပြီးချိန်မှာ နတ်မြွေကြီး ထူးဆန်းစွာ ပျောက်ဆုံးသွားကြောင်း သိရှိရပါသည်။

**ရွာမှပျောက်သွားခြင်း**

ကလေးငယ်သည် ကိုးနှစ်သားအရွယ်သို့ ရောက်သောအခါ ရွာမှ ပျောက်၍ ပျောက်၍ သွားကြောင်း အများက ပြောဆိုကြပါသည်။ မိဘတို့က ရွာနီးချုပ်စပ် လိုက်ရှာသော်လည်း ရှာမရဟု ဆိုပါသည်။

၎င်းနောက် မောင်ရွှေမြသည် ရန်ကုန်၊ ပုဇွန်တောင်၊ ညောင်တုန်းကျောင်းတိုက်၊ ဆရာတော် ဦးဝါယမထံသို့ ရောက်ရှိပြီး ပညာသင်ကြောင်း သိရှိရပါသည်။

သုံးနှစ်တာသင်ကြားပြီးနောက် ပညာခရီး ဆက်ရအောင် မန္တလေးသို့ ရောက်ရှိသွားကြောင်း သိရှိရပါသည်။ မန္တလေးသို့ ရောက်သောအခါ မန္တလေး မစိုးရိမ်တိုက်တွင် လည်းကောင်း၊ ရေပန်းတိုက်တိုက်တွင် လည်းကောင်း တစ်နှစ်မျှ ပညာသင်ကြား

ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းနောက် ရွှေဘိုအောင်မြေ ကျောင်းတိုက်အတွင်းသို့ ရောက်ရှိသွားကြောင်း၊ ထိုအခါ သူရူးဟန်ဆောင်နေသော ဝိဇ္ဇာဓိုရ်ဆရာကြီး ဦးငြိမ်းထံသို့ ပညာသင်ရောက်ရှိသွားကြောင်း သိရပြန်ပါသည်။

၎င်းနောက် မောင်ရွှေမြသည် ရွှေဘိုဝိဇ္ဇာကြီး ဆရာငြိမ်းထံ ရောက်ရှိသွားကြောင်း သိရှိရပါသည်။ ထိုအခါ မောင်ရွှေမြသည် အသက် (၁၃) နှစ်သားရှိပြီ ဖြစ်ကြောင်း သိရှိရပါသည်။ ထိုနှစ်သည် ခရစ် (၁၈၉၀) ပြည့်နှစ် ဖြစ်ပါသည်။ ဆရာငြိမ်းထံ ရောက်သောနှစ်မှာ ခရစ် (၁၈၉၁) ခု ဖြစ်ပါသည်။ ၎င်းနောက် မောင်ရွှေမြသည် အရွယ်နှင့် မလိုက်အောင် ကျင့်ကြံအားထုတ် အောင်မြင်ကြောင်း သိရှိရပါသည်။ ထိုအခါ ဝိဇ္ဇာဓိုရ်ဆရာငြိမ်းက ဝိဇ္ဇာဓိုရ်ဆရာစိုး ထံ ဆက်လက်အပ်နှံ ပညာသင်ကြားစေကြောင်း သိရှိရပါသည်။

ထိုအခါ ဝိဇ္ဇာဓိုရ် ဆရာစိုး (ခေါ်) အဘိုးစိုးသည် မောင်ရွှေမြအား ဂန္ဓာရီအတတ်များကို ဆက်လက် သင်ကြားပေးကြောင်း သိရှိရပါသည်။ ၎င်းနောက် မောင်ရွှေမြသည် ဝိဇ္ဇာဓိုရ်ဆရာကြီး ဦးဘိုးစိုးထံမှ ဂန္ဓာရီပညာများ သင်ယူတတ်မြောက်ခဲ့ပြီးနောက် ဝိဇ္ဇာဓိုရ်ဆရာကြီး အဘိုးစိုး၏ ပို့ဆောင်ပေးမှုကြောင့် ငါးမည်ရ၊ ငါးဘွဲ့ခံ ရက်ကန်းစင်တောင် ဆရာတော်ကြီးဘိုးဦးဩဘာသထံ ရောက်ခဲ့ပြန်ကြောင်း သိရှိရပါသည်။

၎င်းနောက် ရက်ကန်းစင်တောင်ဆရာတော် ကြီးသည် မောင်ရွှေမြအား မိမိ၏ တပည့်ကြီးများဖြစ်သော ဗောဓိမဏ္ဍိုင်ဆရာဆိုင်ထံသို့ ပညာသင်ပေးပို့ခဲ့လေသည်။ ၎င်းနောက် သောကြာဆရာကြီးထံသို့ လည်းကောင်း၊ သိဒ္ဓိပေါက် ဦးရဲသူထံ သို့ လည်းကောင်း မောင်ရွှေမြကို အပ်နှံပြီး ပညာသင်ယူစေခဲ့ကြောင်း သိရှိရပါသည်။

သိဒ္ဓိပေါက်ဆရာကြီး ဦးရဲသူသည် မောင်ရွှေမြကို သိဒ္ဓိပေါက် ပရိက္ခရား ဆရာငြိမ်းထံသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရှိရပါသည်။ မောင်ရွှေမြသည် ဝန်းသိုမြို့နယ်၊ နဘဲကျင်းရွာမှာနေထိုင်သော ပရိက္ခရားမင်းသားဘွဲ့ခံ ဆရာငြိမ်း ထံရောက်တဲ့အခါ ဂါထာ မန္တန် အတတ်များကို ဆက်လက်သင်ကြား ကြောင်း သိရှိရပါသည်။ ၎င်းနောက် သိဒ္ဓိပေါက် အမေမုံးထံသို့ ပညာသင်ရောက်ခဲ့ ပြန် ကြောင်း သိရှိရပါသည်။ မဟိဒ္ဓိပညာရပ်များ သင်ယူတတ်မြောက်ခဲ့ပါတယ်။ ဒီအချိန်မှာ မောင်ရွှေမြရဲ့ အသက်ဟာ (၁၈) နှစ်မျှသာ ရှိကြောင်း သိရှိရပါသည်။ ထိုနှစ်သည် ခရစ် (၁၈၉၆) ခု၊ ကောဇာသက္ကရာဇ် (၁၂၅၈) ခု ဖြစ်၏။

မောင်ရွှေမြသည် ပညာစုံသောအခါ မိမိ ဇာတိရပ်ရွာဆီ စုန်ဆင်းလာပြီး

ကျိုက်ထိုမြို့အနီး ကော့ဋ္ဌေးရွာဆရာတော်နှင့် ဇလွန်ရွာဆရာတော်ကြီးနှစ်ပါးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ရဟန်းဘွဲ့တော် အရှင်ခန္တီဖြစ်၏။ ပရိယတ္တိစာပေများကို ဆက်လက် သင်ယူ ခဲ့၏။ လူ့ဘဝက တတ်မြောက်ခဲ့သော စမ၊ အင်း၊ ဆေး၊ မန္တန်အတတ် များဖြင့် ဒကာ၊ ဒကာမတွေကို ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာအောင် ကာကွယ် စောင့်ရှောက်တော်မူခဲ့၏။ ဤသို့ဖြင့် အရှင်ခန္တီသည် တစ်မုဟုတ်ချင်း ထင်ရှား ကျော်ကြားလာပြီး တစ်နယ်လုံး၏ အားကိုးရာ ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ရဟန်းဝါ (၂၉) ဝါရခဲ့၏။ ထိုအခါ ရက်ကန်းစင်တောင်ဆရာတော်၊ ဆံရှည်ဆရာတော်ကြီး ဦးကောဏ္ဍညတို့က ရှေ့ဆက်ရမယ့် သာသနာပြု ခရီးကို လမ်းညွှန်တော်မူခဲ့ပါသည်။ ထိုအခါ အရှင်ခန္တီသည် လူထွက်ခဲ့၏။ သာသနာပြုခဲ့၏။ သတ္တဝါကယ်အလုပ်တွေ ဆောင်ရွက်ခဲ့၏။ ကပ်ကျော်ဆရာကြီး ဦးစိုးမင်းအဖြစ် နာမည်ကြီးလာခဲ့၏။ ကပ်ကျော်ဘဘကြီးဟူ၍လည်း ဂါရဝပြုခေါ် ဆိုလေ့ရှိကြ၏။

**တည်ထားပူဇော်ပြီးသော စေတီတော် စသည်များမှာ –**

(၁) ဟံသာဝတီခရိုင်ရှိ နံ့ယောဘုရားကြီးလည်း တစ်ဆူ၊
(၂) သိမ်ဆိပ်ကျိုက်ကော်ရှိ မဥတောင်ထိပ်ဘုရားလည်း တစ်ဆူ
(၃) သထုံမြို့ရှိ ရှင်ဗုဒ္ဓဃောသ တည်ထားခဲ့သော စေတီတော်ဖြစ်သော ညဏ်တော်(၁၂၅) တောင်ရှိ စေတီတော်လည်း တစ်ဆူ၊
(၄) မော်လမြိုင်မြို့အနီး၊ ခရုံဂူအတွင်းရှိ ညဏ်တော် (၁၅) တောင်ရှိ ရုပ်ပွားတော်ကြီးလည်း တစ်ဆူ၊
(၅) ကဝမြို့အပိုင် ကန်မြောင်ရွာအနီးရှိ ညဏ်တော် (၇၅) တောင်အမြင့်ဆောင်သော လေးကျွန်းမာရ်အောင် ဘုရားလည်း တစ်ဆူ၊
(၆) ခနီးရွာအနီးရှိ ပဲခူး ဓမ္မပါလတည်ထားခဲ့သော ငါးဆူဘုရားလည်း တစ်ဆူ၊
(၇) လေးကျွန်းမာရ်အောင် ဘုရားအနီးရှိ ဆုတောင်းပြည့်ဘုရားလည်း တစ်ဆူ၊
(၈) ဖားကူးအနီး ဒေးဇပ်ရွာရှိ အောင်သိဒ္ဓိဘုရားလည်း တစ်ဆူ၊
(၉) ကျည်စုရွာရှိ လူစု၊ နတ်စု ဝိဇ္ဇာစု ဘုရားလည်း တစ်ဆူ၊
(၁၀) ဟံသာဝတီခရိုင်၊ ခနုပ်ရွာရှိ ညဏ်တော် (၁၂၅) တောင်မြင့် ခနုပ်ဘုရားကြီးလည်း တစ်ဆူ၊
(၁၁) ဖျာပုံမြို့အပိုင်၊ သမိတ်ထောမင်း တည်ထားခဲ့သော ညဏ်တော် (၇၅) တောင်ရှိ ဖောင်တော်ဦးစေတီလည်း တစ်ဆူ၊


(၁၂) ကန်ဆိပ်ရွာအနီးရှိ ကမာအောင်ဘုရားလည်း တစ်ဆူ၊
ဆုတောင်းပြည့်ဘုရားလည်း တစ်ဆူ၊
(၁၃) မော်လမြိုင်ကျွန်းမြို့အပိုင် မရမ်းကျိုက်ပိရှိ ဉာဏ်တော် (၉၉) တောင်မြင့်
စိန်ဘုရားကြီးလည်း တစ်ဆူ၊
(၁၄) စစ်ကိုင်းရှိ စေတီလှဘုရားလည်း တစ်ဆူ၊
(၁၅) ကောလင်းမြို့အနီး၊ ရှော်ဖြူကုန်းရှိ မိမိဆရာ အဘိုးစိုးတည်ထားခဲ့သော
ဆင်ခေါင်းတောင်ဘုရားလည်း တစ်ဆူ၊
(၁၆) ဝန်းသိုမြို့ရှိ မိမိဆရာ အမေမုံးတည်ထားခဲ့သော ဘုရားလည်း တစ်ဆူ၊
(၁၇) မန္တလေးမြို့၊ မာရ်အောင်ကျောင်းတိုက်အတွင်းရှိ စူဠာမဏိ ပူစရာမရှိဟု
ပညတ်ခတ်အရ ရွှေသဘော်ဘုရား၊ မီးရထားဘုရား၊ ကပ်ကျော်ဘုရား
လည်း တစ်ဆူ၊
(၁၈) ပုပ္ပါးတောင်ကလပ်တွင် အဘအောင်မင်းခေါင်၏ အမိန့်အရ
တည်ထားခဲ့သော အောင်ဆုပန်ဘုရားလည်း တစ်ဆူ၊
(၁၉) တွံတေးမြို့အပိုင် ခလောက်ချိုက်ဌာနအပိုင် မဲဇလီကုန်းရေကျော်ရွာရှိ
ဘုရားလည်း တစ်ဆူ၊
(၂၀) ခလောက်ခလူရွာရှိ ဘုရားလည်း တစ်ဆူ၊
(၂၁) မမျိုးစုရွာရှိ ဘိုးတော်ပွဲမှီဘုရားလည်း တစ်ဆူ၊
(၂၂) လေးအိမ်ရွာရှိ မိုးကောင်းဘုရားလည်း တစ်ဆူ၊
(၂၃) သိုက်တဘောင် ကိန်းခန်းအရရွှေချိန် (၂၀) သားရှိ
ရွှေစေတီတစ်ဆူလည်း တစ်ဆူ၊
(၂၄) ငွေချိန် (၇) ပိဿာ၊ (၅၀) သားရှိ ငွေစေတီတစ်ဆူလည်း တစ်ဆူ၊

(ကျမ်းကိုး။ မောင်သွေးချွန်၊ ဝိဇ္ဇာအလင်းကပ်ကျော် ဘဘကြီးဦးစိုးမင်း၊ အဌာရသမဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ်-၁၊ ၂၀၀၈ ခု၊ ဒီဇင်ဘာလ၊ စာ-၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅)



ဘိုးမင်းခေါင်နှင့်တွေ့၍ ဘာသာခြားမှ ဗုဒ္ဓအဆုံးအမခံယူခဲ့သော ပုပ္ပါးဦးကုမာရ (ခေါ်) ဦးဖေချင်နို





အထူးအဆန်း
အင်းစမကွက်များနှင့် အတူ
အံ့စဖွယ်ကောင်းသော
အောင်မင်းခေါင်အရှင်၏
မောင်းကြီးနှင့်တကွ
ထိုမောင်းကြီးကို
အမွေဆက်ခံခဲ့သော
ပုပ္ပါးဦးကုမာရ (ခေါ်) ဦးကျော်နီ

## အဘအောင်မင်းခေါင်ကြီးနှင့် ပုပ္ပါး ဦးကုမာရ (ခေါ်) ဦးဂျော်နီ

ဦးဂျော်နီသည် ဦးကုမာရဖြစ်ပါသည်။ ဆရာခေါင်ရှိစဉ်က ဦးဂျော်နီကို ရဟန်းဝတ်ခိုင်းသည်။ ဦးကုမာရဟု ဘွဲ့အမည်ပေးခဲ့သည်ဟု မှတ်မိပါသည်။

ဦးကုမာရအဖြစ်နှင့် ကျောက်ပန်းတောင်းမြို့တွင် အဓိဋ္ဌာန် (၄၅)ရက် ဝင်ခဲ့သော ဦးဂျော်နီသည် ဆရာခေါင်၏ ခိုင်းစေချက်ကြောင့် ဖြစ်ကြောင်း သိရပါသည်။ အဓိဋ္ဌာန်ဝင်သောတောင်မှာ ကြွယ်ဝတောင်ဟုခေါ်သောတောင် ဖြစ်ပါသည်။ ဦးကုမာရသည် မီးလွတ်အာဟာရ နှင့် (၄၅)ရက် အဓိဋ္ဌာန်အောင်မြင်ခဲ့ပါသည်ဟု သိရပါသည်။ ထိုအခါ ဆရာခေါင်က ဦးကုမာရအား မောင်းကြီးတစ်လုံး ကပ်လှူခဲ့ကြောင်း သိရပါသည်။ ၄င်းပြင် ဒီမောင်းနှင့် သာသနာပြု ပေတော့ဟု မိန့်ကြားခဲ့ကြောင်းလည်း သိရပါ သည်။ ဦးကုမာရသည် ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့လေ့ရှိရာ မေတ္တာပို့ပြီးတိုင်းလည်း ထိုမောင်းကြီးကို တီးခတ်လေ့ရှိကြောင်းသိရပါသည်။ ထိုမောင်းကြီးကို မေတ္တာရှင်မောင်းဟုခေါ်ကြောင်း သိရပါသည်။

ပုပ္ပါးတောင်ကလပ်၏ အနောက်ဘက်ခြမ်းတွင် ရွှေမန်ကျည်းတောစခန်းဟူ၍ အထင်ကရ ရှိပါသည်။ ထိုနေရာတွင် ဆရာခေါင် တရားအားထုတ်ခဲ့သော ပထမဆုံးနေရာဟုလည်း သိသူများက ပြောကြပါသည်။ ညောင်ပင်ကြီး၏ အောက်တွင် ကျောက်တုံးကြီးရှိ၏။ ထိုကျောက်တုံးကြီးသည် ဖားတစ်ကောင်၏ ပုံသဏ္ဌာန်နှင့် တူသည်ဟု ထင်မိပါသည်။ ထိုကျောက်တုံးကြီးပေါ်တွင် ဆရာခေါင် ပုံတူရုပ်တု ရှိပါသည်။

ရွှေမန်ကျည်းတောတွင် ယောဂီဝတ်ဖြင့် တရားအားထုတ်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးမှာ အဘဦးမေဓာဖြစ်ကြောင်း သိရပါသည်။ ဦးမေဓာသည် ဦးကုမာရထံမှ မေတ္တာရှင်မောင်းကြီးကို အမွေဆက်ခံထားကြောင်း သိရပါသည်။ ထိုမောင်းကြီး အတွင်းသားထဲတွင် စမအက္ခရာများရှိကြောင်း သိရပါသည်။ မောင်း၏တစ်ဖက်တစ်ချက်မှာလည်း အင်းကွက်များရှိကြောင်း သိရပါသည်။ အလွန်ထူးဆန်းသော မောင်းကြီး ဖြစ်ပါသည်။ အကယ်၍များ စာရှုသူသည် ပုပ္ပါးတောင်ကလပ်သို့ ရောက်သွားပါလျှင် ရွှေမန်ကျည်းတောသို့လည်း သွားသင့်ကြောင်း အကြံပြုပါသည်။ ရွှေမန်ကျည်းတောသည် တောင်ကလပ်၏ အနောက်မြောက်ဘက်တွင် ရှိ၏။ သုံးဖာလုံလောက်မျှသာ ဝေးပါသည်။

# အဘအောင်မင်းခေါင်ကြီးနှင့် (၇) နှစ် တွေကြုံခဲ့ရ၍ တပည့်ခံခဲ့ဖူးသော အမရပူရ ရတနာ့ဂူမှ ဘိုးကြူ

ဘိုးကြူ၏အမည်အရင်းမှာ ဦးအေးကြူဖြစ်ပြီး ရွှေဘိုမြို့ဇာတိဖြစ်သည်။ ဘခင် ဦးဘကားနှင့် မိခင် ဒေါ်အမာဖဲတို့၏ သားသမီး (၆) ဦးမှာ စတုတ္ထ ဖြစ်ပါသည်။ အသက် (၁၆) နှစ်အရွယ်မှာ အဘအောင်မင်းခေါင်နဲ့ ရွှေဘိုမြို့ထောင့်စေတီမှာ ဆုံတွေ့ခဲ့ရတယ်။ ဂမ္ဘီရပညာ ချီးမြှင့်ပါလို့တောင်းတော့ အဘက နံနက် အိပ်ရာက တစ်ကြိမ်၊ အိပ်ရာဝင် တစ်ကြိမ်၊ ငါ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦး မယ်လို့ မှန်မှန်ရွတ်ဖို့ ပြောတယ်။ ဒါများ သူပြော မှလားလို့ စိတ်ထဲမှာ ဘဝင်မကျဖြစ်ပေမယ့် မပျက်မကွက်လုပ်ခဲ့တယ်။ ရက်၊ လ ကြာတော့ အိုရ၊ နာရ၊ သေရမှာကြောက်လာတယ်။ ဒီတော့ သမထ၊ ဝိပဿနာကို စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်ရင်း အာရုံ ထူးတွေ နိုးကြားခဲ့တာပါ'

ဘိုးကြူသည် အဘအောင်မင်းခေါင်နှင့် (၇) နှစ်ကြာမျှ တွေ့ဆုံခဲ့ရစဉ် မြန်မာပြည် အနှံ့အပြားသို့ ဂန္ဓာရီခရီး ရောက်ရှိခဲ့၏။ ကချင် ပြည်နယ် နမ္မားဒေသသို့ နေဝန်း ဘုရားနှင့် လဝန်းဘုရားကို တာဝန်ယူခဲ့ရတယ်။ (၁၉၆၉) ခုနှစ်မှစ၍ ရဟန်းဝတ်၊ ရသေ့ဝတ်၊ ဝတ်ဖြူ စင်ကြယ်၊ ယောဂီ၊ လူဝတ်ကြောင် စသဖြင့် ပုံသဏ္ဌာန်အမျိုး မျိုးနှင့် ဂန္ဓာရီ လှည့်ကာ ဘုရားဟောင်းများ ပြုပြင်သာသနာပြုခဲ့သည်။

စစ်ကိုင်းမြို့ရှိ ဖောင်တော်ဦး၊ ဖောင်တော် ဝမ်း၊ ဖောင်တော်ပဲ့ ရှေးဟောင်းစေတီ တော်များကို ပြုပြင်ခဲ့ပြီးမှ ယခု အမရပူရမြို့၊ ရတနာ့ဂူ ဘုရားအနီး ရောက်ရှိခဲ့ သည်မှာ (၁၅) နှစ်ခန့် ရှိပေပြီ။

အလှူခံပုဂ္ဂိုလ်လည်း မမြဲပါ။ လှူသောသူလည်း မမြဲပါ။ လှူဖွယ်ပစ္စည်းလည်း မမြဲပါ။ ထိုသုံးခုကိုကြည့်ပြီး သင်္ခါ သုခ နိဗ္ဗာန်ကို ကျင့်ကြံအားထုတ်ကြပါ ဟူ၍ အဘအောင်မင်းခေါင်က နေဝန်း၊ လဝန်း ဘုရား ရေစက်ချတရားပွဲမှာ မှတ်သား စရာ ဟောခဲ့ကြောင်း ဘိုးကြူက ပြောကြားခဲ့ပါသည်။

(ကျမ်းကိုး။ အောင်ဖြိုးဝေ၊ ရတနာ့ဂူမှအကြားအမြင် ဘိုးကြူ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၃၂၊ ၁၉၉၇ ခု၊ ဇူလိုင်လ၊ စာ-၂၀၊ ၂၂)



[illegible]

မဟာပထမံအဘအောင်မင်းခေါင်ကြီးက နောင်တော်ကြီးဟု
ခေါ်ဆိုလေ့ရှိသော ညောင်တုန်း အရှေ့ဘက်မှာ သာသနာပြုနေသည့်

# အတုလဓာတ်ပိုင် ဘိုးထွန်းလှိုင်

ဘိုးထွန်းလှိုင် ရာပြည့်ပွဲကို (၃၀. ၃. ၂၀၁၃) ရက်နှင့် (၃၁. ၃. ၂၀၁၃) ရက်နေ့တို့တွင် (၂) ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ သို့သော်လည်း ထိုနေ့တွင် ဘိုးထွန်းလှိုင်သည် အသက် (၁၀၀) တင်းတင်းပြည့်ပြီးနောက် (၅) လတိတိ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော်လည်း ရာပြည့်ပွဲကို ထိုနေ့မှာ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဘိုးထွန်းလှိုင်ကို အတုလဓာတ်ပိုင် ဘိုးထွန်းလှိုင်ဟူ၍ ခေါ်ဆိုကြပါသည်။ ဘိုးထွန်းလှိုင်ကို မဟာပထမံအောင်မင်းခေါင်ကြီး ကိုယ်တော်တိုင်က နောင်တော်ကြီးဟု ခေါ်ဆိုလေ့ရှိကြောင်း၊ ဘိုးထွန်းလှိုင်ထံမှ ပြောကြားသည်ကို မှတ်သားခဲ့ရပါသည်။

**လမ်းညွှန်**

ဆရာကြီး ဘိုးထွန်းလှိုင်ကို တွေ့ခွင့်ရရန် ရန်ကုန်မှ ညောင်တုန်းလမ်းသို့ သွားရပါသည်။ ညောင်တုန်းမရောက်ခင် ဆားမလောက်ရွာသို့ ရောက်ပါသည်။ ၄င်းမှ တစ်ဖန် ဖိုးပိန်ကုန်းသို့ ရောက်ပါသည်။ ညောင်တုန်းသို့မရောက်မီ ဖိုးပိန်ကုန်းသို့ (၃၂) မိုင်၊ ၅-ဖာလုံအရောက်တွင် ဘိုးထွန်းလှိုင်နေသော ရွာသို့ရောက်ပါသည်။

**မြတ်စွာဘုရား လမ်းတော်ကြီး**


ရွာထိပ်မှာ ဆိုင်းဘုတ်ကြီးတစ်ခု တွေ့ရ သည်။ အနီရောင် ဖြစ်သည်။ အဖြူစာလုံးဖြင့် ရေးထားသည်။ ရေးထားသောစာမှာ မြတ်စွာ ဘုရား လမ်းတော်ကြီး ဟူ၍ ဖြစ်၏။ အလွန်ထူးဆန်း၏။

**ရွာသာအေးရွာ**

လယ်ကွင်းကိုဖြတ်၍ ဖောက်ထားသော လမ်းဖြစ်၏။ အတော်ကလေး ကောင်း၏။ ဘိုးထွန်းလှိုင်နေသော နေရာနားသို့ နီးသောအခါ ကတ္တရာလမ်းဖြစ်သွား၏။ ထိုလမ်းထိပ်တွင် ဘိုးထွန်းလှိုင်နေသော ရွာရှိ၏။ ထိုရွာသည် ရွာသာယာဖြစ်၏။


**သာသနာပြုခဲ့သော နေရာများ**

ဘိုးထွန်းလှိုင်သည် နေရာအနှံ့အပြားမှာ သာသနာပြုခဲ့၏။ ယခု ညောင်တုန်းမြို့ အရှေ့ ဘက်တွင် နေထိုင်လျက်ရှိပါသည်။ ဘိုးထွန်းလှိုင် သည် သာမညသို့လည်း ရောက်ခဲ့၏။ ဇွဲကပင်မှာလည်း သာသနာပြုခဲ့၏။ သန်လျင် ပါဒကြီးမှာလည်း













သာသနာ့သက္ကရာဇ် (၂၅၅၂) ခု၊ ကောဇာသက္ကရာဇ် (၁၃၇၀) ခရစ်နှစ် (၂၀၀၈) ခု၊

အတုလမင်္ဂလာ ဆေးချမ်းသာ ဆွဲလှည့်စက်ကြီး

ဘာသာတိုးတွန်းလိုင်စာ အမျိုးသားလျက် နှစ်ဘက်ဖြောင့်မိတ္တ ကိုးကွယ်များအား ရည်စူး၍

ရန်ကုန်မြို့နေ ဦးတင်မြင့်+ဒေါ်နန်းလှ သားသမီးမြေး မိသားစု ကောင်းမှု၊

* ဗုဒ္ဓေါ အရဟံ ဝိဇ္ဇာ သမာဓိ *


ဗုဒ္ဓေါမယ့် သုခံဓေတု၊ သံသာရဝဋ္ဋဒုက္ခတော၊

မောစနတ္ထာယ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ဦးတိဒိညာ၊ ညာဒိတိ၊ တိဒိညာဦး။





ဦးဉာဏ်ခင်တုန်းတစ်ဖက်ကမ်းတွင် သာသနာပြုနေသော သက်တော်ရာကျော် တိုးထွန်းလှိုင်

ရောက်ခဲ့ဖူး၏။ သမိန်ထော၊ သုံးခွ၊ မဒေါက်၊ ရွှေကျင်၊ မြိုင်ကြီးငူ၊ ဘုရားငါးဆူ စသော နေရာအနှံ့သာသနာပြုခဲ့၏။ ယခု ညောင်တုန်းအရှေ့ဘက်တွင် သာသနာပြုကာ စခန်းထိုင်လျက်ရှိ၏။

**ယခုလက်ရှိ မိုးပိန်ကုန်း**

ဘိုးထွန်းလှိုင်နေသောနေရာမှာ ဖိုးပိန်ကုန်း ဖြစ်၏။ ဆရာကြီးသည် အတုလ ခတ်ပိုင်ဆရာလှိုင်ဟု ရှေးက ကျော်ကြားခဲ့သော ဆေးဆရာကြီး ဖြစ်၏။

**တရားစကား**

ရောက်လျှင်ရောက်ချင်း ဆရာကြီးက တရားဟောပါသည်။ "ငါမဟုတ်ဘူး၊ ငါဟုတ်တယ်ဟု ပြောကြ"ဟု ပြောပါသည်။ "ပုထုဇဉ်တွေပါဘုရား၊ ခြင်ကိုက်ရင်တောင် နာပါသေးတယ်ဘုရား ဒီလို ပြောရတယ်" ဟုဆိုပါသည်။ ပထမတော့ "ငါမဟုတ်ဘူးလို့ ဆိုကြတယ်၊ မြွေလည်းလာရော ထွက်ပြေးကြရော" ဟု ဆိုပါသည်။

**ရုပ်နာမ်နှစ်ပါး**

"ရုပ်နာမ်နှစ်ပါးကို အလှူခံတော်မူပါ ဘုရား"ဆိုပြီးတော့ လှူဒါန်းရတယ်ဟု သင်ကြားပါသည်။ "မလုပ်တတ် မကိုင်တတ်လျှင် ကိုယ့်တရား ကိုယ်ပြန်ဖိတယ်"ဟု ဆရာကြီးက ဆုံးမပါသည်။

**၂၄-နှစ်ကြာခဲ့ပြီ**

(၁၃၄၀) ပြည့်နှစ်ကတည်းက ဒီနေရာမှာ နေခဲ့တာဟု ဆရာကြီးက ဆိုပါသည်။ ဆရာကြီး၏အမေမှာ အညာစုရွာဇာတိ ဖြစ်ပါသည်။ အညာစုရွာကို ယခု ရွာသာအေးဟုခေါ်ပါသည်။ ညောင်တုန်းအပိုင် ဖြစ်၏။ မိုးဟုတ်ကျေးရွာ အုပ်စု ဖြစ်၏။ ဆရာကြီး၏ဖခင်မှာ နွားထိုးကြီး ရွာသားဖြစ်ကြောင်း သိရပါသည်။

ယခင့် ယခင်က ချောင်းကြီး ကျေးရွာ၊ သဇင်၊ ရေကျော် စသော ဧရာဝတီ မြစ်ဝှမ်းဒေသများတွင် ဘုရား (၁၂) ဆူ တည်ခဲ့ကြောင်း သိရပါသည်။

**ယခုလက်ရှိနေရာ**

ယခုလက်ရှိ ဆရာကြီး တရားအားထုတ် လျက်ရှိသော နေရာမှာ မြေ (၂) ဧကလောက် အကျယ်အဝန်းရှိပါသည်။ ယခင်က လယ်ကွင်းကြီးဖြစ်ပါသည်။ ရေအလွန်နက်၏။ ဆင်တစ်ရပ်စာလောက် ရှိသည်ဟုဆိုပါသည်။ ထိုရေနက်သောနေရာကို မြေဖို့၍ ဘုရားများ တည်ထား၏။ ကျောင်းများဆောက်ထား၏။ လမ်းများဖောက်ထား၏။

**ဆွေမျိုးများ**

ဆရာကြီးသည် မွေးချင်းများထဲတွင် အကြီးဆုံးဖြစ်ကြောင်း သိရပါသည်။ ယခုတော့ ဆွေမျိုး များမရှိတော့ပါ။ တစ်ယောက်ပဲ ကျန်တော့တယ်ဟု ဆိုပါသည်။ ညီအစ်ကိုတော် တစ် ယောက်မှာ ညောင်တုန်းအရှေ့ကျောင်းကြီး ဆရာတော်ဖြစ်၏ဟု သိရပါသည်။

**စာမတတ်ပါ သို့သော် . . .**

စာမတတ်ဘူးဟု ဆရာကြီးကပြောပါသည်။ မွေးကတည်းက ဆင်းရဲခဲ့တာဟုလည်း ဆိုပါသည်။ ထမင်းတောင် နပ်မှန်အောင် မစားခဲ့ရဟု ဆိုပါသည်။ စာမတတ်သော်လည်း ဘုရားပညာတော့ တတ်သည်ဟု ဆရာကြီးက ရယ်မော၍ ဆိုပါသည်။

**အကျွတ်တရားရခဲ့ပုံ**

တပည့်တွေလာတုန်း ဆရာအကျွတ်တရားရပုံလေး ပြောရဦးမယ်ဟု အစချီကာ ပြောလေ့ ရှိပါသည်။

**သင်္ချိုင်းကုန်းထဲမှ နေခဲ့ရ**

လျှောက်ခဲ့ရသော ဘဝခရီးအလွန်ရှည် သည်ဟု ဆိုပါသည်။ ဟိုတုန်းက သင်္ချိုင်းကုန်းမှာ နေခဲ့ရတယ်ဟု ဆိုပါသည်။ သင်္ချိုင်းကုန်းမှာ နေရင်းပင် တရားအားထုတ်ခဲ့ရာ တရားပေါက်ခဲ့ကြောင်း သိရပါသည်။

သင်္ချိုင်းကုန်းထဲ အားထုတ်စဉ် လူသေက ကုန်းထ၍ အောက်ကနေ တွန်းသည်ဟု ဆရာ က ပြန်ပြောလေ့ရှိပါသည်။ ဘယ်ပြေးလို့ လွတ်မလဲဟုလည်း ပြန်လည်တသစွာ ပြောဆိုတတ်ပါသည်။

**လေထဲက ကြားရသောစကားများ**

ငယ်စဉ်အခါမှာ ဘုရား၊ တရား အားမထုတ် သေးခင်က ဘယ်ကမှန်းမသိ လေထဲက လာ၍ ဆုံးမတတ်သည်။ "လိမ်လိမ်မာမာ နေပါတဲ့၊ ရတနာသုံးပါး ဆည်းကပ်ပါတဲ့" သို့ကလို ခဏ ခဏပြောတော့ လေးခါလောက်ပြောပြီးတော့ မှပဲ ဘုရားစပြီး ရှိခိုးတော့တာပါပဲ ဟု ဆရာကြီးက ပြန်၍ပြောတတ်ပါသည်။ အဲဒီတုန်းက ဆရာကြီးသည် သင်္ချိုင်းထဲမှာ အားထုတ်ခဲ့ကြောင်း သိရပါသည်။

**အဘွားကြီးတစ်ယောက် ရောက်လာခြင်း**

အားထုတ်၍ လေးရက်လောက်ကြာတော့မှ တရားသဘောစ၍ သိရပါသည်။ အဘွားကြီး တစ်ယောက် ရောက်လာသည်။ ပြီးတော့ ရှေ့တွင် လဲကျသွားသည်။

ပြီးတော့ ပုပ်ပွသွားသည်။ ဒီလိုပဲ မြင်ရသည်။ မိန်းကလေးတစ်ယောက် ရောက်လာပြန်သည်။ ရှေ့တွင် လဲကျသွားသည်။ ပြီးတော့ ပုပ်ပွသွားသည်။ ဒီလိုပဲ မြင်ရပြန်သည်။

**မြွေကြီးတစ်ကောင်**

နောက်ညများမှာ အဘွားကြီးတွေ ရောက်လာပြန်သည်။ တစ်ယောက်ခေါင်းကို တစ်ယောက်က ခွဲ၍စားနေသည်ကို တွေ့ရသည်။ နောက်တစ်နေ့မှာ မြွေကြီးတစ်ကောင် ထွက်လာပြန်သည်။ ဘာမှ မလုပ်တတ်။ မေတ္တာပဲ ပို့ရသည်။ နောက်တစ်နေ့မှာ အရိုးချည်းပဲ တွေ့ရသည်။ နောက်တစ်နေ့မှာ ဝလိုက်တဲ့ ကောင်ကြီးတစ်ကောင် မတ်တပ်ရပ်နေသည်။ နောက်တစ်နေ့မှာ မိန်းကလေး တစ်ယောက်။ လှလိုက်တာ။ မုန့်သုံးခွက် လာလှူသည်။ နောက်က အသံတစ်သံက ရုပ်ခန္ဓာအကြောင်း အသံနှင့် ရွတ်နေတာ ကြားရသည်။

**ဆေးတံတစ်ချောင်း**

နောက်တစ်ညမှာ မီးခိုးလေး တလူလူထွက်နေတဲ့ ဆေးတံကြီး လာပေးသည်။ လာချသွားသည်။ ည (၇) နာရီ၊ (၈) နာရီ၊ (၉) နာရီလောက်ရောက်တော့ တစ်ခါပြန်၍ လာပြန်သည်။

**အလောင်းကြီးရောက်လာခြင်း**

နောက်တစ်ညရောက်ပြန်တော့ "ဖြည်းဖြည်း ဖြည်းဖြည်းတဲ့"။ ဖျာလိပ်ကြီးနှင့် အလောင်းကြီး ယူလာသည်။ ဖြေပြလိုက်တော့မှ အလောင်းကြီး ဖြစ်နေသည်။

**မြွေကြီးလာပတ်ခြင်း**

နောက်တစ်ညမှာ မြွေကြီးတွေ ရောက်လာပြန်သည်။ တရားအားထုတ် နေသည်ကို သုံးပတ်ပတ်ပြန်သည်။ ပြီးတော့ အားမရသေး။ လူပေါ် တက်လာပြန်သည်။ ပြီးတော့ အမြီးနှင့်အထပ်ထပ် ရစ်ပတ်ပြန်သည်။ ပြီးတော့ ပြန်သွားသည်။

**ပညာသင်ပေး၍ ပျောက်သွားခြင်း**

နောက်တစ်လလောက် ကြာပြန်တော့ အဘွားကြီးတစ်ယောက် ရောက်လာပြန်သည်။ လူပဲလို့ အောက်မေ့တာပဲ။ ပြီးတော့ စာတွေ၊ စာတွေ လာသင်ပေးသွားသည်။ သင်ပြီးတော့မှ ပြန်သွားသည်။ မသွားခင်မှာ မှာခဲ့သည်။ "ငါ့သား၊ လိမ်လိမ်မာမာနေ"တဲ့။

**သာသနာပြုပေတော့တဲ့**

နောက်တော့ အဘိုးကြီးတစ်ယောက် ရောက်လာပြန်သည်။ ရောက်လျှင်ရောက်ချင်း အဘိုးကြီးကပြောသည်။ "ငါ့မြေး၊ သာသနာပြုပေတော့" ဟု ပြောပြီးတော့ ပြန်သွားသည်။

**တိဟိတ်**

ဘိုးထွန်းလှိုင်သည် ကျွန်တော်တို့အား စိတ်ရှည်လက်ရှည် ပြောပြနေသည်။ "တိဟိတ်ပဲ" ဟု ဆိုပါသည်။ ကျန်တာတွေ မေ့ကုန်ပြီဟု ပြောပါသည်။ တလောက ဆွေမျိုးတွေလာတာတောင် မေ့နေသည်။ လက်စသတ်တော့ ငါ့အမျိုးတွေကိုးဟု စဉ်းစားယူရသည်။ ဆရာ့စိတ်က တိဟိတ်ပဲ။ ဒွိဟိတ်မဟုတ်ဟုဆိုပါသည်။

**ထမင်းမစားဘဲ နေခဲ့ခြင်း**

ပုပ္ပါးတောင်မကြီး ရောက်ဖူးလားဟု မေးပါ သည်။ ကျွန်တော်က ရောက်ဖူးကြောင်း ပြောပါသည်။ ထိုအခါ ဘိုးထွန်းလှိုင်က "အေး၊ အဲဒီမှာ အဘနေခဲ့တာ တစ်ခါမှ ထမင်းမစားဖူးဘူး"ဟု ဆိုပါသည်။ "ထမင်းမစားပဲလည်း နေလို့ရတာပဲ" ဟု ဆရာကြီးက ပြောပါသည်။

**ငှက်ပျောသီးတစ်ပိုင်း**

နောက်တော့ ထမင်းမစားမှန်းသိတော့ ငှက်ပျောသီးလေး ရှစ်လုံးလာပေးတယ်။ "ယူထားလိုက်တယ်"ဟု ဆရာကြီးကပြောပါ သည်။ "တစ်လုံးကို ယူလိုက်တယ်။ တစ်ဝက်ကို ဘုရားလှူလိုက်တယ်။ တစ်ဝက်ကို စားလိုက်တယ်။ ခုနစ်လုံး ကျန်တယ်လေ"ဟု ဆရာကြီး ကပြောပါသည်။

**ငှက်ပျောသီးရှစ်လုံး**

နောက်တစ်နေ့ ရောက်ပြန်တော့ ခုနစ် လုံးက၊ ရှစ်လုံးပဲ ပြန်ဖြစ်နေတယ်။ မနေ့က အတိုင်းပဲ။ ဒီတော့လည်း တစ်ဝက်စား၊ တစ်ဝက် ဘုရားလှူလိုက်တယ်။ ခုနစ်လုံးပဲ ကျန်ပြန်တယ်။ ဒီလိုနဲ့နေလာတာ အကြာကြီး။ ဆရာကြီးက ပြန်၍ပြောပြနေပါသည်။

**(၂၄) နှစ်ခရီး**

"ဆရာဒီကိုရောက်တာ၊ (၂၄) နှစ်ရှိပြီ"ဟု ဆိုပါသည်။ "စခန်းတွေစုံခဲ့ပြီ။ ဒီစခန်းက နောက်ဆုံးပဲ"ဟု ဆိုပါသည်။ "ဆရာက ရဟန်းပြုဖို့ စိတ်ကူးမရှိပါဘူး"ဟု ဆရာကြီး က ဆိုပါသည်။

**ဆေးတံကြိုက်ခြင်း**

ဆရာကြီးသည် ထိုစဉ်က အသက် (၈၇) နှစ်ရှိပြီ ဖြစ်ပါသည်။ ဆေးတံကလေး ဖွာလိုက်၊ စကားပြောလိုက်နှင့် စကားစပြတ်ရင်း "ထမင်းစားပြီး ပြီလား"ဟု ကျွန်တော်တို့ကို မေးပါသည်။ ကျွန်တော်တို့ကလည်း စကားစပြတ်သွားမှာစိုးသဖြင့် ထမင်းအကြောင်း မပြောပါ။ ဆက်၍ နားထောင်နေပါသည်။

**မဟာအောင်သိဒ္ဓိ**

(၁၃၄၀) ပြည့်နှစ်လောက်ကစ၍ ဆရာကြီး သည် မဟာအောင်သိဒ္ဓိဘုရားကို တည်ခဲ့ပါသည်။ ရွာထဲက လူတွေ စုလိုက်သည်။ ပြီးတော့ အုတ်တွေဖုတ်ကြသည်။ ဘုရားတည်မယ်ဆိုတော့ လူတွေ သူ့ဘာသာလာကြတာပဲဟု ဆရာကြီးက ဆိုပါသည်။ သူဟာသူလာပြီး သူ့ဟာသူ တည်ဆောက်သွားတာပဲဟု ဆိုပါသည်။ ခဲရာ ခဲဆစ် မရှိပါဟု ဆရာကြီးသည် ဆေးတံကိုမီးညှိကာ ပြောပါသည်။

**အသက်ရှိသော ဆင်းတုတော်ကြီး**

ဆရာကြီး ထိုင်နေသော ရှေ့တည့်တည့်တွင် မန္တလေးက မဟာမြတ်မုနိပုံတူ ရုပ်ရှင် တော်မြတ်ကြီးရှိပါသည်။ မန္တလေးမှမှာ၍ ထုသည်ဟု သိရပါသည်။ အလေးချိန် ပိဿာ (၁၀၀၀) ကျော်ကြောင်း၊ ဦးခေါင်းတော်ကပင်လျှင် (၃၁၅) ပိဿာရှိကြောင်း သိရပါသည်။

**အလိုလိုတည့်သွားသော ဦးခေါင်းတော်ကြီး**

ဦးခေါင်းတော်ကို တပ်ဆင်သောအခါ အနည်းငယ် စောင်းနေ၏။ လေးလွန်းသဖြင့် လူတွေစု၍ ဆွဲမပင့်ချီသော်လည်း မရကြ ကြောင်း သိရပါသည်။ "သာသနာမှာ စောင့်တဲ့ နတ်တွေ ရှိတယ်ဆိုတာ တကယ်ပါပဲဗျာ" ဟု ဆရာကြီးက တိုင်တည်လိုက် သောအခါ စောင်းနေသော ဦးခေါင်းတော်ကြီးသည် ဂျိုင်းခနဲ မြည်ကာ အလိုလို တည့်ပြီး ဖြစ်သွားပါသည်။

**သာသနာကို နတ်စောင့်တာ အမှန်ပဲ**

"သာသနာတော်ကြီးမှာ နတ်ကောင်းနတ်မြတ်တွေစောင့်တာ တကယ်ပါပဲ"ဟု ဆရာကြီးက ဆိုပါသည်။

**ပုတီးမများကြနဲ့**

"ပုတီးမများကြနဲ့"ဟု ဆရာကြီးက ဆိုပါ သည်။ "ဘယ်ဟာဆိုရင် ကောင်းမလဲဆိုပြီး ပုတီးစိပ်ရွေးနေရတာနှင့် အချိန်ကုန်တတ် တယ်"ဟု ဆရာကြီးက ဆုံးမပါသည်။

**လူတွေမသိ နတ်တွေသိတယ်**
"ကိုယ်လုပ်တာ မှန်မမှန် ဘယ်သူသိမလဲ" ဟု ဆိုပါသည်။ "မမြင်ရတဲ့ နတ်တွေက သိတယ်" ဟု ဆရာကြီးက ဆိုပါသည်။
ဆရာခေါင်က ဆရာကြီးကို နောင်တော်ကြီး ဟု ခေါ်လေ့ရှိကြောင်း သိရပါသည်။ ဘယ်ဘဝက ဘယ်လိုအဆက်အသွယ်မှန်း ကျွန်တော်တို့ကဲ့သို့ ဉာဏ်ပညာ နုနယ်သူများ သိနိုင်စရာအကြောင်း မရှိပါ။

**ဆရာကြီးပေးသော သိဒ္ဓိပေါက် ပုတီးစိပ်နည်း**
ကိုယ်လိုချင်တာ ကိုယ်ပဲပြောရသည်။ ဘာ ပုတီးစိပ်ရင် ကောင်းမလဲဟု သိချင်စိတ်ပေါ်ပေါက်ပါသည်။ ထိုအခါ ဆရာကြီးက ကောက်ကာငင်ကာဖြင့် **"ဗုဒ္ဓေါ အရဟံ ဝိဇ္ဇာ သမာဓိ"** ဟူ၍ အာရုံပြုပြီး ပုတီးစိပ်ပါဟု ဆိုပါသည်။

**ဆရာကြီးအတွက် အမွေးတိုင်ငါးတိုင်**
ဆရာကြီးကို ဘယ်လိုကန်တော့ရမလဲဟု ကျွန်တော်တို့ စိတ်ကူးပါသည်။ ထိုအခါ ဆရာကြီးက ကောက်ကာငင်ကာဖြင့် "အေး၊ ညောင်တုန်းအရှေ့ဘက်မှာ သာသနာပြုနေတဲ့ အရှင်ရေ မြန်မြန်သာလာပါဆိုပြီး ဘုရားမှာ အမွှေးတိုင်ငါးတိုင် ပူဇော်လိုက်" ဟု ဆိုပါသည်။ အပြစ်မရှိဟုလည်း ဆရာကြီးကပြောပါသည်။

**ဆေးဆရာကြီးဘဝ**
ဆရာကြီး ဘိုးထွန်းလှိုင် နေထိုင်သော ပတ်ဝန်းကျင်ကို ကျွန်တော်တို့ လှည့်လည်ကာ ဓာတ်ပုံရိုက်ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် ရွာသာအေးရွာ၊ ဘဘဦးထွန်းလှိုင်ဟူသော စာရေးထားသည့် ပုံတစ်ပုံတွေ့ရပါသည်။ ထိုပုံမှာ အသက် (၃၀) နှစ် အရွယ်က ပုံဟုသိရပါသည်။ ထိုစဉ်က ဆေးဆရာကြီး ဖြစ်သည် ဟုဆိုပါသည်။

**ကြာငါးခိုင်ပွင့်ခြင်း**
သာသနာ့နယ်မြေတွင် ပူဇော်ထားရှိမည့် မဟာမြတ်မုနိဘုရားပုံတော်ကြီးကို အကြမ်းသွန်းလောင်းရန် စီစဉ်ဆောင်ရွက်နေစဉ် ရေကန်ထဲတွင် ကြာငါးခိုင် ထူးထူးခြားခြားပွင့်ပါသည်။ (၁၃၆၃) ခု၊ ဝါဆိုလပြည့်၊ ဓမ္မစကြာ အခါနေ့ (၄-၈-၂၀၀၁) ရက်၊ စနေနေ့တွင်ပေါ်ပေါက်လာသော ဘုရားငါးဆူ ကြာနိမိတ် ကြာငါးခိုင်ဓာတ်ပုံကို ကျွန်တော်တို့ အသေအချာ ရိုက်ယူလာခဲ့ပါသည်။

**အတုလစာတ်ပိုင် ဘိုးထွန်းလှိုင်**

တစ်နေရာတွင် ဓာတ်ပုံတစ်ပုံ တွေ့ရသည်။ ထိုဓာတ်ပုံမှာ အတုလဓာတ်ပိုင်ဆရာ ဦးထွန်းလှိုင် ဟု စာတန်းထိုးထားပါသည်။

**မဟာအောင်သိဒ္ဓိ ဆုတောင်းပြည့်စေတီတော် သမိုင်း**

မော်ကွန်းကျောက်စာကို တွေ့ရရာ မှတ်သားဖွယ်ရာများပါရှိသဖြင့် အညောင်းခံကာ ကူးယူရပါသည်။ အမြင်အကြား အထင်အရှားပွားများလိုသော ဗဟုသုတ မက်မောသူ ကျွန်တော့်အား ခရီးသွားဖော်များက အားနာစွာ စောင့်ဆိုင်းနေရပါသည်။

၁၉၈၀ "၁၃၄၁ ခု၊ တပေါင်းလပြည့်၊ (၂၉. ၂. ၁၉၈၀) ရက်၊ သောကြာနေ့ နံနက် (၆း၃၄) မိနစ်အချိန်တွင် ပန္နက်ရိုက်၍ သံဃာတော်ငါးပါးနှင့် ဆရာကြီးဦးထွန်းလှိုင်မှ ကြေးဆင်းတုတော်ကို ပိုက်၍ ဂေါပကလူကြီးများနှင့် ဂန္ဓကုဋီတိုက်ကို သုံးပတ်လှည့်လည်ပူဇော်၍ နံနက် (၉း၄၀) မိနစ်အချိန်တွင် အုတ်မြစ်ချသည်။

၁၉၈၂ (၁၃၄၃) ခု၊ တပေါင်းလဆန်း (၁၀)ရက်၊ (၄. ၃. ၁၉၈၂) ရက်၊ ကြာသပတေးနေ့၊ နံနက် (၇း၀၀) နာရီတိတိအချိန်တွင် ထီးတော်တင်သည်။

၁၉၈၃ (၁၃၄၅) ခုနှစ်တွင် စောင်းတန်းများ တည်ဆောက်ပြီးစီးသည်။

၁၉၈၄ (၁၃၄၆) ခုနှစ်တွင် မဟာမြတ်မုနိ ဆုတောင်းပြည့် ရုပ်ပွားတော်ကြီး တည်ထားပြီးစီးသည်။

၁၉၉၆ (၁၃၅၈) ခုနှစ်၊ နတ်တော်လဆန်း (၃) ရက်၊ ၁၃-၁၂-၉၆ (သောကြာနေ့)တွင် အရှေ့နတ်လမ်းကို အုတ်မြစ်ချသည်။

၁၉၉၆ (၁၃၅၈) ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ ၁၇-၃-၉၇ နေ့တွင် ပြီးစီးသည်။

၁၉၉၈ (၁၃၅၉) ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက်၊ ၁၅-၃-၉၈၊ နံနက် (၁၀း၂၃) အချိန်တွင် မဟာအောင်သိဒ္ဓိ ဆုတောင်းပြည့်စေတီတော်ကို ထပ်မံ၍ ဉာဏ်တော်တိုးမြှင့်တည်ဆောက်ရန် ပန္နက်ချသည်။

၁၉၉၈ (၁၃၅၉) ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်၊ ၈-၃-၉၈၊ တနင်္ဂနွေနေ့တွင် ထီးတင်ပြီးသည်။

၁၉၉၇ တံခွန်တိုင်တည်သောနှစ် (၁၂-၂-၉၇)၊ (၉း၄၅) ခုနှစ်တွင် ပန္နက်ချသည်။ (၈-၅-၉၇) ရက်နေ့တွင် ထီးတော်တင်သည်။

၁၉၉၈ (၁၃၅၉) ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်၊ (၂. ၁. ၁၉၉၈) ရက်၊ သောကြာနေ့တွင် ဘုရားအမျိုးပြု၍ ရဟန္တာငါးရာ နတ်လမ်းပန္နက်ချသည်။"

အထက်ပါ အချက်အလက်တို့မှာ မဟာ အောင်သိဒ္ဓိ ဆုတောင်းပြည့်စေတီတော်ကြီး ကျောက်စာကမ္ပည်းမော်ကွန်းမှ ကူးယူထားသော စာသားဖြစ်ပါသည်။ တန်ဆောင်းကြီး၏ အဝင်ဝတွင် အပေါ်သို့ မော်ကြည့်လိုက်သောအခါ မှတ်သားဖွယ်ရာ စာသားများကို တွေ့ရှိရပါသည်။ အခြားလူများကိုလည်း ထပ်မံဖတ်ရှုစေလိုသောကြောင့် တပင်တပန်း ကူးယူမှတ်သားခဲ့ပါသည်။ ဖတ်ကြည့်ကြပါ။

ဘိုးထွန်းလှိုင်၏ကျောင်းတွင် ရေးသားထားသော မှတ်သားဖွယ်ရာများကို ကူးယူဖော်ပြပါသည်။

**သတိ ဆရာတော်များအမိန့်**

အနန္တော အနန္တငါးပါးကို မမေ့နှင့်။
အပြောကို မကြည့်နဲ့၊ မနောကို ကြည့်။
ရုပ်ကို မကြည့်နဲ့၊ အလုပ်ကို ကြည့်။
အခွံ ခွာ၊ အကာ ပစ်၊
အနှစ်ကို တော၊ ညက်ညက်ကြေမှ
အဆီထွက်မည်။
လောကီစီးပွား၊ ချမ်းသာတွက် ဗေဒင်မမေးရ၊
ဘဝအတိတ်ပြုရာရမည်။
နောက်က ကောင်းမှ၊ ခု ကောင်းမည်။
ခု ကောင်းမှ နောင် ကောင်းမည်။
ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ။
မှန်တာ ပြော၊ ဟုတ်တာ လုပ်။
သည်းခံမှ နိဗ္ဗာန်ရမည်။

**သတိထားရန်**

၁။ လူချင်းတူသော်လည်း ဉာဏ်ချင်း မတူနိုင်။
၂။ ဉာဏ်ချင်းတူသော်လည်း ပါရမီချင်း မတူနိုင်။
၃။ ပါရမီချင်းတူသော်လည်း ဝီရိယချင်း မတူနိုင်။
၄။ ဝီရိယချင်းတူသော်လည်း သတိချင်း မတူနိုင်။
၅။ သတိချင်းတူသော်လည်း သမာဓိချင်း မတူနိုင်။
၆။ သမာဓိချင်းတူသော်လည်း ပဋ္ဌာန်းချင်း မတူနိုင်။
၇။ ပဋ္ဌာန်းချင်းတူသော်လည်း ပဋ္ဌာနဆုတောင်းချင်း မတူနိုင်။
၈။ စိတ်ခိုင်မှ မိမိဝမ်း အဖျတ္တမာရ်ကိုနိုင်သည်။

၉။ နတ်ပိုင်မှ - ဓာတ်ပိုင်သည်။
၁၀။ဓာတ်ခိုင်မှ - မနောပိုင်သည်။
၁၁။မနောပိုင်မှ - ပညာရောက်မည်။
၁၂။ပညာရောက်မှ - ဝိဇ္ဇာဖြစ်သည်။
၁၃။ဝိဇ္ဇာဖြစ်မှ ဓာတ်ကလာပ်၊ ပရမတ်စစ် ဖြစ်သည်။
၁၄။ဓာတ်၊ ကလာပ်၊ ပရမတ်၊ မြင်မှလောကုတ္တရာ ဝိဇ္ဇာဖြစ်သည်။
၁၅။လောကုတ္တရာဝိဇ္ဇာဖြစ်မှ - မဂ်ဖိုလ်နိဗ္ဗာန်ရသည်။

အထက်ပါ စာတမ်းကြီး၏ဘေးတွင် မေ့းမှိန်နေသော စာသားများကို တွေ့ရရာ အသေအချာ ဖတ်လိုက်သောအခါ အလွန်စိတ်ဝင်စားစရာကောင်းသဖြင့် နောင်သောအခါ ကျွန်တော်ကဲ့သို့ အချိန်ကုန်ခံကာ မကူးနိုင်သူများအကျိုးငှာ အောက်တွင် ဖော်ပြလိုက်ပါသည်။ ကောင်းကျိုး အတူတကွ ခံစားနိုင်ကြပါစေ။

သိဒ္ဓိ ၁၀–ပါး
၁။ ပီယသိဒ္ဓိ
ယောကျ်ား၊ မိန်းမချစ်ခင်မှု၌ ပြီးစီးခြင်း။
၂။ ကာယသိဒ္ဓိ
လက္ခဏာအမျိုးမျိုး၌ ပြီးစီးခြင်း။
၃။ ဓနသိဒ္ဓိ
ပစ္စည်းဥစ္စာပြုလုပ်မှု၌ ပြီးစီးခြင်း။
၄။ ပထဝီသိဒ္ဓိ
လမ်းလျှောက်မှု၌ ပြီးစီးခြင်း။
၅။ ဥဒကသိဒ္ဓိ
ရေပြင်ကို မြေပြင်ကဲ့သို့သွားလာနိုင်မှု၌ ပြီးစီးခြင်း။
၆။ အာကာသသိဒ္ဓိ
မြေလျှိုးမိုးပျံနိုင်မှု၌ ပြီးစီးခြင်း။
၇။ အာရောဂျသိဒ္ဓိ
ရောဂါဝေဒနာကင်းရှင်းမှု၌ ပြီးစီးခြင်း။
၈။ အာဟာရသိဒ္ဓိ
အစာမစားဘဲနေနိုင်ခြင်း၌ ပြီးစီးခြင်း။
၉။ ဇရာပန္နသိဒ္ဓိ
ပျိုပြန်နုနယ်လာခြင်း၌ ပြီးစီးခြင်း။

၁၀။ အာယုသိဒ္ဓိ
အသက်ရှည်ခြင်း၌ ပြီးစီးခြင်း။

**ကျော်ဟိန်းလှူသော တံခွန်တိုင်**

တစ်နေရာတွင် တံခွန်တိုင်ကြီးတစ်ခု တွေ့ရ ပါသည်။ အလွန်ထူးသဖြင့် မေးကြည့်သောအခါ ရုပ်ရှင်မင်းသား ကျော်ဟိန်း လှူထားတာဟု ပြောပါသည်။ ရှေးအခါက ဖိုထိုးမနေစဉ်ကာလမှာ ဖိုထိုးနေကြသော လူကြီးအချို့ပင် လာရောက်ကြကြောင်း သိရပါသည်။

**ပုပ္ပါးဒေဝီ လှလှလေး**

ဆရာကြီးနေထိုင်ရာ နေရာကို လှည့်လည် ကြည့်ရှုကြရာ တစ်နေရာတွင် "ပုပ္ပါးဒေဝီ လှလှလေး" ဟူသော စာသားကို တွေ့ရပါသည်။

ထိုသို့ စာရေးထားသောနေရာတွင် ကျောက်တုံးဝိုင်းဝိုင်းကြီး တစ်တုံးရှိပါသည်။ ထိုကျောက်တုံးကြီးကို ပုပ္ပါးတောင်မကြီးမှ သဘော်ဖြင့် သယ်လာကြောင်း သိရပါသည်။ ဇာတ်လမ်းမှာလည်း အဆန်း ဖြစ်ပါသည်။
ကျောက်တုံးကြီးမှာ သာမန်မဟုတ်။ မိန်းကလေး မျက်နှာပုံ ဖြစ်၏။ ထိုကျောက်တုံးကြီးမှာ အသက်ရှိ၏။ ကျောက်တုံးကြီးက "ပုပ္ပါး မှာ မနေချင်တော့ပါဟု ဆရာကြီးဆီ လိုက်နေချင်ပါတယ်" ဟု စကားပြောပါသည်။ ထိုအခါ ဆရာကြီးက မခေါ်ခဲ့ပါ။

**စကားပြောသော ကျောက်တုံး**

သို့သော်လည်း ကျောက်တုံးကြီးက နောက်မှလိုက်ကာ "မခေါ်လို့မရ အတင်း လိုက်မှာပဲ"ဟု ဆိုပါသည်။ "ကဲ၊ ဒီလောက်တောင် ဖြစ်လှတာ လိုက်ခဲ့"ဟု သဘော် နှင့်တင်၍ ခေါ်ခဲ့ကြောင်း သိရပါသည်။
ညောင်တုန်းရောက်ပြန်တော့လည်း ချီ၍ မရ၊ မ,၍မရ ဖြစ်ရ ပြန်သည်။ အခက် တွေ့ရသည်ဟု ဆိုကြပါသည်။
ထိုအခါ ဆရာကြီးက "လိုက်ချင်တုန်းကလည်း ငါခေါ်တာ မဟုတ်၊ မင်းဘာသာ မင်း လိုက်ချင်တာ။ ဒီရောက်တော့လည်း ဘယ်လို ဖြစ်ပြန်တာလဲ"ဟု ဆိုပါသည်။ ထိုအခါ ကျောက်တုံးကြီးသည် သူဟာသူ သဘော်ပေါ်မှ ခုန်ဆင်း၍ "ဒီမှာလာနေ တော့တာပဲ" ဟု ဆရာကြီးက ရယ်ရယ်မောမော ပြောပြပါသည်။

**အသက်ဝင်လာသော ကျောက်တုံးကြီး**

ဒီရောက်တော့မှ ကျောက်တုံးကြီးက အသက်ဝင်လာတော့ "ကဲ - မထူးပါဘူးဆို[ ခေါင်းဆောင်းဖို့ စည်းပုံတွေ ဘာတွေ ဝယ်ပေးထားရတယ်" ဟု ဆရာကြ[ီး

ရယ်ရယ်မောမော ပြောပြပါသည်။

ကျောက်တုံးကြီးက အသက်ရှိတယ်ဆိုပြီး ဘယ်ကမှန်းမသိ သိုက်ဆရာတွေလာကြသေးတယ်ဟု ကြားသိရပါသည်။ သို့သော်လည်း သူ့အကြောင်းနှင့်သူ ဖြစ်ပါသည်။

ထိုကျောက်တုံးကြီးသည် အသက်ရှိပါသည်။ မျက်စိနှစ်လုံး ရှိပါသည်။ နားရွက်နှစ်ခု ပါလာပါသည်။ နှာခေါင်းလည်းရှိပါသည်။ လူတစ်ရပ်လောက် ကျောက်တုံးဝိုင်းဝိုင်းကြီးဖြစ်ပါသည်။ လူ့ဦးခေါင်းကြီးနှင့် အလွန်တူပါသည်။ အထူးသဖြင့် မိန်းကလေးချောချောတစ်ယောက်၏ မျက်နှာပုံသဏ္ဌာန် ဖြစ်ပါသည်။ ယခုအခါ စည်းပုံနှင့်၊ ပဝါနှင့် တွေ့ရပါသည်။ အသက်ရှိပါသည်။ အိပ်မက်တောင်း၍ရပါသည်။ ထူးပါသည်။ ဆန်းပါသည်ဟု ညောင်တုန်းက လူတွေက ကိုယ်တွေ့ပြောကြပါသည်။

ထိုကျောက်တုံးကြီးကို ဘိုးထွန်းလှိုင် တည်ထားကိုးကွယ်သော မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးတည်ရာ တန်ဆောင်းအနီးတွင် တွေ့နိုင်ပါသည်။ ခေါင်းစဉ်မှာ "ပုပ္ပါးဒေဝီလှလှလေး" ဟု ရေးထားပါသည်။

**လူမသိသေးသော အတုလမာတ်ပိုင် ဘိုးထွန်းလှိုင်**

တောကြီးမျက်မည်းထဲမှာ၊ လယ်ကွင်းကြီး ထဲမှာ အလွန် ရိုးသားသော လူကြီးတစ်ယောက် ရှိပါသည်။ ထိုလူကြီးသည် အရပ်ရှည်ရှည်နှင့်၊ တိုက်ပုံအင်္ကျီနှင့် ဖြစ်ပါသည်။ ဝတ်ထားသောအင်္ကျီမှာ ဟောင်းနွမ်းလွန်းလှ၏။ ဖုန်တွေပေနေ၏။ သို့သော် ထိုဆရာကြီး၏ မျက်လုံးတို့သည် မမျှော်လင့်လောက်အောင် ဝင်းတောက်လျက်ရှိ၏။ ထိုဆရာကြီးသည် မိုးရွာထဲမှာလည်း ထီးမပါဘဲ လမ်းလျှောက်၏။ လမ်းသွားလျှင် သုတ်သုတ်သွားတတ်၏။ စကားပြောလျှင် အားရှိပါးရှိ ပြောတတ်၏။

သင်္ချိုင်းကုန်းထဲမှာ ကျင့်ကြံအားထုတ်ခဲ့၍ တရားထူး တရားမြတ်ရထားသော ပုဂ္ဂိုလ်ထူးကြီးကား လူမသိသေးသော (ဝါ) လူသိနည်းသော (ဝါ) မြင်ရခဲသော ပုဂ္ဂိုလ်ကြီး ဟု နားလည်သူတို့က ပြောဆိုကြပါသည်။ ထိုဆရာကြီး၏အမည်ကို "အတုလ မာတ်ပိုင် ဘိုးထွန်းလှိုင်" ဟု ခေါ်ဆိုကြပါသည်။

# (၁၃၀၉) ခုနှစ်မှာ အဘအောင်မင်းခေါင်ကြီးနှင့် ပုပ္ပါးမှာ တွေ့ခဲ့သည့် ဒုတိယမယ်ဒက်ဆရာတော် ဦးသံဝရ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့မှ အရှေ့ မြောက်ယွန်း (၃) မိုင်ခန့်အကွာတွင် နာမည်ကျော်ကြားသည့် တန်ခိုးကြီးမယ်ဒက်ဘုရား တည်ရှိပါသည်။ ပထမ သာသနာပြုဆရာတော် ဘဒ္ဒန္တဝိရိယ ပျံလွန်တော်မူခဲ့သည်မှာ (၅၅) နှစ်မျှ ကြာခဲ့ လေပြီ။

ယခုလက်ရှိ မယ်ဒက်ဆရာတော်မှာ ဘဒ္ဒန္တ သံဝရသက်တော် (၈၄) နှစ် ဖြစ်ပါသည်။ သိက္ခာတော် (၅၄) ဝါ ဖြစ်၏။

ရန်ကုန်မြို့မှ၊ စပါးကုန်သည် ဦးထင်ရှား၊ ဒေါ်ရွှေရင်တို့၏ သားဖြစ်သည်။ ပဥ္စမတန်းမှ နဝမတန်းအထိ စိန်ဂျွန်းကျောင်း၌ ကျောင်းတက်ခဲ့သည်။ နဝမတန်း အောင်သောအခါ ကျောင်းမှထွက်ပြီး အိမ်ထောင်ကျကာ နေရှင်နယ် အသက် အာမခံ ကုမ္ပဏီ၌ ဝင်ရောက် လုပ်ကိုင်သည်။ ဂျပန်ခေတ်အတွင်း မိသားစုအားလုံး မယ်ဒက်ဆရာတော်ကြီးထံ ရောက်ကာ အောင်ချမ်းသာရွာ၌ စစ်ဘေးဒဏ်ခိုလှုံ ရင်း နေထိုင်ခဲ့ရသည်။

(၁၃၀၅) ခုနှစ်၊ မယ်ဒက်ဆရာတော် ပျံလွန်ပြီးမကြာမီ အသက် (၂၉) နှစ် အရွယ် ၌ ဆွေမျိုး များမှ လေးငါးဦးနှင့်အတူ ဇနီး၊ သားသမီးတို့ (၉၆) ပါးရောဂါဖြင့် မရှေးမနှောင်း ကွယ်လွန်သွားသည်ကို သတိသံဝေဂရသည်ဖြစ်၍ (၁၃၀၇) ခုနှစ် တွင် မယ်ဒက်ဒုတိယဆရာ တော် ဦးဝိလာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင် ရောက်ခဲ့ရသည်။

မယ်ဒက်ကျောင်း၌ (၃) ဝါဆိုပြီး (၁၃၀၉) ခုနှစ်တွင် ပုပ္ပါးတောင်သို့ ဘုရားဖူး သွားစဉ် ဘိုးမင်းခေါင်နှင့် တွေ့ဆုံခဲ့ရသည်။ ထူးခြားသော ဖြစ်စဉ်များ ကြုံခဲ့ရသည်။

(၁၃၀၉) ခုနှစ်မှာပင် တောင်ငူကျွန်းကုန်း၌ အောင်မင်းခေါင်စေတီတစ်ဆူ၊ (၁၃၁၀) ပြည့်နှစ်တွင် ရေတာရှည်မြို့၌ အောင်မင်းခေါင်ကြီး စေတီတစ်ဆူ၊ (၁၃၁၂) ခုနှစ်တွင် တောင်ငူ အာသောကာရုံကျောင်းတိုက်၌ အောင်မင်းခေါင်ကြီး ငြိမ်းချမ်း ရေးစေတီတစ်ဆူ၊ (၁၃၀၃) ခုနှစ်တွင် ပျဉ်းမနား သုဓမ္မဝတီ ပေါစံခေါင် ဆရာတော် နှင့်အတူ မရမ်းတောင်၌ စေတီတစ်ဆူ ဦးဆောင်တည်ထားခဲ့သည်။



(၁၃၁၃) ခုမှ (၁၃၂၆) ခုနှစ်အထိ တောင်ငူမြို့ အာသောကာရုံကျောင်း၌ ကျောင်းသား (၅၀) ခန့်ကို ပဥ္စမတန်းမှ ဒသမတန်းအထိ အင်္ဂလိပ်စာနှင့် သင်္ချာ အခမဲ့သင်ကြားပေးခဲ့ပြီး (၁၃၂၇) ခုနှစ်တွင် စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်ဘုရား သံဃာ ဂေါပကအဖွဲ့၌ ပါဝင်ခဲ့သည်။

ဆွမ်းဦးပုညရှင်စေတီအနီးမှာပင် သီတင်းသုံးပြီး (၁၃၃၂) ခုနှစ်၌ ရေတာရှည် အောင်ချမ်းသာရွာမှ ဒကာများ လာရောက်ပင့်လျှောက်သဖြင့် မယ်ဒက်ကျောင်း သို့ ကျောင်းထိုင်ဆရာတော်အဖြစ် ရောက်ရှိခဲ့သည်။

(ကျမ်းကိုး။ ဦးအောင်မြင့်၊ လက္ခဏာ ဗေဒင် သုတေသီ၊ မယ်ဒက် ဆရာတော်၏ လက္ခဏာနှင့် သက်ရှည် ကျန်းမာသုတများ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်-၁၅၃၊ ၁၉၉၉ ခု၊ ဧပြီလ၊ စာ-၈၃၊ ၈၅)

# ပုံတောင် ပုံညာက ဝိဇ္ဇာဓိုရ် မောင်ညို

ယောမြို့တွင် အငြိမ်းစားကျောင်းဆရာကြီး ဦးကြာထွန်းဟူ၍ရှိပါသည်။ ထိုဆရာကြီးသည် ၁၉၇၁ ခုနှစ်က အမျိုးသားစာပေဆုကို "ယော" ဟူသော စာအုပ်ကြီးဖြင့် သုတပဒေသာ ပထမဆုရခဲ့ပါသည်။ ထို စာအုပ်အရ ဆရာကြီး ဦးကြာထွန်းသည် ယောနယ်ဒေသ မင်းရွာက ဖြစ်ကြောင်း သိရပါသည်။ ထိုစာအုပ်ကို လူထုဦးလှက ၁၉၊ ၅၊ ၇၁ နေ့စွဲဖြင့် မိတ်ဆက်စကား ရေးထားပါသည်။ မန္တလေး၊ ဂုန္တန်ဝင်း၊ လက်ဆည်ကန်၊ ကြီးပွားရေးပုံနှိပ်တိုက်က (၁၉၇၁) ခု၊ ဇွန်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေပါသည်။ ထိုစာအုပ်အရ ဝိဇ္ဇာဓိုရ်မောင်ညိုအကြောင်း သိထားနှင့်ပါသည်။

ဆရာကြီး ဦးကြာထွန်း၏ အလိုအရ ဝိဇ္ဇာဓိုရ်မောင်ညိုအကြောင်း ကျွန်တော်သိသမျှ ဖောက်သည်ချပါမည်။ အလွန်အံ့ဖွယ်ဖြစ်ပါသည်။

"ဝိဇ္ဇာ ဇော်ဂျီ တပသီတို့သည် ဟိမဝန္တာ စသော တောတောင် ကန္တာရကြီးများအတွင်းဝယ် ပျော်မွေ့လျက်နေကြောင်း၊ ၄င်းတို့သည် ရှိမ်းဆာယာပိုမောက်၍ ကိုယ်ပျောက်အတတ်များကို တတ်စွမ်းလျက် မြေလျှိုး၍ မိုးပျံနိုင်ကြကြောင်း မြန်မာတို့ အစဉ်အလာအားဖြင့် ပြောဆိုလေ့ရှိကြ၏။ ရုပ်သေး ဇာတ်သဘင်တို့တွင်လည်း ဇော်ကဟူ၍လည်းကောင်း၊ ဇော်ယိမ်းဟူ၍ လည်းကောင်း၊ တစ်ခန်း၊ တစ်ကဏ္ဍပါဝင်ထည့်သွင်းလျက် ကပြကြလေရာ ဇော်ရုပ်သည် တောင်ဝှေးကို ထောက်ကာထောက်ကာ ခုန်ပျံကျော်လွှား၍ ကစားပြသွားသည်ကို ပွဲကြည့်ပရိသတ်များ၊ အထူးသဖြင့် ကလေးသူငယ်များ နှစ်သက်ကြလေသည်။

ဝိဇ္ဇာတို့တွင်လည်း ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ စသည်ဖြင့် ဝိဇ္ဇာအမျိုးပေါင်း အတော်များများရှိ၍ ပြဒါးသေတစ်ဆွေ့ဝ သံသေလျှင် တစ်ပြည်ဝသည် ဟူ၍ပင် ပြောဆိုလေ့ရှိကြပေ၏။ အချို့က ပုဂံပြည်ကြီး၌ စေတီပုထိုးဘုရားလိုဏ်ဂူတို့ပေါများခြင်းသည်ပင်လျှင် အရှင်အဇ္ဇဂေါဏမထေရ်သည် ထွက်ရပ်လမ်းပေါက်သဖြင့် ပုဂံပြည်၌ ရွှေမိုး ငွေမိုး ရွာသွန်းပေးခဲ့သောကြောင့်ဟု စွဲလမ်းယုံကြည်ကြပေသည်။ ထို့နောက် ဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင် စသည်ဖြင့် ထွက်ရပ်ပေါက် ဝိဇ္ဇာများ၊ ပထမံဂိုဏ်း၊ ဘိုးဘိုးကြီးဂိုဏ်း စသဖြင့် ဝိဇ္ဇာ ဇော်ဂျီဂိုဏ်းတို့သည် မြန်မာနိုင်ငံ၌ ယနေ့တိုင်အောင်ပင် ရှိနေကြပေသေးသည်။ ခေတ်ဟောင်း သီချင်းတစ်ပုဒ်တွင်-

ဦးဘသောင် မီးဖိုချောင်ထဲ ဘာများလုပ်တယ်၊ အဂ္ဂိရတ်ထိုးမယ်လို့ အိုးပုတ်အိုးပုတ်လုပ်တယ် ×××မြန်ပြေ အများသုံးဖွယ် သံသေပြဒါးလုံးရယ် ××× စသည်ဖြင့်



ဦးဘသောင် သီဆိုသော ဓာတ်ပြားသီချင်းကို အတော် နှစ်သက်သူ များရှိခဲ့လေသည်။

ထိုမျှသာမက ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီကလေးတွင် တည်ထောင်သည့် နဂါးနီစာအုပ်အသင်းအတွက် ကြော်ငြာသော နဂါးနီသီချင်းတွင်ပင် "ဘိုးဘိုးအောင်နှင့် ရှင်အဇ္ဇဂေါဏတို့ မ,တဲ့ကိန်းဆိုက်ပြီ"ဟု ရုပ်ရှင်မင်းသား ခင်မောင်ရင် သီဆိုအသံသွင်း၍ ဓာတ်ပြားများရောင်းချခဲ့ရာ သီချင်း ဓာတ်ပြားများ အရောင်းရတွင်ကျယ်သည်သာမက နဂါးနီထုတ် စာအုပ်များကိုလည်း ဖတ်ရှုသူ အလွန်များခဲ့လေသည်။

လွတ်လပ်ရေးရပြီးသော မြန်မာနိုင်ငံတွင် နိုင်ငံရေးအစိုးရလက်ထက်၌ ဆဋ္ဌသင်္ဂါယနာလိုဏ်ဂူတော်ကြီး တည်ဆောက်ရာမှာပင် ဝိဇ္ဇာများ၏ အကူအညီအစောင့်အရှောက်ပါကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်သမိုင်းစာအုပ်တွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရှိရလေသည်။ ဤသို့အားဖြင့် မြန်မာလူမျိုးတို့တွင် ဝိဇ္ဇာ ဇော်ဂျီတို့၏ အစွမ်းသတ္တိများကို ယုံကြည်သူများရှိပေသည်။

ကျွန်ုပ်တို့ယောနယ်တွင်လည်း မြေနီရွာမှ ဝိဇ္ဇာမိုရ် မောင်ညိုပျံအကြောင်းကို တစ်နယ်လုံးရှိ လူအားလုံးလိုပင် ကြားဖူးကြသည့်ပြင် မြေပြန့်ကျေးရွာများမှ ဆေးဆရာ သိုက်ဆရာများသည်လည်း ထိုမြေနီရွာကလေးသို့ မကြာခဏ လာရောက်၍ စူးစမ်းလေ့လာတတ်ကြပေသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ (၁၉၃၄) ခုနှစ်တွင် မိုးတားဆရာအမည်ခံ သိုက်ဆရာ အဘိုးကြီးတစ်ဦးသည် မြေနီ ရွာကလေးသို့ လာရောက်၍ စေတီဘုရားဟောင်းများကို ဖြိုဖျက်ကာ ဌာပနာတိုက်များကို စေ့စပ်သေချာစွာ ရှာဖွေသွားကြောင်း ကြားလိုက်ရပေသည်။

မြေနီရွာ၏ အရှေ့ဘက်တွင် သကျင်းတောင်ဟု ခေါ်သော မြင့်မားမတ်စောက်သော တောင်တစ်လုံးရှိ၏။ ယင်းတောင်ကို နတ်တောင်ဟုလည်း ခေါ်ဆိုကြသည်။ ဤတောင် တွင် တန်ခိုးကြီးသော နတ်များ ဝိဇ္ဇာ ဇော်ဂျီများ ရှိသည်ဟု ယူဆကာ အမြတ်တနိုးထားကြ၏။ ထိုမြေနီရွာငယ်မှ မောင်ညို အမည်ရှိသော လူငယ်တစ်ဦးသည် ထိုသကျင်း တောင်တော်မှတွေ့ရှိရသော ကြေးနီပုရပိုက်ကို လေ့လာ ပြုကျင့်ခြင်းဖြင့် ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ဖြစ်သွားပြီး တောထွက် ပျောက်ကွယ်သွားသည်ဟူ၍ ပြောဆိုလေ့ရှိကြပေသည်။"

ဦးညိုပျံအကြောင်းကို ယောနယ်တွင် အလွန်လူသိများသည်။ ပုံပြင်သဖွယ် ပြော၍ နေကြသည်။ မင်းရွာ မင်္ဂလာရာမ ဘုန်းကြီးကျောင်းတွင် ရှေးဆရာတော်များ

မှတ်သားထားခဲ့သော ပေစာများထဲတွင်လည်း ပါရှိသည်ဟုဆိုပါသည်။ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"မောင်ညိုသည် သကျင်းတောင်တော်သို့ သွားရောက်ရာတွင် ကြေးနီပုရပိုက်ကို တွေ့ရှိရ၍ ထိုပုရပိုက်တွင်ပါရှိသော လုပ်ရပ်နည်းနာတို့ကို လိုက်နာကျင့်ကြံသောအားဖြင့် ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်ဖြစ်သွားကြောင်း ရေးမှတ်ထားသည်ကို အထက်ပါ ပေစာမူအရ သိရှိရပေသည်။ ရှေးလူကြီးများကလည်း ဤအတိုင်းပင် စဉ်လာမပျက် ထိုပုံပြင်ကိုပင် ပြောဆို တတ်ကြပေရာ ယောသူယောသားမှန်လျှင် ဝိဇ္ဇာဓိုရ်မောင်ညိုပျံ၏ အကြောင်းကို မကြားဖူးသူ မရှိသလောက်ပင် ရှားလှပေ၏။

ဝိဇ္ဇာဓိုရ် ဦးညိုပျံသည် ထွက်ရပ်ပေါက်သိဒ္ဓိမြောက် အောင်မြင်ပြီးနောက် လူ့ရပ်လူ့ရွာတွင် မနေလိုတော့သည်နှင့် တောရပ်မြိုင်သာ ဟေမဝါသို့ ထွက်ခွာသွားခါနီးတွင် ၎င်း၏ဇာတိ ဌာနချက်မြှုပ်ဒေသ မြေနီရွာကလေးအား ဘေးရန်မခစေခြင်းငှာ ရွာလေးထောင့်တွင် အင်းအိုင်မန္တရားများ မြှုပ်နှံထားခဲ့လျက် ၎င်း၏ကျေးဇူးရှင်မိခင်ကြီးအားလည်း ဆန်တစ်ပြည်နှင့် ငွေတစ်မတ်တို့ကို ကန်တော့ပွဲ ပြုလုပ်၍ ကန်တော့ထားခဲ့သည်ဟုဆိုသည်။

**သုံးမကုန်လျော့မသွား**

မောင်ညိုပျံ၏ မိခင်ကြီးသည် ထိုဆန်ကို နေ့စဉ်နှင့်အမျှ ချက်ပြုတ်၍စားသောက်သည့်ပြင် ထိုက်သင့်သလိုလည်း ပေးလှူခဲ့လေသည်။ သို့သော် ဆန်သည် တစ်ပြည်ရှိမြဲတိုင်း ရှိနေ၏။ မည်သည့်အခါမျှ လျော့ပါးဆုတ်ယုတ်ခြင်းမရှိဟု ဆိုသည်။ ငွေတစ်မတ်မှာလည်း သုံးလိုက်သော်လည်း အိတ်ကပ်ထဲ၌ ငွေတစ်မတ်သည် အမြဲတစေ ရှိနေသည်ဟု ဆိုသည်။ ထိုမိခင်ကြီးကွယ်လွန်သည်အထိ ယင်းဆန်တစ်ပြည်နှင့် ငွေတစ်မတ်ကို သုံးစားသွားရသည်ဟု ပြောစမှတ် ပြုကြသည်ဟူ၏။

**မြေနီရွာကိုရေမလျှံနိုင်တဲ့**

မောင်ညိုပျံ၏ အင်းအိုင်တန်ခိုးစွမ်းပကားကြောင့် မြေနီရွာသည် မြစ်သာမြစ်ကမ်းနံဘေးတွင် အနည်းသာ မြင့်သောနေရာ၌သာ ရှိနေလင့်ကစား၊ မြစ်ရေသည်မည်မျှ ပင်ကြီးမားဖြိုးမောက်လာစေကာမူ ရွာပေါ်သို့ ရေမတက်ဟု ပြောကြ၏။ မြန်မာသက္ကရာဇ် (၁၂၈၀) ပြည့်နှစ်တွင် ယောနယ် တစ်နယ်လုံး၌ မြစ်ချောင်းများသည် ရေလျှံတက်ရာတွင် မြစ်သာမြစ်နှင့် မောချောင်းအစရှိသည်တို့၏ ကမ်းနှစ်ဖက် ဝဲယာတို့တွင် တည်ရှိသော ကျေးရွာအများအပြားသည် ရေလွှမ်းမိုးခြင်းခံခဲ့ရသော်လည်း မြေနီရွာမှာ ရေလျှံတက်ခြင်း မခံခဲ့ရဟုသိရသည်။ မြစ်ရေသည်

ရွာကိုပတ်၍ စီးဆင်းသွားသည်တွင် မြေနီရွာထဲမှနေ၍ ကြည့်မြင်ရသည်မှာ မြစ်သာမြစ်အတွင်းရှိ ရေများသည် ရွာနှင့်ဝေးရာဘက်၌ မြင့်မောက်နေပြီးလျှင် ရွာဆီသို့ နိမ့်စောင်းနေသည်ဟုပင် ပြောကြချေသေးသည်။

**ရေလျှံတက်လေပြီ**

(၁၉၆၇) ခုနှစ်တွင် ထူးခြားသော မြစ်ရေလျှံမှုသည် မကြုံစဖူး ထူးကဲစွာဖြစ်ပေါ်လာခဲ့လေသည်။ ချင်းတောင်တန်းနှင့်တကွ ပုံတောင်ပုံညာတောင်တန်းများတွင် မိုးသည်း ထန်စွာ ရွာသွန်းခြင်းကြောင့် ယောနယ်တစ်နယ်လုံးသည် (၁၉၆၇) ခု၊ အောက်တိုဘာလ (၂၃) ရက် မြန်မာသက္ကရာဇ် (၁၃၂၉) ခု၊ သီတင်းကျွတ်လဆုတ်၊ ၅ ရက်နေ့တွင် အကြီးအကျယ် မြစ်ချောင်းများ၌ ရေလျှံတက်ခဲ့လေသည်။ တောင်ယောနယ်မှ စီးဆင်းသွားသော ယောချောင်းမြစ်ရေကြောင့် ဆိပ်ဖြူမြို့နယ်အတွင်းတွင်၄င်း၊ ပုံတောင်ပုံညာမှ စီးဆင်းသော ယမားချောင်းနှင့် ချင်းတွင်းမြစ်ရေတို့ကြောင့် မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျေးရွာအများအပြားသည်လည်းကောင်း၊ တဲအိမ် အဆောက်အဦများနှင့် ကျွဲနွားတိရစ္ဆာန်တို့သည်လည်းကောင်း မျောပါသွားကြ၍ အချို့ကျေးရွာများမှ လူအများပင် ရေမျော၍ အသက်သေဆုံးကြရသည်အထိ ဖြစ်ခဲ့လေသည်။

ဤနှစ်ရေကြီးလျှံခြင်းသည် ယောနယ်တွင်လည်း ရှေးယခင်အခါများက ရေကြီးလျှံခြင်းမျိုးထက်မက အတော်ပင် ပိုမို၍ လျှံတက်ခဲ့လေသည်။ ထိုအကြိမ်တွင်ကား မြေနီရွာသည် ချမ်းသာခွင့်မရတော့ပဲ မြစ်သာမြစ် ရေလျှံတက်၍ အိမ်ခြောက်ဆယ်နှင့် ကျွဲနွားအကောင် (၂၀) ထိ ရေမျော ဆုံးပါးသွားလေသည်။

ယင်းကိစ္စတွင် ရှေးဟောင်းအယူအဆ အစွဲအလမ်းအား ကြီး၍ ဝိဇ္ဇာပုံဦးညို၏ စွမ်းအင်သတ္တိကို ယုံကြည်မှု မလျော့ပါးသေးသူများက ဤအကြိမ် မြေနီရွာကို ရေလျှံခြင်းမှာ (၁၉၃၄) ခုနှစ်က မိုးတားဆရာဆိုသူသည် မြေနီရွာသို့ လာရောက်၍ ရွာ၏ပတ်ဝန်းကျင်ရှိ စေတီဘုရားပျက်များနှင့် ရွာလေးထောင့်ရှိ နေရာများကို အနှံ့အပြား မြေလှန်၍ တူးဆွရှာဖွေသွားသည် ယင်းသို့ရှာဖွေရာတွင် စေတီတစ်ဆူ၏ ဌာပနာတိုက်အတွင်းမှ ကြုတ်ငယ်တစ်ခုထဲတွင် ငွေပေလွှာ အင်းချပ်တစ်ခုကို ရယူသွားသဖြင့် မူလ ဝိဇ္ဇာမိုရ် ဦးညို၏ အစီအမံ အာနိသင်များ ပျက်သုဉ်းသွားခြင်းဖြစ်သည်။ (၁၂၈၀) ခုနှစ်က ရေလျှံသည်ထက် (၁၃၂၉) ခုနှစ် ရေလျှံခြင်းသည် အမြင့်ပေ သုံးပေလေးပေမျှသာပိုသည်။ အကယ်၍ မြေနီ ရွာသို့ ရေလျှံစေကာမူ ရွာတွင်းသို့ ရေရောက်ရုံမျှသာ ရောက်သင့်သည်။ ယခုမူ ရွာတွင်း၌ ရှေးယခင်က

မတက်ဖူးဘဲလျက် အိမ်အချို့ကျွတ်၍ ရေမျောပါသည်အထိ ခုနစ်ပေ ရှစ်ပေမျှ တက်ခြင်းသည် အထက်တွင်ဖော်ပြခဲ့သည့် ဦးညိုပျံ၏ အင်းအိုင်မန္တရား၊ ဆေးဝါး အစီအမံများ ပျက်စီးသွားသောကြောင့် ဖြစ်သည်ဟု တွေးတောယူဆသူက ယူဆ ကြပေသေးသည်။”

## ဝိဇ္ဇာရေ ဆရာညို၏ ဗုဒ္ဓဝန္ဒနာ ဆုတောင်းနည်း

ဩကာသ . . . ဩကာသ . . . ဩကာသ၊ ဘုန်းတော်အနန္တ၊ ဂုဏ်တော် အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေသော ဘုရားတည်းဟူသော ရတနာ၊ ထိုဘုရားတည်းဟူသော ရတနာသည် ကောင်းစွာ ဟောပြတော်မူအပ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်၊ ပရိယတ်အားဖြင့် ဆယ်ပါး အပြားရှိသော တရားတည်းဟူသော ရတနာ၊ တရားတည်း ဟူသော ရတနာ၏ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်ကြသော မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် ရှစ်တန် ဂုဏ်လွန်သူ မွန်ရှစ်ဖော်အရိယာသံဃာတော်တို့နှင့်တကွ သီလဝန်၊ ဂုဏ ဝန်၊ ပညာဝန်၊ အရှင်မွန် အရှင်ကောင်း သမ္မုတိ သံဃာအပေါင်း တည်း ဟူသော ရတနာ၊ ဤရတနာသုံးပါးတို့နှင့်တကွ အမိအဘ ဆရာသမား အနန္တငါးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် တစ်ကြိမ် ကျ အကျွန်ုပ် ဦးနှိမ်ရှိခိုးပါ၏ ဘုရား။

ကုရုတိုင်း၌ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောကြားတော်မူခဲ့သဖြင့် ကုရုဓမ္မ အမည်ရသော (၁) သူ့အသက်ကို သတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူ တိုက်ခိုက်ခြင်း၊ (၃) ကာမမှုတို့၌ အစဉ်အလာကို မှောက်မှား၍ ကျင့်ခြင်း၊ (၄) မဟုတ်မမှန်ပြောခြင်း၊ (၅) သေရည် ငါးထွေ သေရက်ငါးပါး ယဇ်မျိုးများကို မူးယစ်သောက်စားခြင်း ဟူသော မကောင်းမှု ကံငါးမျိုးတို့မှ ရှောင်ကြဉ်ခြင်းတည်း ဟူသော ဂရုဓမ္မနိစ္စသီလကိုလည်း အသက်ထက်ဆုံး မြဲမြံစွာ ဆောက်တည်ပါ၏ ဘုရား။

ဤကောင်းမှု ဤစေတနာတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌ပင် အကျွန်ုပ်၏ ကိုယ်ခန္ဓာ သည် မပေါက်မပြဲ ကွဲမရှနိုင်ရပါလို၏။ တုတ်၊ ဓား၊ လေး၊ မြား၊ အမြောက်၊ စိန်ပြောင်း၊ လက်နက်အပေါင်းကို ကောင်းကောင်းကြီး တားမြစ်နိုင်ရပါလို၏။ မြေခဲကို ရွှေ၊ ရွှေကို ငွေခဲအမျိုးမျိုး ပြောင်းလဲခြင်းငှာ စွမ်းနိုင်ရပါလို၏။ အနှောင် အဖွဲ့အမျိုးမျိုးကိုလည်း ဖြတ်တောက်ကျော်လွှား လွန်မြောက် ထွက်သွားနိုင်ရပါ

လို၏။ အတွင်းမှအပြင်၊ အပြင်မှအတွင်းသို့လည်း ချဉ်းနင်းထွက်ဝင်နိုင်ရပါလို၏။ အတိုင်းမသိ များစွာသော ဗိုလ်ထုကြီးသည်ပင် ကျွန်ုပ်ကိုတစ်မူ ဖမ်းယူခြင်းငှာ မတတ်နိုင်ပါစေသတည်း။ ကျွန်ုပ်၏ အရိပ်ကိုမျှလည်း ကျွန်ုပ်မမြင်စေလိုက မမြင်ရပါစေသတည်း။ ကျွန်ုပ်၏အသံကိုမျှလည်း ကျွန်ုပ်မကြားစေလိုက မကြားရပါစေသတည်း။ သေးငယ်သောအရာဝတ္ထုကို ကြီးမားလာအောင် ကြီးမားသော အရာဝတ္ထုကို ကြီးမားလာအောင် သေးငယ်သွားအောင် လုပ်ဆောင်နိုင်ရပါလို၏။ ရေပြင်ကောင်းကင်သို့လည်း သွားလာနိုင်ရပါလို၏။ မြေ၌လည်း ငုပ်လျှိုးနိုင်ရပါလို၏။ ရွှေ ငွေ အစရှိသော ရတနာအမျိုးမျိုးကိုလည်း အခါခပ်သိမ်း အလိုရှိတိုင်း ပြုလုပ်နိုင်ရပါလို၏။ ကျီကြအိမ်ရာ စသည်တို့နှင့်လည်း ပြည့်စုံရပါလို၏။ ယောကျ်ား၊ မိန်းမမှန်သမျှတို့ ကျွန်ုပ်အား ချစ်ခင်ကြပါစေကုန်သတည်း။ အသက်တစ်ထောင်ရှည်လျက် သူတစ်ပါးတို့၏အကြံကို သိနိုင်ရပါလို၏။ ဝေးကွာသော ခရီးကိုလည်း နီးစေနိုင်ရပါလို၏။ ထိုထိုနရော၊ ထိုထိုအရပ်တို့၌ နေထိုင်ကြပေကုန်သော ဝိဇ္ဇာမိုရ်အပေါင်းတို့သည် ကျွန်ုပ်ကို မြင်ကာမျှ၌ ကျွန်ုပ်၏သတင်းကို ကြားကာမျှ၌ မိမိတို့၏ ဝိဇ္ဇာတန်ခိုး၊ အတတ်မျိုးတို့ကို ထင်ရှားပြသကာ ကျွန်ုပ်အား အခါခပ်သိမ်း ကြည့်ရှုစောင်မကြပါစေကုန်သတည်း။ အကျွန်ုပ်ထံ ဝိုင်းရံ၍နေကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်းတို့သည် ကျွန်ုပ်၏အစီးအပွားကိုသာ အလေးအမြတ်ပြုကာ ရွက်ဆောင်တော်မူကြပါစေကုန်သတည်း။ ကျွန်ုပ်သည် အလုံးစုံသော ဝိဇ္ဇာအတတ်၌ ယှဉ်ကုန်သော တပသီ၊ ဇော်ဂျီတို့ကို အစိုးရသည့် ကိုယ်ဖြစ်ရပါလို၏။ ဤယခုတောင်းသော ဆုအပေါင်းနှင့်ပြည့်စုံကာ သံသရာမှထွက်မြောက်ကြောင်း တရားကောင်းတို့ကို ကြိုးစားအားထုတ်လျက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို အမှန်ရကာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ ဆတ်ဆတ်မုချ ရောက်ရပါလို၏ ဘုရား။

အထက်ပါ ဆုတောင်းနည်းသည် ဝိဇ္ဇာရေ ဆရာညိုထံမှ ရသော နည်းလမ်းကောင်းတစ်ခု ဖြစ်ပေသည်။ ဝိဇ္ဇာရေ ဆရာညို ဟူသည်မှာ မြင်ကွန်းမင်း၊ မြင်းခုံတိုင်မင်းသားတို့နှင့် သားချင်းတော်စပ်သော အညာသားဇာတိ ဦးအီ-ဒေါ်မုန်းတို့မှ မွေးဖွားသော သားထူးရတနာဖြစ်သည်။ အသက် (၃၂) နှစ်လောက်က လူသူတော်တစ်ယောက်နှင့် တွေ့ကြုံကာ အထက်ပါဆုတောင်းနည်းကို ပေးသဖြင့် ထိုအချိန်မှစ၍ နေ့စဉ် တစ်နေ့တစ်ကြိမ်ကျ သီလခံဆုတောင်းလေလျှင် (၃၈) နှစ်အရွယ်ရောက်သောအခါ ဝိဇ္ဇာရေအတတ်ကို အလိုလိုတစ်ဖက်ကမ်းခတ် တတ်မြောက်လာလေသည်။ ယခုအခါ အသက် (၆၇) နှစ်ရှိလေပြီ။ ဆဋ္ဌသင်္ဂါယနာတင်စက ဝိဇ္ဇာရေဆရာညိုသည် မထင်ရှားသော အသွင်ဖြင့် ဤရန်ကုန်မြို့မှာပင် ရှိသော်လည်း ယခုအခါ လူသူမနီးသောခရီးသို့ ကြွမြန်းထွက်ခွာ သွားလေပြီ။ ကံကောင်း

ထောက်မသူတို့ ထိုဝိဇ္ဇာဓရ ဆရာညိုနှင့်တွေ့နိုင်ရန် နည်းလမ်းရှိပါ၏။ သူ၏နည်းလမ်းကို ယုံယုံကြည်ကြည်နှင့်အသက်ထက်ဆုံး စွဲမြဲလျှင် မည်သူမဆို ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဟူသကဲ့သို့ပင် ဖြစ်လာမည်။

ဝိဇ္ဇာဓရဆရာညို၏ ဆုတောင်းနည်း ပြီး၏။

(ကျမ်းကိုး။ အာရောဂျသိဒ္ဓိစွယ်စုံ-ခေါ်-အန္တရာယ်ကင်း
ပေါင်းချုပ်ကျမ်းကြီး၊ စာ-၇၊ ၈၊ ၉၊ ၁၀)

## ကန်တော်ကြီး ပုဂံလုံးကျွန်းတွင် ဂျပန်ခေတ်တစ်ခေတ်လုံး နေခဲ့ပြီး ကွယ်လွန်သောအခါ ဖျာလိပ်ထဲမှာ ပျောက်သွားခဲ့သည့် အဘဖြူ

ရှေးအခါက အထူးသဖြင့် ဂျပန်ခေတ်အခါက ထိုကျွန်းပေါ်တွင် ရုပ်ရည်ရူပကာ တင့်တယ်ပြီး အလွန်ကြည်ညိုဖွယ်ကောင်းသော ပုဂ္ဂိုလ်ထူးတစ်ဦးရှိကြောင်း၊ ထို ပုဂ္ဂိုလ်ထူးကို အဘဖြူဟူ၍ လည်းကောင်း၊ အချို့ကလည်း ဘိုးတော်ဖြူ ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြကြောင်း သိရှိရပါသည်။ ထိုအချက်ကို ပိုမိုသိလို၍ စုံစမ်းသောအခါ ဂျပန်ခေတ်က ဂျပန်စစ်သားများသည် ထိုအဘိုးကြီးအား သေနတ် ဖြင့် လှမ်း၍ပစ်ရာ နဖူးကိုတည့်တည့်မှန်ပြီး ရေထဲသို့ ပက်လက်လန်၍ကျသွား ကြောင်း၊ သို့သော်လည်း ရေထဲမှတစ်ဖန် ပြန်၍တက်လာကြောင်း၊ သေနတ်မှန် သော်လည်း တစ်စုံတစ်ရာ သွေးထွက်ခြင်းမရှိဘဲ နဖူးတွင်အချိုင့်ကလေးတစ်ခု ဖြစ်နေကြောင်း ထပ်မံသိရှိရပါသည်။

ထိုအချက်ကို ပိုမိုသိလို၍ စုံစမ်းသောအခါ ရှေးသရောအခါက ထိုကျွန်းပေါ်တွင် ကရမက်ပင်ကြီးတစ်ပင်ရှိကြောင်း၊ နောင်သောအခါ ထိုကရမက်ပင်ကြီးကို မက်မောသူတို့က အပင်ကြီးလှဲပြီး ခုတ်ဖြတ်ယူသွားကြသောကြောင့် အငုတ်ကြီး သာ ကျန်တော့ကြောင်း၊ ထိုအဘဖြူဆိုသူသည် ထိုကရမက်ငုတ်တိုကြီးပေါ်တွင် ပလ္လင်လုပ်ကာ အမြဲတစေ ထိုင်လျက်ရှိကြောင်း၊ ရေချိုးချင်သောအခါ ကန်တော် ကြီးထဲသို့ ရေဆင်း၍ချိုးကြောင်း၊ ထိုသို့ ရေချိုးကောင်းသောကြောင့် ဂျပန်တို့က သေနတ်ဖြင့်ပစ်ကြောင်း၊ ထို့ကြောင့် နဖူးတွင် အမာရွတ်ဖြစ်နေကြောင်း သိရှိရပါ သည်။

ထိုအကြောင်းကို ပြောပြသူမှာ (၄/တောင်) ရပ်ကွက်၊ သာကေတ၊ အောင်သစ္စာ (၃) လမ်း၊ အမှတ် (၈၄၃) နေ မြေလတ်မြတ်သူအမည်ခံ ဦးမြတ်သူ ဖြစ်ပါသည်။ သူသည် အဘဖြူနှင့်အတူနေသူ အတွင်းနေတပည့်ကြီးဖြစ်သဖြင့် သူ့အားမေးမြန်း ရန် ကျွန်တော်သွားပါသည်။ ထိုအခါ သူက မှတ်မိသမျှ ပြန်ပြောပြပါသည်။

အဘဦးအုန်းဖေဟူ၍လည်း ခေါ်ကြသူများ ရှိ၏။ ၎င်းအပြင် ဦးမေအောင် စသည့် အမည်နာမများဖြင့် ရှေးအဘ၊ အဘိုးအရွယ်များက ခေါ်ကြသည်လည်း ရှိ၏။ တချို့က အဘိုးဟူသော အမည်များဖြင့် ခေါ်ကြသည်လည်း ရှိ၏။ တချို့က အဘိုးကို အဖျားဆွတ်၍ ဘိုးတော်ဟူ၍ခေါ်ကြသည်လည်း ရှိသည်။ အဘ



ကိုယ်တိုင်ကမူ အဘဟု ခေါ်သည်ကိုလက်ခံ၏။ အဘိုးဆိုသောအခေါ်ကိုလည်း လက်ခံ၏။ ဘိုးတော်ဆိုသောအခေါ်ကို မကြိုက်ပေဟု ဆိုပါသည်။ မည်သို့ပင်ဆို စေ အဘအား ဘိုးတော်ဟုခေါ်ရုံမျှမက ဘိုးတော်ဖြူဟု ခေါ်ကြသောအခါ ကျွန်တော် အံ့သြရပေသည်ဟု ပြောပြပါသည်။ အဘ၏ဦးခေါင်းတွင် အပြား နှစ်လက်မနီးပါးရှိ ပိတ်ဖြူတစ်ခု ပတ်ထားတတ်သည်။ ဤသည်ကိုအစွဲပြု၍ အဘဖြူ အဘိုးဖြူ ဘိုးတော်ဖြူ စသည်ခေါ်ကြောင်း သိရပါသည်။

အဘဖြူသည် ဂိုဏ်းဂဏမထား၊ တစ်ဦးတည်းနေတတ်သည်။ (၁၉၇၀) ပြည့်နှစ် ဝန်းကျင်က သမ္မတရုပ်ရှင်ရုံ၊ ပပဝင်းရုံ စသည် ရုပ်ရှင်ရုံများ၏ ပဏာမအစမ်းပြပွဲ များတွင် အမြဲတမ်းလိုလို အပင့်ဖိတ်ခံရတတ်သည်။ ရုပ်ရှင်ရုံတင်သူများက အဘဖြူ ရှေးဦးစွာ ရုပ်ရှင်ကြည့်ပြီးလျှင် အားလုံးပရိသတ်အပေါင်းတို့ ဘေးအပေါင်း၊ ရန် အပေါင်း ကင်းရှင်းသည်ဟူ၍ လည်းကောင်း၊ ၎င်းအပြင် မိမိတို့လည်း ရုပ်ရှင်ရုံ လူအဝင်များသဖြင့် ဝင်ငွေတိုးသည်ဟုလည်း များစွာယုံကြည်ကြ၏ဟု သိရပါ သည်။

အဘကမူကား ရန်ကုန်မှာရှိနေသောအခါများတွင် လာ၍ ဖိတ်သူရှိက လိုက်ရန် သင့်ချိန်တွင် လိုက်သွားတတ်သည်ဟု ဆိုပါသည်။ ရုပ်ရှင်ကြည့်ပြီးသောအခါ ရုပ်ရှင်အကြောင်းလည်း ဘာမျှမပြောချေ။ တစ်ခါတစ်ရံတွင်လည်း ရုပ်ရှင်ကို မကြည့်ဘဲ ရုပ်ရှင်ရုံကြီးကို လိုက်ကြည့်နေတတ်သည်ဟု ဆိုပါသည်။ ထိုသို့ ကြည့် ပြီးသောအခါမှာလည်း ဘာမျှပြောလေ့ပြောထ မရှိ။ ဘာမှမဝေဖန်တော့ဘဲ အချိန် တန်လျှင် ဘာမှမပတ်သက်သလို ပြန်လည်ထွက်ခွာသွားတတ်၏ဟု ဆိုပါသည်။ မိမိနေအိမ်မှ အပြင်သို့ထွက်တိုင်းလည်း တောင်ဝှေးကိုကိုင်ဆောင်၍ သွားလေ့ သွားထရှိတတ်သည်။ တောင်ဝှေးသည် ခိုင်ခံ့သော ပျဉ်းကတိုးသား တောင်ဝှေး (သို့မဟုတ်) ရင်းတိုက်တောင်ဝှေး စသည့်အသားမျိုး လုံးချောတောင်ဝှေးမျိုး ဖြစ် သည်။ ထူးခြားသည်မှာ လက်ကိုင်က ငွေရိုးစွပ်ဖြစ်၏။ ထိုငွေရိုးပေါ်တွင် မြန်မာပြည် ဟူသော စာသားကို အသေအချာ ရေးသားထားသည်ဟု သိရပါသည်။ အလွန်စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။

ဂျပန်ခေတ်တစ်လျှောက်လုံးတွင် ပုဂံလုံးကျွန်း (ခေါ်) တေဇာဒီပ၊ ခေမာဒီပကျွန်း (ခေါ်) ကရမက်ကျွန်းပေါ်တွင်သာ နေခဲ့၏။ ကျွန်းကလေးသို့ရောက်အောင် လှေ ဖြင့်သွားရ၏။ ထိုအခါ တံတားမရှိချေ။ ကျွန်းပေါ်သို့ရောက်လျှင် ကျွန်းပေါ်မှာပဲ နေ၏။ ကျွန်းပေါ်တွင် ခြုံနွယ်ပိတ်ပေါင်း ထူထပ်စွာပေါက်လျက်ရှိ၏။ ယနေ့ ယခု ကျွန်းပေါ်တွင် ပေါက်လျက်အပင်များကို ကျွန်ုပ်တို့ သွားရောက်ရေတွက်ရာ အပင်

ပေါင်း ငါးဆယ်ကျော် ရှိသေး၏။ ထိုအခါ အဘယ်မျှလောက် သစ်ပင်၊ ဝါးပင်များ ထူထပ်စွာပေါက်ရောက်နေလိမ့်မည်ကို တွေးတောကြည့်နိုင်ပါမည်။

အဘဖြူသည် ဘယ်မှမသွားဘူး၊ အဲဒီမှာပဲ နေတယ်။ ထိုအမည်အမျိုးမျိုးခေါ်ကြသော ကရမက်ကျွန်းဆိုတာ ကန်တော်ကြီးမှာရှိတယ်။ အဲဒီကျွန်းမှာ အရင်က ကြီးကျယ်တဲ့ ကရမက်ပင်ကြီးတစ်ပင် ရှိတယ်။ ဒီကရမက်ပင်ကြီးကို ဖြတ်ယူသုံးစွဲလာတဲ့အခါ ကရမက်ပင်ငုတ်ကြီး ကျန်တာပေါ့။ အဲဒီ ကရမက်ငုတ်တိုကြီးပေါ် သူ့ပလ္လင်ဆိုပြီး ထိုင်တော့တယ်ဟု ဆိုပါသည်။ ထိုကရမက်တုံးကြီး (သို့မဟုတ်) ထိုပလ္လင်ကြီးသည် ယခုအခါ မရှိတော့ပါ။

အဘထံသို့ ကြည်ညိုသူများက လှေကလေးဖြင့် အစားအစာသွားပို့ကြရင်လည်း စားတယ်။ မပို့လည်း ဒီအတိုင်းပဲ နေတယ်ဟု ဆိုပါသည်။
ရေချိုးရင်လည်း ကန်တော်ကြီးထဲ ခုန်ဆင်းပြီး ရေချိုးလိုက်တာပဲဟု ဆိုပါသည်။ တစ်နေ့သောအခါ ထိုသို့ရေချိုးနေစဉ် ဂျပန်စစ်သားများနှင့် တွေ့ကြသည်ဟု ဆိုပါသည်။ လူမနေတဲ့ကျွန်းပေါ်မှာ လူနေတာ တွေ့ရတော့ ဂျပန်စစ်သားတွေကလည်း ဘာမှန်းမသိတော့ သူတို့ကို အန္တရာယ်ပြုမလားဆိုပြီး ကုန်းပေါ်မှနေ၍ သေနတ်ဖြင့် လှမ်းပစ်သည်ဟု ဆိုပါသည်။
အဲဒီလို ရေအချိုးကောင်းလို့ တစ်နေ့မှာ ဂျပန်တစ်ယောက်က သေနတ်နဲ့လှမ်းပစ်တာ နဖူးတည့်တည့်ကို မှန်တယ်လေဟု သိမြင်သူတို့က ပြန်ပြောကြပါသည်။ ထိုသို့ ဂျပန်က သေနတ်နှင့်ပစ်သည်ကို သူ့ဆီ အစားအာဟာရပို့လှူကြတဲ့ လူတွေမြင်ကြတယ်ဟု ဆိုပါသည်။ နဖူးတည့်တည့် မှန်သဖြင့် 'အဘ သေပြီ' လို့ အော်ကြတယ်။ ရေထဲမှာ နောက်လန်ကျသွားတယ်ဟု ဆိုပါသည်။ ထို့နောက် အတော်ကလေးကြာသောအခါ ကန်တော်ကြီးရေပြင်ပေါ် ပြန်ပေါ်လာပြီး ဘာမှမဖြစ်သကဲ့သို့ ခပ်အေးအေးပဲ ကျွန်းပေါ်ကို တက်လာတယ်ဟု ဆိုကြပါသည်။ ပြီးတော့ အဘသည် သူ့နဖူးကိုသူပွတ်၍ နေပါသည်။ ထိုအခါ ကျွန်းပေါ်ရှိလူတွေက 'အဘ ဘာဖြစ်သွားလဲ။ ဘယ်နေရာမှန်သွားသလဲ' စတဲ့ အမေးစကားတွေ ဝိုင်းမေးကြသောအခါ 'ဘာဖြစ်ရမလဲကွ။ နဖူးချိုင့်ဝင်သွားတယ်။ နဖူးကို တည့်တည့်မှန်တာ။ တော်သေးတာပေါ့။ အထဲကို ပေါက်ဝင်မသွားလို့' ဟု ပြောကြားပြီး ရယ်နေပါသည်။
ပြီးတော့မှ 'မင်း အဘနဖူးကို သေချာကြည့်' ဟု ပြောပါသည်။ ကြည့်လိုက်သောအခါ အချိုင့်ကလေးတွေ့ရပါသည်။ အခြားဘာမှမတွေ့ရပါ။
များမကြာမီ အဘဖြူကိုတွေ့တော့ ယခင် အမှတ်တမဲ့နေခဲ့သော အဘဖြူ၏နဖူးမှ အချိုင့်ကလေးအကြောင်းကို အဘွားသက်ရှည်ထံမှ ကြားခဲ့ရသည့်အတိုင်း နဖူး

ကို ကျည်ဆံမှန်တာ ဟုတ်၊ မဟုတ် မေးသောအခါ အဘက ဟုတ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

'အေး ဟုတ်တယ်။ သက်ရှည်ပြောတာ မှန်တယ်။ ဒီကောင်တွေ ငါ့ကို ဘယ်သိမလဲ။ မသိလို့ဖြစ်ကြရတာ။ ငါ ဘာမှမဖြစ်ပါဘူး။ နဖူးတော့ ခုလိုချိုင့်ဝင်သွားတာပေါ့' ဟု ကိုယ်တိုင်လည်း ပြောပြဖူးသည်။ အဘဖြူထံ ဝင်ထွက်နေကြသော လူကြီးသူမများထံမှလည်း အံ့မခန်းအကြောင်းအရာတွေ ထပ်ကြားရသည်။

အဘွားသက်ရှည်ထံမှ ကန်တော်ကြီးက ကရမက်ကျွန်းအကြောင်းသည် စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ထိုကရမက်ကျွန်းဆိုသည်မှာ ယခုအခါ ပုဂံလုံးကျွန်းဟုခေါ်သော ကျွန်းဖြစ်ပါသည်။ ရှေးယခင် သွားရန်တံတားမရှိ။ ယခုအခါ တံတားထိုးထားသဖြင့် သွားလာရလွယ်ကူပါသည်။ ထိုကျွန်းကလေးသည် ကရဝိက်နန်းတော်ကြီး၏ ဦးခေါင်းအရှေ့ဘက်တွင် တည်ရှိသည်။ အဘွားဒေါ်သက်ရှည်က ဤကရမက်ကျွန်း၏ လေးနက်ထိရောက်ပုံတို့ကိုလည်းကောင်း၊ ဓာတ်ပန္နက်အစစ်အမှန် ခိုင်မာပုံတို့ကိုလည်းကောင်း အဘဖြူ (ခေါ်) ဘိုးတော်ဖြူ၏ အလိုကျသဘောတရားအတိုင်း ပြန်လည်ညွှန်ပြခဲ့ဖူးပါသည်။


ကရမက်ကျွန်းသည် ရှေးက သူတော်ကောင်းများ၏ တရားဓမ္မရိပ်သာကြီးအဖြစ်ရှိခဲ့၏။ ဓမ္မသာလာအဖြစ် စခန်းအောင်မြေအဖြစ် စခန်းဝင်တစ်နေရာလည်း ဖြစ်၏။ အောင်ဓာတ်၊ အောင်မြေ အဘဖြူထံမှ သိရှိခဲ့ရပါသည်။ အဘဖြူသည် (၁၉၇၅) ခုနှစ်တွင် တစ်ဘဝတစ်ခန္ဓာစွန့်၍ ထွက်ရပ်လမ်းသို့ မြန်းတော်မူခဲ့လေသည်။ အဘဖြူ၏ အမိန့်အတိုင်း ဖျာဖြင့်လိပ်၍ စွန့်ပစ်ရပါသည်။ သွား၍ကြည့်သောအခါ ဖျာလိပ်ချည်းသာ ကျန်ပါတော့သည်။ လူကို ရှာမတွေ့တော့ပါဟု မြေလတ်မြတ်သူအမည်ခံ အဘဖြူ၏သားတပည့်ရင်းက ကိုယ်တွေ့မျက်မြင်ဖြစ်ကြောင်း ခိုင်မာစွာပြောကြားခဲ့ပါသည်။

# သာဝတ္ထိတောင်ရသေ့ကြီး ဘိုးဝဏ္ဏသိပ္ပလက်ာရ

ဝဲလောင်ရွာဇာတိဖြစ်သော တော်လှန်ရေးသမားကြီး နယ်ချဲ့တို့ကြောက်ရသည့် စာရင်းဝင် ဗိုလ်ရာညွန့်နှင့် ညီအစ်အကိုအရင်းတော်စပ်သူ လူတစ်ယောက်ရှိခဲ့ဖူးသည်။ သူသည် အင်္ဂလိပ်နယ်ချဲ့ခေတ်တွင် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများ အကြိမ်ကြိမ်ဆင်နွှဲပြီး ကျွန်ဘဝကို မုန်းတီးခြင်းနှင့်အတူ လူဝတ်ကြောင်ဘဝကိုလည်း မုန်းတီးကာ ရသေ့ဝတ်ပြီးနောက် ဝဏ္ဏသိပ္ပလင်္ကာရဘွဲ့ကို ခံယူပြီးနောက် မွန်ပြည်နယ်ရှိ ပေ (၅၀၀၀) ကျော်မြင့်သော ဆံတော်ရှင်စေတီတည်ရာ ဇင်းကျိုက်တောင်တော်တွင်လည်းကောင်း၊ ဆံတော်ရှင်စေတီတည်ရာ ပေ (၁၅၀၀) ကျော်မြင့်သော ကေလာသတောင်ပေါ်တွင်လည်းကောင်း၊ တောကျင့်တောင်ကျင့်ကျင့်ကြံအားထုတ်ခဲ့လေသည်။ ထို့နောက် သက်တော် (၆၂) နှစ်လောက်ရှိသော အခါ သာဝတ္ထိမြို့နယ်သို့ ရောက်ရှိလာခဲ့လေသည်။

(၁၂၈၄) ခုနှစ်လောက်အထိ ကေလာသဆံတော်ရှင်ရှိရာ ကေလာသတောင်တော်ကြီးတွင် ကျင့်ကြံပြီးသည့်နောက် သာဝတ္ထိသို့ရောက်လာပြီးနောက် ယခု ရသေ့တောင်ရှိဒေသတွင် ထောက်ရှာပင်ကြီးတစ်ပင်ရှိရာ ထိုထောက်ရှာပင်ကြီးအောက်ရှိ သုသာန်၌ တစ်ပါးတည်းသီတင်းသုံး၍ နေခဲ့ပြန်လေသည်။ ထိုကာလပတ်ဝန်းကျင်က တောကြီးတောင်ကြီးဖြစ်သဖြင့် ဆင်များ၊ ကျားများပင် ရှိသည်ဟု သိရပါသည်။ ထိုဆင်၊ ကျားတို့အလယ် သုသာန်ပြင်၌ ရက်ပေါင်း (၄၅) ရက်တိတိ အားထုတ်ပြီးသည့်နောက် အဓိဋ္ဌာန်အောင်မြင်ပြန်သောအခါ ရေနီချောင်းရှိ သဲခုံပေါ်၌ (၄၅) ရက်တိတိ အဓိဋ္ဌာန်ဝင်ပြန်လေသည်။ သဲခုံပေါ်တွင် အမိုးမရှိ၊ အကာမရှိ ကျင့်သုံးနေခဲ့လေသည်။

ထိုသို့ ကျင့်သုံးနေစဉ်ကာလတွင် တစ်နေ့တစ်နေ့လျှင် အဓိဋ္ဌာန်ခရီးဖြင့် အိမ်ခုနစ်အိမ်မျှသာ ဆွမ်းခံကြွကြောင်း သိရှိသည်။ ထိုသို့ ရသမျှနှင့် ရောင့်ရဲခြင်း၊ ဘာမျှမရသောနေ့များတွင်လည်း ဖြစ်သလိုနေခြင်းတို့အပြင် ဆွမ်းမစားဘဲ အနေကြာကြာနေပြီးနောက် ရေနွေးကြမ်းနှင့်စားသုံးနေသောအရာကို သိလိုသူများက စုံစမ်းသောအခါ တောလက်ဖက်ဖြစ်ကြောင်း သိရပါသည်။ တောလက်ဖက်ဆိုသည်မှာလည်း ငါးရံ့ပတူရွက်၊ ကြက်တက်ရွက်၊ တောစပယ်ရွက်၊ နနွင်းရွက်စသည်ဖြင့် စီမံပြုလုပ်ရောစပ်၍ထားခြင်းဖြစ်သဖြင့် တောလက်ဖက်ဟု အကြမ်းဖျင်းအားဖြင့် ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရပါသည်။



ဦးဝဏ္ဏသိပ္ပလင်္ကာရ

အကြောင်းထူး ရှိ မရှိ မသိရသော်လည်း ရသေ့ကြီး၏ဝတ်ရုံမှာ ညာတင်ကုတ်ဖြစ်၏။ ဘယ်တင်မဟုတ်ချေ။ အများအားဖြင့်ကား ရသေ့တို့သည် လက်ဝဲဘက်ပခုံးပေါ်၌သာ ဝတ်ရုံကိုဝတ်လေ့ရှိကြောင်း သိရပါသည်။ ထိုသို့ အနေထူး၊ အစားထူးဆန်း၊ အကျင့်ထူးဆန်းသော ရသေ့ကြီးသည် ရေနီချောင်း၊ သဲခုံပေါ်၌ အဓိဋ္ဌာန်ပြည့်သောအခါ ရွာနီးချုပ်စပ်ရှိ လူများတောင်းပန်မှုကြောင့် တဲကျောင်းကလေးတစ်ခုတွင် သီတင်းသုံးခဲ့လေသည်။ ထိုတဲကျောင်းကလေးမှာ ရေနီချောင်း၏မြောက်ဘက်မှာရှိ၏။ (၂) မိုင်လောက်တွင်ရှိ၏ဟု သိရပါသည်။

ထိုအခါမှ ရသေ့ကြီး၏ဘွဲ့မှာ ဝဏ္ဏသိပ္ပလင်္ကာရဖြစ်ကြောင်း၊ ဝဲလောင်ဗိုလ်ရာညွန့်၏ ညီဖြစ်ကြောင်း၊ တော်လှန်ရေးသမားကြီးဖြစ်ခဲ့ကြောင်း၊ ဇင်းကျိုက်တောင်ကေလာသတောင်တို့တွင် အဓိဋ္ဌာန်အောင်ခဲ့ကြောင်း သိရပါသည်။

ရသေ့တောင်ပတ်ဝန်းကျင်တွင် အလယ်ကရေကန်ကြီးရှိ၏။ ဘေးဘက်တွင်တောင်ကုန်းငယ်များ လေးလုံးဝိုင်းရံလျက်ရှိသည်။ ရေကန်ကြီးမှာ ပေ (၄၀၀၊ ၅၀၀) လောက် ကျယ်မည်ထင်ပါသည်။ ထူးဆန်းသောအချက်မှာ ကြာမျိုးငါးပါးနှင့် တင့်တယ်ခြင်း ဖြစ်သည်။ ပို၍ထူးခြားချက်မှာ အပွင့်တစ်ပွင့်ထဲမှ ဆင့်၍ဆင့်၍ အပွင့်တွေ၊ အဖူးတွေ၊ အငုံတွေ လေးခု၊ ငါးခုလောက် ဆင့်၍ ဆင့်၍၊ တက်၍ တက်၍ ပွင့်တတ်ခြင်းပင် ဖြစ်ပါသည်။ နှစ်စဉ် နှစ်စဉ် ယခုထက်တိုင်သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပွင့်စမြဲဖြစ်၏။ တစ်ခါတလေ အပွင့်တို့သည် (၇) ပွင့် (၉) ပွင့်အထိ ဆင့်၍ ဆင့်၍ ပဒေသာပင်အဖြစ် ရှုမြင်ရ၏ထိုသို့သောကာလတွင် ရသေ့ကြီးသည် အိပ်မက်ဆန်းများ မက်မြင်ခဲ့ကြောင်း သိရပါသည်။

ထိုသို့သောကာလတွင် မက်သောအိပ်မက်များအရ မြင်းဖြူကြီးတစ်ကောင်ကို စီးလျက် ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ကြွရောက်လာပြီးလျှင် ရသေ့ကြီးဘိုးဝဏ္ဏအားသာသနာရေးကိစ္စများ လျှောက်ထားကြောင်း၊ ထိုလျှောက်ထားချက်များအရ ရသေ့ကြီး သီတင်းသုံးနေသော ကန်ကြီး၏ပတ်လည်ရှိ တောင်ကုန်းများတွင် တောင်ဘက်ရှိ တောင်ကုန်းသည် 'စ' အက္ခရာ တောင်ကုန်းဖြစ်ကြောင်း၊ ရေကန်၏မြောက်ဘက်တောင်ကုန်းသည် 'မ' အက္ခရာတောင်ကုန်းဖြစ်ကြောင်း၊ ရေကန်၏အရှေ့ဘက်တောင်ကုန်းသည် 'ဗ' အက္ခရာတောင်ကုန်းဖြစ်ကြောင်း၊ ရေကန်၏တောင်ဘက်တောင်ကုန်းသည် 'ဝ' အက္ခရာတောင်ကုန်းဖြစ်ကြောင်း၊ မြင်းဖြူနှင့်ပုဂ္ဂိုလ်ထူးက လျှောက်ထားခဲ့ကြောင်း သိရပါသည်။

ထို့ကြောင့်ပင်လျှင် ရသေ့ကြီးသည် စဓဗဝ တောင်ကုန်းတို့အပေါ်တွင် အောင်သိဒ္ဓိစေတီတော်ကို 'စ' အက္ခရာတောင်ကုန်းပေါ်တွင် တည်ထားခဲ့ကြောင်း၊ ရန်ကြီးအောင်ပတ္တမြားစေတီကို 'ဓ' အက္ခရာတောင်ကုန်းပေါ်၌ တည်ထားခဲ့ကြောင်း၊ ပြည်လုံးချမ်းသာစေတီကို 'ဗ' အက္ခရာတောင်ကုန်းပေါ်၌ တည်ထားခဲ့ကြောင်း၊ မြစည်းခုံငွေစေတီတော်ကို 'ဝ' အက္ခရာတောင်ကုန်းပေါ်၌ တည်ထားခဲ့ကြောင်း သိရပါသည်။

ရသေ့ကြီး၏ အထူးကျင့်စဉ်မှာ ဂုဏ်တော်ကိုးပါးကို တစ်နေ့လျှင် တစ်ပါးကျစီဖြင့် ပုတီးအပတ်ပေါင်း (၁၀၈) ပတ်စိပ်ခြင်းဖြစ်သဖြင့် ဂုဏ်တော်ကိုးပါးကို ကိုးရက်စိပ်ခြင်းဖြစ်ကြောင်း သိရပါသည်။ ရသေ့ကြီးဘိုးဝဏ္ဏသည် ပျံလွန်တော်မူသောအခါ သက်တော် (၉၆) နှစ်ရှိပြီဖြစ်ကြောင်း၊ ပျံလွန်တော်မူသောနှစ်မှာလည်း (၁၃၁၈) ခုဖြစ်ကြောင်း သိရပါသည်။

ရသေ့ကြီးအခြေစိုက်ခဲ့ရသော ရသေ့တောင်ကြီးတွင် ယနေ့ထက်တိုင် ထူးဆန်းမှုများ ရှိနေသေးကြောင်း မျက်မြင်ဖြစ်ပါသည်။ ထိုထူးခြားမှုများအနက် အချို့ကို ကောက်နုတ်ဖော်ပြရပါလျှင် အောင်သိဒ္ဓိစေတီတော်ကြီး၏ တနင်္ဂနွေထောင့်တွင် ရင်ကပ်ပန်းပင်ကြီးတစ်ပင် တွေ့ရှိရ၏။ ထိုအပင်ကြီးသည် တစ်နှစ်ပတ်လုံး ဖူးပွင့်လျက်ရှိကြောင်း မျက်မြင်ဖြစ်ပါ၏။ ၎င်းအပြင် ထိုအောင်သိဒ္ဓိစေတီတော်ကြီး၏ စနေထောင့်တွင် ဗောဓိညောင်ပင်ကြီးတစ်ပင် ယနေ့တိုင် တွေ့နိုင်ပါသေးသည်။ ထိုအပင်ကြီး၏ အရွက်တို့သည် ကန်တော့ထိုးလျက်ရှိကြောင်း ယနေ့တိုင်တွေ့နိုင်ပါသည်။

၎င်းအပြင် အခြားထူးဆန်းသောအချက်အချို့မှာ လူအမျိုးမျိုးတို့ရောက်သွားလျှင် တစ်ဦးနှင့်တစ်ဦးမတူဘဲ အမွှေးရနံ့များ တစ်မျိုးစီတစ်မျိုးစီ ရရှိတတ်ခြင်းပင် ဖြစ်လေသည်။ အမှန်မှာ ရသေ့တောင်ဟု ဆိုသော်လည်း ကျဉ်းကျဉ်းကလေး မဟုတ်ပါ။ အကျယ်ကြီးဖြစ်သည်။ (၂၅) ဧက၊ (၂၆) ဧကလောကပင် ကျယ်ဝန်းသည်ဟု သက်ဆိုင်ရာတို့က ပြောကြားကြပါသည်။ ထိုတောင်ထူးတောင်မြတ်တွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းတို့တွင် ကြာပန်းပဒေသာပင်များ အငုံအရင့်၊ အဆင့်ဆင့် သုံးဆင့်လေးဆင့် ငါးဆင့်ခြောက်ဆင့် ခုနစ်ဆင့် ရှစ်ဆင့် ကိုးဆင့်အထိ အဆင့်ဆင့်၊ အထပ်ထပ် ပွင့်နေခြင်းသည်ကား အလွန်ထူးဆန်းလှပါတော့သည်။

အလွန်စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဆက်လက်စုံစမ်းရာ ရသေ့ကြီး၏ ဝဏ္ဏသိပ္ပလက်ာရငယ်မည်မှာ ဦးတလုတ်ဖြစ်ကြောင်း ထပ်မံသိရှိရပါသည်။ ရသေ့ကြီးကို

(၁၈၆၀) ခုနှစ်တွင် မွေးဖွားခဲ့ကြောင်း သိရပါသည်။ နေပြည်တော် ပျဉ်းမနားခရိုင် တောင်သာမြို့နယ်ဇာတိဖြစ်ကြောင်း သိရပါသည်။ ဖခင်ဖြစ်သူမှာ မင်းတုန်းမင်း တရားကြီးလက်ထက်တွင် စစ်မှုထမ်းဖြစ်ရာ ဗိုလ်ချုပ်အဆင့်ရှိကြောင်း သိရပါ သည်။

မောင်တလုတ် အသက် (၂၅) နှစ်အရွယ်ရောက်သောအခါ ပါတော်မူခေတ်ကို ကြုံရကြောင်း၊ သီပေါဘုရင်ကို နယ်ချဲ့တို့ ယူဆောင်သွားကြသောအခါ ဖခင်ဖြစ်သူ နှင့်အတူပင် အစ်ကိုအရင်းဖြစ်သူ ဗိုလ်ရာညွှန့်ကလည်း နယ်ချဲ့တော်လှန်ရေးသမား ကြီးဖြစ်၍ တောင်သာ၊ ဝဲလောင်နယ်မှ ဗိုလ်ရာညွှန့်ဆိုလျှင် အများသိကြပါသည်။ ဖခင်နှင့်အတူ အစ်ကိုကြီးဖြစ်သူနှင့်အတူ မောင်တလုတ်လည်း တော်လှန်ရေး သမားဖြစ်သွားခဲ့ပါသည်။ မောင်တလုတ် အသက် (၃၀) အရွယ်တွင် ယခု ကျွဲပွဲ မြို့နေရာသည်ကား မောင်တလုတ်၏ တော်လှန်နယ်မြေဖြစ်ကြောင်း သိရှိရပါ သည်။ နောင်အခါ မောင်တလုတ်သည် နယ်ချဲ့တို့အား မုန်းတီးခြင်းနှင့်အတူ လူ့ဘဝဝတ်ကြောင်ဘဝကိုပါ မုန်းတီး၍ ရသေ့ဝတ်ကာ ဇင်းကျိုက်၊ ကေလာသ စသော ဆံတော်ရှင်နယ်မြေတစ်ကြောတွင် တစ်တောဝင်၊ တစ်တောင်ထွက်လျက် ကျင့်ကြံအားထုတ်အလုပ်လုပ်ခဲ့ရာ ရသေ့ကြီးဝဏ္ဏသိပ္ပလင်္ကာရအဖြစ် လူသိများခဲ့ ပါသည်။

ရသေ့ကြီးဘိုးဝဏ္ဏ သက်တော် (၆၂) နှစ်လောက်ရောက်သောအခါမှ သာဝတ္ထိ ပြည်သို့ ရောက်ရှိလာခဲ့ပြီးဖြစ်သဖြင့် ထိုသက္ကရာဇ်သည် မြန်မာသက္ကရာဇ် (၁၂၄၈) ခု၊ ဖြစ်နိုင်သည်ဟု တွက်ဆမိပါသည်။ ရသေ့ကြီးဘိုးဝဏ္ဏကိုအကြောင်းပြု၍ ရသေ့ တောင်ဟု ခေါ်ဆိုကြကြောင်း တောင်တော်သမိုင်းအစကို ဖော်ထုတ်သင့်ပါသည်။

ရသေ့တောင်သို့ရောက်သောအခါ ရေနီချောင်း၊ သဲခုံပေါ်တွင် အမိုးအကာမရှိ။ တစ်ကိုယ်တည်း (၄၅) ရက်တိတိ ကျင့်ကြံအားထုတ်သည်ဟု သိရှိရပေရာ ထို နေရာသည် အဘယ်နေရာဖြစ်သနည်းဟု ထပ်မံ၍ စုံစမ်းစစ်ဆေးပြန်သောအခါ ယခု လူသိများသော ဒေါ်စိုးဘုရား၏ အနောက်ဘက်တွင်တည်ရှိသော သဲခုံနေရာ သည် ရသေ့ကြီးဘိုးဝဏ္ဏ (၄၅) ရက်တိတိ တရားအားထုတ်သောနေရာဖြစ်ကြောင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ ဖော်ထုတ်ခြင်းဖြင့် ရသေ့ကြီးအား ကျေးဇူးဆပ်နိုင်သည် ဟု တွေးတောမိပါသည်။

ရသေ့ကြီးသည် ဆွမ်းကို ထူးထူးထွေထွေစားသည်မဟုတ်ဘဲ တောလက်ဖက်များ ကို စားသည်ဆိုရာတွင်လည်း တောလက်ဖက်များမှာ တိဏဖလ (ခေါ်) တော လက်ဖက်များဖြစ်ကြောင်း သိရပါသည်။ ထိုတိဏဖလဟု ခေါ်တင်ရခြင်းမှာလည်း

(၁) ကြက်တက်ရွက်၊ (၂) တောစပယ်ရွက်၊ (၃) နရွဲရွက်၊ (၄) ငါးရံ့ပတူရွက်တို့ကို နူးနေအောင် ရေဖြင့်ပြုတ်ပြီးလျှင် အလိုရှိသလို သုပ်၍စားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုတိုင် သိလိုသူများရှိသေးရာ ရသေ့ကြီးသည် တပည့်များအား သာသနာပြုရာတွင် အရုပ်နှင့်မပြနှင့်။ အလုပ်နှင့်ပြ ဟူ၍ ပြောဆိုလေ့ရှိကြောင်း သိရပါသည်။ ရသေ့ကြီးသည် သက်တော် (၉၆) နှစ်တွင် တစ်ဘဝဇာတ်သိမ်းကြောင်း၊ ထွက်ရပ်လမ်းသို့ မြန်းကြောင်း၊ (၁၃၁၈) ခုနှစ်တွင် ဘဝဇာတ်သိမ်းကြောင်း သိရသဖြင့် ထပ်မံ၍စုံစမ်းပြန်သောအခါ မြန်မာသက္ကရာဇ် (၁၃၁၈) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက်၊ သက်တော် (၉၆) နှစ်၊ ခရစ်နှစ် (၁၉၅၇) ခုနှစ်၊ အောက်တိုဘာလ၊ (၁၃) ရက်၊ တနင်္ဂနွေနေ့ဖြစ်ကြောင်း တိတိကျကျသိရပါသည်။ ရသေ့ကြီး၏ အရိုက်အရာကိုဆက်ခံသူမှာ ဦးခန့်ဖြစ်ကြောင်း၊ ဦးခန့်ကို အဘခန့်ဟု အများက ခေါ်ကြကြောင်း၊ ရသေ့ကြီးနှင့်သွေးသားတော်စပ်ကြောင်း၊ သပြေကုန်းရွာတွင် ရွာလူကြီး ဖြစ်ကြောင်း သိရပါသည်။ အဘခန့်ကို ကျွန်တော်တို့တွေ့ချိန်တွင် အဘခန့်သည် အသက် (၈၀) ကျော်ပြီဖြစ်သည်။ ရသေ့တောင်သည် မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့နယ်တွင် တည်ရှိကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းနှင့် ကားလမ်းတို့ဆုံရာ အရပ်ဖြစ်သော မိုင်တိုင်အမှတ် (၂၃၀) တွင် တည်ရှိကြောင်း၊ ရထားလမ်း၏အနောက်ဘက်၊ ကားလမ်း၏ တောင်ဘက်တို့တွင် ရှိ၏။ ရေးထားသောဆိုင်းဘုတ်ကြီးမှာ လောကုတ္တရာအလင်းရောင် ရသေ့တောင် ဟူ၍ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မသိသူကျော်သွား၊ သိသူဖော်စားကြပါကုန်။

# ဦးဉာဏော၏ ဆရာရင်း သပြေကုန်းဆရာတော် ဘဒ္ဒန္တ ပညာဝဏ္ဏာဘိဝံသ (၁၈၈၃ - ၁၉၆၄)

ဆရာတော် ဦးဉာဏောသည် ငယ်စဉ်က ပထမပိန္နဲကွင်းဆရာတော်ထံသို့ ရောက်ဖူးကြောင်း၊ ဝတ်ကြီးဝတ်ငယ် ပြုဖူးကြောင်း သိရှိရသည်။

သို့သော်လည်း လက်ရင်းကျကျ ဆရာရင်းမှာ သပြေကုန်းဆရာတော်ကြီးဖြစ်ကြောင်း သိရှိရသည်။ သပြေကုန်းဆရာတော်ကြီးသည် အင်ပူမြို့အပိုင်၊ သဲကြီးကုန်းရွာသား ဖြစ်၏။ ဆရာတော် ဦးဉာဏောကား လင်ကောင်ပိုးရွာသား ဖြစ်၏။ ထိုအနီးအနား ဝန်းကျင်တွင် ကွင်းကောက်ဟူ၍လည်း ရှိပြန်၏။ ကွင်းကောက်ဆရာတော် ဦးဇောတိကအမည်ခံ ပထမံဆရာလှိုင်၏ ဇာတိလည်း ဖြစ်ပြန်၏။ တစ်ဖန် ထို နီးနားဝန်းကျင်တွင်ပင် ပိန္နဲကွင်းကျေးရွာဟူ၍ ရှိပြန်၏။ ထိုပိန္နဲကွင်းကျေးရွာအကြောင်းသည်လည်းကောင်း၊ မပုပ်မသိုးသော ရုပ်ကလာပ်တော်များ တစ်နေရာတည်း၊ တစ်ပြိုင်တည်း၊ တစ်ကျောင်းတည်းတွင် သုံးပါးဆိုင် ပြိုင်တူရှိနေသော ကပျိုတောင် တောရကျောင်းသည်လည်းကောင်း၊ မြန်မာပြည် တစ်နံတစ်လျား ကြည်ညိုသူ ပေါများလှသောနေရာ ဖြစ်၏။

ထိုသို့သော နေရာကြီးမှာ ဘုရားမပွင့်မီ နှစ် (၅၀) လောက်ကတည်းက တည်ရှိခဲ့သော ဂဝံမြို့ဟောင်းကြီးတစ်မြို့ဖြစ်ကြောင်း သုတေသီတို့က ယနေ့ စိတ်ဝင်စားစွာ သုတေသနပြုလုပ်လျက်ရှိလေသည်။ ထိုနေရာတွင် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်က ဗုဒ္ဓခေတ် ခေတ်ပြိုင် အထောက်အထားများလည်း တွေ့ရှိနေရသည်။ ထို့ပြင်မကသေး အသောကခေတ် ခေတ်ပြိုင်အထောက်အထားများလည်း တွေ့ရှိနေရသည်။ ထိုအချက်အလက်များကို အထောက်အထားပြု၍ ထိုနေရာသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက ကြီးမားသော ရှေးပျူခေတ် မြို့ဟောင်းကြီးတစ်မြို့ဖြစ်ကြောင်း သက်သေပြလျက်ရှိကြောင်း သုတေသီတို့က အဆိုပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့်ရဟန်းထူးများ ထင်ပေါ်ကျော်ကြားလူသိများလှသည်လည်း များပြားလှ၏။ ရဟန္တာ မဆိတ်သုဉ်းသော ဗုဒ္ဓနိုင်ငံတော်ကြီးဟုလည်း တောင်တန်းသာသနာပြု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ

ဥတ္တမသာရ ပရိတ်ရေဆူ ဆရာတော်ကြီးက ဟောကြားတော်မူခဲ့ပါသေးသည်။

ထိုထို ဤဤ အလီလီသော ပုဂ္ဂိုလ်ထူးများအကြားတွင် လူသိနည်းလှသော ပုဂ္ဂိုလ်ထူးတစ်ပါးမှာ သပြေကုန်းဆရာတော်ကြီးပင် ဖြစ်ပေသည်။ ထိုဆရာတော်ကြီးမှာ မပုပ်မသိုးသော ရုပ်ကလာပ်တော်နှင့်တကွ ထူးခြားလှသော်လည်း မှတ်တမ်းများတွင် အတွေ့ရနည်းကြောင်းကို သင်းပျံ့ရွှေကြာ သုတေသီအဖွဲ့က ဖော်ထုတ်တင်ပြကြောင်းကို ဖတ်ရှုရသည်။ ထို့ကြောင့်ပင်လျှင် သာသနာ့သမိုင်းတွင် မှတ်တမ်းအတွေ့ရနည်းလှသော သပြေကုန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာ ကို အခြားစာစောင်များတွင် မတွေ့ရ။ သင်းပျံ့ရွှေကြာ သုတေသီအဖွဲ့၏ စွမ်းဆောင်ချက်ကြောင့် နေလဂျာနယ်တွင်သာ တွေ့ရသဖြင့် ကျွန်ုပ်တို့ ကျမ်းပြုသူမှာ ဝမ်းပန်းတသာ မှတ်သားရပါသည်။

သပြေကုန်းဆရာတော်ဘုရားကြီး၏ ရှားပါးသော ထေရုပ္ပတ္တိသည် သင်းပျံ့ရွှေကြာ သုတေသီအဖွဲ့၏ ကျေးဇူးကြောင့် အောက်ပါအတိုင်း မှတ်သားရပါသည်။
ဆရာတော်ကြီးမှာ ဆရာအရင်း များစွာတွေ များစွာရှိခဲ့ပေမယ့် ဆရာတော်ကြီးကို ငယ်စဉ်တောင်ကျေးဘဝကတည်းက ဂရုတစိုက် ပျိုးထောင်သူကတော့ သပြေကုန်းဆရာတော်ဘုရားကြီး ဦးပညာဝဏ္ဏာဘိဝံသ ဆရာတော်ဘုရားကြီးသာ ဖြစ်တော်မူပါသည်။

**ဇာတိ**

သပြေကုန်းဆရာတော်ဘုရားကြီး ဇာတိရွာကလေးကတော့ အင်္ဂပူမြို့နယ်အပိုင် သဲကြီးကုန်းရွာသား ဖြစ်ပါသည်။

**စာသင်သားဘဝ**

သပြေကုန်းဆရာတော်ဘုရားကြီးဟာ ပညာရပ်ပိုင်းဆိုင်ရာမှာ သူမတူအောင် တတ်မြောက်ကျွမ်းကျင်လှကြောင်း သိရပါသည်။။ စာပေပိုင်းဆိုင်ရာမှာ တပည့်တွေကို ရတု၊ ရကန်၊ ဒွေးချိုးအစ ဗုဒ္ဓစာပေများကို ကျမ်းပေါက်အောင် သင်နိုင်စွမ်းရှိခဲ့ကြောင်း သိခဲ့ရသည်။

**တိရစ္ဆာန်များ ပြောသောစကားကိုလည်း နားလည်**

နောက်ဆုံးကုန်ကုန်ပြောရရင် လောကီပညာရပ်ဖြစ်တဲ့ အင်္ဂရတ်ပညာ၊ ဗေဒင်ကျမ်းဂန်၊ အတတ်ဟောပညာ၊ တိရစ္ဆာန်တွေနဲ့ပြောတဲ့ မာဂဓစကားကိုလည်း

တတ်ကျွမ်းခဲ့တာကြောင့် ဆရာတော်ဘုရားကြီး ဦးဉာဏောဟာလည်း သူ့ဆရာ သမားများထံမှ ပညာကုန် သင်ကြားတတ်မြောက်ခဲ့ပါသည်။

**တိရစ္ဆာန်စကားကို နားလည်သော ဒုတိယ ဖောင်ကြမ်းပင်ဆရာတော်ဟူ၍ လည်း ရှိခဲ့ပူး၏။**

ဒုတိယ ဖောင်ကြမ်းပင်ဆရာတော်ဘုရားကြီးမှာ ပထမ လယ်တီဆရာတော်ဘုရား ကြီးနှင့် ခေတ်ပြိုင်ဖြစ်၏။ တိရစ္ဆာန်များပြောသော စကားကိုလည်း နားလည်၏ ဟု ဆို၏။ ကျီးကန်းအချင်းချင်း ပြောသောစကား၊ စာကလေးများ ပြောသော စကားကိုလည်း နားလည်၏ဟု ဆို၏။

ထိုအချက်ကို ငှက်ကလေးများစကားကို နားလည်တော်မူသော ရဟန်းထူး မုံရွာမြို့၊ ဒုတိယဖောင်ကြမ်းပင်ဆရာတော်အကြောင်းကို မောင်ပန်းမွေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ ဒုတိယတွဲတွင် မှတ်တမ်းတင်ထားပါသည်။ ထိုဆရာ တော်ကြီးသည် ခရစ်နှစ် (၁၈၅၄) တွင် ဖွား၏။ ခရစ်နှစ် (၁၉၃၂) ခုနှစ်တွင် ခန္ဓာဝန်ချတော်မူ၏။

ငှက်ကလေးများစကားကို နားလည်ကြောင်းကို ဤသို့ မော်ကွန်းကမ္ပည်းထိုးထား ကြောင်း ဖတ်ရှုရပါသည်။

ငှက်ကလေးများပြောသောစကားကို နားလည်တော်မူသဖြင့် ငှက်ကလေးများက ဆရာတော်ကိုလာ၍ တိုင်တန်းတတ်ကြောင်း ထူးထူးဆန်းဆန်း သိရပါသည်။ ဆရာတော်သည် မာဂဓဘာသာကို ကျွမ်းကျင်ကြောင်း၊ ငှက်မြည်သံကြားရလျှင် ဘယ်အကောင်က ဘယ်အရပ်ကို ခွဲပျံပြီဖြစ်ကြောင်း ပြောပြတတ်ရာ မှန်ကန် ကြောင်း တွေ့ရှိရသည်။

တစ်ခါတစ်ရံ ထူးထူးဆန်းဆန်း ဖြစ်တတ်သေး၏။ ‘ဟဲ့ . . သစ်ပင်ပေါ်က ငှက် သိုက်ထဲ မြွေ နှောင့်ယှက်နေသည်။ တက်ပြီး ခြောက်ထုတ်လိုက်ဟ’ ဟု ဆရာ တော်က အမိန့်ရှိရာ ဦးထွန်းခ ဆိုသူသည် မြွေကိုတွေ့ပြီး ခြောက်ထုတ်ခဲ့ရသည် ဟု ဆိုပါသည်။

သပြေကုန်းဆရာတော်ဘုရားကြီးသည် ငှက်ကလေးများစကားကို နားလည် ကြောင်း သိရှိရသဖြင့် မှတ်သားစရာတစ်ခုအဖြစ် မော်ကွန်းကမ္ပည်းတင်ရပေတော့ သည်။

**လောကီပညာနဲ့ တတ်မြောက်သော်လည်း ဝိပဿနာဘက်သို့ ကူးပြောင်းသွား**

သပြေကုန်းဆရာတော်ဘုရားကြီးထံမှာ ငယ်စဉ်ကပင် ပညာသင်တတ်ကျွမ်းပြီးလို့ အားနေချိန်မှာ အင်္ဂရတ်ပညာ၊ ဗေဒင်ကျမ်း အစရှိသည်တို့ကို လေ့လာလိုက်စား

လွှမ်း၍ သပြေကုန်းဆရာတော်ကြီးက တားမြစ်တော်မူခဲ့ကြောင်းကိုလည်း သိရှိရပါသေးသည်။

**ထူးချွန်သော တပည့်တစ်ဦး မွေးဖွားထူထောင်ပေးခဲ့**

တပည့်များစွာထဲတွင် ဆရာတော်ကြီး ဦးဉာဏောမှာ အခြားသူများထက် ပိုမိုထက်မြက်သူဖြစ်သည့်အတွက် သပြေကုန်းဆရာတော်ဘုရားကြီး ချစ်ခင်မှု ဦးစားပေးမှုကို အများဆုံးခံရသူဖြစ်သည့်နည်းတူ အတူနေ တပည့်များအချို့၏ သဝန်တိုခြင်းကိုပင် ခံခဲ့ရကာ အချင်းများကြကြောင်း သိရှိရလေသည်။

**ဆုကြီးပန် ဆရာတော်၏ စာသင်သားဘဝ**

ဤနေရာတွင် သပြေကုန်းဆရာတော်ဘုရားကြီးသည် သပြေကုန်းကျောင်းမှာ ဦးစီးပဓာနဖြစ်နေချိန်မှာ ကျောင်းတွင် သံဃာပေါင်း ရဟန်းဝတ်နဲ့ (၄၀) ကျော်ခန့်နှင့် ကိုရင်ဝတ်နှင့် သုံးဆယ်ကျော် ပေါင်း (၈၀) ဝန်းကျင် ပညာရည် သောက်စို့ခဲ့ကြောင်း သိရှိရပေသည်။ ထိုအထဲတွင် ဆရာတော်လောင်းဖြစ်မည့် ဦးဉာဏောလည်း ပါဝင်ကြောင်း သိရပေသည်။

**သပြေကုန်းဆရာတော်ကြီး၏ ငှက်စာကျွေး ဓလေ့ အတုယူသင့်**

သပြေကုန်းဆရာတော်ဘုရားကြီးဟာ တပည့်များအား စာဝါချပေးရာတွင် မိမိအခန်းတွင်းသို့ တစ်ဦးချင်း ခေါ်ယူ၍ စာချလေ့ရှိပြီး စာဝါများချအပြီး မနက်ဆွမ်းစားချိန်ရောက်ခဲ့သော် ကျောင်းရှိ စင်္ကြံတွင် တစ်ဦးစာ ခုံလေးတစ်ခုံပေါ်တွင် ပြင်ဆင်ပေးထားသည့် ဆွမ်းများမစားမီ ဆွမ်းဟင်းအချို့ကို ဖက်ငယ်တွင် ထည့်စေပြီး ကျေးငှက်များကို ကျွေးမွေးလေ့ရှိကြောင်း သိရသည်။

**ခွေးများကိုလည်း အထူးဂရုစိုက် ကျွေးမွေးခဲ့သော သပြေကုန်းဆရာတော်**

ကျောင်းဝင်းအတွင်း ခွေး အကောင် (၄၀) ကျော်ခန့်ကိုလည်း စားကြွင်းစားကျန်များကို ကျွေးမွေးသည့်ဓလေ့ အစဉ်ရှိခဲ့ကြောင်း သိရှိရပါသည်။

**မေတ္တာရိပ်ကို ခိုလှုံကြသော ကျေးငှက်မျိုးစုံ ကြုံစုံခဲ့ရ ထူးဆန်းစွာ**

ဆရာတော်ဘုရားကြီး ကျောင်းတွင် သီတင်းသုံးစဉ်က ကျောင်းရှိအပင်တွင် ကျေးငှက်မျိုးစုံ (ဗျိုင်း၊ ဒင်ကြီးငှက်၊ လင်ကောင်ပိုးငှက်၊ စာကလေး၊ ကျီး) စသည်တို့မှာ အဝေးမှလှမ်းကြည့်လျှင်ပင် တွေ့မြင်နိုင်ပါသည်။ ခွေးတွေဆိုရင်လည်း

အဲဒီလိုပဲ တွေ့ရတတ်ကြောင်း၊ တော်ရုံလူစိမ်း ကပ်လို့မရကြောင်း၊ အသိပေး သကဲ့သို့ ခွေးများဟောင်ကြောင်း သိရှိရပေသည်။

**အရာရာကို ကြိုတင်သိ**

ထို့နောက် ထိုအချိန်အခါက ရပ်ရွာများမှ ပို့ပေးသည့် ဆွမ်း၊ ဆွမ်းဟင်းနှင့်ပင် လုံလောက်ကြောင်း၊ ရံဖန်ရံခါ ကျောင်းတွင် ဆွမ်းဆန်နည်းပါးလို့ ကျောင်းရှိ ကပ္ပိယများ စိတ်ပူပန်ခဲ့သော် ဆရာတော်ဘုရားကြီးက နောင်နေ့တွင် မည်သူ မည်ဝါ လာပို့ပေးလိမ့်မည်။ စိတ်မပူလင့်ပါနှင့်ဟု မိန့်ကြားလေ့ရှိကြောင်း သိရ၏။

**ကျေးငှက်တို့မှတစ်ဆင့် ရာသီဥတုကို ကြိုတင်သိ**

ကျေးငှက်တို့ အော်မြည်သံကို သိနားလည်၍ ရာသီဥတု ဆိုးဝါးနိုင်မည့်အကြောင်း များကို ကြိုတင်၍ ဒကာ၊ ဒကာမများအား မိန့်မှာတတ်ကြောင်း သိရှိရသည်။

**နေ့ ပရိယတ်၊ ည ပဋိပတ်**

ဆရာတော်ဘုရားကြီးသည် နေ့ဆွမ်းစားပြီး မိမိအခန်းတွင်သာ သီတင်းသုံးလျက် ဘာဝနာပွားမှုကို စဉ်ဆက်မပြတ် ပြုကျင့်လေ့ရှိကြောင်း၊ ကျောင်းတွင်းတွင် စာအံ ချိန်မှလွဲပြီး ဆူပူမှု ကင်းငြိမ်းစေလျက် တပည့်များကိုလည်း တိတ်ဆိတ်စွာ နေထိုင် တတ်အောင် သင်ယူဆုံးမစေတတ်ကြောင်း သိရှိရပေသည်။

**မေတ္တာခြံ၍ လုံ့စေသောင်**

ညနေ (၃) နာရီအချိန်တွင် သပြေကုန်းဆရာတော်ဘုရားကြီး စင်္ကြံလမ်းတွင် နေ့စဉ် တစ်နာရီခန့် စင်္ကြံလျှောက်တတ်ကြောင်း ညနေ (၄) နာရီအချိန်တွင် ဝေနေယျ သတ္တဝါအပေါင်းအား အချိန်မှန် အမျှပေး ဆုတောင်းပေးလေ့ရှိပါသည်။

**တိရစ္ဆာန်များက သာဓုခေါ်ကြောင်း အံ့ဖွယ်ကြားသိရ**

ကျောင်းရှိ ရဟန်းသံဃာများမှ အမျှပေးဝေချိန်တွင် ကျောင်းရှိခွေးများ၊ ကျေးငှက် များကပါ အသံဖြင့် ဟစ်ကြွေးကာ ခံယူကြကြောင်း သာသနာလောကတွင် ကြားသိခဲ့ရသော ဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

**မည်သူမှန်းမသိသော ပုဂ္ဂိုလ်ထူးတစ်ဦး အမြဲရှိခဲ့**

သပြေကုန်းဆရာတော်ဘုရားကြီး ပညာပို့ချစဉ်အခါ၌ အဆိုပါ ကျောင်းတွင်

အမည်မသိတော့သော ယောဂီဝတ်နှင့် လူပုဂ္ဂိုလ်တစ်ဦးရှိခဲ့သေးကြောင်း သိရှိရသည်။

**ရွာသားတို့ကြိုတင်မက်သော အိပ်မက်ထဲက နတ်ရထား**

သပြေကုန်းဆရာတော်ဘုရားကြီး သက်တော် (၈၀) ကျော်တွင် စံလွန်တော်မူခဲ့ကြောင်း ထိုသို့ စံလွန်တော်မမူခင် သပြေကုန်းရှိ ရွာနီးချုပ်စပ်ရှိသူအများကို နတ်ရွာမှ နတ်ရထားများ လာပင့်ဖိတ်ကြောင်း အိပ်မက်များ မက်ကြရာ လူအများ အံ့ဩသမှု ဖြစ်ခဲ့ရသေးကြောင်း သိမှီသူများ ပြောပြခဲ့၍ သိရှိရပေသည်။

**လူများကို အသက်ကယ်ခဲ့ပေါင်း များလှပြီ။**

သပြေကုန်းဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်ကပင် ရွာနီးချုပ်စပ် လယ်သမားများကို ပိုးမထိစေရန် ပရိတ်ကြိုးများကို ဂါထာစုတ်၍ ပေးလေ့ရှိရာ အဆိပ်ရှိသည့်ပိုးများကို မသတ်ရန်နှင့် တွေ့ရှိပါက အန္တရာယ်မပြုကြရန် ဆရာတော်ဘုရားကြီးက မိန့်မှာထားလေ့ရှိကြောင်း သိရှိရပေသည်။ ထိုပရိတ်ကြိုးအစွမ်းကြောင့် ပိုးထိသံကို မကြားရကြောင်း သိရှိရပေသေးသည်။

**လူသိမခံသော လျှို့ဝှက်ချက်**

သပြေကုန်းဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိစဉ်ကပင် မိမိအစွမ်းထက်မြက်မှုကို ထုတ်ဖော်လေ့မရှိဘဲ ရံဖန်ရံခါမျှသာ အတူနေတပည့်များကို ကြိုတင်ဖြစ်မည့်သဘော ပြောပြတတ်ပေရာ အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူလှကြောင်း သိသာထင်ရှားလှပေသည်။

**စံလွန်တော်မူသည့်ရက်**

သပြေကုန်းဆရာတော်ကြီး ခန္ဓာဝန်ချသောနေ့မှာ ကောဇာသက္ကရာဇ် (၁၃၂၆) ခု၊ သီတင်းကျွတ်လပြည့်၊ မွန်းတည့်အချိန်ဖြစ်ကြောင်း သိရ၏။

**လူ တိုးမပေါက်သော ထူးခြားမှုရှိခဲ့သည်ကို သမိုင်းဝင်မှန်း လူသိနည်းခဲ့**

ထိုစဉ်က ရပ်ရွာမှ ကျင်းပပြုလုပ်ပေးသည့် အန္တိမစျာပနအခမ်းအနားသည် အထူးစည်ကား၍ လူများ တိုးမပေါက်အောင် ရှိခဲ့ကြောင်း သိရှိရပါသည်။

**မပုပ်မသိုးသော ရုပ်ကလာပ်တော်ကို ရွှေချ ကိုးကွယ်ကြခဲ့**

ရုပ်ကလာပ်တော်မှာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိခဲ့စဉ်ကအတိုင်း မပုပ်မသိုးရှိနေ၍ တပည့်ဒကာများမှ ရုပ်ကလာပ်တော်ကို ကျောင်း၏ အရှေ့မြောက်ထောင့်တွင် သီးသန့်အခန်းပြုလုပ်၍ နောင်ကာလဝယ် ရွှေချ၍ ပူဇော်ခဲ့ကြောင်းသိရှိရပေသည်။

**အလောင်းတော်ကို ရွှေချခဲ့သူများ ရှိခဲ့ပူး၏။**

တစ်ခု ထူးခြားမှုမှာ ဆရာတော်ဘုရားကြီး ဦးဉာဏော၏ ဆရာအရင်းထဲမှ သပြေကုန်းဆရာတော်ဘုရားကြီးနှင့် ပထမ ပိန္နဲကွင်းဆရာတော်ဘုရားကြီး ဦးကလျာဏတို့ (၂) ပါးစလုံး စံလွန်ချိန်၌ မပုပ်မသိုးဖြစ်ခဲ့ရပါသော်လည်း ရုပ်ကလာပ်တော်များအား မသမာသူများ၏ ရွှေများ ခွာယူ ခိုးယူခံရခြင်းမှာ ပုံစံတူဖြစ်နေသည်ကို အံ့ဖွယ် တွေ့မြင်ခဲ့ရပေသည်။

**သပြေကုန်းဆရာတော်ကြီးမှ တပည့်ကြီး ဦးဉာဏောသို့ မှာခဲ့သော စကား တစ်ခွန်း**

မန်းရွှေပြည်မှ သုံးလေးနှစ်ခန့် ပညာရည်နို့ သောက်စို့ခဲ့ပြီး ရွာကိုပြန်လာခဲ့ရာမှ အတူနေ တပည့်များ ဝန်တိုမှုကြောင့် သပြေကုန်းကျောင်းကို ခွာထွက်ရန် အကြောင်းဖန်လာရာ သပြေကုန်းဆရာတော်ဘုရားကြီးက သူ၏ထူးချွန်လှသည့် တပည့်ဖြစ်သူ ဆရာတော်ဘုရားကြီး ဦးဉာဏောကို ခေါ်ယူပြီး စကားတစ်ခွန်း မှာကြားခဲ့ကြောင်း သိရှိရပေသည်။ ထိုစကားမှာ 'မင်း ဘယ်နေရာကိုရောက်ရောက် ငါ့ကို မမေ့ပါနဲ့' ဟူသော စကား ဖြစ်ပေသည်။

**နှစ်တွေ ကြာညောင်း၊ ရက်တွေဟောင်းလည်း မမေ့နိုင်သော ဆရာ့စကား**

ထို့ကြောင့် ရန်ကုန်မြို့၊ အေးရိပ်မွန်သို့ စတင်ရောက်ရှိသည့်နေ့က ဆရာတော်ဘုရားကြီး ဦးဉာဏောသည် မိမိငယ်စဉ်က ဆရာရင်း သပြေကုန်းဆရာတော်ဘုရားကြီးကို သတိရအောက်မေ့လျက်ရှိကြောင်း သိရှိရပေသည်။

**ဆရာ့ကိုယ်စား ကျောက်စာများ လှူဒါန်းခဲ့**

မင်္ဂလာဒုံ ဆေးရုံကြီးတွင် ဆရာတော်ကြီး တက်ရောက်နေစဉ်အခါက ကမ္ဘာအေးတွင် သီတင်းသုံးနေသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ဝတ္ထုငွေအပါအဝင် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ချိန်တွင် စားဖွယ်စုံစုံလင်လင်ဖြင့်

ဆွမ်းကွမ်းကိုပါ ဆရာတော်ကြီးဦးဉာဏောအား ဆက်ကပ်လှူဒါန်းစဉ်က ဆရာတော်ကြီးက ယခုလိုအချိန်မျိုးမှာ ဆွမ်းကပ်မယ်ဆိုရင် တို့ဆရာသမားတွေကိုလည်း ဆွမ်းကွမ်း ဆက်ကပ်ပေးသင့်တယ်လို့ မိန့်မှာခဲ့ဖူးလေသည်။ ထိုအချိန်က သူ့ဆရာသမားများကိုယ်စား သူရေးထွင်းခဲ့သော ကျောက်စာတွေကို သူ့ဆရာသမားအဖြစ် ကပ်ပေးခဲ့ရဖူးကြောင်း တွေ့မြင်ခဲ့ရပေသေးသည်။

**အရညဝါသီ တောရမြီသော ဝိပဿနာအကျိုး မပုပ်သိုး**

သပြေကုန်းဆရာတော်ဘုရားကြီးသည် တစ်ဖက်က ပညာသင်ကြားပို့ချသည့်နည်းတူ တစ်ဖက်တွင် ပရိယတ်ကို လျှော့ခဲ့ဟန်မတူဘဲ အရညဝါသီ (တောအရပ်၌ နေထိုင်ရင်း) တစ်ဖက်မှလည်း တရားကျင့်တော်မူခဲ့ခြင်းကြောင့် စံလွန်တော်မူသောအခါတွင် မပုပ်မသိုးဖြင့် မြင်တွေ့ခဲ့ရကာ ဒေသခံများ၏ ကြည်ညိုလေးစားကိုးကွယ်ရာဖြစ်တော်မူခဲ့သည်။

(ကျမ်းကိုး။ နေလဂမ္ဘီရ ဂျာနယ်၊ ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၂၊ သင်းပုံ့ရွှေကြာ-သုတေ သီအဖွဲ့၊ အချပ်ပိုစာ-ခ ကိုကြည့်)

## ပရိယတ္တိ၊ ပဋိပတ္တိ နွယ်နံ့သာသနာပြု၊ အရှည်ဝါသီ ကျွမ်းပြုခြားဆိုတော်၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်ပင်သာရွာ၊ အာယသ္မာ သိရိသုမိတြ ဉာဏောဒယသာ မဟာထေရ်

(၁၃၇၀) ပြည့်နှစ်၊ သီတင်းကျွတ်လပြည့် (၁၄၊ အောက်တိုဘာ၊ ၂၀၀၈ ခုနှစ်) အင်္ဂါနေ့တွင် ကျွန်တော် မောင်ပန်းမွှေးသည် ထူးဆန်းသော ဖိတ်စာတစ်စောင်ကို လက်ခံရရှိပါသည်။ ထိုဖိတ်စာတွင် အလွန် ကြားနာရခဲသော စကားအဆန်း တစ်လုံးကို ထူးထူးဆန်းဆန်း ဖတ်ရှုမိသောကြောင့် သတိထားရှိမိပါသည်။

ဖိတ်စာမူရင်းသည် နောင်သောအခါ ရှားပါးပစ္စည်း ဖြစ်သွားပေလိမ့်မည်။ သမိုင်းသုတေသီ သာသနာ့သုတေသီ၊ စာပေသုတေသီတို့၏ ဓလေ့မှာ မူရင်း သက်သေခံပစ္စည်း အထောက်အထားတို့သည် နောင်နှစ်ပေါင်း ရာထောင်ကြာသောအခါ ခိုင်လုံသော မြေပေါ်မြေအောက် သက်သေအထောက်အထားများအဖြစ် မှတ်ယူထားသော ဓလေ့ရှိပါသည်။ ထို ဓလေ့ကို ကျွန်တော်သည် မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့်ရဟန်းထူးများ စာအုပ်ကြီးကို ထုတ်ဝေစဉ် စုဆောင်းစဉ် ကာလကတည်းက နှစ်ပေါင်း (၄၀) ကြာအောင် စွဲစွဲမြဲမြဲ မှတ်မှတ်သားသား စုစုဆောင်းဆောင်း ပြုပြီးမှသာ သုတေသန သဘောသက်ဝင်သော ထို ရဟန္တာနှင့် ရဟန်းထူး စာအုပ်ကြီးကို အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်အောင် ပြုစုတင်ဆက်ခြင်း ဖြစ်ပါသည်။ ထိုဓလေ့အရ ကျွန်တော်၏ ဓလေ့အတိုင်း (ဝါ) သုတေသီတို့၏ ဓလေ့အတိုင်း မူရင်းဖိတ်စာကို လက်ရင်းကျကျ စုဆောင်းမှတ်သားထားခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (မူရင်းစာလုံးပေါင်း)

**ဖားဖိုကြီး၊ ဖားမကြီး၊ ဖားတစ်ရှဉ်းစေတီတော် ဖိတ်ကြားစာ။**

အရဟံ သိဒ္ဓိ


ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

သာသနာငါးထောင် စီးပွားဆောင်၊ အောင်ပါစေသတည်း။


ယောဂီစိတြ အောင်မင်းခေါင်ရိသာ၏ အရှေ့မြောက်အနီးရှိ ဖားဖိုကြီး၊ ဖားမကြီး၊ ဖားတစ်ရှဉ်းစေတီ

မြန်မာပြည် ကြီးပွားတိုးတက်ချမ်းသာစေရန် မေတ္တာရှေ့ထား၍ ယောဂီစိတြ ဓမ္မဝိဇ္ဇာဆရာကြီး စီစဉ်ဖိတ်ကြား နှိုးဆော်အပ်ပါသည်။ ဖားတစ်ရှဉ်းသည် နွားတစ်ရှဉ်းကို ပုံစံပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ မြန်အောင်မြို့၊ ဖားတစ်ရှဉ်းချောင်းကိုထောက်၍ ကြံခင်း၊ ဂိုဏ်းထောက် လေးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး



ရှင်ဥတ္တမကျော်






































ဝန္နရိုထွက်ရပ်ပေါက် ကျမ်းပြုဆရာတော်
သီရိဘဒ္ဒန္တ အရှင်ဦးညာဏောဒယ

ကံကြီးထောင့်မြို့နယ်၊ အရှေ့ကျောင်းပင်သာကျေးရွာ ရိုသီ
ဘိုးတော် ဆောက်ပင်အင်း - ၃ - မတော်ကာနီကျောင်း ဘဒ္ဒန္တဝိရ
သာသန ၈၈ ဝမ္မာဝဒိယ - ၁ - အကြိမ် - ၅၀၀၀ - ၃အကြိမ် ၅၀၀၀



- ရောဝတီတိုင်း -- အိမ်မဲမြို့နယ်
ခြောက်အိမ်ဘန်းအုပ်စု – ရေပ်ချောင်းကျေးရွာ
ကမ္ဘာအေးစေတီခေါ် သတ္တမိသန္ဓင်းကြေ
ဘုရားသမိုင်း

- မြတ်ခါတ်တော်သမိုင်း
မေါ်နေယျပဋိပဒါပျို့လင်္ကာကျမ်း – ၃စောင်တွဲကျမ်း



၏ ဝိဇ္ဇာ (ကိုးတွဲ) ဝသဃကမုနိဒါန်း၌ ယောဂီ စိတြအောင်မင်းခေါင်ရိပ်သာ၏ အရှေ့မြောက်အနီး၌ ဖားဖိုကြီး၊ ဖားမကြီးတို့သည် နေထွက် ရာဘက်ကို လက်နှစ်ဖက်ဖြင့် ရှိခိုးကြပြီး၍ ခုနစ်ရက်သားသမီးတို့ ကျန်းမာ၊ ချမ်းသာကြစေခြင်း အကျိုးငှာ ဖားဖိုကြီး၊ ဖားမကြီးတို့၏ ကျောပေါ်၌ ဉာဏ်တော် ခုနစ်တောင်ရှိ စေတီတော်ကို အပေါ်က ရွှေထီးတင်ပြီးပါက တစ်ဆယ့်တစ်တောင် တစ်ဆယ့်တစ်မီး ငြိမ်းသွားမည်ဟု ဂေါပက ဥက္ကဋ္ဌ ဦးမိုးကုတ် (မြဘုန်းရောင်)၊ အတွင်းရေးမှူး ဦးဇာနည်+ဒေါ်မသက်၊ အကျိုးတော်ဆောင် ဦးသိန်းထူး+ဒေါ်စန်းရီ၊ ဦးမျက်မှန်၊ ဦးခိုင်လေးနှင့် ဆရာတော်ကြီးများ ၏ တပည့်သာဝကများ ဝိုင်းဝန်း၍ ဦးညွန့်တင်+ဒေါ်ခင်မျိုးဦးတို့၏ လှူဒါန်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃) ရပ်ကွက်၊ ဇီဇဝါလမ်း၊ ပျဉ်းမပင်မြောက်၊ မြေတိုင်းအမှတ် (၅၃၂)၊ မြေကွက်အမှတ် (၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂) နေရာ တွင် သာသနာသက္ကရာဇ် (၂၅၅၂) ခု၊ ကောဇာသက္ကရာဇ် (၁၃၇၀) ခု၊ သီတင်းကျွတ်လပြည့် ၁၄) ရက်၊ (အဘိဓမ္မာနေ့) တွင် ဖားဖိုကြီး၊ ဖားမကြီး၊ ဖားတစ်ရှဉ်းစေတီ ပန္နက်တင် အခမ်းအနား ပြုလုပ်ကျင်းပခဲ့ပါသည်။

ထိုအခါ ဖားဖို ဖားမကြီး၊ ဖားတစ်ရှဉ်း စေတီဟူသော အထူးအဆန်း ကြည်ညိုစရာ ကောင်းသောကြောင့် ထိုစေတီတော်ပုံကို မရမက ရှာကြံရပြန်ပါသည်။ ၎င်းနောက် ဖားဖိုကြီး၊ ဖားမကြီး၊ ဖားတစ်ရှဉ်းစေတီ ဖြစ်မြောက်ရေး အကျိုးဆောင် ကော်မတီနှင့် အကျိုးအကြောင်း ဆက်သွယ်၍ လိုက်လံစုံစမ်းပြန်သောအခါ ကန်ကြီးထောင့် ဆရာတော် ဦးဉာဏော ဟူ၍ ကြားရပြန်ပါသည်။

**ညောင်ပင်သာဆရာတော် ဦးဉာဏော**

ပထမ ကန်ကြီးထောင့်ဆရာတော်အကြောင်း တင်ပြခဲ့ပါသည်။ ယခု တင်ပြမည့် ကန်ကြီး ထောင့်ဆရာတော်မှာ ကန်ကြီးထောင့်ချင်း တူသော်လည်း ကွဲပြားမှု ရှိပါသည်။ ကွဲပြားပုံမှာ ယခုဆရာတော်ကို ကန်ကြီးထောင့်၊ ညောင်ပင်သာ ဆရာတော်ကြီး ဦးဉာဏော ဟူသော စကားလုံးဘွဲ့တော်ကို သုံးနှုန်းကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကန်ကြီးထောင့်ဆရာတော် ဦးဉာဏော ပျံလွန်သော သတင်းဟောင်း**

ကန်ကြီးထောင့်ဆရာတော် ဦးဉာဏောသည် (၂၀၀၃) ခုနှစ်၊ နိုဝင်ဘာလ၊ (၂၁) ရက်နေ့ကပင်လျှင် ပျံလွန်တော်မူခဲ့ကြောင်းကို သက်ဆိုင်ရာဒေသခံများက ပြောဆိုကြကြောင်း သတင်းရရှိခဲ့ပါသည်။

သို့သော်လည်း အထက်ပါသတင်းကို ရဟန္တာနှင့်ရဟန်းထူးများ ကျမ်းပြုဆရာ

ကျွန်ုပ် မောင်ပန်းမွှေးသည် ကျွန်ုပ်၏မှတ်စုတွင် ထုံးစံအတိုင်း အသေအချာ မှတ်သားထားခဲ့သည်မှာ သေချာလှပါသည်။ သို့သော်လည်း ထူးဆန်းသော အချက်မှာ တစ်နေ့သောအခါ မြတ်ထက်ဟိန်း ပုံနှိပ်တိုက်ပိုင်ရှင် မြတ်ထက်ဟိန်း ထံမှ ထူးဆန်းသောသတင်းတစ်ခု ကြားရ ပါသည်။ ထိုသတင်းမှာ ကန်ကြီးထောင့်၊ ညောင်ပင်သာဆရာတော်ဘုရားသည် ရန်ကုန် တစ်ဖက်ကမ်း သန်လျင်မြို့ရှိ ဆရာဝန်ကြီး အိမ်တစ်အိမ်တွင် ရောက်ရှိနေကြောင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်သည် အံ့သြခြင်းကြီးစွာဖြင့် မဖြစ်နိုင်ကြောင်း ငြင်းပါသည်။ ကျွန်ုပ်၏ သေချာသော မှတ်စုကိုလည်း သူ့အား ပြသပါသည်။ သူကလည်း ကိုယ်တိုင်ဖူးပြီး ဖြစ်သဖြင့် ယခုပင်လျှင် လိုက်ပို့မည်ဟုပြောကာ သူ့စရိတ်သူခံပြီး ကျွန်ုပ် မောင်ပန်းမွှေးနှင့်အတူ စာရေး ဆရာကြီး မြေလတ်မြတ်သူ အပါအဝင် ဦးသိန်းဦး၊ ဦးသက်မင်းတို့ လိုက်ပါလျက် ညကြီးမိုးချုပ် ကိုးနာရီ၊ ဆယ်နာရီလောက် သွားကြပါသည်။ ထိုအခါ တကယ့်ကိုပင် ဆရာတော်ကြီးကို ဖူးခဲ့ရပါသည်။ ဆရာတော်ကြီးသည် ခြင်ထောင်ကလေးကို မ,ကာ အဖူးခံပြီး ကဲ.. သွားကြတော့ဟု တိုတို လိုရင်းကို ပြောလိုက်သဖြင့် ကျွန်ုပ်တို့တစ်စုမှာလည်း ယောင်ချာချာ ဖြစ်လျက် ဖူးရတာ မဝတဝနှင့် အိမ်သို့ ပြန်လာခဲ့ရပါသည်။
ကျွန်ုပ်တို့၏ စာပေလောကတွင်ကား (ဝါ) လက်ဖက်ရည်ကြမ်းဝိုင်း၊ စကားဝိုင်း၊ တရားဝိုင်းများတွင်ကား ဦးဉာဏအကြောင်းသည် အံ့သြကုန်နိုင်ဖွယ်ဖြစ်လျက် ရှိနေပါတော့သည်။

ဤကျမ်းပြုသူ၏ ဒိုင်ယာရီများ၊ မှတ်စုများအရ ဦးဉာဏ ဟူသော အမည်ကို ရှေးရှေးအခါက သိသလောက် ပြန်ပြောရလျှင် နန်ကသူလိုဏ်ဂူ အကြောင်းနှင့် လည်း သမိုင်းကြောင်း ဆက်နွယ်လျက်ရှိ၏။ ပထမပိန္နဲကွင်း ဆရာ တော်ကြီး ဦးကလျာဏနှင့်လည်း ဘဝဖြစ်စဉ်များ ဆက်နွယ်လျက်ရှိ၏။ ထို့ကြောင့် ပိန္နဲကွင်း ဆရာတော်ကြီး (၃) ပါး နှစ်ပေါင်း (၁၀၀) ကျော် မပုပ်မသိုး ရှိကြောင်းကို ပြောတိုင်း ပြောတိုင်း ဆက်စပ်၍ ဆရာတော်ကြီး ဦးဉာဏ အကြောင်းသည် ပါ၍ ပါ၍ လာစမြဲဖြစ်ပါသည်။ ပြော၍ ပြော၍ နေစမြဲ ဖြစ်ပါသည်။

ၚင်းအပြင် ဟင်္သာတမြို့နယ်၊ ကွင်းကောက်ဆရာတော် ပထမံဆရာလှိုင် အကြောင်း ပြောတိုင်း ပြောတိုင်းလည်း ကန်ကြီးထောင့်၊ ညောင်ပင်သာ ဆရာတော် ဦးဉာဏ အကြောင်းသို့ ရောက်၍ ရောက်၍ သွားလေ့ရှိပါသည်။

သာမညဆရာတော်ဘုရားကြီးအကြောင်း ရံဖန်ရံခါ ပြောမိသောအခါမှာ လည်း

ဆရာတော်ကြီး ဦးဉာဏောနှင့် အကြောင်းဆက်လျက်ရှိကြောင်း တွေ့ရှိရ ပြန်ပါသည်။

ကန်ကြီးထောင့်ဆရာတော် ဦးပညာသုတအကြောင်း ပြောတိုင်း ပြော တိုင်းလည်း ဆရာတော်ကြီး ဦးဉာဏောနှင့် အကြောင်းဆက်လျက် ရှိကြောင်း တွေ့ရပြန်ပါသည်။ ထို့ကြောင့် ဆရာတော်ကြီး ဦးဉာဏောအကြောင်းမှာ ကျွန်ုပ်တို့၏ ဓမ္မလောက၊ စာပေလောကတွင် မပါမဖြစ်သော အကြောင်းတစ်ခု ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခု ဤစာပြုသူ၏ တွေ့ရှိချက်ကို တင်ပြပါမည်။

**မောနေယျ ပဋိပဒါ ပျို့လင်္ကာကျမ်းကို ပြုစုခြင်း။**

ကျွန်တော်သည် တစ်နေ့သောအခါ မည်သည့်အခါကမျှ ဖတ်ဖူးခြင်းမရှိသေးသော ပျို့လင်္ကာတစ်စောင်ကို ဖတ်ရပါသည်။ ကျွန်တော်သည် ပုသိမ်ကောလိပ်တွင်လည်းကောင်း၊ စစ်တွေကောလိပ်တွင်လည်းကောင်း၊ ပညာရေးတက္ကသိုလ်တွင်လည်းကောင်း၊ ရန်ကုန် တက္ကသိုလ်တွင်လည်းကောင်း၊ မြန်မာစာဌာန၊ မြန်မာစာ ဆရာကြီးအဖြစ် ကျင်လည် ကျက်စားခဲ့ရာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီဟု ဆိုချင်ပါသည်။ ဤသို့ဆိုရသည်မှာ အမှန်မှာ ကြွားဝါခြင်း ဖြစ်ပါသည်။ သို့သော်လည်း အမှန်လည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ မြန်မာစာပေလောကကို စုန်ချည်၊ ဆန်ချည် အပြန်ပြန် အလှန်လှန် ဖတ်ဖူး၊ မှတ်ဖူးသည် မှန်သော်လည်း ကျွန်ုပ်၏ တစ်သက်တာတွင် ဤ ပျို့ကဗျာကို တစ်ခါမှ မဖတ်ဖူးကြောင်း ဝန်ခံလိုသောကြောင့် စကားပျိုးခြင်း ဖြစ်ပါသည်။ မောနေယျ ပဋိပဒါ ပျို့လင်္ကာကျမ်းကို ကျွန်ုပ်သည် အသေအချာ ကူးယူဖတ်ရှုပါသည်။ ထိုစာကြီးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**မောနေယျ ပဋိပဒါ ပျို့လင်္ကာကျမ်း**

ဗုဓံသံအာ ဝန္ဒာမိ၍
မောနေယျ ပဋိပဒါ၊ ပျို့လင်္ကာကို
ဉာဏ်မှာ မှီသရွေ့ သီကုံးပြအံ့။
ဗုဒ္ဓမြတ်စွာ၊ မပွင့်ခါမှီ၊
သတ္တာဝသ- ခုနစ်နှစ်က၊
ကောဏ္ဍာဟလ မောနေယျဟု၊
ပြောဆိုကြရာ ဗုဒ္ဓမြတ်စွာ၊
ဘုရားတစ်ဆူမှာ တစ်သာသနာတွင်၊
တစ်ခါပင် ကြိမ်လတ်၊ မောနေယျ ပဋိပတ်၊

အကျင့်မြတ်ကို လူနတ်နှုန်ဝယ်၊
အုတ်အုတ်ကျက်ကျက် ကျော်သံထွက်သည့်၊
တောထွက်နာလက၊ ဒေဝီလ တူတော်၊
ကမ္ဘာသော် တစ်သိန်းကပ်၊
တစ်သိန်းဖြည့်ရ နာလကသည်၊
ဆရာဒေဝီလ ဆုမွစကား၊
နားဝယ်ထား၍ ရဟန်းကားပြု၊
တောထွက်ပြုလျက် တောအုပ်ဝင်ကာ၊
နေရပါငြား သုံးဆယ့်ငါးနှစ်၊
ရောက်လစ်သောခါ ဒေဝါစကား၊
နား၌ကြား၍ ဘုရားရှိရာ၊
ဓမ္မစကြာ ဟောရာ ရက်လွန်၊
ခုနစ်ရက်ကြ အားရဝမ်းသာ၊
မောနေယျ ပဋိပဒါ၊
ကောင်းစွာ ဟောကြား သနားတော်မူပါ၊
လျှောက်ထားပါ၍၊
ချစ်သား နာလက၊
ဂါမရွာ၌ ကောဓ အမျက်ထွက်ငြား၊
ထိပါးသူနှင့်၊ ကြည်ညွတ်ရိုကျိုး၊
ရှိခိုး လာသူ မုန်းသူ ချစ်သူ
အတူအမျှ ပြုထရာ၏၊
မနောဒွါရ စိတ်ကပြစ်မှား၊
ကြံမှားခြင်းကို စောင့်ရာဆို၏၊
နှစ်လိုဝမ်းသာ မရှိပါ၍၊
ကျင့်စေရာ၏၊
တောမီးလျှံနှင့် တူဟန်ရှိသည့်၊
ဣတ္ထိနာရီ၊ ရာဂီသိမ်းကြွ၊
မိမ္မတို့သည် ယုတ်မြတ်စကား၊
ပြောဆိုငြားလျက် စကားချိုသာ၊
ပေးခါလှူဒါန်း လှည့်ပတ်ဆန်းငြား၊
ဖြားယောင်း သွေးဆောင် လောင်တတ်တောမီး၊
ပမာမှီးသည့် နာရီအစုံ၊

ဝေနေယျတို့သည် တုံတံ သင့်အား၊
ဖြားယောင်းစေ မဖျက်စေလင့်၊
ယှဉ်ဖက်မြူးခုန် မေထုတ်ကျင့်မှု၊
ဝိရတကြဉ် အသင့်ဖြစ်လော- ၊
ထိုမှတစ်ပါး ငါးပါးအာရုံ၊
ကာမဂုဏ်စွန့်၊
ရန်မူသောသူ၊
မဆန့်ကျင်မူ၍၊
အဖော်ကျွမ်းဝင် ကြင်နာသူ၌၊
မဟာပ်မက်ခြင်း ဖြစ်စေလင့်လော၊
ပုထုဇဉ် သေက္ခ၊ အသေက္ခတို့ကို ငါ့ကိုယ်ကဲ့သို့၊
ထိုသတ္တဝါ၊ ထိုတူသာလျှင်၊
ဖြစ်စေချင်၏။
ထိုသတ္တဝါသို့ ထို့အတူသာ၊
ငါသည် ဖြစ်၏ ဤသို့ ကိုယ်ကို၊
ဥပမာကို ပြု၍ သူ့ကိုမညှဉ်းဆဲရာ၊
မထိပါးရာ၊ ပုထုဇဉ်သည် အကြင်ပစ္စည်း၌၊
ကပ်ငြိ၍သာ တည်လေရာ၏၊
ထိုပစ္စည်းများ လေးပါးတို့မှ၊
မရသည်ကို လိုချင်တပ်မက်၊
ကုဿာရင်း၊
ရကြီးသည့်ကို မယိုမဖိတ်၊
လိုချင်စိတ်သဘော မက်မောလောဘ၊
ပယ်စွန့်ချ၍ ဆင်ခြင်ပညာ၊
မြင်သည်သာဖြစ်၍၊
ဤအကျင့်ကို ကျင့်ရာဆို၏၊
ဤသို့ ဤသူ နိရယ်ဆောင်တတ်၊
ပစ္စယတ်တဏှာ ကူးမြောက်ရာ၏၊
လျှသောဝမ်းနှင့် နှိုင်းယှဉ်ပိုင်းခြား၊
အာဟာရများ ဖြစ်ထားရာ၏၊
အလိုနည်းသည် မလျှပ်ပေါ်သည်၊
ဖြစ်သော်ရာ၏။

ဤသို့ဖြစ်သော်၊ အခါခပ်သိမ်း၊
လိုချင်ခြင်းဖြင့် ဆာလောင်ခြင်းမရှိ၊
အလိုမရှိ၊ သန္တိနိဗ္ဗူ၊
တောငြိမ်းပြီးသော ကိလေသာဖြစ်၍၊
အကျင့်ကိုကျင့်သော မောနေယျရဟန်းသည်၊
ဆွမ်းခံရွာသို့ ကြွသွားပြီး၍၊
ဆွမ်းစားကိစ္စ ပြုပြီးမှလျှင်၊
တောသို့ဝင်၍ သစ်ပင်ရင်း၌၊
ရပ်သည်ဖြစ်၍ နေရာကပ်လျက်၊
မလျောင်းမစက် ထက်ဝယ်ထိုင်နေ၊
ဖြစ်ရာချေ၏။
ဓူတင်တေရသ ရသည့်နည်းမှာ၊
ပိဏ္ဍပါတိ၊ သပဒါန၊
ကောသနိ၊ ပတ္တိပိဏ္ဍိ၊
ခလုပစ္ဆာ၊ သဘာဝရ၊
တိစီဝရိက၊ ပံသုကူလ၊
သမာဒါနတ္တ၊ အားဖြင့်ပြသည်၊
အာရညကင် ရုက္ခမူဓူတင်၊
နိသဇ္ဇိတို့ကို နီတတ္ထအား၊
ပြခြားတော်မူ အဗ္ဘောကာသိက၊
ယ ထာသန္တတိ၊ သောသာ နိတို့ကို၊
အတ္ထာပတ္တိဖြင့် ပြရှိတော်မူ၊
ဓူတင်တေရသ်၊ ဆောင်လတ်ရဟန်း၊
အာရမ္မဏူပ၊ လက္ခဏူပ၊
လေ့ကျက်ရ၍၊ ဝီရိယပညာ၊
သမာဓိစုံ၊ ဖြည့်ကျင့်ကုန်၍၊
တောရဂုံတွင်းသာ၊ မွေ့လျော်ရာ၏။
ရုက္ခာသနင်း၊ သစ်ပင်ရင်း၌၊
ဈာန်ဖြင့် ကိုယ်ကို၊ လွှန်နှစ်သက်စွာ၊
ဝင်စားရာ၏။
ထိုသွားသည်မှ ဥတ္တရိအထက်၊
ရတ္တိညဉ့်ကို၊ လွန်လတ်သောခါ၊

ရွာတွင်းသို့ပင်၊ ကျင့်ဝတ်ဖြစ်လျက်၊
ကမ္မဋ္ဌာန်းကို အားထုတ်လိုခြင်း၊
နှလုံးသွင်းကာ၊ ကြွသွားရာ၏၊
ယရာဝါသာ အိမ်၌သာလျှင်၊
ဆွမ်းစားပါဟု၊ ပင့်ခေါ်ပြုလျက်၊
မနှစ်သက်ရာ၊ ဂါမရွာမှ၊
အဘိဟာရ ဆွမ်းကိုမျှလည်း၊
လက်မှ မခံရာ၊
ကျင့်သော သာမဏ ဂါမ်ရွာသို့၊
ရောက်တို့၍သာ ဒါယကာနှင့်၊
တဖြာရောနှော ထိုသဘောမူ၊
မပြုကျင့်ရာ၊
တုဏှိဘာဝေ ဆိတ်ဆိတ်သာနေ၊
အ-ခါ-ဆွံ့-ခါ ဆိန္ဒကထာ၊
ဖြစ်လတ်ပါ၍၊ ကျင့်စေရာ၏၊
ပရိယာယ်ရိပ် နိမိတ်ဩဘာ၊
အစားအစာ အဝတ်ရှာခြင်း၊
စပ်လျဉ်းစကားကို မပြောဆိုရာ၊
ရွာသို့ဝင်စဉ်၊ စိုးစဉ်းဝတ္တု၊
ရမှုရှိသော်၊ ရအပ်သော်ပြီ၊
ထိုသို့ရကြောင်း ကောင်း၏ဒင်း၊
မရကြောင်းလည်း၊ အကြင်နည်းဖြင့်၊
မရသော်လည်း ကောင်း၏ဒင်း၊
ဤကား နှစ်ပါးဖြစ်လျှင်၊ ဖောက်ပြန်ခြင်းမရှိ၊
သစ်ပင်အိမ်သို့ လျစ်လျူပြု၍၊
လွန်စေရာ၏၊
သပိတ်ပိုက်ငြား၊ သွားသည်ရှိသော်၊
အ-မူ-ဂေါကို မအဆိုလျက်၊
အ-သကဲ့သို့ အ-၏ ဟူ၍၊
သမုတ်အပ်သည် ဖြစ်လတ်ရာ၏၊
နည်းနည်းလျှုကို ကဲ့ရဲ့မဆို၊

မရှုတ်ချရာ ဒါယကာကို၊
နာ၀ဇာနိ မထီမဲ့မြင်၊
မပြုကျင့်ရာ၊
အကြင်ရဟန်းအား မြားပြားပြန့်နှံ့၊
ဝိစရိတာ တဏှာ မရှိ၊
တဏှာအယဉ် ပြတ်စဲပြီးလျှင်၊
ပြုသင့် မသင့် ကိစ္စပါယ်ငြား၊
ထိုရဟန်းအား ရာဂများကြောင့်၊
ဖြစ်ငြားပူပန် မရှိမှန်၏၊
မဂ်ရကြောင်း ကျင့်ရာသုခ၊
ပဋိပဒ စသည့် မြတ်ယုတ်နှစ်ပါး ဟုတ်၏။
ဗုဒ္ဓသမဏ ပြတော်မူ၏၊
သို့ပင်ရှိလည်း တစ်ခုတည်း မဂ်၊
နိဗ္ဗာန်ထက်သို့ နှစ်ကြိမ်သော်ကား၊
မရောက်ငြားကုန် ကိလေသာတို့၊
တစ်ပြိုင်နက်သာ မကုန်ရာကား၊
နိဗ္ဗာနလမ်း တဘဂ်ကမ်းသို့၊
တစ်ကြိမ်လောက်သာ၊ ရောက်သည်မှာလည်း၊
မဟုတ်နည်းပေ၊
ချစ်သား နာလက၊
သင့်အား မောနေယျအကျင့်ကို၊
ငါဟောဆိုအံ့၊
ထိုရဟန်းသည် သင်ဓုန်းသွား ဥပမာ၊
ရှိသူ ဖြစ်ရာ၏၊
အစောက်အောက်ကို လျှာဖြင့် ထိလို၊
ကပ်ပြီးဆိုလျှင် ဝမ်း၌စောင့်စည်းသူ၊
ဖြစ်ရာဟူ၏၊ စိတ်မတွန့်ဆုတ်၊
အဟုတ်ရှိသူ ဖြစ်ရာဟူ၏၊
များစွာကိုလည်း မကြံစည်ရာ၊
ကိလေသာညှီဟောက်၊ ကင်းသူရောက်ကာ၊
တဏှာဒိဋ္ဌိ၊ ကေစိဘဝ၊
မမှီရသူ အကျင့်မြတ်လျှင်၊

လဲလျောင်းရသူ ဖြစ်ရာ၏။
အဖော်မမှီး၊ တစ်ယောက်ထီးနေ၊
ကျင့်ပေရာ၏၊
သာမဏေ ရဟန်းတို့ ကမ္မဋ္ဌာန်းအာရုံ၊
အားထုတ်ကုန်ရာ၏၊
တစ်ယောက်ထီးနေ မောနေပေဟု၊
မဟေသီဘုရား ငါဟောကြား၏၊
သင်သည် တစ်ယောက်ထီးသာ၊ မွေ့လျော်ပါမူ၊
ရပ်ဆယ်မျက်နှာ၊ ကျော်စောပါလတ္တံ့၊
ငါဘုရားကို မြတ်နိုးသူသည်၊
ချွန်ဝင်စားရာ၏၊
ကာမကို လွတ်လွတ် စွန့်လွှတ်ကုန်ပြီး၊
ပညာရှိကြီးတို့ ကြွေးကြော်သံကို၊
နာခံကြားရ ဟိရိရှက်မှု၊
သဒ္ဓါ ယုံကြည်မှု တိုင်းထက်အလွန်၊
ပြုရာ မှန်ငြား၊ ထိုစကားကို၊
မြတ်ကား ဥပမာ၊ သိကုန်ရာလင့်၊
မြစ်ငယ်တို့မှာ၊ မြောင်းငယ်ချောက်ကြား၊
လျှောကြ သွားသံ၊ အသံမြည်ဟီး၊
စီးသွားကုန်ပြီး၊
မြစ်ကြီးတို့ကား၊ တိတ်ဆိတ် စီးသွားကုန်၏၊
ရေမပြည့် အိုး၊
အသံ ဆိုးလျက်၊
ဖောက်ပက်ခတ်၏၊ ရေပြည့်အိုးသာ၊
ငြိမ်သက်စွာတည့်၊
သူမိုက်သည်လည်း၊ ရေမပြည့်ဆိုး၊
အိုးနှင့်တူ၏။
ပညာရှိသည်၊ ရေပြည့်အိုးကြီး၊
တူ၏နည်းပ၊ ဗုဒ္ဓသမဏသည်၊
ကျိုးကြောင်းပြည့်စုံ စီးပွားတံ့လျှင်၊
စပ်ယှဉ်စကား၊ များစွာမြွက်ဆို၊
ထိုဘုရားသည်၊ တရားတော်ကို၊

သိတော်မူသည်သာ၊ ဟောတော်မူပါ၏။
သိသည်ဖြစ်ခါ၊
များစွာ မြွက်ဆို၊
မိန့်တော်မူ၏။
တရားသိသူ စောင့်စည်းဟူစိတ်၊
ရှိ၏ ကိခ်ကား၊
စကားများစွာ မပြောပါလို၊
ထိုရဟန်းသည်၊
အရဟတ္တ မဂ်ဉာဏ်ကို၊
ရထိုက်ဆို၏၊ ရလည်းရ၏လည်းဟု၊
ဘုရားကြီးစွာ ဟောတော်မူပါ၏။
မောနေယျ ပဋိပဒါ ပုဂ္ဂလာတို့သည်၊
ဥက္ကဋ္ဌမဇ္ဈိ မုဒုံသုံးမျိုး၊
ထိုသုံးမျိုးတွင်၊ ဥက္ကဋ္ဌရှင်သည်၊
ခုနစ်လသာ၊ သက်ရှည်ရာ၏။
မဇ္ဈိမမှာ၊ ခုနစ်နှစ်သာ သက်ရှည်ရာ၏၊
လျှော့ပေါ့ခါဖြင့်၊ ကျင့်ရာမုဒုံ၊
ပုဂ္ဂိုလ်မွန်သည်၊ သောဠသံမြောက်၊
ဆယ့်ခြောက်နှစ်သာ၊ သက်ရှည်ရာ၏၊
နာလကထေရ်ကား ဥက္ကဋ္ဌထားကြောင့်၊
ရှည်လျား မနေရ၊ ခုနစ်လသာ
သက်ရှည်ပါ၍၊ အာယုသင်္ခါရ၊
ကုန်ရတော့မည်၊ စဉ်းစားဆင်ခြင်၊
သိမြင်တော်မူလို၊ ကိုယ်ကို သန့်ရှင်း၊
စင်ကြယ်ခြင်းမျိုး၊ ရေချိုးမူခြင်း၊
သင်းပိုင်ကိုလည်း၊ အဝန်းညီစွာ၊
ပြင်ဆင်ခါဝတ်၊ ခါးပန်းကျိုးကို၊
ပန်းတော်မူပြီး၊ သင်္ကန်းကြီးနှင့်၊
ဧကသီကို ထပ်လျက်ရုံပြီး၊
ဘုရားကြီးရှိရာ၊ ရာဇာဂြိုဟ်ဘက်သို့၊
မျက်နှာတူယူ၊ မူတော်ပြီးလျက်၊
လက်နှစ်ဖက်ဒူး၊ နဖူးမြေထား၊

ထိခြင်းငါးမျိုး၊ ရှိခိုးလက်အုပ်၊
မြှောက်လုပ်ချီကာ၊ သုဝဏ္ဏပြာ၊
ဟိင်္ဂုလမှီ၍၊ တိဋ္ဌန္တိကာ၊
ရပ်တော်မူသာ၊ ပရိနိဗ္ဗာန်၊
ဝင်စံချုပ်ငြိမ်း၊ ဇာတ်သိမ်းတော်မူကာ၊
မြတ်စွာဘုရား၊ အကြောင်းကားကြည့်၊
သိမြင်တော်မူကာ၊
နောက်ပါ ရဟန်း၊ သံဃာတန်းလတ်၊
ထိုအရပ်သို့ ကြွလတ်ပြီးကာ၊
ဈာပနမှု ပြာချပြုနောက်၊
ဓာတ်တော်ရောက်၍၊ ကောက်ယူစေပြီး၊
စေတီတော်ကို၊ တည်တော်မူ၍၊
မူပြီးပြီးခါ ရာဇဂြိုဟ် ကြွတော်မူရသည်၊
နာလကရဟန္တာ အကြောင်းတည်း၊
မောနေယျ ပဋိပဒါ ကျမ်းမှာနိဂုံး၊
ကမ္ပတ်ဖုံးပိမ့်၊ သုံးလူ့သာသနာ၊
ရှည်မြင့်ကြာအောင်၊
မြန်မာအောက်ပိုင်း၊ ထောက်နိုင်းစရာ၊
ဧရာတိုင်းတွင်း၊
ဟင်္သာတခရိုင်၊ အင်္ဂပူပိုင်တွင်း၊
ကွင်းကောက်ဌာန၊ တောင်ဘက်သာဆိုင်၊
ခုနစ်မိုင်ကွာ၊ သပြေကုန်းရွာ၊
ဇမ္ဗူ့ထလာရာမ စာချကျမ်းပြု၊
ဓမ္မကထိက ရတ္တာပုဥ္စ၊
မန္တလာနဂြ ဒက္ခိဏာရာမ၊
ဘုရားကြီးတိုက်ခွဲ၊ အကဲအမော်
ဆရာတော်အား သံဃာများက၊
သံဃာ့သမုတိ သံဃာ့ ဒတ္တိယ၊
ဂဏာစရိယ၊ ဂဏပါမောက္ခ၊
အာသဝ္ဗာ ပညာဝံသာဘိ၊
ပဏ္ဍိတဓဇ သိဿတပည့်၊
စိတဉာဏော်ဒယ ခေါ်သည့်၊

မဟောကဝိ ဉာဏ်ပဏ္ဍိသည်၊
စီရင်ပြုစု ဤကောင်းမှုနှင့်၊
ထိုထိုကောင်းမှု အစုစုကြောင့်၊
သဗ္ဗညုဉာဏ် တောင်းဆုပန်၏၊
မိဘဆရာ၊ ဉာတကာနှင့်၊
သတ္တဝါများ၊ ရပြားပါစေ၊
မျှပေးဝေ၍၊
သပြေကုန်းမှာ၊
နေတုံးခါဝယ်၊
ကောဇာသက္ကရာဇ် တွက်စစ်သောခါ၊
တစ်ထောင့်သုံးရာ နှစ်ခုမှာတွင်၊
လတွင်လကောင်း၊ လတပေါင်းဟု၊
မည်ဟောင်းစကား၊ တပေါင်းမာသ၊
လပြည့်ဝတွင် စန္ဒိမသူရိယာ၊
ထွက်ပေါ်လာသို့၊
မောနေယျ ပဋိပတ်၊ ကျင့်ဝတ်မြတ်ကျမ်း၊
လွှန်းမှစ - လွှပ်ကျလျှင်၊
ပြီးအောင်မြင်သည်၊
ဤတွင် နိဂုံး ခါးပတ်တည်း။

အထက်ပါ ပျို့လက်ာကြီးမှာ အမည်က ဆန်းသလောက် အရေးကလည်း ညက်၏။ အတွေးကလည်း ထက်၏။ ကျွန်ုပ်တို့သည် နားမလည်တစ်ချက်၊ လည်တစ်ချက်နှင့် ခဏ ခဏ ဖတ်၏။ နားလည်သလိုလိုလည်း ရှိ၏။ နားမလည်သလိုလိုလည်း ရှိ၏။ နားမလည်ဖူးလား ဟု မေးလျှင်လည်း လည်သလိုလိုရှိ၏။ နားလည်သလားဟုမေးလျှင်လည်း မလည်သလိုလို ရှိ၏။ သို့နှင့် အသေအချာ သိရအောင် ထပ်မံလေ့လာရပြန်ပါတော့သည်။ ထိုအခါ မောနေယျအကြောင်းကို သိလိုသဖြင့် ကျွန်ုပ်တို့သည် မဟာဗုဒ္ဓဝင်ကြီးကို လှန်လှောရှာဖွေ ဖတ်ရှုရပါတော့သည်။

ကြီးသဲလေးထပ်ဆရာတော်ဘုရား၏ ဗုဒ္ဓဝင်ကျမ်းတွင်ကား မောနေယျ အကြောင်း အတော်အသင့်မျှ ပါ၏။ သို့သော်လည်း ဆဋ္ဌသံဂီတိဝိသဇ္ဇကာ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးပြုစုသော ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းကြီး (၈) တွဲကို ရှာ၍ဖတ်ရ၏။ တစ်တွဲလျှင် စာမျက်နှာ (၅၀၀/

၆၀၀) ရှိသည်ဖြစ်ရာ (၈) အုပ်ရှိသဖြင့် စာမျက်နှာပေါင်း (၅၀၀၀) ကျော်ရှိသော စာအုပ်ထူထူကြီး ဖြစ်ပေသည်။ ထိုစာအုပ်ကြီးကို ကြိုးစားပမ်းစား ဖတ်သောအခါ မဟာဗုဒ္ဓဝင် ဒုတိယတွဲတွင် မောနေယျအကြောင်း တွေ့ရ ပါတော့သည်။ ထိုအခါမှ မောနေယျ ပျို့လင်္ကာကျမ်းကြီးကို တစ်ခါပြန်၍ ဖတ်ရ၏။ ထိုအခါလည်း နားလည် သလိုလိုလည်း ရှိ၏။ နားမလည်သလိုလိုလည်း ရှိ၏။ ဆရာတော်ကြီး ဦးဉာဏော ၏ ဉာဏ်၊ မဟာသမုဒ္ဒရာ ပင်လယ်ပြင်တွင် ကျွန်ုပ်တို့၏ ဉာဏ်တစ်ထွာ တစ်မိုက် သည်ကား မဟာသမုဒ္ဒရာမှာ ယုန်သူငယ်သဖွယ် ခြေထောက်သလောက်သာ ရှိတော့သည်။ ထို့ကြောင့် မောနေယျ ပဋိပဒါ ပျို့ လင်္ကာကျမ်းကြီးကို အဓိပ္ပါယ် ဖွင့်ဆိုပါဟု ကျွန်ုပ်အား ခိုင်းလာပါလျှင် မင်းတို့ဉာဏ် တစ်မိုက်တစ်ထွာမျှနှင့် ရှင်းဖို့ ကြံလျှင် မိုက်ရာကျပေလိမ့် ဟူ၍သာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ကဗျာ စပ်သကဲ့သို့ ပြောလိုက်ချင်ပါတော့သည်။

**ကိုရင် စိတြ (၁၄) နှစ်သားအရွယ် စပ်ဆိုခဲ့သော ရှစ်လုံးဘွဲ့ ကဗျာ**

ဗုဒ္ဓသံအာ ဝန္ဒာမိပါ၊
ရခိုင်ရိုးမ၊ တောရဆရာ၊
ထေရုပ္ပတ္တိ မည်ရှိသညာ၊
ရှစ်လုံးဘွဲ့ကုံး ဖွဲ့ရေးတော့မှာ။

ရွှေတောင် ခေါ်လှစ်၊ ဒေါ်ရစ်မာတာ၊
တစ်ထောင့်တစ်ရာ ရှစ်ဆယ်ခုမှာ၊
ဒုဝါဆန်းလျက်၊ ဆယ့်သုံးရက်မှာ၊
တနင်္လာမှန်စွာ ဖွားမြင်တာ။

စတုမုခ နာဂရမှာ၊
ဒါယကာ ဦးမှူး အထူးဆောက်ခါ၊
ယာယီကျောင်းမှာ ကိန်းအောင်းနေရှာ၊
ပိန္နဲကွင်း ကွဲခြင်းအမြန်သာ။

ပိန္နဲဂါမ ကြွရောက်လာဆို၊
ဘိုးပန်းရာကြီး၊ အပြီးကြည်ညို၊
သဒ္ဓါပေါက်၍၊ ကျောင်းဆောက်သည်ကို၊
ဝါသတ္တ နေရပြန်ပြီဆို။

မဟာသီသ မည်ရမှန်စွာ၊
လူနာမည်လင်း၊ ဦးရန်ရှင်းပါ၊
ဥူးဝါယာမ ဘွဲ့ရခေါ်တာ၊
ကျောင်းစောင့်ထား တောသို့ထွက်လေရှာ။

ကျည်းပင်ခေါ်ပြား ကျွဲ (မ) သနားဒေသာ၊
တောင်ပေါ်၌ပင် ရေရှင်ထွက်ခါ၊
မာတုကာမ ရေချိုးမှန်စွာ၊
ရေမထွက် အခက်ကြုံရရှာ။

ထိုရေခမ်းခြောက်၊ လျှောက်ထားကြလျှင်၊
မေတ္တာ (ကမ္မဋ္ဌာန်း) စီးဖြန်းဆင်ခြင်၊
(အစိ) ဉာဏ်ဇာက ရေကန်ကပင်၊
ရေပန်းထွင်ချိုးလျက် သောက်ရေပင်။

ကိုးတောင်ခံ့ညား၊ ကျားကြီးလာလျှင်၊
မေတ္တာတော်ထား၊ ဟောကြားသည်တွင်၊
လေးတောင်ခန့်မှာ ဝပ်တွားကာပင်၊
ဖူးမြော်ကြ အများတွေ့ရစဉ်။

နံကသူက ဂူကြီးနေရာ၊
ဆရာတော်ဘုရား ဦးစွာတွေ့လာ၊
လမ်းမြောင်ကြပ်မှာ၊ ဆင်ရိုင်းတွေဟာ၊
မေတ္တာတန်ခိုး၊ ငုပ်လျှိုးဝပ်ရရှာ။

အထက်ပါ ရှစ်လုံးဘွဲ့ကဗျာမှာ ထိုခေတ်က အထူးခေတ်စားသော ကဗျာအမျိုးအစား တစ်မျိုး ဖြစ်ပေသည်။ ထိုကဗျာအမျိုးအစားကို ထိုခေတ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သာသနာဝင်၊ ဂန္ထဝင်မြောက် သာသနာပြုအကျော် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ လယ်တီပဏ္ဍိတ ဦးမောင်ကြီး တီထွင်ခဲ့သော ကဗျာအမျိုးအစား တစ်မျိုး ဖြစ်သည်။

အထက်ပါ ရှစ်လုံးဘွဲ့ကဗျာသည် ဆရာတော် ဦးဉာဏော၏ ဆရာရင်းတစ်ပါး ဖြစ်တော်မူ သော ပိန္နဲကွင်းပထမဆရာတော်ဘုရားကြီးအကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

**ကိုရင်စိတြ၏ ရတုပိုဒ်စုံ**

ကုန်းဘောင်ခေတ်တွင် နာမည်ကျော်ကြား လူသိများခဲ့သော မဲဇာတောင်ခြေရတုပိုဒ်စုံကြီးကို ရေးသားခဲ့သော လက်ဝဲသုန္ဒရအမတ်ကြီး၏ ရတုကြီးကဲ့သို့ပင် အဆင့်မနိမ့်ပါဘူး ဟူ၍ ချီးမွမ်းခြင်းခံရသော ပိုဒ်စုံရတုကြီးဖြစ်ပါသည်။ ထိုရတုကြီးကို မြတ်ဓာတ်တော်သမိုင်း၊ မောနေယျ ပဋိပဒါ ပျို့လင်္ကာကျမ်း၊ သုံးစောင်တွဲကျမ်းတွင် တွေ့ရှိရရာ အောက်တွင် ဖတ်ရှု အကဲခတ်နိုင်ပါသည်။

ဧရာဝတီ မြစ်ကြီးသည်ကား၊
မြစ်ကြီးနားမြို့၊ ထိုသို့ အထက်၊
ဆက်၍ တိုင်းတာ၊ ၂၈ မိုင်ကွာ၊
တန်ဖယ်ရွာအနီး မေခ-မလိခ၊
ဆုံကြပြီးမှ မြစ်ကြီးဧရာ၊
ဖြစ်ပေါ်လာ၍၊ ရေသာစီးဆင်း၊
ဘင်္ဂလားအော်၊ ခေါ်သမုဒ္ဒရာ၊
စီးဆင်းရာသို့၊ မိဘတို့နှင့်၊
ဆရာတို့၏ မချို့မေတ္တာ၊
ရေစင်မှာလည်း တသွင်သွင်စီး၊
မြစ်ကြီးဧရာ ကဲ့ပမာလား၊
သို့ဖြစ်ငြားကြောင့်၊ သားသမီးဝတ်၊
တပည့်ဝတ်ကို မချွတ်ကြရန်၊
သိင်္ဂါ လောဝါဒ သုတ္တန်၊ ဟောညွှန်ပြကာ၊
ဧရာဝတီကို သက်သေတည်သည်၊
ဪ ဧရာဝတီ ပါတကား။

ထေရ် မဟာထေရ်၊ ဇာတိသည်ကား၊
ဧရာဝတီတိုင်းဒေသကြီး၊ သမိုင်းမချို့၊
အင်္ဂပူမြို့နယ်၊ နောက်တောင်ဆွယ်တွင်၊
ဆယ်မိုင်ကျော်လောက်၊ ကွင်းကောက်ဌာန၊
တောင်ဘက်သာဆိုင်၊
(၄) မိုင်ခရီး၊ ရန်ကင်းတောင်ကြီး၊
စေတီကြီး၏ ဟောင်ဘက်အနီး၊
ရွာကြီးမဟုတ်၊ ယုဒ္ဓယောဂ၊

သကုဏာနာမော ဂါမော အတ္ထိ၊
ဇာတိရှိ၍ ပဝတ္တိမှာ၊
ပါစိန ဒိသေ အဝိဒူရေ၊
သပြေကုန်းခေါ် ဆရာတော်ကြီး၊
နိဿျည်းခံကာ၊ ဥပဇ္ဈာ စရိယ၊
သာမဏေရ ဆယ်ဝါရနှင့်၊
ဥပသမ္ပဒ သုံးဝါထိုချိန်ခါတွင်၊
ဗေဒါပိဋက နည်းစုံရလျက်၊
အထက်နိုင်ငံ၊ ဆန်တက်ပြန်ရာ၊
မန္တလာနဂြ၊ ဒက္ခိဏာရာမ၊
မဟာန္တဗုဒ္ဓ ဣဋ္ဌကာဘိနဝ၊
ပိဋကဝိဟာ ဩဝါဒါစရိယ၊
ဦးညေယျထံ၊ နည်းခံလုပ်ကျွေး၊
ရေအေးရေပူ၊ ကပ်လှူပြီးချိန်၊
အားလပ်ချိန်ဟု၊ အချိန်မထား၊
စာပေများနှင့်၊
တရားဟော ဓမ္မကထိက၊
၂-မည်ရသည်၊ မဟာထေရ်သည်၊
ဩော် ထေရ်မဟာထေရ်ပါ တကား။

ဒေသနာစည်၊ တီးခဲ့သည်ကား၊
အတီကာလ၊ မန္တလမှာ၊
ဒက္ခိဏာရာမ၊ မဟာန္တဗုဒ္ဓ၊
ဣဋ္ဌကာ ဘိနဝ ပိဋကကျောင်း၊
စာချကောင်းသည့်၊ မုနိကတ္တိ၊
သီရိပဝရ ညျောသာမိ၊
သံဃာ့သမုတိ၊ သံဃာ့ ဒုတ္တိယ၊
ဩဝါဒါစရိယ မိန့်အရဖြင့်၊
ဓမ္မကထိက ဟောပြပြီးကာ၊
ထေရာ (၂) ပါး၊ ကြွချီသွားရ၊
ပိလိဝဇ္ဇနဂရသို့၊
ဦးကုသလခမုံ လျှောက်တုံကြွရ၊

ဆဋ္ဌသင်္ဂါယနာ တိပိဋ္ဋက၊
သာဋ္ဌကထစရေ၊ ပုစ္ဆာဝိသဇ္ဇနာ၊
ထေရ်မဟာတို့၊ သမုခါ ရှေ့မှောက်၊
ရှေ့တော်ရောက်၍၊ ရောက်လျှင်ရောက်ခြင်း၊
ဝတ်တွားခြင်းနှင့် လိုရင်းဒေသနာ၊
တိုင်ပင်ခါဖြင့် ဓမ္မာရုံမဏ္ဍပ်၊
ပလ္လင်မြတ်သို့၊ ကြွလတ်ပြီးကာ၊
ဒါယကာ၊ ဒါယိကာမအပေါင်း၊
သူတော်ကောင်းတို့အား၊
ဘုရားမြတ်စွာ၊ ဒေသနာမှ၊
ဒါနကထာ၊ အစဖြာသား၊
တရားတော်ကို၊ ဟောကြားဖော်သည်၊
ပြော် ဒေသနာ စည်ပါတကား။

အထက်ပါ ကဗျာကို ကိုရင် (၁၀) ဝါရတွင် စပ်ဆိုခဲ့သည်ဟု ဆိုသဖြင့် ခရစ်နှစ် (၁၉၅၀) ပတ်ဝန်းကျင်လောက်တွင် စပ်ဆိုသော ကဗျာဟု ယူဆရပေသည်။ ထိုအချိန်အခါက ကိုရင် စိတြဟူသော ဘွဲ့ထူးရှိပေသည်ဟု သိရပေသည်။

**ကျမ်းပေါင်း (၁၅၆) ကျမ်း ပြုစုခဲ့ခြင်း**

ကျမ်းပေါင်း (၁၅၆) ကျမ်း ပြုစုခဲ့ကြောင်းလည်း ဆရာတော်၏မှတ်တမ်းအရ အတိအကျ သိရပေသည်။ ဆရာတော် ဦးဉာဏောလက်မှတ်ဖြင့် တွေ့ရသောစာတွင် (၁၅၆) ကျမ်း ပြုစုတော်မူခဲ့ကြောင်း၊ နေ့စွဲမှာ (၁၃၁၅) ခု၊ ဒု-ဝါဆိုလဆန်း (၈) ရက်၊ တနင်္ဂနွေနေ့၊ နေမွန်းတည့်ချိန်ဟု ဦးဉာဏော လက်မှတ်ထိုးထားကြောင်း မှတ်တမ်းတွင် ဖတ်ရှုရပါသည်။

**အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၁)**

**ရှေးပိဿာ (၁၀၀) ကျော် အံ့ဖွယ်ဖြစ်ရပ်မှန်**

ထိုသို့ တရားဟောပြီးသောအခါ မူလကဗျာတွင် အရိပ်အမြွက်မျှသာပါသဖြင့် အကျယ်တဝံ့ မသိရတော့ပါ။ သို့သော်လည်း ဆရာတော်ကြီး၏ မှတ်တမ်းတစ်ခုတွင် အောက်ပါအတိုင်း ထူးခြားအံ့ဖွယ် ကြည်ညိုဖွယ်ဖြစ်ရပ်မှန်ကို ဖတ်ရှုရပြန်သဖြင့် နောင်လာနောက်သားများ သိစေလိုသောဆန္ဒဖြင့် အောက်တွင် ခေတ်ပြိုင်မှတ်တမ်းကို ဖော်ပြအပ်ပါသည်။ မှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်၏။

'မဏ္ဍာပ်ကြီး၌ တရားဟောပြီး၍ တည်းခိုနေရာ ဆေးလိပ်ခုံအပေါ် ထပ်သို့ ကြွရောက်ကြလျှင် ဘုရားကိုကပ်လျှသော ခွက်ယောက်တို့သည် ရွှေချည်းသက်သက် ဖြစ်နေ၍ ရွှေအချိန်ပိဿာ (၁၀၀) ကျော်လောက်ဟု ခန့်မှန်းရသည်။ ဘုရားရှိခိုး ရေစက်ချအမျှပေးဝေကြပြီးလျှင် ထသောအခါ ဘယ်ပေါင်တစ်ချောင်း ပြတ်နေသည်ကို တွေ့ရှိရသည်။ ၎င်း ကျောင်းအစ်မကြီးသည် အသက် (၆၀) ကျော်၊ (၇၀) ခန့် တိုက်ပိုင်ရှင်ဖြစ်သည်။ ၎င်းကို နှုတ်ဆက်၍ ဆီးဖြူကုန်းဆရာတော်နှင့် သာရဝေါ ဦးဘိုမြောက်တို့သည် လာရောက်ပင့်ခေါ် လျှောက်ထားကြ၍ ဘိုးစိန်မှန်ခေါ် လာကြရာ' ဟူ၍ မှတ်တမ်းတွင် ဖတ်ရှုရပါသည်။ ဤမှတ်တမ်း၏ အံ့ဖွယ်ဖြစ်ရပ်မှန်များမှာ နောင်သောအခါ မယုံလျှင် ပုံပြင်ဖြစ်သွားမည်စိုးသဖြင့် အံ့သြဖွယ်၊ ကြည်ညိုဖွယ်တို့ကို ဤကျမ်းပြုသူက ဖွင့်ဖော်မှတ်တမ်းတင်ခြင်းမျှသာ ဖြစ်ပါသည်။ ဆရာတော်၏ သိပ်သည်းနက်နဲ အသိခက်ပုံမှာ မည်သို့မှ ခန့်မှန်းနိုင်မည် မဟုတ်ချေ။ ကဗျာဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြောသကဲ့သို့ ပြောရမည်ဆိုလျှင် 'ဦးဉာဏော၏ ဉာဏ်ကို မင်းတို့ဉာဏ် တစ်ထွာတစ်မိုက်မျှရယ်နှင့် ငြင်းဖို့သန်လျှင် မိုက်ရာကျပေလိမ့်' ဟူ၍သာ ပြောဆိုရအံ့နိုးနိုး ထင်မိပါသည်။
အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီး၏စာများတွင် သိပ်သည်းနက်နဲ ခက်ခဲလွန်းလှသဖြင့် ကျွန်ုပ်တို့မှာ ဋီကာဖွင့်ဆိုနိုင်ဖို့ဝေးစွ။ တစ်ခါတလေ အရိပ်အယောင်မျှပင် မခန့်မှန်းနိုင်ပါချေ။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၂)**
**ကျောက်ဆင်းတု ရေပေါ် က ပူရပိုက်မူ**

သို့သော် ဤကျမ်းပြုသူ၏ မှတ်စုအနည်းငယ်ကို တင်ပြပါမည်။
တစ်ခုသောမှတ်စုတွင် - 'ပေါက္ကံပြည်၊ ကျောက်ဆင်းတု ရေမှာပေါ်၍ မျောလာသည့် ပုရပိုက်မူ' ဟူ၍ ရေးသားထားသည်ကို ဤကျမ်းပြုသူ ကူးယူထားသော်လည်း စာကို မပြတော့ပါ။ မှတ်ချက်ကိုသာ ပြခြင်းဖြစ်ပါသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၃)**
**ကျောင်းကြီး ပူရပိုက်မူ**

နောက်မှတ်ချက်တစ်ခုတွင် 'ကျောင်းကြီးပုရပိုက်မူတော်' ဟူ၍ ပါရှိပြန်၏။ ထိုမူမှာလည်း ကျယ်ပြန့်နက်နဲသဖြင့် မဖော်ပြတော့ပါ။

### အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၄)

**သိန်းတန် ပြည်တန် စကြာဂါထာများ ကူးယူခဲ့သော ဝိပဿနာ ဓမ္မကထိက**

နောက်တစ်ကြောင်းကား အနည်းငယ်ရှည်၏။ ဤကျမ်းပြုသူ ကူးထားသမျှမှာ- 'မဟိန္ဒလက္ခပေမူ လေးမျက်နှာ၊ သီတာမြို့တွင်းကြီး၊ မှန်စီကျောင်း၊ ကမ္မဋ္ဌာန ပဓာန နာယက အရှင်ပညာပုဂံဆရာတော်နှင့် ဝိပဿနာ ဓမ္မကထိက အသျှင် သီရိဉာဏော အကျိုးဆောင်သူကြီး ဦးထင်၊ ကျောင်းဆရာ မောင်တင်၊ ယခုအခါ ပေစာများ ခြစား၍ မရှိပြီ။ ဂိဟိနိဂိဟိ မိရိတ္တံ ဝိန္ဒိဝိန္ဒ သိရိသိရိဂိန္ဒိဒ်န္ဒိနိသိ မိတ္တံ သိဒ္ဓိဇိဒ္ဓိ ဂိမိမိသံ၊ နေ့စွဲ (၁၃၁၆) ခု၊ တပေါင်းလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့၊ နေ့လယ် (၃) နာရီအချိန်၊ သိန်းတန် ပြည်တန် စကြာဂါထာများ ရေးကူးသည်' ဟူ၍ မှတ်တမ်းတွင် တွေ့ရသည်။ ဤတွင် ကျမ်းပြုသူသည် ဆရာတော်ကြီး ဦးဉာဏော၏ ကူးထားသော ပေမူ နောက်ဆုံးအပိုဒ်ကိုသာ ပြဆိုထားပါသည်။ ပေမူအကျယ်ကိုကား ဖော်ပြခြင်းမပြုတော့ပါ။

### အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၅)

**တတိယကမ္ဘာစစ် လွတ်မြောက်ရေး တရားတော်**

တစ်ခုသော မှတ်ချက်တွင်ကား အံ့ဖွယ်တစ်ခုကို ဤကျမ်းပြုသူ ရေးကူးထားပါ သည်။ စာမှာ ဤသို့ ဖြစ်ပါသည်။ 'ယောဂီဝိပဿနာ ကျမ်းပြုအရှင် သီရိဉာဏော မထေရ်၏ နောက်ဆုံးခေတ် တတိယကမ္ဘာစစ် လွတ်မြောက်ရေးတရားတော်' ဟူ၍ အံ့ဖွယ်တွေ့ရှိရပါသည်။ ဆရာတော်ကြီး၏ကျမ်းထဲတွင် တတိယကမ္ဘာစစ် လွတ်မြောက်ရေး ဟူသော စကားသည် မထင်မှတ်ဘဲ အမှတ်မထင်တွေ့ရ၍ အလွန် အံ့သြကြည်ညိုမိပါသည်။ ထို့ကြောင့် မှတ်ချက်များကို ရေးကူးထားပါသည်။ အကျယ်ကိုကား ဤနေရာတွင် ဖွင့်ဆိုခြင်းမပြုတော့ပါ။

### အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၆)

**လက်တန်းကဗျာတစ်ပုဒ်**

ဖောင်တော်မှာ သီတင်းသုံးနေတဲ့ ညတစ်ညရဲ့ တစ်ခုသော ညဥ့်နက်ပိုင်းအခါမှာ ပေါ့။ ဆရာတော်ကြီးဟာ တေးကဗျာစပ်ပုံလေးကို ပြောပြရင်း တပည့်တွေကို 'ကဗျာစပ်တယ်ဆိုတာ ကာရန်တွေ၊ နံဘေတွေကို ကောင်းကောင်းသိထားရမယ်။ စာပေမှာလည်း နှံ့စပ် ကျွမ်းကျင်မှုရှိပါမှ ကဝိပညာရှင် ဖြစ်နိုင်တာကွဲ့။ ရတုပိုဒ်စုံ စပ်တာနဲ့ ပတ်သက်ပြီး ပြောပြ ရမှာလည်း မဲဇာတောင်ခြေ ရတုပိုဒ်ကို တို့ဆရာက သူ့ရှေ့မှာ တစ်မုဟုတ်ချင်း ပြင်စပ်ခိုင်းတတ်တယ်' ဟူ၍ မှတ်တမ်းတင်ထား ကြောင်း တွေ့ရပါသည်။

**အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၇)**
**သပြေကုန်းဆရာတော်၏ မှတ်ချက်**

ကျေးဇူးရှင် ဆရာသမားနဲ့ မိဘတွေကို သတိရ ရှိရင်ဖြင့် ဇာတိဇဌာန၊ အာစရိယာ၊ မာတာပီတာ ဆိုပြီး စပ်ပုံစပ်နည်းတွေကို ပြောပြခဲ့ရင်း တို့အဲလို စပ်ဆိုခဲ့တုန်းကဆိုရင် တို့ဆရာတော်ကြီးက တို့စပ်ဆိုမှုနဲ့ ပတ်သက်ပြီး အမတ်ကြီးကို မနိုမ့်ချပါဘူးကွာ။ ဒါပေမယ့် ငါ့တပည့် ရှင်စိတြ စပ်ခဲ့တဲ့ရတုဟာ အမတ်ကြီးစပ်ခဲ့တဲ့ ရတုထက် မနိမ့်ပါဘူး။ တန်းတူလိုက်ပါပေတယ်ဆိုပြီး ကိုရင် (၁၀) ဝါရတွင် စပ်ဆိုခဲ့တဲ့ ရတုနဲ့ပတ်သက်ပြီး ချီးမြှောက် တော်မူခြင်းခံခဲ့ရ ကြောင်းကို ဆရာတော်ကြီး ကိုယ်တိုင် ပြောပြခဲ့တာကို ကြားသိသူက ပြန်ပြောပြလို့ ဖောက်သည်ပြန်ချ၍ သိရပါသည်။

**အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၈)**
**ကိုရင် စိတြ ဘဝက စီကုံးတော်မူခဲ့သော အခြား အခြားသော ရတုများ**

လက်ဝဲသုန္ဒရ အမတ်ကြီးက
(မဲဇာတောင်ခြေ၊)
(သဲသာသောင်မြေ၊)
(ပွဲခါညောင်ရေ) လို့ စပ်ခဲ့တာကို တို့က ဇာတိမြေလွမ်းရင်ဖြင့်
(ကမ်းပြိုတောင်မှာ၊ )
(စမ်းဆိုမြောင်ကာ၊)
(လွမ်းပိုအောင်သာ) လို့ စပ်ခဲ့တယ်ကွဲ့. ဟူ၍ လည်းကောင်း၊
ကျုံဒရယ်ရောက်တော့
(ကျုံဒရယ်မှာ၊)
(စုံတကယ်သာ၊)
(ဂုဏ်မငယ်ကာ) ပေါ့ကွာ ဟူ၍ စပ်ဆိုခဲ့ကြောင်းများကို အလျဉ်းသင့်သလို ကံကောင်းထောက်မစွာ ပြန်လည်ကြားနာရကြောင်းကို သုတေသီအဖွဲ့က မှတ်တမ်းတင်ထားကြောင်း ဖတ်ရှုရပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ဦးဉာဏော၏ မဲဇာတောင်ခြေအလိုက် ရတုပိုဒ်စုံ ဖြစ်သော ဧရာဝတီ/ထေရ်မဟာထေရ်/ဒေသနာစည်/ အစချီ၍ ဩော် ဧရာဝတီပါ တကား/ ဩော် - ထေရ်မဟာထေရ်ပါ တကား/ ဩော် ဒေသနာစည်ပါတကား/ ဟူသော ကဗျာကား ဆရာတော်ကြီး ကိုရင်ဘဝ ကိုရင် (၁၀) ဝါ ရသောအချိန် (၁၃၁၁) ခုနှစ်တွင် ရေးစပ်သည်ဟု ယူဆရပေသည်။

**အခုသြကြည်ညိုဖွယ် မှတ်တမ်း (၉)**
**ဆရာတော်ကြီး နှုတ်မှ လက်တန်းရွတ်ဆိုသော လေးချိုးကြီးတစ်ပုဒ်**

ထိုလေးချိုးကြီးကို (၁၉၈၇) ခုနှစ်၊ ပတ်ဝန်းကျင်အချိန်ကာလတွင် ညအခါ ကာလက တပည့်များအား ရွတ်ဆိုပြခဲ့ကြောင်း မှတ်တမ်းရှိပါသည်။ ထိုအချက်ကို သုတေသီအဖွဲ့က မှတ်တမ်းတင်ခဲ့၏။ (၁၉၈၇) ခုနှစ်ဝန်းကျင်အချိန်ကာလ ဆရာတော်ဘုရားကြီး အိုးဖိုတန်းရှိ ဖောင်တော်ဦးမှာ ညဥ့်နက်လူခြေတိတ်ဆိတ် တုန်း ဖောင်ပေါ်တွင် ချောင်းရေတိုးသံလေးကလွဲလို့ ဘာသံမှမရှိချိန်အနီးရှိ တပည့် ကို မိမိစပ်ဆိုခဲ့သော ကဗျာ၊ ဒွေးချိုး၊ ရတုပိုဒ်စုံများနဲ့ ပတ်သက်၍ ရံဖန်ရံခါ ရွတ်ဆိုပြလေ့ရှိရာ အဆိုပါ ရွတ်ဆိုသည်ကို တပည့်တစ်ဦးမှ မှတ်သားထားသည်ကို ပြန်လည်ပြောပြပါသည်။

တစ်ခုသောညမှာပေါ့
မြူတိမ်လွှင် ဇော်ဖိုလို့ ဆိုလောက်ရဲ့၊
ပူချိန်တွင် ဟောဟို ဟို့ဆီက တပည့်တို့ရယ်၊
တောညိုညိုငယ်နှင့် လျှိုမြောင်တွေ
ကဗျာလေးငယ်နဲ့လေ စာရေးကာ စီကာဆို၍၊
မဟီဝနာတစ်ခို ကျပ်ပြင်စခန်းဆီသို့၊
ဆရာတော်တွေ ထိုထိုကြွချီလို့ လှမ်းကြတယ်ကွယ်၊
လွမ်းစချင့်ပေ။
ချိန်ခါမီ တောဝနာသို့လည်း ပြောင်းချင့်ပေါ့၊
မိန်ရာသီဟောသည် လတပေါင်းမှာ၊
လေညှာညောင်က ရွက်ဝါကြွေ၍၊
သုတ်လေပြည် ထွေထွေညှင်းတယ်ကွယ်၊
သင်းပျံ့မြိုင်ချေ။
ရွက်ဟောင်းတွေကြွေ၊
ရွက်သစ်ကလေးတွေ တဝေဝေနဲ့၊ နွေရာသီ အစကူးချိန်မို့၊
ဥသြသံငယ် တကျော်ကျော်နဲ့၊
ဥသြတွေ တွန်ကာသန်းကြတယ်၊
ဟေမဝါရိပ်မြိုင် စခန်းဆီက၊
သောတာပန် ထေရ်ရဟန်းတို့တောင် မဆယ်နိုင်၊
မျက်ရည်စမ်းရတယ်ကွယ်၊
လွမ်းဘွဲ့မြိုင်တန်း။

အထက်ပါ လေးချိုးမှာ လေးချိုးဟု ဆိုသော်လည်း မောင်းထောင် ဦးကျော်လှတို့ လက်တန်းရွတ်ဆိုသော သံချိုကဗျာများကဲ့သို့ပင် ရွတ်၍၊ ဆို၍ အသံသာလှ၏။ ချိုမြိန်လှ၏ဟု စိတ်ဝယ် ထင်မိပါသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၀)**
**ဗုဒ္ဓပေါ်တော်မူ ငါတစ်ဆူ ဟူသော ကဗျာကြီး**

အောက်ပါ ဆုတောင်းစာကို ဤကျမ်းပြုသူသည် ကန်ကြီးထောင့်မြို့နယ်၊ အရှေ့ညောင်ပင် သာရိသာ၊ ဘိုးတော် အောင်မင်းခေါင်၊ ဒု-မဟော်ဂနီကျောင်း၊ ဘဒ္ဒန္တစာရ၊ သာသနဓဇ ဓမ္မာစရိယ အမည်ပါသော ကျမ်းပြုဆရာတော် သီရိဘဒ္ဒန္တ အရှင်ဉာဏောဒယဟူသော ကျမ်းမှ ကူးယူရရှိပါသည်။

ထိုကျမ်းတွင်ပါသော စာတွင် စာ၏အောက်၌ ဦးဉာဏောဟူ၍ လက်မှတ်ထိုးထားကြောင်း တွေ့ရသည်။ နေ့စွဲကိုလည်း (၁၃၁၅) ခု၊ ဒု-ဝါဆိုလဆန်း (၈) ရက်၊ တနင်္ဂနွေ၊ နေမွန်းတည့် ချိန်ဟူ၍ မော်ကွန်းတင်ထားကြောင်း တွေ့ရှိရပါသည်။ ဤရွှေ၊ ဤမျှ တိကျခိုင်လုံသော စာကို ကျွန်ုပ်တို့တစ်စုသည် ကံကောင်းထောက်မ၍သာ တွေ့ရှိ ဖတ်ရှုရခြင်း ဖြစ်ပါသည်။ ဦးဉာဏော လက်မှတ်ထိုးထားသော စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ နောင်လာနောက်သားများ မှတ်သားစရာ ခေတ်ပြိုင်မှတ်တမ်းဟု ယူဆကြပါလေ။

ဗုဒ္ဓပေါ်တော်မူ၊ ငါတစ်ဆူကား၊
နောင်မူပွင့်ရာ၊ မေတ္တေယျာလျှင်၊
ရိန္ဒမာဓား၊ အသွားသုံးရွက်၊
ရိုးလက်တစ်ကိုင်၊ အပြိုင်ငါးကြိမ်၊
အိမ်နှင့်တကွ၊ ကျောက်မှပေါ်ထွက်၊
ရွှေဘုန်းဆက်သည့်၊ သန်လျက် သီလဝင်၊
သမာဓိဝင်၊ ပညာဝင် နိဂုံး၊
အုပ်ခါဖုံးသည့် ဝိမုတ္တိသွင်၊
သဗ္ဗညုတံ၊ နိဗ္ဗာန်ရှင်ကား၊
မဂ္ဂင်ရှစ်တန်၊ လမ်းမှန်ခရီး၊
ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍၊
ဘုန်းစည်ပရမေ၊ ဗျာဒိတ်ချွေသား၊
သပြေကုန်းသာ၊ နောင်သောခါဝယ်၊
စာဟောဆရာ၊ ဉာဏောဒါလည်း၊

သစ္စာနာဝရဏာန် ပွင့်အံ့တန်ဟု၊
ကိုးတန်ဂုဏ်ရှင်၊ အံ့ချီးထင်သည့်၊
ငါလျှင် ဌင်း၊ ဗောဓိလောင်းဟု၊
ငြိမ့်ညောင်းတံဆိပ်၊ ရွှေဗျာဒိတ်ဖြင့်၊
ခတ်နှိပ်သေချာ၊ နှုတ်သြဘာကို၊
မြစ္စာခံရန်၊ စိတ်ရည်သန်၍၊
ကျမ်းဂန်ရေးကူး၊ အထူးပြုစု၊
ပေါင်းစုစပ်ခါ၊ တချို့မှာလည်း၊
ပင်ပန်းကြီးစွာ၊ ပြုစုပါခဲ့၊
လေခနိဌာ၊ ကျမ်းများစွာလည်း၊
တစ်ရာ့ငါးဆယ်၊ ခြောက်ကျမ်းဝယ်ရှိ။
ဟူ၍သာ တွေ့ရပါသည်။

အထက်ပါ ရှင်ဥတ္တမကျော်နည်းကို မှီး၍ ရေးသောစာကို ဘုရားပေါ်တော်မူ ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရေးသားသည်ဟု သိရပါသည်။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၂)

ထိုစာတွင် (၁၅၆) ကျမ်း စာမူများနေ့စွဲ၊ (၂၄) ခု၊ ကဆုန်လဆန်း၊ (၁၃) ရက်၊ ဗုဒ္ဓဟူးနေ့၊ ညဉ့် (၁၂) နာရီခွဲအချိန်၊ ဒု-အကြိမ်နေ့စွဲ (၂၅) ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၁) ရက်၊ သောကြာနေ့၊ နံနက် (၇) နာရီအချိန်၊ ဧရာဝတီတိုင်း ဒေသကြီး၊ အင်ပူမြို့နယ်၊ ကွင်းကောက်တောင်ဘက်၊ ရန်ကင်းတောင်ဘုရားကြီး တောင်ဘက်အနီး ဘုရားပေါ်တော်မူကျောင်း၌ သီတင်းသုံးစဉ် အရှင်ဥတ္တမကျော် နည်းမှီ၍ရေးကြောင်း တွေ့ရှိရသည်။ အထက်ပါစာကို ကျမ်းပြုဆရာတော် သီရိဘဒ္ဒန္တ အရှင်ဉာဏောဒယ၊ ကန်ကြီးထောင့်မြို့နယ်၊ အရှေ့ညောင်ပင်သာ ကျေးရွာရိပ်သာ၊ ဘိုးတော်အောင်မင်းခေါင်၊ ဒု-မဟောဂနီကျောင်း၊ ဘဒ္ဒန္တစာရ သာသနဓဇ၊ ဓမ္မာစရိယ၊ စာမျက်နှာ၂ မှ ရရှိခြင်းဖြစ်သည်။)

အထက်ပါစာတွင် မှတ်သားစရာ အချက်တစ်ချက် တွေ့ရသည်။ ထိုအချက်ကား အခြား မဟုတ်။ ထိုနှစ်တွင် သိကြာ၊ ဝါတော် (၅၉) ဝါရှိပြီဖြစ်ကြောင်း ရေးသား ထားချက် ဖြစ်ပါသည်။

**အာယသွာ သီရိသုစိတြ ဉာဏောဒယသ မဟာထေရ်၏ မဟာထေရုပ္ပတ္တိ ဘဝဖြစ်စဉ်**

အာယသွာ သီရိသုစိတြ ဉာဏောဒယသ မဟာထေရ်ဟူသော ဘွဲ့တော်မှာ ရုတ်တရက်အားဖြင့် အများရှင်လူ မမှတ်မိမှာစိုးသဖြင့် ကန်ကြီးထောင့် ညောင်ပင်သာဆရာတော်ကြီး ဦးဉာဏော ဟူ၍ပင် အလွယ်တကူ သိသာအောင် ရေးသားဖော်ပြမည်ဖြစ်သဖြင့် စာဖတ်သူများ ခွင့်လွှတ်စေချင်ပါသည်။ မိမိဆရာ၏ အမည်ကို မည်သည့်အခါမှ နှုတ်ဖြင့် ခေါ်ဆိုခြင်း မပြုရချေ။ အမည်ကိုခေါ်၍ ပြောလျှင်ပင် အပြစ်သင့်ပါသည်။ တရားတော်သည် ဤရွေ့၊ ဤမျှ နူးညံ့သိမ်မွေ့ပါသည်။ ယခု ကျမ်းပြုသူအနေဖြင့်ကား အများရှင်လူ ပရိသတ် ရှင်ရှင်လူလူ ကြီးကြီးငယ်ငယ်ရွယ်ရွယ်လတ်လတ် အားလုံး နားလည်စေလိုသော သဘောဖြင့် ဤသုတေသီစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

| | |
|---|---|
| ဇာတိ | - လင်ကောင်ပိုးရွာ၊ |
| တိုင်း | - ဧရာဝတီတိုင်းဒေသကြီး၊ |
| မြို့နယ် | - အင်္ဂပူမြို့နယ်၊ |
| နေရာအညွှန်း | - အင်္ဂပူမြို့နယ်၊ အနောက်တောင်ဘက်၊ ကွင်းကောက်နှင့် (၅) မိုင်အကွာ၊ ရန်ကင်းတောင်ဘုရားကြီး၏ တောင်ဘက်၊ ရွာငယ်တစ်ရွာ ဖြစ်၏။ |
| ဖခမည်းတော်အမည် | - ဦးသီလ၊ |
| မယ်တော်အမည် | - ဒေါ်ဝဇီရာ။ |
| ဖွားသက္ကရာဇ် | - (၁၂၉၁) ခု၊ တပေါင်းလပြည့်ကျော် (၁) ရက်၊ |
| နေ့ | - အင်္ဂါနေ့။ မွန်းတည့်ချိန်တွင် မွေးဖွားသည်။ |
| အထူးမှတ်ချက် | - (၇) လသားနှင့် မွေးဖွားခြင်း ဖြစ်သည်။ |
| ငယ်မည် | - မောင်စိုးသိမ်း |
| ကိုရင်အမည် | - ကိုရင်စိတြ |
| ထူးခြားချက် | - (၂) နှစ်သားအရွယ်ကပင်လျှင် အိမ်ရှေ့ခြံထောင့်ရှိ ပန်းခြံထဲမှာ ဂူပုံသဏ္ဌာန်လုပ်ပြီး အထဲဝင်၍ အောင်းနေလေ့ရှိ။ |
| ဆန်းကြယ်မှု | - (၂) နှစ်ခွဲအရွယ်တွင် ဆော့ကစားရင်းက (၂) ရက် ပျောက်ဆုံးသွားသည်။ ပြန်တွေ့တော့လည်း ဒီနေရာမှာပဲ ထိုင်လျက်ကလေး တွေ့ရသည်။ |
| အကြိမ်အရေအတွက် | - ထိုသို့ (၂) ကြိမ်တိတိ ဖြစ်ခဲ့သည်။ |

(၁၉၃၀) ခုနှစ် - (၁) နှစ်သားအရွယ်တွင် စာရေးတတ်ပြီဟု သူ့ဟာသူ ပြောပါသည်။

ထူးခြားချက် - မည်သူကမျှ ဘာမှသင်မပေးဘဲ ထို (၁) နှစ်သား အရွယ်တွင် ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံနှင့် စာရေးသည်။ အိမ်ပေါ်ရှိ ဘုရားစင် ကျောက်ဆင်းတုအောက်တွင် အဖေ ဦးသီလ၊ အမေ ဒေါ်ဝဇီရာ ဟု အဖေ၊ အမေ နာမည်ကို ဘယ်သူမှမသင်ဘဲ ကိုယ့်ဟာကိုယ် ရေးသည်။

မွေးချင်းများ - မွေးချင်း (၄) ယောက်ရှိသည်။

(၁) ဒေါ်မြကြည်
(၂) ဒေါ်သိန်းခန့်
(၃) ဒေါ်သိန်းမြ
(၄) မောင်စိုးသိမ်း

မှတ်ချက် - မောင်စိုးသိမ်းသည် အငယ်ဆုံး ဖြစ်သည်။

ဆွေမျိုးစာရင်း - (၁) ဒေါ်မြကြည်သည် ရှမ်းပြည်နယ်၊ ညောင်ပင်လှိုင်ရွာမှာ အိမ်ထောင်ကျခဲ့သည်။ ယခု ဆုံးသွားပြီ။ အသက် မသိ။

(၂) ဒေါ်သိန်းခန့် အစ်မကြီးဖြစ်သည်။ လေးမျက်နှာ မြို့နယ်၊ ပိတောက်ပင်စုရွာမှာ အိမ်ထောင်ကျခဲ့သည်။ ယခု ဆုံးသွားပြီ။ အသက် မသိရ။

(၃) အစ်မကြီး ဒေါ်သိန်းမြ ယခု ရှိသေး၏။ အသက် (၈၇) နှစ်ရှိပြီ ဖြစ်၏။ သက်ရှိထင်ရှား ဖြစ်၏။ ဆရာတော်ကြီး ဦးဉာဏောက အနားတွင် ခေါ်ထား၏။ လူအများက အဘွား ဒေါ်သိန်းမြဟု ခေါ်ကြ၏။

(၁၉၃၆) ခုနှစ် - (၇) နှစ်သားအရွယ်မှာ သာမဏေဝတ်သည်။ လင်ကောင်ပိုး ရွာ၏တောင်ဘက်တွင် သပြေကုန်းကျေးရွာ ရှိ၏။ သပြေကုန်းကျောင်းတွင် သူ၏ဆန္ဒအတိုင်း ကိုရင်ဝတ်ခြင်း ဖြစ်၏။ ကိုရင်အမည်မှာ ကိုရင်စိတြ ဖြစ်၏။

(၁၉၄၈) ခုနှစ် - အသက် (၁၈) နှစ် ကိုရင် (၇) ဝါအရတွင် ကျမ်းကြီးပေါက်၏။

| | |
|---|---|
| ထူးခြားချက် | - အဌကထာ (၃) ကျမ်းကို ဂုဏ်ထူးရအောင် အာဂုံဆောင် ဖြေဆိုခဲ့သည်။ |
| ကျမ်းပြုခြင်း | - ထိုနှစ်တွင်ပင် ဒွါရာဒိ (၉) ကျမ်းကို ပြုစုခဲ့သည်။ |
| ပဋိပတ္တိ | - ကိုရင်ဘဝကပင် မောနေယျအကျင့်ကို စတင်ကျင့်ခဲ့၏။ |
| (၁၉၄၃) ခုနှစ် | - အသက် (၁၃) နှစ်အရွယ်ကပင် ပါဠိ၊ အဌကထာ၊ ဋီကာ၊ အနုမဋီကို သင်ယူရာတွင် ပါဠိ၊ အနက်၊ ထင်မြင်သည့်အပြင် ဓာတ်၊ ပစ္စည်း၊ ဝိဘတ်တို့ကို ကွဲကွဲပြားပြားသိနားလည်ခဲ့သည်။ |
| | - လက်ရင်းဆရာမှာ သပြေကုန်းဆရာတော်ကြီး ဦးပညာဝံသ ဖြစ်၏။ |
| အထူး | - ဗေဒင်ပညာကျမ်းကို ကျွမ်းကျင်စွာ သင်ကြားတတ်မြောက်ခဲ့၏။ |

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၁)**

အတိတ်ပါရမီကပါလာတဲ့အကြောင်းထူးတွေကြောင့် အမြင်စွမ်းအားကို ထူးခြားစွာ ရရှိခဲ့ပုံရကြောင်း၊ ရွာရှိ သိကျွမ်းသူများ လာမေးပါက ဖြေကြားလေ့မရှိပဲ ရုတ်တရက်အာရုံမှာ ဖြစ်ပေါ်လာသည်ကို ကြိုတင်နိမိတ်အဖြစ် ပြောဆိုလေ့ရှိကြောင်း ဦးပဥ္စင်းလေးဖြစ်သည့် ဆရာတော်ကြီးဟာ ရွာမှာရှိစဉ်ကတည်းက အမြင်စွမ်းအားဉာဏ်တစ်မျိုး ရရှိနေတယ်ဆိုတာ ရွာရှိသူတိုင်း သိကြပေသည်။

**အံ့ဖွယ် ဖြစ်ရပ်မှန်တစ်ခု**

ဦးဉာဏော ငယ်စဉ် ဦးပဥ္စင်းလေးဘဝက ဉာဏ်အမြင်ပေါက်ခဲ့ပုံကို လူသိနည်းလှပေသည်။ ကျွန်ုပ်တို့လည်း သင်းပုံ့ရွှေကြာ သုတေသီအဖွဲ့၏ မှတ်တမ်းကြောင့်သာ သိသင့်သလောက် သိရပေသည်။ ရှေးအခါက ကြားသာကြားဖူး၍ အဖြေကို မသိခဲ့ပါ။ အခြေအနေကို မသိခဲ့ပါ။ စုံစမ်းစရာလည်း လူမရှိခဲ့ပါ။ ယခုကံကောင်းသဖြင့် သုတေသီအဖွဲ့၏ ကောင်းမှုကြောင့် သိခွင့်ရသဖြင့် ထပ်မံ၍ ကောက်နုတ်တင်ပြကာ သာသနာ့ဝင်၊ ဂန္ထဝင်မြောက် မော်ကွန်းကမ္ပည်း တင်ရမည်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ထူးတို့ကို ပလ္လင်ဆောက်၍ ဂုဏ်မြှောက်ခြင်းကိစ္စသည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော် (၂၅၀၀) တစ်ဝက်ကျော်၍ (၅၀၀၀) သို့ ခရီးဆက်သည့် သာသနာ့ခရီးတွင် ဘုရားရှင်၏ တရားတော်အတိုင်း ကျင့်ကြံအားထုတ်လျက် မြန်မာနိုင်ငံတော်ကြီးသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ

သာသနာ၊ ပဋိဝေဓ သာသနာဟူ၍ သာသနာတော် သုံးရပ် ထွန်းကားလျက်ရှိကြောင်း ထေရဝါဒ သတင်းကောင်း၊ သတင်းမြတ်ဖြစ်ကြောင်း သက်သေပြနေသဖြင့် ထပ်မံ၍ မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၂)**
**ကိုအောင်ဆင့်နှင့် မမြသီတို့ ဖြစ်ရပ်မှန်**

ရွာမှာရှိစဉ်က ဆရာတော်ကြီးနှင့် ကျောင်းနေဖက်တစ်ဦးဖြစ်သည့် ကိုအောင်ဆင့်ဆိုသူရှိလေသည်။

တစ်နေ့အိမ်ရှေ့မှာ ထိုင်နေတုန်း ကိုအောင်ဆင့်မိန်းမ မမြသီဆိုသည့် ဒကာမဟာအိမ်ကို ကိစ္စရှိလို့ ဝင်ရောက်လာခိုက် မမြသီကို စူးစူးစိုက်စိုက်ကြည့်ပြီး 'ဟဲ့ . မြသီနင် အသက်မရှည်တော့ဘူး။ နောင် ဘယ်တော့မှ မြသီဆိုတဲ့အမည်ကို မမှည့်လေနဲ့။ မြသီဆိုတဲ့အတိုင်း သီသီရီရီ နေရမယ်' ဟု နိမိတ်သဘောနှင့် ပြောဟောလိုက်သည်။ မျှားမကြာမီရက်ပိုင်းအတွင်းတွင် မမြသီသည် ကောက်စိုက် ပြီးပြန်လာခဲ့ရာ ရွာရှိခွေးတစ်ကောင် ကိုက်မိရာမှ ခွေးရူးပြန် ရောဂါဖြစ်ပြီး ဆေးဝါးနဲ့ ဘယ်လိုပဲကုသခဲ့ပေမယ့် ထိုခွေးရူးရောဂါကို ကုမရဘဲ သေဆုံးသွားခဲ့လေသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၃)**
**မောင်တင်၏ ဖြစ်ရပ်မှန်**

ဆရာတော်ဘုရားကြီး ရွာမှာသီတင်းသုံးစဉ်အခါက နေအိမ်ရဲ့အနောက်ခြမ်းမှာကျောင်းနေဖက် မောင်တင်ဆိုသူ ငယ်ပေါင်းတစ်ဦး ရှိခဲ့လေသည်။

တစ်နေ့တွင် မြန်မာဆေး ဖော်စပ်ရန်အတွက် ဆေးလာရောက်ကူပြီး ထောင်းပေးနေသူ ကိုမောင်တင်အား စူးစူးစိုက်စိုက်ကြည့်နေရာက 'မောင်တင်ရေ . . မင်းအသက် မရှည်တော့ဘူး။ လူဝတ်ကနေ ရဟန်းဝတ် အမြန်ဆုံးလဲမှ ကောင်းမယ်' ဟု ပြောကြားခဲ့လေသည်။ ကိုမောင်တင်မှာ ဘုန်းဘုန်းရဲ့ဟောကြားချက်တွေမှာ မှန်ကန်တတ်ကြောင်း မမြသီအဖြစ်ကို ရင်းနှီးစွာသိခဲ့သူဖြစ်တဲ့အတွက် ရဟန်းဝတ်ဖို့ မိမိပိုင် စပါး (၁၀) တင်းကို ရွာရှိမိတ်ဆွေတစ်ဦးထံတွင် လဲလှယ်ပြီး နောက်နေ့တွင် ရဟန်းဝတ်ဖို့ စီစဉ်ခဲ့လေသည်။

ထိုနေ့ညအချိန်တွင် ထိုမိတ်ဆွေက ကိုမောင်တင်အိမ်က ထွက်လာပြီး 'ဘုန်းဘုန်းကိုမောင်တင် ရဟန်းဝတ်နိုင်ရန် ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါတယ်' လို့ ပြောပြခဲ့သည်။

ဘုန်းဘုန်းက 'တို့ ကြည့်ရတာ မောင်တင် သေကိုသေမယ်' လို့ ထပ်မိန့်ခဲ့ တယ်။ စကားမဆုံးခင် ကိုမောင်တင် အိမ်ဘက်မှ ငိုယိုသံကြားလို့ အပြေးသွားကြည့်ခဲ့ရာ

ကိုမောင်တင်မှာ သူ ထိုင်နေသည့်ခုံပေါ် ၌ပင် လေဖြတ်ပြီး အသက်မပျောက်နေတာကို တွေ့ခဲ့ရပေသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၄)**
**မယ်တော်ကြီးအကြောင်း ဖြစ်ရပ်မှန်**

ဆရာတော်ကြီးကို အိမ်သားအားလုံးက မောင်ဘုန်းလို့သာ ခေါ်လေ့ရှိလေသည်။ တစ်နေ့တွင် ဘုန်းဘုန်းလေးက မယ်တော်ကြီးကို 'မယ်တော်ကြီး အသက်မရှည်ဘူး။ အိမ်ရှေ့ခေါင်းရင်းမှာ စိုက်ထားတဲ့သဘော်ပင်ကို အမြန်ဆုံးခုတ်လှဲပစ်ဖို့၊ ဒီသဘော်ပင်ဟာ အိမ်ကို ခိုက်စေတယ်' လို့ မကြာခဏ ပြောဆိုခဲ့တယ်။

ဒီလိုနဲ့ မယ်တော်ကြီးက အိမ်သားများကိုခေါ်ပြီး အိမ်ရှေ့မှာပေါက်နေတဲ့ သဘော်ပင်ကို ခုတ်လှဲခိုင်းရာ သဘော်ပင်ရဲ့ပင်ခြေရင်းမှာ ဘယ်ကနေဘယ်လို ရောက်နေမှန်းမသိရပဲ ကြက်ရိုးများ ပြည့်နှက်နေသည်ကို တွေ့ရှိခဲ့ရလေသည်။

မောင်ဘုန်းက မယ်တော်ကြီးကို အစ်မလို့ ခေါ်ဆိုလေ့ရှိရာ 'အစ်မ . . အစ်မ အသက်မရှည်တော့ဘူး။ အသက်ရှည်မှာ မဟုတ်ဘူး' ဟု ပြောဆိုပြီး သတိပေးခဲ့သည်။ ခုလို ပြောပြီး သိပ်မကြာပါဘူး။ မယ်တော်ကြီးရဲ့ဘယ်လက်ညှိုးမှာ အသားမာ လိုလိုပေါက်လာပြီး ယားယံနေလေ့ရှိတဲ့ ဝေဒနာတစ်ရပ်ခံစားလာရပါတယ်။ မြန်မာဗိန္ဒောဆရာဖြစ်တဲ့ ဖခမည်းတော်ဟာ တစ်နေ့တော့ ခရီးသွားပြီး ဆေးသွား ကုဖို့ကိစ္စ ပေါ်လာလို့ မယ်တော်ကို အမဲခြောက် မီးဖုတ်ပေးပါလို့ ခိုင်းစေခဲ့လေရာ မယ်တော်ကြီးက မိမိ၏ လက်ညှိုးဝေဒနာကို မသက်သာလို့ ခင်ပွန်းသည်ကို ပြောပြရာ ဆရာလှက အလေးမထားဘဲ အမဲခြောက်ကိုသာ မီးဖုတ်ပေးဖို့သာ ပြောဆိုခဲ့လေသည်။ မယ်တော်ကြီးမှာ အမဲခြောက် မီးဖုတ်လို့ အသားကိုထုထောင်းပေးနေရာက လက်မှာ သိသိသာသာကြီး ယောင်ကိုင်းလာပြီး သားတော်မောင်ပဥ္စင်းကို ပြုံးပြီး မေးမြန်းကြည့်ရာ သားတော်မောင်ဘုန်းမှ လက်ညှိုးအရင်းမှ အမြန်ဆုံး ဖြတ်ပစ်ရန် ပြောခဲ့လေသည်။ မယ်တော်ကြီးက နေပါဦးလို့ တောင်းပန်ခဲ့ပြီး ညအချိန် ရောက်တဲ့အခါမှာတော့ အရောင်ပိုမိုလာပြီး လက်ဖဝါးကို ရောက်တဲ့အခါ လက်ကောက်ဝတ်ကနေ ဖြတ် ပစ်ဖို့ကို ထပ်မံ မိန့်တော်မူလေသည်။

မယ်တော်ကြီးကိုလည်း လက်ကောက်ဝတ်ကနေ မဖြတ်လို့ နောက်တစ်ဆင့် လက်မောင်းရင်းကနေ ဝမ်းတွင်းရောက်ရင် ကယ်လို့မရတော့ဘဲ သေလိမ့်မယ်လို့ တစ်ခါတည်း ပြောဆိုလိုက်လေသည်။ ဒါအတွက် ဆရာတော်ကြီးကိုယ်တိုင် လက်ကောက်ဝတ်ကိုဖြတ်ဖို့ ဓားကို ကိုယ်တိုင် သွေးခဲ့တော်မူလေသည်။ ညဉ့်နက်လာသောအခါ လက်အရောင်က မကျတဲ့အပြင် လက်ဖျံကိုဘောင်

ရောက်လာလို့ သားတော်မောင် မောင်ဘုန်းက လက်မောင်းကနေ ကိုယ်တိုင် ဖြတ်ဖို့လုပ်နေလို့ မယ်တော်ကြီးက 'မောင်ဘုန်းရယ် မဖြတ်ပါနဲ့။ မနက်ဖြန်ကျရင် ဆေးရုံ ဆက်ဆက်သွားပါတော့မယ်' လို့ တောင်းပန်ပြောဆိုလိုက်ရတယ်။ နောက်တစ်နေ့ နီးစပ်ရာ ဟသ်ာတဆေးရုံကို မြေးဖြစ်သူနဲ့အတူ တက်လာခဲ့တယ်။ ဟသ်ာတမြို့ကိုရောက်ရုံရှိသေးတယ်။ မြေးဖြစ်သူကို ဘွားအေဖြစ်သူက 'တို့ရောဂါ က မောင်ဘုန်းပြောသလို ဝမ်းတွင်းရောက်သွားပြီကွဲ့၊ နေရတော့မယ် မထင်တော့ ဘူး' လို့ပြောပြီး ရွာကိုပြန်ခေါ်သွားဖို့ ပြောလေသည်။ ဒီလိုနှင့် မယ်တော်ကြီး ဆုံးပါးသွားလို့ သားတော်မောင်ဖြစ်သူ မောင်ဘုန်းက ပြောစကားကို မလိုက်နာလို့ ခုလိုဖြစ်တာဆိုပြီး မကြာခဏ တက်တခေါက်ခေါက်နဲ့ ကျန်ခဲ့တာကို သိမှီသူတွေ ပြောပြချက်အရ ဆရာတော်ကြီး၏ ပြောဆို ဆောင်ရွက်ချက် ထူးခြားဖြစ်စဉ်တစ်ရပ် ကို သိရှိလိုက်ရပေသည်။

**အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၁၅)**
**အစ်မအရင်းနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်**

အစ်မဖြစ်သူ ဒေါ်သိန်းမြ၏ ယောက်ျား (ဆရာတော်ကြီးရဲ့ယောက်ဖတော်စပ်သူ) ဦးချစ်သိန်းဟာ လယ်ယာအလုပ်ကို ရိုးသားကြိုးစားပြီး မပြတ်လုပ်ကိုင်တတ် သူဖြစ်ပေသည်။ တစ်နေ့မှာတော့ အိမ်ရှေ့တွင် ထိုင်နေစဉ် ယောက်ဖဖြစ်သူ လယ်တောထဲသို့ ဆင်း၍ အလုပ်သွားရန်ထွက်ခွာသွားသည့် ယောက်ဖဖြစ်သူ၏ နောက်ကျောပြင် ကိုကြည့်ကာ အစ်မဖြစ်သူအား ယောက်ဖဖြစ်သူနှင့် ပတ်သက်ပြီး 'မြလေး . . နင့်ယောက်ျားကို အဆိပ်ရှိတဲ့သတ္တဝါ ရာဟုထောင့်ကနေ ကိုက်ကို ကိုက်မှာ' ဟု မိန့်လိုက်ရာ အစ်မဖြစ်သူမှာ 'မောင်ဘုန်းကလည်း ဟိုက ပျိုးနုတ်ဖို့ လယ်ထဲကို သွားနေတာ။ ဒီကနေ တောင်ပြော၊ မြောက်ပြောနဲ့' ဆိုပြီး ပြန်လည် ပြောလိုက်လေသည်။ ဒေါ်သိန်းမြသည် နောင်တစ်နေ့တွင် ကောက်စိုက်သမများနဲ့ ကောက်စိုက်ဖို့ ချိန်းထားတဲ့အတွက် ကောက်စိုက်သမတွေကို ကျွေးမွေးဖို့ ချက်ပြုတ်ကြော်လှော်နေပြီး အလုပ်ရှုပ်နေတုန်း ညနေ နေစောင်းချိန် (၄) နာရီ လောက်တွင် မတ်ဖြစ်သူ အိမ်ကိုရောက်လာပြီး ဒေါ်သိန်းမြကို 'ကိုချစ်ရယ် (ဒေါ်သိန်းမြ ခင်ပွန်းသည်) ပိုးထိလို့ အခြေအနေ မကောင်းဘူး' ဆိုကာ လာပြီး အကြောင်းကြားတာနှင့် ဒေါ်သိန်းမြက 'ပျိုးနုတ်သွားတာ ဘယ်လိုလုပ် ပိုးထိပါ့မလဲ' လို့ မေးမြန်းခဲ့လေသည်။ 'ကျွန်တော့်လယ်မှာ မြေရှင်းချင်လို့ ကိုချစ်ကို ခေါ်သွား ရာက ကျွန်တော့်လယ်မှာ ပိုးထိသွားတာပါ' ဟု ပြောပြလေသည်။

ဘုန်းဘုန်းက ညက သေသေချာချာ ပြောထားတာကို နားမထောင်တဲ့အပြင် အပြစ်ပဲတင်နေတဲ့ အစ်မဖြစ်သူနဲ့ ယောက်ဖဖြစ်သူကို 'တို့က အမှန်ကိုပြောပြနေ

တာ။ မြလေးတို့ လင်မယားက ယုံမှမယုံဘဲကိုး၊ ခု ဘာဖြစ်တာလဲ' ဟု မေးမြန်းရာ 'ကိုချစ် ပိုးထိလို့ပါ ဘုရား' ဟု ဖြေဆိုကြရာ ဘယ်နေရာမှာလဲဟု ထပ်မံမေးလိုက်ရာ 'ရာဟုထောင့်' ဟုလည်း ဖြေရာ 'အသက်မမီနိုင်တော့ဘူး' လို့ ပြောကြားခဲ့လေသည်။ စကားမဆုံးခင်ပဲ ဦးချစ်သိန်း ဆုံးပါးတယ်ဆိုတာကို ကြားသိခဲ့ရသည့်အပြင် ဦးချစ်သိန်းအလောင်းကိုလည်း သူနေခဲ့တဲ့ ကျောင်းကုန်းရွာမှာပဲ မြှုပ်ခဲ့ရတာကို သိခဲ့ရလေသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၆)**

**ဆရာတော်ကြီး ပွဲ့ပေးခဲ့သော ကျောက်စာအပွဲ့၏ မော်ကွန်းကမ္ပည်းစာများ**

ဆရာတော်ကြီး မင်္ဂလာဒုံအရှိုးအထူးကု (ခုတင်-၅၀၀) မှာ သီတင်းသုံးနေစဉ် မိမိဘဝ သမိုင်းဖြစ်စဉ်နဲ့ စုဆောင်းထားတဲ့ ကျမ်းစာထဲမှာ အာဘော်တချို့ကို ပြင်ဆင်ရေးသားပြီးတော့ စာပေါ် အက္ခရာထက် ကျောက်သားပေါ်တွင် အက္ခရာတင်ခြင်းလုပ်ငန်းကို စတင်ခဲ့ကြောင်း သိရပါသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၇)**

ဆရာတော်ကြီး ညောင်ပင်သာတွင်ရှိစဉ်ကတည်းက ဝတ်ရွတ်အဖွဲ့ဆိုတာ ရှိခဲ့ပါသည်။

**ကျောက်စာအပွဲ့၏ သာသနာ့စရိုးစဉ်**

၂၀၀၈ ခုနှစ်၊ ဧပြီလ ကာလကပေါ့။ မြန်မာပြည်အောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းကို အလှူခံအကြောင်းပြပြီး ကျောက်စာအဖွဲ့ကို ဝတ်တွေလိုက်ရွတ်ဆိုဖို့ မိန့်ဆိုလိုက်ပါသည်။ ဟိုအချိန်က လမ်းခရီးကလည်း အဆင်မပြေ။ ရေလမ်းတစ်တန်၊ ကုန်းလမ်းတစ်တန် သွားခဲ့ရတာမို့ ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ဒါကြောင့် (၂၆) မြို့နယ်ကို ထင်တိုင်းမပေါက်ပဲ ခရီးနှင်ရတာမို့ တစ်လလုံးသွားသည့်တိုင်အောင် မြို့နယ်အချို့သို့သာ ရောက်ခဲ့ကြ၍ ကျန်သောမြို့များလည်း ကျန်လျက်ရှိပါသေးသည်။

**ကျောက်စာအပွဲ့ ဝတ်ရွတ်စဉ်အပွဲ့ ကြွင်းကျန်ခဲ့သော နေရာများ**

ကျန်ခဲ့တဲ့နေရာတွေက ပုသိမ်မြို့အောက်ပိုင်း၊ ပင်လယ်ပိုင်းများနဲ့ လပွတ္တာမြို့နယ်တစ်ခုလုံး ကျန်ခဲ့ပါတယ်။

ထိုအချိန်တွင် ဆရာတော်ကြီးသည် အေးရိပ်မွန်မှာ ဆေးကုသခံယူနေသူ တစ်ဦးကိုလှေကြီးတစ်စင်းပေါ် တင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့အောက်ပိုင်းကို လွှတ်လိုက်သေးကြောင်း သိရှိရပါသည်။ အဘယ်ကြောင့် ထိုသို့ စေလွှတ်ရသည်

ကိုကား ထိုစဉ်က မည်သူမှ မခန့်မှန်းနိုင်ချေ။ သို့သော်လည်း နာဂစ်မုန်တိုင်းကြီး ပေါ်လာသောအခါမှ ဆရာတော်ကြီး စေလွှတ်သော အဓိပ္ပါယ်ကို နားလည်သဘောပေါက်ရပါတော့သည်။

**နာဂစ်ကို ကြို၍ တားခဲ့ကြောင်း သက်သေရှိ**

၂၀၀၈ ခုနှစ်၊ ဧပြီလ (၃၀) ရက်လောက်မှာ ဆရာတော်ဘုရားကြီးဟာ သူ့လုပ်ငန်းမှာ အထောက်အကူဖြစ်သူ တစ်ဦးကို စာရေး၍ စာပေးခိုင်းလိုက်ပါသေးသည်။ ထိုသူကို နောင်သောအခါတွင် နဂါးမဟု အမည်ပေးထားကြောင်း သိရှိရပါသည်။ ထို နဂါးမနှင့် ပေးခိုင်းလိုက်သောစာတွင် ပါရှိသော အကြောင်းအရာမှာ မကြာမီရက်ပိုင်းအတွင်းမှာ တစ်နာရီကို မိုင်တစ်ရာကျော် တိုက်ခတ်မည့်လေမုန်တိုင်းကြီးလာတော့မည်ဖြစ်ကြောင်း အကြောင်းကြားစာ ရေးပေးခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တွေ့၊စာတွေ့ ပြန်၍ပြောကြပါသည်။

**နာဂစ်မုန်တိုင်းဒဏ် ခံလိုက်ကြရ**

ဆရာတော်ကြီး ထိုသို့ အကြောင်းကြားစာပေးပြီးနောက် ၂၀၀၈ ခုနှစ်၊ မေလ (၃/၄) ရက်များမှာ နာဂစ်မုန်တိုင်းကြီး တိုက်ခတ်ကြောင်း လူတိုင်း သိကြပါသည်။

**ဝတ်ရွတ်စဉ်အဖွဲ့၏ ထူးခြားချက်**

ထူးခြားတာက ဆရာတော်ဘုရားကြီး လွှတ်လိုက်တဲ့ ဝတ်ရွတ်စဉ်အဖွဲ့ ရွတ်ခဲ့တဲ့နေရာတွေမှာ တိုက်ဆိုင်မှုလို့ပဲပြောပြော မုန်တိုင်းတိုက်ခတ်မှု သက်သာခဲ့တာကိုပြီးမှ သိခဲ့ရတာ ဖြစ်လို့ ထူးခြားတဲ့တိုက်ဆိုင်မှု ကဏ္ဍကတော့ မဖြစ်နိုင်တာ အမှန်ပါဟူ၍ အနီးစပ်ဆုံးသော အတွင်းနေ တပည့်များက မှတ်တမ်းတင်ကြပါသည်။

**လှေထိုးသမားများက လှေထိုးရင်း နားထဲမှာ ဆရာတော်ကြီးက လာပြောသတဲ့ဟု ပြန်၍ ပြောကြ၏။**

ပိုထူးဆန်းတာက လူနာတွေတင်ပြီး လှေနဲ့ခရီးထွက်ခဲ့သူတွေပါ။ သူတို့ ပဲ့နင်းဖြစ်သူဟာ မုန်တိုင်းမတိုက်ခတ်ခင် ရက် ညဘက်မှာလိုလို၊ နေ့ဘက်မှာလိုလို စိတ်ထဲမှာ ဆရာတော်ကြီးက လှေကို ချောင်းကြားထဲ ထိုးထားဖို့ အနားကို လာပြောနေသံကြားလို့ ထိုးထားလိုက်တာတဲ့။ ညနေပိုင်းကျတော့ မုန်တိုင်းတိုက်လာတော့ သူတို့လည်း ချောင်းကြားထဲမှာ အေးအေးဆေးဆေးနေပြီး နောက်နေ့မှ ပြန်ထွက်လာလိုက်တာ ပုသိမ်ရောက်မှ အေးရိပ်မွန်ကို အကြောင်းကြားခဲ့လေတော့ သူတို့တစ်တွေ ပွဟ်လာမှန်း သိခဲ့ရတယ်။

**ထူးဆန်းသော တိုက်ဆိုင်မှုများ**

အထက်ပါ အဖြစ်အပျက်နှစ်ခုကို တစ်ခုနဲ့တစ်ခု ဆက်စပ်လေ့လာလိုက်ပါလျှင် ထူးခြားချက်များ တွေ့ရပါသည်။ လေမုန်တိုင်း တိုက်ခတ်မည့်နေရာသို့ ရောဂါဖြစ်သူတွေကို စေလွှတ်လိုက်ခြင်းသည်လည်း ထူးခြားပါသည်။ အကြောင်းမဲ့ သက်သက် သေတွင်းထဲကို ပို့လွှတ်ခြင်းပုံစံ မဖြစ်နိုင်ကြောင်း နောက်မှ သိရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုမှအပြန်တွင် လူမမာလည်း နေကောင်းသွားပါသည်။ ဤသည်မှာလည်း မှတ်သားဖွယ်တစ်ချက် ဖြစ်၏။ ၎င်းအပြင် အခြား မှတ်သားဖွယ်တစ်ခုမှာ လေမုန်တိုင်း တိုက်ခတ်မယ့်နေရာများကို ရွေးချယ်ပြီး ဝတ်ရွတ်စေသော ဝတ်ရွတ်စဉ်အဖွဲ့များကို ကြိုတင်ပြီး ဝတ်ရွတ်စေခိုင်းခြင်းသည်လည်း ဆရာတော်ကြီး၏ ကြိုတင်နိမိတ် သိနိုင်စွမ်းအားကို သက်သေပြနေပါသည်ဟု အနီးကပ် တပည့်များက ပြောကြားကြကြောင်း မှတ်တမ်းရှိပါသည်။

**နာဂစ်မုန်တိုင်းအတွင်း ဆရာတော်ကြီး၏ ထူးခြားသော အမူအရာများ အနီးကပ်လေ့လာချက်။**

ထပ်ပြီးပြောပြချင်တာက မုန်တိုင်းမတိုက်ခင် တစ်ရက်အလိုမှာ ကျောက်စာအဖွဲ့တွေဟာ ပုသိမ်မြို့ပေါ်ကိုပြန်ရောက်ခဲ့ပြီး မုန်တိုင်း စတင်တိုက်ခတ်ချိန်မှာ ဆရာတော်ကြီးဟာ ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ အေးရိပ်မွန်မှာ သီတင်းသုံးနေချိန်ဖြစ်တာမို့ မုန်တိုင်း ပြင်းထန်ချိန်တွင် ထိုင်လျက် ဂါထာတော်များ ရွတ်ဆိုတဲ့အပြင် သက်နှစ်ဖက်ကို လေထဲမှာ တစ်ခုခု ခပ်ယူဖယ်ရှားနေတဲ့ပုံမျိုး လုပ်နေတာကို တွေ့မြင်သူများမှ ပြောပြခဲ့ပါသေးသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၈)**

**သာမညဆရာတော်ထံ ဆေးနှင့်ဓာတ်စာများ ပို့ပေးခဲ့ခြင်း**

ဆရာတော်ကြီး ဦးဉာဏော ညောင်ပင်သာတွင် ရှိစဉ်အခါက သာမညဆရာတော်ဆီ ဆေးနဲ့ဓာတ်စာများကို သာမညဆရာတော်ထံ ပို့ခိုင်းကြောင်း တပည့်များက ပြောကြားခဲ့ပါသည်။ ထိုအခါ သာမညဆရာတော်ဘုရားကြီးက အားရဝမ်းသာနှင့် လက်ခံတော်မူခဲ့ကြောင်းလည်း သိခဲ့ရပါသည်။ ထူးဆန်းသော အချက်မှာ သာမညဆရာတော်ဘုရားကြီး၏ စကားဖြစ်ပါသည်။ ထိုစကားမှာ သာမညဆရာတော်ဘုရားကြီးက မိမိသည် အသက်ရှည်ပြီး တို့များနေရဦးမယ်ဟု ပြောကြားခဲ့ကြောင်း ထပ်ဆင့်သိခဲ့ရပါသည်။

**သာမညဆရာတော်ဘုရားကြီးက ကျုပ်သွားတော့မယ်ဟု ပြောခဲ့။**

နောင်သောအခါတွင် သာမညဆရာတော်ဘုရားကြီးသည် မိမိ ခန္ဓာဝန်မချမီ ကာလကလေးတွင် ဆရာတော်ကြီး ဦးဉာဏောအား မိမိသွားနှင့်မယ်ဆိုပြီး ဆရာတော်ကြီးကို ပြောသွားခဲ့ကြောင်းကို ဆရာတော်ကြီးက ပြောလိုက်ကြောင်း မှတ်တမ်းရှိပါသည်။

ဆရာတော်ကြီး ဒီလိုပြောပြီး သိပ်မကြာပါဘူး။ သာမညဆရာတော်ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူတဲ့သတင်းကို ကြားသိခဲ့ရပါသည်ဟု မှတ်တမ်းတင်ထားကြ၏။

**သာမညဆရာတော်ဘုရားကြီး၏ မှာကြားချက် မိန့်ခွန်းတော်။**

သာမည ဆရာတော်ဘုရားကြီးသည် နတ်ရွာမစံလွန်မီအခါက သူ့တပည့်အချို့ကို သူ မရှိတဲ့အခါမှာ ကိစ္စပေါ်လို့ ဖြေရှင်းစရာရှိခဲ့ရင် ကန်ကြီးထောင့် ညောင်ပင်သာ ဆရာတော်ကြီး ဦးဉာဏောထံသို့သွားပြီး အမိန့်ခံယူဖို့ မှာကြားတော်မူခဲ့ကြောင်း သိရှိရပါသည်။ ယခု ရန်ကုန်မြို့၊ သာကေတမြို့နယ်မှာရှိတဲ့ (၁၀၈) တောင်ဘုရားတွင် သီတင်းသုံးနေသူ ဘရသေ့မှ ပြောကြားချက်အရလည်း သိမှိခဲ့ရပါသေးသည်။

အထက်ပါအချက်အလက်များသည် ပုဂ္ဂိုလ်ထူးများ အချင်းချင်း မည်သို့မည်ပုံ ဆက်သွယ်သည်ကုိ သိရှိရအောင် ဆရာတော်ကြီးဦးဉာဏောနှင့် သာမည ဆရာတော်ကြီး ဦးဝိနယတို့၏ ဆက်နွယ်ပတ်သက်သည့် သဘောသဘာဝကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

**သာမညဆရာတော် ခန္ဓာဝန်ချသောနေ့**

သာမညဆရာတော်ဘုရားကြီး ဦးဝိနယသည် ကောဇာသက္ကရာဇ် (၁၃၆၅) ခု၊ နတ်တော်လဆန်း (၆) ရက်၊ ခရစ်နှစ် (၂၀၀၃) ခု၊ နံနက် (၅း၀၀) နာရီတွင် ခန္ဓာဝန်ချတော်မူသည်။ ထိုအခါ သက်တော် (၉၃) နှစ်၊ ဝါတော် (၆၃) ဝါ ရှိ၏။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၁၉)**

**သုသာန်မှာ တရားကျင့်စဉ်က ဖြစ်ရပ်ဆန်းများ**

ငယ်စဉ်က ဆရာတော်ဘုရားကြီး သုသာန်တွေမှာ တရားကျင့်ဖို့ အဖော်အဖြစ် လိုက်ဖူးကြောင်း သိခဲ့ရပါသည်။ သုသာန်မှာ တရားကျင့်တာကို ထိန်းထိန်းသိမ်းသိမ်းပြောပြသည်။ ဘဘုန်းက အရိပ်အမြွက်အနေနဲ့ ညဘက်ဆိုရင် ဆရာတော်ဘုရားကြီး ဂူနံရံတရားထိုင်မနေတုန်း မည်း မည်း မည်း မည်းနဲ့ ဆရာတော်ကြီး

အနား လာနေလိုက်ကြတာ။ သူတို့ချင်း ဘာတွေ ပြောနေမှန်း မသိပါဘူး။ တို့ကတော့ကွာ ကလေးဆိုတော့ ကြောက်တာပေါ့ကွ ဟု မိန့်တာကို သိခဲ့ရပါသည်။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-အချုပ်ပို ခ)

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၂၀)**
**ဖောင်တော်ဦးမှာ ဖြစ်ရပ်ဆန်း၊ ဖြစ်ရပ်မှန်**

အောက်ပါ ဖြစ်ရပ်ဆန်း၊ ဖြစ်ရပ်မှန်မှာလည်း အထက်ဖော်ပြခဲ့သော သစ်ညိုကုန်း ဆရာတော် ဦးနလိန္ဒ၏ စကားတော် ဖြစ်ပါသည်။ ဖတ်ကြည့်ပါ။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-အချုပ်ပို ခ)

နောက်တော့ တစ်ခါက ဖောင်တော်ဦးမှာ ဘဘုန်းအပါအဝင် သံဃာ (၅) ပါးကို ဖောင်တော်အရပ်နဲ့ တော်တော်လေးဝေးတဲ့နေရာက ဒကာမတစ်ဦးဟာ နောက်နေ့ နေ့ဆွမ်းပင့်လို့ ညဘက်မှာ ဆရာတော်ကြီးရှိရာ ဖောင်တော်ဦးမှာ အတူ သီတင်းသုံးကြသည်။ ညဘက် (၁၀း၃၀) နာရီရောက်တော့ ဆရာတော်ဘုရားကြီးဟာ သူ သီတင်းသုံးရာ ဖောင်တော်ဦးခန်းထဲ ဝင်ရောက်သွားခဲ့လေသည်။ ခဏကြာတော့ ဆရာတော်ကြီး ဘယ်ရောက်သွားမှန်း သတိမထားမိပေမယ့် မစူးစမ်းရဲတာကြောင့် နေလာလိုက်တာ နောက်နေ့ ဒကာမဆွမ်းလာကပ်မှပဲ ညက ဆရာတော်ဘုရားကြီးဟာ သူတို့ဆီကို ည (၁၀း၃၀) ခန့်က ကြွလာပြီး တရားဟောဆုံးမခဲ့ကြောင်း အသိပေးတော့မှ ဆရာတော်ဘုရားကြီး ပျောက်သွားတဲ့ အဖြစ်သိရတော့ကြောင်း ပညာရှိပီပီ ပြောပြသွားခဲ့သည်ကို သိရှိရပါသည်။

**အံ့သြကြည်ညိုဖွယ် မှတ်တမ်း (၂၁)**
**ဇရပ်ချောင်းမှာ ဖြစ်ခဲ့သော ပုံနှိပ်တိုက် ဖြစ်ရပ်ဆန်း**

ဇရပ်ချောင်းမှာ ဆရာတော်ကြီးဟာ ညဘက်ဆိုရင် ကျမ်းတွေပြုစုပြီး မောင်တုတ်ကို လိုက်ရေးခိုင်းတာ။ နေ့ဘက်ဆိုရင် ဆေးနည်းနဲ့ပတ်သက်တဲ့ ဆေးထောင်းတာတို့၊ သစ်ဥ၊ သစ်ရွက်စုတာတို့ကို ခိုင်းလေ့ရှိပါတယ်။ ညဆိုရင် ဆရာတော်ကြီးဟာ သူ့ဖောင်တော်ဦး (ဆရာတော်ကြီး လဲလျောင်းအနားယူနေရာ) ထဲမှာနေပြီး ကျမ်းစာခေါ် ပေးတာကို မောင်တုတ်က မိမိခြင်ထောင်ထဲကနေပြီး မှတ်တမ်းမှတ်ရတာလည်း နိစ္စဓူဝ ညစဉ်ဆောင်ရွက်လေ့ရှိကြောင်း သိခဲ့ရပါသေးသည်။ ဒီလို ရေးသားပြုစုပြီးတဲ့ကျမ်းတွေကို ပုံနှိပ်တင်လေ့ရှိကြောင်းကိုလည်း သိခဲ့ရသည်။

တစ်နေ့ ပုံနှိပ်တိုက်ကလူက မောင်တုတ်ကို ညက တို့ဆီကို ဆရာတော်ကြီးနဲ့အတူ လိုက်လာပြီး စာပြင်ပေးတာ ခင်ဗျားမဟုတ်ဘူးလားလို့ မေးလာလေရဲ့။ မောင်တုတ်က မဟုတ်ပါဘူး။ ညက ဆရာတော်ကြီးနဲ့အတူ ကျမ်းစာပြုစုနေတယ်လို့

ဖြေခဲ့ပါသည်။
ဤသို့အားဖြင့် ပြောမပြနိုင်သော အဆန်းတကြယ်ဇာတ်လမ်းများ ရှိပါသေးသည်။ ပြည့်စုံအောင် ပြန်ပြောလျှင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေပါလိမ့်မည်။

အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၂၂)

## ပုဂ္ဂိုလ်ထူး ဦးဉာဏောအကြောင်း (၁၉၉၉) ခုနှစ်က မှတ်တမ်းဟောင်း

အောက်ပါ မှတ်စုများမှာ သီရိခေတ္တရာ ခင်မာမာ၏ ဆောင်းပါးမှ ကောက်နုတ်ချက်မှတ်စုများ ဖြစ်ပါသည်။ ထိုကောက်နုတ်ချက်များသည် ဤကျမ်းပြုသူသည် ကြီးပွားရေးဂျာနယ်ထဲတွင် (၁၉၉၉) ခုနှစ်၊ ဂျပန်မှာရှိစဉ် ဖတ်ရှုရသဖြင့် ထုတ်ထားသော မှတ်စု ဖြစ်ပါသည်။ ထိုမှတ်စုတွင် အံ့ဖွယ်အချက်များကို တစိမ့်စိမ့် ဖတ်ရှုမှ တွေ့ရပါလိမ့်မည်။ ကျွန်ုပ်ကား အလွန်သဘောကျသဖြင့် ထုတ်နုတ်ထားသော ဂျပန်မှတ်စုများ ဖြစ်ပါသည်။ ထူးမထူး ဖတ်ကြည့်တော်မူကြပါ။ ပြီးတော့ စာရေးဆရာ သီရိခေတ္တရာ ခင်မာမာကိုသာ ကျေးဇူးတင်တော်မူကြပါ။ သူ ရေးသဖြင့် ဤမှတ်စုကို ကျွန်ုပ်က ရရှိခြင်းဖြစ်ပါသည်။ မှတ်စုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဆရာတော်ကျောင်းသည် ပုသိမ်အရှေ့မြို့နယ်၊ ညောင်ပင်ဆိပ်ရွာ၌ ရှိပါသည်။ ယခု မိုးရာသီမှာတော့ ပေပင်ကုန်းရွာဆိပ်ကမ်း ရေလမ်းခရီးအဆုံး၌ ပဲ့ထောင်ကပ်လိုက်သော်လည်း သွားရမည့်ခရီးက မဆုံးသေး။ ကျွန်မတို့သည် ဆရာတော် ဦးဉာဏော သီတင်းသုံးရာ ညောင်ပင်ဆိပ်ရွာသို့ ရောက်ရန် လယ်တစ်ကွင်းကို ဖြတ်ရပေဦးမည်။

ပဲ့ထောင်ပေါ် ပါလာသော ဆရာတော် ဦးသုဒဿနသည် ပေပင်ကုန်းဆိပ်ကမ်း၌ စက်လှေကပ်လျှင်ကပ်ချင်း မတ်တတ်ရပ်၍ သက်န်းပြင်ရုံလိုက်သည်။ ထိုအချိန်တွင် ဒကာအချို့သည် ပဲ့ထောင်ကပ်ရာသို့ ရောက်လာပြီး ဆရာတော် ဦးဒဿနအား ရှိခိုးကန်တော့ကြသည်။

ဒကာများက 'ဆရာတော် နှစ်ပါး ကြွလာမယ်။ ပေပင်ကုန်း သွားကြိုကြ' ဟု ဆရာတော်ကြီး ဦးဉာဏောက အမိန့်ရှိ၍ လာကြိုရကြောင်း လျှောက်ထားသည်။ ကျွန်မက ဆရာတော်ကြီး ဦးသုဒဿနအား 'ဆရာတော်တို့ ကြိုပြီး စာရေးထားလို့ ဒကာတွေ လာကြိုတာနဲ့ တူတယ်' ဟု လျှောက်ထားလိုက်သည်။

ဆရာတော် ဦးသုဒဿနက 'တို့ . . . တွေမှာ စာရေးနေစရာ မလိုဘူး။ တို့လာမှာကို ဆရာတော် ဦးဉာဏော သိနေတယ်' ဟုမိန့်ဆိုပါသည်။

ကျွန်မတို့ ညောင်ပင်ဆိပ်ရွာဦးရှိ ဆရာတော် ဦးဉာဏော ကျောင်းရောက်တော့ ည (၇း၃၀) နာရီ ရှိနေပြီ။ မိုးရာသီ ရွံ့တွေ၊ ဗွက်တွေနှင့် ကိုယ့်ဖိနပ်ကိုယ်ချွတ်ကိုင်ပြီး အတော်ရုန်းသွားကြရသည်။

ဆရာတော်ကြီး ဦးဉာဏောသည် တပည့်ဦးဥတ္တမအား ဧည့်သည်များကို ဆရာတော်၏ ကျောင်းအနီးရှိ မူလတန်းကျောင်းထဲ နေရာချထားရန် မိန့်ဆိုသည်။ ကျွန်မတို့သည် အသုံးအဆောင် အထုပ်အပိုးများကို မူလတန်းကျောင်းထဲ ချထားလိုက်သည်။ ဆရာတော်အတွက် ယူလာသော သစ်သီးများနှင့် လှူဖွယ်သက်နီး၊ ထီး၊ ဖိနပ်များကို ယူ၍ ဆရာတော်ကျောင်းသို့ လာခဲ့သည်။

ဒကာ၊ ဒကာမအပေါင်းတို့က ဆရာတော် ဦးဉာဏောအား နဝကမ္မဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများအား ကပ်လှူကြသည်။ 'ကိုင်း . . ကိုင်း ခရီးပန်းလာကြတယ်။ အပန်းဖြေကြ၊ မနက်ကျမှ တွေ့ကြတာပေါ့' ဟု ဆရာတော် ဦးဉာဏောက မိန့်ဆိုပါသည်။

ကျွန်မတို့သည် ပါလာသော လက်နှိပ်ဓာတ်မီးအလင်းအားဖြင့် ညကြီးမှောင်ကြီး မည်းကြီး ရွံ့ဗွက်ထဲ ရုန်းခဲ့ပြန်သည်။ ကျွန်မတို့သည် မူလတန်းကျောင်းမြေ အခင်း ပေါ်ဝယ် ခရီးပန်းပန်းနှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားကြသည်။

တစ်ရေးနိုးတော့ ကျွန်မ၌ ဆရာတော်ကျောင်းဘက် သွားချင်စိတ်ဖြစ်လာသည်။ ည (၂) နာရီလောက်မှာ ဆရာတော်၏ တဲကျောင်းထဲသို့ ရောက်လာခဲ့ပြန်သည်။ ဆရာတော် ဦးဉာဏောသည် တပည့် ဦးပဥ္စင်း၊ ဦးသောမနနှင့် တရား ဆွေးနွေးနေသည်။ ကျွန်မတို့သည် ဆရာတော်တို့အား ဦးချပြီး အရုဏ်ဆွမ်းကပ်ဖို့ ပါလာသော သက်ကင်းဟင်းများ ပြန်ယူပါသည်။ ဆရာတော် ဦးဉာဏောသည် ကျိန်းစက်ခြင်းမရှိတော့ဘဲ နံနက်အရုဏ်ဆွမ်းကို ပုသိမ်မှရောက်လာသော ဆရာတော် ဦးသုဒဿနတို့ (၂) ပါးနှင့်အတူ ဆွမ်းဘုဉ်းပေးပါသည်။

ဆရာတော် ဦးဉာဏောသည် ဒကာ၊ ဒကာမများ ကပ်လှူသော ရသာ ချိုချဉ်မျိုးစုံ ခဲဖွယ်ဘောဇဉ်များကို ဇွန်းတစ်ချောင်းဖြင့် မွှေ၍ အနည်းငယ် ဘုဉ်းပေးပြီးနောက် စွန့်ပါသည်။ အစားနည်း၊ အအိပ်နည်းသော ဆရာတော်တစ်ပါး ဖြစ်သည်။

ဆရာတော် ဦးဉာဏော ကျောင်းမှာ အမြဲတမ်း မီးဖိုပေါ်တည်ထားသော ဟင်းလေးအိုးကြီး ရှိသည်။ ဟင်းရည်၊ ဟင်းဖတ်နည်းသွားတိုင်း ကန်စွန်းရွက် စသည် ရရာဟင်းရွက်များ ထပ်ထည့်ထားသည်။ ထိုသက်ကင်းလွတ် ဟင်းလေးအိုးကြီးကို စားဖြစ်အောင် စားသွားဖို့ ဆရာတော်က မှာကြားသည်။ အသက်ရှည် ကျန်းမာ ရောဂါဘယ ကင်းစေသော ဆေးဟင်းဖြစ်သည်။

ကျွန်မတို့သည် ပဲငါးပိ၊ ပဲငံပြာရည်နှင့် ကန်စွန်းရွက်၊ ဘူးရွက် စသည်ဖြင့် ချဉ်သလိုလို၊ ချိုသလိုလိုရှိသော ဟင်းရည်များ ဆမ်းလိုက်၊ သောက်လိုက် ဟင်းရွက်

များ ဝါးလိုက်ဖြင့် ဗိုက်အတင်း အဝစားကြသည်။

ဆရာတော် ဦးဉာဏောသည် ကျောင်း ကြီးကြီးကျယ်ကျယ် ဆောက်လုပ်လှူဒါန်းခြင်းကို အလှူမခံ။ ပုသိမ်အရှေ့မြို့နယ်အတွင်း ဆရာတော်ဓာတ်ကျရာ ကျေးရွာတွင် မြေလွတ်ရှိရာနေရာ၌ တဲကျောင်းဆောက်၍ သီတင်းသုံးသည်။ ထိုကျေးရွာ ပတ်ဝန်းကျင်တွင် ကိုးကွယ်သော ဒကာ၊ ဒကာမများ လာသော်လည်း ဆရာတော်သည် နေချင်မှနေသည်။ ဆရာတော်သည် သူ့အစီအစဉ်ဖြင့် သူ့အချိန်ကျလျှင် နောက်တစ်နေရာ ထပ်ကြွသွားသည်။ တောင်းပန်၍လည်း မနေ။ ဆရာတော်သည် ဝိဇ္ဇာလမ်းစဉ်အရ လှည့်လည်သီတင်းသုံးရင်း တရားအားထုတ်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ။ ဆရာတော်၏ သက်တော် (၈၀) ပင် ကျော်ခဲ့ပြီ။

ဆရာတော်သည် ယခုလည်း ညောင်ပင်ဆိပ်ရွာထိပ်ရှိ ရှေးအခါကတည်းက ရှိခဲ့သော ရေကန်ကြီးနား လယ်ကွင်းစပ်၌ တဲထိုးနေခြင်းဖြစ်သည်။ ထိုရေကန်ကြီးတွင် သိုက်ရှိသည်ဟု လူပြောများသည်။ ဆရာတော်ကမူ မည်သို့မျှ မှတ်ချက်မချ။ ဆရာတော်၏ တဲကျောင်းကလည်း ဝါးထရံကျိုးတို့ ကျဲတဲကာထားသည်။ ဓနိမိုး မြေစိုက်တဲဖြစ်သည်။ အခင်းက မြေသားပကတိဖြစ်သည်။

ဆရာတော်၏ ကျောင်းတဲသို့ ဝင်လိုက်ပါက ဝင်လာသူ၏ ညာဘက်တဲ၏ နောက်ဆုံးထောင့်တစ်နေရာတွင် ကွပ်ပျစ်တစ်လုံးကို တွေ့ရမည်။ ထိုကွပ်ပျစ်ပေါ်၌ သက်န်းကို လှေဦးပုံ (ထိပ်ရှူးနောက်ကား) ခြင်ထောင်လုပ်၍ ဆရာတော် ကျိန်းစက်နားနေ သီတင်းသုံးသည်။ ကွပ်ပျစ်ကလည်း မြေကြီးနှင့်အမြင့် တစ်ထွာတစ်မိုက်ခန့်သာ ဖြစ်သည်၊ ဆရာတော်၏ တဲကျောင်းတံစက်မြိတ်ကို မြေကြီးနားအထိ ချထားသည်။ တံစက်မြိတ်နှင့် မြေကြီး (၂) တောင်ခန့်သာ ကွာသည်။ ဆရာတော် သီတင်းသုံးသည့် ကွပ်ပျစ်၏ဘေး တစ်တောင်ခန့်အကွာတွင် လယ်ကွင်းများရှိသည်။ ကျွန်မတို့ရောက်သော မိုးရာသီ၌ စိမ်းစိမ်းစိုစို စပါးပင်များသည် ဆရာတော်ထိုင်ရာ ဘေးနာကပ်လျက် လေယူရာ ယိမ်းနေသည်။

ဆရာတော်သည် သူ့ကွပ်ပျစ်နား တဲအလယ်၌ ခုတင်ကြီး (၁) လုံး ချထားသည်။ ထိုခုတင်ပေါ်၌ ပိဋကတ်ကျမ်းစာအုပ်များ တင်ထားသည်။ ဆရာတော် ဖူးချင်သူများသည် တဲအလယ်၌ သွားရင်လည်း သွား၍မရ၊ ခုတင်ကြီး အလယ်က ခံနေသည်။ တဲတံစက်မြိတ်နားမှကပ်ပြီး ဆရာတော်၏မျက်နှာကို ရှေ့တည့်တည့်မှ ဖူးမြော်ရန်မှာလည်း ဆရာတော်ရှေ့၌ ရေအပြည့် ရာဝင်စဉ့်အိုးကြီး (၁) လုံးချထားသည်။ ဆရာတော်၏မျက်နှာကို မြင်ရုံမျှသာ ဆရာတော် ရှေ့တည့်တည့်၌ လူ (၁) ယောက်စာနေရာ ချန်ထားသည်။ ထိုနေရာမှနေ၍ ဆရာတော်ရှေ့သို့ အနီးကပ်ရောက်သွားဖို့လည်း မလွယ်။ ဆရာတော်၏ရှေ့၌ အနီးကပ်၍ ဆရာတော်အား ကျုံ့ကျုံ့ဖူးမြော်လျက်ရှိသော ဦးပဉ္ဇင်း ဦးသောမနရှိသည်။ အလှူရှင်

စာရင်းရေးနေသည့် အလှူရှင်များအား ဆရာတော်၏ သက်န်းစများ ပေးဝေနေသည်။

သို့ဖြစ်၍ ကျွန်မတို့သည် ဆရာတော်ရှေ့ (၄) တောင်ခန့်အကွာမှ ဦးချပြီး လျှောက်ထားစရာ၊ လှူစရာများကို ဦးသောမနမှတစ်ဆင့် လှူရသည်။

ဆရာတော် ဦးဉာဏောသည် ရသမျှ ဝတ္ထုငွေများကို ဘုရားတည်သည်။ အခြားပုဂ္ဂိုလ်များ ဘုရားတည်၍ မအောင်မြင်လျှင် ဆရာတော်က လိုက်တည်ပေးသည်။

ကျွန်မသည် ဆရာတော်အား လက်အုပ်ချီလျက် 'တပည့်တော်မအား ပုတီးစိပ်နည်းပေးပါ ဘုရား' ဟု လျှောက်ထားလိုက်သည်။

ဆရာတော်က 'ပုတီးစိပ်ဖို့ လိုသေးသလား' ဟု အမိန့်ရှိပါသည်။ ထိုထက်ပါ၍ တစ်လုံးတစ်ပါဒမျှ ဆရာတော် မပြောပါ။ ကျွန်မလည်း ဆက်မလျှောက်ဝံ့တော့ပါ။

ဆရာတော် ဦးဉာဏောသည် ရေနွေးကရားကို မ,ပြီး 'သောမန ရေနွေး နည်းနေတယ်။ ထပ်ထည့်လိုက်။ ဒကာ၊ ဒကာမတွေကို တိုက်လိုက်' ဟု မိန့်ပါသည်။

ဦးပဥ္စင်း သောမနသည် ကိုင်းတပ်ထားသော သွပ်ရေခွက်ကြီးနှင့် ဆရာတော်ရှေ့ရှိ ရာဝင်စဥ့်အိုးထဲမှ ရေစိမ်းကို ခပ်လိုက်သည်။ ရေနွေးကရားထဲ လောင်းထည့်ပြီး ကျွန်မတို့ကို 'သောက်ကြ' ဟု ပေးပါသည်။

ဆရာတော် ဦးဉာဏောကလည်း 'ဒကာ၊ ဒကာမတွေ ရေနွေးသောက်ကြ။ အန္တရာယ်ကင်းတယ်' ဟု ထပ်မိန့်ဆိုပါသည်။

ကျွန်မသည် ရေနွေးကရားကို ငှဲ့၍ အကြမ်းပန်းကန်ထဲ ထည့်လိုက်ရာ အငွေ့တထောင်းထောင်းနှင့် ပူနေသည်။

အထက်ပါစာမှာ ဤကျမ်းပြုသူ ဂျပန်တွင်နေစဥ်အခါက ဖတ်ရှုခဲ့ရသော ဆောင်းပါးစာဖြစ်ပါသည်။ ရေးသားသူမှာ သီရိခေတ္တရာခင်မာမာဆိုသူ ဖြစ်၏။ ကြီးပွားရေးမဂ္ဂဇင်း၊ အမှတ် (၁၀)၊ ၁၉၉၆ ခု၊ မေလထုတ်၊ စာမျက်နှာ (၄၂) တွင် ဖတ်ရှုရခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဤရွေ့၊ ဤမျှ မှတ်မိနေပါသနည်းဆိုသော် ထိုစာရွက်ကလေးကို မိတ္တူကူး၍ ကျွန်ုပ်၏ ဗဟုသုတပကာသနီဖိုင်တွဲကြီးတွင် ထည့်သွင်းထားသောကြောင့် မှတ်မိနေခြင်း ဖြစ်ပါသည်။ ထိုစာရေးသူကို ကျေးဇူးတင်ကြောင်း ပြောလိုသော်လည်း ဆက်သွယ်၍မရနိုင်ခဲ့ပါ။

**အံ့ဩကြည်ညိုဖွယ် မှတ်တမ်း (၂၃)**
**ကန်ကြီးထောင့် ညောင်ပင်သာဆရာတော် ဦးဉာဏောမှ မောင်ပန်းမွေးသို့ ပေးပို့သော စာတွင် ဖော်ပြချက်။**

၎င်းစာကို (၁၇. ၂. ၂၀၁၁) ရက်၊ ကြာသပတေးနေ့တွင် ဆရာတော်မှ မောင်ပန်းမွေးသို့ ပေးပို့သောစာဖြစ်သည်။ ၎င်းစာတွင် ဆရာတော်၏ မျိုးရိုးစဉ်လာ၊ မိဘအမည်နာမများနှင့်တကွ မွေးသက္ကရာဇ်ကို ဆရာတော်ကိုယ်တိုင် ရေးသား ဖော်ပြခြင်းဖြစ်သဖြင့် သာသနာ့ဗဟုသုတ လိုက်စားလိုသူများအတွက် မွေးသက္ကရာဇ် အတိအကျ၊ မိဘအမည် အတိအကျ သိရှိရခြင်းအားဖြင့် ပရိယတ္တိ သာသနာဝင်၊ ပဋိပတ္တိသာသနာဝင် သမိုင်းကြီးများပြုစုသောအခါ အသုံးပြုနိုင်ရန် အများရှင်လူ ပရိသတ်အတွက် ရည်စူး၍ ဖော်ပြခြင်းဖြစ်ပါသည်။ စာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(မောင်ပန်းမွေး) "အထူးအားဖြင့် အဖအမည် ဦးသီလ၊ အမိအမည် ဒေါ်ဝဇီရာ၊ ဖွားသက္ကရာဇ် (၁၂၉၁) ခု၊ မိန်ရာသီ၊ ဂြိုဟ် (၈) လုံး ပူးစဉ်အခါ က ဖွားမြင်သည် ဟု ဟင်္သာတပေဒင်ဆရာလေး၏သား ပေဒင်ဆရာညွန့် ကိုယ်တိုင် ရေးတွက်၍ ပေးခဲ့သော စာမူကို ပျောက်ပျက်သွား၍ အစအန မျှ မသိရဖြစ်နေသည်။ နောက်ပညာရှိတို့ထံ မေးမြန်းစုံစမ်းသောအခါ လည်း ဂြိုဟ် (၈) လုံးပူးသောကိစ္စ သူတို့ မသိရ"

ဟူ၍ စာထဲတွင် ပါရှိပါသည်။ ထေရုပ္ပတ္တိရေးလိုသူများအတွက် အထူး အသုံးတည့်လိမ့်မည်ဟု ဂုဏ္ဍဝင်မြောက် သာသနာဝင်မှတ်တမ်းအဖြစ် ဖော်ပြပါသည်။

## ကမ္ဘာ့ရှင်ဘုရင် ဟူသော ခာတမ်းထိုးထားသည့် ထီးကို ဘိုးမင်းခေါင်နှင့်အတူ ဆောင်းလျက် လူများအကြား ပျောက်သွားခဲ့သော ဘိုးလင်း၊ ဖုတ်သုတ်ရွာသား ဦးခံပေ၏သား ရသေ့ကြီး ဘိုးသစ္စာ အမည်ခံ နောင်သောအခါ ကျိုက်ထီးဆောင်းဆရာတော်

ရသေ့ကြီး ဘိုးသစ္စာသည် (၁၉၇၁) ခုနှစ်တွင် အဆင့်ဆင့်သောဝိဇ္ဇာပညာရပ်များ လေ့လာလိုက်စား၍ ရေပေးလျှင် ဆေးဖြစ်သည်အထိ ဣဒ္ဓိ၊ မဟိဒ္ဓိဆိုင်ရာ စွမ်းရည်သတ္တိများ ရခဲ့ပြီးနောက် (၁၉၇၂) ခုနှစ်တွင် မိမိ၏ ဇာတိဖြစ်သော ဖုတ်သုတ်ကျေးရွာသို့ ရသေ့အသွင်ဖြင့် ရောက်ရှိလာခဲ့သည်။ ထို့နောက် ထီးစောင်းနေသောကြောင့် ထီးစောင်းဘုရားဟု ခေါ်ဆိုကြသော ချုံနွယ်ကြားက ဘုရားကြီး၏ ကြာသပတေးထောင့်တွင် တရားအားထုတ်နေခဲ့သည်။


၎င်းနောက် (၁၉၇၂) ခုနှစ်၊ ဧပြီလ၊ (၁၃) ရက်နေ့၊ ကြာသပတေးနေ့တွင် မြင့်မြတ်သောရဟန်းဘဝသို့ ဝင်ရောက် ကူးပြောင်းခဲ့သည်။ ထိုအခါ ကြာသပတေးသားဖြစ်သဖြင့် ပညာဒီပ ဟူသောဘွဲ့ကို ခံယူလေသည်။ ဤသို့ဖြင့် ယခုအခါ ကျိုက်ထီးဆောင်း ဆရာတော်ဟု အများသိတော်မူသော ဆရာတော်ကြီး ဖြစ်လာခဲ့ပေသည်။ ထိုဆရာတော်၏ ဘဝမော်ကွန်းခရီးကို အောက်ပါအတိုင်း လေ့လာ တွေ့ရှိရသဖြင့် အများကုသိုလ်ယူ ကြည်ညိုနိုင်ရန် တင်ပြပါမည်။

၁၉၇၂ ခု ကျိုက်ထီးဆောင်းသာသနာပြု အရှင်မြတ်သည် (၁၉၇၂) ခုနှစ်တွင် ရသေ့အသွင်ဖြင့် ရောက်ရှိ၍လာခဲ့ပေသည်။

၁၉၇၂ ခု ကျိုက်ထီးဆောင်းဆရာတော်အရှင်မြတ်သည် အဆင့်ဆင့်သော ပါရမီအကျင့်စခန်းများတွင် (၁၉၆၃) ခုနှစ်မှ စတင်လျက် (၁၉၇၂) ခုနှစ်အထိ ကိုးနှစ်တိုင်တိုင် အားထုတ်ခဲ့သည်။ ရှေးဦးစွာ (၁၉၆၃) ခုနှစ်မှ (၁၉၆၆) ခုနှစ်အထိ ပထမသုံးနှစ်တွင် ရန်ကုန်မြို့၊ ရွှေတိဂုံ၊ နောင်တော်ကြီးဘုရားနှင့် ရှင်မထီးဘုရားတို့တွင် အမိဌာန်ဝင်၍ လူဝတ်ကြောင့်ဘဝဖြင့် လူမသိ၊ သူမသိ အားထုတ်ခဲ့သည်။



အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ


သုဝဏ္ဏဘူမိ

၁၉၆၈ ခု (၁၉၆၆) ခုနှစ်မှ (၁၉၆၈) ခုနှစ်အထိ ဝတ်ဖြူစင်ကြယ်ဖြင့် သုံးနှစ်တိုင် မြန်မာပြည်အရပ်ရပ် အကျင့်စခန်းများတွင် အဓိဋ္ဌာန်ဝင်၍ အားထုတ်ခဲ့သည်။

၁၉၆၉ ခု (၁၉၆၉) ခုတွင်မူ လူ့လောကမှ အပြီးအပိုင်ထွက်ခွာကာ ရသေ့ဘောင်သို့ ဝင်ရောက်သည်။

၁၉၆၃ ခု (၁၉၆၃) ခု၊ မေလမှစ၍မနောမယပညာရပ်များကို စတင်ဆည်းပူးလေ့လာခဲ့သည်။ (၁၉၆၃) ခုနှစ်မှ (၁၉၆၅) ခုနှစ်အတွင်း နေစက်၊ လစက်၊ နဝင်းစက်၊ လူသူတော်စခန်း၊ မင်းဆရာစခန်း။

၁၉၆၆ ခု (၁၉၆၆) ခုမှ (၁၉၆၉) ခုနှစ်အတွင်း ဝင်စမ၊ ထွက်စမ၊ ကိုးနဝင်းစမကို ဆောင်သော ဆံရှည်ဘဝဖြင့် ဥမ္မတ္တက အရူးစခန်း။

၁၉၆၉ ခု (၁၉၆၉) ခုနှစ်မှ (၁၉၇၁) ခုနှစ်အတွင်း ထိန်းစမ၊ သိမ်းစမ၊ မဟိဒ္ဓိစမ ပိုင်းဆိုင်ရာ ဈာန်နဝင်း၊ တပဿီအကျင့်၊ ရသေ့အဝတ်ဖြင့် အထွက်စခန်းအထိ ကိုးနှစ်တိုင် အဆင့်ဆင့်သော ဝိဇ္ဇာပညာရပ်များကို လေ့လာလိုက်စားခဲ့ရာ ရေပေး ဆေးဖြစ်သည်အထိ ဣဒ္ဓိ မဟိဒ္ဓိဆိုင်ရာ စွမ်းရည်သတ္တိထူးများ ရရှိခဲ့ပေသည်။

၁၉၇၂ ခု ဆရာတော်သည် လောကီဆိုင်ရာ ဂန္ဓာရီပညာရပ်များကို လိုက်စားရင်း (၁၉၇၂) ခုနှစ်တွင် မိမိဇာတိဖြစ်သော ဇုတ်သုတ်ရွာ၊ တကျိုက်ထီးဆောင်းစေတီတော်သို့ ရသေ့ဘဝဖြင့် ရောက်ရှိခဲ့သည်။

၁၉၇၂ ခု (၁၉၇၂) ခု၊ ဧပြီလ၊ (၁၃) ရက်၊ ကြာသပတေးနေ့တွင် ကျောင်းကြီးဆရာတော် ဦးဣန္ဒာသဖ (နောင်တော်ကြီးဆရာတော်) ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။

# ဝိဇ္ဇာမိုရ်စာရင်း နောက်ဆက်တွဲ

ဝိဇ္ဇာမိုရ်စာရင်း နောက်ဆက်တွဲကို ရှေ့ဆုံးစာမျက်နှာတွင် မပြဘဲ နောက်ဆုံး စာမျက်နှာတွင် ပြရခြင်း၏အကြောင်းမှာ ဆက်လက်လေ့လာရန် ရဟန်းဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာတို့ များစွာကြွင်းကျန်သေးကြောင်း ပြဆိုလို၍ဖြစ်ပါသည်။ ယခုစာရင်းမှာ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပါရမီရှင်များ၏ ပုပ္ပါး ဖိုဝင် ပါရမီရှင်၊ ပုပ္ပါး ဦးကုမာရ ဆရာတော် (ခေါ်) ဦးဇော်နီအား ပူဇော်ပွဲ (၂၅) နှစ်မြောက် ငွေရတုသဘင်ကို (၁၉၇၇) ခုနှစ်က ပြုလုပ်ခဲ့ရာတွင် ဂန္ဓာရီပါရမီရှင် ဦးစိုးဝင်း ဦးဆောင်သော အဖွဲ့သားများ၏ ကန်တော့ချိုးမှ ပြန်လည်ကူးယူဖော်ပြ ခြင်း ဖြစ်ပါသည်။ ထိုကန်တော့ချိုးကို ရန်ကုန်မြို့၊ ရွှေတိဂုံ တောင်ဘက်မုခ် ရဟန္တာ သိမ်တော်တွင် ကျင်းပခဲ့ပါသည်။ ထိုကန်တော့ချိုးထဲတွင် ပါဝင်သော ရဟန်းဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာတို့၏ စာရင်းသည်လည်း ကျွန်ုပ်တို့ လိုချင်တောင့်တ ရှာဖွေနေ သော ဝိဇ္ဇာမိုရ်များ စာရင်းပင်ဖြစ်ကြောင်း အတည်ပြုပြောဆိုနိုင်ပါသည်။ အောက် တွင် ကြည့်ရှုပါ။

**ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပင့်လျှောက်ကန်တော့ရန် ကန်တော့ပုံ ကန်တော့နည်း**

ရာဇဂဟော၊ တောင်ရန်ငါးလုံး၊ ပိတ်ဖုံး မြိုင်မြိုင်၊ ဂနိုင်ရစ်သန်း၊ ရေလျဉ်စမ်းတို့ဖြင့် ပျော်မြန်းဖွယ်မှု၊ လူပေါင်းစုလျက် ရတုသုံးလီ၊ ခါညီခြိမ့်ခြိမ့်၊ တညိမ့်ညိမ့်နှင့် နှစ်သိမ့် မနော အံ့ဩမကုန်၊ ပြည့်စုံထိုထို၊ ရာဇဂြိုဟ်ဟု၊ နဂိုရ် ပညတ်၊ တောင်တော်မြတ်မှ အရိယာပုဂ္ဂိုလ်ကြီးတို့သည်လည်းကောင်း၊ အသီတိ သတာ သဟာဿ စရိယာစ၊ ရှစ်သောင်းကုန်သော ဆရာတော်သခင် ကျေးဇူးရှင်ပေါင်းတို့သည် လည်းကောင်း။ အဋ္ဌရသသိဒ္ဓေ၊ တစ်ဆယ့်ရှစ်ရပ်သော သိဒ္ဓိကြီး တို့သို့။ ပတ္တာ၊ ရောက်ဖော်မူကြ ကုန်ပေသော။ အာစရိယာစ ဆရာတော်သခင် ကျေးဇူးရှင်အပေါင်းတို့သည် လည်းကောင်း။

ပုပ္ဖပဗ္ဗတနာမေ၊ ပန်းပေးဝဏ္ဏာယက္ခ ဝိဇ္ဇာ ဓရ၊ နဂါးရစ် ပုပ္ပါးစသား မည်တော်များ ဖြင့်

(၁) ကမ္ဘာကျော်ကြား တောင်ပုပ္ပါး၌။ သဗ္ဗြဟ္မစရိယော ညီမျှရှင်ပြုံး သီတင်းသုံး နေထိုင်တော်မူပေသော၊ ဗောဓိသတ္တောစ၊ ဝီရိယာဓိက ဘုရားဆုကို ပန်တော်မူပေ သော၊ ဘုရားအလောင်းတော် ဖြစ်တော်မူသော၊ လောကိယ လောကုတ္တရာ လောကီလောကုတ္တရာ နှစ်ဖြာ စီးပွားအကျိုးများကို ဓမ္မေန တရားသဖြင့်၊ ဩဝါဒေါ ဆုံးမသွန်သင်ပြသတော်မူပေသော ဆရာခေါင်။

(၂) ဆယ်ပါးသော သိဒ္ဓိကြီးတို့ကို အောင်မြင်တော်မူသည် ဖြစ်၍ ယက္ကန်းစင်တောင်ဆရာကြီး ဦးကွန်း၊ မင်္ဂလာရန်အောင်၊ ရက်ကန်းစင်တောင် ငါးမည်ရငါးဘွဲ့ခံ ဦးဩဘာသ ဆရာတော်ကြီးသည် လည်းကောင်း။

(၃) ဒုတိယယက္ကန်းစင်တောင်ဆရာတော်ကြီး ဦးအာသဘ နာမသည် လည်းကောင်း၊ ဒသ သိဒ္ဓိယာစ၊ ဆယ်ပါးသော သိဒ္ဓိအမျိုးမျိုးတို့ဖြင့် တန်ခိုးပွင့်လင်း ထင်ရှားတော်မူကြပေကုန်သော အာစရိယာစ၊ ဆရာသခင် ကျေးဇူးရှင်များ ဖြစ်ကြကုန်သော။ ရက်ကန်းစင် ပဗ္ဗတနာမေ၊ ရက်ကန်းစင်တောင် အမည်ရှိသော။ ဌာနေ၊ အရပ်၌။ ဝသန္တော၊ သီတင်းသုံးနေထိုင်တော်မူသော။ ဦးအာသဘနာမ၊ ဖြူဟူစိုရ်ကြီးလှ ဦးအာသဘအမည်ရှိသော အာစရိယောစ ဒုတိယရက်ကန်းစင်တောင်ဆရာတော် ဘုရားကြီးသည် လည်းကောင်း။

ဒသသိဒ္ဓိယာစ၊ ဆယ်ပါးသော သိဒ္ဓိအမျိုးမျိုးတို့ဖြင့် တန်ခိုးပွင့်လင်း၊ ထင်ရှားတော်မူကြပေကုန်သော။ အာစရိယာစ၊ ဆရာသခင် ကျေးဇူးရှင်များ ဖြစ်ကြကုန်သော

(၄) ရှင်မထီး၊ (၅) ရှင်အဇ္ဇဂေါဏ၊ (၆) ပထမံဦးအောင်၊ (၇) ဘိုးဘိုးအောင်၊ (၈) ဦးဓမ္မစာရီ၊ (၉) ဆံရှည်ကိုယ်တော်၊ (၁၀) သီလကြောင်မင်း၊ (၁၁) ပဓုသခ်ရာဇာ၊ (၁၂) ခါဝဲတောင်ဆရာတော်၊ (၁၃) တောင်ဖီလာဆရာတော်၊ (၁၄) မင်းကျောင်းဆရာတော်၊ (၁၅) ငွေသံကြားဆရာတော်၊ (၁၆) ဦးဝါသဝဆရာတော်၊ (၁၇) တောင်လေးလုံးဆရာတော်၊ (၁၈) လေးထပ်ဆရာတော်၊ (၁၉) ရှင်အရဟံကိုယ်တော်၊ (၂၀) ဗားမဲ့ဆရာတော်၊ (၂၁) ဗားမြိုက်ဆရာတော်၊ (၂၂) ဗားထီးဆရာတော်၊ (၂၃)ဗားတမော့ဆရာတော်၊ (၂၄) ဓမ္မစေတီ၊ (၂၅) ဓမ္မပါလ၊ (၂၆) ဝိသုဒ္ဓိဆရာတော်၊ (၂၇) ကောဏ္ဍညဆရာတော်၊ (၂၈) လှျာရှည်ကိုယ်တော်၊ (၂၉) အထုပ်တစ်ရာကိုယ်တော်၊ (၃၀) ကြားကိုယ်တော်၊ (၃၁) ရောင်ကိုယ်တော်၊ (၃၂) အာဏာစက်ဆရာတော်၊ (၃၃) ပညာသိပ္ပံဆရာတော်၊ (၃၄) ဣန္ဒာစရိယ ဆရာတော်၊ (၃၅) သာရဒ ဆရာရသေ့၊ (၃၆) ဝဏ္ဏလင်္ကာရဆရာရသေ့၊ (၃၇) ဣန္ဒသက္ကဆရာရသေ့၊ (၃၈) ဒိဗ္ဗစက္ခုဆရာရသေ့၊ (၃၉) သိပ္ပဘွဲ့ခံ ဆရာရသေ့၊ (၄၀) ဂေါရဝိန္ဒ ဆရာရသေ့၊ (၄၁) မနောမယ သိဒ္ဓိရှင်ကျောက်မျက်သခင်ရသေ့ ဦးအောင်၊ (၄၂) ဆရာကြီး ဦးခေါင်၊ (၄၃) ဆရာကြီးဦးရဲသူ၊ (၄၄) ဆရာဖြူ၊ (၄၄) ဆရာငြိမ်း၊ (၄၅) ဆရာကြီး ဦးနေတက်၊ (၄၆) ဆရာကြီး ဦးချမ်းလှိုင်၊ (၄၇) ဗောဓိပင် ဆရာဆိုင်၊ (၄၈) အောင်တော်မူဆရာထယ်၊ (၄၉) ဦးမှတ်ဆိတ်၊ (၅၀) ဆရာသွယ်၊ (၅၁) စကြာမင်း၊ (၅၂) ဆရာဝင်း၊ (၅၃) မယ်ဒက်ဆရာတော်၊

(၅၄) မောနေယျ ကိုယ်တော်၊ (၅၅) ဦးကောသလ္လ ဆရာတော်၊ (၅၆) ဦးဥက္ကံသဆရာတော်၊ (၅၇) ရာကျော်ဆရာတော်၊ (၅၈) အဖေကြီး ဦးအောင်ချမ်းသာ၊ (၅၉) အဘဘိုးငယ်၊ (၆၀) ဆေးဘုန်းကြီး ဦးရေဝတ၊ (၆၁) ပုပ္ပါး ဖိုလ်ဝင်ဆရာတော် ဦးကုမာရ၊ (၆၂) ဘိုးတော်ဝါယမ အစရှိ ကုန်သော ဆရာမြတ်သခင် ကျေးဇူးရှင်တို့နှင့် အနယ်နယ် အရပ်ရပ်၌ သီတင်းသုံး တော်မူကြလျက် သတ္တဝါတို့အား ကယ်မစောင့်ရှောက်လျက် ရှိကြ ကုန်သော သဗ္ဗဝိဇ္ဇာရောစ၊ ပြဒါး ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ၊ လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ လောကီ လောကုတ္တရာ ဝိဇ္ဇာအပေါင်းတို့သည် လည်းကောင်း။

ဆရာတော်ဘုရားကြီးများကို ကိုးစား ယုံကြည် အတည်မပြတ် မှီဝဲဆည်းကပ်လျက် ရှိပါသော ဘုရားတပည့်တော်တို့၏ စုံစွာကြိုင်သင်း၊ ပန်းမျိုးစုံရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်၊ ချိုချဉ် သစ်သီးမျိုးစုံ အာဟာရဘောဇဉ် ကန်တော့ပွဲ စုံလင်စွာတို့ဖြင့် လှူဒါန်းပူဇော်ခင်းကျင်းထားရာဖြစ်သော ကွမ်ဌာန် ဤနေရာ ဤဒေသသို့ အပူဇော် ကန်တော့ခံရန် ကြွရောက်တော်မူကြပါ ဆရာတော်မြတ်သခင် ကျေးဇူးရှင် အပေါင်းတို့ဘုရား။
ကိုယ်တော်တိုင် ကြွရောက်ရန် ပင့်ဖိတ်ရာ နေရာသို့ ကြွရောက်မလာရောက်နိုင် သော်လည်း ဓာတ်မနောအားဖြင့် မဖြစ်မနေ ကြွရောက်ချီးမြှင့်တော်မူကြပါ ဆရာ မြတ်သခင် ကျေးဇူးရှင်အပေါင်းတို့ဘုရား။

တုမှာက်- ကျေးဇူးတော်ရှင် ဆရာတော် အပေါင်းတို့၏ ပါဒခြေတော်အစုံတို့ကို ဝန္ဒိတွာ၊ ဝန္ဒာမ အနန္တဂုဏ် ကျေးဇူးအဟုန်ကို ယုံကြည်မြတ်နိုး ဟန်ညွတ်ကျိုး၍ ရှိခိုး ပူဇော်ဖူးမြော်ကန်တော့ကြပါ၏ ဆရာမြတ်သခင် ကျေးဇူးရှင်အပေါင်းတို့ ဘုရား။
ယနေ့မှစ၍ နိဗ္ဗာန်ရသည့် ကာလတိုင်အောင် တပည့်တော်များတို့၏ ဤရုပ်နာမ် ခန္ဓာငါးပါးတို့အား ဆရာမြတ်သခင် ကျေးဇူးရှင်တို့ထံ လှူဒါန်း အပ်နှင်းကြပါ၏ ဘုရား၊ အန္တေဝါသိကောတိ အတွင်းနေ တပည့်အရင်း သားသမီးရင်းကဲ့သို့ မှတ်ယူ တော်မူကြပါ ဆရာတော်သခင် ကျေးဇူးရှင်တို့ဘုရား။

သုံးပါးသောကံ၊ သုံးတန်စေတနာ၊ သုံးဖြာ ဒွာရ၊ ပဏာမဖြင့် ကန်တော့ကြရသော လှူဒါန်းကြရသော အကျိုးကြောင့် တပည့်အထူး ရင်ဝယ်သားဦးကဲ့သို့ ဆရာတော် ဘုရားကြီးများ၏ စိတ်တော်မှာစွဲတော်မူကြ၍ ပေါက်ရောက် အောင်မြင် လိုအင် ဆန္ဒ သိဒ္ဓိဟူသမျှနှင့် ဘယာကင်းပျောက် ဘေးမရောက်ရအောင် စောင့်ရှောက်

တော်မူကြလျက် မင်္ဂဆိုက်၊ ဖိုလ်ဆိုက် အသေသခါတ် ဆိုက်၍ သူညတခါတ် ကြီး ဆိုက်ရောက်အောင် စောင်မချီးမြှင့်တော်မူကြပါ ဆရာအရှင်သူမြတ်တို့ဘုရား။

ဘုရားတပည့်တော်တို့သည် ဆရာမြတ်သခင်တို့ ပိုင်ထိုက်သမျှသော အရာဌာန များ တို့ကို ပိုက်ထိုက်ပိုင်ရသော တပည့်မြတ်များ ဖြစ်၍ . . .

ကကုသန်ဘုရားလက်ထက်၌ သက်န်းအနားပတ် ဗိန္ဓုထိုးခြင်း (စ) အက္ခရာ။

ကောဏာဂုဏ်ဘုရားလက်ထက်၌ သခ်န်းအနားပတ် ဗိန္ဓုထိုးခြင်း (ခ) အက္ခရာ။

ကဿပဘုရားလက်ထက်၌ သက်န်း အနားပတ် ဗန္ဓုထိုးခြင်း၊ (ဗ) အက္ခရာ။

ဂေါတမဘုရားလက်ထက်၌ သက်န်း အနားပတ် ဗန္ဓုထိုးခြင်း (ဝ) အက္ခရာ။

၄င်း စမလေးလုံးတို့ကို ပိုင်ထိုက်သော တပည့်မြတ်များ ဖြစ်ကြ၍ ဝင်,စမ၊ ထွက်,စမ၊ ထိန်း,စမ၊ သိမ်း,စမ တည်းဟူသော စမ လေးလုံးကို အစိုးရခြင်း။

ခနသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒက သိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ပညာသိဒ္ဓိ၊ မနောမယ သိဒ္ဓိ၊ အာကာသသိဒ္ဓိတည်းဟူသော သိဒ္ဓိဆယ်ပါးနှင့် ပြည့်စုံခြင်း။

ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံ၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် ကျမ်းကုန် အောင်တို့ကို တစ်အောင့် တစ်ခဏချင်း၊ အာရုံသွင်းက ချက်ချင်း သိမှတ် မြင်ကြား နိုင်ရပါလို၏ ဆရာတော်သခင် ကျေးဇူးရှင်အပေါင်းတို့ ဘုရား။

ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ ခန္ဓာကိုယ်၌ စွဲကပ်လျက်ရှိသော အထူးထွေ ဝေဒနာဆန်းမှန်သမျှနှင့် ပယောဂမှန်သမျှတို့ကို ဆရာတော်ဘုရားကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၏ မေတ္တာရှိန်တော် အာနုဘော်တို့ ကြောင့် ချက်ချင်းချမ်းသာခြင်းရအောင် အစဉ် ချီးမြှင့်ပေး သနားတော်မူကြပါ အရှင်မြတ် သခင် ကျေးဇူးရှင် အပေါင်းတို့ဘုရား။

အထက်ပါ မှတ်တမ်းစာတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အကျော်အမော် ဆရာ့ဆရာ သူတော်စင်ကြီးများ အမည်နာမများလည်း ပါရှိကြောင်း တွေ့ရပါလိမ့်မည်။ ထိုထို သော ဆရာကြီးအပေါင်းတို့နှင့်တကွ ရဟန်းဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာ အပေါင်း တို့သည် မြန်မာနိုင်ငံ အနှံ့အပြား တောစဉ်တောင်စဉ် အသီးသီးတွင် မထင်မရှား (သို့မဟုတ်) ထင်ထင်ရှားရှား ရှိနေကြပါသည်။ သို့သော်လည်း အရိယာနွယ်ဝင် သူတော်စင်အပေါင်းတို့၏ ခါတ်ပုံမှတ်တမ်းများနှင့်တကွ မိဘအမည်နာမ၊ မွေး သက္ကရာဇ် စသည်တို့သည် ပျောက်ဆုံးလျက်ရှိနေကြပါသည်။ ထိုထို ဤဤ အလီလီသော အရိယာနွယ်ဝင် သူတော်စင်ကြီးအပေါင်းတို့သည် ဘုရားရှင် ဗျာဒိတ်တော်ထားသည့်အတိုင်း သာသနာ (၂၅၀၀) တစ်ဝက်၊ (၅၀၀၀) သို့ဆက်

ရန် ကြိုးစားအားထုတ် အလုပ်လုပ်လျက် သာသနာတော်၏အကျိုးကို သယ်ပိုး ဆောင်ရွက်လျက်ရှိပါသည်။ ထိုထို ဤဤ အလီလီသော ဆရာ့ဆရာအပေါင်း သင်ဆရာ မြင်ဆရာအပေါင်းတို့၏ မဟာထေရုပ္ပတ္တိအသီးသီးတို့ကို လက်လှမ်းမီ သလောက် ရှာဖွေစုဆောင်း၍ ပူဇော်ခြင်း ဖြစ်ပါသည်။ ဤသို့ ပူဇော်ရာတွင် ကြွင်းကျန်နေသည်လည်း ရှိပါသည်။ မပြည့်မစုံသေး၍ ချန်ထားရသည်လည်း ရှိပါသည်။ ပြည့်ပြည့်စုံစုံ ရှာဖွေတွေ့ရှိပြီးဖြစ်သော်လည်း စာမျက်နှာကိုငဲ့ကွက်၍ မဖော်ပြနိုင်သေးသည်လည်း ရှိပါသည်။ ဆရာ့ဆရာများကို ပူဇော်သောအားဖြင့် ဆက်လက်ပူဇော်ရှာဖွေစုဆောင်းလျက် သမိုင်းမှတ်တမ်းကြီးတစ်စောင်ကို ပြုစု ခြင်း ဖြစ်ပါသည်။ ဤသို့ ပြုစုရာတွင် မိမိစွမ်းအားဖြင့် တစ်ကိုယ်တည်း မတတ်စွမ်း နိုင်ပါ။ နောင်တော် နောင်တော် စာပေပညာရှင်များ၊ ဓမ္မစာရေးဆရာများ၊ ဂျာနယ်၊ မဂ္ဂဇင်း အသီးသီးတို့တွင် အလျဉ်းသင့်သလို ဖော်ပြခဲ့ကြသော ဓမ္မစာဆို မြောက်မြားစွာ ရှိပါသည်။ ထိုဆရာတို့၏ စာများကို ဖတ်ရှု၍လည်းကောင်း၊ ရှာဖွေ စုဆောင်း၍လည်းကောင်း တင်ဆက်ခြင်းဖြစ်ပါသဖြင့် ဤကုသိုလ်တော်ကြီးသည် မြန်မာနိုင်ငံတစ်ခွန်းလုံးတွင်ရှိသော ဆောင်းပါးရှင်အသီးသီး၊ စာရေးဆရာအသီး သီးတို့၏ ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့်သာ အဘအောင်မင်းခေါင်ကြီး အပါအဝင် ဆရာသခင် ကျေးဇူးရှင်အပေါင်းကို စုစည်းပူဇော်နိုင်ခြင်းဖြစ်ကြောင်း ဝန်ခံပြောကြား ကျေးဇူးတင်စကား ပြောဆိုအပ်ပါသည်။

ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာ ဘွဲ့ထူးရ၊
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ
မောင်ပန်းမွှေး

# မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်

## ရဟန္တာ နှင့် ရဟန်းထူးများ

(ပထမတွဲ) - ၈၉ပါး

(ဒုတိယတွဲ) - ၁၀၁ပါး

မြန်မာနိုင်ငံ ပရိယတ္တိသာသနာဝင်

တိပိဋကဓရသာသာနာ့အာဇာနည် ရဟန်းထူးများ

တိပိဋကဆရာတော်ကြီး (၁၃) ပါး

## မောင်ပန်းမွှေး

( ပူ ဇော် သည်။ )

တော်ဝင်မြို့မြစာအုပ်တိုက် ဖုန်း - ၀၉၄၉၅၀၈၈၃၄ မှ စီစဉ်ထုတ်ဝေသည်။

